ဖားကန့်/လုံးခင်းရတနာနယ်မြေ - ဇုန် (၁)
ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်

မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း
အောက်တိုဘာလ ၂၀၁၈ ခုနှစ်

အကြီးစား သတ္တုတူးဖော်ခြင်း လုပ်ငန်းများ



ဖားကန့်/လုံးခင်း ရတနာနယ်မြေ - အကြီးစား သတ္တုတူးဖော်ရေး ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၊ အတွက် ပြင်ဆင်ရေးဆွဲထားခြင်း ဖြစ်ပါသည်။

Coffey Myanmar Limited and Valentis Services Company Limited တို့မှ ရေးဆွဲပြင်ဆင်သည်။

Estelle Levin Limited and Total Business Solutions Company Limited တို့နှင့် ပူးပေါင်းရေးဆွဲသည်။









အောက်တိုဘာလ ၂၀၁၈ ခုနှစ်

DRWEN00015AA_EMP_Z01_Rev1

သတင်းအချက်အလက် အရည်အသွေး

ပြန်လည်ပြင်ဆင်ခြင်း မှတ်တမ်း

ပြင်ဆင်ခြင်း	ဖော်ပြချက်	ရက်စွဲ	မူပိုင်	စစ်ဆေးသူ	အတည်ပြုသူ
ပြင်ဆင်ချက် (၀)	ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် မူကြမ်း	၂၈-၀၇-၂၀၁၇	Coffey	Barton Napier Emma Waterhouse	Barton Napier
ပြင်ဆင်ချက် (၁)	နောက်ဆုံး ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်	၃၁-၁၀-၂၀၁၈	Coffey	Barton Napier Emma Waterhouse	Barton Napier

ဖြန့်ဝေခြင်း

အစီရင်ခံစာ အမှတ်	မိတ္တူအရေအတွက်	ပုံစံ	ဖြန့်ဝေခြင်း	ရက်စွဲ
ပြင်ဆင်ချက် (၀)	၃	PDF Hard copy	မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း	၀၁-၀၈-၂၀၁၇
ပြင်ဆင်ချက် (၁)	၁	PDF	မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း	၃၁-၁၀-၂၀၁၈

အကျဉ်းချုပ်အစီရင်ခံစာ

ယခုပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) သည် မြန်မာနိုင်ငံ၊ ကချင်ပြည်နယ် ဖားကန့်/လုံးခင်းရတနာနယ်မြေ၏ ဇုန် (၁) မှ သတ္တုတူးဖော်ခြင်း လုပ်ငန်းစဉ်များအားလုံးအတွက် ရေးဆွဲထားသော အစီအစဉ်တစ်ခုဖြစ်ပါသည်။ ဤအစီအစဉ်သည် ဇုန် (၁) ရှိ အကြီးစားသတ္တုတူးဖော်ခြင်းလုပ်ငန်းများအတွက် ဖြစ်ပါသည်။

ယခု ပတ်ဝန်းကျင်စီမံခန့် ခွဲမှုအစီအစဉ် (EMP) ၏ ရည်မှန်းချက်များမှာ မြန်မာတို့ ၏ ပြင်းပြသောဆန္ဒနှင့် မျှော်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကူညီပေးရန်၊ ဖားကန့်/လုံးခင်းကျောက်မျက်ရတနာနယ်မြေအတွင်းရှိ ကျောက်စိမ်းတူးဖော်ခြင်း၏ သက်ရောက်မှုများစီမံခန့်ခွဲမှုအတွက် ညီညွတ်ကိုက်ညီသည့် နည်းလမ်းဖြစ်မြောက်စေရန်၊ ကျောက်စိမ်းတူးဖော်ခြင်း ပတ်ဝန်းကျင်နှင့်လူမှုရေးရာလုပ်ဆောင်ချက်များချမှတ်ထားရန်နှင့် မြန်မာနိုင်ငံ၏ ဤဒေသရှိ ကျောက်စိမ်းတူးဖော်ခြင်းအတွက် ပတ်ဝန်းကျင်နှင့်လူမှုရေးရာ စီမံခန့် ခွဲမှုများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကူးအပြောင်းကာလ အစီအစဉ်များ သတ်မှတ်ရန်တို့ ဖြစ်ပါသည်။

ယခု EMP အစီအစဉ်သည် ပထမအကြိမ်ပြင်ဆင်ထားသော စာမူဖြစ်ပါသည်။ နောက်ပိုင်းထွက်ရှိလာမည့် အစီရင်ခံစာများတွင် ဇုန် (၁) ၌ဆောင်ရွက်ခဲ့ပြီးသော စိတ်ကျေနပ်ဖွယ် ပတ်ဝန်းကျင်နှင့်လူမှုရေးရာ စီမံခန့် ခွဲမှုများကို သုံးသပ်ပြီး ထပ်မံလုပ်ဆောင်ရမည့်အချက်များနှင့်လိုအပ်ချက်များကို ထည့်သွင်းဖော်ပြသွားရမည် ဖြစ်ပါသည်။

စီမံကိန်းနောက်ခံအချက်အလက်များ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) သည် မြန်မာနိုင်ငံတွင်ရှိသည့် ကျောက်စိမ်းနှင့်အခြားသောကျောက်မျက်ရတနာဈေးကွက်ဖော်ထုတ်ရေး၊ ဥပဒေနှင့်အညီထုတ်လုပ်ရောင်းဝယ်ရေးတို့အတွက် ကြီးကြပ်ရန် တာဝန်ရှိပါသည်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) သည် မြန်မာနိုင်ငံရှိ မျက်မှောက်နှင့်အနာဂတ်ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ၏ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေများ တိုးတက်မှုရှိစေရန် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMPs) များရေးဆွဲရန် တောင်းဆိုခဲ့ပါသည်။

ယခု ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖားကန့်/လုံးခင်းကျောက်မျက်ရတနာနယ်မြေ ဇုန် ၁၀ ခုရှိသည့်အနက် ဇုန်(၁) အတွင်းရှိ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ၏ ပတ်ဝန်းကျင်နှင့်လူမှုဘဝဆိုင်ရာစီမံခန့်ခွဲမှုတိုးတက်လာစေရန်အတွက် လိုက်နာရမည့် မူဘောင်များကို ချမှတ်ပြဋ္ဌာန်းထားပါသည်။ ယခု ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို မြန်မာနိုင်ငံအခြေစိုက် ဓါတ်သတ္တုရှာဖွေခြင်းနှင့်ဆက်စပ်ဝန်

ဆောင်မှုများပေးနေသည့် Valentis Services Company Limited (Valentis) နှင့် နိုင်ငံတကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအကြံပေးကုမ္ပဏီ တစ်ခုဖြစ်သည့် Coffey Myanmar Limited (Coffey) တို့မှ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (MGJEA) အတွက် ကိုယ်စားပြုပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

ယခု ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပြင်ဆင်ရန် ဖားကန့်/လုံးခင်း ကျောက်မျက်ရတနာနယ်မြေသို့ သွားရောက်ကွင်းဆင်းလေ့လာခဲ့ပြီး လိုအပ်သည့်သတင်းအချက်အလက်များကို စုဆောင်းခဲ့ပါသည်။ အစိုးရအဖွဲ့အစည်းများနှင့်ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းတွင်ပါဂင်သူများနှင့် ဆွေးနွေးတိုင်ပင်ကာ အကြံဉာဏ်များရယူခဲ့ပါသည်။ အကြံပေးအဖွဲ့သည် Valentis/Coffey တို့အား ယခု EMP တွင် ဖြေရှင်းရမည့် ပြဿနာများ မည်သို့ချဉ်းကပ်ရမည်ကို အကြံပြုချက်များပေးထားပါသည်။ ထိုအဖွဲ့တွင် မြန်မာအစိုးရအာဏာပိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ ကချင်ပြည်နယ်ဂန်ကြီးများ၊ Estelle Levin Limited (ELL)၊ ကျောက်စိမ်းတူးဖော်သူများနှင့် အစိုးရမဟုတ်သည့် အဖွဲ့ အစည်းများ ပါဂင်သည်။

တွေ့ဆုံဆွေးနွေးခဲ့သော သက်ဆိုင်ရာအဖွဲ့အစည်းများ၏တင်ပြလာသောကိစ္စရပ်များနှင့် စိုးရိမ်ပူပန်မှုများသည် ကျယ်ပြန့်လှ၍ အများစုမှာ ယခု EMP ၏ နယ်ပယ်အပြင်ဘက်တွင်ရှိနေပါသည်။ ဇုန် (၁) ရှိဒေသခံများ၏ထုတ်ဖော်ပြောကြားလာသော အကြောင်းအချက်များမှာ စီးပွားရေးအရ သတ္တုတွင်းကုမ္ပဏီများအပေါ် အားထားနေရမှု၊ မူးယစ်ဆေးသုံးစွဲခြင်းနှင့်ဆက်စပ်ရာဇဂတ်မှုများ၊ ဖုန်ထူထပ်မှုများ၊ ယာဉ်လမ်းကြောင်းဘေးကင်းလုံခြုံမှု၊ ကျောက်မိုင်းခွဲခြင်းမှထိခိုက်မှုများ (အကြားအာရုံဆုံးရှုံးမှုအပါအဝင်)၊ ရေရရှိမှု၊ စွန့်ပစ်ကျောက်များကြောင့်ချောင်းလက်တက်များ ပိတ်ဆို့မှုမှရေကြီးရေလျှံခြင်းနှင့်မြေသားတည်ငြိမ်ကြံ့ခိုင်မှု (အထူးသဖြင့် ကျေးရွာများအနီး) စသည်တို့ ဖြစ်ကြပါသည်။

ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းအတွက် စည်းမျဉ်းဥပဒေမူဘောင်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ချမှတ်ထားပါသည်။ ၂၀၁၆ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေတွင် ကျောက်စိမ်းတူးဖော်ခြင်းကြောင့်ဖြစ်ပေါ် သည့် အန္တရာယ်ဖြစ်စေသောပတ်ဂန်းကျင်ထိခိုက်မှုများကိုစီမံခန့် ခွဲရမည်ဟုထည့်သွင်းသတ်မှတ်ထားပါသည်။ ဤဥပဒေအရ ပတ်ဂန်းကျင်နှင့်လူမှုရေးဆိုင်ရာအခြေအနေများ တိုးတက်လာစေရန် ဖားကန့်/လုံးခင်းရတနာနယ်မြေရှိ သတ္တုတွင်းကုမ္ပဏီများလိုက်နာဆောင်ရွက်ရမည့်အချက်များကို MGE သည် အမိန့်ကြော်ငြာစာနှင့်ညွှန်ကြားစာများ ထုတ်ပြန်၍ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

လက်ရှိ ပတ်ဝန်းကျင်အခြေအနေ

ဇုန် (၁) အတွင်း ကျောက်စိမ်းတူးဖော်ခြင်းလုပ်ကိုင်ချိန်တွင် လမ်းကြောင်းလွဲပြုပြင်ထားသော ချောင်းလက်တက်များသည် ဥရုချောင်း အတွင်းသို့စီးဂင်ကြသည်။ ဥရုချောင်းသည် အနှစ်၁၀၀ပင်လယ် အတွင်းသို့ စီးဆင်းသွားသော ဇရာဝတီမြစ်၏မြစ်လက်တက်ဖြစ်သည့် ချင်းတွင်းမြစ်၏ချောင်းလက်တက် တစ်ခုဖြစ်ပါ

သည်။ ဇုန် (၁) တွင် အကြီးစားကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကြောင့် မိတာ ၂၅၀ အထိနက်သော တွင်းပေါင်းကြီးများကျန်နေခဲ့ပါသည်။ အများစုမှာမတ်စောက်သော နံရံများရှိကြ၍ အချို့မှာ ရေဝင်ကာ ကန်ကြီးများသဖွယ်တည်ရှိနေပြီးဖြစ်ပါသည်။ ဇုန် (၁) ၏ နေရာအနှံ့မြေစာပုံကြီးများလည်းရှိနေသည်။ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းမရှိတော့သည့်နေရာများတွင် တဲအိမ်စုနှင့်ကျေးရွာများ ဖြစ်တည်နေပါသည်။ ဇုန် (၁) ၏မြောက်ပိုင်းနှင့်အနောက်ပိုင်းနေရာများတွင် ကျောက်စိမ်းတူးဖော်ခြင်းမရှိ၍ လက်ကျန်အပင်များ ဆက်လက်ပေါက်ရောက်ရှင်သန်နေပါသည်။

ရေလမ်းကြောင်းများအတွင်းသို့ အပေါ်ယံမြေများတိုက်ရိုက်စွန့်ပစ်ခြင်းအပါအဝင် ဆယ်စုနှစ်များစွာ လက်လုပ်လက်စားနှင့်အကြီးစားကျောက်စိမ်းတူးဖော်ခြင်းကြောင့် ရေလမ်းကြောင်းများအရည်အသွေးနိမ့်ကျပျက်စီးနေပြီးဖြစ်ပါသည်။ အနည်ပါဝင်မှုများပြီး ပျော်ဝင်အနည်အနှစ်များကို ရေလမ်းကြောင်းများအတွင်း မျက်မြင်တွေ့နိုင်ပါသည်။ တွင်းကြမ်းပြင်၊ စွန့်ပစ်ကျောက်နှင့်မြေစာပုံများမှ ကျဆင်းလာသော တိုက်စားမှုသည် ပိုမိုကြီးမားလာပါသည်။ ၎င်းတိုက်စားမှုနှင့်အနည်ကျမှုများကို စနစ်တကျ ထိန်းချုပ်ခြင်းများ မရှိသေးပေ။ ဒေသတွင်းနေပြည်သူများမှ စွန့်ပစ်ရေနှင့်တွင်းပေါင်းများအတွင်း စီးဝင်နေသောရေများသည် ရေလမ်းကြောင်းအတွင်းသို့ စီးဝင်ကြပါသည်။ ဇုန် (၁) အတွင်း ကြီးမားသောရေကြီး ရေလျှံမှု သတင်းထုတ်ပြန်ခြင်းများမရှိသေးသော်လည်း၊ မိုးရာသီအတွင်း ရေစီးဆင်းမှုများသောကြောင့် ရေလျှံကျမှုများသည် ဥရုချောင်း၏ မြစ်အောက်ပိုင်း ထိခိုက်မှုများ ဖြစ်ပေါ်စေပါသည်။

၄င်းဇုန်အတွင်းတွင် အိမ်ခြ ၉၀၀ ခန့်ရှိသော အဓိက ရွာ သုံး ရွာ တည်ရှိပါသည်။ အချို့လူနေရပ်ကွက်များသည် တွင်းများနှင့်မီတာ အနည်းငယ်သာကွာဝေးပြီး၊ ၄င်းရပ်ကွက်အတွင်းရှိ လူများ၏အဓိက ဝင်ငွေသည် ကျောက်စိမ်းတူးဖော်ခြင်းနှင့်စွန့်ပစ်မြေစာများမှ ကျောက်စိမ်းရှာဖွေခြင်းလုပ်ငန်းဖြင့် မှီခိုနေကြသည်။ ၄င်း ဇုန် အတွင်းတွင် ပဂ္ဂလိက ဆေးခန်းနှစ်ခုနှင့် စာသင်ကျောင်း တစ်ကျောင်းလည်း တည်ရှိပါသည်။ သဘာဝဘေးအန္တရာယ်များနှင့် မီးဘေးများကြုံတွေ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် ပြည်သူ့အကျိုးပြုအဖွဲ့အစည်းများလည်းဖွဲ့စည်းထားပါသည်။ သာသနိကအဆောက် အအုံများဖြစ်သော ဘုရား၊ ဘုန်းကြီးကျောင်းနှင့်ခရစ်ယာန်ဘုရားရှိခိုးကျောင်းများလည်းရှိပါသည်။ နှစ်ကြိမ် တိုင်တိုင် ပြောင်းရွှေ့ခံခဲ့ရပြီးဖြစ်သော သုသာန်များသည် ဇုန် (၁) အတွင်းတွင် အရေးပါသော လူမှုရေးဆိုင်ရာ အင်္ဂါရုပ်တစ်ခုဖြစ်ပါသည်။

စီမံကိန်းအကြောင်းအရာဖော်ပြချက် (သတ္တုတူးဖော်ရေးလုပ်ငန်းစဉ်များ)နှင့် ၄င်းတို့၏ ထိခိုက်မှုများ

ဖားကန့်/လုံးခင်းရတနာနယ်မြေအား ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းလုပ်ကိုင်ရာ မှော်များဟု ခေါ်သည့် နေရာများအဖြစ်သတ်မှတ်ဖွဲ့စည်းထားပါသည်။ လုပ်ကွက်များကို မှော် တစ်ခုချင်းစီအတွင်း ခွဲခြားခွင့်ပြုထားကာ ၄င်း လုပ်ကွက် တစ်ခုချင်းစီကို သစ်သားတိုင်များ (သို့) ကျောက်တိုင်များဖြင့် ကန့်သတ်ပေးထားပါသည်။ ဇုန် (၁) အတွင်းတွင် လုပ်ကွက် ပေါင်း ၂၃ ခု ရှိပါသည်။ ၄င်း မှော်များ အတွင်း လုပ်ကွက် မည်မျှ

ရှိသည် ကိုတော့ မသိနိုင်ပါ။ ဤဖုန်အတွင်း လက်လုပ်လက်စားနှင့်အကြီးစားကျောက်စိမ်းတူးဖော်ခြင်း လုပ်ငန်းများလည်း လုပ်ကိုင်နေကြပါသည်။

အကြီးစားလုပ်ငန်းများသည် ကျောက်စိမ်းရှိသော ဥရုစရစ်ဖြုန်းကျောက်လွှာရောက်သည်အထိ အပေါ်ယံမြေလွှာကို ၂၅၀ မီတာ အနက်ခန့်တိုင်အောင်မြေတူးစက်များဖြင့်တူးဖော်ခြင်း၊ ယမ်းဖောက်ခွဲခြင်းများပြုလုပ်ကြသည်။ ကျောက်စိမ်းများကို လွန်ဖြင့်ဖောက်ခြင်း၊ ယမ်းဖောက်ခွဲခြင်း၊ ရွေးယူခြင်း စသည်နည်းတို့ဖြင့် တူးဖော်ကြပါသည်။ အပေါ်ယံမြေလွှာနှင့်မလိုအပ်သောကျောက်များကို စုပေါင်းမြေစာပုံတွင် သွားရောက်စွန့်ပစ်ကြသည်။ ကျောက်စိမ်းများကို MGE သို့ တရားဝင် အတိအလင်းမကြေငြာသေးမီအချိန်တွင် တူးဖော်ရရှိလာသော ကျောက်စိမ်းများ၏ အရည်အသွေး အဆင့်အတန်းကို ရှေးဦးစွာ စီစစ်ခွဲခြမ်းရပါသည်။ ထို့ပြင် လက်လုပ်လက်စား ကျောက်ကောက်သမား(ဒေသအခေါ် ရေမဆေး) များသည် သတ္တုတွင်း၌ တရားမဝင်လုပ်ကိုင်လျက်ရှိပြီး၊ ၄င်းတို့သည် စွန့်ပစ်မြေစာပုံအတွင်းရှိ မြေစာများထဲတွင် ကျန်ခဲ့သောကျောက်စိမ်းအပိုင်းအစများကို ရှာဖွေကြသည်။ ရေမဆေးလုပ်သားများသည် အဖွဲ့တစ်ခုအဖြစ်တည်ရှိပြီး ၄င်းတို့ကို နေရာထိုင်ခင်း၊ အစားအစာ၊ သယ်ယူပို့ဆောင်ရေးနှင့် လိုအပ်သောလက်နက်ကိရိယာများ ပံ့ပိုးပေးထားသော "လော်ပန်" ၏ လက်အောက်တွင် လုပ်ကိုင်နေကြခြင်းဖြစ်ပါသည်။ ထိုသို့ ပံ့ပိုးမှုများအတွက် ရှာဖွေရရှိသော ကျောက်စိမ်း အမျိုးမျိုးကို ဝေစုခွဲဝေကာယူကြရပါသည်။

သတ္တုတွင်းလုပ်ငန်းများသည် ဇုန် (၁) ဒေသအတွင်းရှိ သဘာဝပတ်ဝန်းကျင်၊ ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝဆိုင်ရာ၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ပတ်ဝန်းကျင်ကို ထိခိုက်မှုများ ရှိစေပါသည်။ မြေပြင်ထိခိုက်မှု မှတဆင့် (သဘာဝပေါက်ပင်များရှင်းလင်းခြင်းနှင့် မြေပြင်ခြင်း၊ မြေတူးခြင်း များ) မှတဆင့် ပတ်ဝန်းကျင်ပျက်စီးမှုများ ပိုမိုမြင့်တက်လာခြင်းဖြစ်ပြီး၊ သဘာဝမြေမျက်နှာပြင်ပြောင်းလဲမှု ရေလမ်းကြောင်းများရုပ်ပိုင်းဆိုင်ရာပြောင်းလဲစေခြင်းနှင့် ရေဓာတ်ပြုပျက်စီးခြင်း၊ မသင့်လျော်သော စွန့်ပစ်ပစ္စည်းများစွာရှိလာခြင်း၊ နှစ်ရှည်လများဖုန်ထူထပ်လာခြင်း၊ ဆူညံသံမှုနှင့်တုန်ခါမှုများရှိလာခြင်းနှင့်ယာဉ်သွားလာမှုများ များပြားလာခြင်း၊ အခြားကျန်းမာရေးနှင့်လုံခြုံမှု ဘေးအန္တရာယ်များ များပြားလာခြင်းတို့လည်း ဖြစ်ပေါ်စေပါသည်။ ဇုန် (၁) အတွင်းမှမြို့များ၊ ရွာများနှင့် တဲအိမ်စုများသည် အသက်မွေးမှုနှင့်ဘဝသာယာစိုပြေမှုများအပေါ် ထိခိုက်မှုများတွေ့ကြုံခဲ့ရပြီးဖြစ်သည်။ ၄င်းတို့၏အိုးအိမ်စည်းစိမ်များဆုံးရှုံးခြင်း၊ ရွှေ့ပြောင်းနေရာချထားခံရခြင်း၊ အစဉ်အဆက်အသုံးပြုခဲ့သော ရင်းမြစ်များဆုံးရှုံးခြင်းနှင့် သာသနိကနယ်မြေများဆုံးရှုံးရခြင်း တို့ပါဝင်ပါသည်။ သတ္တုတွင်းလုပ်ငန်းများကြောင့် ဇုန် အတွင်းသို့ လူများပိုမိုရောက်ရှိလာစေပြီး ဒေသခံများ၏ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများကို သွယ်ဝိုက်သောနည်းဖြင့် ထိခိုက်စေပါသည်။ ဥပမာ အားဖြင့် အရက်နှင့်မူးယစ်ဆေးဝါးများကို ပိုမို လွယ်ကူစွာ ထိတွေ့ခွင့်ရလာခြင်း၊ အလုပ်အကိုင်၊ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု ပြိုင်ဆိုင်ရခြင်းများ ပိုမိုများလာခြင်းပင်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးအန္တရာယ်များ အသေးစိတ်အကဲဖြတ်မှုများကို ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုများဖော်ထုတ် ဆန်းစစ်ခဲ့ပြီးဖြစ်ပါသည်။ ၄င်းထိခိုက်မှုများကို စံအတိုင်းအတာများ၊ လုပ်ထုံးလုပ်

နည်းများ၊ အလေ့အကျင့်ကောင်းများဖြင့် စီမံကိုင်တွယ်နိုင်ပါသည်။ အလွန်ဆိုးရွားသည့် ထိခိုက်မှုများမှာ - အန္တရာယ်ရှိသော သတ္တုလုပ်ငန်းခွင်များနှင့်များပြားလှသော ရေမဆေးအလုပ်သမားများ၏လုံခြုံမှုမရှိသော လုပ်ငန်းလုပ်ကိုင်မှုအလေ့အကျင့်များကြောင့် ကြီးမားသော ထိခိုက်ဒဏ်ရာများနှင့်သေကြေမှုများဖြစ်ပေါ်စေနိုင်ခြင်း၊ မြေပြိုမှုများဖြစ်စေသော နံရံစောင်းများပြိုကျခြင်း၊ ရေလမ်းကြောင်းများ အနည်ထိုင်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာခြင်း တို့ဖြစ်ပါသည်။ ၄င်း အချက်အလက်များသည် ဇုန် (၁) အတွင်း နေထိုင်သောသူများ၏ အဓိက ကြီးမားသော အန္တရာယ်များပင် ဖြစ်ပါသည်။

သက်သာလျော့ချစေသည့် အစီအမံများ

ယခု EMP တွင် အဓိက ထိခိုက်မှုနှင့်ပြင်းထန်သောထိခိုက်မှုများကို ရှုံးရှုထားသော်သည့် ဖော်ထုတ်ပြီးသော ပတ်ဂန်းကျင်နှင့်လူမှုရေး ထိခိုက်မှုများအားလုံးကို စီမံခန့်ခွဲသည့် အစီအမံများနှင့်လုပ်ထုံးလုပ်နည်းများပါဂင်ပါသည်။ ၄င်းတို့တွင် သတ္တုတူးဖော်ခြင်းလုပ်ငန်းစဉ်များအားလုံးတွင် အသုံးချနိုင်သည့် စံစီမံခန့် ခွဲမှုလုပ်ဆောင်ချက်များ၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းစဉ်တစ်ခုစီအတွက်အစီအမံများကို မတူးဖော်မီ၊ တူးဖော်စဉ်နှင့်တူးဖော်ပြီးကာလများအတွက် အသုံးပြုနိုင်ပါသည်။ စီမံခန့်ခွဲမှု အစီအမံနှင့်လုပ်ထုံးလုပ်နည်းများကို စီမံခန့်ခွဲမှုအစီအစဉ်များနှင့်လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းထားပါသည်။

အကောင်အထည်ဖော်ဆောင်ရမည့် 'စံ'စီမံခန့်ခွဲမှုအစီအမံများကို အောက်ပါ အစီအစဉ်နှင့်လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းသတ်မှတ်ထားပါသည်။

- အလုပ်သမားများနှင့်သတ္တုတွင်းကုမ္ပဏီများအပေါ် ပတ်ဂန်းကျင်နှင့်ဒေသတွင်းနေပြည်သူများအပါအဂင် မျော်လင့်ထားသည့် အပြုအမူနှင့်တာဂန်ဂတ္တရားများ ချမှတ်ထားသည့် လိုက်နာရ မည့်ကျင့်ထုံးများ။
- နစ်နာမှု တိုင်ကြားချက် ကိုင်တွယ်ဖြရှင်းခြင်းစနစ်။
- ဖြစ်ရပ်များ အစီရင်ခံခြင်း လုပ်ထုံးလုပ်နည်းများ။
- မြေနေရာအသုံးချခွင့်စီမံခန့်ခွဲမှုအစီအစဉ် (ပြန်လည်နေရာချထားခြင်းနှင့် လျော်ကြေးငွေပေးခြင်းအပါအဂင်)။
- ယဉ်ကျေးမှုအမွေအနှစ် စီမံခန့် ခွဲမှု အစီအစဉ်။
- ဘေးအန္တရာယ်မရှိသည့် စွန့်ပစ်ပစ္စည်းများ စီမံခန့် ခွဲမှု အစီအစဉ်။
- ဓာတုပစ္စည်းများနှင့်ဘေးအန္တရာယ်ရှိသည့်ပစ္စည်းများ စီမံခန့် ခွဲမှု အစီအစဉ်။

အကောင်အထည်ဖော်ဆောင်ရန်အတွက် ဖြည့်စွက်စီမံခန့် ခွဲမှုအစီအမံများကို အောက်ပါအစီအစဉ်နှင့်လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းသတ်မှတ်ထားပါသည်။

- ဖုန်နှင့် လေအရည်အသွေး စီမံခန့် ခွဲမှု အစီအစဉ်။

- ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့် ခွဲမှု အစီအစဉ်။
- လူထုအထောက်အကူပြုနှင့်ဖွံ့ ဖြိုးရေး အစီအစဉ်။
- ဒေသခံပြည်သူများ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေး စီမံခန့်ခွဲမှု အစီအစဉ်။
- တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်မှု အစီအစဉ်။
- အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုနှင့် တုန့် ပြန်မှု အစီအစဉ်။
- သတ္တုတွင်း ပိတ်သိမ်းခြင်း စီမံခန့် ခွဲမှု အစီအစဉ်။
- သတ္တုတွင်းနှင့် စွန့်ပစ်မြေစာပုံများ စီမံခန့် ခွဲမှု အစီအစဉ်။
- ဆူညံသံနှင့်တုန်ခါမှု စီမံခန့် ခွဲရေး အစီအစဉ်။
- လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်။
- ပြန်လည်ထူထောင်ခြင်း စီမံခန့် ခွဲမှု အစီအစဉ်။
- ရေ စီမံခန့် ခွဲမှု အစီအစဉ်။
- အလုပ်သမားတန်းလျား စီမံခန့် ခွဲမှု အစီအစဉ်။

အကောင်အထည်ဖော်ဆောင်ခြင်းနှင့်စောင့်ကြပ်ကြည့်ရှုခြင်း

သတ္တုတွင်းကုမ္ပဏီများသည် ယခုပတ်ဝန်းကျင်စီမံခန့် ခွဲမှုအစီအစဉ် EMP ကို အကောင်အထည်ဖော်ဆောင်ရန် ၎င်းတို့၏အလုပ်သမားများကို လေ့ကျင့်သင်ကြားပေးရန်တာဝန်ရှိပါသည်။ သတ္တုတွင်းကုမ္ပဏီများသည် ယခုပတ်ဝန်းကျင်စီမံခန့် ခွဲမှု အစီအစဉ် EMP ကို လျော်ကန်စွာ အကောင်အထည်ဖော်ဆောင်ရန် အရင်းအမြစ်များ (လူများ၊ ပစ္စည်းကိရိယာများနှင့် ကုန်ကျစားရိတ်များ) ကို ပေးရမည်ဖြစ်ပြီး စစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ လုပ်ဆောင်ချက်များအား အစီရင်ခံခြင်းဖြင့် ကတိ ကဝတ်များကို ဖြည့်ဆည်းဆောင်ရွက်ရမည် ဖြစ်သည်။

ယခုပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် EMP သည် ဖားကန့်/လုံးခင်းရတနာနယ်မြေရှိ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ချိန်တွင် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာအခြေအနေများ တိုးတက်ကောင်း မွန်စေရန် အထောက်အပံ့ပေးမည့် ပထမခြေလှမ်းဖြစ်ပြီး ထိုအဆင့်တွင် မြန်မာ့အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကို အပြည့်အဝအကောင်အထည်ဖော်ဆောင် လိုက်နာရန် မလိုအပ်သေးပါ။ ယခုပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် EMP သည် ပတ်ဝန်းကျင်နှင့်ပြည်သူများအတွက် အကြီးမားဆုံးဘေးအန္တရာယ်များသာ ဖြေရှင်းသည့် လမ်းညွှန်ချက်များနှင့်စံချိန်စံညွှန်းများကို ရှေးရှု၍ ထည့်သွင်းထားပါသည်။

ပထမနှစ်တွင် သင်တန်းပေးခြင်းနှင့်အခြားအရင်းအမြစ်များပေးခြင်းအပါအဝင် ယခုပတ်ဝန်းကျင်စီမံခန့် ခွဲမှု အစီအစဉ် EMP ကို အကောင်အထည်ဖော်ဆောင်ရန် သတ်မှတ်မူဘောင် ပြဋ္ဌာန်းသတ်မှတ်သွားမည် ဖြစ်ပြီး ဒုတိယနှစ် မှ ပဉ္စမနှစ်အတွင်းတွင် EMP ကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။

ထိုအတောအတွင်းတွင် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာထိခိုက်မှုများစီမံခန့်ခွဲရန်အတွက် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်နှင့်လုပ်ထုံးလုပ်နည်းများလုံလောက်မှုရှိ/မရှိ ဒေသအတွင်းစောင့်ကြပ်ကြည့်ရှုခြင်းများပြုလုပ်၍ အခြေခံစံနှုန်းကို သတ်မှတ်ပေးသွားမည်ဖြစ်သည်။ ဆဋ္ဌမနှစ်တွင် သတ္တုတွင်းကုမ္ပဏီလုပ်ဆောင်ချက်များကို ဒေသတွင်းစောင့်ကြပ်ကြည့်ရှုခြင်း ရလဒ်များဖြင့် ပြန်လည်ဆန်းစစ်သုံးသပ်ပါမည်။ ယခု EMP ကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ လိုက်နာမှုကို ထည့်သွင်းသုံး သပ်သွားပါမည်။ ထို့နောက်တွင် EMP ကို ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ဆန်းစစ်ပါမည်။

စစ်ဆေးခြင်းနှင့်စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ဆောင်ရမည်များကို ယခု EMP ၏ စီမံခန့်ခွဲမှုအစီအစဉ်တစ်ခုစီနှင့်လုပ်ထုံးလုပ်နည်းများတွင် တင်ပြထားပါသည်။ ဖားကန့်/လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုခြင်းကို ဒေသတွင်းစောင့်ကြပ်ကြည့်ရှုခြင်းကွန်ရက်များဖြင့် လုပ်ဆောင်မည်ဖြစ်ပါမည်။ ရေလွှတ်ပေါက်များကို သတ္တုတွင်းကုမ္ပဏီများမှ စောင့်ကြပ်ကြည့်ရှုရပါမည် (ဥပမာ၊ ရေလမ်းကြောင်းထဲ သို့သတ္တုတွင်းစွန့်ပစ်ရေများ စွန့်ထုတ်ခြင်း)။ ယခု EMP အစီအစဉ်ကို လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ အကဲဖြတ်ရန် ECD မှပုံမှန်စာရင်းစစ်ခြင်းများ အပါအဝင် လစဉ်စစ်ဆေးခြင်းများကို သတ္တုတွင်းတူးနေစဉ်ကာလတွင် လုပ်ဆောင်ရပါမည်။ မုန်တိုင်းတိုက်ပြီးနှင့်/သို့မဟုတ် လူထုမှပတ်ဝန်းကျင်ပျက်စီးမှုအပေါ် တိုင်တန်းချက်များပြီးနောက် ဆိုးရွားသည့်မတော်တဆမှုများကို တုံ့ပြန်နိုင်ရန် အခြားရှောင်တခင် စစ်ဆေးခြင်းများကို လုပ်ဆောင်ရမည်။

သတ္တုတွင်းကုမ္ပဏီများသည် ယခု EMP တွင်ချမှတ်ထားသော လိုက်နာဆောင်ရွက်ရမည်များနှင့်အညီ သတ္တုတွင်းလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်သည့် နှစ်စဉ် ပတ်ဝန်းကျင်လိုက်နာမှု အစီရင်ခံစာများကို ပြင်ဆင်ရမည်။ ဤအစီရင်ခံစာတွင် စစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့်စာရင်းစစ်ခြင်းရလာဒ်များ ပါဝင်ပြီး လွန်ခဲ့သည့် ၁၂ လတာ (ပြက္ခဒိန်)၊ အစီရင်ခံတင်ပြသည့်ကာလအတွင်း၊ ဖြစ်ပွားခဲ့သည့် အဓိကပတ်ဝန်းကျင်ဖြစ်ရပ်အားလုံး၏အချုပ်ကိုစီစဉ်တင်ပြပေးရမည်။ ထင်မြင်ချက်နှင့် သုံးသပ်ချက်များပေးရန် နှစ်စဉ် ပတ်ဝန်းကျင် အစီအရင်ခံစာ မိတ္တူကိုလည်း MGE နှင့် ECD သို့ ပေးပို့ရပါမည်။ ဖြစ်စဉ်အားလုံးကို ဖြစ်ရပ်များ အစီရင်ခံခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြရပါမည်။

ယခု EMP ကို အကူးအပြောင်းအစီအမံများနှင့်အညီ ပြန်လည်စိစစ် ပြင်ဆင်ရမည်။

မာတိကာ

၁။ နိဒါန်း ၅

၁-၁ စီမံကိန်းနောက်ခံအကြောင်းအရာ ၆

၂။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ ၁၀

၃။ စီမံကိန်းအကြောင်းအရာ ဖော်ပြချက် (သတ္တုတူးဖော်ခြင်း လုပ်ငန်းစဉ်များ) ၂၁

၃-၁ သတ္တုတွင်းလုပ်ကွက်ခွင့်ပြုမိန့်များ ၂၁

၃-၂ သတ္တုတူးဖော်ခြင်း နည်းလမ်းစဉ်များ ၂၂

၃-၂-၁ သတ္တုတူးဖော်ခြင်း နည်းလမ်းစဉ် ၂၂

၃-၂-၂ သတ္တုတွင်းသုံးစက်ကိရိယာများ ၂၄

၃-၂-၃ အလုပ်သမားနှင့်စီမံအုပ်ချုပ်ရေး ၂၅

၃-၂-၄ သတ္တုတွင်းအစီအစဉ် ၂၅

၃-၂-၅ မြေအောက်ရေနှင့်မြေပေါ်ရေ စီမံခန့်ခွဲမှု ၂၆

၃-၂-၆ မိုင်းခွဲခြင်း ၂၆

၃-၂-၇ စွန့်ပစ်ကျောက်မြေစာများ စွန့်ပစ်ခြင်း ၂၆

၃-၂-၈ အန္တရာယ်ရှိသောပစ္စည်းများနှင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု ၂၆

၄။ ကတိကဝတ် ၂၈

၅။ ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု စည်းမျဉ်းမူဘောင်များ ၂၉

၅-၁ မြန်မာနိုင်ငံ ဥပဒေ၊ နည်းဥပဒေနှင့် လမ်းညွှန်ချက်များ ၂၉

မြန်မာနိုင်ငံသားများ၏ ရပိုင်ခွင့်များ ၂၉

ကျောက်မျက်ရတနာထုတ်လုပ်မှု စည်းကမ်းကြီးကြပ်ခြင်း ၂၉

ပတ်ဝန်းကျင် ကာကွယ်ခြင်း ၃၂

ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ခြင်း ၃၇

မြစ်ချောင်းများ၊ ရေအရင်းအမြစ်များနှင့်ငါးများ ကာကွယ်ခြင်း ၃၉

ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ခြင်း ၄၀

ပြည်သူနှင့်အလုပ်သမားကျန်းမာရေး ကာကွယ်ခြင်း ၄၁

အလုပ်သမားအခွင့်အရေး ကာကွယ်ခြင်း ၄၅

အန္တရာယ်ရှိသော ပစ္စည်းများနှင့်ထုတ်ကုန်များ စီမံခန့်ခွဲခြင်း ၅၁

ယာဉ်များနှင့်ကုန်းလမ်းသယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲခြင်း ၅၃

အရေးပေါ်တုံ့ပြန်မှုစွမ်းဆောင်ရည် ပံ့ပိုးပေးခြင်း ၅၄

သင့်လျော်ပြီး အရည်အသွေးရှိသော ကျွမ်းကျင်သူများ အသုံးပြုခြင်း ၅၄

၅-၂ ယခု EMP ကို အကောင်အထည်ဖော်ရန် လိုက်နာရမည့်အချက်များ ၅၇

၅-၃ ယခု EMP ၏ ရည်ရွယ်ချက်များ ၆၀

၆။ လက်ရှိပတ်ဝန်းကျင်အခြေအနေ ၆၃

၆-၁ မြေမျက်နှာသွင်ပြင်နှင့်တည်နေရာ ၆၃
၆-၂ အထွေထွေဘူမိဗေဒ ၆၄
၆-၃ ရာသီဥတု၊ လေအရည်အသွေးနှင့်ဆူညံသံ ၆၆
၆-၄ ရေ ၇၀
၆-၅ အမြေအသုံးချမှုနှင့်ဇီဝမျိုးစုံမျိုးကွဲ ၇၅
၆-၆ လူမှုရေး အခင်းအကျင်း ၇၈
၇။ ဖြစ်နိုင်ဖွယ် ထိခိုက်မှုများနှင့်သက်သာလျော့ချမှု အစီအမံများ ၈၀
၇-၁ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှု ဆန်းစစ်ခြင်း ၈၀
၇-၂ ဖြစ်နိုင်ဖွယ် ထိခိုက်မှုများနှင့်လျော့ချမှုအစီအမံများ ၈၆
၇-၂-၁ မြေပြင်ထိခိုက်မှု ၈၆
၇-၂-၂ မြေပြိုခြင်း ၈၈
၇-၂-၃ ဇီဝမျိုးစုံးမျိုးကွဲများ ဆုံးရှုံးမှု ၉၁
၇-၂-၄ ဇလဗေဒ ပြောင်းလဲမှု ၉၄
၇-၂-၅ ဓာတ်ပြုပျက်စီးထားသည့် ရေ ၉၇
၇-၂-၆ ရေရရှိနိုင်မှု ၁၀၁
၇-၂-၇ မလျော်ကန်သော စွန့်ပစ်ပစ္စည်များ စွန့်ပစ်ခြင်း ၁၀၂
၇-၂-၈ ကျန်းမာရေး သက်ရောက်မှုများ ၁၀၃
၇-၂-၉ ပတ်ဝန်းကျင်အခြေအနေ ကောင်းမွန်မှု (ဆူညံသံနှင့်တုန်ခါမှု) ၁၀၅
၇-၂-၁၀ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး (သတ္တုတွင်း/ယာဉ်ယန္တရား မတော်တဆမှုများ) ၁၀၇
၇-၂-၁၁လူ့အဖွဲ့အစည်းများ၊ အသက်မွေးမှုနှင့်လူထုအခြေခံအဆောက်အအုံများ ၁၁၁
၇-၂-၁၂ယဉ်ကျေးမှုအမွေအနှစ်များ ၁၁၄
၇-၃ စီမံခန့်ခွဲမှု အစီအမံများ ၁၁၅
၈။ အရေးပေါ်အစီအစဉ် ၁၁၉
၉။ အများပြည်သူပါဝင်စေခြင်းနှင့်ဆွေးနွေးတိုင်ပင်ခြင်း ၁၄၃
၉-၁ ပါဝင်သည့် အဖွဲ့များ ၁၄၃
၉-၂ ပါဝင်သည့်အဖွဲ့များ၏ အခက်အခဲများ ၁၄၅
၁၀။ အကောင်အထည်ဖော်ဆောင်ခြင်း ၁၄၈
၁၀-၁ ဤ EMP ကို အကောင်အထည်ဖော်ဆောင်ရမည့် တာဝန်ဝတ္တရားများ ၁၄၈
၁၀-၂ အကူးအပြောင်းကာလ အစီအမံများ ၁၄၈
ပထမ နှစ် - EMP အကောင်အထည်ဖော်ဆောင်ရန် မူဘောင် ရေးဆွဲခြင်း ၁၄၉
ဒုတိယနှစ်မှ ပဉ္စမနှစ် - EMP အကောင်အထည်ဖော်ဆောင်ခြင်း ၁၅၁
ဆဋ္ဌမ နှစ် - လက်ရှိ EMP လုံလောက်မှုရှိမရှိနှင့် လုပ်ဆောင်ချက်များကို ဆန်းစစ်ခြင်း ... ၁၅၂

သတ္တမ နှစ် မှ ရှေ့နှစ်များစွာ - ငါးနှစ်တစ်ကြိမ် ဆန်းစစ်ရန်။ ၁၅၂
၁၀-၃ အကောင်အထည်ဖော်ဆောင်ရန် ညွှန်းဆို ကုန်ကျစရိတ် ၁၅၂
၁၁။ စောင့်ကြပ်ကြည့်ရှု့ရန် လုပ်ဆောင်ရမည့် အချက်များနှင့်ကုန်ကျစရိတ် ၁၆၆
၁၁-၁ ဒေသလုံးဆိုင်ရာ စောင့်ကြပ်ကြည့်ရှု့ခြင်း ကွန်ရက် ၁၆၆
၁၁-၂ စောင့်ကြပ်ကြည့်ရှု့ရမည့် အတိုင်းအတာများ ၁၆၇
၁၁-၃ စောင့်ကြပ်ကြည့်ရှု့ရမည့် အကြိမ်ရည်နှင့်အချိန်ကာလ ၁၆၉
၁၁-၄ ခန့်မှန်းကုန်ကျစရိတ် ၁၆၉
၁၁-၅ ဇီဝမျိုးစုံမျိုးကွဲ စောင့်ကြပ်ကြည့်ရှု့ခြင်း ၁၇၀
၁၂ စစ်ဆေးခြင်းနှင့် စစ်ဆေးရန်လိုအပ်သည့် အချက်များ ၁၇၂
၁၃ အစီရင်ခံတင်ပြရန် လုပ်ဆောင်ရမည့်အချက်များ ၁၇၄
၁၃-၁ ဖြစ်ရပ်များ အစီရင်ခံတင်ပြခြင်း ၁၇၄
၁၃-၂ လိုက်နာဆောင်ရွက်မှု နှစ်ပတ်လည် အစီရင်ခံစာ ၁၇၄
၁၄ EMP ပြန်လည်စစ်ဆေးခြင်းနှင့်ပြင်ဆင်ခြင်း ၁၉၅
၁၅ လူမှုတာဝန်သိလုပ်ငန်းများ (CSR) ၁၉၇
၁၆ သတ္တုတွင်းပိတ်သိမ်းခြင်း ၂၁၁
၁၇ ကိုးကားချက်များ ၂၃၅

မြေပုံနှင့်ဇယားများ
၁-၁ ဒေသန္တရ မြေပုံ ၇
၁-၂ မြေမျက်နှာသွင်ပြင်နှင့်အခြေချနေထိုင်မှု ၈
၅-၁ EMP အကောင်အထည်ဖော်ဆောင်ရန်လိုက်နာရမည့် စည်းမျဉ်းဥပဒေ မူဘောင် ၆၁
၆-၁ ဖားကန့်/လုံးခင်းရတနာနယ်မြေ၏ ဘူမိဗေဒ အနေအထား ၆၈
၆-၂ ဥရုစရစ်ဖြန်းကျောက်လွှာအတွင်း ကျောက်စိမ်းဖြစ်တည်နေမှု ၆၉
၆-၃ ရေဝေရေလဲနှင့်ရေအရည်အသွေးစစ်ဆေးသည့် နေရာများ ၇၁
၇-၁ စီမံခန့်ခွဲမှုအစီအစဉ်နှင့်လုပ်ထုံးလုပ်နည်းများ အသုံးချခြင်း ၁၁၈

ဇယားများ
၆-၁ ဇုန် (၁) ၏ တည်နေရာပြ ကိုဩဒိနိတ်များ ၆၃
၆-၂ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ အချက်အလက်များ (မြစ်ကြီးနား) ၆၇
၆-၃ ဇုန် (၁) ရှိ ရေအရည်အသွေး စစ်ဆေးမှုရလဒ် ၇၄
၆-၄ ဥရုချောင်းအတွင်းရှိ ရေနေသတ္တဝါများ ၇၇
၆-၅ ဤဇုန်၏ လူမှုပထဝီအချက်အလက် ၇၉
၇-၁ အကျိုးဆက်များအဆင့် အဓိပ္ပါယ်သတ်မှတ်ချက်များ ၈၁

၇-၂ ဖြစ်နိုင်ဖွယ်အခြေအနေ အဓိပ္ပါယ်သတ်မှတ်ချက်များ ၈၁
၇-၃ ဘေးအန္တရာယ်ဆန်းစစ်ခြင်း အခြေအနေပြဇယား ၈၂
၇-၄ ဘေးအန္တရာယ်များအကဲဖြတ်မှု ဖော်ပြချက် ၈၂
၇-၅ ပတ်ဝန်းကျင်ဘေးအန္တရာယ် ဆန်းစစ်ချက် မှတ်တမ်းပြဇယား ၈၅
၇-၆ စီမံခန့်ခွဲမှုအစီအစဉ်များနှင့်လုပ်ထုံးလုပ်နည်းများ ၁၁၆
၉-၁ ဤ ဇုန်အတွင်းမှ ဆွေးနွေးခဲ့သောသူများ၏စာရင်း ၁၄၅
၉-၂ ဤဇုန်အပေါ် အများပြည်သူ၏အမြင်များ အကျဉ်းချုပ် ၁၄၇
၁၀-၁ EMP အကောင်အထည်ဖော်ဆောင်ရန် သင်တန်းပို့ချခြင်းအတွက် ညွှန်းဆိုကုန်ကျစရိတ် ၁၅၃
၁၀-၂ EMP အကောင်အထည်ဖော်ဆောင်ရန် ခန့်မှန်းကုန်ကျစရိတ် ၁၅၄
၁၁-၁ လျှံကျရေနှင့်စွန့်ပစ်ရေ ထုတ်လွှတ်မှု သတ်မှတ်ချက်လမ်းညွှန်များ ၁၆၈
၁၁-၂ လေထုတ်လွှတ်မှုအတွက် ယေဘူယျ အတိုင်းအတာလမ်းညွှန်များ ၁၆၈
၁၁-၃ အကောင်အထည်ဖော် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် ညွှန်းဆိုကုန်ကျစရိတ် ၁၆၉

ဓာတ်ပုံမှတ်တမ်းများ

၃-၁ ဥရုစရစ်ဖြူန်းကျောက်လွှာပေါ် သည်အထိ တူးဖော်ထားသည့် အကြီးစားတူးဖော်ခြင်း ၂၄
၆-၁ ဥရုချောင်းဘေး တည်ဆောက်ထားသော မြေထိန်းနံရံ ၇၂
၆-၂ ဆန်ခါချောင်းအပေါ် တည်ဆောက်ထားသော ယာယီ မြေအောက်ရေဖြတ်လမ်း ၈၉
၇-၄ ကုလားမော် စုပေါင်းမြေစာပုံနှင့် မြေမခိုင်မှုကြောင့် အက်ကွဲနေသည့် မြေပြင်အနေအထား ၈၇

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) စီမံခန့်ခွဲမှု အစီအစဉ်များ
နောက်ဆက်တွဲ (၂) အမိန့်ကြော်ငြာစာများ

၁။ နိဒါန်း

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (MGE) သည် သက်ဆိုင်သည့်စည်းမျဉ်းဥပဒေများဖြင့် ကြီးကြပ်ဆောင်ရွက်ကာ မြန်မာ့ကျောက်စိမ်းနှင့်အခြားကျောက်မျက်ရတနာများ ဈေးကွက်ရရှိရေးဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ထို့ကြောင့် (MGE) သည် မြန်မာနိုင်ငံရှိကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ စည်းမျဉ်းစည်းကမ်းလိုက်နာရေး၊ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာအခြေအနေများတိုးတက်ရေး တို့အတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ MGE သည် ၄င်းတို့ရည်မှန်းထားသည့်အတိုင်း လက်ရှိနှင့်အနာဂတ် ကျောက်စိမ်းတူးဖော်မှုဆိုင်ရာ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေတိုးတက်စေရန်အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMPs) များ ရေးဆွဲရန် တောင်းခံခဲ့ပါသည်။

MGE သည် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (MGJEA) ကို စီမံကိန်းတာဝန်ခံနှင့် ငွေကြေးကမကထပြုရန် ညွှန်ကြားထားပါသည်။ MGJEA သည် ဖားကန်း/လုံးခင်းရတနာနယ်မြေ၊ ကချင်ပြည်နယ် (မြေပုံ ၁.၁) ရှိ ဇုန် ၁၈ ခုအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMPs) များကို မြန်မာနိုင်ငံအခြေစိုက် ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးနှင့်အခြားဝန်ဆောင်မှုများပေးသည့် Valentis Services Company Limited (Valentis) နှင့်နိုင်ငံတကာပတ်ဝန်းကျင်အကြံပေးကုမ္ပဏီ Coffey Myanmar Limited (Coffey) တို့မှပူပေါင်းရေးဆွဲပြင်ဆင်ပါသည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တစ်ခုစီကို သီးသန့်သတ္တုတွင်းတစ်ခုတည်းအတွက်မဟုတ်ပဲ ဤဇုန်အတွင်းရှိ သတ္တုတူးဖော်ခြင်းလုပ်ငန်းများအားလုံးအတွက် အသုံးပြုနိုင်ပါသည်။

ယခု ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) သည် ဇုန် (၁) ရှိ အကြီးစားသတ္တုတူးဖော်ခြင်းလုပ်ငန်းများအတွက်ဖြစ်ပါသည်။ ယခုဇုန်၏ တည်နေရာကို မြေပုံ (၁.၂) ဖြင့်ဖော်ပြထားပါသည်။ ယခု EMP တွင် ဇုန် (၁) ရှိ ကျောက်စိမ်းတူးဖော်ခြင်းကြောင့်ဖြစ်ပေါ်သော ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာထိခိုက်မှုများကို စီမံခန့်ခွဲရန် လမ်းညွှန်ချက်မူဘောင်များ သတ်မှတ်ထည့်သွင်းထားပါသည်။ ဤအစီအစဉ်သည် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကြောင့် ထိခိုက်သော ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ အခြေအနေများ ကောင်းမွန်လာစေရန် ပထမခြေလှမ်းတစ်ခုဖြစ်ပါသည်။ ယခု EMP သည် ပထမဆုံးအစီရင်ခံစာဖြစ်ပြီး နောက်ပိုင်းပြင်ဆင်ထွက်ရှိလာမည့် အစီရင်ခံစာများတွင် ဆောင်ရွက်ခဲ့ပြီးသောလုပ်ငန်းစဉ်စွမ်းဆောင်မှုကိုသုံးသပ်၍ စီမံခန့်ခွဲမှုလုပ်ဆောင်ချက်များနှင့်လိုအပ်ချက်များကို ဖြည့်သွင်းဖော်ပြသွားရမည်။

သက်ဆိုင်ရာအဖွဲ့အစည်းများစွာပါဝင်သည့် အကြံပေးအဖွဲ့သည် Valentis/Coffey အား ယခု EMP တွင် အဆိုပြုထားသော ကိစ္စရပ်များအတွက် အကြံဉာဏ်များ ပေးအပ်ခဲ့ပါသည်။ အကြံပေးအဖွဲ့တွင် မြန်မာအစိုးရအာဏာပိုင်များ၏ ကိုယ်စားလှယ်များ၊ ကချင်ပြည်နယ်ဝန်ကြီးများ၊ Estelle Levin Limited (ELL)၊


ကျောက်စိမ်းတူးဖော်သူများနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပါဝင်ပါသည်။ ဖားကန့်/လုံးခင်း ရတနာနယ်မြေအတွင်း ကွင်းဆင်းလေ့လာခြင်းများ သွားရောက်လုပ်ဆောင်ခဲ့ကြပါသည်။

၁.၁ စီမံကိန်းနောက်ခံ အကြောင်းအရာ

ကမ္ဘာ့အကောင်းဆုံးကျောက်စိမ်းကို မြန်မာနိုင်ငံမှထုတ်လုပ်သည်ဟု လက်ခံထားကြသောကြောင့် ဒေသတွင်း၌သော်လည်းကောင်း (မြန်မာနိုင်ငံတစ်ဝန်းရှိရတနာဆိုင်များနှင့်ဈေးကွက်)၊ နိုင်ငံတကာ၌သော်လည်းကောင်း (နှစ်စဉ်ကျောက်မျက်ရတနာကုန်စည်ပြပွဲ)၊ ဈေးကွက်ဝယ်လိုအားမှာ သိသိသာသာမြင့်တက်လျက်ရှိပါသည်။ မြန်မာ့ကျောက်စိမ်းသည် ခန်းမှန်းခြေအားဖြင့် ကမ္ဘာ့ကျောက်စိမ်းထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းရှိနေပြီး ဈေးကွက်တွင်အမြင့်ဆုံးဈေးရရှိနေပါသည်(Irwin 2006)။ ကချင်ပြည်နယ်၊ ဖားကန့်/လုံးခင်းရတနာနယ်မြေသည် မြန်မာနိုင်ငံ၏အဓိကကျောက်စိမ်းထွက်ရှိရာ နေရာဖြစ်ပြီး စစ်ကိုင်းတိုင်း၊ ခန္ဓီးမှာ ဒုတိယနေရာဖြစ်သည်။

ဖားကန့်/လုံးခင်းရတနာနယ်မြေတွင် အကြီးစားစက်ယန္တရယားသုံးကျောက်စိမ်းတူးဖော်ခြင်းကို ၁၉၉၀ ပြည့်လွန်နှစ်များတွင် အစပြုခဲ့ကြသည်။ ထို့အချိန်မတိုင်မီက ကျောက်စိမ်းတူးဖော်ခြင်းကို အသေးစား၊ ဝမ်းရေးဖူလုံရုံလောက်သာ လုပ်ဆောင်ခဲ့ကြသည်။

အစိုးရနှင့်ကချင်လွတ်မြောက်ရေးအဖွဲ့အစည်းတို့အကြား ၁၇ နှစ်တာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပျက်ပြယ်သွားပြီးနောက် မတ်လ ၂၀၁၂ မှ စက်တင်ဘာလ ၂၀၁၄ ခုနှစ်အထိ ဖားကန့်အတွင်း ကျောက်စိမ်းတူးဖော်ခြင်းများ ဆိုင်းငံ့ထားခဲ့ပါသည် (Irwin 2006)။ မတ်လ၊ ၂၀၁၅ ခုနှစ်တွင် တိုက်ခိုက်မှုများ ရုတ်တရက် ဖြစ်ပွားခဲ့သောကြောင့် လုပ်ငန်းလည်ပတ်မှု ယာယီရပ်ဆိုင်းထားပါသည် (Irwin 2006)။ ၂၀၁၄ ခုနှစ် နောင်းပိုင်းတွင် ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ တရားဝင်ပြန်လည်စတင်လုပ်ကိုင်ခဲ့ပြီး စွမ်းအင်နှင့်ပိုမိုအဆင်မြင့်သောစက်ယန္တရားများအသုံးပြု၍ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ ပိုမိုသိသိသာသာ များပြားလာပါသည်။



Source:
Zones and PPFs from Valentis.
Roads from EVG (50k). Place names from MIMU.
Imagery from Bing Maps Online (currency not stated).
MGJEA = Myanmar Gems and Jewellery Entrepreneurs Association

VALENTIS

coffey
A TETRA TECH COMPANY

Date: 25.07.2017
Project: 754-DRWEN00015AA
File Name: 00015_EMP01_F001.1_GIS

MGJEA

Hpakant/Lonkin Gems Tract EMP


Locality map

Figure No: 1.1

MXD Reference: 00015_EMP01_GIS001_v0.2

မြေပုံ

၁.၂ မြေမျက်နှာသွင်ပြင်နှင့် အရြေချနေထိုင်မှု



Source:
Zones from Valentis. Place names from MIMU.
Imagery from Google Earth Pro (image captured 09/03/2016.

MGJEA = Myanmar Gems and Jewellery Entrepreneurs Association

VALENTIS

coffey
A TETRA TECH COMPANY

Date: 25.07.2017
Project: 754-DRWEN00015AA
File Name: 00015_EMP01_F001.2_GIS

MGJEA

Hpakant/Lonkin Gems Tract EMP

Topography and settlement

Figure No: 1.2

MXD Reference: 00015_EMP01_GIS\02_v0.1

This page has been left intentionally blank

၂။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

အထိခိုက်ခံအုပ်စု (Affected Party) - သတ္တုတွင်းလုပ်ငန်းများကြောင့် ထိခိုက်ခံ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လူများ သို့ မဟုတ် အဖွဲ့အစည်း။

ဝန်းကျင်လေ အရည်အသွေး (Ambient air quality) – အပြင်ပတ်ဝန်းကျင်လေ၏ အရည်အသွေး။

ရေနေသက်ရှိ (Aquatic) - ဇီဝမျိုးစုံမျိုးကွဲနှင့်စပ်လျဉ်း၍ ရေတွင်သို့မဟုတ် ရေအနီးရှင်းသန်သော သို့မဟုတ် တွေ့ရသော အပင်နှင့်သတ္တဝါများကို ရည်ညွှန်းသည်။

လက်လုပ်လက်စားနှင့် အသေးစား သတ္တုတွင်း တူးဖော်ခြင်း (Artisanal and small-scale mining) - လက်လုပ်လက်စားနှင့် အသေးစား သတ္တုတွင်းတူးဖော်ခြင်းသည် လက်နက်ကိရိယာများနှင့်အသေးစား စက်များဖြင့် သတ္တုတွင်းတူးခြင်းဖြစ်သည်။ လက်ဖြင့်ကိုင်၍အသုံးပြုသောကိရိယာများတွင် သံချောင်းများ၊ စိန်အဖျားတပ်တူများ၊ ပေါက်ချွန်းများနှင့်ပေါက်ပြားများ ပါဝင်ပါသည်။ စက်ပစ္စည်းများတွင် ကျောက်စိမ်းနှင့် ရွှေဆောင်ထားသော နှန်းစုသိုက်မှသတ္တုရိုင်းများကို ရေအားဖြင့် ဖယ်ထုတ်ရန် ရေစုပ်စက်များ၊ ရေပိုက်များ ဖြင့် နှန်းစုသိုက်မှရွှေကို မျောတိုက်ရန် မျောစင်တို့ ပါဝင်ပါသည်။ အချို့သောနေရာများတွင် ကျောက်စိမ်းနှင့် နှန်းစုသိုက်မှ ရွှေပါသော သတ္တုရိုင်းများကို မြေတူးစက်တစ်ခုနှင့်မြေသယ်ယာဉ်ငယ်များ အသုံးပြု၍ အပေါ်ယံမြေကို ဖယ်ရှားရန် အသုံးပြုကြသည်။

ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) - အပင်၊ သတ္တဝါနှင့် အဏုဇီဝသက်ရှိအမျိုးမျိုးနှင့် ၎င်းတို့တွင်ပါဝင်သောမျိုးရိုးဗီဇအချက်အလက်နှင့် ၎င်းတို့ဖွဲ့စည်းသောဂေဟစနစ်အပါအဝင် အမျိုးစုံကွဲပြား သော သက်ရှိများ။

Boom - ဖိတ်စဉ်မှု ထိန်းချုပ်ရန် ယာယီအဆီးအတား။

အတားအဆီး/တမံ (Bund) - သိုလှောင်ထားသောအရည်များ လျှံကျလာခြင်းကို လမ်းကြောင်းလွှဲဖမ်းပြီး စုဆောင်းနိုင်သော နံရံ သို့မဟုတ် မြေသားအတားအဆီး စနစ် တစ်ခုဖြစ်သည်။ ကျောက် သို့မဟုတ် မြေကမူ ဖြင့် ပြုလုပ်ထားသော လျှံကျရေ သို့မဟုတ် အရည် ဖမ်းနိုင်သော အတားအဆီး။

ရေဝေရေလဲဒေသ (Catchment area) - မိုးရွာသွန်းမှုကြောင့် ရေလမ်းကြောင်းတစ်ခု သို့မဟုတ် ရေအိုင်တစ်ခု သို့မဟုတ် ပင်လယ်တစ်ခုအတွင်းသို့ လျှံကျရေများ စီးဝင်ရာနေရာ။ ရေဝေရေလဲနေရာတွင် သေးငယ်သော ရေဝေရေလဲနေရာများစွာ ပါဝင်သည်။

ကံအားလျော်စွာတွေ့ရှိမှု (Chance find) - ယဉ်ကျေးမှုအမွေအနှစ်များ ကံအားလျော်စွာ တွေ့ရှိမှု။

ဓာတုပစ္စည်း (Chemical) - လူမှုဖန်တီးထုတ်လုပ်ထားသော ဒြပ်ပေါင်းတစ်ခုဖြစ်ပြီး အရည် သို့မဟုတ် အစိုင်အခဲပုံဖြင့် တွေ့ရပါသည်။

ပိတ်သိမ်းခြင်း (Closure) - လုပ်ငန်းလည်ပတ်ခြင်းနှင့် လုပ်ငန်းအဆုံးသတ်ခြင်း ပြီးဆုံးသွားသည့်အခါ သတ္တုတွင်းပိတ်သိမ်းခြင်းလုပ်ငန်းများလုပ်ဆောင်ရန်ဖြစ်ပါသည်။ သတ္တုတွင်းပိတ်သိမ်းခြင်းတွင် အပြီးသတ် ပြန်လည်တည်ထောင်ခြင်းနှင့် သတ္တုတွင်းပိတ်သိမ်းခြင်း ရည်မှန်းချက်များအရ တိုးတက်မှုကို အကဲဖြတ်ဆုံး ဖြတ်နိုင်ရန် စောင့်ကြပ်ကြည့်ရှုခြင်းများ ပါဝင်ပါသည်။

C:N:P – ဓာတ်မြေဩဇာတွင်ပါဝင်သော ကာဗွန်၊ နိုက်ထရိုဂျင် နှင့် ဖော်စပရက်။

ကူးစက်ပျံ့နှံ့နိုင်သော ရောဂါ (Communicable Disease) - တိုက်ရိုက်ထိ၍ သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လူတစ်ဦးမှ တစ်ဦး ဆီသို့ ကူးစက်ပျံ့နှံ့တတ်သော ရောဂါ။

လူထု/အများပြည်သူ (Community) - ထပ်တူကျသော ဘုံတူညီသည့် လက္ခဏာများရှိပြီး ဆက်လက်ဖြစ် ပေါ်နေသော ရည်ရွယ်ချက်အကြောင်းရင်းတစ်ခုကို အရင်းခံ၍ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ဆက်ဆံသော လူအုပ်စုတစ်ခု။

လူထုအခြေပြုအဖွဲ့အစည်းများ (Community Reference Group) - လူထုအတွက် ပြဿနာများနှင့် စိုးရိမ်ပူပန်မှုများ ဖွင့်ဟတိုင်ကြားခြင်းအပါအဝင် သတ္တုတွင်းတူးခြင်းလုပ်ငန်းဆောင်ရွက်ချက်နှင့် လူမှုဖွံ့ဖြိုး တိုးတက်မှုကို လူထုအားအသိပေးရန်၊ အဓမ္မဌ္ဍေပြောင်းခံရခြင်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဆက်နွယ်သောကိစ္စရပ်များဖြေရှင်းရန် သတ္တုတွင်းကုမ္ပဏီများနှင့် ဒေသခံနေထိုင်သူများအကြား ဆက်သွယ် ရေးလွယ်ကူစေရန်အတွက် လူထုအဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသော လူအုပ်စု။

အခြေခိုင်သောစွန့်ပစ်ကျောက် (Competent waste rock) - သည် တည်ဆောက်ထားသည့် မြေပြင်ပုံသဏ္ဌာန်ခိုင်ခံ့မှု လျော့ကျသွားသော်လည်း ဆိုးရွားစွာ ပြိုမကျသော သို့မဟုတ် တိုက်စားမခံရသော ကျောက်စိုင်နှင့်အောက်ခံမြေသားကို ဆိုလိုပါသည်။

တိုင်တန်းချက် (Complaint) - သတ္တုတွင်းကုမ္ပဏီတစ်ခု၏ ပြုလုပ်ချက်နှင့်ပတ်သတ်၍ အထိခိုက်ခံအုပ်စု တစ်ခုမှ တရားဝင်ပြုလုပ်သော မကျေနပ်ကြောင်း ဖော်ပြချက်။

လူမှုတာဝန်သိလုပ်ငန်းများ (Corporate Social Responsibility) - လူမှုရေးရာ ပေါင်းစည်းတာဝန်ယူ မှုသည် သတ္တုတွင်းကုမ္ပဏီများက ၎င်းတို့၏ လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများကို အကဲဖြတ်ကာ တာဝန်ယူ အစပြုလုပ်ဆောင်ချက်များ ဖြစ်ပါသည်။

ပြုပြင်တည့်မတ်ဆောင်ရွက်ချက် (Corrective action) - လိုက်နာကျင့်သုံးမှုမရှိသော အကြောင်းတရား များကိုဖယ်ရှားပြီး လုပ်ငန်းစဉ်နည်းလမ်းများကိုပိုမိုကောင်းမွန်စေရန်နှင့် ဖြစ်ရပ်များထပ်မံဖြစ်ပွားခြင်းကို ကာ ကွယ်ရန် ဖြစ်ပွားပြီးအခြေအနေတစ်ခုကို ပြုပြင်တည့်မတ်ရန်ပြုလုပ်သော ဆောင်ရွက်ချက်။

လူမှုတာဝန်သိလုပ်ငန်း ရန်ပုံငွေ (CSR Fund)- မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် သတ်မှတ်ချက်ချထားသည့်အတိုင်း၊ ကျန်းမာရေး၊ ပညာရေး၊ သယ်ယူ ပို့ဆောင်ရေးနှင့်အခြားသောလုပ်ငန်း နေရာဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် ရင်းနှီးမြှုပ်နှံငွေ၏ ၂% အောက် မလျော့နည်းသည့် ရန်ပုံငွေ ဖြစ်ပါသည်။

ရှေ့ဟောင်းအဆောက်အအုံ (Cultural Heritage) - ဆိုသည်မှာ သမိုင်းဝင်၊ ဘာသာရေး၊ ယဉ်ကျေးမှု သို့မဟုတ် ရှေ့ဟောင်းအမွေအနှစ်ဖော်ညွှန်းသည့် သုသာန်နှင့်မြေမြှုပ်သဂြိုလ်သည့်နေရာများအပါအဝင် နေရာ၊ အဆောက်အအုံ သို့မဟုတ် ရှေ့ဟောင်းပစ္စည်းများကို ဆိုလိုပါသည်။ သက်ဆိုင်ရာ ဥပဒေများမှ အဓိပ္ပါယ် ဖွင့်ဆိုထားသော နေရာ၊ အဆောက်အအုံ သို့မဟုတ် အထင်ကရ တစ်ခုကို ဆိုလိုပါသည်။

Cut-off ရေနုတ်မြောင်း (Cut-off drain) - သတ္တုတွင်းကြမ်းပြင်သို့ ရေစီးဝင်မှုမရှိစေရန် သတ္တုတွင်း၏ မြေညှာပိုင်းရှိရေများကို ပေါင်းစုစေပြီး လမ်းကြောင်းလွှဲစီးဆင်းစေရန်အတွက် မြေတွင်တူးထားသောမြောင်း ကို Cut-off ရေနုတ်မြောင်းဟု ဆိုသည်။

လုပ်ငန်းပိတ်သိမ်းခြင်း Decommissioning - သတ္တုတွင်းပိတ်သိမ်းရန် ပြင်ဆင်သည့် အဆင့်တစ်ခုဖြစ်ပါ သည်။ ထိုဖြစ်စဉ်သည် သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းအဆုံးတွင် စတင်လုပ်ဆောင်သည့်အဆင့်ဖြစ်ပြီး အဆောက်အအုံများ ဖြိုချခြင်းနှင့်မလိုတော့သည့် အခြေခံအဆောက်အအုံများကို စွန့်ပစ်ခြင်းများ ပါဝင်ပါ သည်။

Dewatering - ရေအောင်းလွှာမှ (တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အားလုံးဖြစ်စေ) ရေဖောက်ထုတ်ခြင်း ဖြစ်စဉ်။ လူတို့ဖန်တီးပြုလုပ်သောဖြစ်စဉ်များ (ဥပမာ - ရေစုတ်ထုပ်ခြင်း) သို့မဟုတ် သဘာဝဖြစ်စဉ်များ (ဥပမာ - စိမ့်စမ်းများ) တို့ကြောင့်ဖြစ်ရသည်။

တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း Direct Seeding သည် ဒေသတွင်း မျိုးစိတ်များမှ ဆွတ်ခူးလာသော အစေ့အမျိုးမျိုးကို တိုက်ရိုက်အစေ့ချစိုက်ခြင်းကို ဆိုလိုပြီး အကြိုရှင်းလင်းခံထားရသော ဒေသ တွင်းရှိ သဘာဝပေါက်ပင်များသည် အမျိုးမျိုးကွဲပြားခြားနားသော ဂေဟစနစ်၏ အစိတ်အပိုင်းများ ဖြစ်သောကြောင့် ၄င်းကို အထောက်အကူပြုစေရန် ဤနည်းဖြင့် စိုက်ပျိုးရပါမည်။

ရေလမ်းကြောင်းလွှဲတာဘောင် (Diversion Bund) - ဟင်းလင်းပွင့်တူးသတ္တုတွင်း သို့မဟုတ် မြေစာပုံ နံရံစောင်းများထဲသို့ ရေမဝင်စေရန် တည်ဆောက်ထားသော ရေလမ်းကြောင်းလွှဲတာဘောင်ကိုဆိုသည်။ Cut-off ရေနုတ်မြောင်းနှင့် တွဲဖက်၍ ပြုလုပ်လေ့ရှိသည်။

ရေထုတ်လမ်းကြောင်း (Drainage Line) - ရေကိုပေါင်းစုစေ၍ ကုန်းဆင်းအတိုင်း စီးဆင်းသွားသော သာ မန်မြေပြင်ထက် နိမ့်သည့် ချိုင့်နေရာ။

ပေါက်ကွဲစေတက်သောပစ္စည်းများ (Explosive Charge) - ယမ်းတွင်းကြီးများထဲသို့ ထည့်သွင်း သို့မဟုတ် လောင်းထည့်ကာ ဒီတိုနေတာ (စနက်တံ) ကို အသုံးပြု၍ ဖောက်ခွဲရသော ပေါက်ကွဲ ပစ္စည်းများ။

အရေးပေါ်အခြေအနေ Emergency - လူများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး သို့မဟုတ် အကျိုးစီးပွားကို ကာကွယ်ရန် သို့မဟုတ် ပတ်ဝန်းကျင်နှင့် အိုးအိမ်စည်းစိမ်များကို ထိခိုက်မှု ကန့်သတ်ရန် သို့မဟုတ် အထူးဖွဲ့စည်းထားသော လူပုဂ္ဂိုလ်များ သို့မဟုတ် ပစ္စည်းများဖြင့် ချက်ချင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေသည့် လက်ရှိ ဖြစ်ပျက်နေသော သို့မဟုတ် ဖြစ်ပျက်အံ့ဆဲဆဲ ဖြစ်စဉ်တစ်ခုကို ဆိုလိုသည်။

မီးတား (Firebreak) - မီးကူးစက်လောင်ကျွမ်းခြင်းမဖြစ်စေရန် တားထားသည့် အတားအဆီး ဥပမာအားဖြင့် သစ်တောအတွင်းမှ အပင်မဲ့မြေကွက်လပ် သို့မဟုတ် မြက်ပင်များပေါက်သည့်နေရာတွင် လောင်စာများ မြေကွက်လပ်။

နစ်နာမှုတိုင်ကြားချက် (Grievance) - သတ္တုတွင်းကုမ္ပဏီတစ်ခု၏ ပြုလုပ်ချက်များ သို့မဟုတ် ပြုလုပ်ရန် လစ်ဟင်းချက်များ၏ အကျိုးဆက်ကြောင့်ပေါ်လာသည်ဟု စွပ်စွဲထားသော ပျက်စီးမှု၊ ထိခိုက်မှုနှင့် မကျေနပ်ချက်များကို အထိခိုက်ခံအုပ်စု တစ်ခုက စွဲချက်တင်ထားသော တိုင်ကြားချက်တစ်ခု၊ နစ်နာမှု တိုင်ကြားချက်တစ်ခုကို များသောအားဖြင့် ပြုပြင်တည့်မတ်ဆောင်ရွက်ချက်၊ လျော်ကြေး သို့မဟုတ် နှစ်ခုစလုံးကို တောင်းဆိုလို၍ တိုင်ကြားသည်။

ရေဆိုးရေညစ်များ (Greywater) - အလုပ်သမားများ နေထိုင်ရာတန်းလျားနှင့် ရုံးများရှိ လက်ဆေးကန်များ၊ ချိုးရေကန်များ၊ အဝတ်လျော်ခြင်းနှင့် အခြားသောအိမ်တွင်းအသုံးပြုမှုများမှ စီးထွက်လာသော စွန့်ပစ်ရေကို ဆိုလိုသည်။

လမ်းညွှန်ချက် အတိုင်းအတာများ (Guideline Values) - စက်ရုံမီးခိုး၊ အမှိုက်စသည့် လေထုညစ်ညမ်းပစ္စည်းများ အမြင့်ဆုံး ပါဝင်နိုင်မှု သို့မဟုတ် သတ်မှတ်ထားသော ပါဝင်နိုင်မှု အကန့်အသတ်။

သက်ရှိများရှင်သန်နေထိုင်ရာဒေသရင်းများ (Habitat) - သက်ရှိတစ်ခု (အပင်းသတ္တဝါ၊ အဏုဇီဝသက်ရှိ) သို့မဟုတ် သက်ရှိများ၊ သဘာဝအလျောက်ကြီးထွားရှင်သန်နေထိုင်ရာ ဒေသ သို့မဟုတ် သဘာဝ ပတ်ဝန်းကျင်၊ အဆိုပါပတ်ဝန်းကျင်၏ ရုပ်ပိုင်းဆိုင်ရာ (ဥပမာ - မြေဆီလွှာများ၊ ရာသီဥတုအခြေအနေများ) နှင့် ဇီဝဗေဒဆိုင်ရာ (ဥပမာ - အပင်များ၊ အစားအစာရင်းမြစ်များ) လက္ခဏာများလည်း ပါဝင်သည်။

ဘေးအန္တရာယ်ရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်း (Hazardous material) - လူသားတို့၏ကျန်းမာရေး၊ ဘေးကင်းမှုနှင့်/သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်အန္တရာယ်ဖြစ်စေနိုင်သောပစ္စည်းများပါဝင်သည့် အစိုင်အခဲများ၊ အရည်များ (သို့မဟုတ်) ဓာတ်ငွေ့ပါသောအရာဝတ္ထုများကိုဆိုသည်။ ဘေးအန္တရာယ်ရှိစေနိုင်သော ပစ္စည်းများတွင် အောက်ဖော်ပြပါများပါဝင်ပါသည်။

- လောင်ကျွမ်းလွယ်သည့်အရာများ - ဥပမာ။ အလွယ်တကူ လောင်ကျွမ်းစေနိုင်သည့်အရာများ။

- ဓာတုဖြစ်စဉ်အရ စားခြင်း၊ လောင်ခြင်းဖြစ်စေသော အရာများ - ဥပမာ။ PH အလွန်မြင့်ခြင်း (အယ်လ်ကာလိုင်းပါဝင်မှုနှုန်းမြင့်ခြင်း) (သို့မဟုတ်) PH အလွန်နိမ့်ခြင်း (အက်ဆစ်ပါဝင်မှုများခြင်း) ကြောင့် စားခြင်း၊ လောင်ခြင်းခံရသောအရာများ။

- ဓာတ်ပြုမှုဖြစ်စေသောအရာများ - ဥပမာ။ ပေါက်ကွဲစေနိုင်သော(သို့)အဆိပ်ဖြစ်စေနိုင်သော အရာများ။

- သက်ရှိများ၏ ဇီဝဖြစ်စဉ်ကို ထိခိုက်စေနိုင်သောအရာများ - ဥပမာ။ ဆေးပစ္စည်းဆိုင်ရာ စွန့်ပစ်ပစ္စည်းများ။

အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်း (Hazardous waste) - အန္တရာယ်ဖြစ်စေနိုင်သည့် မလိုလားအပ်သည့် သို့မဟုတ် အသုံးပြု၍မရသော ပစ္စည်းများ။

ရေဖြင့်ထိုးချ/ဆေးခြင်း (Hydraulic jetting) - ကျောက်စိမ်းရှိသော မြေသားများကို ရေပိုက်ဖြင့် ထိုးချခြင်း သို့ မဟုတ် ရေဖြင့် ဆေးချခြင်း (အစဉ်အလာအရ ကျင်ယူခြင်းဟု သိထားပါသည်။)

ဖြစ်ရပ် (Incident) - ပတ်ဝန်းကျင်၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ လုံခြုံမှု၊ ကျန်းမာရေးနှင့် လူတို့၏ အသက်မွေးဝမ်းကြောင်းအပေါ် မလိုလား မမျှော်လင့်သော သက်ရောက်မှုနှင့်/ သို့မဟုတ် ပိုင်ဆိုင်မှုပစ္စည်းဥစ္စာအပေါ် သက်ရောက်မှု သို့မဟုတ် ဥပဒေနှင့်စည်းမျဉ်းပိုင်းဆိုင်ရာလိုက်နာမှုအပေါ် ထိခိုက်ဖြစ်စေသော ဖြစ်ရပ်တစ်ခု သို့မဟုတ် ဖြစ်ရပ်များ။

(Infection control procedures) ကူးစက်ရောဂါ ထိန်းချုပ် လုပ်ထုံးလုပ်နည်းများ - ကူးစက်ရောဂါပြန့် ပွားမှု အန္တရာယ်ကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရသော အစီအမံများ။

အဓမ္မရွှေ့ ပြောင်းခံရမှု (Involuntary resettlement) - ပြန်လည်နေရာချထားရခြင်း၊ အိုးအိမ်၊ ပစ္စည်းများ သို့မဟုတ် အသက်မွေးဝမ်းကျောင်းဆုံးရှုံးခြင်းဖြစ်စေသော အဓမ္မမြေသိမ်းယူမှုကိုဆိုလိုသည်။ အဓမ္မရွှေ့ပြောင်းခံရမှုဆိုသည်မှာ ရုပ်ဝတ္ထုပစ္စည်းများရွှေ့ပြောင်းရမှု (ပြန်လည်နေရာချပေးရခြင်း သို့မဟုတ် အိုးအိမ်ဆုံးရှုံးမှု)နှင့် စီးပွားရေးဆိုင်ရာများရွှေ့ပြောင်းရမှု (စီမံကိန်းနှင့်ဆက်နွယ်နေသည့် မြေနေရာ ပိုင်ဆိုင်ရရှိမှုနှင့်/သို့မဟုတ် မြေနေရာအသုံးချမှုအပေါ် ကန့်သတ်ခြင်းတို့ကြောင့် ပိုင်ဆိုင်ရာပစ္စည်းများ ဆုံးရှုံးမှု သို့မဟုတ် ဝင်ငွေရရှိနိုင်စေသော သို့ မဟုတ် အခြားသော အသက် မွေးဝမ်းကျောင်းမှု ပြုနေသော ပစ္စည်းများ ဆုံးရှုံးမှု) တို့ ကို ရည်ညွှန်းသည်။

မြေတွင်တွင်းတူးမြုပ်နှံရန်စီမံထားသော အမှိုက်ကန် (Landfill) - အမှိုက်သရိုက်နှင့် စွန့်ပစ်ပစ္စည်းများကို မြေတွင်တူးထားသောအဝကျယ်တွင်းထဲသို့ စွန့်ပစ်မြုပ်နှံရသောစနစ်။ မြေတွင်တွင်းတူးမြုပ်နှံရန် အမှိုက်ကန်

ကို အောက်ခံလိုင်နင်များမပါဝဲ (သို့မဟုတ်) လိုအပ်မည့်နေရာများတွင် အရည်စိမ့်မထွက်နိုင်သော ရှုံ့စေး (သို့) Geotextile Fabric (Polypropylene ပလက်စတစ်ဖြင့်ပြုလုပ်ထားသော) မြေထိန်း၊ ရေထိန်းရာတွင် အသုံးပြုသည့် ပစ္စည်းများကို အောက်ခံအဖြစ်ထားနိုင်ပါသည်။

အကြီးစားသတ္တုတူးဖော်ခြင်း (Large-scale mining) – သည် စက်ယန္တရားကြီးဖြစ်သည့် ယာဉ်များ၊ မြေသယ်ယာဉ်များ၊ မြေတူးစက်များ၊ အခြားသတ္တုသန့်စင်စက်နှင့်ယန္တရားများ အသုံးပြုပြီး ပမာဏများသော အပေါ်ယံမြေလွှာနှင့်ကျောက်စိမ်းပါသော မြေသားများကို တူးဖော်ဖယ်ထုတ်ခြင်းကို ဆိုလိုသည်။

ပစ္စည်းများ ဘေးကင်းစွာအသုံးပြုနိုင်ရန် အချက်အလက်စာရွက် (MSDS) - အန္တရာယ်ဖြစ်ဖွယ်ရှိသည့် သို့မဟုတ် အန္တရာယ်ရှိသောကုန်ပစ္စည်းများဟု သတ်မှတ်ထားသည့်ပစ္စည်းများ၊ အစိုင်အခဲများ သို့မဟုတ် ဓာတုပစ္စည်းများ၏ ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ အချက်အလက်များပါသည့် စာရွက်စာတမ်း။

သတ္တုတွင်းကြမ်းပြင် (Mine face) - ဟင်းလင်းပွင့်တူးသတ္တုတွင်း၏လက်ရှိအလုပ်လုပ်ကိုင်နေသောအပိုင်း။

သတ္တုတွင်းနံရံ (Mine Wall) - ဟင်းလင်းပွင့်တူးသတ္တုတွင်း၏ တွင်းနံရံ။

သတ္တုတွင်းကုမ္ပဏီ (mining company) - ကျောက်မျက်ရတနာလုပ်ကွက်မှ ကျောက်မျက်ရတနာထုတ်လုပ်ရန် ခွင့်ပြုမိန့်ကိုင်ဆောင်ထားသောကုမ္ပဏီ၊ အကျိုးတူကျောက်မျက်ကုမ္ပဏီ/ပုဂ္ဂလိကကုမ္ပဏီ၊ သမအသင်း၊ လူပုဂ္ဂိုလ်(သို့မဟုတ်) တစ်ယောက်ထက်ပိုသော လူပုဂ္ဂိုလ်များကို ဆိုလိုသည်။

ပေါက်ကွဲမှု အထမမြောက်ခြင်း Misfire - ဖောက်ခွဲရေး ပစ္စည်းများ မပေါက်ကွဲလျှင်သော်လည်းကောင်း၊ သို့မဟုတ် တပိုင်းတစသာ ပေါက်ကွဲလျှင်သော်လည်းကောင်း၊ ယမ်းတွင်းများအတွင်းတွင် မပေါက်ကွဲဘဲ ကျန်ရှိနေသေးသော ပေါက်ကွဲပစ္စည်းများ ကြွင်းကျန်ရစ်ခဲ့သည့် အခြေအနေ။

သဘာဝဘေးအန္တရာယ် (Natural hazard) - လူနှင့် ၎င်းတို့၏ အိုးအိမ်စည်းစိမ်များနှင့် ပတ်ဝန်းကျင်တို့အပေါ် ဆိုးကျိုးသက်ရောက်စေနိုင်သော သဘာဝအလျောက်ဖြစ်ပွားသောဖြစ်စဉ်တစ်ခု။ သဘာဝဘေးအန္တရာယ်များတွင် မြေငလျင်များ၊ မြေပြိုမှုများ၊ မုန်တိုင်းများ၊ ရေကြီးရေလျှံမှုများနှင့် မီးလောင်မှုများ ပါဝင်သည်။

မတော်တဆဖြစ်နိုင်ခြေရှိသည့်ဖြစ်ရပ် (Near miss) - ထိခိုက်အနာတရ၊ ဖျားနာမှု၊ ကျန်းမာရေးအန္တရာယ်၊ ပတ်ဝန်းကျင်ကိုထိခိုက်အန္တရာယ်ရှိမှုနှင့် အိုးအိမ်စည်းစိမ်ပျက်စီးခြင်း တို့ဖြစ်သွားနိုင်သော မစီစဉ်ထားသည့် ဖြစ်ရပ်တစ်ခု။

လိုက်နာကျင့်သုံးမှုမရှိခြင်း (Non-conformance) - ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) နှင့်/သို့မဟုတ် သက်ဆိုင်သော ဥပဒေများ၊ စည်းမျဉ်းများ၏ပြဋ္ဌာန်းချက်များကို ပြည့်စုံအောင်လိုက်နာ မဆောင်ရွက်နိုင်မှု။

ဘေးအန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ (Non-hazardous waste) - လူသားတို့၏ကျန်းမာရေး၊ ဘေးကင်းရေးနှင့်/သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကိုချက်ချင်းအန္တရာယ်မဖြစ်စေနိုင်သော မလိုအပ်တော့သည့် (သို့) အသုံးမဝင်တော့သော မည်သည့်အစိုင်အခဲများ၊ အရည်များ (သို့) အငွေ့နှင့်ဆိုင်သောအရာဝတ္ထုများကိုမဆို ဆိုလိုသည်။

ဟင်းလင်းပွင့်သတ္တုတူးဖော်ခြင်း (open pit mining) - ဟင်းလင်းပွင့်တူးသတ္တုတွင်း အတွင်းမှကျောက်သားနှင့် သတ္တုများကို ထုတ်ယူဖယ်ရှား၍ သတ္တုရှာဖွေတူးဖော်သော လုပ်ငန်းစဉ်။

Overburden (အပေါ်ယံမြေလွှာ) - သတ္တုသိုက် သို့မဟုတ် ကျောက်မျက်အရိုင်းတုံးများပါသောအလွှာကိုဖုံးအုပ်ထားသော ကျောက်သား သို့ မဟုတ် မြေသား။

ကျင်းအိမ်သာ (Pit toilet) - အဆင့်မီ ရေဆွဲအိမ်သာများ မဆောက်လုပ်နိုင်သည့် နေရာများတွင် အသုံးပြုနိုင်သည့် မြေတွင် တူးဖော်တည်ဆောက်ထားသော ကျင်းအိမ်သာ။

တကိုယ်ရည် ကာကွယ်ရေး ပစ္စည်းကိရိယာ (PPE) - ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဆိုင်ရာ အန္တရာယ်များမှအကာအကွယ်ဖြစ်စေရန်အတွက် အလုပ်သမားများဝတ်ဆင်ရသော အထူးစီမံထားသည့် အဝတ်အထည်များနှင့် ပစ္စည်းကိရိယာများကိုဆိုလိုပါသည်။ တကိုယ်ရည်ကာကွယ်မှုပစ္စည်းကိရိယာတွင် ဘောင်းဘီရှည်များ၊ လက်ရှည်အင်္ကျီများ၊ ဘွတ်ဖိနပ်များ၊ လက်အိတ်များ၊ လိုအပ်ပါက မျက်နှာစည်းများ အနည်းဆုံးပါဝင်ရမည်ဖြစ်သည်။

ကာကွယ်တားဆီးဆောင်ရွက်ချက် (Preventative action) - ကိုက်ညီမှုမရှိခြင်း၏ အကြောင်းတရားများကိုဖယ်ရှားရန်နှင့် ဖြစ်ရပ်များထက်မံဖြစ်ပွားခြင်းကို ကာကွယ်သည့် လုပ်ငန်းစဉ်နည်းလမ်းများ ပိုမိုကောင်းမွန်စေရန်အတွက် အခြေအနေတစ်ခုမဖြစ်ပွားမီတွင် ပြုလုပ်သော ဆောင်ရွက်ချက်။

အဆင့်ဆင့်ပြန်လည်တည်ထောင်ခြင်း Progressive rehabilitation - သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းအတွက် ဆက်လက်မလိုအပ်တော့သော ပျက်စီးသွားသောနေရာများ (ဥပမာအားဖြင့်၊ သတ္တုတွင်းနံရံစောင်းများ) တွင် ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းစဉ်။

ပြောင်းလဲအသုံးပြုနိုင်သည့် ဘေးအန္တရာယ် မရှိသောစွန့်ပစ်ပစ္စည်းများ (Recyclable non-hazardous waste) – သည် ၄င်းစွန့်ပစ်ပစ္စည်းများကို မူလ(သို့)အခြားနည်းဖြင့်ပြန်သုံးရန် ထုတ်ကုန်အဖြစ်၄င်း၊ ပစ္စည်းများအဖြစ်၄င်း(သို့) အရာဝတ္ထုများအဖြစ်၄င်း ပြန်လည်ပြုလုပ်ခြင်း၊ သန့်စင်ပြုပြင်ခြင်းနှင့်ထုတ်လုပ်ခြင်း တို့ကိုဆိုသည်။ ၄င်းကဲ့သို့ ပြောင်လဲအသုံးပြုသည့်စွန့်ပစ်ပစ္စည်းများတွင် အများအားဖြင့် ဖန်၊ စက္ကူ၊ ကတ်ထူနှင့် အချို့သော ပလတ်စတစ်ပစ္စည်းများ ပါဝင်ပါသည်။

ပြန်လည်တည်ထောင်ခြင်း Rehabilitation - ကြုံခိုင်သော မြေပြင်ပုံသဏ္ဌာန်၊ ခိုင်ခန့်သောရေနှုတ်မြောင်းနှင့် ရေရှည်တည်တံ့နိုင်သည့် သဘာဝပေါက်ပင်များဖန်တီးရန် ပျက်စီးသွားသောမြေနေရာများ (ဥပမာအားဖြင့်၊ သတ္တုတွင်းနံရံစောင်းများ) အပေါ်တွင် အပင်များ ပြန်လည်စိုက်ပျိုးခြင်းနှင့် မြေသားကြုံခိုင်စေခြင်း လုပ်ငန်းစဉ်။

သက်ဆိုင်သော အာဏာပိုင်များ Relevant authority - မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ချမှတ်ထားသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သို့မဟုတ် ၎င်း၏ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းအတွက် တာဝန်ခွဲပေးထားသော အာဏာပိုင်အဖွဲ့။

ပြန်လည်အသုံးပြုနိုင်သည့်, ဘေးအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ (Reusable non-hazardous waste) - ဘေးအန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းများကို အမှိုက်အဖြစ်စွန့်ပစ်မည့်အစား ယခင်ကဲ့သို့ပင် (သို့) အခြားနည်းလမ်းဖြင့်ပင် ပြန်လည်အသုံးပြုနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်းသည် ၎င်းတို့ကိုစွန့်ပစ်မှုမှ တားဆီးကာကွယ်သည့်နည်းလမ်းတစ်သွယ်ဖြစ်ပြီး ယေဘူယျအားဖြင့် သစ်သားကဲ့ သို့သော ပစ္စည်းများ ပါဝင်ပါသည်။

Revegetation (အပင်များပြန်လည်စိုက်ပျိုးခြင်း) – အပင်များချဲ့ထွင်ပေါက်ရောက်ခြင်းနှင့် ဆက်ပွားပေါက်ခြင်းကဲ့သို့သော သဘာဝဖြစ်စဉ်များဖြင့် (သို့မဟုတ်) တိုက်ရိုက်မျိုးကြဲစိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးဆက်ခြင်းနှင့် အပင်ပေါက်စိုက်ပျိုးခြင်းတို့ကဲ့သို့သော လူအကူအညီများဖြင့် ဖြစ်စဉ်ကို အရှိန်မြှင့် ဆောင်ရွက်၍ ထိခိုက်ပျက်စီးသွားသော မြေနေရာများအား သစ်ပင်ပြန်လည်ဖုံးအုပ်သွားစေရန်လုပ်ဆောင်ချက်(သို့)လုပ်ငန်းစဉ်။

ကမ်းပါး (Riparian) - ရေစစ်မျဉ်းနှင့်ရေပြည့်မျဉ်းအကြားရှိ ကမ်းပါးစောက် သို့မဟုတ် ဆင်ခြေလျှောကမ်းပါးကိုဆိုသည်။ ကမ်းပါးနှင့်ဆက်စပ်ပြီး ကမ်းထိန်းလုပ်ငန်း၊ ရေလမ်းထိန်းလုပ်ငန်းနှင့် မြစ်ချောင်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် မြစ်ချောင်းများကာကွယ်ရေးဥပဒေနှင့်အညီသတ်မှတ်ထားသည့် မြေ နယ်နိမိတ်ကိုဆိုသည်။ ရေလမ်းကြောင်းတစ်ခု၏ ကမ်းပါးပေါ် သို့မဟုတ် အနီးတွင် တည်ရှိသည့် ဇရိယာနှင့် ဆက်စပ်နေသောနေရာ- ဥပမာ မြစ်ကမ်းပါများ သို့မဟုတ် ရေကန် ကမ်းနဖူး။

Runoff (လျှံကျရေ) – မိုးရွာပြီးနောက် ကုန်းမြေဖြတ်လျက် စီးဆင်းသောရေ။

Sediment basin (နုန်းစုကန်) – လျှံကျသောရေများစုဆောင်းပြီး နုန်းများ အနည်ကျစေရန် တည်ဆောက်ထားသောရေအိုင်အကြီးစား (သို့) ဆည် (သို့) အဆင့်ဆင့်ဆောက်လုပ်ထားသော ရေအိုင်များနှင့် ဆည်များ။ ယင်းတို့အား မြေတွင်းတူး၍လည်းကောင်း၊ မြေပေါ်အဆောက်အအုံအဖြစ်လည်းကောင်းတည်ဆောက်နိုင်သည်။ (ပုံ-၁ တွင် ဆောက်လုပ်ရန်နှင့် ပုံ ၂ တွင် ပုံမှန်အထိုင်ချခြင်း) အား တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်မှု အစီအစဉ်တွင်ကြည့်ရန်။

Sediment trap (နုန်းတား) – ရေထုတ်မြောင်းတစ်လျှောက်တွင် ရေစီးအားနှေးစေ၍ ပျော်ဝင်မြေဆီနှစ်များအား အနည်ကျစေရန် တည်ဆောက်ထားသော အတားအဆီး။ ပုံမှန်အားဖြင့် ကျောက်ခဲနှင့် ကျောက်စရစ်ခဲတို့ဖြင့် တည်ဆောက်သည်။

ထိရှလွယ်သောနယ်ပယ် (Sensitive receptor) - ဆူညံမှုနှင့် လေထုညစ်ညမ်းစေသည့်ပစ္စည်းများကဲ့သို့ အခြားထုတ်လွှတ်မှုများ၏ ဆိုးကျိုးသက်ရောက်မှုကို ထိလွယ်ရှလွယ်ဖြစ်သော လူတို့နေထိုင်သည့် အဆောက်အအုံ၊နေရာဒေသများ။ အများအားဖြင့် လူနေအိမ်များ၊ကျောင်းများ၊ဆေးရုံများ၊မူးယစ်ဆေးစွဲလူနာများပြန်လည်ထူထောင်ရေးစင်တာများနှင့် ဘုန်းကြီးကျောင်းများ ပါဝင်သည်။

မိလ္လာကန်စနစ် (Septic System) - ရေဆိုးရေညစ်များနှင့် မစင် (လူမှစွန့်ပစ်ပစ္စည်းများ) များကို လုပ်ငန်းခွင်အတွင်းမှာပင် စုဆောင်းပြီး ပြန်လည်ပြုပြင်ပေးသော သီးသန့်ထည့်လှောင်ရာကန်စနစ်။ ပုံမှန်အားဖြင့် ထိုကန်များသည် အစိုင်အခဲများ (sludge) ကို အောက်ခြေသို့အနည်ထိုင်ကျသွားစေပြီး အရည်ကို အပေါ်၌ရှိစေသော အင်္ဂတေ၊ အမာခံကော်မာများ၊ PVC ပိုက် (သို့ မဟုတ်) ပလတ်စတစ်ပိုက်များဖြင့် ပြုလုပ်ထားသည့် မြေအောက်တွင် မြှုပ်ထားသည့် ရေလုံအကန့်ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်း အရည်များသည် မြေကြီးဆွဲအားဖြင့် စီးဆင်းသွားသည် သို့ မဟုတ် ၎င်းတို့ကို မြေတွင် မြှုပ်နှံထားသည့် စစ်ချစိမ့်ဝင်စေရာ ရေနှုတ်မြောင်းများသို့ စုပ်တင်ပေးသည်။

နုန်းတားနံရံ (Silt Fence) – ရေစီးနှေးစေ၍ ပျော်ဝင်မြေဆီမြေနှစ်များအား အနည်ကျစေရန် ရေနှုတ်မြောင်းလိုင်းအားဖြတ်၍ နေရာချထားသော နံရံ။ အများအားဖြင့် ကောက်ရိုးထုပ်များ (သို့) ဖျာများ (သို့) အဝတ်စများဖြင့် ပြုလုပ်လေ့ရှိသည်။

မျောတိုက်ခြင်း (Sluicing) - ကျောက်စိမ်းနှင့် ရွှေရရန် ကျောက်စိမ်းနှင့် ရွှေရောနှော ပါဝင်နေသော ပစ္စည်းအား (မျောစင်နှင့်ရေသုံး၍) ဆေးချခြင်း လုပ်ငန်းစဉ်။ ရွှေနှင့် ကျောက်စိမ်းအား မျောစင်အောက်ခြေမှ ဇကာများ သို့ မဟုတ် အတန်းလေးများတွင် တင်ကျန်စေသည်။ စွန့် ပစ်မြေသားများကို တည်ငြိမ်သော ရေစီးဖြင့် ဆေးချသည်။ ပိုမိုကြီးမားသော ကျောက်တုံးများကို လက်ဖြင့် ရွေးဖယ်စွန့်ပစ်ရသည်။

Spill Kit - မတော်တဆ ဖိတ်စဉ်မှုများကို ထိန်းချုပ်ရန် အသုံးပြုသော စုပ်ယူနိုင်စွမ်းရှိသည့် ပစ္စည်းများ၊ သန့် ရှင်းရေး ကိရိယာများနှင့် ဓာတ်ပြယ်စေသော ပစ္စည်းများ တပေါင်းတစည်း ထည့်ထားသော အသင့်ဆုံးသေတ္တာ။

လှေကားထစ်များ (Terrace) - ဟင်းလင်းပွင့်သတ္တုတူးဖော်ခြင်းတွင် လှေကားထစ်များပြုလုပ်ပြီး တည်ငြိမ်မှုသေချာစေသည့် လှေကားထစ်များ။

သဘာဝပေါက်ပင် (Vegetation) - နေရာတစ်ခု သို့မဟုတ် နေရာဒေသတစ်ခုတွင် ပေါက်ရောက်သော အပင်အုပ်စု သို့မဟုတ် အစုအဝေး။

စွန့်ပစ်မြေစာ (Waste rock) – ကျောက်စိမ်းနှင့်ရွှေတူးဖော်ရာမှ ထွက်ရှိလာသော ပစ္စည်းများကို ဆိုသည်။

စွန့်ပစ်မြေစာပုံ (Waster Rock Dump) အပေါ်ယံမြေလွှာနှင့် ကျောက်ခဲများ စွန့်ပစ်ရန် သတ်မှတ်ထားသော နေရာ။

Watercourse (ရေလမ်းကြောင်းများ) – လူဖန်တီးထားသော သို့မဟုတ် သဘာဝအလျောက် ဖြစ်နေသော ယာယီ (သို့မဟုတ်) အမြဲတမ်း စီးဆင်းနေသည့် ချောင်း၊ စမ်းချောင်း၊ မြစ် (သို့) ရေစီးကြောင်းများ။

အလုပ်သမား (Worker) - သတ္တုတွင်းကုမ္ပဏီပိုင်ရှင်များ၊ လုပ်သားများ၊ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံကန်ထရိုက်တာများ နှင့် မိသားစုဝင်များ အားလုံးအပါအဝင် သတ္တုတွင်းကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်နေသည့် လူပုဂ္ဂိုလ်များ။

This page has been left intentionally blank

၃။ စီမံကိန်းအကြောင်းအရာ ဖော်ပြချက် (သတ္တုတူးဖော်ခြင်း လုပ်ငန်းစဉ်များ)

ယခုအခန်းတွင် ဤဇုန်အတွင်းရှိ သတ္တုတွင်းလုပ်ကွက်ခွင့်ပြုမိန့်များနှင့်တူးဖော်သည့်နည်းလမ်းများကို ဖော်ပြထားပါသည်။

၃.၁။ သတ္တုတွင်း လုပ်ကွက်ခွင့်ပြုမိန့်များ

ဖားကန့်/လုံးခင်းရတနာနယ်မြေကို ကျောက်စိမ်းတူးဖော်သည့်နေရာများဖြင့် ခွဲခြားဖွဲ့စည်းထားပြီး ၄င်းတို့ကို မှော်များဟုခေါ်သည်။ မှော် ပေါင်း ၁၀၉ ခု ရှိပြီး မှော်တစ်ခုစီတွင် လုပ်ကွက်များချထားပေးပါသည်။ လုပ်ကွက်နယ်နမိတ် အနားသတ်များကို သစ်သားတိုင် သို့မဟုတ် ကျောက်ပုံဖြင့် ကန့်သတ်ပေးထားပါသည်။ ဤဇုန်အတွင်းရှိ မှော်များမှာ-

- ကဒြေမှော်
- ကတ္တား
- စံခွါထျာန်
- ဆန်ခါ
- တော်မှော် (ရန်ဖြိုး)
- တော်မှော် (လဂျောင်း)
- ဒုမှော်
- ပန်းကျားမှော်
- ပွါဂွါ
- မြင်းမှော်
- မှော်စစ်
- မှော်ကြိုင်
- ရွှေဂင်းမှော်
- လေးအိမ်စု
- လဂေါင်း
- ဂလူ
- ဂါးကျယ်
- ဂါးတိုး
- အောင်စိန်
- အဘ(ဦးပိုင်)
- ဘုန်းဂါ
- ဂါးဘိုး (ဦးပိုင်)

ယခုမှော်များအတွင်းတွင် လုပ်ကွက်အရေအတွက်မည်မျှရှိသည်ကိုမူ မသိရှိရပါ။

၃.၂ သတ္တုတူးဖော်ခြင်း နည်းစဉ်များ

အကြီးစားသတ္တုတူးဖော်ခြင်းလုပ်ငန်းသည် ကျောက်စိမ်းမြေဆောင်ဥရုစရစ်ဖြုန်းကျောက်လွှာ(Uru Boulder Conglomerate)၊ ရောက်သည်အထိ အပေါ်ယံမြေလွှာ မီတာ ၂၅၀ ကို မြေတူးခြင်း၊ မိုင်းခွဲခြင်း လုပ်ငန်းများပေါင်းစပ်၍ လုပ်ဆောင်ရသော လုပ်ငန်းဖြစ်ပါသည်။ လွှန်တူးခြင်း၊ မိုင်းခွဲခြင်းနှင့်တူးဖော်ပြီးမြေစာများမှ ကျောက်စိမ်းကို အမျိုးအစားခွဲရှာဖွေတူးဖော်ကြရပါသည်။ တူးဖော်ပြီးမြေစာများကို အမျိုးအစားခွဲရန် သတ္တုတွင်းလုပ်ငန်းနေရာများတွင် သို့မဟုတ် အမျိုးအစားခွဲသည့်နေရာများတွင် လုပ်ဆောင်ကြသည်။ တချို့ အမျိုးအစားခွဲသည့်လုပ်ငန်းစဉ်တွင် ကျောက်စိမ်းတုံးများမှ ရွှံများဆေးချရန် ရေကို အသုံးပြုပါသည်။

အမျိုးအစားခွဲပြီးနောက်ရရှိလာသော အပေါ်ယံမြေလွှာနှင့်စွန့်ပစ်ကျောက်များကို စွန့်ပစ်မြေစာပုံများတွင် စွန့်ပစ်ကြသည်၊ ပုံမှန်အားဖြင့် ထိုနေရာများသည် လုပ်ကွက်များ၏အပြင်ဘက်တွင် တည်ရှိသည်။ ကုမ္ပဏီများသည် ဇုန်အတွင်း လုပ်ငန်းနေရာနှင့် စုပေါင်းစွန့်ပစ်မြေစာပုံနေရာများကို ပေါင်းစည်းသတ်မှတ်ထားကြသည်။

MGE သို့ တွေ့ရှိကျောက်စိမ်းများ တရားဝင်မကြေငြာမီနှင့်ဓာတ်သတ္တုအခွန်ပေးချေခြင်းမပြုမီ ရှာဖွေတွေ့ရှိပြီးသော ကျောက်စိမ်းများကို အမျိုးအစားခွဲပြီး အဆင့်သတ်မှတ်ထားပေးရပါမည်။ ကျောက်စိမ်းများကို နောက်ပိုင်းတွင် နှစ်စဉ်ကျောက်မျက်ရတနာကုန်စည်ပြပွဲတွင် ရောင်းချနိုင်ရန် သို့မဟုတ် လိုင်စင်ရကုန်သည်အား တိုက်ရိုက်ရောင်းချနိုင်ရန် သို့မဟုတ် တရားမဝင်ကုန်သွယ်ခြင်း/သယ်ပို့နိုင်ရန် ဦးစွာ သိုလှောင်ထားရပါမည်။

(ရေမဆေးဟု သိရှိထားသည့်) ကျောက်ကောက်သူများသည် သတ္တုတွင်းနှင့်စွန့်ပစ်မြေစာပုံများတွင် တရားမဝင် လုပ်ကိုင်နေသူများဖြစ်သည်။ သူတို့သည် လက်ရှိလုပ်ကိုင်နေသည့် အလုပ်နေရာများနှင့် စွန့်ပစ်မြေစာပုံများတွင် ကျန်ခဲ့သောကျောက်စိမ်းအစအနများ ရရှိရန် ရှာဖွေကြသည်။ ရေမဆေးလုပ်သားများသည် ကျောက်စိမ်းတွေ့ရှိပါက အလဲအလှယ်ပြုရန် သူတို့အား နေရာထိုင်ခင်း၊ အစားအစာ၊ သယ်ယူပို့ဆောင်ရေးနှင့်လက်နက်ကိရိယာများပေးသည့် "လော်ပန်" များအား ပြန်ပေးကြရပါသည်။ ထိုသူတို့သည် အဖွဲ့လိုက်လုပ်ကိုင်ကြပါသည်။

အကြီးစားသတ္တုတူးဖော်ခြင်း အသေးစိတ်ကို အောက်ပါအပိုင်းတွင် အသေးစိတ်ဖော်ပြထားပါသည်။

၃-၂-၁။ သတ္တုတွင်းတူးဖော်ခြင်း နည်းစဉ်များ

အကြီးစား သတ္တုတူးဖော်ခြင်းလုပ်ငန်းစဉ်များသည် ခေတ်မီဟင်းလင်းပွင့်သတ္တုတူးဖော်ခြင်းနည်းလမ်း (ပုံ ၃.၁) ကို အသုံးပြုကြသည်။ ဟင်းလင်းပွင့်သတ္တုတူးဖော်ခြင်းလုပ်ငန်းစဉ်တွင် အောက်ပါတို့ ပါဝင်သည်။

အပင်များခုတ်ထွင်ရှင်းလင်းခြင်း - သစ်တောများကို ခုတ်ထွင်ရှင်းလင်းပြီး ရှင်းလင်းပြီးသားများကို မီးရှို့ရာတွင်လည်းကောင်း၊ ထင်းအဖြစ်အသုံးပြုရာတွင်လည်းကောင်း၊ အဆောက်အအုံဆောက်ရာတွင်လည်းကောင်း အသုံးပြုကြသည်။

အပေါ်ယံမြေလွှာဖယ်ရှားခြင်း - ဥရုစရစ်ဖြုန်းကျောက်လွှာ (Uru Boulder Conglomerate)၊ ကျောက်စိမ်းမြေရောက်သည်အထိ အပေါ်ယံမြေလွှာ၊ ကျောက်လွှာများကို ဖယ်ရှားသည်။ အပေါ်ယံမြေလွှာ၏အထူမှာ မီတာ အနည်းငယ်မှ မီတာရာချီ အထိရှိနိုင်ပါသည်။ အပေါ်ယံမြေလွှာကို ဆောက်လုပ်ပြီးသားစွန့်ပစ်မြေစာပုံများသို့ သယ်ပို့စွန့်ပစ်ကြပါသည်။

မိုင်းခွဲခြင်း - ကျောက်စိမ်းမြေရောက်သည်နှင့် ကျောက်လွှာ လျော့ရဲလာစေရန် လွန်တူးခြင်း၊ မိုင်းခွဲခြင်းများ ပြုလုပ်သည်။

အမျိုးအစားခွဲခြင်း - မိုင်းခွဲပြီးသည့်နောက်၊ အမျိုးအစားခွဲသည့်နေရာတွင် ကျောက်စိမ်းရှာတွေ့နိုင်စေရန် မြေတူးစက်ကြီးများဖြင့် သတ္တုရိုင်းများကို ဖြန့်ပေးသည်။ တချို့သတ္တုတွင်းများတွင် သတ္တုရိုင်းများကို အမျိုးအစားခွဲပြီးသည့်နောက် သတ္တုရိုင်းသိုလှောင်ရာ နေရာသို့ သယ်ပို့ထားသည်။ ကျောက်စိမ်းတုံးများသည် အခြားအရာတို့ထက် အလေးချိန်ပိုရှိပြီး မြေတူးစက်သံပုံးဂေါ်ထဲမှ လွင့်ကျလာလျှင်လည်း ၄င်းတို့၏ အလေးချိန်အားဖြင့် သိရှိနိုင်ပါသည်။ စိန်တူများကို ဖြစ်နိုင်သည်ဟုတင်သည့် ကျောက်တုံးကြီးများ/ ကျောက်တုံးများကို ဖဲ့ကြည့်ရန် အသုံးပြုသည်။ ကျောက်စိမ်းတုံး ဆိုပါက ရိုက်ခတ်ကြည့်သည့်အခါ ကွဲပြားသည့်အသံကို ကြားသိရသည်။ ပဲ့ထွက်သွားသည့်နေရာမှ ကျောက်တုံးကြီး သို့မဟုတ် ကျောက်တုံး၏ အတွင်းဘက်သို့မြင်စေနိုင်ပြီး ထွက်သွားသည့်နေရာမှ ထွက်ပေါ်လာသည့် အရောင်တောက်ပမှုအားဖြင့် လည်း ကျောက်စိမ်း အရည်အသွေးကို အကဲဖြတ် ခန့်မှန်းနိုင်ပါသည်။

စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်း - ကျောက်စိမ်းရှာဖွေရရှိပြီးပါက ကျန်ရှိနေသေးသည့် စွန့်ပစ်ရမည့် အရာများကို စွန့်ပစ်မြေစာပုံသို့ သယ်ပို့စွန့်ပစ်ကြပါသည်။



Source: Soe Moe Kyaw Win

ပုံ ၃.၁ ဥရူစရစ်ဖြန်းကျောက်လွှာပေါ် သည်အထိ တူးထားသော အကြီးစားတူးဖော်ခြင်းလုပ်ငန်းပုံ

၃-၂-၂။ သတ္တုတွင်းတူး စက်ပစ္စည်းကိရိယာများ

အဓိက သတ္တုတွင်းတူး စက်ပစ္စည်းကိရိယာများမှာ အောက်ပါတို့ ဖြစ်ပါသည်။

- ယမ်းတွင်းများ ပြင်ဆင်ရေးအတွက် လွန်တူးစက်များ (Drill rigs) ။ ၁၂ ပေ (၃.၆ မီတာ) အထိတူးနိုင်သည့် Furukawa လွန်တူးစက်များ အပါအဝင် အထူးကိရိယာများ။ သတ္တုတွင်းများတွင် လွန် ၃ ခု မှ ၄ ခုအထိ ထားရှိကြပါသည်။

- အပေါ်ယံမြေလွှာနှင့်ကျောက်စိမ်းဆောင် မြေသားများတူးဖော်ရာတွင် Tracked excavators မြေတူးစက်ကြီးများ။ ဤဇုန်အတွက် အထူးယာဉ်ကြီးများတွင် လုပ်နိုင်စွမ်းအား အမျိုးမျိုးရှိသည့် မြေတူးစက်ကြီးများ ၁၀ မှ ၃၀ လုံး ပါဝင်သည်။

- ကျောက်စိမ်းဆောင်မြေများနှင့်စွန့်ပစ်မြေများ သယ်ယူရန်အတွက် မြေသယ်ကုန်တင်ကားကြီးများ။ ဤယာဉ်ကြီးများတွင် ဖွဲ့စည်းပုံ အမျိုးမျိုး ရှိသည့် တန် ၃၀ တင် ကုန်တင်ကားကြီး အစီး ၃၀ မှ ၅၀ အထိ။ ကုန်တင်ကားကြီး တစ်စီးစီသည် စွန့်ပစ်မြေစာပုံသို့ တရက်လျှင် ၈ ခေါက်မှ ၁၀ ခေါက်ထိ သယ်ပို့ ပေးရသည်။

မြေတူးစက်ကြီးများ၊ ကုန်တင်ကားကြီးများနှင့် မော်တော်ယာဉ်ကြီးများကို ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံတွင် ပုံမှန် ပြုပြင်ထိန်းသိမ်းကာ လောင်စာဖြည့်တင်းပေးရသည်။ အချို့ လောင်စာဖြည့်တင်းခြင်းနှင့် ပြင်ဆင်ခြင်းများကို သတ္တုတွင်း လုပ်ငန်းနေရာတွင် ပြုလုပ်ပါသည်။

၃-၂-၃။ အလုပ်သမားနှင့် စီမံအုပ်ချုပ်ရေး

ပျမ်းမျှလူအင်အားမှာ အလုပ်ချိန် ဆိုင်းနှစ်ဆိုင်းဖြင့် အလုပ်လုပ်နေသူ အလုပ်သမားပေါင်း ၆၀၀ ရှိပါသည်။ စံ သတ်မှတ်အလုပ်ချိန် ၈ နာရီအထက် အလုပ်လုပ်နေသူ အလုပ်သမားများအား ကျော်လွန်လုပ်ကိုင်သည့် အချိန်နာရီများအတွက် အချိန်ပိုကြေးပေးရပါမည်။ ၁၈ နှစ် အောက် လူများအား အလုပ်မခန့် ထားရပါ။

သတ္တုတွင်းအများစုတွင် စီမံအုပ်ချုပ်ရေးရုံး၊ မီးဖိုဆောင်၊ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံ၊ ကျန်းမာရေး ဆေးခန်း၊ အလုပ်သမားတန်းလျား၊ ထမင်းစားဆောင်နှင့်အိပ်ဆောင်ပုံစံနှင့်အများသုံးရေချိုးဆောင်များပါရှိပါသည်။ အချို့သတ္တုတွင်းလုပ်ငန်းနေရာများတွင် အပန်းဖြေနေရာများ ပေးထားပါသည်။ အလုပ်သမားတန်းလျားများသည် လောင်စာနှင့်ထင်းများ သိုလှောင်နေရာများနှင့်ခွဲခြားစွာ တည်ရှိစေရပါမည်။

စီမံအုပ်ချုပ်ရေး လုပ်ငန်းကို အပိုင်းလေးပိုင်း ပိုင်းခြားထားပြီး တာဝန်ကျကြီးကြပ်အရာရှိများက စီမံခန့် ခွဲ ကြပါသည်။ အခန်းကဏ္ဍများမှာ -

- စက်ယန္တရားကြီးများ ကြီးကြပ်
- အလုပ်သမားကြီးကြပ်
- မီးဖိုဆောင် ကြီးကြပ်
- မိုင်းခွဲရေး ကြီးကြပ်
- သတ္တုတွင်း မန်နေဂျာ (ကျင်းခေါင်း)

၃-၂-၄။ သတ္တုတွင်း အစီအစဉ်

အများအားဖြင့် သင့်လျော်သောသတ္တုတွင်း အစီအမံမရှိပါ။ သတ္တုတူးဖော်ခြင်းသည် လုပ်ငန်းအတွေ့အကြုံပေါ်သာ အခြေခံပါသည်။ နီးစပ်ရာ သတ္တုတွင်းများ၏လုပ်ငန်းအတွေ့အကြုံပေါ် အခြေခံ၍ ကျောက်စိမ်းဆောင်မြေလွှာကို ရည်ညွှန်းပြနိုင်သည့် အနက်ရောင်နှင့်နီကြင်ကြင် စရစ်ဖြန်းကျောက်လွှာများပါရှိခြင်းဖြင့် ဥရုစရစ်ဖြန်းကျောက်တုံးကြီးများ တည်ရှိနေတတ်ပါသည်။ အလားတူစွာ မိုင်းခွဲခြင်းကိုလည်း အတွေ့အကြုံအရ ကျောက်အမျိုးအစားနှင့်အတိမ်အနက် အပေါ်မူတည်၍ ပြုလုပ်ပါသည်။ ပြန်လည်တည်ထောင်ခြင်းမပြုလုပ်ထားပါက၊ သတ္တုတွင်းအတွင်းမြေများပြန်လည်ဖြည့်ခြင်းနှင့်နောက်ဆုံးသတ္တုတွင်းပိတ်သိမ်းခြင်းအပါ အဂ သတ္တုတွင်းပိတ်သိမ်းမည့်အစီအစဉ် ပြင်ဆင်ထားမှု မရှိပါ။

၃-၂-၅။ မြေအောက်ရေနှင့် မြေပေါ်ရေ စီမံခန့် ခွဲမှု

ဤဖုန်အတွင်းရှိ သတ္တုတွင်းများတွင် စရစ်ဖြူန်းကျောက်လွှာများ၊ သိပ်သည်းကျောက်လွှာများ၏ အောက် ခြေကျောက်လွှာပြင်များနှင့် အများဆုံးဆက်စပ်မှုရှိသည့် မကျစ်လစ် မသိပ်သည်းသော မြေအောင်းလွှာများ မှစိမ့်ထွက်လာတတ်သော ဖြတ်ထွက်မြေအောက်ရေများ ရှိသည် (ပုံ- ၃.၁ တွင် ကြည့်ပါ)။ စွန့်ပစ်ဖယ်ထုတ် ခြင်းများသည် ရာသီနှင့်မြေအောင်းလွှာများအတွက် ဖြည့်သွင်းဖုန်များအလိုက် ကွဲပြားနိုင်ပါသည်။ ခြောက် သွေ့ ရာသီ၌ စွန့်ပစ်ဖယ်ထုတ်မှု အနည်းငယ်သာ တွေ့ ရပါသည်။

မိုးရာသီ၌ သတ္တုတွင်းများတွင် စုဝင်လာသောမြေပေါ်လျှံကျရေများကို ရေပုပ်သိုးကျင်းများအတွင်း၌ စု ဆောင်းကာ သတ္တုတွင်းများ၏အပြင်ဘက် ဥရုချောင်းသို့ စွန့် ထုတ်မည့် ရေလမ်းကြောင်းများသို့ စီးဝင်မည့် ရေနုတ်မြောင်းလိုင်းများသို့ စွန့် ထုတ်ပါသည်။

၃-၂-၆။ မိုင်းခွဲခြင်း

မိုင်းခွဲသည့် အချိန်များနှင့် ပတ်သက်၍ MGE က အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့ပါသည်။ မိုင်းခွဲခြင်းကို တနေ့သုံးကြိမ်ပြုလုပ်ခွင့် ရပါသည် (မနက် ၇ နာရီ၊ မနက် ၁၁ နာရီနှင့် ညနေ ၄ နာရီ)။ ဒီဇယ်နှင့် ရောစပ် ထားသည့် အမိုနီယမ် နိုက်ထရိတ်ကို ဖေါက်ခွဲရေးပစ္စည်းအဖြစ် အသုံးပြုပါသည်။ အမိုနီယမ် နိုက်ထရိတ်ကို လုံးခင်း ထုတ်လုပ်ရေးဌာနမှ ပေးပို့ပါသည်။ မိုင်းမခွဲမီ မိုင်းခွဲခြင်းအချက်ပြမှုကို သတ္တုတွင်း အော်ပရေတာ များမှ အချက်ပြ သတိပေးရပါမည်။ မိုင်းမခွဲမီ တနာရီတွင် ခရာများမှုတ်ခြင်း၊ ရေဒီယိုများ အသုံးပြုခြင်းဖြင့် ထိုနေရာဒေသတွင်းရှိ အလုပ်သမားများအား အသိပေးပါ။

၃-၂-၇။ စွန့် ပစ်ကျောက်မြေစာများ စွန့် ပစ်ခြင်း

စွန့် ပစ်ကျောက်များကို လုပ်ကွက်အတွင်းနှင့်လုပ်ကွက်အပြင်ဘက် နှစ်ခုစလုံးတွင် စွန့် ပစ်ပါသည်။ စွန့် ပစ် ကျောက်မြေစာတချို့ကို ဟင်းလင်းပွင့်သတ္တုတွင်းများအား မြေပြန်ဖြည့်ခြင်းအလို့ငှာ လုပ်ကွက်အတွင်း နေ ရာများတွင် စုပုံပြီး အကျန်များကို စွန့်ပစ်မြေစာပုံများတွင် စွန့်ပစ်ပါသည်။ ကျန်ရှိနေသေးသော စွန့်ပစ် ကျောက်များကို လုပ်ကွက်အပြင်ဘက်တွင် စွန့်ပစ်ကြသည်။ ဤဖုန်အတွင်းတွင် သတ်မှတ်စုပေါင်း စွန့်ပစ် ကျောက် မြေစာပုံ ၁၁ ပုံရှိပြီး လုံးခင်း/ဖားကန့် ရတနာမြေဖုန်နေရာများတွင် သတ်မှတ်ထားပါသည်။

၃-၂-၈။ အန္တရာယ်ရှိသော ပစ္စည်းများနှင့် စွန့် ပစ်ပစ္စည်းများ စီမံခန့် ခွဲမှု

ထုံးစံအတိုင်း လောင်စာဆီများကို ၁၅၀၀၀ ဂါလံ (မှန်းခြေ ၅၆၀၀၀ လီတာ) ဝင်ဆန့်စည်ကြီးများတွင် သို လှောင်ထားပါသည်။ သတ္တုတွင်းတွင် စည်ပေါင်း ၇၀ အထိရှိပြီး ယာဉ်ဝင်းကြီးတွင်းရှိ မြေတူးစက်ကြီးများ နှင့်ကုန်တင်ကားများ အစီးအရေအတွက်ပေါ် မူတည်၍ အနည်းဆုံး စည် ၃၀ ကို အပြည့်ဖြည့်ထားရသည်။

သတ္တုတွင်း ပစ္စည်းကိရိယာများကို လောင်စာသိုလှောင်နေရာအနီးအနား၌သာ လောင်စာဆီဖြည့်သွင်းရပါသည်။

အလူမီနီယမ် နိုက်တရိတ်ကို ကုန်လှောင်ရုံထဲရှိ လောင်စာသိုလှောင်နေရာများတွင် ခွဲခြားသိုလှောင်ထားရပါမည်။ အဆိုပြုထားသည့် မိုင်းခွဲခြင်းလုပ်ငန်းများအတွက်လည်း လုံလောက်သည့် ပမာဏကို လက်ဖယ် သိုလှောင်ထား ရှိရသည်။ မိုင်းခွဲခြင်းပြုလုပ်သည့်အခါ တနေ့လျှင် အမိုနီယမ် နိုက်ထရိတ်ကို အိတ် ၅၀ အထိအသုံးပြုပါသည်။

အသုံးပြုပြီးသား အင်ဂျင်ဝိုင်၊ ထင်းနှင့် ပလတ်စတစ်ခွက်များ ကဲ့သို့သော မီးလောင်ကျွမ်းစေနိုင်သည့် ပစ္စည်းများကို သတ္တုတွင်းလုပ်ငန်းနေရာများတွင် သိမ်းဆည်းထားရပါသည်။ အသုံးပြုပြီးသား အင်ဂျင်ဝိုင်၊ ဆီစစ်ခွက်များနှင့် အချို့သော ကျိုးပဲ့ပျက်စီးနေသော စက်များကို ပြန်လည်ပြင်ဆင်ရောင်းချမည့်သူများထံသို့ ရောင်းချခြင်း သို့မဟုတ် အန္တရာယ်ရှိသော ပစ္စည်းများကို စွန့်ပစ်ခြင်းတို့ ပြုလုပ်ရပါသည်။

နည်းလမ်းတကျဖြစ်သော ပြန်လည်အသုံးပြုခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်အသုံးချခြင်းစနစ် မရှိပါ။ ထုံးစံ အားဖြင့် လူထု သို့မဟုတ် အစိုးရ စီမံခန့်ခွဲသည့် စွန့်ပစ်စုပေါင်းလုပ်ဆောင်မှု မရှိပါ။ အိမ်တွင်း စွန့်ပစ်ပစ္စည်းများနှင့် အလုပ်သမားတန်းလျားများမှ စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ကျောက်မြေစာများနှင့် ရောကာ လုပ်ငန်းတွင်းတွင် မြှုပ်နှံခြင်းနှင့် စွန့်ပစ်မြေစာပုံများတွင် စွန့်ပစ်ခြင်းတို့ ပြုလုပ်ကြသည်။

ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အကြံပေးအဖွဲ့များနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ဆွေးနွေးခဲ့သော အဖွဲ့များမှာ အစိုးရအဖွဲ့အစည်း၊ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်နေသော လူပုဂ္ဂိုလ်များပါဝင်ပြီး စည်းမျဉ်းဥပဒေချမှတ်သူများနှင့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ လုပ်ဆောင်ရန်များကို စီမံသတ်မှတ်သူများလည်း ပါဝင်ပါသည်။

၄။ ကတိကဝတ်

စီမံကိန်းအဆိုပြုသူ၏ အတည်ပြုဝန်ခံချက်

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၇၇ အရ စီမံကိန်း အဆိုပြုသူသည် အောက်ပါအချက်အလက်များ မှန်ကန်ကြောင်းကို ကတိကဝတ်ပြုပါသည် -

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) သည် တိကျခိုင်မာကြောင်းနှင့် ပြည့်စုံမှုရှိကြောင်း။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာ ဥပဒေများကို တိကျစွာလိုက်နာ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) ကို ရေးဆွဲထားပါ ကြောင်း။

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ပါ ကတိတဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို ***"လုပ်ကွက်တစ်ခုချင်းအလိုက်၊ အခြေအနေတစ်ရပ်ခြင်းအလိုက် လုပ်ငန်းခွင်နှင့် ဆီလျော်သော စီမံချက်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း။***

အမည်။ ။ .....လွယ်ိုင်ခွန်ဆာ.....

ရာထူး။ ။ .....ဥက္ကဋ္ဌ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း.....

လက်မှတ်။ ။ .....

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းအတွက် ကိုယ်စားပြု လက်မှတ်ရေးထိုးပါသည်။

ရက်စွဲ။ ။ .....၁၈-၇-၂၀၂၄.....

၅။ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု စည်းမျဉ်းမူဘောင်များ

ကျောက်စိမ်းတူးဖေါ်ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဂန်းကျင်နှင့်လူမှုဘဂဆိုင်ရာ သက်ရောက်ထိခိုက်မှုများကိုစီမံခန့်ခွဲရန်နှင့် ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် လိုက်နာရမည့် မြန်မာနိုင်ငံဥပဒေများ၊ နည်းဥပဒေများနှင့်လမ်းညွှန်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ယခု ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို အကောင်အထည်ဖော်ဆောင်ရန် ကတိကဝတ်များကို ဤအခန်းတွင် သတ်မှတ်ဖော်ပြထားပါသည်။

၅.၁ မြန်မာနိုင်ငံဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များ

ဤအခန်းတွင် EMP အကောင်အထည်ဖော်ချိန်တွင် လိုက်နာရမည့် မြန်မာနိုင်ငံဥပဒေများ၊ နည်းဥပဒေများနှင့်လမ်းညွှန်ချက်များကို စာရင်းပြုစုထည့်သွင်းထားပါသည်။ သင့်လျော်သည့် ဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များ စီမံခန့်ခွဲမှုအစီအစဉ်များတွင်ထည့်ထားပါသည်။

မြန်မာနိုင်ငံသားများ၏ ရပိုင်ခွင့်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၏ပြဋ္ဌာန်းချက်အရ -

- ပုဒ်မ ၂၁ (က) အရ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုစသည့် အခွင့်အရေးများ ခံစားခွင့်ရှိသည်။

- ပုဒ်မ ၃၄ အရ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာဘာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သောအခွင့်အရေး၊ လွတ်လပ်စွာကိုးကွယ် တည်ဆောက်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိစေရမည်။

ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) အရ သတ္တုတွင်းဝန်ကြီးဌာနသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာမြေအဖြစ် သတ်မှတ် လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်းပြုနိုင်သည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် သတ်မှတ်ထားသော ဈေးနှုန်းကို လျှောက်ထားသူက သတ်မှတ်ကာလ အတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့် အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်းတို့ကို ပြန် လည်သတ်မှတ်ရမည်။

- ပုဒ်မ ၁၆ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်-

  (က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

  (ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

  (ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။

  (ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။

  (င) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ၊

  (စ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

    (၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

    (၂) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ် မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

    (၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

    (၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

    (၅) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့်ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

- ပုဒ်မ ၃၆ အရ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းများကို လည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းသူက ပေးလျော်စေ ရန်၊ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ် သုံးစွဲသည့်လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန်စီမံခန့်ခွဲ ခြင်း။

- ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ

သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်စေခြင်း။

- ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံ ခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင် အထောက်အကူပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုရ မည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက် စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ် နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

- ပုဒ်မ ၂၄ အရ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့်အညီဆောင် ရွက်မှု ရှိမရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြား ခြင်း ပြုနိုင်သည်။

- ပုဒ်မ ၂၉ အရ မည်သူမျှ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်နှင့်လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၁၄) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နည်းဥပဒေ ၆၈ အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်ရေးအတွက် နည်းဥပဒေ ၅၂၊ ၅၃ နှင့် ၆၂ အရ သတ်မှတ်သည့် လုပ်ငန်းအမျိုးအစားများတွင် မပါဝင်သည့် အသေးစား ပုဂ္ဂလိကလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံများသည် လုပ်ငန်းတည်ဆောက်လည်ပတ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ခွင့်ပြုချက်၊ လိုင်စင်လျှောက်ထားခြင်းမပြုမီ ပတ်ဝန်းကျင်ထိခိုက်မှု ရှိမရှိနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူရမည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- စာပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် -

  (က) မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ဌားရမ်း ခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်

ခံများ၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

(ခ) စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်း မဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားပေးရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်။

- စာပိုဒ် ၁၀၃ အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝအကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ကိုယ်စားစီမံကိန်းကို ဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးက စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များ အားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်စေရန် တာဝန်ရှိသည်။

- စာပိုဒ် ၁၀၄ အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်း တို့တွင်ပါရှိသော လိုအပ်ချက်များအားလုံးအတွင် တာဝန်ရှိသည့်အပြင် ယင်းတို့ကို အပြည့်အဝထိ ရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

- စာပိုဒ် ၁၀၅ အရ စီမံကိန်းအဆိုပြုသူသည် အဆိုပြုစီမံကိန်းကြောင့် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးသက်ရောက်မှုများကို ဖော်ထုတ်သတ်မှတ်၍ သတင်းအချက်အလက်အပြည့်အစုံကို ဝန်ကြီးဌာနသို့ အချိန်နှင့် တစ်ပြေးညီ စာဖြင့် အသိပေးတင်ပြရမည်။

- စာပိုဒ် ၁၀၆ အရ စီမံကိန်းအဆိုပြုသူသည် အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအား မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို စဉ်ဆက်မပြတ် လက်တွေ့ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အချက်များကို လိုက်နာဆောင်ရွက်ရမည်။

- စာပိုဒ် ၁၀၇ အရ စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ခုခုကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် ကိစ္စ သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိစေရန် လိုအပ်သည့်ကိစ္စကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြားကိစ္စများအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

- စာပိုဒ် ၁၀၈ အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ ဇယားပါအတိုင်း စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာကို ဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် သို့မဟုတ် ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း တင်ပြရမည်။

- စာပိုဒ် ၁၀၉ အရ စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာတွင် အောက်ပါအချက်များ ပါရှိရမည်-

  (က) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

  (ခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

  (ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက် အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်နိုင်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြု သည့် ဆောင်ရွက်မှုများ၊

  (ဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုး အစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရသည့် အချိန်သတ် မှတ်ချက်များ၊

  (င) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များ အား စောင့်ကြပ်ကြည့်ရှုမှု။

- စာပိုဒ် ၁၁၀ အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ ဇယားပါအပိုဒ် ၁၀၈ နှင့် ၁၀၉ အရ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဝန်ကြီးဌာန သို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည် သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ် မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်း အဆိုပြု သူသည် ယင်းတောင်း ခံချက်ကို ရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့် ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရမည်။

- စာပိုဒ် ၁၁၃ အရ စီမံကိန်းအဆိုပြုသူသည် -

(က) စောင့်ကြပ်ကြည့်ရှုရန်နှင့် စစ်ဆေးရန်အလို့ငှာ စစ်ဆေးရန်တာဝန်ရှိသူအား သာမန် အလုပ် ချိန်အတွင်း ဝင်ရောက်ခွင့်ပြုရမည်။

(ခ) ဝန်ကြီးဌာနက အကြောင်းအားလျော်စွာ လိုအပ်လာသည့်အခါ စီမံကိန်း၏ ရုံးများနှင့် စီမံကိန်း လုပ်ငန်းခွင်နှင့် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြားနေရာသို့ အချိန်မရွေး ဝင်ရောက်ခွင့်ပြုရမည်။

- စာပိုဒ် ၁၁၅ အရ စီမံကိန်းအဆိုပြုသူသည် အရေးပေါ်အခြေအနေတွင်ဖြစ်စေ၊ စီမံကိန်းသည် သက်ဆိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်ကို ဆောင်ရွက်ပေးရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ပျက်ကွက်နိုင်သည် သို့မဟုတ် ပျက်ကွက်ရန် အန္တရာယ်ရှိသည်ဟု ယူဆလျှင်ဖြစ်စေ မည်သည့်အချိန်တွင်မဆို စစ်ဆေးရန်တာဝန်ရှိသူအား ချက်ချင်းဝင်ရောက်စစ်ဆေးခွင့်ပြုရမည်။

- စာပိုဒ် ၁၁၇ အရ စီမံကိန်းဆိုပြုသူသည် စီမံကိန်း၏ ကိုယ်စားဆောင်ရွက်ပေးသူ ကန်ထရိုက်တာ နှင့်လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများကိုလည်း စစ်ဆေးရန် တာဝန်ရှိသူကစစ် ဆေးခြင်းကို ခွင့်ပြုရမည်။

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ တွင်လူသားတို့၏ ကျန်းမာရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှု မဖြစ်စေ

ရန်အလို့ငှာ နေရာအသီးသီး၏ ဆူညံသံနှင့် တုန်ခါမှု၊ အခိုးအငွေ့ထုတ်လွှတ်မှုနှင့် အရည်စွန့်ထုတ်မှုများ ထိန်းချုပ်ရေးအတွက် လိုက်နာရမည့် အခြေခံစည်းမျဉ်းများကို ဖော်ပြထားပါသည်။

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ထူထောင်ထားသော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ထိခိုက်ပျက်စီးစေသော လုပ်ငန်းများကို ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် လုပ်ငန်းများအဖြစ် သတ်မှတ်ထားပါသည်။

ဇီဝမျိုးကွဲများအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၆ အရ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်-

  (က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

  (ခ) ကာကွယ်ထားသည့်သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီး ခြင်း၊

  (ဂ) သဘာဝနယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

  (ဃ) သဘာဝနယ်မြေ နယ်နိမိတ်အမှတ်အသား တစ်ခုခုကိုဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မ ဟုတ် အစိုးရက အစုရှယ်ယာ မတည်ငွေရင်း ပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ်အမှတ်အသား တစ်ခုခုကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံဖျက်ပျက်စေရန် ပြုလုပ်ခြင်း။

- ပုဒ်မ ၃၇ အရ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၇ နှစ်ထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်-

  (က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

  (ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ကာကွယ်ထားသည့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၏ ထောက်ခံချက်မရှိဘဲ ပြည်ပသို့ တင်ပို့ခြင်း။

သစ်တောဥပဒေ (၁၉၉၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄ အရ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သဘာဝတောတောင်၊ ရေ၊ မြေတို့ကို ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆင်မပြတ် ထုတ်လုပ်နိုင်ရန် အလို့ငှာ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော နယ်နိမိတ်သတ်မှတ်၍ အောက်ပါ ကြိုးဝိုင်းတောအမျိုးအစားများဖွဲ့စည်းနိုင် သည်-

  (က) စီးပွားရေးသစ်ထုတ်ကြိုးဝိုင်းတော
  (ခ) ဒေသန္တရထောက်ပံ့ရေးကြိုးဝိုင်းတော
  (ဂ) ရေဝေရေလဲထိန်းသိမ်းရေးကြိုးဝိုင်းတော
  (ဃ) သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းရေးကြိုးဝိုင်းတော
  (င) အခြားကြိုးဝိုင်းတောအမျိုးအစားများ

- ပုဒ်မ ၅ အရ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန်အလို့ငှာ ကြိုးဝိုင်းတောပြင်ပရှိ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် နယ်နိမတ်ဖော်ပြ၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာနိုင်သည်-

  (က) ရေ၊ မြေ ထိန်းသိမ်းကာကွယ်ခြင်း။
  (ခ) အပူပိုင်းဒေသတော ထိန်းသိမ်းကာကွယ်ခြင်း။
  (ဂ) ဒီရေတော ထိန်းသိမ်းကာကွယ်ခြင်း။
  (ဃ) သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးများ ထိန်းသိမ်းကာကွယ်ခြင်း။

(c) သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ထိန်းသိမ်းကာကွယ်ခြင်း။

မြစ်ချောင်းများ၊ ရေအရင်းအမြစ်များနှင့် ငါးဖမ်းလုပ်ငန်းများအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၈ အရ မည်သူမျှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိခိုက်ပျက်စီးရန် ရည်ရွယ်၍ တစ်စုံတစ်ရာ ပြုလုပ်ခြင်း သို့မဟုတ် ရေကြောင်းအားပြောင်းလဲစေခြင်း မပြုရ၊ ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်း မပြုရ။

- ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ) အရ မည်သူမျှ မြစ်ချောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်းလုပ်ငန်းများမှ စွန့်ပစ်မြေစာနှင့် အခြားပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ဖြစ်စေ၊ မြစ်ချောင်းအတွင်း စီးဝင်နိုင်သည့် ရေဆင်းလမ်းလျှို့မြောင်များအတွင်းသို့ဖြစ်စေ စွန့်ပစ်ခြင်း မပြုရ။

- ပုဒ်မ ၂၂ အရ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း စီးပွားရေး အလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်း မပြုရ။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၃) တွင် အမှိုက်များနှင့် အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများကို စွန့်ပစ်ခြင်းကို တားမြစ်ကြောင်း ဖော်ပြထားပါသည်။

ရေချိုငါးလုပ်ငန်းဥပဒေ (၁၉၉၁) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၆ အရ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာန၏ ခွင့်ပြုချက် မရှိဘဲ ဆည်၊ တမံ၊ ယင်းစသော အပိန့်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုရ။

- ပုဒ်မ ၄၀ အရ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါး၊ အခြားရေသတ္တဝါတို့အား အနှောင့်အယှက် ဖြစ်စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုလုပ်ရ။

- ပုဒ်မ ၄၁ အရ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်းမြောင်းများတွင် ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏ အမျိုးအစား၊ ရေ၏ ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

ရေးဟောင်းအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

ရေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၂ အရ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူ မရှိသော ဝတ္ထုပစ္စည်းတစ်ခုခုကို တွေ့ရှိသူသည် အဆိုပါ ဝတ္ထုပစ္စည်းများမှာ ရေးဟောင်းဝတ္ထုပစ္စည်းဖြစ်ကြောင်း သိရှိလျှင် သို့မဟုတ် ယူဆရန် အကြောင်းရှိလျှင် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ ဆောလျင်စွာ သတင်းပို့ရမည်။

ရေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (စ) အရ ရေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ဧရိယာအတွင်း၌ မြေမျက်နှာသွင်ပြင် ပျက်စီးစေသည့် ရွှေကျင်းခြင်း၊ မြေတူးဖော်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ရေတွင်း၊ ရေကန်၊ ချောင်း၊ မြောင်း၊ လှိုဏ်၊ ချိုင့်များတူးခြင်း၊ ဖို့ခြင်း၊ မြေညှိခြင်း၊ မိုင်းခွဲခြင်း၊ ကျောက်တူးခြင်း၊ ကျောက်စရစ်၊ သဲထုတ်ယူခြင်း၊ ကုန်းများ၊ တောင်များ ဖြိုဖျက်ခြင်း ပြုလုပ်မှု တစ်ခုခုကို ဆောင်ရွက်လိုသူသည် ကြိုတင်ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

ယာဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ (၁၉၉၈) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၃ အရ အောက်ပါကိစ္စရပ်တစ်ခုခု ပြုလုပ်လိုသူသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

  (က) ရေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာ ဇုန် သို့မဟုတ် ရေးဟောင်းနေရာ တည်ရှိရာဇုန် အတွင်းတွင် -

    (၁) အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့တည်ဆောက်ခြင်း၊

    (၂) ရေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(ခ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခို ရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့ တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် -

(၁) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်း ပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ၊ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်ခြင်း၊

(၂) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၃) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း။

- ပုဒ်မ ၂၂ အရ မည်သူမျှ ယာဉ်ကျေးမှုအမွေအနှစ်ဒေသ အတွင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း မပြုရ။

ပြည်သူများနှင့်အလုပ်သမားတို့၏ ကျန်းမာရေးကို ကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ (၁၉၇၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃(၁) အရ ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများ ဖြစ်သည့် လူအများ နေထိုင်ရာ ပတ်ဝန်းကျင်တွင် အမှိုက်သရိုက်၊ အညစ်အကြေးများကို သိမ်းဆည်းစွန့်ပစ်ခြင်း၊ လူအများအတွက် သောက်သုံးသောရေများကို အပြည်ပြည်ဆိုင်ရာ စံချိန်မှီသတ်မှတ်ခြင်းနှင့်ကာကွယ်စောင့်ရှောက်ခြင်း၊ လူအများ နေထိုင်ရာပတ်ဝန်းကျင်လေထုတွင် လူတို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် အခိုးအငွေ့၊ အန္ဓမသက်၊ အမှုန့်အမွှား၊ အသံပလံနှင့် ဓါတ်ရောင်ခြည်များကြောင့် ညစ်ညမ်းခြင်းမှ ကာကွယ်ခြင်း၊ မြို့ရွာစည်ပင် သာယာရေး၊ အိမ်ယာဆောက်လုပ်ခြင်းနှင့် လုပ်သားပြည်သူတို့ သွားလာ နေထိုင်အသုံးပြုသည့် အဆောက်အဦး သို့မဟုတ် နေရာများ၏ ကျန်းမာသန့်ရှင်းရေးအတွက် ဆောင်ရွက်ခြင်းကိစ္စရပ်များကို အစိုးရ မှ အကြံပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်ခြင်း၊ တားမြစ်ခြင်း စသည့် လုပ်ငန်းတို့ကို လုပ်ဆောင်ရမည်။

- ပုဒ်မ ၃(၄) အရ အစိုးရသည် ကူးစက်ရောဂါပြန့်ပွားခြင်းကို နှိမ်နင်းကာကွယ်ရန် အလို့ငှာ အခါအားလျော်စွာ ဒေသအလိုက်တိုင်ကြားရမည့် ရောဂါအမည်စာရင်းများကို ထုတ်ပြန်ကြေငြာခြင်း၊ကူးစက်

ရောဂါကာကွယ်ရေးအလို့ငှာ စုံစမ်းလေ့လာခြင်း၊ လုပ်သားပြည်သူတရပ်လုံး ကာကွယ်ဆေးထိုးမည့် အစီအစဉ် ချမှတ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ပိုးမွှား တိရစ္ဆာန်များ သုတ်သင်ခြင်းနှင့် အခြားလို အပ်သော လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လုပ်သားပြည်သူတို့၏ ကျန်းမာရေးကို စိုးရိမ်ဘွယ်ရာ ကူးစက်ရောဂါကျရောက်နိုင်သည့် အခြေအနေရှိလျှင် သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေလျှင် အစိုးရသည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် ဒေသတခုခုကို ကျန်းမာရေးအတွက် စိုးရိမ်ရသော အရေးပေါ်ဒေသဟု အမိန့်ကြော်ငြာ စာထုတ်ပြန်ခြင်းနှင့် လိုအပ်သော ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

- ပုဒ်မ ၄ အရ အစိုးရသည် ဤဥပဒေ၌ ပြဋ္ဌာန်းထားသည့် မည်သည့်ကိစ္စရပ်ကိုမဆို ဆောင်ရွက်ရန် လိုအပ်သည့် အဖွဲ့အစည်းများ ဖွဲ့စည်း၍ ယင်းသို့ ဖွဲ့စည်းသည့် အဖွဲ့အစည်းများ အား သက်ဆိုင်ရာ ကိစ္စရပ်များအတွက် အကြံပေးစေခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်စေခြင်း၊ တားမြစ်စေခြင်း၊ ဖျက်စီးစေခြင်းတို့အတွက် တာဝန်ပေးအပ်နိုင်ခွင့်ရှိသည့်အပြင် မည်သည့်အစိုးရ ဌာန၊ အစိုးရလက် အောက်ခံ အဖွဲ့အသင်းများကိုပါ တာဝန်ပေးအပ်နိုင်ခွင့်ရှိသည်။

- ပုဒ်မ ၅ အရ ဤဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများကသော်လည်းကောင်း၊ ၎င်း အဖွဲ့ အစည်းများမှ တာဝန်ပေးအပ်ထားခြင်းခံရသူများကသော်လည်းကောင်း၊ ဤဥပဒေအရ တာဝန်ပေး အပ်ထားခြင်းခံရသော အစိုးရဌာနများနှင့် အစိုးရလက်အောက်ခံ အဖွဲ့အစည်းများကသော်လည်း ကောင်း၊ ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်သည့် ကိစ္စများ၊ အစား အသောက်နှင့် ပတ်သက်သည့် ကိစ္စများ၊ လုပ်သားပြည်သူများအတွက် အသုံးပြုရန်ဖြစ်သော နေအိမ်သုံးပစ္စည်းနှင့် အလှကုန်ပစ္စည်းများနှင့် ပတ်သက်သည့်ကိစ္စများ၊ ကူးစက်ရောဂါနှင့် ပတ် သက်သည့် ကိစ္စများ၊ ကိုယ်ပိုင် ဆေးကုဂေဟာနှင့် ပတ်သက်သည့် ကိစ္စများ၊ လုပ်သားပြည်သူတို့ အသုံးပြုသည့် ဆေးဝါးများနှင့် ပတ်သက် သည့်ကိစ္စများ စသည်တို့အတွက် အလုပ်ရုံ၊ စက်ရုံ များ၊ လုပ်ငန်းဌာနများ၊ ဆိုင်များ၊ ဥပစာ များ၊ နေရာများ၊ အဆောက်အဦးများသို့ အချိန်အခါမရွေး ဝင်ရောက်စစ်ဆေး ညွှန် ကြားခွင့်ရှိ သည်။

ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၁) တွင် အသေးစိတ်ဖော်ပြ ထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါ ဖြစ်ပွားခြင်းမှ ကြိုတင် ကာကွယ် နိုင်ရန် အောက်ပါလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့် အညီ စနစ်တကျ အ ကောင်အထည်ဖော် ဆောင်ရွက်ရမည်။

  (၁) ကလေးသူငယ်များအား ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေး တိုက်ကျွေးခြင်း၊

(၂) လိုအပ်ပါက အရွယ်ရောက်သူများကိုပါ ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊

(၃) ကူးစက်ရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၄) ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၅) နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ဝင်ပေါက်နှင့် ထွက်ပေါက်၊ အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ရေဆိပ်၊ အခြားလိုအပ်သော လေဆိပ်၊ ရေဆိပ်နှင့် ကားရပ်နားစခန်းများတွင် ကူးစက်ရောဂါ ကြိုတင် ကာကွယ်ရေးအတွက် ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၆) နေအိမ်အဆောက်အအုံ၊ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် အသွားအလာ တားမြစ် ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း၊

(၇) ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေသည်ဟု သံသယရှိသူများ အား သီးခြားထားရှိ ကုသခြင်း၊

(၈) ကူးစက်ရောဂါအလိုက် လိုအပ်သော ကာကွယ်နှိမ်နင်းရေးအတွက် ဆေးဖျန်းခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်း များ ဆောင်ရွက်ခြင်း၊

(၉) အများပြည်သူတို့၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်သည့် လုပ်သားများအား ကူစက်ရောဂါ မဖြစ်ပွားစေရေးအတွက် လုပ်ငန်းခွင်တွင် ကျန်းမာရေးနှင့် ညီညွတ်သော နေအိမ်ဆောက်လုပ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေနှင့် သုံးရေရရှိရေး၊ အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ရေး နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့်အစိုးရ မဟုတ်သော အဖွဲ့အစည်းများအား အကြံပြုခြင်းနှင့် ညှိနှိုင်းဆောင် ရွက်ခြင်း၊

(၁၀) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလုပ်ငန်း များကို ဆောင်ရွက်ခြင်း။

- ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) အရ ကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားစေနိုင်ကြောင်း တွေ့ရှိလျှင် ကျန်းမာရေးဝန် ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသည့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်။

- ပုဒ်မ ၄ အရ အများပြည်သူတို့သည် ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးနှင့် ကူးစက်ရောဂါကာကွယ်နိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့၏ ပုဒ်မ ၃ ပါဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်ကြရမည်။

- ပုဒ်မ ၉ အရ အိမ်ထောင်ဦးစီး၊ အိမ်ထောင်စုဝင်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းရှင်တစ်ဦးဦး သည် အောက်ပါကိစ္စတစ်ရပ်ရပ်ဖြစ်ပွားကြောင်း သိရှိလျှင် သိရှိလျင်း အနီးဆုံး ကျန်းမာရေးဌာန သို့မဟုတ် ဆေးရုံသို့ ချက်ချင်းသတင်းပို့ရမည် -

  (က) ကြက်ဌက်အပါအဝင် တိရာစ္ဆာန်များ အစုလိုက်အပြုံအလိုက် သေဆုံးခြင်း၊

  (ခ) ကြွက်ကျခြင်း၊

  (ဂ) ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိခြင်း သို့မဟုတ် ယင်းရောဂါ ဖြစ်ပွားခြင်း၊

  (ဃ) တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်း။

- ပုဒ်မ ၁၁ အရ ကျန်းမာရေးအရာရှိသည် အဓိက ကူးစက်ရောဂါ ဖြစ်ပွားပျံ့နှံ့မှုကို ကာကွယ် နိမ်နင်းနိုင်ရန်အလို့ငှာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်။

  (က) ကူးစက်ရောဂါဖြစ်ပွားသူကိုဖြစ်စေ၊ အခြားလိုအပ်သော ပုဂ္ဂိုလ်များကိုဖြစ်စေ စုံစမ်းမေးမြန်းခြင်း၊

  (ခ) ကျန်းမာရေးစစ်ဆေးစေခြင်း၊

  (ဂ) မစင်၊ ဆီး၊ သလိပ်၊ သွေးနမူနာများ ရယူ၍ ဓာတ်ခွဲစစ်ဆေးစေခြင်း၊

  (ဃ) အခြားလိုအပ်သော စစ်ဆေးမှုများကို ပြုလုပ်ခြင်း၊

  (င) ကူးစက်မြန်ရောဂါဖြစ်သည်ကို သံသယရှိသည့် တိရာစ္ဆာန် သို့မဟုတ် ယင်း တိရာစ္ဆာန်ထွက် ပစ္စည်း သယ်ဆောင်လာသောယာဉ်အား ဝင်ထွက်သွားလာခွင့် ပိတ်ပင်တားမြစ်ခြင်း။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၉ အရ တာဝန်ခံပုဂ္ဂိုလ်သည်-

  (က) ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်မရှိသောနေရာ ဖြစ်ကြောင်း ဖော်ညွှန်းသည့် စာတန်းနှင့် အမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထား ရှိရမည်။

(ခ) ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ စီမံထားရှိရမည့် အပြင် ယင်းသို့ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာဖြစ်ကြောင်း ဖော်ညွှန်းသည့် စာတန်းနှင့်အမှတ်အသားများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

(ဂ) ဆေးလိပ်သောက်ခွင့်မရှိသောနေရာ၌ မည်သူမျှ ဆေးလိပ်သောက်ခြင်း မပြုရန် ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) မိမိတာဝန်ရှိသည့်နေရာသို့ ကြီးကြပ်ရေးအဖွဲ့ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

အလုပ်သမားတို့၏ ရပိုင်ခွင့်များကို ကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၅၁ အရ ရင်းနှီးမြှုပ်နှံသူသည် -

(က) နိုင်ငံတော်အတွင်၄င်း၏ ရင်းနှီးမြှုပ်နှံမှုတွင် သတ်မှတ်အရည်အချင်းကိုက်ညီသည့် မည်သည့် နိုင်ငံသားကိုမဆို အကြီးတန်း စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနှင့် အကြံပေးအဖြစ် ဥပဒေများနှင့်အညီ ခန့်အပ်နိုင်သည်၊

(ခ) အဆင့်ဆင့်သော စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနေရာတို့တွင် နိုင်ငံသားများအား ခန့်အပ်နိုင်ရန် အလို့ငှာ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ် များဆောင်ရွက်၍ အစား ထိုးခန့်ထားရမည်၊

(ဂ) ကျွမ်းကျင်မှုမလိုအပ်သော လုပ်ငန်းများတွင် နိုင်ငံများသားကိုသာ ခန့်ထားရမည်၊

(ဃ) နိုင်ငံခြားသားနှင့် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များ နှင့် ဝန်ထမ်း များ ခန့်ထားရာတွင် အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် အညီ အလုပ်ခန့်ထားမှု ဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦး နှစ်ဖက် လက်မှတ် ရေးထိုး၍ ခန့်ထားရမည်၊

(င) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ အလုပ်ရှင်နှင့် အလုပ်သမား တို့၏ အခွင့် အရေးနှင့် တာဝန်များကိုလည်းကောင်း၊ အလုပ်အကိုင်ဆိုင်ရာ စည်းကမ်းချက်များကိုလည်း ကောင်း သတ်မှတ်ရာ၌ အနည်းဆုံး လုပ်ခလစာ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အချိန်ပိုလုပ်ခ၊ နစ်နာကြေး၊ အလုပ်သမားလျော်ကြေး၊ လူမှုဖူလုံ ရေးနှင့် အလုပ်သမားနှင့်

သက်ဆိုင်သည့် အခြားအာမခံထားရှိခြင်းတို့ အပါအဝင် အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါ အခွင့် အရေးများ ရရှိရေးအတွက် ဆောင်ရွက်ပေးရမည်၊

(စ) ရင်းနှီးမြှုပ်နှံမှုတွင် အလုပ်ရှင်အချင်းချင်း၊ အလုပ်သမား အချင်းချင်း၊ အလုပ်ရှင်နှင့် အလုပ်သမား၊ အလုပ်သမားနှင့် အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြား ပေါ်ပေါက်လာမည့် အငြင်းပွားမှုများကို တည်ဆဲဥပဒေများ နှင့်အညီ ဖြေရှင်း ရမည်။

- ပုဒ်မ ၇၃ အရ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် နည်းဥပဒေ၌ ဖော်ပြသတ်မှတ်ထားသော အာမခံအမျိုးအစားများကို အာမခံထားရှိရမည်။

အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃) တွင် အောက်ပါပုဒ်မများဖြင့် တိတိကျကျဖော်ပြထားပါသည်။

- ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) မှ (ဆ) တို့တွင် အနည်းဆုံးအခကြေးငွေများပေးရန် အလုပ်ရှင်၏တာဝန်ဝတ္တရားများကို ဖော်ပြထားပါသည်။

အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆) တွင် အောက်ပါပုဒ်မများဖြင့် တိတိကျကျဖော်ပြထားပါသည်။

- ပုဒ်မ ၃ မှ ပုဒ်မ ၅ တို့တွင် အခကြေးငွေများ ပေးချေရာတွင် လိုက်နာရမည့် နည်းလမ်းများနှင့် အချိန်ကာလသတ်မှတ်ချက်များကို ဖော်ပြထားပါသည်။

- ပုဒ်မ ၇ မှ ပုဒ်မ ၁၀ တို့တွင် အလုပ်ရှင်များဘက်မှ အခကြေးငွေဖြတ်တောက်နိုင်ခွင့်များနှင့် စပ်လျဉ်း၍ အသေးစိတ်ဖော်ပြထားပါသည်။

- ပုဒ်မ ၁၄ အရ အလုပ်သမားသည် အချိန်ပို လုပ်ကိုင်ရပါက အချိန်ပိုအခကြေးငွေနှုန်းထားကို ဥပဒေအရ သတ်မှတ်သည့် နှုန်းထားအတိုင်း ခံစားခွင့်ရှိသည်။

ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ (၁၉၅၁) တွင် ရုံပိတ်ရက်များ၊ ခွင့်များနှင့် စပ်လျဉ်း၍ အလုပ်သမားများဘက်မှ ခံစားခွင့်များကို ဖော်ပြထားပါသည်။

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၅ တွင် အလုပ်ရှင်သည် အလုပ်သမားအား အလုပ်တစ်ခုခုကို လုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်အပ်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို ချုပ် ဆိုရမည်ဟု

ဖော်ပြထားပြီး အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်တွင် ပါဝင်ရ မည့် အချက်များကို ဖော်ပြထားပါသည်။

- ပုဒ်မ ၁၄ အရ အလုပ်ရှင်သည် မိမိ၏ လုပ်ငန်းတွင် ခန့်အပ်ရန် လျာထားသော အလုပ်သမားများ နှင့်လုပ်ငန်း၌ လက်ရှိလုပ်ကိုင်လျက်ရှိသော အလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အဆင့်မြင့်မားစေရန် လေ့ကျင့်ရေးအစီအစဉ်များကို လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့၏ မူဝါဒနှင့်အညီ ဆောင်ရွက်ရမည်။

- ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ) အရ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၏ အလုပ် ရှင်သည် ယင်း၏လုပ်ငန်း၌ အလုပ်သမားကြီးကြပ်သူအဆင့်နှင့် ယင်းအဆင့်အောက်ရှိ အလုပ်သမား များအားပေးချေရမည့် စုစုပေါင်း လုပ်ခ၊ လစာ၏ သုည၀သမ ငါးရာခိုင်နှုန်း အောက် မနည်းသော ငွေကို ရန်ပုံငွေသို့ ထည့်ဝင်ကြေးအဖြစ် လစဉ်မပျက်မကွက် ပေးသွင်းရမည်။ ပေးသွင်းသည့် ထည့်ဝင်ကြေးကို အလုပ်သမားများ၏ လုပ်ခ၊ လစာမှ ဖြတ်တောက်ခြင်း မပြုရ။

အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၇ အရ အလုပ်သမား အဖွဲ့အစည်းများသည် ယင်းတို့နှင့် သက်ဆိုင်သော ဖွဲ့စည်းပုံစည်း မျဉ်းများကိုရေးဆွဲရာတွင်လည်းကောင်း၊ ယင်းကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် လည်း ကောင်း၊ ယင်းတို့၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် လည်းကောင်း၊ ယင်းတို့၏ အစီအစဉ်များ ရေးဆွဲချမှတ်ရာတွင်လည်းကောင်း လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိ စေရမည်။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဆိုင်ရာ ဥပဒေများပါ အခွင့်အရေး များကို အလုပ်သမားများ ရရှိခံစားနိုင်ခြင်း မရှိပါက အလုပ်ရှင်နှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက် ခွင့်ရှိပြီး သဘောတူညီချက် မရရှိခဲ့ လျှင် သက်ဆိုင်ရာ ဥပဒေနှင့် အညီ အလုပ်ရှင်ထံ တောင်းဆို ခွင့်ရှိသည်။

- ပုဒ်မ ၁၈ အရ အလုပ်ရှင်က အလုပ်သမား တစ်ဦးဦးအား အလုပ်မှ ထုတ်ပယ်ရာတွင် ထိုသို့ အလုပ်မှ ထုတ်ပယ်သော အကြောင်းရင်းများသည် အလုပ်သမားအဖွဲ့အစည်း၀င်ဖြစ်မှု သို့မဟုတ် အလုပ်သမား အဖွဲ့အစည်းတွင် လုပ်ဆောင်မှုနှင့် သက်ဆိုင်လျှင်ဖြစ်စေ၊ အလုပ်သမား ဥပဒေများ နှင့် ညီညွတ်မှုမရှိ ဟု ယုံကြည်ရန် အကြောင်းရှိလျှင်ဖြစ်စေ အလုပ်သမားအဖွဲ့အစည်းသည် ထိုအလုပ်သမားအား အလုပ်ပြန်လည်ခန့်ထားပေးရန် သက်ဆိုင်ရာ အလုပ်ရှင်အား တောင်းဆို ခွင့်ရှိသည်။

- ပုဒ်မ ၁၉ အရ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုကို ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့က ဖြေရှင်းရာတွင် အလုပ်သမား ကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။

အလားတူ အဆင့်ဆင့်သော အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည့် ဖျန်ဖြေရေးခုံရုံးများသို့လည်း ကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။

- ပုဒ်မ ၂၀ အရ အလုပ်သမားဥပဒေများပါ အလုပ်သမားအခွင့်အရေး သို့မဟုတ် အကျိုးစီးပွားများနှင့် စပ်လျဉ်း၍ အစိုးရ၊ အလုပ်ရှင်နှင့် တောင်းဆိုသူ အလုပ်သမားတို့ ဆွေးနွေးရာတွင် အလုပ်သမားအဖွဲ့ အစည်း၏ ကိုယ်စားလှယ်များလည်း ပါဝင်ဆွေးနွေးခွင့်ရှိသည်။

- ပုဒ်မ ၂၁ အရ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဥပဒေများနှင့် အညီ အလုပ်သမားများ၏ စုပေါင်းအရေးဆိုမှုများကို ဖြေရှင်းရာတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

- ပုဒ်မ ၂၂ အရ အလုပ်သမားအဖွဲ့အစည်းများသည် အစည်းအဝေးများ ပြုလုပ်ခြင်း၊ သပိတ်မှောက်ခြင်းနှင့် စုပေါင်းအရေးဆိုခြင်းတို့ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ်က ချမှတ် ထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက် များနှင့်အညီ ငြိမ်းချမ်းစွာ ဆောင်ရွက်ရမည်။

အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၈ အရ မည်သည့်အလုပ်ရှင်မျှ တောင်းဆို တိုင်းကြားချက်နှင့် စပ်လျဉ်း၍ သတ်မှတ် ကာလ အတွင်း ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် ခိုင်လုံသော အကြောင်းမရှိဘဲ ပျက်ကွက်ခြင်း မရှိ စေရ။

- ပုဒ်မ ၃၉ အရ မည်သည့်အလုပ်ရှင်မျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က အငြင်းပွားမှု စစ်ဆေးနေစဉ် ထိုအငြင်းပွားမှု မစမီ တစ်ဆက်တည်းအချိန်က ချမှတ်ထားသော အလုပ်သမားများနှင့် သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းများကို ယင်းအလုပ်သမားများ၏ အကျိုးထိခိုက်စေရန် ရုတ်တရက် ပြောင်းလဲခြင်း မပြုရ။

- ပုဒ်မ ၄၀ အရ မည်သူမျှ အငြင်းပွားမှုတစ်ခုနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ဆွေးနွေးညှိနှိုင်းခြင်း၊ ဖျန်ဖြေရှင်းနှင့် ခုံစမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ခံယူခြင်းမပြုဘဲ အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ် မှောက်ခြင်း မပြုရ။

- ပုဒ်မ ၅၁ အရ အလုပ်ရှင်တစ်ဦးဦးသည် အငြင်းပွားမှုကို ဖြေရှင်းနေစဉ်အတွင်း လုံလောက်သော အကြောင်းမရှိဘဲ ကုန်ထုတ်လုပ်မှုကျဆင်းစေခြင်းဖြင့် အလုပ်သမား၏ အကျိုးခံစားခွင့် လျော့နည်းစေ ရန် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုကျူးလွန်လျှင် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က ဆုံးဖြတ်သည့် လျော်ကြေးငွေကို အပြည့်အဝပေးဆောင်ရမည်။ ယင်းငွေကို မြေခွန်မပြေ ကျန်ငွေကဲ့သို့အရ ကောက်ခံရမည်။

လူမှုဖူလုံရေးဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ ဖော်ပြထားသော လုပ်ငန်းဌာနများသည် အလုပ်သမားဝန်ကြီး ဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ သတ်မှတ်ထားသော အနည်းဆုံး အလုပ်သမားဦးရေနှင့်အထက် အလုပ်လုပ်ကိုင်ပါက ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များ အတွက် မှတ်ပုံတင် မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) တွင် လူမှုဖူလုံရေးရန်ပုံငွေတွင် ပါဝင်သော ရန်ပုံငွေများကို ဖော်ပြထားပါသည်။

- ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) အရ အလုပ်ရှင်သည် ဤဥပဒေအရ မိမိ၏ အလုပ်သမားက ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေကို ယင်း၏ လုပ်ခထဲမှ နှုတ်ယူပြီး မိမိက ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေ နှင့်အတူ သက်ဆိုင်ရာ လူမှုဖူလုံရေး ရန်ပုံငွေသို့ ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းရသည့် ကုန်ကျစရိတ်ကိုလည်း အလုပ်ရှင်က ကျခံရမည်။

- ပုဒ်မ ၄၈ အရ အလုပ်ရှင်သည် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်အတွက် မှတ်ပုံ မတင် မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော အလုပ်သမားများက အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်များ ရရှိစေရန် သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ပြီး အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေသို့ ထည့်ဝင်ကြေးငွေကို သတ်မှတ်ချက် များနှင့်အညီ ထည့်ဝင်၍ အာမခံထား ရှိရမည်။ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် အာမခံ စနစ်အတွက် မှတ်ပုံတင်မနေရ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်း မရှိသော အလုပ်သမား များအတွက် အလုပ်ရှင်များသည် မိမိတို့၏ဆန္ဒအလျောက်မှတ်ပုံတင်ပြီး အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်ရန်ပုံငွေသို့ သတ်မှတ်ထား သော ထည့်ဝင်ကြေးငွေကို ပေးသွင်းပြီး အာမခံထားရှိနိုင်သည်။ အလုပ်တွင်ထိခိုက်မှု အကျိုးခံစား ခွင့်အာမခံထားရှိရေးအတွက် မှတ်ပုံတင်သည့်အခါ အလုပ်သမားသည်ဆေးသက်သေခံ လက်မှတ် ကို တင်ပြရမည်။

- ပုဒ်မ ၄၉ တွင် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေသို့ အလုပ်ရှင်က မှတ်ပုံမတင်မနေရ မှတ်ပုံတင်၍ ဖြစ်စေ၊ အလုပ်ရှင်၏ ဆန္ဒအရ မှတ်ပုံတင်၍ ဖြစ်စေ ထည့်ဝင်ကြေးငွေ ပေးသွေးထား သော လုပ်ငန်းဌာနများ၏ အလုပ်ရှင်နှင့် အာမခံထားသူများသည် အလုပ်တွင် ထိခိုက်မှု အကျိုးခံစား ခွင့်နှင့်စပ်လျဉ်း၍ အလုပ်သမားလျော်ကြေး အက်ဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့် သက်ဆိုင် ခြင်း မရှိစေရ။ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်အတွက် အာမခံထားသူတို့သည် ဤဥပဒေပါ အလုပ်တွင်ထိခိုက် မှု အကျိုးခံစားခွင့်များကိုသာ ခံစားခွင့် ရှိစေရမည်။

- ပုဒ်မ ၇၅ အရ သက်ဆိုင်သည့် လုပ်ငန်းဌာနများ၏ အလုပ်ရှင်သည် -

(က) အောက်ပါ မှတ်တမ်းနှင့် စာရင်းများကို မှန်ကန်စွာ ပြုစုထားရှိပြီး သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည် -

(၁) အလုပ်သမား နေ့စဉ် အလုပ်တက်ဆင်း မှတ်တမ်းနှင့် စာရင်းများ၊

(၂) အလုပ်သမားအသစ်ခန့်ထားခြင်း၊ အလုပ်သမားအား အလုပ်ပြောင်းလဲ၍ အလုပ်လုပ်စေခြင်း၊ အလုပ်မှရပ်စဲခြင်း၊ အလုပ်မှ ထုတ်ပယ်ခြင်းနှင့် အလုပ်မှ နုတ်ထွက်ခြင်း မှတ်တမ်းများ၊

(၃) အလုပ်သမားအား ရာထူးတိုးမြှင့်ပေးခြင်းနှင့် လုပ်ခပေးခြင်း မှတ်တမ်းများ၊

(၄) အလုပ်ရှင်၊ မန်နေဂျာနှင့် အုပ်ချုပ်သူတို့၏ မှတ်တမ်းနှင့် စာရင်းများ၊ ယင်းတို့အပြောင်းအလဲမှတ်တမ်းများ။

(ခ) အောက်ပါကိစ္စများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ အကြောင်းကြားရမည်-

(၁) အလုပ်သမားဦးရေ ပြောင်းလဲခြင်းနှင့်လုပ်ငန်းဌာန နေရပ်လိပ်စာ ပြောင်းလဲခြင်းများ၊

(၂) အလုပ်ရှင်ပြောင်းလဲခြင်း၊ လုပ်ငန်းပြောင်းလဲခြင်း၊ အလုပ်ရပ်ဆိုင်းခြင်းနှင့် အလုပ်ပိတ်သိမ်းခြင်းများ၊

(၃) အလုပ်တွင်ထိခိုက်မှုကြောင့် ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းနှင့် ရောဂါရခြင်းများ။

(ဂ) အလုပ်မှတ်တမ်းနှင့် စာရင်းများကို ဤဥပဒေအရ လူမှုဖူလုံရေးရုံးချုပ်နှင့် ဒေသဆိုင်ရာ လူမှုဖူလုံရေးရုံး အဆင့်ဆင့်တို့က တာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့ သို့မဟုတ် အရာရှိက တောင်းဆိုသည့်အခါ တင်ပြရမည်။

အလုပ်သမားလျော်ကြေးအက်ဥပဒေ (၁၉၂၃) တွင် အလုပ်လုပ်နေစဉ် ထိခိုက်ဒဏ်ရာရထားသော အလုပ်သမားများအား လျော်ကြေးပေးခြင်းနှင့် ကုသပေးခြင်းတို့နှင့်စပ်လျဉ်း၍ အလုပ်ရှင်ဘက်မှ လုပ်ဆောင်ပေးရမည့် တာဝန်ဝတ္တရားများကို ဖော်ပြထားပါသည်။

လျှပ်စစ်ဥပဒေ (၂၀၁၄) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၅၉ အရ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၄၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်း အထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း

ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အန္တရာယ်ရှိသော ပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

Indian Explosives Act (1884) အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၅ တွင် ပေါက်ကွဲစေတတ်သော ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ကိုင်ဆောင်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့်တင်ပို့ခြင်းများအတွက် လိုင်စင်ရယူရမည်ဟု ထည့်သွင်းထားပါသည်။

- ပုဒ်မ ၇ (က) သည် ပေါက်ကွဲစေတတ်သော ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ကိုင်ဆောင်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့်တင်ပို့ခြင်းများအတွက် လိုင်စင်သတ်မှတ်မည်ဟု ညွှန်ကြားထားပြီး ယူဆပါက အစိုးရ သို့မဟုတ် ဒေသခံအုပ်ချုပ်ရေးမှူးများမှ မည်သည့်နေရာမဆို ဝင်ရောက်စစ်ဆေး စမ်းသပ်ပိုင်ခွင့်ကို အပ်နှင်းထားပါသည်။

Explosive Substance Act (1908) အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၃ တွင် လူအများအန္တရာယ်ဖြစ်နိုင်သည့် ပေါက်ကွဲစေသောပစ္စည်းများကို ရန်လိုမှု သို့မဟုတ် တရားမဝင် အသုံးပြုခြင်းမှ တားမြစ်ထားပြီး ထိုကဲ့သို့ အပြုအမူများအတွက် ပြစ်ဒဏ်များဖော်ပြထားပါသည်။

- ပုဒ်မ ၄ တွင် လူအများအန္တရာယ်ဖြစ်နိုင်သည့် ပေါက်ကွဲစေသောပစ္စည်းများကို ရည်ရွယ်ချက်ဖြင့် ရန်လိုမှု သို့မဟုတ် တရားမဝင် အသုံးပြုခြင်းမှ တားမြစ်ထားပြီး ထိုကဲ့သို့ အပြုအမူများအတွက် ပြစ်ဒဏ်များဖော်ပြထားပါသည်။

- ပုဒ်မ ၅ တွင် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှ သံသယရှိဖွယ် လုပ်ဆောင်မှုများအတွက် ပေါက်ကွဲစေနိုင်သောပစ္စည်းများ လက်ဝဲထားရှိခြင်းမှ တားမြစ်ထားပြီး ထိုကဲ့သို့အပြုအမူများအတွက် ပြစ်ဒဏ်များ ဖော်ပြထားပါသည်။

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (၂၀၁၇) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၉ အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများကို လိုင်စင်ထုတ်ပေးခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ လိုင်စင်များအတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လိုင်စင်လျှောက်ထားပုံ နည်းလမ်းများ၊ ခွင့်ပြုမည့် အာဏာပိုင်နှင့် စည်းကြပ်ရမည့် အခကြေး ငွေများကို သတ်မှတ်ခြင်း၊

(ဂ) ရေကြောင်းမှတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်းဆောင်ရွက်သည့် ရေယာဉ်နှင့် တွဲများအတွက် ဆိပ်ကမ်းများသတ်မှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ခြင်း၊

(ဃ) ရေနံနှင့်ရေနံထွက်ပစ္စည်းများကို ရေကြောင်းမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်း၊ ဖြန့် ဖြူးရောင်းချခြင်းများ ဆောင်ရွက်ရာတွင် ယိုဖိတ်မှုနှင့် မတော်တဆမှု ဖြစ်ပွားပါက တည်ဆဲ ဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ငါ) ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်းမှအပ ဖြစ်သည့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းဆောင် ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ် ခြင်း။

- ပုဒ်မ ၁၀ အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေနံနှင့် ရေနံ ထွက်ပစ္စည်း တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(က) သိုလှောင်ကန်နှင့် သိုလှောင်ရုံများအတွင် သိုလှောင်ခွင့် လိုင်စင်ထုတ်ပေးခြင်း၊

(ခ) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ် နှင့်တွဲများအတွက် သယ်ယူခွင့်ပြုမိန့်ကို ထုတ်ပေးခြင်း၊

(ဂ) ပုဒ်မခွဲ (က) ပါလိုင်စင်နှင့် ပုဒ်မခွဲ (ခ) ပါခွင့်ပြုမိန့်တို့အတွက် လျှောက်ထားရန် ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လျှောက်ထားပုံနည်းလမ်းများ၊ ခွင့်ပြုမိန့်အာဏာပိုင်နှင့် စည်း ကြပ်ရမည့် အခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဃ) သိုလှောင်ကန်နှင့် သိုလှောင်ရုံများ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင် သည့် မော်တော်ယာဉ်၊ ရေယာဉ်တွဲများရှိ သိုလှောင်ကန်များ၏ စံချိန်စံညွှန်း အရည်အ သွေးနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များကို သက်ဆိုင်ရာ ဝန် ကြီးဌာနများနှင့် ညှိနှိုင်းသတ်မှတ်ခြင်း။

- ပုဒ်မ ၁၁ အရ ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုး ပါရှိသည့် ထုပ်ပိုးထည့်သွင်း ပစ္စည်းအားလုံးတွင် တံဆိပ်နှိပ်ခြင်း၊ ဖောင်းကြွပုံဖော်ခြင်း၊ ဆေးဖြင့် ရေးသားခြင်း၊ ပုံနှိပ်ခြင်း တို့ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ အန္တရာယ်သတိပေးချက်ကို ဖော်ပြရမည်။ ထိုသို့ ဖော်ပြရန် မဖြစ်နိုင်ပါက ထုပ်ပိုးထည့်သွင်းပစ္စည်းအနီး၌ ဓာတ်ဆီ၊ အရက်ပျံ သို့မဟုတ် ရေနံ၏ ဘေးအန္တရာယ်ရှိသည့် သဘာဝကို သတိပေးသည့် အလားတူသတိပေးချက်ကို မြင်သာသည့် နေရာတွင် ထင်ရှားသော စာလုံးများဖြင့်ဖြစ်စေ၊ သင်္ကေတဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည်။

- ပုဒ်မ ၃၁ အရ လိုင်စင်ရရှိသူ မည်သူမျှ -

  (က) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက် တစ်ခုခုပါ မြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် တာဝန်ကို ပျက်ကွက်ခြင်း မရှိစေရ၊

  (ခ) ဘေးအန္တရာယ်ရှိသော ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးပါရှိသည့် ထုတ်ပိုးထည့်သွင်းပစ္စည်းနှင့် သယ်ယူပို့ဆောင်သည့်ယာဉ်နှင့် ပိုက်လိုင်းများတွင် ဘေးအန္တရာယ် အမှတ်အသား သတိပေးချက်များကို ထင်ရှားအောင် ရေးသားဖော်ပြခြင်းမပြုဘဲ သုံးစွဲခြင်း မပြု၊

  (ဂ) ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းကိုဖြစ်စေ၊ ဘေးအန္တရာယ်မရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းကိုဖြစ်စေ ဤဥပဒေပါ သတ်မှတ်ထားသည့် နည်းလမ်းများမှတစ်ပါးတင် သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြု၊

  (ဃ) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုများအပေါ် တာဝန်ခံမှုမရှိဘဲ ဆောင်ရွက်ခွင့် မရှိစေရ၊

  (င) စံချိန်စံညွှန်း၊ အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မှီမှုနှင့်ကင်းမှုမရှိသော ရေနံနှင့်ရေနံထွက် ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်း မပြု၊။

ကုန်လမ်းပို့ဆောင်ရေးနှင့် မော်တော်ယာဉ်များကို စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

မော်တော်ယာဉ် ဥပဒေ (၂၀၁၅) အရ မော်တော်ယာဉ်များအား မှတ်ပုံတင်ရန် လိုအပ်ပြီး သတ်မှတ်ထားသော ယာဉ်အမျိုးအစားပေါ်မူတည်ပြီး ယာဉ်မောင်းများမှ လိုင်စင်လျှောက်ထားရန် လိုအပ်ပါသည်။ ဤဥပဒေ၏ ရည်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

  (က) မော်တော်ယာဉ်များကို အများပြည်သူဆိုင်ရာနေရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်ပေးရန်၊

(ခ) မော်တော်ယာဉ် အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့် အရည်အချင်းများ ပြည့်မီမှု ရှိမရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်၊

(ဂ) လမ်းအသုံးပြုသူများသွားလာမှုလွယ်ကူချောမွေ့စေရန်နှင့်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုရန်၊

(င) မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ လျော့နည်းစေရေး ဆောင်ရွက်ရန်။

အရေးပေါ်အခြေအနေများတွင် တုံ့ပြန်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၂၅ အရ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင် အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့် အညီ-

(က) သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရန် ပျက်ကွက်ခြင်း မရှိစေရ။

(ခ) မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ထားရှိရန် ပျက်ကွက်ခြင်း မရှိစေရ။

သင့်လျော်သော ကျွမ်းကျင်ပညာရှင်များ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ (၂၀၁၃) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၂၀ အရ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် တစ်ခုခုကဖြစ်စေ၊ နည်းပညာကောလိပ်နှင့် နည်းပညာသိပ္ပံ တစ်ခုခုကဖြစ်စေ အပ်နှင်းသော နည်းပညာဘွဲ့ သို့မဟုတ် နည်းပညာဒီပလိုမာ ရရှိသူသည် ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သို့မဟုတ် နည်း ပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက် ထားရမည်။

- ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင် ကြေးပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်ပြီး ဘွဲ့ရနည်းပညာကျွမ်းကျင်သူ

မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက ဘွဲ့ရနည်း ပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အခါ ယင်းဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက် မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

- ပုဒ်မ ၂၂ အရ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ရရှိသူသည် မိမိ၏ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြို၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့ သတ်မှတ်ထားသည့် ကာလ ကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေး ပေးသွင်းပြီး လျှောက်ထားနိုင်သည်။

- ပုဒ်မ ၂၃ အရ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေ၍ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင် လက်မှတ်ကို သက်တမ်းတိုးပေးခြင်း သို့မဟုတ် ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

- ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များသတ်မှတ်၍မှတ်ပုံတင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင် အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်အင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော

မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များသတ်မှတ်၍ မှတ်ပုံတင် အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၂၆ အရ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ နည်းပညာတက္ကသိုလ်တစ်ခုခုကဖြစ်စေ အပ်နှင်းသော အင်ဂျင်နီယာပညာဆိုင်ရာဘွဲ့ရရှိသူသည်လည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းတစ်ခုခုက ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ် ရရှိထားပြီး ကောင်စီကသတ်မှတ်သည့် အရည်အချင်းပြည့်မီသူသည်လည်းကောင်း မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

- ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင် ကြေး ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေး ခြင်း သို့မဟုတ် ခွင့်မပြုပါက မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးသည့်အခါ ယင်းမှတ်ပုံတင် အင်ဂျင်နီယာလက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

- ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့ သည် အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင် ၍ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက် များ သတ်မှတ်ပြီး မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ ကိုယ်စားအလုပ်အမှု ဆောင်အဖွဲ့သည် သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်ပြီး မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသားအင်ဂျင်နီယာက မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ် အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့်အခြားစည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်

ကြေးပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးနိုင်သည်။ အင်ဂျင်နီယာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အာဆီယံ အပြန်အလှန်အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံများအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များက မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ် အမျိုးအစားနှင့်အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသောအချိန်ကာလနှင့်အခြားစည်းကမ်းများသတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့်နှစ်စဉ်ကြေးပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ်ထုတ်ပေးနိုင်သည်။

- ပုဒ်မ ၃၁ အရ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် -

  (က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

  (ခ) ကောင်စီက သတ်မှတ်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်၊

  (ဂ) မိမိပညာရပ်နှင့် သက်ဆိုင်သော သတ်မှတ်ထားသည့် အင်ဂျင်နီယာပညာနှင့် နည်းပညာလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ခွင့်ရှိသည်။

  (ဃ) မိမိရရှိထားသော သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်အရ မိမိအမည်နှင့် ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်နှင့်အညီ သုံးစွဲနိုင်ခွင့်ရှိသည်၊

  (င) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့် ရှိသည်၊

  (စ) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၅-၂ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ရန် လိုက်နာရမည့်အချက်များ။

ကျောက်စိမ်းတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေဖြင့် အခွင့်အာဏာပေးစည်းကမ်းထိန်းသိမ်းပါသည်။ ဒုတိယအကြိမ်ပြင်ဆင်ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေ

(၂၀၁၆) သည် ကျောက်စိမ်းတူးဖော်ခြင်းကြောင့် ဖြစ်သော ပတ်ဝန်းကျင်နှင့်လူမှုဘဝဆိုင်ရာ သက်ရောက်ထိခိုက်မှုများကိုစီမံခန့်ခွဲဆောင်ရွက်ရန် သတ်မှတ်ပေးထားပါသည်။

စာပိုဒ် ၃ (စ) တွင် ဥပဒေ၏ရည်ရွယ်ချက်များကို ဖော်ပြထားသည်။ *"ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရ"* ဖြစ်ပါသည်။

စာပိုဒ် ၁၆ (စ) တွင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူသည်

"အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊

အမိန့်နှင့် ညွှန်ကြားချက်များ ကိုလိုက်နာဆောင်ရွက်ရမည်" ဟုပါရှိသည်။ စာပိုဒ် ၁၆ (စ)၊ (ဈ) တွင်

"ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများထိခိုက်ပျက်စီးမှုမရှိစေရန်စီမံဆောင်ရွက်ရမည် "ဟုဖေါ်ပြပါရှိပါသည်။

စာပိုဒ် ၄၆ (က) တွင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်ရရှိသူသည် -

"ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်ကိုဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရန်နှင့်ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထား ဆောင်ရွက်ရမည် "ဟုပါရှိသောကြောင့်လိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။

ပုဒ်မ (၅၄) သည် သတ္တုတွင်းဝန်ကြီးဌာန အောက်ရှိ သတ္တုတွင်းဦးစီးဌာနနှင့်မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်ပြန်သော အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်လုပ်ထုံးလုပ်နည်းများအပေါ်တွင် လိုအပ်သလို လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ(၅၄)တွင် ပြဋ္ဌာန်းချက်များမှာ -

၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) သတ္တုတွင်းဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သတ္တုတွင်းဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သတ္တုတွင်းဝန်ကြီးဌာနနှင့်မြန်မာကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့သည် အမိန့်နှင့်ညွှန်ကြားချက်များကို သတ္တုတွင်းဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

ပတ်ဂန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅) တွင် စီမံကိန်းများနှင့် ၄င်းတို့၏ပတ်ဂန်းကျင်ဆိုင်ရာစီမံခန့်ခွဲခြင်းများအတွက် ပတ်ဂန်းကျင်နှင့်လူမှုဘဂထိခိုက်မှုဆန်းစစ်မှုများပြုလုပ်ရန် သတ်မှတ်ထားပါသည်။

နောက်ဆက်တွဲ (၁) တွင် ပတ်ဂန်းကျင်နှင့်လူမှုဘဂထိခိုက်မှုဆန်းစစ်ခြင်းကို မည်သည့်ထိခိုက်မှုဆန်းစစ်ခြင်းအမျိုးအစားနှင့် မည်သည့်ပတ်ဝန်ကျင်၊လူမှုရေးထိခိုက်မှုများအတွက် ဆောင်ရွက်ရမည်ကို စာရင်းပြုစုထားပါသည်။ အမှတ်စဉ် (၁၃၆) တွင် တန်ဖိုးရှိသော ကျောက်မျက်ရတနာ လုပ်ကွက် ဧရိယာ ၂၀ ဟက်တာ(20 ha) ထက်ငယ်ပြီး ၁နှစ်လျှင် ထုတ်လုပ်မှု တန်ချိန် ၅၀၀၀၀ အောက် ထုတ်လုပ်သော လုပ်ငန်းများအတွက် ကနဦးပတ်ဂန်းကျင်ဆန်းစစ်ခြင်း (IEE) ပြုလုပ်ရန်လိုအပ်သည်ဟု ဖော်ပြထားပါသည်။ သို့သော် ဧရိယာ ၂၀ ဟက်တာ(20 ha) နှင့်ညီမျှသော သို့မဟုတ် ထက်ကျယ်သောလုပ်ငန်းများ၊ ၁နှစ်လျှင် ထုတ်လုပ်မှုတန်ချိန် ၅၀၀၀၀ နှင့်အထက် ထုတ်လုပ်သော လုပ်ငန်းများသည် ပတ်ဂန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) လုပ်ဆောင် ရမည်ဟု သတ်မှတ်ထားပါသည်။

အကြီးစားကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများအတွက်"ကနဦးပတ်ဂန်းကျင်ဆန်းစစ်ခြင်း (IEE) သို့မဟုတ် ပတ်ဂန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (EIA)" လုပ်ဆောင်ရမည့်သတ်မှတ်ချက်များရှိပါသည်။ ထုတ်လုပ်သည့် ကျောက်စိမ်းပမာဏအပေါ်တွင် မူတည်၍ ပြောင်းလဲနိုင်ပါသည်။ အသေးစား၊ အလတ်စားနှင့်လက်လုပ်လက်စား ကျောက်တူးဖော်သည့်လုပ်ငန်းများအတွက် (IEE) နှင့်(EIA) ပြင်ဆင်ထားရန် မလိုအပ်သင့်ပါ။

သတ္တုတူးဖော်ခြင်းလုပ်ငန်းများသည် ပတ်ဂန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ စတင်ပြဋ္ဌာန်းမှုမပြုမီကပင် စတင်နှင့်ခဲ့ပြီးဖြစ်ရာ ပတ်ဂန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(EIA) စာပိုဒ် (၈) တွင် ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ပြင်ဆင်ရန်နှင့်ပတ်ဂန်းကျင်နှင့်လူမှုရေးရာဆန်းစစ်ချက်မှသတင်းအချက်အလက်ရယူရန် လိုအပ်သည်ဟု ဖော်ပြထားပါသည်။ ပတ်ဂန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) သည် သက်ဆိုင်ရာသတ္တုတွင်းတစ်ခုချင်းစီအတွက် သီးခြားသတ်မှတ်ပေးထားမည်ဖြစ်သည်။ ယခု ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)သည် ဇုန်တစ်ခု တည်းအတွက်သာပြင်ဆင်ထားခြင်းဖြစ်ပြီး ယင်းဇုန်အတွင်းရှိ လုပ်ကွက်အားလုံးအတွက် ပြင်ဆင်ရေးဆွဲခြင်းလည်းဖြစ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဂယ်ရေးလုပ်ငန်းနှင့်သတ္တုတွင်းဦးစီးဌာနသည် သတ္တုတွင်းဂန်ကြီးဌာန ၏ခွင့်ပြုမိန့်ဖြင့် အမိန့်များ၊ ညွှန်ကြားချက်များကို ထုတ်ပြန်ခွင့်ရှိသည်။ ပတ်ဂန်းကျင်နှင့်လူမှုဘဂအခြေအနေများ တိုးတက်မှုရှိစေရန်အတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဂယ်ရေးလုပ်ငန်းသည် သတိပေးလမ်းညွှန်ချက်များနှင့်ညွှန်ကြားစာ အသီးသီးကို ဖားကန့်/လုံးခင်းရတနာနယ်မြေအတွင်းရှိ ကုမ္ပဏီများသို့ ထုတ်ပြန်ပေးထားပြီဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဂယ်ရေးလုပ်ငန်း သို့မဟုတ် သတ္တုတွင်းဦးစီးဌာနသည် ပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို လက်ရှိလည်ပတ်နေသော တွင်းများ (သို့မဟုတ်)

ကျောက်စိမ်းတွင်းအသစ်များသို့ အမိန့်နှင့်လမ်းညွှန်ချက်များပြဋ္ဌာန်းပြီး အကောင်အ ထည်ဖော်ပေးနိုင်ရန် လိုအပ်ပါသည်။ (ပုံ- ၄.၁) တွင် လုပ်ငန်းအကောင်အထည်ဖော်ပေးနိုင်မည့် နည်းလမ်း (၃)မျိုးကို ဖော်ပြထား ပါသည်။

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၏ မာတိကာတွင်ပါဝင်သောအချက်များကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (EIA) စာအုပ်၏ စာပိုဒ်(၆၃)တွင် ဖော်ပြထားသည့်အတိုင်း ထည့်သွင်းထားပါသည်။ သတ္တုတွင်းဆိုင်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏ လမ်းညွှန်ချက် များကို သတ္တုတွင်းကဏ္ဍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၏ ညွှန်ကြားချက်မှတ်စုတွင် မှတ်သား ထားရန် လိုအပ်သည်။


၅-၃ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏ ရည်ရွယ်ချက်များ

ယခု ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၏ ရည်ရွယ်ချက်များမှာ-

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့် အတိုင်း မြန်မာ နိုင်ငံသားများ၏ မျှော်မှန်းချက်များနှင့် ရည်မှန်းချက်များအား ဖြည့်ဆည်းအကောင်အထည် ဖော် ဆောင်ရန်။
- လုံးခင်း/ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဘဝများအပေါ် ထိခိုက်သက်ရောက်မှုများအတွက် ရှေ့နောက်ညီညွတ်သော စီမံခန့်ခွဲမှုချမှတ် နိုင်ရန်။
- ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဘဝများအပေါ်တွင် ထိခိုက်သက် ရောက်မှုများအတွက်တိုင်းတာခန့်မှန်းချက်များပြဋ္ဌာန်းပေးနိုင်ရန်။
- လုံးခင်း/ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဘဝများအပေါ်တွင် ထိခိုက်သက်ရောက်မှုများအတွက် ပွင့်လင်းမြင်သာသော စီစဉ်လုပ်ဆောင် မှုချမှတ်နိုင်ရန်နှင့် မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်။

ဇယား

၅-၁။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ရန် လိုက်နာရမည့် စည်းမျဉ်းမူဘောင်



VALENTIS / coffey A TETRA TECH COMPANY	Date: 26.07.2017 Project: 754-DRWEN00015AA File Name: 00015_EMP01_F04.01_GRA	MGJEA Hpakant/Lonkin Gems Tract EMP	Legislative framework for implementation of EMP	Figure No: 4.1

AI Reference: 00015AA_EMP01_GRA007.ai_1

This page has been left intentionally blank

၆။ လက်ရှိပတ်ဝန်းကျင်အခြေအနေ

ဖားကန့်/လုံးခင်းဒေသအတွင်း ကျောက်စိမ်းတူးဖော်ခြင်းကို ၁၈၀၀ ခုနှစ် ဝန်းကျင်မှ စတင်ကာ မြန်မာဘုရင်များနှင့်ထိုဒေသ၏ ဒူးဝါး (Duwas/လူမျိုးခေါင်းဆောင်) များ အုပ်ချုပ်စီမံမှုများဖြင့် တူးဖော်ခဲ့ကြသည်။ ကျောက်စိမ်းကို အဓိကအားဖြင့် တရုတ်ပြည်သို့ရောင်းချပါသည်။ တရုတ်နိုင်ငံသည် ၁၉၀၀ ပြည့်လွန်နှစ်များအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသောကြောင့် ကျောက်စိမ်းလုပ်ငန်းကို မြန်ဆန်ကျယ် ပြန့်သွားစေခဲ့ပါသည်။ အစဉ်အလာရ ကျောက်စိမ်းတူးဖော်ခြင်းကို ဟင်းလင်းဖွင့်တူးဖော်ခြင်းစနစ်ကိုသာ သုံးခဲ့သော်လည်း ၁၉၉၀ နှစ်များတွင် အချို့ကျောက်စိမ်းကုမ္ပဏီများသည် မြေအောက်လိုဏ်ခေါင်းတူးဖော်ခြင်းစနစ်ကိုအသုံးပြုခဲ့ကြသည်။ (TANKS, ၂၀၁၆)။ တူးဖော်ပြီးသော သတ္တုတွင်းများကို ပိတ်သိမ်းခြင်း သို့မဟုတ် ပြန်လည်တည်ထောင်ခြင်းများ မပြုလုပ်ပဲ စွန့်ပစ်ထားခြင်း သို့မဟုတ် မြေစာပုံများအဖြစ် အသုံးပြုနေပါသည် (TANKS ၂၀၁၆)။ ဤနေရာတွင် ဆယ်စုနှစ်များစွာ သတ္တုတွင်းတူးဖော်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် ကျောက်စိမ်းတူးဖော်ခြင်းကြောင့် ပတ်ဝန်းကျင်အခြေအနေပျက်စီးမှုများရှိနေပြီးဖြစ်ပါသည်။

၆.၁ မြေမျက်နှာသွင်ပြင်နှင့် တည်နေရာ

ဖားကန့်/လုံးခင်းရတနာနယ်မြေသည် မြန်မာနိုင်ငံမြောက်ပိုင်း မွန္တလေးမြို့နှင့် ကီလိုမီတာ ၃၅၀ ခန့်အကွာ ဖားကန့်မြို့နယ်၊ မြစ်ကြီးနားခရိုင်၊ ကချင်ပြည်နယ်တွင် တည်ရှိပါသည်။ ဇုန် (၁) ၏တည်နေရာ ပထဝီအနေအထား ကိုဩဒိနိတ် (လောင်ဂျီတွဒ်နှင့်လတ္တီတွဒ်) များကို အောက်ပါ ဇယား (၆-၁) တွင်ဖော်ပြထားပါသည်။

ဇယား (၆-၁)။ ဇုန် (၁) တည်နေရာပြ ကိုဩဒိနိတ်များ

အမှတ်စဉ်	လောင်ဂျီတွဒ် (DMS)	လတ္တီတွဒ်(DMS)	လောင်ဂျီတွဒ် (DM)	လတ္တီတွဒ် (DM)
၁။	96° 21' 56.56" E	25° 40' 26.85" N	96° 21.943' E	25° 40.448' N
၂။	96° 15' 13.35" E	25° 40' 19.00" N	96° 15.223' E	25° 40.317' N
၃။	96° 15' 13.48" E	25° 42' 28.62" N	96° 15.225' E	25° 42.477' N
၄။	96° 17' 54.11" E	25° 44' 42.23" N	96° 17.902' E	25° 44.704' N
၅။	96° 21' 35.89" E	25° 44' 47.11" N	96° 21.598' E	25° 44.785' N
၆။	96° 22' 17.23" E	25° 43' 12.11" N	96° 22.287' E	25° 43.202' N

DMS – degrees, minutes and seconds; DM – degrees and decimal minutes

ဇုန် (၁) သည် ဖားကန့်/လုံးခင်းရတနာနယ်မြေ၏ မြောက်ပိုင်းတွင်တည်ရှိပြီး ဥရုချောင်း၏အနောက်ဘက်ရှိ ဇုန်များတွင် အကြီးဆုံး ဇုန်ဖြစ်ပါသည်။ ဥရုချောင်းသည် ချင်းတွင်းမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်ပြီး ဧရာဝတီမြစ်မှတဆင့် အန်ဒမန် ပင်လယ်ထဲသို့ စီးဝင်သွားပါသည်။ မှတ်စောက်သော တောင်စောင်းများနှင့် ကျဉ်းမြောင်းသော လှိုင်မြောင်များသည် ဥရုချောင်းမှ ရေဝေရေလဲ မြစ်ဝှမ်းများဆီသို့ ဖြန့်လျက်ရှိသည်။ မြေမျက်နှာပြင် အနိမ့်အမြင့်သည် ဥရုချောင်းမှ ၂၃၀ မီတာ မြစ်ဝှမ်းများဆီအထိ ဂ၆၀ မီတာ အဆင့်ဆင့်ရှိပါသည်။ ဤဇုန်အတွင်းတွင် ဥရုချောင်းသည် ကျောက်စိမ်းတူးဖော်မှုကြောင့်ပျက်စီးသွားသော ချောင်းလက်တက်များမှ ဖြတ်သန်းစီးဆင်းပါသည်။

ဤဇုန်သည် အခြားဇုန်များနှင့် နှိုင်းယှဉ်လျင် ကျောက်စိမ်းထုတ်လုပ်မှုများ ပိုမိုလုပ်ဆောင်သည်ကို တွေ့ရပါသည်။ ဆယ်စုနှစ်များစွာ တူးဖော်မှုများကြောင့် နေရာအတော်များများသည် တူးဖော်ပြီးစီးသွားပြီ ဖြစ်ပြီး အထူးသဖြင့် ဇုန် ၂ နှင့် ဆက်လျက်ရှိသော တောင်ဘက်ပိုင်းသည် ၄င်းလုပ်ငန်းစဉ်များကြောင့် ပိုမိုပျက်စီးမှုများရှိနေသည်ကို တွေ့ရသည်။

အကြီးစားတူးဖော်မှုများကြောင့် မီတာ ၂၅၀ ခန့် နက်သော တွင်းကြီးများဖြစ်လာပါသည်။ အချို့သောတွင်းနံရံများသည် မှတ်စောက်ပြီး ရေများဖြင့် ပြည့်ကာ သတ္တုတွင်း ရေကန်ကြီးများဖြစ်နေပါသည်။ မြေစာပုံများသည် မြေနေရာအတော်များများကို ဖုံးအုပ်ထားပါသည်။ အခြေချနေထိုင်မှုများနှင့်ရွာများသည် မြေစာပုံများအပါအဝင် သတ္တုတူးဖော်ခြင်းအတွက် မလိုအပ်တော့သည် နေရာများတွင် နေရာယူထားသည်ကို တွေ့ရသည်။ ဤဇုန်၏ မြောက်ဘက်နှင့် အနောက်ဘက်နေရာများသည် တူးဖော်ခြင်းမရှိသောကြောင့် ထိခိုက်ပျက်စီးမှုများမရှိပါ။ ဥရုချောင်း၏ အရှေ့ဘက်တွင် တူးဖော်မှုများမရှိပါ။ မြောက်နှင့်အနောက်ပိုင်းသည် ထိခိုက်မှုများမရှိသောကြောင့် ပျက်စီးမှုများမရှိ၍ မှတ်စောက်သောတောင်များနှင့် သစ်တောဖုံးလွှမ်းမှုအနည်းငယ်ရှိပါသည်။

၆-၂။ အထွေထွေဘူမိဗေဒ

မြန်မာနိုင်ငံသည် Burma Microplate နှင့်၄င်း၏အရှေ့ဖက်တွင်ရှိသော Shan-Thai Block တွင် တစ်စိတ်တစ်ဒေသပါဝင်နေပြီး အနောက်ဖက် Indian Plateနှင့် ထိစပ်နေပါသည်။ ၎င်းမြေထုချပ်ကြီးများ၏ မြေထုလုပ်ရှားမှုသွင်ပြင်လက္ခဏာကို Sunda Megathrust ဟုခေါ်သောမြေထုချပ်ကြီးနှစ်ခု ထိပ်တိုက်တိုက်မိရာမှဖြစ်ပေါ်လာသော မတ်စောက်တောင်တန်းကြီးများအသွင်အဖြစ်တွေ့ရပါသည်။ အိန္ဒိယမြေထုချပ်သည် မြောက်ဘက်လားရာအတိုင်း မြန်မာမြေထုချပ်အောက်သို့ တစ်နှစ်လျှင်ပျမ်းမျှ ၄၀ မှ ၆၀ မီလီမီတာ ခန့်စိုက်ဝင်ရွေ့ရှားနေပါသည်။ မြောက်ဘက်သို့ရွေ့ရှားနေသောအိန္ဒိယမြေထုချပ်သည် အလယ်ပိုင်းအန်ဒမန်ဇုန် (Andaman Zone) အား တွန်းအားသက်ရောက်နေပြီး အန်ဒမန်ဇုန်ကို တစ်နှစ်လျှင်ပျမ်းမျှ ၂၅ မှ ၃၀ မီလီမီတာ ခန့်နှုန်းဖြင့်ကွဲထွက်စေပါသည်။ စစ်ကိုင်းပြတ်ရွေ့ကြောင်းသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏ အဓိကမြေထုချပ် လုပ်ရှားပြောင်းလဲမှုသွင်ပြင်ဖြစ်ပြီး အချို့သောသက်ရောက်မှုများသည် အလယ်ပိုင်း အန်ဒမန်ဇုန် (Andaman Zone) ဒေသကိုတွန်းအားပေး ပွင့်ထွက်မှုများ ဖြစ်ပေါ်စေပါသည်။

မြန်မာနိုင်ငံအတွင်းရှိအဓိကဘူမိရုပ်သွင် ရုပ်ဖန်းလေးခုသည်အရေးပါသော မြေလွှာပြတ်ရွှေ့နှစ်ခုကြားတွင် တောင်မြောက်သွယ်တန်းလျက်ရှိပါသည်။ ၎င်းတို့မှာ အရှေ့မှအနောက်သို့ ရှမ်း-တနင်္သာရီရုပ်ဖန်းဒေသ၊ အလယ်ပိုင်း ချိုင့်ဝှမ်းဒေသ၊ အနောက်ဘက် တွန့်ခေါက်တောင်တန်းဒေသနှင့် ရခိုင်ကမ်းမြောင်ဒေသ တို့ဖြစ်ပါသည်။ ဖားကန့်/လုံးခင်းရတနာနယ်မြေသည် စစ်ကိုင်းပြတ်ရွှေ့ကြောပေါ်တွင်တည်ရှိပါသည်။ ဖားကန့်/လုံးခင်းရတနာနယ်မြေ၏ အထွေထွေဘူမိဗေဒ သွင်ပြင်လက္ခဏာများမှာ **(ပုံပြဇယား ၆-၁)** အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။

- မတ်စောက်တောင်ကုန်းတောင်တန်းများနှင့်ဆင်ခြေလျောများတွင်တွေ့ရသော Serpentinesed Peridotites ကျောက်များ။
- အနိမ့်ပိုင်းဆင်ခြေလျောများတွင်တွေ့ရသော Crystalline Schist ကျောက်များ။
- အနိမ့်ပိုင်းဆင်ခြေလျောနှင့်အရှေ့ဘက်သို့ဆက်လက်တည်ရှိနေသောချိုမှဝှမ်းများတွင်တွေ့ရသည့် စရစ်ဖြုန်း ကျောက်လွှာများ။
- တတိယယုဂ် (Tertiary) သက်တမ်းရှိအနည်ကျကျောက်များ၊ စတုတ္ထယုဂ် (Quaternary) သက်တမ်းရှိတွဲဆက်မှုမကောင်းသောကျောက်များနှင့်အရှေ့ဘက်ချိုမှဝှမ်းအတွင်းတွေ့ရှိရသော သက်နုနှုန်းမြေများ။

ဤဖုန်တွင်ယေဘုယျအားဖြင့် Quaternary သက်တမ်းရှိတွဲဆက်မှုမကောင်းသောကျောက်လွှာများသည် ဥရုစရစ်ဖြုန်းကျောက်လွှာအပေါ်တွင် ဖုံးအုပ်တည်ရှိနေပါသည်။ ဥရုစရစ်ဖြုန်းကျောက်လွှာအောက်တွင် တွေ့ရှိသည့် အောက်ခံကျောက်များသည် အချို့နေရာများတွင် မြေပြင်ပေါ်သို့ ပေါ်ထွက်လျက်ရှိပါသည်။

မူလကျောက်စိမ်းသိုက်များ(Primary Jadeite)ကိုဝေ့စ်လွန်မီးသင့်ကျောက် (Ultrabasic) များနှင့် တွဲဖက်၍ လွှာဖြတ်တိုး (Dyke) အတွင်းတွေ့ရှိရပြီး၊ Pleistoncene သက်တမ်းရှိ ဥရုစရစ်ဖြုန်းကျောက်များတွင် ကျောက်စိမ်းကို ကြွင်းစုသိုက်အဖြစ် တွေ့ရှိရပါသည်။ မူလကျောက်စိမ်းသိုက်အား ရာသီဥတုချေမွတိုက်စားခြင်းကြောင့် ရွှေ့ရှားတည်ရှိနေသော ကျောက်စိမ်း (Secondary Jadeite) များကို ဥရုစရစ်ဖြုန်းကျောက်လွှာနှင့် နှုန်းမြေသိုက်များတွင် တွေ့ရှိရပါသည်။ ယင်းကျောက်စိမ်းများသည် ကျောက်လုံးကြီးများ၊ လုံးချောသောကျောက်စိမ်းများနှင့် လုံးချောမှု အားကောင်းသောကျောက်စိမ်းတုံးများအနေဖြင့် လုံးခင်း/ဖားကန့် ရတနာနယ်မြေအတွင်း အဓိကကျောက်စိမ်း ထုတ်ထုပ်မှုနေရာအဖြစ်တွေ့ရပါသည်။ အကြီးစားနှင့်အလတ်စား ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကို ဥရုစရစ်ဖြုန်းကျောက်များအတွင်း ပိုမိုနက်ရှိုင်းသော ကျောက်စိမ်းသိုက်များအဖြစ် အဓိကထားတူးဖော်ကြပြီး အသေးစားနှင့်လက်လုပ်လက်စားတူးဖော်သူများမှာ ကျောက်စိမ်းပါဝင်သော နှုန်းမြေသိုက်များကို တူးဖော်ကြပါသည်။ လွှာဖြတ်တိုး(Dyke)နှင့် ဥရုစရစ်ဖြုန်းကျောက်လွှာတို့တွင် တွေ့ရသော ကျောက်စိမ်းဖြစ်တည်မှုကို ဖြတ်ပိုင်းပုံ (ပုံပြဇယား ၆-၂) တွင်ဖော်ပြထားပါသည်။

၆-၃ ရာသီဥတု၊ လေအရည်အသွေးနှင့် ဆူညံသံ

ဤဒေသသည် နွေးသမဝိုင်းရာသီဥတုဖြစ်ပြီး အပူဝိုင်းနှင့်အပူလျော့ဝိုင်းဒေသနှင့်ကပ်လျက်ရှိသည်။ ခြောက်သွေ့ရာသီ (ပွင့်လင်းရာသီ) သည် နိုဝင်ဘာလမှ ဧပြီလအထိဖြစ်ပြီး စိုစွတ်ရာသီသည် မေလမှ အောက်တိုဘာလ အထိဖြစ်ပါသည်။ အပူချိန်မှာ တစ်နှစ်ပတ်လုံးပူပြီး ဒီဇင်ဘာလနှင့် ဖေဖော်ဝါရီလတို့တွင် အပူချိန်လျော့နည်းပါသည်။

မြစ်ကြီးနားမြို့သည် ဖားကန့်မှ ၁၂၀ ကီလိုမီတာအကွာ အရှေ့ဖက်တွင် တည်ရှိပြီး ၄င်း၏မိုးလေဝသအချက်အလက်များကို **ဇယား ၆-၂** တွင် ဖော်ပြထားပါသည်။ ဒေသန္တရအခြအနေများသည် ယေဘု ယျအလား အလာအားဖြင့် တူညီမှုရှိပါသည်။ အမြင့်ဆုံးအပူချိန်သည် မတ်လနှင့် အောက်တိုဘာလအကြား တွင်ရှိပြီး ပျမ်းမျှအပူချိန်မှာ ၃၀ ဒီဂရီဆယ်လ်ဆီးရက်စ်ဖြစ်ပါသည်။ အေးမြသော နိဝင်ဘာနှင့် မတ်လကြားတွင် အနိမ့်ဆုံးအပူချိန်သည် ၁၀ ဒီဂရီမှ ၁၆ ဒီဂရီ ကြားတွင်ရှိပါသည်။ စိုစွတ်ရာသီတွင် မိုးရေချိန် ၉၀% အထက်ရှိပြီး ဇွန်လနှင့် ဇူလိုင်လများတွင် မိုးရေချိန် အမြင့်ဆုံးဖြစ်သည်။


လေအရည်အသွေးသည် အများသောအားဖြင့် သတ္တုတူးဖော်ခြင်းလုပ်ငန်းများအပေါ် မူတည်နေပါသည်။ ယာဉ်များသွားလာခြင်း၊ လွန်တူးခြင်းနှင့်ဖောက်ကွဲခြင်း တူးဖော်ခြင်းနှင့် မြေစာပုံများစွန့်ပစ်ခြင်းများကြောင့် ထွက်လာသောဖုန်မှုတစ်ဆင့် လေအရည်အသွေးကို ထိခိုက်စေပါသည်။ ၄င်းလေအရည်အသွေးသည် ဖုန်ဖြစ်ပေါ်စေသော ခြောက်သွေ့ရာသီ ပူပြင်းသည့်အချိန် အပေါ်ယံမြေလွှာများကို တူးဖော်ခြင်းနှင့်၄င်းကို သယ်ယူပို့ဆောင်သည့်လမ်းများမှ ဖြစ်ပေါ်စေပါသည်။ ဖုန်မထစေရန် ရေကို အသုံးပြုပြီး ဖုန်သိပ်စေပါသည်။

ဆူညံသံနှင့် တုန်ခါမှုများသည် သတ္တုတူးဖော်ခြင်းလုပ်ငန်းများမှ အများအားဖြင့် ဖြစ်ပေါ်စေပါသည်။ အဓိက ဆူညံသံဖြစ်ပေါ်သော ရင်းမြစ်များမှာ သတ္တုတွင်းသုံး ယန္တရားများများ (မြေတူးစက်နှင့်လွန်တူးစက်များ) မြေသယ်ယာဉ်များနှင့် မိုင်းခွဲခြင်းများဖြစ်ပါသည်။ မိုင်းခွဲခြင်းကို တစ်ရက်လျင် ၃ ကြိမ် ခွင့်ပြုထားပါသည်။ (၇း၀၀၊ ၁၁း၀၀၊ နှင့် ၄း၀၀ နာရီတို့ဖြစ်ပါသည်)။ သို့သော် ဖောက်ကွဲသံများကြားပြီး သတ်မှတ်ထားသောအချိန် ပြင်ပဖြစ်ပါက သတင်းပို့အကြောင်းကြားရမည်။ လက်ရှိတွင် သတ္တုတွင်းလုပ်ကိုင်သူများမှ သီးခြားသတ်မှတ်ထားသော ဆူညံသံနှင့် တုန်ခါမှု စီမံခန့်ခွဲမှုများကို လိုက်နာလုပ်ဆောင်ခြင်းများ မရှိပါ။

ဇယား ၆-၂။ မိုးလေဝသဆိုင်ရာ အချက်အလက်များ (မြစ်ကြီးနား)

လ	ဇန္နဝါရီ	ဖေဖော်ဝါရီ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်တင်ဘာ	အောက်တိုဘာ	နိုဝင်ဘာ	ဒီဇင်ဘာ	နှစ်
အမြင့်ဆုံး အပူချိန်	၃၂	၃၆.၁	၄၁.၃	၄၂.၂	၄၂.၅	၄၁.၅	၃၉.၅	၃၉.၆	၃၈	၃၆.၃	၃၄.၇	၂၉.၈	၄၂.၅
ပျမ်းမျှ အမြင့်ဆုံး အပူချိန်	၂၄.၂	၂၆.၇	၃၀	၃၃.၃	၃၂.၇	၃၀.၆	၃၀	၃၀.၆	၃၁.၂	၃၀.၃	၂၇.၄	၂၄.၆	၂၉.၃
ပျမ်းမျှ အနိမ့်ဆုံး အပူချိန်	၁၀.၃	၁၂.၇	၁၆.၄	၁၉.၅	၂၂.၃	၂၄.၁	၂၄.၂	၂၄.၃	၂၃.၄	၂၁.၁	၁၆	၁၁.၆	၁၈.၈
အနိမ့်ဆုံး အပူချိန်	−၀.၁	၃.၄	၄.၈	၉.၉	၁၂.၅	၁၆.၄	၁၈.၅	၁၉	၁၅.၆	၉.၄	၅.၃	၂.၁	−၀.၁
ပျမ်းမျှ မိုးရေချိန် (မီလီမီတာ)	၈	၁၈	၂၆	၄၆	၁၅၉	၅၃၅	၅၁၃	၄၁၁	၂၈၅	၁၅၈	၂၈	၉	၂၁၉၆


ပုံ ၆.၁။ ဖားကန့်/လုံးခင်း ရတနာနယ်မြေ၏ ဘူမိဗေဒ အနေအထား



VALENTIS / coffey A TETRA TECH COMPANY	Date: 26.07.2017 Project: 754-DRWEN00015AA File Name: 00015_EMP01_F05.01_GRA	MGJEA Hpakant/Lonkin Gems Tract EMP	Geology of Hpakant/Lonkin Gems Tract	Figure No: 5.1

AI Reference: 00015AA_EMP01_GRA008.ai_1

ပုံ ၆.၂ ။ ဥရုစရစ်ဖြန်းကျောက်လွှာတွင်း ကျောက်စိမ်းဖြစ်တည်မှု



VALENTIS / coffey (A TETRA TECH COMPANY)	Date: 28.07.2017 Project: 754-DRWEN00015AA File Name: 00015_EMP01_F05.02_GRA	MGJEA Hpakant/Lonkin Gems Tract EMP	Occurrence of jadeite in Uru Boulder Conglomerate	Figure No: 5.2

AI Reference: 00015AA_EMP01_GRA009.ai_2

၆-၄။ ဂရ


ဖားကန့်/လုံးခင်းရတနာနယ်မြေသည်ချင်းတွင်းမြစ်ဂွမ်းဒေသတွင်တည်ရှိပြီး စတုရန်းကီလိုမီတာ ၁၁၀,၃၅၀ ကျော် ကျယ်ဝန်းသည်။ ထိုမြစ်ဂွမ်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအားဖြင့် မီတာ ၃၈၀ အမြင့်ရှိ ကချင်ကုန်းမြေမြင့်တွင် မြစ်ဖျားခံပြီး ကီလိုမီတာ ၉၀၀ အကွာအဝေး၊ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၆၀ အမြင့်တွင် ဇရာပတီမြစ်နှင့် ပေါင်းဆုံသွားသည်။ မြစ်ဂွမ်းဒေသ၏ ၉၀ရာခိုင်နှုန်းသည် သစ်တောထူထပ်ရာဒေသဖြစ်သည်။

ဥရုချောင်းသည် ဖားကန့်/လုံးခင်းရတနာနယ်မြေကို နှစ်ပိုင်းပိုင်းဖြတ်ထားသည်။ ဥရုချောင်းသည် ချင်းတွင်းမြစ်၏ အဓိကမြစ်လက်တက်ဖြစ်ပြီး ၎င်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံးမြစ်ဖြစ်သော ဇရာပတီမြစ်အတွင်းသို့ စီးဝင်သည်။ ဟူးကောင်းချိုင့်ဂွမ်းဒေသသည် ဥရုချောင်း၏မြစ်ဖျားခံရာအစဖြစ်သည်။ ထိုနေရာမှ တဆင့် ဥရုချောင်းသည် အနောက်တောင်လားရာအတိုင်းစီးဆင်းပြီး စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းအနီးရှိ ချင်းတွင်းမြစ်နှင့်ပေါင်းဆုံသည်။ ဖားကန့်/ လုံးခင်းရတနာနယ်မြေသည် ချင်းတွင်းမြစ်၏ မြစ်ဖျားတွင်ရှိသည်။

ဇုန် (၁) သည် ချင်းတွင်းမြစ်နှင့်ဇရာပတီမြစ်၏ ရေဝေရေလဲနေရာတွင် တည်ရှိပြီး ၎င်းချိုင့်ဂွမ်းအမျိုးမျိုးကို ဖြတ်၍ ဖြစ်ပေါ်လာသော ဥရုချောင်းအတွင်းသို့မြောက်အရပ်နှင့်တောင်အရပ်ရှိ ကုန်းစောင်းများမှစီး ဆင်းသည်။ ရေလမ်းကြောင်းအကြီးဆုံးဖြစ်သော ဥရုချောင်းသည် ဇုန်(၁)၏ အရှေ့ဘက်နယ်နိမိတ်မှ မီတာ ၁၀၀ မှ ၇၀၀ အကွာအဝေးတွင် မြောက်မှတောင်သို့လမ်းကြောင်းအတိုင်းစီးဆင်းသည်။ (ပုံ-၆-၃) ပို၍သေးငယ်သော ချောင်းလက်တက်နှစ်ခုလည်း ဤဇုန်ကိုဖြတ်၍စီးဆင်းသည်။ ဆန်ခါချောင်းနှင့် နမ့်ဆမ်ချောင်း (the Sankha Chaung and Nam Sam Stream) သည် အရှေ့မှအနောက်သို့စီးဆင်းသည်။ ထိုရေလမ်းကြောင်းနှစ်ခုလုံးသည် ဥရုချောင်းသို့မရောက်မီ သတ္တုတူးဖော်ရေးလုပ်ကွက်သို့ဖြတ်သန်းစီးဆင်းသည်။ ထိုချောင်းလက်တက်နှစ်ခုသည် ခဏတာဖြစ်ပေါ်ပြီး မိုးရာသီ၌သာရေစီးဆင်းမှုရှိသည်။ ဤဇုန်အတွင်းရှိ ရေလမ်းကြောင်းများသည် အထူးပြုပြင်တည်ဆောက်ထားခြင်းဖြစ်ပြီး ၎င်းသည် ယခင် သတ္တုတွင်းနေရာများ၊ လက်ရှိသတ္တုတူးဖော်နေဆဲနေရာများ၊ တဲအိမ်စုများနှင့်ရွာများအတွင်း တည်ရှိသည်။

ရေစီးကြောင်းလမ်းလွှဲရန်အတွက် ဥရုချောင်းကမ်းပါးပေါ်တွင် ရေအထိန်းများ တည်ဆောက်ထားသည်။ (သရုပ်ပြပုံ ၆-၁) မိုးရာသီမတိုင်မီ ရေလမ်းကြောင်းရှိ ယာယီ ချောင်းကူးတံတားနှင့်မြေဆီလွှာတိုက်စား ခံရခြင်းနှင့်နှန်းအနည်ကျခြင်းမှ ထွက်ပေါ်လာသော ပစ္စည်းအပိုင်းအစများကို ရှင်းလင်းထားရသည်။ ယခင်က အချို့ဟင်းလင်းဖွင့်တူးဖော်သောသတ္တုတွင်းများသည် ရေလှျံခဲ့ဘူးသော်လည်း ယခုအခါတွင်မူ အမြဲ ရေများဖြင့် ပြည့်နေသည်။ ဇုန် (၁) အတွင်း တည်ဆောက်ထားပြီးသော ရေကာတာများမရှိသေးပါ။ အချို့သတ္တုတွင်းဟောင်းများမှ ရေများကို စုပ်ထုတ်ပြီး အနီးပတ်ဝန်းကျင်တွင် စွန့်ပစ်ကြသည်။

ပုံပြဇယား ၆-၃ ရေဝေရေလဲနှင့် ရေအရည်အသွေး နမူနာကောက်ယူခဲ့သော နေရာများ



Source:
Zones and sampling sites from Valentis. Place names from MIMU.
Elevation and watercourses from EVG (50k)
Catchment boundary created by Coffey from EVG (50k) data.

MGJEA = Myanmar Gems and Jewellery Entrepreneurs Association

VALENTIS

coffey
A TETRA TECH COMPANY

Date: 25.07.2017
Project: 754-DRWEN00015AA
File Name: 00015_EMP01_F005.3_GIS

MGJEA

Hpakant/Lonkin Gems Tract EMP

Catchments and water quality sites

Figure No: 5.3

MXD Reference: 00015_EMP01_GIS\003_v0_2



Source: Valentis

မှတ်တမ်းဓာတ်ပုံ ၆-၁။ ဥရုချောင်းဘေးရှိ တည်ဆောက်ထားသော မြေထိန်းနံရံ

မြေဆီလွှာတိုက်စားခံရခြင်းနှင့်အနည်ကျခြင်းတို့ကို ထိန်းချုပ်ပေးနိုင်သည့် ဆောင်ရွက်ချက်များမတွေ့ရသေးပါ။ ရေဝေရေလဲမှ လျှံကျလာသောရေတို့သည် ပုံမှန်အားဖြင့် ဟင်းလင်းပွင့်သတ္တုတွင်းများထဲသို့ စီးဝင်ခြင်းသို့မဟုတ် ထိခိုက်ပျက်စီးနေသော မြေမျက်နှာပြင်ကို တိုက်စားပြီး ဖြန့်၍ ရေလမ်းကြောင်းများအတွင်းသို့ စီးဆင်းသည်။ သတ္တုတွင်းဆင်ခြေလျှောများ၏ အထက်ပိုင်းတွင် ရေနတ်မြောင်းများဆောက်လုပ်ထားခြင်းကိုလည်း မတွေ့ရပါ။ ဥရုချောင်းနှင့် ၎င်း၏ချောင်းလက်တက်နှစ်ခုတွင် ပျော်ဝင်နိုင်အနယ်ပါဝင်မှုအဆင့်မြင့်ပြီးနှင့်အခြားပြန့်ကျဲနေသောအစနပစ္စည်းများအမြောက်အများရှိနေသည်ကို တွေ့ရှိရပြီး ရေလမ်းကြောင်းများထဲသို့ တစ်စိမ့်စိမ့်ဝင်ရောက်နေသည်ကို တွေ့ရပါသည်။ ဖားကန့်/လုံးခင်းဒေသမှ စီးဆင်းလာသော အနည်ထုများသည် မြစ်ကြေပိုင်းရှိ ချင်းတွင်းမြစ်အတွင်းသို့ရောက်ရှိသွားပြီး ချင်းတွင်းမြစ်နှင့်ဥရုချောင်းအတွင်းရှိ ရေနေသတ္တဝါများနှင့်ရေအသုံးချသူများကို ထိခိုက်စေပါသည်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (DWIR) သည် ဥရုချောင်းအတွက် Master Plan စီမံချက်တစ်ခုကို ရေးဆွဲထားပြီးဖြစ်ပါသည်။ ၎င်းစီမံချက်တွင် မြစ်ကြောင်းတစ်လျှောက် အသေးစိတ်အချက်အလက်များကို ထည့်သွင်းထားပြီး DWIR မှ မြစ်ကြောင်းတစ်လျှောက်ရေစီးဆင်းမှုကောင်းမွန်စေရန် လုပ်ဆောင်ရမည်များကို အဆိုပြုထားပါသည်။ ၎င်းတို့တွင် ရေလမ်းကြောင်းအတွင်းသွားလာနိုင်ရန် သောင်ခုတ်ခြင်း၊ မြစ်ရေစီးဆင်းမှုကို လေ့ကျင့်ခြင်းနှင့်မြစ်ကမ်းပါးများကာကွယ်ခြင်းတို့ ပါဝင်ပါသည်။ ၎င်းစီမံချက်သည် ဇုန် (၁၀) မှ မြေကြေပိုင်း (၄၀) ကီလိုမီတာခန့်၊ ဥရုချောင်း၏ မြစ်ကြေပိုင်းအတွက် ဖြစ်ပါသည်။

ဒေသခံများမှ စွန့်ထုတ်လိုက်သော ရေဆိုးနှင့် မိလ္လာအညစ်အကြေးတို့ကို မြောင်းမှတစ်ဆင့် စွန့်ပစ်ရာကန်တွင် စွန့်ထုတ်ပြီး ထိုမှတစ်ဆင့်ရေလမ်းကြောင်းများတွင်စွန့်ပစ်သည်။ အိမ်တွင်းအမှိုက်သရိုက်များကိုလည်း

ရေလမ်းကြောင်းများသို့ တိုက်ရိုက်စွန့်ပစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ လက်လုပ်လက်စားနှင့်အကြီးစား သတ္တုတွင်းတူးဖော်ခြင်းတို့မှမြေစာများကို ရေလမ်းကြောင်းများအတွင်းသို့ တိုက်ရိုက်စွန့်ပစ်မှုကြောင့် ရေလမ်းကြောင်းများ အလွန်အမင်း ယိုယွင်းပျက်စီးလာသည်။

လက်တွေ့ကွင်းဆင်းစဉ်အတွင်း ကောက်ယူရရှိလာသော (In-situ) ရေအရည်အသွေး သတ်မှတ်ချက်များကို ဇယား ၆-၂ တွင်ဖော်ပြထားပါသည်။ ဇုန် (၁) အတွင်းရှိ နမူနာစစ်တမ်းတို့သည် အမြုပ်နှင့်အမှိုက်သရိုက်တို့သည် အခြေအနေသုံးသပ်ရန် မျက်မြင်သက်သေပင်ဖြစ်သည်။ (ပုံ ၆-၃ ကို ကြည့်ရန်) ဖားကန့်/လုံးခင်းရတနာနယ်မြေမှ ရေနမူနာတို့တွင် မြင့်တက်လာသော စုပုံနှန်းအနယ်များနှင့်သတ္တုတူးဖော်ရေးကြောင့်ဖြစ်ပေါ်လာသော အကျိုးဆက် အထောက်အထားတို့ကို လေ့လာတွေ့ရှိနိုင်သည်။

ကူးသန်းသွားလာရေးပြုလုပ်နိုင်ရန် ရေလမ်းကြောင်းများတစ်လျှောက်တွင် ယာယီချောင်းကူးတံတားများကို တည်ဆောက်ထားပါသည်။ ဇုန် (၁) ရှိဆန်ခါချောင်းတွင် ခံဝန်အားနည်းယာဉ်နှင့် ဝန်မဲ့ကုန်တင်ယာဉ်များဖြတ်ရန် ချောင်းကူးတံတားတည်ဆောက်ထားသည်။ (မှတ်တမ်းပုံ - ၆.၂) နှစ်စဉ်မေလ ၁၅ ရက်နေ့တွင် ယာယီချောင်းကူးတံတားများကိုဖျက်သိမ်းရန် အသိပေးထားပါသည်။ အချို့ရေလွှဲများနှင့် အသေးစားရေလမ်းကြောင်းများဖယ်ရှားခြင်းများ ပြုလုပ်ထားပြီးသည်ကို တွေ့ရပါသည်။

ဥရုချောင်းနှင့်ဂွင်းဇီချောင်းလက်တက်များသည် မိုးရာသီတွင် အရှိန်ပြင်းစွာစီးဆင်းမှုကြောင့် ဇုန်၏ မြစ်အောက်ပိုင်းမြေနိမ့်ဒေသတွင် ရေလွှမ်းမှုများ တွေ့ကြုံရသည်။ ဇုန် ၁ အတွင်း ဆိုးရွားသည့် ရေလွှမ်းမှုရှိသည်ဟု သတင်းရရှိထားခြင်းမရှိသော်လည်း လျှံကျရေများသည် ဥရုချောင်း၏မြစ်အောက်ပိုင်းဒေသများတွင် မိုးရာသီအတွင်း ရေစီးနှုန်းမြင့်ခြင်းကြောင့် အကျိုးဆက်များ ဖြစ်လာနိုင်သည်။

ဤဇုန်အတွင်းရှိ သတ္တုတွင်းများသည် မြေအောက်ရေကြောမ်းပြင်ကို ပိုင်းကန့်ထားပြီး ဟင်းလင်းဖွင့်သတ္တုတွင်းမှ ရေတို့ကိုတွင်းမှ စုပ်ထုတ်ပြီး ရေလမ်းကြောင်း (သို့) ရေနုတ်မြောင်းများဖြင့် စွန့်ထုတ်ပါသည်။

ဇယား ၆-၃ ။ ဇုန် (၁) ရှိ ရေ အရည်အသွေး စစ်ဆေးမှု ရလဒ်။

တည်နေရာ	လတ္တီတွဒ်	လောင်ဂျီတွဒ်များ	ရေလမ်းကြောင်းများ နှင့် တည်နေရာ	pH	Temp (°C)	EC (µS/cm)	DO (mg/L)	DO (% sat.)	တည်နေရာ အခြေအနေ
SHH01	25° 41' 11.67" N	96° 20' 40.01" E	ဆန်ခါ (၁) ဇုန် (၁) မှ စွန့်ထုတ်ရေများ မြစ်ကြေပိုင်းသို့စီး ဆင်းသည်။	8.24	32.1	161	5.8	83	အချို့ရေများသည် မြစ် ညာ ပိုင်းတွင် မြစ်ကမ်း ပါး တစ်လျှောက် အမှိုက် များ ပိတ်ဆို့နေပြီးချောင်း ငယ်များသည် လမ်းနှင့် အပြိုင်စီးဆင်း သည်။
URU01	25° 42' 32.19" N	96° 21' 18.14" E	ဥရုချောင်း၊ ဇုန် (၁ မှ ၈) နှင့် ၁၀ ပိုင်း၏ မြစ် ညာပိုင်း။	8.25	25.8	127	5.8	72	လမ်းအနီးတွင် ဒေသခံ ပရဟိတ အဖွဲ့ (Green Land) သည် ချောင်းကို ရှင်းပြီး ကမ်း ထိန်းနံရံကို ကျောက်တုံး များဖြင့် တည်ဆောက်ထားပါသည်။ ရေမျက်နှာပြင်ပေါ်မှာ အမြှုပ်များတွေ့ရသည်။
URU02	25° 39' 6.43" N	96° 21' 22.02" E	ဥရုချောင်း၊ ဇုန်း (၁) နှင့် (၂) ၏ အောက် ပိုင်း၊ ဇုန် (၃) မှ (၉) နှင့် ၁၀ အထက်ပိုင်း။	8.23	29.9	152	5.32	80	လူအများနေထိုင်ရာ နေရာ၊ မြစ်ကမ်းပါးတစ်လျှောက် အမှိုက်များနှင့်ရေချိုးသည့် နေရာ။
URU03	25° 36' 39.21" N	96° 18' 36.31" E	ဥရုချောင်း၊ ဇုန်း (၁) မှ (၅) အောက်ပိုင်း၊ ဇုန် (၆) မှ (၈) နှင့် ၁၀ အထက်ပိုင်း။	6.89	29	168	8.1	102	ချောင်းအတွင်းမှ နန်းဆယ် ခြင်း တံတားအနီး အမှိုက် စွန့်ပစ်ထား၊ လူအများ နေထိုင်ရာနေရာ တွင် အမှိုက်များရှိ၊ ကမ်းပါးများ တွင် မြက်ပင်များပေါက် ရောက်။
URU04	25° 35' 6.81" N	96° 15' 58.21" E	ဥရုချောင်း၊ ဇုန် (၇) နှင့် (၈) အကြား ရှိ တာတမံ၏ အထက် ပိုင်း၊ ဇုန် (၁) မှ (၆) အောက်ပိုင်းနှင့် ဇုန် (၁၀) ၏ အထက်ပိုင်း။	7.15	28.7	192	6.5	85	ခြောက်သွေ့ရာသီတွင်အသုံးပြုသည့် ယာယီတံတားများ၊ရေစီးဆင်းမှုကောင်း စေရန် ချောင်းအတွင်း သောင်တူးခြင်း ရှိသည်။ အမှိုက်များတွေ့ရသည်။
URU05	25° 35' 7.05" N	96° 15' 57.66" E	ဥရုချောင်း၊ ဇုန် (၇) နှင့် (၈) အကြားရှိ တာတမံ၏အောက် ပိုင်း။ ဇုန် (၁) မှ (၆) အထိ အောက်ပိုင်း၊ ဇုန် (၁၀) ၏ အထက်ပိုင်း။	7.41	30.7	221	6.9	93	ဇုန် (၇) အနီးတွင် ရေစွန့် ထုတ်သည့် နေရာရှိသည်။ (ရွံ့ရေ)။ အမှိုက်များ တွေ့ရသည်။
URU07	25° 29' 36.68" N	96° 5' 59.36" E	ဥရုချောင်း၊ ဇုန် (၁၀) အနီး အောက်ပိုင်း၊ ဇုန် (၁) မှ (၈) အထိ အောက်ပိုင်း။	8.37	28.9	157	5.5	74	ရေနှောက်သည်။ စက်လှေများ ကမ်းပါးတွင် ရပ်ထားသည်။



Source: Soe Moe Kyaw Win

မှတ်တမ်းဓာတ်ပုံ ၆-၂။ ဆန်ခါချောင်း အပေါ်တည်ဆောက်ထားသော ယာယီ မြေအောက်ရေဖြတ်လမ်း

၆-၅ မြေအသုံးချမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ

ကချင်ပြည်နယ်သည် ကမ္ဘာ့ဇီဝမျိုးစိတ်အကြွယ်ဝဆုံးနှင့်ပတ်ဝန်းကျင်ဆိုင်ရာခြိမ်းခြောက်မှုအများဆုံး 'Indo-Burma' နှင့် 'Mountains of South Central China' တို့ကြားတွင် တည်ရှိပါသည်။

မြောက်ပိုင်း တြိဂံ နွေးသမဇုန် သစ်တောများသည် (The Northern Triangle Subtropical Forests [IM0140]) ကမ္ဘာပေါ်တွင် လေ့လာရှာဖွေသူများ အရောက်အပေါက်အနည်းဆုံးဖြစ်၍ သိပ္ပံနယ်ပယ်တွင် သိရှိသူအနည်းဆုံးနေရာများဖြစ်သည်။ ၎င်းဒေသသည် ဝေလံခေါင်ခိုက်သည့် နေရာတွင်တည်ရှိခြင်း၊ သွားရောက်ရန်ခက်ခဲခြင်းနှင့် ညီညာမှုမရှိသောမြေပြင်အခြေအနေများကြောင့် သိပ္ပံဆိုင်ရာလေ့လာရှာဖွေခြင်းများအနည်းအကျဉ်းသာပြုလုပ်နိုင်သည်။ သို့သော် ဤနေရာတွင် လေ့လာမှုများ မပြုနိုင်သော်လည်း ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ အများအပြားရှိသည်ကို အသိအမှတ်ပြုထားဆဲဖြစ်သည်။

သစ်ပင်ပန်းမန်များအရကြည့်မည်ဆိုလျှင် ကချင်ပြည်နယ်သည် မြန်မာနိုင်ငံမြောက်ပိုင်း၊ အာရှတိုက်တစ်တိုက်လုံးတွင် အမျိုးစုံလင်ဆုံးဒေသတစ်ခုဖြစ်ပါသည်။ ထို့အပြင် ဤဒေသသည် လေ့လာမှုအနည်းအကျဉ်း

သာပြုလုပ်ရသေးသော ဒေသလည်းဖြစ်ပါသည်။ သမပိုင်းသစ်တောများရှိ သစ်ပင်ပန်းမန်များသည် ဤဒေသတွင် အမျိုးအစားစုံလင်ပြီး ရုပ်ထွေးသောမြေမျက်နှာသွင်ပြင်နှင့် စိုစွတ်မှုအခြေအနေတို့သည် အပင်များကို အဆင့်မြင့်မားစွာ ထူးခြားမှုများဖြစ်ပေါ်စေပါသည်။ ၄င်းဒေသ၏ မြေနေရာအကျယ်အဝန်း အတော်များများသည် နွေးသမပိုင်း အရွက်ကြီးပင်သစ်တောများ ပေါက်ရောက်ပြီး အခြားအသေးစား သမပိုင်း အရွက်ကြီးမျိုး sub-regional-scale patches များနှင့် အေးသမပိုင်းsub-alpine အရွက်ချွန် ထင်းရှူးတောများပေါက်ရောက်ပါသည်။ နွေးသမပိုင်းသစ်တောများကို ယေဘုယျအားဖြင့် ပင်လယ်ရေမျက်နှာပြင် မီတာ ၅၀၀ နှင့် ၁၆၀၀ အထက်တွင် တွေ့ရှိရပါသည်။ *Magnoliaceae*, *Lauraceae*, နှင့် *Dipterocarpaceae* မျိုးစိတ်များသည် မီတာ ၉၁၅ အောက်တွင်ရှိသော မျိုးနွယ်အဖွဲ့များဖြစ်သည်။ (WWF, 2017).

မျိုးတုန်းမှုအန္တရာယ်ရှိသော သတ္တဝါမျိုးစိတ်များသည် ecoregion's mammal အဖွဲ့တွင်ပါဝင်ပြီး အရေးတကြီး ထိန်းသိမ်းစောက်ရှောက်ရန်လိုအပ်သည်။ ၄င်းမျိုးစိတ်များတွင် ကျား (*Panthera tigris*), red panda (*Ailurus fulgens*), Asian elephant (*Elephas maximus*), takin (*Budorcas taxicolor*), southern serow (*Naemorhedus sumatraensis*), pig-tailed macaque (*Macaca nemestrina*), Assamese macaque (*Macaca assamensis*), stump-tailed macaque (*Macaca arctoides*), capped leaf monkey (*Semnopithecus pileatus*), hoolock gibbon (*Hylobates hoolock*), Asiatic black bear (*Ursus thibetanus*), great Indian civet (*Viverra zibetha*), clouded leopard (*Pardofelis nebulosa*), red goral (*Naemorhedus baileyi*), Irrawaddy squirrel (*Callosciurus pygerythrus*), and particolored squirrel (*Hylopetes alboniger*) (WWF, 2017). ၄င်းမျိုးနွယ်များတွင် မျိုးစိတ်ပေါင်း ၃၇၀ ကျော်ရှိပြီး ထိုဒေသတွင်သာ အဓိကတွေ့ရှိနိုင်သော မျိုးစိတ်များဖြစ်သည့် rusty-bellied shortwing (*Brachypteryx hyperythra*)။ ဖားကန့်/လုံးခင်းရတနာနယ်မြေသည် သင့်လျော်သောနေထိုင်ကျက်စားနိုင်သည့်နေရာမဟုတ်ခြင်းနှင့် သစ်တောပြုန်းတီးမှုများကြောင့် ၄င်းမျိုးစိတ်များ လာရောက်နေထိုင်ဖွယ်ရာမရှိပါ။

ဥရုချောင်းကို ၄င်းများနှင့်တွားသွားသတ္တဝါများအတွက် အရေးကြီးသောအဓိကဇီဝမျိုးစိတ်နေထိုင်ရာ နေရာအဖြစ်သတ်မှတ်ထားပါသည်။ ဥရုချောင်းကို အရေးကြီးသည့် ထိန်းသိမ်းရေးနေရာအဖြစ် green peafowl (*Pavo muticus*), the spot-billed pelican (*Pelecanus philippensis*) နှင့် the white-rumped vulture (*Gyps bengalensis*) တို့အတွက် သတ်မှတ်ထားပါသည်။

ဤဒေသ၏ အဓိကဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေရာမှာ အင်းတော်ကြီး သားရဲတိရိစ္ဆာန် ဘေးမဲ့တော Indawgyi Wildlife Sanctuary, Ramsar site (Beffasti and Galanti, 2011) တစ်ခုဖြစ်သည်။ ၄င်းနေရာသည် နမ့်တင်း (Nam Ting) နှင့် အင်းတော်မြစ်တို့၏ ရေဝေရေလဲဒေသတွင် တည်ရှိပါသည်။ ဤရေဝေရေလဲများသည် ဥရုချောင်းရေဝေရေလဲများနှင့် ရေဝေကုန်းတမ်းတစ်ခုတည်းသာဖြစ်သည်။ ဇုန် (၁) သည် ၄င်းရေဝေရေလဲများကြားမှ ရေဝေကုန်းတမ်းများ၏ မြောက်ဖက် ၄၃ ကီလိုမီတာတွင် တည်ရှိပါသည်။

မျိုးစိတ်အမျိုးမျိုး မျိုးတုန်းမှုအန္တရာယ်ကျရောက်နေပြီး ထိုဒေသတွင်သာ တွေ့ရှိရသော ငါးမျိုးစိတ်များကို ချင်းတွင်းမြစ်ဝှမ်းတွင် တွေ့ရှိရပါသည်။ Meynell နှင့် Gregory တို့ နောက်ဆုံးလေ့လာခဲ့သော ဥရုချောင်းအတွင်းရှိ ရေနေသတ္တဝါမျိုးစိတ်များအရေအတွက်သည် မှတ်တမ်းများအရ အမျိုး ၅၀ ရှိပြီး ၂၀ မျိုးမှာ နေ့စဉ်စားသုံးမှု အတွက်အသုံးပြုကြသည်။ ၂၃ သုံးမျိုးမှာ ခရုမျိုးစိတ်များဖြစ်သည်။ (ဇယား ၆-၃ တွင် ဖော်ပြထားပါသည်။) သတ္တုတူးဖော်မှုများကြောင့် ပြင်ပဖိအားများရှိနေနိုင်သည်ဟု မှတ်တမ်းပြုထားခဲ့ပါသည်။

ဇယား ၆-၄။ ဥရုချောင်းအတွင်းရှိ ရေနေသတ္တဝါများ

အမျိုးအနွယ်များ	အန္တရာယ်ကျရောက်မှုမရှိသော	အန္တရာယ်ကျရောက်နေသော/ထိခိုက်လွယ်သည့် အခြေအနေ
ငါးများ	၄၇	၆
ခရုများ Molluscs	၂၃	၀
ပုဇဉ်းများနှင့် damselflies	၁၁၇	၁
ဂဏန်း၊ ပုဖွန်တုပ်၊ ပုဖွန်စိတ်	၁	၀

မျိုးတုန်းမှုအန္တရာယ် ခြိမ်းခြောက်ခံနေရပြီး အလွယ်တကူထိခိုက်ခံရနိုင်သော ငါးမျိုးစိတ်များကို ဥရုချောင်းအတွင်း တွေ့ရပါသည်။ ၄င်းတို့တွင် ငါးလင်ဗန်း (Anguilla bicolor), ငါးနုသန်း (Ompok Bimaculatus), ငါးဖယ်အောင်း (Osteobrama belangeri), ငါးဘက် (Wallago attu), ငါးသလဲထိုး (Garra Compressa နှင့် tiger botia – *Syncrossus berdmorei)* တို့ဖြစ်ကြပါသည်။

Bhagwat et al (2017) သည် မြန်မာနိုင်ငံသစ်တောဖုံးလွှမ်းမှုကို Landsat satellite imagery ဖြင့် အခြေအနေနှင့် အကျယ်အဝန်းကို ကြည့်ရန် တိုင်းတာခဲ့ပါသည်။ အဓိကအားဖြင့် ၂၀၀၂ နှင့် ၂၀၁၄ ခုနှစ်အတွင်း သစ်တောပြောင်းလဲမှုများကို လေ့လာကြည့်ရှုခဲ့ကြပါသည်။ ၄င်းတို့အနေဖြင့် ဖားကန့်/လုံးခင်းရတနာနယ်မြေမှ မြေဇရိယာ ၃၉ ၀၈၉ ဟက်တာ သစ်တောဖုံးလွှမ်းမှုဆုံးရှုံးသွားပြီး ၂၀၀၂ နှင့် ၂၀၁၄ ခုနှစ်များအတွင်း ၀.၈% ရာခိုင်နှုန်းခန့် နှစ်စဉ် သစ်တောဆုံးရှုံးနေသည်ကို တွေ့ရှိခဲ့ရပါသည်။

ဇုန် (၁) ၏ နေရာအတော်များများသည် တူးဖော်ရေးများကြောင့် ပျက်စီးမှုနည်းပါးပြီး မြောက်ပိုင်း၊ အနောက်ပိုင်းနှင့်ဥရုချောင်းအရှေ့ဖက်တို့တွင် အပျက်အစီးများအထူးသဖြင့်နည်းပါးပါသည်။ ဤနေရာတွင် သစ်တောများသည် လူတို့ကြောင့် အနည်းငယ်ပျက်စီးမှုရှိသော်လည်း သတ္တုတွင်းတူးဖော်ခြင်းကြောင့် မဟုတ်ပါ။ တောင်ယာစိုက်ပျိုးခြင်း ဥပမာ တောင်ပေါ်နေရာများတွင်တွေ့ရသည်။ မြွေ၊ သမင်နှင့်တောဝက် ကဲ့သို့သော အကောင်များသည် ဒေသခံများ၏ပြောကြားချက်များအရ တောများတွင် နေထိုင်နေသေးကြောင်းသိရပါသည်။

သတ္တုတူးဖော်ခြင်းများသည် ဇုန် (၁) ၏ တောင်ဖက်ပိုင်းတွင်သာ ပိုမိုလုပ်ဆောင်ကြပြီး ယခုအခါတွင်လည်း တူးဖော်ခြင်းများ (ယခင်နှင့်နှိုင်းယှဉ်ပါက နည်းပါးသွားသည်) ဆက်လက်လုပ်ဆောင်နေသည်ကို တွေ့ရပါသည်။ တူးဖော်ပြီးသောနေရာများတွင် သစ်တော ဂေဟစနစ်တစ်ခုလုံး ပျက်စီးသွားသည်ကို တွေ့ရပြီး ရေလမ်းကြောင်းတစ်လျှောက်တွင် သဘာဝပေါက်ပင်များ နည်းပါးပါသည်။ အပင်ငယ်များနှင့် မြက်ပင်အချို့သာတွေ့ရှိရသည်။

၆-၆ ။ လူမှုရေး အခင်းအကျင်း

ကချင်ပြည်နည်သည် မြန်မာနိုင်ငံ၏ မြောက်ဖြားစွန်းတွင်တည်ရှိပြီး အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နမိတ်ထိစပ်နေပါသည်။ မြစ်ကြီးနားသည် ကချင်ပြည်နယ်၏မြို့တော်ဖြစ်ပြီး အများအားဖြင့် ခရစ်ယာန်ဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။ ပြောင်းရွှေ့နေထိုင်သောဗမာလူမျိုးများနှင့် ကချင်ပြည်နယ်တွင် နေထိုင်သော ရှမ်းလူမျိုးများသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြသည်။

ဂျိန်းဖောစကားကို ရိုးရာစကားတစ်ခုအဖြစ် အသုံးပြုကြသည်။ လွှတ်လပ်ရေးမတိုင်မီတွင် ဗမာလူမျိုးနေထိုင်မှု လူနည်းစုသာရှိခဲ့သော်လည်း ၁၉၄၈ ခုနှစ် လွှတ်လပ်ရေးရပြီးနောက် ပြောင်းရွှေ့နေထိုင်မှုများ ပိုမိုများပြားလာခဲ့သည်။ ထို့ကြောင့် ဘာသာစကားအသုံးပြုမှုပြောင်းလဲလာကာ ကချင်ဘာသာစကားအသုံးပြုမှုအားနည်းလာသည်။ သို့သော် အချို့ကချင်လူမျိုးများသည် မိမိတို့ဘာသာစကားဖြစ်သာ ပြောဆိုရေးသားကြသည်။

ကချင်ပြည်နယ်၏အဓိကစီပွားရေးမှာ စိုက်ပျိုးရေးဖြစ်သည်။ အဓိကထုတ်ကုန်များမှာ ဆန်၊ ကျွန်းသစ်၊ သကြားနှင့်ဘိန်းတို့ဖြစ်ကြသည်။ သယံဇာတထွက်ကုန်များတွင် ရွှေနှင့် ကျောက်စိမ်းတို့ပါဝင်သည်။

ဖားကန့်မြို့နယ်သည် ဖားကန့်/လုံးခင်းရတနာနယ်မြေ၏ ဗဟိုအုပ်ချုပ်ရေးမြို့ဖြစ်သည်။ ၎င်းမြို့နယ်အတွင်းရှိ အကြီးဆုံးမြို့မှာ ကာမိုင်းမြို့ဖြစ်ပြီး ဖားကန့်မြို့၏အရှေ့တောင်ဘက် ၄၀ ကီလိုမီတာခန့်တွင် တည်ရှိပါသည်။ ၂၀၁၄ ခုနှစ် နောက်ဆုံးအကြိမ် ကောက်ယူခဲ့သောသန်းခေါင်စာရင်းအရ (Wang and Myint, 2016) ဖားကန့်မြို့နယ်တွင် လူဦးရေ ၃၂၁ ၂၇၈ ယောက် ရှိပါသည်။ (ကျား - ၂၀၁ ၀၃၃ နှင့် မ - ၁၁၁ ၂၄၅ ယောက်)။ ကျေးလက်နေလူဦးရေမှာ ၂၅၂ ၁၅၅ ယောက် ဖြစ်ပြီး မြို့နေလူဦးရေမှာ ၆၀ ၁၂၃ ယောက်ဖြစ်သည်။ အစီရင်ခံစာများအရ သမာရိုးကျ နေထိုင်သူအိမ်ထောင်စု ၃၃ ၁၃၄ စု (လူဦးရေ ၁၅၂ ၁၄၂ ယောက်) ရှိပြီး ကျန်လူဦးရေ (၁၆၀ ၁၃၆ ယောက်) မှာ သမာရိုးကျနေထိုင်သူများမဟုတ်ပဲ ပြောင်းရွှေ့နေထိုင်သူများဖြစ်ကြသည်။ အခြားသော အစီရင်ခံစာများအရ ဖားကန့်/လုံးခင်းရတနာနယ်မြေသို့ လာရောက်ပြောင်းရွှေ့ အလုပ်လုပ်ကိုင်နေကြသောသူများသည် တိုင်းနှင့်ပြည်နယ်အသီးသီးမှ ဖြစ်ကြသည်ကို တွေ့ရသည်။

ကျိုက်ဖုန်တွင် ရွာ (၃) ရွာရှိပါသည်။ ၄င်းတို့မှာ -

- လုံးခင်း
- ဆန်ခါ
- ဝိုးပင်

ဆန်ခါရွာသည် ဖုန် (၁) ၏ အရှေ့တောင်အရပ် (ဥရုချောင်း၏ အရှေ့ဘက်ကမ်းပါး)တွင် တည်ရှိပါသည်။ ဖုန် (၁)၏ လူမှုပထဝီအချက်အလက်များကို အောက်ပါ ဇယား ၆-၄ တွင် ဖော်ပြထားပါသည်။

ဇယား ၆-၅။ ကျိုက်ဖုန်၏ လူမှုပထဝီ အချက်အလက်

နေရာ	စုစုပေါင်း	အမြေနေ	ရေရှည်	ယေ့သည်	ယာယီ
အိမ်ခြေ/မိသားစု	မှတ်တမ်းမရှိ	၈၂	၁၀၇	မှတ်တမ်းမရှိ	မှတ်တမ်းမရှိ
ရွာများ	၉၃၄	၄၁၈	၄၂၁	မှတ်တမ်းမရှိ	၉၅

အချို့အိုးအိမ်အဆောက်အအုံများသည် သတ္တုတွင်းနေရာများနှင့် မီတာအနည်းငယ်သာ ဝေးသည်။ ရွာသားများ၏ပြောဆိုချက်အရ မြေသားမတည်ငြိမ်မှုသည် ၄င်းနေရာ၏အဓိကပြဿနာဖြစ်ပြီး အချို့သောအိမ်များသည် မြေစာပုံများမှ တိုက်စားသွားသောမြေ အန္တရာယ်များနှင့်ရင်ဆိုင်နေကြရသည်။ မြေစာပုံကြီးများသည် ဥရုချောင်း၏အရှေ့ဘက်ပိုင်းတွင် တည်ရှိပါသည်။ ရွာသားများ၏အဓိကဝင်ငွေမှာ ကျောက်စိမ်းတူးဖော်ခြင်းမှဖြစ်ပြီး ကျောက်စိမ်းကို မြေစာပုံများမှရှာဖွေ ကောက်ယူကြသည်။

ကျိုက်ဖုန်အတွင်းရှိ အများပြည်သူအခြေခံအဆောက်အအုံများမှာ ဆန်ခါရွာနှင့်ကပ်လျက်ရှိသည့် စာသင်ကျောင်းနှင့်ကိုယ်ပိုင်ဆေးခန်းငယ် (၂) ခုတို့ ဖြစ်ကြသည်။ ကျန်းမာရေးဆိုင်ရာ အလုံးစုံ စောက်ရှောက်မှုကို လုံးခင်းရွာမှ ရရှိပါသည်။ လူထုအခြေပြုအဖွဲ့အစည်းများရှိပြီး Greenland အဖွဲ့သည် ဥရုချောင်းဘေးတစ်လျှောက် မြေထိန်းနံရံများ ကူညီဆောက်လုပ်ပေးပါသည်။ ၄င်းအဖွဲ့သည် အများပြည်သူကိုယ်စား တရားလို အဖြစ်ဆောင်ရွက်ပြီး အခက်အခဲပြဿနာများကို သတ္တုတွင်းကုမ္ပဏီများနှင့် ဆွေးနွေးပေးပါသည်။ Asian Harm Reduction Network နှင့် Medecins Sans Frontieres တို့သည် မူးယစ်ဆေးဝါးဖြတ်သည့် နေရာတွင် အထောက်အကူပြုဆောင်ရွက်ပေးသော အဖွဲ့များဖြစ်သည်။ 'မြင့်မြတ်သူ' ဒေသခံမီးသတ်အဖွဲ့သည် အဖွဲ့ဝင် ၇ ယောက်ရှိပြီး လူမှုအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးပါသည်။ သဘာဝဘေးအန္တရာယ် လျော့ချရေး သင်တန်းများလည်းပေးထားပါသည်။

ကျိုက်ဖုန်အတွင်းတွင် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ရှိပါသည်။ ၄င်းတို့မှာ -

- ဘုရားကျောင်း (၂) ခု၊ စေတီ (၂) ဆူ၊ ဘုန်းကြီးကျောင်း (၁) ကျောင်း

သုသာန်များ (၂ ကြိမ်ရွှေ့ပြောင်းပြီးဖြစ်သည်။) သည် ဤနေရာ၏ယာဉ်ကျေးမှုဆိုင်ရာ အမှတ်အသား တစ်ခု ဖြစ်သည်။

ဇုန် (၁) အတွင်း သို့မဟုတ် အနီးတွင် ယဉ်ကျေးမှုအမွေအနှစ် ရှေ့ဟောင်းနယ်မြေ (၂) ခုရှိပါသည်။ ၎င်းတို့မှာ ကံချီးမြို့ဟောင်းနှင့်မိုင်းမော်/ဝိန့်ကျယ်မြို့ဟောင်းတို့ဖြစ်ပါသည်။ ကံချီးမြို့ဟောင်းသည် ဇုန်၏အပြင်တွင် တည်ရှိပြီး ဇုန်၏မြောက်ပိုင်း နယ်နမိတ်မှ (၄) ကီလိုမီတာခန့် ကွာဝေးပါသည်။ ကံချီးမြို့ဟောင်းအနီးတဝိုက်တွင် အသေးစားနှင့်လက်လုပ်လက်စားတူးဖော်မှုများ လုပ်ကိုင်နေသည်ကို တွေ့ရပါသည်။ မိုင်းမော်/ဝိန့်ကျယ် မြို့ဟောင်းသည် ဇုန်၏အရှေ့မြောက်ထောင့်တွင် တည်ရှိပြီး သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် မြေပြင်ပျက်စီးသည့်နေရာတွင် တည်ရှိနေပါသည်။

ကံချီးမြို့ဟောင်းကို ကံစီး၊ ဂင်းစီးနှင့်ယခုအခါတွင် ဆန်ရာ ဟု သိကြပြီး ဆန်ရာ အနီးရှိ ဒူးဝါးစော်ဘွားများ၏ ဂင်းစီး ဟော် သို့မဟုတ် နန်းတော်ပျက်များကို လည်းတွေ့ရှိရပါသည်။ 'ဟော်' အဆောက်အအုံ ပေါင်း (၁၂) ခုရှိသည်။ ၎င်းအဆောက်အအုံများကို ၁၈၉၇ ခုနှစ်တွင် ကံစီး ဒူးဝါး 'လ' မှ ဆောက်လုပ်ခဲ့ပါသည်။ ထိုအချိန်အခါက ကျောက်စိမ်းတူးဖော်မှုအားလုံးကို ဂင်းစီး ကျောက်စိမ်းဘုရင်များကသာ အုပ်ချုပ်စီမံခဲ့ကြပြီး မည်မျှ ချမ်းသာကြွယ်ဝပြီး ဩဇာအာဏာရှိခဲ့ကြသည်ကို ပြသနေပါသည်။

၇။ ဖြစ်နိုင်ဖွယ် ထိခိုက်မှုများနှင့်သက်သာလျော့ချမှုအစီအမံများ

အထက်တွင် ဖော်ပြထားသည့် သတ္တုတွင်းတူးဖော်ခြင်းနည်းလမ်းများသည် ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာနှင့်ယဉ်ကျေးမှုဆိုင်ရာပတ်ဝန်းကျင်များကို ထိခိုက်စေပါသည်။ ကျောက်စိမ်းတူးဖော်မှုကြောင့်ဖြစ်ပေါ်သော ထိခိုက်မှုများကို ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု ဘေးအန္တရာယ်ဆန်းစစ်ခြင်း ပြုလုပ်၍ ဖော်ထုတ်ခဲ့ပြီးဖြစ်ပါသည်။ ထိုဘေးအန္တရာယ်ဆန်းစစ်မှုများကို ဤအပိုင်းတွင် ဖော်ပြထားသည်။ အဓိက ထိခိုက်မှုများနှင့်သက်သာလျော့ချမည့် နည်းလမ်းများဖော်ပြထားပြီး လျော့ချမည့်နည်းလမ်းများကို ထိခိုက်မှုများ စီမံခန့်ခွဲသည့် အစီအစဉ်များတွင် ထည့်သွင်းထားသည်။

၇-၁။ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်း

အများလက်ခံသော ပတ်ဝန်းကျင်ထိခိုက်မှုဘေးအန္တရာယ် ဆန်းစစ်ခြင်းနည်းလမ်းများကို အသုံးပြု၍ အဓိက ထိခိုက်မှုများကိုဖော်ထုတ်ခဲ့ပါသည်။ ၎င်းတို့မှာ ဘေးအန္တရာယ်နှင့်ထိခိုက်မှုဖြစ်စေသည့်အကြောင်းအရာ၊ ၎င်းတို့၏အကျိုးဆက်များ သို့မဟုတ် ထိခိုက်နိုင်သည့် ပြင်ထန်းမှုပမာဏနှင့် ထိခိုက်မှုဖြစ်နိုင်ခြေများ ဖြစ်ကြသည်။ ထိခိုက်မှုများကို လက်ခံနိုင်သည့် အနေအထားအထိလျော့ချရာတွင် စီမံခန့် ခွဲမှု လုပ်ဆောင်ချက်များ သို့ မဟုတ် လုပ်ထုံးလုပ်နည်းများ ထိရောက်မှုရှိမရှိ သိရှိနိုင်ရန် ထိုနည်းလမ်းများ အသုံးမပြုမီနှင့်အသုံးပြုပြီး ထိခိုက်မှုအခြေအနေများကို ဆန်းစစ်ထားပါသည်။

အကျိုးဆက်များအတွက် အဓိပ္ပာယ်သတ်မှတ်ချက်များအား ဇယား ၇-၁ တွင် ဖော်ပြထားသည်။ ဇယား ၇-၂ တွင် ဖြစ်နိုင်ခြေအဓိပ္ပာယ်သတ်မှတ်မှုများ စာရင်းပြုစုထားသည်။

ဇယား ၇-၁။ အကျိုးဆက်များအဆင့် အဓိပ္ပါယ်သတ်မှတ်ချက်များ

အဆင့်	အဓိပ္ပာယ်သတ်မှတ်ချက်များ
မပြောပလောက်သော	လူတို့ စိတ်အနောက်အယှက် နှင့်/သို့ မဟုတ် သူတို့ ၏ ဖြစ်နိုင်ခြေတို့ အပေါ် သက်ရောက်မှု နှင့်/သို့ မဟုတ် ဒေသပတ်ဝန်းကျင် ယုတ်လျော့ခြင်းတို့ မဖြစ်ပေါ်စေသည့် ဒေသတွင်း ထိခိုက်မှုများ
အနည်းငယ်	လူတို့ ၏ ဘဝသာယာအဆင်ပြေမှု နှင့်/သို့ မဟုတ် သူတို့ ၏ ဖြစ်နိုင်ခြေ ထိခိုက်စေသော နှင့်/သို့ မ ဟုတ် ဒေသပတ်ဝန်းကျင် ယုတ်လျော့ခြင်းကို အနည်းငယ် ဖြစ်ပေါ်စေသည့် ဒေသတွင်း ထိခိုက်မှုများ
အလယ်အလတ်	လူတို့ ၏ ကျန်းမာရေး နှင့်/သို့ မဟုတ် သူတို့ ၏ ဖြစ်နိုင်ခြေတို့ အပေါ် အန္တရာယ် ဖြစ်စေသော နှင့်/သို့ မဟုတ် ဒေသပတ်ဝန်းကျင် ဆုံးရှုံးမှု သို့ မဟုတ် ယုတ်လျော့ခြင်းတို့ ဖြစ်ပေါ်စေသည့် ထိခိုက်မှုများ
များသည်	လူတို့ ၏ ကျန်းမာရေးကို အန္တရာယ် ဖြစ်စေသော နှင့်/သို့ မဟုတ် သူတို့ ၏ ဖြစ်နိုင်ခြေတို့ အပေါ် နှင့်/သို့ မဟုတ် ဒေသပတ်ဝန်းကျင်အပေါ် ကျယ်ကျယ် ပြန့်ပြန့် ပြင်းပြင်းထန်ထန် ထိခိုက်စေမှုများကို ဖြစ်စေသော ကြီးမားသည့် ထိခိုက်မှု များ
အလွန်အမင်း	ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိမှု သို့ မဟုတ် အသက်ဆုံးရှုံးမှု၊ လူများနှင့် လူထုများ ရွှေ့ ပြောင်းရမှု နှင့်/သို့ မဟုတ် ပတ်ဝန်းကျင်တန်ဖိုးများ ရာသက်ပန် ဆုံးရှုံးမှု တို့ ကို ဖြစ်ပေါ်စေသည့် ပြင်းထန်သည့် ထိခိုက်မှုများ

ဇယား ၇-၂ ဖြစ်နိုင်ဖွယ်အခြေအနေ အဓိပ္ပါယ်သတ်မှတ်ချက်များ

အဆင့်	အဓိပ္ပာယ်သတ်မှတ်ချက်များ
ဖြစ်ခဲသည့်အခြေအနေ	အရင်က မဖြစ်ခဲ့ဖူးသော်လည်း ဖြစ်ပေါ်နိုင်သည့် ထိခိုက်မှု
မဖြစ်နိုင်သည့်အခြေအနေ	အရင်က ဖြစ်ခဲ့ဖူးသော်လည်း မဖြစ်ပေါ်နိုင်သည့် ထိခိုက်မှု
ဖြစ်ပေါ်နိုင်သည့်အခြေအနေ	ထိခိုက်မှုများဖြစ်ပွားခဲ့ပြီး ဖြစ်ပေါ်နိုင်သည့်အခြေအနေရှိခြင်း။
တခါတရံဖြစ်ပေါ်နိုင်သည့် အခြေအနေ	တခါတရံ ဖြစ်ပေါ်တတ်ပြီး တနှစ်လျှင် ကြိမ်ဖန်များစွာ ဖြစ်ပေါ်သော ထိခိုက်မှု
မကြာခဏဖြစ်ပေါ်သော အခြေအနေ	မကြာခဏ ဖြစ်ပေါ်တတ်ပြီး တလလျှင် ကြိမ်ဖန်များစွာ ဖြစ်ပေါ်တက်သော ထိခိုက်မှု

ဇယား ၇-၃ တွင် တင်ပြထားသော အခြေနေများတွင်ပါရှိသည့် ဖြစ်နိုင်ခြေနှင့်အကျိုးဆက်များကို သုံးသပ်ခြင်းအားဖြင့် ရင်ဆိုင်နိုင်ရဖွယ်ရှိသည့်သဘာဝပတ်ဝန်းကျင် အန္တရာယ်ဖြစ်နိုင်ခြေများကို ဆန်းစစ်သတ်မှတ် ကိုင်တွယ်နိုင်မည်ဖြစ်သည်။

ဇယား ၇-၃ ဘေးအန္တရာယ်ဆန်းစစ်ခြင်း အခြေအနေပြဇယား

		ဖြစ်နိုင်ခြေ အခြေအနေ				
		ဖြစ်လေ့မရှိ	ဖြစ်နိုင်ခြေမရှိ	ဖြစ်နိုင်ခြေရှိ	တခါတရံ	ကြိမ်ဖန်များစွာ
အကျိုးဆက်များ	မပြောပလောက်	အလွန် နိမ့်သည်	အလွန် နိမ့်သည်	အလွန် နိမ့်သည်	နိမ့်သည်	အလယ်အလတ်
	အနည်းငယ်	အလွန် နိမ့်သည်	နိမ့်သည်	နိမ့်သည်	အလယ်အလတ်	အလယ်အလတ်
	အလယ်အလတ်	နိမ့်သည်	နိမ့်သည်	အလယ်အလတ်	မြင့်သည်	မြင့်သည်
	များသည်	နိမ့်သည်	အလယ်အလတ်	မြင့်သည်	အဓိကဖြစ်သည်	အဓိကဖြစ်သည်
	အလွန်အမင်း	အလယ်အလတ်	မြင့်သည်	အဓိကဖြစ်သည်	အဓိကဖြစ်သည်	အဓိကဖြစ်သည်

ဇယား ၇-၄ ရှိ အဓိပ္ပာယ်သတ်မှတ်ချက်များကို အသုံးပြု၍ ဘေးအန္တရာယ်များကို အကဲဖြတ်သတ်မှတ်ပါ။

ဇယား ၇-၄ ဘေးအန္တရာယ် အကဲဖြတ်မှု ဖော်ပြချက်များ

ဘေးအန္တရာယ်	အဓိပ္ပာယ်သတ်မှတ်ချက်များ
အလွန် နိမ့်သည်	ယာယီသာ တွေ့ ရှိရပြီး စီမံခန့် ခွဲရန် မလိုအပ်သော ထိခိုက်မှု။
နိမ့်သည်	စံနှုန်း၊ လုပ်ထုံးလုပ်နည်းများနှင့် အလေ့အကျင့်ကောင်းများဖြင့် စီမံခန့် ခွဲရသည့် ထိခိုက်မှု။
အလယ်အလတ်	စံနှုန်း ၊လုပ်ထုံးလုပ်နည်းများနှင့် အလေ့အကျင့်ကောင်းများဖြင့် စီမံခန့် ခွဲရသည့် ထိခိုက်မှု။
မြင့်သည်	ပြင်းထန်သော ထိခိုက်မှုများကို ရှောင်ရှားရန် သို့ မဟုတ် လျော့ချရန် သတ်သတ်မှတ်မှတ်ရှိသည့် စီမံခန့် ခွဲမှုများ လိုအပ်သည့် ထိခိုက်မှု။
အဓိကဖြစ်သည်	လူတို့ ဘေးန္တရာယ်များနှင့် ထိတွေ့ မှု သို့ မဟုတ် ပတ်ဝန်းကျင် ဘေးအန္တရာယ်တို့ လျော့ချရန်အလို့ငှာ ထိခိုက်မှုများကို ရှောင်ရှားရန် သို့ မဟုတ် တင်းကြပ်သည့် ထိန်းချုပ်မှုများ ပြုလုပ်ရန် ပြန်လည်ဒီဇိုင်းဖော်ရန်လိုအပ်သည့် သတ္တုတူးဖော်သည့် နည်းလမ်းများ။

ဇယား ၇-၅ တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ဘေးအန္တရာယ်ဆန်းစစ်ခြင်းသည် အဓိကအနည်ကျမှု ဆိုင်ရာထိခိုက်မှု (၂) ခုနှင့် မြင့်မားသော အနည်ကျမှုဆိုင်ရာထိခိုက်မှု (၇) ခုကို ဖော်ထုတ်သတ်မှတ်ထားပါသည်။ အခြားသော ထိခိုက်မှုအားလုံးကို စံ လုပ်ထုံးလုပ်နည်းများနှင့်အကောင်းဆုံး အလေ့အထများဖြင့် စီမံခန့်ခွဲနိုင်သည်။

သတ္တုတူးဖော်ခြင်းနှင့်ပစ္စည်းများထုတ်လုပ်မှုကြောင့် သစ်တောပြုန်းတီးပြီး မြေစာပုံများကို လျှို့မြောင်များ ရှိသဘာဝပေါက်ပင်များပေါ်တွင် စွန့်ပစ်ခြင်း ရလဒ်အနေဖြင့် တောရိုင်းတိရစ္ဆာန်များဆုံးရှုံးခြင်းနှင့် ၎င်းတို့၏ နေထိုင်ရာနေရာများ ပျက်စီးယိုယွင်းပါသည်။ ဒေသခံတိရစ္ဆာန်များနေရာပြောင်းရွှေ့မှု များနှင့်ဒေသသစ်ပင်ပန်းမန်ပျိုးစိတ်နေရာများတွင် တောမြက်ရိုင်းများ နေရာယူပေါက်ရောက်ကြသည်။ ထို့ကြောင့် ကမ်းပါးနေရာများကို ကာကွယ်ခြင်းသည် တောရိုင်းတိရစ္ဆာန်၏ ကွင်းဆင်းများကို ထိန်းသိမ်းထားရာတွင် အဓိကကျသော လုပ်ဆောင်ချက်ဖြစ်သည်။

သတ္တုတွင်းများနှင့်စွန့်ပစ်မြေစာပုံများတွင် တရားမဝင် ရေမဆေးအလုပ်သမား အမြောက်အများ လုပ်ကိုင်နေခြင်း၊ စိတ်မချရသောသတ္တုတွင်းများနှင့်ဘေးအန္တရာယ်ရှိသောလုပ်ငန်းဆောင်ရွက်မှုများကြောင့် ပြင်းထန်သောထိခိုက်ဒဏ်ရာရရှိမှုများနှင့်အသက်ဆုံးရှုံးမှုတို့ ဖြစ်စေနိုင်ပါသည်။ ဤဖြစ်ရပ်များသည် သတ္တုတွင်းများနှင့်စွန့်ပစ်မြေစာပုံများကို ကောင်းမွန်စွာ မဆောက်လုပ်ထားမခြင်း ဖြစ်ပျက်နေမည်ဖြစ်သည်။ လုံခြုံစိတ်ချရသည့်လုပ်ငန်းခွင်နှင့် ကောင်းမွန်စွာလုပ်ငန်းဆောင်ရွက်မှုများ ဖော်ဆောင်မှသာလျှင် ရေမဆေးအလုပ်သမားများ၊ လက်လုပ်လက်စားနှင့်အသေးစားသတ္တုတူးဖော်သည့်လုပ်ငန်းများသည် အကြီးစားသတ္တုတူးဖော်ရေးလုပ်ငန်းကြီးများနှင့်အတူ ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ငန်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကုန်စောင်းများပျက်စီးမှုကြောင့် ရေကြီးရေလျှံမှုနှင့်မြေပြိုခြင်းများဖြစ်ပေါ်ပြီး ရေလမ်းကြောင်းများအတွင်းနုန်းများဖြင့် ပြည့်လာခြင်းသည် လူတို့၏အိုးအိမ်စည်းစိမ်အပေါ် အဓိကအန္တရာယ်ကြီးဖြစ်စေနိုင်ပါသည်။ သတ္တုတွင်းကြီးများနှင့်စွန့်ပစ်မြေစာပုံများအားကောင်းစွာတည်ဆောက်၍ တိုက်စားခြင်းနှင့်အနယ်ကျခြင်းကို ထိရောက်စွာထိန်းချုပ်ခြင်းများ မပြုလုပ်မခြင်း ယင်းအန္တရာယ်များ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်သည်။

ဘေးအန္တရာယ်ရှိသော လုပ်ငန်းဆောင်ရွက်မှုနှင့်ရွာလမ်းများအပေါ် မြေသယ်ယာဉ်ကြီးများ ဖြတ်သန်းသွားလာခြင်းကြောင့် ပြင်းထန်သည့် အနာတရဖြစ်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ရွာလမ်းများကို အသုံးမပြုပဲ မြေသယ်ယာဉ်ကြီးများအတွက်သီးသန့်လမ်းကိုပြုလုပ်ပြီး သင့်လျော်သည့်တကိုယ်ရည် ကာကွယ်ရေးပစ္စည်းများပံ့ပိုးပေးခြင်း၊ ၎င်းကိရိယာများကို မည်သို့အသုံးပြုရမည်ကို သင်တင်းပို့ချခြင်း စသည်တို့အပါအဝင် လုပ်ငန်းဆောင်ရွက်မှုအလေ့အထကောင်းများကို တိုးတက်အောင် ပြုလုပ်မှသာလျှင် ဖြစ်နိုင်ဖွယ်လူ့အသက်ဆုံးရှုံးမှုများလျော့နည်းပြီး ဘေးအန္တရာယ်အပေါ် စိုးရိမ်မှုများ လျော့နည်းသွားမည်ဖြစ်သည်။

ရေအရည်အသွေး ညံ့ဖျင်းမှုသည် လူနှင့်ဂေဟစနစ်ကို ဆိုးရွားသည့်ဘေးအန္တရာယ် ဖြစ်စေနိုင်ပါသည်။ ပိုမို ကောင်းမွန်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု လုပ်ဆောင်မှသာလျှင် ပလက်စတစ်အပါအဝင် ဖျက်စီး၍မရသော

စွန့်ပစ်ပစ္စည်းများ၊ ဓာတုပစ္စည်းနှင့်အန္တရာယ်ရှိပစ္စည်းများမှ ဖြစ်ပေါ်သော ရေ ဓာတ်ပြုမှုများ လျော့ချနိုင်မည် ဖြစ်ပါသည်။

ဇယား ၇-၅။ ပတ်ဝန်းကျင်ဘေးအန္တရာယ်ဆန်းစစ်ချက်မှတ်တမ်းပြဇယား

ဇယား (၇-၅) ပတ်ဝန်းကျင်ဘေးအန္တရာယ် ဆန်းစစ်ချက်မှတ်တမ်းပြု ဇယား

ဘေးအန္တရာယ်	ဖြစ်စဉ်	ထိခိုက်ပျက်စီးမှု	အကျိုးဆက်	ဖြစ်နိုင်ခြေ	ဘေးအန္တရာယ်	ထိန်းချုပ်မှု	အကျိုးဆက်	ဖြစ်နိုင်ခြေ	ကျန်ရှိသောဘေးအန္တရာယ်
သစ်တောပြုန်းခြင်း	သတ္တုတွင်းတူးရန်အ တွက် အပင်များရှင်း လင်းခြင်း။	မြေပေါ်ဇီဝမျိုးစိတ်နှင့် အဏ္ဏဝါဇီဝ မျိုးစိတ်တို့ပျောက်ဆုံးလာမှု (သို့) နည်းပါးလာမှု	အလယ်အလတ်	မကြာခဏ	မြင့်သည်	**ဇီဝမျိုးစုံမျိုးကွဲများ ပိပံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ဇီဝမျိုးစုံမျိုး ကွဲများ တည်ရှိမှုများသည့်နေရာများကို အပင်များခုတ်ထွင်ရှင်းလင်း ခြင်းမှရှောင်ရှားရမည်။ သတ္တုတူး ဖော်ရန် အနည်းဆုံးလို အပ်သည့် အပင်များကိုသာ ကန့် သတ်ရှင်းလင်းရမည်။ **တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ သစ်တောပြုန်တီးမှုကာကွယ်ရန် ဖော်ပြထားသော နည်းလမ်းများကို အသုံးပြုပြီး မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နန်းအနည်များပါသောရေများကိုဖမ်းပြီး သစ်တောပြုန်းဘီးမှုကို ကာကွယ်ပါ။ **ပြန်လည်ထူထောင်ရေး စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ နောက်ဆုံးမြေမျက်နှာသွင်ပြင်ပေါ်တွင် တဆင့်တဆင့် ပြန်လည်တည်ထောင်မှုနှင့်အပင်စိုက်ပျိုးခြင်းများလုပ်ဆောင်ရန် ပြင်ဆင်ထားသော မျက်နှာပြင်များကို ဖြက်ပင်များအသုံးပြု၍ ဖြန့်ခြင်း၊ ဖုံးခြင်း သို့ မဟုတ် မြေဆွေးမျာ စသည်တို့ကို အသုံးပြုရမည်။ နီးရာ သစ်တောများကို ကာကွယ်ပါ။	အလယ်အလတ်	တခါတရံ	မြင့်သည်
မြေပြင်ထိခိုက်ခြင်း	ကုန်းပေါ်မှ စီးဆင်းလာသော ရေတို့ ကြောင့် မြေစီလွှာတိုက်စားခံရပြီး ကုန်မြေ နှင့် ရေလမ်းကြောင်းတို့တွင် နန်းနှစ် တင်လာခြင်း။	နန်းနှစ် (TSS) မြင့်တက်လာမှုကြောင့် ရေအရည်အသွေးကျ ဆင်းလာကာမြစ်အောက်နေရာများကို အကျိုးရှိစွာ အသုံးပြုခြင်းတို့အပေါ် သက်ရောက်မှုရှိလာသည်။ (ဥပမာ- အဏ္ဏဝါ ဂေဟစနစ်နှင့် ၄င်း၏ မျိုးတူအသင်းအတိုက်) အနည်ကျပြီးသော နန်းနှစ်များကြောင့် မြင့်တက်လာသော မြစ်ကြမ်းပြင်တို့သည် မြစ်ကမ်းပါးရေလွှမ်း မှုကို ဖြစ်ပေါ် စေသောအလားအလာရှိသည်။ မြေဆီလွှာတိုက်စားခံရခြင်း တိုးပွားလာမှု ကြောင့် မြေကြီးအရည်အသွေးနှင့် မြေဩဇာဖြစ် ထွန်းမှု တို့ကျဆင်းလာသည်။	အဓိကဖြစ်သည်	မကြာခဏ	အဓိကဖြစ် သည်	အလယ်အ လတ်	ဖြစ်နိုင် ဖွယ်ရှိ	အလယ်အလတ်	အလယ်အလတ်

မြေပြင်ပျက်စီးခြင်း	အသီးအနှံများ၊ စိုက်ခင်းများ၊ အဆောက်အအုံများ၊ ယဉ်ကျေးမှုနေရာများ ဖယ်ရှားခြင်း။	အသီးအနှံများ၊ စိုက်ခင်းများ၊ အဆောက်အအုံများ၊ ယဉ် ကျေးမှုနေရာများ ဖယ်ရှားခြင်းကြောင့် ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း။	မကြာခဏ	အဓိကဖြစ်သည်	အဓိကဖြစ်သည်	**လိုက်နာရမည့် ကျင့်ထုံးများ** ပါအစီအမံများအရ သတ္တုတွင်းလုပ်သားများအား သတ္တုတွင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတိဖြင့်ဆောင်ရွက်ရမည်ဖြစ်ပြီး ယခု emp ပါသော လမ်းညွှန်ချက်များကို လိုက်နာရမည်။ **မြေအသုံးချမှု စီမံခန့်ခွဲခြင်း အစီအစဉ်** ပါအစီအမံများအရ သတ္တုတူးဖော်ခြင်းလုပ်ငန်းများကြောင့် ပျက်စီးသွားသော မြေများကို သတ္တုတူးဖော်မှုလုပ်ငန်းများမစတင်မီ အစီအစဉ်ရေးဆွဲခြင်းနှင့် ဒေသခံများနှင့် တွေ့ဆုံဆွေး နွေးပြီး တရားမျှတမှုရှိစွာ လျော်ကြေးပေးဆောင်ခြင်းများ လုပ်ဆောင်ရမည်။ **သတ္တုတွင်းနှင့်မြေစုပုံ စီမံခန့်ခွဲမှု အစီအစဉ်** ရေလမ်းကြောင်း နှင့် ကမ်းပါးကြားခံလမ်း ရှောင်ရှားရန် သတ္တုတွင်းနှင့်စွန့်ပစ်မြေစုပုံဒီဇိုင်းများ လိုအပ်ပြီး သတ္တုတွင်း သို့မဟုတ် စွန့်ပစ်မြေစုပုံနှင့် ရွာများအ ကြား အနည်းဆုံး ကြားခံနယ်အကွာအဝေးသတ်မှတ်ထားရှိရမည်။ **ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းအနီးရှိသော်လည်း ကောင်း သတ္တုတွင်းအတွင်းတွင်လည်းကောင်း မှတ်ပုံတင်ထားသော ယဉ်ကျေးမှုအမွေအနှစ်နေရာများ၊ ယဉ်ကျေးမှုအမွေအနှစ်နေရာများကာကွယ်ပေးရန်နှင့်တည်နေရာများသိရှိရန် သင်တန်းပေးရ မည်။ အလုပ်ခွင်နေရာအနီးရှိ အသိအမှတ်ပြုထားသော ယဉ်ကျေးမှုနေရာများကို သတ္တုတွင်းလုပ် ငန်းများလုပ်ဆောင်ခြင်းမှ ဖြစ်နိုင်သည့်နေရာများတွင် ချန်ထားရမည်။ ယဉ်ကျေးမှုနေရာများရှောင် ရှားရန် မဖြစ်နိုင်ပါက ကံ့အားကျော်စွာတွေ့ရှိမှုများတွက် စီမံခန့်ခွဲမည့်လမ်းညွှန်ချက်များပါသည့် အစီအစဉ်များကို လိုက်နာရမည်။ **နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်း နည်းစနစ်** ပါအစီအမံများအရ သတ္တုတွင်းကုမ္ပဏီများ ထံတိုင်ကြားလိုသည်များကို ဆက်သွယ်ပြောဆိုနိုင်ရန် နစ်နာမှုတိုင်ကြားချက်ကိုင်တွယ်ဖြေရှင်းသည့် စနစ်တစ်ခုကို တည်ထောင်သွားရပါမည်။ **လူထုအထောက်အကူပြုနှင့်ရင်းနှီးမြှုပ်နှံရေး အစီအစဉ်** ပါအစီအမံများအရ လူမှုတာဝန်သိလုပ်ငန်း (CSR) ရံပုံငွေကို လူမှုဖူလုံရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် တည်ထောင်ရမည်။ ပြည်သူလူထုနှင့်တွေ့ခဲ့ရာ သူတို့၏အဓိက စိုးရိမ်မှုမှာ ဒေသရှိလူများ၏ပြဿနာများကို ဖြေရှင်းပေးရန် ထိုရံပုံငွေထားရှိ ရန် တောင်းဆိုခဲ့ပါသည်။ ဒေသရှိလူများသည် ၎င်းတို့၏ ပြဿနာများနှင့်စိုးရိမ်မှု နစ်နာမှုများကို တိုင်ကြားနိုင်ရန် လူထုအရေပြုအဖွဲ့များ ဖွဲ့စည်းထားရန်လိုအပ်ပါသည်။	ဖြစ်နိုင်ဖွယ်ရှိ	အလယ်အလတ်	အလယ်အလတ်

သတ္တုတွင်းကြမ်းပြင်မတည်ငြိမ်ခြင်း	ကုန်းဆောင်းပြိုကျခြင်း	သတ္တုတွင်းနံရံပြိုကျခြင်းကြောင့်ဖြစ်ပေါ်လာသော မြေပြိုမှုသည် သက်ရှိများ၊ ကောက်ပဲသီးနှံများနှင့် အဆောက်အအုံများတို့ကို ဆုံးရှုံး စေနိုင်သော အလားအလာရှိသည်။ တောင်အောက်ဆင်ခြေလျှောများကို ပြန်ပြူးအောင်ပြုလုပ်ခြင်းကြောင့်မြေပေါ်ဂေဟ စနစ်နှင့် အဏ္ဏဝါ ဂေဟ စနစ်ကို ပျက်သုန်းလာခြင်း (သို့) အရည်အသွေးကျဆင်းလာခြင်းတို့ဖြစ် လာသည်။	အလွန်အမင်း	ဖြစ်နိုင်ဖွယ်ရှိ	အဓိကဖြစ် သည်	**တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေ လမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျံကျလာသော ရေများကို *သတ္တုတွင်း ကြမ်းပြင်များ၊ မြေစာပုံများနှင့်အပေါ်ယံမြေဖယ်ရှားမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နန်းအနည်များပါသောရေများကို ဖမ်းပြီး နန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။ **သတ္တုတွင်းနှင့်မြေစာပုံစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းနှင့်မြေစာပုံများကို မည်သို့ စီမံတူးဖော် ဘေးကင်းစွာ တည်ဆောက်ထားရှိမည့် အစီအမံများပါသည့် သတ္တုတွင်းအစီအစဉ်ကို ရေးဆွဲရမည်။ ဤသို့ဖြင့် သတ္တုတူးဖော်ခြင်းကြောင့် ထိခိုက်သွားသော နေရာများမှ တိုက်စားခြင်း နှင့်မြစ်အောက်ပိုင်း ရေလမ်းကြောင်းများအတွင်းသို့ အနည်ကျခြင်းမှ လျော့ချခြင်း သို့မဟုတ် ရှောင် ရှားခြင်းများ ပြုလုပ်ပါ။ **ပြန်လည်ထူထောင်ရေး စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ နောက်ဆုံးမြေမျက်နှာသွင်ပြင်ပေါ်တွင် တဆင့်တဆင့် ပြန်လည်တည်ထောင်မှုနှင့်အပင်စိုက်ပျိုးခြင်းများလုပ်ဆောင်ရန် ပြင်ဆင်ထားသော မျက်နှာပြင်များကို မြက်ပင်များအသုံးပြု၍ ဖြန့်ခြင်း၊ ဖုံးခြင်း သို့ မဟုတ် မြေဆွေးမျာ စသည်တို့ကို အသုံးပြုရမည်။	အလွန်အမင်း	မဖြစ်နိုင်ပါ	မြင့်သည်
စွန့်ပစ်မြေစာပုံများပြိုခြင်း	ကုန်းဆောင်းပြိုကျခြင်း	စွန့်ပစ်သတ္တုတွင်းဆင်ခြေလျှောပျက်ဆီးခြင်းကြောင့်ဖြစ်ပေါ်လာ သော မြေပြိုမှုသည် သက်ရှိများ၊ကောက်ပဲသီးနှံများနှင့် အဆောက်အအုံများဆုံးရှုံးမှုကို ဖြစ်စေနိုင်သော အလားအလာရှိသည်။ တောင်အောက်ဆင်ခြေလျှောများကို ပြန့်ပြူးအောင်ပြုလုပ်ခြင်းတို့ကြောင့်လည်း အထက်တွင် ဖော်ပြထားသည့် ဆုံးရှုံးမှုတို့ကို ဖြစ်စေသည်။	အလွန်အမင်း	တခါတရံ	အဓိကဖြစ် သည်	**တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေ လမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျံကျလာသော ရေများကို *သတ္တုတွင်း ကြမ်းပြင်များ၊ မြေစာပုံများနှင့်အပေါ်ယံမြေဖယ်ရှားမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နန်းအနည်များပါသောရေများကို ဖမ်းပြီး နန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။ **သတ္တုတွင်းနှင့်မြေစာပုံစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းနှင့်မြေစာပုံများကို မည်သို့ စီမံတူးဖော် ဘေးကင်းစွာ တည်ဆောက်ထားရှိမည့် အစီအမံများပါသည့် သတ္တုတွင်းအစီအစဉ်ကို ရေးဆွဲရမည်။ ဤသို့ဖြင့် သတ္တုတူးဖော်ခြင်းကြောင့် ထိခိုက်သွားသော နေရာများမှ တိုက်စားခြင်း နှင့်မြစ်အောက်ပိုင်း ရေလမ်းကြောင်းများအတွင်းသို့ အနည်ကျခြင်းမှ လျော့ချခြင်း သို့မဟုတ် ရှောင် ရှားခြင်းများ ပြုလုပ်ပါ။ **ပြန်လည်ထူထောင်ရေး စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ နောက်ဆုံးမြေမျက်နှာသွင်ပြင်ပေါ်တွင် တဆင့်တဆင့် ပြန်လည်တည်ထောင်မှုနှင့်အပင်စိုက်ပျိုးခြင်းများလုပ်ဆောင်ရန် ပြင်ဆင်ထားသော မျက်နှာပြင်များကို မြက်ပင်များအသုံးပြု၍ ဖြန့်ခြင်း၊ ဖုံးခြင်း သို့ မဟုတ် မြေဆွေးမျာ စသည်တို့ကို အသုံးပြုရမည်။	အလွန်အမင်း	မဖြစ်နိုင်ပါ	မြင့်သည်

ရေလမ်းကြောင်း ပိတ်ဆို့ခြင်း	ရေကြီးခြင်း နှင့် ရေလွှမ်းခြင်း	ကျေးရွာနှင့် လူထုအခြေခံ အဆောက်အဦးတို့ရေလွှမ်း ခံရခြင်း ကြောင့်အလား အလာအား ဖြင့် သက်ရှိများ၊ ကောက်ပဲသီးနှံများ နှင့် အဆောက်အဦးများကို ဆုံးရှုံးနိုင်သည်။ ထိုနည်း တူပင်ဂေဟ စနစ် ပျောက်ဆုံးခြင်းနှင့် လျော့နည်းလာခြင်းတို့ကို ဖြစ်စေသည်။	အလွန်အမင်း	တခါတရံ	အဓိကဖြစ်သည်	**တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေ လမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေဖေါ်မှ လျံကျလာသော ရေများကို *သတ္တုတွင်း ကြမ်းပြင်များ၊ မြေစာပုံများနှင့်အဝေါ်ယံမြေဖယ်ရှာမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နန်းအနည်များပါသောရေများကို ဖမ်းပြီး နန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။ **သတ္တုတွင်းနှင့်မြေစာပုံစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းနှင့်မြေစာပုံများကို မည်သို့ စီမံတူးဖော် ဘေးကင်းစွာ တည်ဆောက်ထားရှိမည့် အစီအမံများပါသည့် သတ္တုတွင်းအစီအစဉ်ကို ရေးဆွဲရမည်။ ဤသို့ဖြင့် သတ္တုတူးဖော်ခြင်းကြောင့် ထိခိုက်သွားသော နေရာများမှ တိုက်စားခြင်း နှင့်မြစ်အောက်ပိုင်း ရေလမ်းကြောင်းများအတွင်းသို့ အနည်ကျခြင်းမှ လျော့ချခြင်း သို့မဟုတ် ရှောင် ရှားခြင်းများ ပြုလုပ်ပါ။ **ပြန်လည်ထူထောင်ရေး စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ နောက်ဆုံးမြေမျက်နှာသွင်ပြင်ပေါ်တွင် တဆင့်တဆင့် ပြန်လည်တည်ထောင်မှုနှင့်အပင်စိုက်ပျိုးခြင်းများလုပ်ဆောင်ရန် ပြင်ဆင်ထားသော မျက်နှာပြင်များကို မြက်ပင်များအသုံးပြု၍ ဖြန့်ခြင်း၊ ဖုံးခြင်း သို့ မဟုတ် မြေဆွေးမျာ စသည်တို့ကို အသုံးပြုရမည်။ **ရေစီမံခန့်ခွဲမှု** ပါအစီအမံများအရ ဥရုရောင်းနှင့်ဂွင်းဓါတုရောင်းလက်တက်များကို ဖြတ်၍ တည် ဆောက်ထားသော ယာယီတံတားများ နှင့်ဖြတ်လမ်းငယ်များကို နှစ်စဉ် မေလတွင် အပြီးသတ် ဖယ်ရှားပေးရမည်။	အလွန်အမင်း	ဖြစ်နိုင်ဖွယ်ရှိ	အဓိကဖြစ်သည်
ကျောက်စိမ်းရိုင်းများ ရေဆေးခြင်း	ကျောက်စိမ်းရိုင်းများကို ရေလမ်းကြောင်းများ အတွင်း သို့တိုးချဲ့ဆေးကြောခြင်းကြောင့် မြေဆီလွှာ တိုက်စားခံခြင်းနှင့် နန်းနှစ်ကျခြင်း တို့ကို ဖြစ်စေသည်။ သတ္တုတွင်းများကို ရေဆေးချခြင်းကြောင့် ရေဝပ်နေရာများ တိမ်ကောရသည်။ သတ္တုတွင်းများရှိရေများသည် ဝပ်နေတက်သည်။	နန်းနှစ် (rss) မြင့်တက်လာမှုကြောင့် ရေအရည်အသွေး ကျဆင်းလာကာ မြစ်အောက် နေရာများကို အကျိုးရှိစွာအသုံးပြုခြင်းတို့ အပေးသက်ရောက်မှု ရှိလာသည်။ (ဥပမာ - အဏ္ဏပါ ဂေဟစနစ် နှင့် ၄င်း၏ အသင်းအတိုက်) အနည်ကျပြီးသော နန်းနှစ်များသည် ကမ်းပါးရေလွှမ်းမှု (မြစ်ရေလွှမ်းမှု) ကို ပိုမို ဖြစ်ပွားစေသည်။ ခြင်ကြောင့်ဖြစ်ပွားသော ရောဂါများကို ပိုမိုပျံ့ပွားစေသည်။	အလယ်အလတ်	မကြာခဏ	မြင့်သည်	**တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ ကျောက်စိမ်းရိုင်းများ ဆေးကြောပြီး မြေပြင်နှင့်/သို့မဟုတ် ရေလမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ် မီ မြေဖေါ်မှ လျံကျလာသော ရေများကို *သတ္တုတွင်း ကြမ်းပြင်များ၊ မြေစာပုံများနှင့်အဝေါ်ယံမြေဖယ်ရှာမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နန်းအနည်များပါသောရေများကို ဖမ်းပြီး နန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။ **တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ ကျောက်စိမ်းရိုင်းများ ဆေးကြောပြီး ခြင်များ ခိုအောင်းခြင်း မရှိစေရန် ရေများကို သတ္တုတွင်းကြမ်းပြင်နှင့်တွင်းများမှ ရေများကို နန်းစစ်ကန်းများအတွင်း လမ်းလွှဲပေးရမည်။	အနည်းငယ်	မဖြစ်နိုင်ပါ	နိမ့်သည်

ရေလမ်းကြောင်းများ ပြည့်သွားခြင်း	ရေလမ်းကြောင်းများအတွင်းသို့ လျှံကျရေများသည် တိုက်စားမှုနှင့်အနည်ကျမှုများဖြစ်စေသည်။	မြစ်ကြောင်းအတွင်း သယ်ယူပို့ဆောင် သွားလာနိုင်မှုကို နည်းပါးစေသည်။	ဖြစ်နိုင်ဖွယ်ရှိ	အဓိကဖြစ်သည်	မြင့်သည်	**တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေ လမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျှံကျလာသော ရေများကို *သတ္တုတွင်း ကြမ်းပြင်များ၊ မြေစာပုံများနှင့်အပေါ်ယံမြေဖယ်ရှားမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နန်းအနည်များပါသောရေများကို ဖမ်းပြီး နန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။ **သတ္တုတွင်းနှင့်မြေစာပုံစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းနှင့်မြေစာပုံများကို မည်သို့ စီမံတူးဖော် ဘေးကင်းစွာ တည်ဆောက်ထားရှိမည့် အစီအမံများပါသည့် သတ္တုတွင်းအစီအစဉ်ကို ရေးဆွဲရမည်။ ဤသို့ဖြင့် သတ္တုတူးဖော်ခြင်းကြောင့် ထိခိုက်သွားသော နေရာများမှ တိုက်စားခြင်း နှင့်မြစ်အောက်ပိုင်း ရေလမ်းကြောင်းများအတွင်းသို့ အနည်ကျခြင်းမှ လျော့ချခြင်း သို့မဟုတ် ရှောင် ရှားခြင်းများ ပြုလုပ်ပါ။ **ပြန်လည်ထူထောင်ရေး စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ နောက်ဆုံးမြေမျက်နှာသွင်ပြင်ပေါ်တွင် တဆင့်တဆင့် ပြန်လည်တည်ထောင်မှုနှင့်အပင်စိုက်ပျိုးခြင်းများလုပ်ဆောင်ရန် ပြင်ဆင်ထားသော မျက်နှာပြင်များကို မြက်ပင်များအသုံးပြု၍ ဖြန့်ခြင်း၊ ဖုံးခြင်း သို့ မဟုတ် မြေဆွေးမျာ စသည်တို့ကို အသုံးပြုရမည်။ **သတ္တုတွင်း ပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ သတ္တုတူးဖော်ခြင်းလုပ်ငန်းများ ကြောင့် ဖြစ်ပေါ်သော အန္တရာယ်ရှိသော ပစ္စည်းများကြောင့် ရေနှင့်မြေ ဓာတ်ပြုခြင်းကုစားပေးရန်လို အပ်ပြီး သတ္တုတွင်းပတ်ပတ်လည်တွင် တိုက်စားမှုနှင့်အနည်ထိန်းချုပ်ရန် တည်ဆောက်ထားသော အဟားအဆီးများကို ထိန်းသိမ်းပြုပြင်ပြီး လျှံကျရေများကို လမ်းလွဲများမှ ဆက်လက်စီးဆင်းစေပါ။	မဖြစ်နိုင်ပါ	အလယ်အလတ်	နိမ့်သည်
အန္တရာယ်ရှိစေသည့် ပစ္စည်းများ (လောင်စာ၊ ဆီ၊ ဓာတုပစ္စည်းများ စသည်ဖြင့်)	မတော်တဆ ဖိတ်စင်ခြင်းနှင့် ယိုစိမ့်မှု	ရေ အရည်အသွေးညံ့ဖျင်းမှု၊ အက္ကဝါ ဂေဟစနစ် ယိုယွင်းပျက်စီးလာမှု၊ ဓါတ်ပြုပျက်စီးနေသောမြေ။	တခါတရံ	အလယ်အလတ်	မြင့်သည်	**ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသောပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ဓာတု ပစ္စည်းနှင့် အခြားအန္တရာယ်ရှိသော ပစ္စည်းများ အသုံးပြု သိုလှောင်သည့်နေရာများတွင် ဖိတ်စင်မှုကို တုံ့ပြန်နိုင်သည့်ကိရိယာများအသင့်ပြုလုပ်ထားရန်လိုအပ်သည်။ ဓာတုပစ္စည်းနှင့်အန္တရာယ် ရှိ သောပစ္စည်းများ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရေလမ်းကြောင်းများမှ သတ်မှတ်ထားသော အကွာတွင် ရပ်ထားခြင်း သို့မဟုတ် ဆီပြည့်ခြင်းများ ပြုလုပ်ရမည်။	အနည်းငယ်	ဖြစ်နိုင်ဖွယ်ရှိ	နိမ့်သည်

အန္တရာယ်ရှိစေသည့် ပစ္စည်းများ (လောင်စာ၊ ဆီ၊ ဓာတုပစ္စည်းများ စသည်ဖြင့်)	မြစ်အတွင်း ဆီသယ်ဆောင်လာသော သင်္ဘောကြီးများမှ ကြီးမားသော ယိုဖိတ်မှု	ရေ အရည်အသွေးညံ့ဖျင်းမှု၊ အဏ္ဏဝါ ဂေဟစနစ် ယိုယွင်းပျက်စီးလာမှု၊ ဓါတ်ပြုပျက်စီးနေသောမြေ။	ဖြစ်နိုင်ဖွယ်ရှိ	အဓိကဖြစ်သည်	မြင့်သည်	**ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသောပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ဓာတု ပစ္စည်းနှင့် အခြားအန္တရာယ်ရှိသော ပစ္စည်းများ အသုံးပြု သိုလှောင်သည့်နေရာများတွင် ဖိတ်စင်မှုကို တုံ့ပြန်နိုင်သည့်ကိရိယာများအသင့်ပြုလုပ်ထားရန်လိုအပ်သည်။ ဓာတုပစ္စည်းနှင့်အန္တရာယ် ရှိ သောပစ္စည်းများ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရေလမ်းကြောင်းများမှ သတ်မှတ်ထားသော အကွာတွင် ရပ်ထားခြင်း သို့မဟုတ် ဆီပြည့်ခြင်းများ ပြုလုပ်ရမည်။ **အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုများနှင့်တုံ့ပြန်မှု အစီအစဉ်** ပါအစီအမံများအရ အန္တရာယ်ရှိသော ပစ္စည်းများ (လောင်စာဆီ၊ ဆီ၊ ဓာတုပစ္စည်းများ စသည်ဖြင့်) စီမံခန့်ခွဲရန် အရေးပေါ် စုရုံးသည့် နေရာသတ်မှတ်ခြင်းနှင့် သင့်လျော်သည့် အရေးတုံ့ပြန်မှုဆိုင်ရာ ကိရိယာပစ္စည်းများ (ဧရှး ဦးသူနာပြုပစ္စည်းများ၊ မီးသတ်ပစ္စည်းများ) နှင့်အရေးပေါ်ဖြစ်လာ သည့်အခါ လိုက်နာရမည့် အရေးပေါ်တုံ့ပြန်မှုလုပ်ထုံးလုပ်နည်း များကို ဖော်ပြထားပါမည်။ **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်** ပါအစီအမံများအရ အန္တရာယ်ရှိသော ပစ္စည်းများ (လောင်စာဆီ၊ ဆီ၊ ဓာတုပစ္စည်းများ စသည်ဖြင့်) စီမံခန့်ခွဲရန် ၎င်းတို့ သယ်ယူပို့ဆောင်သော အလုပ်သမားများအား အန္တရာယ်ရှိသော ပစ္စည်များအရေးပေါ်အခြေအနေတွင် ကိုင်တွယ်ဖြေရှင်းနိုင်ရန် သင်းတန်းပို့ချထားပေးရမည်။	ဖြစ်နိုင်ဖွယ်ရှိ	အလယ်အလတ်	အလယ်အလတ်

ဘေးအန္တရာယ်	ဖြစ်စဉ်	ထိခိုက်ပျက်စီးမှု	အကျိုးဆက်	ဖြစ်နိုင်ခြေ	ဘေးအန္တရာယ်	အထိန်းအကွပ်	အကျိုးဆက်	ဖြစ်နေရေ	ကျရှိသောဘေးအန္တရာယ်
ဖုန်	တာဝေးလမ်းများနှင့်လမ်းမပေါက်သေးသောကျေးရွာ များမှ ဖြစ်ပေါ်လာသော ဖုန်တို့ကို ရှုရှိုက်ခြင်း။	အသက်ရှူလမ်းကြောင်းဆိုင်ရာ အခက်အခဲ၊ ပန်းနာရင်ကျပ်ကဲ့သို့ ဓါတ်မတဲ့သော ရောဂါတို့သည် ပြည်သူ့ကျန်းမာရေးအပေါ် သက်ရောက်မှုများရှိလာခြင်း။ တဲအိမ်အများစုနှင့် ရွာများ ၏။ အသုံးအဆောင် အခြေခံပစ္စည်းများလျော့ပါးလာကာ အပင်များ၏ရှင်သန် ခြင်းနှင့်ကောက်ပဲသီးနှံဖြစ်ထွန်းမှု တို့ကျဆင်း လာခြင်း	အဓိကဖြစ်သည်	မကြာခဏ	အဓိကဖြစ်သည်	**လေအရည်အသွေးနှင့်ဖုန် စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ သင့်လျော်သည့် တစ်ကိုယ်ရည် ကာကွယ်ရေးပစ္စည်းများ ပံ့ပိုးပေးရန်၊ အပေါ်ယံမြေနှင့်မြေစာပုံများ ထွက်ပေါ် နေမှုအချိန်နှင့်ပမာဏ ကို အနည်းဆုံးဖြစ်စေရန်၊ ရေကိုအသုံးပြု၍ ဖုန်သိပ်ရန်၊ ဒေသတွင်းမိုလေသဝအခြေအနေကို စောင့်ကြည့်ရန်၊ ရွာများနှင့်အခြေချနေထိုင်သည့်နေရာများတွင် အလုပ်လုပ်ကိုင်မှုမှ ရှောင်ရှားရန်၊ ခုတ်ထွင်ဖယ်ရှားထားသော အပင်များနှင့်အခြားစွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်းမှ ရှောင်ရှားရန် စသည် တို့ လုပ်ဆောင်ရန် လိုအပ်သည်။	အလယ်အလတ်	ဖြစ်နိုင်ဖွယ်ရှိ	အလယ်အလတ်
လေထုညစ်ညမ်းခြင်း	မော်တော်ယာဉ်နှင့်သတ္တုတူးဖော်ရေးစက်ယန္တရားမှ ထွက်လာသော ဓါတ်ငွေ့များနှင့် ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော ဓါတ်ငွေ့များ။	အသက်ရှူလမ်းကြောင်းဆိုင်ရာ အခက်အခဲနှင့် ပန်းနာရင်ကျပ်ကဲ့သို့ ဓါတ်မတဲ့သော ရောဂါတို့သည် လူထုကျန်းမာရေးအကျိုး ဆက်အနေဖြင့်ဖြစ်လာခြင်း။	အလယ်အလတ်	တခါတရံ	မြင့်သည်	**လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်** ပါအစီအမံများအရ အလုပ်သမား များအားလုံးကို တစ်ကိုယ်ရည် အကာအကွယ်ပစ္စည်းများ ပံ့ပိုးပေးခြင်းနှင့်အသုံးပြုနည်းကို သင်တန်း ပို့ချပေးခြင်း၊ ကျန်းမာရေးဆေးပေးခန်းများ ထိန်းသိမ်းထားရန် ပံ့ပိုးပေးခြင်း၊ သင့်လျော်ပြီး သန့်ရှင်းသည့် အသုံးအဆောင်ပစ္စည်း အဆောက်အအုံများ ပံ့ပိုးပေးခြင်းနှင့် လူအများအသုံးပြုသည့် အ ဆောက်အအုံများတွင် လုံလောက်သည့်လေဝင်လေထွက်ရှိရန် လိုအပ်သည်။	အနည်းငယ်	မဖြစ်နိုင်ပါ	နိမ့်သည်
ပေါက်ကွဲမှုဖြစ်စဉ် (တုန်ခါမှုနှင့်ဆူညံသံ)	မြေတုန်ခါမှုနှင့် တုန်ခါလှိုင်းများ (Shockwaes)	အဆောက်အဦးများ ပျက်စီးခြင်း၊ လူအများကို သက်သေခင့်သက်သာ မရှိစေခြင်းနှင့် အိပ်ရေးပျက်စေခြင်း။	အလယ်အလတ်	မကြာခဏ	မြင့်သည်	**ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ PPE ပစ္စည်း များသင့်လျော်သည့် နည်းလမ်းဖြင့် အသုံးပြုရမည်။ ဆူညံသည့်လုပ်ငန်းများကို နေ့အချိန် တွင်သာလုပ်ဆောင်ရန်၊ ဆူညံ သံကြားခံနယ်အဖြစ် သဘာဝမြေမျက်နှာပြင်နှင့် ပစ္စည်းများထားမည့် နေရာများကိုရွေးချယ် အသုံး ပြုရန်၊ ဖောက်ခွဲမှုများကို နေ့အချိန်နာရီများနှင့် သတ်မှတ်ထားသော အချိန်များတွင်သာ ကန့်သတ် လုပ်ဆောင်ရန်၊ ပေါက်ကွဲပစ္စည်းများ အလွန်အကျွံအသုံးပြုခြင်းမဖြစ်စေရန် မှန်ကန်သည့် ပမာဏ နှင့် အချိုးများအသုံးပြုရမည်။ **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းမှုအစီအစဉ်** ပါအစီအမံများအရ PPE ပစ္စည်း များသင့်လျော်သည့်နည်းလမ်းဖြင့် အသုံးပြုရမည်။ ယာဉ်များ၊ စက်ရုံများနှင့်စက်ကိရိယာများကို ကောင်းမွန်စွာ ထိန်းသိမ်းပြုပြင်ထားရန်နှင့် ဘေးကင်းသည့် ဖောက်ကွဲရေးလမ်းညွှန်ချက်များကို လိုက်နာရမည်။	အနည်းငယ်	ဖြစ်နိုင်ဖွယ်ရှိ	နိမ့်သည်

ဆူညံသံ	လူ၊ကျေးရွာနှင့် နယ်မြေ သစ်များ နှင့် နီးစပ်မှု	လူအများကို အာရုံပျက်စေခြင်း၊ အိပ်စက်ခြင်းကို အနှောင့်အယှက် ပေးခြင်း တောရိုင်းတိရစ္ဆာန်တို့ အပေါ် အနှောက်အယှက်ဖြစ်ခြင်း၊ တဲအိမ်စုများနှင့် ရွာများ၏ အသုံးအဆောင်အခြေခံပစ္စည်းများ လျော့နည်းလာခြင်း။	အနည်းငယ်	မကြာခဏ	အလယ်အလတ်	**ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ PPE ပစ္စည်း များသင့်လျော်သည့် နည်းလမ်းဖြင့် အသုံးပြုရမည်။ ဆူညံသည့်လုပ်ငန်းများကို နေ့အချိန် တွင်သာလုပ်ဆောင်ရန်၊ ဆူညံ သံကြားခံနယ်အဖြစ် သဘာဝမြေ မျက်နှာပြင်နှင့် ပစ္စည်းများထားမည့် နေရာများကိုရွေးချယ် အသုံး ပြုရန်၊ ဖောက်ခွဲမှုများကို နေ့အချိန်နာရီများနှင့် သတ်မှတ်ထားသော အချိန်များ တွင်သာ ကန့်သတ် လုပ်ဆောင်ရန်၊ ပေါက်ကွဲပစ္စည်းများ အလွန်အကျွံ အသုံးပြုခြင်းမဖြစ်စေရန် မှန်ကန်သည့် ပမာဏ နှင့် အချိုးများအသုံးပြုရမည်။	အနည်းငယ်	ဖြစ်နိုင် ဖွယ်ရှိ	နိမ့်သည်
စည်းမဲ့ကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း	ရေးလမ်းကြောင်း နှင့် အဖျက် တိရစ္ဆာန်များ	စည်းမဲ့ကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းကြောင့် ရေနှင့် မြေကြီး တို့၏ အရည်အသွေးများ ကျလာကာ မြစ်အောက်နေရာများကို အကျိုးရှိစွာ အသုံးချခြင်း တို့အပေါ် အကျိုး ဆက်များဖြစ်လာသည်။ (ဥပမာ - ရေဂေဟာစနစ် နှင့် ၎င်း၏ အသိုက်အဝန်း)။ ထို့နည်း တူ ကူးစက်ရောဂါသယ်ဆောင်လာသော ပိုးမွှား တိရစ္ဆာန်များ (ဥပမာ - ကြွက်) မှ တစ်ဆင့်ရောဂါ များ ပျံနှံ့လာပြီး အဆိပ် ရှိသော ဓြပ်ပေါင်းများဖြင့် ထိတွေ့ခြင်း မှ သော်လည်းကောင်း စားမိခြင်းမှ သော်လည်းကောင်း ဓါတ်မတည့်သည့်ရောဂါများ ဖြစ်လာနိုင်သည်။	အလယ်အလတ်	မကြာခဏ	မြင့်သည်	**လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးများ** ပါအစီအမံများအရ သတ္တုတွင်းကုမ္ပဏီများ နှင့်ဌင်းတို့၏လုပ် သားများသည် အချိန်ပြည့် ဂရုပြုလုပ်ဆောင်ရန်နှင့်ရင့်ကျက် စွာနေထိုင်ရန် လိုအပ်ပြီး EMP ကို လိုက်နာဆောင်ရွက်ရမည်။ အမှိုက်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုပဲ အမှိုက်ပုံး သို့မဟုတ် စီမံ ထားသောနေရာ များတွင် ကောင်းမွန်သေချာစွာစွန့်ပစ်ရမည်။ **ဓာတုပစ္စည်းနှင့်အန္တရာယ်ရှိသောပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံ များအရ ဓာတုပစ္စည်း နှင့်စွန့်ပစ်ပစ္စည်းများကို ဆီလျော်စွာ အသုံးပြုခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် စွန့် ပစ်ခြင်းများ ဆောင်ရွက်ရမည် ဖြစ်သည်။ ထို့အပြင် ဓာတုပစ္စည်းနှင့်အန္တရာယ်ရှိသောပစ္စည်းများ အသုံးပြု /သိုလှောင်ရာနေရာများတွင် ဖိတ်စင်မှုတုံ့ပြန်သည့် ကိရိယာပစ္စည်းများ ထိန်းသိမ်းထားရှိရမည်။ **အန္တရာယ်မရှိသော ဇရ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ စီမံထားသည့် အမှိုက်ကန်များ အပါအဝင် လုပ်ငန်းခွင်အတွင်း သင့်လျော်သည့် အန္တရာယ်မရှိ သော စွန့်ပစ်ပစ္စည်းများ စုဆောင်း ခြင်း၊ စီမံခန့်ခွဲခြင်းနှင့်စွန့်ပစ်ခြင်းများ လုပ် ဆောင်ရန်လိုအပ်သည်။ **လေအရည်အသွေးနှင့်ဝန်း စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ခုတ်ထွင် ရှင်းလင်းထားသော အပင်များ သို့မဟုတ် အခြားသော စွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်းမှ တားမြစ်ရမည်။	အနည်းငယ်	ဖြစ်နိုင် ဖွယ်ရှိ	နိမ့်သည်
ရေအရင်းအမြစ်	ဟင်းလင်းပွင့် သတ္တုတူးဖော်မှုလုပ်ငန်း	ကျေးလက်သောက်သုံးရေအရင်းအမြစ်ဆုံးရှုံးခြင်း၊ သောက်သုံးရေရမည့် လမ်းကြောင်း ပျောက်ဆုံးခြင်း	အဓိကဖြစ်သည်	ဖြစ်နိုင် ဖွယ်ရှိ	မြင့်သည်	**ရေစီမံခန့်ခွဲမှု** ပါအစီအမံများအရ သတ္တုတွင်းမတူးဖော်မီ ဒေသခံများအသုံးပြု သည့် ရေအရင်းအ မြစ်များကို ဖော်ထုတ်၍ နားလည်အောင်ဆောင်ရွက်ရန် လိုအပ်သည်။ ထိုနောက် သတ္တုတူးဖော်မှု ဆိုင်ရာလုပ်ငန်းစဉ်များကြောင့် ထိ ခိုက်ပျက်စီးသွားသော ရွာရေ အရင်းအမြစ်များကို အစားထိုးရေ အရင်းအမြစ် ပံ့ပိုးပေးရမည်။	အဓိကဖြစ် သည်	မဖြစ်နိုင်ပါ	အလယ်အလတ်
ဓါတ်ပြုပျက်စီးနေသောရေ	လူသားတို့အသုံးပြုခြင်း။	မြေပေါ်ဂေဟစနစ် နှင့် အဏ္ဏဝါ ဂေဟစနစ် ဆုံးရှုံး ခြင်းနှင့် လျော့နည်းလာခြင်း၊ အစာနှင့် အူလမ်း ကြောင်း ဆိုင်ရာ ကူးစပ်မှု နှင့် ဓါတ်မတဲ့သည့် ကျန်းမာရေး ဆိုင်ရာ အကျိုး ဆက်များ ဖြစ်လာခြင်း	အဓိကဖြစ်သည်	မကြာခဏ	အဓိကဖြစ်သည်	**ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသောပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအ မံများအရ ဓာတု ပစ္စည်းနှင့် အခြားအန္တရာယ်ရှိသောပစ္စည်းများ အသုံးပြု သို လှောင်သည့်နေရာများတွင် ဖိတ်စင် မှုကိုတုံ့ပြန်နိုင်သည့် ကိရိယာများအသင့် ပြုလုပ်ထားရန်လိုအပ်သည်။ ဓာတုပစ္စည်းနှင့်အန္တရာယ် ရှိ သောပစ္စည်းများ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရေလမ်းကြောင်းများမှ မီတာ ၅၀ အကွာ တွင် ရပ်ထားခြင်း သို့မဟုတ် ခဲပြည့်ခြင်းများ ပြုလုပ်ရမည်။	အဓိကဖြစ် သည်	ဖြစ်နိုင် ဖွယ်ရှိ	မြင့်သည်

ဓါတ်ပြုပျက်စီးနေသောရေ	လူသားတို့အသုံးပြုခြင်း။	မြေပေါ်ဂေဟစနစ် နှင့် အဏ္ဏဝါ ဂေဟစနစ် ဆုံးရှုံးခြင်းနှင့် လျော့နည်းလာခြင်း၊ အစာနှင့် အူလမ်းကြောင်း ဆိုင်ရာ ကူးစပ်မှု နှင့် ဓါတ်မတဲ့သည့် ကျန်းမာရေး ဆိုင်ရာ အကျိုး ဆက်များ ဖြစ်လာခြင်း	အဓိကဖြစ်သည်	မကြာခဏ	အဓိကဖြစ်သည်	**တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေလမ်း ကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျှံကျလာသော ရေများကို *သတ္တုတွင်း ကြမ်းပြင် များ၊ မြေစာပုံများနှင့်အပေါ်ယံမြေဖယ်ရှားမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နန်းအနည်များပါသောရေများကို ဖမ်းပြီး နန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။ မုန်တိုင်းကြောင့် လျှံကျ ရေများကို အန္တရာယ်ရှိစေသော ပစ္စည်းများနှင့် ဓာတုပစ္စည်းများ သိုလှောင် ရာနေရာများ လမ်းလွှဲပေးရန်လိုအပ်သည်။ **အန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ အန္တရာယ်မရှိသော ပစ္စည်းများစွန့်ပစ်သိုလှောင်သည့်နေရာသည် ရေလမ်းကြောင်းများနှင့် အနည်းဆုံး မီတာ ၅၀ အ ကွာတွင် ရှိရမည်ဖြစ်ပြီး အိမ်သာကျင်း သို့မဟုတ် မိလ္လာကန်များသည် ရေလမ်းကြောင်းများနှင့် အနည်းဆုံး မီတာ ၁၀၀ အကွာတွင်ရှိရမည်။ ၄င်းတို့ကို တည်ဆောက်ရာတွင်လည်း မြေကြီးမှ တဆင့် စိန့်ထွက်နိုင်သည့် ထိရောက်သည့် အစစ်ကို အသုံးပြုထားရမည်။ အမှိုက်ကန်များသည် လည်း ရေလမ်းကြောင်း သို့မဟုတ် ရေရှိသော ရေတွင်းများမှ အနည်းဆုံး မီတာ ၅၀၀ အကွာတွင် ရှိရမည်။ ၄င်းတို့ကို တည်ဆောက်ရာတွင် မြေအောက်ရေနှင့်မြေပေါ် ရေ ဓာတ်ပြုမှုအန္တရာယ်မှ အနည်းဆုံးဖြစ်အောင် တည်ဆောက်ထားရမည်။ **ရေစီမံခန့်ခွဲမှု** ပါအစီအမံများအရ မြစ်များ၊ ချောင်းများနှင့် စမ်းချောင်းများမှ ရေအရည်အသွေး ကိုကာကွယ်ရန် ရေလမ်းကြောင်းများမှ ကြားခံနယ် မီတာ ၁၀၀ သတ်မှတ်ထားရမည်။ (ထိုနေ ရာများသည် မြေပြင်ပျက်စီးမှုမရှိသေးသည့် နေရာဖြစ်ပြီး ကမ်းပါးပေါ် ပေါက်နေသောအပင်များ ကို ထိန်းသိမ်းထားရမည်)။	အဓိကဖြစ်သည်	ဖြစ်နိုင်ဖွယ်ရှိ	မြင့်သည်
ကျေးရွာနှင့်ရွာချင်းဆက်လမ်းများကို သတ္တုတူးဖော်ရေးဆိုင်ရာ စက်ယန္တရားအသုံးပြုခြင်း။	လူနှင့် သတ္တုတူးဖော်ရေး စက်ယန္တရားများ အနီးကပ်ရှိနေသည့် အခြေအနေနှင့် ၄င်းနှင့် တိုက်ရိုက် လုပ်ကိုင်ရသည့် အနေအထား	မော်တော်ယာဉ်နှင့် စက်ယန္တရား များတို့ဖြင့် ခိုက်မိရာ မှ ဒဏ်ရာအနာတရ နှင့် လူသေးဆုံးခြင်း။	အလွန်အမင်း	ဖြစ်နိုင်ဖွယ်ရှိ	အဓိကဖြစ်သည်	**သတ္တုတွင်းနှင့်မြေစာပုံ စီမံခန့်ခွဲမှု အစီအစဉ်** ရွာနှင့်ရွာလမ်းကြောင်း ရှောင်ရှားရန် သတ္တုတွင်းနှင့်စွန့်ပစ်မြေစာပုံ ဒီဇိုင်းများလိုအပ်ပြီး သတ္တု တွင်း သို့မဟုတ် စွန့်ပစ်မြေစာပုံနှင့် ရွာများအ ကြား အနည်းဆုံး မီတာအကွာ အဝေး သတ်မှတ်ထားရှိရမည်။ **လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးများ** ပါအစီအမံများအရ သတ္တုတွင်းကုမ္ပဏီများနှင့်၄င်းတို့၏လုပ် သားများသည် အချိန်ပြည့် ဂရုပြုလုပ်ဆောင်ရန်နှင့် ရင့်ကျက်စွာ နေထိုင်ရန် လိုအပ်ပြီး EMP ကို လိုက်နာဆောင်ရွက်ရမည်။ **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်** ပါအစီအမံများအရ မိုင်းလုပ်သားများသည် ရွာနှင့်ရွာလမ်းများတွင် ယာဉ်များမောင်းနှင်ရာတွင် သင်တန်းတက်ထားရမည်ဖြစ်ပြီး ထိုယာဉ်ကြီးများသည်လည်း သတ်မှတ်ထားသော အမြန်နှုန်းနှင့်လမ်း၏အ ခြေအနေအပေါ်မူတည်၍ မောင်းနှင်ရမည်။ **အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုများနှင့်တုံ့ပြန်မှု အစီအစဉ်** ပါအစီအမံများအရ အရေးပေါ် စုရုံးသည့်နေရာသတ်မှတ်ခြင်းနှင့်သင့်လျော်သည့် အရေးတုံ့ပြန်မှုဆိုင်ရာကိရိယာပစ္စည်းများ (ဓနု ဦးသူနာပြုပစ္စည်းများ၊ မီးသတ်ပစ္စည်းများ) နှင့်အရေးပေါ်ဖြစ်လာသည့်အခါ လိုက်နာရမည့် အရေးပေါ်တုံ့ပြန်မှုလုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါမည်။ **ဖြစ်ရပ်များ အစီရင်ခံခြင်း လုပ်ထုံးလုပ်နည်း** ပါအစီအမံများအရ ရွာနှင့်ရွာလမ်းသုံးသော သတ္တုတွင်းယာဉ်ကြီးများအတွက် ဖြစ်ရပ်များ စီမံခန့်ခွဲခြင်းနှင့်အစီရင်ခံခြင်း လုပ်ငန်းစဉ်များကို ဖော်ပြထားရမည်။	အလွန်အမင်း	မဖြစ်နိုင်ပါ	မြင့်သည်

ဘေးအန္တရာယ်မကင်းသော သတ္တုတူးဖော်ရာနေရာနှင့် ဘေးကင်းမှု မရှိသော လုပ်ငန်း ခွင်အလေ့အထများ	လူနှင့် သတ္တုတူးဖော်ရေး စက်ယန္တရားများ၏ ဆက်စပ်မှု၊ မတည်ငြိမ် သော သဘာဝ မြေမျက်နှာသွင်ပြင်နှင့် ထိတွေ့ရ သည့် အနေအထား၊ အန္တရာယ် ဖြစ်စေသည့် ပစ္စည်းများကို အ သုံးပြုနေရသည့် အခြေအနေ၊ ဘေးကင်းလုံခြုံမှု မရှိသော လုပ် ငန်းခွင် ဆိုင်ရာ အလေ့အကျင့် များ။	ထိခိုက်ဒဏ်ရာရခြင်း (သို့) သေဆုံးခြင်း၊ ကျန်းမာရေး ဆိုင်ရာပြဿနာများ။	အလွန်အမင်း	တခါတရံ	အဓိကဖြစ်သည်	**သတ္တုတွင်းနှင့်မြေစာပုံစီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ တည်ငြိမ်သည့် မြေပြင်ဖန် တီးရန် သတ္တုတူးဖော်ခြင်းကြောင့် ပျက်စီးသွားသော နေရာများနှင့် မြေပြိုခြင်းများ ရှောင်ရှားရန် သို့မဟုတ် တိုက်စားမှုသိသာစွာလျော့ချရန်နှင့် အနည်ကျမှုကြောင့်မြစ်အောက်ပိုင်းရေလမ်း ကြောင်းများကာကွယ်ရန် သတ္တုတွင်းနှင့်မြေစာပုံ ပြုလုပ်မည့်နေရာများကို ဒီဇိုင်းအစီအမံရေး ဆွဲ၍ ဘေးကင်းစွာ တည်ဆောက်ရမည်။ **လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးများ** ပါအစီအမံများအရ သတ္တုတွင်းကုမ္ပဏီများနှင့်ဌင်းတို့၏လုပ် သားများသည် အချိန်ပြည့် ဂရုပြုလုပ်ဆောင်ရန်နှင့် ရင့်ကျက်စွာ နေထိုင်ရန် လိုအပ်ပြီး EMP ကို လိုက်နာဆောင်ရွက်ရမည်။ **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်** ပါအစီအမံများအရ မိုင်းလုပ်သား အားလုံးကို သင်တန်းပို့ချခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာပို့ချခြင်း၊ သင့်လျော်သည့် PPE များကို ပံ့ပိုးခြင်း နှင့်အလုပ်လုပ်ကိုင်ရန် ကြိုခိုင်မှုရှိရမည်။ အလုပ်သမားများကို မြေတူးစက် ကော်ခွက်လွှဲသည့်လမ်းကြောင်း သို့မဟုတ် နောက်ဆုတ်နေသော ယာဉ်များနှင့်မြေသယ်ယာဉ်ကြီးများ၏ အနောက်တွင် မှတ်တတ်မရပ် စေရ။ ထိုယာဉ်ကြီးများသည်လည်း သတ်မှတ်ထားသော အမြန်နှုန်းနှင့်လမ်း၏အ ခြေအနေအပေါ်မူတည်၍ မောင်းနှင်ရမည်။ ဟင်းလင်းပွင့်တွင်းများနှင့်မြေစာပုံများ၏ တည်ငြိမ်ခိုင် မာမှုကို ပုံမှန် စစ်ဆေးရမည်။ တည်ငြိမ်မှု မရှိပါက သင့်လျော်သည့် အစီအမံများ ပြုလုပ်ရမည်။ ယခု အစီအစဉ်သည် ဖောက်ခွဲရေးလုပ်ဆောင်ချိန်တွင် လိုက်နာရမည့် ဘေးကင်းရေး လမ်းညွှန်ချက် လုပ်ငန်းစဉ် အသေးစိတ်ကို ထည့်သွင်းထားပါသည်။ **အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုများနှင့်တုံ့ပြန်မှု အစီအစဉ်** ပါအစီအမံများအရ အရေးပေါ် စုရုံးသည့်နေရာသတ်မှတ်ခြင်းနှင့်သင့်လျော်သည့် အရေးတုံ့ပြန်မှုဆိုင်ရာကိရိယာပစ္စည်းများ (ဧရှး ဦးသူနာပြုပစ္စည်းများ၊ မီးသတ်ပစ္စည်းများ) နှင့်အရေးပေါ်ဖြစ်လာသည့်အခါ လိုက်နာရမည့် အရေးပေါ်တုံ့ပြန်မှုလုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါမည်။	အလွန်အမင်း	မဖြစ်နိုင်ပါ	မြင့်သည်
ဘေးအန္တရာယ်မကင်းသော သတ္တုတူးဖော်ရာနေရာနှင့် ဘေးကင်းမှု မရှိသော လုပ်ငန်း ခွင်အလေ့အထများ	လူနှင့် သတ္တုတူးဖော်ရေး စက်ယန္တရားများ၏ ဆက်စပ်မှု၊ မတည်ငြိမ် သော သဘာဝ မြေမျက်နှာသွင်ပြင်နှင့် ထိတွေ့ရ သည့် အနေအထား၊ အန္တရာယ် ဖြစ်စေသည့် ပစ္စည်းများကို အ သုံးပြုနေရသည့် အခြေအနေ၊ ဘေးကင်းလုံခြုံမှု မရှိသော လုပ် ငန်းခွင် ဆိုင်ရာ အလေ့အကျင့် များ။	ထိခိုက်ဒဏ်ရာရခြင်း (သို့) သေဆုံးခြင်း၊ ကျန်းမာရေး ဆိုင်ရာပြဿနာများ။	အလွန်အမင်း	တခါတရံ	အဓိကဖြစ်သည်	**ဖြစ်ရပ်များ အစီရင်ခံခြင်း လုပ်ထုံးလုပ်နည်း** ပါအစီအမံများအရ ဘေးအန္တရာယ်မကင်းသော သတ္တုတူးဖော်ရာနေရာနှင့် လုပ်ငန်းခွင်များ အတွက် ဖြစ်ရပ်များ စီမံခန့်ခွဲခြင်းနှင့်အစီရင်ခံ ခြင်း လုပ်ငန်းစဉ်များကို ဖော်ပြထားရမည်။ **နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်း နည်းစနစ်** ပါအစီအမံများအရ သတ္တုတွင်းကုမ္ပဏီများ ထံတိုင်ကြားလိုသည်များကို ဆက်သွယ်ပြောဆိုနိုင်ရန် နစ်နာမှုတိုင်ကြားချက်ကိုင်တွယ်ဖြေရှင်း သည့် စနစ်တစ်ခုကို တည်ထောင်သွားရပါမည်။ **လူထုအထောက်အကူပြုနှင့်ပွဲပြိုးရေး အစီအစဉ်** ပါအစီအမံများအရ လူမှုတာဝန်သိလုပ်ငန်း (CSR) ရံပုံငွေကို လူမှုဖူလုံရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် တည်ထောင်ရမည်။ ပြည်သူလူထုနှင့်တွေ့ ခဲ့ရာ သူတို့၏အဓိက ဝိုးရိမ်မှုမှာ ဒေသရှိလူများ၏ပြဿနာများကို ဖြေရှင်းပေးရန် ထိုရံပုံငွေထားရှိ ရန် တောင်းဆိုခဲ့ပါသည်။ ဒေသရှိလူများသည် ၎င်းတို့၏ ပြဿနာများနှင့်စိုးရိမ်မှု နစ်နာမှုများကို တိုင်ကြားနိုင်ရန် လူထုအခြေပြုအဖွဲ့များ ဖွဲ့စည်းထားရန်လိုအပ်ပါသည်။	အလွန်အမင်း	မဖြစ်နိုင်ပါ	မြင့်သည်

ဘေးအန္တရာယ်မကင်းသော သတ္တုတူးဖော်ရာနေရာနှင့် ဘေးကင်းမှု မရှိသော လုပ်ငန်း ခွင်အလေ့အထများ	လူနှင့် သတ္တုတူးဖော်ရေး စက်ယန္တရားများ၏ ဆက်စပ်မှု၊ မတည်ငြိမ် သော သဘာဝ မြေမျက်နှာသွင်ပြင်နှင့် ထိတွေ့ရ သည့် အနေအထား၊ အန္တရာယ် ဖြစ်စေသည့် ပစ္စည်းများကို အ သုံးပြုနေရသည့် အခြေအနေ၊ ဘေးကင်းလုံခြုံမှု မရှိသော လုပ် ငန်းခွင် ဆိုင်ရာ အလေ့အကျင့် များ။	ထိခိုက်ဒဏ်ရာရခြင်း (သို့) သေဆုံးခြင်း၊ ကျန်းမာရေး ဆိုင်ရာပြဿနာများ။	အလွန်အမင်း	တခါတရံ	အဓိကဖြစ်သည်	**ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသောပစ္စည်းများ ဝိပံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ဓာတု ပစ္စည်းနှင့် အခြားအန္တရာယ်ရှိသောပစ္စည်းများ အသုံးပြုသိုလှောင်သည့်နေရာများတွင် ဖိတ်စင် မှုကိုတုံ့ပြန်နိုင်သည့် ကိရိယာများ အသင့်ပြုလုပ်ထားရန်လိုအပ်သည်။ ဓာတုပစ္စည်းနှင့်အန္တရာယ် ရှိ သောပစ္စည်းများ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရေလမ်းကြောင်းများမှ မီတာ ၅၀ အကွာ တွင် ရပ်ထားခြင်း သို့မဟုတ် ဆီပြည့်ခြင်းများ ပြုလုပ်ရမည်။ **အလုပ်သမားတန်းလျားစီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ သင့်လျော်သည့် ဆေးပါးနှင့် ရှေးဦး သူနာပြုပစ္စည်းများ၊ မီးသတ်ဆေးဘူးများ၊ မီးသတ်ကိရိ ယာပစ္စည်းများနှင့်အလိုအလျောက်မီးခိုး အသိပေးစက်များ တပ်ဆင်ထားပါမည်။	အလွန်အမင်း	မဖြစ်နိုင်ပါ	မြင့်သည်
လူဦးရေ တိုးပွားလာခြင်း နှင့် သဘာဝ အရင်းအမြစ်သုံး စွဲမှု များလာခြင်း	ပြောင်းရွှေ့နေထိုင်မှုများ ကြောင့် သဘာဝ အရင်းအမြစ် သုံးစွဲလာမှုများလာခြင်း	လူနေမှု အဆင့်အတန်းနိမ့်ပါးခြင်း၊ အားရစရာ မကောင်းသော ကျန်းမာရေး အခြေအနေ	အဓိကဖြစ်သည်	မကြာခဏ	အဓိကဖြစ်သည်	**ဇီဝမျိုးစုံမျိုးကွဲများ ဝိပံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိမှုများ သည့်နေရာများကို အပင်များခုတ်ထွင်ရှင်းလင်းခြင်းမှ ရှောင်ရှား ရမည်ဖြစ်ပြီး သတ္တုတူးဖော်ရန် လို အပ်သည့် အပင်များကိုသာ ကန့်သတ်ရှင်းလင်းရမည်။ အလုပ်သမားများ တော်လှန်ခြင်း၊ တော ရိုင်းတိရိစ္ဆာန်များ စု ဆောင်းခြင်း သို့မဟုတ် အနောက်အယှက်ပေးခြင်းမှ တားမြစ်ပါ။ **လူထုအထောက်အကူပြုနှင့်ပံ့ပိုးရေး အစီအစဉ်** ပါအစီအမံများအရ လူမှုတာဝန်သိလုပ်ငန်း (CSR) ရံပုံငွေကို လူမှုဖူလုံရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် တည်ထောင်ရမည်။ ပြည်သူလူထုနှင့်တွေ့ ခဲ့ရာ သူတို့၏အဓိက စိုးရိမ်မှုမှာ ဒေသရှိလူများ၏ပြဿနာများကို ဖြေရှင်းပေးရန် ထိုရံပုံငွေထားရှိ ရန် တောင်းဆိုခဲ့ပါသည်။ ဒေသရှိလူများသည် ၎င်းတို့၏ ပြဿနာများနှင့်စိုးရိမ်မှု နစ်နာမှုများကို တိုင်ကြားနိုင်ရန် လူထုအခြေပြုအဖွဲ့များ ဖွဲ့စည်းထားရန်လိုအပ်ပါသည်။	အလယ်အလတ်	ဖြစ်နိုင်ဖွယ်ရှိ	အလယ်အလတ်
လူထုအခြေပြုလုပ်ငန်းများ မပြည့်စုံခြင်း	ပြောင်းရွှေ့နေထိုင်မှုများကြောင့် ကျန်းမာရေး နှင့် ပညာရေး ဆိုင်ရာ ဝန်ဆောင်မှုများ အများအပြား လိုအပ်လာခြင်း။	လူမှုအဆင့်အတန်း နိမ့်ပါးခြင်း၊ အားရစရာ မကောင်းသော ကျန်းမာရေး အခြေအနေ	အလယ်အလတ်	မကြာခဏ	မြင့်သည်	**လူထုအထောက်အကူပြုနှင့်ပံ့ပိုးရေး အစီအစဉ်** ပါအစီအမံများအရ လူမှုတာဝန်သိလုပ်ငန်း (CSR) ရံပုံငွေကို လူမှုဖူလုံရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် တည်ထောင်ရမည်။ ပြည်သူလူထုနှင့်တွေ့ ခဲ့ရာ သူတို့၏အဓိက စိုးရိမ်မှုမှာ ဒေသရှိလူများ၏ပြဿနာများကို ဖြေရှင်းပေးရန် ထိုရံပုံငွေထားရှိ ရန် တောင်းဆိုခဲ့ပါသည်။ ဒေသရှိလူများသည် ၎င်းတို့၏ ပြဿနာများနှင့်စိုးရိမ်မှု နစ်နာမှုများကို တိုင်ကြားနိုင်ရန် လူထုအခြေပြုအဖွဲ့များ ဖွဲ့စည်းထားရန်လိုအပ်ပါသည်။	အလယ်အလတ်	ဖြစ်နိုင်ဖွယ်ရှိ	အလယ်အလတ်
မူးယစ်ဆေးဝါး၊ အရက်နှင့် အခြားစွဲလန်းစေတတ်သော ပစ္စည်းများ	စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့်အသုံးပြုခြင်းမှ တစ်ဆင့်	ထိခိုက်ဒဏ်ရာ၊ ရောဂါ နှင့် လူထုအုံကြွမှုပြဿနာ	အလယ်အလတ်	မကြာခဏ	မြင့်သည်	**လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးများ** ပါအစီအမံများအရ အလုပ်သမားများသည် မူးယစ်ဆေးဝါး၊ အရက် ယမကာ သို့မဟုတ် အခြားလူကိုစွဲဆေးသည့်ပစ္စည်းများ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ဖြန့် ဝေခြင်း မပြုလုပ်ရ။	အလယ်အလတ်	ဖြစ်နိုင်ဖွယ်ရှိ	အလယ်အလတ်
မူးယစ်ဆေးဝါး၊ အရက်နှင့် အခြားစွဲလန်းစေတတ်သော ပစ္စည်းများ	စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့်အသုံးပြုခြင်းမှ တစ်ဆင့်	ထိခိုက်ဒဏ်ရာ၊ ရောဂါ နှင့် လူထုအုံကြွမှုပြဿနာ	အလအလတ်	မကြာခဏ	မြင့်သည်	**လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်** ပါအစီအမံများအရ အလုပ်သမား များသည် လုပ်ငန်းခွင်တွင် အရက်ယမကာ၊ မူးယစ်ဆေးဝါး သို့မဟုတ် အခြားလူကို စွဲစေသော ပစ္စည်းများ သုံးစွဲနေခြင်း သို့မဟုတ် လက်ဝယ်ကိုင်ဆောင်ထားခြင်း မရှိရ။ **ဖြစ်ရပ်များ အစီပင်ခံခြင်း လုပ်ထုံးလုပ်နည်း** ပါအစီအမံများအရ ဘေးအန္တရာယ်မကင်းသော သတ္တုတူးဖော်ရာနေရာနှင့် လုပ်ငန်းခွင်များ အတွက် ဖြစ်ရပ်များ စီမံခန့်ခွဲခြင်းနှင့်အစီရင်ခံ ခြင်း လုပ်ငန်းစဉ်များကို ဖော်ပြထားရမည်။	အလယ်အလတ်	ဖြစ်နိုင်ဖွယ်ရှိ	အလယ်အလတ်

မူးယစ်ဆေးဝါး၊ အရက်နှင့် အခြားစွဲလန်းစေတတ်သော ပစ္စည်းများ	စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့်အသုံးပြုခြင်းမှ တစ်ဆင့်	ထိခိုက်ဒဏ်ရာ၊ ရောဂါ နှင့် လူထုအုံကြွမှုပြဿနာ	အလယ်အလတ်	မကြာခဏ	မြင့်သည်	**နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်း နည်းစနစ်** ပါအစီအမံများအရ သတ္တုတွင်းကုမ္ပဏီများ ထံတိုင်ကြားလိုသည်များကို ဆက်သွယ်ပြောဆိုနိုင်ရန် နစ်နာမှုတိုင်ကြားချက်ကိုင်တွယ်ဖြေရှင်း သည့် စနစ်တစ်ခုကို တည်ထောင်သွားရပါမည်။ **လူထုအထောက်အကူပြုနှင့်ဖွံ့ဖြိုးရေး အစီအစဉ်** ပါအစီအမံများအရ လူမှုတာဝန်သိလုပ်ငန်း (CSR) ရံပုံငွေကို လူမှုဖူလုံရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် တည်ထောင်ရမည်။ ပြည်သူလူထုနှင့်တွေ့ ခဲ့ရာ သူတို့၏အဓိက စိုးရိမ်မှုမှာ ဒေသရှိလူများ၏ပြဿနာများကို ဖြေရှင်းပေးရန် ထိုရံပုံငွေထားရှိ ရန် တောင်းဆိုခဲ့ပါသည်။ ဒေသရှိလူများသည် ၎င်းတို့၏ ပြဿနာများနှင့်စိုးရိမ်မှု နစ်နာမှုများကို တိုင်ကြားနိုင်ရန် လူထုအခြေပြုအဖွဲ့များ ဖွဲ့စည်းထားရန်လိုအပ်ပါသည်။	အလယ်အလတ်	ဖြစ်နိုင်ဖွယ်ရှိ	အလယ်အလတ်
မျှတမှုမရှိသော လုပ်ကွက်အတွင်း ဝင်ထွက်သွားလာခွင့်	ရေမဆေး ASM နှင့် LSM ကြားပဋိပက္ခ	လူထုအုံကြွမှုများလာခြင်း၊ ငွေကြေးဆိုင်ရာ အခက်အခဲများ	အလယ်အလတ်	တခါတရံ	မြင့်သည်	ဒုတိယအကြိမ်ပြင်ဆင်ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေ (၂၀၁၆) သည် ကျောက်စိမ်းတူးဖော်ခြင်းကြောင့် ဖြစ်သော ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ သက်ရောက် ထိခိုက်မှုများကိုစီမံခန့် ခွဲဆောင်ရွက်ရန် သတ်မှတ်ထားပြီး လုပ်ကွက်များကို တင်ဒါစနစ်ဖြင့် လုပ်ဆောင်ရမည်ဟု ပါရှိသည်။	အလယ်အလတ်	ဖြစ်နိုင်ဖွယ်ရှိ	အလယ်အလတ်
LSM ကြောင့် ASM တို့နေရာပျောက်ဆုံးခြင်း	လုပ်ကွက်များပေါင်းစည်းလိုက်ခြင်းသည် သတ္တုတူးဖော်နိုင်မှုအခွင့်အရေးမရှိခြင်း နှင့် ငွေကြေးဆိုင်ရာ အကျိုးအမြတ်မရှိခြင်းတို့ ကြောင့် ရေမဆေး လုပ်သားဖြစ်လာရသော အခြေအနေ	ဒေသခံပြည်သူများအနေဖြင့် သတ္တုတူးဖော်နိုင်မှုအခွင့်အရေးမရှိခြင်း နှင့် ငွေကြေးဆိုင်ရာ အကျိုးအမြတ်မရှိခြင်းတို့ ကြောင့် ရေမဆေး လုပ်သားဖြစ်လာရသော အခြေအနေ	အဓိကဖြစ်သည်	တခါတရံ	အဓိကဖြစ်သည်	ဒုတိယအကြိမ်ပြင်ဆင်ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေ (၂၀၁၆) သည် ကျောက်စိမ်းတူးဖော်ခြင်းကြောင့် ဖြစ်သော ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ သက်ရောက် ထိခိုက်မှုများကိုစီမံခန့် ခွဲဆောင်ရွက်ရန် သတ်မှတ်ထားပြီး လုပ်ကွက်များကို တင်ဒါစနစ်ဖြင့် လုပ်ဆောင်ရမည်ဟု ပါရှိသည်။	အလယ်အလတ်	ဖြစ်နိုင်ဖွယ်ရှိ	အလယ်အလတ်
လက်ရှိသတ္တုတွင်းကြီးများတွင် လုပ်ကိုင်နေသော ရေမဆေးလုပ်သား	သတ္တုတူးဖော်ရေး စက်ယန္တရားကြီးများ၊ သတ္တုတွင်းမျက်နှာပြင် နှင့် စွန့်ပစ်မြေစာပုံများနှင့် အနီးကပ်တည်ရှိနေမှု	မြေပြိုခြင်း (သို့မဟုတ်) စက်ယန္တရားကြီးနှင့် ထိခိုက်မိရာမှ ဒဏ်ရာရခြင်း (သို့မဟုတ်) သေဆုံးခြင်း	အလွန်အမင်း	တခါတရံ	အဓိကဖြစ်သည်	**လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးများ** ပါအစီအမံများအရ သတ္တုတွင်းကြီးများတွင် ရေမဆေးလုပ်သားများ ဝင်ရောက်လုပ်ကိုင်နေခြင်းကို သတ္တုကုမ္ပဏီများနှင့်ဂွင်းတို့၏လုပ် သားများသည် အချိန်ပြည့် ဂရုပြုလုပ်ဆောင်ရန်နှင့် ရင့်ကျက်စွာ နေထိုင်ရန် လိုအပ်ပြီး EMP ကို လိုက်နာဆောင်ရွက်ရမည်။ **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းကြီး များတွင် ရေမဆေးလုပ်သားများ ဝင်ရောက်လုပ်ကိုင်နေခြင်းကို ဘေးအန္တရာယ်များမှ ကာကွယ်နိုင်ဂုန် အန္တရာယ်ရှိသော သတ္တုတွင်းနေရာများသို့ မသွားစေရန်၊ ထိုယာဉ်ကြီးများသည်လည်း သတ်မှတ်ထားသော အမြန်နှုန်းနှင့်လမ်း၏အ ခြေအနေအပေါ်မူတည်၍ မောင်းနှင်ရမည်။ အစီအစဉ်သည် ဖောက်ခွဲရေးလုပ်ဆောင်ရိုးတွင် လိုက်နာရမည့် ဘေးကင်းရေး လမ်းညွှန်ချက် လုပ်ငန်းစဉ် အသေးစိတ်ကို လုပ်ဆောင်ရမည်။ **အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုများနှင့်တုံ့ပြန်မှု အစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းကြီး များတွင် ရေမဆေးလုပ်သားများ ဝင်ရောက်လုပ်ကိုင်နေခြင်းကို အန္တရာယ်မဖြစ်စေရန် အရေးပေါ် စုရုံးသည့်နေရာသတ်မှတ်ခြင်းနှင့် သင့်လျော်သည့် အရေးတုံ့ပြန်မှုဆိုင်ရာကိရိယာပစ္စည်းများ (ရေး ဦးသူနာပြုပစ္စည်းများ၊ မီးသတ်ပစ္စည်းများ) နှင့်အရေးပေါ်ဖြစ်လာသည့်အခါ လိုက်နာရမည့် အရေး ပေါ်တုံ့ပြန်မှုလုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါမည်။	အလွန်အမင်း	ဖြစ်နိုင်ဖွယ်ရှိ	အဓိကဖြစ်သည်
ဒေသခံကျောက်စိမ်းဈေးကွက်မရှိခြင်း	ဈေးကွက်တွင်ရောင်းချွင်	ကျောက်စိမ်းများကို ဈေးကွက်နှုန်းထားနှင့် မရောင်းနိုင်သည့် အတွက် ဖြစ်ပေါ်လာသော ငွေကြေးဆိုင်ရာ အခက်အခဲ	အဓိကဖြစ်သည်	မကြာခဏ	အဓိကဖြစ်သည်	ဒုတိယအကြိမ်ပြင်ဆင်ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေ (၂၀၁၆) သည် ကျောက်စိမ်းတူးဖော်ခြင်းကြောင့် ဖြစ်သော ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ သက်ရောက် ထိခိုက်မှုများကိုစီမံခန့် ခွဲဆောင်ရွက်ရန် သတ်မှတ်ထားပြီး လုပ်ကွက်များကို တင်ဒါစနစ်ဖြင့် လုပ်ဆောင်ရမည်ဟု ပါရှိ သည်။	အလယ်အလတ်	ဖြစ်နိုင်ဖွယ်ရှိ	အလယ်အလတ်

၇-၂ ။ ဖြစ်နိုင်ဖွယ်ထိခိုက်မှုများနှင့် လျော့ချမှုအစီအမံများ

၇-၂-၁။ မြေပြင်ထိခိုက်မှု

အပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့်မြေတူးခြင်းအလုပ်သည် မြေပြင်များ၊ မြေပြင်သဏ္ဌာန်များနှင့် ရေနုတ်မြောင်းများကို ပြောင်းလဲစေပါသည်။ ပထမအနေဖြင့် မြေပြင်ထိခိုက်မှုအသစ်များတွေ့ ရှိရသည့် နေရာများတွင် မြေတိုက်စားခံရခြင်းနှင့်နုန်းနှစ်များ ရေလမ်းကြောင်းများထဲသို့ သယ်ပို့မှုကြောင့် ဖြစ်ပေါ်သောထိခိုက်မှုများ တွေ့ ရှိရပါသည်။

အနည်ကျခြင်းကို အနည်ကြီးသောနှုန်းနှစ်များနှင့် အနည်မှုန်သေးသောနှုန်းနှစ်များ ထိခိုက်မှုဟူ၍ ခွဲခြားနိုင်ပါသည်။

- အနည်ကြီးသောနှုန်းနှစ်များ ရေလမ်းကြောင်းများထဲသို ရောက်ရှိကာ ကြမ်းပြင်တွင် ပို့ချခြင်းကြောင့် ကြမ်းပြင်တွင်အနည်များသယ်ဆောင်မှု(Bed load) မြင့်တက်လာကာ၊ ရေကြီးရေလျှံခြင်းနှင့်ရေလမ်းကြောင်းများ ပြောင်းလဲစီးဆင်းစေခြင်းတို့ ဖြစ်ပေါ်စေပါသည်။
- အနည်မှုန်သေးသောနုန်းနှစ်များကို ရေလမ်းကြောင်းများထဲသို့ (Wash load) အဖြစ်ရောက်ရှိပို့ချခြင်းကြောင့် ထိုအနှစ်ပါသောရေများ သယ်ပို့မှု မြင့်တက်လာခြင်း၊ အနည်များပျော်ဝင်မှုနှုန်းမြင့်တက်လာခြင်း၊ ရေများနောက်ကျိခြင်း တို့ ဖြစ်စေပါသည်။

စမ်းချောင်းတွင်း အနည်ပို့ချမှုကြောင့် ကျောက်သားပါ အလွှာများ(substrata of riffle) သို့မဟုတ် သစ်သားစ အကြွင်းအကျန်များကဲ့သို့သော စမ်းချောင်းအောက်ခြေနေသက်ရှိတို့ နေထိုင်ရာနေရာကို ဖုံးအုပ်သွားခြင်း သို့မဟုတ် ပြည့်သွားခြင်းတို့ ဖြစ်စေနိုင်ပါသည်။ ရေချိုငါးများနှင့် ကျာရိုးမဲ့တိရိစ္ဆာန်ကြီးများသည် မြစ်ကြမ်းပြင် ဖုံးအုပ်သွားခြင်းအခြေအနေနှင့်အနည်များ ပျော်ဝင်မှုများလာခြင်းအပေါ် ခံစားထိခိုက်လွယ်ပါသည်။ ရေနေသတ္တဝါတို့ ၏ အနည်နှင့် အနည်ပျော်ဝင်မှုပြင်းအားအပေါ် ခံနိုင်ရည်စွမ်းအားများမှာ ကွဲပြားပါသည်။

မြေပြင်ထိခိုက်မှုမှ သတ္တုတူးဖော်နေစဉ်အတွင်း ဖြစ်နိုင်ခြေရှိသော ထိခိုက်မှုများနှင့်ငင်းတို့ကို လျော့ချနိုင်သော အစီအမံများမှာ -

- **နုန်းနှစ်များ ဖုံးလွှမ်းထားသော သစ်ပင်ပန်းမန်များကြောင့် ကုန်းနေဇီဝမျိုးစိတ်မျိုးကွဲများ ပျောက်ဆုံးသွားခြင်း သို့ မဟုတ် ယုတ်လျော့သွားခြင်းကို** အောက်ပါအတိုင်း စီမံခန့်ခွဲပါမည် -
    - **တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေလမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျံကျလာသော ရေများကို မြေတိုက်စားမှု

လျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နန်းအနည်များပါသော ရေများကို ဖမ်းပြီး နန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။

- **ပြန်လည်တည်ထောင်ရေးစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ တိုက်စားမှုနှင့်သစ်ပင်ပန်းမန်များနန်းဖုံးအုပ်စေသော မြေပေါ်ရေများလျှံကျမှု ရပ်တန့်စေရန် သတ္တုတွင်းနှင့်စွန့်ပစ်မြေစာပုံများကို ကုန်းစောင်းများနှင့်လှေကားထစ်များ အဆင့်ဆင့်ပြုလုပ်ပြီး မြေပြင်နှင့်ကုန်းစောင်းများကို တစ်ချိန်တည်း ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပါမည်။

- **ရေနေသက်ရှိများရှင်သန်နေထိုင်ရာနေရာများကို နန်းနှစ်များ ဖုံးအုပ်သွားခြင်းနှင့် နန်းနှစ်ပျော်ဝင်ရေများကြောင့် ရေအရည်အသွေးကျဆင်းလာပြီး ရေနေဇီဝမျိုးစိတ်မျိုးကွဲများ ပျောက်ဆုံးသွားခြင်း သို့မဟုတ် ယုတ်လျော့သွားခြင်းကို** အောက်ပါအတိုင်း စီမံခန့်ခွဲပါမည်။

  - **တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေလမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျံကျလာသော ရေများကို *သတ္တုတွင်းကြမ်းပြင်များ၊ မြေစာပုံများနှင့်အပေါ်ယံမြေဖယ်ရှားမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နန်းအနည်များပါသောရေများကို ဖမ်းပြီး နန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။
  - **ပြန်လည်တည်ထောင်ရေးစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ တိုက်စားမှုနှင့်သစ်ပင်ပန်းမန်များနန်းဖုံးအုပ်စေသော မြေပေါ်ရေများလျှံကျမှု ရပ်တန့်စေရန် သတ္တုတွင်းနှင့်စွန့်ပစ်မြေစာပုံများကို ကုန်းစောင်းများနှင့်လှေကားထစ်များ အဆင့်ဆင့်ပြုလုပ်ပြီး မြေပြင်နှင့်ကုန်းစောင်းများကို တစ်ချိန်တည်း ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပါမည်။
  - **ရေစီမံခန့်ခွဲမှု** ပါအစီအမံများအရ မြစ်များ၊ ချောင်းများနှင့် စမ်းချောင်းများမှ ရေအရည်အသွေးကိုကာကွယ်ရန် ရေလမ်းကြောင်းများမှ ကြားခံနယ် မီတာ ၁၀၀ သတ်မှတ်ထားရမည်။ (ထိုနေရာများသည် မြေပြင်ပျက်စီးမှုမရှိပဲ ကမ်းပါးပေါ် ပေါက်နေသော အပင်များကို ထိန်းသိမ်းထားရမည်)။

- **နှန်းနှစ်ပျော်ဝင်ရေများကြောင့် ရေနောက်ကျိခြင်းမှ တစ်ဆင့်ရေအရည်အသွေး ကျဆင်းလာခြင်းကို** အောက်ပါအတိုင်း စီမံခန့်ခွဲပါမည်။

  - **ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအတိုင်း တိုက်စားမှုနှင့် အနည်ကျမှုဖြစ်စေနိုင်သော မြေပြင်ပျက်စီးမှုနည်းပါးစေရန်နှင့်ရေလမ်းကြောင်းအောက်ပိုင်း ရေအရည်အသွေးကျဆင်းမှု ကာကွယ်နိုင်ရန် သတ္တုတူးဖော်မည့် ကုမ္ပဏီများသည် တူးဖော်ရန်လိုအပ်သည့် နေရာကိုသာ မြေပြင်ရှင်းလင်းမှုများ ပြုလုပ်ရမည်။
  - **တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေလမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျံကျလာသော ရေများကို *သတ္တုတွင်း*

ကြမ်းပြင်များ၊ မြေစာပုံများနှင့်အပေါ်ယံမြေဖယ်ရှားမှုမှ မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နန်းအနည်များပါသောရေများကို ဖမ်းပြီး နန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။

- **ပြန်လည်တည်ထောင်ရေးစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ တိုက်စားမှုနှင့်သစ်ပင်ပန်းမန်များနုန်းဖုံးအုပ်စေသော မြေပေါ်ရေများလျှံကျမှု ရပ်တန့်စေရန် သတ္တုတွင်းနှင့်စွန့်ပစ်မြေစာပုံများကို ကုန်းစောင်းများနှင့်လှောကားထစ်များ အဆင့်ဆင့်ပြုလုပ်ပြီး မြေပြင်နှင့်ကုန်းစောင်းများကို တစ်ချိန်တည်း ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပါမည်။
- **ရေစီမံခန့်ခွဲမှု** ပါအစီအမံများအရ မြစ်များ၊ ချောင်းများနှင့် စမ်းချောင်းများမှ ရေအရည်အသွေးကိုကာကွယ်ရန် ရေလမ်းကြောင်းများမှ ကြားခံနယ် မီတာ ၁၀၀ သတ်မှတ်ထားရမည်။ (ထိုနေရာများသည် မြေပြင်ပျက်စီးမှုမရှိသေးသည့် နေရာဖြစ်ပြီး ကမ်းပါးပေါ် ပေါက်နေသောအပင်များကို ထိန်းသိမ်းထားရမည်)။

- အပေါ်ယံမြေဆီလွှာတိုက်စားခံရခြင်းကြောင့် အပင်ပြန်လည်ပေါက်ရောက်မှုလျော့နည်းသွားခြင်းနှင့်/သို့မဟုတ် မြေစာများဖြင့် ဖုံးအုပ်ခံလိုက်ရသည့်အခါ ပြန်လည်တည်ထောင်ခြင်းအတွက်အပေါ်ယံမြေဆီလွှာများ မရှိခြင်းကို အောက်ပါအတိုင်း စီမံခန့်ခွဲပါမည်။

- **တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေလမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျံကျလာသော ရေများကို *သတ္တုတွင်းကြမ်းပြင်များ၊ မြေစာပုံများနှင့်အပေါ်ယံမြေဖယ်ရှားမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နန်းအနည်များပါသောရေများကို ဖမ်းပြီး နန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။
- **ပြန်လည်တည်ထောင်ရေးစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ သတ္တုတူးဖော်ပြီးသော နေရာပေါ်တွင် ပြန်လည်တည်ထောင်ခြင်းနှင့်အပင်စိုက်ပျိုးခြင်းပြုလုပ်နိုင်ရန်နှင့် မြေစာပုံတိုက်စားခံရခြင်းမှကာကွယ်ရန် ပိုးသတ်ပြီးသောမြက်ပင်များအသုံးပြုနိုင်ရန် အပေါ်ယံမြေများ ထိန်းသိမ်းထားခြင်းနှင့်မြေစာပုံများကာကွယ်ထားခြင်းပြုလုပ်ထားရန်လိုအပ်သည်။

၇-၂-၂။ မြေပြိုခြင်း

မြေပြိုခြင်းသည် သဘာဝအတိုင်းဖြစ်ပေါ်သော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပြီး ကျောက်တုံးများ၊ အစအနများနှင့် မြေသားများ မြေပြင်ကုန်းစောင်းမှ အစုလိုက်အပြုံလိုက် ရွေ့လျားလျောကျလာခြင်းဖြစ်သည်။ မြေပြိုခြင်းကို ဖြစ်စေနိုင်သည့် အကြောင်းအချက်များစွာ ရှိသော်လည်း ပုံမှန်အားဖြင့် အချက်နှစ်ချက်ရှိသည်။ ပထမအနေဖြင့် တောင်ကုန်းစောင်းများတွင် ရှိနေသည့် မြေသားနှင့်ကျောက်သားတို့ ပျက်စီးသွားခြင်းနှင့်ဒုတိယအချက်မှာ ထိုအရာများကို ထိန်းထားနိုင်ခြင်းမရှိပဲ ကမ္ဘာမြေဆွဲအားကြောင့် အောက်သို့ပြိုကျ

လာခြင်းဖြစ်သည်။ လုံးခင်း/ဖားကန့်ရတနာနယ်မြေတွင် မြေပြိုခြင်းများ မကြာခဏဖြစ်ပေါ်ပါသည်။ ယင်း မြေပြိုမှုသည် အောက်ပါအချက်များကြောင့် ဖြစ်ပေါ်ပါသည်။

- မြေသားတည်ငြိမ်ကြံ့ခိုင်မှုကို ဖွဲ့စည်းထားသည့် သစ်တောများဖယ်ရှားလင်းခြင်း။
- သတ္တုတွင်းမျက်နှာပြင်နှင့်စွန့်ပစ်မြေစာပုံများအပါအဝင် အလွန်မတ်စောက်သောကုန်းစောင်းများရှိသည့် မြေပြင်သဏ္ဌာန် (ပုံ- ၇-၄)။ မြေပြင်ကုန်းစောင်းများ ပိုမိုမတ်စောက်အောင်ပြုလုပ်ထားခြင်းသည် မြေပြိုမှုကို ပိုမိုဖြစ်စေသည်။
- မိုးခွဲခြင်းမှ ထွက်ပေါ်လာသည့် တုန်ခါမှုကြောင့် သိပ်သည်းမှု မရှိသည့် မြေသားများတည်ငြိမ်ကြံ့ခိုင်မှု လျော့ကျသွားခြင်း။
- ရေလမ်းကြောင်းပြောင်းလဲမှုကြောင့် ကုန်းစောင်းပျက်စီးမှုဖြစ်စေသည့် သိပ်သည်းမှုမရှိသည့်စွန့်ပစ်မြေစာပုံများ ပျက်စီးခြင်း။



Source: Soe Moe Kyaw Win

ပုံ ၇-၄။ ကုလားမော်စုပေါင်းမြေစာပုံနှင့် မြေမခိုင်မှုကြောင့် အက်ကွဲနေသည့် မြေပြင်အနေအထား။

သဘာဝဖြစ်စဉ်များသည် မြေကျွံကျမှုဖြစ်နိုင်ခြေ ပိုမိုတိုးမြင့်စေပါသည်။

- **မြေငလျင်။** ငလျင်လှုပ်မှုသည် ကမ္ဘာတစ်ဝန်းတွင် မြေပြိုမှုဖြစ်စေသည့် အဓိကအကြောင်း ရင်းဖြစ်ပါသည်။ Tectonic plates ရွေ့လျားသွားသည့်အခါ ကျောက်တုံးနှင့်မြေသားတို့က ရွေ့လျားမှုကို ဖုံးအုပ်သွားသည်။ တောင်ကုန်းဒေသများနှင့် တောင်တန်းဒေသများတွင် ဖြစ်သည့်မြေငလျင်သည် ကုန်းစောင်းများကိုတုန်ခါစေပြီး ကြီးမားသောကျောက်နှင့်မြေသား ရွေ့လျားမှုကို ဖြစ်စေပါသည်။

- **မိုးသည်းထန်စွာ ရွာသွန်းမှု။** ပြောင်ရှင်းနေသော တောင်ကုန်းစောင်းများနှင့် ရေသွယ်မှုမကောင်းသည့် စွန့်ပစ်ကျောက်စာပုံများသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည့်နှက်လာသည့်အခါ မြေသားများ ချော်ခြင်းကြောင့် မြေပြို ခြင်းကို ဖြစ်စေနိုင်ပါသည်။

သတ္တုတွင်းတူးဖော်စဉ်အတွင်း ဖြစ်နိုင်ချေရှိသည့် မြေပြိုခြင်းထိခိုက်မှုများကို လျော့ချရန် အောက်ပါအတိုင်း စီမံခန့်ခွဲပါမည်။

- **အပင်အကိုင်းအခက်ပါ နှုန်းနှစ်များ ဖုံးလွှမ်းမှုကြောင့် ကုန်းနေဇီဝမျိုးစိတ်မျိုးကွဲများ ပျောက်ဆုံးသွားခြင်း သို့မဟုတ် ယုတ်လျော့သွားခြင်းကို** အောက်ပါအတိုင်း စီမံခန့်ခွဲပါမည်။

  - **တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေလမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျံကျလာသော ရေများကို မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နုန်းအနည်များပါသော ရေများကို ဖမ်းပြီး နုန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။
  - **သတ္တုတွင်းနှင့်မြေစာပုံစီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ တည်ငြိမ်သည့်မြေပြင်ဖန်တီးရန် သတ္တုတူးဖော်ခြင်းကြောင့် ပျက်စီးသွားသော နေရာများနှင့်မြေပြိုခြင်းများ ရှောင်ရှားရန် သို့မဟုတ် တိုက်စားမှုသိသာစွာ လျော့ချရန် သတ္တုတွင်းနှင့်မြေစာပုံ ပြုလုပ်မည့်နေရာများကို ဒီဇိုင်းအစီအမံရေးဆွဲ၍ ဘေးကင်းစွာတည်ဆောက်ရမည်။
  - **သတ္တုတွင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ သတ္တုတူးဖော်မှု ပြီးဆုံးပြီးနောက် ကျန်ခဲ့မည့် မြေပြင်ကို မြေသားခိုင်မှုရှိပြီး ဘေးကင်းစေရန် သတ္တုတွင်းပိတ်သိမ်းခြင်း လုပ်ဆောင်ရမည့် အခြေခံသဘောတရားများနှင့်နောက်ဆုံးတည်ထောင်မည့်အဆင့်များ လိုက်နာလုပ်ဆောင်ရမည်။
  - **ပြန်လည်တည်ထောင်ရေးစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ တိုက်စားမှုနှင့်သစ်ပင်ပန်းမန်များနုန်းဖုံးအုပ်စေသော မြေပေါ်ရေများလျံကျမှု ရပ်တန့်စေရန် သတ္တုတွင်းနှင့်စွန့်ပစ်မြေစာပုံများကို ကုန်းစောင်းများနှင့်လှောကားထစ်များ အဆင့်ဆင့်ပြုလုပ်ပြီး မြေပြင်နှင့်ကုန်းစောင်းများကို တစ်ချိန်တည်း ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပါမည်။

- **နန်းနှစ်ပျော်ဂင်ရေများကြောင့် ရေနေသက်ရှိများရှင်သန်နေထိုင်ရာနေရာများနှင့် ရေအရည်အသွေးကျဆင်းလာပြီး ပျောက်ဆုံးသွားခြင်း သို့မဟုတ် ယုတ်လျော့သွားခြင်းကို** အောက်ပါအတိုင်း စီမံခန့်ခွဲပါမည်။

  - **တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေလမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျံကျလာသော ရေများကို *သတ္တုတွင်းကြမ်းပြင်များ၊ မြေစာပုံများနှင့်အပေါ်ယံမြေဖယ်ရှားမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ်

တားဆီးထားရန် နှင့် နန်းအနည်များပါသောရေများကို ဖမ်းပြီး နန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။

- **သတ္တုတွင်းနှင့်မြေစာပုံစီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ တည်ငြိမ်သည့်မြေပြင်ဖန်တီးရန် သတ္တုတူးဖော်ခြင်းကြောင့် ပျက်စီးသွားသော နေရာများနှင့်မြေပြိုခြင်းများ ရှောင်ရှားရန် သို့မဟုတ် တိုက်စားမှုသိသာစွာလျော့ချရန်နှင့် အနည်ကျမှုကြောင့်မြစ်အောက်ပိုင်းရေလမ်းကြောင်းများကာကွယ်ရန် သတ္တုတွင်းနှင့်မြေစာပုံ ပြုလုပ်မည့်နေရာများကို ဒီဇိုင်းအစီအမံရေးဆွဲ၍ ဘေးကင်းစွာတည်ဆောက်ရမည်။
- **သတ္တုတွင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ သတ္တုတူးဖော်မှု ပြီးဆုံးပြီးနောက် ကျန်ခဲ့မည့် မြေပြင်ကို မြေသားခိုင်မှုရှိပြီး ဘေးကင်းစေရန်နှင့်မြစ်ကြေပိုင်းရေလမ်းကြောင်းများကာကွယ်ရန် သတ္တုတွင်းပိတ်သိမ်းခြင်းလုပ်ဆောင်ရမည့် အခြေခံသဘောတရားများနှင့်နောက်ဆုံးတည်ထောင်ရမည့်အဆင့်များကို လိုက်နာလုပ်ဆောင်ရမည်။
- **ပြန်လည်တည်ထောင်ရေးစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ တိုက်စားမှုနှင့်သစ်ပင်ပန်းမန်များနန်းဖုံးအုပ်စေသော မြေပေါ်ရေများလျှံကျမှု ရပ်တန့်စေရန် သတ္တုတွင်းနှင့်စွန့်ပစ်မြေစာပုံများကို ကုန်းစောင်းများနှင့်လှေကားထစ်များ အဆင့်ဆင့်ပြုလုပ်ပြီး မြေပြင်နှင့်ကုန်းစောင်းများကို တစ်ချိန်တည်း ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပါမည်။
- **ရေစီမံခန့်ခွဲမှု** ပါအစီအမံများအရ မြစ်များ၊ ချောင်းများနှင့် စမ်းချောင်းများမှ ရေအရည်အသွေးကိုကာကွယ်ရန် ရေလမ်းကြောင်းများမှ ကြားခံနယ် မီတာ ၁၀၀ သတ်မှတ်ထားရမည်။ (ထိုနေရာများသည် မြေပြင်ပျက်စီးမှုမရှိသေးသည့် နေရာဖြစ်ပြီး ကမ်းပါးပေါ် ပေါက်နေသောအပင်များကို ထိန်းသိမ်းထားရမည်)။

၇-၂-၃ ဇီဝမျိုးစိတ်မျိုးကွဲများ ဆုံးရှုံးမှု

ကုန်းနေ ဇီဝမျိုးစိတ်မျိုးကွဲများ၏တန်ဖိုးများထိခိုက်မှုသည် တိုက်ရိုက်ဖြစ်စဉ်အရသော်လည်းကောင်း သွယ်ဝိုက် ဖြစ်စဉ်အရသော်လည်းကောင်း ဖြစ်ပွားနိုင်သည်။

ဖြစ်နိုင်ဖွယ် ထိခိုက်မှုများကို ကျယ်ပျံ့သည် အုပ်စုကြီး (၃) ခုခွဲနိုင်ပါသည်။ ၎င်းတို့သည် အရွယ်အစားတစ်ခုစီအလိုက်ဖြစ်ပေါ်နိုင်ပြီး အောက်ပါနည်းလမ်းများဖြင့် လျော့ချစီမံသွားပါမည်။

- အပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မြေတူးခြင်းကြောင့် သက်ရှိများ ရှင်သန်နေထိုင်ရာဒေသများ ပျောက်ဆုံးခြင်း။ ယင်းထိခိုက်မှုများသည် လူဦးရေ တိုးပွားလာမှုကြောင့် (ရွှေ့ ပြောင်းဝင်ရောက်လာခြင်းနှင့် သဘာဝအရင်း အမြစ်များအပေါ် လိုအပ်ချက်များ မြင့်တက်လာမှု၊ ဥပမာ ဆောက်လုပ်ရေးပစ္စည်းများ) တို့ကြောင့်လည်း သွယ်ဝိုက်ကာ ထိခိုက်မှု ပြင်းထန်နိုင်သည်။ ၎င်းကို အောက်ပါအတိုင်း စီမံခန့်ခွဲပါမည်။

- **ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိမှုများ သည့်နေရာများကို အပင်များခုတ်ထွင်ရှင်းလင်းခြင်းမှ ရှောင်ရှားရမည်။ သတ္တုတူးဖော်ရန် အ နည်းဆုံးလိုအပ်သည့် အပင်များကိုသာ ကန့်သတ်ရှင်းလင်းရမည်။
- **တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေ လမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျံကျလာသော ရေများကို *သတ္တုတွင်း ကြမ်းပြင်များ၊ မြေစာပုံများနှင့်အပေါ်ယံမြေဖယ်ရှားမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နန်းအနည်များပါသောရေများကို ဖမ်းပြီး နန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။
- **ပြန်လည်တည်ထောင်ရေးစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ မြေပြင်တည်ငြိမ်ခိုင်ခန့်မှုနှင့် သက်ရှိနေထိုင်ရာနေရာများကို မူလအတိုင်းပြန်လည်ပြုပြင်ရန် သတ္တုတွင်းနှင့်စွန့်ပစ်မြေစာပုံ များကို တစ်ချိန်တည်း ပြန်လည်တည်ထောင်ခြင်းနှင့်အစီအစဉ်ရေးဆွဲခြင်း ဆောင်ရွက်ရမည်။

- **တိုက်စားအနည်အနှစ်များ၊ ကျူးကျော်လာသောမျိုးစိတ်များပေါက်ဖွားလာခြင်း သို့မဟုတ် အန္တရာယ် ဖြစ်စေနိုင်သည့် ပစ္စည်းများဖိတ်စင်မှုပြီး မာတ်သင့်ပျက်စီးခြင်းတို့၏ရလဒ်ကြောင့် သက်ရှိများ ရှင် သန်နေထိုင်ရာ ဒေသများယုတ်လျော့ခြင်း။ သယံဇာတအသုံးပြုမှုများလာခြင်းသည် ထိုဒေသတွင် လူဦးရေတိုးပွားလာပြီး (ရွှေ့ပြောင်းဝင်ရောက်လာခြင်းနှင့်သစ်တောနေရာဒေသများသို့ လွယ်ကူစွာ ဝင်ရောက်နိုင်ခြင်း) ၎င်းတို့ရလဒ်သည် ယုတ်လျော့မှုကို သွယ်ဝိုက်စွာ ဖြစ်ပေါ်စေပါသည်။ ထိုသို့ ဖြစ် ပျက်ခြင်းကို** အောက်ပါအတိုင်း စီမံခန့်ခွဲပါမည်။

  - **ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ကမ်းပါးပေါ်ရှိ ပေါက်ပင်များ ကြားခံ နယ်ကို ရေလမ်းကြောင်းအစွန်မှ မီတာ ၁၀၀ သတ်မှတ်ထိန်းသိမ်းထားရမည်ဖြစ်ပြီး ကမ်းပါး ပေါ်ရှိပေါက်ပင်များ ရှင်းလင်းခြင်းမှ ရှောင်ရှားခြင်း သို့မဟုတ် လျော့ချခြင်းတို့ လုပ်ဆောင်ရ မည်။
  - **တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေ လမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျံကျလာသော ရေများကို *သတ္တုတွင်း ကြမ်းပြင်များ၊ မြေစာပုံများနှင့်အပေါ်ယံမြေဖယ်ရှားမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နန်းအနည်များပါသောရေများကို ဖမ်းပြီး နန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။
  - **ပြန်လည်တည်ထောင်ရေးစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ မြေပြင်တည်ငြိမ်ခိုင်ခန့်မှု၊ သက်ရှိနေထိုင်ရာနေရာများကို မူလအတိုင်းပြန်လည်ပြုပြင်ရန်နှင့်ပေါင်းပင်အရှိုင်းများထိန်းချုပ် တို့လုပ်ဆောင်ရမည်။ တိုက်စားမှုနှင့်အနည်ကျမှု လျော့ချနိုင်ရန် တစ်ချိန်တည်း ပြန်လည်တည် ထောင်ခြင်းများ လုပ်ဆောင်ပါမည်။

- **ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသောပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ဓာတုပစ္စည်းနှင့် အခြားအန္တရာယ်ရှိသောပစ္စည်းများ အသုံးပြု သိုလှောင်သည့်နေရာများတွင် ဖိတ်စင်မှုကိုတုံ့ပြန်နိုင်သည့်ကိရိယာများအသင့်ပြုလုပ်ထားရန်လိုအပ်သည်။ ဓာတုပစ္စည်းနှင့်အန္တရာယ်ရှိသောပစ္စည်းများ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရေလမ်းကြောင်းများမှ မိတာ ၅၀ အကွာတွင် ရပ်ထားခြင်း သို့မဟုတ် ဆီပြည့်ခြင်းများ ပြုလုပ်ရမည်။

- ဒေသတွင်း ပေါက်ပင်များနှင့်တိရိစ္ဆာန်များ ပေါများမှုနှင့်/သို့မဟုတ် မျိုးကွဲများလျော့ကျသွားခြင်းတို့၏ အကျိုးဆက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

  - သက်ရှိများ ရှင်သန်နေထိုင်ရာ ဒေသများ ပျောက်ဆုံးခြင်း သို့မဟုတ် ယုတ်လျော့ခြင်း ရရှိနိုင်သည့် သက်ရှိများ ရှင်သန်နေထိုင်ရာ ဒေသများ ပြောင်းလဲသွားခြင်း (အစားအသောက်ရင်းမြစ်များ၊ အဆောက်အအုံနှင့် အသိုက်အမြုံများ သို့မဟုတ် အိပ်တန်းတက်ရာနေရာများ)။

  - လူဦးရေတိုးပွားလာမှုကြောင့် (ရွှေ့ပြောင်းဝင်ရောက်လာခြင်းနှင့်သစ်တောနေရာဒေသများ လွယ်ကူစွာ ပိုမိုသွားရောက်နိုင်မှု) မှ အမဲလိုက်ခြင်းတိုးမြင့်လာမှု၊ သို့မဟုတ် ယခင်ကမရရှိနိုင်သည့် နေရာဒေသများတွင် အမဲလိုက်ခြင်းများလာမှု သို့မဟုတ် မြေတူးခြင်း၊ မော်တော်ယာဉ်များ တိုက်မိခြင်း၊ အပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့်မြေတူးခြင်းတို့ကြောင့် ဒေသတွင်းပေါက်ပင်များနှင့် တိရိစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှု သို့မဟုတ် ရွှေ့ပြောင်းရမှု။

  - ဆူညံမှုနှင့်အလင်းရောင်ကြောင့် ဒေသတွင်းတိရိစ္ဆာန်များ၏ သွားလာလှုပ်ရှားမှု အမူအယာနှင့်ဖြစ်နိုင်ခြေရှိသည့် မျိုးပွားခြင်း အောင်မြင်မှုနှုန်း လျော့ကျခြင်း။

တိရိစ္ဆာန်နှင့်သစ်ပင်ပန်းမန်မျိုးစိတ်မျိုးကွဲများ များပြားမှုအရေအတွက် လျော့သွားခြင်းကို အောက်ပါအတိုင်း စီမံခန့်ခွဲပါမည်။

- **ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိမှုများသည့်နေရာများကို အပင်များခုတ်ထွင်ရှင်းလင်းခြင်းမှ ရှောင်ရှားရမည်ဖြစ်ပြီး သတ္တုတူးဖော်ရန် လိုအပ်သည့် အပင်များကိုသာ ကန့်သတ်ရှင်းလင်းရမည်။ အလုပ်သမားများ တော်လိုက်ခြင်း၊ တောရိုင်းတိရိစ္ဆာန်များ စုဆောင်းခြင်း သို့မဟုတ် အနှောက်အယှက်ပေးခြင်းမှ တားမြစ်ပါ။
- **လိုက်နာရမည့် ကျင့်ထုံးများ** ပါအစီအမံများအရ သတ္တုတွင်းလုပ်သားများအား အကာအကွယ်ပေးထားသည့် တောရိုင်းတိရိစ္ဆာန်များကို အနှောက်အယှက်ပေးခြင်း၊ ဖမ်းစီးခြင်း၊ အိမ်မွေးတိရိစ္ဆာန်အဖြစ်ထားရှိခြင်း၊ ရောင်းချခြင်း သို့မဟုတ် ကုန်သွယ်ခြင်းများ မလုပ်စေရပါ။
- **ပြန်လည်တည်ထောင်ရေးစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ မြေပြင်ခိုင်ခန့်အောင်ပြုလုပ်ခြင်းနှင့် တိရိစ္ဆာန်များနေထိုင်ရာနေရာများကို မူလအတိုင်းပြုပြင်ရန် သတ္တုတွင်းများနှင့်စွန့်ပစ်မြေ

စာပုံများကို တစ်ချိန်တည်း ပြည်လည်တည်ထောင်းခြင်းနှင့်အစီအစဉ်ရေးဆွဲ လုပ်ဆောင်ခြင်းများ လိုအပ်သည်။

- **ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲခြင်း အစီအစဉ်** ပါအစီအမံများအရ သဘာဝမြေမျက်နှာသွင်ပြင်ကို ဆူညံသံကြားခံဇုန်အဖြစ် အသုံးပြုခြင်းနှင့် စက်ကိရိယာများကို ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းကဲ့သို့ ဆောင်ရွက်မှုများကို တိုင်းတာသည့် အမျိုးသား ပတ်ဝန်းကျင်အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၂) နှင့်ကောင်းသောအလေ့အထားများ အကောင်အထည်ဖော်ခြင်းများနှင့် အညီ လုပ်ဆောင်ရန် လိုအပ်သည်။

ဇီဝမျိုးစိတ်မျိုးခွဲများ ထိခိုက်ဆုံးရှုံးမှုများသည် နေရာဒေသအသစ်များတွင် သတ္တုတူးဖော်ခြင်းလုပ်ငန်း စတင်စဉ် အများဆုံး ဖြစ်ပေါ်ပါသည်။

၇-၂-၄။ ဇလဗေဒ ပြောင်းလဲမှု

ချိုင့်ဝှမ်းများအထိ ဟင်းလင်းပွင့်သတ္တုတွင်းများနှင့် စွန့်ပစ်မြေစာပုံများတူးဖော်ခြင်းသည် မြေပေါ်ရေ ရေနုတ်မြောင်းစနစ်ကို ပြောင်းလဲစေပါသည်။ တိုက်စားခြင်းနှင့်အနည်ကျခြင်းတို့သည် မိုးရာသီတွင် နီးစပ်ရာနေရာများတွင် ရေကြီးရေလျှံခြင်းကို ဖြစ်စေပြီး ရေလမ်းကြောင်းများကိုဖြည့်စေသည်။ ရေကြီးရေလျှံခြင်းသည် မြေပုံအနေအထား (ရေလမ်းကြောင်းများပုံစံနှင့်ရေလွှမ်းလွင်ပြင်) တို့ အပေါ် မူတည်နေပါသည်။

ဇလဗေဒပြောင်းလဲမှုများ ဖြစ်နိုင်ခြေရှိသည့် ထိခိုက်မှုများကို အောက်ပါနည်းလမ်းများအတိုင်း စီမံခန့်ခွဲသွားပါမည်။

- **ကမ်းပါးများပေါ်ရှိ ပေါက်ပင်များကို နှုန်းနှစ်များ ဖုံးလွှမ်းခြင်း သို့မဟုတ် သဘာဝပေါက်ပင်များရှိသည့်နေရာများ ရေလွှမ်းမိုးခြင်းတို့ကြောင့် ကုန်းနေဇီဝမျိုးစိတ်မျိုးကွဲများ ပျောက်ဆုံးသွားခြင်း သို့မဟုတ် ယုတ်လျော့သွားခြင်းကို** အောက်ပါအတိုင်း စီမံခန့်ခွဲသွားမည်ဖြစ်သည်။

    - **တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေလမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျံကျလာသော ရေများကို *သတ္တုတွင်းကြမ်းပြင်များ၊ မြေစာပုံများနှင့်အပေါ်ယံမြေဖယ်ရှားမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နုန်းအနည်များပါသောရေများကို ဖမ်းပြီး နုန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။
    - **သတ္တုတွင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ အနည်ကျမှုနှင့်တိုက်စားမှုများ လျော့ချရန် နောက်ဆုံး မြေပြင်ကို မြေသားခိုင်ခန့်အောင်ပြုလုပ်ပြီး အပင်များပြန်လည်စိုက်ပျိုးထားရမည်။

- **သတ္တုတွင်းနှင့်မြေစာပုံစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းနှင့်မြေစာပုံများကို မည်သို့စီမံတူးဖော် ဘေးကင်းစွာ တည်ဆောက်ထားရှိမည့် အစီအမံများပါသည့် သတ္တုတွင်းအစီအစဉ်ကို ရေးဆွဲရမည်။ ဤသို့ဖြင့် သတ္တုတူးဖော်ခြင်းကြောင့် ထိခိုက်သွားသော နေရာများမှ တိုက်စားခြင်းနှင့်မြစ်အောက်ပိုင်းရေလမ်းကြောင်းများအတွင်းသို့ အနည်ကျခြင်းမှ လျော့ချခြင်း သို့မဟုတ် ရှောင်ရှားခြင်းများ ပြုလုပ်နိုင်သည်။
- **ပြန်လည်တည်ထောင်ရေးစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ တိုက်စားမှုနှင့်သစ်ပင်ပန်းမန်များနုန်းဖုံးအုပ်စေသော မြေပေါ်ရေများလျှံကျမှု ရပ်တန့်စေရန် သတ္တုတွင်းနှင့်စွန့်ပစ်မြေ စာပုံများကို ကုန်းစောင်းများနှင့်လှေကားထစ်များ အဆင့်ဆင့်ပြုလုပ်ပြီး မြေပြင်နှင့်ကုန်းစောင်းများကို တစ်ချိန်တည်း ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပါမည်။
- **ရေစီမံခန့်ခွဲမှု** ပါအစီအမံများအရ မြစ်များ၊ ချောင်းများနှင့် စမ်းချောင်းများမှ ရေအရည်အသွေးကိုကာကွယ်ရန် ရေလမ်းကြောင်းများမှ ကြားခံနယ် မီတာ ၁၀၀ သတ်မှတ်ထားရမည်။ (ထိုနေရာများသည် မြေပြင်ပျက်စီးမှုမရှိသေးသည့် နေရာဖြစ်ပြီး ကမ်းပါးပေါ် ပေါက်နေသောအပင်များ ကို ထိန်းသိမ်းထားရမည်)။

- **ရေနေ ဇီဝမျိုးစိတ်မျိုးကွဲများ ပျောက်ဆုံးသွားခြင်း သို့မဟုတ် ယုတ်လျော့သွားခြင်းသည် အောက်ပါအကြောင်းအရင်းများကြောင့် ဖြစ်ပေါ်သည်။**

  - ရေနေ သက်ရှိများရှင်သန်နေထိုင်ရာနေရာများကို နှုန်းနှစ်များ ဖုံးအုပ်သွားခြင်း။
  - ရေအရည်အသွေး ကျဆင်းလာခြင်း။
  - ရွှေ့ပြောင်းသွားရသည့်ငါးများအတွက် နယ်မြေ ကန့်သတ်သကဲ့သို့ဖြစ်ခြင်းကြောင့် ပြောင်းလဲလာသော မျိုးစိတ်များ ပေါများလာခြင်း သို့မဟုတ် ငါးမျိုးစိတ်များပေါင်းစပ်ဖွဲ့စည်းမှု။

- **ရေနေ သတ္တဝါများ၏နေထိုင်ရာနေရာများ ပျောက်ဆုံးသွားခြင်း သို့မဟုတ် ယုတ်လျော့သွားခြင်းကို** အောက်ပါအတိုင်း စီမံခန့်ခွဲပါမည်။
  - **တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေလမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျံကျလာသော ရေများကို *သတ္တုတွင်းကြမ်းပြင်များ၊ မြေစာပုံများနှင့်အပေါ်ယံမြေဖယ်ရှားမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နုန်းအနည်များပါသောရေများကို ဖမ်းပြီး နုန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။
  - **သတ္တုတွင်းနှင့်မြေစာပုံစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းနှင့်မြေစာပုံများကို မည်သို့စီမံတူးဖော် ဘေးကင်းစွာ တည်ဆောက်ထားရှိမည့် အစီအမံများပါသည့် သတ္တုတွင်းအစီအစဉ်ကို ရေးဆွဲရမည်။ ဤသို့ဖြင့် သတ္တုတူးဖော်ခြင်းကြောင့် ထိခိုက်သွားသော နေရာများမှ တိုက်စားခြင်း

နှင့်မြစ်အောက်ပိုင်းရေလမ်းကြောင်းများအတွင်းသို့ အနည်ကျခြင်းမှ လျော့ချခြင်း သို့မဟုတ် ရှောင်ရှားခြင်းများ ပြုလုပ်နိုင်သည်။

- **ရေစီမံခန့်ခွဲမှု** ပါအစီအမံများအရ မြစ်များ၊ ချောင်းများနှင့် စမ်းချောင်းများမှ ရေအရည်အသွေးကိုကာကွယ်ရန် ရေလမ်းကြောင်းများမှ ကြားခံနယ် မီတာ ၁၀၀ သတ်မှတ်ထားရမည်။ (ထိုနေရာများသည် မြေပြင်ပျက်စီးမှုမရှိသေးသည့် နေရာဖြစ်ပြီး ကမ်းပါးပေါ် ပေါက်နေသောအပင်များ ကို ထိန်းသိမ်းထားရမည်)။

- **ရေကြီးရေလျှံခြင်းကြောင့် အသက်ဆုံးရှုံးမှု သို့မဟုတ် ပစ္စည်းဥစ္စာများ ဆုံးရှုံးမှု**ကို အောက်ပါအတိုင်း စီမံခန့်ခွဲပါမည်။
  - **တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေလမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျံကျလာသော ရေများကို *သတ္တုတွင်းကြမ်းပြင်များ၊ မြေစာပုံများနှင့်အပေါ်ယံမြေဖယ်ရှားမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန် နှင့် နန်းအနည်များပါသောရေများကို ဖမ်းပြီး နန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။
  - **သတ္တုတွင်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ အနည်ကျမှုနှင့်တိုက်စားမှုများ လျော့ချရန် နောက်ဆုံး မြေပြင်ကို မြေသားခိုင်ခန့်အောင်ပြုလုပ်ပြီး အပင်များပြန်လည်စိုက်ပျိုးထားရမည်။
  - **သတ္တုတွင်းနှင့်မြေစာပုံစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းနှင့်မြေစာပုံများကို မည်သို့စီမံတူးဖော် ဘေးကင်းစွာ တည်ဆောက်ထားရှိမည့် အစီအမံများပါသည့် သတ္တုတွင်းအစီအစဉ်ကို ရေးဆွဲရမည်။ ဤသို့ဖြင့် သတ္တုတူးဖော်ခြင်းကြောင့် ထိခိုက်သွားသော နေရာများမှ တိုက်စားခြင်းနှင့်မြစ်အောက်ပိုင်းရေလမ်းကြောင်းများအတွင်းသို့ အနည်ကျခြင်းမှ လျော့ချခြင်း သို့မဟုတ် ရှောင်ရှားခြင်းများ ပြုလုပ်နိုင်သည်။
  - **ပြန်လည်တည်ထောင်ရေးစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ တိုက်စားမှုနှင့်သစ်ပင်ပန်းမန်များနန်းဖုံးအုပ်စေသော မြေပေါ်ရေများလျံကျမှု ရပ်တန့်စေရန် သတ္တုတွင်းနှင့်စွန့်ပစ်မြေစာပုံများကို ကုန်စောင်းများနှင့်လှေကားထစ်များ အဆင့်ဆင့်ပြုလုပ်ပြီး မြေပြင်နှင့်ကုန်စောင်းများကို တစ်ချိန်တည်း ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပါမည်။

- **ဥရုချောင်း မြစ်ကြေပိုင်းထိခိုက်မှုများတွင် အနည်ကျမှု များလာခြင်းကြောင့် မြစ်ကြမ်းပြင်မြင့်တက်လာပြီး ရေကြောင်းသွားလာမှုနှင့်ရေကြီးမှုအခြေအနေကို ဖြစ်စေပါသည်။ ရေနေသတ္တဝါများနှင့် ဇီဝမျိုးစုံမျိုးကွဲများထိခိုက်ဆုံးရှုံးမှုဖြစ်စေပါသည်။** ၎င်းတို့ကို အောက်ပါအတိုင်း စီမံခန့်ခွဲသွားပါမည်။

- **တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေလမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျံကျလာသော ရေများကို *သတ္တုတွင်း ကြမ်းပြင်များ၊ မြေစာပုံများနှင့်အပေါ်ယံမြေဖယ်ရှားမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန်နှင့် နှုန်းအနည်များပါသောရေများကို ဖမ်းပြီး နှုန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။
- **သတ္တုတွင်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ အနည်ကျမှုနှင့်တိုက်စားမှုများလျော့ချရန် နောက်ဆုံး မြေပြင်ကို မြေသားခိုင်ခန့်အောင်ပြုလုပ်ပြီး အပင်များပြန်လည်စိုက်ပျိုးထားရမည်။
- **သတ္တုတွင်းနှင့်မြေစာပုံစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းနှင့်မြေစာပုံများကို မည်သို့စီမံတူးဖော် ဘေးကင်းစွာ တည်ဆောက်ထားရှိမည့် အစီအမံများပါသည့် သတ္တုတွင်း အစီအစဉ်ကို ရေးဆွဲရမည်။ ဤသို့ဖြင့် သတ္တုတူးဖော်ခြင်းကြောင့် ထိခိုက်သွားသော နေရာများမှ တိုက်စားခြင်းနှင့်မြစ်အောက်ပိုင်းရေလမ်းကြောင်းများအတွင်းသို့အနည်ကျခြင်းမှ လျော့ချခြင်း သို့မဟုတ် ရှောင်ရှားခြင်းများ ပြုလုပ်နိုင်သည်။
- **ပြန်လည်တည်ထောင်ရေးစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ တိုက်စားမှုနှင့်သစ်ပင်ပန်းမန်များနုန်းဖုံးအုပ်စေသော မြေပေါ်ရေများလျံကျမှု ရပ်တန့်စေရန် သတ္တုတွင်းနှင့်စွန့်ပစ်မြေစာပုံများကို ကုန်းစောင်းများနှင့်လှောကားထစ်များ အဆင့်ဆင့်ပြုလုပ်ပြီး မြေပြင်နှင့်ကုန်းစောင်းများကို တစ်ချိန်တည်း ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပါမည်။
- **ရေစီမံခန့်ခွဲမှု** ပါအစီအမံများအရ ဥရုချောင်းနှင့်၄င်း၏ချောင်းလက်တက်များကို ဖြတ်၍ တည်ဆောက်ထားသော ယာယီတံတားများ နှင့်ဖြတ်လမ်းငယ်များကို နှစ်စဉ် မေလတွင် အပြီးသတ်ဖယ်ရှားပေးရမည်။

၇-၂-၅။ ဓာတ်ပြုပျက်စီးထားသည့် ရေ

နှုန်းနှစ်များအရည်ပျော်ဝင်နေမှု၊ စွန့်ပစ်ပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့်အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများတို့ကြောင့် ရေများဓာတ်သင့်ပျက်စီးနိုင်ပါသည်။ ဓာတ်သင့်ပျက်စီးမှုများ အောက်ပါတို့တွင် ဖြစ်ပေါ်သည်ကို တွေ့နိုင်ပါသည်။

- သယ်ယူပို့ဆောင်နေစဉ်၊ ကိုင်တွယ်နေစဉ် သို့မဟုတ် သိုလှောင်နေစဉ်အတွင်း လောင်စာဆီ၊ ဓာတ်ဆီနှင့်ဓာတုပစ္စည်းများ အပါအဝင် အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများ ယိုဖိမ့်မှု သို့မဟုတ် ဖိတ်စင်မှု။
- ဥရုချောင်းတစ်လျှောက် လောင်စာဆီပို့ဆောင်သောတွဲများမှ ဆီများ ယိုဖိမ့်မှု သို့မဟုတ် ဖိတ်စင်မှု။
- ရေလမ်းကြောင်းများ သို့မဟုတ် ရေလမ်းကြောင်းများထဲသို့ ရောက်ရှိသွားသည့် ရေနုတ်မြောင်းများထဲသို့ အန္တရာယ်မဖြစ်စေနိုင်သည့် စွန့် ပစ်ပစ္စည်းများကို မလျော်မကန် စွန့် ပစ်ခြင်း။

- ခါတ်မြေဩဇာနှင့်ရေမြောင်းများအတွင်းရေမှော်များပွားများလာခြင်းကိုဖြစ်စေသည့် ပျော်ဝင်ရည် ခါတ်ပြုပစ္စည်းပါဝင်မှုနှုန်းမြင့်လာခြင်း။

ဓာတ်ပြုပျက်စီးသောရေမှ သတ္တုတူးဖော်နေစဉ်အတွင်း ဖြစ်ပေါ်နိုင်သည့်ဖြစ်နိုင်ခြေရှိသည့် ထိခိုက်မှုများကို အောက်ပါနည်းလမ်းများအတိုင်း စီမံခန့်ခွဲသွားမည်ဖြစ်သည်။

- **ကမ်းပါးပေါ်ရှိ ပေါက်ပင်များ အဆိပ်သင့်အောင်ပြုလုပ်ခြင်း သို့မဟုတ် ပျက်စီးစေခြင်းတို့ကြောင့် ကုန်းနေဇီဝမျိုးစိတ်မျိုးကွဲများ ပျောက်ဆုံးသွားခြင်း သို့မဟုတ် ယုတ်လျော့သွားခြင်းကို** အောက်ပါအတိုင်း စီမံခန့်ခွဲသွားမည်ဖြစ်သည်။

  - **ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသောပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ဓာတုပစ္စည်းနှင့် အခြားအန္တရာယ်ရှိသောပစ္စည်းများ အသုံးပြု သိုလှောင်သည့်နေရာများတွင် ဖိတ်စင်မှုကိုတုံ့ပြန်နိုင်သည့်ကိရိယာများအသင့်ပြုလုပ်ထားရန်လိုအပ်သည်။ ဓာတုပစ္စည်းနှင့်အန္တရာယ် ရှိသောပစ္စည်းများ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရေလမ်းကြောင်းများမှ မိတာ ၅၀ အကွာတွင် ရပ်ထားခြင်း သို့မဟုတ် ဆီပြည့်ခြင်းများ ပြုလုပ်ရမည်။
  - **တိုက်စားမှုနှင့်အနည်ထိန်းချုပ်ခြင်းအစီအစဉ်** ပါအစီအမံများအရ မြေပြင်နှင့်/သို့မဟုတ် ရေလမ်းကြောင်းများအတွင်းသို့ မစွန့်ထုတ်မီ မြေပေါ်မှ လျံကျလာသော ရေများကို *သတ္တုတွင်း ကြမ်းပြင်များ၊ မြေစာပုံများနှင့်အပေါ်ယံမြေဖယ်ရှားမှုမှ* မြေတိုက်စားမှုလျော့ချရန် သို့မဟုတ် တားဆီးထားရန်နှင့် နုန်းအနည်များပါသောရေများကို ဖမ်းပြီး နုန်းစစ်ကန်ကြီးများတွင် ထည့်၍ သန့်စင်မှုပြုလုပ်ပြီးမှ ပြန်လည်စွန့်ထုတ်ပါမည်။ မုန်တိုင်းကြောင့် လျှံကျရေများကို အန္တရာယ်ရှိစေသော ပစ္စည်းများနှင့် ဓာတုပစ္စည်းများ သိုလှောင်ရာနေရာများ လမ်းလွှဲပေးရန်လိုအပ်သည်။
  - **သတ္တုတွင်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ အနည်ကျမှုနှင့်တိုက်စားမှုများလျော့ချရန် နောက်ဆုံး မြေပြင်ကို မြေသားခိုင်ခန့်အောင်ပြုလုပ်ပြီး အပင်များပြန်လည်စိုက်ပျိုးထားရမည်။
  - **သတ္တုတွင်းနှင့်မြေစာပုံစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းနှင့်မြေစာပုံများကို မည်သို့စီမံတူးဖော် ဘေးကင်းစွာ တည်ဆောက်ထားရှိမည့် အစီအမံများပါသည့် သတ္တုတွင်း အစီအစဉ်ကို ရေးဆွဲရမည်။ ဤသို့ဖြင့် သတ္တုတူးဖော်ခြင်းကြောင့် ထိခိုက်သွားသော နေရာများမှ တိုက်စားခြင်းနှင့်မြစ်အောက်ပိုင်းရေလမ်းကြောင်းများအတွင်းသို့အနည်ကျခြင်းမှ လျော့ချခြင်း သို့မဟုတ် ရှောင်ရှားခြင်းများ ပြုလုပ်နိုင်သည်။
  - **အန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ အန္တရာယ်မရှိသော ပစ္စည်းများစွန့်ပစ်သိုလှောင်သည့်နေရာသည် ရေလမ်းကြောင်းများနှင့် အနည်းဆုံး မိတာ ၅၀ အကွာတွင် ရှိရမည်ဖြစ်ပြီး အိမ်သာကျင်း သို့မဟုတ် မိလ္လာကန်များသည် ရေလမ်းကြောင်းများနှင့် အနည်းဆုံး မိတာ ၁၀၀ အကွာတွင်ရှိရမည်။ ၎င်းတို့ကို တည်ဆောက်ရာတွင်လည်း မြေကြီးမှ

တဆင့် စိန့်ထွက်နိုင်သည့် ထိရောက်သည့် အစစ်ကို အသုံးပြုထားရမည်။ အမှိုက်ကန်များသည် လည်း ရေလမ်းကြောင်း သို့မဟုတ် ရေရရှိသော ရေတွင်းများမှ အနည်းဆုံး မီတာ ၅၀၀ အကွာတွင် ရှိရမည်။ ၎င်းတို့ကို တည်ဆောက်ရာတွင် မြေအောက်ရေနှင့်မြေပေါ်ရေ ဓာတ်ပြုမှုအန္တရာယ်မှ အနည်းဆုံးဖြစ်အောင် တည်ဆောက်ထားရမည်။

- **ရေစီမံခန့်ခွဲမှု** ပါအစီအမံများအရ မြစ်များ၊ ချောင်းများနှင့် စမ်းချောင်းများမှ ရေအရည်အသွေးကိုကာကွယ်ရန် ရေလမ်းကြောင်းများမှ ကြားခံနယ် မီတာ ၁၀၀ သတ်မှတ်ထားရမည်။ (ထိုနေရာများသည် မြေပြင်ပျက်စီးမှုမရှိသေးသည့် နေရာဖြစ်ပြီး ကမ်းပါးပေါ် ပေါက်နေသောအပင်များ ကို ထိန်းသိမ်းထားရမည်)။

- **ရေနေသက်ရှိ အပင်များ၊ ငါးများနှင့် ကျောရိုးမဲ့သတ္တဝါကြီးများ အဆိပ်သင့်စေခြင်းနှင့် ငါးများကိုသေစေနိုင်သည့် ရေမှော်များ ပွားများလာမှုကြောင့် အောက်ဆီဂျင်ပါဝင်မှု လျော့နည်းလာခြင်းတို့ကြောင့် ရေနေ ဇီဝမျိုးစိတ်မျိုးကွဲများ ပျောက်ဆုံးသွားခြင်း သို့မဟုတ် ယုတ်လျော့သွားခြင်းတို့ကို** အောက်ပါအတိုင်း စီမံခန့်ခွဲသွားပါမည်။

  - **ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသောပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ဓာတုပစ္စည်းနှင့် အခြားအန္တရာယ်ရှိသောပစ္စည်းများ အသုံးပြု သိုလှောင်သည့်နေရာများတွင် ဖိတ်စင်မှုကိုတုံ့ပြန်နိုင်သည့်ကိရိယာများအသင့်ပြုလုပ်ထားရန်လိုအပ်သည်။ ဓာတုပစ္စည်းနှင့်အန္တရာယ် ရှိသောပစ္စည်းများ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရေလမ်းကြောင်းများမှ မီတာ ၅၀ အကွာတွင် ရပ်ထားခြင်း သို့မဟုတ် ဆီပြည့်ခြင်းများ ပြုလုပ်ရမည်။
  - **အန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ အန္တရာယ်မရှိသော ပစ္စည်းများစွန့်ပစ်သိုလှောင်သည့်နေရာသည် ရေလမ်းကြောင်းများနှင့် အနည်းဆုံး မီတာ ၅၀ အကွာတွင် ရှိရမည်ဖြစ်ပြီး အိမ်သာကျင်း သို့မဟုတ် မိလ္လာကန်များသည် ရေလမ်းကြောင်းများနှင့် အနည်းဆုံး မီတာ ၁၀၀ အကွာတွင်ရှိရမည်။ ၎င်းတို့ကို တည်ဆောက်ရာတွင်လည်း မြေကြီးမှ တဆင့် စိန့်ထွက်နိုင်သည့် ထိရောက်သည့် အစစ်ကို အသုံးပြုထားရမည်။ အမှိုက်ကန်များသည် လည်း ရေလမ်းကြောင်း သို့မဟုတ် ရေရရှိသော ရေတွင်းများမှ အနည်းဆုံး မီတာ ၅၀၀ အကွာတွင် ရှိရမည်။ ၎င်းတို့ကို တည်ဆောက်ရာတွင် မြေအောက်ရေနှင့်မြေပေါ်ရေ ဓာတ်ပြုမှုအန္တရာယ်မှ အနည်းဆုံးဖြစ်အောင် တည်ဆောက်ထားရမည်။
  - **ရေစီမံခန့်ခွဲမှု** ပါအစီအမံများအရ မြစ်များ၊ ချောင်းများနှင့် စမ်းချောင်းများမှ ရေအရည်အသွေးကိုကာကွယ်ရန် ရေလမ်းကြောင်းများမှ ကြားခံနယ် မီတာ ၁၀၀ သတ်မှတ်ထားရမည်။ (ထိုနေရာများသည် မြေပြင်ပျက်စီးမှုမရှိသေးသည့် နေရာဖြစ်ပြီး ကမ်းပါးပေါ် ပေါက်နေသောအပင်များ ကို ထိန်းသိမ်းထားရမည်)။

- **ဓာတ်ပြုပျက်စီးနေသောရေများနှင့် ထိတွေ့ခြင်းမှ အရေပြားဓာတ်မတည့်တုန်ပြန်ခြင်း သို့မဟုတ်ဓာတ် မတည့်ခြင်းတို့ အပါအဝင် ကျန်းမာရေး ထိခိုက်မှုများကို** အောက်ပါအတိုင်း စီမံခန့်ခွဲပါမည်။

- **ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသောပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ဓာတုပစ္စည်းနှင့် အခြားအန္တရာယ်ရှိသောပစ္စည်းများ အသုံးပြု သိုလှောင်သည့်နေရာများတွင် ဖိတ်စင်မှုကိုတုံ့ပြန်နိုင်သည့်ကိရိယာများအသင့်ပြုလုပ်ထားရန်လိုအပ်သည်။ ဓာတုပစ္စည်းနှင့်အန္တရာယ် ရှိသောပစ္စည်းများ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရေလမ်းကြောင်းများမှ မိတာ ၅၀ အကွာတွင် ရပ်ထားခြင်း သို့မဟုတ် ဆိပြည့်ခြင်းများ ပြုလုပ်ရမည်။
- **အန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ အန္တရာယ်မရှိသော ပစ္စည်းများစွန့်ပစ်သိုလှောင်သည့်နေရာသည် ရေလမ်းကြောင်းများနှင့် အနည်းဆုံး မိတာ ၅၀ အကွာတွင် ရှိရမည်ဖြစ်ပြီး အိမ်သာကျင်း သို့မဟုတ် မိလ္လာကန်များသည် ရေလမ်းကြောင်းများနှင့် အနည်းဆုံး မိတာ ၁၀၀ အကွာတွင်ရှိရမည်။ ၎င်းတို့ကို တည်ဆောက်ရာတွင်လည်း မြေကြီးမှ တဆင့် စိန့်ထွက်နိုင်သည့် ထိရောက်သည့် အစစ်ကို အသုံးပြုထားရမည်။ အမှိုက်ကန်များသည်လည်း ရေလမ်းကြောင်း သို့မဟုတ် ရေရရှိသော ရေတွင်းများမှ အနည်းဆုံး မိတာ ၅၀၀ အကွာတွင် ရှိရမည်။ ၎င်းတို့ကို တည်ဆောက်ရာတွင် မြေအောက်ရေနှင့်မြေပေါ်ရေ ဓာတ်ပြုမှုအန္တရာယ်မှ အနည်းဆုံးဖြစ်အောင် တည်ဆောက်ထားရမည်။
- **ရေစီမံခန့်ခွဲမှု** ပါအစီအမံများအရ သတ္တုတွင်းမတူးဖော်မီ ဒေသခံများအသုံးပြုသည့် ရေအရင်းအမြစ်များကို ဖော်ထုတ်၍ နားလည်အောင်ဆောင်ရွက်ရန် လိုအပ်သည်။ ထိုနောက် သတ္တုတူးဖော်မှုဆိုင်ရာလုပ်ငန်းစဉ်များကြောင့် ထိခိုက်ပျက်စီးသွားသော ရွာရေ အရင်းအမြစ်များကို အစားထိုးရေအရင်းအမြစ် ပံ့ပိုးပေးရမည်။

- **အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများအပါအဝင် ဓာတ်ပြုပျက်စီးနေသောရေများ သောက်သုံးခြင်းမှ ဖြစ်ပေါ်သော ကျန်းမာရေး ထိခိုက်မှုများကို** အောက်ပါအတိုင်း စီမံခန့်ခွဲပါမည်။

  - **အန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ အန္တရာယ်မရှိသော ပစ္စည်းများစွန့်ပစ်သိုလှောင်သည့်နေရာသည် ရေလမ်းကြောင်းများနှင့် အနည်းဆုံး မိတာ ၅၀ အကွာတွင် ရှိရမည်ဖြစ်ပြီး အိမ်သာကျင်း သို့မဟုတ် မိလ္လာကန်များသည် ရေလမ်းကြောင်းများနှင့် အနည်းဆုံး မိတာ ၁၀၀ အကွာတွင်ရှိရမည်။ ၎င်းတို့ကို တည်ဆောက်ရာတွင်လည်း မြေကြီးမှ တဆင့် စိန့်ထွက်နိုင်သည့် ထိရောက်သည့် အစစ်ကို အသုံးပြုထားရမည်။ အမှိုက်ကန်များသည်လည်း ရေလမ်းကြောင်း သို့မဟုတ် ရေရရှိသော ရေတွင်းများမှ အနည်းဆုံး မိတာ ၅၀၀ အကွာတွင် ရှိရမည်။ ၎င်းတို့ကို တည်ဆောက်ရာတွင် မြေအောက်ရေနှင့်မြေပေါ်ရေ ဓာတ်ပြုမှုအန္တရာယ်မှ အနည်းဆုံးဖြစ်အောင် တည်ဆောက်ထားရမည်။
  - **ရေစီမံခန့်ခွဲမှု** ပါအစီအမံများအရ သတ္တုတွင်းမတူးဖော်မီ ဒေသခံများအသုံးပြုသည့် ရေအရင်းအမြစ်များကို ဖော်ထုတ်၍ နားလည်အောင်ဆောင်ရွက်ရန် လိုအပ်သည်။ ထိုနောက် သတ္တုတူးဖော်မှုဆိုင်ရာလုပ်ငန်းစဉ်များကြောင့် ထိခိုက်ပျက်စီးသွားသော ရွာရေ အရင်းအမြစ်များကို အစားထိုးရေအရင်းအမြစ် ပံ့ပိုးပေးရမည်။

၇-၂-၆။ ရေရရှိနိုင်မှု

လူတို့ သည် ရေအတွက် ရေတွင်းများ၊ စမ်းများ သို့ မဟုတ် စမ်းချောင်းများကို အသုံးပြုသည်။ သတ္တုတူးဖော်ခြင်းလုပ်ငန်းများသည် စမ်းချောင်းများနှင့်မြစ်များကို လူတို့သောက်သုံးရန်မသင့်လျော်သော အခြေအနေအဖြစ်သို့ရောက်စေသည်။ သောက်ရေအတွက်ရေတိမ်တွင်းများ တူးထားလေ့ရှိသည်။ ကျောက်သားအောက်ခံမှ စိမ့်ရေများနှင့် စမ်းချောင်းများသည် အခြားသောသောက်ရေအရင်းအမြစ်များဖြစ်သည်။

ဟင်းလင်းပွင့် သတ္တုတွင်းနက်ကြိုးများတူးဖော်ခြင်းသည် ရေတွင်းများခန်းခြောက်စေပြီး စိမ့်စမ်းရေများစီးဆင်းခြင်းကို ရပ်တန့်စေနိုင်သည်။ ရေအောင်းလွှာ အတိမ်နှင့်အနက်များအကြား ဖြတ်သန်းသွားမှုကို ဖြစ်ပေါ်စေပါသည်။ စမ်းရေများနှင့်ဆက်စပ်နေသည့် ကုန်းနေ၊ ရေနေ ဂေဟစနစ်များ ပျောက်ဆုံးသွားခြင်း သို့ မဟုတ် ပြင်းထန်စွာ ယုတ်လျော့သွားခြင်းတို့ကိုလည်း ဖြစ်ပေါ်စေပါသည်။

သတ္တုတူးဖော်မှုများကြောင့် ဖြစ်ပေါ်သည့် ယုတ်လျော့သွားသော ရေရရှိနိုင်မှုကို အောက်ပါအတိုင်း စီမံလျော့ချသွားပါမည်။

- **မြေအသုံးချမှု စီမံခန့်ခွဲခြင်း အစီအစဉ်** ပါအစီအမံများအရ သတ္တုတူးဖော်ခြင်းလုပ်ငန်းများကြောင့် ရေချိုရရှိနိုင်မှုအပါအဝင် အခြားသော သဘာဝအရင်းအမြစ်များ ရရှိနိုင်ခြင်းမှ အတားအဆီးမဖြစ်စေရန် သတ္တုတူးဖော်မှုလုပ်ငန်းများမစတင်မီ အစီအစဉ်ရေးဆွဲခြင်းနှင့် ဒေသခံများနှင့်တွေ့ဆုံဆွေးနွေးခြင်းများ လုပ်ဆောင်ရန် လိုအပ်သည်။
- **သတ္တုတွင်း ပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ သတ္တုတူးဖော်ခြင်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်သော အန္တရာယ်ရှိသော ပစ္စည်းများကြောင့် ရေနှင့်မြေ ဓာတ်ပြုခြင်းကုစားပေးရန် လိုအပ်ပြီး သတ္တုတွင်းပတ်ပတ်လည်တွင် တိုက်စားမှုနှင့်အနည်ထိန်းချုပ်ရန် တည်ဆောက်ထားသော အတားအဆီးများကို ထိန်းသိမ်းပြုပြင်ပြီး လျှံကျရေများကို လမ်းလွှဲများမှ ဆက်လက်စီးဆင်းစေပါ။
- **သတ္တုတွင်းနှင့်မြေစာပုံ စီမံခန့်ခွဲမှု အစီအစဉ်** ရေလမ်းကြောင်းနှင့်ကမ်းပါးကြားခံလမ်း ရှောင်ရှားရန် သတ္တုတွင်းနှင့်စွန့်ပစ်မြေစာပုံ ဒီဇိုင်းများလိုအပ်ပြီး သတ္တုတွင်း သို့မဟုတ် စွန့်ပစ်မြေစာပုံနှင့် ရှာများအကြား အနည်းဆုံး မီတာ ၁၀၀ ထားရှိရမည်ကိုလည်း ထည့်သွင်းထားရမည်။
- **ရေ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းမတူးဖော်မီ ဒေသခံများအသုံးပြုသည့် ရေအရင်းအမြစ်များကို ဖော်ထုတ်၍ နားလည်အောင်ဆောင်ရွက်ရန် လိုအပ်သည်။ ထိုနောက် သတ္တုတူးဖော်မှု ဆိုင်ရာလုပ်ငန်းစဉ်များကြောင့် ထိခိုက်ပျက်စီးသွားသော ရှာရေ အရင်းအမြစ်များကို အစားထိုးရေ အရင်းအမြစ် ပံ့ပိုးပေးရမည်။

၇-၂-၇။ မလျော်ကန်သော စွန့် ပစ်ပစ္စည်းများ စွန့် ပစ်ခြင်း

စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းကို သင့်တင့်လျောက်ပတ်စွာ စီမံခန့်ခွဲမှုမပြုထားပါက ပတ်ဝန်းကျင်နှင့်လူများ အပေါ် ထိခိုက်စေပါသည်။ စွန့် ပစ်လိုက်သည့် စွန့် ပစ်ပစ္စည်းများသည် ရေလမ်းကြောင်းများထဲသို့ ရောက်ရှိသွားမည်ဖြစ်သည်။ ၎င်းတို့ သည် မြေပေါ်ရေ လက္ခဏာများဖြစ်သည့် စီးဆင်းပုံ၊ ဇီဝဓာတုနှင့်ဓာတုဗေဒ ဖွဲ့စည်းပုံများကို ထိခိုက်စေပြီး ရေနေဂေဟစနစ်နှင့် လူတို့ ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

စွန့်ပစ်ပစ္စည်းများနှင့်ဓာတုပစ္စည်းများသည် အပင်များသည် အမြစ်မှတဆင့် ဓာတ်ပြုပြီး အန္တရာယ်ဖြစ်နိုင်စေပါသည်။ လူများသည် ၎င်းညစ်ညမ်းမြေများနှင့်ထိတွေ့ ပေါက်ရောက်သောအပင်များနှင့်တိရိစ္ဆာန်များကို စားသုံးမိပါက ကျန်းမာရေး ထိခိုက်နိုင်ပါသည်။

ထိုစွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်စီးခြင်းသည်လည်း ပလတ်စတစ်များလောင်ကျွမ်းသည့်အခါ ဒိုက်အောက်စင် (dioxin) ကဲ့သို့သော အဆိပ်ရှိဓာတ္တုများ လေထဲသို့ထုတ်လွှတ်နိုင်သောကြောင့် ပြဿနာများဖြစ်စေသည်။ စွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်းမှထွက်လာသော မီးခိုးများသည် အန္တရာယ်ရှိသောသတ္တုများ (heavy metal)နှင့်အခြားအဆိပ်သင့်ဓါတုပစ္စည်းများပါရှိသောကြောင့် လေထုညစ်ညမ်းမှုကိုဖြစ်စေပြီး အက်စစ်မိုး ရွာသွန်းစေသည်။

သတ္တုတူးဖော်ခြင်းလုပ်ငန်းစဉ်များမှ ထွက်လာသော စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းကြောင့် ဖြစ်ပေါ်သော ထိခိုက်မှုများကို အောက်ပါအတိုင်း လျော့ချစီမံသွားမည်ဖြစ်သည်။

- **လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးများ** ပါအစီအမံများအရ သတ္တုတွင်းကုမ္ပဏီများနှင့်၎င်းတို့၏လုပ်သားများသည် အချိန်ပြည့် ဂရုပြုလုပ်ဆောင်ရန်နှင့်ရင့်ကျက်စွာနေထိုင်ရန် လိုအပ်ပြီး EMP ကို လိုက်နာဆောင်ရွက်ရမည်။ အမှိုက်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုပဲ အမှိုက်ပုံး သို့မဟုတ် စီမံထားသောနေရာများတွင် ကောင်းမွန်သေချာစွာစွန့်ပစ်ရမည်။
- **ဓာတုပစ္စည်းနှင့်အန္တရာယ်ရှိသောပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ဓာတုပစ္စည်းနှင့်စွန့်ပစ်ပစ္စည်းများကို ဆီလျော်စွာ အသုံးပြုခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် စွန့်ပစ်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် ဓာတုပစ္စည်းနှင့်အန္တရာယ်ရှိသောပစ္စည်းများ အသုံးပြု/သိုလှောင်ရာနေရာများတွင် ဖိတ်စင်မှုတုံ့ပြန်သည့် ကိရိယာပစ္စည်းများ ထိန်းသိမ်းထားရှိရမည်။
- **အန္တရာယ်မရှိသော ရေ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ စီမံထားသည့် အမှိုက်ကန်များအပါအဝင် လုပ်ငန်းခွင်အတွင်း သင့်လျော်သည့် အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ စုဆောင်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့်စွန့်ပစ်ခြင်းများ လုပ်ဆောင်ရန်လိုအပ်သည်။

- **လေအရည်အသွေးနှင့်ဖုန် စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ခုတ်ထွင်ရှင်းလင်း ထားသော အပင်များ သို့မဟုတ် အခြားသော စွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်းမှ တားမြစ်ရမည်။

၇-၂-၈။ ကျန်းမာရေး သက်ရောက်မှုများ

ကျေးရွာများတွင် ပြုလုပ်ခဲ့သော စစ်တမ်းများအရ ဖြစ်ပွားသော ရောဂါများတွင် အောက်ပါတို့ ပါဝင်သည်။

- မူးယစ်ဆေးဝါးနှင့်ဆက်စပ်နေသော ရောဂါများ - အသည်းရောင်ရောဂါများနှင့် HIV။
- ဖုန်မှုန်များရှူသွင်းခြင်းကြောင့် ဖြစ်ပေါ်သောအသက်ရှူလမ်းကြောင်းရောဂါများ - ပန်းနာရောဂါ၊လည်ချောင်းနာရောဂါနှင့်အဆုပ်ရောင်ရောဂါ။
- ရေကြောင့်ဖြစ်ပေါ်သော ရောဂါများ - ဝမ်းလျှောခြင်းနှင့်အစာအိမ်ရောင်ရောဂါများ။
- ခြင် ကြောင့်ဖြစ်ပေါ်သောရောဂါများ - ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့်ဂျပန်ဦးနှောက်ရောင်ရောဂါ။

ရွာများမှ အထက်ပါ ထွက်ဆိုထားသောရောဂါများနှင့်ကျန်းမာရေးထိခိုက်မှုများကို အောက်ပါအတိုင်း လျော့ချစီမံသွားပါမည်။

- **အများပြည်သူကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေး စီမံခန့်ခွဲမှု အစီအစဉ်** ပါ အစီအမံများအရ ကျန်းမာရေး ဦးစီးဌာနမှ စမ်းတမ်းကောက်ယူမှုများကို သတ္တုတွင်းကုမ္ပဏီများမှ ပံ့ပိုးကူညီပေးရန်၊ သတ္တုတွင်းလုပ်ငန်းများကြောင့် အလုပ်သမားများနှင့်အများပြည်သူများ၏ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးကို စီမံခန့်ခွဲရန်အတွက် အများပြည်သူကျန်းမာရေးဘေးအန္တရာယ်ဆန်းစစ်လုပ်ငန်းများနှင့်ဗျူဟာများဖော်ထုတ်ရာတွင် ပံ့ပိုးကူညီပေးရမည်။
- **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်** ပါအစီအမံများအရ အလုပ်သမားများသည် အလုပ်လုပ်ရန်သင့်လျော်သည့် ကျန်းမာရေးအခြေအနေရှိစေရန် ဆေးစစ်ရမည်ဖြစ်ပြီး သတ္တုတွင်းကုမ္ပဏီများမှလည်း ရှေးဦးသူနာပြုများနှင့်ရှေးဦးသူနာပြု ကိရိယာပစ္စည်းများ ပံ့ပိုးပေးရမည်။ ရောဂါများကူးဆက်ခြင်းမှ ကာကွယ်ရန် အလုပ်သမားများကို အခြေခံ တစ်ကိုယ်ရည်သန့်ရှင်းမှုသင်တန်းပို့ချပေးရမည်ဖြစ်ပြီး ကူးဆက်မှုထိန်းချုပ်ခြင်းလုင်ငန်းစဉ်များကို ချမှတ်ထားရမည်။
- **အလုပ်သမားတန်းလျားစီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ တန်းလျားတွင် နေထိုင်သူများအကြား ကူးဆက်ပျံ့ပွားနိုင်သည့်ရောဂါများကာကွယ်နိုင်ရန် အလုပ်သမားတစ်ဦးစီအတွက် လုံလောက်သည့်နေရာအကျယ်၊ လုံလောက်သည့်အိမ်သာနှင့်အဝတ်လျှော်သည့်နေရာ၊ ဘေးကင်းသည့်သောက်ရေးအလုံအလောက်၊ လုံလောက်သည့်စွန့်ပစ်ပစ္စည်းစီမံမှု၊ လုံလောက်သည့် လေဝင်လေထွက်၊ လုံလောက်သည့်ဆေးဝါးနှင့်ရှေးဦးသူနာပြုပစ္စည်းများနှင့်ဖျားနာနေသော အလုပ်သမားများအတွက် သီးခြားနေရာရှိရမည်။

ဖုန်သည် ဖုန်ထစေသည့်ရင်းမြစ်အမျိုးမျိုးနှင့်လုပ်ငန်းစဉ်များမှ ထွက်လာပြီး လေထုညစ် ညမ်းစေသည့် ဘုံပြဿနာတစ်ခုဖြစ်သည်။ ဖုန်မှုန့်အရွယ်အစား အမျိုးမျိုးရှိသည်။ ပို၍သေးငယ်လေလေ လေထုထဲတွင် ကြာရှည်စွာ ရပ်တည်ထားနိုင်လေလေဖြစ်သည်။ ပို၍ဂေးဂေးသွားနိုင်လေလေ ဖြစ်ပါသည်။

ကြီးမားသည့် ဖုန်မှုန့်များသည် သူတို့ဖြစ်ပေါ်လာရာ နီးနားတွင်သာ ကျရောက်သွားပါသည်။ ယင်းအမှုန့်များသည် သင်တို့မြင်နိုင်သည့် ဖုန်အလွှာအဖြစ် တည်ရှိနေပါသည်။ ဖုန်မှုန်များသည် အသက်ရှူသွင်း၊ ရှူထုတ်လုပ်ရာတွင် နာခေါင်းနှင့်ပါးစပ်ထဲတွင် ကပ်တွယ်နေနိုင်ပါသည်။ သို့မဟုတ် မျိုချမိနိုင်ပါသည်။ သေးငယ်သောဖုန်မှုန် သို့မဟုတ် ဖုန်မှုန့်လေးများသည် မျက်စိဖြင့် မမြင်နိုင်ပါ။ ဖုန်မှုန့်လေးများသည် အဆုတ်ထဲသို့ရောက်ရှိနိုင်ခြေများပြီး အလွန့်အလွန့်သေးငယ်သော ဖုန်မှုန့်လေးများမှာမူ သွေးကြောထဲ သို့တိုက်ရိုက်ရောက်ရှိ သွားနိုင်ပါသည်။

သိပ္ပံနည်းကျကျ လေ့လာမှုများအရ ညစ်ညမ်းအမှုန့်များနှင့်ထိတွေ့မှုသည် မြောက်များစွာသော ကျန်းမာရေး သက်ရောက်မှုများနှင့်ချိတ်ဆက်နေကြောင်း ကွမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက ညွှန်းပြထားပါသည်။

- လေလမ်းကြောင်း ရောင်ရမ်းခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ကြပ်ခြင်း၊ နာတာရှည်လေရှူပြွန်ရောင်ခြင်းနှင့်အဆုတ်အလုပ်လုပ်နိုင်စွမ်းလျော့ကျသွားခြင်းကြောင့် အသက်ရှူရခက်ခဲခြင်း ကဲ့သို့သော အသက်ရှူလမ်း ကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ တိုးများလာခြင်း။
- နှလုံးရောဂါ သို့မဟုတ် အဆုတ်ရောဂါ ကြောင့်အရွယ်မတိုင်မီ သေဆုံးမှုများ။
- သွေးထဲသို့အဆိပ်သင့်ပစ္စည်းများ စုပ်ယူရောက်ရှိခြင်းကြောင့် အဆိပ်သင့် အကျိုးသက်ရောက်မှုများ (ဥပမာ၊ ခဲ၊ Cadmium၊ သွပ်)
- ခွဲထုတ်အမြှေးပါးများ(mucous membrane)များ ရောင်ရမ်းခြင်း (ဥပမာ၊ အက်ဆစ်၊ Alkali)

ဖုန်မှုန့်များကြောင့် လေလမ်းကြောင်း ရောင်ရမ်းခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ကြပ်ခြင်း၊ လေရှူပြွန်ရောင်ခြင်းနှင့်အဆုတ်အလုပ်လုပ်နိုင်စွမ်း လျော့ကျသွားခြင်းကြောင့် အသက်ရှူရ ခက်ခဲခြင်း ကဲ့သို့သော အသက်ရှူလမ်း ကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ တိုးများလာခြင်းတို့ဖြစ်ပေါ်စေပါသည်။

ဖုန်မှ ဖြစ်နိုင်ဖွယ်ထိခိုက်မှုများကို သက်သာလျော့ချအောင် အောက်ပါအတိုင်း စီမံခန့်ခွဲသွားပါမည်။

- **လေအရည်အသွေးနှင့်ဖုန် စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ သင့်လျော်သည့် တစ်ကိုယ်ရည်ကာကွယ်ရေးပစ္စည်းများ ပံ့ပိုးပေးရန်၊ အပေါ်ယံမြေနှင့်မြေစာပုံများ ထွက်ပေါ်နေမှုအချိန်နှင့်ပမာဏကို အနည်းဆုံးဖြစ်စေရန်၊ ရေကိုအသုံးပြု၍ ဖုန်သိပ်ရန်၊ ဒေသတွင်းမိုလေသဝမအခြေအနေကို စောင့်ကြည့်ရန်၊ ရွာများနှင့်အခြေချနေထိုင်သည့်နေရာများတွင် အလုပ်လုပ်ကိုင်မှုမှ ရှောင်ရှားရန်၊ ခုတ်ထွင်ဖယ်ရှားထားသော အပင်များနှင့်အခြားစွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်းမှ ရှောင်ရှားရန် စသည်တို့ လုပ်ဆောင်ရန် လိုအပ်သည်။

- **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်** ပါအစီအမံများအရ အလုပ်သမားများအားလုံးကို တစ်ကိုယ်ရည်အကာအကွယ်ပစ္စည်းများ ပံ့ပိုးပေးခြင်းနှင့်အသုံးပြုနည်းကို သင်တန်းပို့ချပေးခြင်း၊ ကျန်းမာရေး ဆေးပေးခန်းများ ထိန်းသိမ်းထားရန် ပံ့ပိုးပေးခြင်း၊ သင့်လျော်ပြီး သန့်ရှင်းသည့် အသုံးအဆောင်ပစ္စည်း အဆောက်အအုံများ ပံ့ပိုးပေးခြင်းနှင့် လူအများအသုံးပြုသည့် အဆောက်အအုံများတွင် လုပ်လောက်သည့်လေဝင်လေထွက်ရှိရန် လိုအပ်သည်။
- **ပြန်လည်ထူထောင်ရေး စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ နောက်ဆုံးမြေမျက်နှာသွင်ပြင်ပေါ်တွင် တဆင့်တဆင့် ပြန်လည်တည်ထောင်မှုနှင့်အပင်စိုက်ပျိုးခြင်းများလုပ်ဆောင်ရန်၊ ဖုန်ထခြင်း လျော့ချရန် ပြင်ဆင်ထားသော မျက်နှာပြင်များကို မြက်ပင်များအသုံးပြု၍ ဖြန့်ခြင်း၊ ဖုံးခြင်း သို့မဟုတ် မြေဆွေးမျာ စသည်တို့ကို အသုံးပြုရမည်။
- **အလုပ်သမားတန်းလျား စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ အလုပ်သမားတန်းလျားများကို လုံလောက်သည့် လေဝင်လေထွက်ရှိရမည်ဖြစ်ပြီး ပုံမှန်သန့်ရှင်းရေးလုပ်ပြီး ဝန်ဆောင်မှုများပေးရမည်။

၇-၂-၉။ ပတ်ဝန်းကျင်အခြေအနေ ကောင်းမွန်အဆင်ပြေမှု (ဆူညံသံနှင့်တုန်ခါခြင်း)

ကျောက်စိမ်းတူးဖော်ရာဖွေရာတွင် မိုင်းခွဲရန် လိုအပ်ပါသည်။ သို့ သော်လည်း မိုင်းခွဲခြင်းသည် အလွန်အကျွံဆူညံခြင်းနှင့်တုန်ခါခြင်းတို့ဖြစ်ပေါ်စေပြီး အနီးနားတွင်ရှိသောလူနေထိုင်လူများကို ထိခိုက်စေနိုင်ပါသည်။ မိုင်းခွဲခြင်းမှ အဓိကထိခိုက်မှုနှစ်ခုမှာ ဖိအားလွန်ကဲခြင်း (လေမှတဆင့်တုန်ခါမှုများ ဖြစ်လာခြင်း)နှင့် မြေတုန်ခါမှုများတို့ ဖြစ်ပါသည်။

မိုင်းခွဲခြင်းသည် အများအားဖြင့်မြေနှင့်လေကိုဖြတ်သန်းသွားသည့်တုန်ခါလှိုင်းများ(shock wave)ကိုဖြစ်စေပါသည်။ နောက်ဆက်တွဲအနေဖြင့်လေထဲတွင် (airblast) ဟုခေါ်သည့် ကြားနိုင်သော ဆူညံသံနှင့် တုန်ခါမှုတို့ ပါဝင်သည်။ အရာဝတ္ထုများကို ဆက်တိုက် လှုပ်ခါစေသောဆူညံသံများကို ဖြစ်ပေါ်စေပါသည်။ မိုင်းခွဲမှုမှ မြေပြင်ဖေါက်ခွဲတုန်ခါမှုမြင့်တက်လာပါကအဆောက်အဦးများကိုထိခိုက်မည်ဖြစ်သည်။ လူတို့ သည် တုန်ခါနှုန်း အနိမ့်ဆုံးကိုပင် သိရှိခံစားနိုင်ပါသည်။

မိုင်းခွဲခြင်းမှ စိတ်အနှောက်အယှက်ဖြစ်ခြင်းနှင့် စိတ်မသက်မသာဖြစ်ခြင်းတို့ ဖြစ်စေနိုင်ပြီး ဆူညံသံသည် လူတို့ အား လန့်ဖျတ်သွားစေသည် (airblast) သို့ မဟုတ် မြေတုန်ခါမှုသည် တုန်ခါမှုကို ဖြစ်စေပြီး ခံစားရမည်ဖြစ်သည်။ ထိခိုက်မှုအတိမ်အနက်မှာ (airblast) နှင့် တုန်ခါမှုနှုန်း တို့ ကဲ့သို့ နေ့ တနေ့ အချိန်၊ ဖြစ်ပေါ် သည့် အကြိမ်အရေအတွက်နှင့် တဦးတယောက်ချင်းစီ၏ ခံနိုင်ရည်ပေါ်တွင် မူတည်ပါသည်။

သတ္တုတူးဖော်ခြင်းနှင့်ဆက်စပ်သည့်အခြားဆူညံသံအရင်းအမြစ်အချို့မှာ မော်တော်ယာဉ်စက်များ၊ကျောက်သယ်ခြင်းနှင့်ကျောက်ချခြင်း၊ မီးစက်မောင်းခြင်းနှင့် အခြားသော ဆောက်လုပ်ရေးနှင့်သတ္တုတူး ဖော်ခြင်းနှင့် ဆက်စပ်သည် ဆူညံသံတို့ ပါဝင်သည်။

သတ္တုတူးဖော်ခြင်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်သော ကြားသိမှုနှင့်ဆိုင်သည့် ထိခိုက်မှုများကို အောင်ပါအောင်ပါ စီမံလျော့ချသွားပါမည်။

- **ဆူညံသံကြောင့် အနှောက်အယှက်ဖြစ်ခြင်း၊** ၎င်းတို့တွင် စိတ်အနှောက်အယှက်ဖြစ်စရာ ဆူညံသံများနှင့် တဖြည်းဖြည်း တစတစ ကျယ်ကျယ်လာသည့် နှောက်ခံဆူညံသံများ ပါဝင်သည်။ ၎င်းကို အောက်ပါအတိုင်း စီမံခန့်ခွဲသွားပါမည်။
  - **ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ သင်လျော်သည့် တစ်ကိုယ်ရည် အကာအကွယ်ပစ္စည်များ အသုံးပြုခြင်း၊ ဆူညံသည့်လုပ်ငန်းများကို နေ့အချိန်တွင်သာ လုပ်ဆောင်ရန်၊ ဆူညံသံကြားခံနယ်အဖြစ် သဘာဝမြေမျက်နှာပြင်နှင့်ပစ္စည်းများထားမည့်နေရာများကိုရွေးချယ် အသုံးပြုရန်၊ ဖောက်ခွဲမှုများကို နေ့အချိန်နာရီများနှင့်သတ်မှတ်ထားသောအချိန်များတွင်သာ ကန့်သတ်လုပ်ဆောင်ရန်၊ ပေါက်ကွဲပစ္စည်းများ အလွန်အကျွံအသုံးပြုခြင်းမဖြစ်စေရန် မှန်ကန်သည့် ပမာဏနှင့်အချိုးများအသုံးပြုရမည်။
  - **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းမှုအစီအစဉ်** ပါအစီအမံများအရ သင့်လျော်သည့် တစ်ကိုယ်ရည်အကာအကွယ်ပစ္စည်းများအသုံးပြုရန်၊ ဘေးကင်းသည့် ဖောက်ခွဲမှု လုပ်ထုံးလုပ်နည်းများအပါအဝင် သတ္တုတွင်းသုံးယာဉ်များ၊ စက်ရုံများနှင့် စက်ကိရိယာများကို ဘေးကင်းစွာမောင်းနှင်ရန်နှင့်ထိန်းသိမ်းပြုပြင်ထားရန် လိုအပ်သည်။
- **လူတို့ စိတ်အနှောက်အယှက်ဖြစ်စရာ တုန်ခါမှုနှင့်အဆောက်အအုံများ ပျက်စီးခြင်း** ကို အောက်ပါအတိုင်း စီမံခန့်ခွဲသွားပါမည်။
  - **ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ ဖောက်ခွဲမှုများကို နေ့အချိန်နာရီများနှင့်သတ်မှတ်ထားသောအချိန်များတွင်သာ ကန့်သတ်လုပ်ဆောင်ရန်၊ ပေါက်ကွဲပစ္စည်းများ အလွန်အကျွံ အသုံးပြုခြင်းမဖြစ်စေရန် မှန်ကန်သည့် ပမာဏနှင့် အချိုးများအသုံးပြုရမည်။

- **အိပ်စက်အနားယူချိန်တွင် အနှောက်အယှက်ဖြစ်ခြင်း၊** လေထုပေါက်ကွဲမှု(Airblast)၊ ကုန်တင်ကားများမှ မြန်ဆန်သောအသံများနှင့် မော်တော်ယာဉ်များမှ အချက်ပေးသံများ စသည့် ယာယီဆူညံမှု တို့သည် အိပ်စက်ခြင်းကို အနှောက်အယှက်များ ဖြစ်စေနိုင်ပါသည်။ ၎င်းတို့ကို အောက်ပါအတိုင်း စီမံလျော့ချသွားမည်ဖြစ်သည်။
  - **ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ ဆူညံသည့်လုပ်ငန်းများကို နေ့အချိန်တွင်သာလုပ်ဆောင်ရန်၊ ဆူညံသံကြားခံနယ်အဖြစ် သဘာဝမြေမျက်နှာပြင်နှင့် ပစ္စည်းများထားမည့် နေရာများကိုရွေးချယ် အသုံးပြုရန်၊ ဖောက်ခွဲမှုများကို နေ့အချိန်နာရီများနှင့် သတ်မှတ်ထားသော အချိန်များတွင်သာ ကန့်သတ်လုပ်ဆောင်ရန်၊ ပေါက်ကွဲပစ္စည်းများ အလွန်အကျွံအသုံးပြုခြင်းမဖြစ်စေရန် မှန်ကန်သည့် ပမာဏနှင့် အချိုးများအသုံးပြုရမည်။

- **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းမှုအစီအစဉ်** ပါအစီအမံများအရ ယာဉ်များမှ အချက်ပြအသံများ၊ ယာဉ်များအားလုံးကို ကောင်းမွန်စွာ ထိန်းသိမ်းပြုပြင်ထားရန်နှင့်အမြန်နှုန်း သတ်မှတ်ချက်များကို လိုက်နာရမည်။

၇-၂-၁၀။ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး (သတ္တုတွင်း/ ယာဉ်ယန္တရား မတော်တဆမှုများ)

သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းသည် သဘာဝအလျောက် အန္တရာယ်ရှိသောကြောင့် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်အလေ့အကျင့်မရှိလျှင်သော်လည်းကောင်း၊ ခွင့်ပြုချက်မရှိသောလူပုဂ္ဂိုလ်များကို အန္တရာယ်မြင့်မားသောနေရာများမှ ဖယ်ရှားမထားခဲ့လျှင် အန္တရာယ်နှင့်ကြုံတွေ့ရမည်ဖြစ်သည်။ ထိုအန္တရာယ်များနှင့်ကြုံတွေ့ရပါက ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် အသက်ဆုံးရှုံးခြင်း သို့မဟုတ် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ ဖြစ်စေနိုင်သည်။

ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် အသက်ဆုံးရှုံးခြင်းတို့ကို အောက်ပါမတော်တဆမှုများမှ ဖြစ်စေနိုင်သသည်။

- မော်တော်ယာဉ် မတော်တဆဖြစ်မှု (ယာဉ်တိုက်မှု သို့ မဟုတ် ယာဉ်မှောက်မှု)
- သတ္တုတွင်းပစ္စည်းကိရိယာများနှင့်ထိမိခြင်း သို့မဟုတ် တိုက်မိခြင်း (မြေသယ်ယာဉ်ကြီးများနှင့်မြေတူးစက်ကြီးများ)
- သတ္တုတွင်း ပစ္စည်းကိရိယာများ ပျက်စီးခြင်း (လေမှုတ်စက် သို့ မဟုတ် လွန်များ အလုပ်မလုပ်ခြင်း)
- မထိန်းချုပ်နိုင်သော သို့ မဟုတ် မမျှော်လင့်သော ပေါက်ကွဲမှု
- အက်ဆစ်၊ ကောစတစ်ပျော်ရည်များ၊ ဖျော်ရည်များစသည့် အန္တရာယ်ရှိသောပစ္စည်းများနှင့်ထိမိခြင်း
- လောင်စာဖိတ်စင်ခြင်း သို့ မဟုတ် ပေါက်ကွဲခြင်းကြောင့် ဖြစ်သော မီးလောင်ကျွမ်းမှု
- လျှပ်စီး စီးနေသော ဂါယာကြိုးများနှင့် ထိမိ၍ ဓာတ်လိုက်ခြင်း။
- သတ္တုတွင်း နံရံများ ပြိုကျမှုကြောင့် သို့ မဟုတ် စွန့်ပစ်မြေစာပုံကုန်းစောင်းများ ပျက်စီးမှုကြောင့် မြေပြို ခြင်း။

အထက်ပါ သတ္တုတွင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှု သို့မဟုတ် အသက်ဆုံးရှုံး အန္တရာယ်များကို အောက်ပါအစီအစဉ်များဖြင့် စီမံလျော့ချသွားပါမည်။

- **အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုများနှင့်တုံ့ပြန်မှု အစီအစဉ်** ပါအစီအမံများအရ အရေးပေါ်စုရုံးသည့်နေရာသတ်မှတ်ခြင်းနှင့်သင့်လျော်သည့် အရေးတုံ့ပြန်မှုဆိုင်ရာကိရိယာပစ္စည်းများ (ရှုးဦးသူနာပြုပစ္စည်းများ၊ မီးသတ်ပစ္စည်းများ) နှင့်အရေးပေါ်ဖြစ်လာသည့်အခါ လိုက်နာရမည့် အရေးပေါ်တုံ့ပြန်မှုလုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါမည်။

- **ဖြစ်ရပ်များ အစီပင်ခံခြင်း လုပ်ထုံးလုပ်နည်း** ပါအစီအမံများအရ ဖြစ်ရပ်များ စီမံခန့်ခွဲခြင်းနှင့်အစီရင်ခံခြင်း လုပ်ငန်းစဉ်များကို ဖော်ပြထားပါမည်။
- **ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ ဖောက်ခွဲရန်လိုအပ်သည့် လုပ်ငန်းစဉ်များကို ထိုလုပ်ငန်းစဉ်တွင် သင်တန်းပို့ချထားပြီး အသိအမှတ်ပြုလက်မှတ်ရှိသောသူကိုသာ လုပ်ဆောင်စေရန်နှင့်အလွန်အကဲပေါက်ကွဲမှုမဖြစ်စေရန် မှန်ကန်သည့် ဖောက်ကွဲရေးပစ္စည်းပမာဏနှင့် အချိုးအစားကို အသုံးပြုပါမည်။
- **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်** ပါအစီအမံများအရ မိုင်းလုပ်သားအားလုံးကို သင်တန်းပို့ချခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာပို့ချခြင်း၊ သင့်လျော်သည့် PPE များကို ပံ့ပိုးခြင်းနှင့်အလုပ်လုပ်ကိုင်ရန် ကြံ့ခိုင်မှုရှိရမည်။ အလုပ်သမားများကို မြေတူးစက် ကော်ခွက်လွှဲသည့်လမ်းကြောင်း သို့မဟုတ် နောက်ဆုတ်နေသော ယာဉ်များနှင့်မြေသယ်ယာဉ်ကြီးများ၏အနောက်တွင် မှတ်တတ်ရပ် မစေရ။ ထိုယာဉ်ကြီးများသည်လည်း သတ်မှတ်ထားသော အမြန်နှုန်းနှင့်လမ်း၏အခြေအနေအပေါ်မူတည်၍ မောင်းနှင်ရမည်။ ဟင်းလင်းပွင့်တွင်းများနှင့်မြေစာပုံများ၏ တည်ငြိမ်ခိုင်မာမှုကို ပုံမှန်စစ်ဆေးရမည်။ တည်ငြိမ်မှု မရှိပါက သင့်လျော်သည့် အစီအမံများ ပြုလုပ်ရမည်။ ယခုအစီအစဉ်သည် ဖောက်ခွဲရေးလုပ်ဆောင်ချိန်တွင် လိုက်နာရမည့် ဘေးကင်းရေး လမ်းညွှန်ချက်လုပ်ငန်းစဉ် အသေးစိတ်ကို ထည့်သွင်းထားပါသည်။
- **အလုပ်သမားတန်းလျားစီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ သင့်လျော်သည့် ဆေးဝါးနှင့် ရှုးဦးသူနာပြုပစ္စည်းများ၊ မီးသတ်ဆေးဘူးများ၊ မီးသတ်ကိရိယာပစ္စည်းများနှင့်အလိုအလျောက်မီးခိုးအသိပေးစက်များ တပ်ဆင်ထားပါမည်။

သတ္တုတွင်းဆိုင်ရာ ကျန်းမာရေးဘေးအန္တရာယ်များကို အောက်ပါအစီအမံများဖြင့် စီမံလျော့ချ သွားပါမည်။

- **မကောင်းမွန်သောမိလ္လာစနစ် နှင့်/သို့မဟုတ် ညစ်ညမ်းရေများကြောင့် အစာအိမ်နှင့်အူလမ်းကြောင်းရောဂါများကို ဖြစ်စေသည့် မလုံခြုံသော သို့မဟုတ် ဓာတ်သင့်ပျက်စီးနေသော သောက်ရေများကို** အောက်ပါအတိုင်း စီမံခန့်ခွဲပါမည်။
  - **အန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ အန္တရာယ်မရှိသော ပစ္စည်းများစွန့်ပစ်သိုလှောင်သည့်နေရာသည် ရေလမ်းကြောင်းများနှင့် အနည်းဆုံး မီတာ ၅၀ အကွာတွင် ရှိရမည်ဖြစ်ပြီး အိမ်သာကျင်း သို့မဟုတ် မိလ္လာကန်များသည် ရေလမ်းကြောင်းများနှင့် အနည်းဆုံး မီတာ ၁၀၀ အကွာတွင်ရှိရမည်။ ၄င်းတို့ကို တည်ဆောက်ရာတွင်လည်း မြေကြီးမှတဆင့် စိန့်ထွက်နိုင်သည့် ထိရောက်သည့် အစစ်ကို အသုံးပြုထားရမည်။ အမှိုက်ကန်များသည်လည်း ရေလမ်းကြောင်း သို့မဟုတ် ရေရရှိသော ရေတွင်းများမှ အနည်းဆုံး မီတာ ၅၀၀ အကွာတွင် ရှိရမည်။ ၄င်းတို့ကို တည်ဆောက်ရာတွင် မြေအောက်ရေနှင့်မြေပေါ်ရေ ဓာတ်ပြုမှုအန္တရာယ်မှ အနည်းဆုံးဖြစ်အောင် တည်ဆောက်ထားရမည်။

- **ရေ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းမတူးဖော်မီ ဒေသခံများအသုံးပြုသည့် ရေအရင်းအမြစ်များကို ဖော်ထုတ်၍ နားလည်အောင်ဆောင်ရွက်ရန် လိုအပ်သည်။ ထိုနောက် သတ္တုတူးဖော်မှု ဆိုင်ရာလုပ်ငန်းစဉ်များကြောင့် ထိခိုက်ပျက်စီးသွားသော ရွာရေ အရင်းအမြစ်များကို အစားထိုးရေ အရင်းအမြစ် ပံ့ပိုးပေးရမည်။

- **မီးလောင်ဒဏ်ရာ၊ အရေပြားယားယံခြင်း၊ မျက်စိနာခြင်းနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများနှင့် ရောဂါများကိုဖြစ်စေသည့် အန္တရာယ်ဖြစ်စေနိုင်သည့် အရာဝတ္ထုများနှင့်အဆိပ်ရှိ ဓာတုပစ္စည်းများနှင့်ထိမိခြင်းကို** အောက်ပါအတိုင်း စီမံခန့်ခွဲသွားပါမည်။
  - **ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသောပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ ဓာတုပစ္စည်းနှင့် အခြားအန္တရာယ်ရှိသောပစ္စည်းများ အသုံးပြု သိုလှောင်သည့်နေရာများတွင် ဖိတ်စင်မှုကိုတုံ့ပြန်နိုင်သည့်ကိရိယာများအသင့်ပြုလုပ်ထားရန်လိုအပ်သည်။ ဓာတုပစ္စည်းနှင့်အန္တရာယ် ရှိသောပစ္စည်းများ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရေလမ်းကြောင်းများမှ မီတာ ၅၀ အကွာတွင် ရပ်ထားခြင်း သို့မဟုတ် ဆီပြည့်ခြင်းများ ပြုလုပ်ရမည်။
  - **အန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ အန္တရာယ်မရှိသော ပစ္စည်းများစွန့်ပစ်သိုလှောင်သည့်နေရာသည် ရေလမ်းကြောင်းများနှင့် အနည်းဆုံး မီတာ ၅၀ အကွာတွင် ရှိရမည်ဖြစ်ပြီး အိမ်သာကျင်း သို့မဟုတ် မိလ္လာကန်များသည် ရေလမ်းကြောင်းများနှင့် အနည်းဆုံး မီတာ ၁၀၀ အကွာတွင်ရှိရမည်။ ၄င်းတို့ကို တည်ဆောက်ရာတွင်လည်း မြေကြီးမှ တဆင့် စိန့်ထွက်နိုင်သည့် ထိရောက်သည့် အစစ်ကို အသုံးပြုထားရမည်။ အမှိုက်ကန်များသည်လည်း ရေလမ်းကြောင်း သို့မဟုတ် ရေရရှိသော ရေတွင်းများမှ အနည်းဆုံး မီတာ ၅၀၀ အကွာတွင် ရှိရမည်။ ၄င်းတို့ကို တည်ဆောက်ရာတွင် မြေအောက်ရေနှင့်မြေပေါ်ရေ ဓာတ်ပြုမှုအန္တရာယ်မှ အနည်းဆုံးဖြစ်အောင် တည်ဆောက်ထားရမည်။
  - **ရေ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းမတူးဖော်မီ ဒေသခံများအသုံးပြုသည့် ရေအရင်းအမြစ်များကို ဖော်ထုတ်၍ နားလည်အောင်ဆောင်ရွက်ရန် လိုအပ်သည်။ ထိုနောက် သတ္တုတူးဖော်မှု ဆိုင်ရာလုပ်ငန်းစဉ်များကြောင့် ထိခိုက်ပျက်စီးသွားသော ရွာရေ အရင်းအမြစ်များကို အစားထိုးရေ အရင်းအမြစ် ပံ့ပိုးပေးရမည်။

- **အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများနှင့်ရောဂါများကိုဖြစ်စေသည့်ဖုန်ထူနှင့်ထိတွေ့ခြင်း**ကို အောက်ပါအတိုင်း စီမံသွားပါမည်။

  - **အလုပ်သမားတန်းလျား စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ အလုပ်သမားတန်းလျားများကို လုံလောက်သည့် လေဝင်လေထွက်ရှိရမည်ဖြစ်ပြီး ပုံမှန်သန့်ရှင်းရေးလုပ်ပြီး ဝန်ဆောင်မှုများပေးရမည်။

  - **လေအရည်အသွေးနှင့်ဖုန် စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ သင့်လျော်သည့် တစ်ကိုယ်ရည်ကာကွယ်ရေးပစ္စည်းများ ပံ့ပိုးပေးရန်၊ အပေါ်ယံမြေနှင့်မြေစာပုံများ ထွက်ပေါ်နေမှုအချိန်နှင့်ပမာဏကို အနည်းဆုံးဖြစ်စေရန်၊ ရေကိုအသုံးပြု၍ ဖုန်သိပ်ရန်၊ ဒေသတွင်းမိုလေသဝမအခြေအနေကို

စောင့်ကြည့်ရန်၊ ရွာများနှင့်အခြေချနေထိုင်သည့်နေရာများတွင် အလုပ်လုပ်ကိုင်မှုမှ ရှောင်ရှားရန်၊ ခုတ်ထွင်ဖယ်ရှားထားသော အပင်များနှင့်အခြားစွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်းမှ ရှောင်ရှားရန် စသည်တို့ လုပ်ဆောင်ရန် လိုအပ်သည်။

- **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်** ပါအစီအမံများအရ အလုပ်သမားများအားလုံးကို တစ်ကိုယ်ရည်အကာအကွယ်ပစ္စည်းများ ပံ့ပိုးပေးခြင်းနှင့်အသုံးပြုနည်းကို သင်တန်းပို့ချပေးခြင်း၊ ကျန်းမာရေး ဆေးပေးခန်းများ ထိန်းသိမ်းထားရန် ပံ့ပိုးပေးခြင်း၊ သင့်လျော်ပြီး သန့်ရှင်းသည့် အသုံးအဆောင်ပစ္စည်း အဆောက်အအုံများ ပံ့ပိုးပေးခြင်းနှင့် လူအများအသုံးပြုသည့် အဆောက်အအုံများတွင် လုပ်လောက်သည့်လေဝင်လေထွက်ရှိရန် လိုအပ်သည်။
- **ပြန်လည်ထူထောင်ရေး စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ နောက်ဆုံးမြေမျက်နှာသွင်ပြင်ပေါ်တွင် တဆင့်တဆင့် ပြန်လည်တည်ထောင်မှုနှင့်အပင်စိုက်ပျိုးခြင်းများလုပ်ဆောင်ရန်၊ ဖုန်ထခြင်း လျော့ချရန် ပြင်ဆင်ထားသော မျက်နှာပြင်များကို မြက်ပင်များအသုံးပြု၍ ဖြန့်ခြင်း၊ ဖုံးခြင်း သို့မဟုတ် မြေဆွေးမျာ စသည်တို့ကို အသုံးပြုရမည်။

- **အကြားအာရုံ ချို့ယွင်းမှုကို ဖြစ်စေသည့် အလွန်အမင်းဆူညံခြင်းကို** အောက်ပါအတိုင်း စီမံခန့်ခွဲပါ မည်။

  - **ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ PPE ပစ္စည်း များသင့်လျော်သည့် နည်းလမ်းဖြင့် အသုံးပြုရမည်။ ဆူညံသည့်လုပ်ငန်းများကို နေ့အချိန် တွင်သာလုပ်ဆောင်ရန်၊ ဆူညံသံကြားခံနယ်အဖြစ် သဘာဝမြေမျက်နှာပြင်နှင့် ပစ္စည်းများထားမည့် နေရာများကိုရွေးချယ် အသုံးပြုရန်၊ ဖောက်ခွဲမှုများကို နေ့အချိန်နာရီများနှင့် သတ်မှတ်ထားသော အချိန်များတွင်သာ ကန့်သတ်လုပ်ဆောင်ရန်၊ ပေါက်ကွဲပစ္စည်းများ အလွန်အကျွံအသုံးပြုခြင်းမဖြစ်စေရန် မှန်ကန်သည့် ပမာဏနှင့် အချိုးများအသုံးပြုရမည်။
  - **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းမှုအစီအစဉ်** ပါအစီအမံများအရ PPE ပစ္စည်း များသင့်လျော်သည့်နည်းလမ်းဖြင့် အသုံးပြုရမည်။ ယာဉ်များ၊ စက်ရုံများနှင့်စက်ကိရိယာများကို ကောင်းမွန်စွာ ထိန်းသိမ်းပြုပြင်ထားရန်နှင့် ဘေးကင်းသည့် ဖောက်ကွဲရေးလမ်းညွှန်ချက်များကို လိုက်နာရမည်။

- **လူနေထူထပ်သော တန်းလျားများနှင့် မသန် ့ရှင်းသည့် လူနေထိုင်မှုအခြေအနေများကြောင့် ကူးစက်ပြန့် ပွားတတ်သည့် ရောဂါများ ဖြစ်နိုင်ခြေများခြင်းကို** အောက်ပါအတိုင်း စီမံပါမည်။

  - **အလုပ်သမားတန်းလျားစီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ တန်းလျားတွင် နေထိုင်သူများအကြား ကူးဆက်ပျံ့ပွားနိုင်သည့်ရောဂါများကာကွယ်နိုင်ရန် အလုပ်သမားတစ်ဦးစီအတွက် လုံလောက်သည့်နေရာအကျယ်၊ လုံလောက်သည့်အိမ်သာနှင့်အဝတ်လျှော်သည့်နေရာ၊ ဘေးကင်းသည့်သောက်ရေးအလုံအလောက်၊ လုံလောက်သည့်စွန့်ပစ်ပစ္စည်းစီမံမှု၊ လုံလောက်သည့် လေဝင်

လေထွက်၊ လုံလောက်သည့်ဆေးဝါးနှင့်ရှေးဦးသူနာပြုပစ္စည်းများနှင့်ဖျားနာနေသော အလုပ်သမားများအတွက် သီးခြားနေရာရှိရမည်။

- **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်** ပါအစီအမံများအရ အလုပ်သမားများသည် အလုပ်လုပ်ရန်သင့်လျော်သည့် ကျန်းမာရေးအခြေအနေရှိစေရန် ဆေးစစ်ရမည်ဖြစ်ပြီး သတ္တုတွင်းကုမ္ပဏီများမှလည်း ရှေးဦးသူနာပြုများနှင့်ရှေးဦးသူနာပြု ကိရိယာပစ္စည်းများ ပံ့ပိုးပေးရမည်။ ရောဂါများကူးဆက်ခြင်းမှ ကာကွယ်ရန် အလုပ်သမားများကို အခြေခံ တစ်ကိုယ်ရည်သန့်ရှင်းမှုသင်တန်းပို့ချပေးရမည်ဖြစ်ပြီး ကူးဆက်မှုထိန်းချုပ်ခြင်းလုင်ငန်းစဉ်များကို ချမှတ်ထားရမည်။

- **အုပ်ချုပ်စီမံခန့်ခွဲမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု၊ အရက်သေစာနှင့် အခြားသောစွဲလန်းစေတတ်သည့် အရာများ သုံးစွဲခြင်းကို** အောက်ပါအတိုင်း စီမံပါမည်။

  - **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်** ပါအစီအမံများအရ အလုပ်သမားများသည် လုပ်ငန်းခွင်တွင် အရက်ယမကာ၊ မူးယစ်ဆေးဝါး သို့မဟုတ် အခြားလူကို စွဲစေသော ပစ္စည်းများ သုံးစွဲနေခြင်း သို့မဟုတ် လက်ဝယ်ကိုင်ဆောင်ထားခြင်း မရှိရ။
  - **လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးများ** ပါအစီအမံများအရ အလုပ်သများသည် မူးယစ်ဆေးဝါး၊ အရက်ယမကာ သို့မဟုတ် အခြားလူကိုစွဲဆေးသည့်ပစ္စည်းများ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ဖြန့်ဝေခြင်း မပြုလုပ်ရ။

၇-၂-၁၁။ လူအဖွဲ့အစည်းများ၊ အသက်မွေးမှုနှင့် လူထုအခြေခံ အဆောက်အအုံများ

သတ္တုတူးဖော်ရေးလုပ်ငန်းများသည် လူများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း ထိခိုက်စေနိုင်ပါသည်။ သတ္တုတွင်းများသည် မြို့များ၊ ကျေးရွာများနှင့်လူတို့အခြေချရာနေရာများနှင့်မည်မျှ ထိစပ်နေသည်ကို မူတည်၍ ထိခိုက်မှုအမျိုးအစားနှင့်တိုက်ရိုက်ခံစားရမည့်ပမာဏကို ဖြစ်ပေါ်စေသည်။ လူတို့ရွှေ့ ပြောင်းဂင်ရောက်မှုကြောင့်လည်း ဒေသခံများ၏ အသက်မွေးဂမ်းကျောင်းပြုမှုကို တိုက်ရိုက် မဟုတ်သော နည်းလည်းဖြင့် သက်ရောက်စေနိုင်ပါသည်။

တိုက်ရိုက်ထိခိုက်မှုများတွင် အောက်ပါတို့ ပါဂင်သည်။

- အစဉ်အလာအရ ရရှိနေသော ရေအရင်းအမြစ်များ ဆုံးရှုံးခြင်း။
- ဆူညံမှု၊ တုန်ခါမှုနှင့် ယာဉ်လမ်းကြောင်းများမှ ဘဂသာယာမှုများ ဆုံးရှုံးခြင်း။
- သမိုင်းဂင်ယဉ်ကျေးမှုအမွေအနှစ်နှင့် သာသနာပိုင်နေရာများသို့ ဂင်ရောက်နိုင်မှု ကန့်သတ်ခံရခြင်း။
- မိုင်းခွဲခြင်းနှင့်မြေကွဲခြင်းတို့ ကြောင့် နေအိမ်များနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း။

- မြေပြိုခြင်းများ သို့မဟုတ် ရေကြီးရေလျှံခြင်းတို့ကြောင့် ပိုင်ဆိုင်မှုများ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း။
- ပြန်လည်နေရာချထားခြင်းမှ ပိုင်ဆိုင်မှုများနှင့်အသက်မွေးဝမ်းကျောင်းမှု ဆုံးရှုံးခြင်း။
- သမိုင်းဝင် ယဉ်ကျေးမှု အမွေအနှစ်နှင့် သာသနာပိုင်နေရာများမှ ထုတ်ပစ်ခြင်း သို့မဟုတ် ပျက်စီးမှုတို့ကြောင့် ကိုယ်ပိုင်ဟန်ယဉ်ကျေးမှုအမွေအနှစ်များ ဆုံးရှုံးခြင်း။

သွယ်ဝိုက်ထိခိုက်မှုများတွင် အောက်ပါတို့ ပါဝင်သည်။

- လူဦးရေတိုးပွားလာမှုကြောင့် အလုပ်များ၊ ကုန်ပစ္စည်းများနှင့် လုပ်ငန်းဆောင်တာများအတွက် ယှဉ်ပြိုင်မှုများပြားလာခြင်း (အပြိုင်အဆိုင်များလာခြင်း) တို့ကြောင့် အသက်မွေးဝမ်းကျောင်း တည်တံ့နိုင်မှုစွမ်းရည်ကျဆင်းလာခြင်း။
- အရက်၊ မူးယစ်ဆေးဝါးနှင့်အခြားသော စွဲလမ်းစေတတ်သောအရာများ သုံးစွဲမှုနှင့်ဆက်စပ်သည့် ကျန်းမာရေး သက်ရောက်မှုများနှင့် လူမှုရေး အကြောင်းအချက်များ။
- မူးယစ်ဆေးဝါးကုန်ကူးခြင်းနှင့် ဆက်စပ်သည့် ရာဇဝတ်မှုများနှင့် အသက်မွေးဝမ်းကျောင်း ရပ်တည်တံ့ နိုင်ခြင်း စွမ်းရည်ကျဆင်းလာခြင်း။
- လုပ်ကွက်များအတွင်းဝင်ရောက်နိုင်ရေးရရှိမှု မညီမျှချက်ကြောင့် အသက်မွေးဝမ်းကျောင်း ရပ်တည်တံ့ နိုင်ခြင်း စွမ်းရည်ကျဆင်းလာခြင်း။
- အကြီးစားသတ္တုတူးဖော်လုပ်ငန်းများကြောင့် လက်လုပ်လက်စားနှင့် အသေးစားသတ္တုတူး ဖော်လုပ်ငန်းများ ရွှေ့ပြောင်းရခြင်း။
- ဒေသတွင်း ကျောက်စိမ်းဈေးကွက်မရှိခြင်းကြောင့် အသက်မွေးဝမ်းကျောင်းတည်တံ့နိုင်ခြင်း စွမ်းရည်ကျဆင်းလာခြင်း။
- လူဦးရေတိုးပွားလာမှုကြောင့် ကျန်းမာရေးနှင့်ပညာရေးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှုနှင့်ရရှိနိုင်မှု။

သတ္တုတူးဖော်ခြင်းကြောင့် ဒေသခံများ၏ အသက်မွေးကျောင်းကို ထိခိုက်နိုင်ဖွယ် ထိခိုက်မှုများကို အောက်ပါအစီအစဉ်များဖြင့် စီမံလျော့ချသွားပါမည်။

- **လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးများ** ပါအစီအမံများအရ သတ္တုတွင်းကုမ္ပဏီများနှင့်၄င်းတို့၏လုပ်သားများသည် အချိန်ပြည့် ဂရုပြုလုပ်ဆောင်ရန်နှင့်ရင့်ကျက်စွာနေထိုင်ရန် လိုအပ်ပြီး EMP ကို လိုက်နာဆောင်ရွက်ရမည်။ အမှိုက်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုပဲ အမှိုက်ပုံး သို့မဟုတ် စီမံထားသောနေရာများတွင် ကောင်းမွန်သေချာစွာစွန့်ပစ်ရမည်။

- **နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်း နည်းစနစ်** ပါအစီအမံများအရ သတ္တုတွင်းကုမ္ပဏီများထံတိုင်ကြားလိုသည်များကို ဆက်သွယ်ပြောဆိုနိုင်ရန် နစ်နာမှုတိုင်ကြားချက်ကိုင်တွယ်ဖြေရှင်းသည့် စနစ်တစ်ခုကို တည်ထောင်သွားရပါမည်။

- **လူထုအထောက်အကူပြုနှင့်ဖွံ့ဖြိုးရေး အစီအစဉ်** ပါအစီအမံများအရ လူမှုတာဝန်သိလုပ်ငန်း (CSR) ရံပုံငွေကို လူမှုဖူလုံရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် တည်ထောင်ရမည်။ ပြည်သူလူထုနှင့်တွေ့ခဲ့ရာ သူတို့၏အဓိက စိုးရိမ်မှုမှာ ဒေသရှိလူများ၏ပြဿနာများကို ဖြေရှင်းပေးရန် ထိုရံပုံငွေထားရှိရန် တောင်းဆိုခဲ့ပါသည်။ ဒေသရှိလူများသည် ၎င်းတို့၏ ပြဿနာများနှင့်စိုးရိမ်မှု နစ်နာမှုများကို တိုင်ကြားနိုင်ရန် လူထုအခြေပြုအဖွဲ့များ ဖွဲ့စည်းထားရန်လိုအပ်ပါသည်။

- **မြေအသုံးချမှု စီမံခန့်ခွဲခြင်း အစီအစဉ်** ပါအစီအမံများအရ ပြန်လည်နေရာချထားပေးရေးကို ရှောင်ရှားရန်နှင့်အရင်းအမြစ်မရနိုင်သောနေရာ (ရေချိုရရှိနိုင်မှု)များမှ ရှောင်ရှားရမည်။ ပြန်လည်နေရာချထားပေးရေးနှင့်လျော်ကြေးပေးသည့်လုပ်ငန်းစဉ်များအတွက် ဆန်းစစ်ခြင်းအပါအဝင် ပြန်လည်နေရာချထားပေးရေး/တားမြစ်အရင်းအမြစ်မှ ရှောင်ရှားရန်နှင့် လျော်ကြေးပေးရေး လမ်းညွှန်ချက်များ တင်ပြရမည်။

- **သတ္တုတွင်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ နောက်ဆုံးမြေအသုံးချမှုနှင့် သတ္တုတွင်းပိတ်သိမ်းခြင်းအစီအစဉ်များကို ဒေသခံများနှင့်တိုင်ပင်ပြီး အကြံပေးချက်များရယူ၍ သဘောတူညီချက်ရယူရမည်။

- **သတ္တုတွင်းနှင့်မြေစာပုံစီမံခန့်ခွဲမှုအစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းနှင့်မြေစာပုံများကို မည်သို့စီမံတူးဖော် ဘေးကင်းစွာ တည်ဆောက်ထားရှိမည့် အစီအမံများပါသည့် သတ္တုတွင်း အစီအစဉ်ကို ရေးဆွဲရမည်။ ဤသို့ဖြင့် သတ္တုတူးဖော်ခြင်းကြောင့် ထိခိုက်သွားသော နေရာများမှ တိုက်စားခြင်းနှင့်မြစ်အောက်ပိုင်းရေလမ်းကြောင်းများအတွင်းသို့အနည်ကျခြင်းမှ လျော့ချခြင်း သို့မဟုတ် ရှောင်ရှားခြင်းများ ပြုလုပ်နိုင်သည်။

- **ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲမှုအစီအစဉ်** ဆူညံသည့်လုပ်ငန်းများကို နေ့အချိန် တွင်သာလုပ်ဆောင်ရန်၊ ဆူညံသံကြားခံနယ်အဖြစ် သဘာဝမြေမျက်နှာပြင်နှင့် ပစ္စည်းများထားမည့် နေရာများကိုရွေးချယ် အသုံးပြုရန်၊ ဖောက်ခွဲမှုများကို နေ့အချိန်နာရီများနှင့် သတ်မှတ်ထားသော အချိန်များတွင်သာ ကန့်သတ်လုပ်ဆောင်ရန်၊ ပေါက်ကွဲပစ္စည်းများ အလွန်အကျွံအသုံးပြုခြင်းမဖြစ်စေရန် မှန်ကန်သည့် ပမာဏ နှင့် အချိုးများအသုံးပြုရမည်။

- **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်** ပါအစီအမံများအရ ဖောက်ခွဲရေးလုပ်ငန်းများကို သင်တန်းတက်ထားပြီး အတွေ့အကြုံရှိသော သူများမှ လုပ်ဆောင်ရန်၊ ဖောက်ခွဲသည့်နေရာများတွင် ဘေးကင်းသည့်ဇုန် အကျယ်အဝန်းကို လုံလောက်စွာ သတ်မှတ်ထားပေးရမည်။ အလွန်အမင်းဖောက်ကွဲမှုမှ ရှောင်ရှားရန် မှန်ကန်သည် ဖောက်ခွဲရေးပစ္စည်းနှင့်အချိုးတို့ကို အသုံးပြုရမည်။

- **ရေ စီမံခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းမတူးဖော်မီ ဒေသခံများအသုံးပြုသည့် ရေအရင်းအမြစ်များကို ဖော်ထုတ်၍ နားလည်အောင်ဆောင်ရွက်ရန် လိုအပ်သည်။ ထိုနောက် သတ္တုတူးဖော်မှု ဆိုင်ရာလုပ်ငန်းစဉ်များကြောင့် ထိခိုက်ပျက်စီးသွားသော ရွာရေ အရင်းအမြစ်များကို အစားထိုးရေ အရင်းအမြစ် ပံ့ပိုးပေးရမည်။

၇-၂-၁၂။ ယဉ်ကျေးမှု အမွေအနှစ်များ

သတ္တုတူးဖော်ခြင်းလုပ်ငန်းစဉ်များသည် ရှေ့ဟောင်းအဆောက်အအုံများ၊ ၎င်းတို့တည်ရှိရာနေရာများ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ ရှေ့ဟောင်းပစ္စည်းများနှင့်ဘာသာရေးဆိုင်ရာနေရာများ ပျက်စီးဆုံးရှုံးခြင်း သို့မဟုတ် ဖျက်စီးခံရခြင်း ဖြစ်စေပါသည်။ ယမ်းဖောက်ခွဲခြင်းကြောင့် ဘုရားစေတီနှင့်အခြား ဘာသာရေး အဆောက်အုံများ ပျက်စီးစေပါသည်။ သတ္တုတူးဖော်ခြင်းသည် လူ့အဖွဲ့အစည်းများ ယဉ်ကျေးမှုအမွေအနှစ်နှင့်ဘာသာရေးနေရာများသို့ ဝင်ရောက်ခြင်းမှ အတားအဆီးများဖြစ်စေပြီး ထိုနေရာများ၏ သာယာကောင်းမွန်မှုများကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည်။ အလုပ်သမားများသည် တူးဖော်မှုများပြုလုပ်ချိန်တွင် ဒေသခံများနှင့် မြန်မာနိုင်ငံ၏အမွေအနှစ်သမိုင်းများကို မသိရှိလျှင် ရှေးဟောင်းလက်ရာပစ္စည်းများ ဆုံးရှုံးသွားနိုင်ပါသည်။

တိုက်ရိုက်ထိခိုက်မှုများတွင် အောက်ပါတို့ပါဝင်သည်။

- ယဉ်ကျေးမှုအမွေအနှစ်၊ ဘာသာရေးဆိုင်ရာနေရာများနှင့်၎င်းတို့၏တန်ဖိုးများဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီး ခြင်း။
- ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းလက်ရာပစ္စည်းများနှင့်ရှေးဟောင်းသုတေသနဆိုင်ရာပစ္စည်းများ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း။
- လူ့အဖွဲ့အစည်းများ၏ ယဉ်ကျေးမှုအမွေအနှစ်များ ဆုံးရှုံးခြင်း သို့မဟုတ် ယုတ်လျော့ခြင်း။

သွယ်ဝိုက်ထိခိုက်မှုများတွင် အောက်ပါတို့ ပါဝင်သည်။

- ယဉ်ကျေးမှုအမွေအနှစ်နှင့်ဘာသာရေးအဆောက်အအုံနေရာများသို့ ဝင်ရောက်ခွင့် ငြင်းပယ်ခံရခြင်း သို့ တားမြစ်ခြင်း။

သတ္တုတူးဖော်မှုနှင့်သက်ဆိုင်နေသော ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာနေရာများသို့ ဖြစ်နိုင်ဖွယ် ဝင်ရောက်ဖွင့်တားမြစ်ခြင်း သို့မဟုတ် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းများကို အောက်ပါအတိုင်း စီမံလျော့ချသွားပါမည်။

- **လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးများ** ပါအစီအမံများအရ သတ္တုကုမ္ပဏီများနှင့်ဌင်းတို့၏အလုပ်သမားများသည် ယဉ်ကျေးမှုအမွေအနှစ်နှင့်ဘာသာရေးအဆောက်အအုံနေရာများ ထိခိုက်မှုမှ ကာကွယ်ရန်နှင့်ရှိသေလေးစားရန်လိုအပ်သည်။
- **နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်း နည်းစနစ်** ပါအစီအမံများအရ သတ္တုတွင်းကုမ္ပဏီများထံတိုင်ကြားလိုသည်များကို ဆက်သွယ်ပြောဆိုနိုင်ရန် နစ်နာမှုတိုင်ကြားချက်ကိုင်တွယ်ဖြေရှင်းသည့် စနစ်တစ်ခုကို တည်ထောင်သွားရပါမည်။
- **လူထုအထောက်အကူပြုနှင့်ဖွံ့ဖြိုးရေး အစီအစဉ်** ပါအစီအမံများအရ လူမှုတာဝန်သိလုပ်ငန်း (CSR) ရံပုံငွေကို လူမှုဖူလုံရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် တည်ထောင်ရမည်။ ပြည်သူလူထုနှင့်တွေ့ခဲ့ရာ သူတို့၏အဓိက စိုးရိမ်မှုမှာ ဒေသရှိလူများ၏ပြဿနာများကို ဖြေရှင်းပေးရန် ထိုရံပုံငွေထားရှိရန် တောင်းဆိုခဲ့ပါသည်။ ဒေသရှိလူများသည် ၎င်းတို့၏ ပြဿနာများနှင့်စိုးရိမ်မှု နစ်နာမှုများကို တိုင်ကြားနိုင်ရန် လူထုအခြေပြုအဖွဲ့များ ဖွဲ့စည်းထားရန်လိုအပ်ပါသည်။
- **ယဉ်ကျေးမှုအမွေအနှစ် စိမ်ခန့်ခွဲမှု အစီအစဉ်** ပါအစီအမံများအရ သတ္တုတွင်းအနီးရှိသော်လည်းကောင်း သတ္တုတွင်းအတွင်းတွင်လည်းကောင်း မှတ်ပုံတင်ထားသော ယဉ်ကျေးမှုအမွေအနှစ်နေရာများ၊ ယဉ်ကျေးမှုအမွေအနှစ်နေရာများကာကွယ်ပေးရန်နှင့်တည်နေရာများသိရှိရန် သင်တန်းပေးရမည်။ အလုပ်ခွင်နေရာအနီးရှိ အသိအမှတ်ပြုထားသော ယဉ်ကျေးမှုနေရာများကို သတ္တုတွင်းလုပ်ငန်းများလုပ်ဆောင်ခြင်းမှ ဖြစ်နိုင်သည့်နေရာများတွင် ချန်ထားရမည်။ ယဉ်ကျေးမှုနေရာများရှောင်ရှားရန် မဖြစ်နိုင်ပါက ကံ့အားလျော်စွာတွေ့ရှိမှုများတွက် စိမ်ခန့်ခွဲမည့်လမ်းညွှန်ချက်များပါသည့် အစီအစဉ်များကို လိုက်နာရမည်။

၇-၃ ။ စိမ်ခန့်ခွဲမှုအစီအမံများ

ဖားကန့်/လုံးခင်းရတနာနယ်မြေအတွင်း ကျောက်စိမ်းတူးဖော်ခြင်းနှင့်ရွှေကျင်ခြင်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်သော ထိခိုက်မှုများကို သက်သာလျော့ချစေရန် အစီအမံနှင့်လုပ်ထုံးလုပ်နည်းများပါသော စိမ်ခန့်ခွဲမှုအစီအစဉ်များကို ဤအပိုင်းတွင် စာရင်းပြုစုထည့်သွင်း ထားပါသည်။ အစီအစဉ်နှင့်လုပ်ထုံးလုပ်နည်းများတွင် စည်းမျဉ်းဥပဒေများနှင့်နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းကောင်းများ၊ နိုင်ငံတကာစံနှုန်းများနှင့်လမ်းညွှန်ချက်များနှင့်ဆက်စပ်သက်ဆိုင်သော အစီအစဉ်များ ပါဝင်ပါသည်။ လုပ်ငန်းဆောင်ရွက်မှု သတ်မှတ်ချက်များ၊ စစ်ဆေးခြင်းနှင့်စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ လုပ်ဆောင်ချက်များကို အစီအစဉ် တစ်ခုစီတွင် ထည့်သွင်းထားပါသည်။

အစီအစဉ်များတွင် သင့်လျော်သည့်နေရာများတွင် အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သည့် စိမ်ခန့်ခွဲမှုအစီအမံနှင့်လုပ်ထုံးလုပ်နည်းများ ထည့်သွင်းထားပါသည်။

- သတ္တုမတူးဖော်မီ - သတ္တုတူးဖော်ခြင်းလုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင်နှင့်လူမှုရေး စီမံခန့်ခွဲမှု အစီအစဉ်များ ကောင်းမွန်စွာ ရေးဆွဲရမည်။

- သတ္တုတူးဖော်နေစဉ် - သတ္တုတူးဖော်ခြင်းလုပ်ငန်းများသည် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုများကို ရှောင်ရှားခြင်း၊ အနည်းဆုံးဖြစ်စေရန်ဆောင်ရွက်ခြင်း၊ လျော့ချခြင်း၊ အစားထိုးပေးလျော်ခြင်း စသည်တို့ ပြုလုပ်ရမည်။

- သတ္တုတူးဖော်ပြီးနောက် - သတ္တုတွင်းနေရာများကို ကောင်းမွန်စွာပြန်လည်ထူထောင်ခြင်း၊ ပြင်ဆင်ပြီးသော မြေပြင်သည် ဒေသခံအဖွဲ့အစည်းများ ပြန်လည်အသုံးပြုနိုင်သည့် အနေအထားရောက်အောင် ပြုပြင်ထားရှိပေးရမည်။

ဇယား (၇-၁) တွင် အကြီးစားသတ္တုတူးဖော်ခြင်းလုပ်ငန်း အဆင့်အားလုံးအတွက် အကောင်အထည်ဖော်ရမည့် သက်ဆိုင်သည့် စီမံခန့်ခွဲမှုအစီအစဉ်နှင့်လုပ်ထုံးလုပ်နည်းများ ထည့်သွင်းထားပါသည်။ အဆင့်များမှာ - သတ္တုမတူးဖော်မီ ၊ သတ္တုတူးဖော်နေစဉ် ၊ သတ္တုတူးဖော်ပြီးနောက် တို့ဖြစ်ပါသည်။


ဇယား ၇-၆ တွင် အကောင်အထည်ဖော်ဆောင်ရမည့် စီမံခန့်ခွဲမှုအစီအစဉ်နှင့်လုပ်ထုံးလုပ်နည်းများ၊ ထို အစီအစဉ်နှင့်လုပ်ထုံးလုပ်နည်းများအရ သီးသန့်လုပ်ဆောင်ရမည့် အစီအစဉ်များ သို့မဟုတ် မှတ်တမ်းများ ပြင်ဆင်ထိန်းသိမ်းရမည်များကို ယခု EMP ၏ စာမျက်နှာနံပါတ်များဖြင့် စာရင်းပြုစု ထည့်သွင်းထားပါသည်။

ဇယား (၇-၆) စီမံခန့်ခွဲမှု အစီအစဉ်များနှင့်လုပ်ထုံးလုပ်နည်းများ

စီမံခန့်ခွဲမှု အစီအစဉ် သို့မဟုတ် လုပ်ထုံးလုပ်နည်းများ (အကွာရာ အစဉ်လိုက်)	သီးသန့် အစီအစဉ် သို့မဟုတ် အကောင်အထည်ဖော်ရန် မှတ်တမ်းတင်ထားသော အစီအစဉ်	အစီအစဉ်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ၏ စာမျက်နှာနံပါတ်များ
လေအရည်အသွေးနှင့်ဖုန် စီမံခန့်ခွဲမှု အစီအစဉ်	မရှိ	နောက်ဆက်တွဲ (၁)
ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်	စီးပွားရေးနှင့်ဇီဝမျိုးစုံမျိုးမျှခြေ အစီအစဉ်	နောက်ဆက်တွဲ (၁)
ဓာတုပစ္စည်းနှင့်အန္တရာယ်ရှိသောပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်	ဓာတုပစ္စည်းနှင့်အန္တရာယ်ရှိသောပစ္စည်းများ စာရင်း။	နောက်ဆက်တွဲ (၁)
လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးများ တွင် ပတ်ဝန်းကျင်နှင့်ဒေသခံ လူ့အဖွဲ့အစည်းအပါအဝင် သတ္တုတွင်းကုမ္ပဏီများနှင့်အလုပ်သမားများ လုပ်ဆောင်ရမည့် တာဝန်များ နှင့်အပြုအမူများကို သတ်မှတ်ပေးပါသည်။	မရှိ	နောက်ဆက်တွဲ (၁)
အများပြည်သူကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေး စီမံခန့်ခွဲမှု အစီအစဉ်	မရှိ	နောက်ဆက်တွဲ (၁)

စီမံခန့်ခွဲမှု အစီအစဉ် သို့မဟုတ် လုပ်ထုံးလုပ်နည်းများ (အကွာရာ အစဉ်လိုက်)	သီးသန့် အစီအစဉ် သို့မဟုတ် အကောင်အထည်ဖော်ရန် မှတ်တမ်းတင်ထားသော အစီအစဉ်	အစီအစဉ်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ၏ စာမျက်နှာနံပါတ်များ
နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်း နည်းစနစ်	တိုင်ကြားချက်များကို စာရင်းသွင်းခြင်း	နောက်ဆက်တွဲ (၁)
လူထုအထောက်အကူပြုနှင့်ဖွံ့ဖြိုးရေး အစီအစဉ်	လူထုအကျိုးပြု အစီအစဉ်	အခန်း (၁၅)
ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုအစီအစဉ်	ယဉ်ကျေးမှုအမွေအနှစ်နေရာများ စာရင်းပြုစုထားရန်	နောက်ဆက်တွဲ (၁)
အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုအစီအစဉ်	မရှိ	အခန်း (၈)
တိုက်စားခြင်းနှင့်အနည်ကျခြင်း ထိမ်းချုပ်မှု အစီအစဉ်	မြေပေါ်ရေ စီမံခန့်ခွဲမှု အစီအစဉ်	နောက်ဆက်တွဲ (၁)
ဖြစ်ရပ်များအစီရင်ခံခြင်း လုပ်ထုံးလုပ်နည်း	ဖြစ်ရပ်များအစီရင်ခံစာများ မှတ်တမ်း	နောက်ဆက်တွဲ (၁)
မြေနေရာအသုံးချခွင့် စီမံခန့်ခွဲမှု အစီအစဉ် (ပြန်လည်နေရာချထားပေးရေးနှင့် လျော်ကြေးပေးခြင်းအပါအဝင်)	မြေနေရာအသုံးချခွင့်နှင့်လျော်ကြေးမှတ်တမ်း	နောက်ဆက်တွဲ (၁)
သတ္တုတွင်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှုအစီအစဉ်	သတ္တုတွင်းပိတ်သိမ်းခြင်းအစီအစဉ်	အခန်း (၁၆)
သတ္တုတွင်းနှင့်မြေစာပုံ စီမံခန့်ခွဲမှု အစီအစဉ်	သတ္တုတွင်း အစီအစဉ်	နောက်ဆက်တွဲ (၁)
ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲခြင်း အစီအစဉ်	မရှိ	နောက်ဆက်တွဲ (၁)
အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်	အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများစာရင်း	နောက်ဆက်တွဲ (၁)
လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်	အလုပ်သမားများ သင်တန်းပို့ချမှုနှင့် ဇသည်များ ဝင်ရောက်မှုမှတ်တမ်း၊ အလုပ်သမားများတိုင်ကြားချက်မှတ်တမ်း၊ အလုပ်သမားများ၏ အသက်နှင့်ကျန်းမာရေး ထောက်ခံချက်လက်မှတ် မှတ်တမ်း၊ ဖောက်ကွဲရေးပစ္စည်းများနှင့်ကိုင်ဆောင်အသုံးပြုသော စနက်တံ မှတ်တမ်း။	နောက်ဆက်တွဲ (၁)
ပြန်လည်ထူထောင်ရေးစီမံခန့်ခွဲမှု အစီအစဉ်	မရှိ	နောက်ဆက်တွဲ (၁)
ရေ စီမံခန့်ခွဲမှု အစီအစဉ်	မရှိ	နောက်ဆက်တွဲ (၁)
အလုပ်သမားတန်းလျားစီမံခန့်ခွဲမှု အစီအစဉ်	မရှိ	နောက်ဆက်တွဲ (၁)

ဇယား (၇-၁) ။ စီမံခန့်ခွဲမှုအစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများ အသုံးပြုပုံပြဇယား



AI Reference: 00015A_EMP01_GRA007.ai_1

VALENTIS / coffey A TETRA TECH COMPANY	Project: 754-DRWEN00015AA File Name: 00015_EMP01_F04.01_GRA Date: 28.07.2017	MGJEA Hpakant/Lonkin Gems Tract EMP	Application of management plans and procedures	Figure Mo. 4.1

၈။ အရေးပေါ်အစီအစဉ်

ကျောက်စိမ်းတူးဖော်ခြင်းကြောင့် အလုပ်သမားများနှင့်လူ့အဖွဲ့အစည်းများသည် တည်ငြိမ်မှုမရှိသော သတ္တုတွင်းနှင့်မြေစာပုံများ၊ ယမ်းခွဲခြင်း၊ မြေတူးစက်များ၊ မြေသယ်ယာဉ်များ၊ လောင်စာဆီနှင့်အန္တရာယ်ရှိသော ပစ္စည်းများ ဖိတ်စင်ခြင်း စသည်တို့မှ ဖြစ်ပေါ်သောအန္တရာယ်များနှင့်ရင်ဆိုင်ကြရသည်။ အရေးပေါ်အခြေအနေ ကြီးတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှု အစီအစဉ်သည် သတ္တုတွင်းကုမ္ပဏီများ မည်သို့ အစီအစဉ်ရေးဆွဲပြီး တုံ့ပြန်ရမည်ဟူသည့် အချက်များကို သတ်မှတ်ပေးထားပါသည်။

၁။ ရည်ရွယ်ချက်

သတ္တုတူးဖော်ခြင်းလုပ်ငန်းများကြောင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ သဘာဝဘေးအန္တရာယ်များမှ တဆင့် အရေးပေါ်အခြေအနေများဖြစ်ပွားနိုင်ပါသည်။ သတ္တုတူးဖော်နေစဉ် ဖြစ်ပွားသော အရေးပေါ်အခြေအနေများသည် သမာရိုးကျအားဖြင့် ကိရိယာများနှင့်စက်ပစ္စည်းများချို့ယွင်းမှု၊ ယာဉ်တိုက်မှု သို့မဟုတ် ယာဉ်တိမ်းမှောက်မှု၊ မထိန်းချုပ်နိုင်သောပေါက်ကွဲမှု သို့မဟုတ် ဖောက်ခွဲမှုနှင့် အန္တရာယ်ဖြစ်စေသော ပစ္စည်းများဖိတ်စဉ်မှုတို့နှင့် ဆက်စပ်လျက်ရှိသည်။ အရေးပေါ်အခြေအနေများသည် လူကြောင့် သာဖြစ်ရသည်ဟု တပ်အပ်မဆိုနိုင်ဘဲ ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်များကြောင့်လည်း ဖြစ်နိုင်ပေသည်။

ဤအရေးပေါ်အခြေအနေအမျိုးအစားများတွင် အများအားဖြင့် မြေပြိုခြင်း၊ ရေကြီးရေလျှံခြင်းနှင့် မီးလောင်ခြင်းတို့ပါဝင်သည်။ မည်သည့်အကြောင်းတရားကြောင့်ဖြစ်စေကာမူ အရေးပေါ်အခြေအနေများသည် လူသားတို့အား ဒဏ်ရာရစေခြင်း သို့မဟုတ် ထိခိုက်နာကျင်စေခြင်း သို့မဟုတ် အိုးအိမ်စည်းစိမ်များ ပျက်စီးစေခြင်း သို့မဟုတ် ဆုံးရှုံးစေခြင်းနှင့်/ သို့မဟုတ် ပတ်ဝန်းကျင်ကို ပျက်စီးစေခြင်းတို့ ဖြစ်စေနိုင်သည်။ အရေးပေါ်အခြေအနေများကို အချိန်မှီ လုံလောက်စွာတုံ့ပြန်ခြင်းသည် အခြေအနေကို ထိန်းချုပ်ရန်နှင့် လူများ၏ အိုးအိမ်စည်းစိမ်နှင့် ပတ်ဝန်းကျင်တို့ကို ထိခိုက်မှုနည်းပါးစေရန်မှာ အလွန်အရေးကြီးသည်။ ဖြစ်ပေါ်လာနိုင်သော အရေးပေါ်အခြေအနေတိုင်းကိုဖြေရှင်းရန် သတ္တုတွင်းကုမ္ပဏီများနှင့် ၎င်းတို့ အလုပ်သမား များကကောင်းစွာပြင်ဆင်ထားကြရမည်။

အရေးပေါ်အခြေအနေကြိုတင် ပြင်ဆင်မှုများနှင့် တုံ့ပြန်မှုအစီအစဉ်တွင် အကြီးစား ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများအတွက် အရေးပေါ်အခြေအနေ တုံ့ပြန်ပုံနည်းလမ်းများအား ဖော်ပြထားပါသည်။ ယခုအစီအစဉ်သည် လုံးခင်း/ဖားကန့် EMP ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကာ အခြားကဏ္ဍများနှင့် တွဲ၍ဖတ်ရှုရပါမည်။

၂။ ရည်မှန်းချက်

- အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှု အစီအစဉ်၏ ရည်မှန်းချက်များမှ အလုပ်သမားများ၊ ဧည့်သည်များနှင့် အများပြည်သူ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို ကာကွယ်စောင့်ရှောက်ရန်

- ပတ်ဝန်းကျင်အား ပြင်းထန်သော ဆိုးကျိုးသက်ရောက်မှုများမှ ကာကွယ်စောင့်ရှောက်ရန်
- အရေးပေါ်အခြေအနေတစ်ရပ်၏ ပြင်းထန်သော အကျိုးဆက်များ နည်းနိုင်သမျှ နည်းစေဖို့ ရည်ရွယ်ကာ အချိန်မီထိရောက်စွာ ပူးပေါင်းတုံ့ပြန်မှု လုပ်ဆောင်ချက်များ ချမှတ်ထားရန်

၃။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

Affected party - သတ္တုတွင်း တူးဖော်ခြင်းလုပ်ငန်းများကြောင့် ထိခိုက်ခံရသော တစ်စုံတစ်ဦး (သို့မဟုတ်) လူများ (သို့မဟုတ်) အဖွဲ့အစည်း။

Boom - ဖိတ်စဉ်မှု့ ထိန်းချုပ်ရန် အဆီးအတား။

Band - သိုလှောင်ထားသော အရည်များအားလုံးကို ထိန်းချုပ်နိုင်သည့် စွမ်းရည်ရှိသောနံရံတစ်ခု သို့မဟုတ် ထည့်စရာတစ်ခု ပါဝင်သော ဒုတိယအဆင့် ထိန်းချုပ်သည့်စနစ်ကိုဆိုလိုသည်။ ရေနှင့်အခြား အရည်များကို ထိန်းထားသော (ဖိတ်စဉ်သည့်ဖြစ်စဉ်တွင်) တံမံတစ်ခုအဖြစ် ဖွဲ့စည်းထားသော ကျောက်တန်း သို့မဟုတ် မြေသား။

Community - သာမန်အားဖြင့် ကိုယ်ပိုင်စရိုက်လက္ခဏာနှင့် ရည်မှန်းချက်များတူညီ၍ အချင်းချင်း အမှီသဟဲပြုနေကြသာ လူအစုတစ်စု။

Emergency - လူများ၏ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး သို့မဟုတ် အကျိုးစီးပွားကို ကာကွယ်ရန် သို့မဟုတ် ပတ်ဝန်းကျင်နှင့် အိုးအိမ်စည်းစိမ်များကို ထိခိုက်မှု့ကန့်သတ်ရန် သို့မဟုတ် အထူးဖွဲ့စည်းထားသော လူပုဂ္ဂိုလ်များ သို့မဟုတ် ပစ္စည်းများဖြင့် ချက်ချင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေသည့် လက်ရှိဖြစ်ပျက်နေသော သို့မဟုတ် ဖြစ်ပျက်အံ့ဆဲဆဲ ဖြစ်စဉ်တစ်ခုကိုဆိုလိုသည်။

Hazardous material - ပတ်ဝန်းကျင်သို့ ထုတ်လွှင့်လိုက်လျှင် အန္တရာယ်များဖြစ်စေရန် အလားအလာရှိသော ထုတ်ကုန်တစ်ခု သို့မဟုတ် ထုတ်ကုန်တစ်ခု။

Incident - ပတ်ဝန်းကျင်၊ လူထုဘေးအန္တရာယ် ကင်းရှင်းမှု၊ ကျန်းမာရေးနှင့်အသက်မွေးမှု့တို့အပေါ်မလိုလားအပ်သော သို့မဟုတ် မရည်ရွယ်ထားသော ထိခိုက်မှုတစ်ခုနှင့် သို့မဟုတ် အိုးအိမ်စည်းစိမ် အပေါ်နှင့်/သို့မဟုတ် ဥပဒေ/စည်းမျဉ်း လိုက်နာကိုက်ညီမှု့အပေါ်ထိခိုက်မှုတစ်ခုအဖြစ် သက်ရောက်စေသော ဖြစ်ရပ်/သို့မဟုတ် ဖြစ်စဉ်ကိုဆိုလိုသည်။

Material Safety Data Sheet (MSDS) – အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် အန္တရာယ်ရှိသော ကုန်ပစ္စည်းများအဖြစ် အမျိုးအစားသတ်မှတ်ထားသော ထုတ်ကုန်များ၊ ပစ္စည်းများ သို့မဟုတ် ဓာတုပစ္စည်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အချက်အလက်များရရှိနိုင်သည့် မှတ်တမ်းတစ်ခု။

Natural hazard - လူနှင့် အိုးအိမ်စည်းစိမ် သို့မဟုတ် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်စေသည့် သဘာဝအလျောက်ဖြစ်ပေါ်သော ဖြစ်ရပ်ကိုဆိုလိုသည်။ သဘာဝဘေးအန္တရာယ်များတွင် မြေငလျင်များ။ မြေပြိုမှု့များ၊ မုန်တိုင်းများ၊ ရေကြီးရေလျှံမှုများနှင့် မီးလောင်ခြင်းတို့ပါဝင်သည်။

PPE - လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဝတ်ဆင်သုံးစွဲရသော အထူး ထုတ်လုပ်ထားသည့် အဝတ်အစားများနှင့် ကိရိယာများ။ အနိမ့်ဆုံးအဆင့် PPE တွင် ဘောင်းဘီရှည်များ၊ ဘွတ် ဖိနပ်များ၊ လက်အိပ်များနှင့် လိုအပ်ပါက မျက်နှာစည်းများ ပါဝင်လေ့ရှိသည်။

Spill kit - မတော်တဆ ဖိတ်စဉ်မှု့များကို ထိန်းချုပ်ရန် အသုံးပြုသောစုပ်ယူနိုင်စွမ်းရှိသည့်ပစ္စည်းများ၊ သန့်ရှင်းရေးကိရိယာများနှင့်ခါတ်ပြယ်စေသောပစ္စည်းများ တပေါင်းတစည်း ထည့်ထားသောအသင့်သုံးသေတ္တာ။

၄။ ဆက်စပ် အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ။

အရေးပေါ်အခြေအနေ ပြင်ဆင်မှုနှင့် တုံ့ပြန်မှု့အစီအစဉ်အတွက် အောက်ပါအစီအစဉ်များတွင် ပါဝင်သော အစီအမံများ အကောင်အထည်ဖော်ရမည်။

- ဖြစ်ရပ်များအစီရင်ခံခြင်း လုပ်ထုံးလုပ်နည်း
- အန္တရာယ် ဖြစ်စေနိုင်သော ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်
- သတ္တုတွင်းနှင့် စွန့်ပစ်ကျောက်/ မြေစာပုံ စီမံခန့်ခွဲမှု အစီအစဉ်
- လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်
- ပြန်လည်တည်ထောင်ရေး စီမံခန့်ခွဲမှု့အစီအစဉ်

၅။ ပတ်သက်နေသော ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

ယခုကဏ္ဍတွင် အရေးပေါ်အခြေအနေတုံ့ပြန်မှုနှင့်ပတ်သက်နေသော ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန် ချက်များနှင့် စံနှုန်းများကို ယခုကဏ္ဍတွင် စုစည်းပေးထားပါသည်။

၅.၁။ ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ လမ်းညွှန်ချက်များ၊

ကောင်းစွာ စီမံထားရမည့် အရေးပေါ်အခြေအနေများအတွက် လိုအပ်သော ဥပဒေများမှာ -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၏ပြဋ္ဌာန်းချက်အရ -

- ပုဒ်မ ၂၁ (က) အရ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုစသည့် အခွင့်အရေးများ ခံစားခွင့်ရှိသည်။

- ပုဒ်မ ၃၄ အရ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့ နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ် စွာယူဆနိုင်သောအခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ် တည်ဆောက်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိစေရမည်။

Indian Explosives Act (1884) အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၅ တွင် ပေါက်ကွဲစေတက်သော ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ကိုင်ဆောင်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့်တင်ပို့ခြင်းများအတွက် လိုင်စင်ရယူရမည်ဟု ထည့်သွင်းထားပါသည်။

- ပုဒ်မ ၇ (က) သည် ပေါက်ကွဲစေတက်သော ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ကိုင်ဆောင်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့်တင်ပို့ခြင်းများအတွက် လိုင်စင်သတ်မှတ်မညီညွတ်ဟု ယူဆပါက အစိုးရ သို့မဟုတ် ဒေသခံအုပ်ချုပ်ရေးမှူးများမှ မည်သည့်နေရာမဆို ဝင်ရောက်စစ်ဆေး စမ်းသပ်ပိုင်ခွင့်ကို အပ်နှင်းထားပါသည်။

Explosive Substance Act (1908) အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၃ တွင် လူအများအန္တရာယ်ဖြစ်နိုင်သည့် ပေါက်ကွဲစေသောပစ္စည်းများကို ရန်လိုမှု သို့မဟုတ် တရားမဝင် အသုံးပြုခြင်းမှ တားမြစ်ထားပြီး ထိုကဲ့သို့ အပြုအမူများအတွက် ပြစ်ဒဏ်များဖော်ပြထားပါသည်။

- ပုဒ်မ ၄ တွင် လူအများအန္တရာယ်ဖြစ်နိုင်သည့် ပေါက်ကွဲစေသောပစ္စည်းများကို ရည်ရွယ်ချက်ဖြင့် ရန်လိုမှု သို့မဟုတ် တရားမဝင် အသုံးပြုခြင်းမှ တားမြစ်ထားပြီး ထိုကဲ့သို့ အပြုအမူများအတွက် ပြစ်ဒဏ်များဖော်ပြထားပါသည်။

- ပုဒ်မ ၅ တွင် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှ သံသယရှိဖွယ် လုပ်ဆောင်မှုများအတွက် ပေါက်ကွဲစေနိုင်သောပစ္စည်းများ လက်ဝဲထားရှိခြင်းမှ တားမြစ်ထားပြီး ထိုကဲ့သို့အပြုအမူများအတွက် ပြစ်ဒဏ်များ ဖော်ပြထားပါသည်။

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (၂၀၁၇) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၉ အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

  (က) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများကို လိုင်စင်ထုတ်ပေးခြင်း၊

  (ခ) ပုဒ်မခွဲ (က) ပါ လိုင်စင်များအတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လိုင်စင်လျှောက်ထားပုံ နည်းလမ်းများ၊ ခွင့်ပြုမည့် အာဏာပိုင်နှင့် စည်းကြပ်ရမည့် အခကြေးငွေများကို သတ်မှတ်ခြင်း၊

  (ဂ) ရေကြောင်းမှတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်းဆောင်ရွက်သည့် ရေယာဉ်နှင့် တွဲများအတွက် ဆိပ်ကမ်းများ သတ်မှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ခြင်း၊

  (ဃ) ရေနံနှင့်ရေနံထွက်ပစ္စည်းများကို ရေကြောင်းမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ ဆောင်ရွက်ရာတွင် ယိုဖိတ်မှုနှင့် မတော်တဆမှု ဖြစ်ပွားပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

  (င) ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်းမှအပ ဖြစ်သည့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း။

- ပုဒ်မ ၁၀ အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်။

  (က) သိုလှောင်ကန်နှင့် သိုလှောင်ရုံများအတွင် သိုလှောင်ခွင့် လိုင်စင်ထုတ်ပေးခြင်း၊

  (ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများအတွက် သယ်ယူခွင့်ပြုမိန့်ကို ထုတ်ပေးခြင်း၊

  (ဂ) ပုဒ်မခွဲ (က) ပါလိုင်စင်နှင့် ပုဒ်မခွဲ (ခ) ပါခွင့်ပြုမိန့်တို့အတွက် လျှောက်ထားရန် ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လျှောက်ထားပုံနည်းလမ်းများ၊ ခွင့်ပြုမိန့်အာဏာပိုင်နှင့် စည်းကြပ်ရမည့် အခကြေးငွေများကို သတ်မှတ်ခြင်း၊

(c) သိုလှောင်ကန်နှင့် သိုလှောင်ရုံများ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်တွဲများရှိ သိုလှောင်ကန်များ၏ စံချိန်စံညွှန်း အရည်အသွေးနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းသတ်မှတ်ခြင်း။

- ပုဒ်မ ၁၁ အရ ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုး ပါရှိသည့် ထုပ်ပိုးထည့်သွင်း ပစ္စည်းအားလုံးတွင် တံဆိပ်နှိပ်ခြင်း၊ ဖောင်းကြွပုံဖော်ခြင်း၊ ဆေးဖြင့် ရေးသားခြင်း၊ ပုံနှိပ်ခြင်း တို့ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ အန္တရာယ်သတိပေးချက်ကို ဖော်ပြရမည်။ ထိုသို့ ဖော်ပြရန် မဖြစ်နိုင်ပါက ထုပ်ပိုးထည့်သွင်း ပစ္စည်းအနီး၌ ဓာတ်ဆီ၊ အရက်ပျံ သို့မဟုတ် ရေနံ၏ ဘေးအန္တရာယ်ရှိသည့် သဘာဝကို သတိပေးသည့် အလားတူသတိပေးချက်ကို မြင်သာသည့်နေရာတွင် ထင်ရှားသော စာလုံးများဖြင့်ဖြစ်စေ၊ သင်္ကေတဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည်။

- ပုဒ်မ ၃၁ အရ လိုင်စင်ရရှိသူ မည်သူမျှ -

(က) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက် တစ်ခုခုပါ မြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် တာဝန်ကို ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ဘေးအန္တရာယ်ရှိသော ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးပါရှိသည့် ထုတ်ပိုးထည့်သွင်းပစ္စည်းနှင့် သယ်ယူပို့ဆောင်သည့်ယာဉ်နှင့် ပိုက်လိုင်းများတွင် ဘေးအန္တရာယ် အမှတ်အသား သတိပေးချက်များကို ထင်ရှားအောင် ရေးသားဖော်ပြခြင်းမပြုဘဲ သုံးစွဲခြင်း မပြု၊

(ဂ) ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းကိုဖြစ်စေ၊ ဘေးအန္တရာယ်မရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းကိုဖြစ်စေ ဤဥပဒေပါ သတ်မှတ်ထားသည့် နည်းလမ်းများမှတစ်ပါး တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြု၊

(ဃ) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုများအပေါ် တာဝန်ခံမှုမရှိဘဲ ဆောင်ရွက်ခွင့် မရှိစေရ၊

(င) စံချိန်စံညွှန်း၊ အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မှီမှန်ကန်မှုမရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်း မပြု၊။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၂၅ အရ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင် အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့် အညီ-

  (က) သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရန် ပျက်ကွက်ခြင်း မရှိစေရ။

  (ခ) မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ထားရှိရန် ပျက်ကွက်ခြင်း မရှိစေရ။

EIA လုပ်ငန်းစဉ်တွင် လူထုပူးပေါင်းပါဝင်ရေး လမ်းညွှန်ချက်အရ EMP တွင် တည်ဆောက်ရေးလုပ်ကိုင်စဉ်နှင့် လုပ်ငန်းလည်ပတ်နေစဉ်တွင် မတော်တဆမှုများနှင့် အရေးပေါ်အခြေအနေများနှင့် ဆက်နွယ်သော အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် အရေးပေါ် အခြေအနေအစီအစဉ်တစ်ရပ်ထည့်သွင်းထားပါသည်။ ယခုဖော်ပြပါ အရေးပေါ်အခြေအနေ အစီအစဉ်သည် ဒေသတွင်း အရေးပေါ်အခြေအနေအစီအစဉ်များနှင့်ချိတ်ဆက်ထားပါ။ ထို့အပြင် အစီအစဉ်မှ သက်ရောက် မည့်သူများနှင့် ပါဝင်ပတ်သက်နေသူများသည် တိုင်ပင်ဆွေးနွေးကာ အချိန်နှင့်တပြေးညီ အဆင့်မြှင့်ပြင်ဆင် ထားရမည်။

အစီအစဉ်တွင် အောက်ဖော်ပြပါတို့ ပါဝင်သည်။

- ဖြစ်လာနိုင်သည့် အခြေအနေအမျိုးမျိုး ဖော်ပြချက်။
- အရေးပေါ်အခြေအနေဖြစ်လျှင် လိုအပ်သော သတင်းအချက်အလက်များ (ဥပမာ။ ။ တာဂန်ရှိ အာဏာပိုင်အဖွဲ့များမှ ပူးပေါင်းဆောင်ရွက်မည့်သူများ၊ ရရှိနိုင်သော ပစ္စည်းကိရိယာများနှင့် ဦးစားပေးသတ်မှတ်ထားသော လမ်းကြောင်းများ ဖော်ပြထားသည့် မြေပုံများ)။
- အရေးပေါ်အခြေအနေဖြစ်လျှင်ရှိရမည့် ကွပ်ကဲရေးပုံစံနှင့် ဒေသ သို့မဟုတ် နယ်မြေအာဏာပိုင်များ နှင့် ဆက်သွယ်ရန်နည်းလမ်း။
- အရေးပေါ်အခြေအနေဖြစ်လျှင် ဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းစာရင်း (ဥပမာ ။ ။ အရေးပေါ်ဖုန်းခေါ်ဆိုမှုများ၊ ယာဉ်လမ်းကြောင်းလွှဲခြင်း၊ လမ်းဆိုင်းဘုတ်များ၊ ကယ်ထုတ်ရေး နည်းလမ်းများ)။

၅.၂။ အမိန့်ကြော်ငြာစာများ

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်စိမ်းတူးဖော်ရေးဌာနမှ လုံးခင်း/ ဖားကန့် ရတနာနယ်မြေအတွက် မြန်မာကျောက်မျက်ရတနာ ဥပဒေ (၁၉၉၅)၏ ပုဒ်မ ၅၄ (ခ) နှင့် မြန်မာ့ရတနာ

ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ၏ ပုဒ်မ ၅၄(ဂ) အရ အောက်ပါအတိုင်း ကြော်ငြာစာများကို ထုတ်ပြန်ပြီး ဖြစ်ပါသည်။

အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုအစီအစဉ်နှင့် သက်ဆိုင်သော အမိန့်ကြော်ငြာစာများမှာ -

- စာအမှတ် ၁၂၁/၉၉/အောက်တိုဘာ ၄ / ၁၉၉၉
- စာအမှတ် က - ၃၇/၃၈၃/၂၀၁၆/ မေ ၂၃ / ၂၀၁၆
- စာအမှတ် က - ၃၇/၂၀၉/၂၀၁၇/ ဖေဖော်ဝါရီ ၁၆/ ၂၀၁၇

  အမိန့်ကြော်ငြာစာများကို ယခု EMP တွင်နောက်ဆက်တွဲ အဖြစ် ထည့်သွင်းထားပါသည်။

၆။ အရေးပေါ်အခြေအနေ ပြင်ဆင်မှုနှင့်တုံ့ပြန်မှု

အောက်ဖော်ပြပါ လုပ်ဆောင်ချက်များတွင် အမိန့်ကြော်ငြာစာများနှင့် ဥပဒေပြဋ္ဌာန်းချက်များမှ နည်းလမ်းများ ပါ၀င်၍ အမိန့်ကြော်ငြာစာများနှင့်အညီ အကောင်အထည်ဖော်ရမည်။

၆.၁။ ပေါ်ပေါက်လာနိုင်သောအရေးပေါ်အခြေအနေများ

သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းများကြောင့် ပေါ်ပေါက်လာနိုင်သော အရေးပေါ်အခြေအနေများမှာ -

- ယာဉ်တစ်စီးနှင့် လူတစ်ယောက် သို့မဟုတ် လူများတိုက်ခြင်းနှင့် ပတ်သက်သော ယာဉ်မတော်တဆဖြစ်မှု။
- ယာဉ်တစ်စီးက အိမ်တစ်လုံး သို့မဟုတ် အခြားအဆောက်အအုံတစ်ခုအား တိုက်ခြင်းနှင့် ပတ်သက်သော ယာဉ်မတော်တဆဖြစ်မှု။
- ယာဉ်အချင်းချင်းတိုက်ခြင်း သို့မဟုတ် သတ္တုတွင်းတူးယန္တရားနှင့် ယာဉ်များတိုက်ခြင်းနှင့်ပတ်သက်သော ယာဉ်မတော်တဆဖြစ်မှု။
- ယာဉ်တစ်စီးနှင့် မြေသယ်ယာဉ်ကြီးများ (သို့မဟုတ်) မြေတူးစက်ကြီးများတို့ ယာဉ်မတော် တဆဖြစ်မှု။
- သတ္တုတွင်းတူးယန္တရားနှင့် လူသားများအား ရိုက်မိခြင်းနှင့် ပတ်သက်သော မတော်တဆဖြစ်မှု။
- သတ္တုတွင်းတူးယန္တရားများ ချို့ယွင်းမှုကြောင့်ဖြစ်သော မတော်တဆမှု။

- ယမ်းဘီလူးနှင့် ဒီတိုနေတာများ လုပ်ငန်းခွင် (mine site)သို့ သယ်ဆောင်လာစဉ် အချိန်မတိုင်ခင် ပေါက်ကွဲမှုကြောင့်ဖြစ်စေသော မတော်တဆဖြစ်မှု။
- ယမ်းဘီလူးနှင့်ဒီတိုနေတာ (detonator) များ သိုလှောင်ရုံ အထိန်းအကွပ်မဲ့ ပေါက်ကွဲခြင်း။
- လောင်စာဆီနှင့် မီးလောင်နိုင်သော ပစ္စည်းများကြောင့် အထိန်းအကွပ်မဲ့ မီးလောင်ခြင်း။
- ဘေးအန္တရာယ်ရှိစေနိုင်သော ပစ္စည်းများအမြောက်အများ ဖိတ်စင်ထွက်ကာ မြေနှင့်ရေကို ဓါတ်ပြု ပျက်စီးမှု ဖြစ်စေခြင်း။
- မပေါက်ကွဲသော ယမ်းများနှင့် ဖောက်ခွဲမှုနောက်ကျခြင်း။
- လူဒဏ်ရာရစေသော သို့မဟုတ် ပစ္စည်းဥစ္စာများ ထိခိုက်ပျက်စီးစေသော သို့မဟုတ် အသက် သို့မဟုတ် ပစ္စည်းဥစ္စာဆုံးရှုံးစေသော မြေပြိုမှု။
- လူဒဏ်ရာရစေသော သို့မဟုတ် ပစ္စည်းဥစ္စာ ထိခိုက်ပျက်စီးစေသော သို့မဟုတ် အသက် သို့မဟုတ် ပစ္စည်းဥစ္စာဆုံးရှုံးစေသော ရေကြီးရေလျှံခြင်း။
- လူဒဏ်ရာရစေသော သို့မဟုတ် အသက် သို့မဟုတ် ပစ္စည်းဥစ္စာဆုံးရှုံးစေသော အထိန်းအကွပ်မဲ့ မီးလောင်ခြင်း

၆.၂။ အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှု

ဘေးကင်းလုံခြုံသော အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုတွင် ခိုလှုံရာဖန်တီးပေးခြင်း၊ အရေးပေါ် အခြေအနေတုံ့ပြန်မှု လုပ်ထုံးလုပ်နည်းများ၊ သင့်လျော်သော ကိရိယာနှင့် လေ့ကျင့်သင်ကြားမှုတို့ ပါဝင်သည်။ သတ္ထုတွင်းနေရာများတွင် အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုအတွက် သတ္တုတွင်း မန်နေဂျာတွင် တာဝန်ရှိသည်။

ဘေးကင်းလုံခြုံသော ခိုလှုံရာစခန်း

(က) အရေးပေါ်အခြေအနေအတွက် လူစုဝေးရန် စုရုပ်နေရာများ တည်ဆောက်ထားပါ။ ယင်းနေရာများ၏ တည်နေရာနှင့် ရောက်ရှိနိုင်သော လမ်းကြောင်းများပြ မြေပုံများ ချိတ်ဆွဲပြသထားပါ။ မြေပုံများကို သတ္ထုတွင်းရုံးခန်း၊ သတ္ထုတွင်း လုပ်ငန်းခွင်နှင့် ယာဉ်များအားလုံးတွင် ချိတ်ဆွဲ ပြသထားရမည်။

(ခ) သတ်မှတ်ထားသော စုရုပ်များသည် လောင်စာဆီနှင့် ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းသိုလှောင်ရုံများနှင့် သတ္ထုတွင်းလုပ်ငန်းခွင် အဝင်လမ်းတို့မှ ဝေးရာတွင်ရှိရမည်။ သို့မှသာ လူများဘေးကင်းလုံခြုံကာ အရေးပေါ် အကူအညီများ ကြန့်ကြာမှုမရှိပဲရနိုင်မည်။

အရေးပေါ်အခြေအနေတုံ့ပြန်မှု လုပ်ထုံးလုပ်နည်းများ

(ဂ) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို သတ္တုတွင်းရုံးခန်း၊ ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံ၊ လောင်စာဆီ သိုလှောင်ထားသောနေရာနှင့် သတ္တုတွင်းတူးဖော်နေသော လုပ်ငန်းခွင်တို့တွင် ထားရှိရမည်။ အဓိကကျသော မိုဘိုင်းဖုန်းနံပါတ်နှင့် UHF ရေဒီယိုလိုင်းများကိုလည်း ဤစာရင်းတွင် ထည့်သွင်းထားရမည်။ စာရင်းပါ မိုဘိုင်းဖုန်းနံပါတ်သည် သတ္တုတွင်းမန်နေဂျာ သို့မဟုတ် သတ္တုတွင်း ပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး မန်နေဂျာ၏ မိုဘိုင်းဖုန်းများသို့ တဆင့်ပြောင်းခေါ်ပေးနိုင်သင့်သည်။

(ဃ) စုရပ်များ၊ စွန့်ခွာရန် လမ်းကြောင်းများနှင့် မီးသတ်ဗူးများ တည်နေရာပြ မြေပုံများကို သတ္တုတွင်းရုံးခန်း၊ ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံ၊ လောင်စာဆီသိုလှောင်ရုံနေရာနှင့် သတ္တုတွင်း လုပ်ငန်းခွင်များတွင် ပြသထားရမည်။

(င) အရေးပေါ် ဆက်သွယ်ရမည့် နံပါတ်များ၊ အရေးပေါ်စုဝေးရန် နေရာများနှင့် စွန့်ခွာရမည့်လမ်းကြောင်းများပြ မြေပုံများကို ယာဉ်အားလုံးတွင် ရှိစေရမည်။

(စ) ဖြစ်စဉ်များ အစီရင်ခံခြင်း လုပ်ထုံးလုပ်နည်းကို သတ္တုတွင်း ရုံးခန်း၊ ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံနှင့် သတ္တုတွင်းလုပ်ငန်းခွင်များတွင် ထားရှိရမည်။

(ဆ) ပစ္စည်းများ လုံခြုံရေးအချက်အလက် စာရွက်များကို (MSDS) သတ္တုတွင်း ရုံးခန်းနှင့် သတ္တုတွင်းလုပ်ငန်းခွင်တို့တွင် လွယ်လင့်တကူရရှိရန် သိမ်းဆည်းထားပါ။

သင့်လျော်သော ပစ္စည်းကိရိယာများ

(ဇ) အရေးပေါ်အခြေအနေတုံ့ပြန်ရာတွင် အလုပ်သမားများအား သင့်လျော်သော ရေဘေးအန္တရာယ် ကင်းရှင်းရေး ကိရိယာများ (PPE) ပေးအပ်ပါ။ ၎င်းတို့မှာ အကာအကွယ်ပေးသော အင်္ကျီအစားများ၊ လက်အိတ်များ အန္တရာယ်ကာကွယ်သော မျက်မှန်များ၊ မျက်နှာစည်းများနှင့် (လိုအပ်ပါက) အသက်ရှူ ကိရိယာတို့ဖြစ်သည်။

(ဈ) ရှေးဦးသူနာပြုဆေးသေတ္တာ (First Aid Kits) များကို သတ္တုတွင်းပတ်ဝန်းကျင်နှင့် အန္တရာယ်ကင်းရှင်းရေး အရာရှိ၏ကား၊ သတ္တုတွင်းရုံးခန်း၊ သတ္တုတွင်းလုပ်ငန်းခွင်နှင့် အလုပ်လုပ်ကိုင်နေသော နေရာအားလုံး (ဥပမာ ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံ) တို့၌ ထားရှိပေးရမည်။

(ည) သင့်လျော်သော မီးသတ်ဗူးများကို အဆောက်အအုံအသီးသီး၊ အလုပ်လုပ်ကိုင်နေသော နေရာအသီးသီးနှင့် ယာဉ်များအားလုံး၌ ထားရှိပေးရမည်။

(ဌ) ဒေသအာဏာပိုင်များတွင် မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့မရှိပါက မီးသတ်ကိရိယာများ ထားရှိရမည်။ အရှည်မီတာ ၁၀၀ နှင့် ၅၀ မိလီမီတာ အချင်းရှိသော မီးသတ်ပိုက်ပျော့နှင့် Combination nozzle (For spray and jet) တို့နှင့် ဖွဲ့စည်းထားသော ဖိအားမြင့်ပန့်ပါ မီးသတ်ရေသယ်ယာဉ် (အနိမ့်ဆုံး ၁၀၀၀ လီတာဆန့်) တစ်စီး အနည်းဆုံး ရှိရမည်။

(ဍ) လမ်းအန္တရာယ် အချက်ပြ ပစ္စည်း (Road cone) အဆီးအတားများနှင့် လမ်းညွှန်သင်္ကေတများကဲ့သို့ ယာဉ်အသွားအလာ စီမံခန့်ခွဲမှု ကိရိယာများ ထားရှိပါ။

(ဎ) ဘေးအန္တရာယ်ရှိ ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်တွင် အသေးစိတ်ပြထားသော (Spill response kit) ထားရှိပေးပါ။

(ဏ) မီးသတ်ဘူးနှင့် မီးသတ်ကိရိယာများကို အနည်းဆုံး တစ်လတစ်ကြိမ် စစ်ဆေး၍ ပြုပြင်ထိန်းသိမ်းပါ။

(တ) Spill kit ကို အနည်းဆုံး တစ်လတစ်ကြိမ် စစ်ဆေး၍ ပြုပြင်ထိန်းသိမ်းပါ။ အသုံးပြုလိုက်သော ပစ္စည်းကို အစားပြန်ဖြည့်ပါ။

လေ့ကျင့်သင်ကြားခြင်း

(ထ) သတ္ထုတွင်း ရုံးခန်းမှ နှစ်ယောက်၊ ပြုပြင်ထိန်းသိမ်ရေး အလုပ်ရုံမှ နှစ်ယောက်နှင့် သတ္တုတွင်း လုပ်ငန်းခွင်မှ သုံးယောက် စုစုပေါင်း အနည်းဆုံး ခုနှစ်ယောက်အား ရှေးဦးသူနာပြုများအဖြစ် လေ့ကျင့်သင်ကြားပေးထားပါ။

(ဒ) အလုပ်သမားအားလုံးကို အလုပ်ခွင်တွင်ရှိသော ၎င်းတို့၏အဆင့်နှင့် လျှော်ညီစွာ အရေးပေါ် အခြေအနေတုံ့ပြန်မှု လုပ်ထုံးလုပ်နည်းများကို လေ့ကျင့်သင်ကြားပေးထားပါ။

(ဓ) မီးသတ်ဘူးများနှင့် ရနိုင်သမျှသော မီးသတ်ကိရိယာများ အသုံးပြုပုံကို သက်ဆိုင်ရာ အလုပ်သမားများအား သင်ကြားလေ့ကျင့်ပေးပါ။ မီးသတ် သရုပ်ပြခြင်းအား အနည်းဆုံး သုံးလ တစ်ကြိမ် ဆောင်ရွက်ပါ။

(န) လောင်စာဆီ သို့မဟုတ် ဓာတုပစ္စည်း ဖိတ်စဉ်မှုအတွက် တုံ့ပြန်ရန် သက်ဆိုင်ရာမှ သတ်မှတ်တာဝန်ပေးထားသော ဝန်ထမ်းများကို အဆင့်မြင့်သင်တန်းပေးပါ။ ဖိတ်စဉ်မှုတုံ့ပြန်သည့် ကိရိယာများ ထည့်ထားသော သေတ္တာရနိုင်ပါက ကောင်းမွန်စွာ သုံးစွဲတတ်စေရန် လေ့ကျင့်ပေးရမည်။

(ပ) အရေးပေါ်အခြေအနေတုံ့ပြန်မှု သရုပ်ပြခြင်းများအား အနည်းဆုံး သုံးလတစ်ကြိမ် ဆောင်ရွက်ပါ။

၆.၃။ အရေးပေါ် အခြေအနေတုံ့ပြန်မှု ညှိနှိုင်းကွပ်ကဲခြင်း

အရေးပေါ်အခြေအနေတစ်ရပ်တွင် သတ္တုတွင်းမန်နေဂျာ သို့မဟုတ် သတ္တုတွင်း ပတ်ဝန်းကျင်နှင့် ဘေးကင်း လုံခြုံရေးအရာရှိသည် အရေးပေါ်အခြေအနေ တုံ့ပြန်မှုအရာရှိအဖြစ် ဆောင်ရွက်ရမည်။ သတ္တုတွင်းမန်နေဂျာ သို့မဟုတ် သတ္တုတွင်း ပတ်ဝန်းကျင်နှင့် ဘေးကင်းလုံခြုံရေးအရာရှိသည် အရေးပေါ်ဖုန်းခေါ်ဆို မှုကို ပထမဆုံးလက်ခံ၍ တုံ့ပြန်မှုကို ညှိနှိုင်းကွပ်ကဲရန်အတွက် ကနဦးတာဝန်ကိုယူရမည်။ သို့ဖြင့် သူသည် ဖြစ်ရပ် အတွက် အရေးပေါ်အခြေအနေ တုံ့ပြန်မှုအရာရှိအဖြစ် လုပ်ဆောင်ရမည်။

အရေးပေါ်အခြေအနေတုံ့ပြန်မှု အရာရှိသည် ဖြစ်ရပ်ထိန်းချုပ်မှုကို အခါအားလျော်စွာ နယ်မြေအရေးပေါ် ကယ်ဆယ်ရေးအရာရှိ သို့မဟုတ် ဒေသအုပ်ချုပ်ရေး ဦးစီးမှူး သို့မဟုတ် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းအရာရှိတို့အား သင်လျော်သည့်အခါ လွှဲပြောင်းပေးရမည်။

အရေးပေါ်အခြေအနေတုံ့ပြန်မှု အရာရှိသည် အရေးပေါ်ကယ်ဆယ်ရေးအရာရှိ၊ ဒေသအုပ်ချုပ်ရေးမှူး၊ သို့မဟုတ် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအရာရှိတို့နှင့် ဆက်သွယ်ရန်တာဝန်ရှိသည်။


အရေးပေါ်အခြေအနေတုံ့ပြန်မှုအရာရှိသည် အာဏာပိုင်အဖွဲ့အစည်းထံမှ လိုအပ်သောအကူအညီများနှင့် ကိရိယာများ ပေးအပ်ရန်နှင့် ဖြစ်ရပ်ကို ထိန်းချုပ်တုံ့ပြန် ရှင်းလင်းရန်နှင့် စုံစမ်းစစ်ဆေးရန် တောင်းခံရမည်။

၆.၄။ အရေးပေါ်အခြေအနေတုံ့ပြန်မှု

ဖြစ်ရပ်များဖြစ်ပေါ်နေစဉ် လူ၊ အိုးအိမ် စည်းစိမ်နှင့် ပတ်ဝန်းကျင်တို့ အပေါ် သက်ရောက်မှုများကို ထိန်းချုပ်ကန့်သတ်ရန် အရေးပေါ် အခြေအနေတုံ့ပြန်မှုများသည် အရေးကြီးသည်။

အရေးပေါ်အခြေအနေတုံ့ပြန်မှုများတွင် အကူအညီရနိုင်သော ဌာနများနှင့် ကိရိယာများအား သတ်မှတ်ထုတ်ဖော်ခြင်း ပါဝင်သည်။ တုံ့ပြန်မှုသည် လူ၊ စည်းစိမ်ဥစ္စာနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်သော အန္တရာယ်နှင့် လိုက်လျောညီထွေရှိသင့်သည်။ အောက်ပါကဏ္ဍများတွင် အရေးပေါ်အခြေအနေတစ်ရပ်ကို တုံ့ပြန်ရန်လိုအပ်သော နည်းလမ်းများကို တင်ပြထားပါသည်။

အရေးပေါ်အခြေအနေ တံ့ ပြန်သည့် လုပ်ထုံးလုပ်နည်း



ဖြစ်ရပ်အားလုံးအတွက် ကနဦးတုံ့ပြန်မှု

ဖြစ်ရပ်အားလုံးအတွက် အောက်ပါလုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ပါ။

(က) ဖြစ်ရပ်ဖြစ်ပွားရာ နေရာအနီးမှ သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ချက်ချင်းရပ်နားပါ။

(ခ) ဖြစ်ရပ်ဖြစ်ပွားရာနေရာကို လုံခြုံစိတ်ချရအောင်လုပ်ပါ။ ဖြစ်ရပ်ကိုသုံးသပ်၍ အန္တရာယ်ကို ချင့်တွက်ပါ။

(ဂ) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်ကိုခေါ်ဆို၍ အောက်ပါအသေးစိတ် အချက်အလက်များ တင်ပြပါ။

၁) ဖြစ်ရပ်၏ တည်နေရာ

၂) ဖြစ်ရပ်၏ အမျိုးအစား

၃) ဖြစ်ရပ်တွင် ပါဝင်သော လူဦးရေနှင့် ၎င်းတို့၏ အခြေအနေ (ဒဏ်ရာရ၊ ပြင်းထန်စွာ ဒဏ်ရာရ၊ သေဆုံး)

၄) ဖြစ်ရပ်ထိန်းချုပ်ရန်နှင့် တုံ့ပြန်ရန် အထောက်အကူ

၅) ဖြစ်ရပ်ဖြစ်ပွားရာနေရာသို့ ၎င်ရောက်နိုင်ခွင့် ကန့်သတ်ချက်များ

(ဃ) ဘေးအန္တရယ်ကင်းရှင်းသည်ဟု ယူဆပါက ဒဏ်ရာရသူများအား ရှေးဦးသူနာပြုနည်းဖြင့် အကူအညီပေးပါ။

(စ) အလုပ်သမားများ၊ ဧည့်သည်များနှင့် ဒေသခံများကို ဖြစ်ရပ်ဖြစ်ပွားရာနေရာမှ ဘေးကင်းစွာ စွန့်ခွာနိုင်ရန် စီစဉ်ပေးပါ။

(ဆ) ဖြစ်ရပ်အစီရင်ခံ သတင်းပို့ခြင်း လုပ်ထုံးကို အကောင်အထည်ဖော်ပါ။

(ဇ) အရေးပေါ်အခြေအနေတုံ့ပြန်မှု အရာရှိ၏ ညွှန်ကြားချက်များကို လိုက်နာပါ။

ယာဉ်မတော်တဆမှု

ယာဉ်မတော်တဆဖြစ်မှုအတွက် ကနဦးတုံ့ပြန်မှု လုပ်ဆောင်ချက်များနှင့် အောက်ဖော်ပြပါ လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ပါ။

(ဈ) ယာဉ်စီမံခန့်ခွဲမှု ကိရိယာများအသုံးပြု၍ ယာဉ်မတော်တဆဖြစ်သည့်နေရာအား မော်တော်ယာဉ်များ မလာစေရန် ကာကွယ်ပါ။

(ည) အရေးပေါ်ယာဉ်များ (ရဲ၊ လူနာတင်ယာဉ်နှင့် မီးသတ်) အဝင်အထွက်လမ်းကို ဦးစားပေး၍ ထိန်းထားရမည်။

(၄) ဖြစ်နိုင်ပါက မော်တော်ယာဉ်များကို အခြားလမ်းကြောင်းတစ်လျှောက် လမ်းလွှဲမောင်းနှင်ပါစေ။

(၅) လောင်စာဆီ သို့မဟုတ် ဓါတုပစ္စည်း ဖိတ်စဉ်မှုကို ထိန်းချုပ်ပါ။

(၃) ပျက်စီးသွားသောယာဉ်များအား အန္တရာယ်မဖြစ်စေပဲ ဖယ်ထုတ်ကာ ဖိတ်စဉ်သော လောင်စာဆီ၊ သို့မဟုတ် ဓါတုပစ္စည်းများအား ဆေးကြော ရှင်းလင်းခြင်းဖြင့် လမ်းမျက်နှာပြင်အား ကုစားပါ။

သတ္တုသန့်စင်စက်ရုံနှင့် ယန္တရားများပါဝင်သော မတော်တဆမှု

သတ္တုသန့်စင်စက်ရုံနှင့် ယန္တရားများပါဝင်သော မတော်တဆမှုအတွက် ကနဦးတုံ့ပြန်မှု လုပ်ဆောင်ချက်များနှင့် အောက်ဖော်ပြပါ လုပ်ဆောက်ချက်များကို အကောင်အထည်ဖော်ပါ။

ဘေးအန္တရာယ်ကင်းရှင်းသည်ဟု ယူဆပါက -

(၀) သတ္တုသန့်စင်စက်ရုံ သို့မဟုတ် ယန္တရားစက်များ ပိတ်ပါ။

(၈) သတ္တုသန့်စင်စက်ရုံ သို့မဟုတ် ယန္တရားသည် တည်ငြိမ်၍ ဘေးပတ်လည်တွင် ချဉ်းကပ်အလုပ်လုပ်နိုင်စေရန် အန္တရယ်မရှိကြောင်း သေချာပါစေ။ မငြိမ်သော စက်ရုံ သို့မဟုတ် ယန္တရားအား ဆိုင်းတွယ် သို့မဟုတ် ထောက်ကန် ပေးထားပါ။

(တ) အရေးပေါ် အခြေအနေတုံ့ပြန်မှုနှင့် အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့ဝင်များ အဝင်အထွက် လမ်းကို ဘေးကင်းလုံခြုံပါစေ။

(ထ) လောင်စာဆီ သို့မဟုတ် ဓါတုပစ္စည်း ဖိတ်စဉ်မှုတိုင်းကို ထိန်းချုပ်ပါ။

(ဒ) ဖြစ်ရပ်စုံစမ်း စစ်ဆေးရေး မပြီးဆုံးမီ ပျက်စီးသွားသော သတ္တုသန့်စင်စက်ရုံ သို့မဟုတ် ယန္တရားကို မရွှေ့ပါနှင့်။

(ဓ) ပျက်စီးသွားသော သတ္တုသန့်စင်စက်ရုံ သို့မဟုတ် ယန္တရားအား အန္တရယ်မဖြစ်စေပဲ ဖယ်ထုတ်ကာ ဖိတ်စဉ်ထားသော လောင်စာဆီ၊ ဆီ သို့မဟုတ် ဓါတုပစ္စည်း များအား ဆေးကြောရှင်းလင်းပါ။

ပေါက်ကွဲတတ်သော ပစ္စည်းများနှင့် ဒီတိုနေတာများပါဝင်သော မတော်တဆမှု

ပေါက်ကွဲတတ်သော ပစ္စည်းများနှင့် ဒီတိုနေတာများ ပါဝင်သော မတော်တဆမှုတွင် ကနဦးတုံ့ပြန်မှု လုပ်ဆောင်ချက်များနှင့် အောက်ဖော်ပြပါ လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ပါ။

(န) ဖြစ်ရပ်ဖြစ်ပွားရာ နေရာတဝိုက် (အနည်းဆုံး မီတာ ၃၀၀) တွင် အန္တရာယ်ကင်းမဲ့ဇုန်တစ်ခု ချက်ခြင်း တည်ထောင် သတ်မှတ်ပါ။ ဇုန်သည် လူတို့အား နောက်ဆက်တွဲ ပေါက်ကွဲမှုများမှ ကာကွယ် နိုင်သည့် အကျယ်အဝန်းရှိရမည်။

(ပ) မော်တော်ယာဉ် သို့မဟုတ် ပစ္စည်း သိုလှောင်ရာနေရာများကို မချဉ်းကပ်ပါနှင့်။

(ဖ) ပေါက်ကွဲမှုအထမမြောက်သော ပေါက်ကွဲစေတတ်သည့် ပစ္စည်းများဖျက်ဆီးရာမှ ထွက်ပေါ်လာသော ဓါတ်ပြု စေသော ပစ္စည်းများအား ရှင်းလင်းပါ။

(ဗ) ပေါက်ကွဲမှုအထမမြောက်သော ပေါက်ကွဲစေတတ်သည့် ပစ္စည်းများနှင့် ဒီတိုနေတာများအား ရွေးထုတ် ယူရန် ဖောက်ခွဲမှုကျွမ်းကျင်၏ ညွှန်ကြားချက်များကိုလိုက်နာပါ။ (သို့မဟုတ်) ကျန်ရှိသောပစ္စည်း များနှင့် ဒီတိုနေတာများအား ဘေးအန္တရာယ်ရှင်းအောင် စီမံ၍ဖျက်ဆီးပါ။

(ဘ) ပေါက်ကွဲမှုအထမမြောက်သော ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ ဖျက်ဆီးခြင်း၏ အကျိုးဆက် ဓါတ်ပြု စေသော ပစ္စည်းများအား ရှင်းလင်းပါ။

လောင်စာဆီ သို့မဟုတ် ဓါတုပစ္စည်းဖိတ်စဉ်မှု

လောင်စာဆီ သို့မဟုတ် ဓါတုပစ္စည်း ဖိတ်စဉ်မှုဖြစ်စဉ်တွင် ကနဦးတုံ့ပြန်မှု လုပ်ဆောင်ချက်များနှင့် အောက်ဖော်ပြပါ လုပ်ဆောင်ချက်များ အကောင်အထည်ဖော်ပါ။

(မ) ဖိတ်စဉ် ပစ္စည်းနှင့် ဇစ်မြေကို အမျိုးအစားသတ်မှတ်ပါ။

(ယ) ဖိတ်စဉ် ပစ္စည်းကို ဘေးကင်းစွာ ကိုင်တွယ်ရန်၊ စီမံခန့်ခွဲရန်နှင့် ဖယ်ရှားရန် သက်ဆိုင်ရာ ပစ္စည်း များနှင့်ဆိုင်သော ဘေးအန္တရာယ် ကင်းရှင်းရေး ညွှန်ကြားချက်ကို မှီငြမ်းပါ။

(ရ) ဘေးကင်းသည်ဟု ယူဆပါက ဖိတ်စဉ်မှု၏ဇစ်မြေကို သီးခြားခွဲထား၍ ထိန်းချုပ်ပါ။ သင့်တော်သော တကိုယ်ရေသုံး အန္တရာယ်ကာကွယ်သည့် ပစ္စည်းများအသုံးပြုပါ။

(လ) ဖိတ်စဉ်မှုဖြစ်ပွားရာနေရာတဝိုက်တွင် အန္တရာယ်ကင်းမဲ့ဇုန် တစ်ခုတည်ထောင်၍ လူနှင့် တိရစ္ဆာန် များကို ဘေးလွတ်ရာ ဖယ်ထားပါ။ ဖိတ်စဉ်မှုကို ဂရုမစိုက်ပဲ ပစ်မထားပါနှင့်။

(ဂ) ဖိတ်စဉ်မှုကို စုပ်ယူနိုင်သော ပစ္စည်းများ (ရေမြုပ် booms, socks သို့မဟုတ် pillow စသည့် လုပ်ငန်းခွင်ရှိ (spill kit)စပီးလ်ကစ်ဖြင့် ဖိတ်စဉ်မှုကို ထိန်းချုပ်ပါ။ ယင်းပစ္စည်းများမရနိုင်ပါက ယာယီမြေသား ဘောင် သို့မဟုတ် အခြား တာဘောင်များ သို့မဟုတ် လွှစာကဲ့သို့သော စုပ်ယူနိုင်သော ပစ္စည်းဖြင့် ထိန်းချုပ်ပါ။

(သ) ဖိတ်စဉ်မှုကို သန့်စင်ရှင်းလင်း၍ ဓါတ်ပြုပျက်စီးနေသော ပစ္စည်းများနှင့် စုပ်ယူထားသော အရာများ အားဖယ်ရှားပြီး သင့်လျော်သော ထည့်သိုစရာများတွင်ထည့်ပါ။ သို့မဟုတ် ကန့်သတ်ထိန်းချုပ်ထား သော နယ်မြေတွင်ထားပါ။

(ဟ) အန္တရာယ်ရှိသော ပစ္စည်းများစီမံခန့်ခွဲမှု အစီအစဉ်အရ စနစ်တကျ စွန့်ပစ်နိုင်သည့်အချိန်တွင် အသုံးပြုပြီးသား ပစ္စည်းများနှင့် ဓါတ်ပြုပျက်စီးနေသော မြေများကို အန္တရာယ်ရှိစေသော ပစ္စည်းများ သိုလှောင်သည့်နေရာသို့ သယ်ပို့ပါ။

(ဌ) လက်တွေ့လုပ်ဆောင်၍ ရနိုင်လျင် သက်ရောက်ခံရနိုင်သော လူထုအား ပမာဏများသော ဖိတ်စဉ်မှုအကြောင်းနှင့် သင့်လျော်သော ဘေးအန္တရာယ်လုံခြုံရေး ကြိုတင်ကာကွယ်မှုများအတွက် သတင်းအချက်အလက်များ အသိပေးပါ။

(အ) spill kit မှ သုံးလိုက်သော ပစ္စည်းများကို ပြန်ဖြည့်ပါ။

ဖောက်ခွဲမှု အထမမြောက်သော ယမ်းတွင်း

ကနဦး တုံ့ပြန်မှု လုပ်ဆောင်ချက်များနှင့် အောက်ပါ လုပ်ဆောင်ချက်များ အကောင်အထည်ဖော်ပါ။

(ကက) ဖောက်ခွဲမှု အထမမြောက်သော ယမ်းတွင်းအနီးတွင် အန္တရာယ်ကင်းမဲ့ဖုန်တစ်ခု တည်ထောင်သတ်မှတ်ပါ။

(ခခ) ဖောက်ခွဲမှု အထမမြောက်သော ယမ်းတွင်းအနီးအနားမှ အလုပ်သမားများ၊ ဧည့်သည်များနှင့် ဒေသခံများကို ဘေးကင်းလုံခြုံရာ အကွာအဝေးသို့ ရွှေ့ပြောင်းပါ။ (အနည်းဆုံး မီတာ ၃၀၀)

(ဂဂ) မော်တော်ယာဉ်များ၊ စက်ယန္တရားနှင့် လူများအား တားဆီးရန် အဝင်လမ်းများအားလုံးတွင် အလံနီတိုင် စိုက်ထူပြထားပါ။

(ဃဃ) Unpxploded Charge ကြောင့် ဖြစ်လာနိုင်သော အန္တရာယ်ကို အကဲဖြတ်ရန် ဖောက်ခွဲမှုဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး၏ အကူအညီဖြင့် ကြိုးစားလုပ်ဆောင်ပါ။

(ငင) ပေါက်ကွဲမှု့ အပြည့်အဝ အထမမြောက်သော ယမ်းတွင်းထဲတွင် ကျန်ရှိနေသော အမှိုနီယမ်နိုက်ထရိုက်နှင့် ဆက်စပ်ပစ္စည်းများကို လေ သို့မဟုတ် ရေဖြင့် ဖျက်ဆီးရန် ဖောက်ခွဲမှုဆိုင်ရာ ကျွမ်းကျင်သူ၏ လမ်းညွှန်ချက်များကို လိုက်နာပါ။

မြေပြိုခြင်း

မြေပြိုမှုဖြစ်စဉ်တွင် ကနဦးတုံ့ပြန်မှု လုပ်ဆောင်ချက်များနှင့် အောက်ပါ လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ပါ။

(စစ) မြေပြိုကျသည့်နေရာနှင့် အနီးအနားတွင် အန္တရာယ်ကင်းမဲ့ဖုန်တစ်ခုတည်ထောင် သတ်မှတ်ပါ။

(ဆဆ) သတ္တုတွင်း အင်ဂျင်နီယာကို အစီရင်ခံ၍ နောက်ဆက်တွဲ မြေပြိုမှုများအတွက် ဖြစ်ပျက်ဆဲ မြေသား မတည်ငြိမ်မှုနှင့် အလားအလာကို အဓိကထား၍ မြေသားခိုင်မာမှု ဆန်းစစ်ချက် တစ်ခုပြုလုပ်ရန် စီစဉ်ပါ။

(ဇဇ) သတ္တုတွင်းလုပ်ငန်း လုပ်ဆောင် သို့မဟုတ် ရပ်နားဆိုင်းဘုတ်ကို အလုပ်သမားနှင့် လုပ်ငန်းခွင် အလည်လာသူများအားလုံး၏ ဖြစ်ပျက်ပုံကို စစ်ဆေးပါ။

(ဈဈ) အကျိုးဆက်၏ သက်ရောက်ခံရရန် အလားအလာရှိသောလူထုကို ဖြစ်ပျက်နေသော မတည်ငြိမ်မှုနှင့် စွန့်ခွာထွက်သွားရန် လိုအပ်မှုအား အကြောင်းကြားပါ။

(ညည) ကျေးရွာများ၊ အဆောက်အအုံများနှင့် ရေလမ်းကြောင်းများ အပါအဝင် ထိရှလွယ်သော ဂေဟစနစ်များကို ကာကွယ်ရန်အတွက် မြေပြိုမှု ထိန်းချုပ်ရန် တာဘောင်များဆင်ပါ။

(ဋဋ) ရှုံ့များ၊ နန်းများ၊ အပျက်အစီး အစအနများကို ဖယ်ရှားရှင်းလင်းခြင်း၊ ပျက်စီးသွားသော အဆောက်အအုံများကို ပြင်ဆင်ခြင်း၊ အိမ်ခြံမြေနှင့်ကုန်ထုတ်လုပ်မှု ဆုံးရှုံးခြင်းတို့အား လျော်ကြေးပေးခြင်း စသည့်လုပ်ဆောင်ချက်များဖြင့် ပျက်စီးသွားသော အိမ်ခြံမြေနှင့် ကုန်ထုတ်လုပ်မှု ဆုံးရှုံးခြင်းတို့အား လျော်ကြေးပေးခြင်းစသည့် လုပ်ဆောင်ချက်များဖြင့် ပျက်စီးသွားသော အိမ်ခြံမြေ၊ အဖိုးတန် ပစ္စည်းနှင့် ကောက်ပဲသီးနှံတို့အား သန့်စင်ရှင်းလင်းပြီး ပြင်ဆင်ပါ။

(ဌဌ) လုပ်ဆောင်ရန် ဘေးကင်းလုံခြုံပါက မြေပြိုခြင်းကို အောက်ပါအတိုင်း တည်ငြိမ်အောင် ဆောင်ရွက်ပါ။

၁) တိုက်စားခြင်းနှင့် အနည်ကျခြင်း အထိန်းအချုပ်များကို ပြန်လည်လုပ်ဆောင်ပါ သို့မဟုတ် အစားထိုးပါ။

၂) နောက်ဆက်တွဲ မြေပြိုမှုအလားအလာကို လျော့ချရန် လှေကားထစ်များ တည်ဆောက်ပါ။

၃) ပြန်လည်တည်ထောင်ခြင်း စီမံခန့်ခွဲမှု အစီအစဉ်အရ မြေပြိုသွားသောနေရာတွင် အပင်ပြန်လည်စိုက်ပျိုးပါ။

ရေကြီးရေလျှံခြင်း သို့မဟုတ် မီးလောင်ခြင်း

(၃၃) ရေကြီးရေလျှံခြင်း သို့မဟုတ် မီးလောင်ခြင်းဖြစ်စဉ်တွင် ကနဦးတုံ့ပြန်မှုများနှင့် အောက်ပါလုပ်ဆောင်ချက်များအား အကောင်အထည်ဖော်ပါ။

(ဗဗ) ရေကြီးရေလျှံခြင်း သို့မဟုတ် မီးလောင်ခြင်း ဖြစ်ပေါ်သောနေရာများမှ လူများ၊ မော်တော်ယာဉ်များနှင့် ရွှေ့လျားနိုင်သော စက်များနှင့် ယန္တရားများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးပါ။ လိုအပ်ပါက အရေးပေါ် စုဝေးရာစုရပ်သို့ပို့ပါ။

(ဏဏ) ရေလျှံနေသော မြစ်ချောင်းများ သို့မဟုတ် မီးလောင်ခြင်း သို့မဟုတ် မီးလောင်ပြင် သို့မဟုတ် မီးလောင်ပြင် မျက်နှာစာနှင့် ထိတွေ့နေသောနေရာသို့ ဦးတည်သောလမ်းများနှင့် အဝင်လမ်းကြောင်းများကို ဆိုင်းဘုတ်များ စိုက်ထူ၍ လမ်းပိတ်ပါ။

(တတ) လူထုအား နိုးကြားနေစေရန် သတိပေးထား၍ အရေးပေါ်အခြေအနေ နောက်ဆုံးရသတင်းများကို အောက်ပါတို့ အပါအဝင် အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးပါ။

၁) မြင့်တက်လာသော ရေအမှတ်နှင့် ရေကြီးရေလျှံမှု ဖြစ်ပွားနိုင်သော နေရာများ။

၂) မီးလောင်ကျွမ်းနိုင်သော နယ်အကျယ်နှင့် သက်ရောက်ခံရနိုင်သော နေရာများ။

၃) အရေးပေါ်စုရပ်သို့ စွန့်ခွာရန် လိုအပ်ချက်။

(ထထ) လူနှင့် အိုးအိမ်စည်းစိမ်တို့အား (ဖြစ်နိုင်ပါက) အောက်ပါတို့ လုပ်ဆောင်ခြင်းဖြင့် ကာကွယ်ပါ။

၁) မြင့်တက်လာသောရေအား ကာကွယ်ရန်အိမ်များ ပတ်လည်တွင် သဲအိတ်များ ချထားပါ။

၂) လူများ၊ အိမ်များ၊ ဆေးရုံနှင့် စာသင်ကျောင်းများကို ကာကွယ်ရန် ဦးစားပေးမီးငြိမ်းသတ်ပါ။

(ဒဒ) လုပ်ဆောင်ရန် ဘေးကင်းပါက အရေးပေါ်အကူအညီ လိုအပ်နေသော လူနှင့် တိရစ္ဆာန်များအား ကယ်ဆယ်မည့်ကြိုးပမ်း အားထုတ်မှုများအား ထောက်ပံ့ကူညီပါ။

(ဓဓ) ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် ဂမ်းပျက်ဂမ်းလျောရောဂါ အပါအဝင် ရေမှတဆင့် ကူးစက်ရောဂါဖြစ်ပွားမှုများ တားဆီးနိုင်ရန် ဒေသအာဏာပိုင်များနှင့်တွဲ၍ အလုပ်လုပ်ပါ။

၆.၅။ အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်မှုကို ပြန်လည်သုံးသပ်ခြင်း

အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်မှုကို ပြန်လည်သုံးသပ်ခြင်း ဖြစ်ရပ်နောက်နှင့် ဖြစ်ရပ်အစီရင်ခံခြင်း လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော အချိန်တာအတွင်း အောက်ပါလုပ်ဆောင်ချက်များ လုပ်ဆောင်ရန်။

(က) ဖြစ်ရပ်အစီရင်ခံခြင်း လုပ်ထုံးလုပ်နည်းအရ ဖြစ်ရပ်အစီရင်ခံစာတစ်စောင် ပြင်ဆင်ပါ။

(ခ) ဖြစ်ရပ်အစီရင်ခံစာတွင် သတ်မှတ်ဖော်ပြထားသည့် ပြုပြင်တည့်မတ် ဆောင်ရွက်ချက်များနှင့် တားဆီး ကာကွယ်ရေး ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ပါ။

(ဂ) အရေးပေါ်အခြေအနေ တုံ့ပြန်မှုများ၏ ထိရောက်မှုကို ပြန်လည်သုံးသပ်၍ ရရှိသောသင်ခန်းစာများကို အရေးပေါ်အခြေအနေပြင်ဆင်ချက်နှင့် လေ့ကျင့်မှုများနှင့် ပေါင်းစပ်ကာ နောက်ဖြစ်လာမည့် ဖြစ်ရပ်များကို တားဆီးကာကွယ်ပါ။ သို့မဟုတ် ထိုစီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ပါ။

၇။ လုပ်ဆောင်မှု စံနှုန်းများ

အရေးပေါ် အခြေအနေ ပြင်ဆင်ချက်နှင့် တုံ့ပြန်မှုအတွက် လုပ်ဆောင်ချက် စံနှုန်းများမှာ -

- အရေးပေါ်အခြေအနေတုံ့ပြန်မှု လုပ်ထုံးများအရ အလုပ်သမားအားလုံး လေ့ကျင့်ထားမှု
- သန့်စင်ရှင်းလင်းပြီးသော မြေပြင်ပေါ် ဖိတ်စဉ်မှုအားလုံး
- ဖြစ်ရပ်အစီရင်ခံခြင်း တုံ့ပြန်ခဲ့ပြီးသော အရေးပေါ်အခြေအနေ ဖြစ်ရပ်အားလုံး
- ပြီးစီးထားမှုနှင့် ပြုပြင်တည့်မတ်ဆောင်ရွက်ချက်နှင့် တားဆီးကာကွယ်ရေး လုပ်ဆောင်ချက်များ အကောင်အထည်ဖော်ခြင်း

၈။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း နည်းလမ်းများ

အရေးပေါ်အခြေအနေ ပြင်ဆင်ချက်နှင့် တုံ့ပြန်မှုများ၏ ထိရောက်မှုသေချာစေရန် ပုံမှန်ပြန်လည် သုံးသပ်ရလိမ့်မည်။ ယခုအစီအစဉ်တွင် တွဲလျက်ပါရှိသည့် စစ်ဆေးသည့်စာရင်းကို အသုံးပြု၍ လိုက်နာကိုက်ညီမှုများကို ဆုံးဖြတ်ပါ။

ဇယား (၁) စစ်ဆေးချက်ကြိမ်နှုန်း

လုပ်ဆောင်ချက်	ကြိမ်နှုန်း
သတ္တုတွင်း ရုံးခန်း၊ ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံ အရေးပေါ် ဖုန်းနံပါတ်များ	လစဉ်
သတ္တုတွင်း ရုံးခန်း၊ ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံနှင့် သတ္တုတွင်း အလုပ်ခွင်များတွင် ပြသထားသော အရေးပေါ်အခြေအနေစုရပ်များနှင့် ဘေးလွတ်ရာ ထွက်ခွာနိုင်သည့် လမ်းကြောင်းများ ဖော်ပြထားသော မြေပုံများ	လစဉ်
အရေးပေါ် ဖုန်းနံပါတ်များ၊ အရေးပေါ်အခြေအနေ စုရပ်များနှင့် ထွက်ခွာနိုင်သည့်လမ်းကြောင်းများ ပြသောမြေပုံများ	လစဉ်
သတ္တုတွင်း ရုံးခန်းနှင့် ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံတို့၌ ရနိုင်သော ပစ္စည်းဆိုင်ရာ ဘေးကင်းလုံခြုံရေး အချက်အလက်စာရွက်	လစဉ်
Spill kit များနှင့် ပစ္စည်းအစုံလင်ရှိမှု	လစဉ်
မီးသတ်ကိရိယာများ အဆင်သင့်ရှိခြင်းနှင့် ပြုပြင်ထိန်းသိမ်းမှု	လစဉ်

ယာဉ်စီမံခန့်ခွဲမှု ကိရိယာများ အဆင်သင့်ရရှိနိုင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှု	လစဉ်
အလုပ်သမားများအား ရှေးဦးသူနာပြုစုနည်း လေ့ကျင့်သင်ကြားပေးထားခြင်း	သုံးလ တစ်ကြိမ်
အလုပ်သမားများအား အရေးပေါ်အခြေအနေ တုံ့ပြန်မှု လုပ်ထုံးလုပ်နည်းများ လေ့ကျင့်သင်ကြား ပေးထားခြင်း	သုံးလ တစ်ကြိမ်
အရေးပေါ်အခြေအနေဖြစ်လာလျှင် လုပ်ဆောင်ရမည့်အချက်များကိုအလုပ်သမားများ သိရှိခြင်း	သင့်တော်သလို / အနည်းဆုံး သုံးလပတ်တိုင်း
အရေးပေါ်အခြေအနေ သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်မှု	သုံးလတစ်ကြိမ်
အရေးပေါ်အခြေအနေဖြစ်စဉ်များနှင့်တားဆီးကာကွယ်မှု လုပ်ဆောင်ချက်များ အကောင်အထည်ဖော်ခြင်း	လစဉ်

အရေးပေါ် အခြေအနေ ကြုံတင်ပြင်ဆင်မှုများနှင့် တုံ့ပြန်မှု အစီအစဉ် လိုက်နာကိုက်ညီမှု စစ်ဆေးရန်စာရင်း	
မော်နှင့် လုပ်ကွက်နံပါတ်	
သတ္တုတွင်းနှင့် ကုမ္ပဏီ၏နာမည်	
စစ်ဆေးခြင်း/ စာရင်းစစ် လုပ်ဆောင်သူ	
စစ်ဆေး/ စာရင်းစစ်သည့်နေ့စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထား	လိုက်နာကိုက်ညီခြင်း ရှိသည် (သို့) မရှိပါ။
သတ္တုတွင်းရုံးခန်း၊ ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံနှင့် သတ္တုတွင်း လုပ်ငန်းခွင်တို့တွင် ချိန်ဆွဲပြသထားသော အရေးပေါ်တယ်လီဖုန်းနံပါတ်	
သတ္တုတွင်းရုံးခန်း၊ ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံနှင့် သတ္တုတွင်း လုပ်ငန်းခွင် တို့၌ ချိတ်ဆွဲပြသထားသော စုရပ်များနှင့် ဘေးလွတ်ရာ ထွက်ခွာသွား နိုင်သည့် လမ်းကြောင်းများပြမြေပုံ	
အရေးပေါ်ဖုန်းနံပါတ်များနှင့် အရေးပေါ်အခြေအနေ စုဝေးရာနေရာများနှင့် ဘေးလွတ်ရာ ထွက်ခွာသွားနိုင်သည့် လမ်းကြောင်းများပြမြေပုံ	
သတ္တုတွင်းရုံးခန်းနှင့် ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံတို့၌ အဆင်သင့်ရှိနေရမည့် ပစ္စည်းများဆိုင်ရာ ဘေးကင်းလုံခြုံရေးစာရွက် (MSDS)	
Spill Kit များနှင့် ပစ္စည်းအစုံအလင်ရှိမှု	
မီးသတ်ကိရိယာများ အဆင်သင့်ရှိခြင်းနှင့် ပြုပြင်ထိန်းသိမ်းမှု	
ယာဉ်စီမံခန့်ခွဲမှု ကိရိယာများ အဆင်သင့်ရရှိနိုင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှု	
အလုပ်သမားများအား ရှုးဦးသူနာပြုစုနည်း လေ့ကျင့်သင်ကြား ပေးထားခြင်း	

အလုပ်သမားများအား အရေးပေါ်အခြေအနေ တုံ့ပြန်မှု လုပ်ထုံးလုပ်နည်းများ လေ့ကျင့်သင်ကြားပေးထားခြင်း	
အရေးပေါ်အခြေအနေဖြစ်လာလျှင် လုပ်ဆောင်ရမည့်အချက်များကို အလုပ် သမားများ သိရှိခြင်း	
အရေးပေါ်အခြေအနေ သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်မှု	
အရေးပေါ် အခြေအနေဖြစ်စဉ်များနှင့် တားဆီးကာကွယ်မှု လုပ်ဆောင်ချက် များ အကောင်အထည်ဖော်ခြင်း	

၉။ အများပြည်သူပါဝင်စေခြင်းနှင့်ဆွေးနွေးတိုင်ပင်ခြင်း

ယခု EMP နှင့်ပတ်သက်၍ သက်ဆိုင်သည့်အဖွဲ့အစည်းများ၊ အကြံပေးအဖွဲ့များနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးခဲ့သော အဖွဲ့အစည်များမှာ အစိုးရများ၊ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်ကျောက်စိမ်းတူးဖော်မှုတွင် ပါဝင်ပတ်သတ်နေပြီး ဤလုပ်ငန်းကို စည်းကမ်းကြီးကြပ်ခြင်း၊ စည်းမျဉ်းစည်းကမ်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးဆောင်ရွက်ချက်များတိုးတက်စေရန် ဆောင်ရွက်မှုတွင် ပါဝင်နေသော လူများပါဝင်ပါသည်။

၉-၁။ ပါဝင်သည့်သူများနှင့်အဖွဲ့အစည်းများ

တရားဝင်ရှင်းလင်းတင်ပြခြင်းနှင့် အစည်းအဝေးများကို အောက်ပါ အဖွဲ့ဝင်များနှင့် ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံ အစိုးရ၊ ဝန်ကြီးဌာန နှင့် ဦးစီးဌာန

- ပြည်ထောင်စုအစိုးရ အမျိုးသားလွှတ်တော် သဘာဝ သယံဇာတ စီမံခန့်ခွဲမှု ကော်မတီ
- ဖားကန့်ပြည်ထောင်စုအစိုးရ ပါလီမန် အဖွဲ့ဝင်
- ကချင်ပြည်နယ် ဝန်ကြီးချုပ် အပါအဝင် ပြည်နယ်အစိုးရ အဖွဲ့
- ကချင်ပြည်နယ် သဘာဝ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပြည်နယ်အစိုးရဝန်ကြီး
- သတ္တုတွင်းဦးစီးဌာန (နေပြည်တော်)
- ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန (နေပြည်တော်)
- ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန (မြစ်ကြီးနား)
- မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (နေပြည်တော်)
- မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (မြစ်ကြီးနား)

ကျောက်စိမ်းတူးဖော်ရေးအဖွဲ့အစည်းနှင့် သတ္တုတွင်းတူးဖော်ရေး ကုမ္ပဏီများ

- မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်း
- မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်း ဝင်များ

အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ပြည်သူ အခြေပြု လူထု အဖွဲ့အစည်း နှင့် တစ်သီးပုဂ္ဂလ

- မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန
- သဘာဝသယံဇာတစီမံအုပ်ချုပ်ရေးအဖွဲ့အစည်း (NRGI)
- ကွမ္မာ့ဘဏ် ၊ တွင်းထွက်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေး ဖော်ဆောင်မှု။ EITI

- ကမ္ဘာ့ဘဏ် ၊ တွင်းထွက်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေး ဖော်ဆောင်မှု။ EITI (သတ္တုတွင်းလုပ်ကွက် သက်တမ်း ပြုပြင်ပြောင်းလဲရေး)
- ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှုရှိခြင်းအတွက် မြန်မာ့မဟာမိတ်အဖွဲ့။ MATA
- ကချင်ပြည်နယ် ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှု ကွန်ယက်။ Transparency and Accountability Network Kachin State.
- ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့
- ဂရုဏာ လူမှုရေးအဖွဲ့
- တောရိုင်းတိရိစ္ဆာန် ထိန်းသိမ်းစောင့်လျှောက်ရေး အဖွဲ့အစည်း
- Emma Irwin, အတိုင်ပင်ခံ
- Matthew Baird, ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ အကြံပေး (ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန)

နိုင်ငံခြားအစိုးရအဖွဲ့အစည်းများ

- BGR မြန်မာ့သတ္တုတွင်းတူးဖော်ရေး ကဏ္ဍ။ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွင့်ဖြိုးတိုးတက်ရေး (သတ္တုတွင်းစစ်ဆေးမှုလေ့ကျင့်ရေး)
- အမေရိကန် သံရုံး
- ဩစတြေးလျ သံရုံး

အခြားအဖွဲ့အစည်းများ

- ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း KIO (နည်းပညာဆိုင်ရာ ရုံး မြစ်ကြီးနား)
- တပ်မတော်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်အောင်မြင်စွာတွေ့ဆုံတင်ပြနိုင်ခဲ့ပါသည်။ တွေ့ဆုံခဲ့သောအဖွဲ့များအားလုံးစာရင်းကို တိုင်းမှူးထံပေးပို့ခဲ့ပြီး အပြည့်အဝသတင်းပို့အကြောင်းကြားထားပါသည်။

ဖားကန့်/လုံခင်း ဒေသခံအုပ်ချုပ်ရေးနှင့် အဖွဲ့အစည်းများ

ဖားကန့်/လုံးခင်းသို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးမှုခရီးစဉ်အတွင်းတွင် ဒေသခံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့်ရွာသားများသည် ဆွေးနွေးခဲ့ကြပါသည်။ ယခုဇုန်အတွင်း ဆွေးနွေးခဲ့ကြသော လူစာရင်းမှာ ဇယား (၉-၁) ။

ဇယား (၉-၁) ။ ဤဖုန်အတွင်း တွေ့ဆုံဆွေးနွေးခဲ့သော အဖွဲ့များစာရင်း။

အမည်	ဌာနေ	လူမျိုး	ရွာ	ရာထူး	စတင် နေထိုင်သည့် နှစ်
လုံးခင်းမှ ရွာသားများ	မှတ်တမ်းမရှိ	ကချင်	လုံးခင်း	အုပ်ချုပ်ရေးမှူး	ဒေသခံ
ဆန်ခါမှ ရွာသားများ	မှတ်တမ်းမရှိ	ဗမာ	ဆန်ခါ	ရာအိမ်မှူးများ	၁၉၉၂
ငိုးပင်မှ ရွာသားများ	မှတ်တမ်းမရှိ	ဗမာ	ငိုးပင်	ရာအိမ်မှူးများ	၁၉၉၁

၉-၂။ ပါဝင်သည့် အဖွဲ့များ၏ အခက်အခဲများ

ပါဝင်သည့်အဖွဲများသည် EMP ၏နယ်ပယ်အပြင်ဘက်ရှိ များပြားစွာသော ပြဿနာများနှင့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ၏ လူမှုရေးဆိုင်ရာလုပ်ဆောင်ချက်များနှင့် သက်ဆိုင်သော ပြဿနာများမှာ -

- ထိရောက်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု။ MGE မှ ကျောက်စိမ်းတူးဖော်ရာတွင် လိုအပ်သော သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲဆိုင်ရာ စာများနှင့် သတိပေးချက်များ များစွာထုတ်ပြန်ထားသော်လည်း၊ ဖားကန့်/လုံးခင်း ဒေသ၏ သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုမှာ ထိရောက်မှု မရှိသေးပါ။

- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်း။ သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုစည်းမျဉ်းနှင့် လိုအပ်သောရာများ အတွက် လုပ်ထုံးလုပ်နည်း နှင့် လုပ်ငန်းများ မကွဲပြားခြင်းသည် တာဝန်များနှင့် ဝတ္တရားများကို မကွဲမပြားဖြစ်စေပါသည်။

- MGE ၏စွမ်းရည်၊သတ္တုတွင်းဦးစီးဌာန နှင့် ECD တို့သည် သဘာဝပတ်ဝန်းကျင်နှင့်ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းစဉ် လူမှုရေးရာ စီမံခန့်ခွဲမှု များကို စည်းကမ်းဖြင့် ထိန်းသိမ်းပါသည်။

- သတ္တုတွင်းကုမ္ပဏီများ၏ အသိပညာ၊ အတွေ့အကြုံ၊ လုပ်နိုင်စွမ်းတို့ဖြင့် သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သတ်၍ ပတ်ဝန်းကျင်နှင့်လူမှုရေးရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရမည်။

- အကြီစားနှင့်အလတ်စား သတ္တုတူးဖော်ရေးလုပ်ရှားမှုများကြောင့် ဖြစ်ပေါ်သော သိသာထင်ရှားသည့် သက်ရောက်မှုများ။ အသေးစားနှင့် လက်လုပ်လက်စားသတ္တုတူးဖော်ရေးလုပ်ငန်းများ၏ ကျန်ရစ်ခဲ့သော အမွေဆိုးကိစ္စများ။

- သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် စနစ်တကျ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုစနစ်မရှိ ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများ၊ ရေအရင်းအမြစ်များ၊ သတ္တုတွင်းတူးဖော်ရန် မြေရှင်းလင်းခြင်းကြောင့်ဖြစ်ပေါ်သော ရေအရည်အသွေး၊ မြေစာပုံများပေါ်တွင် မြေပိုင်ဆိုင်နေထိုင်ခြင်းနှင့် မြစ်၊ ချောင်းတက်၊ စမ်းချောင်းများ တိုက်စားခြင်းနှင့် အနည်အနှစ် နှန်းများကျခြင်း စသည့် သိသာထင်ရှားသည့် သက်ရောက်မှုများရှိပါသည်။

- ရေလမ်းကြောင်း ရေလက်ကြား များတွင် နှန်းများ အနည်ထိုင်ခြင်းကြောင့် ရေကြီးမှုများဖြစ်ပေါ်စေပြီး၊ ပိုင်ဆိုင်မှုများ နှင့် ကောက်ပဲသီးနှံများ ပျက်စီး ဆုံးရှုံးရပါသည်။

- ခြောက်သွေ့သောရာသီဥတု တွင် ဖုန်ထခြင်းကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် အခြားကျန်းမာရေး ထိခိုက်မှုများလည်း ဖြစ်စေပါသည်။

- ယမ်းဖောက်ခွဲမှုများကြောင့် ပိုင်ဆိုင်မှုများ ဆုံးရှုံးရကာ၊ အိပ်ဆက်မှုကိုလည်း အနှောင့်အယှက်ဖြစ်စေပါသည်။

- သတ္တုတူးဖော်ရေးဆိုင်ရာ စက်ယန္တရားများဖြင့် ကျေးရွာနှင့် အခြေကျနေရာများမှ လမ်းများကို အသုံးပြုသောကြောင့် သာယာမှုနှင့် လုံခြုံရေး စိုးရိမ်ပူပန်ရခြင်း၊

- မသင့်လျော်သော စွန့်ပစ် ပစ္စည်းများ စွန့်ပစ်ခြင်းသည် မြေဆီလွှာနှင့် ရေများကို အဆိပ် အတောက်ဖြစ်စေရုံသာမက၊ အစာအိမ်အူလမ်းကြောင်းနှင့်ဆိုင်သောရောဂါများ၊ ခြင် သို့မဟုတ် ကြွက်မှ တဆင့် ကူးဆက်တတ်သောရောဂါများနှင့် အခြားနာမကျန်းအပါအဝင် ကျန်မာရေး ဆိုးကျိုးများကို ဖြစ်ပေါ်စေပါသည်၊

- ရာဇဝတ်မှုနှင့် ကျန်းမာရေးဆိုးကျိုးများ အပါအဝင် မူးယစ်ဆေးဝါး သုံးစွဲမှုဖြစ်။လူမှုရေးအပေါ်သက် ရောက်မှု။

- ကျေးရွာများ ပြန်လည်နေရာချထားပေးရေးနှင့် အလွတ်သဘော အခြေချနေထိုင်မှုများနေရာ ချထားပေးရေး စသော လူမှုရေးဆိုင်ရာ သက်ရောက်မှုများ။

- သတ္တုတွင်းပိတ်သိမ်းခြင်းနှင့် နောက်ဆုံးမြေနေရာ အသုံးချခြင်း။

ဤဖုန်အတွင်းရှိ ရွာသားများနှင့်အများပြည်သူတို့ တင်ပြထားသော သီးခြားပြဿနာများကို အောက်ပါ **ဇယား ၉-၂** တွင်စာရင်းပြုထားရှိပါသည်။

ဇယား ၉-၂ ။ ဤဇုန်အတွင်းရှိ အဖွဲ့အစည်းများ၏ ရှုထောင့်အကျဉ်းချုပ်

ကဏ္ဍ	အဖွဲ့အစည်းများ၏ ရှုထောင့်အကျဉ်းချုပ်
စီးပွားရေး	• ကျောက်စိမ်းတူးဖော်ခြင်းသည် ဒေသခံများ၏ အဓိကဝင်ငွေဖြစ်ပါသည်။
လူမှုရေး	• မူးယစ်ဆေးဝါးသုံးစွဲခြင်းမှာ အဓိက ပြဿနာတစ်ခုဖြစ်သည်။ • ကျူးလွန်သောပြစ်မှုအများစုမှာ မူးယစ်ဆေးကြောင့်ဖြစ်သည်။ ဥပမာ - ခိုးခြင်း။ • ပြင်းထန်သော ဖောက်ခွဲမှုများကြောင့် အကြားအာရုံထိခိုက်ခြင်း။
လုံခြုံမှု	• ယာဉ်အသွားအလာ နှင့် လမ်းများ မတော်တဆမှုများသည် စိုးရိမ်ဖွယ်ရာဖြစ်ပါသည်။
သဘာဝပတ်ဝန်းကျင်	• သတ္တုတွင်းနှင့် နီးစပ်သောဇရိယာအတွင်း နေထိုင်သူများ၏ မြေယာတည်ငြိမ်ရေး။ • အချို့ချောင်းလက်တက်များတွက် စွန့်ပစ်ကျောက်များနှင့် ပိတ်စို့နေသောကြောင့် မိုးရာသီတွင် ရေကြီးခြင်းမှာ အဓိက ပြဿနာဖြစ်လာသည်။ • သတ္တုတွင်း တူးဖော်နေစဉ်အတွင်း ဖုန်သည်အဓိက ပြဿနာဖြစ်သည်။ • အဖွဲ့ဝင်များသည် ရရှိနိုင်သော ရေပမာဏ အတွက် စိုးရိမ်ပူပန်ခြင်းများ ရှိနေကြသည်။ • ပို့ဆောင်ရေး၊ တော်ရိုင်း တိရိစ္ဆာန် များနှင့် ပတ်သတ်ကာ အတိတ်မှ အကြောင်းအရာများ ရှိခဲ့ပါသည်။

၁၀။ အကောင်အထည်ဖော်ဆောင်ခြင်း

ဤအပိုင်းတွင် EMP ကို အကောင်အထည်ဖော်ရန် အကူးအပြောင်းဆိုင်ရာကြိုတင် အစီအစဉ်များ၊ ခန့်မှန်းကုန်ကျစရိတ်များနှင့်အစီရင်ခံခြင်းနည်းလမ်းများအပါအဝင် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆန်းစစ်ခြင်း စသည့် တာဝန်ဝတ္တရားများကို စီစဉ်ဖော်ပြထားပါသည်။

၁၀-၁။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အကောင်အထည်ဖော်ဆောင်ခြင်း တာဝန်ဝတ္တရားများ

ကျောက်စိမ်းတူးဖော်သည့် ကုမ္ပဏီတိုင်းသည် ဤအစီအစဉ်ကို အကောင်အထည်ဖော်ရန် တာဝန်ရှိပြီး တူးဖော်သည့် လုပ်ငန်းများ၏ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် အရင်းအမြစ်များ အလုံအလောက် ပံ့ပိုးပေးရမည်။ အလုပ်သမားအားလုံး၏ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် သက်ဆိုင်သော ဥပဒေ ပြဋ္ဌာန်းချက်စည်းမျဉ်းများ၊ စီမံခန့်ခွဲမှုလုပ်ဆောင်ချက်များ၊ EMP တွင် ပါဝင်သည့် အကြမ်းဖျဉ်း ရေးဆွဲထားသော လုပ်ထုံးများနှင့် ECD မှ ထုတ်ပြန်ထားသော ဆက်စပ်လမ်းညွှန်ချက်၊ အသိပေးချက်၊ အမိန့် သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာလိုက်နာဆောင်ရွက်မှုရှိကြောင်း အသိအမှတ်ပြုလက်မှတ်များနှင့် ကိုက်ညီရန် တာဝန်ရှိသည်။

၁၀-၂။ အကူးအပြောင်းကာလ အစီအမံများ

ဤ EMP သည် လုံးခင်း/ဖားကန့် ရတနာနယ်မြေအတွင်း ကျောက်စိမ်းတူးဖော်ရာနေရာရှိ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ လုပ်ဆောင်နိုင်စွမ်းများ ပိုမိုတိုးတက်ရေးဆီသို့ သွားရန် ပထမခြေလှမ်းဖြစ်ပါသည်။ EMP သည် အကြီးစားကျောက်စိမ်းတူးဖော်ခြင်း၊ လက်လုပ်လက်စားနှင့် အသေးစားကျောက်စိမ်း တူးဖော်ခြင်းနှင့် ရွှေကျင်/ရွှေတူးခြင်းတို့၏ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ သက်ရောက်မှုများကို စီမံခန့်ခွဲခြင်းအတွက် အနိမ့်ဆုံးရှိရမည့်စံကို ချမှတ်ပေးသည်။ ဤ EMP သည် မြန်မာအမျိုးသားအဆင့် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ သို့မဟုတ် EMP ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စီမံခန့်ခွဲမှု စီမံကိန်းနှင့်လုပ်ထုံးများတွင် ညွှန်းဆိုထားသည့် နိုင်ငံတကာစံနှုန်းများကို အပြည့်အဝ အကောင်အထည်ဖော်ရန် မဆိုလိုပါ။ EMP သည် ပတ်ဝန်းကျင်၊ လူထုအသိုက်အဝန်းများနှင့် လူများအတွက် အမြင့်ဆုံး အန္တရာယ်များကို ညွှန်းဆိုဖော်ပြပေးပါသော လမ်းညွှန်ချက်များနှင့် စံနှုန်းများကိုသာ ရှေးရှုထားပါသည်။

ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ၊ ဌာနများနှင့် MGE၊ ကချင်ပြည်နယ်အစိုးရဝန်ကြီးများနှင့် ဌာနများ၊ အထူးသဖြင့် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများနှင့် ၎င်းတို့၏ ကိုယ်စားလှယ် အဖွဲ့အစည်းများ - MGJEA တို့သည် လိုအပ်သော အရင်းအမြစ်များ ပံ့ပိုးပေးရမည်ဖြစ်ကာ EMP ကို အကောင်အထည်ဖော်ကျင့်သုံးရန် လိုအပ်သော သင်တန်းများနှင့်အထောက်အပံ့တို့ကို ရရှိမည်ဖြစ်ပါသည်။

ဤ EMP ကို အကောင်အထည်ဖော်ခြင်းအတွက် အကူးအပြောင်းဆိုင်ရာ အစီအစဉ်များမှာ-

- ပထမနှစ် – ရင်းမြစ်များနှင့် သင်တန်းပေးခြင်း အပါအဝင် အကောင်အထည်ဖော်ခြင်းအတွက် မူဘောင် ရေးဆွဲရန်။
- ဒုတိယနှစ် မှ ပဉ္စမနှစ်အထိ – EMP ကို အကောင်အထည်ဖော်ရန် လိုအပ်သည်။
- ဆဋ္ဌမနှစ် – တူးဖော်ရေးကုမ္ပဏီများ၏ စွမ်းဆောင်ရည်၊ ဒေသတွင်းစောင့်ကြပ်ကြည့်ရှုမှု၊ EMP ၏ ပြည်စုံ အသုံးဝင်မှုရှိခြင်းတို့ကို သုံးသပ်ကာ ဒေသတွင်းစောင့်ကြပ်ကြည့်ရှုမှုမဟာဗျူဟာ ရှိချက်များကို ဖြည့်သွင်းရန်၊ EMP ကို ပြင်ဆင်ကာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအား အပြည့် အဝလိုက်နာရန် လိုအပ်သည်။
- သတ္တမနှစ်ပြီး နောက်ပိုင်း– EMP သုံးသပ်ပြင်ဆင်ချက်များကို ငါးနှစ်တစ်ကြိမ် သုံးသပ်စီမံခန့်ခွဲရန်။

ပထမနှစ် – EMP အကောင်အထည်ဖော်ရန် မူဘောင်ရေးဆွဲခြင်း

EMP ကို အကောင်အထည်ဖော်ကျင့်သုံးရန် လိုအပ်သော ရင်းမြစ်များကိုရယူကာ လေ့ကျင့်သင်ကြားမှုများပြုလုပ်ရမည်။

အနိမ့်ဆုံးဖြည့်ဆည်းပေးရန် လိုအပ်သော ရင်းမြစ်များ

အစိုးရဝန်ကြီးဌာနများ၊ ဌာနခွဲများနှင့် MGE တို့အတွက် အောက်ပါရင်းမြစ်များ လိုအပ်သည်-

ပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးရေးအရာရှိများ -

- စစ်ဆေးမှုများ ဆောင်ရွက်ရန်၊ သတ္ထုတွင်း လုပ်ငန်းလည်ပတ်မှုများကို နှစ်စဉ် သို့မဟုတ် ရှောင်တခင် စစ်ဆေးခြင်း။
- သတ္ထုတွင်းကုမ္ပဏီများမှ နှစ်စဉ်အစီရင်ခံစာများကို သုံးသပ်ပြီး ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဆောင်ရွက် ချက် မရှိသောနေရာများတွင် ဆောင်ရွက်ရန်များကို အကြံပြုရန်။
- လူထု၏ တိုင်ကြားချက်များနှင့် စိုးရိမ်မှုများအား ဖြေရှင်းရန်အတွက် လူထုအခြေပြုအဖွဲ့များ၊ သတ္ထုတွင်း ကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်ရန်။

သတ္ထုတွင်းစစ်ဆေးသူများသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေ (ပြဋ္ဌာန်းထားသော) အရ လိုက်နာရန် လိုအပ်ချက်များအတိုင်း ရွှေကျင်ခြင်းနှင့် ကျောက်စိမ်းရှာဖွေခြင်းကို စည်းကမ်းထိန်းသိမ်းရမည်။

ပတ်ဝန်းကျင်ဆိုင်ရာ အရာရှိများသည် လုံးခင်း/ဖားကန့် သို့မဟုတ် မြစ်ကြီးနားတွင် အခြေစိုက်သင့်သည်။

သတ္ထုတူးဖော်ရေး ကုမ္ပဏီများအတွက် ပတ်ဝန်းကျင်နှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ အရာရှိသည် -

- EMP ကို အကောင်အထည်ဖော်ရမည်။
- ဤ EMP တွင် တင်ပြထားသော စီမံခန့်ခွဲမှု ဆောင်ရွက်ချက်များ၊ လုပ်ထုံးများကို အလုပ်သမား အားလုံး အား သင်တန်းပေးရမည်။
- မြန်မာ့ကျောက်မျက်ရတနာဥပဒေအောက်တွင် ထုတ်ပြန်သော အသိပေးချက်များနှင့် လမ်းညွှန်ချက်များ မှတဆင့် လိုအပ်သည်မှန်သမျှနှင့် ပြောင်းလဲနိုင်သော လိုအပ်ချက်များကို အကြောင်းကြားရင်း ပတ်ဝန်း ကျင်ဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် ပတ်သက်ပြီး တူးဖော်ရေးကုမ္ပဏီများနှင့် အလုပ်သမားများ အား အကြံဉာဏ်ပေးရန်ဖြစ်သည်။
- ဤ EMP ပါ စီမံခန့်ခွဲမှု အစီအစဉ်များနှင့် လုပ်ထုံးများတွင် တင်ပြထားသော စစ်ဆေးရေး၊ စောင့်ကြပ် ကြည့်ရှုရေး လိုအပ်ချက်များကို ဆောင်ရွက်ရန်ဖြစ်သည်။
- သတ္ထုတွင်းကုမ္ပဏီများ၏ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဖော်ပြသော နှစ်စဉ် အစီရင်ခံစာ များကို ပြင်ဆင်ရန်ဖြစ်သည်။
- ဤ EMP ပါ နည်းလမ်းများ အတိုင်း အရေးပေါ်အခြေအနေများကို တုံ့ပြန်၊ ထိန်းချုပ်ရန် ဖြစ်သည်။

သင်တန်းပေးရာတွင် မဖြစ်မနေလုပ်ဆောင်ရမည့် အချက်များ

ဤ EMP ကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုအစိုးရနှင့် ကချင်ပြည်နယ်အစိုးရတို့ ၏ ပတ်ဝန်း ကျင်ဆိုင်ရာ အရာရှိများကို လေ့ကျင့်သင်တန်းပေးရန် လိုအပ်ပါသည်။ ယင်းတွင် အောက်ပါတို့ ပါဝင်သည်။

- ပတ်ဝန်းကျင်စီမံခန့်ခွဲအစီအစဉ် (EMP) ဘက်စုံသင်တန်းပေးခြင်းနှင့်လိုက်နာမှုကို ဆုံးဖြတ်သည့် နည်း လမ်း နှင့် မဖြစ်မနေလုပ်ကိုင်စေသည့် နည်းလမ်း။
- ပတ်ဝန်းကျင်စီမံခန့်ခွဲအစီအစဉ် (EMP) ဘက်စုံသင်တန်းပေးခြင်းမှ လေ့လာသင်ယူခဲ့သော ကျွမ်းကျင်မှု များကို အသုံးချလျက် သတ္ထုတွင်း လုပ်ငန်း လုပ်ကိုင်နေရာတွင် တိုက်ရိုက် ညွှန်ကြားချက်ခြင်း။
- နှစ်စဉ် မွမ်းမံသင်တန်းပေးခြင်း။

သတ္ထုတွင်းကုမ္ပဏီလုပ်သားများကိုလည်း သင်တန်းပေးရန်လိုသည်။ အနည်းဆုံး အောက်ပါ အလုပ်သမားများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲအစီအစဉ် (EMP) ဘက်စုံသင်တန်းပေးခြင်း ကို တက်ရောက် ရမည်ဖြစ်သည်။

- သတ္ထုတွင်း ပိုင်ရှင် သို့မဟုတ် ပိုင်ရှင်များ။
- သတ္ထုတွင်း မန်နေဂျာ။
- သတ္ထုတွင်း ပတ်ဝန်းကျင်နှင့် ဘေးကင်းရေးဆိုင်ရာအရာရှိ။
- အလုပ်ခွင်ကြီးကြပ်ရေးမှူးများ (ဥပမာ- သတ္ထုတွင်းလုပ်ငန်းခွင်၊ ပြင်/ထိန်းဌာန၊ အလုပ်သမားတန်း လျားနှင့် ကွပ်ကဲရေးရုံး စသဖြင့်)။

သင်တန်းတွင် အောက်ပါတို့ ပါဝင်သည်။

- ပတ်ဝန်းကျင်စီမံခန့်ခွဲအစီအစဉ် (EMP) ဘက်စုံသင်တန်းပေးခြင်းနှင့်လိုက်နာမှုကို ဆုံးဖြတ်ပုံ၊ အတင်း လိုက်နာခိုင်းပုံ။
- အပြည့်အစုံသင်တန်းပေးခြင်းမှ လေ့လာသင်ယူခဲ့သော ကျွမ်းကျင်မှုများကို အသုံးချမှုပေါ်တွင် လုပ်ငန်း ခွင်တွင် တိုက်ရိုက်ညွှန်ကြားချက်ပေးခြင်း။
- နှစ်စဉ် မွမ်းမံသင်တန်းပေးခြင်း။

ပတ်ဝန်းကျင်နှင့်ဘေးကင်းရေးအရာရှိတို့သည် ဤ EMP ကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော လုပ်သားအားလုံးကို သက်ဆိုင်ရာတာဝန်များအလိုက် သင်တန်းပေးရန် တာဝန်ရှိသည်။

ဒုတိယနှစ်မှ ပဉ္စမနှစ် – EMP ကို အကောင်အထည်ဖော်ခြင်း

ကျောက်စိမ်းတူးဖော်သည့် ကုမ္ပဏီအားလုံးသည် EMP ကို မဖြစ်မနေ အကောင်းအထည်ဖော်ရမည်။ EMP ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော လုပ်ထုံးလုပ်နည်းကို ဆုံးဖြတ်ပေးရမည်ဖြစ်ကာ သတ္ထုတွင်းကုမ္ပဏီအားလုံးနှင့် ဆက်သွယ်သွားမည်ဖြစ်သည်။

ဤကာလအတွင်း ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ သက်ရောက်မှုများကို စီမံခန့်ခွဲခြင်းအတွက် EMP တွင် ပါရှိသော စီမံခန့်ခွဲမှုအစီအမံများနှင့် အစီအစဉ်များ လုံလောက်မှုကို ဆုံးဖြတ်ခြင်းမှသည် ပြည့်စုံသော အခြေခံစည်းမျဉ်းကို ချမှတ်ရန် ဒေသတွင်း စောင့်ကြပ်ကြည့်ရှုခြင်းကို ပြုလုပ်သွားပါမည်။

ဆဋ္ဌမနှစ် – စွမ်းဆောင်ရည်နှင့် EMP လုံလောက်မှုကို သုံးသပ်ခြင်း

EMP လုံလောက်မှုရှိခြင်းကို သုံးသပ်ရန် ဒေသတွင်း စောင့်ကြည့်ထိန်းချုပ်ခြင်း၊ တူးဖော်ရေး ကုမ္ပဏီများမှ နှစ်စဉ် အစီရင်ခံခြင်း၊ ဖြစ်ရပ် အစီရင်ခံစာများမှ တွေ့ရှိချက်များ၊ အစိုးရနှင့် လွတ်လပ်သော စစ်ဆေးသူများကို အသုံးပြုသွားမည်။

ချွတ်ယွင်းချက်များနှင့် ပြောင်းလဲလိုက်သော ပြဋ္ဌာန်းချက်ဆိုင်ရာ လိုအပ်ချက်များကို ညွှန်းဆိုပြရန် EMP ကို ပြန်လည်တည်းဖြတ်ပါမည်။ ၎င်းကို ဆက်စပ်သော အမျိုးသားပတ်ဂန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်းချက်များကို အပြည့်အဝလိုက်နာရန် လိုအပ်ခြင်းနှင့် နိုင်ငံတကာ စံညွှန်း၊ အလေ့အကျင့်ကောင်းများ ပျက်ကွက်ခြင်းများအတွက် ၎င်းကို ပြင်ဆင်ခြင်းဖြစ်ပါသည်။

သတ္တမနှစ်မှ ရှေ့သို့ – ငါးနှစ်တစ်ကြိမ် သုံးသပ်ခြင်း

EMP ၏ လုံလောက်မှုနှင့် ပြောင်းလဲရန် လိုအပ်မှု ရှိ/မရှိ ဆုံးဖြတ်ရန် ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ပါမည်။ **အပိုင်း ၁၃** ကို ကြည့်ပါ။

၁၈-၃ ။ အကောင်အထည်ဖော်ဆောင်ရန်အတွက် ရည်ညွှန်းကုန်ကျစရိတ်

EMP ကို အကောင်အထည်ဖော်ဆောင်ရာတွင် လိုအပ်သည့် သင်တန်းနှင့်စီမံခန့်ခွဲမှုအစီအစဉ်၊ လုပ်ထုံးလုပ်နည်းများအတွက် ကုန်ကျစရိတ်သတ်မှတ်မှုများလိုအပ်မည်ဖြစ်ပါသည်။ သတ္တုတွင်းလုပ်သားများနှင့်ကြိုးကြပ်ရေးမှူးများကို သင်တန်းပို့ချရန် လိုအပ်သည့် ခန့်မှန်းခြေဘားဂျက်ကို EMP ၏ ဇယား ၁၈-၁ တွင် ဖော်ပြထားပါသည်။ ယခုကုန်ကျစရိတ်သည် ထိရောက်မှုရှိပြီး စျေးသက်သာစေရန် သတ္တုတွင်းများမှ သတ္တုတွင်းမန်နေဂျာများ၊ ကြိုးကြပ်ရေးမှူးများနှင့်အလုပ်သမားများကို အားလုံးအတွက် သင်တန်းပို့ချပေးရန် ဖြစ်ပါသည်။ EMP ကို အကောင်အထည်ဖော်ဆောင်ရန် ကုန်ကျမည့်စရိတ်ကို ဇယား (၁၈-၂)။ အောက်ပါ ကုန်ကျစရိတ်တွင် ဆောက်လုပ်ရေးပစ္စည်းများနှင့်နှုန်းစံကန်များတည်ဆောက်မည့် ကုန်ကျစရိတ်များ မပါဝင်ပါ။

ဇယား ၁၈-၁ ။ EMP အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သည့် သင်တန်းပို့ချရေးအတွက် ခန့်မှန်းကုန်ကျစရိတ်

သင်တန်းပေးခြင်း	တည်နေရာ	စရိတ် (USD)	စရိတ် (Kyats)
သင်တန်းများ ကြိုတင်ပြင်ဆင်ခြင်း		$၁၉,၀၀၀ မှ $၂၂,၀၀၀	၂၅,၉၇၈,၃၂၀ မှ ၃၀,၀၈၀,၁၆၀
ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) သင်တန်းပေးခြင်း။	မြစ်ကြီးနား	$၄၉,၀၀၀ မှ $၅၆,၀၀၀	၆၆,၉၉၆,၇၂၀ မှ ၇၆,၅၆၇,၆၈၀
EMP အသုံးချခြင်းကို လက်တွေ့လုပ်ငန်းခွင်တွင် လေ့ကျင့်ပေးခြင်း	ဖားကန့်/လုံးခင်	$၃၇,၀၀၀ မှ $၄၂,၀၀၀*	၅၀,၅၈၉,၃၆၀ မှ ၅၇,၄၂၅,၇၆၀
မွမ်းမံသင်တန်း	မြစ်ကြီးနား	$၄၉,၀၀၀ မှ $၅၆,၀၀၀	၅၀,၅၈၉,၃၆၀ မှ ၅၇,၄၂၅,၇၆၀
ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) သင်တန်းပေးခြင်း	နေပြည်တော်	$၄၉,၀၀၀ မှ $၅၆,၀၀၀%	၅၀,၅၈၉,၃၆၀ မှ ၅၇,၄၂၅,၇၆၀
မွမ်းမံသင်တန်း	နေပြည်တော်	$၄၉,၀၀၀ မှ $၅၆,၀၀၀	၅၀,၅၈၉,၃၆၀ မှ ၅၇,၄၂၅,၇၆၀

* ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) သင်တန်းပေးခြင်းနှင့် တဆက်တည်းပြုလုပ်လျှင် - ခရီးတစ်ခုအတွင်း

% အခြားသင်တန်းများနှင့် တဆက်တည်းလုပ်ဖြစ်ပါက စရိတ်လျော့သွားနိုင်ပါသည်။

ဇယား ၁၈-၂ ။ EMP အကောင်အထည်ဖော်ဆောင်ရန် ခန့်မှန်းကုန်ကျစရိတ်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တွင် ပါဝင်သော အစိတ်အပိုင်းများ	လုပ်ငန်းစဉ်များ	တာဝန်ဝတ္တရားများ/အရင်းအမြစ်	ခန့်မှန်းကုန်ကျစရိတ် (USD)	ခန့်မှန်းကုန်ကျစရိတ် (ကျပ်)
ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်	EMP ကို အကောင်အထည်ဖော်ခြင်းအတွက် သတ္တုတွင်းကြီး အတွက် အရာရှိ (၂) ဦး နှစ်စဉ် လစာ။	သတ္တုတွင်းမန်နေဂျာ ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။	၅၀ ၀၀၀	၆၈ ၃၀၀ ၀၀၀၀
လေအရည်အသွေးနှင့်ဖုန် စီမံခန့်ခွဲရေး အစီအစဉ်	နှစ်စဉ် လေအရည်အသွေး စောင့်ကြပ်ကြည့်ရှုခြင်း၊ နေရာ (၂) ခု စောင့်ကြပ်ကြည့်ရှုခြင်း (၃) ကြိမ်အ တွက် ခွင့်ပြုပေးချေငွေ။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ ရေ အရည်အသွေး အတိုင်ပင်ခံ။	၃၆ ၀၀၀	၄၉ ၁၇၆ ၀၀၀
ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှု အစီအစဉ်	သတ္တုတူးဖော်မည့်နေရာတွင် ဂေဟစနစ်ဆိုင်ရာ စစ်တမ်းကောက်ယူခြင်း၊ အဆိုပြုနေရာရှိ ဇီဝမျိုး စုံမျိုးကွဲများ တည်နေရာမြေပုံဆွဲရန် တစ်ကြိမ် ကုန်ကျစရိတ်၊ ရာသီအလိုက် ပြောင်းလဲမှုကို စစ်တမ်းကောက်ရန် (၂) ကြိမ်ခန့်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ အတွေ့အကြုံရှိ ဂေဟ စနစ်ပညာရှင်	၁၂ ၀၀၀	၁၆ ၃၉၂ ၀၀၀
ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသော ပစ္စည်များစီမံခန့်ခွဲမှု အစီအစဉ်	သီးခြား သို့လှောင်မည့်နေရာများထားရှိရန်၊ တည်ဆောက်ရေး/ဘောင်ဖြစ်ပြုလုပ်၍ သို လှောင်မည့် ပစ္စည်းများ ဝယ်ယူခြင်း အတွက် တစ်နှစ်စာငွေ။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ အလုပ်ရုံ ကြီးကြပ်ရေးမှူး	၁ ၀၀၀	၁ ၃၆၆ ၀၀၀
ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသော	ဘောင်ကာထားသော လောင်စာဆီသိုလှောင် မည့်နေရာများ၊	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး	၂ ၅၀၀	၃ ၄၁၅ ၀၀၀

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တွင် ပါဝင်သော အစိတ်အပိုင်းများ	လုပ်ငန်းစဉ်များ	တာဝန်ဝတ္တရားများ/အရင်းအမြစ်	ခန့်မှန်းကုန်ကျစရိတ် (USD)	ခန့်မှန်းကုန်ကျစရိတ် (ကျပ်)
ပစ္စည်များစီမံခန့်ခွဲမှု အစီအစဉ်	ဘောင်ဒီဖိုင်းများအတွက် သာ တစ်နှစ်စာငွေ။	အရာရှိ။ အလုပ်ရုံ ကြီးကြပ်ရေးမှူး		
ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသော ပစ္စည်များစီမံခန့်ခွဲမှု အစီအစဉ်	ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသောပစ္စည်း စွန့်ပစ်ခြင်း၊ သင့်လျော်ပြီး အရည်အသွေးပြည့် သောကန်ထရိုက်တာမှ လာရောက်သယ်ယူပြီး စွန့်ပစ်ပေးခြင်းအတွက် တစ်နှစ်စာငွေ ပမာဏ အနည်းငယ်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ အလုပ်ရုံကြီးကြပ်ရေးမှူး သင့်လျော်သည့် အရည်အချင်းရှိ ကန်ထရိုက်တာ	၂ ၀၀၀	၂ ၇၃၂ ၀၀၀
ဓာတုပစ္စည်းများနှင့်အန္တရာယ်ရှိသော ပစ္စည်များစီမံခန့်ခွဲမှု အစီအစဉ်	လောင်စာနှင့်ဆီ ဖိတ်စင်မှုကို ဇီဝနည်းဖြင့်ကုသ သည့်နည်းကို သုံး၍ရှင်းလင်းခြင်း၊ မြေဩဇာနှင့် ရေစိုခံ ရွက်ဖျင်များဝယ်ယူခြင်းအတွက် တစ်နှစ် စာကုန်ကျစရိတ်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ အလုပ်ရုံ ကြီးကြပ်ရေးမှူး	၅ ၀၀၀	၆ ၈၃၀ ၀၀၀
လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးများ	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိများ၏ တာဝန်တွင် ထည့်သွင်းထား ပါသည်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းမန်နေဂျာ	-	-
နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်း နည်းစနစ်	အငြင်းပွားမှုများနှင့်တိုင်ကြားချက်များကို ဖြေရှင်းရန် ဒေသခံလူ့အဖွဲ့များနှင့်လစဉ် အစည်းအဝေးပြုလုပ်ခြင်း၊ အစည်းအဝေးအတွက် လိုအပ်သည့် အစားအသောက်များနှင့်	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းမန်နေဂျာ	၃ ၀၀၀	၄ ၁၉၈ ၀၀၀

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တွင် ပါဝင်သော အစိတ်အပိုင်းများ	လုပ်ငန်းစဉ်များ	တာဝန်ဝတ္တရားများ/အရင်းအမြစ်	ခန့်မှန်းကုန်ကျစရိတ် (USD)	ခန့်မှန်းကုန်ကျစရိတ် (ကျပ်)
	အစည်းအဝေး အတွက်လိုအပ်သည့်ပစ္စည်းများ - USD 250 - တစ်နှစ်စာ (၁၂) လအတွက်။			
အများပြည်သူ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်လုံခြုံရေး စီမံခန့်ခွဲမှု အစီအစဉ်	ကျန်းမာရေးစစ်တမ်းကို ရွာ (၂) ရွာ၊ တစ်ရွာလျှင် အိမ်ခြေ (၃၀)၊ တစ်အိမ်လျှင် လူ(၅) ယောက်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ၊ သတ္တုတွင်း မန်နေဂျာ	၇၅၀၀	၁၀ ၂၄၅ ၀၀၀
အများပြည်သူ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်လုံခြုံရေး စီမံခန့်ခွဲမှု အစီအစဉ်	ကျန်းမာရေး ဘေးအန္တရာယ်ရှိမှု ဆန်းစစ်ခြင်း။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ၊ သတ္တုတွင်း မန်နေဂျာ	၅၀၀၀	၆ ၈၃၀ ၀၀၀
အများပြည်သူ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်လုံခြုံရေး စီမံခန့်ခွဲမှု အစီအစဉ်	ကျန်းမာရေး ဦးစီးဌာနနှင့်ကျန်းမာရေး ဝန်ဆောင်မှုများပေးသည့် တတိယအဖွဲ့အစည်းများနှင့် (၆) လတစ်ကြိမ်အစည်းအဝေးလုပ်ရန်။ သောက်ဖွယ်များနှင့်အစည်းအဝေးဆိုင်ရာ ပစ္စည်းများအတွက် တစ်ကြိမ်လျှင် (ဒေါ်လာ ၂၅၀) စသည်ဖြင့်။ တစ်နှစ်လျှင် (၂) ကြိမ်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ၊ သတ္တုတွင်း မန်နေဂျာ	၅၀၀	၆၈၃ ၀၀၀
လူထုအထောက်အပံ့နှင့်ဖွံ့ဖြိုးရေး အစီအစဉ်	လူထုအကျိုးပြု ဖော်ဆောင်ရေးလုပ်ငန်းများ (CSR) အတွက် ဒေသခံ များနှင့်လစဉ်အစည်း အဝေး၊ အစည်းအဝေးအတွက် လိုအပ် သည့် အစားအသောက်များနှင့်အစည်းအဝေးအတွက် လိုအပ်သည့်ပစ္စည်းများ - USD 250 - တစ်နှစ်စာ (၁၂)	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းမန်နေဂျာ	၃ ၀၀၀	၄ ၀၉၈ ၀၀၀

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တွင် ပါဝင်သော အစိတ်အပိုင်းများ	လုပ်ငန်းစဉ်များ	တာဝန်ဝတ္တရားများ/အရင်းအမြစ်	ခန့်မှန်းကုန်ကျစရိတ် (USD)	ခန့်မှန်းကုန်ကျစရိတ် (ကျပ်)
	လအတွက်။			
ယဉ်ကျေးမှု အမွေအနှစ် စီမံခန့်ခွဲမှု အစီအစဉ်	ရှေးဟောင်းပညာရှင်များမှ သတ္တုတူးဖော်မည့် နေရာဒေသတွင် ယဉ်ကျေးမှုဆိုင်ရာ အထင်ကရ နေရာများနှင့်ပစ္စည်းများအပေါ် အကြံပေးမှုများအတွက် လက်ငင်းပေးချေမှု။ ၎င်းနေရာကို ဆန်းစစ်ရန် သို့မဟုတ် ပျက်စီးနိုင်မှုကို စစ်တမ်းကောက်ယူခြင်း။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ အရည်အချင်းရှိ ရှေးဟောင်းပညာရှင်	၅ ၀၀၀	၆ ၈၃၀ ၀၀၀
အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုနှင့်တုံ့ပြန်ခြင်း အစီအစဉ်	မီးသက်ပစ္စည်းများနှင့်ရှူးဦးသူနာပြုပစ္စည်း များဝယ်ယူရန်၊ ရေတိုင်ကီ၊ ရေစုပ်စက်၊ ပိုက်များနှင့်မီးသက်ဆေးဗူး စသည်တို့ တစ်ကြိမ်ဝယ်ယူမှု။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။	၁၂ ၀၀၀	၁၆ ၃၉၂ ၀၀၀
အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုနှင့်တုံ့ပြန်ခြင်း အစီအစဉ်	(၆) လ တစ်ကြိမ် အရေးပေါ် တုံ့ပြန်မှု ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်း၊ သင်တန်းဆရာ၊ သွားလာစရိတ်နှင့် အလုပ် သမားများကို သင်တန်းပို့ချခြင်း။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်း ကြီးကြပ်ရေးမှူး အလုပ်ရုံကြီးကြပ်ရေးမှူး အရည်အချင်းပြည့်ဘေးကင်းရေး သင်တန်းဆရာ	၅ ၀၀၀	၆ ၈၃၀ ၀၀၀

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တွင် ပါဝင်သော အစိတ်အပိုင်းများ	လုပ်ငန်းစဉ်များ	တာဝန်ဝတ္တရားများ/အရင်းအမြစ်	ခန့်မှန်းကုန်ကျစရိတ် (USD)	ခန့်မှန်းကုန်ကျစရိတ် (ကျပ်)
တိုက်စားခြင်းနှင့်အနည်ကျခြင်း ထိန်းချုပ်မှု အစီအစဉ်	မြေပေါ်ရေ စီမံခန့်ခွဲမှု အစီအစဉ် ပြင်ဆင်ခြင်း၊ (၂) နှစ်တစ်ကြိမ် ပြင်ဆင်ခြင်း။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းကြီးကြပ်ရေးမှူး အရည် အချင်း ပြည့် ဇလဗေဒပညာရှင်	၂၀ ၀၀၀	၂၇ ၃၂၀ ၀၀၀
တိုက်စားခြင်းနှင့်အနည်ကျခြင်း ထိန်းချုပ်မှု အစီအစဉ်	နန်းစစ်ကန်များ ဒီဇိုင်းရေးဆွဲခြင်း တည်ဆောက်မည့် တည်နေရာ ရှာဖွေခြင်း၊ နန်းစစ် ကန် ကနဦးဒီဇိုင်းအတွက် သတ်မှတ်ငွေကြေး။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်း ကြီးကြပ်ရေးမှူး အရည်အချင်းပြည့် ဆောက်လုပ်ရေး အင်ဂျင်နီယာ	၃၀ ၀၀၀	၄၀ ၉၈၀ ၀၀၀
တိုက်စားခြင်းနှင့်အနည်ကျခြင်း ထိန်းချုပ်မှု အစီအစဉ်	ရေအရည်အသွေးနမူနာကောက်ယူရန်လိုအပ်သည့် ပစ္စည်းများနှင့်သတ်မှတ်နေရာ (၅) ခု နှင့် field blank အပါအဝင် လစဉ် ရေအရည်အသွေး စောင့်ကြပ်ကြည့် ရှု့အတွက် ဓာတ်ခွဲ ခန်းကုန်ကျစရိတ်၊ တစ်လလျှင် နမူနာ (၆) ခု။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ အသိအမှတ်ပြု ဓာတ်ခွဲခန်း	၇ ၂၀၀	၉ ၈၃၅ ၂၀၀
ဖြစ်ရပ်များ အစီရင်ခံခြင်း လုပ်ထုံးလုပ်နည်း	ပြင်းထန်သောထိခိုက်မှုများကို စစ်ဆေးခြင်း၊ ထိုကဲ့သို့ စစ်ဆေးမှုတစ်ခုအတွက် USD1,000၊ တစ်နှစ်လျှင် (၅) ကြိမ်ခန့် သတ်မှတ်ပြင်ဆင် ထားရမည်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းမန်နေဂျာ	၅ ၀၀၀	၆ ၈၃၀ ၀၀၀

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တွင် ပါဝင်သော အစိတ်အပိုင်းများ	လုပ်ငန်းစဉ်များ	တာဝန်ဝတ္တရားများ/အရင်းအမြစ်	ခန့်မှန်းကုန်ကျစရိတ် (USD)	ခန့်မှန်းကုန်ကျစရိတ် (ကျပ်)
		သတ္တုတွင်း (သို့) အလုပ်ရုံ ကြီးကြပ်ရေးမှူး		
မြေနေရာ အသုံးချခွင့် စီမံခန့်ခွဲမှု အစီအစဉ်	မြေအသုံးချခွင့်ရရှိရေးဆောင်ရွက်ရန် သင့် လျော်ပြီး မျှတသည့် လျော်ကြေးပေးဆောင်မှု၊ မြေပိုင်ရှင်နှင့်ညှိနှိုင်းရန် လက်ငင်းပေး ချေရ မည့်ကုန်ကျစရိတ် အပြီးသတ်ပေးချေမှု။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းမန်နေဂျာ	-	-
သတ္တုတွင်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်	သတ္တုတွင်းပိတ်သိမ်းခြင်း အစီအစဉ် ပြင်ဆင် ခြင်း။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းမန်နေဂျာ သတ္တုတွင်း ကြီးကြပ်ရေးမှူး အရည်အချင်းပြည့် သတ္တုတွင်း အင်ဂျင်နီယာ	၁၀ ၀၀၀	၁၃ ၆၆၀ ၀၀၀
သတ္တုတွင်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်	မြေပေါ်ရေ စီမံခန့်ခွဲမှုကို သတ္တုတွင်းပိတ်သိမ်း မှုအစီအစဉ်တွင် ထည့်သွင်းသွားရန်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းမန်နေဂျာ သတ္တုတွင်း ကြီးကြပ်ရေးမှူး အရည်အချင်းပြည့် ဇလဗေဒပညာရှင်	၁၀ ၀၀၀	၁၃ ၆၆၀ ၀၀၀
သတ္တုတွင်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု	နောက်ဆုံးမြေပြင်သဏ္ဌာန်ဒီဇိုင်းကို သတ္တု တွင်း ပိတ်သိမ်းမှု	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး	၇ ၅၀၀	၁၀ ၂၄၅ ၀၀၀

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တွင် ပါဝင်သော အစိတ်အပိုင်းများ	လုပ်ငန်းစဉ်များ	တာဝန်ဝတ္တရားများ/အရင်းအမြစ်	ခန့်မှန်းကုန်ကျစရိတ် (USD)	ခန့်မှန်းကုန်ကျစရိတ် (ကျပ်)
အစီအစဉ်	အစီအစဉ်တွင် ထည့်သွင်း ရန်။	အရာရှိ။ သတ္တုတွင်းမန်နေဂျာ သတ္တုတွင်း ကြီးကြပ်ရေးမှူး အရည်အချင်းပြည့် မြေသားခိုင်မာမှု ဆိုင်ရာ အင်ဂျင်နီယာ ပြန်လည်ထူထောင်ရေး ကျွမ်းကျင်ပညာရှင်		
သတ္တုတွင်းနှင့်မြေစာပုံ စီမံခန့်ခွဲမှု အစီအစဉ်	သတ္တုတွင်းဒီဇိုင်းအပါအဝင် သတ္တုတွင်းအစီ အစဉ် ပြင်ဆင်ခြင်း။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းမန်နေဂျာ သတ္တုတွင်းကြီးကြပ်ရေးမှူး အရည်အချင်းပြည့်သတ္တုတွင်း အင်ဂျင်နီယာ	၁၅ ၀၀၀	၂၀ ၄၉၀ ၀၀၀
သတ္တုတွင်းနှင့်မြေစာပုံစီမံခန့်ခွဲမှု အစီအစဉ်	မြေသားခိုင်မာမှုဆိုင်ရာ အချက်အလက်များ သတ္တုတွင်း ပိတ်သိမ်းခြင်း အစီအစဉ်တွင် ထည့်သွင်းရန်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းမန်နေဂျာ သတ္တုတွင်း ကြီးကြပ်ရေးမှူး အရည်အချင်းပြည့် မြေသားခိုင်မာမှု ဆိုင်ရာ အင်ဂျင်နီယာ	၁၂ ၀၀၀	၁၆ ၃၉၂ ၀၀၀

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တွင် ပါဝင်သော အစိတ်အပိုင်းများ	လုပ်ငန်းစဉ်များ	တာဝန်ဝတ္တရားများ/အရင်းအမြစ်	ခန့်မှန်းကုန်ကျစရိတ် (USD)	ခန့်မှန်းကုန်ကျစရိတ် (ကျပ်)
ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲခြင်း အစီအစဉ်	အမျိုးသား ပတ်ဝန်းကျင် အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ သတ်မှတ် မှုများနှင့်ကိုက်ညီမှုရှိ မရှိ အတည်ပြုရန် နှစ်စဉ် ဆူညံသံ စောင့်ကြပ်ကြည့်ရှုခြင်း၊ တစ်နှစ်လျှင် (၃) ကြိမ် လုပ်ဆောင်ရန်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ အရည်အချင်းပြည့် ဆူညံသံ အတိုင်ပင်ခံ	၁၅ ၀၀၀	၂၀ ၄၉၀ ၀၀၀
အန္တရာယ်မရှိသော ပစ္စည်များ စီမံခန့်ခွဲမှု အစီအစဉ်	စွန့်ပစ်ပစ္စည်းခွဲခြား ထိန်းသိမ်းခြင်း စသည်တို့ အတွက် အမှိုက်ပုံးထားရှိရန် တစ်ကြိမ် ကုန်ကျစရိတ်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ အလုပ်ရုံ ကြီးကြပ်ရေးမှူး	၁ ၀၀၀	၁ ၃၆၆ ၀၀၀
အန္တရာယ်မရှိသော ပစ္စည်များ စီမံခန့်ခွဲမှု အစီအစဉ်	အမှိုက်ကန်များထဲတွင် အမှိုက်စွန့်ပစ်ခြင်း၊ အမှိုက်ကန်ထဲသို့ အန္တရာယ်မရှိသော စွန့်ပစ် ပစ္စည်းများ စွန့်ပစ်ခြင်းအတွက် လစဉ် စီမံအုပ်ချုပ်မှု ကုန်ကျစရိတ်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ အလုပ်ရုံ ကြီးကြပ်ရေးမှူး	၆ ၀၀၀	၈ ၁၉၆ ၀၀၀
အန္တရာယ်မရှိသော ပစ္စည်များ စီမံခန့်ခွဲမှု အစီအစဉ်	အမှိုက်ကန် တည်ဆောက်မှုအတွက် ထည့်ဝင်ခြင်း၊ နှစ် (၂) တစ်ကြိမ် ကုန်ကျစရိတ်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ အလုပ်ရုံ ကြီးကြပ်ရေးမှူး	၂ ၀၀၀	၂ ၇၃၂ ၀၀၀
လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်	လက်ရှိအလုပ်သမားများအားလုံးကိုအလုပ်ခွင် အတွက် ကျန်းမာရေးသင့်လျော်မှုရှိ မရှိ ဆေးစစ်ခြင်း၊ အလုပ်သမား	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။	၅၀ ၀၀၀	၆၈ ၃၀၀ ၀၀၀

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တွင် ပါဝင်သော အစိတ်အပိုင်းများ	လုပ်ငန်းစဉ်များ	တာဝန်ဝတ္တရားများ/အရင်းအမြစ်	ခန့်မှန်းကုန်ကျစရိတ် (USD)	ခန့်မှန်းကုန်ကျစရိတ် (ကျပ်)
	(၅၀၀) အတွက် တစ်ဦးလျှင် USD 100 ။	သတ္တုတွင်းမန်နေဂျာ အရည်အချင်းပြည့် ဆရာဝန်		
လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်	အလုပ်သမားအသစ်များအတွက် အလုပ်ခွင်ကျန်းမာရေးသင့်လျော်မှု ဆေးစစ်ခြင်း။ တစ်နှစ်လျှင် အလုပ်သမား (၅၀) ခန့် - တစ်ဦးလျှင် USD 100။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းမန်နေဂျာ အရည်အချင်းပြည့် ဆရာဝန်	၅ ၀၀၀	၆ ၈၃၀ ၀၀၀
လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်	PPE နှင့် အလုပ်သမားများကို ၄င်းတို့၏ အသုံး ချုပ်ကို သင်တန်းပို့ချပေးခြင်း၊ အလုပ်သမား (၅၀၀) အတွက် တစ်ဦးလျှင် USD 25 ခန့်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ အလုပ်ရုံကြီးကြပ်ရေးမှူး သတ္တုတွင်း ကြီးကြပ်ရေးမှူး	၁၂ ၅၀၀	၁၇ ၀၇၅ ၀၀၀
လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်	PPE နှင့် အလုပ်သမားများကို ၄င်းတို့၏ အသုံး ချုပ်ကို သင်တန်းပို့ချပေးခြင်းအတွက် နှစ်စဉ် ကုန်ကျစရိတ်၊ တစ်နှစ်လျှင် အလုပ်သမား (၅၀) - တစ်ဦးလျှင် USD 25။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ အလုပ်ရုံကြီးကြပ်ရေးမှူး သတ္တုတွင်း ကြီးကြပ်ရေးမှူး	၁ ၂၅၀	၁ ၇၀၇ ၅၀၀
လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်	ရှေးဦးသူနာပြုပစ္စည်းများ ပံ့ပိုးခြင်းနှင့် ၄င်းတို့၏ အသုံးပြုပုံ သင်တန်းပို့ချခြင်း။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။	၂ ၅၀၀	၃ ၄၁၅ ၀၀၀

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တွင် ပါဝင်သော အစိတ်အပိုင်းများ	လုပ်ငန်းစဉ်များ	တာဝန်ဝတ္တရားများ/အရင်းအမြစ်	ခန့်မှန်းကုန်ကျစရိတ် (USD)	ခန့်မှန်းကုန်ကျစရိတ် (ကျပ်)
		အရည်အချင်းပြည့် ဆရာဝန် (သို့) သူနာပြု (သို့) အရေးပေါ်ယာဉ် အရာရှိ		
လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်	ယမ်းခွဲပုံ ဒီဇိုင်း၊ ယမ်းခွဲခြင်းအတွေ့အကြုံရှိ သတ္တုတွင်းအင်ဂျင်နီယာအတွက် တစ်နှစ်စာ လစာနှင့်ရပိုင်ခွင့်များ။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းမန်နေဂျာ ယမ်းခွဲမှု အရည်အချင်းရှိ သတ္တုတွင်း အင်ဂျင်နီယာ	၂၇ ၀၀၀	၃၆ ၈၈၂ ၀၀၀
ပြန်လည်ထူထောင်ရေး စီမံခန့်ခွဲမှု အစီအစဉ်	ပြန်လည်စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင် များပျိုးထောင်ရန် ပျိုးခင်းထူထောင်ခြင်း အတွက် တစ်ကြိမ်ကုန်ကျစရိတ်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းကြီးကြပ်ရေးမှူး ပျိုးပင် ကြီးကြပ်ရေးမှူး	၁၅ ၀၀၀	၂၀ ၄၉၀ ၀၀၀
ပြန်လည်ထူထောင်ရေး စီမံခန့်ခွဲမှု အစီအစဉ်	ပျိုးခင်းထိန်းသိမ်းရေးအတွက် တစ်နှစ်စာ ကုန်ကျစရိတ်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းကြီးကြပ်ရေးမှူး ပျိုးပင် ကြီးကြပ်ရေးမှူး	၁၅ ၀၀၀	၂၀ ၄၉၀ ၀၀၀

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တွင် ပါဝင်သော အစိတ်အပိုင်းများ	လုပ်ငန်းစဉ်များ	တာဝန်ဝတ္တရားများ/အရင်းအမြစ်	ခန့်မှန်းကုန်ကျစရိတ် (USD)	ခန့်မှန်းကုန်ကျစရိတ် (ကျပ်)
ပြန်လည်ထူထောင်ရေး စီမံခန့်ခွဲမှု အစီအစဉ်	ပြန်လည်စိမ်းလန်းစိုပြည်ရေးအတွက် ဗာတီဗာ (Vertiver) မြက်၊ အခြားအစေ့များနှင့် ပစ္စည်းများ ဝယ်ယူပို့ဆောင်ခြင်း။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းကြီးကြပ်ရေးမှူး ပျိုးပင် ကြီးကြပ်ရေးမှူး	၅၀၀၀	၆ ၈၃၀ ၀၀၀
ပြန်လည်ထူထောင်ရေး စီမံခန့်ခွဲမှု အစီအစဉ်	သင့်လျော်သည့် မျိုးစိတ်နှင့်ပြန်လည်ထူ ထောင်ရေးနည်းလမ်းများအတွက် အကြံပေးခြင်း။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။ သတ္တုတွင်းကြီးကြပ်ရေးမှူး ပျိုးပင်ကြီးကြပ်ရေးမှူး အရည်အချင်းပြည့် ရုက္ခဗေဒပညာရှင်/သစ်ပင်ပန်းမန် ကျွမ်းကျင်သူ	၁၀ ၀၀၀	၁၃ ၆၆၀ ၀၀၀
ရေ စီမံခန့်ခွဲမှု အစီအစဉ်	လစဉ် ရွာများနှင့်အတည်တကျပြုလုပ်ထား သော ရေတွင်းများ (တွင်းအနက်သာလျှင်)၊ ရွာများနှင့်အခြေချနေထိုင်သောနေရာများသို့ သွားရောက်သည့် စရိတ်။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိ။	၆၀၀၀	၈ ၁၉၆ ၀၀၀
အလုပ်သမားတန်းလျားစီမံခန့်ခွဲမှု	စစ်ဆေးခြင်းနှင့်အစီရင်ခံခြင်းအတွက် သတ်မှတ်ငွေကြေး။	ပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး	၆၀၀၀	၈ ၁၉၆ ၀၀၀

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် တွင် ပါဝင်သော အစိတ်အပိုင်းများ	လုပ်ငန်းစဉ်များ	တာဝန်ဝတ္တရားများ/အရင်းအမြစ်	ခန့်မှန်းကုန်ကျစရိတ် (USD)	ခန့်မှန်းကုန်ကျစရိတ် (ကျပ်)
အစီအစဉ်		အရာရှိ။ အလုပ်စခန်း ကြီးကြပ်ရေးမှူး		
		တစ်ကြိမ် စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်	**၁၆၁ ၈၀၀**	**၂၁၉ ၉၂၆ ၈၀၀**
		နှစ်စဉ် စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်	**၂၀၅ ၄၅၀**	**၂၈၀ ၆၄၄ ၇၀၀**
		နှစ်ဝက် စုစုပေါင်းခန့်မှန်း (၂) နှစ်တစ်ကြိမ် ကုန်ကျစရိတ်	**၇၉ ၈၀၀**	**၁၀၇ ၉၁၄ ၈၀၀**

*ဖွန်လ ၂၀၁၇ ခုနှစ် မှ ဖွန်လ ၂၀၁၈ ခုနှစ်အတွင်း ပျမ်းမျှ ငွေလဲဈေးနှုန်း - USD 1 = MMK 1,366

၁၁။ စောင့်ကြပ်ကြည့်ရှု့ရန်လုပ်ဆောင်ရမည့်အချက်များနှင့် ကုန်ကျစရိတ်

စီမံခန့်ခွဲမှုအစီအစဉ်နှင့်လုပ်ထုံးလုပ်နည်း တစ်ခုစီအတွက် အထူးစစ်ဆေးခြင်းနှင့်စောင့်ကြပ်ကြည့်ရှု့ရန် လုပ်ဆောင်ရမည့်အချက်များကို ဤ EMP တွင် ထည့်သွင်းတင်ပြထားပြီး စစ်ဆေးမှုနှင့် စောင့်ကြပ်ကြည့်ရှု့ရမည့် အကြိမ်အရေအတွက်ကိုလည်း ထည့်သွင်းထားပါသည်။ စစ်ဆေးခြင်းနှင့်စောင့်ကြပ်ကြည့်ရှု့ခြင်း လုပ်ဆောင်ရန် ခန့်မှန်းကုန်ကျမည့်စရိတ်များကို အပိုင်း (၁၀-၃) အကောင်အထည်ဖော်ဆောင်ရေး ညွှန်းပြဘားဂျတ်တွင် သတ်မှတ်ဖော်ပြထားပါသည်။

တူးဖော်နေသောလုပ်ငန်းများ၏ ဇရိယာအကျယ်အဝန်းကို အတိအကျ ရှင်းလင်းစွာမသိရသောကြောင့် လက်ရှိသတ္ထုတွင်းများ၏နေရာပမာဏနှင့် လုပ်ငန်းစီစဉ်ပုံများသည် မြေပေါ်ရေနှင့်ရေဆိုးစွန့်ထုတ် ပေါက်တို့မှလွဲပြီး သတ္ထုတွင်းတစ်တွင်းစီကို သီးသန့်စောင့်ကြပ်ကြည့်ရှုရန် ခက်ခဲစေပါသည်။ အရေးကြီးလှသည့် လေနှင့်ရေ အရည်အသွေး စံနှုန်းကို သတ်မှတ်ရန်သင့်တော်သည့် လမ်းညွှန်ချက်အဆင့်များ ရရှိနိုင်အောင် ကျောက်စိမ်းတူးဖော်ခြင်း၏ သက်ရောက်မှု (ထိခိုက်မှု)ဆိုသည်ကို ကျယ်ကျယ်ပြန့်ပြန့်နားလည်ရန် အရေးကြီးပါသည်။

အနာဂတ်ပြောင်းလဲမှုများကို စောင့်ကြည့်ရန်အတွက် အခြေခံသတ်မှတ်ချက် ပေါ်ထွန်းလာစေရန် ဒေသတွင်း စောင့်ကြပ်ကြည့်ရှုရေးကွန်ရက်နှင့် စီမံချက်တို့မှ လိုအပ်သောအချက်အလက်များကို ပံ့ပိုးပေးရမည်။ ဒေသတွင်း စောင့်ကြပ်ကြည့်ရှုရေး ကွန်ရက်သည် ဇုန်အားလုံးပါဝင်သည့် လုံးခင်း/ဖားကန့်ရတနာနယ်မြေတစ်ခုလုံးနှင့် အကျုံးဝင်အောင် အစီအစဉ်ရေးဆွဲသင့်ပါသည်။ ၎င်းသည် အဓိကသတ်မှတ်ချက်များအတွက် ထိန်းချုပ်မှုနှင့်ထိခိုက်မှုစောင့်ကြည့်ရေးနေရာများပါ ထည့်သွင်းနိုင်လောက်စေရန် ကျယ်ပြန့်ရမည်။ ကွန်ရက်များ၊ စောင့်ကြည့်ရမည့်သတ်မှတ်ချက်တာများ၊ အကြံပြုထားသည့် အကြိမ်ရေနှင့် စောင့်ကြပ်ကြည့်ရှုရမည့် ကာလတို့အတွက် အခြေခံလိုအပ်ချက်များကို အောက်တွင် ခန့်မှန်းကုန်ကျစရိတ်နှင့်အတူ ဆွေးနွေးထားပါသည်။ စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်ကို သင့်တော်သော အရည်အသွေးပြည့်မီသည့် သိပ္ပံပညာရှင်သို့မဟုတ် လေနှင့်ရေ အရည်အသွေး စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ ကျွမ်းကျင်သူ တစ်ဦးကရေးဆွဲ၊ အကောင်အထည်ဖော်သင့်သည်။

၁၁-၁။ ဒေသတွင်း စောင့်ကြပ်ကြည့်ရှုရေး ကွန်ရက်

လေနှင့်ရေ အရည်အသွေးအတွက် ဒေသတွင်း စောင့်ကြပ်ကြည့်ရှုရေး ကွန်ရက်တစ်ခုကို တည်ထောင်ရမည်ဖြစ်ကာ အောက်ဖော်ပြပါအတိုင်း ထိန်းချုပ်ခြင်းနှင့် ထိခိုက်မှု စောင့်ကြပ်ကြည့်ရှုရာနေရာများ ပါဝင်ရမည်။

ရေအရည်အသွေး

- သတ္ထုတူးဖော်နေသောနှင့် သတ္ထုတူးဖော်ရန်အလားအလာရှိသော ရေဝေရေလဲဒေသမှ ထိခိုက်မှုမရှိသော ရေလမ်းကြောင်းတို့ ၏ မြစ်ဖျားပိုင်းဒေသမှ ထိန်းချုပ်ရေး နေရာများ။
- သတ္ထုတွင်းတူးဖော်ခြင်းမပြုမီအခြေအနေများနှင့်ပုံစံတူသည့် လုပ်ကွက်နှင့်နီးသော ထိခိုက်မှုမရှိသည့် ဥရုချောင်း၏ ရေဝေရေလဲဒေသမှ ထိန်းချုပ်ရေးနေရာများ။
- ဖုန်တစ်ခုစီ၏ ဥရုချောင်းမြစ်ညာနှင့် မြစ်ကြေပိုင်းရှိ ထိခိုက်မှု စောင့်ကြပ်ကြည့်ရှုရာ နေရာများ။
- ဖုန်အသီးသီးသို့ စီးဆင်းသွားသော ဥရုချောင်း၏ အဓိက ချောင်းလက်တက်များမှ ထိခိုက်မှု စောင့်ကြပ်ကြည့်ရှုရေး နေရာများ။ ယင်းနေရာများသည် သတ္ထုတွင်း တူးဖော်နေသော နေရာ၏ မြစ်ညာပိုင်းတွင် ရှိသင့်၍ ဥရုချောင်းနှင့် ချောင်းလက်တက်ဆုံရာ ချောင်းဆုံ၏အထက် ကပ်လျက်နေရာတို့တွင် ရှိသင့်သည်။
- အဓိက သတ္ထုတွင်းရေကန်ကြီးများမှ ထိခိုက်မှု စောင့်ကြပ်ကြည့်ရှုရေးနေရာများ။
- ဖုန်တစ်ခုစီရှိ ကျေးရွာသောက်သုံးရေ ရရှိရာ ရင်းမြစ်များ (ဥပမာ၊ ရေတွင်း သို့မဟုတ် စမ်းပေါက်) ကို ကိုယ်စားပြု အရွေးချယ်ခံနေရာများမှ ထိခိုက်မှု စောင့်ကြပ်ကြည့်ရှုရာ နေရာများ။

လေအရည်အသွေး

ဖုန်တစ်ခုစီရှိ ကိုယ်စားပြုလုပ်ငန်းခွင်များ ဆိုလိုသည်မှာ လေညစ်ညမ်းမှုနှင့် အမှုန်အမွှားများ အတိုင်းအတာတစ်ခုအထိ ဖြစ်ပေါ်နေသော လုပ်ငန်းခွင်များ။ တိုင်းတာရေးကိရိယာ အစုစု၏ လုံခြုံမှုအတွက် MGE နှင့် ဒေသခံ အုပ်ချုပ်ရေးလုပ်ငန်းများ ပါဝင်နိုင်သည်။

၁၁-၂။ စောင့်ကြပ်ကြည့်ရှုရေး သတ်မှတ်ချက်အတိုင်းအတာ

သယံဇာတ ထုတ်ယူရေး လုပ်ငန်းများအတွက် စောင့်ကြည့်ရမည့် လေအရည်အသွေးနှင့် ရေအရည်အသွေး သတ်မှတ်ချက်များကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် အသေးစိတ်ဖော်ပြထားသည်။ ရေအရည်အသွေး သတ်မှတ်ချက်များနှင့် လမ်းညွှန်ချက်တန်ဖိုးများကို ဇယား ၁၁-၁ တွင် စာရင်းပြုစုထားပြီး လေအရည်အသွေး သတ်မှတ်ချက်များနှင့် လမ်းညွှန်ချက်တန်ဖိုးများကို ဇယား ၁၁-၂ တွင် ဖော်ပြထားပါသည်။

ဇယား ၁၁-၁ ။ လျှံကျရေနှင့် စွန့် ပစ်ရေ ထုတ်လွှတ်မှု သတ်မှတ်ချက်လမ်းညွှန်များ

သတ်မှတ်ချက်	ယူနစ်	အများဆုံး ပါဝင်မှု
ဇီဝဓေဒဆိုင်ရာ အောက်ဆီဂျင် လိုအပ်ချက် (BOD)	mg/L	၃၀
ဓာတုဗေဒဆိုင်ရာ အောက်ဆီဂျင်လိုအပ်ချက် (COD)	mg/L	၁၂၅
ဆီနှင့်အမဲဆီ	mg/L	၁၀
pH	S.U.[a]	၆-၉
Coliform bacteria စုစုပေါင်း	100 mL	၄၀၀
နိုက်ဒရိုဂျင် စုစုပေါင်း	mg/L	၁၀
ဖော့စဖရက်(စ်) စုစုပေါင်း	mg/L	၂
ဖျော်ဝင်အစိုင်အခဲ စုစုပေါင်း (TSS)	mg/L	၅၀

*သတ်မှတ်ထားသော စံယူနစ်။

ဇယား ၁၁ -၂ ။ လေထုတ်လွှတ်မှုအတွက် ယေဘုယျသတ်မှတ်ချက်လမ်းညွှန်များ

သတ်မှတ်ချက်	ပျမ်းမျှကာလ	လမ်းညွှန်တန်ဖိုး (µg/m^3)
နိုက်ထရိုဂျင် ဒိုင်အောက်ဆိုက်	၁-နှစ် ၁-နာရီ	၄၀ ၂၀၀
အိုဇုန်း	၈-နာရီ နေ့စဉ်အများဆုံး	၁၀၀
အမှုန်ပါဝင်သည့်အရာ PM_{10}	၁-နှစ် ၂၄-နာရီ	၂၀ ၅၀
အမှုန်ပါဝင်သည့်အရာ $PM_{2.5}$	၁-နှစ် ၂၄-နာရီ	၁၀ ၂၅
ဆာလဖာ ဒိုင်အောက်ဆိုက်	၂၄-နာရီ ၁၀-မိနစ်	၂၀ ၅၀၀

ရည်ညွှန်း၊ - WHO, 2005, PM_{10} အမှုန်ပါဝင်သည့်အရာ အချင်း ၁၀ မိုက်ခရိုမီတာ သို့မဟုတ် ယင်းအောက် $PM_{2.5}$ အမှုန်ပါဝင်သည့်အရာ အချင်း ၂.၅ မိုက်ခရိုမီတာ

၁၁-၃ ။ စောင့်ကြပ်ကြည့်ရှုရေး ကြိမ်ရေနှင့် အချိန်ကာလ

ရေနမူနာကို လစဉ်ရယူရမည်ဖြစ်ပြီး ဒေသတွင်းရှိ ရေအရည်အသွေး၏ ကာလရှည်မှတ်တမ်းတစ်ခုရရှိရန် လုံခင်း/ဖားကန့် သတ္ထုတူးဖော်ရေး လုပ်ဆောင်သရွေ့ လစဉ်ဆက်လက်ဆောင်ရွက်သွားသင့်သည်။

ပန်းကျင်လေထုပတ်ပန်းကျင်ရှိ ရာသီအလိုက်ပြောင်းလဲမှုကို သိနိုင်ရန် လေအရည်အသွေး နမူနာများကို နှစ်နှစ်ဆက်တိုက် ရယူစုဆောင်းသင့်ပါသည်။ နှစ်နှစ်ကြာပြီးနောက် စောင့်ကြပ်ကြည့်ရှုခြင်းကို သုံးသပ်သင့်ပြီး အစီအစဉ်ကို ဆက်လက်လုပ်ဆောင်ရန် လို/မလို ဆုံးဖြတ်ရန် ရလဒ်များ အကဲဖြတ်မှုအား နောက်ဆက်တွဲ လုပ်ဆောင်သင့်သည်။

၁၁-၄ ။ ခန့်မှန်းကုန်ကျစရိတ်

ဒေသတွင်း စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်ကို MGE မှ ထောက်ပံ့မှုဖြင့် ပတ်ပန်းကျင်ဆိုင်ရာထိန်းသိမ်းစောင့်ရှောက်ရေးဌာနက စီမံသင့်ပါသည်။ မြေပေါ်ရေနှင့် ရေစွန့်ထုတ်သည့်နေရာများကို စောင့်ကြပ်ကြည့်ရှုရုံမှလွဲ၍ သတ္ထုတွင်း အသီးသီးအတွက် သီးခြား စောင့်ကြပ်ကြည့်ရှုရေး စီမံချက်များ လိုအပ်တော့ မည်မဟုတ်သောကြောင့် ယခုစီမံကိန်းအား သတ္ထုတွင်းကုမ္ပဏီများအားလုံးမှ စုပေါင်းအကုန်အကျခံ သင့်သည်။ စောင့်ကြည့်ရေး အစီအစဉ်အတွက် ပြဆိုထားသော စရိတ်ကို ဇယား ၁၁-၃ တွင် ဖော်ပြထားသည်။

ဇယား ၁၁-၃။ စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်ကို အကောင်အထည်ဖော်ရန် ရည်ညွှန်းကုန်ကျစရိတ်

အမျိုးအမည်	စရိတ်အတိုင်းအတာ (USD) (တစ်လ)	စရိတ်အတိုင်းအတာ (ကျပ်) (တစ်လ)
ပတ်ပန်းကျင်ဆိုင်ရာ အရာရှိ	ဒေါ်လာ ၁,၅၀၀ မှ ၂,၀၀၀	၂,၀၅၀,၉၂၀ မှ ၂,၇၃၄,၅၆၀ ကျပ်
ရေအရည်အသွေး နမူနာယူသည့် ကိရိယာပစ္စည်း (နေရာ ၅၀ ခန့်)	ဒေါ်လာ ၁,၀၀၀ မှ ၂,၀၀၀	၁,၃၆၇,၂၈၀ မှ ၂,၇၃၄,၅၆၀ ကျပ်
သောက်သုံးနိုင်သော ရေအပါအဝင် ရေအရည်အသွေးကို ဓာတ်ခွဲခန်းတွင် စစ်ဆေးစရိတ်များ (နေရာ ၅၀ ခန့်)	ဒေါ်လာ ၅,၀၀၀ မှ ၇,၀၀၀	၆,၈၃၆,၄၀၀ မှ ၉,၅၇၀,၉၆၀ ကျပ်
လေအရည်အသွေး နမူနာယူသည့် ကိရိယာပစ္စည်း	ဒေါ်လာ ၁၈,၀၀၀ မှ ၂၅,၀၀၀ (တစ် ယူနစ်)	၂၄,၆၁၁,၀၄၀ မှ ၃၄,၁၈၂,၀၀၀ ကျပ်

လက်ရှိ ငွေလဲနှုန်း မြန်မာငွေ ၁ ကျပ် = ၀.၀၀၀၇၃ US dollar

၁၁-၅ ။ ဇီဝမျိုးစုံ မျိုးကွဲများကို စောင့်ကြပ်ကြည့်ရှုခြင်း

ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲရေး အစီအစဉ်တွင် သတ္ထုတူးဖော်ရေးလုပ်ငန်းများ မစတင်မီ သဘာဝအတိုင်း တည်ရှိနေသည့် နေရာများတွင် ကုန်းနေ၊ ရေနေ ဇီမျိုးစုံမျိုးကွဲများ အခြေခံလေ့လာမှုကို ဆောင်ရွက်ရန်မှာ လိုအပ်ချက်တစ်ခုအဖြစ် ပါဝင်ပါသည်။ ယင်းလေ့လာမှုများ၏ ရလဒ်များသည် ထိုစောင့်ကြည့်လေ့လာရေး အတွက် လိုအပ်ချက်နှင့် လေ့လာမည့်နယ်ပယ်ကို အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

This page has been intentionally left blank

၁၂။ စစ်ဆေးခြင်းနှင့် စစ်ဆေးရန်လုပ်ဆောင်ရမည့်အချက်များ

EIA လုပ်ထုံးလုပ်နည်း (၂၀၁၅)၊ စာပိုဒ် - ၉၉ အရ စီမံကိန်းအဆိုပြုသူသည် ၄င်းတို့၏ တည်ဆောက်ဆဲကာလ၊ တည်ဆောက်စဉ်၊ လုပ်ငန်းလည်ပတ်ချိန်၊ လုပ်ငန်းသိမ်းခြင်း၊ ပိတ်သိမ်းခြင်းနှင့်ပိတ်သိမ်းပြီးအလွန် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သတ်မှတ်ချက်များနှင့်အညီ ပြီးပြည့်စုံစွာ စဉ်ဆက်မပျက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

စီမံခန့်ခွဲရေးအစီအစဉ်များတွင် သတ်မှတ်ထားသော စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းတို့အပြင် အောက်ပါ ဆန်းစစ်မှုများကို သတ္တုတူးဖော်သည့်ကာလအတွင်း လုပ်ဆောင်ရမည် -

- ECD သို့မဟုတ် လွတ်လပ်သောအတိုင်ပင်ခံများမှ ဤ EMP ၏ ပြီးမြောက်မှုကို နှစ်စဉ် အကဲဖြတ်ဆန်းစစ်ရမည်။
- ဤ EMP ၏ အလုပ်ပြီးမြောက်မှုကို အကဲဖြတ်ရန် ECD မှ ရှောင်တခင် စစ်ဆေးရမည်။
- လူသေဆုံးခြင်း၊ မြေပြိုမှု သို့မဟုတ် အကြီးစားမတ်ပြုပျက်စီးမှုတစ်ခုဖြစ်ပြီးနောက် ECD က သီးခြားစစ် ဆေးခြင်းများပြုလုပ်ရမည်။

ဆန်းစစ်မှု၏ရလဒ်များကို အကြီးစားသတ္တုတွင်းတူးဖော်ရေးလုပ်ငန်းမှ မန်နေဂျာ၊ သတ္တုတွင်းပတ်ဝန်း ကျင်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အရာရှိနှင့် လက်လုပ်လက်စားနှင့် အသေးစား သတ္တုတူးဖော်ရေးလုပ်ငန်းမှ သတ္တုတွင်းပိုင်ရှင်တို့နှင့် ဆွေးနွေးရမည်။ သဘောတူညီထားမှုနှင့် မကိုက်ညီမှုမှန်သမျှကို ဖော် ထုတ်ရန် လုပ်ဆောင်မှုများနှင့် အချိန်သတ်မှတ်ချက်ကိုလည်း ဆွေးနွေးပါ။

အောက်ပါ အချက်အလက်များကိုအသုံးပြု၍ EMP လိုက်နာမှုကို အကဲဖြတ်ရမည်-

- လမ်းညွှန်ထားသည့်သတ်မှတ်ချက်အတိုင်းအတာများအတိုင်း လိုက်နာမှုကိုပြသောအချက်များကို စောင့် ကြပ်ကြည့်ရှု့ ခြင်း။
- သင့်တော်သည့် စစ်ဆေး၊ စောင့်ကြည့်မှုကို ပြသောလိုက်နာမှုကို စစ်ဆေးရန်စာရင်းများနှင့်အလုပ်ပြီး မြောက်မှုစံနှုန်းကိုက်ညီ စစ်ဆေးခြင်း။ ။
- ဖြစ်ရပ်များအားသင့်တော်သည့် စုံစမ်းစစ်ဆေးမှုပြုလုပ်ထားခြင်းနှင့် တားဆီးကာကွယ်မှု၊ ပြုပြင်တည့်မတ်ဆောင်ရွက်ချက်များ အကောင်အထည်ဖော်ခြင်းကို ပြသသော ဖြစ်ရပ်အစီရင်ခံခြင်း။
- လူထု၏ နစ်နာမှုများကို သိရှိကြောင်း ပြသသောစာရင်းရေးသွင်းထားမှု၊ လူထု၏ စိုးရိမ်ပူပန်မှုများနှင့် ပြဿနာများကို အသိအမှတ်ပြုခြင်း၊ စုံစမ်းခြင်းနှင့်ပိတ်သိမ်းခြင်းကို ပြသောမှတ်တမ်း။
- စစ်ဆေးမှု အစီရင်ခံစာများနှင့်ကိုက်ညီခြင်းမရှိသည်များအတွက် ပြင်ဆင်ဆောင်ရွက်မှုများကို အကောင် အထည်ဖော်ခြင်း။

သတ္တုတွင်းကုမ္ပဏီများသည် စစ်ဆေးမှု အစီရင်ခံစာများ အားလုံး၏ မိတ္တူများကို ထိန်းသိမ်းထားရမည်။

This page has been intentionally left blank

၁၃။ အစီရင်ခံရန် လုပ်ဆောင်ရမည့်အချက်များ

ဤ EMP အတွက် အစီရင်ခံရာတွင် လုပ်ဆောင်ရမည်များကို အောက်တွင် ရှင်းလင်းစွာတင်ပြထားပါသည်။

၁၃-၁ ။ ဖြစ်ရပ်များအစီရင်ခံခြင်း

ဖြစ်ရပ်အစီရင်ခံခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်ပျက်မှုအားလုံးကို စုံစမ်းစစ်ဆေးပြီး အစီရင်ခံရမည်။

၁၃-၂။ နှစ်စဉ်တိုင်တန်းချက် အစီရင်ခံစာ

သတ္ထုတွင်းကုမ္ပဏီသည် ပတ်ဝန်းကျင်ဆိုင်ရာသတ်မှတ်ချက်များကို လိုက်နာမှုရှိကြောင်း အောက်ပါတို့ ပါဝင်သည့် နှစ်ပတ်လည်အစီရင်ခံစာတစ်စောင်ကို ပြင်ဆင်ရမည်ဖြစ်သည် -

- ဤ EMP ၏လုပ်ဆောင်ရမည့်အချက်များနှင့် တိုက်ဆိုင်၍ အလုပ်ပြီးမြောက်မှုကို သုံးသပ်ချက်များ။
- ထိုနှစ်အတွက် စစ်ဆေးမှုနှင့်စောင့်ကြည့်မှု ရလဒ်များ (လိုက်နာမှုကို စစ်ဆေးသည့် ဇယား) အနှစ်ချုပ်။
- ထိုနှစ်အတွက် သိသာသောပြင်ဆင်ဆောင်ရွက်ချက်များရှိပါက မှတ်ချက်ပြုထားသော ဖြစ်ရပ် အစီရင်ခံစာအနှစ်ချုပ်များ။
- ထိုနှစ်အတွက် လုပ်ဆောင်ပြီး စစ်ဆေးမှု အနှစ်ချုပ်များ။
- ထိုနှစ်အတွက် အထင်ကရ ပတ်ဝန်းကျင်ဆိုင်ရာ အောင်မြင်မှုများ အကျဉ်း။
- ဤ EMP ၏ လုပ်ဆောင်ရမည့်အချက်များနှင့်တိုက်ဆိုင်၍ အလုံးစုံသော ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ လုပ်ဆောင်ချက်များ ပြီးမြောက်မှု အဆိုပြုဖော်ပြချက်။

မှတ်ချက်ပေးရန်နှင့်သုံးသပ်ရန်အတွက် နှစ်စဉ် ပတ်ဝန်းကျင်ဆိုင်ရာ အစီရင်ခံစာ မိတ္တူတစ်စုံကို MGE နှင့် ECD သို့ ပေးပို့ရမည်ဖြစ်ပြီး လူထုအခြေပြုအဖွဲ့(များ) အတွက်လည်း သိရှိနိုင်အောင် ပြုလုပ်ပေးထားရမည်။

ဖားကန့်/ လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်	
ဖြစ်ရပ်များ အစီရင်ခံခြင်း လုပ်ထုံးလုပ်နည်းများ	
Version: Rev1	ရက်စွဲ။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ (၃၁) ရက်

၁။ ရည်ရွယ်ချက်

သတ္တုတူးဖော်ခြင်းလုပ်ငန်းများကြောင့် တိုက်ရိုက်အကျိုးသက်ရောက်ခြင်းဖြစ်စေ သွယ်ဝိုက်သောအားဖြင့် သဘာဝဘေးအန္တရာယ်များမှတဆင့်ဖြစ်စေ ဖြစ်ရပ်အမျိုးမျိုးဖြစ်ပွားနိုင်ပါသည်။ သတ္တုတူးဖော်စဉ်အတွင်း ဖြစ်ပွားတတ်သော ဖြစ်ရပ်များမှာ ပစ္စည်းကိရိယာများ နှင့် စက်ယန္တရားများ ပျက်စီးချို့ယွင်းခြင်း၊ ယာဉ်တိုက်မှုဖြစ်ခြင်း (သို့) ယာဉ်တိမ်းမှောက်ခြင်း၊ မထိန်းချုပ်မနိုင်သော (သို့) မမျှော်လင့်သော ပေါက်ကွဲမှုနှင့် အန္တရာယ်ရှိသော ပစ္စည်းများဖိတ်လျှံမှုတို့ဖြစ်သည်။ ဖြစ်ရပ်များသည် လူကြောင့်ဖြစ်ရသည်ဟု ဇကန်မဆိုနိုင်ဘဲ ပတ်ဝန်းကျင်၏ မူလဘေးအန္တရာယ်အခြေအနေများကြောင့်လည်း ဖြစ်ပွားနိုင်ပါသည်။ ဤကဲ့သို့သော ဖြစ်ရပ်အမျိုးအစားများတွင် မြေပြိုမှုများ၊ ရေကြီးရေလျှံမှုများနှင့် မီးလောင်မှုများပါဝင်ပါသည်။ ဖြစ်ရပ်များသည် မည်သည့် အကြောင်းတရားများကြောင့် ဖြစ်စေကာမူ လူသားတို့အား ဒဏ်ရာရရှိမှု သို့မဟုတ် ထိခိုက်နစ်နာမှုနှင့် အိုးအိမ်စည်းစိမ်များ ပျက်စီးမှု သို့မဟုတ် ဆုံးရှုံးမှုတို့ ဖြစ်စေနိုင်သလို ယင်းကဲ့သို့ မထိခိုက်သော ဖြစ်ရပ်များလည်း ဖြစ်ပေါ်နိုင်ပါသည်။

အချိန်မီ၊ ပြည့်စုံစွာ အစီရင်ခံခြင်းသည် ဖြစ်ရပ်များကိုဖြေရှင်းရာတွင် သင့်လျော်သော ကယ်ဆယ်ရေး အကူအညီများ ဖြည့်ဆည်းပေးနိုင်မှု သေချာစေရန်အတွက် လွန်စွာအရေးကြီးပါသည်။ အစီရင်ခံခြင်းသည် သတ္တုတူးဖော်စဉ်အတွင်း ဖြစ်ပွားတတ်သော ဖြစ်ရပ်များ၏ အကြောင်းတရားများ၊ ဖြစ်ပွားမှုအကြိမ်ရေ နှင့် ဖြစ်ရပ်အမျိုးအစားများကို သဘောပေါက်နားလည်ရန်အတွက် အရေးကြီးသည့်အပြင် ၎င်းနှင့်ဆက်စပ်နေသော ပတ်ဝန်းကျင်နှင့် လူမှုရေးရာထိခိုက်မှုများကို သဘောပေါက်နားလည်ရန်အတွက်လည်း အရေးကြီးပါသည်။ အစီရင်ခံခြင်းသည် ဖြစ်ရပ်များထပ်မံဖြစ်ပွားခြင်းမှကာကွယ်ရန် လိုအပ်သော ပြန်လည်ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ လက်ရှိကျင့်သုံးနေသော နည်းလမ်းများကိုသုံးသပ်ခြင်းနှင့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်တို့အတွက် တန်ဖိုးရှိသော သတင်းအချက်အလက်များ ပေးပါသည်။

ထိခိုက်မှုနည်းပါးသောဖြစ်ရပ်နှင့် မတော်တဆဖြစ်နိုင်ခြေရှိသော ဖြစ်ရပ်များအပါအဝင် ဖြစ်ရပ်များအားလုံးကို သတ္တုတွင်းကုမ္ပဏီများနှင့်အလုပ်သမားများသည် ၎င်းတို့၏ ကြီးကြပ်ရေးမှူး သို့မဟုတ် သတ္တုတွင်းမန်နေဂျာတို့ကို အစီရင်ခံသတင်းပို့ရမည်ဖြစ်သည်။ သတင်းအချက်အလက်ရယူခြင်း၊ ဖြစ်ပွားရခြင်းအကြောင်းတရားများကို ဖော်ထုတ်ခြင်းနှင့် ထပ်မံဖြစ်ပွားခြင်းမှ ကာကွယ်ရန် ဖြစ်ရပ်များအားလုံးကို စုံစမ်းစစ်ဆေးသင့်သည်။

ဖြစ်ရပ်များအစီရင်ခံခြင်းအစီအစဉ် (ယခုအစီအစဉ်)တွင် သတ္တုတွင်းတူးဖော်ခြင်းနှင့်သက်ဆိုင်သော ဖြစ်ရပ်များကို မည်သို့အစီရင်ခံရမည်ကို ဖော်ပြထားပါသည်။ ဤအစီအစဉ်သည် လုံးခင်း/ဖားကန့်ရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး အခြားကဏ္ဍများနှင့် တွဲ၍ဖတ်ရှုရန် ဖြစ်ပါသည်။

၂။ ရည်မှန်းချက်

ဖြစ်ရပ်များကို အစီရင်ခံသည့် နည်းလမ်းများ၏ ရည်မှန်းချက်များမှာ-

- သတ္တုတူးဖော်ခြင်းနှင့်ဆက်စပ်သည့် ဖြစ်ရပ်များကို အစီရင်ခံသည့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ရန်။
- ဖြစ်ရပ်များဖြစ်နိုင်ဖွယ်အကြောင်းအရင်းများနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ထိရောက်စွာသုံးသပ်နိုင်ရန်အတွက် (EMP ကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်းများ (အပါအဝင်) သတင်းအချက်အလက်များ စုဆောင်းနိုင်ရန်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ပြုပြင်တည့်မတ်ဆောင်ရွက်ချက် (Corrective action) - လုပ်ထုံးလုပ်နည်းများနှင့် မညီမညွတ်ရသည့် အကြောင်းတရားများကို ပပျောက်စေရန်နှင့် ဖြစ်ရပ်များ ထပ်မံဖြစ်ပွားရေးတို့အတွက် လုပ်ထုံးလုပ်နည်းသို့မဟုတ် လုပ်ငန်းစဉ်ပိုမိုကောင်းမွန်လာအောင် ဖြစ်ပွားခဲ့ပြီးသော အခြေအနေတစ်ရပ်အား ပြုပြင်တည့်မတ်သည့် ဆောင်ရွက်ချက်။

ဖြစ်ရပ် (Incident) - ပတ်ဝန်းကျင်၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ လုံခြုံမှု၊ ကျန်းမာရေးနှင့် လူတို့၏ အသက်မွေးဝမ်းကြောင်းအပေါ် မလိုလား မမျှော်လင့်သော သက်ရောက်မှုနှင့်/ သို့မဟုတ် အိုးအိမ်စည်းစိမ်အပေါ် သက်ရောက်မှု သို့မဟုတ် ဥပဒေနှင့်စည်းမျဉ်းပိုင်းဆိုင်ရာ လိုက်နာမှုအပေါ် သက်ရောက်မှုတို့ဖြစ်စေသော ဖြစ်ရပ်တစ်ခု သို့မဟုတ် ဖြစ်ရပ်များ။

သတ္တုတွင်းကုမ္ပဏီ (Mining company) - ကျောက်စိမ်းလုပ်ကွက်၊ နေရာတစ်ခုတွင် ကျောက်စိမ်းထုတ်လုပ်ရန်ခွင့်ပြုမိန့်ရရှိထားသော ကုမ္ပဏီ၊ အကျိုးတူကုမ္ပဏီ၊ သမအသင်းလုပ်ငန်း၊ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များ။

သဘာဝဘေးအန္တရာယ် (Natural hazard) - လူနှင့် ၎င်းတို့၏ အိုးအိမ်စည်းစိမ်များနှင့် ပတ်ဝန်းကျင်တို့အပေါ် ဆိုးကျိုးသက်ရောက်စေနိုင်သော သဘာဝအလျောက်ဖြစ်ပွားသောဖြစ်စဉ်တစ်ခု။ သဘာဝဘေးအန္တရာယ်များတွင် မြေငလျင်များ၊ မြေပြိုမှုများ၊ မုန်တိုင်းများ၊ ရေကြီးရေလျှံမှုများနှင့် မီးလောင်မှုများ ပါဝင်သည်။

မတော်တဆဖြစ်အံ့ဆဲဆဲဖြစ်ရပ် (Near miss) - ထိခိုက်အနာတရ၊ ဖျားနာမှု၊ ကျန်းမာရေးအန္တရာယ်၊ ပတ်ဝန်းကျင်ကို ထိခိုက်အန္တရာယ်ရှိမှုနှင့် အိုးအိမ်စည်းစိမ်ပျက်စီးခြင်းတို့ ဖြစ်သွားနိုင်သော မစီစဉ်ထားသည့် ဖြစ်ရပ်တစ်ခု။

လိုက်နာကျင့်သုံးမှုမရှိခြင်း (Non-conformance) - ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)နှင့်/သို့မဟုတ် သက်ဆိုင်သော ဥပဒေများ၊ စည်းမျဉ်းများ၏ပြဋ္ဌာန်းချက်များကို ပြည့်စုံအောင်လိုက်နာ မဆောင်ရွက်နိုင်မှု။

ကာကွယ်တားဆီးဆောင်ရွက်ချက် (Preventative action) - လုပ်ထုံးလုပ်နည်းများနှင့် မညီမညွတ်ဖြစ်ရသည့်အကြောင်းတရားများကို ပပျောက်စေရန်နှင့် ဖြစ်ရပ်များထပ်မံဖြစ်ပွားစေရန် လုပ်ငန်းစဉ် သို့မဟုတ် လုပ်ထုံးလုပ်နည်းကို ပိုမိုကောင်းမွန်လာအောင် အခြေအနေတစ်ရပ်မဖြစ်ပေါ်မီပြုလုပ်သော ဆောင်ရွက်ချက်။

အလုပ်သမား (Worker) - သတ္တုတွင်းကုမ္ပဏီပိုင်ရှင်များ၊ လုပ်သားများ၊ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံကန်ထရိုက်တာများနှင့် မိသားစုဝင်များအားလုံးအပါအဝင် သတ္တုတွင်းကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်နေသည့် လူပုဂ္ဂိုလ်များ။

၄။ ဆက်စပ်အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ

ဖြစ်ရပ်များကို အစီရင်ခံသတင်းပို့ လိုက်နာဆောင်ရွက်ရာတွင် အောက်ပါအခြားကဏ္ဍများမှ စီမံခန့်ခွဲမှုအစီအမံများကိုပါ တပါတည်း အကောင်အထည်ဖော်ဆောင်ရန် လိုအပ်ပါသည်။

- အရေးပေါ်အခြေအနေနှင့် ဖိတ်စဉ်မှုတုံ့ပြန်ဆောင်ရွက်ခြင်းအစီအစဉ်
- ဘေးအန္တရာယ်ရှိသည့်ပစ္စည်းများစီမံခန့်ခွဲမှုအစီအစဉ်
- သတ္တုတွင်းများနှင့်စွန့်ပစ်မြေစာပုံစီမံခန့်ခွဲမှုအစီအစဉ်
- လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး

၅။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

ဖြစ်ရပ်များ အစီရင်ခံသတင်းပို့ခြင်းနှင့် ဆက်နွယ်သော ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများကို အောက်ပါကဏ္ဍတွင် စာရင်းပြုစုထားသည်။

၅.၁။ ဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များ

ဖြစ်ရပ်များနှင့် ၄င်းဖြစ်ရပ်များကို အစီရင်ခံသတင်းပို့ခြင်းနှင့် ဆက်နွယ်သော ဥပဒေများ၊စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များမှာ-

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် အသေးစိတ်

ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် သတ်မှတ်ထားသော ဈေးနှုန်းကို လျှောက်ထားသူက သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့် အခါအသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်း တို့ကို ပြန်လည်သတ်မှတ်ရမည်။

- ပုဒ်မ ၁၆ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်-

  (က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

  (ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

  (ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။

  (ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။

  (င) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ၊

  (စ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(၂) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ် မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

- ပုဒ်မ ၃၆ အရ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းများကို လည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကိုထမ်းဆောင်ခြင်း။

Explosive Substance Act (1908) အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၃ တွင် လူအများအန္တရာယ်ဖြစ်နိုင်သည့် ပေါက်ကွဲစေသောပစ္စည်းများကို ရန်လိုမှု သို့မဟုတ် တရားမဝင် အသုံးပြုခြင်းမှ တားမြစ်ထားပြီး ထိုကဲ့သို့ အပြုအမူများအတွက် ပြစ်ဒဏ်များဖော်ပြထားပါသည်။

- ပုဒ်မ ၄ တွင် လူအများအန္တရာယ်ဖြစ်နိုင်သည့် ပေါက်ကွဲစေသောပစ္စည်းများကို ရည်ရွယ်ချက်ဖြင့် ရန်လိုမှု သို့မဟုတ် တရားမဝင် အသုံးပြုခြင်းမှ တားမြစ်ထားပြီး ထိုကဲ့သို့ အပြုအမူများအတွက် ပြစ်ဒဏ်များဖော်ပြထားပါသည်။

- ပုဒ်မ ၅ တွင် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှ သံသယရှိဖွယ် လုပ်ဆောင်မှုများအတွက် ပေါက်ကွဲစေနိုင်သောပစ္စည်းများ လက်ဝဲထားရှိခြင်းမှ တားမြစ်ထားပြီး ထိုကဲ့သို့အပြုအမူများအတွက် ပြစ်ဒဏ်များ ဖော်ပြထားပါသည်။

လူမှုဖူလုံရေးဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ ဖော်ပြထားသော လုပ်ငန်းဌာနများသည် အလုပ်သမားဝန်ကြီး ဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ သတ်မှတ်ထားသော အနည်းဆုံး အလုပ်သမားဦးရေ နှင့် အထက် အလုပ်လုပ်ကိုင်ပါက ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) တွင် လူမှုဖူလုံရေးရန်ပုံငွေတွင် ပါဝင်သော ရန်ပုံငွေများကို ဖော်ပြထားပါသည်။

- ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) အရ အလုပ်ရှင်သည် ဤဥပဒေအရ မိမိ၏ အလုပ်သမားက ပေးသွင်းရ မည့် ထည့်ဝင်ကြေးငွေကို ယင်း၏လုပ်ခထဲမှ နှုတ်ယူပြီး မိမိက ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေနှင့် အတူ သက်ဆိုင်ရာ လူမှုဖူလုံရေး ရန်ပုံငွေသို့ ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းရသည့် ကုန်ကျ စရိတ်ကိုလည်း အလုပ်ရှင်က ကျခံရမည်။

- ပုဒ်မ ၄၈ အရ အလုပ်ရှင်သည် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်အတွက် မှတ်ပုံမ တင်မနေရ ပြဌာန်းချက်များနှင့် သက်ဆိုင်သော အလုပ်သမားများက အလုပ်တွင် ထိခိုက်မှု အကျိုး ခံစားခွင့်များ ရရှိစေရန် သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ပြီး အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေသို့ ထည့်ဝင်ကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ ထည့်ဝင်၍ အာမခံထားရှိရမည်။ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် အာမခံ စနစ်အတွက် မှတ်ပုံတင်မနေရ ပြဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိသော အလုပ်သမား များအတွက် အလုပ်ရှင်များသည် မိမိတို့ ၏ ဆန္ဒအလျောက် မှတ်ပုံတင်ပြီး အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်ရန်ပုံငွေသို့ သတ်မှတ်ထား သော ထည့်ဝင်ကြေးငွေကို ပေးသွင်းပြီး အာမခံထားရှိနိုင်သည်။ အလုပ်တွင်ထိခိုက်မှု အကျိုးခံစား ခွင့် အာမခံထားရှိရေးအတွက် မှတ်ပုံတင်သည့်အခါ အလုပ်သမားသည် ဆေးသက်သေခံလက် မှတ်ကိုတင်ပြရမည်။

- ပုဒ်မ ၄၉ တွင် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေသို့ အလုပ်ရှင်က မှတ်ပုံမတင်မ နေရ မှတ်ပုံတင်၍ ဖြစ်စေ၊ အလုပ်ရှင်၏ ဆန္ဒအရ မှတ်ပုံတင်၍ ဖြစ်စေ ထည့်ဝင်ကြေးငွေ ပေးသွေးထား သော လုပ်ငန်းဌာနများ၏ အလုပ်ရှင်နှင့် အာမခံထားသူများသည် အလုပ်တွင် ထိခိုက်မှု အကျိုးခံစား ခွင့်နှင့် စပ်လျဉ်း၍ အလုပ်သမားလျော်ကြေး အက်ဥပဒေပါ ပြဌာန်း ချက်များနှင့် သက်ဆိုင်ခြင်း မရှိ စေရ။ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်အတွက် အာမခံ ထားသူတို့သည် ဤဥပဒေပါ အလုပ် တွင်ထိခိုက်မှု အကျိုးခံစားခွင့်များကိုသာ ခံစားခွင့် ရှိစေရမည်။

- ပုဒ်မ ၇၅ အရ သက်ဆိုင်သည့် လုပ်ငန်းဌာနများ၏ အလုပ်ရှင်သည် -

  (က) အောက်ပါ မှတ်တမ်းနှင့် စာရင်းများကို မှန်ကန်စွာ ပြုစုထားရှိပြီး သက်ဆိုင်ရာ လူမှုဖူ လုံရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည် -

    (၁) အလုပ်သမား နေ့စဉ် အလုပ်တက်ဆင်း မှတ်တမ်းနှင့် စာရင်းများ၊

    (၂) အလုပ်သမားအသစ် ခန့်ထားခြင်း၊ အလုပ်သမားအား အလုပ်ပြောင်းလဲ၍ အလုပ်လုပ်စေခြင်း၊ အလုပ်ရပ်စဲခြင်း၊ အလုပ်မှ ထုတ်ပယ်ခြင်းနှင့် အလုပ်မှ နုတ် ထွက်ခြင်း မှတ်တမ်းများ၊

    (၃) အလုပ်သမားအား ရာထူးတိုးမြှင့်ပေးခြင်းနှင့် လုပ်ခပေးခြင်း မှတ်တမ်းများ၊

(၄) အလုပ်ရှင်၊ မန်နေဂျာနှင့် အုပ်ချုပ်သူတို့၏ မှတ်တမ်းနှင့် စာရင်းများ၊ ယင်းတို့ အပြောင်းအလဲမှတ်တမ်းများ။

(ခ) အောက်ပါကိစ္စများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ အကြောင်းကြားရမည် -

(၁) အလုပ်သမားဦးရေ ပြောင်းလဲခြင်းနှင့် လုပ်ငန်းဌာန နေရပ်လိပ်စာ ပြောင်းလဲခြင်း၊

(၂) အလုပ်ရှင် ပြောင်းလဲခြင်း၊ လုပ်ငန်းပြောင်းလဲခြင်း၊ အလုပ်ရပ်ဆိုင်းခြင်းနှင့် အလုပ်ပိတ်သိမ်းခြင်းများ၊

(၃) အလုပ်တွင် ထိခိုက်မှုကြောင့် ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းနှင့် ရောဂါရခြင်းများ။

(ဂ) အလုပ်မှတ်တမ်းနှင့် စာရင်းများကို ဤဥပဒေအရ လူမှုဖူလုံရေးရုံးချုပ်နှင့် ဒေသဆိုင်ရာ လူမှုဖူလုံရေး အဆင့်ဆင့်တို့က တာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့ သို့မဟုတ် အရာရှိက တောင်းဆိုသည့်အခါ တင်ပြရမည်။

လျှပ်စစ်ဥပဒေ (၂၀၁၄) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၅၉ အရ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၄၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်း အထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅.၂။ အမိန့်ကြော်ငြာစာများ

မြန်မာ့ကျောက်မျက်ရတနာ ရှောင်းယယ်ရေးလုပ်ငန်း၊ ကျောက်စိမ်းတူးဖော်ရေးဌာနမှ မြန်မာ့ကျောက်မျက်ရတနာဥပဒေ (၁၉၉၅) ဥပဒေ နံပါတ် အပိုဒ် ၅၄ (ခ) အရ လုံးခင်း/ဖားကန့် ရတနာနယ်မြေအတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ဖြစ်ရပ်များအစီရင်ခံသတင်းပို့ခြင်းနှင့် ဆက်နွယ်သော အမိန့်ကြော်ငြာစာများမှာ-

- စာအမှတ် ၁၂၁/၉၉ - ၄ အောက်တိုဘာ ၁၉၉၉
- စာအမှတ် က-၃၇/၃၈၃/၂၀၁၆ - ၂၃ မေ၂၀၁၆
- စာအမှတ် က-၃၇/၂၀၉/၂၀၁၇ - ၁၆ ဖေဖော်ဝါရီ ၂၀၁၇

ဤအမိန့်ကြော်ငြာစာများကို ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအစီအစဉ် (EMP) ၏ နောက်ဆက်တွဲ ((--)) တွင် ပူးတွဲထည့်ထားသည်။

၆။ ဖြစ်ရပ်များကို အစီရင်ခြင်း နည်းလမ်းများ

ဖြစ်ရပ်များကို သတင်းပို့ရန်နှင့် စီမံခန့်ခွဲရန်နည်းလမ်းများကို အောက်တွင်ဖော်ပြထားပြီး ယှဉ်တွဲပါ ဇယား တွင်လည်း ပြသထားသည်။

(က) ဖြစ်ရပ်များ အစီရင်ခံရန် နည်းလမ်းများကို အလုပ်ခွင်နေရာအားလုံးတို့တွင် ရှင်းလင်းစွာ ဖော်ပြထား ရမည်။

(ခ) သတ္တုတွင်းရုံးခန်းနှင့် အလုပ်ခွင်နေရာအားလုံးတို့တွင် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပတ်များ ကို ရှင်းလင်းစွာ ဖော်ပြထားရမည်။

(ဂ) ဖြစ်ရပ်များအစီရင်ခံရန် လုပ်ဆောင်ရမည့် အချက်များကို အလုပ်သမားများအား လေ့ကျင့်သင် ကြားပေးရမည်။

(ဃ) ဖြစ်ရပ်တစ်ခုဖြစ်ပွားသည့်အခါ-

၁) ဖြစ်ရပ်များအား ထိန်းချုပ်ဟန့်တားရန် ဆောင်ရွက်ချက်များကို ဘေးအန္တရာယ် မရှိလျှင် ချက်ချင်း ပြုလုပ်ရမည်။

၂) အရေးပေါ်အခြေအနေနှင့်ပတ်သတ်သော အစိုးရဌာနများ၊ အဖွဲ့အစည်းများကို (အဆိုပါနေ ရာတွင်ရှိလျှင်) အကြောင်းကြားရမည်။

၃) ဖြစ်ရပ်များကို သတ္တုတွင်းမန်နေဂျာနှင့်/ သို့မဟုတ် သတ္တုတွင်းပတ်ဝန်းကျင်နှင့် ဘေးကင်း လုံခြုံရေးအရာရှိထံ ချက်ချင်းသတင်းပို့ရမည်။

၄) ဖြစ်ရပ်များတွင် အောက်ပါအချက်များပါဝင်လျှင် ၂၄ နာရီ အတွင်း စစ်ဆေးရေးအရာရှိ ချုပ် (သတ္တုတွင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်)ထံ အစီရင်ခံသတင်းပို့ပါ။

- အသက်ဆုံးရှုံးခြင်း သို့မဟုတ် ပြင်းထန်စွာဒဏ်ရာရရှိခြင်း။
- ပေါက်ကွဲခြင်း သို့မဟုတ် မီးလောင်ကျွမ်းခြင်း။
- မြေပြိုခြင်း။
- သတ္တုတွင်းမှ ပမာဏများသောရေများ စီးထွက်လာခြင်း။
- အန္တရာယ်ဖြစ်စေနိုင်သော လောင်စာနှင့် ဓာတုပစ္စည်းများ လျှံကျလာခြင်း။

၅) ဖြစ်ရပ်စတင်ဖြစ်ပွားသည့်အချိန်မှ (၇) ရက်အတွင်း ဖြစ်ရပ်အစီရင်ခံစာပုံစံကို ဖြည့်၍ သတ္တုတွင်းမန်နေဂျာ သို့မဟုတ် သတ္တုတွင်းပတ်ဝန်းကျင်နှင့် ဘေးကင်းလုံခြုံရေးအရာရှိ ထံပေးပို့ရမည်။

၆) ဖြစ်ရပ်သည် အသက်ဆုံးရှုံးခြင်း သို့မဟုတ် ပြင်းထန်စွာဒဏ်ရာရရှိခြင်း၊ ပေါက်ကွဲခြင်း(သို့) မီးလောင်ကျွမ်းခြင်း၊ မြေပြိုခြင်း၊ သတ္တုတွင်းမှ ပမာဏများသောရေများ စီးထွက်လာခြင်း၊ အန္တရာယ်ဖြစ်စေနိုင်သော လောင်စာနှင့်မတုပစ္စည်းများ လျှံကျလာခြင်း စသည်တို့ ဖြစ်လျှင် ဖြစ်ရပ်အစီရင်ခံစာပုံစံ မိတ္တူတစ်စောင်စီကို စစ်ဆေးရေးအရာရှိချုပ်နှင့် အလုပ်သမား ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(၇) ဖြစ်ရပ်သည် မာတ်လိုက်၍အသက်ဆုံးရှုံးခြင်း သို့မဟုတ် ဒဏ်ရာပြင်းထန်စွာရရှိခြင်းတို့ ပါဝင်လျှင် ဖြစ်ရပ်အစီရင်ခံစာမိတ္တူတစ်စောင်ကို စစ်ဆေးရေးအရာရှိချုပ်ထံ ပေးပို့ရမည်။ (လျှပ်စစ်ဥပဒေ)။

၈) အလုပ်သမားတစ်ဦး ၄၈ နာရီ သို့မဟုတ် ၄၈ နာရီထက်ကြာ၍ ပျောက်ဆုံးနေလျှင် ထိုအလုပ်သမား အလုပ်ခွင်မှပျောက်ဆုံးသည့် လကုန်အပြီး (၇) ရက်အတွင်း ဖြစ်ရပ်များ အစီရင်ခံစာမိတ္တူတစ်စောင်ကို စစ်ဆေးရေးအရာရှိချုပ်ထံပေးပို့ရမည်။

၉) ဖြစ်ရပ်များအစီရင်ခံစာပုံစံကို ပြန်လည်သုံးသပ်ပြီး အလားတူဖြစ်ရပ်ထပ်မံဖြစ်ပွားခြင်းကို တားဆီးနိုင်ရန် ပုံစံထဲတွင် အသေးစိတ်ဖော်ပြထားသော ပြုပြင်တည့်မတ် သို့မဟုတ် ကြိုတင်ကာကွယ် ဆောင်ရွက်ချက်များကို ဆောင်ရွက်ရမည်။

(ဂ) ဖြစ်ရပ်အစီရင်ခံစာများအားလုံးကို မှတ်တမ်းပြုလုပ်၍ ထိန်းသိမ်းထားပြီး ထိုမှတ်တမ်းကို စစ်ဆေးရေးမှူးချုပ်၊ အလုပ်သမားဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် တသီးပုဂ္ဂလစစ်ဆေးရေးအဖွဲ့များမှ တောင်းဆိုလာလျှင်အသင့် ထုတ်ပေးနိုင်ရန် ပြင်ဆင်ထားရမည်။

(စ) ဖြစ်ရပ်များ၏ တည်နေရာနှင့် အမျိုးအစားများကို စစ်ဆေးရေးအရာရှိချုပ်ထံ နှစ်စဉ် အစီရင်ခံသတင်းပို့ရမည်။

၇။ လုပ်ဆောင်ချက် စံနှုန်းများ

ဖြစ်ရပ်များအစီရင်ခံသတင်းပို့ရာတွင် လိုက်နာရမည့် ဆောင်ရွက်ချက်စံနှုန်းများမှာ-

- ဖြစ်ရပ်များအစီရင်ခံသတင်းပို့ခြင်းဆောင်ရွက်ရန် အလုပ်သမားများအား လေ့ကျင့်သင်ကြားပေးပြီးဖြစ်ခြင်း။

- ဖြစ်ရပ်အားလုံးကို သတ်မှတ်ထားသောအချိန်ကာလအတွင်း အစီရင်ခံသတင်းပို့နိုင်ခြင်း။
- အစီရင်ခံသတင်းပို့လာခြင်းမရှိသော ဖြစ်ရပ်များနှင့်ပတ်သတ်၍ တိုင်ကြားချက်များ လုံးဝမရှိခြင်းတို့ဖြစ်ပါသည်။

၈။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း ဆိုင်ရာအချက်များ

ဖြစ်ရပ်များအစီရင်ခံခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ထပ်မံဖြစ်ပွားနိုင်ခြေကို လျော့ချရန် စုံစမ်းစစ်ဆေးပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သေချာစေရန် ဖြစ်ရပ်များအစီရင်ခံခြင်းကို ပုံမှန် ပြန်လည်ဆန်းစစ်ရမည်။ လုပ်ထုံးလုပ်နည်းများ လိုက်နာကျင့်သုံးမှု ရှိမရှိဆန်းစစ်ရန် ဤအစီအစဉ်နှင့် ပူးတွဲပါ လိုက်နာဆောင်ရွက်မှုဆန်းစစ်သည့်စာရင်း (Checklist) ကို အသုံးပြု၍ ဆုံးဖြတ်ရမည်။

စစ်ဆေးခြင်း ကြိမ်နှုန်းကို အောက်ပါ **ဇယား (၁)** တွင် စီစဉ်တင်ပြထားသည်။

ဇယား (၁) စစ်ဆေးခြင်းကြိမ်နှုန်း

စောင့်ကြည့်လေ့လာခြင်း ဆောင်ရွက်ချက်များ	ကြိမ်နှုန်း
သတ္တုတွင်းရုံးခန်းနှင့် အလုပ်ခွင်နေရာများတွင် ပြသထားသော အစီရင်ခံသတင်းပို့ခြင်းနည်းလမ်းများ။	လစဉ်
သတ္တုတွင်းရုံးခန်းနှင့် အလုပ်ခွင်နေရာများတွင် ပြသထားသော အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ။	လစဉ်
ဖြစ်ရပ်များအစီရင်ခံ သတင်းပို့ခြင်းနည်းလမ်းများနှင့် ဖြစ်ရပ်တစ်ခုဖြစ်ပွားလျှင် မည်သို့လုပ်ရမည်ကို အလုပ်သမားများက သိရှိခြင်း ရှိ/မရှိ။	လစဉ်
ဖြစ်ရပ်များ အစီရင်ခံသတင်းပို့ မှတ်တမ်းများ။	လစဉ်
ဖြစ်ရပ်များကို အချိန်မီအစီရင်ခံ သတင်းပို့ထားခြင်း အထောက်အထား။	လစဉ်
အကြောင်းကြားထားသော အစီရင်ခံသတင်းပို့ခြင်းတွင် ပေါ်ပေါက်လာသော ကိစ္စရပ်များကိုင်တွယ်ဖြေရှင်းထားသည့် အထောက်အထား။	လစဉ်
ဖြစ်ရပ်များ၏တည်နေရာနှင့်အမျိုးအစား မှတ်တမ်း။	နှစ်စဉ်

၉။ ပူးတွဲပါစာရွက်စာတမ်းများ

ဖြစ်ရပ်များကို အစီရင်ခံသတင်းပို့ရန် နည်းလမ်းများ - လိုက်နာကျင့်သုံးခြင်းဆိုင်ရာ လိုက်နာမှုစာရင်း (Checklist)။

ဖြစ်ရပ်များအစီရင်ခံစာပုံစံ (Form)။

ဖြစ်ရပ်များကို အစီရင်ခံသတင်းပို့ရန် နည်းလမ်းများ။

ဖြစ်ရပ်များကို အစီရင်ခံခြင်း နည်းလမ်းများ **လိုက်နာကျင့်သုံးမှု ရှိ/မရှိ စစ်ဆေးသောစာရင်း**	
မှော်နှင့်လုပ်ကွက်အမှတ်	
သတ္တုတွင်းနှင့် ကုမ္ပဏီအမည်	
စစ်ဆေးခြင်း/ဆန်းစစ်ခြင်း လုပ်ဆောင်သူအမည်	
စစ်ဆေးခြင်း/ဆန်းစစ်ခြင်း ဆောင်ရွက်သည့်ရက်စွဲ	
လိုက်နာဆောင်ရွက်ချက်အထောက်အထား	လိုက်နာကျင့်သုံးခြင်းရှိ/မ/ရှိ (ရှိသည်/မရှိပါ)
သတ္တုတွင်းရုံးခန်းနှင့် အလုပ်ခွင်နေရာများတွင် ပြသထားသော အစီရင်ခံသတင်းပို့ခြင်းနည်းလမ်းများ။	
သတ္တုတွင်းရုံးခန်းနှင့် အလုပ်ခွင်နေရာများတွင် ပြသထားသော အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ။	
ဖြစ်ရပ်များ အစီရင်ခံသတင်းပို့ခြင်းနည်းလမ်းများနှင့် ဖြစ်ရပ်တစ်ခုဖြစ်ပွားလျှင် မည်သို့လုပ်ဆောင်ရမည်ကို အလုပ်သမားများက သိရှိမှု။	
ဖြစ်ရပ်များကို အစီရင်ခံသတင်းပို့ထားသော မှတ်တမ်းများ။	
ဖြစ်ရပ်များကို အချိန်မီအစီရင်ခံသတင်းပို့ထားခြင်း အထောက်အထား။	
အကြောင်းကြားထားသော အစီရင်ခံသတင်းပို့ခြင်းတွင် ပေါ်ပေါက်လာသော ကိစ္စရပ်များကို ဖြေရှင်းထားသော အထောက်အထားများ။	
ဖြစ်ရပ်များ၏တည်နေရာနှင့် အမျိုးအစားမှတ်တမ်း။	

ဖြစ်ရပ်အစီရင်ခံစာပုံစံ (Form)

ဤပုံစံကို သတ္တုတွင်းမန်နေဂျာ၊ သတ္တုတွင်းပတ်ဝန်းကျင်နှင့် ဘေးကင်းလုံခြုံရေးအရာရှိ၏ အကူအညီဖြင့် ဖြစ်ရပ်တွင် ပါဝင်ခဲ့သူ သို့မဟုတ် မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သူကိုယ်တိုင်က ဖြည့်ရမည်။ ဤပုံစံကို ဖြစ်ရပ်များ မတော်တဆထိခိုက်မှု ဖြစ်ခါနီးဖြစ်ရပ်များနှင့် လိုက်နာကျင့်သုံးမှုမရှိခြင်း အားလုံးအတွက် အသုံးပြုရမည်။

ဤဖြစ်ရပ်အစီရင်ခံစာသည် အောက်ပါတို့အတွက်ဖြစ်သည်-

☐ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာဖြစ်ရပ်။

☐ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ မတော်တဆထိခိုက်မှုဖြစ်ခါနီး ဖြစ်ရပ်။

☐ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဖြစ်ရပ်။

☐ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မတော်တဆထိခိုက်မှုဖြစ်ခါလုဆဲဆဲ။

☐ အိုးအိမ်စည်းစိမ်ထိခိုက်ပျက်စီးခြင်း ဖြစ်ရပ်။

☐ EMP ကို လိုက်နာကျင့်သုံးမှု မရှိခြင်း။

☐ လုံခြုံရေးဆိုင်ရာဖြစ်ရပ် (ခိုးမှု၊ ကျူးကျော်မှု၊ အဓိကရုဏ်း၊ဆူပူအုံကြွမှု)

၁။ ဖြစ်ရပ်ကို အစီရင်ခံသတင်းပို့သူ			
သတင်းပို့သူအမည်			
ဆက်သွယ်ရန်ဖုန်းနံပါတ်			
၂။ ဖြစ်ရပ်ကို သတင်းပို့ခြင်း ခံရသူ			
သတင်းပို့သူအမည်			
ဆက်သွယ်ရန်ဖုန်းနံပါတ်			
၃။ ဖြစ်ရပ်အသေးစိတ်			
ဖြစ်ရပ်ဖြစ်ပွားသည့် ရက်စွဲနှင့် အချိန်။		ဖြစ်ရပ်ကို အစီရင်ခံသတင်းပို့ခဲ့သည့် ရက်စွဲနှင့်အချိန်။	

၄။ ဖြစ်ရပ်ဖြစ်ပွားသည့် တည်နေရာ			
လုပ်ကွက်		ရွာ/အခြေချရာနေရာ	
မြို့နယ်		ခရိုင်	
တိုင်းဒေသကြီး /ပြည်နယ်			

၅။ ဖြစ်ရပ် အမျိုးအစားခွဲခြားခြင်း					
ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ ဖြစ်ရပ်					
☐	ပေါက်ကွဲခြင်း	☐	မီးလောင်ခြင်း	☐	ယာဉ်မတော်တဆဖြစ်မှု
☐	မြေပြိုခြင်း	☐	အခြား		
☐	အသက်ဆုံးရှုံးခြင်း	☐	အပြင်းအထန် ဒဏ်ရာရခြင်း	☐	အသေးအမွှားဒဏ်ရာရခြင်း
သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖြစ်ရပ်					
☐	လောင်စာ သို့မဟုတ် ဓာတုပစ္စည်းဖိတ်လျံမှု	☐	ရေစီးကြောင်း ညစ်ညမ်းခြင်း	☐	ရေစီးကြောင်း ပိတ်ဆို့ခြင်း
☐	ခွင့်ပြုချက်မရှိဘဲ သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်း	☐	ယဉ်ကျေးမှုနှင့် ဘာသာရေး ဆိုင်ရာနေရာများ ထိခိုက်စေခြင်း	☐	အခြား
ဝိုင်ဆိုင်မှုပျက်စီးခြင်း ဖြစ်ရပ်					
☐	ပစ္စည်းကိရိယာ၊ အဆောက်အအုံနှင့် အိမ်ဆုံးရှုံးခြင်း	☐	ပစ္စည်းကိရိယာ၊ အဆောက်အအုံနှင့် အိမ်ထိခိုက်ပျက်စီးခြင်း	☐	အဆောက်အအုံ သို့မဟုတ် အိမ်၏နံရံ သို့မဟုတ် ကြမ်းပြင်တွင် အက်ကွဲကြောင်းများတွေ့ခြင်း
လုံခြုံရေးဆိုင်ရာ ဖြစ်ရပ်					
☐	ပစ္စည်းကိရိယာ အခိုးခံ	☐	သတ္တုတွင်းနေရာအတွင်း	☐	သတ္တုတွင်းတူးဖော်ခြင်း

	ရခြင်း		အခွင့်မရှိသူများ ဝင်ရောက်ကျူးကျော်ခြင်း		လုပ်ငန်းလည်ပတ်မှုကို ထိခိုက်စေနိုင်သော ခိုက်ရန် ဖြစ်ပွားခြင်း သို့မဟုတ် လူအ များဆူပူအုံကြွခြင်း
၆။ ဖြစ်ရပ် ဖော်ပြချက် (ဖြစ်ရပ်၏ စုံစမ်းစစ်ဆေးချက်များအထောက်အကူဖြစ်စေရန် ဓာတ်ပုံများနှင့် ရုပ်ပုံများဖြင့်ပူးတွဲဖော်ပြပေးပါ။)					
ဖြစ်ရပ်များ ဖြစ်ပွားသောအခါ မည်သည့်အရာများ ပြုလုပ်ရမည်နည်း။					
မည်သည်တို့ ဖြစ်ပါးခဲ့သနည်း။ - ဖြစ်ရပ်ကိုတဆင့်ချင်း ဖော်ပြပါ။					
ဖြစ်ရပ်များကိုထိန်းချုပ်ဟန့်တားရန် မည်သည်တို့ကို ချက်ချင်းဆောင်ရွက်ခဲ့သနည်း။					

ဖြစ်ရပ်တွင် လူမည်မျှ ပါဝင်ပြီးထိုသူတို့ ၏ အမည်များကိုဖော်ပြပါ။
ဖြစ်ရပ်များမှ ရရှိသောထိခိုက်ဒဏ်ရာများ (သို့ မဟုတ်) အသက်ဆုံးရှုံးခြင်းကို ဖြစ်စေခဲ့သော အရာများကို ဖော်ပြပါ။
ပစ္စည်းကိရိယာများ၊ အဆောက်အအုံများ၊ နေအိမ်များအပေါ် ထိခိုက်ပျက်စီးမှုများကိုဖော်ပြပါ။
ဖြစ်ရပ်များကို ဖြေရှင်းဆုံးဖြတ်ရန် သို့ မဟုတ် ရှင်းလင်းဆောင်ရွက်ရန် မည်သည်တို့ ကို ပြုလုပ်ခဲ့သည်ကို ဖော်ပြပါ။

၇။ ဖြစ်ရပ် ဖော်ထုတ်စုံစမ်းစစ်ဆေးခြင်း
မည်သည့်အရာ (သို့) မည်သည့်အကြောင်းရင်းက ဖြစ်ရပ်ကို ဖြစ်စေခဲ့သနည်း။
ဖြစ်ရပ်များကိုဖြေရှင်းဆုံးဖြတ်ရန် သို့မဟုတ် ရှင်းလင်းဆောင်ရွက်ရန် မည်သည့် ပြုပြင်တည့်မတ်ဆောင်ရွက်ချက်များလိုအပ်ပါသနည်း။

ပြုပြင်တည့်မတ်ဆောင်ရွက်ချက်	လုပ်ဆောင်မည့်သူ	လုပ်ဆောင်သည့်အချိန်	လုပ်ဆောင်မှု ပြီးစီးသည့်ရက်စွဲ

၈. ပတ်ဝန်းကျင် စီမံခန့် ခွဲမှု အစီအစဉ် (EMP) နှင့် လိုက်နာမှု မရှိခြင်း
ပတ်ဝန်းကျင်စီမံခန့ ်ခွဲမှု အစီအစဉ် (***EMP***) ၏ မည်သည့် စီမံခန့ ်ခွဲမှု အစီအစဉ် သို့ မဟုတ် ကဏ္ဍကို ဖောက်ဖျက်ခဲ့သနည်း။

လိုက်နာဆောင်ရွက်မှုမရှိခြင်းကိုဖော်ပြပါ။
သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဘေးဆိုးကျိုးများနှင့် လူမှုရေးရာထိခိုက်မှုများကို စီမံခန့်ခွဲရန် မည်သည်တို့ကို ပြုလုပ်ဆောင်ရွက်ရမည်နည်း။
ဖြစ်ရပ် သို့မဟုတ် လိုက်နာမှုမရှိခြင်းတို့ကို မည်သည့်အကြောင်းရင်း သို့မဟုတ် အကြောင်းချက်ခံကဖြစ်စေခဲ့သနည်း။

လိုက်နာမှုမရှိခြင်းကို ဖြေရှင်းဆောင်ရွက်ရန် ပြုပြင်တည့်မတ်ဆောင်ရွက်ချက်များ လိုအပ်ပါသလား။

ပြုပြင်တည့်မတ်ဆောင်ရွက်ချက်	လုပ်ဆောင်မည့်သူ	လုပ်ဆောင်သည့်အချိန်	လုပ်ဆောင်မှု ပြီးစီးသည့်ရက်စွဲ

လိုက်နာမှုမရှိခြင်း ထပ်မံဖြစ်ပွားခြင်းကို ရပ်တန့်ရန် မည်သည့်ကာကွယ်တားဆီးဆောင်ရွက်ချက်များ ပြုလုပ်ဆောင်ရွက်သင့်သနည်း။

ပြုပြင်တည့်မတ်ဆောင်ရွက်ချက်	လုပ်ဆောင်မည့်သူ	လုပ်ဆောင်သည့်အချိန်	လုပ်ဆောင်မှု ပြီးစီးသည့်ရက်စွဲ

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (***EMP***) ကို ပြန်လည်ပြင်ဆင်ရန် လိုအပ်ပါသလား။ အကယ်၍ လိုအပ်ပါကမည်သည့် အစီအစဉ် သို့ မဟုတ် အခန်းနည်း။

၉။ စီမံခန့် ခွဲမှု အစီအစဉ် ပြန်လည်ဆန်းစစ်ချက်		
ဖြစ်ရပ်ကိုသင့်တင့်လျောက်ပတ်စွာဖော်ထုတ်စုံစမ်းစစ်ဆေးပြီးပါပြီလား။	☐ ပြီးပါပြီ။	☐ မပြီးပါ။

အကယ်၍ မပြီးသေးပါက အကြောင်းပြချက်ပေးပါ။		
အဆိုပြုတင်ပြထားသော ပြုပြင်တည့်မတ်ဆောင်ရွက်ချက်များနှင့် ကာကွယ်တားဆီးဆောင်ရွက်ချက်များ ပြီးစီးအောင် ဆောင်ရွက်ပြီးပါပြီလား။	☐ ပြီးပါပြီ။	☐ မပြီးပါ။
အကယ်၍ မပြီးသေးပါက အကြောင်းပြချက်ပေးပါ။		
၁၀။ အတည်ပြုထောက်ခံချက်		
သတ္တုတွင်းပိုင်ရှင် (လက်မှတ်နှင့်ရက်စွဲ)		
သတ္တုတွင်းမန်နေဂျာ (လက်မှတ်နှင့် ရက်စွဲ)		
သတ္တုတွင်း သဘာဝပတ်ဝန်းကျင်နှင့်လုံခြုံရေးအရာရှိ (လက်မှတ်နှင့် ရက်စွဲ)		

ဖြစ်ရပ်များ အစီရင်ခံခြင်းနည်းလမ်းများ

ဖြစ်ရပ်များ ဖြစ်ပေါ်လာသောအခါ
(ကျန်းမာရေးနှင့် ဘေးကင်းရေး /ပတ်ဝန်းကျင်/
ပိုင်ဆိုင်မှုအဆောက်အအုံ/လုံခြုံရေး)

ဖြစ်ရပ်များကို ထိန်းချုပ်ပါ
လုပ်ကိုင်ရန် ဘေးကင်းမှု ရှိ/မရှိ

ချက်ချင်း (သိုမဟုတ်)
၂၄ နာရီအတွင်း

ဖြစ်ရပ်များကို စစ်ဆေးရေး အရာရှိချုပ်ထံသို့ အစီရင်ခံ သတင်းပို့ပါ အကယ်၍
အောက်ပါဖြစ်ရပ်များ ဖြစ်ပေါ်ပါက - (သတ္တုတွင်းဦးစီးဌာန၏
ညွှန်ကြားရေးမှူးချုပ်ထံသိုပို့ရန်):

- အသက်ဆုံးရှုံးခြင်း (သို့) အပြင်းအထန် ဒဏ်ရာရခြင်း
- ပေါက်ကွဲခြင်း (သို့) မီးလောင်ခြင်း
- မြေပြိုခြင်း
- ပမာဏများသော ရေများစီထွက်လာခြင်း
- အန္တရာယ်ဖြစ်စေနိုင်သော လောင်စာဆီ (သို့) ဓာတုပစ္စည်းများ
  လျှံကျခြင်း

အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့များကို အကြောင်းကြားရန်
(၄င်းနေရာတွင် ထိုဝန်ဆောင်မှုများရှိပါက)

၄င်းဖြစ်ရပ်များကို သတ္တုတွင်း မန်နေဂျာ နှင့် /သို့ သတ္တုတွင်း
ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ခံတို့ကို
အစီရင်ခံသတင်းပို့ရန်

ဖြစ်ရပ်များဖြစ်ပေါ်ပြီး (၇) ရက်အတွင်း

ဖြစ်ရပ်များအစီရင်ခံစာ ပုံစံကို ဖြည့်ပြီး သတ္တုတွင်း မန်နေဂျာ နှင့် /သို့
သတ္တုတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ
တာဝန်ခံတို့ထံသို့ တင်ပြပါ။

ဖြစ်ရပ်များဖြစ်ပေါ်ပြီး (၇) ရက်အတွင်း

ဖြစ်ရပ်များအစီရင်ခံစာ ပုံစံ မိတ္တူကို အောက်ပါတာဝန်ခံနှင့် ဌာနများသို
တင်ပြရန် ။

- စစ်ဆေးရေး အရာရှိချုပ် (သတ္တုတွင်းဦးစီးဌာန၏
  ညွှန်ကြားရေးမှူးချုပ်ထံသိုပို့ရန်)
- အလုပ်သမားဝန်ကြီးဌာန
- ဓာတ်လိုက်သေဆုံးခြင်း၊ ဒဏ်ရာပြင်းထန်စွာရရှိခြင်း
  စစ်ဆေးရေးအရာရှိချုပ် ထံသို့ ၄၈း (လျှပ်စစ် ဥပဒေ)

အလုပ်သမားသည် ၄၈ နာရီထက် ပိုပြီး
ပျောက်ဆုံးနေပါက

လတစ်လ မကုန်မီ (၇) ရက်အတွင်း

ဖြစ်ရပ်များအစီရင်ခံစာ ပုံစံ မိတ္တူ ကို စစ်ဆေးရေးအရာရှိ
(သတ္တုတွင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်) ထံသို့ တင်ပြရန်။

VALENTIS / coffey A TETRA TECH COMPANY	Date: 26.07.2017 Project: 754-DRWEN00015AA File Name: 00015 EMP01IR F04.01 GRA	MGJEA Hpakant/Lonkin Gems Tract EMP	ဖြစ်ရပ်များ အစီရင်ခံခြင်း နည်းလမ်းများ	Figure No. 1

၁၄။ EMP ကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း

ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများရှိ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ သက်ရောက်မှုများကို စီမံခန့်ခွဲသည့် အစီအစဉ်များ ထိရောက်မှုရှိမရှိ အကဲဖြတ်ရန် ငါးနှစ်တစ်ကြိမ် သုံးသပ်ပါမည်။ ငါးနှစ်တစ်ကြိမ် ပြုလုပ်မည့် သုံးသပ်ချက်တွင် အောက်ပါတို့ ပါဝင်သည်။

- ဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံညွှန်းများသည် လက်ရှိချိန်ခါနှင့်ဆီလျော်မှု၊ အသုံးချနိုင်မှုရှိဆဲ ဟုတ်-မဟုတ် သေချာအောင် သုံးသပ်ခြင်း။ ရုတ်သိမ်း သို့မဟုတ် ဆိုင်းငံ့ထားသော ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များနှင့် စံညွှန်းများကို ဖျက်ပစ်မည်ဖြစ်ကာ အသစ်များ ထပ်ပေါင်းထည့် မည် ဖြစ်သည်။
- လုပ်ဆောင်နေသော တူးဖော်နည်းအမျိုးအစားကို ၎င်းတို့က မှန်ကန်စွာဖော်ပြမှုရှိကြောင်း သေချာစေရန် တူးဖော်သည့် နည်းလမ်းများကို သုံးသပ်ခြင်း။
- ဘေးအန္တရာယ်အားလုံးနှင့် သက်ရောက်မှုအားလုံး ခွဲခြားသတ်မှတ်၊ အကဲဖြတ်ထားကြောင်း သေချာမှုရှိ ရေးအတွက် ထိဘေးအန္တရာယ်များကို သုံးသပ်ခြင်း။
- စီမံခန့်ခွဲမှု အစီအမံများနှင့် လုပ်ထုံးများသည် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာ သက်ရောက်မှုများ အား စီမံခန့်ခွဲရာတွင် ထိရောက်မှုရှိနေသေးကြောင်း သေချာစေရန် ယင်းတို့ကို သုံးသပ်ခြင်း။

EMP ကို ပြင်ဆင်ရာတွင် စာရွက်စာတမ်းပိုင်း ထိန်းချုပ်မှုနည်းကို အသုံးပြုရန် အရေးကြီးပါသည်။ ဤမူ သည် EMP ၏ မူ (၁) သို့မဟုတ် ပြင်ဆင်ချက် (၁) (Rev 1) ဖြစ်သည်။ နောက်လာမည့် မူကွဲများကို နံပါတ် စဉ်များ အလိုက် အသိအမှတ်ပြုသွားမည်ဖြစ်သည်။ ဥပမာ- နောက်မူ သို့မဟုတ် ပြင်ဆင်ချက်သည် Rev 2 ဟု သတ်မှတ်ရမည်။ နောက်ဆက်လာမည့်ပြင်ဆင်ချက်များတွင် ယင်းပြင်ချက်အတည်ပြုသောရက်စွဲကို ထည့်သွင်းရမည် ဖြစ်ကာ ယခင်မူဟောင်းများအားလုံးနေရာတွင် အစားထိုးရပါမည်။ ယင်းမူဟောင်းများကို အလုပ်ခွင်အားလုံး မှ ဖယ်ရှားကာ လက်ရှိမူနှင့် အစားထိုးလဲလှယ်ရပါမည်။

This page has been intentionally left blank

၁၅။ လူမှုတာဝန်သိလုပ်ငန်းများ (CSR)

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆)၊ အခန်း (၁၄)၊ ပုဒ်မ ၄၆ (ဂ) တွင် စီမံကိန်းအဆိုပြုသူမှ လုပ်ငန်းဆောင်ရွက်ရာဒေသဌ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု၏ နှစ် ရာခိုင်နှုန်းထက်မနည်းသော ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိဆောင်ရွက်ရမည် သတ်မှတ်ဖော်ပြထားပါသည်။ လူထုအထောက်အကူပြုနှင့်ဖွံ့ဖြိုးရေးအစီအစဉ်တွင် သတ္တုတူးဖော်သည့်ကုမ္ပဏီများအနေဖြင့် အများပြည်သူများနှင့်မည်သို့စေ့စပ်ဆောင်ရွက်ရမည်လူမှုတာဝန်သိလုပ်ငန်းများ (CSR)ဖော်ဆောင်ရေးနှင့်ရန်ပုံငွေများစပ်လျဉ်း၍ မည်သို့သဘောတူဆောင်ရွက်ရမည်ကို ဖော်ပြထားပါသည်။

အငြင်းပွားမှုများသည် ကျောက်စိမ်းတူးဖော်ခြင်းကြောင့် ထိခိုက်သွားသောမြေများ သို့မဟုတ် ဝယ်ယူထားသောမြေများကို လုံလောက်သည့် လျော်ကြေးမပေးခြင်း၊ အများပြည်သူကို ထိခိုက်စေသော သတ္တုတူးဖော်ခြင်းလုပ်ငန်းစဉ်များမှ ဖြစ်ပေါ်လာပါသည်။ နစ်နာမှုတိုင်ကြားချက်ကိုင်တွယ်ဖြေရှင်းခြင်းနည်းလမ်းများတွင် အများပြည်သူ၏ ပူပန်မှုများကို ဖြေရှင်းရန် လုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပေးထားပါသည်။ မြေအသုံးချခွင့်စီမံခန့်ခွဲမှု အစီအစဉ် တွင် မြေပိုင်ရှင်များ သို့မဟုတ် ဤမြေပေါ်တွင် အကျိုးအမြတ်အတွက် စိတ်ဝင်စားသူများကို တရားမျှတ၍ ညီမျှမှုရှိသော လျော်ကြေးပေးခြင်း လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပေးထားပါသည်။ ထိုအစီအစဉ်တွင် သတ္တုတူးဖော်ခြင်းကြောင့် အခြားနေရာများသို့ ဆန္ဒမပါသော နေရာပြောင်းရွှေ့ခံရသူများ ပံ့ပိုးပေးရမည့် အစီအမံများ ထည့်သွင်းထားပါသည်။

ဖားကန့် / လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်
လူထုအထောက်အကူပြုနှင့် ဖွံ့ဖြိုးရေးအစီအစဉ်
Version: Rev 1	ရက်စွဲ ။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ (၃၁) ရက်

၁။ နိဒါန်း

သတ္တုတွင်းလုပ်ငန်းများကြောင့် ဒေသတွင်းနေထိုင်သူများ ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများ သိသာထင်ရှားစွာ ရရှိစေနိုင်ပါသည်။ ဤလုပ်ငန်းတွင်ပါဝင်သော သတ္တုတွင်းကုမ္ပဏီများသည် ထိခိုက်ခံနေရာဒေသများ၌ရှိသော နေထိုင်သူများကို ထောက်ပံ့ကူညီရန် တာဝန်ရှိပါသည်။ သံယဇာထုတ်ယူသော လုပ်ငန်းများသည် ယင်းလုပ်ငန်းများကြောင့် ထိခိုက်ခံရသူများအား အကျိုးအမြတ်ခွဲဝေပေးနိုင်ရေး မျော်မှန်းချက်များ ကမ္ဘာတစ်ဝှမ်းလုံးတွင် ကြီးမားလာသည်။ အကျိုးအမြတ်ဆိုရာတွင် အလုပ်အကိုင်များ၊ အခြေခံအဆောက်အအုံများနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို ယုံကြည်မှုအပြည့်အဝဖြင့် တည်ဆောက်ခြင်းတို့ပါဝင်ပါသည်။

လူထုအထောက်အကူပြုနှင့် ဖွံ့ဖြိုးရေးသည် ဒေသတွင်းဆောင်ရွက်ချက်များ အထောက်အကူဖြစ်စေရန်၊ ဒေသပတ်ဝန်းကျင် အရည်အသွေးမြင့်လာစေရန်၊ ဒေသတွင်းအဖွဲ့အစည်းများ ခိုင်မာလာစေရန်နှင့် ချို့တဲ့ပယ်ထားခံရသောအုပ်စုများအား ၎င်းတို့၏ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်လာနိုင်စေရန် အဖွဲ့အစည်းများနှင့်ကွန်ယက်များ၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် လူတို့တစ်ဦးနှင့်တစ်ဦး အချင်းချင်း ချိတ်ဆက်အထောက်အကူပြုခြင်းတို့ ပါဝင်သည်။

ဤအာရုံစိုက်မှုသည် ရေရှည်တည်တံ့ခိုင်မြဲရေး အကျိုးကျေးဇူးများရရှိရန် ဒေသတွင်း လူထုအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်သင့်ပါသည်။ အထောက်အပံ့နှင့်ဖွံ့ဖြိုးရေး အစပြုလုပ်ဆောင် လူထုအဖွဲ့အစည်းများသတ်မှတ်ရာတွင် ဒေသတွင်းအခြေအနေများကို ထည့်သွင်းစဉ်းစားရာ၌ လူထုအဖွဲ့အစည်းများတည်ရှိရာနေရာ၊ လုပ်နိုင်စွမ်းရည်များ၊ လိုအပ်မှုများနှင့် ၎င်းအဖွဲ့ဝင်များ၏ ရည်မှန်းဆန္ဒများ၊ လူထုဦးစားပေးအရာများ၊ လူထုတွင်း စီးပွားရေးအခြေခံနှင့် ပို၍ကျယ်ပြန့်သော နေရာဒေသအတွက်တွင်မူ ယင်းနေရာဒေသတွင်းရှိ အခြားသော အဖွဲ့အစည်းများ၏ ခိုင်မာမှုနှင့် လုပ်နိုင်စွမ်းရည်တို့ ပါဝင်သင့်ပါသည်။

ဤလူထုအထောက်အကူပြုနှင့် ဖွံ့ဖြိုးရေးအစီအစဉ် (ယခုအစီအစဉ်)တွင် သတ္တုတွင်းကုမ္ပဏီများမှ ၎င်းတို့တူးဖော်ရာ နေရာဒေသများမှ လူထုများအား မည်သို့အထောက်အပံ့ပေးမည်ကို ဖော်ပြပေးထားပါသည်။ ဤအစီအစဉ်သည် လုံးခင်း/ဖားကန့် ရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး EMP တွင် ပါဝင်သော အခြားအပိုင်းများနှင့် တွဲ၍ဖတ်ရပါမည်။

၂။ ရည်မှန်းချက်များ

ယခုအစီအစဉ်၏ ရည်မှန်းချက်များမှာ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများ တိုးတက်လာစေရန်နှင့် လုံးခင်း/ဖားကန့် ရတနာနယ်မြေအတွင်း ဒေသတွင်းနေပြည်သူများအား သတ္တုတွင်း ကုမ္ပဏီများက မည်သို့ အထောက်အပံ့ပေးမည်ကို သတ်မှတ်ပေးရန်ဖြစ်ပါသည်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

လူထုအခြေပြု အဖွဲ့အစည်းအုပ်စု (Community Reference Group) - လူထုအတွက် ပြဿနာများနှင့် စိုးရိမ်ပူပန်မှုများ ဖွင့်ဟတိုင်ကြားခြင်းအပါအဝင် သတ္တုတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ချက်နှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုကို လူထုအားအသိပေးရန်၊ အဓမ္မရွှေ့ပြောင်းခံရခြင်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဆက်နွယ်သော ကိစ္စရပ်များဖြေရှင်းရန် ကျောက်စိမ်းတူးဖော်ခြင်းကုမ္ပဏီများနှင့် ဒေသခံနေထိုင်သူများအကြား ဆက်သွယ်ရေးလွယ်ကူစေရန်အတွက် လူထုအဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသော လူအုပ်စု

လူမှုရေးရာ ပေါင်းစည်းတာဝန်ယူမှု (Corporate social responsibility) - လူမှုရေးရာ ပေါင်းစည်းတာဝန်ယူမှုသည် သတ္တုတွင်းကုမ္ပဏီများက ၎င်းတို့၏လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်နှင့် လူမှုရေးရာ ထိခိုက်မှုများကို အကဲဖြတ်ကာ တာဝန်ယူ အစပြုလုပ်ဆောင်ချက်များဖြစ်ပါသည်။

CSR Fund - မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် သတ်မှတ်ချက်ချထားသည့်အတိုင်း၊ ကျန်းမာရေး၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် အခြားသော လုပ်ငန်းနေရာဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရင်းနှီးမြှုပ်နှံငွေ၏ ၂% အောက် မလျော့နည်းသည့် ရန်ပုံငွေဖြစ်ပါသည်။

သတ္တုတွင်းကုမ္ပဏီ (Mining company) - ကျောက်စိမ်းလုပ်ကွက်၊ နေရာတစ်ခုတွင် ကျောက်စိမ်းထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိထားသော ကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီ၊ သမဂ္ဂါယမလုပ်ငန်း၊ လူပုဂ္ဂိုလ်များ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦး

အလုပ်သမား (Worker) - သတ္တုတွင်းကုမ္ပဏီပိုင်ရှင်များ၊ လုပ်သားများ၊ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံကန်ထရိုက်တာများနှင့် မိသားစုဝင်များ အားလုံးအပါအဝင် သတ္တုတွင်းကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်နေသည့် လူပုဂ္ဂိုလ်များ

၄။ ဆက်စပ်သော အစီအစဉ်များနှင့် နည်းလမ်းများ

အောက်ပါအစီအစဉ်များတွင်ပါဝင်သော စီမံခန့်ခွဲမှုအစီအမံများကို အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သည်။

- လူထုနစ်နာမှုတိုင်ကြားချက်များ ကိုင်တွယ်ဖြေရှင်းသည့်စနစ်
- မြေနေရာ အသုံးချခွင့် စီမံခန့်ခွဲမှုအစီအစဉ်

၅။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

သတ္တုတွင်းလုပ်ငန်းများကြောင့် ထိခိုက်မှုရှိနိုင်သည့် လူထုအထောက်အကူပြုနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်နွယ်သော ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများကို အောက်ပါကဏ္ဍတွင် စာရင်းပြုစုထားသည်။

၅.၁ ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များ

သတ္တုတွင်း လုပ်ငန်းများကြောင့် ထိခိုက်မှုရှိနိုင်သည့် လူထုများအား အထောက်အပံ့ပေးခြင်းနှင့် ဆက်စပ်အသုံးချနိုင်သည့် မြန်မာ့ဥပဒေများနှင့် လမ်းညွှန်ချက်များမှာ

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) အရ သတ္တုတွင်းဝန်ကြီးဌာနသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာမြေအဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်းပြုနိုင်သည်။
- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် သတ်မှတ်ထားသော ဈေးနှုန်းကို လျှော်ထားသူက သတ်မှတ်ကာလ အတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။
- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့် အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်း တို့ကို ပြန်လည်သတ်မှတ်ရမည်။
- ပုဒ်မ ၁၆ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်-

  (က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။

(ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။

(င) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ဌားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ၊

(စ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(၂) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ် မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

- ပုဒ်မ ၃၆ အရ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

  (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းများကို လည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊

  (ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းတွင် လုပ်ကိုင်လျက် ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆ ဖြစ်ပွားမှုကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

  (ဂ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

  (ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

  (င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များ ကို ထမ်းဆောင်ခြင်း။

- ပုဒ်မ ၃၆ အရ ကျောက်မျက်ရတနာ ခွင့်ပြုမိန့် ကိုင်ဆောင်ထားသူ ကျောက်မျက်ရတနာတူးဖော်ရာတွင် အများပြည်သူအပေါ် လူမှုရေးထိခိုက်မှုများမရှိစေရန် ရင်းနှီးမြှုပ်နှံမှု၏ (၂) ရာခိုင်နှုန်းထက် မနည်းသည့်ငွေကို ရံပုံငွေအဖြစ်ထားရှိပြီး လုပ်ငန်းဆောင်ရွက်နေသော ဇရိယာတွင် ကျန်းမာရေး၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေးနှင့်အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အသုံးပြုပေးရမည်။

၅.၂ နိုင်ငံတကာ စံနှုန်းများ

လူထုအထောက်အကူပြုနှင့်ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ များစွာသော နိုင်ငံတကာသဘောတူညီချက်များ၊ အဖွဲ့ အစည်းများမှ ပေးအပ်ထားသော ထပ်မံလမ်းညွှန်ချက်များသည် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းကောင်းများအဖြစ်ရှိနေပါသည်။

- နိုင်ငံတကာ ငွေကြေးဆိုင်ရာ ကော်ပရေးရှင်း (International Finance Corporation IFC) - လူထုအဖွဲ့အစည်း ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာ၊ စီးပွားရေးစျေးကွက်များ ပေါ်ပေါက်လာရေးတွင် လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းကုမ္ပဏီများအတွက် လုပ်ထုံးလုပ်နည်းကောင်း လက်စွဲစာအုပ် (International Finance Corporation - Strategic Community Investment: A Good Practice Handbook for Companies Doing Business in Emerging Markets (2010).

- ကမ္ဘာ့ဘဏ် သတ္တုတွင်းကုမ္ပဏီများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သဘောတူညီမှုများ ရင်းမြစ်စာအုပ် (၂၀၁၂) (World Bank Mining Community Development Agreements Source Book (2012).

- သတ္တုတူးဖော် စက်ရုံလုပ်ငန်းများ ပွင်းလင်းမြင်သာမှု အစပြုလုပ်ဆောင်ချက်စံနှုန်း (၂၀၁၆) (Extractive Industries Transparency Initiative Standard (2016).

- ကမ္ဘာ့ကုလသမဂ္ဂ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (၂၀၁၆) (United Nations Principles for Responsible Investment (2016).

၆။ စီမံခန့် ခွဲမှု လုပ်ဆောင်ချက်များ

အထက်တွင်ဖော်ပြပြီးသော သက်ဆိုင်သည့်နိုင်ငံတကာ လမ်းညွှန်ချက်များနှင့်ပေါင်းစပ်၍ သတ္တုတွင်း လုပ်ငန်းတွင် လူထုအထောက်အကူပြုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာလုပ်ထုံးလုပ်နည်းကောင်းများကို အခြေခံသည့် စီမံခန့်ခွဲမှုလုပ်ဆောင်ချက်များကို အောက်တွင်ပြဋ္ဌာန်းထားပါသည်။

သတ္တုတွင်း မတူးဖော်မီ

အောက်ပါစီမံခန့်ခွဲမှု လုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ထားရပါမည်။

(က) CSR ရန်ပုံငွေကို ကျန်းမာရေး၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် အခြားသောလုပ်ငန်းနေရာဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြှုပ်နှံငွေ၏ ၂% အောက် မလျော့နည်းသည့် ရန်ပုံငွေသတ်မှတ်ပါ။ CSR ရန်ပုံငွေဖြင့် လူမှုဖူလုံရေးအစီအစဉ်ကို ထောက်ပံ့ပေးပါလိမ့်မည်။ (အောက်တွင် အသေးစိတ် ဖော်ပြထားပါသည်။)

(ခ) ဒုံတစ်ခုချင်းစီတွင် လူထုအခြေပြုအဖွဲ့များ သတ်မှတ်ဖွဲ့စည်းပါ။ လူထုအခြေပြုအဖွဲ့များသည် လစဉ်နှင့် (၄) လ တစ်ကြိမ်အောက် မနည်းသော တွေ့ဆုံမှုများ ပြုလုပ်သင့်ပါသည်။ လူထုဆက်သွယ်မှုအုပ်စုများ၏ လုပ်ဆောင်ချက်များမှာ -

- သတ္တုတွင်း ကုမ္ပဏီများနှင့်ဆက်ဆိုင်သည့် အကြောင်းအချက်များ၊ စိုးရိမ်မှုများကို ဖော်ထုတ်ပြောကြားနိုင်ရန် လူထုအတွက် စနစ်များပြုလုပ်ထားပေးရန်။

- သတ္တုတွင်းကုမ္ပဏီများနှင့် ဒေသတွင်းပြည်သူများအကြားစဉ်ဆက်မပြတ်ဆက်သွယ်မှုအား အထောက်အကူပေးရန်။
- ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းနှင့် CSR အစပြုလုပ်ဆောင်သူများ တိုးတက်မှုနှင့် ပတ်သက်၍ လူထုအား အကြောင်းကြားပေးသော စနစ်တစ်ခုထားရှိရန်။
- အဓမ္မနေရာချထားခြင်းနှင့် ဒေသခံများနှင့် ဆက်စပ်သည့် အကြောင်းအချက်များကို ဖြေရှင်းပါ။

(ဂ) ပြည်သူလူထု၏ အဓိက စိုးရိမ်မှုအကြောင်းအချက်များကို ရှင်းလင်းစွာသိရှိနိုင်စေရန် (လူထု အခြေပြုအဖွဲ့များမှ တဆင့်) ပြည်သူလူထု တွေ့ဆုံဆွေးနွေးပွဲများကျင်းပပါ။

(ဃ) လူထုတွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခြင်းဖြင့် သတ်မှတ်ထားသော အဓိကစိုးရိမ်မှု အကြောင်းအချက်များကို အခြေခံသည့် လူထုဆက်သွယ်မှုအုပ်စုများနှင့် တွဲဖက်လုပ်ကိုင်မည့် လူမှုဖူလုံရေး အစီအစဉ်ကို ရေးဆွဲပါ။ အချိန်၊ ငွေ၊ ချိန်ရွယ်ထားသည့် နေရာ(များ)နှင့် လူများ/လူထုများနှင့် လုပ်ဆောင်ချက်များစသဖြင့် အသေးစိတ်ထည့်သွင်းပါ။ လူမှုဖူလုံရေးအစီအစဉ်တွင် ပါဝင်မည့် အစပြုလုပ်ဆောင်ချက် သာဓကများကို ဇယား (၁)တွင် ဖော်ပြထားပါသည်။

(င) လူထုဆက်သွယ်မှုအုပ်စုများ၏ အစည်းအဝေးပွဲများ၌ လူမှုဖူလုံရေးအစီအစဉ်နှင့် ၎င်း၏အကျိုးသက်ရောက်မှုတို့ကို ပုံမှန်စစ်ဆေး စစ်ဆေးပြီး လိုအပ်ပါက အစီအစဉ်များကို ပြန်လည်စီစစ်ပါ။

ဇယား (၁) လူမှုဖူလုံရေး အစပြုလုပ်ဆောင်ချက် သာဓကများ

အာရုံစိုက်ရမည့် နယ်ပယ်	အစပြု ဆောင်ရွက်ချက်များ
ကျန်းမာရေး	လက်လုပ်လက်စား သတ္တုတွင်းတူးသူများနှင့် ရေမဆေးအလုပ်သမားများ အပါအဝင် သတ္တုတွင်း အလုပ်သမားများနှင့် ရွာသူ/ရွာသားများအတွက် သင့်လျော်သည့် ပန်ထမ်းများခန့်ထားရှိသည့် ကျန်းမာရေးဌာနများ တည်ထောင်ရာတွင် အထောက်အပံ့ပေးခြင်း
ကျန်းမာရေး	သတ္တုတွင်းလုပ်ငန်းများကြောင့် သို့မဟုတ် ရေအရည်အသွေးညံ့ဖျင်းမှုကြောင့် ထိခိုက်ပျက်စီးသွားသော သောက်ရေအရင်းအမြစ်အတွက် ရွာများတွင် စိတ်ချရသော သောက်ရေ အထောက်အပံ့ပေးခြင်း။

ပညာရေး	လက်လုပ်လက်စား သတ္တုတွင်းတူးသူများနှင့် ရေမဆေးအလုပ်သမားများ အပါအဝင် သတ္တုတွင်းအလုပ်သမားများနှင့် ရွာသူရွာသားများ၏ ကလေးသူငယ်များအတွက် သင့်လျော်သည့် ပန်ထမ်းများခန့်ထားသည့် ကျောင်းများ တည်ထောင်ရာတွင် အထောက်အပံ့ပေးခြင်း
ပညာရေး/စီးပွားရေး	သတ္တုတွင်းလုပ်ငန်းများ၌ အချက်အချာကျသည့် ဆောင်ရွက်မှုဖြစ်သော ဒေသတွင်း နေထိုင်သူများနှင့် သတ္တုတွင်းလုပ်သားများအား သင်တန်းများပေးခြင်း (ဥပမာ၊ ကုန်သွယ်ရေး သင်တန်း၊ အုပ်ချုပ်ရေး၊ စက်ပစ္စည်းများ မောင်းနှင်လည်ပတ်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း)
စီးပွားရေး	ဒေသတွင်း နေထိုင်သူများနှင့် ရေမဆေးအလုပ်သမားများအတွက် စီးပွားရေး အခွင့်အလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးပွဲများ၌ ပါဝင်စေခြင်း။
စီးပွားရေး	သတ္တုတွင်းလုပ်ငန်းပိတ်သိမ်းသည့်အခါ ဤနေရာဒေသအတွင်း၌ အခြားသတ္တုတွင်းလုပ်ငန်းများရှိ အလုပ်အပါအဝင် သတ္တုတွင်းအလုပ်သမားများ အတွက် အခြားသော စီးပွားရေးလုပ်ငန်းများ စဉ်းစားပေးခြင်း။
စီးပွားရေး/ပတ်ဝန်းကျင်	မျိုးစေ့ဘဏ်များနှင့် ပျိုးပင်များပြုစုပျိုးထောင်ရာတွင် သင်တန်းများပေးခြင်း နှင့် အကူအညီအထောက်အပံ့များပေးခြင်း အပါအဝင် သတ္တုတွင်းပြန်လည် တည်ထောင်ခြင်း၌ လူထုပါဝင်မှုရရှိစေရန်နှင့် အလုပ်အကိုင်ရရှိခြင်းတို့အတွက် အပင်များပြန်လည်စိမ်းလန်းစိုပြေမှု လုပ်ငန်းများတွင် လူထုအား အလုပ်များ ပေးအပ်ရန် စဉ်းစားပေးရပါမည်။
ပတ်ဝန်းကျင်	ဒေသတွင်း ကျေးရွာများအတွက် အိမ်တွင်းစွန့်ပစ်ပစ္စည်းများ သိမ်းခြင်းနှင့် စွန့်ပစ်ခြင်းများ (သတ္တုတွင်း ဆက်စပ်စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်း)
ပတ်ဝန်းကျင်	ရေလမ်းကြောင်းတလျှောက်မြစ်ချောင်းနှင့် မြေပြင်ကြား အပင်များပေါက် ရောက်ရာဖုံနေရာများကို ရှင်းလင်းရန်နှင့် ထိန်းသိမ်းရန် လူထုအစပြုအဖွဲ့ အစည်းများအား ထောက်ပံ့ပေးခြင်း။
ပတ်ဝန်းကျင်	ရာသီဥတုပြောင်းလဲခြင်းများဖြေရှင်းရန် အစီအစဉ်တစ်ခုရေးဆွဲခြင်း (ဥပမာ၊ ဓာတ်ငွေ့ထုတ်လွှတ်မှုများ လျော့ချခြင်း၊ ကာဗွန်ထွက်ရှိမှုများ တိုက်ဖျက်ရန်။

ဘေးအန္တရာယ် ကင်းရှင်းရေး	သတ္တုတွင်းလုပ်ငန်းနေရာများနှင့်ကျေးရွာများအကြားလွယ်ကူလုံခြုံသော အလုပ်သမား သယ်ယူပို့ဆောင်ရေးများ ထားရှိပေးခြင်း။
ပတ်ဝန်းကျင်/လူမှုရေး	သတ္တုတွင်းလုပ်ငန်းများကြောင့် ပျက်စီးသွားသည့် အခြေခံအဆောက်အအုံ များ (ဥပမာ၊ ဘုရားကျောင်းများ၊ စေတီပုထိုးများ) ကို ပြန်လည်တည်ဆောက် ပေးခြင်း။

သတ္တုတွင်း တူးဖော်နေစဉ်အတွင်း

အောက်ပါ စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ထားရပါမည်။

(စ) လူမှုဖူလုံရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ဆ) လူထုအခြေပြုအဖွဲ့များပုံမှန်အစည်းအဝေးများ ကျင်းပခြင်းနှင့် လူမှုဖူလုံရေးအစီအစဉ်များအကောင် အထည်ဖော်ဆောင်ရွက်ခြင်း တိုးတက်မှုအပေါ် အစီရင်ခံသတင်းပို့ခြင်း။

သတ္တုတူးဖော်ပြီးသောအခါ

အောက်ပါစီမံခန့်ခွဲမှု လုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ထားရပါမည်။

(ဇ) သတ္တုတွင်းတူးဖော်ခြင်း ပြီးစီးသည့်နောက် လိုအပ်သည့်အတိုင်း၊ လူမှုဖူလုံရေး အစီအစဉ်အစပြု လုပ်ဆောင်ချက်များကို ဆက်လက်ထိန်းသိမ်းဆောက်ရွက်နိုင်ရန် အခန်းကဏ္ဍအသစ်များ၊ တာဝန် ဝတ္တရားများနှင့် လိုအပ်သည့်ဘတ်ဂျက်ငွေများအပါအဝင် လူမှုဖူလုံရေးအစီအစဉ်များအတွက် လွှဲ ပြောင်းပေးအပ်ခြင်း အစီအစဉ်ရေးဆွဲပါ။ လူမှုဖူလုံရေးအစီအစဉ်ကို ကျေးရွာတစ်ခုချင်း သို့မဟုတ် ဇုံနေရာတစ်ခုစီနှင့် သင့်တော်ကိုက်ညီစေရန် ဒေသတွင်းလူထုအဖွဲ့အစည်းအား လွှဲပြောင်းပေးအပ် ရာတွင် ဒေသအုပ်ချုပ်ရေး နှင့်/သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၏အကူအညီဖြင့် လူမှုဖူလုံရေးအစီအစဉ်များကို လွှဲပြောင်းပေးအပ်ရပါမည်။

(ဈ) သတ္တုတွင်း ပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ထားရပါမည်။

၇။ လုပ်ဆောင်ချက် စံချိန်စံနှုန်းများ

သင့်တော်သော လူထုအထောက်အကူပြုနှင့် ဖွံ့ဖြိုးတိုးတက်ရေးပြည့်မီခြင်းကို အောက်ပါတို့ဖြင့် သတ်မှတ် ဆုံးဖြတ်ရပါမည်။

- လူထုအခြေပြုအဖွဲ့များ ပုံမှန်အစည်းအဝေး (လစဉ် သို့မဟုတ် အနည်းဆုံး (၃) လ တစ်ကြိမ်)။

- လူမှုဖူလုံရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
- လူမှုဖူလုံရေး အစီအစဉ်များ အကျိုးသက်ရောက်မှုရှိ/မရှိ ပြန်လည်ဆန်းစစ် စစ်ဆေးခြင်း။

၈။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ လိုအပ်ချက်များ

လူထုဆက်သွယ်မှုအုပ်စုများသည် လူမှုဖူလုံရေးအစီအစဉ်များကို စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းတို့အတွက် တာဝန်ရှိပါသည်။ သီးခြားလုပ်ဆောင်ချက်များနှင့် ကြိမ်နှုန်းများအား လူမှုဖူလုံရေးအစီအစဉ်၏ အစိတ်အပိုင်းဖြစ်သော လူထုဆက်သွယ်မှုအုပ်စုများက ဆုံးဖြတ်ပါလိမ့်မည်။ ပြန်လည်ဆန်းစစ် စစ်ဆေးခြင်းဆိုင်ရာ ကြိမ်နှုန်းများအား ဇယား (၂) တွင် ဖော်ပြထားပါသည်။

ဇယား (၂) စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း အကြိမ်နှုန်း

လုပ်ဆောင်ချက်	အကြိမ်အရေအတွက်
လူမှုဖူလုံရေးအစီအစဉ်များ အစပြုအကောင်အထည်ဖော်ဆောင်ရွက်ချက်များ ပြန်လည်ဆန်းစစ် စစ်ဆေးခြင်း။	(၂) နှစ် တစ်ကြိမ်
CSR ရန်ပုံငွေနှင့် လူမှုဖူလုံရေးအစီအစဉ် ဘတ်ဂျက်များ ပြန်လည်ဆန်းစစ် စစ်ဆေးခြင်း။	(၂) နှစ် တစ်ကြိမ်

လူထု အထောက်အပံ့နှင့် ဖွံ့ဖြိုးရေး အစီအစဉ် **သတ်မှတ်ချက်များ လိုက်နာမှု ရှိမရှိ စစ်ဆေးရမည့် စာရင်း**
မော်နှင့် လုပ်ကွက် နံပါတ် **ကုမ္ပဏီနှင့် သတ္တုတွင်း အမည်**
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သူ
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သည့် ရက်စွဲ

လိုက်နာဆောင်ရွက်မှု အထောက်အထား	လိုက်နာကိုက်ညီခြင်း ရှိသည် (သို့) မရှိပါ။
လူထုအခြေပြု အဖွဲ့အစည်း (Community Reference Group) များ ဖွဲ့ စည်းပြီးခြင်း	
လူထုအခြေပြု အဖွဲ့အစည်း (Community Reference Group) များ အစည်းအဝေးများပြုလုပ်ခြင်းနှင့် တက်ရောက်မှုများ	
CSR ရန်ပုံငွေနှင့် စီမံကိန်းများ ခွဲဝေချထားပေးခြင်းနှင့် လျော်ကန်စွာ စီမံခန့် ခွဲခြင်း	
လူမှုဖူလုံရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း	

၁၆။ သတ္တုတွင်းပိတ်သိမ်းခြင်း

သတ္တုတွင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်တွင် နောက်ဆုံးမြေအသုံးအချမှု မြေမျက်နှာသွင်ပြင် ဒီဇိုင်းနှင့် တည်ငြိမ်သော မြေမျက်နှာပြင်တည်ဆောက်သည့်အချိန်တွင် အများပြည်သူနှင့်စေ့စပ်ဆောင်ရွက်ခြင်းများ အပါအဝင် ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းပိတ်သိမ်းခြင်းအတွက် ထည့်သွင်းပြင်ဆင်ရမည့်အချက်များကို သတ်မှတ်ထားပါသည်။ သတ္တုတွင်းပိတ်သိမ်းခြင်းအစီအစဉ်ကို ကျွမ်းကျင်သတ္တုတွင်းအင်ဂျင်နီယာမှ အရည်အချင်းပြည့်ဇလဗေဒပညာရှင်နှင့်မြေသားခိုင်မာမှုဆိုင်ရာ အင်ဂျင်နီယာ၏ နည်းပညာဆိုင်ရာ လေ့လာချက်များဖြင့် ပြင်ဆင်ရမည်။

ဖားကန့် /လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်
သတ္ထုတွင်း ပိတ်သိမ်းခြင်း စီမံခန့် ခွဲမှု အစီအစဉ်
Version: Rev 1	ရက်စွဲ။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ (၃၁) ရက်

၁။ ရည်ရွယ်ချက်

လုံးခင်း/ဖားကန့် ရတနာမြေတွင် ကျောက်စိမ်းကို ဟင်းလင်းပွင့်တူးစနစ် (Open pit mining) ဖြင့် တူးဖော်ကြသည်။ ကျောက်စိမ်းပါဝင်ဖွဲ့စည်းနေသည့် ကျောက်လွှာ(ဖာကျော)ရောက်ရန် မြေသားနှင့် ကျောက်တို့ ပါဝင်နေသည့် အပေါ်ယံလွှာကို တူးဖော်ဖယ်ထုတ်ရာမှ ဟင်းလင်းပွင့်ကျင်း/ တွင်းကြီးများဖြစ်လာသည်။ ထွက်လာသော မြေစာများစွန့်ပစ်စုပုံရာ ကြီးမားသော စွန့်ပစ်ကျောက်ပုံကြီးများ ဖြစ်တည်လာသည်။ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်း ပိတ်သိမ်းပြီးနောက် ယင်းဟင်းလင်းပွင့်တွင်းကြီးများနှင့် စွန့်ပစ်ကျောက်ပုံကြီးများအား ပြန်လည်တည်ထောင်မှု လုံးဝမပြုလုပ်လျှင် သို့မဟုတ် ပြီးပြည့်စုံအောင် ပြန်လည်တည်ထောင်မှုမပြုလုပ်လျှင် တည်ငြိမ်ကြံ့ခိုင်မှုမရှိသောမြေသားကြောင့် တိုက်စားခြင်းများဖြစ်ကာ ပတ်ဝန်းကျင်နှင့်လူမှုရေးရာတို့တွင် ရေရှည်ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်သည်။ ဤသည်မှာ ဟင်းလင်းပွင့်စနစ်အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာနိုင်သော အဓိကအန္တရာယ်ကြီးများဖြစ်ပါသည်။

ဤအစီအစဉ်တွင် ကျောက်စိမ်းတူးဖော်ထုတ်လုပ်ခြင်း ပြီးမြောက်သွားသောအခါ သတ္ထုတွင်းပိတ်သိမ်းခြင်းနှင့် အပြီးသတ်ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပုံနည်းလမ်းများကို အခြေခံသဘောတရားများနှင့်တကွ ဖော်ပြထားပါသည်။ ယခုအစီအစဉ်သည် လုံခင်း/ ဖားကန့် ရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး အခြားကဏ္ဍများဖြင့် တွဲဖတ်ရပါမည်။

၂။ ရည်မှန်းချက်များ

ပတ်ဝန်းကျင်နှင့်လူမှုရေးရာတို့တွင် ဆိုးရွားသော ရေရှည်ထိခိုက်မှုများ မဖြစ်ပေါ်စေရန် သို့မဟုတ် တတ်နိုင်သမျှ လျော့ချနိုင်ရန်အတွက်သော်လည်းကောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ပြုလုပ်နိုင်ရန်အတွက်သော်လည်းကောင်း၊ သတ္ထုတွင်းပိတ်သိမ်းခြင်းအတွက် ကြိုတင်တွက်ချက်စဉ်းစားမှုများမှာ အရေးပါလှပါသည်။

သတ္ထုတွင်းပိတ်သိမ်းခြင်းနှင့် ဆက်စပ်ပတ်သက်နေသော ရည်မှန်းချက်များမှာ -

- လုပ်ငန်းအဆုံးသတ်ခြင်းနှင့် ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများကို လုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်တစ်ခု ပေါ်ပေါက်စေရန်။

- လုံခြုံစိတ်ချရသောမြေသားခိုင်မာမှုနှင့် ကြံ့ခိုင်သောနောက်ဆုံးမြေပြင်ပုံသဏ္ဌာန် ဖြစ်ပေါ်လာအောင် စီစဉ်ပေးရန်။
- ရာသီဥတုဒဏ်ခံနိုင်ပြီး သဘာဝအလျောက် ရှင်သန်ရပ်တည်နိုင်သည့် သဘာဝပေါက်ပင်များ တည်ထောင်ပေးရန်။
- တည်ဆဲမြစ်ကြေပိုင်းမှ ရေအသုံးပြုသူများနှင့် ရေနေဂေဟစနစ်အတွက် ရေအရင်းအမြစ်များ မှီတင်းအသုံးချမှုကို ထိခိုက်မှုမရှိစေရန် သေချာစေခြင်း။
- သတ္ထုတွင်းပိတ်သိမ်းပြီးနောက် ဒေသတွင်းနေလူများအား ရေရှည်စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးစေသော အခွင့်အလမ်းများ စီစဉ်ပေးရန်။

၃။ အဓိပ္ပါယ် ဖွင့်ဆိုချက်များ

Closure - လုပ်ငန်းလည်ပတ်ခြင်းနှင့် လုပ်ငန်းအဆုံးသတ်ခြင်း ပြီးဆုံးသွားသည့်အခါ လုပ်ဆောင်ရမည့် သတ္ထုတွင်းပိတ်သိမ်းခြင်းလုပ်ငန်းများဖြစ်ပါသည်။ သတ္ထုတွင်းပိတ်သိမ်းခြင်းတွင် အပြီးသတ်ပြန်လည်တည်ထောင်ခြင်းနှင့် သတ္ထုတွင်းပိတ်သိမ်းခြင်း ရည်မှန်းချက်များအရ တိုးတက်မှုကို အကဲဖြတ်ဆုံးဖြတ်နိုင်ရန် စောင့်ကြပ်ကြည့်ရှုခြင်းများ ပါဝင်ပါသည်။

Competent waste rock - သည် တည်ဆောက်ထားသည့် မြေပြင်ပုံသဏ္ဌာန်ခိုင်ခံ့မှု လျော့ကျသွားသော်လည်း ဆိုးရွားစွာပြိုမကျ သို့မဟုတ် တိုက်စားမခံရသော ကျောက်စိုင်နှင့်အောက်ခံမြေသားကို ဆိုလိုပါသည်။

Decommissioning - သတ္ထုတွင်းပိတ်သိမ်းရန် ပြင်ဆင်သည့်အဆင့်တစ်ခုဖြစ်ပါသည်။ ထိုဖြစ်စဉ်သည် သတ္ထုတွင်းတူးဖော်ခြင်းလုပ်ငန်းအဆုံးတွင် စတင်လုပ်ဆောင်သည့်အဆင့်ဖြစ်ပြီး အဆောက်အအုံများ ဖြိုချခြင်းနှင့် မလိုတော့သည့် အခြေခံအဆောက်အအုံများကို စွန့်ပစ်ခြင်းများ ပါဝင်ပါသည်။

Direct seeding - သည် ဒေသတွင်းမျိုးစိတ်များမှ ဆွတ်ခူးထားသော အစေ့အမျိုးမျိုးကို တိုက်ရိုက် အစေ့ချစိုက်ခြင်းကိုဆိုလိုပြီး အကြီးရှင်းလင်းခံထားရသော ဒေသတွင်းရှိ သဘာဝပေါက်ပင်များသည် အမျိုးမျိုးကွဲပြားခြားနားသော ဂေဟစနစ်၏ အစိတ်အပိုင်းများဖြစ်သောကြောင့် ၎င်းကိုအထောက်အကူပြုစေရန် ဤနည်းဖြင့်စိုက်ပျိုးရပါမည်။

Overburden (အပေါ်ယံမြေလွှာ) - သတ္ထုသိုက် သို့မဟုတ် ကျောက်မျက်အရိုင်းတုံးများပါသော အလွှာကို ဖုံးအုပ်ထားသော ကျောက်သား သို့မဟုတ် မြေသား။

Progressive rehabilitation - သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းအတွက် ဆက်လက်မလိုအပ်တော့သော ပျက်စီးသွားသောနေရာများ (ဥပမာအားဖြင့်၊ သတ္တုတွင်းနံရံစောင်းများ) တွင် ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းစဉ်။

Rehabilitation - ကြုံခိုင်သော မြေပြင်ပုံသဏ္ဌာန်၊ ခိုင်ခန့်သောရေနုတ်မြောင်းနှင့် ရေရှည်တည်တံ့နိုင်သည့် သဘာဝပေါက်ပင်များဖန်တီးရန် ပျက်စီးသွားသောမြေနေရာများ (ဥပမာအားဖြင့်၊ သတ္တုတွင်းကုန်းစောင်းများ) အပေါ်တွင် အပင်များ ပြန်လည်စိုက်ပျိုးခြင်းနှင့် မြေသားကြုံခိုင်စေခြင်းလုပ်ငန်းစဉ်။

Relevant authority - မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ချမှတ်ထားသော သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သို့မဟုတ် ၎င်း၏ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းအတွက် တာဝန်ခွဲပေးထားသော အာဏာပိုင်အဖွဲ့။

Revegetation (အပင်များပြန်လည် စိုက်ပျိုးခြင်း) - ထိခိုက်သွားသောမြေများကို အပင်များ သဘာဝဖြစ်စဉ်အတိုင်း ပြန်လည်ပေါက်ရောက်စေရန် မြေပြင်ကိုသင့်လျော်စွာ ပြုပြင်ခြင်းအားဖြင့် အပင်များပြန်လည် ပေါက်ရောက်ခြင်းကိုဆိုသည်။ ဥပမာအားဖြင့် အပင်များပွားများ ပေါက်ရောက်ခြင်းနှင့် မျိုးဆက်ပွားပေါက်ရောက်ခြင်း (သို့မဟုတ်) ဤဖြစ်စဉ်ကို ပိုမိုမြန်ဆန်စေရန် လူအားဖြင့် လုပ်ဆောင်ခြင်း။ ဥပမာ - တိုက်ရိုက်အစေ့ချခြင်း (သို့) အပင်လိုက်စိုက်ပျိုးခြင်း။

၄။ ဆက်စပ် အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ

ဤအစီအစဉ်နှင့်အတူ အောက်ဖော်ပြပါ အစီအစဉ်များတွင်ပါဝင်သော စီမံခန့်ခွဲမှုများကို အကောင်အထည် ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။

- တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်မှုအစီအစဉ်
- ပြန်လည်တည်ထောင်ခြင်း စီမံခန့်ခွဲမှု အစီအစဉ်
- သတ္တုတွင်းနှင့် စွန့်ပစ်မြေစာပုံများ စီမံခန့်ခွဲမှု အစီအစဉ်
- မာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများစီမံခန့်ခွဲမှု အစီအစဉ်
- လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု အစီအစဉ်
- ရပ်ရွာလူထု အထောက်အကူပြု ဖွံ့ဖြိုးတိုးတက်ရေး
- ရေ စီမံခန့်ခွဲမှု အစီအစဉ်

၅။ ဘေးအန္တရာယ် ဖြစ်စေသောအရာများနှင့် ထိခိုက်မှုများ

ကျောက်စိမ်းတူးထုတ်ခြင်းနှင့် အခြေခံအဆောက်အအုံများ ဆောက်လုပ်ရခြင်းကဲ့သို့သော ကျောက်စိမ်း တူးဖော်ခြင်းလုပ်ငန်းများကြောင့် ပျက်စီးမှုများဖြစ်ကာ ပတ်ဝန်းကျင်ကို ထိခိုက်စေပါသည်။ ဤလုပ်ငန်းများ သည် ဒေသတွင်းရေလမ်းကြောင်း ရွှေ့လျားမှု၊ ရေပြန့်နှံနှင့် ရေအရည်အသွေး (Hydrology) များကို

ပြောင်းလဲစေနိုင်ပြီး ရေနေနှင့်ကုန်းနေ ဇီဝမျိုးစိတ်များ၏ ရှင်သန်နေထိုင်ရာနေရာများ ပြောင်းလဲသွားခြင်းနှင့် ပျက်စီးလျော့ပါးခြင်းများ ဖြစ်ပေါ်စေပါသည်။ အကယ်၍ ပြန်လည်တည်ထောင်ခြင်းမပြုလုပ်ပါက ထိခိုက်ပျက်စီးသွားသောမြေပြင်သည် စဉ်ဆက်မပြတ်ရေတိုက်စားခြင်း၊ ရေလမ်းကြောင်းတွင် အနည်ကျခြင်း၊ ပတ်ဝန်းကျင်သဘာဝပေါက်ပင်များနှင့် လူတို့၏အိုးအိမ်စည်းစိမ် သာယာကြွယ်ဝမှုများကို ထိခိုက်စေနိုင်ပါသည်။

ထိခိုက်မှု၏ အရင်းအမြစ်များ (အန္တရာယ်များ)၊ အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းကြောင်းများ၊ ထိခိုက်မှုနှင့် ထိခိုက်ခံများကို **ဇယား (၁)** တွင် ဖော်ပြထားပါသည်။

ဇယား (၁) အန္တရာယ်များနှင့် ထိခိုက်မှုများ

အန္တရာယ်များ (ထိခိုက်မှု၏ အရင်းအမြစ်များ)	အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းကြောင်းများ	ထိခိုက်မှု/ထိခိုက်ခံများ
မကြံ့ခိုင်သော မြေပြင် ပုံသဏ္ဌာန် (မြေစာပုံနှင့်စွန့်ပစ်ကျောက်ပုံများ)	ကျောက်တုံးများ၊ ပစ္စည်းအကျိုးအပဲ့ အစအနများ အစုလိုက်အပြုံလိုက်ရွေ့ခြင်းနှင့် မြေသားလျောကျခြင်းနှင့်အတူ မြေပြိုမှုကို ဖြစ်ပေါ်စေသော မိုးသည်းထန်စွာရွာသွန်းမှုနှင့် မုန်တိုင်းများ။ ကုန်းပေါ်ရေစီးဆင်းမှုကြောင့် ဖြစ်ပေါ်စေသော မြေတိုက်စားမှုနှင့် ရေလမ်းကြောင်းများတွင် နုန်းပို့ချခြင်း	ထိခိုက်ပျက်စီးသွားသော ကျေးရွာများနှင့် လူနေထိုင်ရာနေရာများတွင် အသက် သို့မဟုတ် အိုးအိမ်စည်းစိမ် ဆုံးရှုံးမှုနှင့် သတ္တုတွင်းများနှင့် စွန့်ပစ်မြေစာပုံများတွင် လုပ်ကိုင်နေသောရေမဆေးလုပ်သားများ၏ အသက်ဆုံးရှုံးမှု။ နီးစပ်ရာ ပတ်ဝန်းကျင် နေရာများနှင့် သတ္တုတွင်းနေရာများ၏ မြစ်ကြောပိုင်းနေရာများတွင် ဇီဝမျိုးစိတ်များလျော့နည်းပျက်စီးခြင်းနှင့် ဆုံးရှုံးမှု။

အန္တရာယ်များ (ထိခိုက်မှု၏ အရင်းအမြစ်များ)	အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းကြောင်းများ	ထိခိုက်မှု/ထိခိုက်ခံများ
ရေလမ်းကြောင်း ပိတ်ဆို့ခြင်းနှင့်/သို့မဟုတ် နှန်းပို့သ၍ မြစ်ကောခြင်း။	မြစ်ရေလျှံခြင်း။	ထိခိုက်ပျက်စီးသွားသော ကျေးရွာများနှင့်လူနေထိုင်ရာနေရာများတွင် အသက် သို့မဟုတ် အိုးအိမ်စည်းစိမ် ဆုံးရှုံးမှု။ နီးစပ်ရာ ပတ်ဝန်းကျင်နေရာများနှင့် သတ္တုတွင်းနေရာများတွင် မြစ်ကြောပိုင်းနေရာများတွင် ဇီဝမျိုးစိတ်များ လျော့ကျပျက်စီးခြင်းနှင့် ဆုံးရှုံးမှု။
ထိခိုက်ပျက်စီးသွားသောနေရာများတွင်မအောင်မြင်သောပြန်လည်တည်ထောင်ခြင်း။	ကုန်းပေါ်ရေစီးဆင်းမှုကြောင့် ဖြစ်ပေါ်စေသောမြေတိုက်စားမှုနှင့်ရေလမ်းကြောင်းများတွင် နှန်းပို့ချခြင်း။	ထိခိုက်ပျက်စီးသွားသော ကျေးရွာများနှင့် လူနေထိုင်ရာနေရာများတွင် အသက် သို့မဟုတ် အိုးအိမ်စည်းစိမ် ဆုံးရှုံးမှု။ နီးစပ်ရာပတ်ဝန်းကျင်နေရာများနှင့် သတ္တုတွင်းနေရာများတွင် မြစ်ကြောပိုင်းနေရာများ၌ ဇီဝမျိုးစိတ်များ လျော့ကျပျက်စီးခြင်းနှင့် ဆုံးရှုံးမှု။
(လောင်စာ၊ ဆီ၊ ဓာတုပစ္စည်းများ စသည်) အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများဖြင့် ဓာတ်ပြုပျက်စီးနေသော မြေနှင့်ရေ။	မိုးရေနှင့် မြေပေါ်ရေစီးဆင်းမှုကြောင့် ဓာတ်ပြုပျက်စီးနေသော မြေနှင့်ရေတို့သည် ပျက်စီးမှုမရှိသေးသော မြေနှင့်ရေထဲသို့ စီးဆင်းမှု။	ပျက်စီးသွားသော ရေနေ ဂေဟစနစ်နှင့် သတ္တုတွင်းလုပ်ငန်း၏ ပတ်ဝန်းကျင် မြေနေရာနှင့် မြစ်ကြောပိုင်းနေရာများတွင် မြေဆီလွှာထုတ်လုပ်မှုလျော့နည်းခြင်း။ ဓာတ်ပြုပျက်စီးနေသော ရေနှင့် မြေထိတွေ့မှုမှ ဒေသတွင်းနေ

အန္တရာယ်များ (ထိခိုက်မှု၏ အရင်းအမြစ်များ)	အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းကြောင်းများ	ထိခိုက်မှု/ထိခိုက်ခံများ
		လူများအပေါ် ကျန်းမာရေး ဆိုင်ရာ သက်ရောက်မှုများ။
စွန့်ပစ်စက်ပစ္စည်းများနှင့် မသုံးသော လစ်လပ်နေသည့် လွတ်နေသော အဆောက်အအုံများ။	စက်ပစ္စည်းများနှင့် အဆောက်အအုံများကို ထိတွေ့ဝင်ရောက်နိုင်မှု ကန့်သတ်မထားခြင်း။	စွန့်ပစ်စက်ပစ္စည်းများနှင့် မသုံးသောလစ်လပ်နေသည့် အဆောက်အအုံများ အသုံးပြုမှုကြောင့် ဒေသတွင်းနေ လူများ ထိခိုက်ဒဏ်ရာရမှု (သို့မဟုတ်) သေဆုံးမှု။

၆။ သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများ

သတ္တုတွင်းပိတ်သိမ်းခြင်းနှင့် ပတ်သက်သည့် သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များ နှင့် စံချိန်စံညွှန်းများကို ဤအပိုင်းတွင် စာရင်းပြုထားပါသည်။

၆.၁ ဥပဒေ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များ

သတ္တုတွင်း ပိတ်သိမ်းခြင်းနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များမှာ -

ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၇၊ ပုဒ်မခွဲ (ဏ) အရ ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းသူက ပေးလျော်စေရန်၊ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ် သုံးစွဲသည့် လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံ ခန့်ခွဲခြင်း။
- ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေ သည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်း

များနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်စေ ခြင်း။

- ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင်အထောက်အကူပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုရ မည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက် စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

- ပုဒ်မ ၂၄ အရ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်မှု ရှိမရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြားခြင်း ပြုနိုင်သည်။

- ပုဒ်မ ၂၉ အရ မည်သူမျှ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၁၄) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နည်းဥပဒေ ၆၈ အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်ရေးအတွက် နည်းဥပဒေ ၅၂၊ ၅၃ နှင့် ၆၂ အရ သတ်မှတ်သည့် လုပ်ငန်းအမျိုးအစားများတွင် မပါဝင်သည့် အသေးစား ပုဂ္ဂလိက လုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံများသည် လုပ်ငန်းတည်ဆောက်လည်ပတ်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီး ဌာနသို့ ခွင့်ပြုချက်၊ လိုင်စင်လျှောက်ထားခြင်းမပြုမီ ပတ်ဝန်းကျင် ထိခိုက်မှု ရှိမရှိနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူရမည်။

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ တွင်လူသားတို့၏ ကျန်းမာရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှု မဖြစ်စေရန်အလို့ငှာ နေရာအသီးသီး၏ ဆူညံသံနှင့် တုန်ခါမှု၊ အခိုးအငွေ့ထုတ်လွှတ်မှုနှင့် အရည်စွန့်ထုတ်မှုများ ထိန်းချုပ်ရေးအတွက် လိုက်နာရမည့် အခြေခံစည်းမျဉ်းများကို ဖော်ပြထားပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၈ အရ မည်သူမျှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိခိုက်ပျက်စီးရန် ရည်ရွယ်၍ တစ်စုံတစ်ရာပြုလုပ်ခြင်း သို့မဟုတ် ရေကြောင်းအား ပြောင်းလဲစေခြင်း မပြုရ၊ ရေအရင်းအမြစ်များကို တမင် ပြုန်းတီးစေခြင်း မပြုရ။

- ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ) အရ မည်သူမျှ မြစ်ချောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်းလုပ်ငန်းများမှ စွန့်ပစ်မြေစာနှင့် အခြားပစ္စည်းများကို မြစ်ချောင်း အတွင်းသို့ဖြစ်စေ၊ မြစ်ချောင်းအတွင်း စီးဝင်နိုင်သည့် ရေဆင်းလမ်းလျှို့မြောင်များ အတွင်းသို့ဖြစ်စေ စွန့်ပစ်ခြင်း မပြုရ။

- ပုဒ်မ ၂၂ အရ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း စီးပွားရေးအလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်း မပြုရ။

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် သတ်မှတ်ထားသော ဈေးနှုန်းကို လျှောက်ထားသူက သတ်မှတ်ကာလ အတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချ ထားပေးရေးအဖွဲ့သည် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့်အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ရမည်။

- ပုဒ်မ ၁၆ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်-

  (က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

  (ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။

(ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။

(င) ရရှိထားသော ခွင့်ပြုမိန့်ကို တစ်ဆင့်ဌားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ၊

(စ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(၂) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ် မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန် နှင့် မတော်တဆဖြစ်ပွားမှုကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲ အကောင်အထည် ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့ အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

- ပုဒ်မ ၃၆ အရ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းများကို လည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှု ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ ကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆.၂ အမိန့်ကြော်ငြာစာများ

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ကျောက်စိမ်းတူးဖော်ရေးဌာနသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေ (၁၉၉၅) ဥပဒေအမှတ် အပိုဒ် ၅၄ (ခ)နှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ အပိုဒ် ၅၄ (ဂ)အရ လုံးခင်း/ ဖားကန့်ရတနာနယ်မြေအတွက် အမိန့်ကြော်ငြာစာများထုတ်ပြန်ထားပါသည်။

သတ္တုတွင်းပိတ်သိမ်းခြင်းနှင့် ဆက်စပ်သည့် အမိန့်ကြော်ငြာစာများမှာ -

- စာအမှတ် က-၃၇/ဝဂ၈/၂၀၁၄၊ စက်တင်ဘာလ ၄ ရက်၊ ၂၀၁၅
- စာအမှတ် က-၃၇/၁၄၆/၂၀၁၆/ ဇန်နဝါရီလ ၂၆ ရက်၊ ၂၀၁၆
- စာအမှတ် က-၃၇/၂၉၅/၂၀၁၇

၆.၃။ နိုင်ငံတကာ လမ်းညွှန်ချက်များ

နိုင်ငံတကာ ငွေကြေးဆိုင်ရာ ကော်ပရေးရှင်း (International Finance Corporation (IFC)) သည် သတ္ထုတွင်းပိတ်သိမ်းခြင်းအပေါ် ယေဘုယျ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များ ပါရှိသည့် လမ်းညွှန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာထားပါသည်။ ဆက်စပ်သည့် လမ်းညွှန်ချက်မှာ -

- သတ္ထုတွင်းတူးဖော်ခြင်းလုပ်ငန်းအတွက် ပတ်ဂန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးနှင့် ဘေးန္တရာယ် ကင်းရှင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များ၊ ဒီဇင်ဘာလ ၂၀၀၇၊ IFC/World Bank

ဩစတြေးလျအစိုးရသည် သတ္ထုတွင်းတူးဖော်ခြင်းလုပ်ငန်းများအတွက် အဓိကလက်တွေ့ကျသောလမ်း ညွှန်ချက်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ အောက်ပါထုတ်ပြန်ကြေညာချက်များသည် အောင်မြင်သော သတ္ထုတွင်းပိတ်သိမ်းခြင်းနှင့် သတ္ထုတွင်းလုပ်ငန်းနေရာများ ပြန်လည်တည်ထောင်ခြင်းအတွက် လိုအပ် ချက်များအပေါ် အကြောင်းခံသော အရေးပါသည့် လမ်းညွှန်ချက်များကို သတ်မှတ်ပြဋ္ဌာန်းပေးထားပါသည်။

- **သတ္ထုတွင်းပိတ်သိမ်းခြင်း။** သတ္ထုတွင်းတူးဖော်ခြင်းလုပ်ငန်းများအတွက် အဓိကလက်တွေ့ ကျသော ရေရှည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးစီမံချက်၊ စက်တင်ဘာလ ၂၀၁၆၊ ဩစတြေးလျ အစိုးရ။

- **သတ္ထုတွင်းပြန်လည်တည်ထောင်ခြင်းလုပ်ငန်း။** သတ္ထုတွင်းတူးဖော်ခြင်းလုပ်ငန်းများအတွက် အဓိက လက်တွေ့ကျသော ရေရှည်တံ့ခိုင်မြဲ သော ဖွံ့ဖြိုးရေးစီမံချက်၊ စက်တင်ဘာလ ၂၀၁၆၊ ဩစတြေးလျ အစိုးရ။

၇။ စီမံခန့်ခွဲမှု အစီအမံများ

သတ္ထုတွင်း လုပ်ငန်းပိတ်သိမ်းခြင်းအတွက် အသုံးကျသော အကောင်းဆုံး လုပ်ထုံးလုပ်နည်းတွင် ယေဘုယျ အားဖြင့် အဆင့် (၄) ဆင့် ပါဂင်ပါသည်။

- နောက်ဆုံးအဆင့် မြေပြင်ပုံသဏ္ဌာန်နှင့် မြေအသုံးချမှုအပေါ် သဘောတူညီချက်။
- ကျန်ရှိနေသေးသောအန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများစီမံခန့်ခွဲမှုအပါအဂင် လုပ်ငန်း အဆုံးသတ် ပိတ်သိမ်းခြင်း။
- မြေပြင်ပုံသဏ္ဌာန် ပုံစံဒီဇိုင်းနှင့် တည်ငြိမ်ကြံ့ခိုင်သော မြေမျက်နှာပြင်တည်ဆောက်ခြင်း။
- ပြန်လည်တည်ဆောက်ထားသော မြေပြင်ပုံသဏ္ဌာန်ပေါ် တွင်တွင် အပင်များပြန်လည် စိုက် ပျိုးခြင်း (သို့ မြေကိုအခြားနည်းများဖြင့် ပြောင်းလဲအသုံးချမှု ဖွံ့ဖြိုးရေး) ။

အထက်ဖော်ပြပါ အဓိန့်ကြော်ငြာစာများမှ လိုက်နာရမည့်အချက်များတွင် အောက်ပါအသေးစိတ်ပြု ထား သော စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များ ပါဝင်သည်။ အပြီးသတ်ပြန်လည်တည်ထောင်ခြင်း မပြုလုပ်လျင် သို့မ

ဟုတ် မပြည့်စုံလျင် ဖြစ်လာနိုင်သော အန္တရာယ်များနှင့် ထိခိုက်မှုများကို လျော့ချနိုင်သမျှ လျော့ချရန် အောက်တွင်ဖော်ပြထားသော အစီအမံများအား အမိန့်ကြော်ငြာစာများနှင့်အညီ အကောင်အထည်ဖော်ရမည်။

ဤအစီအစဉ်၏ရည်မှန်းချက်များမှာ ဒေသခံလူထုနှင့်ကုမ္ပဏီအကြား ဘက်မလိုက်သည့် ကျွမ်းကျင်ပညာရှင်များ၏ နည်းပညာနှင့် အကူအညီများရယူကာ လုပ်ဆောင်ချက်များကို တာဝန်ရှိသော သတ္တုတွင်းကုမ္ပဏီမှ အကောင်အထည်ဖော်ရန်ဖြစ်သည်။

၇.၁။ သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်း မပြီးဆုံးမီ

သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်း မပြီးဆုံးမီ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံခန့်ခွဲမှုလုပ်ဆောင်ချက်များမှာ -

(က) သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်း မပြီးဆုံးမီ သို့မဟုတ် ခွင့်ပြုမိန့်မကုန်ဆုံးမီ အနည်းဆုံး ၆ လ အတွင်းတွင် သက်ဆိုင်ရာအာဏာပိုင်များနှင့် စောနိုင်သမျှစောပြီး သတ္တုတွင်းလုပ်ငန်းပိတ်သိမ်းခြင်း အစီအစဉ်ကို တွေ့ဆုံတင်ပြရပါမည်။

(ခ) နောက်ဆုံးမြေအသုံးပြုမှုအတွက် ဆွေးနွေးရန်နှင့် သဘောတူညီမှုရရှိရန် ဒေသတွင်းနေပြည်သူအများနှင့် တွေ့ဆုံရပါမည်။ ဆွေးနွေးချက်တွင် အောက်ပါအချက်များပါရှိရပါမည်။

၁) လက်လုပ်လက်စား သတ္တုတူးဖော်သူများ ဆက်လက်တူးဖော်လုပ်ကိုင်နိုင်မှု ဖြစ်နိုင်ချေများ။
၂) သတ္တုတွင်း ကန်များထိန်းသိမ်းထားခြင်းအပါအဝင် နောက်ဆုံးမြေပြင်ပုံသဏ္ဌာန်။
၃) သစ်အရင်းအမြစ်အဖြစ် တန်ဖိုးကြီးပြီး နောက်ဆုံးအဆင့် သစ်ပင်ပြန်လည်စိုက်ပျိုးခြင်းအတွက် သင့်လျော်သော ဒေသခံသစ်ပင်မျိုးစိတ်များ စဉ်းစားဖော်ထုတ်ခြင်း။
၄) အောင်မြင်သော သတ္တုတွင်းပိတ်သိမ်းခြင်းဖြစ်စေရန် စိစစ်သတ်မှတ်ရာတွင် သတ္တုတွင်းပိတ်သိမ်းခြင်း သတ်မှတ်ကာလနှင့် လေ့လာစောင့်ကြည့်ခြင်း။

(ဂ) ဒေသတွင်းနေလူထု၏ အကြံပြုချက်များ၊ သက်ဆိုင်ရာ အာဏာပိုင်များ၏ သတ်မှတ်ချက်များနှင့် မြေသားတည်ငြိမ်ကြံ့ခိုင်မှုဆိုင်ရာ နည်းပညာရှင်အင်ဂျင်နီယာများ၊ ပတ်ဝန်းကျင်ဆိုင်ရာ ဓာတုဗေဒပညာရှင်များနှင့် ပြန်လည်တည်ထောင်ခြင်းဆိုင်ရာ ကျွမ်းကျင်သူများအပါအဝင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ (၂၀၁၃) အရ သို့မဟုတ် နိုင်ငံတကာအသိအမှတ်ပြု ဥပဒေ အရ သို့မဟုတ် အဖွဲ့အစည်းများမှ အသိအမှတ်ပြုထားသော ဘူမိနည်းပညာဆိုင်ရာ အင်ဂျင်နီယာများနှင့် နည်းပညာပိုင်း ဆိုင်ရာကျွမ်းကျင်သူတို့၏ အကြံပြုချက်များကို ထည့်သွင်းပြီး သတ္တုတွင်းလုပ်ငန်းပိတ်သိမ်းခြင်း အစီအစဉ်ကို ပြင်ဆင်ရပါမည်။

၁) နောက်ဆုံးအဆင့် မြေပြင်ပုံသဏ္ဌာန်ဒီဇိုင်း။

၂) နောက်ဆုံးအဆင့် ပြန်လည်တည်ထောင်ခြင်း ပုံစံဒီဇိုင်း။
၃) သတ္တုတွင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ပြီးမြောက်မည့် အချိန်ဇယား။
၄) အောင်မြင်သော နောက်ဆုံးအဆင့် ပြန်လည်တည်ထောင်ခြင်းအတွက် ခန့်မှန်းသတ်မှတ်ကာလ။

၇.၂။ လုပ်ငန်းအဆုံးသတ်ခြင်း

လုပ်ငန်းတွင် ပါဝင်သည့်အဖွဲ့အစည်းများနှင့် အခြားသောသဘောတူညီမှုများ မရှိထားပါက၊ သတ္တုတွင်းလည်ပတ်ခြင်း ရပ်ဆိုင်းသွားသည်နှင့်တပြိုင်နက် သတ္တုတွင်းလုပ်ငန်း အဆုံးသတ်ပိတ်သိမ်းခြင်းကို အစပြုရမည်ဖြစ်ပြီး၊ အခြေခံအဆောက်အအုံများ၊ ပစ္စည်းပစ္စယများ၊ စက်ပစ္စည်းများနှင့် မိလ္လာကန်များ ဖယ်ရှားခြင်းများ လုပ်ဆောင်ရပါမည်။ သတ္တုတွင်းလည်ပတ်ခြင်း ရပ်ဆိုင်းသွားပြီးနောက် အောက်ပါအဆင့်များကို လုပ်ဆောင်ရပါလိမ့်မည်။

သတ္တုတွင်း တူးဖော်ခြင်းလုပ်ငန်းသုံး ပစ္စည်းကိရိယာများနှင့် အဆောက်အအုံများ ဖယ်ရှားခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်အသုံးချခြင်းနှင့် စွန့်ပစ်ခြင်း

(က) ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိရိယာများ ဖယ်ရှားခြင်း။
(ခ) ကျန်ရှိနေသေးသော ပစ္စည်းကိရိယာများ၊ အဆောက်အအုံများနှင့် မိလ္လာကန်များ ဖြိုချခြင်း သို့မဟုတ် စနစ်တကျ ဖျက်သိမ်းခြင်း။
(ဂ) ထိခိုက်ပျက်စီးနိုင်ပြီး ပြန်လည်ပြုပြင် သုံးစွဲ၍ရနိုင်သော ပစ္စည်းကိရိယာများ (ဥပမာ - စတီးတိုင်ကီများ) ကို အန္တရာယ်မရှိနိုင်သည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်အရ ဖယ်ရှားခြင်းနှင့် စွန့်ပစ်ခြင်း။
(ဃ) ကွန်ကရစ်အုတ်မြစ်များ၊ အမျိုးမျိုးသောဆောက်လုပ်ရေးပစ္စည်းများနှင့် ယာဉ်တာရာများစသည့် ပြန်လည်ပြုပြင်သုံးစွဲ၍မရနိုင်သည့် မာတ်ပြုခြင်းမရှိသော စွန့်ပစ်ပစ္စည်းများကို အန္တရာယ်မရှိနိုင်သည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်တည်ဆောက်ထားသော အမှိုက်ကန်များတွင် ဖယ်ရှားခြင်းနှင့် စွန့်ပစ်ခြင်း။
(င) ကျန်ရှိသောကွန်ကရစ်အဆောက်အအုံနှင့် အုတ်မြစ်များကို ပိုမိုစိမ့်ဝင်စီးဆင်နိုင်စေရန် အနည်းဆုံး (၁) မီတာရှိသော သန့်ရှင်းသည့်ကျောက်တုံးနှင့်/ သို့မဟုတ် မြေလွှာဖြင့် ဖုံးပေးခြင်း။

မာတ်ပြုပျက်စီးနေသောမြေနှင့် ရေကို ရှင်းထုတ်ခြင်း

သတ္တုတွင်းတူးဖော်ခြင်း လုပ်ငန်းလုပ်ကိုင်နေစဉ်အတွင်း အသုံးပြုခဲ့သော စွန့်ပစ်ဟိုက်ဒရိုကာဗွန် (လောင်စာ)နှင့် မာတုပစ္စည်းများကဲ့သို့သော အန္တရာယ်ဖြစ်စေနိုင်သည့်ပစ္စည်းများဖြင့် ခါတ်ပြုပျက်စီးနေသော မြေဆီလွှာနှင့် ရေများကို သန့်စင်ရှင်းလင်းမှု ကောင်းစွာမလုပ်လျှင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်စေနိုင်ပါသည်။ လုပ်ငန်းခွင်ရှိ (သို့မဟုတ်) လုပ်ငန်းခွင်အနီးဝန်းကျင်ရှိ အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများနှင့် မာတု သို့မ

ဟုတ် ဇီဝအဆိပ်သင့်စေနိုင်သောပစ္စည်းများကို သတ္တုတွင်းလုပ်ငန်းပိတ်သိမ်းခြင်းအဆင့်၌ ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်အရ စီမံရပါလိမ့်မည်။

၇.၃။ နောက်ဆုံးအဆင့် မြေပြင်ပုံသဏ္ဌာန်ဒီဇိုင်း

အောင်မြင်သောသတ္တုတွင်း လုပ်ငန်းပိတ်သိမ်းခြင်းဟူသည် လူသားများနှင့်တိရိစ္ဆာန်များအတွက် ဘေးအန္တရာယ်ကင်းရှင်းစေသည့် ကြံ့ခိုင်သောမြေပြင်ပုံသဏ္ဌာန်ကို ဖန်တီးပေးခြင်းဖြစ်ပါသည်။ တိုက်စားခြင်း၊ အနည်ကျခြင်းတို့ကိုလျော့ချနိုင်ရန် သင့်လျော်သော မြေပြင်ပုံသဏ္ဌာန်ကို ဖန်တီးပေးရမည်ဖြစ်ပြီး အပင်များအောင်မြင်စွာပြန်လည် စိုက်ပျိုးပေါက်ရောက်နိုင်ရန် ဒေသခံသစ်ပင်မျိုးစိတ်များ တိုးချဲ့ပေါက်ရောက်စေရပါမည်။ ပုံ(၁)တွင် သတ္တုတွင်းပိတ်သိမ်းခြင်း၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်တည်ထောင်ခြင်းဆိုင်ရာ လုပ်ငန်းများကို အောင်မြင်စွာလုပ်ဆောင်နိုင်ရန်အတွက် ယေဘုယျသဘောတရားများကို ဖော်ပြထားပါသည်။ နောက်ဆုံးအဆင့်ကြံ့ခိုင်သော မြေပြင်ပုံသဏ္ဌာန်ကိုရရှိရန်အတွက် အစီအမံများကို အောက်ပါအတိုင်းလုပ်ဆောင်ရပါမည်။

(က) အောက်ပါအချက်များနှင့်စပ်လျဉ်း၍ ဒေသတွင်းနေ ပြည်သူများ၊ အာဏာပိုင်များနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး နောက်ဆုံးအဆင့် မြေပြင်ပုံသဏ္ဌာန်ကို ပုံဖော်ဒီဇိုင်းဆွဲရပါမည်။

၁) သတ္တုတွင်း ကုန်စောင်းများ၊ လှောခါးထစ်အဆင့်များ၊ လှောခါးထစ်များနှင့် ရေနုတ်မြောင်းများအပါအဝင် နောက်ဆုံးမြေပြင်တည်ငြိမ်ကြံ့ခိုင်မှုကို ပြုလုပ်ရမည်။

၂) အတွင်းဘက်နှင့် အပြင်ဘက်ရှိ ရေနုတ်မြောင်းစီမံခန့်ခွဲမှု။

၃) ဒေသခံသဘာဝပေါက်ပင်များ ပြန်လည်တည်ထောင်ခြင်း။

၄) လူထုဘေးအန္တရာယ်ကင်းရှင်းရေး။

(ခ) ဘေးအန္တရာယ်ကင်းရှင်းပြီး နောက်ဆုံး အဆင့်ကြံ့ခိုင်သော မြေပြင်ပုံသဏ္ဌာန်ကို ဖန်တီးရန် ဖြစ်နိုင်သည့်နေရာများတွင် လုပ်ငန်းပြီးသွားသော သတ္တုတွင်းများအား အခြားသော သတ္တုတွင်းနေရာများမှ အပေါ်ယံမြေလွှာဖြင့် မြေပြန်လည်ဖို့ထားပေးရပါမည်။

(ဂ) အကယ်၍ သတ္တုတွင်းများအား မြေပြန်လည်မဖို့နိုင်ပါက -

၁) သတ္တုတွင်း စွန့်ပစ်မြေစာနှင့်ကျောက်ပုံများ စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အတိုင်း သတ္တုတွင်းနံရံများနှင့် စွန့်ပစ်ကျောက်ပုံဆင်ခြေလျှောများ ကြံ့ခိုင်စေရပါမည်။

၂) ပြည်သူလူထုနှင့် ခြံမွေးတိရိစ္ဆာန်များ အမှုမဲ့အမှတ်မဲ့ စွန့်လွှတ်ထားသောသတ္တုတွင်းများ အနီးအနားသို့သွားရောက်ရာတွင် အန္တရာယ်ရှိနိုင်ပြီး ၎င်းမှကာကွယ်နိုင်ရန် ဟင်းလင်းပွင့် သတ္တုတွင်းတစ်ခုစီ၏ပတ်လည်တွင် အတားအဆီးမြောင်းများ တည်ဆောက်ပေးရပါမည်။ အတားအဆီးမြောင်းများ တည်ဆောက်ရာတွင် ခိုင်ခံ့မှုရှိသော အောက်ခံကျောက်နှင့် မြေသားများကို အသုံးပြုရမည်ဖြစ်ပြီး မကြံ့ခိုင်သော သတ္တုတွင်းအစွန်းနေရာများနှင့် အနည်းဆုံး ၁၀ မီတာ အကွာတွင် တည်ဆောက်ရပါမည်။


(ဃ) သတ္တုတွင်းပတ်ပတ်လည်တွင် လျှံကျရေများကို လမ်းကြောင်းပြောင်းပေးရန် (cut-off ရေနုတ်မြောင်းများ၊ အနည်များဖမ်းရာနေရာများနှင့် အနည်စစ်ကန်များစသည့်) တည်ရှိနေသော တိုက်စားခြင်းနှင့် အနည်ထိန်း နုန်းတားများကို ထိန်းသိမ်းစောင့်ရှောက်ရပါမည်။

(င) သတ္တုတွင်းပိတ်သိမ်းပြီးနောက် သတ္တုတွင်းသို့ ရောက်ရှိနိုင်သည့် လမ်းများနှင့် လမ်းကြောင်းများ အသုံးပြုမှုမှကာကွယ်ရန် (ဥပမာအားဖြင့် အတားအဆီးများ တည်ဆောက်ထားခြင်းဖြင့် ဖြတ်သန်းသွားလာခြင်းမပြုစေရန်) စီမံထားရပါမည်။

(စ) တိမ်သော သတ္တုတွင်းများအတွက် ဖြစ်နိုင်ပါက မြေပြင်အနိမ့်အမြင့်မျဉ်းကြောင်း (Contour) ကို မူလအတိုင်းဖြစ်စေရန် (သို့မဟုတ်) တည်ငြိမ်စေရန် ပြန်လည်ပုံစံပြု၍ ရေထုတ်လမ်းကြောင်းများကို ပြန်အလုပ်လုပ်ပါစေ။

(ဆ) ဒေသတွင်း မတ်စောက်သော မြေပြင်အနေအထားနှင့် မြင့်မားသော မိုးရေချိန်အား သတိပြု၍ မြေပြင်ပုံသဏ္ဍာန်အားလုံးကို ဆောက်လုပ်နေစဉ်အတောအတွင်း ပါမကျန် ဘေးအန္တရာယ် ကင်းရှင်းပြီး ကြံ့ခိုင်မှုရှိသော ပုံစံဒီဇိုင်းကို ပုံဖော်ရေးဆွဲရပါမည်။

(ဇ) ရေထုတ်ခြင်းဆောင်ရွက်နိုင်ရန် မသုံးတော့သည့် သတ္တုတွင်းများ အပါအဝင် နောက်ဆုံးမြေပြင် ပုံသဏ္ဍာန်ကို ဒီဇိုင်းရေးဆွဲရပါမည်။



သတ္တုတွင်း ပိတ်သိမ်းခြင်း
အပြီးသတ် ပြန်လည်ထူထောင်ရေး ယူဆချက်များ

VALENTIS coffey A TETRA TECH COMPANY	Project:	MGJEA	DRWEN00015_F001_FinalRehab_v2	Figure No. 1
	File Name: 00015 EMP01 MC F001 GRA	Hpakant/Lonkin Gems Tract EMP		

၇.၄။ မြေပေါ်ရေ စီမံခန့်ခွဲမှု

သတ္တုတွင်းပိတ်သိမ်းခြင်းအဆင့် မြေပေါ်ရေစီမံခန့်ခွဲမှုအတွက် မူလရည်မှန်းချက်များမှာ မြစ်ကြေအရပ်ရှိ ရေလမ်းကြောင်းများအတွင်းသို့ တိုက်စားခြင်းနှင့်အနည်ကျခြင်းကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်ရန် သတ္တုတွင်းများ၊ စွန့်ပစ်မြေစာပုံများနှင့်သတ္တုတွင်းအခြေခံအဆောက်အအုံများ တည်ဆောက်သည့် နေရာများတွင် ရေနုတ်မြောင်းများ ကြိုဆိုင်စွာတည်ဆောက်ထားရှိရန်တို့ဖြစ်ပါသည်။ ထိရောက်သော မြေပေါ်ရေ စီမံခန့်ခွဲမှုရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံခန့်ခွဲမှုလုပ်ငန်းများမှာ -

(က) နောက်ဆုံးအဆင့်သတ္တုတွင်းနှင့်စွန့်ပစ်မြေစာပုံများတွင် ရှိရမည့်အင်္ဂါရပ်များ ပေါင်းစပ်ထည့်သွင်းရန် မြေပေါ်ရေစီမံခန့်ခွဲမှုအစီအစဉ်အား (တိုက်စားခြင်းနှင့်အနည်ကျခြင်း ထိန်းချုပ်မှုအစီအစဉ်ကို ကြည့်ပါ။) ပြန်လည်ဆန်းစစ် ပြင်ဆင်ရမည်ဖြစ်သည်။

(ခ) တိုက်စားခြင်းနှင့်အနည်ကျခြင်းအား မထိန်းချုပ်ခင် ထိန်းချုပ်မှုအစီအစဉ်အား ဦးစွာ အကောင်အထည် ဖော်ဆောင်ရွက်ရမည်။

(ဂ) ပြန်လည်တည်ထောင်ခြင်း စီမံခန့်ခွဲမှုအစီအစဉ်အရ နောက်ဆုံးအဆင့် မြေပြင်ပုံသဏ္ဌာန်ကို ပြန်လည်တည်ထောင်ရပါမည်။

၇.၅။ နောက်ဆုံးအဆင့် ပြန်လည်တည်ထောင်ခြင်း

နောက်ဆုံးအဆင့်ပြန်လည်တည်ထောင်ရေး စီမံခန့်ခွဲမှုအစီအစဉ်ကို ချမှတ်ထားသည့်လုပ်ဆောင်ချက်များအတိုင်း လုပ်ဆောင်ရမည်။

၈။ လုပ်ဆောင်ချက် စံနှုန်းများ

အောင်မြင်သောသတ္တုတွင်းပိတ်သိမ်းခြင်းနှင့် နောက်ဆုံးအဆင့်ပြန်လည်တည်ထောင်ခြင်း အတွက်လုပ်ဆောင်ချက်စံနှုန်းများမှာ -

- သတ္တုတွင်းပိတ်သိမ်းရန် ရည်ရွယ်ချက်ဖြင့် သက်ဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်ပြီးကြောင်း အထောက်အထား။
- သတ္တုတွင်းပိတ်သိမ်းခြင်းနှင့်ပတ်သက်၍ လုပ်ငန်းတွင် သက်ဆိုင်သော အဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်ပြီးကြောင်း မှတ်တမ်းများနှင့် အဘောတူညီမှုအပါအဝင်၊ သတ္တုတွင်းပိတ်သိမ်းခြင်း၊ နောက်ဆုံးအဆင့် ပြန်လည်တည်ထောင်ခြင်းနှင့် နောက်ဆုံးအဆင့် မြေအသုံးချမှုတို့အပေါ် သက်ဆိုင်ရာအာဏာပိုင်များ၊ ဒေသခံလူထုနှင့်ညှိနှိုင်းဆွေးနွေးတိုင်ပင်ပြီးကြောင်း အထောက်အထား။

- သတ္ထုတွင်းပိတ်သိမ်းခြင်း အစီအစဉ်။
- စွန့်ပစ်သတ္ထုတွင်းသုံး ပစ္စည်းကိရိယာများနှင့် အဆောက်အအုံများ၊ သို့မဟုတ် အန္တရာယ်မဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများတို့၏ အထောက်အထားမရှိခြင်း၊
- ဓာတ်ပြုပျက်စီးနေသော မြေ သို့မဟုတ် ရေတို့၏အထောက်အထားမရှိခြင်းနှင့် ဓာတ်ပြုပျက်စီးနေသော မြေနှင့်ရေ ဖယ်ရှားရှင်းလင်းခြင်းနှင့် စွန့်ပစ်ခြင်းမှတ်တမ်းများ။
- သဘောတူညီထားသည့်အတိုင်း နောက်ဆုံးမြေပြင်ပုံသဏ္ဌာန်သည် ဘေးအန္တရာယ်ကင်းရှင်းပြီး မြေထု၏ ဓါတုဖွဲ့စည်းမှု အရသော်လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာဖွဲ့စည်းမှု အရသော်လည်းကောင်း ကြံ့ခိုင်မှုရှိရပါမည်။
- တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်သည့်နှုန်းတားများ တည်ဆောက်ခြင်းသည် နေရာတကျဖြစ်ပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်းများပြုလုပ်ရပါမည်။ တိုက်စားခြင်းကို ထိရောက်စွာထိန်းချုပ်နိုင်ရန် နှုန်းအနှစ်အနည်များပါသောရေကို ဖမ်းယူခြင်း၊ ပြုပြင်စီမံခြင်းနှင့် စနစ်တကျ လွှတ်ထုတ်ခြင်းများ ပြုလုပ်ရပါမည်။
- သတ္ထုတွင်းများမှ ရေစွန့်ထုတ်ရန်သတ်မှတ်ထားသော နေရာများတွင် ရေအရည်အသွေးဆန်းစစ်ခြင်း လမ်းညွှန်ချက်များအား လိုက်နာဖြည့်ဆည်းဆောင်ရွက်ခြင်း။
- သတ္ထုတွင်းများအတွင်း ပြန်လည်စိုက်ပျိုးခြင်းသည် လုပ်ဆောင်နိုင်သောအလုပ်တစ်ခုဖြစ်ပြီး ဟင်းလင်းပွင့်သတ္ထုတွင်းများ၊ စွန့်ပစ်မြေစာပုံများ၊ ယာဉ်ကြီးများသွားလာရန်လမ်းများနှင့် သတ္ထုတွင်းအလုပ်ရုံ၊ စီမံခန့်ခွဲရေးရုံးနှင့် အခြေခံအဆောက်အအုံနေရာများ စသည့်နေရာများတွင် ပြန်လည်စိုက်ပျိုးမှုများ ပြုလုပ်နိုင်ပါသည်။
- မထိရောက်၊ မပြည့်စုံသော ပြန်လည်တည်ထောင်ခြင်းအတွက် ကုစားစေရန်လုပ်ငန်းများ လုပ်ဆောင်ခြင်း။
- သဘောတူညီပြီးသော နောက်ဆုံးအဆင့်မြေအသုံးပြုမှုနှင့်/ သို့မဟုတ် အောင်မြင်သော နောက်ဆုံးအဆင့် ပြန်လည်တည်ထောင်ခြင်းကို သဘောတူညီထားသည့်သတ်မှတ်ကာလအတွင်း ပြီးမြောက်ရပါမည်။ နောက်ဆုံးအဆင့်အောင်မြင်သော ပြန်လည်တည်ထောင်ခြင်းကို အောက်ပါအချက်များဖြင့် တိုင်းတာဆုံးဖြတ်ပါမည်။
    - တည်ငြိမ်ကြံ့ခိုင်သော မြေပြင်ပုံသဏ္ဌာန်။
    - ရေမြောင်းများနှင့်/ သို့မဟုတ် မြစ်ကြေပိုင်း ရေလမ်းကြောင်းများတွင် ကြီးမားသော အနည်ကျမှုမရှိခြင်း။

- တလင်းမြေဖြစ်နေသော မြေကျယ်ကျယ် မကျန်ရှိခြင်း
- ဓာတ်ပြုပျက်စီးနေသော မြေဆီလွှာသို့မဟုတ် ရေများရှိသော နေရာမရှိခြင်း။
- ကျန်းမာရေးနှင့်ညီညွတ်ပြီး ပိုးမွှားကင်းစင်သောမြက်ပင်များ သို့မဟုတ် ဒေသခံမြက်ပင်များ။
- အပင်များသဘာဝအတိုင်း ပြန်လည်ပေါက်ပွားလာခြင်း အထောက်အထား။
- အပင်များ၊ ချုံပုတ်၊ ချုံမြင့်များနှင့် သစ်ပင်များ ဒေသပေါက်ပင်များ မြေကိုဖုံးလွှမ်းရင့်သန်လာခြင်း။
- သစ်ရွက်အမှိုက်များနှင့် ဆွေးမြေ့ပြီးအပင်များပါဝင်သည့် သဘာဝအော်ဂဲနစ်အလွှာ။
- ပေါင်းပင်၊ မြက်ပင်များ စုပြုံပေါက်ရောက်မှုမရှိခြင်း စသည်တို့ဖြင့် သတ်မှတ်ရပါမည်။

၉။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း ဆိုင်ရာလုပ်ဆောင်ချက်များ

သတ္ထုတွင်းပိတ်သိမ်းခြင်း လုပ်ငန်းများကို တာဝန်ရှိသော သတ္ထုတွင်းကုမ္ပဏီမှ သဘောတူညီထားသော သတ်မှတ်ကာလများအတွင်းတွင် သတ္ထုတွင်းပိတ်သိမ်းခြင်းအစီအစဉ်အတိုင်း သင့်တင့်လျောက်ပတ်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းရှိမရှိကို လစဉ် စစ်ဆေးပါလိမ့်မည်။ သတ္ထုတွင်းပိတ်သိမ်းခြင်း၏ အစိတ်အပိုင်းအဖြစ် လိုအပ်သောလုပ်ငန်းများစစ်ဆေးခြင်းကို သက်ဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်၊ ဥပမာအားဖြင့် တိုက်စားခြင်းနှင့် အနည်ကျခြင်းထိန်းချုပ်မှုအစီအစဉ်နှင့် ပြန်လည်တည်ထောင်ခြင်းစီမံခန့်ခွဲမှုအစီအစဉ်အတိုင်း လုပ်ဆောင်ရပါမည်။

သတ္ထုတွင်းပိတ်သိမ်းခြင်း အောင်မြင်မှုရှိ မရှိ အဆုံးအဖြတ်ပေးရန် လိုက်နာဆောင်ရွက်မှု စစ်ဆေးချက် (၄) ခုကို ပြုလုပ်ဆောင်ရွက်ရပါမည်။ ထိုစစ်ဆေးချက်များမှာ -

- သတ္ထုတွင်းတူးဖော်ခြင်းအပြီးနှင့် သတ္ထုတွင်းပိတ်သိမ်းခြင်းလုပ်ငန်းများ မစတင်မီ။
- သတ္ထုတွင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ပြီးမြောက်ပြည့်စုံသွားသည့်အခါ။
- တိုက်စားခံရသော နေရာများနှင့်/ သို့မဟုတ် အပင်များပြန်လည်စိုက်ပျိုးခြင်း မထိရောက်သော သို့မဟုတ် မစုံလင်သောနေရာများ (ထိခိုက်မှုများနှင့် တာဝန်မကင်းသောကာလ) ကို ပြန်လည်ပြုပြင်ရန် ကုစားရေးလုပ်ငန်းများ လိုအပ်မှုရှိမရှိ ဆုံးဖြတ်ရန်အတွက် သတ္ထုတွင်းပိတ်သိမ်းခြင်း လုပ်ငန်းများ ပြီးမြောက်ပြည့်စုံပြီးသွားသည့် နှစ်တိုင်း (မိုးရာသီကုန်တိုင်း)။

- သတ္ထုတွင်းပိတ်သိမ်းခြင်းနှင့် အောင်မြင်သော နောက်ဆုံးအဆင့်ပြန်လည်တည်ထောင်ခြင်း အတွက် သဘောတူညီထားသည့် သတ်မှတ်ကာလအတွင်း အပြီးသတ်လုပ်ဆောင်ရန်။

လိုက်နာဆောင်ရွက်မှု စစ်ဆေးချက်စာရင်းများ (Checklist) ကို ဤအစီအစဉ်နှင့်အတူ ပူးတွဲပေးထားပါသည်။ အကယ်၍ သတ္ထုတွင်းပိတ်သိမ်းခြင်းရည်မှန်းချက်များကို သဘောတူညီထားသည့် သတ်မှတ်ကာလအတွင်း မပြည့်မီ၊ မပြီးစီးပါက၊ အောင်မြင်သော သတ္တုတွင်းပိတ်သိမ်းခြင်း မဖြစ်ပေါ်ပါက သက်ဆိုင်ရာ အာဏာပိုင်များနှင့် ဆွေးနွေးညှိနှိုင်း သဘောတူရပါလိမ့်မည်။

သတ္တုတွင်း ပိတ်သိမ်းခြင်း အစီအစဉ် **လိုက်နာဆောင်ရွက်မှု စစ်ဆေးချက်စာရင်း - သတ္တုတွင်း ပိတ်သိမ်းခြင်း အစီအစဉ်**	
မော်နုံပါတ်နှင့် လုပ်ကွက်နံပါတ် သတ္တုတွင်းအမည်နှင့် ကုမ္ပဏီအမည်	
စစ်ဆေး/ဆန်းစစ်ဆောင်ရွက်သူ	
စစ်ဆေး/ဆန်းစစ်သည့် နေ့ စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထား	**လိုက်နာကျင့်သုံးခြင်း ရှိသည် (သို့) မရှိပါ။**
သတ္တုတွင်းပိတ်သိမ်းရန် ရည်ရွယ်ချက်ဖြင့် သက်ဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်ပြီးကြောင်း အထောက်အထား။	
ပါဝင်ပတ်သတ်နေသောအဖွဲ့အစည်များနှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်ပြီးကြောင်း မှတ်တမ်းများနှင့် သတ္တုတွင်းပိတ်သိမ်ခြင်းအစီအစဉ် သဘောတူညီမှု အပါအဝင်၊ သတ္တုတွင်းပိတ်သိမ်းခြင်း၊ နောက်ဆုံး ပြန်လည်တည်ထောင်ခြင်းနှင့် နောက်ဆုံးမြေအသုံးချမှုတို့အပေါ် သက်ဆိုင်ရာအာဏာပိုင်နှင့် ဒေသခံလူထုတို့ ညှိနှိုင်းဆွေးနွေးတိုင်ပင်ပြီးကြောင်း အထောက်အထား။	
သတ္တုတွင်း ပိတ်သိမ်းခြင်း အစီအစဉ် ပြင်ဆင်ပြီးခြင်း။	

သတ္တုတွင်း ပိတ်သိမ်းခြင်း အစီအစဉ် **လိုက်နာဆောင်ရွက်မှု စစ်ဆေးချက်စာရင်း - သတ္တုတွင်းပိတ်သိမ်းခြင်း လုပ်ငန်းများ ပြီးမြောက်မှု**	
မှော်နံပါတ်နှင့် လုပ်ကွက်နံပါတ် သတ္တုတွင်းအမည်နှင့် ကုမ္ပဏီအမည်	
စစ်ဆေး/ဆန်းစစ်ဆောင်ရွက်သူ	
စစ်ဆေး/ဆန်းစစ်သည့် နေ့ စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထား	**လိုက်နာကျင့်သုံးခြင်း ရှိသည် (သို့) မရှိပါ။**
စွန့်ပစ်ထားသော သတ္တုတွင်းတူး စက်ယန္တရားများနှင့်အခြေခံ အဆောက်အဦများ၊ သို့မဟုတ် အန္တရာယ်မဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများတို့၏ အထောက်အထားမရှိခြင်း။	
ဓာတ်ပြုပျက်စီးနေသော မြေ သို့မဟုတ် ရေတို့၏ အထောက်အထားမရှိခြင်း နှင့် ဓာတ်ပြုပျက်စီးနေသော မြေနှင့်ရေတို့ကို ပြုပြင်စွန့်ပစ်ခြင်း မှတ်တမ်းများ။	
သဘောတူညီထားသည့်အတိုင်း နောက်ဆုံးမြေပြင်ပုံသဏ္ဌာန်သည် ဘေးအန္တရာယ်ကင်းရှင်းပြီး မြေထု၏ ဓါတုဖွဲ့စည်းမှုအရသော်လည်းကောင်း၊ (geochemically)၊ ရုပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းမှုအရသော်လည်းကောင်း (geotechnically) တည်ငြိမ်ကြံ့ခိုင်မှု ရှိရပါမည်။	
တိုက်စားခြင်းနှင့် အနည်ကျခြင်း အထိန်းအချုပ်များမှာ နေရာတကျဖြစ်၍၊ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ပြီး တိုက်စားခြင်းနှင့် နှုန်းနှစ်အနည်များ ပါသောရေကို လွှတ်ထုတ်ခြင်း၊ ပြုပြင်ခြင်း၊ ဖမ်းယူခြင်းတို့ကို ထိရောက်စွာ ထိန်းချုပ်နိုင်ခြင်း။	

သတ္တုတွင်း ပိတ်သိမ်းခြင်း အစီအစဉ် **လိုက်နာဆောင်ရွက်မှု စစ်ဆေးချက်စာရင်း – ထိခိုက်မှုများနှင့် တာဝန်မကင်းသောကာလ**	
မှော်နံပါတ်နှင့် လုပ်ကွက်နံပါတ် သတ္တုတွင်းအမည်နှင့် ကုမ္ပဏီအမည်	
စစ်ဆေး/ဆန်းစစ်ဆောင်ရွက်သူ	
စစ်ဆေး/ဆန်းစစ်သည့် နေ့ စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထား	**လိုက်နာကျင့်သုံးခြင်း ရှိသည် (သို့) မရှိပါ။**
တိုက်စားခြင်းနှင့် အနည်ကျခြင်း အထိန်းအချုပ်များမှာ နေရာတကျဖြစ်၍၊ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ပြီး တိုက်စားခြင်းနှင့် နှုန်းနှစ်အနည်များပါသောရေကို ခွဲထုတ်ခြင်း၊ ပြုပြင်ခြင်း၊ စွန့်ထုတ်ခြင်းတို့ကို ထိရောက်စွာ ထိန်းချုပ်နိုင်ခြင်း။	
သတ္တုတွင်းနေရာများမှ စွန့်ထုတ်ရန် သတ်မှတ်ထားသောနေရာတွင် စွန့်ပစ်ရေ အရည်အသွေး လမ်းညွှန်ချက်များနှင့် ကိုက်ညီခြင်း။	
ဟင်းလင်းပွင့်တူး သတ္တုတွင်း၊ စွန့်ပစ်မြေစာပုံများ၊ ယာဉ်ကြီးများသွားလာရန် လမ်းများနှင့် သတ္တုတွင်း စီမံခန့်ခွဲရေးအုပ်ချုပ်မှုရုံးနှင့် အဆောက်အဦးနေရာများအပါအဝင် သတ္တုတွင်းနေရာများတွင် အပင်များပြန်လည်စိုက်ပျိုးနိုင်ခြင်း၊	
မထိရောက်၊ မပြည့်စုံသော ပြန်လည်တည်ထောင်ခြင်းအတွက် ကုစားစေရန် လုပ်ငန်းများ လုပ်ဆောင်ပြီးစီးခြင်း။	

သတ္တုတွင်း ပိတ်သိမ်းခြင်း အစီအစဉ် **လိုက်နာဆောင်ရွက်မှု စစ်ဆေးချက်စာရင်း – သတ္တုတွင်း ပိတ်သိမ်းခြင်း ရည်မှန်းချက်များ ပြည့်မီခြင်း**	
မော်နံပါတ်နှင့် လုပ်ကွက်နံပါတ် သတ္တုတွင်းအမည်နှင့် ကုမ္ပဏီအမည်	
စစ်ဆေး/ဆန်းစစ်ဆောင်ရွက်သူ	
စစ်ဆေး/ဆန်းစစ်သည့် နေ့ စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထား	**လိုက်နာကျင့်သုံးခြင်း ရှိသည် (သို့) မရှိပါ။**
တိုက်စားခြင်းနှင့်အနည်ကျခြင်း အထိန်းအချုပ်များမှာ နေရာတကျဖြစ်၍၊ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ပြီး တိုက်စားခြင်းနှင့် နုန်းနှစ်အနည်များပါသော ရေကိုလွှတ်ထုတ်ခြင်း၊ စီမံခြင်း၊ ဖမ်းယူခြင်းတို့ကို ထိရောက်စွာ ထိန်းချုပ်နိုင်ခြင်း။	
သတ္တုတွင်းနေရာများမှ လွှတ်ထုတ်ရန် သတ်မှတ်ထားသောနေရာတွင် ရေအရည်အသွေး လမ်းညွှန်ချက်နှင့် ကိုက်ညီခြင်း။	
ဟင်းလင်းပွင့်တူး သတ္တုတွင်း၊ စွန့်ပစ်မြေစာပုံများ၊ ယာဉ်ကြီးများသွားလာရန် လမ်းများနှင့် သတ္တုတွင်း ယွန္တရားပြင်/ ထိန်းရေးအလုပ်ရုံ စီမံခန့်ခွဲရေးအုပ်ချုပ်မှုရုံးနှင့် အဆောက်အဦးနေရာများအပါအဝင် သတ္တုတွင်းနေရာများတွင် အပင်များ ပြန်လည်စိုက်ပျိုးနိုင်ခြင်း။	
မထိရောက်၊ မပြည့်စုံသော ပြန်လည်တည်ထောင်ခြင်းအတွက် ကုစားစေရန် လုပ်ငန်းများ လုပ်ဆောင်ပြီးစီးခြင်း။	
သဘောတူညီပြီးသော နောက်ဆုံးမြေအသုံးပြုမှုနှင့်/ သို့မဟုတ် အောင်မြင်သောနောက်ဆုံးပြန်လည်တည်ထောင်ခြင်းကို သဘောတူညီထားသည့် သတ်မှတ်ကာလအတွင်း ပြီးမြောက်ခြင်း။	

၁၇။ အကိုးအကားရည်ညွှန်းချက်များ

Beffasti, L., နှင့် Galanti, V. ၂၀၁၁ ခုနှစ်၊ မြန်မာ့ကာကွယ်ထားသော ဇရိယာများ၊ နောက်ခံအကြောင်းအရာ၊ လက်ရှိအခြေအနေနှင့်စိန်ခေါ်မှုများ၊ Istituto Oikos နှင့် BANCA. မီလန်းနို၊ အီတလီ။

DIIS. ၂၀၁၆ ခုနှစ် သတ္တုတွင်းပိတ်သိမ်းခြင်းနှင့်အဆုံးသတ်လုပ်ဆောင်ခြင်း။ သတ္တုတွင်းလုပ်ငန်းအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ထုံးလုပ်နည်းများသို့ ဦးဆောင်သွားခြင်း။ စက်မှု၊ တီထွင်ဆန်းသစ်မှုနှင့်သိပ္ပံဦးစီးဌာန၊ ကန်ဘာရာ၊ ACT.

DIIS. ၂၀၁၆. သတ္တုတွင်းပြန်လည်ထူထောင်ခြင်း၊ သတ္တုတွင်းလုပ်ငန်းအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ထုံးလုပ်နည်းများသို့ ဦးဆောင်သွားခြင်း။ စက်မှု၊ တီထွင်ဆန်းသစ်မှုနှင့်သိပ္ပံဦးစီးဌာန၊ ကန်ဘာရာ၊ ACT.

IECA. ၂၀၁၈ ခုနှစ်၊ တိုက်စားမှုနှင့်အနည်ထိန်းချုပ်မှု အကောင်းဆုံးလုပ်ထုံးလုပ်နည်းများ၊ နိဝင်ဘာလ ၂၀၁၈ (နောက်ထွက်ရှိလာသော ပြန်လည်ဖြည့်စွက်မှုများ) နိုင်ငံတကာ တိုက်စားမှု ထိန်းချုပ်ခြင်း အသင်း (Australasia) .

EPA. ၂၀၁၅ ခုနှစ်၊ အမှိုက်ကန်အတွက် နေရာရွေးခြင်း၊ ဒီဇိုင်းဆွဲခြင်းနှင့်လုပ်ငန်းလည်ပတ်ခြင်းနှင့်ပြန်လည်ထူထောင်ခြင်း၊ EPA ဝိတိုရီယား စာစဉ် 788.3. ပတ်ဝန်းကျင်ကာကွယ်ရေး အာဏာပိုင် ဝိတိုရိယာ၊ ကာလ်တွန်၊ သြစတြေးလျ။

ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးဥရောပ ဘဏ်။ ၂၀၁၄ ခုနှစ်။ EBRD လုပ်ဆောင်လိုက်နာရန် သတ်မှတ်ချက် ၂၊ အလုပ်သမားနှင့်လုပ်ငန်းခွင်အခြေအနေ၊ လန်ဒန်၊ United Kingdom.

ဆန္ဒအလျောက်လုပ်ဆောင်သော လုံခြုံရေးနှင့်လူ့အခွင့်အရေး အခြေခံစည်းကမ်းများ၊ FoleyHoag. ၂၀၁၈ ခုနှစ်။ http://www.voluntaryprinciples.org တွင် ရရှိနိုင်သည်။

IECA. ၂၀၁၈ ခုနှစ်၊ တိုက်စားမှုနှင့်အနည်ထိန်းချုပ်မှု အကောင်းဆုံးလုပ်ထုံးလုပ်နည်းများ၊ နိဝင်ဘာလ ၂၀၁၈ နောက်ဆက်တွဲ (ခ) - နုန်းစုကန်ဒီဇိုင်းနှင့် လုပ်ငန်းလည်ပတ်မှု၊ မူကြမ်းစာတမ်း၊ ဒီဇင်ဘာလ နိုင်ငံတကာ တိုက်စားမှုထိန်းချုပ်ခြင်းအသင်း (Australasia).

IFC. ၂၀၁၇ ခုနှစ်၊ သတ္တုတွင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့်ဘေးကင်းရေးလမ်းညွှန်ချက်များ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်း၊ Washington, DC USA.

IFC. ၂၀၁၇ ခုနှစ်၊ သတ္တုတွင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့်ဘေးကင်းရေးလမ်းညွှန်ချက်များ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်း၊ Washington, DC USA.

IFC. ၂၀၁၉ ခုနှစ်၊ စီမံကိန်းကြောင့် ထိခိုက်ခံသူများ၏ တိုင်ကြားချက်များကို ကိုင်တွယ်ရာတွင် ကောင်းသော လုပ်ထုံးလုပ်နည်းများ၊ စီမံကိန်းနှင့်ကုမ္ပဏီများအတွက် မကျေနပ်ချက်များတိုင်းကြားချက် ဒီဇိုင်းဆွဲခြင်း။ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်း၊ Washington, DC USA စက်တင်ဘာလ ၂၀၁၉ ၊ နံပါတ် (၇)။

IFC. ၂၀၁၂ ပတ်ဝန်းကျင်နှင့်လူမှုရေးစဉ်ဆက်မပျက်လုပ်ဆောင်နိုင်ရန် လုပ်ငန်းဆောင်ရွက်မှုစံနှုန်းများ၊ လုပ်ငန်းဆောင်ရွက်မှုစံနှုန်း ၁။ ပတ်ဝန်းကျင်နှင့်လူမှုရေးအန္တရာယ်များနှင့်ထိခိုက်မှုများအပေါ် ဆန်းစစ်ခြင်းနှင့်စီမံခန့်ခွဲခြင်း။ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်း။ Washington, DC USA.

IFC. ၂၀၁၂ ပတ်ဝန်းကျင်နှင့်လူမှုရေးစဉ်ဆက်မပျက်လုပ်ဆောင်နိုင်ရန် လုပ်ငန်းဆောင်ရွက်မှုစံနှုန်းများ၊ လုပ်ငန်းဆောင်ရွက်မှုစံနှုန်း ၂။ အလုပ်သမားများနှင့်လုပ်ငန်းခွင်အခြေအနေ။ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်း။ Washington, DC USA

IFC. ၂၀၁၂ ပတ်ဝန်းကျင်နှင့်လူမှုရေးစဉ်ဆက်မပျက်လုပ်ဆောင်နိုင်ရန် လုပ်ငန်းဆောင်ရွက်မှုစံနှုန်းများ၊ လုပ်ငန်းဆောင်ရွက်မှုစံနှုန်း ၃။ သယံဇာတ အကျိုးဖြစ်မြောက်စွာအသုံးပြုခြင်းနှင့်ညစ်ညမ်းမှုကာကွယ်ခြင်း။ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်း။ Washington, DC USA

IFC. ၂၀၁၂ ပတ်ဝန်းကျင်နှင့်လူမှုရေးစဉ်ဆက်မပျက်လုပ်ဆောင်နိုင်ရန် လုပ်ငန်းဆောင်ရွက်မှုစံနှုန်းများ၊ လုပ်ငန်းဆောင်ရွက်မှုစံနှုန်း-၅။ မြေသိမ်းဆည်းရေးနှင့်အတင်းအားဓမ္မရွေးပြောင်းခြင်း။ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်း။ Washington, DC USA

IFC. ၂၀၁၂ ပတ်ဝန်းကျင်နှင့်လူမှုရေးစဉ်ဆက်မပျက်လုပ်ဆောင်နိုင်ရန် လုပ်ငန်းဆောင်ရွက်မှုစံနှုန်းများ၊ လုပ်ငန်းဆောင်ရွက်မှုစံနှုန်း - ၆။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့်သက်ရှိသဘာဝ အရင်းအမြစ်များကို စီဆက်မပျက်ရေရှည် စီမံခန့်ခွဲခြင်း။ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အ စည်း။ Washington, DC USA

IFC. ၂၀၁၂ ပတ်ဝန်းကျင်နှင့်လူမှုရေးစဉ်ဆက်မပျက်လုပ်ဆောင်နိုင်ရန် လုပ်ငန်းဆောင်ရွက်မှုစံနှုန်းများ၊ လုပ်ငန်းဆောင်ရွက်မှုစံနှုန်း - ၈။ ယဉ်ကျေးမှုအမွေအနှစ် (၂၀၁၂) နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အ စည်း။ Washington, DC USA

ILO. ၁၉၆၁. R115 - အလုပ်သမားတန်းလျား အကြံပြုချက်။ ၁၉၆၁ (နံပါတ် - ၁၁၅) အလုပ်သမားတန်းလျားနှင့်စပ်လျဉ်း၍ အကြံပြုချက်များ။ ကောက်နုတ်ချက်၊ Geneva, 45th ILC session (၂၈ ရက် ဇွန်လ ၁၉၆၁). Geneva, Switzerland.

Irwin, E. ၂၀၁၆. ကျောက်မျက်ရတနာကဏ္ဍဆန်းစစ်ခြင်း၊ မြန်မာတွင်းထွက်လုပ်ငန်းဖော်ဆောင်ရေး။ ကမ္ဘာ့ဘဏ် အစီရင်ခံစာ။

Meynell နှင့် Gregory ၊ ဖြည့်စွက်ချက်၊ တင်ပြထားသောခေါင်းစဉ် - ရေနေဂေဟနှင့်ငါးအမျိုးများအတွက် နည်းလမ်းနှင့်အခြေခံအချက်အလက်များ။ A WWW resource accessed from https://www.ifc.org/wps/wcm/connect/6708eb8b-aaa4-4edd-bc1d-1cff27f73b22/4b+Aquatic+ecosystems+and+fisheries.pdf?MOD=AJPERES

TANKS. ၂၀၁၆. ကျောက်စိမ်းတူးဖော်မှု အကြိုအစီရင်ခံစာ၊ တာဝန်ခံမှုကို ကျော်လွန်၍။ ပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှု ကွန်ယက် ကချင်ပြည်နယ်၏ အစီရင်ခံစာ။

Wang, C., & Myint, S. W. ၂၀၁၆. ၂၀၁၁ ခုနှစ်မှ ၂၀၁၀ အတွင်း သစ်တောပြုန်းတီးမှုကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများ။ Remote Sensing, 8: 728.

WHO. ၂၀၁၅ ခုနှစ်၊ လေအရည်အသွေး လမ်းညွှန်ချက်များ၊ Global Update ၂၀၁၅ ခုနှစ်၊ အထူးသဖြင့် အိုဇုန်း၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်နှင့်ဆာလ်ဖာဒိုင်အောက်ဆိုဒ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၊ Copenhagen၊ ဒိန်မတ်။

အလုပ်ခွင်ဘေးကင်းရေး Victoria. ၂၀၁၁ ခုနှစ်၊ လမ်းညွှန်ချက်မှတ်စု၊ ဖောက်ခွဲရေးစီမံခန့်ခွဲမှုအစီအစဉ်၊ လုပ်ငန်းခွင်ဘေးကင်းရေး Victoria. Melbourne, Victoria. ဧပြီလ ၂၀၁၁။

အလုပ်ခွင်ဘေးကင်းရေး Victoria. 2012. ဖောက်ခွဲသည့်ပစ္စည်များအသုံးပြုသည့်အခါ လုံခြုံသည့် အကွာအဝေးတွင် နေရန်။ Worksafe Victoria. Melbourne, Victoria မတ်လ ၂၀၁၂။

ကမ္ဘာဘဏ် ၂၀၁၁၊ လုပ်ငန်းလည်ပတ်မှု လက်ဆွဲစာအုပ်၊ OP 4.12 – အတင်းအားဓမ နေရာချထားပေးခြင်း၊ ကမ္ဘာ့ဘဏ် Washington, DC, USA.

WWF. ၂၀၁၇ ခုနှစ်၊ . Terrestrial Ecoregions: အရှေ့တောင်အာရှ၊ မြန်မာနိုင်ငံမြောက်ပိုင်း၊ A WWW resource accessed from https://www.worldwildlife.org/ecoregions/im0140

နောက်ဆက်တွဲ (၁)

စီမံခန့်ခွဲမှု အစီအစဉ်များ

ဖားကန့်/လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

လေအရည်အသွေးနှင့် ဖုန် စီမံခန့် ခွဲမှု အစီအစဉ်

Version: Rev 1	ရက်စွဲ။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ (၃၁) ရက်

၁။ နိဒါန်း

သတ္ထုတွင်းတူးဖော်ခြင်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် ဖုန်မှုန့်များထုတ်လွှတ်ခြင်း ယာဉ်နှင့်ယန္တရားကြီးများ၏ အင်ဂျင်တို့မှ လောင်စာများ လောင်ကျွမ်းခြင်းတို့ကြောင့် ပတ်ဝန်းကျင်ရှိလေ အရည်အသွေးနိမ့်ကျစေနိုင်သည်။ အပင်များ ခုတ်ထွင်ရှင်းလင်းလိုက်၍ မြေပြင်တလင်းဖြစ်သွားသောအခါ ဖုန်မှုန့်များသည် ပြဿနာတစ်ရပ်ဖြစ်လာတော့သည်။ ထိုပြဿနာမှာ အချိန်တိုအတွင်း ပြေလည်သွားနိုင်သလို အမြဲတစေလည်းဆက်ဖြစ်နေနိုင်သည်။ မော်တော်ယာဉ်နှင့် ယန္တရားကြီးများ မြေသားလမ်း ပေါ်တွင် ရွှေ့လျားသွားလာမှု ၊ မြေသားများတူးဖယ်ကာ သယ်ပို့စုပုံခြင်း၊ မြေပုံများနှင့် အကာကွယ်မဲ့ မြေတလင်းတို့အား လေတိုက်စားမှုတို့ကြောင့် ဖုန်မှုန့်များဖြစ်ပေါ်လာသည်။ မော်တော်ယာဉ်များ၊ စက်ရုံနှင့် စက်ယန္တရားများမှ ထုတ်လွှတ်သော အိတ်ဇောင့်များတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ကာဗွန်မိုနော့ဆိုဒ်၊ ဆာလဖာဒိုင်အောက်ဆိုဒ်နှင့် နိုက်ထရပ်စ်အောက်ဆိုဒ်တို့ ပမာဏအနည်းငယ်စီပါဝင်သည်။ ကွင်းပြင်၌ဖြစ်စေ မီးပြင်းပိုများ၌ဖြစ်စေ အမှိုက်များကိုမီးရှို့ရာမှ ထွက်လာသော မီးခိုးငွေ့များကြောင့် လေအရည်အသွေး လျော့ကျစေသည်။ ရှို့လိုက်သည့်အမှိုက် အမျိုးအစားအပေါ်မူတည်၍ မီးခိုးငွေ့ထဲတွင် ဒြပ်တစ်မျိုးမျိုးနှင့် အခြားထုတ်လွှတ်မှု များ (ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနော့ဆိုဒ်၊ နိုက်ထရပ်စ်အောက်ဆိုဒ် နှင့် ပြဒါး၊ မာကျူရီ) တို့ ပါဝင်နေသည်။

လေအရည်အသွေး ညံ့ဖျင်းမှုကြောင့် လူသားတို့၏ ကျန်းမာရေးနှင့် သာယာအဆင်ပြေမှုကို ဆိုးဆိုးရွားရွား ထိခိုက်လာနိုင်သည်။ ဖုန်မှုန့်များကြောင့် မြင်ကွင်းရှင်းလင်းမှုအားနည်းကာ ယာဉ်မတော်တဆဖြစ်မှုများ မြင့်လာနိုင်သကဲ့သို့ ဖုန်မှုန့်များကို တိုက်ရိုက်ရှူသွင်းမိခြင်းကြောင့် ကျန်းမာရေး အန္တရာယ်များလည်း ဖြစ်နိုင်သည်။ သစ်ရွက်များနှင့် သစ်ပင်များပေါ်တွင် ဖုန်တက်ခြင်းကြောင့် အပင်တို့ မသန်မစွန်းဖြစ်ကာ သတ္ထုတွင်းနှင့်ကပ်လျက်ရှိသော နယ်မြေများတွင် သီးနှံထွက်နှုန်းကျဆင်းစေနိုင်သည်။

လေအရည်အသွေးနှင့် ဖုန် စီမံခန့်ခွဲမှုအစီအစဉ် (ယခု အစီအစဉ်) တွင် အကြီးစား ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းနှင့်ဆက်စပ်သည့် လေအရည်အသွေးနှင့်ဖုန်မှုန်များကို မည်သို့စီမံခန့်ခွဲမည်ကို ဖော်ပြထားပါသည်။ ဤအစီအစဉ်သည် လုံးခင်း/ဖားကန့်ရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ အခြားသောအပိုင်းများနှင့် တွဲ၍ဖတ်ရှုသင့်ပါသည်။

၂။ ရည်မှန်းချက်များ

လေအရည်အသွေး စီမံခန့်ခွဲမှု အစီအစဉ်၏ ရည်မှန်းချက်များမှာ -

- လူတို့၏ကျန်းမာရေးနှင့် သာယာအဆင်ပြေမှု ဆိုးရွားစွာထိခိုက်ခြင်းကို လျော့ချရန်။
- သတ္တုတွင်း တူးဖော်ခြင်းလုပ်ငန်းစဉ်အတွင်း ထွက်ရှိလာနိုင်သော ဖုန်ထုတ်လွှတ်မှုနှင့် အခြားသော အန္တရာယ်ဖြစ်စေနိုင်သည့် ထုတ်လွှတ်မှုများကို လျော့ချရန်တို့ ဖြစ်သည်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ပန်းကျင် လေအရည်အသွေး (Ambient air quality) - အပြင်ပတ်ပန်းကျင်လေ၏ အရည်အသွေး။

လမ်းညွှန်ချက် အတိုင်းအတာများ (Guideline values) - စက်ရုံမီးခိုး၊ အမှိုက်စသည့် လေထုညစ်ညမ်းပစ္စည်းများ အမြင့်ဆုံးပါဝင်နိုင်မှု သို့မဟုတ် သတ်မှတ်ထားသော ပါဝင်နိုင်မှုအကန့်အသတ်။

တကိုယ်ရည် ကာကွယ်ရေး ပစ္စည်းကိရိယာ (PPE) - ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဆိုင်ရာ အန္တရာယ်များမှ အကာအကွယ်ဖြစ်စေရန်အတွက် အလုပ်သမားများဝတ်ဆင်ရသော အထူးစီမံထားသည့် အဝတ်အထည်များနှင့် ပစ္စည်းကိရိယာများကိုဆိုလိုပါသည်။ တကိုယ်ရည်ကာကွယ်မှု ပစ္စည်းကိရိယာများတွင် ဘောင်းဘီရှည်များ၊ လက်ရှည်အင်္ကျီများ၊ ဘွတ်ဖိနပ်များ၊ လက်အိတ်များ၊ လိုအပ်ပါက မျက်နှာစည်းများ အနည်းဆုံးပါဝင်ရမည်ဖြစ်သည်။

အလုပ်သမား - သတ္တုတွင်းကုမ္ပဏီပိုင်ရှင်များ၊ ပန်ထမ်းများ၊ ကန်ထရိုက်တာများ၊ ကန်ထရိုက်တာ အခွဲများ၊ နှင့် မိသားစုဝင်များ အားလုံးအပါအဝင် သတ္တုတွင်းကုမ္ပဏီအတွက် အလုပ်လုပ်နေသူ မည်သူမဆို။

၄။ ဆက်စပ် အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ

ယခုအစီအစဉ်အတွက် အောက်ဖော်ပြပါအစီအစဉ်များမှ လုပ်ဆောင်ချက်များ အကောင်အထည်ဖော်ရန် လိုအပ်သည်။

- လူထု နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းသည့် စနစ်
- ပြန်လည်တည်ထောင်ခြင်း စီမံခန့်ခွဲမှု အစီအစဉ်

၅။ အန္တရာယ်ရှိသောအရာများနှင့် ထိခိုက်မှုများ

မြေပြင်ထိခိုက်မှု၊ လောင်စာများလောင်ကျွမ်းမှု သို့မဟုတ် စွန့်ပစ်ပစ္စည်းများ မီးရှို့လောင်ကျွမ်းခြင်းဖြင့် ထွက်လာသော ဖုန်မှုန်နှင့်အခြားထုတ်လွှတ်မှုများကြောင့် လေအရည်အသွေးကို ကျဆင်းစေပါသည်။ ဖုန်ရင်းမြစ်များမှာ အကာအကွယ်မဲ့မြေသားနှင့် ယာဉ်ကြီးများသွားလာရာလမ်းများမှဖြစ်သည်။ ထုတ်လွှတ်မှုရင်းမြစ်များမှာ မော်တော်ယာဉ်များ၏ အိတ်ဇောများ၊ သစ်ပင်၊ အကိုင်းအခက်များနှင့် စွန့်ပစ်ပစ္စည်းများ အထိန်း

အချုပ်မဲ့ မီးရှို့ လောင်ကျွမ်းမှုနှင့် ပေါက်ကွဲမှုများမှဓာတ်ငွေ့များ ဖြစ်သည်။ ဖြစ်စေနိုင်သည့် ထိခိုက်မှု များကို **ဇယား (၁)** တွင် စာရင်းပြုစုထားပါသည်။

ဇယား (၁) လေအရည်အသွေး အန္တရာယ်ဖြစ်စေနိုင်သော အရာများနှင့် ထိခိုက်မှုများ

အန္တရာယ်ရှိသောအရာများ	အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အကြောင်းအရာများ	ထိခိုက်ခံများ
ဖုန်မှုန်များ	ယာဉ်ကြီးများ သွားလာရာလမ်း ကြောင်းများနှင့် ကျေးလက်မြေသား လမ်းငယ်များမှ ထွက်ပေါ်လာသည့် ဖုန်မှုန်များကို ရှုရှိုက်မိခြင်း။	အသက်ရှူလမ်းကြောင်း ယောင်ယမ်းခြင်းမှအစ ရင်ကြပ်ခြင်း အပါအဝင် ဓါတ်မတည့် တုံ့ပြန်မှုများကြောင့် ဖြစ်သောရောဂါများအထိ လူသားတို့၏ ကျန်းမာရေး ထိခိုက်မှုများ
	ယာဉ်ကြီးများ သွားလာရာလမ်း ကြောင်းများနှင့် ကျေးလက်မြေသား လမ်းငယ်များမှ ထွက်ပေါ်လာသည့် ဖုန်မှုန်များရွှေ့လျားပျံ့နှံ့နိုင်မှု၊ ဖုန်များ လေထဲပျံ့လွင့်ခြင်း၊ လေထဲတွင် ဖုန်လုံးကြီးများ ရှိနေ ခြင်း၊ မြေပြင်တွင်ဖုန်ထူထပ်ခြင်း။	ကျေးရွာများနှင့် လူနေအိမ်စု ကလေးများ သာယာအဆင် ပြေမှုနှင့် အပင်တို့၏ ကျန်းမာရေး ယုတ်လျော့လာခြင်းနှင့် အသီး အနှံအထွက်နှုန်းလျော့ကျခြင်း။
လောင်ကျွမ်း လွှတ်ထုတ်မှုများ။	မော်တော်ယာဉ်နှင့် ယန္တရားကြီးများမှ အိတ်ဇောများ၊ အထိန်းအချုပ်မဲ့ မီးရှို့ခြင်းဖောက်ခွဲခြင်းမှ ထုတ်လွှတ်သော ဓါတ်ငွေ့များ။	အသက်ရှူလမ်းကြောင်း ယောင်ယမ်းခြင်းမှအစ ရင်ကြပ်ခြင်း အပါအဝင် ဓါတ်မတည့်တုံ့ပြန်မှုများကြောင့် ဖြစ်သော ရောဂါများအထိ လူသားတို့၏ ကျန်းမာရေး ထိခိုက်မှုများ

၆။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

လေအရည်အသွေး၊ ဖုန်စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် မြန်မာ့စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ လိုက်နာရမည့် အချက်များမှာ -

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၇၊ ပုဒ်မခွဲ (ဈ) အရ ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းသူက ပေးလျော်စေရန်၊ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ် သုံးစွဲသည့် လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံခန့်ခွဲခြင်း။

- ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်စေခြင်း။

- ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင် အထောက်အကူပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုရမည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

- ပုဒ်မ ၂၄ အရ ဝန်ကြီးဌာနသည် ကြီးတင်ခွင့်ပြုချက် ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်မှု ရှိမရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြားခြင်း ပြုနိုင်သည်။

- ပုဒ်မ ၂၉ အရ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် လူသားတို့၏ ကျန်းမာရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှု မဖြစ်စေရန်အလို့ငှာ နေရာအသီးသီး၏ ဆူညံသံနှင့်တုန်ခါမှု၊ အခိုးအငွေ့ထုတ်လွှတ်မှုနှင့် အရည်စွန့်ထုတ်မှုများ ထိန်းချုပ်ရေးအတွက် လိုက်နာရမည့် အခြေခံစည်းမျဉ်းများကို ဖော်ပြထားပါသည်။

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များသည် ဖြစ်နိုင်ချေရှိသော ပတ်ဝန်းကျင်ရှိ လေအရည်အသွေး ထိခိုက်မှုကြီးများနှင့် လေထဲသို့ ထုတ်လွှတ်မှုအရင်းမြစ်ကြီးများနှင့် သက်ဆိုင်သည့် ထိခိုက်မှုများ ကာကွယ်ရန်နှင့် လျော့ချစေရန် လုပ်ဆောင်သည့် စီမံကိန်းလုပ်ဆောင်ချက်များကို အကျိုးဖြစ်စေပါသည်။

- ပတ်ဝန်းကျင်လေအရည်အသွေး လမ်းညွှန်ချက်များနှင့် စံနှုန်းများအရ ထုတ်လွှတ်မှုများတွင် စက်ရုံမီးခိုး၊ အမှိုက်စသည့် လေထုညစ်ညမ်းပစ္စည်းများပါဝင်မှုသည် ပါဝင်မှုသတ်မှတ်ချက်သို့ မရောက်ရှိစေရေး သို့မဟုတ် မကျော်လွန်စေရေး၊ (သို့မဟုတ်) လက်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ လေအရည်အသွေး လမ်းညွှန်ချက်များအရ ယင်းညစ်ညမ်းပစ္စည်းတို့ မပါဝင်စေခြင်း။
- သက်ဆိုင်ရာ ပတ်ဝန်းကျင်လေအရည်အသွေး လမ်းညွှန်ချက်များ သို့မဟုတ် စံနှုန်းများနှင့် ကိုက်ညီရမည်ဖြစ်၍ ထုတ်လွှတ်မှုအချိုးအဆများစွာ မပါဝင်စေရပါ။ (ဥပမာအားဖြင့် အနာဂတ် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာ လေအရည်အသွေး စံနှုန်းများအရ ထုတ်လွှတ်မှုများ၏ ပါဝင်မှုမှာ လေထုရပ်ဝန်းတစ်ခုတည်းတွင် ၂၅% မကျော်လွန်ခြင်း။)

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (ပတ်ဝန်းကျင် လေအရည်အသွေး) တွင် သတ်မှတ်ထားသည့် လမ်းညွှန်ချက်တန်ဖိုးများကို **ဇယား (၂)** တွင် ဖော်ပြထားပါသည်။

ဇယား (၂) လေသို့ ထုတ်လွှတ်မှုများအတွက် ယေဘုယျ လမ်းညွှန်ချက်တန်ဖိုးများ (ပတ်ဝန်းကျင်လေအရည်အသွေး)

သတ်မှတ်ချက်အတိုင်းအတာ	ပျမ်းမျှအချိန်ကာလ	ယူနစ်တန်ဖိုးလမ်းညွှန်းချက် µg/m^3
နိုက်ဒရိုဂျင် ဒိုင်အောက်ဆိုဒ်	(၁) နှစ်	၄၀
	(၁) နာရီ	၂၀၀
အိုဇုန်း	အများဆုံး တစ်ရက် (၈) နာရီ	၁၀၀
အမှုန်အရွယ်အစား PM_{10} (Particulate matter)	(၁) နှစ်	၂၀
	(၂၄) နာရီ	၅၀
အမှုန်အရွယ်အစား $PM_{2.5}$ (Particulate matter)	(၁) နှစ်	၁၀
	(၂၄) နာရီ	၂၅
ဆာလဖာဒိုင်အောက်ဆိုဒ်	(၂၄) နာရီ	၂၀
	(၁၀) မိနစ်	၅၀၀

အောက်ပါစံနှုန်းများနှင့် လမ်းညွှန်ချက်များသည် ကောင်းမွန်သည့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများဖြစ်ပြီး မြန်မာ့လမ်းညွှန်ချက်များတွင် လေထုညစ်ညမ်းပစ္စည်းများပါဝင်မှု ဖော်ပြချက် သို့မဟုတ် လေအရည်အသွေး စီမံခန့် ခွဲမှု ရှု့ထောင့်မှ ဖော်ပြချက်များ မပါရှိပါက အသုံးချသင့်သည့် လုပ်ထုံးလုပ်နည်းများဖြစ်ပါသည်။

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစည်း၏ လေအရည်အသွေး လမ်းညွှန်ချက် (၂၀၀၅)
- IFC ၏ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ လုပ်ဆောင်ချက်စံနှုန်း (၃) ရင်းမြစ်များ အကျိုးရှိမှုနှင့် ညစ်ညမ်းမှုဆိုင်ရာ ကာကွယ်ချက် (၂၀၁၂)
- IFC ၏ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ယေဘုယျလမ်းညွှန်ချက်များ (၂၀၀၇)
- IFC ၏သတ္တုတွင်း တူးဖော်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ယေဘုယျ လမ်းညွှန်ချက်များ (၂၀၀၇)

၇။ စီမံခန့်ခွဲမှု အစီအမံများ

လေအရည်အသွေးစီမံခန့်ခွဲမှု၏ လုပ်ထုံးလုပ်နည်းကောင်းများသည် ဖုန်မှုန်ထုတ်လွှတ်မှုနှင့် မီးရှို့လောင်ကျွမ်းရာမှ ထုတ်လွှတ်မှုများ ထိန်းချုပ်ခြင်း၊ ဖုန်ထိန်းချုပ်ခြင်းစသည့် လုပ်ဆောင်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ဖြစ်နိုင်ချေရှိသည့် အန္တရာယ်ရှိသော ညစ်ညမ်းပစ္စည်းများပါဝင်မှု အနည်းဆုံးဖြစ်စေခြင်းများကို အခြေခံထားပါသည်။

လေထဲသို့ထုတ်လွှတ်မှုများသည် **ဇယား (၂)** ၌ ဖော်ပြထားသည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၂) တွင် စာရင်းပြုထားသည့် လမ်းညွှန်ချက်အတိုင်းအတာများကို မကျော်လွန်စေရပါ။ လေထုတွင်းဖုန်ပျံ့နှံ့မှု ခွဲထုတ်သည့်ပုံစံပြုလုပ်ခြင်း၊ သတ္တုတွင်းလုပ်ငန်းစဉ်ရေးဆွဲခြင်းနှင့် အမှုန်များပါဝင်မှု (ဖုန်မှုန်နှင့် အိတ်ဇောမှ ထွက်သောအမှုန်များ) ကို ချက်ချင်းဖတ်၊ ချက်ချင်းမှတ်စနစ် (real time) ဖြင့် လေ့လာစောင့်ကြပ်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် လမ်းညွှန်ချက်တန်ဖိုးကိုရရှိစေပါသည်။ ယခု EMP ၏ အကူးအပြောင်းကာလအတွင်းတွင် စာရင်းပြုထားသည့် လုပ်ထုံးလုပ်နည်းကောင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပါလိမ့်မည်။ လျော်ကန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဖုန်မှုန်နှင့်အမှုန်များကြောင့်ဖြစ်သော ကျန်းမာရေးထိခိုက်မှု အန္တရာယ်များကို လျော့ကျစေပါမည်။

သတ္တုတွင်း မတူးဖော်မီ

အောက်ပါလုပ်ဆောင်ချက် အစီအမံများကို သတ္တုတွင်းတူးဖော်မှု လုပ်ငန်းမစတင်ခင် လုပ်ဆောင်ပြီးစီးထားသင့်သည်။

(က) သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းအတွက် မော်တော်ယာဉ်များ၊ သတ္တုသန့်စင်စက်နှင့် ပစ္စည်းကိရိယာများ၀ယ်ယူရာတွင် ဆီစားသက်သာသော သို့မဟုတ် ထုတ်လွှတ်မှုနည်း မော်တော်ယာဉ်များ၊ စက်ရုံနှင့် ပစ္စည်းကိရိယာများ ရွေးချယ်၀ယ်ယူခြင်း။

(ခ) ယခုအစီအစဉ်မှ ဖုန်ထူထပ်ခြင်းထိန်းချုပ်သည့် လုပ်ဆောင်မှုများကို လေ့ကျင့်သင်ကြားပေးရန်။

(ဂ) ဖုန်ထူထပ်ခြင်း ထိန်းချုပ်မှုအတွက် ရေအရင်းအမြစ်များ သတ်မှတ်၍ ထိုရေအရင်းအမြစ်များ အသုံးပြုခွင့်ရရှိရန် ခွင့်ပြုချက်ရယူပါ။ ဖုန်ထူထပ်ခြင်း ထိန်းချုပ်မှုအတွက် ဆားဓါတ်ပါ မြေအောက်ရေ သို့ မဟုတ် ဓါတ်သင့် စွန့်ပစ်ရေများ အသုံးပြုမှုကို ရှောင်ကြဉ်ပါ။

(ဃ) ဖုန်ထူထပ်သော အခြေအနေများနှင့် ထိတွေ့လုပ်ကိုင်နေရသည့် အလုပ်သမားများအတွက် မျက်နှာစည်းများအပါအ၀င် သင့်တော်သော တကိုယ်ရည် ကာကွယ်မှုဆိုင်ရာပစ္စည်းကိရိယာ (PPE)များ ပေးအပ်ပါ။

သတ္တုတူးဖော်နေစဉ်

ဖုန်မှုန်နှင့် အိတ်ဇောမှထွက်ရှိသည့် ထုတ်လွှတ်မှုများကို စီမံခန့်ခွဲရန် အောက်ပါလုပ်ဆောင်ချက် အစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်ထားသင့်သည်။

ဖုန်ထူထပ်ခြင်း ထိန်းချုပ်မှု

(က) သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ဆောင်နိုင်ရန် လိုအပ်သော မြေနေရာကိုသာ ရှင်းလင်းပါ။

(ခ) ဖြစ်နိုင်ပါက မြေမျက်နှာပြင်များ၊ မြေစာပုံများနှင့် ထိတွေ့လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်အဆင့်များ၏ပမာဏနှင့် ထိတွေ့လုပ်ဆောင်ရသည့်အချိန်ကာလကို အနည်းဆုံးဖြစ်အောင် လျော့ချပါ။

(ဂ) မြေသားပုံများကို နည်းနိုင်သမျှနည်းအောင်လုပ်ပြီး ဖြစ်နိုင်လျှင်မြေပုံများကို လေပြင်းကွယ် နေရာများတွင် နေရာချပါ။

(ဃ) အကယ်၍ မြေသားများစုပုံခြင်းသည် သုံးလထက်ပိုနေပါက မြေသားများကို ကုပ်တွယ်ထားနိုင်စေရန်နှင့် လေတိုက်စားမှုဒါဏ်ခံနိုင်ရည်ရှိစေရန် ပိုးသတ်ထားပြီးသော မြက်ပင်များစိုက်ပျိုးပါ။

(င) ပြန်လည်တည်ထောင်ခြင်း စီမံခန့်ခွဲမှု အစီအစဉ်တစ်ခုချင်းအရ ရှင်းလင်းပြီးသော မြေများတွင် လက်တွေ့ကျကျ ဆောလျင်စွာ ပြန်လည်တည်ထောင်ခြင်းကို ပြုပါ။

(စ) ဖုန်မှုန်ထုတ်လွှတ်မှုလျော့ချရန် အသွားအလာများသော မြေသားလမ်းများကို မပျက်မစီးရှိနေစေရန် ထိန်းသိမ်းပါ။

(ဆ) ဖုန်မှုန်ထုတ်လွှတ်မှု နည်းနိုင်သမျှနည်းစေရန် သတ္တုတွင်း ယာဉ်လမ်းကြောများတွင် အမြန်နှုန်း သတ်မှတ်ချက်များ ပြဋ္ဌာန်းပါ။

(ဇ) ဖုန်သိပ်စေရန် ရေကိုသုံးပါ။ ယာဉ်ကြီးများသွားလာရာလမ်းနှင့် ကျေးလက်လမ်းအသုံးပြုသူများ ဘေးအန္တရာယ်မဖြစ်စေရန် ဂရုပြု၍ ပုံမှန်အချိန်ပိုင်းများတွင် ရေဖြန်းပေးပါ။

(ဈ) ခြောက်သွေ့ရာသီ၊ မြင့်မားသောအပူချိန်၊ လေအစရှိသော ဖုန်ထုတ်လွှတ်စေသည့် ဒေသအတွင်း မိုးလေဝသ အခြေအနေများကိုစောင့်ကြည့်ပါ။ ကျေးရွာများ၊ လူနေအိမ်ခြေများ၏ အနီးအနားတွင် အလုပ်လုပ်ခြင်းကိုရှောင်ကြဉ်၍ အန္တရာယ်အမြင့်ဆုံးကာလများတွင် ဖုန်ထူထပ်ခြင်း ထိန်းချုပ်သည့် လုပ်ငန်းများ တိုးမြှင့်ပါ။

ထုတ်လွှတ်မှု စီမံခန့် ခွဲခြင်း

(က) အိတ်ဇောပိုက်များ ကောင်းစွာအလုပ်လုပ်စေရန် မော်တော်ယာဉ်များ၊ စက်ရုံနှင့် ပစ္စည်းကိရိယာများကို ပုံမှန်စုံစမ်းစစ်ဆေးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ကြိုခိုင်စေရန် ပြုပြင်ထိန်းသိမ်းပေးရပါမည်။

(ခ) ခုတ်ထွင်ရှင်းလင်းထားသည့် အကိုင်းအခက်များနှင့် အခြားစွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းမပြုလုပ်ရပါ။

(ဂ) ပေါက်ကွဲမှုဖြစ်ပေါ်လာသော ဓာတ်ငွေ့များ၊ ကျေးရွာများနှင့် လူတို့အခြေချရာနေရာများသို့ လွင့်မသွားစေရန် လေတိုက်ခတ်နေချိန်၌ ဖောက်ခွဲမှုများကို မပြုလုပ်ရပါ။

သတ္တုတူးဖော်ပြီးသောအခါ

(က) ပြန်လည်တည်ထောင်ရေး စီမံခန့် ခွဲမှု အစီအစဉ်အရ ဟာလာဟင်းလင်းဖြစ်သွားသော နေရာများတွင် ဆောလျင်စွာ အပင်များ ပြန်လည်စိုက်ပျိုးရပါမည်။

၈။ လုပ်ဆောင်ချက် စံချိန်စံနှုန်းများ

လေ အရည်အသွေးနှင့် ဖုန်ထူထပ်ခြင်းကို ထိန်းချုပ်သည့် စီမံခန့်ခွဲမှု အစီအစဉ်အတွက် လုပ်ဆောင်ချက် စံနှုန်းများမှာ

- လေ အရည်အသွေးနှင့် ဖုန်ထူထပ်ခြင်းကို ဖြေရှင်းပေးမည့် သက်ဆိုင်ရာ လူထုနစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းခြင်း။
- သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းများနှင့် ဆက်နွယ်သည့် အကိုင်းအခက်များနှင့် အခြားစွန့်ပစ်ပစ္စည်းများကို မီးမရှို့ခြင်း။

၉။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ လိုအပ်ချက်များ

ဖုန်မှုန်များ ထိန်းချုပ်ရန်အတွက် ရာသီဥတုအခြေအနေများကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အမြင်ဖြင့် စုံစမ်းစစ်ဆေးခြင်းများကို ပုံမှန်လုပ်ဆောင်ပေးရပါမည် (အထူးသဖြင့် ကာလရှည်ကြာ ခြောက်သွေ့ရာသီများအတွင်း)။ သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းများနှင့် ဆက်စပ်နေသည့် လေအရည်အသွေး (အထူးသဖြင့် ဖုန်မှုန်နှင့် ဆက်နွယ်နေသော စိတ်အနှောက်အယှက်ဖြစ်မှုများ) နှင့် ပတ်သက်ပြီး ဒေသတွင်းလူထုများနှင့် စဉ်ဆက်မပြတ် ချိတ်ဆက်မှုများ လုပ်ဆောင်နေရပါမည်။ လူထုနစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းသည့် စနစ်အရတိုင်တန်းချက်ကို မှတ်တမ်းတင် ဖြေရှင်းပေးရပါမည်။

စုံစမ်းစစ်ဆေးခြင်း အကြိမ်အရေအတွက်ကို ဇယား (၃) ၌ သတ်မှတ်ပေးထားပါသည်။

ဇယား (၃) စုံစမ်းစစ်ဆေးခြင်း အကြိမ်အရေအတွက်နှင့် စောင့်ကြပ်ကြည့်ရှုခြင်း

လုပ်ငန်းစဉ်များ	အကြိမ်အရေအတွက်
ဖုန်မှုန်များ ထိန်းချုပ်ရန်အတွက် ရာသီဥတု အခြေအနေများနှင့် အမြင်ဖြင့် စုံစမ်းစစ်ဆေးခြင်းများ (သတ္တုတွင်း လုပ်ငန်းတွင်းနှင့် နီးစပ်ရာနေရာများ)။	နေ့စဉ်
ဒေသတွင်းလူထုများနှင့် စဉ်ဆက်မပြတ် ချိတ်ဆက်မှုများ။	တိုင်တန်းချက်များကို တုံ့ပြန်ရန်အတွက် လစဉ်။ လူထုနစ်နာများကို ကိုင်တွယ်ဖြေရှင်းသည့်စနစ်အရ
မော်တော်ယာဉ်များ၊ စက်ရုံနှင့် ပစ္စည်းကိရိယာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ကြိုခိုင်စေရန် ပြုပြင်ထိန်းသိမ်းပေးခြင်း။	ထုတ်လုပ်သူ၏ သတ်မှတ်ပြဋ္ဌာန်းချက်များအရ သို့မဟုတ် အိတ်ဇောများမှ မီးခိုးထွက်မှုများ အလွန်အကျွံတွေ့ရှိရပါက။

လေ အရည်အသွေးနှင့် ဖုန်ထူထပ်ခြင်းကို ထိန်းချုပ်မှု သတ်မှတ်ချက်များ လိုက်နာမှု ရှိမရှိ စစ်ဆေးရမည့် စာရင်း	
မော် နှင့် လုပ်ကွက် နံပါတ် ၊ ကုမ္ပဏီ နှင့် သတ္တုတွင်း အမည်၊	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သူ ၊	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သည့် ရက်စွဲ ၊	
လိုက်နာဆောင်ရွက်မှု အထောက်အထား	**လိုက်နာကျင့်သုံးခြင်း ရှိသည် (သို့) မရှိပါ။**
ရာသီဥတု အခြေအနေများ စောင့်ကြည့်ခြင်းနှင့် အမြင်ဖြင့် စုံစမ်းစစ်ဆေးခြင်းများ အထောက်အထား။	
ရေကို အသုံးပြု၍ ဖုန်ထူထပ်ခြင်းကို ထိန်းချုပ်ခြင်း အထောက်အထား။	
မော်တော်ယာဉ်များ၊ စက်ရုံနှင့် ပစ္စည်းကိရိယာများ၏ အိတ်ဇောများ ကောင်းစွာအလုပ်လုပ်ခြင်း။	
တိုင်တန်းချက်များ မှတ်တမ်း (တိုင်တန်းချက်များ မှတ်တမ်းတင်ပြီး အမှုပိတ်သိမ်းရန်။	
သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းများနှင့် ဆက်နွယ်သည့် အကိုင်းအခက်များနှင့် အခြားစွန့်ပစ်ပစ္စည်းများကို မီးရှို့မှုမရှိခြင်း။	

ဖားကန့်/ လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်

ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှု အစီအစဉ်

Version: Rev1	ရက်စွဲ ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်

၁။ ရည်ရွယ်ချက်

သတ္တုတူးဖော်ခြင်းလုပ်ငန်းများကြောင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့ကျပျက်စီးစေပါသည်။ ယင်းလုပ်ငန်းများတွင် သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်း၊ မြေပြင်မြေတူးခြင်း၊ ရေလမ်းကြောင်းများ ပြောင်းလဲစေခြင်းနှင့် ဆူညံသံနှင့် အန္တရာယ်ရှိစေနိုင်သော ပစ္စည်းများမတော်တဆဖိတ်စဉ်မှုနှင့် စည်းကမ်းမဲ့အမှိုက်ပစ်ခြင်း အလေ့အထတို့ကြောင့်ဖြစ်သော ညစ်ညမ်းမှုတို့ပါဝင်နေသည်။

သက်ရှိ (အပင်များ၊ တိရိစ္ဆာန်များနှင့် အဏုဇီဝသက်ရှိများ) အပေါ် ထိခိုက်မှုများနှင့် ယင်းတို့နေထိုင် ရှင်သန်ရာ ဒေသရင်းများပြောင်းလဲခြင်းသည် သတ္ထုတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်နေသော ဇီဝမျိုးစုံမျိုး ကွဲများအပေါ် သိသာထင်ရှားမှုအရှိဆုံး အန္တရာယ်ဖြစ်ဖွယ်ရာများအနက်မှတစ်ခုဖြစ်သည်။ အပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မြေပြင်မြေတူးခြင်းအလုပ်များကြောင့် သက်ရှိများ နေထိုင်ရှင်သန်ရာဒေသရင်းများ ဆုံးရှုံးနိုင်ပြီး အကျိုးဆက်အားဖြင့် ရေလမ်းကြောင်း အပြောင်းအလဲများဖြစ်စေပါသည်။ သက်ရှိများရှင်သန်နေထိုင်ရာဒေသရင်းများ ပျက်စီးယိုယွင်းခြင်း၏ အကြောင်းအရင်းများမှာ အပင်များကိုတိုက်စား အနည်များဖုံးလွှမ်းသွားခြင်း၊ ရေလမ်းကြောင်းများတွင် နှန်းတင်ကျန်ရစ်ခြင်း၊ အဖျက်အင်းဆက်ပိုးမွှားမျိုးစိတ်များ ပြန့်ပွားများပြားလာခြင်း သို့မဟုတ် အန္တရာယ်ရှိသောပစ္စည်းများ မတော်တဆဖိတ်စဉ်ခြင်းကြောင့် ဓာတ်ပြုပျက်စီးခြင်း စသည်တို့ဖြစ်ပါသည်။ သက်ရှိနှင့်အပင်အရေအတွက် (ပေါများမှု) နှင့်/သို့ မျိုးစိတ်များစုံလင်မှု ကျဆင်းခြင်း၏ အကြောင်းတရားများမှာ နေထိုင်နိုင်သောဒေသရင်းများ ပြောင်းလဲသွားခြင်း (သို့) ဆုံးရှုံးသွားခြင်း ထိခိုက်ဒဏ်ရာရမှု၊ ခုတ်ထွင်ရှင်းလင်းမှုများကြောင့် သေဆုံးခြင်း သို့မဟုတ် ဒေသရင်းများ မှစွန့်ပစ် ထွက်ခွာသွားရခြင်း၊ ယာဉ်တိုက်မှုဖြစ်ခြင်းနှင့် အမဲလိုက်မှုများလာခြင်းတို့ကြောင့် အပင်နှင့်တိရိစ္ဆာန်များ အရေအတွက် မျိုးစိတ်စုံလင်မှုများ ကျဆင်းလာနိုင်ပါသည်။ ဖောက်ခွဲခြင်းကြောင့်ဖြစ်သော ဆူညံသံများသည် တောရိုင်းတိရိစ္ဆာန်များကို အနှောင့်အယှက်ဖြစ်စေပြီး နေရာဒေသတစ်ခုမှ ယာယီသော်လည်းကောင်း အစဉ်အမြဲသော်လည်းကောင်း ဖယ်ခွာသွားစေနိုင်ပါသည်။

အလုပ်အကိုင်ရှာဖွေခြင်းနှင့် အခြားသတ္တုတွင်းနှင့်ဆက်စပ်သည့် အကျိုးအမြတ်များရှာဖွေရန်အလို့ငှာ လူများရွှေ့ပြောင်းရောက်ရှိလာခြင်းကြောင့်လည်း သတ္တုတွင်းနှင့်အနီးတဝိုက်တွင် လူဦးရေမြင့်တက်လာနိုင်ပါသည်။ လူဦးရေသိပ်သည်းမှုမြင့်လာခြင်းသည် ဥပမာအားဖြင့် အပင်များခုတ်ထွင်ရှင်းလင်းဖယ်ရှားခြင်း၊ အမဲ

လိုက်ခြင်းနှင့် သဘာဝအရင်းအမြစ်များကို အခြားနည်းလမ်းဖြင့်သုံးစွဲခြင်း စသည်တို့ တိုးမြင့်လာမှုမှတစ်ဆင့် ကုန်းနေဇီဝမျိုးစုံမျိုးကွဲများအား သွယ်ဝိုက်၍ထိခိုက်စေပါသည်။

ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲမှုအစီအစဉ် (ယခုအစီအစဉ်) သည် အကြီးစားသတ္တုတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်ပြီး ဇီဝမျိုးစုံမျိုးကွဲများအပေါ်ဖြစ်လာနိုင်သော ဆိုးကျိုးသက်ရောက်မှုများကို မည်သို့စီမံခန့်ခွဲရမည်ကိုဖော်ပြထားပါသည်။ ဤအစီအစဉ်သည် လုံးခင်း/ဖားကန့်၊ ရတနာနယ်မြေပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၎င်း (EMP) တွင် ပါဝင်သော အခြားကဏ္ဍများနှင့်တွဲဖတ်ရန် ဖြစ်ပါသည်။

၂။ ရည်မှန်းချက်များ

ဤဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှုအစီအစဉ်၏ ရည်မှန်းချက်များမှာ ကုန်းနှင့်ရေနေဇီဝမျိုးစုံမျိုးကွဲများအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သက်ရောက်မည့်ဆိုးကျိုးများကို လက်တွေ့လုပ်ဆောင်ရန်ဖြစ်နိုင်သည်ဆိုပါက ရှောင်ရှားရန်နှင့် လျော့ချရန်ဖြစ်သည်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ရေနေသက်ရှိ (Aquatic) - ဇီဝမျိုးစုံမျိုးကွဲနှင့်ဆက်စပ်ရာတွင် ရေ သို့မဟုတ် ရေနှင့်နီးစပ်သောနေရာ တွင် ရှင်သန်နေထိုင်သော အပင်နှင့်သတ္တဝါများကို ရည်ညွှန်းသည်။

ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) - အပင်၊သတ္တဝါနှင့် အဏုဇီဝသက်ရှိအမျိုးမျိုးနှင့် ၎င်းတို့တွင်ပါဝင်သော မျိုးရိုးဗီဇအချက်အလက်နှင့် ၎င်းတို့ဖွဲ့စည်းသော ဂေဟစနစ်အပါအဝင် အမျိုးစုံကွဲပြားသော သက်ရှိများ

သက်ရှိများရှင်သန်နေထိုင်ရာဒေသရင်းများ (Habitat) - သက်ရှိတစ်ခု(အပင်၊သတ္တဝါ၊အဏုဇီဝသက်ရှိ) သို့မဟုတ် သက်ရှိများ သဘာဝအလျောက် ကြီးထွားရှင်သန်နေထိုင်ရာနေရာဒေသ သို့မဟုတ် သဘာဝ ပတ်ဝန်းကျင်၊ အဆိုပါပတ်ဝန်းကျင်၏ ရုပ်ပိုင်းဆိုင်ရာ (ဥပမာ - မြေဆီလွှာများ၊ ရာသီဥတုအခြေအနေများ) နှင့်ဇီဝဗေဒဆိုင်ရာ (ဥပမာ - အပင်များ၊ အစားအစာရင်းမြစ်များ) လက္ခဏာများလည်း ပါဝင်သည်။

ပြန်လည်ထူထောင်ခြင်း (Rehabilitation) - ကြုံခိုင်တည်ငြိမ်သော မြေပြင်ပုံသဏ္ဍာန်၊ ကြုံခိုင်တည် ငြိမ်သော ရေနုတ်မြောင်းနှင့် သဘာဝအလျောက် ရှင်သန်တည်တံ့နိုင်သည့် အပင်များကိုဖန်တီးရန် ပျက်စီး သွားသောနေရာများ (ဥပမာ - သတ္တုတွင်း ဆင်ခြေလျှောများ) တွင် အပင်များ ပြန်လည်စိုက်ပျိုးခြင်းနှင့် ပြန်လည်တည်ငြိမ်ကြုံခိုင်စေခြင်း ဖြစ်စဉ်။

အပင်များပြန်လည်စိုက်ပျိုးခြင်း (Revegetation) - အပင်များချ ့ထွင်ပေါက်ရောက်ခြင်းနှင့် အပင်မျိုးများ ဆက်ပွားပေါက်ခြင်း ကဲ့သို့သော သဘာဝဖြစ်စဉ်များဖြင့် (သို့မဟုတ်) တိုက်ရိုက်မျိုးကြဲစိုက်ပျိုးခြင်း၊ ဓမ္မတာ မျိုးဆက်ခြင်းနှင့် အပင်ပေါက်စိုက်ပျိုးခြင်းတို့ကဲ့သို့သော လူသားပြုလုပ်သည့် သဘာဝဖြစ်စဉ်ကို လူအကူ အညီဖြင့် အရှိန်မြှင့် ဆောင်ရွက်ချက်များဖြင့် ထိခိုက်ပျက်စီးခဲ့သော မြေနေရာများအား သစ်ပင်များပြန်လည် ဖုံးအုပ်သွားစေရန် လုပ်ဆောင်ချက် (သို့) လုပ်ငန်းစဉ်။

ရေနှင့်ကုန်ကြားနေရာ (Riparian) - ရေလမ်းကြောင်းတစ်ခု၏ ကမ်းပါးများတွင်တည်ရှိသည့် သို့မဟုတ် ရေလမ်းကြောင်းနှင့် နီးစပ်သည့် နေရာ သို့မဟုတ် ပင်လယ် (ဥပမာ - ကမ်းပါးနယ်များ နှင့်/သို့မဟုတ် အိုင်ကမ်းပါးများ)။

သဘာဝပေါက်ပင် (Vegetation) - နေရာတစ်ခု သို့မဟုတ် နေရာဒေသတစ်ခုတွင် ပေါက်ရောက်သော အပင်အုပ်စု သို့မဟုတ် အစုအဝေး။

ရေလမ်းကြောင်း (Watercourse) - သတ္တုတူးဖော်ခြင်းလုပ်ငန်းများ မစတင်မီကတည်ရှိသော သဘာဝ အလျောက် စီးဆင်းနေသည့် မြစ်၊ချောင်းနှင့် စမ်းချောင်း။

၄။ ဆက်စပ်အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ

ဤအစီအစဉ်ကို အကောင်အထည်ဖော်ရန် အောက်ပါအစီအစဉ်များတွင် ပါဝင်သော စီမံခန့်ခွဲမှုအစီအမံများ လိုအပ်သည်။

- ဖုန်မှုန်နှင့် လေအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်
- ဆူညံမှုနှင့်တုန်ခါမှု စီမံခန့်ခွဲခြင်းအစီအစဉ်
- တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်မှုအစီအစဉ်
- ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်
- မာတုပစ္စည်းများနှင့် အန္တရာယ်ရှိသောပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်
- ပြန်လည်တည်ထောင်ခြင်း စီမံခန့်ခွဲမှုအစီအစဉ်
- လူထုနစ်နာမှုများ ကိုင်တွယ်ဖြေရှင်းခြင်းအစီအစဉ်

၅။ ဘေးအန္တရာယ်နှင့် ထိခိုက်မှုများ

သက်ရှိများနေထိုင်ရာဒေသရင်းများ ပျက်စီးယိုယွင်းခြင်းနှင့် ဆုံးရှုံးခြင်းများကြောင့် တောရိုင်းတိရိစ္ဆာန်များကို တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း အနှောင့်အယှက်ဖြစ်စေခြင်း (ဥပမာ - ဆူညံသံမှတဆင့်) တို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်စေနိုင်ပါသည်။ ဖြစ်လာနိုင်သော ဘေးအန္တရာယ်နှင့် ထိခိုက်မှုများကို **ဇယား (၁)** တွင် ပြသထားပါသည်။

ဇယား (၁) ဇီဝမျိုးစုံမျိုးကွဲများအပေါ် ကျရောက်နိုင်သည့် ဘေးအန္တရာယ်နှင့်ထိခိုက်မှုများ

အန္တရာယ်များ (ဇာစ်မြစ်)	အန္တရာယ်ဖြစ်စေနိုင်သည့် အကြောင်းတရား	ထိခိုက်မှု/ထိခိုက်ခံများ
မြေပြင်ပျက်စီးထိခိုက်မှု၊ မြေတူးဆွခြင်း။	သတ္တုတွင်းလုပ်ငန်းအတွက် အပင်များ ရှင်းလင်းခြင်း။	သက်ရှိများနေထိုင်ရာနှင့် အပင်တို့ပေါက်ရောက်ရာ နေရာဒေသများ လျော့နည်းသွားခြင်းနှင့် အစိတ်စိတ် ကွဲသွားမှုတို့ကြောင့် ဇီဝမျိုးစိတ် မျိုးကွဲများနှင့် ကုန်းနေ၊ ရေနေ သတ္တဝါတို့ နေထိုင်ရာများနေရာများ ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှု။
မြေပြင်ပျက်စီးထိခိုက်မှု၊ မြေတူးဆွခြင်း။	လှုံ့ကျရေများကြောင့် မြေတိုက်စားခံရခြင်းနှင့် ရေလမ်းကြောင်းများနှင့် မြေပြင်များအပေါ် နှန်းပို့ချမှု	အရည်အသွေးညံ့ ရေများ၊ ပျက်စီး မြေနှင့် ခုတ်ထွင်ပြီး အကိုင်းအခက်များ ဖုံးအုပ်ခြင်း၊ တိုက်စားနှန်း ပို့ချမှုတို့ကြောင့် ဇီဝမျိုးကွဲ မျိုးစိတ်များနှင့် ကုန်းနေ၊ ရေနေ သတ္တဝါတို့ နေထိုင်ရာ နေရာများ ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှု၊ ရေလမ်းကြောင်းများ တွင် နှန်းတင်ခြင်း၊ ရေစီးနှင့် ရေလွှမ်းမိုးမှု ပုံစံများ ပြောင်း လဲခြင်း။
ရေလမ်းကြောင်းများ ပိတ်ဆို့ခြင်း	ရေကြီးရေလျှံခြင်း၊ ဒေသတွင်း ရေအိုင်ခြင်းကြောင့် ရေလမ်း ကြောင်းများ ပြောင်းလဲမှု။	ပြောင်းလဲလာသော သတ္တဝါတို့ နေထိုင်ရာ အခြေအနေများနှင့် နှုန်းပို့ချခြင်းတို့ကြောင့် ရေနေသတ္တဝါတို့၏ နေရာများ ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှု။
အန္တရာယ်ရှိသော ပစ္စည်းများ (လောင်စာ၊ ဆီ၊ ဓာတုပစ္စည်းများ)။	ဖိတ်စင်မှုများနှင့် မတော်တဆယိုစိမ့်မှုများ။	ရေအရည်အသွေးကို ထိခိုက်စေသည့် ညစ်ညမ်းမှုနှင့် အပင်များကြီးထွား ကျန်းမာခြင်းကို ထိခိုက်စေနိုင်သည့် ဓာတ်သင့်မြေများကြောင့် ကုန်းနေ၊ ရေနေ သတ္တဝါတို့နေရာများ ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှု။
စည်းကမ်းမဲ့ စွန့်ပစ် ပစ္စည်းများ စွန့်ပစ်မှု။	ရေလမ်းကြောင်းများနှင့် ကိုက်ဖြတ်ဖျက်စီးသည့် အကောင်များ။	ညစ်ညမ်းသည့်ရေလမ်းကြောင်းများမှ အရည်အသွေးညံ့ရေများ၊ မြေများဖြင့် ဓာတ်သင့်ခြင်းနှင့် ခုတ်ထွင်ပြီး အကိုင်း အခက်များဖြင့် ဖုံးအုပ်ခြင်းတို့ကြောင့် ကုန်းနေ၊ ရေနေသတ္တဝါတို့နေရာများ ပျက်စီးမှု။

၆။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များ နှင့် စံနှုန်းများ

ဇီဂမျိုးစုံမျိုးစိတ်များစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများအား ဤအပိုင်းတွင် ဖော်ပြထားပါသည်။

၆.၁။ ဥပဒေများ၊ နည်းဥပဒေများ နှင့် လမ်းညွှန်ချက်များ

ဇီဂမျိုးစုံ မျိုးစိတ်များ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ နှင့် လမ်းညွှန်ချက်များမှာ -

တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၆ အရ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

  (က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

  (ခ) ကာကွယ်ထားသည့် သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊

  (ဂ) သဘာဝနယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

  (ဃ) သဘာဝနယ်မြေ နယ်နိမိတ်အမှတ်အသား တစ်ခုခုကိုဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာ မတည်ငွေရင်း ပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ်အမှတ်အသား တစ်ခုခုကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ပြောင်း လဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံဏ္ဍာန်ပျက်စေရန် ပြုလုပ်ခြင်း။

- ပုဒ်မ ၃၇ အရ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၇ နှစ်ထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ကာကွယ်ထားသည့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၏ ထောက်ခံချက်မရှိဘဲ ပြည်ပသို့ တင်ပို့ခြင်း။

ရေရှုငါးလုပ်ငန်းဥပဒေ (၁၉၉၁) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၆ အရ မည်သူမျှ ရေရှုငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာန၏ ခွင့်ပြုချက် မရှိဘဲ ဆည်၊ တမံ၊ ယင်းစသော အပိန့်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုရ။
- ပုဒ်မ ၄၀ အရ မည်သူမျှ ရေရှုငါးလုပ်ငန်းရေပြင်တွင် ငါး၊ အခြားရေသတ္တဝါတို့အား အနှောင့်အယှက် ဖြစ်စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုလုပ်ရ။
- ပုဒ်မ ၄၁ အရ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်းမြောင်းများတွင် ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏ အမျိုးအစား၊ ရေ၏ ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၈ အရ မည်သူမျှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိခိုက်ပျက်စီးရန် ရည်ရွယ်၍ တစ်စုံတစ်ရာပြုလုပ်ခြင်း သို့မဟုတ် ရေကြောင်းအား ပြောင်းလဲစေခြင်း မပြုရ၊ ရေအရင်းအမြစ်များကို တမင် ပြုန်းတီးစေခြင်း မပြုရ။
- ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ) အရ မည်သူမျှ မြစ်ချောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်းလုပ်ငန်းများမှ စွန့်ပစ်မြေစာနှင့် အခြားပစ္စည်းများကို မြစ်ချောင်း အတွင်းသို့ဖြစ်စေ၊ မြစ်ချောင်းအတွင်း စီးဝင်နိုင်သည့် ရေဆင်းလမ်းလျှို့မြောင်များအတွင်းသို့ဖြစ်စေ စွန့်ပစ်ခြင်း မပြုရ။
- ပုဒ်မ ၂၂ အရ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း စီးပွားရေးအလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်း မပြုရ။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၃) တွင် အမှိုက်များနှင့် အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများကို စွန့်ပစ်ခြင်းကို တားမြစ်ကြောင်း ဖော်ပြထားပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းသူက ပေးလျော်စေရန်၊ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ် သုံးစွဲသည့် လုပ်ငန်းများမှ အကျိုး အမြတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံ ခန့်ခွဲခြင်း။
- ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေ သည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်စေ ခြင်း။
- ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင် အထောက်အကူပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုရမည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။
- ပုဒ်မ ၂၄ အရ ဝန်ကြီးဌာနသည် ကြီးတင်ခွင့်ပြုချက် ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်မှု ရှိမရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြားခြင်း ပြုနိုင်သည်။
- ပုဒ်မ ၂၉ အရ မည်သူမျှ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) အရ သတ္တုတွင်းဝန်ကြီးဌာနသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာမြေအဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်းပြုနိုင်သည်။
- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် သတ်မှတ်ထားသော ဈေးနှုန်းကို လျှော်ထားသူက သတ်မှတ်ကာလ အတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။
- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့် အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ရမည်။
- ပုဒ်မ ၁၆ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်-
  - (က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။
  - (ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။
  - (ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။
  - (ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။
  - (င) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ၊
  - (စ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-
    - (၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(၂) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ်မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန် နှင့် မတော်တဆဖြစ်ပွားမှုကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

- ပုဒ်မ ၃၆ အရ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းများကို လည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှု ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်း ရေးဆိုင်ရာ ကိစ္စရပ်များ ကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက် စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်များ နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

သစ်တောဥပဒေ (၁၉၉၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄ အရ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သဘာဝတောတောင်၊ ရေ၊ မြေတို့ကို ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆင်မပြတ် ထုတ်လုပ်နိုင်ရန် အလို့ငှာ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော နယ်နိမိတ်သတ်မှတ်၍ အောက်ပါ ကြိုးဝိုင်းတော အမျိုးအစားများ ဖွဲ့ စည်းနိုင်သည်-
  - (က) စီးပွားရေးသစ်ထုတ်ကြိုးဝိုင်းတော
  - (ခ) ဒေသန္တရထောက်ပံ့ရေးကြိုးဝိုင်းတော
  - (ဂ) ရေဝေရေလဲထိန်းသိမ်းရေးကြိုးဝိုင်းတော
  - (ဃ) သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းရေးကြိုးဝိုင်းတော
  - (င) အခြားကြိုးဝိုင်းတောအမျိုးအစားများ
- ပုဒ်မ ၅ အရ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် အလို့ငှာ ကြိုးဝိုင်းတောပြင်ပရှိ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် နယ်နိမိတ် ဖော်ပြ၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာနိုင်သည်-
  - (က) ရေ၊ မြေ ထိန်းသိမ်းကာကွယ်ခြင်း။
  - (ခ) အပူပိုင်းဒေသတော ထိန်းသိမ်းကာကွယ်ခြင်း။
  - (ဂ) ဒီရေတော ထိန်းသိမ်းကာကွယ်ခြင်း။
  - (ဃ) သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးများ ထိန်းသိမ်းကာကွယ်ခြင်း။
  - (င) သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူ သုံးစွဲနိုင်ရန် ထိန်းသိမ်းကာကွယ်ခြင်း။

၆.၂။ အမိန့်ကြော်ငြာစာများ

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ကျောက်စိမ်းတူးဖော်ခြင်းဌာနမှ လုံးခင်း/ဖားကန့် ရတနာနယ်မြေအတွက် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ(၁၉၉၅)၏ ပုဒ်မ ၅၄(ခ)နှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ၏ ပုဒ်မ ၅၄(ဂ) အောက်တွင် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ပြီးဖြစ်ပါသည်။

ဇီဂမျိုးစုံမျိုးစိတ်များ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော အမိန့်ကြော်ငြာစာများမှာ -

- စာအမှတ်၊ ၁၂၁/၉၉၊ အောက်တိုဘာ ၄၊ ၁၉၉၉

- စာအမှတ်၊ ၈၅/၂၀၁၄၊ မေ ၁၂၊ ၂၀၁၄
- စာအမှတ်၊က-၃၇/၀၇၈/၂၀၁၄၊ စက်တင်ဘာ ၄၊ ၂၀၁၅
- စာအမှတ်၊က-၃၇/၀၇၈/၂၀၁၄၊ စက်တင်ဘာ ၄၊ ၂၀၁၅
- စာအမှတ်၊က-၃၇/၁၄၆/၂၀၁၆၊ ဇန်နဝါရီ ၂၆ ၂၀၁၆

ဤအမိန့် ကြော်ငြာစာများကို ယခု EMP ၏ နောက်ဆက်တွဲတွင် ပူးတွဲဖော်ပြထားသည်။

၆.၃။ နိုင်ငံတကာ စံနှုန်းများ

ဇီဝမျိုးစုံမျိုးစိတ်များ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ မြန်မာ့နိုင်ငံမှထုတ်ပြန်ထားသော လမ်းညွှန်ချက်များတွင် မပါရှိသေးပါက နိုင်ငံတကာလုပ်ထုံးလုပ်နည်းကောင်းများဖြစ်သော အောက်ပါစံနှုန်းများနှင့်လမ်းညွှန်ချက်များကို အသုံးချသင့်ပါသည်။

- IFC ၏ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ လုပ်ဆောင်ချက် စံနှုန်း ၆ - ဇီဝမျိုးခွဲမျိုးစိတ်များထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သက်ရှိသဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲရေး စီမံခန့် ခွဲမှု ဥပဒေ (၂၀၁၂)

- နိုင်ငံတကာ ငွေကြေးဆိုင်ရာ ကော်ပိုရေးရှင်း (The International Finance Corporation IFC) သတ္တုတူးဖော်ခြင်းအတွက် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လမ်းညွှန်ချက်များ၊ ၂၀၀၇။

၇။ စီမံခန့်ခွဲမှု အစီအမံများ

ကောင်းမွန်သော ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှုတစ်ခုသည် ထိခိုက်မှုများဖြစ်နိုင်ခြေရှိသော ဖစ်မြစ်များကိုလျော့ချခြင်း၊ ထိခိုက်မှု ဖြစ်စေနိုင်သည့် လမ်းကြောင်းများအား ဖယ်ရှားခြင်းနှင့် သတ္တုတွင်းလုပ်ငန်းလုပ်ကိုင်ပြီးနောက်ပိုင်းတွင် ထိခိုက် ပျက်စီးသွားသောနေရာများအား ပြန်လည်တည်ထောင်နိုင်ရေး အခြေအနေများအတွက် အကောင်းဆုံးဖန်တီးပေးမှု အပေါ်တွင် အခြေပြုထားသည်။ ထို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှုတွင်ပါသည့် ထိခိုက်မှုများဖြစ်နိုင်ခြေရှိသော ဖစ်မြစ်များလျော့ချခြင်း၏ အဓိကအစိတ်အပိုင်း မှာ ဆက်စပ်အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်း များဖြစ်ပြီး (ယခုအစီအစဉ်၏အပိုင်း (၄) တွင်ကြည့်ပါ) ၎င်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်လို အပ်ပါသည်။

အထက်တွင် ဖော်ပြပြီးသော အမိန့်ကြော်ငြာစာများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံခန့်ခွဲရန်လိုအပ်ချက်များကို အောက်တွင်ပြဋ္ဌာန်းထားပါသည်။

သတ္တုတွင်း မတူးဖော်မီ

သတ္တုတွင်းမတူးဖော်မီ အောက်ပါစီမံခန့်ခွဲမှုအလုပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးထားရမည်။

(က) သင့်လျော်ပြီး အရည်အချင်းပြည့်မီသည့် ကျွမ်းကျင်ပညာရှင်များ (သတ္တဗေဒပညာရှင်၊ ရုက္ခဗေဒပညာရှင်နှင့်/သို့မဟုတ် ရေနေဂေဟစနစ်ပညာရှင်(Aquatic ecologist)များနှင့် ချိတ်ဆက်ကာကုန်းနေ၊ ရေနေဂေဟကွင်းဆင်းလေ့လာဆန်းစစ်ချက်များ ပြုလုပ်ခြင်းဖြင့် လုပ်ကွက်အတွင်းနှင့် မြစ်ကြေပိုင်း ရေလမ်းကြောင်းများအတွင်းရှိ အရေးပါသောရှားပါးဇီဝမျိုးစုံမျိုးကွဲများကို ဖော်ထုတ်သတ်မှတ်ပါ။

(ခ) ဖြစ်နိုင်ပါက အရေးပါသော ရှားပါးဇီဝမျိုးစုံမျိုးကွဲများရှိသည့်နေရာများကို ရှောင်ရှား၍ သတ္တုတွင်းအခြေခံအဆောက်အအုံများကို စီမံပုံဖော်ပါ။

(ဂ) အရေးပါသော ရှားပါးဇီဝမျိုးစုံမျိုးကွဲများရှိသည်ဟု သတ်မှတ်ပြီးသောနေရာများ၌ လက်တွေ့ကျမည်ဆိုပါက အပင် များခုတ်ထွင်ရှင်းလင်းခြင်း သို့မဟုတ် ရေလမ်းကြောင်းများအား ထိခိုက်စေခြင်းတို့မှ ရှောင်ရှားပါ။

(ဃ) အပင်များ ခုတ်ထွင်ရှင်းလင်းရန် လိုအပ်သည့်အတိုင်းအတာကို ကန့်သတ်ပြီး အဆောက်အအုံများ နေရာချထားပါ။

(င) ယခုအစီအစဉ်တွင် ပြဋ္ဌာန်းထားသော ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးနှင့် စီမံခန့်ခွဲမှုကို အလုပ်သမားများအား သင်တန်းပို့ချပါ။

(စ) ကြိုးပိုင်းကြိုးပြင် ကာကွယ်တောများ၊ မျိုးတုန်းမှု အန္တရာယ်ရှိသော သတ္တဝါမျိုးစိတ်များ နေထိုင်ရာဒေသရင်းများနှင့် မျိုးတုန်းမှု အန္တရာယ်ရှိသော သတ္တဝါမျိုးစိတ်များအား ကာကွယ်ထိန်းသိမ်းရန် Business and Biodiversity Offset program – BBOP ကို ရေးဆွဲ အကောင်အထည်ဖော်ပါ။

သတ္တုတူးဖော်နေစဉ်

သတ္တုတူးဖော်နေစဉ်အတွင်း အောက်ပါ စီမံခန့်ခွဲမှုအလုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးထားရပါမည်။

(ဆ) သတ္တုတူးဖော်ခြင်းလုပ်ငန်းများ ဘေးကင်းရှင်းစွာဆောင်ရွက်နိုင်ရန် လိုအပ်သည့်မြေနေရာကိုသာ ရှင်းလင်းပါ။

(ဇ) အရေးပါသော ရှားပါးဇီဝမျိုးစုံမျိုးကွဲများအား မတော်တဆထိခိုက်မှု သို့မဟုတ် ကြိုတင်စီမံမထားသော ရှင်းလင်းခြင်းမျိုးတို့မှ ကာကွယ်နိုင်ရန် ရှင်းလင်းရမည့်နေရာနှင့် မရှင်းလင်းရမည့်နေရာများကို နယ်နမိတ်သတ်မှတ်ပါ။

(ဈ) ရေလမ်းကြောင်းအစပ်၌ မီတာ ၁၀၀ အကျယ်ရှိ ရေနှင့်ကုန်းခြား သဘာဝပေါက်ပင် ကြားခံ ဇုန် သတ်မှတ်ထိန်းသိမ်းထားရှိပါ။

(ည) ကမ်းပါးပေါက်အပင်များကို မဖြစ်မနေ ခုတ်ထွင်ရှင်းလင်းရတော့မည် ဆိုပါက လမ်းနှင့်ရေလမ်း ကြောင်းတို့ဖြတ်ရမည့် နေရာများအတွက် လိုအပ်သည့်အကျယ်ကို အကွာအဝေးအနည်းဆုံး သတ်မှတ်ပါ။

(ဋ) လက်တွေ့ပြုလုပ်ရန်ဖြစ်နိုင်ပါက ခုတ်ထွင်ရှင်းလင်းထားသော အပင်များကို ရေလမ်းကြောင်းများ သို့မဟုတ် မြေပေါ်ရေနှုတ်မြောင်းမှ အနည်းဆုံး မီတာ ၁၀၀ အကွာတွင် စုပုံပါ။

(ဌ) လက်တွေ့ပြုလုပ်ရန်ဖြစ်နိုင်ပါက ခုတ်ထွင်ရှင်းလင်းထားသည့် အပင်ပုံများအား ပြန်လည်တည် ထောင်ရေး/ ပြန်လည်စိမ်းလန်းစိုပြေရေးလုပ်ငန်းများနှင့် တိုက်စားမှု ထိန်းချုပ်ရေး လုပ်ငန်းများ အတွက်အသုံးပြုပါ။

(ဍ) အလုပ်သမားများ တောရိုင်းတိရစ္ဆာန်များအား အမဲလိုက်ခြင်း၊ စုဆောင်ခြင်း သို့မဟုတ် အနှောက် အယှက်ပေးခြင်း၊ အိမ်မွေးတိရိစ္ဆာန်အဖြစ်မွေးမြူခြင်းနှင့်/ သို့မဟုတ် လက်ဝယ်သိမ်းထားခြင်းနှင့် /သို့မဟုတ် သယ်ပို့ရောင်းချခြင်းတို့အား ပိတ်ပင်တားမြစ်ပါ။

(ဎ) ပိုးမွှားတိရိစ္ဆာန်များမလာစေရန် စားကြွင်းစားကျန်များကို စွန့်ပစ်ရန် သတ်မှတ်ထားသည့် နေရာများ သို့ သယ်ဆောင်မသွားခင် လုပ်ငန်းခွင်နေရာတွင် သိုလှောင်ထားသည့်အချိန်ကို ကန့်သတ်ပါ။

သတ္တုတူးဖော်ပြီးသောအခါ

- ပြန်လည်တည်ထောင်ခြင်း စီမံခန့်ခွဲမှုအစီအစဉ်အရ ဟင်းလင်းမြေပြင်များတွင် လက်တွေ့လုပ်ဆောင် နိုင်မည်ဆိုပါက အပင်များ ပြန်လည်စိုက်ပျိုးပါ။

၈။ လုပ်ငန်းဆောင်ရွက်ချက် စံနှုန်းများ

ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအတွက် လုပ်ငန်းဆောင်ရွက်ချက် စံနှုန်းများမှာ -

- သတ္တုတူးဖော်ခြင်း အစီအစဉ်တွင် ဇီဝမျိုးစုံမျိုးကွဲများ၏ အရေးပါရှားပါးမှုများကို အကဲဖြတ်၍ ထည့်သွင်းစဉ်းစားခြင်း။
- အမှတ်အသားပြု ပိုင်းခြားသတ်မှတ်ထားသော နယ်နမိတ်၏အပြင်ဘက်တွင် အပင်များ ခုတ် ထွင်ရှင်းလင်းမှုမရှိခြင်း။
- ပြန်လည်စိမ်းလန်းစိုပြေရေးလုပ်ငန်း လုပ်ဆောင်နိုင်သည့် နေရာများတွင် လုပ်ဆောင်ထားမှု အထောက်အထား။
- Business and Biodiversity Offset Program

၉။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ရန်အချက်များ

ဇီဝမျိုးစုံမျိုးကွဲများနှင့် ပြန်လည်စိမ်းလန်းစိုပြေပြီးနေရာများကို ပုံမှန်စောင့်ကြပ်ကြည့်ရှု စစ်ဆေးရမည်။ ယခုအစီအစဉ်နှင့် တွဲထားသော စစ်ဆေးမှုစာရင်းကိုသုံး၍ လိုက်နာမှု ရှိမရှိကို ဆုံးဖြတ်ပါမည်။

စစ်ဆေးခြင်းဆိုင်ရာ ကြိမ်နှုန်းများအား **ဇယား (၂)** တွင် ဖော်ပြထားပါသည်။

ဇယား (၂) စစ်ဆေးခြင်း နှင့် စောင့်ကြပ်ကြည့်ရှုခြင်း ကြိမ်နှုန်း

လုပ်ငန်းစဉ်များ	အကြိမ်အရေအတွက်
အရေးပါရှားပါး ဇီဝမျိုးစုံမျိုးကွဲများရှိသည့် နေရာများကို ခွဲခြားဖော်ထုတ်၍ နယ်နမိတ်သတ်မှတ်ကာ ကာကွယ်စောင့်ရှောက်ထားခြင်း။	လစဉ်
အမှတ်အသားပြုထားသော (သို့) သတ်မှတ်ကန့်သတ်ထားသော နယ်နမိတ်၏ အပြင်ဘက်တွင် အပင်များ ခုတ်ထွင်ရှင်းလင်းခြင်း။	အပင်များခုတ်ထွင်ရှင်းလင်းမှုများ လုပ်ဆောင်လုပ်ကိုင်နေစဉ်အတွင်းနေ့စဉ်
ရေလမ်းကြောင်းတစ်လျှောက် အပင်များဖြင့် ကြားခံဇုန်ထားရှိခြင်း။	လစဉ်။
တောရိုင်းတိရိစ္ဆာန်၊ သဘာဝအပင်များနှင့် ပတ်သက်၍ အလုပ်သမားများ ၎င်းတို့၏ တာဝန်ဝတ္တရားများ သိရှိနားလည်မှု။	ရှောင်တခင်နှင့် အနည်းဆုံးလစဉ်။
တောရိုင်းတိရိစ္ဆာန်နှင့်ပတ်သက်၍ အလုပ်သမားများသည် အမဲလိုက်ခြင်း၊ လက်ဝယ်သိမ်းထားခြင်း၊ ကုန်သွယ်ခြင်းများ အထောက်အထားမရှိခြင်း။	လစဉ်။
ပြန်လည်စိမ်းလန်းစိုပြေရေးလုပ်ငန်း စောင့်ကြပ်ကြည့်ရှုခြင်း။	ပြန်လည်စိမ်းလန်းစိုပြေရေး စီမံခန့်ခွဲမှု အစီအစဉ်နှင့်အညီ။
စီးပွားရေးနှင့်ဇီဝမျိုးစုံမျိုးကွဲ မျှခြေအစီအစဉ်(BBOP) ရေးဆွဲ ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။	စီးပွားရေးနှင့်ဇီဝမျိုးစုံမျိုးကွဲ မျှခြေအစီအစဉ် (BBOP)အား သတ္တုမတူးဖော်မီ နှစ်စဉ် ပြီးပြည့်စုံစွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှု အစီအစဉ် သတ်မှတ်ချက်များ လိုက်နာမှု ရှိမရှိ စစ်ဆေးသည့်စာရင်း	
မော် နှင့် လုပ်ကွက် နံပါတ် ကုမ္ပဏီ နှင့် သတ္တုတွင်း အမည်	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သူ	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သည့် ရက်စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထား	လိုက်နာကျင့်သုံးခြင်း ရှိသည် (သို့) မရှိပါ။
ဇီဝမျိုးစုံ မျိုးကွဲများကို ဆန်းစစ်ထားသည့် အထောက်အထား။	
အမှတ်အသားပြုထားသော (သို့) သတ်မှတ်ကန့်သတ်ထားသော နယ်နမိတ်၏ အပြင်ဘက်တွင် အပင်များ ခုတ်ထွင်ရှင်းလင်းခြင်း။	
ရေလမ်းကြောင်းတစ်လျှောက် အပင်များဖြင့် ကြားခံဖုန်ထားရှိခြင်း။	
တောရိုင်းတိရိစ္ဆာန်၊ သဘာဝအပင်များနှင့်ပတ်သက်၍ အလုပ်သမားများ ၎င်းတို့၏ တာဝန်ဝတ္တရားများ သိရှိနားလည်မှု။	
တောရိုင်းတိရိစ္ဆာန်နှင့်ပတ်သက်၍ အလုပ်သမားများသည် အမဲလိုက်ခြင်း၊ လက်ဝယ်သိမ်းထားခြင်း၊ ကုန်သွယ်ခြင်းများ အထောက်အထားမရှိခြင်း။	
သတ္တုတွင်း လုပ်ငန်းပြီးစီးသွားသည့်နေရာများတွင် အဆင့်ဆင့် ပြန်လည်စိမ်းလန်းစိုပြေရေးလုပ်ငန်းများ လုပ်ဆောင်နေခြင်း။	
စီးပွားရေးနှင့်ဇီဝမျိုးစုံမျိုးကွဲ မျှခြေအစီအစဉ် (BBOP) အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။	

ဖားကန့်/လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်	
ဓာတုပစ္စည်းများနှင့်အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်	
Version: Rev 1	ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်

၁။ နိဒါန်း

သတ္တုတူးဖော်ခြင်းလုပ်ငန်းတွင် ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိစေနိုင်သည့် ပစ္စည်းများအသုံးပြုမှု ဥပမာ အားဖြင့် လောင်စာ၊ ဆီ၊ ချောဆီ၊ စက်ချောဆီ၊ ပျော်ဝင်ပစ္စည်းများနှင့် အခြားပေါက်ကွဲစေတတ်သော ပစ္စည်းများတို့ပါဝင်သည်။ ၄င်းဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိစေနိုင်သည့် ပစ္စည်းများသည် လူထုသာယာပြောမှု၊ ပြည်သူ့ကျန်းမာရေး၊ အပင်နှင့် သက်ရှိ သတ္တဝါတို့၏ ရှင်သန်ကြံ့ခိုင်မှု၊ ရေအရည်အသွေးတို့ အပေါ်တွင် ဆိုးကျိုးများ သက်ရောက်စေနိုင်ပါသည်။

ဤဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိစေနိုင်သည့်ပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်တွင် သတ္တုတူးဖော်စဉ်အတွင်း လိုက်နာရမည့် ဘေးကင်းစွာ ကိုင်တွယ်အသုံးပြုခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်းနှင့် သိုလှောင်ခြင်း၊ ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများစွန့်ပစ်ခြင်း အစရှိသည့် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အသေးစိတ် ဖော်ပြထားသည်။ ဤအစီအစဉ်တွင် ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသည့် ပစ္စည်းများ ယိုဖိတ်မှုကို ကာကွယ် တားဆီးသည့် လုပ်ထုံးလုပ်နည်း/ လုပ်ငန်းစဉ်များ ပါဝင်သည်။

ဤအစီအစဉ်တွင် အကြီးစားကျောက်စိမ်းတူးဖော်ခြင်းနှင့် နီးနွယ်သော ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများကို စီမံခန့်ခွဲရန် နည်းလမ်းများ ဖော်ပြထားသည်။ ဤအစီအစဉ်သည် ဖားကန့်/လုံးခင်း ရတနာနယ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်ပြီး ၄င်းအစီအစဉ် (EMP) ၏ အခြား ကဏ္ဍများနှင့်လည်းတွဲ၍ ဖတ်ရှုသင့်ပါသည်။

၂။ ရည်မှန်းချက်များ

ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ဖြစ်စေသည့် ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်၏ ရည်ရွယ်ချက်မှာ -

- သတ္တုတူးဖော်ရာတွင် လိုအပ်သည့် ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ဖြစ်စေသည့် ပစ္စည်းများကို ဖော်ထုတ်ခြင်း၊ ကိုင်တွယ်ခြင်း၊ သိုလှောင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေမည့် နည်းလမ်းတို့ဖြင့် ဆောင်ရွက်ရန်။
- ဘေးအန္တရာယ်သင့်မည့် ဟိုက်ဒရို ကာဘွန် ယိုဖိတ်မှုကို လျော့ချရန်။

- ဘေးအန္တရာယ်ရှိသည့် ပစ္စည်းများ ယိုဖိတ်မှုဖြစ်ပေါ်လာပါက သဘာဝပတ်ဝန်းကျင်နှင့် လူမှုကိစ္စရပ်များ အပေါ်တွင် ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများကို လျှော့ချရန်။

၃။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

အတားအဆီး/တမံ (Bund) - သိုလှောင်ထားသော အရည်များထိန်းချုပ်ရန် သင့်တင့်သည့် ပမာဏ ဝင်ဆန့်နိုင်သော အကာအရံ သို့မဟုတ် ထည့်သိုစရာ တစ်ခု ပါဝင်ဖွဲ့စည်းထားသော အရံထိန်းချုပ်မှုစနစ်။ ရေနှင့် အခြား အရည်များ ထိန်းချုပ်ရန် တမံအဖြစ် ဖွဲ့စည်းနေသည့် ကျောက်တုံး တစ်တုံး သို့မဟုတ် မြေသား။

ဓာတုပစ္စည်း (Chemical) - သဘာဝအလျောက် ဖြစ်ပေါ်ခြင်း မဟုတ်ဘဲ ဖန်တီးပြုလုပ်ထားသော၊ အစိုင်အခဲ သို့မဟုတ် အရည် ပုံသဏ္ဌာန်ဖြင့် ဖြစ်ပွားလျက်ရှိသော ကွန်ပေါင်း။

C:N:P - ဓာတ်မြေဩဇာတွင်ပါဝင်သော ကာဗွန်၊ နိုက်ထရိုဂျင် နှင့် ဖော်စဖရက်။

မီးတား (Firebreak) - မီးကူးစက်လောင်ကျွမ်းခြင်းမဖြစ်စေရန် တားထားသည့် အတားအဆီး ဥပမာအားဖြင့် သစ်တောအတွင်းမှ အပင်မဲ့မြေကွက်လပ် သို့မဟုတ် မြက်ပင်များပေါက်သည့်နေရာတွင် ဖြစ်နေသော မြက်မဲ့မြေကွက်လပ်။

ရေဆိုးရေညစ်များ (Greywater) - အလုပ်သမားများ နေထိုင်ရာတန်းလျားနှင့် ရုံးများရှိ လက်ဆေးကန်များ၊ ချိုးရေကန်များ၊ အဝတ်လျော်ခြင်းနှင့် အခြားသောအိမ်တွင်းအသုံးပြုမှုများမှ စီးထွက်လာသော စွန့်ပစ်ရေကို ဆိုသည်။

ဘေးအန္တရာယ်ရှိစေနိုင်သည့်ပစ္စည်း(Hazardous material) - လူသားတို့၏ကျန်းမာရေး၊ ဘေးကင်းမှုနှင့်/သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများပါဝင်သည့် အစိုင်အခဲများ၊ အရည်များ (သို့မဟုတ်) ဓာတ်ငွေ့ပါသောအရာ ဝတ္ထုများကိုဆိုသည်။ ဘေးအန္တရာယ်ရှိစေနိုင်သော ပစ္စည်းများတွင် အောက်ဖော်ပြပါများပါဝင်သည်။

- လောင်ကျွမ်းလွယ်သည့်အရာများ - ဥပမာ။ အလွယ်တကူ လောင်ကျွမ်းစေနိုင်သည့်အရာများ။
- ဓာတုဖြစ်စဉ်အရ စားခြင်း၊ လောင်ခြင်းဖြစ်စေသော အရာများ - ဥပမာ။ PH အလွန်မြင့်ခြင်း (အယ်လ်ကာလိုင်းပါဝင်မှုနှုန်းမြင့်ခြင်း) (သို့မဟုတ်) PH အလွန်နိမ့်ခြင်း (အက်ဆစ်ပါဝင်မှုများခြင်း) ကြောင့် စားခြင်း၊ လောင်ခြင်းခံရသောအရာများ။
- ဓာတ်ပြုမှုဖြစ်စေသောအရာများ - ဥပမာ။ ပေါက်ကွဲစေနိုင်သော(သို့)အဆိပ်ဖြစ်စေနိုင်သော အရာများ။
- သက်ရှိများ၏ ဇီဝဖြစ်စဉ်ကို ထိခိုက်စေနိုင်သောအရာများ - ဥပမာ။ ဆေးပစ္စည်းဆိုင်ရာ စွန့်ပစ်ပစ္စည်းများ။

ဘေးအန္တရာယ်ရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်း (Hazardous Waste) - မလိုအပ်တော့သည့် (သို့မဟုတ်) အသုံးမဝင်တော့သည့် အန္တရာယ်ရှိသော ပစ္စည်း။

***မြေတွင်တွင်းတူးမြှုပ်နှံရန်စီမံထားသော* အမှိုက်ကန် (Landfill) -** အမှိုက်သရိုက်နှင့် စွန့်ပစ်ပစ္စည်းများကို မြေတွင်တူးထားသောအဝကျယ်တွင်းထဲသို့ စွန့်ပစ်မြှုပ်နှံရသောစနစ်။ မြေတွင်တွင်းတူးမြှုပ်နှံရန် အမှိုက်ကန်ကို အောက်ခံလိုင်နင်များမပါဝဲ (သို့မဟုတ်) လိုအပ်မည့်နေရာများတွင် အရည်စိမ့်မထွက်နိုင်သော ရှုံ့စေး (သို့) Geotextile Fabric (Polypropylene ပလက်စတစ်ဖြင့်ပြုလုပ်ထားသော) မြေထိန်း၊ ရေထိန်းရာတွင် အသုံးပြုသည့် ပစ္စည်းများကို အောက်ခံအဖြစ်ထားနိုင်ပါသည်။

ပစ္စည်းများဘေးကင်းစွာ အသုံးပြုနိုင်ရန်အချက်အလက်စာရွက် (MSDS) - အန္တရာယ်ရှိသည် သို့ အန္တရာယ်ရှိသော ကုန်ပစ္စည်းများဟု သတ်မှတ်ထားသည့် ပစ္စည်းများ၊ အစိုင်အခဲများ သို့ မာတုပစ္စည်းများ ၏ ကျမ်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ အချက်အလက်များပါသည့် စာရွက်စာတမ်း။

ဘေးအန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ (Non-hazardous waste) - လူသားတို့၏ကျန်းမာရေး၊ ဘေးကင်းရေး နှင့်/သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကိုချက်ချင်းအန္တရာယ်မဖြစ်စေနိုင်သော မလိုအပ်တော့ သည့် (သို့) အသုံးမဝင်တော့သော မည်သည့်အစိုင်အခဲများ၊ အရည်များ (သို့) အငွေ့နှင့်ဆိုင်သောအရာ ဝတ္ထုများကိုဆိုသည်။

တကိုယ်ရည် ဘေးန္တရာယ်ကင်းရှင်းရေး ပစ္စည်းကိရိယာ (Personal Protective Equipment) - အလုပ် သမားများ လုပ်ငန်းခွင်တွင် ကျန်းမာရေးအန္တရာယ်နှင့်ဘေးန္တရာယ်ကင်းစေရန် ဝတ်ဆင်ရသည့် အထူးစီမံ ထားသည့် အဝတ်အထည်များနှင့်ပစ္စည်းကိရိယာများကို ဆိုသည်။ ၎င်းအကာအကွယ်ပစ္စည်းကိရိယာများ သည် အခြေခံအားဖြင့် ဘောင်းဘီရှည်များ၊ လက်ရှည်အင်္ကျီများ၊ ဘွတ်ဖိနပ်များ၊ လက်အိတ်များ၊ လိုအပ်ပါ က မျက်နှာစည်းများစသည်တို့ ပါဝင်ရမည်ဖြစ်ပါသည်။

ရေလမ်းကြောင်း (Watercourse) – ယာယီအတွက်ဖြစ်စေ၊ ရေရှည်အတွက်ဖြစ်စေ လူသားတို့ပြုလုပ်ထား သော (သို့မဟုတ်) သဘာဝ ချောင်းတက်၊စမ်းချောင်း၊ဖြစ် (သို့မဟုတ်) အခြားရေလမ်းကြောင်း

၄။ ဆက်စပ်အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ

ဤအစီအစဉ်နှင့်အတူ အောက်ဖော်ပြပါ အစီအမံများကို အကောင်အထည်ဖော်ရန် လိုအပ်သည်။

- ဘေးအန္တရာယ်မရှိသည့် ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်
- အရေးပေါ် ပြင်ဆင်ခြင်းနှင့် တုန့်ပြန်ခြင်း အစီအစဉ်
- အကြောင်းအရာဖြစ်စဉ် တင်ပြမှုအစီအစဉ်
- မြေသားတိုက်စားခံရခြင်းနှင့် နှုန်းမြေများကို ထိန်းသိမ်းခြင်း အစီအစဉ်

၅။ ဘေးအန္တရာယ်များ

ဇယားကွက်(၁)တွင် သတ္တုတွင်းတူးဖော်ရေးတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိ ပစ္စည်းများကို မဆီလျော် (မမှန်ကန်/မညီညွတ်သော) ကိုင်တွယ်/စီမံခန့်ခွဲမှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူသားများအပေါ် (ကျရောက်နိုင်မည့်) ဖြစ်ပေါ်လာနိုင်သော အကျိုးသက်ရောက်မှုတို့ကို ဖော်ပြထားသည်။

ဘေးအန္တရာယ် (ထိခိုက်မှုရင်းမြစ်)	အန္တရာယ်ဖြစ်ပေါ်စေနိုင်သော လမ်းကြောင်း	ထိခိုက်မှုနှင့် ထိခိုက်ခံများ
ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသော ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်း (လောင်စာ၊ ဆီနှင့် ပျော်ဝင်ပစ္စည်းများ အစရှိသည့်)	ဖိတ်စင်ခြင်းနှင့် မတော်တဆ ယိုစိမ့်မှု	အရေအသွေး မကောင်းသောရေ ပေါ်ရေအောက် ဂေဟစနစ် ယိုယွင်းမှု ခါတ်ပြုပျက်စီးနေသောမြေ အလုပ်သမားတို့၏ ကျန်းမာရေးကို ထိခိုက်လာနိုင်မှု

၆။ သက်ဆိုင်သော ဥပဒေများ၊ စည်းမျဉ်းများ (နည်းဥပဒေများ) လမ်းညွှန်ချက်များနှင့် စံနှုန်းများ

ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသည့် ပစ္စည်းများကို စီမံခန့်ခွဲရန်အတွက် သင့်လျော်သော ဥပဒေများ၊ စည်းမဉ်းများ၊ လမ်း ညွှန်ချက်များနှင့် စံနှုန်းများကို ဤကဏ္ဍတွင် ဖော်ပြထားသည်။

၆.၁ ဥပဒေများ၊ စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များ

ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများကို စီမံခန့်ခွဲရန် သင့်လျော်သော ဥပဒေများ၊ စည်းမျဉ်းများ နှင့် လမ်းညွှန်ချက်များမှာ

ရေချိုငါးလုပ်ငန်းဥပဒေ (၁၉၉၁) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၀ အရ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါး၊ အခြားရေသတ္တဝါတို့အား အနှောင့်အ ယှက် ဖြစ်စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုလုပ်ရ။

- ပုဒ်မ ၄၁ အရ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်းမြောင်းများတွင် ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏ အမျိုးအစား၊ ရေ၏ ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၂၂ အရ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း စီးပွားရေးအလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်း မပြုရ။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၃) တွင် အမှိုက်များနှင့် အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများကို စွန့်ပစ်ခြင်းကို တားမြစ်ကြောင်း ဖော်ပြထားပါသည်။

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (၂၀၁၇) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၉ အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

  (က) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများကို လိုင်စင်ထုတ်ပေးခြင်း၊

  (ခ) ပုဒ်မခွဲ (က) ပါ လိုင်စင်များအတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လိုင်စင်လျှောက်ထားပုံ နည်းလမ်းများ၊ ခွင့်ပြုမည့် အာဏာပိုင်နှင့် စည်းကြပ်ရမည့် အခကြေးငွေများကို သတ်မှတ်ခြင်း၊

  (ဂ) ရေကြောင်းမှတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်းဆောင်ရွက်သည့် ရေယာဉ်နှင့် တွဲများအတွက် ဆိပ်ကမ်းများ သတ်မှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ခြင်း၊

  (ဃ) ရေနံနှင့်ရေနံထွက်ပစ္စည်းများကို ရေကြောင်းမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ ဆောင်ရွက်ရာတွင် ယိုဖိတ်မှုနှင့် မတော်တဆမှု ဖြစ်ပွားပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

  (င) ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်းမှအပ ဖြစ်သည့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း။

- ပုဒ်မ ၁၈ အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်။

  (က) သိုလှောင်ကန်နှင့် သိုလှောင်ရုံများအတွင် သိုလှောင်ခွင့် လိုင်စင်ထုတ်ပေးခြင်း၊

  (ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများအတွက် သယ်ယူခွင့်ပြုမိန့်ကို ထုတ်ပေးခြင်း၊

  (ဂ) ပုဒ်မခွဲ (က) ပါလိုင်စင်နှင့် ပုဒ်မခွဲ (ခ) ပါခွင့်ပြုမိန့်တို့အတွက် လျှောက်ထားရန် ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လျှောက်ထားပုံနည်းလမ်းများ၊ ခွင့်ပြုမိန့်အာဏာပိုင်နှင့် စည်းကြပ်ရမည့် အခကြေးငွေများကို သတ်မှတ်ခြင်း၊

  (ဃ) သိုလှောင်ကန်နှင့် သိုလှောင်ရုံများ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်တွဲများရှိ သိုလှောင်ကန်များ၏ စံချိန်စံညွှန်း အရည်အသွေးနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းသတ်မှတ်ခြင်း။

- ပုဒ်မ ၁၁ အရ ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုး ပါရှိသည့် ထုပ်ပိုးထည့်သွင်း ပစ္စည်းအားလုံးတွင် တံဆိပ်နှိပ်ခြင်း၊ ဖောင်းကြွပုံဖော်ခြင်း၊ ဆေးဖြင့် ရေးသားခြင်း၊ ပုံနှိပ်ခြင်း တို့ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ အန္တရာယ်သတိပေးချက်ကို ဖော်ပြရမည်။ ထိုသို့ ဖော်ပြရန် မဖြစ်နိုင်ပါက ထုပ်ပိုးထည့်သွင်း ပစ္စည်းအနီး၌ ဓာတ်ဆီ၊ အရက်ပျံ သို့မဟုတ် ရေနံ၏ ဘေးအန္တရာယ်ရှိသည့် သဘာဝကို သတိပေးသည့် အလားတူသတိပေးချက်ကို မြင်သာသည့်နေရာတွင် ထင်ရှားသော စာလုံးများဖြင့်ဖြစ်စေ၊ သင်္ကေတဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည်။

- ပုဒ်မ ၃၁ အရ လိုင်စင်ရရှိသူ မည်သူမျှ -

  (က) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက် တစ်ခုခုပါ မြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် တာဝန်ကို ပျက်ကွက်ခြင်း မရှိစေရ၊

  (ခ) ဘေးအန္တရာယ်ရှိသော ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးပါရှိသည့် ထုတ်ပိုးထည့်သွင်းပစ္စည်းနှင့် သယ်ယူပို့ဆောင်သည့်ယာဉ်နှင့် ပိုက်လိုင်းများတွင် ဘေးအန္တရာယ် အမှတ်အသား သတိပေးချက်များကို ထင်ရှားအောင် ရေးသားဖော်ပြခြင်းမပြုဘဲ သုံးစွဲခြင်း မပြု၊

(ဂ) ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းကိုဖြစ်စေ၊ ဘေးအန္တရာယ်မရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းကိုဖြစ်စေ ဤဥပဒေပါ သတ်မှတ်ထားသည့် နည်းလမ်းများမှတစ်ပါး တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ၊

(ဃ) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုများအပေါ် တာဝန်ခံမှုမရှိဘဲ ဆောင်ရွက်ခွင့် မရှိစေရ၊

(င) စံချိန်စံညွှန်း၊ အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မှီမှန်ကန်မှုမရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၇၊ ပုဒ်မခွဲ (ဏ) အရ ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းသူက ပေးလျော်စေရန်၊ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ် သုံးစွဲသည့် လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံခန့်ခွဲခြင်း။

- ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်စေခြင်း။

- ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခု၏ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင် ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင် အထောက်အကူ ပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုရ မည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက် စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

- ပုဒ်မ ၂၄ အရ ဝန်ကြီးဌာနသည် ကြီးတင်ခွင့်ပြုချက် ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်မှု ရှိမရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြားခြင်း ပြုနိုင်သည်။

- ပုဒ်မ ၂၉ အရ မည်သူမျှ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရေးအသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ တွင်လူသားတို့၏ ကျန်းမာရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှု မဖြစ်စေရန်အလို့ငှာ နေရာအသီးသီး၏ ဆူညံသံနှင့် တုန်ခါမှု၊ အခိုးအငွေ့ထုတ်လွှတ်မှုနှင့် အရည်စွန့်ထုတ်မှုများထိန်းချုပ်ရေးအတွက် လိုက်နာရမည့် အခြေခံစည်းမျဉ်းများကို ဖော်ပြထားပါသည်။

၆.၂ အမိန့်ကြော်ငြာစာများ

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း၏ ကျောက်စိမ်းတူးဖော်ခြင်းကဏ္ဍမှ ဖားကန့်/လုံးခင်းကျောက်စိမ်းကြောအတွက် ကြော်ငြာစာအမှတ် ၁၂၁/၁၉၉၁၂ အပိုဒ် ၅၄ (ခ) တွင် အသိပေးချက် ထုတ်ပြန်ထားသည်။ အန္တရာယ်ရှိသည့် ပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့် သင့်လျော်သော အသိပေးချက်များ ထုတ်ပြန်ထားသည်။

ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့် သင့်လျော်သော အသိပေးချက်များမှာ

- သတိပေးချက်စာ အမှတ် ၁၂၁/၉၉ အောက်တိုဘာ ၄ ၊ ၁၉၉၉။

၆.၃ နိုင်ငံတကာစံနှုန်းများ

အောက်ဖော်ပြပါ စံနှုန်းများနှင့်လမ်းညွှန်ချက်များသည် နိုင်ငံတကာမှအလေ့အကျင့်ကောင်းများကိုကိုယ်စားပြုသည်။

- နိုင်ငံတကာဘဏ္ဍာရေး ကော်ပိုရေးရှင်း၏ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် လုံခြုံရေးအထွေထွေလမ်းညွှန်ချက် (၂၀၁၇)
- နိုင်ငံတကာဘဏ္ဍာရေး ကော်ပိုရေးရှင်း၏ သတ္တုတူးဖော်ခြင်းနှင့်ဆိုင်သော သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် လုံခြုံရေးလမ်းညွှန်ချက်များ

၇။ ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိစေနိုင်သည့် ပစ္စည်းများ စီမံခန့်ခွဲခြင်း အစီအစဉ်

အောက်တွင် ဖော်ပြထားသော လုပ်ထုံးလုပ်နည်းများတွင် သင့်လျော်သော မြန်မာ့ဥပဒေများနှင့် နိုင်ငံတကာမှ အလေ့အကျင့်ကောင်းများကို ပူးပေါင်းထားပြီး ဤအစီအစဉ်၏ အခန်း (၄)တွင် အသေးစိတ်ဖော်ပြထားသော အခြားဆက်နွယ်ရာ အစီအစဉ်များဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

ယေဘုယျ လုပ်ထုံးလုပ်နည်းများ

ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိပစ္စည်းများစီမံခန့်ခွဲမှုအတွက် ယေဘုယျလုပ်ထုံးလုပ်နည်းများမှာ -

(က) အန္တရာယ်ရှိပစ္စည်းများ မတော်တဆဖြစ်စဉ်များမှလျော့ချနိုင်စေရန် သတ္ထုတွင်းလုပ်ထုံးလုပ်နည်းများ သို့မဟုတ် ပစ္စည်းများကို အသုံးပြုပါ။

(ခ) ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိပစ္စည်းများ စီမံခန့်ခွဲမှုကို သတ္ထုတွင်းမန်နေဂျာ (သို့) သတ္ထုတွင်းပတ်ဝန်းကျင် အန္တရာယ်ကင်းရှင်းရေး အရာရှိထံသို့ ပထမဦးစွာ အသိပေး တင်ပြထားရမည်။

(ဂ) ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိပစ္စည်းများ ဘေးကင်းစွာရွှေ့ပြောင်းရေး၊ သယ်ယူပို့ဆောင်ရေး၊ သိုလှောင်မှုနှင့် စွန့်ပစ်မှုတို့အတွက် စနစ်တကျလုပ်ဆောင်တတ်စေရန် လုပ်သားများကို သင်ကြားပေးရ မည်။

(ဃ) ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိပစ္စည်းများကိုင်တွယ်ရာတွင် လုပ်သားတိုင်းတစ်ကိုယ်ရည် သုံးကာကွယ်ပစ္စည်းများကို မဖြစ်မနေ အသုံးပြုရမည်။

(င) သက်ဆိုင်ရာ အလုပ်သမားများကို ဟိုက်ဒရိုကာဗွန်နှင့် ဓါတုပစ္စည်းများ အပါအဝင် ယိုးစိမ့်မှုတုံ့ပြန် ပစ္စည်းများ အသုံးပြုမှုကို လေ့ကျင့်ထားခြင်း။

(စ) အန္တရာယ်ရှိစေသည့် ပစ္စည်းများ သိုလှောင်ထားရာ အဆောက်အဦးနှင့် အန္တရာယ်ရှိစေနိုင်သည့် ပစ္စည်းများ နှင့်/သို့မဟုတ် ဓာတုပစ္စည်းများ တင်ဆောင်ထားသော မော်တော်ယာဉ်သန့်စင်သည့် စက်ကြိုးနှင့် ယန္တရားတွင် ယိုစိမ့်တုန့်ပြန်မှု ပစ္စည်းထည့်ပုံများကို ဂယ်ယူပံပိုးပေးရမည်။ ယိုစိမ့်တုန့်ပြန်မှုပုံးများသည် အန္တရာယ်ရှိစေနိုင်သည့် ပစ္စည်းများ နှင့် ဓာတုပစ္စည်းများ၏ အမျိုးအစားနှင့် အချိန်ပေါ် မူတည်၍ သင့်လျော်ရာကို စီစဉ်ရမည်။

(ဆ) ယိုစိမ့်မှုကို ဖြေရှင်းပေးမည့် အရေးပေါ်ဆက်သွယ်ရန် လူနှင့် ဆဖက်သွယ်ရေး အစီအစဉ် (နည်းလမ်း) များကို ရှင်းလင်းစွာ သတ်မှတ်ထားရမည်။

(ဇ) ဖိတ်စင်မှုနှင့် အခြားအန္တရာယ်ရှိသည့် ပစ္စည်းများ ယိုစိမ့်မှုဖြစ်ပေါ်ပါက Incident Reproting Procedure (ဖြစ်ရပ်အစီအရင်ခံခြင်းအစီအစဉ်) နှင့် Emergency Preparedness and Response Plan (အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုများနှင့် တုန့်ပြန်မှု အစီအစဉ်) ပါ အသေးစိတ် ဖော်ပြချက် များအတိုင်း လိုက်နာရန်။

(ဈ) အန္တရာယ်ရှိသည့် ပစ္စည်းများကို အခြားသော ဘေးအန္တရာယ် မရှိသည့် စွန့်ပစ်ပစ္စည်း၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ကျောက်စိုက် ကျောက်ခံ (သို့) စွန့်ပစ်မြေစာပုံများနှင့်အတူ စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ရပါမည်။

(ည) အန္တရာယ်ရှိသည့် ကုန်ပစ္စည်းများကို ထိန်းသိမ်းရာတွင်

- ဓာတုပစ္စည်း သို့မဟုတ် အန္တရာယ်ဖြစ်စေသည့် ပစ္စည်း၏ အမျိုးအစား
- ဓာတုပစ္စည်း သို့မဟုတ် အန္တရာယ်ဖြစ်စေသည့် ပစ္စည်း၏ အလေးချိန်နှင့် အရေအတွက်
- ဓာတုပစ္စည်းများ သို့မဟုတ် ပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် စွန့်ပစ်ခြင်း
- စီမံခန့်ခွဲခြင်း (သို့) စွန့်ပစ်ခြင်း အစီအစဉ်ကို တာဂန်ယူမည့် လူပုဂ္ဂိုလ်
- လုပ်ငန်းခွင် ပြင်ပနေရာသို့ သယ်ယူလာသည့် ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိ ပစ္စည်းများ၏ အမျိုးအစား နှင့် အလေးချိန် (ထုထည် ပမာဏ) မှတ်တမ်း

ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသည့် ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း

ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိ ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၏ လုပ်ထုံးလုပ်နည်းများမှာ

(၎) အန္တရာယ်ရှိသောကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းကို ပစ္စည်းဘေးကင်းလုံခြုံရေး အချက် အလက်မှတ်တမ်းများအတိုင်း ဆောင်ရွက်ရန်။

(၌) ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသည့် ပစ္စည်းများ ထုတ်ပိုးရာတွင် မှန်ကန်သော အလေးချိန် အနေအထား ခိုင်မာမှုနှင့် သယ်ယူပို့ဆောင်မည့် ဓာတုပစ္စည်းများနှင့် အန္တရာယ်ဖြစ်စေသည့် ပစ္စည်းနှင့် ပို့ဆောင်ရေးလမ်း ကြောင်းတို့ပေါ်မူတည်၍ သင့်တော်သော ထုတ်ပိုးမှုမျိုး ဆောင်ရွက်ရန်။

(၍) သယ်ယူပို့ဆောင်လာသော ဓာတုပစ္စည်းများ၊ အန္တရာယ်ရှိသည့် ပစ္စည်းများနှင့် ၎င်း၏စွန့်ပစ်ပစ္စည်းများကို သေချာစွာ မှတ်တမ်းတင်ထားရန်။

(၎) ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသည့် ကုန်ပစ္စည်းများ သယ်ဆောင်လာသော မော်တော်ယာဉ်သည် ခရီးစဉ်အတွင် မမျှော်လင့်သော ယာဉ်ရပ်နားမှု ပြုလုပ်ရပါက အနည်းဆုံး ရေလမ်းကြောင်း မှ မီတာ ၅၀ အကွာတွင် ရပ်ရန် ကန်တရိုက်တာကို အကြောင်းကြားရန်။

ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများ သိုလှောင်ခြင်း

ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများ သိုလှောင်ရန် လုပ်ထုံးလုပ်နည်းများမှာ

(၈) ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသည့် ပစ္စည်းများကို သိုလှောင်သည်ဖြစ်စေ အသုံးပြုသည်ဖြစ်စေ သင့်လျော်ရာပစ္စည်း ဘေး ကင်းလုံခြုံရေး မှတ်တမ်းပါ အသေးစိတ် အချက်အလက်နှင့် ပစ္စည်း (သို့) ကုန်သေတ္တာ အမှတ်တံဆိတ်ပေါ်ပါ အချက်အလက်များ အတိုင်း ပြုလုပ်ရမည်။

(တ) လုံလောက်သော အရံ အထိန်းအချုပ် (ဥပမာ bunds) ကို လောင်စာ ဟိုက်ဒရောလစ် စက်ဆီသိုလှောင်ကန်များတွင် ပုံ (၁) တွင် ဖော်ပြထားသည့်အတိုင်း အလုံအလောက် ထားပေးရမည်။ ဒုတိယအဆင့် အထိန်းသည် အကြီးစားသိုလှောင်ကန်များ၏ ၁၁၀ ရာခိုင်နှုန်း ခံဝန်အားရှိရမည်။ ဆီခံခွက်မှ လောင်စာဆီများကို ပြန်လည်အသုံးပြုခြင်း (သို့) လျှော်ကန်စွာ စွန့်ပစ်ရမည် ဆီခံခွက်မှ အရည်များကိုလည်း ထုတ်ပြီး စနစ်တကျ စွန့်ပစ်သင့်သည်။

(ထ) ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသည့် ပစ္စည်းများကို သတ်မှတ်ထားသော အတားအဆီး/မြောင်းနေရာတွင်သာ သိုလှောင်ရမည်။ အမိုနီယမ်နိုင်ထရိုက် အပါအဝင် ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသော ပစ္စည်းများကို အလုပ်သမားများအနီးနှင့် ကျေးရွာများအနီးတွင် မသိုလှောင် အပ်ပါ။

(ဒ) ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသည့် ပစ္စည်းများ သိုလှောင်ရာနေရာတွင် မိုးကြိုးလွှဲများကို တပ်ဆင် ထားရမည်။

(ဓ) ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ် ရှိသည့် ပစ္စည်းများကို သတ်တမ်းရင့် (အပင်)များ အပေးရှိ မြေကွက်လပ် တွင် သိုလှောင်ရမည်။ (လုံလောက်သော မီးကာပစ္စည်းများ ဘေးပတ်လည်တွင် ရှိရမည်။)

(န) ၂၅၀ လီတာနှင့် ၄င်းပမာဏထက် နည်းသော ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိပစ္စည်းများ သိုလှောင်ထားသည့် ထည့်သိုစရာများသည် ယိုဖိတ်မှု ထိန်းချုပ်ရန်စီမံထားသောနေရာများထဲတွင် ရှိမနေလျင် သင့်လျော်သော ခံနိုင်ရည် (အကြီးဆုံး ကွန်တိန်နာ၏ ထုထည်ပမာဏ ၁၁၀ %) ရှိသည့် spill tray များပေါ်တွင်တင်ကာ ကာကွယ်ထိန်းသိမ်းထားရမည်။

(ပ) ပစ္စည်းထပ်ဖြည့်နေချိန်မှအပ ဘေးအန္တရာယ်ရှိသည့် ပစ္စည်းများ သိုလှောင်ကန်ကို အမြဲပိတ်ထားရမည်။

(ဖ) ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများကို တစ်ခုပေါ် တစ်ခုဆင့်၍ မတင်ရ။

(ဗ) ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများကို သိုလှောင်နေချိန်၊ စီမံခန့်ခွဲနေချိန်၊ ကိုင်တွယ်နေချိန်နှင့် အသုံးပြုနေချိန်တွင် သင့်လျော်သော အချက်ပြ သင်္ကေတများ ဖော်ပြထားရမည်။

(ဘ) မတူညီသော ဓာတုပစ္စည်းများနှင့် အန္တရာယ်ဖြစ်စေမည့် ပစ္စည်းများ (acid, base) မီးလောင်လွယ်ပစ္စည်းများ၊ လောင်ကျွမ်းမှုကို အားပေးသော အရာများကို ခွဲထားသော်

လည်းကောင်း၊ သတ်မှတ်ထား သော သိုလှောင်နေရာတွင် သီးသန့်ထား၍ သော်လည်း ကောင်း သိုမှီးနိုင်သည်။

(မ) အန္တရာယ်အလွန်ရှိသော (သို့) ဓါတ်ပြုလွယ်သောပစ္စည်းများ (ဥပမာ Ammonium Nitrate နှင့်ပေါက်ကွဲပစ္စည်းများအတွက် သီးခြားသိုလှောင်ရာနေရာများ သတ်မှတ်ပေးရမည်။ ပေါက်ကွဲပစ္စည်းများကို အလုံပိတ်အခန်းတွင် သိုလှောင်ရမည်။


(ယ) သိုလှောင်ရာစနစ်တွင် သိုလှောင်ပစ္စည်းနှင့် အံဝင်ဂွင်ကျဖြစ်မည့် ပစ္စည်းများကို သုံးရမည်။ အမျိုးအစား ကွဲပြားသည့် ပစ္စည်းများအတွက် သိုလှောင်ကန် အံဝင် မဝင် မစစ်ဆေးပဲ ပြန်လည်အသုံးပြုခြင်း မပြုရ။

(ရ) မီးလောင်လွယ်သော အရည်သိုလှောင်ကန်အနီးတွင် မည်သည့် မီးညှိခြင်းမျိုးကိုမဆို တားမြစ်သည်။


(လ) မီးလောင်လွယ်သော ပစ္စည်းများနှင့် အခြားမတူပစ္စည်းများကို သီးခြားစီ သိုလှောင်ပြီး ထိုပရဝုဏ်တွင်းရှိ လုပ်သားများကို သတိပေးရန်အတွက် ဘေးအန္တရာယ် ကြိုတင်သတိ ပေးချက်များကို ကပ်ထားရမည်။

(ဝ) ပစ္စည်းသိုလှောင်ရာ နေရာအနီးတစ်ဝိုက်တွင် မုန်တိုင်းကြောင့် လျှံသော ရေများကြောင့် မြေတိုက်စားခံရခြင်းနှင့် နန်းမြေထိန်းသိမ်းခြင်း အစီအစဉ်ပါ အချက်အလက်အတိုင်း ရေလမ်းကြောင်း ပြောင်းရမည်။

ဆီသိုလှောင်ကန်များ ပတ်ပတ်လည်ရှိ အကာအကွယ်နံရံ (Bund Wall)



Bund နံရံ များသည် ကန်များအားလုံးမှ အကြီးဆုံးကန်၏ အနည်းဆုံး အမြင့်/အချင်း ထက်ဝက်ရှိရမည်။



Bund နံရံ၏ သာမန်အမြင့်
၂ ကန် - ၁.၃ မီတာ အမြင့်
>၂ ကန် - (၁) မီတာ အမြင့်
Bund ၏ ထိပ်ပိုင်းသည် အနည်းဆုံး ၀.၆ မီတာ အကျယ် (သာမန် ကန်အရွယ်ပမာဏကို အခြေခံသည်)။

VALENTIS / coffey A TETRA TECH COMPANY	Date: 26.07.2017	MGJEA	Conceptual bund construction (based on ASNZS 1940 2004 Victoria EPA	Figure 1
	Project: 745-DRWEN00015AA	Hpakant/Lonkin Gems Tract EMP		
	File Name: 00015 EMP01 MC F001 GRA			

ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများကို ကိုင်တွယ်ခြင်း

ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများကို ကိုင်တွယ်ရန် လုပ်ထုံးလုပ်နည်းများမှာ

(သ) ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများကို ကိုင်တွယ်ရာတွင် ပစ္စည်းမှတ်တမ်း၊ ထုတ်ယူသော ပစ္စည်းပမာဏနှင့် ပစ္စည်းတာဂန်ခံတို့ကို စာရင်းစာအုပ်ပြုစုထားရှိရမည်။

(ဟ) ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိသည့်ပစ္စည်းများ အားလုံး အသုံးပြုမှုကို စာရင်းမှတ်တမ်းထားရမည်။ (Ammonium Nitrate အပါအဝင်)

(ဠ) အမိုနီယမ်နိုက်ထရိတ်နှင့် ၄င်းနှင့်ဆက်စပ်ပစ္စည်းများကို ကျွမ်းကျင်သူများသာ ကိုင်တွယ်အသုံးပြုရမည်။ (အသက် ၁၈နှစ်အောက် မဖြစ်ရ)။ ဘေးအန္တရာယ်ရှိသည့် ပစ္စည်းကို ကိုင်တွယ်နေသူအား အန္တရာယ်ရှိ ပစ္စည်းများ ကိုင်တွယ်မှု စာရင်းတွင် မှတ်တမ်းတင်ရမည်။ ဖောက်ခွဲခြင်းဆိုင်ရာ လုပ်ဆောင်ချက်များ အားလုံးကို ကျွမ်းကျင် ပုဂ္ဂိုလ်ကသာ ဆောင်ရွက်ရမည်။ (အသက် ၁၈နှစ်အောက် မဖြစ်ရ)

မော်တော်ယာဉ်များ၊ သတ္တုသန့်စင်စက်ကြီးများနှင့် ယန္တရားကြီးများ လောင်စာဆီပြန်လည်ဖြည့်ခြင်းဆိုင်ရာ

မော်တော်ယာဉ်များ၊ ဆင့်တက်သန့်စင်စက်ကြီးများနှင့် ယန္တရားကြီးများ လောင်စာပြန်လည်ဖြည့်ခြင်း လုပ်ထုံးလုပ်နည်းများမှာ -

(အ) မော်တော်ယာဉ်များကို ဆီဖြည့်မည့်နေရာမှာ ရေလမ်းကြောင်းနှင့် အနည်းဆုံး မီတာ ၅၀ အကွာအဝေးတွင်ရှိရမည်။

(ကက) လောင်စာဆီဖြည့်နေစဉ် ဖိတ်စင်မှုကို ကာကွယ်ရန် လိုအပ်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်ပါ။ ရေစုပ်စက်၊ ရေပိုက်၊ ကတော့များကိုသုံးပါ။

ဖိတ်စင်မှုကို ကာကွယ်ခြင်းနှင့် တုန့်ပြန်ခြင်း

အရေးပေါ်ပြင်ဆင်ခြင်းနှင့် တုန့်ပြန်မှု အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းအားဖြင့် ယိုဖိတ်မှုကို ကာကွယ်ပြီး တုန့်ပြန်နိုင်ရန်။

စွန့်ပစ်ခြင်း

ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိစေနိုင်သည့် ပစ္စည်းများ စွန့်ပစ်ခြင်း လုပ်ထုံးလုပ်နည်းများမှာ -

(ခခ) လုပ်ငန်းခွင်တွင် စွန့်ပစ် ပစ္စည်းများ စုပြုံမှုတားဆီးရေးကို တက်အားသရွေ့အကောင်အထည်ဖော်ရန် (အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ) ကို သီးခြားသတ်မှတ်ထားသော သို့သယ်ယူပို့ဆောင်ပြီး စွန့်ပစ်ရမည်။

(ဂဂ) အရည်နှင့် ဟိုက်ဒရို ကာဗွန်ခဲ စွန့်ပစ်ပစ္စည်းများကို စုဆောင်းပြီး ဘေးကင်းစွာ သယ်ယူပို့ဆောင်ရန် (စက်ချောဆီ၊ ဆီများသောအနယ်၊ ဆီပေအဂတ်စုတ်၊ အထည်ကြမ်းနှင့် ဆီစစ်ခွက်များ) ၎င်းတို့ကို လုံခြုံသော ပုံးအတွင်းထည့်ပြီး ဘေးအန္တရာယ်ရှိစေနိုင်သည့် ပစ္စည်းများသိုလှောင်ထားရာ အဆီးအတားတမံများဖြင့် ကာထားသော နေရာတွင်သာ ပြုပြင်စီမံပြီး စွန့်နိုင်ရန် စီစဉ်ထားရမည်။

(ဃဃ) စွန့်ပစ်ဓါတုအရည် (ဥပမာ-ပျော်ရည်များနှင့် သုတ်ဆေးများ) နှင့် စွန့်ပစ်ဓါတု အိုင်အခဲများ (ဥပမာ- ဘတ်ထရီအိုး) ကို လုံခြုံသော ပုံးတွင်ထည့်ပြီး သတ်မှတ်ထား သော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနေရာတွင် စွန့်ပစ်ပစ္စည်း စုဆောင်းခြင်းနှင့် ဘေးကင်းသော သယ်ယူပို့ဆောင် ခြင်းကို စီစဉ်ထားရမည်။

(ငင) ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများ စွန့်ပစ်ခြင်းဆိုင်ရာ မှတ်တမ်းမှတ်ရာများ ပြုစုထားရှိရမည်။

(စစ) သတ္တုတူးဖော်ရေး လုပ်ငန်းစဉ်ပြီးမြောက်ရေးတွင် -

၁။ ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသော မည်သည့်အကျွံးအကျန် ပစ္စည်းကိုမဆို သင့်လျော်စွာ သိုလှောင်ရန် သို့မဟုတ် စွန့်ပစ်ရန်

၂။ ဟိုက်ဒရိုကာဗွန် ညစ်ညမ်းမြေများကို သန့်စင်ပြီး ပြန်လည်ပြုပြင်ရန်

၃။ သတ္တုတွင်းလုပ်ငန်း ပိတ်သိမ်းခြင်းနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို မိုင်းတွင်း ပိတ်သိမ်းခြင်းဆိုင်ရာ စီမံခန့်ခွဲမှု တင်ပြချက်တွင် အသေးစိတ်ဖော်ပြ ထားသည့် အတိုင်း အကောင်အထည်ဖော်ရန်။

ဟိုက်ဒရိုကာဗွန်ကြောင့် ဓါတ်ပြုပျက်စီးနေသော မြေကို သန့်စင်ခြင်းနှင့် ရှင်းလင်းခြင်း

ဟိုက်ဒရိုကာဗွန်ကြောင့် ဓါတ်ပြုပျက်စီးနေသော မြေကို သန့်စင်ခြင်းနှင့် ရှင်းလင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာ -

(ဆဆ) သတ္ထုတွင်းနေရာ၊ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံနှင့် မော်တော်ယာဉ်၊ သတ္ထုသန့်စင်သည့် စက်နှင့် ယန္တရားကြီးများရပ်နားရာနေရာမှ ဟိုက်ဒရိုကာဗွန်ကြောင့် ဓါတ်ပြုပျက်စီးနေ

သောမြေကို သတ်မှတ်ထားသော ပြုပြင်စီမံရမည့်နေရာသို့ ဘေးကင်းစွာသယ်ယူပို့ ဆောင်ရမည်။

(ဇဇ) ဇီဝမြေဆွေးပုံကို အသုံးပြုပြီး ဟိုက်ဒရိုကာဗွန်ကြောင့် ခါတ်ပြုပျက်စီးနေသော မြေကို သတ်မှတ်ထားသောနေရာတွင်ပြန်လည်ပြုပြင်စီမံရမည်။ (နောက်ဆက်တွဲ (၁) တွင် ကြည့်ပါ)။

၈။ ဆောင်ရွက်မှုစံနှုန်းများ

ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများ စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်မှုစံနှုန်းများမှာ

- သတ္တုတွင်းလုပ်ငန်းခွင်မှ ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများ၏ လက်ရှိမှတ်တမ်းများကို သတ္တုတွင်း ရုံးခန်း တွင် ထားရှိရမည်။
- ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့်ပစ္စည်းများ သိုလှောင်ရာနေရာနှင့် ယိုစိမ့်ဖိတ်စဉ်မှုတုန့်ပြန်ပုံးများကို (Spill Repsonse Kits) မျက်မြင်ကိုယ်တွေ့စစ်ဆေးထားသည့် လက်ရှိမှတ် တမ်းထားရှိရမည်။
- အချိန်နှင့် တစ်ပြေးညီဖြစ်သော MSDS ကို လုပ်ငန်းခွင်တွင် ထားရှိပြီး အလွယ်တကူ အသုံးပြုနိုင်ရမည်။
- သက်မှတ်ထားသော စီမံကိန်း အချိန်ဇယားအတွင်း သေချာသော သို့မဟုတ် ခါတ်ပြုပျက်စီးနေသည်ဟု သံသယ ရှိသောနေရာများကို ထုတ်ဖော်သတင်းပို့ပြီး ပြန်လည် ပြုပြင် ရမည်။

၉။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာအချက်များ

ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများ စီမံခန့်ခွဲခြင်း လုပ်ဆောင်မှုကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ ဆန်းစစ်ရန်အတွက် သတ္တုတူးဖော်ရာနေရာနှင့် အလုပ်သမားတန်းလျားတွင် ပုံမှန် စစ်ဆေးခြင်းများကို ဆောင်ရွက်ရမည်။

စစ်ဆေးမှု ကြိမ်နှုန်းကို **ဇယား (၂)** တွင် ဖော်ပြထားစသည်။

ဇယား (၂) စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းကြိမ်နှုန်း

လုပ်ငန်းစဉ်များ	ကြိမ်နှုန်း
ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများ သိုလှောင်ရာ နေရာနှင့် လုပ်ငန်းပစ္စည်းများကို မျက်မြင်ကိုယ်တွေ့ စစ်ဆေး ခြင်း။	အပတ်စဉ်
ခါတ်ပြုပျက်စီးနေသော မြေကို မျက်မြင်ကိုယ်တွေ့ စစ်ဆေးခြင်း။	အပတ်စဉ်
ယိုစိမ့်တုံ့ပြန်မှုပုံးကို မျက်မြင်ကိုယ်တွေ့ စစ်ဆေး ခြင်း။	အပတ်စဉ်
ဇီဂမြေဆွေးပုံဖြင့် ပတ်ဂန်းကျင်ကို ကုစားပေးခြင်းကို မျက်မြင်ကိုယ်တွေ့ စစ်ဆေးခြင်း။	လစဉ်
MSDS စာကြည့်တိုက်။	လစဉ်
ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများစာရင်း	လစဉ်

ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်	
လိုက်နာဆောင်ရွက်မှု စစ်ဆေးချက်စာရင်း	
မှော် နှင့် လုပ်ကွက် နံပါတ်: **ကုမ္ပဏီ နှင့် သတ္တုတွင်း အမည်:**	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သူ:	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သည့် ရက်စွဲ:	
လိုက်နာဆောင်ရွက်မှု အထောက်အထား	လိုက်နာကိုက်ညီခြင်း ရှိသည် (သို့) မရှိပါ။
MSDS ရရှိခြင်းနှင့် အချိန်နှင့်တပြေးညီဖြစ်မှု။	
ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများ မှတ်တမ်း။	
အပတ်စဉ် မှတ်မြင်ကိုယ်တွေ့ စစ်ဆေးဆောင်ရွက်ထားခြင်းမှတ်တမ်း။	
တာဘောင်များ (သို့) အရံ အထိန်းတည်ဆောက်မှု၊ လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှု။	
Spill Kit များကို လွယ်လင့်တကူရရှိပြီး သေချာစွာ စာရင်းပြုစုထားမှု။	
ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိသည့် ပစ္စည်းများအားလုံးကို MSDS ပါ စံနှုန်းအတိုင်း သိလှောင်ပြီး ကိုင်တွယ် ဖြေရှင်းထားသော အထောက်အထား။	
အလုပ်သမားများအား သင်တန်းပေးခြင်း၊ တစ်ကိုယ်ရေ ကာကွယ်မှုဆိုင်ရာ ပစ္စည်းကိရိယာများ (PPE) ပေးအပ်ခြင်းနှင့် အသုံးပြုခြင်းသက်သေ အထောက်အထား။	
မြေကြီးသို့ ယိုစိမ့် ဖိတ်စဉ်မှုများအား ကောင်းမွန်စွာ ရှင်းလင်းထားမှု အထောက် အထား။	
ဟိုက်ဒရိုကာဗွန်ကြောင့် ဓါတ်ပြုပျက်စီးနေသော မြေကို ဇီဝမြေဆွေပုံသုံးပြီး ပြုပြင်စီမံထားမှု အထောက်အထား။	
စွန့်ပစ်မြေဇီလ္ဓာများအား ကောင်းမွန်စွာ ပြုပြင်စီမံထားမှု အထောက်အထား။	

ဓာတုပစ္စည်းများနှင့် အန္တရာယ်ရှိ ပစ္စည်းများစာရင်း

ဓာတုပစ္စည်းအန္တရာယ်ရှိသည့် ပစ္စည်း	အလေးချိန်/ အရေအတွက်	သိုလှောင်နေရာ	အသုံးပြုထားသည့် အလေးချိန်/ အရေအတွက်	စွန့်ပစ်ခြင်း နည်းလမ်း	စွန့်ပစ်မည့် နေရာ

နောက်ဆက်တွဲ (၁)

ဟိုက်ဒရိုကာဗွန် ဓါတ်ပြုပျက်စီးသွားသော မြေကို လုပ်ငန်းခွင်တွင် ပြန်လည်ကုစားခြင်း

နိဒါန်း

ဇီဝမြေဆွေးပုံကို အသုံးပြု၍ ဟိုက်ဒရိုကာဗွန်ကြောင့် ဓါတ်ပြုပျက်စီးနေသော မြေကို ဇီဝနည်းဖြင့် ပြုပြင်နိုင်သည်။ ဇီဝမြေဆွေးပုံ အသုံးပြု၍ ပြုပြင်ခြင်းနည်းလမ်းသည် သဘာဝအတိုင်း ဖြစ်ပွားနေသော အဏုဇီဝပိုးပွားများကို အသုံးပြုပြီး ဟိုက်ဒရိုကာဗွန်များကို ဖြိုခွဲစေသည်။


ဇီဝနည်းလမ်းဖြင့် ပြုပြင်မွန်းမံခြင်းဖြစ်ရပ်သည် အောက်ဖော်ပြပါအနေအထားတွင် ပိုမိုအကျိုးဖြစ်ထွန်းသည်။

- မူလအနေအထား pH အမှတ် (၆နှင့် ၈ ကြား)
- လေဟာပြင်တွင် ရေငွေ့ပါဝင်မှု ၄၀% မှ ၈၀% ကြား
- အပူချိန် ၁၀˚ C နှင့် ၄၅˚ C ကြား

ဇီဝမြေဆွေးပုံများကို အသုံးပြုခြင်းသည် ဟိုက်ဒရိုကာဗွန် အလွန်အကျွံ ဓါတ်သင့်ပျက်ဆီးနေသောမြေ (ဥပမာ- 50,000 mg/kg ထက်များသော ပမာဏ) နှင့် သိပ်သည်းသော သတ္တုဓါတ်များပါနေသော မြေ (ဥပမာ- 50,000 mg/kg ထက်များသော နှုန်းထား) တို့အတွက် မသင့်လျော်ပါ။

ဇီဝမြေဆွေးပုံတည်ဆောက်ခြင်း

ဇီဝမြေဆွေးပုံကိုရေစီးအားကောင်းသောနေရာ (ဥပမာ - ကုန်းစောင်းတွင် မြေဆွေးပုံ၏ အောက်ခြေထေရေစိမ့်ဝင်စေနိုင်ရန် ရေလုံသော အခင်းများထားရှိ တည်ဆောက်ရမည်။ ထိုအခင်းကို ပြန်လည် ပြုပြင် သုံးစွဲရန် (သို့) စွန့်ပစ်ရန် လိုအပ်သည်။ ထိုမှသာ မြေနှိမ့်ပိုင်းသို့ စီးဆင်းလာသော မိုးရေတို့ကို စုဆောင်းပြီး ၄င်းတို့ကို မြေဆီလွှာကို ပြုပြင်ရန်နှင့် သိပ်သည်းသော ရွှံစေမြေ (30 စင်တီမီတာ မှ 50 စင်တီမီတာ အနက်ရှိသော) သည် ကောင်းမွန်သော မြေလွှာကို ဖြစ်စေသည်။ ပလပ်စတစ်အထူစား (Heavy Duty Plastic) သည် ပေါက်တက်သည့်အတွက် မသုံးသင့်ပါ။ သန့်စင်သော လျှံကျရေများ ဇီဝမြေပုံသို့ မဝင်စေရန် မြေလွှာအနီးတစ်ဝိုက်တွင် ရေမစိမ့်နိုင်သော ဒြပ်ထုဖြင့် ပြုလုပ်ထားသည့် အတားအဆီးဖြင့် ဟန့်တားထားရမည်။ ပုံ ၂ တွင် ယေဘူယျ ဇီဝမြေဆွေးပုံအလွှာ၏ ဖြတ်ပိုင်းပုံကို ဖော်ပြထားသည်။



ပုံ ၂။ ယေဘူယျ ဇီဝ မြေဆွေးပုံအလွှာ၏ ဖြတ်ပိုင်းပုံ

ဇီဝမြေဆွေးပုံတည်ဆောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း

- ဓါတ်သင့်ပျက်စီးနေသော မြေကို သိပ်သည်းသော မြေလွှာပေါ်တွင် စုပုံလိုက်ပါ။
- Petroleum hydrocarbons (TPE) ပါဝင်နှုန်းနှင့် PH ပမာဏကို ဆုံးဖြတ်ရန်အတွက် မြေဆီလွှာနမူနာကို ယူပြီး ဓါတ်ခွဲခန်းသို့ ခွဲခြမ်းစိတ်ဖြာရန် ပို့ပါ။ နမူနာပြုမည့် သိပ်သည်းဆတွင် သေးငယ်သော စုပုံပစ္စည်း (၅ဂ ကုဗမီတာ ထက်နည်းသော) အတွက် အနည်းဆုံးနမူနာ (၃)ခု၊ (၇၅ ကုဗမီတာတိုင်းအတွက် နောက်ထပ်နမူနာ တစ်ခု - ၂၅ဂ ကုဗမီတာထက်များသော စုပုံပစ္စည်းအတွက် အများဆုံး နမူနာ ၁ဂ ခု။
- အကယ်၍ PH စံနှုန်းသည် (၆) ထက်များ၍သော်လည်းကောင်း (သို့) အထက်နည်း၍သော်လည်းကောင်း (၄င်းသည် ဓာတ်ပြယ်အနေအထားတွင် ရှိသည်) အောက်ဖော်ပြပါ ပုံသေနည်းကို သုံး၍ ဇီဝမြေဆွေးပုံထဲသို့ ထည့်ရမည့် မြေဩဇာ ပမာဏကို တွက်ပါ။

  အလေးချိန် သိပ်သည်းဆ (kg/ m^3) = ခြောက်သွေ့သော မြေသား၏ အလေးချိန်/(kg)
  မြေကြီး၏ ထုထည် (m^3)
  မြေသားထု (kg) = မြေသားပမာဏ (m^3) x မြေသား၏ အလေးချိန် သိပ်သည်းဆ (kg/ m^3)
  ဓါတ်ပြုပျက်စီးနေသော ပမာဏ (kg) = မြေသားပမာဏ (kg) x ဓါတ်ပြုပျက်စီးနေသော မြေတွင် TPH ပါဝင်နှုန်း/ 1,000,000
  (PH အဆင့်သည် အထက် ပါ အတိုင်းအတာနယ်မှ အပြင်ဘက်သို့ အလွန်အကျွံရောက်နေသော (ဖြစ်နိုင်ချေနည်းပါးသော) ဖြစ်စဉ်အတွက် အက်ပစစ်ပေါသော မြေများအတွက် ထုံးသို့မဟုတ် အယ်လ်ကာလီ များသောမြေများအတွက်ကန့် (ဆာလဖာ ဒြပ်စဉ်) ကို ကြားခံအဖြစ်သုံးနိုင်သည်။
- အထက်တွင် ဖော်ပြထားသော ပုံသေနည်းမှ ဓါတ်ပြုပျက်စီးနေသော မြေပမာဏသည် မြေကြီးတွင် ကာဗွန်ပါဝင်မှုနှုန်းထားဖြစ်ပြီး (အနီးစပ်ဆုံးလက်ခံမှု / an accepted approximation) ထိုအတွက် ဇီဝမြေဆွေးပုံတွင် မြေဩဇာကို 100း00း1 ၏ C း N း P အချိုးနှုန်းအတိုင်းထည့်နိုင်သည်။ Thumb

၏ ဥပဒေသအရ (rule of thumb) 1 ကုဗမီတာရှိသော မြေပုံသို့ diammonium phosphate မြေဩဇာကို ထပ်ဖြည့်ရန် အကြံပြုထားသည်။

- မြေကြီးကို သက်အသုံးမပြုပဲ hydrocarbons ကို မြေကြီးအတွင်းသို့ နှံ့အောင်ဖြန့်ဖြူးပါ။ ၎င်းကို ဇီဝမြေဆွေးပုံးထဲတွင် ခပ်ကျဲကျဲထည့်လိုက်ပါ။ ခန့်မှန်းခြေအားဖြင့် 1m အမြင့်အတွက် 1.5m အမြင်ရှိသော hydrocarbon နှင့် မြေအရောအနှောကို သုံးသည်။ လေသလပ်ရန် လိုအပ်သည့် အတွက် မြေသားကျစ်နေခြင်းမျိုး မဖြစ်သင့်ပါ။ ရေရွှဲနေသော မြေအနေအထားမျိုး မဟုတ်ပဲ အစို ဓါတ်ပါသော အနေထားလောက်သာ ဖြစ်သင့်သည်။
- စိုစွတ်သော ရာသီတွင် မိုးရွာသွန်းမှုကြောင့် ဇီဝမြေဆွေးမြေပုံကို အစိုဓါတ်အလွန်အမင်း များစေရန် တွင်းပကို ကိုင်း/ ဖျင်ကာဖြင့် ဖုံးအုပ်ထားရမည်။ ကိုင်း/ ဖျင်ကာကို လေတိုက်လျှင် ပါမသွားအောင် ကျောက်တုံးကြီးဖြင့် ဘေးပတ်လည်တွင် ဖိထားရမည်။
- သတ်မှတ် ကုဒ်ကို ဇီဝမြေဆွေးပုံတွင် အမှတ်အသားရှိရမည်။ အညွှန်းတပ်ထားသော ခြံစည်းရိုးကို အသုံးပြုနိုင်ပါသည်။
- မြေလွှာအနိမ့်ပိုင်းတွင် အိုင်နေသော ရေများကို ပုံမှန်ခပ်ထုတ်ပြီး ၎င်းကို အန္တရာယ်ဖြစ်စေသည့် ဒြပ်ပစ္စည်းများအမှတ်ဖြင့် စွန့်ပစ်ရမည်။ စိုစွတ်ကာလအတွင်း (မေလမှ စက်တင်ဘာလ) ရေကို နေ့စဉ် ခပ်ထုတ်ရမည်။
- ဇီဝမြေဆွေးပုံတိုင်းရှိမြေကို လစဉ် အပေါ်အောက်လဲပေးခြင်းအားဖြင့် လေသလပ်အောင်ထားရ မည်။
- အောက်ပါအချက်များကို မြေဆွေးပုံတိုင်းအတွက် မှတ်တမ်းပြုပါ။

ဇီဝမြေဆွေးပုံ မှတ်တမ်းစာရွက်	
ဇီဝမြေဆွေးပုံအမှတ်အသား ကုဒ်	ဥပမာ၊ BP001
ဓါတ်ပြုပျက်စီးသွားသော မြေရရှိခဲ့သည့် နေရာဖော်ပြချက်။	ဥပမာ၊ ကျင်း၏အနောက်တောင်ဖက်ရှိ ကျင်းအနီး၊ ယာဉ်ကြီးများ သွားရာ လမ်းအနီး။
မြေနှင့်အတူ ဓါတ်ပြုပျက်စီးသွားသော အရာဝတ္ထုများ။ (အလေးချိန်ပမာဏသိလျှင် ထည့်ရန်)	ဥပမာ၊ ဒီဇယ်၊ ခန့်မှန်းခြေ ၁၀ လီတာ။
မြေဓါတ်ပြုပျက်စီးမှုဖြစ်ရပ် အကျဉ်းချုပ်ဖော်ပြချက်။	ဥပမာ၊ ဆီကားမှ မြေတူးစက်ကို ဆီဖြည့်နေစဉ် ဆီတိုင်ကီလျှံကျ - ဖြစ်ရပ်များ အစီရင်ခံစာ နံပါတ် EI457 ကို ကြည့်ရန်။
ပြန်လည်စီမံရန် လိုအပ်သော မြေ ခန့်မှန်းပမာဏ။	ဥပမာ၊ $2m^2$

မြေအမျိုးအစား ဖော်ပြချက်၊	ဥပမာ၊ ထုံးကျောက်
ဟိုက်ဒရိုကာဗွန် ဓါတ်ပြုပျက်စီးခြင်း (TPH)။	ဥပမာ၊ 1000 mg/kg
မြေအတွင်း pH ပါဝင်မှု။	ဥပမာ၊ 7.4
ဇီဝမြေဆွေးပုံအတွင်းသို့ ထည့်သော ရက်စွဲ။	ဥပမာ၊ ၁၇ မေလ ၂၀၁၇
pH ပါဝင်မှုကို ညှိရန် ထည့်သွင်းသော မြေဩဇာ ပမာဏ။	ဥပမာ၊ 20kg
မြေကို သမအောင်မွေပေးသော ရက်စွဲ။	ဥပမာ၊ ၂၀ ဇွန်လ ၂၀၁၇၊ ၁၉ ဇူလိုင်လ ၂၀၁၇၊ ၂၀ သြဂုတ်လ ၂၀၁၇ စသည့် ...
ပြုပြင်စီမံပြီးသော မြေများကို ဇီဝမြေဆွေးပုံမှ ဖယ်ရှားသည့် ရက်စွဲ။	၅ စက်တင်ဘာလ ၂၀၁၇
ပြုပြင်ပြီးသောမြေပုံသည့် နေရာ။	ဥပမာ၊ အနောက်ဖက်ပိုင်း ရှိ မြေစာပုံ

ပြုပြင်စီမံသည့် လုပ်ငန်းစဉ် ပြီးဆုံးမှု ဆုံးဖြတ်ခြင်း

ဇီဝမြေဆွေးပုံတွင်း မြေများကိုစီမံခြင်းသည် အချိန် ၃ နှစ်ခန့် ကြာနိုင်ပါသည်။ ဇီဝနည်းလမ်းအရ ကုစားခြင်း ပြီးဆုံးကြောင်းနှင့် ၎င်းမြေများကို ဖယ်ရှားနိုင်သည့်အခြေအနေ သင့်လျော်ကြောင်း ဆုံးဖြတ်ရန် အောက်ပါ လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ပါ။

- ဇီဝမြေဇာပုံကို အောက်ပါအချက်များ လစဉ်စစ်ဆေးရန်၊
  - ဟိုက်ဒရိုကာဗွန် အနှံ့။
  - ဤမြေဆွေးပုံ၏ အနိမ်းဆုံးနေရာတွင် ပြောင်လက်သော အရာများ ရေပေါ်တွင်မြင်နိုင်ခြင်း။
- ဟိုက်ဒရိုကာဗွန် အနှံ့မရှိတော့ခြင်းနှင့် ပြောင်လက်သော အရာများရေပေါ်တွင် မတွေ့တော့လျှင် ဇီဝမြေဆွေးပုံမှ မြေများကို ဟိုက်ဒရိုကာဗွန် ပါဝင်မှု စပ်းသပ်ပါ။ အရွယ်အစားငယ်သော မြေဆွေးပုံ (ကုဗမီတာ ၅၀ ထက်နည်းသော) များကို အနည်းဆုံး မြေနမူနာ ၃ ခုယူ၍စမ်းသပ်ကာ ၂၅ ကုဗမီတာ ပမာန တိုင်းအတွက် အနူနာ တစ်ခုထပ်ဆောင်းစမ်းသပ်မည်။ မြေဆွေးပုံအကြီး (၂၅၀ ကုဗမီတာ ထက်မပိုသော) များအတွက်မြေနမူနာ ၁၀ ခုယူရမည်ဖြစ်သည်။
- TPH ရလဒ်များသည် သတ်မှတ်ထားသော အညွှန်းကိန်း 1000 mg/kg အတွင်းရှိလျှင် မြေများကို ခြောက်သွေ့သော ဟင်းလင်းပွင့်ကျင်း သို့ မြေစာပုံသွားရောက် စွန့်ပစ်နိုင်ပါသည်။ မြေပေါ်တွင် အပင်ပြန်လည်စိုက်ပျိုးခြင်းဖြစ် ဟိုက်ဒရိုကာဗွန် အကြွင်းအကျန်များကို စုပ်ယူစေပါ။

ဖားကန့်/ လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးများ

Version: Rev1	**ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်**

၁။ ရည်ရွယ်ချက်

ကျောက်စိမ်းတူးဖော်မှုကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများမဖြစ်ပေါ်စေရန် (သို့မဟုတ်) လျော့နည်းစေရန် သတ္တုတွင်းကုမ္ပဏီများနှင့် ၎င်းတို့၏အလုပ်သမားများတွင် တာဝန်ရှိသည်။ ဤကဏ္ဍတွင် သတ္တုတွင်းကုမ္ပဏီများနှင့် ၎င်းတို့၏အလုပ်သမားများ လိုက်နာကျင့်သုံးရမည့်စံနှုန်းများနှင့် ပြုမူကျင့်ကြံပုံများကို သတ်မှတ်ထားပါသည်။ ဤကျင့်ထုံးများ (Code of Conduct) သည် လုံးခင်း/ ဖားကန့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး အခြားကဏ္ဍများနှင့်တွဲဖတ်ရန်ဖြစ်ပါသည်။

၂။ ရည်မှန်းချက်များ

ဤကျင့်ထုံးများ (Code of Conduct) ၏ရည်မှန်းချက်များမှာ -

- သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့်လူမှုရေး ကိစ္စရပ်များအား မထိခိုက်စေမည့်နည်းလမ်းများဖြင့် သေချာစွာ တာဂန်ယူဆောင်ရွက်ရန်။
- သတ္တုတွင်းကုမ္ပဏီများနှင့် ၎င်းတို့၏အလုပ်သမားများသည် ၎င်းတို့၏လုပ်ငန်းများကို ဒေသခံများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အခွင့်အရေးနှင့် ဓလေ့ထုံးတမ်းများကို ကာကွယ်သည့် အပြုအမူများဖြင့် ဆောင်ရွက်ရန်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

သတ္တုတွင်းကုမ္ပဏီ (mining company) - ကျောက်မျက်ရတနာလုပ်ကွက်မှ ကျောက်မျက်ရတနာထုတ်လုပ်ရန် ခွင့်ပြုမိန့်ကိုင်ဆောင်ထားသောကုမ္ပဏီ၊ အကျိုးတူကျောက်မျက်ကုမ္ပဏီ/ ပုဂ္ဂလိကကုမ္ပဏီ၊ သမအသင်း၊ လူပုဂ္ဂိုလ်(သို့မဟုတ်) တစ်ယောက်ထက်ပိုသော လူပုဂ္ဂိုလ်များကို ဆိုလိုသည်။

အလုပ်သမား (Worker) - သတ္တုတွင်းကုမ္ပဏီပိုင်ရှင်များ၊ လုပ်သားများ၊ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံကန်ထရိုက်တာများနှင့် မိသားစုဝင်များအားလုံးအပါအဝင် သတ္တုတွင်းကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်နေသည့် လူပုဂ္ဂိုလ်များ။

၄။ ဆက်စပ်အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ

အောက်ပါအစီအစဉ်များမှ စီမံခန့်ခွဲမှုအစီအမံများကို အကောင်အထည်ဖော်ရန်လိုအပ်ပါသည်။

- လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်
- ဒေသခံများ၏ နစ်နာမှုတိုင်ကြားချက်များကို စီမံခန့်ခွဲသောအစီအစဉ်
- ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲသောအစီအစဉ်
- စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲသောအစီအစဉ်

၅။ သက်ဆိုင်သောဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

ဤအပိုင်းတွင် သတ္တုတွင်းကုမ္ပဏီများနှင့် ၎င်းတို့၏အလုပ်သမားများလိုက်နာရန် သက်ဆိုင်သောဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများအားဖော်ပြထားပါသည်။

၅.၁ ဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များ

သတ္တုတွင်းကုမ္ပဏီများနှင့် လုပ်သားများ၏တာဝန်ဝတ္တရားများကို အောက်ပါဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များတွင် ပြဋ္ဌာန်းထားပါသည် -

မြန်မာနိုင်ငံသားများ၏ ရပိုင်ခွင့်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၏ပြဋ္ဌာန်းချက်အရ -

- ပုဒ်မ ၂၁ (က) အရ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုစသည့် အခွင့်အရေးများ ခံစားခွင့်ရှိသည်။

- ပုဒ်မ ၃၄ အရ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့ နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ် စွာယူဆနိုင်သောအခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ် တည်ဆောက်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိစေရမည်။

ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) အရ သတ္တုတွင်းဝန်ကြီးဌာနသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာမြေအဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်းပြုနိုင် သည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် သတ်မှတ်ထားသော ဈေးနှုန်းကို လျှော်ထားသူက သတ်မှတ်ကာလ အတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့် အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်း တို့ကို ပြန်လည်သတ်မှတ်ရမည်။

- ပုဒ်မ ၁၆ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်-

  (က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

  (ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

  (ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။

  (ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။

  (င) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ၊

  (စ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(၂) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ် မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန် နှင့် မတော်တဆဖြစ်ပွားမှုကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆ ဖြစ်ပွားမှုများနှင့် ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

- ပုဒ်မ ၃၆ အရ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းများကို လည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှု ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်များ နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၇၊ ပုဒ်မခွဲ (ဏ) အရ ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းသူက ပေးလျော်စေရန်၊ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ် သုံးစွဲသည့် လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံခန့်ခွဲခြင်း။

- ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်စေခြင်း။

- ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင် အထောက်အကူ ပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုရ မည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက် စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

- ပုဒ်မ ၂၄ အရ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့် အညီ

ဆောင်ရွက်မှု ရှိမရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြားခြင်း ပြုနိုင်သည်။

- ပုဒ်မ ၂၉ အရ မည်သူမျှ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၁၄) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နည်းဥပဒေ ၆၈ အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်ရေးအတွက် နည်းဥပဒေ ၅၂၊ ၅၃ နှင့် ၆၂ အရ သတ်မှတ်သည့် လုပ်ငန်းအမျိုးအစားများတွင် မပါဝင်သည့် အသေးစား ပုဂ္ဂလိကလုပ် ငန်း၊ စက်ရုံ၊ အလုပ်ရုံများသည် လုပ်ငန်းတည်ဆောက်လည်ပတ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီး ဌာနသို့ ခွင့်ပြုချက်၊ လိုင်စင်လျှောက်ထားခြင်းမပြုမီ ပတ်ဝန်းကျင် ထိခိုက်မှု ရှိမရှိနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူရမည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- စာပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် -

  (က) မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ဌားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

  (ခ) စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်း မဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားပေးရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်။

- စာပိုဒ် ၁၀၃ အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝအကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စား စီမံကိန်းကို ဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်

တာများ အားလုံးက စီမံကိန်းအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်စေရန် တာဝန်ရှိသည်။

- စာပိုဒ် ၁၀၄ အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းတို့တွင် ပါရှိသော လိုအပ်ချက်များအားလုံးအတွင် တာဝန်ရှိသည့်အပြင် ယင်းတို့ကို အပြည့်အဝထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

- စာပိုဒ် ၁၀၅ အရ စီမံကိန်းအဆိုပြုသူသည် အဆိုပြုစီမံကိန်းကြောင့် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးသက်ရောက်မှုများကို ဖော်ထုတ်သတ်မှတ်၍ သတင်းအချက်အလက်အပြည့်အစုံကို ဝန်ကြီးဌာနသို့ အချိန်နှင့် တစ်ပြေးညီ စာဖြင့် အသိပေးတင်ပြရမည်။

- စာပိုဒ် ၁၀၆ အရ စီမံကိန်းအဆိုပြုသူသည် အကြီးတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအား မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို စဉ်ဆက်မပြတ် လက်တွေ့ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အချက်များကို လိုက်နာဆောင်ရွက်ရမည်။

- စာပိုဒ် ၁၀၇ အရ စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ခုခုကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် ကိစ္စ သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိစေရန် လိုအပ်သည့်ကိစ္စကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြားကိစ္စများအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်းလည်းကောက်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

- စာပိုဒ် ၁၀၈ အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ ဇယားပါအတိုင်း စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာကို ဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် သို့မဟုတ် ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း တင်ပြရမည်။

- စာပိုဒ် ၁၀၉ အရ စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာတွင် အောက်ပါအချက်များ ပါရှိရမည်-

  (က) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

  (ခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

  (ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်နိုင်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

  (ဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရသည့် အချိန်သတ်မှတ်ချက်များ၊

  (င) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

  (စ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

- စာပိုဒ် ၁၁၀ အရ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ ဇယားပါအပိုဒ် ၁၀၈ နှင့် ၁၀၉ အရ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများ စသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့် ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရမည်။

- စာပိုဒ် ၁၁၃ အရ စီမံကိန်းအဆိုပြုသူသည် -

(က) စောင့်ကြပ်ကြည့်ရှုရန်နှင့် စစ်ဆေးရန်အလို့ငှာ စစ်ဆေးရန်တာဝန်ရှိသူအား သာမန် အလုပ်ချိန်အတွင်း ဝင်ရောက်ခွင့်ပြုရမည်။

(ခ) ဝန်ကြီးဌာနက အကြောင်းအားလျော်စွာ လိုအပ်လာသည့်အခါ စီမံကိန်း၏ ရုံးများနှင့် စီမံကိန်းလုပ်ငန်းခွင်နှင့် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြားနေရာသို့ အချိန်မရွေး ဝင်ရောက်ခွင့်ပြုရမည်။

- စာပိုဒ် ၁၁၅ အရ စီမံကိန်းအဆိုပြုသူသည် အရေးပေါ်အခြေအနေတွင်ဖြစ်စေ၊ စီမံကိန်းသည် သက်ဆိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်ကို ဆောင်ရွက်ပေးရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ပျက်ကွက်နိုင်သည် သို့မဟုတ် ပျက်ကွက်ရန် အန္တရာယ်ရှိသည်ဟု ယူဆလျှင်ဖြစ်စေ မည်သည့်အချိန်တွင်မဆို စစ်ဆေးရန်တာဝန်ရှိသူအား ချက်ချင်းဝင်ရောက်စစ်ဆေးခွင့်ပြုရမည်။

- စာပိုဒ် ၁၁၇ အရ စီမံကိန်းဆိုပြုသူသည် စီမံကိန်း၏ ကိုယ်စားဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများကိုလည်း စစ်ဆေးရန် တာဝန်ရှိသူက စစ်ဆေးခြင်းကို ခွင့်ပြုရမည်။

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ တွင်လူသားတို့၏ ကျန်းမာရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှု မဖြစ်စေရန်အလို့ငှာ နေရာအသီးသီး၏ ဆူညံသံနှင့် တုန်ခါမှု၊ အခိုးအငွေ့ထုတ်လွှတ်မှုနှင့် အရည်စွန့်ထုတ်မှုများထိန်းချုပ်ရေးအတွက် လိုက်နာရမည့် အခြေခံစည်းမျဉ်းများကို ဖော်ပြထားပါသည်။

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ထူထောင်ထားသော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ထိခိုက်ပျက်စီးစေသော လုပ်ငန်းများကို ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် လုပ်ငန်းများအဖြစ် သတ်မှတ်ထားပါသည်။

ဇီဝမျိုးကွဲများအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၆ အရ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) ကာကွယ်ထားသည့် သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊

(ဂ) သဘာဝနယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဃ) သဘာဝနယ်မြေ နယ်နိမိတ်အမှတ်အသား တစ်ခုခုကိုဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရက အစုရှယ်ယာ မတည်ငွေရင်း ပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ်အမှတ်အသား တစ်ခုခုကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံဏ္ဍာန်ပျက်စေရန် ပြုလုပ်ခြင်း။

- ပုဒ်မ ၃၇ အရ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၇ နှစ်ထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ကာကွယ်ထားသည့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၏ ထောက်ခံချက်မရှိဘဲ ပြည်ပသို့ တင်ပို့ခြင်း။

သစ်တောဥပဒေ (၁၉၉၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄ အရ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သဘာဝတောတောင်၊ ရေ၊ မြေတို့ကို ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆင်မပြတ်ထုတ်လုပ်နိုင်ရန် အလို့ငှာ

အစိုးရက စီမံခန့်ခွဲခွင့်ရှိသော နယ်နိမိတ်သတ်မှတ်၍ အောက်ပါ ကြိုးပိုင်းတောအမျိုးအစားများ ဖွဲ့စည်းနိုင်သည်-

(က) စီးပွားရေးသစ်ထုတ်ကြိုးပိုင်းတော
(ခ) ဒေသန္တရထောက်ပံ့ရေးကြိုးပိုင်းတော
(ဂ) ရေဝေရေလဲထိန်းသိမ်းရေးကြိုးပိုင်းတော
(ဃ) သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းရေးကြိုးပိုင်းတော
(င) အခြားကြိုးပိုင်းတောအမျိုးအစားများ

- ပုဒ်မ ၅ အရ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် အလို့ငှာ ကြိုးပိုင်းတောပြင်ပရှိ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် နယ်နိမတ်ဖော်ပြ၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာနိုင်သည်-

(က) ရေ၊ မြေ ထိန်းသိမ်းကာကွယ်ခြင်း။
(ခ) အပူပိုင်းဒေသတော ထိန်းသိမ်းကာကွယ်ခြင်း။
(ဂ) ဒီဇရတော ထိန်းသိမ်းကာကွယ်ခြင်း။
(ဃ) သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးများ ထိန်းသိမ်းကာကွယ်ခြင်း။
(င) သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ထိန်းသိမ်းကာကွယ်ခြင်း။

မြစ်ချောင်းများ၊ ရေအရင်းအမြစ်များနှင့် ငါးဖမ်းလုပ်ငန်းများအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၈ အရ မည်သူမျှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိခိုက်ပျက်စီးရန် ရည်ရွယ်၍ တစ်စုံတစ်ရာပြုလုပ်ခြင်း သို့မဟုတ် ရေကြောင်းအားပြောင်းလဲစေခြင်း မပြုရ၊ ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်း မပြုရ။

- ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ) အရ မည်သူမျှ မြစ်ချောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်းလုပ်ငန်းများမှ စွန့်ပစ်မြေစာနှင့် အခြားပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ဖြစ်စေ၊ မြစ်ချောင်းအတွင်း စီးဝင်နိုင်သည့် ရေဆင်းလမ်းလျှို့မြောင်များအတွင်းသို့ဖြစ်စေ စွန့်ပစ်ခြင်း မပြုရ။

- ပုဒ်မ ၂၂ အရ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း စီးပွားရေးအလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်း မပြုရ။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၃) တွင် အမှိုက်များနှင့် အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများကို စွန့်ပစ်ခြင်းကို တားမြစ်ကြောင်း ဖော်ပြထားပါသည်။

ရေချိုငါးလုပ်ငန်းဥပဒေ (၁၉၉၁) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၆ အရ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာန၏ ခွင့်ပြုချက် မရှိဘဲ ဆည်၊ တမံ၊ ယင်းစသော အပိန့်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုရ။

- ပုဒ်မ ၄၀ အရ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါး၊ အခြားရေသတ္တဝါတို့အား အနှောင့်အယှက် ဖြစ်စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုလုပ်ရ။

- ပုဒ်မ ၄၁ အရ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်းမြောင်းများတွင် ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏ အမျိုးအစား၊ ရေ၏ ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

ရှုးပောင်းအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

ရှုးပောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၂ အရ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူ မရှိသော ဝတ္ထုပစ္စည်းတစ်ခုခုကို တွေ့ရှိသူသည် အဆိုပါ ဝတ္ထုပစ္စည်းများမှာ ရှုးပောင်းဝတ္ထုပစ္စည်းဖြစ်ကြောင်း သိရှိလျှင် သို့မဟုတ် ယူဆရန် အကြောင်းရှိလျှင် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ ဆောလျင်စွာ သတင်းပို့ရမည်။

ရှုးပောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (စ) အရ ရှုးပောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ဧရိယာအတွင်း၌ မြေမျက်နှာသွင်ပြင် ပျက်စီးစေသည့် ရွှေကျင်းခြင်း၊ မြေတူးဖော်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ရေတွင်း၊ ရေကန်၊ ချောင်း၊ မြောင်း၊ လျှို၊ ချိုင့်များတူးခြင်း၊ ဖို့ခြင်း၊ မြေညှိခြင်း၊ မိုင်းခွဲခြင်း၊ ကျောက်တူးခြင်း၊

ကျောက်စရစ်၊ သဲထုတ်ယူခြင်း၊ ကုန်းများ၊ တောင်များဖြိုဖျက်ခြင်း ပြုလုပ်မှု တစ်ခုခုကို ဆောင်ရွက်လိုသူသည် ကြိုတင်ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

ယာဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ (၁၉၉၈) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၃ အရ အောက်ပါကိစ္စရပ်တစ်ခုခု ပြုလုပ်လိုသူသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

  (က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာ ဇုန် သို့မဟုတ် ရှေးဟောင်းနေရာ တည်ရှိရာဇုန် အတွင်းတွင် -

    (၁) အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့တည်ဆောက်ခြင်း၊
    (၂) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

  (ခ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

  (ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် -

    (၁) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်း ပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ၊ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်ခြင်း၊
    (၂) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊
    (၃) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း။

- ပုဒ်မ ၂၂ အရ မည်သူမျှ ယာဉ်ကျေးမှုအမွေအနှစ်ဒေသ အတွင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်း မရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း မပြုရ။

ပြည်သူများနှင့် အလုပ်သမားတို့၏ ကျန်းမာရေးကို ကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ (၁၉၇၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃(၁) အရ ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများ ဖြစ်သည့် လူအများ နေထိုင်ရာ ပတ်ဝန်းကျင်တွင် အမှိုက်သရိုက်၊ အညစ်အကြေးများကို သိမ်းဆည်းစွန့်ပစ်ခြင်း၊ လူအများ အတွက် သောက်သုံးသောရေများကို အပြည်ပြည်ဆိုင်ရာ စံချိန်မှီ သတ်မှတ်ခြင်းနှင့် ကာကွယ် စောင့်ရှောက်ခြင်း၊ လူအများနေထိုင်ရာ ပတ်ဝန်းကျင်လေထုတွင် လူတို့ကို ဘေးအန္တရာယ်ဖြစ် စေသည့် အခိုးအငွေ့၊ အနံ့အသက်၊ အမှုန့်အမွှား၊ အသံပလံနှင့် ဓါတ်ရောင်ခြည်များကြောင့် ညစ်ညမ်းခြင်းမှ ကာကွယ်ခြင်း၊ မြို့ရွာစည်ပင်သာယာရေး၊ အိမ်ယာဆောက်လုပ်ခြင်းနှင့် လုပ်သားပြည်သူတို့ သွားလာနေထိုင်အသုံးပြုသည့် အဆောက်အဦး သို့မဟုတ် နေရာများ၏ ကျန်းမာသန့်ရှင်းရေးအတွက် ဆောင်ရွက်ခြင်းကိစ္စရပ်များကို အစိုးရ မှ အကြံပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်ခြင်း၊ တားမြစ်ခြင်း စသည့် လုပ်ငန်းတို့ ကို လုပ်ဆောင်ရမည်။

- ပုဒ်မ ၃(၄) အရ အစိုးရသည် ကူးစက်ရောဂါပြန့်ပွားခြင်းကို နှိမ်နင်းကာကွယ်ရန် အလို့ငှာ အခါအားလျော်စွာ ဒေသအလိုက် တိုင်ကြားရမည့် ရောဂါအမည်စာရင်းများကို ထုတ်ပြန် ကြေငြာခြင်း၊ ကူးစက်ရောဂါ ကာကွယ်ရေးအလို့ငှာ စုံစမ်းလေ့လာခြင်း၊ လုပ်သားပြည်သူတရပ်လုံး ကာကွယ်ဆေးထိုးမည့် အစီအစဉ် ချမှတ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ပိုးမွှား တိရစ္ဆာန်များ သုတ်သင်ခြင်းနှင့် အခြားလိုအပ်သော လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လုပ် သားပြည်သူတို့၏ ကျန်းမာရေးကို စိုးရိမ်ဘွယ်ရာ ကူးစက်ရောဂါကျရောက်နိုင်သည့် အခြေ အနေရှိလျှင် သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေလျှင် အစိုးရသည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် ဒေသတခုခုကို ကျန်းမာရေးအတွက် စိုးရိမ်ရသော အရေးပေါ်ဒေသဟု အမိန့်ကြော်ငြာ စာထုတ်ပြန်ခြင်းနှင့် လိုအပ်သော ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

- ပုဒ်မ ၄ အရ အစိုးရသည် ဤဥပဒေ၌ ပြဋ္ဌာန်းထားသည့် မည်သည့်ကိစ္စရပ်ကိုမဆို ဆောင်ရွက်ရန် လိုအပ်သည့် အဖွဲ့အစည်းများ ဖွဲ့စည်း၍ ယင်းသို့ ဖွဲ့စည်းသည့် အဖွဲ့အစည်းများ အား သက်ဆိုင်ရာ ကိစ္စရပ်များအတွက် အကြံပေးစေခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်စေခြင်း၊ တားမြစ်စေခြင်း၊ ဖျက်စီးစေခြင်းတို့အတွက် တာဝန်ပေးအပ်နိုင်ခွင့်ရှိသည့်အပြင် မည်သည့်အစိုးရ ဌာန၊ အစိုးရလက်အောက်ခံ အဖွဲ့အသည်းများကိုပါ တာဝန်ပေးအပ်နိုင်ခွင့်ရှိသည်။

- ပုဒ်မ ၅ အရ ဤဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများကသော်လည်းကောင်း၊ ၎င်း အဖွဲ့အစည်းများမှ တာဝန်ပေးအပ်ထားခြင်းခံရသူများကသော်လည်းကောင်း၊ ဤဥပဒေအရ တာဝန်ပေးအပ်ထားခြင်းခံရသော အစိုးရဌာနများနှင့် အစိုးရလက်အောက်ခံ အဖွဲ့အစည်းများကသော်လည်း

ကောင်း၊ ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သည့် ကိစ္စများ၊ အစား အသောက်နှင့် ပတ်သက်သည့် ကိစ္စများ၊ လုပ်သားပြည်သူများအတွက် အသုံးပြုရန်ဖြစ်သော နေအိမ်သုံးပစ္စည်းနှင့် အလှကုန်ပစ္စည်းများနှင့် ပတ်သက်သည့်ကိစ္စများ၊ ကူးစက်ရောဂါနှင့် ပတ်သက်သည့် ကိစ္စများ၊ ကိုယ်ပိုင် ဆေးကုဂေဟာနှင့် ပတ်သက်သည့် ကိစ္စများ၊ လုပ်သားပြည်သူ တို့ အသုံးပြုသည့် ဆေးဝါးများနှင့် ပတ်သက် သည့်ကိစ္စများ စသည်တို့အတွက် အလုပ်ရုံ၊ စက်ရုံ များ၊ လုပ်ငန်းဌာနများ၊ ဆိုင်များ၊ ဥပစာ များ၊ နေရာများ၊ အဆောက်အဦးများသို့ အချိန်အခါမရွေး ဝင်ရောက်စစ်ဆေး ညွှန်ကြားခွင့်ရှိ သည်။

ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၁) တွင် အသေးစိတ်ဖော်ပြ ထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါ ဖြစ်ပွားခြင်းမှ ကြိုတင် ကာကွယ်နိုင်ရန် အောက်ပါလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့် အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

  (၁) ကလေးသူငယ်များအား ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေး တိုက်ကျွေး ခြင်း၊

  (၂) လိုအပ်ပါက အရွယ်ရောက်သူများကိုပါ ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေး တိုက် ကျွေးခြင်း၊

  (၃) ကူးစက်ရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

  (၄) ကူးစက်ရောဂါနှင့် စပ်လျဉ်း၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

  (၅) နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ဝင်ပေါက်နှင့် ထွက်ပေါက်၊ အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ရေ ဆိပ်၊ အခြားလိုအပ်သော လေဆိပ်၊ ရေဆိပ်နှင့် ကားရပ်နားစခန်းများတွက် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

  (၆) နေအိမ်အဆောက်အအုံ၊ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် အသွားအလာ တား မြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း၊

  (၇) ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေသည်ဟု သံသယရှိသူများ အား သီးခြားထားရှိ ကုသခြင်း၊

(၈) ကူးစက်ရောဂါအလိုက် လိုအပ်သော ကာကွယ်နှိမ်နင်းရေးအတွက် ဆေးဖျန်းခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၉) အများပြည်သူတို့၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်သည့် လုပ်သားများအား ကူစက်ရောဂါ မဖြစ်ပွားစေရေးအတွက် လုပ်ငန်းခွင်တွင် ကျန်းမာရေးနှင့် ညီညွတ်သော နေအိမ်ဆောက်လုပ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေနှင့် သုံးရေရရှိရေး၊ အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ရေး နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရ မဟုတ် သော အဖွဲ့အစည်းများအား အကြံပြုခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၁၀) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလုပ်ငန်း များကို ဆောင်ရွက်ခြင်း။

- ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) အရ ကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားစေနိုင်ကြောင်း တွေ့ရှိလျှင် ကျန်းမာရေးဝန် ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသည့် အပြည်ပြည်ဆိုင်ရာ ကျန်းမာ ရေးပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်။

- ပုဒ်မ ၄ အရ အများပြည်သူတို့သည် ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးနှင့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့်ကျန်းမာရေးဦးစီးဌာန တို့၏ ပုဒ်မ ၃ ပါဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်ကြရမည်။

- ပုဒ်မ ၉ အရ အိမ်ထောင်ဦးစီး၊ အိမ်ထောင်စုဝင်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းရှင်တစ်ဦးဦး သည် အောက်ပါကိစ္စတစ်ရပ်ရပ်ဖြစ်ပွားကြောင်း သိရှိလျှင် သိရှိလျင်း အနီးဆုံး ကျန်းမာရေးဌာန သို့မဟုတ် ဆေးရုံသို့ ချက်ချင်းသတင်းပို့ရမည် -

(က) ကြက်ဌက်အပါအဝင် တိရာစ္ဆာန်များ အစုလိုက်အပြုံအလိုက် သေဆုံးခြင်း၊
(ခ) ကြွက်ကျခြင်း၊
(ဂ) ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိခြင်း သို့မဟုတ် ယင်းရောဂါ ဖြစ်ပွားခြင်း၊
(ဃ) တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်း။

- ပုဒ်မ ၁၁ အရ ကျန်းမာရေးအရာရှိသည် အဓိက ကူးစက်ရောဂါ ဖြစ်ပွားပျံ့နှံ့မှုကို ကာကွယ်နှိမ်နင်းနိုင်ရန်အလို့ငှာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်။

(က) ကူးစက်ရောဂါ ဖြစ်ပွားသူကိုဖြစ်စေ၊ အခြားလိုအပ်သော ပုဂ္ဂိုလ်များကိုဖြစ်စေ စုံစမ်းမေးမြန်းခြင်း၊

(ခ) ကျန်းမာရေးစစ်ဆေးစေခြင်း၊

(ဂ) မစင်၊ ဆီး၊ သလိပ်၊ သွေးနမူနာများ ရယူ၍ ဓာတ်ခွဲစစ်ဆေးစေခြင်း၊

(ဃ) အခြားလိုအပ်သော စစ်ဆေးမှုများကို ပြုလုပ်ခြင်း၊

(င) ကူးစက်မြန်ရောဂါဖြစ်သည်ကို သံသယရှိသည့် တိရာစ္ဆာန် သို့မဟုတ် ယင်း တိရာစ္ဆာန် ထွက်ပစ္စည်း သယ်ဆောင်လာသောယာဉ်အား ဝင်ထွက်သွားလာခွင့် ပိတ်ပင်တားမြစ်ခြင်း။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၉ အရ တာဝန်ခံပုဂ္ဂိုလ်သည်-

(က) ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်မရှိသောနေရာ ဖြစ်ကြောင်း ဖော်ညွှန်းသည့် စာတန်းနှင့် အမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

(ခ) ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ စီမံထားရှိရမည့်အပြင် ယင်းသို့ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာဖြစ်ကြောင်း ဖော်ညွှန်းသည့် စာတန်းနှင့် အမှတ်အသားများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

(ဂ) ဆေးလိပ်သောက်ခွင့်မရှိသောနေရာ၌ မည်သူမျှ ဆေးလိပ်သောက်ခြင်း မပြုရန် ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) မိမိတာဝန်ရှိသည့်နေရာသို့ ကြီးကြပ်ရေးအဖွဲ့ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

အလုပ်သမားတို့၏ ရပိုင်ခွင့်များကို ကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၅၁ အရ ရင်းနှီးမြှုပ်နှံသူသည် -

(က) နိုင်ငံတော်အတွင်၄င်း၏ ရင်းနှီးမြှုပ်နှံမှုတွင် သတ်မှတ်အရည်အချင်းကိုက်ညီသည့် မည်သည့်နိုင်ငံသားကိုမဆို အကြီးတန်း စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနှင့် အကြံပေးအဖြစ် ဥပဒေများနှင့်အညီ ခန့်အပ်နိုင်သည်၊

(ခ) အဆင့်ဆင့်သော စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနေရာတို့တွင် နိုင်ငံသားများအား ခန့်အပ်နိုင်ရန် အလို့ငှာ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ် များဆောင်ရွက်၍ အစားထိုးခန့်ထားရမည်၊

(ဂ) ကျွမ်းကျင်မှုမလိုအပ်သော လုပ်ငန်းများတွင် နိုင်ငံများသားကိုသာ ခန့်ထားရမည်၊

(ဃ) နိုင်ငံခြားသားနှင့် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များ နှင့် ဝန်ထမ်းများ ခန့်ထားရာတွင် အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် အညီ အလုပ် ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦး နှစ်ဖက် လက်မှတ်ရေးထိုး၍ ခန့်ထားရမည်၊

(င) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ အလုပ်ရှင်နှင့် အလုပ်သမား တို့၏ အခွင့်အရေးနှင့် တာဝန်များကိုလည်းကောင်း၊ အလုပ်အကိုင်ဆိုင်ရာ စည်းကမ်းချက်များ ကိုလည်းကောင်း သတ်မှတ်ရာ၌ အနည်းဆုံး လုပ်ခလစာ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အချိန်ပိုလုပ်ခ၊ နစ်နာကြေး၊ အလုပ်သမားလျော်ကြေး၊ လူမှုဖူလုံ ရေးနှင့် အလုပ်သမားနှင့် သက်ဆိုင်သည့် အခြားအာမခံထားရှိခြင်းတို့ အပါအဝင် အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါ အခွင့်အရေးများ ရရှိရေးအတွက် ဆောင်ရွက်ပေးရမည်၊

(စ) ရင်းနှီးမြှုပ်နှံမှုတွင် အလုပ်ရှင်အချင်းချင်း၊ အလုပ်သမား အချင်းချင်း၊ အလုပ်ရှင်နှင့် အလုပ် သမား၊ အလုပ်သမားနှင့် အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြား ပေါ်ပေါက် လာမည့် အငြင်းပွားမှုများကို တည်ဆဲဥပဒေများ နှင့်အညီ ဖြေရှင်း ရမည်။

- ပုဒ်မ ၇၃ အရ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် နည်းဥပဒေ၌ ဖော်ပြသတ်မှတ်ထားသော အာမခံအမျိုးအစား များကို အာမခံထားရှိရမည်။

အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃) တွင် အောက်ပါပုဒ်မများဖြင့် တိတိကျကျဖော်ပြထားပါသည်။

- ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) မှ (ဆ) တို့တွင် အနည်းဆုံးအခကြေးငွေများပေးရန် အလုပ် ရှင်၏ တာဝန်ဝတ္တရားများကို ဖော်ပြထားပါသည်။

အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆) တွင် အောက်ပါပုဒ်မများဖြင့် တိတိကျကျဖော်ပြထားပါသည်။

- ပုဒ်မ ၃ မှ ပုဒ်မ ၅ တို့တွင် အခကြေးငွေများ ပေးချေရာတွင် လိုက်နာရမည့် နည်းလမ်းများနှင့် အချိန်ကာလသတ်မှတ်ချက်များကို ဖော်ပြထားပါသည်။

- ပုဒ်မ ၇ မှ ပုဒ်မ ၁၀ တို့တွင် အလုပ်ရှင်များဘက်မှ အခကြေးငွေဖြတ်တောက်နိုင်ခွင့်များနှင့် စပ် လျဉ်း၍ အသေးစိတ်ဖော်ပြထားပါသည်။

- ပုဒ်မ ၁၄ အရ အလုပ်သမားသည် အချိန်ပို လုပ်ကိုင်ရပါက အချိန်ပိုအခကြေးငွေနှုန်းထားကို ဥပဒေ အရ သတ်မှတ်သည့် နှုန်းထားအတိုင်း ခံစားခွင့်ရှိသည်။

ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ (၁၉၅၁) တွင် ရုံပိတ်ရက်များနှင့် ခွင့်များနှင့် စပ်လျဉ်း၍ အလုပ်သ
မားများဘက်မှ ခံစားခွင့်များကို ဖော်ပြထားပါသည်။

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၅ တွင် အလုပ်ရှင်သည် အလုပ်သမားအား အလုပ်တစ်ခုခုကို လုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်အပ်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို ချုပ် ဆိုရမည်ဟု ဖော်ပြထားပြီး အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်တွင် ပါဝင်ရ မည့် အချက်များကို ဖော်ပြထားပါသည်။

- ပုဒ်မ ၁၄ အရ အလုပ်ရှင်သည် မိမိ၏ လုပ်ငန်းတွင် ခန့်အပ်ရန် လျာထားသော အလုပ်သမား များနှင့် လုပ်ငန်း၌ လက်ရှိလုပ်ကိုင်လျက်ရှိသော အလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်း ကျင်မှု အဆင့်မြင့်မားစေရန် လေ့ကျင့်ရေးအစီအစဉ်များကို လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ မူဝါဒနှင့်အညီ ဆောင်ရွက်ရမည်။

- ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ) အရ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၏ အလုပ် ရှင်သည် ယင်း၏ လုပ်ငန်း၌ အလုပ်သမားကြီးကြပ်သူအဆင့်နှင့် ယင်းအဆင့်အောက်ရှိ အ လုပ်သမားများအား ပေးချေရမည့် စုစုပေါင်း လုပ်ခ၊ လစာ၏ သုညဒသမ ငါးရာခိုင်နှုန်း အောက် မနည်းသော ငွေကို ရန်ပုံငွေသို့ ထည့်ဝင်ကြေးအဖြစ် လစဉ် မပျက်မကွက် ပေးသွင်းရမည်။ ပေးသွင်းသည့် ထည့်ဝင်ကြေးကို အလုပ်သမားများ၏ လုပ်ခ၊ လစာမှ ဖြတ်တောက် ခြင်းမပြုရ။

အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၇ အရ အလုပ်သမား အဖွဲ့အစည်းများသည် ယင်းတို့နှင့် သက်ဆိုင်သော ဖွဲ့စည်းပုံစည်း မျဉ်းများကို ရေးဆွဲရာတွင်လည်းကောင်း၊ ယင်းကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် လည်း ကောင်း၊ ယင်းတို့၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် လည်းကောင်း၊ ယင်းတို့၏ အစီအစဉ်များ ရေးဆွဲချမှတ်ရာတွင်လည်းကောင်း လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိ စေရမည်။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဆိုင်ရာ ဥပဒေများပါ အခွင့်အ ရေးများကို အလုပ်သမားများ ရရှိခံစားနိုင်ခြင်း မရှိပါက အလုပ်ရှင်နှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက် ခွင့်ရှိပြီး သဘောတူညီချက် မရရှိခဲ့လျှင် သက်ဆိုင်ရာ ဥပဒေနှင့် အညီ အလုပ်ရှင်ထံ တောင်းဆို ခွင့်ရှိသည်။

- ပုဒ်မ ၁၈ အရ အလုပ်ရှင်က အလုပ်သမား တစ်ဦးဦးအား အလုပ်မှ ထုတ်ပယ်ရာတွင် ထိုသို့ အလုပ်မှ ထုတ်ပယ်သော အကြောင်းရင်းများသည် အလုပ်သမားအဖွဲ့အစည်းဝင်ဖြစ်မှု သို့မဟုတ်

အလုပ်သမားအဖွဲ့အစည်းတွင် လုပ်ဆောင်မှုနှင့် သက်ဆိုင်လျှင်ဖြစ်စေ၊ အလုပ်သမား ဥပဒေများ နှင့် ညီညွတ်မှုမရှိဟု ယုံကြည်ရန် အကြောင်းရှိလျှင်ဖြစ်စေ အလုပ်သမား အဖွဲ့အစည်းသည် ထိုအလုပ်သမားအား အလုပ်ပြန်လည်ခန့်ထားပေးရန် သက်ဆိုင်ရာ အလုပ်ရှင်အား တောင်းဆို ခွင့်ရှိသည်။

- ပုဒ်မ ၁၉ အရ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖြေရှင်းရာတွင် အလုပ်သမား ကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။ အလားတူ အဆင့်ဆင့်သော အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်း ထားသည့် ဖျန်ဖြေရေးခုံရုံးများသို့လည်း ကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိ သည်။

- ပုဒ်မ ၂၀ အရ အလုပ်သမားဥပဒေများပါ အလုပ်သမားအခွင့်အရေး သို့မဟုတ် အကျိုးစီးပွားများ နှင့် စပ်လျဉ်း၍ အစိုးရ၊ အလုပ်ရှင်နှင့် တောင်းဆိုသူ အလုပ်သမားတို့ ဆွေးနွေးရာတွင် အလုပ် သမားအဖွဲ့အစည်း၏ ကိုယ်စားလှယ်များလည်း ပါဝင်ဆွေးနွေးခွင့်ရှိသည်။

- ပုဒ်မ ၂၁ အရ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဥပဒေများနှင့် အညီ အလုပ် သမားများ၏ စုပေါင်းအရေးဆိုမှုများကို ဖြေရှင်းရာတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

- ပုဒ်မ ၂၂ အရ အလုပ်သမားအဖွဲ့အစည်းများသည် အစည်းအဝေးများ ပြုလုပ်ခြင်း၊ သပိတ်မှောက် ခြင်းနှင့် စုပေါင်းအရေးဆိုခြင်းတို့ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ်က ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက် များနှင့်အညီ ငြိမ်း ချမ်းစွာ ဆောင်ရွက်ရမည်။

အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၈ အရ မည်သည့်အလုပ်ရှင်မျှ တောင်းဆို တိုင်းကြားချက်နှင့် စပ်လျဉ်း၍ သတ်မှတ် ကာလ အတွင်း ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် ခိုင်လုံသော အကြောင်းမရှိဘဲ ပျက်ကွက်ခြင်း မရှိ စေရ။

- ပုဒ်မ ၃၉ အရ မည်သည့်အလုပ်ရှင်မျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က အငြင်းပွားမှု စစ်ဆေး နေစဉ် ထိုအငြင်းပွားမှု မစမီ တစ်ဆက်တည်းအချိန်က ချမှတ်ထားသော အလုပ်သမားများနှင့် သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းများကို ယင်းအလုပ်သမားများ၏ အကျိုးထိ ခိုက်စေရန် ရုတ်တရက် ပြောင်းလဲခြင်း မပြုရ။

- ပုဒ်မ ၄၀ အရ မည်သူမျှ အငြင်းပွားမှုတစ်ခုနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ဆွေးနွေးညှိ နှိုင်းခြင်း၊ ဖျန်ဖြေရှင်းနှင့် ခုံစမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ခံယူခြင်းမပြုဘဲ အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်း မပြုရ။

- ပုဒ်မ ၅၁ အရ အလုပ်ရှင်တစ်ဦးဦးသည် အငြင်းပွားမှုကို ဖြေရှင်းနေစဉ်အတွင်း လုံလောက် သော အကြောင်းမရှိဘဲ ကုန်ထုတ်လုပ်မှုကျဆင်းစေခြင်းဖြင့် အလုပ်သမား၏ အကျိုးခံစားခွင့် လျော့နည်း စေရန် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုကျူးလွန်လျှင် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က ဆုံးဖြတ်သည့် လျော်ကြေးငွေကို အပြည့်အဝပေးဆောင်ရမည်။ ယင်း ငွေကို မြေခွန်မပြေ ကျန်ငွေ ကဲ့သို့အရ ကောက်ခံရမည်။

လူမှုဖူလုံရေးဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ ဖော်ပြထားသော လုပ်ငန်းဌာနများသည် အလုပ်သမားဝန်ကြီး ဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ သတ်မှတ်ထားသော အနည်းဆုံး အလုပ်သမားဦးရေနှင့် အထက် အလုပ်လုပ်ကိုင်ပါက ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များ အတွက် မှတ်ပုံတင် မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) တွင် လူမှုဖူလုံရေးရန်ပုံငွေတွင် ပါဝင်သော ရန်ပုံငွေများကို ဖော်ပြထား ပါသည်။

- ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) အရ အလုပ်ရှင်သည် ဤဥပဒေအရ မိမိ၏ အလုပ်သမားက ပေးသွင်းရ မည့် ထည့်ဝင်ကြေးငွေကို ယင်း၏ လုပ်ခထဲမှ နှုတ်ယူပြီး မိမိက ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေ နှင့်အတူ သက်ဆိုင်ရာ လူမှုဖူလုံရေး ရန်ပုံငွေသို့ ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းရသည့် ကုန်ကျ စရိတ်ကိုလည်း အလုပ်ရှင်က ကျခံရမည်။

- ပုဒ်မ ၄၈ အရ အလုပ်ရှင်သည် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်အတွက် မှတ်ပုံ မတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော အလုပ်သမားများက အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်များ ရရှိစေရန် သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ပြီး အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေသို့ ထည့်ဝင်ကြေးငွေကို သတ်မှတ်ချက် များနှင့်အညီ ထည့်ဝင်၍ အာမခံထားရှိရမည်။ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် အာမခံ စနစ်အတွက် မှတ်ပုံတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိသော အလုပ်သမား များအတွက် အလုပ်ရှင်များသည် မိမိတို့၏ ဆန္ဒအလျောက် မှတ်ပုံတင်ပြီး အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်ရန်ပုံငွေသို့ သတ်မှတ် ထားသော ထည့်ဝင်ကြေးငွေကို ပေးသွင်းပြီး အာမခံထားရှိနိုင်သည်။ အလုပ်တွင်ထိခိုက်မှု အကျိုး ခံစားခွင့် အာမခံထားရှိရေးအတွက် မှတ် ပုံတင်သည့်အခါ အလုပ်သမားသည် ဆေးသက်သေခံ လက်မှတ်ကို တင်ပြရမည်။

- ပုဒ်မ ၄၉ တွင် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေသို့ အလုပ်ရှင်က မှတ်ပုံမတင်မနေရ မှတ်ပုံတင်၍ ဖြစ်စေ၊ အလုပ်ရှင်၏ ဆန္ဒအရ မှတ်ပုံတင်၍ ဖြစ်စေ ထည့်ဝင်ကြေးငွေ ပေးသွေး

ထားသော လုပ်ငန်းဌာနများ၏ အလုပ်ရှင်နှင့် အာမခံထားသူများသည် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်နှင့် စပ်လျဉ်း၍ အလုပ်သမားလျော်ကြေး အက်ဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်အတွက် အာမခံထားသူတို့သည် ဤဥပဒေပါ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်များကိုသာ ခံစားခွင့် ရှိစေရမည်။

- ပုဒ်မ ၇၅ အရ သက်ဆိုင်သည့် လုပ်ငန်းဌာနများ၏ အလုပ်ရှင်သည် -

  (က) အောက်ပါ မှတ်တမ်းနှင့် စာရင်းများကို မှန်ကန်စွာ ပြုစုထားရှိပြီး သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည် -

  (၁) အလုပ်သမား နေ့စဉ် အလုပ်တက်ဆင်း မှတ်တမ်းနှင့် စာရင်းများ၊

  (၂) အလုပ်သမားအသစ်ခန့်ထားခြင်း၊ အလုပ်သမားအား အလုပ်ပြောင်းလဲ၍ အလုပ်လုပ်စေခြင်း၊ အလုပ်မှရပ်စဲခြင်း၊ အလုပ်မှ ထုတ်ပယ်ခြင်းနှင့် အလုပ်မှ နုတ်ထွက်ခြင်း မှတ်တမ်းများ၊

  (၃) အလုပ်သမားအား ရာထူးတိုးမြှင့်ပေးခြင်းနှင့် လုပ်ခပေးခြင်း မှတ်တမ်းများ၊

  (၄) အလုပ်ရှင်၊ မန်နေဂျာနှင့် အုပ်ချုပ်သူတို့၏ မှတ်တမ်းနှင့် စာရင်းများ၊ ယင်းတို့အပြောင်းအလဲမှတ်တမ်းများ။

  (ခ) အောက်ပါကိစ္စများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးသို့ အကြောင်းကြားရမည်-

  (၁) အလုပ်သမားဦးရေ ပြောင်းလဲခြင်းနှင့် လုပ်ငန်းဌာန နေရပ်လိပ်စာ ပြောင်းလဲခြင်းများ၊

  (၂) အလုပ်ရှင်ပြောင်းလဲခြင်း၊ လုပ်ငန်းပြောင်းလဲခြင်း၊ အလုပ်ရပ်ဆိုင်းခြင်းနှင့် အလုပ်ပိတ်သိမ်းခြင်းများ၊

  (၃) အလုပ်တွင်ထိခိုက်မှုကြောင့် ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းနှင့် ရောဂါရခြင်းများ။

  (ဂ) အလုပ်မှတ်တမ်းနှင့် စာရင်းများကို ဤဥပဒေအရ လူမှုဖူလုံရေးရုံးချုပ်နှင့် ဒေသဆိုင်ရာ လူမှုဖူလုံရေးရုံး အဆင့်ဆင့်တို့က တာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့ သို့မဟုတ် အရာရှိက တောင်းဆိုသည့်အခါ တင်ပြရမည်။

အလုပ်သမားလျော်ကြေးအက်ဥပဒေ (၁၉၂၃) တွင် အလုပ်လုပ်နေစဉ် ထိခိုက်ဒဏ်ရာရထားသော အလုပ်သမားများအား လျော်ကြေးပေးခြင်းနှင့် ကုသပေးခြင်းတို့နှင့် စပ်လျဉ်း၍ အလုပ်ရှင်ဘက်မှ လုပ်ဆောင်ပေးရမည့် တာဝန်ဝတ္တရားများကို ဖော်ပြထားပါသည်။

လျှပ်စစ်ဥပဒေ (၂၀၁၄) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၅၉ အရ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၄၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်း အထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အန္တရာယ်ရှိသော ပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

Indian Explosives Act (1884) အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၅ တွင် ပေါက်ကွဲစေတတ်သော ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ကိုင်ဆောင်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့်တင်ပို့ခြင်းများအတွက် လိုင်စင်ရယူရမည်ဟု ထည့်သွင်းထားပါသည်။

- ပုဒ်မ ၇ (က) သည် ပေါက်ကွဲစေတတ်သော ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ကိုင်ဆောင်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့်တင်ပို့ခြင်းများအတွက် လိုင်စင်သတ်မှတ်မည်ဟု ညွှန်ကြားပါက အစိုးရ သို့မဟုတ် ဒေသခံအုပ်ချုပ်ရေးမှူးများမှ မည်သည့်နေရာမဆို ဝင်ရောက်စစ်ဆေး စမ်းသပ်ပိုင်ခွင့်ကို အပ်နှင်းထားပါသည်။

Explosive Substance Act (1908) အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၃ တွင် လူအများအန္တရာယ်ဖြစ်နိုင်သည့် ပေါက်ကွဲစေသောပစ္စည်းများကို ရန်လိုမှု သို့မဟုတ် တရားမဝင် အသုံးပြုခြင်းမှ တားမြစ်ထားပြီး ထိုကဲ့သို့ အပြုအမူများအတွက် ပြစ်ဒဏ်များဖော်ပြထားပါသည်။

- ပုဒ်မ ၄ တွင် လူအများအန္တရာယ်ဖြစ်နိုင်သည့် ပေါက်ကွဲစေသောပစ္စည်းများကို ရည်ရွယ်ချက်ဖြင့် ရန်လိုမှု သို့မဟုတ် တရားမဝင် အသုံးပြုခြင်းမှ တားမြစ်ထားပြီး ထိုကဲ့သို့ အပြုအမူများအတွက် ပြစ်ဒဏ်များဖော်ပြထားပါသည်။

- ပုဒ်မ ၅ တွင် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှ သံသယရှိဖွယ် လုပ်ဆောင်မှုများအတွက် ပေါက်ကွဲစေနိုင်သောပစ္စည်းများ လက်ဝဲထားရှိခြင်းမှ တားမြစ်ထားပြီး ထိုကဲ့သို့အပြုအမူများအတွက် ပြစ်ဒဏ်များ ဖော်ပြထားပါသည်။

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (၂၀၁၇) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၉ အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

  (က) ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများကို လိုင်စင်ထုတ်ပေးခြင်း၊

  (ခ) ပုဒ်မခွဲ (က) ပါ လိုင်စင်များအတွက် လျှောက်ထားရန်ကာလ၊ ပုံစံနှင့် စည်းကမ်းချက်များ၊ လိုင်စင်လျှောက်ထားပုံ နည်းလမ်းများ၊ ခွင့်ပြုမည့် အာဏာပိုင်နှင့် စည်းကြပ်ရမည့် အခကြေးငွေများကို သတ်မှတ်ခြင်း၊

  (ဂ) ရေကြောင်းမှတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်းဆောင်ရွက်သည့် ရေယာဉ်နှင့် တွဲများအတွက် ဆိပ်ကမ်းများ သတ်မှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ခြင်း၊

  (ဃ) ရေနံနှင့်ရေနံထွက်ပစ္စည်းများကို ရေကြောင်းမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ ဆောင်ရွက်ရာတွင် ယိုဖိတ်မှုနှင့် မတော်တဆမှု ဖြစ်ပွားပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

  (င) ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ခြင်းမှအပ ဖြစ်သည့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း။

ကုန်လမ်းပို့ဆောင်ရေးနှင့် မော်တော်ယာဉ်များကို စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

မော်တော်ယာဉ် ဥပဒေ (၂၀၁၅) အရ မော်တော်ယာဉ်များအား မှတ်ပုံတင်ရန် လိုအပ်ပြီး သတ်မှတ်ထားသော ယာဉ်အမျိုးအစားပေါ် မူတည်ပြီး ယာဉ်မောင်းများမှ လိုင်စင်လျှောက်ထားရန် လိုအပ်ပါသည်။ ဤ ဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

  (က) မော်တော်ယာဉ်များကို အများပြည်သူဆိုင်ရာနေရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်ပေးရန်၊

  (ခ) မော်တော်ယာဉ် အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့် အရည်အချင်းများ ပြည့်မီမှု ရှိမရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင် ထုတ် ပေးရန်၊

  (ဂ) လမ်းအသုံးပြုသူများ သွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး ကာကွယ်စောင့်ရှောက်ရန်၊

  (ဃ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုရန်၊

(c) မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ လျော့နည်းစေရေး ဆောင်ရွက်ရန်။

အရေးပေါ်အခြေအနေများတွင် တုံ့ပြန်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၂၅ အရ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင် အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့် အညီ-

  (က) သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရန် ပျက်ကွက်ခြင်း မရှိစေရ။

  (ခ) မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ထားရှိရန် ပျက်ကွက်ခြင်း မရှိစေရ။

သင့်လျော်သော ကျွမ်းကျင်ပညာရှင်များ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ (၂၀၁၃) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၂၀ အရ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် တစ်ခုခုက ဖြစ်စေ၊ နည်းပညာကောလိပ်နှင့် နည်းပညာသိပ္ပံ တစ်ခုခုကဖြစ်စေ အပ်နှင်းသော နည်းပညာဘွဲ့ သို့မဟုတ် နည်းပညာဒီပလိုမာ ရရှိသူသည် ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သို့မဟုတ် နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

- ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်ပြီး ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အခါ ယင်း ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

- ပုဒ်မ ၂၂ အရ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ရရှိသူသည် မိမိ၏ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့ သတ်မှတ်ထားသည့် ကာလ ကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေး ပေးသွင်းပြီး လျှောက်ထားနိုင်သည်။

- ပုဒ်မ ၂၃ အရ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေ၍ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးပေးခြင်း သို့မဟုတ် ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

- ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်အင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၂၆ အရ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ နည်းပညာတက္ကသိုလ်တစ်ခုခုကဖြစ်စေ အပ်နှင်းသော အင်ဂျင်နီယာပညာဆိုင်ရာဘွဲ့ရရှိသူသည်လည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းတစ်ခုခုက ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ် ရရှိထားပြီး ကောင်စီက သတ်မှတ်သည့် အရည်

အချင်းပြည့်မီသူသည်လည်းကောင်း မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

- ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးသည့်အခါ ယင်းမှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

- ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်ပြီး မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်ပြီး မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသားအင်ဂျင်နီယာက မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ် အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြားစည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးနိုင်သည်။ အင်ဂျင်နီယာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အာဆီယံ အပြန်အလှန်အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံများအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များက မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ်အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်

ခွင့်ပြုသော အချိန်ကာလနှင့် အခြားစည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာ လက်မှတ် ထုတ်ပေးနိုင်သည်။

- ပုဒ်မ ၃၁ အရ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် -
  - (က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊
  - (ခ) ကောင်စီက သတ်မှတ်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်၊
  - (ဂ) မိမိပညာရပ်နှင့် သက်ဆိုင်သော သတ်မှတ်ထားသည့် အင်ဂျင်နီယာပညာနှင့် နည်းပညာလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ခွင့်ရှိသည်။
  - (ဃ) မိမိရရှိထားသော သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်အရ မိမိအမည်နှင့် ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်နှင့်အညီ သုံးစွဲနိုင်ခွင့်ရှိသည်၊
  - (င) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်၊
  - (စ) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၅.၂ အမိန့်ကြော်ငြာစာများ

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်စိမ်းတူးဖော်ရေးဌာနမှ လုံးခင်း/ ဖားကန့် ရတနာနယ်မြေအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေ (၁၉၉၅)၏ ပုဒ်မ ၅၄(ခ) အောက်တွင် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပြီးဖြစ်ပါသည်။

သတ္တုတွင်းကုမ္ပဏီများနှင့် ၎င်းတို့လုပ်သားများ၏ တာဝန်ဝတ္တရားများ၊ လုပ်ဆောင်ချက်များ၊ ပြုမူကျင့်ကြံပုံတို့နှင့် သက်ဆိုင်သောအမိန့်ကြော်ငြာစာများမှာ -

- အမိန့်ကြော်ငြာစာအမှတ် ။ ။ က-၃၇/၆၅၆/၂၀၁၅ - ဒီဇင်ဘာလ ၁၅ရက်၊ ၂၀၁၇
- အမိန့်ကြော်ငြာစာအမှတ် ။ ။ က-၃၇/၅၈၁/၂၀၁၆ - သြဂုတ်လ ၂၂ရက်၊ ၂၀၁၆

၎င်းအမိန့်ကြော်ငြာစာများအားယခု EMP တွင် နောက်ဆက်တွဲ (၂)အဖြစ် တွဲဆက်တင်ပြထားသည်။

၅.၃ စံနှုန်းများ

ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များအတွက် ဥရောပဘဏ် အရ လိုက်နာရမည့် အချက်များ (The European Bank for Reconstruction and Development (EBRD) Performance Requirement (PR) 2 -)

- အလုပ်သမားများအနေဖြင့် အလုပ်ခွင်စိုးရိမ်ပူပန်မှုများ ဖော်ထုတ်နိုင်ရန် နစ်နာမှုတိုင်ကြားချက်များ ထိရောက်စွာဖြေရှင်းသည့် စနစ်တစ်ခုစီစဉ်ပေးရမည်ဖြစ်သည်။ နှစ်ဦးနှစ်ဖက်ကြား အာဃာတမထားပဲလျက် ပွင့်လင်းမြင်သာသည့် စနစ်ဖြစ်ရမည်။

၆။ တာဝန်များ

သတ္တုတွင်းကုမ္ပဏီများနှင့် ၄င်းတို့၏အလုပ်သမားများသည် အောက်ပါတို့ကိုလုပ်ဆောင်ရန် တာဝန်ရှိပါသည်။

(က) မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသောဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ အားလုံးကိုလိုက်နာဆောင်ရွက်ရမည်။

(ခ) သတ္တုတွင်းဝန်ကြီးနှင့် ၄င်း၏ကိုယ်စားလှယ် (သို့) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကျောက်စိမ်းတူးဖော်ရေးဌာနတို့မှ ထုတ်ပြန်ထားသောအမိန့်များ၊ ညွှန်ကြားချက်များနှင့် အမိန့်ကြော်ငြာစာများအားလုံးနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) ဤ EMP နှင့် အညီလိုက်နာဆောင်ရွက်ရမည်။

(ဃ) ဆောင်ရွက်ချက်များကို ဂရုတစိုက် ရိုးသားဖြောင့်မတ်စွာဆောင်ရွက်ရမည်။

(င) မိမိကိုယ်ကျိုးနှင့်ဝိရောဓိဖြစ်ခြင်း၊ ဝိရောဓိဖြစ်လာနိုင်ခြင်းနှင့် ဝိရောဓိဟုရှုမြင်ရခြင်းများကို သတိပြုပြီး ပွင်းလင်းမြင်သာမှုရှိစွာ ပြုမူဆောင်ရွက်ရမည်။

(စ) အချင်းချင်းသော်လည်းကောင်း ဤဒေသတွင်နေထိုင်သော သူများနှင့်သော်လည်းကောင်း ဆက်ဆံရာတွင် လေးစားမှု၊ ဂုဏ်သိက္ခာနှင့်စာနာစဉ်းစားမှုများဖြင့် ဆက်ဆံရမည်။

(ဆ) ကျား/မ၊ လူမျိုး (သို့) ကိုးကွယ်ယုံကြည်မှုများကို အနှောက်အယှက်ဖြစ်စေခြင်း၊ ကြောက်လန့်စေခြင်း (သို့) ခွဲခြားဆက်ဆံခြင်းတို့ ဖြစ်စေသော ပြုမူဆက်ဆံပုံများ မပြုလုပ်ရ။

(ဇ) မည်သည့်အခြေအနေတစ်ရပ်ရပ်ကြောင့်မှ လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ အကျင့်ပျက်ခြစားခြင်း၊ လာဘ်သိပ်ထိုးပွဲခများပေးအပ်ခြင်း (သို့) မမှန်ကန်သော ဩဇာလွှမ်းမိုးမှုများပြုလုပ်ခြင်းတို့ကို မပြုလုပ်ရ။

(ဈ) ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဘာသာရေးအဆောက်အအုံနေရာများ မပျက်စီးစေရန် လိုအပ်သလို ကာကွယ်စောင့်ရှောက် အရိုအသေပေးရမည်။

(ည) မြေပိုင်ရှင်များ၏ လုပ်ပိုင်ခွင့်များကို လေးစားရမည်။

(ဋ) မူးယစ်ဆေးဝါး၊ အရက် (သို့) အခြားစိတ်ကို ပြောင်းလဲစေသော အရာဝတ္ထုများပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ ဖြန့်ဖြူးခြင်းမပြုလုပ်ရ။

(ဌ) သေနတ်များနှင့် ပေါက်ကွဲစေသောကိရိယာများအပါအဝင် လက်နက်များသယ်ဆောင်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း မပြုလုပ်ရ။

(ဍ) မြန်မာဥပဒေများ(သို့) နည်းဥပဒေများ၊ (သို့) အမိန့်များ၊ ညွှန်ကြားချက်များ (သို့) အမိန့်ကြော်ငြာစာများအရ တားမြစ်ထားသောအရာများအား သယ်ဆောင်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း မပြုလုပ်ရ။

(ဎ) စစ် အစိမ်းရောင် (သို့) အစိမ်းရောင် ပြောက်ကျားဝတ်စုံများအားမဝတ်ဆင်ရ။

(ဏ) ဆေးထိုးအပ်များ (သို့) အခြား အန္တရာယ်ရှိသောပစ္စည်းများနှင့် အရာဝတ္ထုများအားမစွန့်ပစ်ရ။

(တ) စွန့်ပစ်ပစ္စည်းများအားလုံးကို " အမိုက်ပုံ " (သို့) စီမံထားသောနေရာများထဲသို့ စနစ်တကျစွန့်ပစ်ရပါမည်။

(ထ) ကာကွယ်ပေးရန် သတ်မှတ်ထားသော တောရိုင်းတိရိစ္ဆာန်များကို နှောင့်ယှက်တိုက်ခိုက်ခြင်း၊ ဖမ်းဆီးခြင်း၊ အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူခြင်း၊ ရောင်းချခြင်း (သို့) ရောင်းဝယ်ဖောက်ကားခြင်း မပြုလုပ်ရ။

၇။ ဆောင်ရွက်မှု စံနှုန်းများ

တာဝန်ယူမှုရှိသော ဆောင်ရွက်ချက်နှင့် ပြုမူကျင့်ကြံပုံများကို အောက်ပါအချက်များဖြင့် တိုင်းတာဆုံးဖြတ်ပါသည် -

- သတ္တုတွင်းကုမ္ပဏီများနှင့် ၎င်းတို့အလုပ်သမားများ၏ ဆောင်ရွက်ပုံ၊ ပြုမူကျင့်ကြံပုံများနှင့် ပတ်သက်ပြီး တိုင်တန်းခြင်းမရှိသည့်အပေါ် မူတည်၍ တိုင်းတာဆုံးဖြတ်ပါမည်။

၈။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ဆောင်ချက်များ

လိုက်နာရမည့်ကျင့်ထုံးများ (Code of Conduct) အား လိုက်နာမှုရှိမရှိကို လိုက်နာကိုက်ညီမှု စစ်ဆေးရန် စာရင်းဖြင့် တိုင်းတာဆုံးဖြတ်သွားမည်ဖြစ်ပါသည်။ သတ္တုတွင်းကုမ္ပဏီနှင့်၎င်းတို့အလုပ်သမားများ၏ ဆောင်ရွက်ပုံ၊ ပြုမူကျင့်ကြံပုံနှင့် စစ်ဆေးသည့်ကြိမ်နှုန်းအား အောက်ပါ **ဇယား (၁)** တွင် ဖော်ပြထားပါသည်။

ဇယား (၁) စစ်ဆေးခြင်း နှင့် စောင့်ကြည့်ခြင်း ကြိမ်နှုန်း

လုပ်ငန်းစဉ်	ကြိမ်နှုန်း
ဆောင်ရွက်ချက် နှင့် ပြုမူကျင့်ကြံပုံများ။	လစဉ်

လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်း လိုက်နာကိုက်ညီမှု စစ်ဆေးရန်စာရင်း (Compliance Checklist)	
မှော် နှင့် လုပ်ကွက်နံပါတ် ကုမ္ပဏီနှင့် လုပ်ကွက်အမည်	
စစ်ဆေးခြင်း/ဆန်းစစ်ခြင်းလုပ်ဆောင်သူ	
စစ်ဆေးခြင်း/ဆန်းစစ်ခြင်းလုပ်ဆောင်သည့် ရက်စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထားများ	**လိုက်နာမှု ရှိသည် /မရှိပါ**
သတ္တုတွင်းကုမ္ပဏီ (သို့) လုပ်သားများ၏ဆောင်ရွက်ပုံ (သို့) ပြုမူကျင့်ကြံပုံ အပေါ် ဒေသခံများမှ တိုင်တန်းခြင်း မရှိ။	
လုပ်သားများမှ မူးယစ်ဆေးဝါး၊ အရက် (သို့) စိတ်ကို ပြောင်းလဲစေသော အရာများအား သုံးစွဲခြင်း (သို့) ရောင်းဝယ်ဖောက်ကားခြင်း အထောက်အထား မရှိ။	
လုပ်သားများမှ လက်နက်များ (သို့) တားမြစ်ထားသောအရာများ ပိုင်ဆိုင်ထားမှု အထောက်အထား မရှိ။	
ကာကွယ်ပေးရန်သတ်မှတ်ထားသော တောရိုင်းတိရိစ္ဆာန်များအား အမဲလိုက်ခြင်း၊ ဖမ်းဆီးခြင်း (သို့) ရောင်းချခြင်း အထောက်အထား မရှိ။	
အမှိုက်များ၊ စွန့်ပစ်ပစ္စည်းများနှင့် အခြားအရာများအား စနစ်တကျစွန့်ပစ်ထားသည့် အထောက်အထား။	

ဖားကန့်/လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်
နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ်
Version: Rev1	**ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်**

၁။ နိဒါန်း

ကျောက်စိမ်းတူးဖော်ခြင်းကြောင့် ထိခိုက်ခံနေရာဒေသရှိ ပြည်သူလူထု၏ သတ္တုတူးဖော်ခြင်းနှင့် ဆက်စပ်နေသောပြဿနာများ၊ နစ်နာချက်များကို သက်ဆိုင်ရာသတ္တုတွင်းကုမ္ပဏီသို့ တင်ပြဆွေးနွေးခွင့်ပေးသင့်ပါသည်။ လူထု၏တုံ့ပြန်မှု၊ နစ်နာမှုတိုင်တန်းချက် သို့မဟုတ် ပူပန်မှုတို့ကို လက်ဦးမှုရယူကာ ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် သတ်မှတ်ထားသော လုပ်ငန်းစဉ်တစ်ခု (နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ်) ကို အသုံးပြုသင့်ပါသည်။

နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ်သည် ဒေသခံလူထုနှင့် ပေါင်းစည်းဆောင်ရွက်ရာတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကုမ္ပဏီနှင့်လူထုအကြား ပြဿနာများ အတူတကွဖော်ထုတ်ဖြေရှင်းရန် အခွင့်အရေးလည်းဖန်တီးပေးပါသည်။ ဤနည်းစနစ်သည် သတ္တုတူးဖော်ခြင်း လုပ်ငန်းများ၏ လူမှုရေးရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာလုပ်ဆောင်ချက်များကို လိုအပ်သည့်နေရာများတွင် တိုးတက်မှုများ အသုံးပြုနိုင်သည့်အပြင် ဆန်းစစ်တန်ဖိုးဖြတ်သတ်မှတ်ရာတွင် အသုံးဝင်သောသတင်း အချက်အလက်များကိုလည်း ပံ့ပိုးပေးပါသည်။

လူထုအနေဖြင့် ပြဿနာအမျိုးမျိုးကို တိုင်ကြားတင်ပြလာနိုင်ပြီး သတ္တုတွင်းတူးဖော်ခြင်း လုပ်ငန်းစဉ်များ၏ အကျိုးဆက်အဖြစ် ဖြစ်ပေါ်လာနိုင်သော ငွေကြေးဆိုင်ရာဆုံးရှုံးမှု၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု၊ ပိုင်ဆိုင်မှုပစ္စည်းအိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးမှု၊ သောက်သုံးရေကဲ့သို့ ရင်းမြစ်တစ်ခုသုံးစွဲခွင့် ဖြတ်တောက်ခံရမှု၊ ကုမ္ပဏီဝန်ထမ်းများ၏ အနှောင့်ယှက်ခံရမှုနှင့် အခြားကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာစသည်တို့နှင့် ဆက်နွယ်နေသည်များ ပါဝင်နိုင်ပါသည်။ ရာဇဝတ်မှု ကျူးလွန်ခြင်းများ၊ လာဘ်စားမှု၊ အကျင့်ပျက်ခြစားမှုနှင့် လိမ်လည်မှုတို့ကို နစ်နာမှုတိုင်ကြားချက်အဖြစ် မှတ်တမ်းတင်နိုင်သော်လည်း အဆိုပါတိုင်ကြားချက်များကိုဖြေရှင်းရာတွင် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများဆီသို့သာ တာဝန်လွှဲဖြေရှင်းပေးရမည်။

လူထုနစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ် (ယခုအစီအစဉ်) သည် လူထုအနေဖြင့် ကျောက်စိမ်းတူးဖော်ခြင်းကြောင့် ဖြစ်ပေါ်လာသော နစ်နာမှုများတိုင်ကြားခြင်းနှင့် တိုင်တန်းချက်များကို

ဖွင့်ဟဖော်ထုတ်နိုင်သော လုပ်ငန်းစဉ်များကိုရှင်းပြထားပြီး ထိုနစ်နာမှုတိုင်ကြားချက်များကို သတ္တုတွင်းကုမ္ပဏီများမှ မည်သို့ဖြေရှင်းရမည်ကိုလည်း ဖော်ပြထားပါသည်။

လူထုနစ်နာမှုတိုင်ကြားချက် စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်တွင်ပါဝင်ခြင်းသည် တည်ဆဲမြန်မာနိုင်ငံ ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များကို အစားထိုးခြင်းမရှိစေရ သို့မဟုတ် မြန်မာနိုင်ငံဥပဒေများအရ ပြဌာန်းထားသည့် လူတစ်ဦးတစ်ယောက်၏ အခြားနည်းလမ်းဖြင့် ဖြေရှင်းနိုင်ခွင့်ကို ငြင်းဆိုခြင်းမရှိစေရပါ။ ဝန်ထမ်းနှင့် အလုပ်သမားများ၏ နစ်နာမှုတိုင်ကြားချက်များကို လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု အစီအစဉ်တွင် ထည့်သွင်းဖော်ပြထားပါသည်။

ဤအစီအစဉ်သည် လုံးခင်း/ ဖားကန့်ရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး အခြားကဏ္ဍများနှင့် တွဲဖတ်ရန်ဖြစ်ပါသည်။

၂။ ရည်မှန်းချက်များ

ဤလူထုနစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ်၏ ရည်မှန်းချက်များမှာ-

သတ္တုတွင်းတူးဖော်ခြင်း လုပ်ငန်းနှင့်ပတ်သတ်သော လူထု၏စိုးရိမ်ပူပန်မှုများကို ဖွင့်ဟပြောကြားရန်နှင့် ထိုနစ်နာမှုတိုင်ကြားချက်များကို သက်ဆိုင်ရာသတ္တုတွင်းကုမ္ပဏီမှ ဖြေရှင်းရာတွင် အသုံးပြုရန်။

နစ်နာမှုတိုင်ကြားချက်များကို လိုအပ်လျှင် တိုင်ကြားမှုဖြစ်စေသည့်ကိစ္စရပ်များ နောက်တစ်ကြိမ်ထပ်မံဖြစ်ပွားမှုများမှရှောင်ကြဉ်ရန်တို့အပါအဝင် အချိန်မီထိရောက်ပြီး ပူးပေါင်းအဖြေရှာထားသည့် တုံ့ပြန်မှုများပေးရန်တို့ဖြစ်သည်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

အထိခိုက်ခံအုပ်စု (Affected Party) - သတ္တုတွင်းလုပ်ငန်းများကြောင့် ထိခိုက်ခံ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လူလုပ်ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်း။

လူထု (Community) - ထပ်တူကျသော ဘုံတူညီသည့် လက္ခဏာများရှိပြီး ဆက်လက်ဖြစ်ပေါ်နေသော ရည်ရွယ်ချက်အကြောင်းရင်းတစ်ခုကို အရင်းခံ၍ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်ဆံသော လူအုပ်စုတစ်ခု။

လူထုအဖြေပြု အဖွဲ့အစည်းများ (Community Reference Group) - လူထုအတွက် ပြဿနာများနှင့် စိုးရိမ်ပူပန်မှုများ ဖွင့်ဟတိုင်ကြားခြင်းအပါအဝင် သတ္တုတွင်းတူးခြင်း လုပ်ငန်းဆောင်ရွက်ချက်နှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုကို လူထုအားအသိပေးရန်၊ အဓမ္မ ရွှေ့ပြောင်းခံရပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဆက်နွယ်သော ကိစ္စရပ်များ ဖြေရှင်းရန် သတ္တုတွင်းကုမ္ပဏီများနှင့် ဒေသခံနေထိုင်သူများ အကြား ဆက်သွယ်ရေးလွယ်ကူစေရန်အတွက် လူထုအဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသော လူအုပ်စု။

တိုင်တန်းချက် (Complaint) - သတ္တုတွင်းကုမ္ပဏီတစ်ခု၏ ပြုလုပ်ချက်နှင့်ပတ်သတ်၍ အထိခိုက်ခံအုပ်စု တစ်ခုမှ တရားဝင်ပြုလုပ်သော မကျေနပ်ကြောင်းဖော်ပြချက်။

ပြုပြင်တည့်မတ်ဆောင်ရွက်ချက် (Corrective action) - လိုက်နာကျင့်သုံးမှုမရှိသော အကြောင်းတရား များကိုဖယ်ရှားပြီး လုပ်ငန်းစဉ်နည်းလမ်းများကို ပိုမိုကောင်းမွန်စေရန်နှင့် ဖြစ်ရပ်များထပ်မံဖြစ်ပွားခြင်းကို ကာကွယ်ရန် ဖြစ်ပွားပြီးအခြေအနေတစ်ခုကို ပြုပြင်တည့်မတ်ရန်ပြုလုပ်သော ဆောင်ရွက်ချက်။

နစ်နာမှုတိုင်ကြားချက် (Grievance) - သတ္တုတွင်းကုမ္ပဏီတစ်ခု၏ ပြုလုပ်ချက်များ သို့မဟုတ် ပြုလုပ်ရန် လစ်ဟင်းချက်များ၏ အကျိုးဆက်ကြောင့်ဖြစ်ပေါ်လာသည်ဟု စွပ်စွဲထားသောပျက်စီးမှု၊ ထိခိုက်မှုနှင့် မကျေနပ်ချက်များကို အထိခိုက်ခံအုပ်စုတစ်ခုက စွဲချက်တင်ထားသော တိုင်ကြားချက်တစ်ခု။ နစ်နာမှု တိုင်ကြားချက်တစ်ခုကို များသောအားဖြင့် ပြုပြင်တည့်မတ်ဆောင်ရွက်ချက်၊ လျော်ကြေး သို့မဟုတ် နှစ်ခု စလုံးကို တောင်းဆိုလို၍ တိုင်ကြားသည်။

နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ် (Grievance mechanism) - သတ္တုတွင်း ကုမ္ပဏီတစ်ခု၏ အလုပ်သမားများအပါအဝင် ၎င်းကိုပါ ဆောင်ရွက်ချက် သို့မဟုတ် အပြုအမူနှင့်ပတ်သတ် ၍ လူထု သို့မဟုတ် တစ်ဦးချင်းစီ၏ တိုင်ကြားချက်များကို လက်ခံ၊ အကဲဖြတ်၍ ဖြေရှင်းရန်အတွက် ဒေသ၏ အခြေအနေများကိုသုံးသပ်ပြီး ပုံစံတကျပြုလုပ်ထားသော နည်းစနစ်။

ဖြစ်ရပ် (Incident) - ပတ်ဂန်းကျင်၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ လုံခြုံမှု၊ ကျန်းမာရေးနှင့် လူတို့၏ အသက် မွေးဝမ်းကြောင်း လုပ်ငန်းတို့အပေါ် မလိုလားအပ်သော မမျှော်လင့်သော သက်ရောက်မှုနှင့်/ သို့မဟုတ် ပိုင်ဆိုင်မှုပစ္စည်းဥစ္စာအပေါ် သက်ရောက်မှု သို့မဟုတ် ဥပဒေနှင့် စည်းမျဉ်းပိုင်းဆိုင်ရာ လိုက်နာမှု အပေါ် ထိခိုက်ဖြစ်စေသော ဖြစ်ရပ်တစ်ခု သို့မဟုတ် ဖြစ်ရပ်များ။

သတ္တုတွင်းကုမ္ပဏီ (Mining company) - ကျောက်စိမ်းလုပ်ကွက်၊ နေရာတစ်ခုတွင် ကျောက်စိမ်းထုတ်လုပ် ရန်ခွင့်ပြုမိန့်ရရှိထားသော ကုမ္ပဏီ၊ အကျိုးတူကုမ္ပဏီ၊ သမအသင်းလုပ်ငန်း၊ တစ်ဦးထက် ပိုသော လူပုဂ္ဂိုလ် များ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦး။

လိုက်နာကျင့်သုံးမှုမရှိခြင်း (Non-conformance) - ဤပတ်ဂန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) နှင့်/ သို့မဟုတ် သက်ဆိုင်သော ဥပဒေများ၊ စည်းမျဉ်းများ၏ပြဋ္ဌာန်းချက်များကို ပြည့်စုံအောင်မလိုက်နာ မဆောင် ရွက်နိုင်မှု။

ကာကွယ်တားဆီးဆောင်ရွက်ချက် (Preventative action) - ကိုက်ညီမှုမရှိသော အကြောင်းတရားများကို ဖယ်ရှားသည့် လုပ်ငန်းစဉ်နည်းလမ်းများကို ပိုမိုကောင်းမွန်စေရန်နှင့်ဖြစ်ရပ်များ ထပ်မံဖြစ်ပွားခြင်းကို ကာ ကွယ်ရန် အခြေအနေတစ်ခုမဖြစ်ပွားမီတွင် ပြုလုပ်သောဆောင်ရွက်ချက်။

အလုပ်သမား (Worker) - သတ္တုတွင်းကုမ္ပဏီပိုင်ရှင်များ၊ လုပ်သားများ၊ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံကန်ထရိုက်တာများနှင့် မိသားစုဝင်များ အားလုံးအပါအဝင် သတ္တုတွင်းကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်နေသည့် လူပုဂ္ဂိုလ်များ။

၄။ ဆက်စပ်နေသော အစီအစဉ်များနှင့် နည်းလမ်းများ

ဤအစီအစဉ်နှင့်အတူ အောက်ပါ အခြားကဏ္ဍများတွင်ပါဝင်သော စီမံခန့်ခွဲမှုအစီအမံများကို အကောင်အထည် ဖော်ဆောင်ရန်ဖြစ်သည်။

- ဖြစ်ရပ်များကို အစီရင်ခံခြင်း နည်းလမ်းများ
- လူထုအထောက်အကူပြုခြင်းနှင့် ဖွံ့ဖြိုးရေးအစီအစဉ်
- လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု အစီအစဉ်

၅။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

လူထုနစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ်နှင့် ဆက်နွယ်သော ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများကို အောက်ပါကဏ္ဍတွင် စာရင်းပြုစုထားသည်။

လူထု နစ်နာမှုတိုင်ကြားချက်များ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော မြန်မာနိုင်ငံလမ်းညွှန်မှုများမှာ-

- ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) နမူနာပုံစံ (ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (EIA procedures) ၏ နောက်ဆက်တွဲ (၅) သည် စီမံကိန်းတစ်ခု ဖော်ဆောင်စဉ် အဆင့်အားလုံးတွင် ပေါ်ပေါက်လာသော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကိစ္စရပ်များ တိုင်တန်းခြင်း၊ နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ် စတင်အသုံးပြုခြင်းအပါအဝင် ပြည်သူလူထုနှင့်ဆွေးနွေးခြင်း၊ သတင်းအချက်အလက် ထုတ်ဖော်ပြောကြားခြင်းတို့ ပါဝင်သည်။

- ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လုပ်ငန်းစဉ် (EIA Process) ၏ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှုလမ်းညွှန်ချက်တွင် စီမံကိန်းတစ်ခု တည်ဆောက်ခြင်း၊ လည်ပတ်ခြင်းနှင့် လုပ်ငန်းရပ်တန့်ခြင်း၊ ပိတ်သိမ်းခြင်း၊ ပိတ်သိမ်းပြီးနောက်ကာလအဆင့်များတွင် ပေါ်ပေါက်လာသည့် ပတ်ဝန်းကျင်နှင့်လူမှုကိစ္စရပ်များ တိုင်တန်းခြင်းနှင့် နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ်တစ်ခုကို စီမံကိန်းလုပ်ငန်းလုပ်ကိုင်မည့်သူမှ စတင်အသုံးပြုရန် လိုအပ်သည်။ ၎င်းနည်းစနစ်သည် -
  - ဒေသခံအာဏာပိုင်များပါဝင်မှုနှင့်အတူ စီမံကိန်းလုပ်ကိုင်မည့်သူက စီမံခန့်ခွဲရမည်။
  - စီမံကိန်းအတွင်း ကြားခံဖျန်ဖြေပေးရေးကော်မတီနှင့် / သို့မဟုတ် အငြင်းပွားမှုဖြေရှင်းရေး ကော်မတီဖွဲ့စည်းခြင်း ပါဝင်ရမည်။

လူထုနစ်နာမှုတိုင်ကြားချက်များ စီမံခန့်ခွဲမှု စတင်ရာတွင် ကောင်းမွန်သော နိုင်ငံတကာအလေ့အထများကို ကိုယ်စားပြုသည့် အောက်ပါစံနှုန်းနှင့် လမ်းညွှန်ချက်များ ပေးထားပါသည်။

- အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (International Finance Corporation)

  - ဆောင်ရွက်မှုစံနှုန်း (၁) - ပတ်ဝန်းကျင်နှင့်လူမှုရေး အန္တရာယ်ထိခိုက်မှုများ အကဲဖြတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း (၂၀၀၆) – (Assessment and Management of Environmental and Social Risks and Impacts (2006)

  - စီမံကိန်းထိခိုက်ခံလူထုများ၏ လူထုနစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်း - နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ်များ ပုံစံချခြင်းအတွက် စီမံကိန်းများနှင့် ကုမ္ပဏီများအတွက် လမ်းညွှန်ချက်။ ကောင်းမွန်သော ကျင့်သုံးမှုများမှတ်စု စက်တင်ဘာ ၂၀၀၉

၆။ လူထုနစ်နာမှုတိုင်ကြားချက်ကိုင်တွယ် ဖြေရှင်းခြင်းစနစ်

နစ်နာမှုတိုင်ကြားချက်များကို လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်ရေးသား၍သော်လည်းကောင်း၊ အီလက်ထရွန်းနစ်နည်းလမ်းများကို အသုံးပြု၍သော်လည်းကောင်း တိုင်ကြားနိုင်ပါသည်။ စာဖြင့်ရေးသားတိုင်ကြားခြင်းများကို သတ္တုတွင်းကုမ္ပဏီကိုယ်စားလှယ်ထံ လူကိုယ်တိုင်သွားရောက် တိုင်ကြားနိုင်သည်။ လူတစ်ဦးတစ်ယောက်ချင်းစီသည်လည်း နစ်နာမှုတိုင်ကြားချက်များကိုအမည်မခံဘဲ လှို့ဝှက်စွာတိုင်ကြားနိုင်ပြီး အရေးကြီးသော သို့မဟုတ် အထိအခိုက်မခံသော သတင်းအချက်အလက်များကို ကာကွယ်ရန်အတွက် စီစဉ်နိုင်ရမည်ဖြစ်သည်။

အောက်တွင် အသေးစိတ်ဖော်ပြထားသော လူထုနစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ်သည် နစ်နာမှုတိုင်ကြားချက်များ စီမံခန့်ခွဲမှုအတွက် သင့်လျော်ကိုက်ညီသော နိုင်ငံတကာကျင့်ထုံးကောင်းများပါဝင်သည့် ဤအစီအစဉ်၏ အပိုင်း (၄)တွင် စာရင်းပြုစုထားသော ဆက်နွယ်နေသောအစီအစဉ်များနှင့် တွဲ၍ အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ ဖြေရှင်းခြင်းစနစ်ကို **ဇယား (၁)** တွင် အကျဉ်းချုပ်ဖော်ပြထားသည်။


လူထုနစ်နာမှုတိုင်ကြားချက်များကို အောက်ပါအတိုင်း စီမံခန့်ခွဲရမည် -

(က) လူထုနစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ်ကို အကောင်အထည်ဖော်ရန် သတ္တုတွင်း မန်နေဂျာကို အဓိကတာဝန်ပေးပါ။

(ခ) လူထုထံမှ လက်ခံရရှိသော နစ်နာမှုတိုင်ကြားချက်များကို စုံစမ်းဖြေရှင်းရန် သတ္တုတွင်းကုမ္ပဏီကိုယ်စားလှယ်တစ်ဦးကို သတ်မှတ်ပါ။

(ဂ) လူထုဆီမှလာသော နစ်နာမှုတိုင်ကြားချက်များကို စီမံခန့်ခွဲရန် လုပ်ငန်းစဉ်လုပ်ထုံးလုပ်နည်းကို **(ယခု ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ပါဝင်)** အလုပ်သမားများအားလုံးကို လေ့ကျင့်သင်ကြားပေးပါ။

(ဃ) အများပြည်သူအား နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ်နှင့် တိုင်တန်းချက်များ ပြုလုပ်ခြင်းလုပ်ငန်းစဉ် အချက်အလက်များ ရှင်းပြပါ။



VALENTIS coffey A TETRA TECH COMPANY	Date: 26.07.2017	MGJEA	Community Grievance Mechnism	Figure 1
	Project: 745-DRWEN00015AA	Hpakant/Lonkin Gems Tract EMP		
	File Name: 00015 EMP01 MC F001 GRA			

(c) နစ်နာမှုတိုင်ကြားချက်များအားလုံးကို အောက်ပါအချက်အလက်များ ပါဝင်သော သတ္တုတွင်းကုမ္ပဏီနစ်နာမှုတိုင်ကြားချက်များ စာရင်းတွင် မှတ်တမ်းတင်ရေးသွင်းပါ။

၁) တိုင်ကြားသူ၏ အမည်၊

၂) တိုင်ကြားသူသည် အခြားပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အစုအဖွဲ့တစ်ခုကို ကိုယ်စားပြုလျှင် ထိခိုက်ခံ ပုဂ္ဂိုလ်များကိုဖော်ပြပါ။

၃) နစ်နာမှုတိုင်ကြားချက်ဖြစ်ပေါ်စေသော ဖြစ်ရပ် သို့မဟုတ် စွဲချက်တင်ထားသော ဖြစ်ရပ်၏ ရက်စွဲနှင့် အချိန်။

၄) တိုင်တန်းချက် သို့မဟုတ် နစ်နာမှုတိုင်ကြားချက်၏ အသေးစိတ်အကြောင်းအရာများ။

(d) နစ်နာမှုတိုင်ကြားချက်တစ်ခု လက်ခံရရှိပြီး ၁၄ ရက်အတွင်း လက်ခံရရှိမှုကို အသိအမှတ်ပြုပါ။ တိုင်ကြားချက်အား စီစစ်ခြင်း ခန့်မှန်းကြာချိန်ကို ထည့်သွင်းပြီး ရေးသားမှတ်တမ်းတင်ရမည်။

(e) နစ်နာမှုတိုင်ကြားချက်ကို စီစစ်ပါ။ တစ်စိတ်တစ်ပိုင်း သို့မဟုတ် တစ်ခုလုံးကို လက်ခံမည်/ လက်မခံမည်နှင့် အခြေအမြစ်ရှိ မရှိ ဆုံးဖြတ်ပါ။

(f) နစ်နာမှုတိုင်ကြားချက်ကို လက်မခံခဲ့လျှင် ရက် (၃၀) အတွင်း တိုင်ကြားသူအား အကြောင်းအရင်းနှင့်တကွ ရလဒ်ကို ရှင်းပြအကြံပြုပါ။

(g) တိုင်ကြားချက်ကို လက်ခံခဲ့လျှင် တိုင်ကြားသူ၊ ဒေသအာဏာပိုင်များနှင့် သတ္တုတွင်းကုမ္ပဏီ ပန်ထမ်းတို့ကို အောက်ပါအချက်တို့ပြုလုပ်ရန် လိုအပ်သလိုဆက်သွယ်ပါ။

၁) တိုင်ကြားချက်၏ အကြောင်းရင်းများကို စုံစမ်းပါ။

၂) လိုအပ်သော ကာကွယ်တားဆီးဆောင်ရွက်ချက်နှင့် ပြုပြင်တည့်မတ်ဆောင်ရွက်ချက်များကို ရှာဖွေဖော်ထုတ်ပါ။ ဖြေရှင်းပုံများသည် နစ်နာမှုတိုင်ကြားချက် သဘာဝနှင့်အညီဖြစ်ရမည်။

၃) တိုင်ကြားချက်လက်ခံရရှိပြီး ရက် (၃၀)အတွင်း တိုင်ကြားသူအား ၎င်းတိုင်ကြားချက်ကို ဖြေရှင်းရန် ဆောင်ရွက်ရမည့်အချက်များကို အကြံပြုပြောကြားပါ။

(h) အောက်ပါအချက်တို့ပါဝင်သော ဖော်ထုတ်သတ်မှတ်ပြီးသည့် ကာကွယ်တားဆီးမှုနှင့် ပြုပြင်တည့်မတ်ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ပါ။

၁) တစ်ဖက်သတ် ဖြေရှင်းချက် (သတ္တုတွင်းကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအလုပ်သမားများက အဆိုပြုသည့် ဖြေရှင်းချက်)။

၂) နစ်ဖက်ညှိနှိုင်းဖြေရှင်းချက် (သတ္တုတွင်းကုမ္ပဏီနှင့် တိုင်ကြားသူတို့ ဆွေးနွေးညှိနှိုင်းခြင်းမှ တစ်ဆင့် အဖြေတစ်ခုရရှိသွားခြင်း)။

၃) လူထုအခြေပြုအဖွဲ့ကဲ့သို့ အစည်းတစ်ခုမှတစ်ဆင့် ဆွေးနွေးညှိနှိုင်းခြင်း။

၄) သက်ဆိုင်ရာ အစိုးရအာဏာပိုင်အဖွဲ့အစည်းနှင့် ညှိနှိုင်းခြင်း။

(၄) နစ်နာမှုတိုင်ကြားချက်များကို အကဲဖြတ် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်၏ ရလဒ်များကို တိုင်ကြားသူက လက်မခံခဲ့လျှင် တိုင်ကြားချက်ကို ပြန်လည်အကဲဖြတ်စီစစ်ပါ။

(၅) အကယ်၍ တိုင်ကြားချက်တစ်ခုကို သတ္တုတွင်းကုမ္ပဏီနှင့်/ သို့မဟုတ် ဒေသအာဏာပိုင်များက အလွယ်တကူ မဖြေရှင်းနိုင်ခဲ့လျှင် လူထုဆက်ဆံရေးအဖွဲ့ (လူထုအထောက်အကူပြုနှင့် ဖွံ့ဖြိုးမှုအစီအစဉ်ကိုကြည့်ပါ) သည် အဖြေထုတ်ဆွေးနွေးညှိနှိုင်းခြင်းဖြစ်စဉ်တွင် ပါဝင်ရမည်။

(၃) နစ်နာမှုတိုင်ကြားချက်များစာရင်းကို အောက်ပါသတင်းအချက်အလက်များပါဝင်အောင် မွမ်းမံဖြည့်စွက်ပါ။

၁) တိုင်တန်းချက် သို့မဟုတ် နစ်နာမှုတိုင်ကြားချက်များကို ဖြေရှင်းရန် ပြုလုပ်သည့်ဆောင်ရွက်ချက်များ။

၂) တိုင်တန်းချက် သို့မဟုတ် နစ်နာမှုတိုင်ကြားချက်ကို ဖြေရှင်းနိုင်ခဲ့သည့် ရက်စွဲ။

၇။ ဆောင်ရွက်မှု စံနှုန်းများ

လူထုနစ်နာမှုတိုင်ကြားချက်များ ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ် စံနှုန်းများမှာ -

- တိုင်တန်းချက်အားလုံးကို ကနဦးတုံ့ပြန်မှု အချိန်ကာလအတွင်း အသိအမှတ်ပြုရမည်။
- တိုင်တန်းချက်အားလုံးကို နစ်နာမှုတိုင်ကြားချက်စာရင်းတွင် မှတ်တမ်းတင်ရမည်။
- တိုင်တန်းချက်အားလုံးကို အကဲဖြတ်ခြင်း ဆုံးဖြတ်ခြင်းပြုလုပ်ပြီး ပိတ်သိမ်းရမည်။

၈။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ အချက်များ

လူထုနစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ်နှင့် ကိုက်ညီမှုရှိ/မရှိကို ဤအစီအစဉ်တွင် ပူးတွဲဖော်ပြထားသော စစ်ဆေးသည့်စာရင်း (Checklist)ကို အသုံးပြု၍ ဆုံးဖြတ်ရမည်။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း ကြိမ်နှုန်းကို **ဇယား (၂)** တွင် ဖော်ပြထားသည်။

ဇယား (၂) စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း ကြိမ်နှုန်း

လုပ်ငန်းစဉ်	ကြိမ်နှုန်း
လူထုနစ်နာမှုတိုင်ကြားချက်စာရင်း။	လစဉ်
လူထုနစ်နာမှုတိုင်ကြားချက်များ ပိတ်သိမ်းမှုနှုန်း။	လစဉ်

လူထုနစ်နာမှုတိုင်ကြားချက်ကိုင်တွယ်ဖြေရှင်းခြင်းနည်းစနစ် **ကိုက်ညီမှု စစ်ဆေးသည့်စာရင်း**
မော်နှင့် လုပ်ကွက်အမှတ် **သတ္တုတွင်းနှင့် ကုမ္ပဏီအမည်**
စစ်ဆေးခြင်း/ဆန်းစစ်ခြင်း လုပ်ဆောင်သူအမည်
စစ်ဆေးခြင်း/ဆန်းစစ်ခြင်း ဆောင်ရွက်သည့်ရက်စွဲ

လိုက်နာဆောင်ရွက်မှု အထောက်အထားများ	လိုက်နာမှု အခြေအနေ? Yes/No
ဤအစီအစဉ်တွင် ဖော်ပြထားသော နစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းခြင်း နည်းစနစ်နှင့် ကိုက်ညီမှုအထောက်အထား။	
နစ်နာမှုတိုင်ကြားချက်များစာရင်းကို မှန်ကန်စွာအသုံးချမှုနှင့် ထိန်းသိမ်းထားမှု အထောက်အထား။	
နစ်နာမှုတိုင်ကြားချက်များကို ကနဦးတုံ့ပြန်မှု အချိန်ကာလအတွင်း အသိအမှတ်ပြုခြင်း ရှိ/မရှိ။	
နစ်နာမှုတိုင်ကြားချက်များ အကဲဖြတ်လုပ်ငန်းစဉ်၏ ရလဒ်များတွေ့ရှိချက်များကို တိုင်ကြားသူများအား ရှင်းလင်းအကြံပေးခြင်း ပြု/မပြု။	
နစ်နာမှုတိုင်ကြားချက်များစာရင်းတွင် ပိတ်သိမ်းမှုလုပ်ဆောင်ချက်များ ထည့်သွင်းမှတ်တမ်းတင်ခြင်း ရှိ/မရှိ။	
လူထုအခြေပြုအဖွဲ့အား လွှဲပြောင်းပေးလိုက်သော မဖြေရှင်းနိုင်သည့် နစ်နာမှုတိုင်ကြားချက်များ။	

ဖားကန့်/လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်

အများပြည်သူကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေး စီမံခန့်ခွဲမှု အစီအစဉ်

Version: Rev1	ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်

၁။ နိဒါန်း

ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းသည် အနီးအနာရှိ ဒေသနေ လူ့အသိုက်အဝန်းများအပေါ် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးဆိုင်ရာ ထိခိုက်မှုများကို ဖြစ်စေသည်။ မြန်မာနိုင်ငံအစိုးရသည် သတ္တုတူးဖော်ရေးကုမ္ပဏီများ၏ လုပ်ငန်းစဉ်များကြောင့် ထိုဒေသရှိလူများအပေါ် သက်ရောက်သော ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်လုံခြုံရေးဆိုင်ရာ ထိခိုက်မှုများကို တာဝန်ယူဖြေရှင်းပေးရန် မျှော်လင့်ထားသည်။

သတ္တုတူးဖော်ရေးကုမ္ပဏီများသည် ဒေသခံများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးအပေါ် တိုက်ရိုက်ထိခိုက်မှုများကို စီမံဖြေရှင်းပေးမည်ဖြစ်ပြီး ၎င်းတို့၏ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးအပေါ် သွယ်ဝိုက်၍ထိခိုက်မှုများကို ပံ့ပိုးစီမံဆောင်ရွက်သွားပါမည်။

ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးကို အောက်ပါနည်းများဖြင့် ကာကွယ်သွားမည်ဖြစ်ပါသည်။

- အလွန်အမင်းဆူညံမှု၊ ဖုန်နှင့်တုန်ခါမှု၊ သတ္တုတွင်းစက်ကိရိယာများနှင့်ယာဉ်များထိတွေ့ကိုင်တွယ်ခြင်းနှင့်ခိုင်ခဲ့မှုမရှိသော သတ္တုတွင်းများနှင့်မြေစာပုံများကို ဒေသခံပြည်သူများအား ကာကွယ်ပေးသည့် သတ္တုတူးဖော်ရေး နည်းလမ်းများဖြင့် ဆောင်ရွက်ပါ။
- ဓာတ်ပြုထားသော ရေ အပါအဝင် ဒေသခံပြည်သူများအား ထိခိုက်နိုင်သည့်ပစ္စည်းများ ဓာတုပစ္စည်းများ၊ အန္တရာယ်ရှိစေသောပစ္စည်းများနှင့်အန္တရာယ်မရှိသောပစ္စည်းများကို စီမံခြင်း ကာကွယ်ပါ။
- သတ္တုတွင်းတစ်ဝိုက်တွင် ဘေးကင်းသော လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ပြီး သတ္တုတွင်းလုပ်ငန်းများနှင့်ဒေသခံပြည်သူများကို ခွဲခြားထားခြင်းဖြင့် မတော်တဆမှုနှင့်ဒဏ်ရာရရှိမှုများကို ကာကွယ်ပါ။

- ဒေသခံပြည်သူများကို ကူးစက်နိုင်သည့်ရောဂါများ ကူးစက်ခြင်းမှ ကာကွယ်ရန် သတ္တုတွင်းလုပ်သားများ၏ကျန်းမာရေးကို စီမံပါ။
- အလုပ်သမားတန်းလျားနှင့်သတ္တုတွင်းလုပ်ငန်းခွင်များတွင် မူးယစ်ဆေးဝါးနှင့်အရက်ယမကာ သုံးစွဲမှုကို စီမံပါ။
- ဒေသခံပြည်သူများအတွက် ကျန်းမာရေး ဝန်ဆောင်မှုများနှင့်အစီအစဉ်များကို ရရှိနိုင်အောင် ဆောင်ရွက်ပေးပြီး ထိုဝန်ဆောင်မှု၏ စွမ်းဆောင်ရည်ကို ပံ့ပိုးမြင့်တင်ပါ။

အများပြည်သူကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေး စီမံခန့်ခွဲမှုအစီအစဉ် (ယခုအစီအစဉ်) တွင် သတ္တုတွင်းကုမ္ပဏီများမှ သတ္တုတူးဖော်သည့် နေရာအနီးရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးကို မည်သို့ကာကွယ်ရမည်ကို ဖော်ပြထားပါသည်။ ယခုအစီအစဉ်သည် ဖားကန့်/လုံးခင်းရတနာနယ်မြေအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ထိုကြောင့် အခြားအစီအစဉ်များနှင့်ကိုးကား၍ ဖတ်ရှုရမည်။

၂။ ရည်မှန်းချက်များ

ဤအများပြည်သူ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေး စီမံခန့်ခွဲမှု အစီအစဉ် ကို ဖားကန့်/လုံးခင်းရတနာနယ်မြေရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေး ကာကွယ်သည့် နည်းလမ်းများဖြင့် သတ္တုတူးဖော်ရန် ရည်ရွယ်ပါသည်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ကူးစက်ပျံ့နှံ့နိုင်သော ရောဂါ (Communicable Disease) - တိုက်ရိုက်ထိ၍ သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လူတစ်ဦးမှ တစ်ဦး ဆီသို့ ကူးစက်ပျံ့နှံ့တတ်သော ရောဂါ။

လူထု (Community) - ထပ်တူကျသော ဘုံတူညီသည့် လက္ခဏာများရှိပြီး ဆက်လက်ဖြစ်ပေါ်နေသော ရည်ရွယ်ချက်အကြောင်းရင်းတစ်ခုကို အရင်းခံ၍ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်ဆံသော လူအုပ်စုတစ်ခု။

လူထုအခြေပြု အဖွဲ့အစည်းများ (Community Reference Group) - လူထုအတွက် ပြဿနာများနှင့် စိုးရိမ်ပူပန်မှုများ ဖွင့်ဟတိုင်ကြားခြင်းအပါအဝင် သတ္တုတွင်းတူးခြင်း လုပ်ငန်းဆောင်ရွက်ချက်နှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုကို လူထုအားအသိပေးရန်၊ အဓမ္မ ရွှေ့ပြောင်းခံရပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဆက်နွယ်သော ကိစ္စရပ်များ ဖြေရှင်းရန် သတ္တုတွင်းကုမ္ပဏီများနှင့် ဒေသခံနေထိုင်သူများ အကြား ဆက်သွယ်ရေးလွယ်ကူစေရန်အတွက် လူထုအဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသော လူအုပ်စု။

တိုင်တန်းချက် (Complaint) - သတ္တုတွင်းကုမ္ပဏီတစ်ခု၏ ပြုလုပ်ချက်နှင့်ပတ်သတ်၍ အထိခိုက်ခံအုပ်စု တစ်ခုမှ တရားဝင်ပြုလုပ်သော မကျေနပ်ကြောင်းဖော်ပြချက်။

လူမှုတာဝန်သိလုပ်ငန်းများ (Corporate Social Responsibility) - လူမှုရေးရာ ပေါင်းစည်းတာဂန်ယူ မှုသည် သတ္တုတွင်းကုမ္ပဏီများက ၎င်းတို့၏ လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသော ပတ်ဂန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများကို အကဲဖြတ်ကာ တာဂန်ယူ အစပြုလုပ်ဆောင်ချက်များ ဖြစ်ပါသည်။

လူမှုတာဝန်သိလုပ်ငန်း ရန်ပုံငွေ (CSR Fund)- မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် သတ်မှတ်ချက်ချထားသည့်အတိုင်း၊ ကျန်းမာရေး၊ ပညာရေး၊ သယ်ယူ ပို့ ဆောင်ရေးနှင့်အခြားသောလုပ်ငန်း နေရာဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် ရင်းနှီးမြှုပ်နှံငွေ၏ ၂% အောက် မလျော့နည်းသည့် ရန်ပုံငွေ ဖြစ်ပါသည်။

အရေးပေါ်အခြေအနေ Emergency - လူများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး သို့ မဟုတ် အကျိုး စီးပွားကို ကာကွယ်ရန် သို့ မဟုတ် ပတ်ဂန်းကျင်နှင့် အိုးအိမ်စည်းစိမ်များကို ထိခိုက်မှု ကန့် သတ်ရန် သို့ မ ဟုတ် အထူးဖွဲ့ စည်းထားသော လူပုဂ္ဂိုလ်များ သို့ မဟုတ် ပစ္စည်းများဖြင့် ချက်ချင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေသည့် လက်ရှိ ဖြစ်ပျက်နေသော သို့ မဟုတ် ဖြစ်ပျက်အံ့ဆဲဆဲ ဖြစ်စဉ်တစ်ခုကို ဆိုလိုသည်။

နစ်နာမှုတိုင်ကြားချက် (Grievance) - သတ္တုတွင်းကုမ္ပဏီတစ်ခု၏ ပြုလုပ်ချက်များ သို့မဟုတ် ပြုလုပ်ရန် လစ်ဟင်းချက်များ၏ အကျိုးဆက်ကြောင့်ဖြစ်ပေါ်လာသည်ဟု စွပ်စွဲထားသောပျက်စီးမှု၊ ထိခိုက်မှုနှင့် မကျေနပ်ချက်များကို အထိခိုက်ခံအုပ်စုတစ်ခုက စွဲချက်တင်ထားသော တိုင်ကြားချက်တစ်ခု။ နစ်နာမှု တိုင်ကြားချက်တစ်ခုကို များသောအားဖြင့် ပြုပြင်တည့်မတ်ဆောင်ရွက်ချက်၊ လျော်ကြေး သို့မဟုတ် နှစ်ခု စလုံးကို တောင်းဆိုလို၍ တိုင်ကြားသည်။

သတ္တုတွင်းကုမ္ပဏီ (mining company) - ကျောက်မျက်ရတနာလုပ်ကွက်မှ ကျောက်မျက်ရတနာထုတ် လုပ်ရန် ခွင့်ပြုမိန့်ကိုင်ဆောင်ထားသောကုမ္ပဏီ၊ အကျိုးတူကျောက်မျက်ကုမ္ပဏီ/ပုဂ္ဂလိကကုမ္ပဏီ၊ သမအ သင်း၊ လူပုဂ္ဂိုလ်(သို့မဟုတ်) တစ်ယောက်ထက်ပိုသော လူပုဂ္ဂိုလ်များကို ဆိုလိုသည်။

အလုပ်သမား (Worker) - သတ္တုတွင်းကုမ္ပဏီပိုင်ရှင်များ၊ လုပ်သားများ၊ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံ ကန်ထရိုက်တာများနှင့် မိသားစုဂင်များ အားလုံးအပါအဂင် သတ္တုတွင်းကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ် နေသည့် လူပုဂ္ဂိုလ်များ။

၄။ ဆက်စပ်နေသော အစီအစဉ်များနှင့် နည်းလမ်းများ

ဤအစီအစဉ်နှင့်အတူ အောက်ပါ အခြားကဏ္ဍများတွင်ပါဂင်သော စီမံခန့်ခွဲမှုအစီအမံများကို အကောင်အထည် ဖော်ဆောင်ရန်ဖြစ်သည်။

- လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးများ

- ဖုန်နှင့်လေအရည်အသွေး စီမံခန့်ခွဲမှု အစီအစဉ်
- ဓာတုပစ္စည်းများနှင့်ဘေးအန္တရာယ်ရှိသော ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်
- လူထုနစ်နာမှုများ တိုင်ကြားချက်ဖြေရှင်းသည့် စနစ်
- လူထုအထောက်အကူပြုခြင်းနှင့် ဖွံ့ဖြိုးရေးအစီအစဉ်
- အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှု အစီအစဉ်
- တိုက်စားခြင်းနှင့်အနည်ကျခြင်း ထိန်းချုပ်မှု အစီအစဉ်
- သတ္တုတွင်း ပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်
- သတ္တုတွင်းနှင့်စွန့်ပစ်မြေစာပုံများ စီမံခန့်ခွဲမှု အစီအစဉ်
- ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲရေး အစီအစဉ်
- အန္တရာယ်မရှိသောပစ္စည်းများစီမံခန့်ခွဲမှု အစီအစဉ်
- လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု အစီအစဉ်
- ပြန်လည်ထူထောင်ရေး စီမံခန့်ခွဲမှု အစီအစဉ်
- ရေ စီမံခန့်ခွဲမှု အစီအစဉ်
- အလုပ်သမား တန်းလျား စီမံခန့်ခွဲမှု အစီအစဉ်

၅။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

သတ္တုတူးဖော်ရေး လုပ်ငန်းများမှ အများပြည်သူ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးကို ကာကွယ်ရန် သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများကို ဤကဏ္ဍတွင် ဖော်ပြထားပါသည်။

၅-၁။ ဥပဒေများ၊ နည်းဥပဒေများနှင့်လမ်းညွှန်ချက်များ

သတ္တုတူးဖော်ရေးလုပ်ငန်းများမှ အများပြည်သူကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးကို ကာကွယ်ရန် သက်ဆိုင်သော မြန်မာနိုင်ငံ ဥပဒေများနှင့်လမ်းညွှန်ချက်များမှာ -

ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ (၁၉၇၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃(၁) အရ ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများ ဖြစ်သည့် လူအများ နေထိုင်ရာ ပတ်ဝန်းကျင်တွင် အမှိုက်သရိုက်၊ အညစ်အကြေးများကို သိမ်းဆည်းစွန့်ပစ်ခြင်း၊ လူအများအတွက် သောက်သုံးသောရေများကို အပြည်ပြည်ဆိုင်ရာ စံချိန်မှီသတ်မှတ်ခြင်းနှင့်ကာကွယ်စောင့်ရှောက်ခြင်း၊ လူအများ နေထိုင်ရာပတ်ဝန်းကျင်လေထုတွင် လူတို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် အခိုးအငွေ့၊ အန္ဓအသက်၊ အမှုန့်အမွှား၊ အသံပလံနှင့် ဓါတ်ရောင်ခြည်များကြောင့် ညစ်ညမ်းခြင်းမှ ကာကွယ်ခြင်း၊ မြို့ရွာစည်ပင် သာယာရေး၊ အိမ်ယာဆောက်လုပ်ခြင်းနှင့် လုပ်သားပြည်သူတို့ သွားလာ နေထိုင်အသုံးပြုသည့် အဆောက်အဦး သို့မဟုတ် နေရာများ၏ ကျန်းမာသန့်ရှင်းရေးအတွက် ဆောင်ရွက်

ခြင်းကိစ္စရပ်များကို အစိုးရ မှ အကြံပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်ခြင်း၊ တားမြစ်ခြင်း စသည့် လုပ်ငန်းတို့ကို လုပ်ဆောင်ရမည်။

- ပုဒ်မ ၃(၄) အရ အစိုးရသည် ကူးစက်ရောဂါပြန့်ပွားခြင်းကို နှိမ်နင်းကာကွယ်ရန် အလို့ငှာ အခါအား လျော်စွာ ဒေသအလိုက်တိုင်ကြားရမည့် ရောဂါအမည်စာရင်းများကို ထုတ်ပြန်ကြေငြာခြင်း၊ကူးစက် ရောဂါကာကွယ်ရေးအလို့ငှာ စုံစမ်းလေ့လာခြင်း၊ လုပ်သားပြည်သူတရပ်လုံး ကာကွယ်ဆေးထိုးမည့် အစီအစဉ် ချမှတ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ပိုးမွှား တိရစ္ဆာန်များ သုတ်သင်ခြင်းနှင့် အခြားလို အပ်သော လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လုပ်သားပြည်သူတို့၏ ကျန်းမာရေးကို စိုးရိမ်ဘွယ်ရာ ကူးစက်ရောဂါကျရောက်နိုင်သည့် အခြေအနေရှိလျှင် သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေလျှင် အစိုးရသည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် ဒေသတခုခုကို ကျန်းမာရေးအတွက် စိုးရိမ်ရသော အရေးပေါ်ဒေသဟု အမိန့်ကြော်ငြာ စာထုတ်ပြန်ခြင်းနှင့် လိုအပ်သော ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

- ပုဒ်မ ၄ အရ အစိုးရသည် ဤဥပဒေ၌ ပြဋ္ဌာန်းထားသည့် မည်သည့်ကိစ္စရပ်ကိုမဆို ဆောင်ရွက်ရန် လိုအပ်သည့် အဖွဲ့အစည်းများ ဖွဲ့စည်း၍ ယင်းသို့ ဖွဲ့စည်းသည့် အဖွဲ့အစည်းများ အား သက်ဆိုင်ရာ ကိစ္စရပ်များအတွက် အကြံပေးစေခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်စေခြင်း၊ တားမြစ်စေခြင်း၊ ဖျက်စီးစေခြင်းတို့အတွက် တာဝန်ပေးအပ်နိုင်ခွင့်ရှိသည့်အပြင် မည်သည့်အစိုးရ ဌာန၊ အစိုးရလက် အောက်ခံ အဖွဲ့အသင်းများကိုပါ တာဝန်ပေးအပ်နိုင်ခွင့်ရှိသည်။

- ပုဒ်မ ၅ အရ ဤဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများကသော်လည်းကောင်း၊ ၎င်း အဖွဲ့ အစည်းများမှ တာဝန်ပေးအပ်ထားခြင်းခံရသူများကသော်လည်းကောင်း၊ ဤဥပဒေအရ တာဝန်ပေး အပ်ထားခြင်းခံရသော အစိုးရဌာနများနှင့် အစိုးရလက်အောက်ခံ အဖွဲ့အစည်းများကသော်လည်း ကောင်း၊ ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်သည့် ကိစ္စများ၊ အစား အသောက်နှင့် ပတ်သက်သည့် ကိစ္စများ၊ လုပ်သားပြည်သူများအတွက် အသုံးပြုရန်ဖြစ်သော နေအိမ်သုံးပစ္စည်းနှင့် အလှကုန်ပစ္စည်းများနှင့် ပတ်သက်သည့်ကိစ္စများ၊ ကူးစက်ရောဂါနှင့် ပတ် သက်သည့် ကိစ္စများ၊ ကိုယ်ပိုင် ဆေးကုဂေဟာနှင့် ပတ်သက်သည့် ကိစ္စများ၊ လုပ်သားပြည်သူတို့ အသုံးပြုသည့် ဆေးဝါးများနှင့် ပတ်သက် သည့်ကိစ္စများ စသည်တို့အတွက် အလုပ်ရုံ၊ စက်ရုံ များ၊ လုပ်ငန်းဌာနများ၊ ဆိုင်များ၊ ဥပစာ များ၊ နေရာများ၊ အဆောက်အဦးများသို့ အချိန်အခါမရွေး ဝင်ရောက်စစ်ဆေး ညွှန် ကြားခွင့်ရှိ သည်။

ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၁) တွင် အသေးစိတ်ဖော်ပြ ထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါ ဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ် နိုင်ရန် အောက်ပါလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့် အညီ စနစ်တကျ အ ကောင်အထည်ဖော် ဆောင်ရွက်ရမည်။

  (၁) ကလေးသူငယ်များအား ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေး တိုက်ကျွေးခြင်း၊

  (၂) လိုအပ်ပါက အရွယ်ရောက်သူများကိုပါ ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊

  (၃) ကူးစက်ရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

  (၄) ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

  (၅) နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ဝင်ပေါက်နှင့် ထွက်ပေါက်၊ အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ရေဆိပ်၊ အခြားလိုအပ်သော လေဆိပ်၊ ရေဆိပ်နှင့် ကားရပ်နားစခန်းများတွက် ကူးစက်ရောဂါ ကြိုတင် ကာကွယ်ရေးအတွက် ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

  (၆) နေအိမ်အဆောက်အအုံ၊ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် အသွားအလာ တားမြစ် ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း၊

  (၇) ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေသည်ဟု သံသယရှိသူများအား သီးခြားထားရှိ ကုသခြင်း၊

  (၈) ကူးစက်ရောဂါအလိုက် လိုအပ်သော ကာကွယ်နှိမ်နင်းရေးအတွက် ဆေးဖျန်းခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်း များ ဆောင်ရွက်ခြင်း၊

  (၉) အများပြည်သူတို့၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်သည့် လုပ်သားများအား ကူစက်ရောဂါ မဖြစ်ပွားစေရေးအတွက် လုပ်ငန်းခွင်တွင် ကျန်းမာရေးနှင့် ညီညွတ်သော နေအိမ်ဆောက်လုပ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေနှင့် သုံးရေရရှိရေး၊ အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ရေး နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့်အစိုးရ မဟုတ်သော အဖွဲ့အစည်းများအား အကြံပြုခြင်းနှင့် ညှိနှိုင်းဆောင် ရွက်ခြင်း၊

  (၁၀) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလုပ်ငန်း များကို ဆောင်ရွက်ခြင်း။

- ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) အရ ကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားစေနိုင်ကြောင်း တွေ့ရှိလျှင် ကျန်းမာရေးဝန် ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသည့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်။

- ပုဒ်မ ၄ အရ အများပြည်သူတို့သည် ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးနှင့် ကူးစက်ရော ဂါကာကွယ်နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့၏ ပုဒ်မ ၃ ပါဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်ကြရမည်။

- ပုဒ်မ ၉ အရ အိမ်ထောင်ဦးစီး၊ အိမ်ထောင်စုဝင်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းရှင်တစ်ဦးဦး သည် အောက်ပါကိစ္စတစ်ရပ်ရပ်ဖြစ်ပွားကြောင်း သိရှိလျှင် သိရှိလျင်း အနီးဆုံး ကျန်းမာရေးဌာန သို့မ ဟုတ် ဆေးရုံသို့ ချက်ချင်းသတင်းပို့ရမည် -

  (က) ကြက်ဌက်အပါအဝင် တိရာစ္ဆာန်များ အစုလိုက်အပြုံအလိုက် သေဆုံးခြင်း၊

  (ခ) ကြွက်ကျခြင်း၊

  (ဂ) ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိခြင်း သို့မဟုတ် ယင်းရောဂါ ဖြစ်ပွားခြင်း၊

  (ဃ) တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်း။

- ပုဒ်မ ၁၁ အရ ကျန်းမာရေးအရာရှိသည် အဓိက ကူးစက်ရောဂါ ဖြစ်ပွားပျံ့နှံ့မှုကို ကာကွယ် နှိမ်နင်း နိုင်ရန်အလို့ငှာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်။

  (က) ကူးစက်ရောဂါဖြစ်ပွားသူကိုဖြစ်စေ၊ အခြားလိုအပ်သော ပုဂ္ဂိုလ်များကိုဖြစ်စေ စုံစမ်းမေးမြန်း ခြင်း၊

  (ခ) ကျန်းမာရေးစစ်ဆေးစေခြင်း၊

  (ဂ) မစင်၊ ဆီး၊ သလိပ်၊ သွေးနမူနာများ ရယူ၍ ဓာတ်ခွဲစစ်ဆေးစေခြင်း၊

  (ဃ) အခြားလိုအပ်သော စစ်ဆေးမှုများကို ပြုလုပ်ခြင်း၊

  (င) ကူးစက်မြန်ရောဂါဖြစ်သည်ကို သံသယရှိသည့် တိရာစ္ဆာန် သို့မဟုတ် ယင်း တိရာစ္ဆာန်ထွက် ပစ္စည်း သယ်ဆောင်လာသောယာဉ်အား ဝင်ထွက်သွားလာခွင့် ပိတ်ပင်တားမြစ်ခြင်း။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော် ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၉ အရ တာဝန်ခံပုဂ္ဂိုလ်သည်-

(က) ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်မရှိသောနေရာ ဖြစ်ကြောင်း ဖော်ညွှန်းသည့် စာတန်းနှင့် အမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထား ရှိရမည်။

(ခ) ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ စီမံထားရှိရမည့် အပြင် ယင်းသို့ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာဖြစ်ကြောင်း ဖော်ညွှန်းသည့် စာတန်းနှင့်အမှတ်အသားများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိရ မည်။

(ဂ) ဆေးလိပ်သောက်ခွင့်မရှိသောနေရာ၌ မည်သူမျှ ဆေးလိပ်သောက်ခြင်း မပြုရန် ကြပ်မတ် ဆောင်ရွက်ရမည်။

(ဃ) မိမိတာဝန်ရှိသည့်နေရာသို့ ကြီးကြပ်ရေးအဖွဲ့ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်း ကို ခံယူရမည်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) အရ သတ္တုတွင်းဝန်ကြီးဌာနသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုး ခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာမြေအဖြစ် သတ်မှတ် လိုပါ က သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလ တန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်းပြုနိုင်သည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထား ပေးရေးအဖွဲ့သည် သတ်မှတ်ထားသော ဈေးနှုန်းကို လျှောက်ထားသူက သတ်မှတ်ကာလ အတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချ ထားပေးရေးအဖွဲ့သည် ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့် အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်းတို့ကို ပြန် လည်သတ်မှတ်ရမည်။

- ပုဒ်မ ၁၆ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန် ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။

(ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။

(င) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ၊

(စ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(၂) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ် မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့်ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

- ပုဒ်မ ၃၆ အရ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းများကို လည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

မော်တော်ယာဉ် ဥပဒေ (၂၀၁၅) အရ မော်တော်ယာဉ်များအား မှတ်ပုံတင်ရန် လိုအပ်ပြီး သတ်မှတ်ထားသော ယာဉ်အမျိုးအစားပေါ်မူတည်ပြီး ယာဉ်မောင်းများမှ လိုင်စင်လျှောက်ထားရန် လိုအပ်ပါသည်။ ဤဥပဒေ၏ ရည်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မော်တော်ယာဉ်များကို အများပြည်သူဆိုင်ရာနေရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်ပေးရန်၊

(ခ) မော်တော်ယာဉ် အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့် အရည်အချင်းများ ပြည့်မီမှု ရှိမရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်၊

(ဂ) လမ်းအသုံးပြုသူများသွားလာမှုလွယ်ကူချောမွေ့စေရန်နှင့်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုရန်၊

(င) မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ လျော့နည်းစေရေး ဆောင်ရွက်ရန်။

လူမှုဖူလုံရေးဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ ဖော်ပြထားသော လုပ်ငန်းဌာနများသည် အလုပ်သမားဝန်ကြီး ဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ သတ်မှတ်ထားသော အနည်းဆုံး အလုပ်သမားဦးရေနှင့်အထက် အလုပ်လုပ်ကိုင်ပါက ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များ အတွက် မှတ်ပုံတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) တွင် လူမှုဖူလုံရေးရန်ပုံငွေတွင် ပါဝင်သော ရန်ပုံငွေများကို ဖော်ပြထားပါသည်။

- ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) အရ အလုပ်ရှင်သည် ဤဥပဒေအရ မိမိ၏ အလုပ်သမားက ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေကို ယင်း၏ လုပ်ခထဲမှ နှုတ်ယူပြီး မိမိက ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေ နှင့်အတူ သက်ဆိုင်ရာ လူမှုဖူလုံရေး ရန်ပုံငွေသို့ ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းရသည့် ကုန်ကျစရိတ်ကိုလည်း အလုပ်ရှင်က ကျခံရမည်။

- ပုဒ်မ ၄၈ အရ အလုပ်ရှင်သည် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်အတွက် မှတ်ပုံမတင် မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော အလုပ်သမားများက အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်များ ရရှိစေရန် သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ပြီး အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေသို့ ထည့်ဝင်ကြေးငွေကို သတ်မှတ်ချက် များနှင့်အညီ ထည့်ဝင်၍ အာမခံထား ရှိရမည်။ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် အာမခံ စနစ်အတွက် မှတ်ပုံတင်မနေရ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်း မရှိသော အလုပ်သမား များအတွက် အလုပ်ရှင်များသည် မိမိတို့၏ဆန္ဒအလျောက်မှတ်ပုံတင်ပြီး အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်ရန်ပုံငွေသို့ သတ်မှတ်ထားသော ထည့်ဝင်ကြေးငွေကို ပေးသွင်းပြီး အာမခံထားရှိနိုင်သည်။ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံထားရှိရေးအတွက် မှတ်ပုံတင်သည့်အခါ အလုပ်သမားသည်ဆေးသက်သေခံ လက်မှတ်ကို တင်ပြရမည်။

- ပုဒ်မ ၄၉ တွင် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေသို့ အလုပ်ရှင်က မှတ်ပုံမတင်မနေရ မှတ်ပုံတင်၍ ဖြစ်စေ၊ အလုပ်ရှင်၏ ဆန္ဒအရ မှတ်ပုံတင်၍ ဖြစ်စေ ထည့်ဝင်ကြေးငွေ ပေးသွေးထားသော လုပ်ငန်းဌာနများ၏ အလုပ်ရှင်နှင့် အာမခံထားသူများသည် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ အလုပ်သမားလျော်ကြေး အက်ဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့် သက်ဆိုင် ခြင်းမရှိစေရ။ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်အတွက် အာမခံထားသူတို့သည် ဤဥပဒေပါ အလုပ်တွင်ထိခိုက် မှု အကျိုးခံစားခွင့်များကိုသာ ခံစားခွင့် ရှိစေရမည်။

- ပုဒ်မ ၇၅ အရ သက်ဆိုင်သည့် လုပ်ငန်းဌာနများ၏ အလုပ်ရှင်သည် -

  (က) အောက်ပါ မှတ်တမ်းနှင့် စာရင်းများကို မှန်ကန်စွာ ပြုစုထားရှိပြီး သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည် -

    (၁) အလုပ်သမား နေ့စဉ် အလုပ်တက်ဆင်း မှတ်တမ်းနှင့် စာရင်းများ၊

    (၂) အလုပ်သမားအသစ်ခန့်ထားခြင်း၊ အလုပ်သမားအား အလုပ်ပြောင်းလဲ၍ အလုပ်လုပ်စေခြင်း၊ အလုပ်မှရပ်စဲခြင်း၊ အလုပ်မှ ထုတ်ပယ်ခြင်းနှင့် အလုပ်မှ နုတ်ထွက်ခြင်း မှတ်တမ်းများ၊

(၃) အလုပ်သမားအား ရာထူးတိုးမြှင့်ပေးခြင်းနှင့် လုပ်ခပေးခြင်း မှတ်တမ်းများ၊

(၄) အလုပ်ရှင်၊ မန်နေဂျာနှင့် အုပ်ချုပ်သူတို့၏ မှတ်တမ်းနှင့် စာရင်းများ၊ ယင်းတို့ အပြောင်းအလဲမှတ်တမ်းများ။

(ခ) အောက်ပါကိစ္စများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ အကြောင်းကြားရမည်-

(၁) အလုပ်သမားဦးရေ ပြောင်းလဲခြင်းနှင့်လုပ်ငန်းဌာန နေရပ်လိပ်စာ ပြောင်းလဲခြင်းများ၊

(၂) အလုပ်ရှင်ပြောင်းလဲခြင်း၊ လုပ်ငန်းပြောင်းလဲခြင်း၊ အလုပ်ရပ်ဆိုင်းခြင်းနှင့် အလုပ်ပိတ်သိမ်းခြင်းများ၊

(၃) အလုပ်တွင်ထိခိုက်မှုကြောင့် ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းနှင့် ရောဂါရခြင်းများ။

(ဂ) အလုပ်မှတ်တမ်းနှင့် စာရင်းများကို ဤဥပဒေအရ လူမှုဖူလုံရေးရုံးချုပ်နှင့် ဒေသဆိုင်ရာ လူမှုဖူလုံရေးရုံး အဆင့်ဆင့်တို့က တာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့ သို့မဟုတ် အရာရှိက တောင်းဆိုသည့်အခါ တင်ပြရမည်။

အလုပ်သမားလျော်ကြေးအက်ဥပဒေ (၁၉၂၃) တွင် အလုပ်လုပ်နေစဉ် ထိခိုက်ဒဏ်ရာရထားသော အလုပ်သမားများအား လျော်ကြေးပေးခြင်းနှင့် ကုသပေးခြင်းတို့နှင့်စပ်လျဉ်း၍ အလုပ်ရှင်ဘက်မှ လုပ်ဆောင်ပေးရမည့် တာဝန်ဝတ္တရားများကို ဖော်ပြထားပါသည်။

၅-၂။ နိုင်ငံတကာ စံချိန်စံညွှန်းများ

အများပြည်သူ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးကို ကာကွယ်ပေးသည့် လမ်းညွှန်ချက်များကို အောက်ပါ ကောင်းသောနိုင်ငံတကာစံနှုန်းများကို ကိုယ်စားပြုသည့် စံနှုန်းများနှင့်လမ်းညွှန်ချက်များကို ဖော်ပြထားသည်။

- နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်း (IFC)
  - စဉ်ဆက်မပျက် ပတ်ဝန်းကျင်နှင့်လူမှုရေး ဆောင်ရွက်ချက် စံနှုန်းများ - PS 1: ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ အန္တရာယ်နှင့်ထိခိုက်မှုများကို ဆန်းစစ်ခြင်းနှင့်စီမံခန့်ခွဲမှု (၂၀၁၂)
  - စဉ်ဆက်မပျက် ပတ်ဝန်းကျင်နှင့်လူမှုရေး ဆောင်ရွက်ချက် စံနှုန်းများ - PS 2: အလုပ်သမားနှင့်အလုပ်ခွင်အခြေအနေ (၂၀၁၂)
  - ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး ယေဘူယျလမ်းညွှန်ချက်များ (၂၀၀၇)

- သတ္တုတွင်းအတွက် ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးလမ်းညွှန်ချက်များ (၂၀၀၇)

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ လေအရည်အသွေး လမ်းညွှန်ချက်များ (၂၀၀၅)
- လုံခြုံရေးနှင့်လူ့အခွင့်အရေးအတွက် အလိုဆန္ဒအလျောက်ဆောင်ရွက်ချက် အခြေခံသဘောတရားများ (Foley Hoag၊ ၂၀၁၈)

၆။ စီမံခန့်ခွဲမှု အစီအမံများ

အောက်ပါ စီမံခန့်ခွဲမှု အစီအမံများသည် အများပြည်သူကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက် သတ္တုတွင်းနှင့်ဆိုင်သော အထက်ဖော်ပြပါ ကောင်းသော နိုင်ငံတကာ လမ်းညွှန်ချက်များကို အခြေခံထားပါသည်။

သတ္တုတွင်းမတူးဖော်မီ

သတ္တုတွင်းကုမ္ပဏီများသည် အများပြည်သူ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးအတွက် လုပ်ဆောင်ရာတွင် ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်း၊ ဆန်းစစ်ခြင်းနှင့်အသုံးချရာတွင် ထိခိုက်ခံဒေသခံပြည်သူများ၏ ယုံကြည်မှုနှင့် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်သည်။ ကျန်းမာရေး စစ်တမ်းနှင့်အစီအစဉ်များတွင် ဒေသခံပြည်သူများ ပါဝင်မှုအတွက် ကြိုတင်ပြီး လွှတ်လပ်သည့် အကြောင်းကြား သဘောတူညီမှု ရှိရမည်။

အောက်ပါ စီမံခန့်ခွဲမှု အစီအမံများကို အကောင်အထည်ဖော်ရမည်။

(က) စစ်တမ်းကောက်ယူမှုအတွက် အများပြည်သူပါဝင်ရန် ကြိုတင်ပြီး လွှတ်လပ်သည့် အကြောင်းကြား သဘောတူညီမှုရယူ၍ ကျန်းမာရေး စစ်တမ်းကောက်ယူခြင်း လိုအပ်မှုနှင့်ရည်ရွယ်ချက်ကို အများပြည်သူ သိရှိအောင်လုပ်ဆောင်သည့် ကျန်းမာရေးဝန်ဆောင်မှုပေးသူ တတိယအဖွဲ့အစည်းများနှင့်/သို့မဟုတ် ကျန်း မာရေး ဌာနကို ပံ့ပိုးမှုနှင့်ရံပုံငွေပေးရမည်။

(ခ) ကျန်းမာရေး စစ်တမ်းကောက်ယူရန် ကျန်းမာရေးဌာနမှ သက်ဆိုင်ရာ သဘောတူညီချက် သို့မဟုတ် ခွင့်ပြုမိန့်များကို ရယူရမည်။

(ဂ) သတ္တုတူးဖော်ခြင်းလုပ်ငန်းများကြောင့် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်နိုင်သော ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေကို နားလည်ရန် ကျန်းမာရေးစစ်တမ်းအတွက် ဒေသခံပြည်သူအိမ်ခြေ ကိုယ်စားပြုနမူနာများအတွက် ပံ့ပိုးမှုနှင့်ရံပုံငွေများပေးရမည်။ ၄င်းကျန်းမာရေးစစ်တမ်းကို ကျန်းမာရေးဌာနမှ အသိအမှတ်ပြုရမည်ဖြစ်ပြီး ကျန်းမာ

ရေးဌာန သို့မဟုတ် ကျန်းမာရေးဝန်ဆောင်မှုပေးသူ တတိယအဖွဲ့မှ လုပ်ဆောင်နိုင်သည်။ ကျန်းမာရေး စစ်တမ်းတွင် အနည်းဆုံးအောက်ပါအချက်များ ပါဝင်ရမည်။

(၁) ယေဘူယျအချက်အလက်များအတွက် အိမ်ခြေများနှင့်၎င်းတို့၏အဖွဲ့ဝင်များကို ဆောင်ရွက်ရာတွင် အောက်ပါအချက်များပါဝင်ရမည်။

(က) အိမ်တွင်ရှိသော လူအရေအတွက်၊ ကျား/မ၊ အသက် (အတည်ပြုနိုင်ခြင်း သို့မဟုတ် ခန့်မှန်းချေ) နှင့်အိမ်တွင် နေထိုင်သော အချိန်ကာလ၊ ခေတ္တဧည့်သည်များရှိပါက အရေအ တွက်နှင့်အိမ်နှင့်မည်သို့ ဆက်နွယ်မှုရှိသည် -

(ခ) အိမ်အခြေအနေနှင့်တစ်ခန်းလျှင် လူမည်မျှနေထိုင်သည် (လူထူထပ်မှုကို ကြီးကြပ်ရန်)၊ လေဝင်လေထွက် (အိမ်တွင်းလေထုညစ်ညမ်းမှု) နှင့်ကြမ်းပြင်အခြေအ နေ။

(ဂ) အစားအသောက်နှင့်အဟာရဆိုင်အချက်အလက်များ။

(ဃ) သောက်ရေ ရရှိသည့်နေရာ - ဥပမာ။ စမ်းချောင်း၊ ရေတွင်း၊ ရေးချောင်းများ သို့မဟုတ် ရေပူးများ။

(င) မိလ္လာနှင့်ရေဆိုးနုတ်စနစ် အမျိုးအစား - ဥပမာ အိမ်သာကျင်း၊ အများပြည်သူ သုံးအိမ်သာ သို့မဟုတ် စီမံထားသည့်နေရာမရှိ။

(စ) တီဘီ၊ ဆုံဆို့နာ၊ မေးခိုင်ရောဂါ၊ ကြက်ညှာချောင်းဆိုး၊ တုတ်ကွေး၊ ဘီပိုး၊ ပိုလီယို၊ ဝက်သက်နှင့်ဂျိုက်သိုးရောဂါများအပါအဝင် ကာကွယ်ဆေးထိုးထားသည့် အခြေ အနေ။

(၂) အိမ်ထောင်စုဝင်များ၏ ကျန်းမာရေးအချက်အလက်များ -

(က) ယခင် အပတ်မှ ဖျားနာခြင်းနှင့် ယခင် ၁၂ လ အတွင်း ပါဝင်သော ဒေသခံပြည်သူများ၏ ယေဘူယျ ကျန်းမာရေး အခြေအနေ နည်းလည်ရန် မေးခွန်းများ။ သွေးတိုးရောဂါ၊ တီဘီ၊ ငှက်ဖျား၊ Filariasis (အသက်အားလုံး) နှင့် ချောင်းဆိုးသည့် လက္ခဏာ၊ အသက်ရှူစတိုခြင်း၊ အပူရှိ ခြင်း သို့မဟုတ် ကလေးငယ်များနှင့် အသက် ၁၀ နှစ်အောက်ကလေးများ ဝမ်းလျှောခြင်းတို့အပါအဝင် ရောဂါများအတွက် ဆေးစစ်ဆေးမှုနှင့်ကုသမှု ရရှိမှု အခြေအနေကို သိရှိရန်ဖြစ်သည်။

(ခ) ပါဝင်သောအရွယ်ရောက်သူတစ်ဦးစီ၏ လက်ရှိ အလေးချိန်၊ အရပ်မြင့်နှင့်ခါး အရွယ်အစား (ခန္ဓကိုယ် ဖွဲ့ စည်းပုံ) (အဝလွန် ခြင်း၊ သာမန်၊ ပိန်သည်)။

(ဂ) အရွယ်ရောက်သူများနှင့် ဆယ်ကျော်သက် (၁၈ နှစ် အထက်) များ၏ သွေးပေါင်ချိန်။

(ဃ) သွေးအားနည်းရောဂါ အထောက်အထား လက္ခဏာများ။

(င) အသဲ၊ ကျောက်ကပ်နှင့်သရက်ရွက်ကြီးလာမှု ရှိမရှိ စစ်ဆေးခြင်း။

(စ) သွေးဖြူဥများခြင်းကြောင့် အဖုများကြီးလာခြင်း ရှိမရှိ စစ်ဆေးခြင်း။

(ဆ) မျက်စိ ရောဂါကူးစက်ခြင်း (မျက်စိနာရောဂါဖြစ်ခြင်း၊ မျက်စိတိမ်စွဲခြင်း၊ မျက်စိအတွင်း အဖုထွက်ခြင်းနှင့် အခြားမျက်စိရောဂါများ)။

(ဇ) အရေပြားရောဂါကူးစက်ခြင်း (ဝဲခြောက်ယားနာ၊ အနာ၊ ပြည်တည်နာ၊ ပွေး၊ ကူးစက်နိုင်သော အရေပြားမှိုရောဂါ။

(စျ) သွားကျန်းမာရေး (သွားပိုးစားခြင်း၊ သွားကျိုးခြင်း၊ သွားဖုံးရောင်ရောဂါ၊ ခံတွင်းအနာဖြစ်ခြင်း။

(ည) စိတ်ကြွစေသောအရာများ အသုံးပြုခြင်း (ဆေးရွက်ကြီး၊ အရက်ယမကာ၊ မူးယစ်ဆေးဝါး - အကြိမ်ရေနှင့်ပမာဏ)

(ဃ) ကျန်းမာရေးစစ်တမ်းရလဒ်များကို လျှို့ဝှက်အနေဖြင့် လုံခြုံစွာ သိမ်းထားရမည်။ အများပြည်သူကျန်းမာရေး စီမံခန့်ခွဲမှုဗျူဟာရေးဆွဲရန် ရည်ရွယ်အတွက်သာ ကျန်းမာရေးဦးစီးဌာန အသိအမှတ်ပြု တတိယအဖွဲ့အစည်းများကိုသာ ပေးရမည်။

(င) အဆိုပြုထားသည့် သတ္တုတွင်းလုပ်ငန်းများသည် အများပြည်သူကျန်းမာရေးကို မည်သို့ထိခိုက်နိုင်သည်ကို နားလည်ရန် ကျန်းမာရေးဘေးအန္တရာယ် ဆန်းစစ်မှုတစ်ခုကို ပြုလုပ်ပါ။

(စ) သတ္တုတွင်းတည်နေရာနှင့်အနီးတဝိုက်နေရာများကို အများပြည်သူကျန်းမာရေးဝန်ဆောင်မှုများနှင့် အစီအစဉ်များ စီမံပြီးသော်လည်းကောင်း အကောင်အထည်ဖော်နေသည်သော်လည်းကောင်း ကျန်းမာရေးဦးစီးဌာနနှင့်ဒေသခံ ကျန်းမာရေးဝန်ဆောင်မှုပေးသူများနှင့်တိုင်ပင်အကြံရယူပါ။

(ဆ) သတ္တုတွင်းလုပ်ငန်းစဉ်များကြောင့် ခန့်မှန်းထားသည့် အများပြည်သူကျန်းမာရေးထိခိုက်မှုများကို စီမံခန့်ခွဲမှု ဗျူဟာဖော်ထုတ်ရန် ကျန်းမာရေး ဦးစီးဌာနနှင့်ဒေသခံကျန်းမာရေး ဝန်ဆောင်မှုပေးသူ တတိယ အဖွဲ့များနှင့်ပူးပေါင်းလုပ်ဆောင်ပါ။

(ဇ) လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်နှင့်အညီ အလုပ်သမားအားလုံး လုပ်ငန်းခွင်ဝင်ရန် သင့်လျော်သည့် ကျန်းမာရေးအခြေအနေ ရှိ မရှိ ဆေးစစ်မှုများပြုလုပ်ရမည်။

(စျ) အလုပ်သမားများကို ကျန်းမာရေးနှင့်ရောဂါများကာကွယ်ရန် အသိပညာပေးခြင်း ထိုအသိပညာများကို ၄င်းတို့အသိုင်းအဝိုင်းတွင် ပြန်လည်မျှဝေပြီး အလားတူ အလေ့အကျင့်များ ၄င်းတို့ နေထိုင်သည့် နေရာများတွင် လုပ်ဆောင်စေရမည်။

(ည) အခြေခံအဆောက်အအုံများ ငွေကြေးပံ့ပိုးပေးခြင်း၊ ကိရိယာ၊ ပံ့ပိုးမှုများနှင့် အခြားရင်းမြစ်များအပါအဝင် အများပြည်သူ၏ကျန်းမာရေး အခြေအနေ တိုးတက်စေရန်နှင့်ကာကွယ်ပေးနိုင်ရန် လူထုအခြေပြုအ ဖွဲ့အစည်းများနှင့်ပေါင်း၍ ဗျူဟာများ ဖော်ထုတ် အကောင်အထည် ဖော်ရမည်။

သတ္တုတွင်း တူးဖော်နေစဉ်

အောက်ပါ စီမံခန့်ခွဲမှု အစီအမံများကို အကောင်အထည်ဖော်ရမည်။

(၎) သတ္တုတွင်းကုမ္ပဏီများနှင့်၄င်းတို့၏လုပ်သားများ၏ သင့်လျော်သည့် အပြုအမူများမှတဆင့် အများပြည်သူ၏ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးကို ကာကွယ်ရန် လိုက်နာရမည့် ကျင့်ထုံးများကို အကောင်အထည်ဖော်ပါ။

(၅) ညံ့ဖျင်းသည် လေအရည်အသွေးနှင့်ဖုန်တို့မှ အများပြည်ကို ကာကွယ်ရန် ဖုန်နှင့်လေအရည်အသွေး စီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော်ပါ။

(၃) အများပြည်သူ၏ကျန်းမာရေးကို ထိခိုက်နိုင်သည့် ဓာတုဗေဒပစ္စည်များနှင့်ထိတွေ့ခြင်းမှ ကာကွယ်ရန် ဓာတုပစ္စည်းနှင့်ဘေးအန္တရာယ်ရှိသောပစ္စည်းများ စီမံခန့်ခွဲခြင်းအစီအစဉ်ကို အကောင်အထည်ဖော်ပါ။

(၀) အများပြည်သူ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးနှင့်ဆိုင်သော စိုးရိမ်မှုများကို ဖော်ထုတ် တုံ့ပြန်နိုင်ရန် အများပြည်သူနစ်နာမှုများ တိုက်ကြားချက်ကိုင်တွယ်မှုစနစ်ကို အကောင်အထည်ဖော်ပါ။

(၈) အများပြည်သူ၏ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေး ကာကွယ် တိုးတက်စေရန်နှင့်ဗျူဟာကောင်းမွန်စေရန် လူထုအထောက်အကူပြုခြင်းနှင့် ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ပါ။

(တ) ဖိတ်စင်မှုများကြောင့် အများပြည်သူကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအပေါ် ထိခိုက်မှုများနှင့်အခြားမတော်တဆမှုများကို လျော့ချရန် အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှု အစီအစဉ်ကို အကောင်အထည်ဖော်ပါ။

(ထ) ရေကြောင့် ဖြစ်ပေါ်သည့်ရောဂါများအပါအဝင် ရေကြီး ရေလျှံမှုကြောင့် ဖြစ်ပေါ်သော ကျန်းမာရေး အန္တရာယ်များကို ကာကွယ်နိုင်ရန် တိုက်စားခြင်းနှင့်အနည်ထိန်းချုပ်မှု အစီအစဉ်ကို အကောင်အ ထည် ဖော်ပါ။

(ဒ) အများပြည်သူနေထိုင်သည့်နေရာနှင့်သတ္တုတူးဖော်သည့် လုပ်ငန်းစဉ်များခွဲခြားထားရန်နှင့် မတည် ငြိမ်သည့် သတ္တုတွင်းနှင့်မြေစာပုံများဘေးအန္တရာယ်မှ ကာကွယ်ရန် သတ္တုတွင်းနှင့်မြေစာပုံစီမံခန့်ခွဲ မှု အစီအစဉ်ကို အကောင်အထည်ဖော်ပါ။

(ဓ) အိုးအိမ်စည်းစိမ်များကို ပျက်စီးစေသော အလွန်အကဲ ဆူညံသံနှင့်တုန်ခါမှုများမှ ကာကွယ်နိုင်ရန် ဆူညံသံနှင့်တုန်ခါမှုစီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော်ပါ။

(န) ရေမှ ရရှိသော ရောဂါများဖြစ်သည့် ဝမ်းပျက်ဝမ်းလျောရောဂါ၊ ကာလဝမ်းရောဂါနှင့်တိုက်ဖွိုက၊ ရေ မှတဆင့် ပေါက်ဖွားလာသော ပိုးမွှားများကြောင့်ဖြစ်သည့် ငှက်ဖျားရောဂါနှင့်သွေးလွန်တုတ်ကွေး ရောဂါ ကဲ့သို့ မာတ်ပြုထားသောရေများမှ ဖြစ်သောရောဂါများကို ကာကွယ်နိုင်ရန် အန္တရာယ် မရှိသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည် ဖော်ပါ။

(ပ) သတ္တုတွင်းလုပ်ငန်းများကြောင့် အများပြည်သူကို ဘေးအန္တရာယ်ဖြစ်စေခြင်းအတွက်နှင့်အလုပ် သမားများအကြား ကူးစက်နိုင်သော ရောဂါများနှင့်အခြားရောဂါများပျံ့နှံခြင်းမှ လျော့ချရန် လုပ်ငန်း ခွင်ကျန်း မာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော်ပါ။

(ဖ) အများပြည်သူအသုံးပြုနေသော ရေအရင်းအမြစ်များ ကာကွယ်ရန် ရေ စီမံခန့်ခွဲမှု အစီအစဉ်ကို အ ကောင်အထည်ဖော်ပါ။

(ဗ) နီးစပ်ရာ လူနေထိုင်သည့်နေရာများတွင် ကူးစက်နိုင်သောရောဂါများပျံ့နှံခြင်းမှ ကာကွယ်ရန်အလုပ် သမားတန်းလျား စီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော်ပါ။

(ဘ) သတ္တုတူးဖော်သည့်နည်းလမ်းပြောင်းသွားလျှင်သော်လည်းကောင်း သတ္တုတွင်းအရွယ်အစား ပြောင်းလဲသွားလျှင်သော်လည်းကောင်း နောက်ဆန်းစစ်မှုလိုအပ်ပါက ကျန်းမာရေး ဘေးအန္တရာယ် ဆန်းစစ်မှုကို ပြန်လည် ဆန်းစစ်ပါ။

(မ) သတ္တုတူးဖော်သည့် အလုပ်သမားများနှင့်သက်ဆိုင်သော ကူးစက်နိုင်သောရောဂါများ ပျံ့နှံကူးစက် လျှင်သော်လည်းကောင်း (၂) နှစ်ပြည့်လျှင်သော်လည်းကောင်း ကျန်းမာရေးဗျူဟာကို ပြန်လည် ဆန်းစစ်ပါ။

(ယ) မျှော်လင့်ထားသည့် ထိခိုက်မှုများ ပြောင်းလဲသွား၍ အများပြည်သူ ကျန်းမာရေးဝန်ဆောင်မှုများနှင့် အစီအစဉ်များ ပြောင်းလဲမှု တစ်စုံတစ်ရာရှိခဲ့လျှင် ကျန်းမာရေးဦးစီးဌာနနှင့်ကျန်းမာရေးဝန်ဆောင်မှု

ပေးသူ တတိယအဖွဲ့များကို အကြံပြုပါ။ ဖော်ထုတ်ပြီးသော ထိခိုက်မှုများကို စီမံရန်ရေးဆွဲထားသည့် ဗျူဟာများကို အကောင်အထည်ဖော်ပါ။

(ရ) သတ္တုတူးဖော်မှုကြောင့်ဖြစ်ပေါ်သော ဖြစ်နိုင်ဖွယ် လုံခြုံရေးပြဿနာများနှင့်ခြိမ်းခြောက်မှုများကို ဒေသန္တရအုပ်ချုပ်ရေးမှူး၊ ရဲနှင့်အခြားလုပ်ခြုံရေးအဖွဲများနှင့် ပူးပေါင်းဖော်ထုတ်ပါ။

(လ) သတ္တုတွင်းကုမ္ပဏီများမှ လုံခြုံရေးအဖွဲ့များကို လုံခြုံရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ အလိုလျောက်လုပ်ဆောင်မှု အခြေခံသဘောတရားများကို သင်တန်းပို့ချပါ။

သတ္တုတွင်း တူးဖော်ပြီး

အောက်ပါ စီမံခန့်ခွဲမှု အစီအစဉ်များကို အကောင်အထည်ဖော်ရမည်။

(ဝ) ရံပုံငွေအစီအမံများအပါအဝင် အဆိုပြု ကျန်းမာရေးဝန်ဆောင်မှုပံ့ပိုးမှု သို့မဟုတ် စတင်လုပ်ဆောင်ထားသော ကျန်းမာရေးစောက်ရှောက်မှုများ လွှဲပြောင်းခြင်းကို ဆွေးနွေးရန်နှင့် အဆိုပြုသတ္တုတွင်းပိတ်သိမ်းခြင်းကို ကျန်းမာရေးဦးစီးဌာနနှင့်ဒေသခံကျန်းမာရေးဝန်ဆောင်မှုများပေးသူ တတိယအဖွဲ့သို့ အကြံ ပြုပါ။

(သ) နောက်ဆုံးမြေပြင်ဒီဇိုင်းနှင့်ပိတ်သိမ်းမှု အယူအဆတို့နှင့်သက်ဆိုင်သည့် အများပြည်သူကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းအပေါ် စိုးရိမ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် သတ္တုတွင်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော်ပါ။

(ဟ) သတ္တုတွင်းနှင့်မြေစာပုံများကို အများပြည်သူ၏ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးကို ကာကွယ်သည့် အနေဖြင့် ပြန်လည်ထူထောင်ရေးစီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော်ပါ။

၇။ ဆောင်ရွက်မှု စံနှုန်းများ

အများပြည်သူကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေး ဆောင်ရွက်ချက် စံနှုန်းများမှာ -

- သတ္တုတူးဖော်သည့် လုပ်ငန်းများနှင့်ဆက်စပ်သော အများပြည်သူ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံမှုဆိုင်ရာ တိုင်းတန်းချက်များ။
- သတ္တုတူးဖော်သည့် လုပ်ငန်းများနှင့်ဆက်စပ်သော အများပြည်သူ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံမှုဆိုင်ရာ ဖြစ်ရပ်များ။

၈။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ အချက်များ

သတ္တုတူးဖော်သည့် ကုမ္ပဏီများသည် ကျန်းမာရေးဦးစီးဌာနနှင့်ကျန်းမာရေးဝန်ဆောင်မှုပေးသူ ဒေသခံ တတိယအဖွဲ့နှင့်အများပြည်သူကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးကို စောင့်ကြပ်ကြည့်ရှု့ စစ်

ဆေးရုံ တာဝန်ရှိပါသည်။ ဤအစီအစဉ်အရ စောင့်ကြပ်ကြည့်ရှု့ စစ်ဆေးရမည့်အပြင် သတ္တုတွင်းကုမ္ပဏီများသည် ဇယား (၂) တွင် ဖော်ပြထားသော အချက်များကို စောင့်ကြပ်ကြည့်ရှု့ စစ်ဆေးရမည်။

ဇယား (၂) စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှု့ခြင်း ကြိမ်နှုန်း

လုပ်ငန်းစဉ်	ကြိမ်နှုန်း
အများပြည်သူ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ တိုင်တန်းချက်များ။	လစဉ်
အများပြည်သူ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဖြစ်ရပ်များ။	လစဉ်
အများပြည်သူ ကျန်းမာရေး ဗျူဟာများ။	တစ်နှစ်တစ်ကြိမ်
အများပြည်သူ ကျန်းမာရေး စစ်တမ်း (ကျန်းမာရေး ဦးစီးဌာနနှင့် ကျန်းမာရေး ဝန်ဆောင်မှုပေးသူ တတိယ အဖွဲ့အစည်း။	(၂) နှစ် တစ်ကြိမ်
ကျန်းမာရေး ဘေးအန္တရာယ် ဆန်းစစ်ခြင်း။	(၂) နှစ်တစ်ကြိမ်
ကျန်းမာရေး ဦးစီးဌာနနှင့်ကျန်းမာရေးဝန်ဆောင်မှုပေးသူ တတိယအဖွဲ့အစည်းများ။	(၆) လ တစ်ကြိမ်

အများပြည်သူ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံမှု စီမံခန့်ခွဲသည့် အစီအစဉ် **ကိုက်ညီမှု စစ်ဆေးသည့်စာရင်း**	
မော်နှင့် လုပ်ကွက်အမှတ် **သတ္တုတွင်းနှင့် ကုမ္ပဏီအမည်**	
စစ်ဆေးခြင်း/ဆန်းစစ်ခြင်း လုပ်ဆောင်သူအမည်	
စစ်ဆေးခြင်း/ဆန်းစစ်ခြင်း ဆောင်ရွက်သည့်ရက်စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထားများ	လိုက်နာမှု အခြေအနေ? Yes/No
အများပြည်သူ ကျန်းမာရေး စစ်တမ်း ဆောင်ရွက်ပြီး ဖြစ်သည်။	
အများပြည်သူ ကျန်းမာရေးဘေးအန္တရာယ်ဆန်းစစ်ခြင်း ဆောင်ရွက်ပြီး ဖြစ်သည်။ (လိုအပ်လျှင် အသစ်ပြုလုပ်ရန်)	
ကျန်းမာရေးဦးစီးဌာနနှင့်ကျန်းမာရေးဝန်ဆောင်မှုပေးသူ တတိယအဖွဲ့အစည်းများ ကျန်းမာရေးစစ်တမ်းနှင့်ကျန်းမာရေး ဘေးအန္တရာယ် ဆန်းစစ်မှုမှ တွေ့ရှိချက်အထောက်အထားများ။	
အများပြည်သူကျန်းမာရေး မဟာဗျူဟာများ ပံ့ပိုးဆောင်ရွက်မှု အထောင်အထားများ။	
ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် လုံခြုံရေးဆိုင်ရာ တိုင်းကြားချက် သို့မဟုတ် ဖြစ်ရပ်များ တုံ့ပြန်ထားသည့် ပြုပြင်တည့်မတ် ဆောင်ရွက်ချက် အထောက်အထားများ။	

ဖားကန့် /လုံးခင်းရတနာနယ်မြေပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်	
ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှု အစီအစဉ်	
Version: Rev 1	ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်

၁။ နိဒါန်း

အကြီးစား၊ အလတ်စားနှင့် အသေးစား မဟူကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းတိုင်းသည် သမိုင်းအထောက်အထားဖော်ညွှန်းသည့် ရှေးဟောင်းသုတေသနဆိုင်ရာ ရှေးလူ့အသုံးအဆောင်ပစ္စည်းများ၊ အဆောက်အအုံများနှင့် ယဉ်ကျေးမှုနယ်မြေများ၊ ယဉ်ကျေးမှု၊ သမိုင်းနှင့်ဘာသာရေးအရ အရေးပါသောအဆောက်အအုံများ သချိုင်းများနှင့် လူသေမြှုပ်နှံသော သုသာန်များအပါအဝင် (ဖော်ပြပါအားလုံးကိုခြုံငုံ၍ ယဉ်ကျေးမှုအမွေအနှစ်ဟုရည်ညွှန်းပါသည်) ယဉ်ကျေးမှုအမွေအနှစ်ကို ပျက်စီးစေခြင်း သို့မဟုတ် အနှောက်အယှက်ပြုခြင်းဖြစ်စေနိုင်ပါသည်။ အဓိကအားဖြင့် သစ်ပင်ခုတ်ထွင်ရှင်းလင်းခြင်း၊ မြေပြင်ပျက်စီးမှု၊ မော်တော်ယာဉ်များ ရွှေ့လျားသွားလာခြင်းနှင့် ထိခိုက်မှု သို့မဟုတ် အလုပ်သမားများ အကြောင်းမဲ့ဖျက်ဆီးခြင်းတို့ကြောင့် ယင်းသို့ဖြစ်ရပါသည်။

ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲမှုအစီအစဉ် (ယခုအစီအစဉ်)တွင် ကျောက်စိမ်းတူးဖော်ခြင်းကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရမည့်လုပ်ဆောင်ချက်များကို ဖော်ပြထားပါသည်။ ဤအစီအစဉ်သည် လုံးခင်း/ ဖားကန့်ရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး အခြားသောကဏ္ဍများနှင့် တွဲ၍ဖတ်ရှုသင့်ပါသည်။

၂။ ရည်ရွယ်ချက်

ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှု အစီအစဉ်၏ ရည်မှန်းချက်များမှာ -

- ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ဆိုးရွားသော ထိခိုက်မှုများ ဖြစ်စေခြင်းမှ ရှောင်ရှားနိုင်ရန် သို့မဟုတ် နည်းနိုင်သမျှနည်းစေရန်။
- သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းများ လုပ်ဆောင်နေစဉ်တွေ့ရသော ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်း သို့မဟုတ် နယ်မြေများကို စီမံခန့်ခွဲရန်တို့ဖြစ်ကြသည်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

အထိခိုက်ခံအုပ်စု (Affected Party) - သတ္တုတွင်းလုပ်ငန်းများကြောင့် ထိခိုက်ခံ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်း။

(ကံအားလျော်စွာ) Chance find - ယဉ်ကျေးမှုအမွေအနှစ်များ ကံအားလျော်စွာ တွေ့ရှိမှု။

လူထု (Community) - ထပ်တူကျသော ဘုံလက္ခဏာများရှိပြီး ဆက်လက်ဖြစ်ပေါ်နေသော ရည်ရွယ်ချက် အကြောင်းရင်းတစ်ခုကိုအရင်းခံ၍ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ဆက်ဆံသော လူအုပ်စု တစ်ခု။

လူထုအခြေပြုအဖွဲ့အစည်း (Community Reference Group) - လူထုအတွက် ပြဿနာများနှင့် စိုးရိမ်ပူပန်မှုများ ဖွင့်ဟတိုင်ကြားခြင်းအပါအဝင် သတ္တုတွင်းတူးခြင်း လုပ်ငန်းဆောင်ရွက်ချက်နှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုကို လူထုအားအသိပေးရန်၊ အဓမ္မရွှေ့ပြောင်းခံရခြင်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဆက်နွယ်သော ကိစ္စရပ်များဖြေရှင်းရန် သတ္တုတွင်းကုမ္ပဏီများနှင့် ဒေသခံနေထိုင်သူများအကြား ဆက်သွယ်ရေးလွယ် ကူစေရန်အတွက် လူထုအဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသော အဖွဲ့။

တိုင်တန်းချက် (Complaint) - သတ္တုတွင်းကုမ္ပဏီတစ်ခု၏ လုပ်ဆောင်ချက်နှင့်ပတ်သတ်၍ အထိခိုက်ခံ အုပ်စုတစ်ခုမှ တရားဝင်ပြုလုပ်သော မကျေနပ်ကြောင်းဖော်ပြချက်။

ပြုပြင်တည့်မတ်ဆောင်ရွက်ချက် (Corrective action) - လိုက်နာကျင့်သုံးမှုမရှိသော အကြောင်းတရားများကို ဖယ်ရှားသည့်လုပ်ငန်းစဉ်နည်းလမ်းများ ပိုမိုကောင်းမွန်စေရန်နှင့် ဖြစ်ရပ်များထပ်မံဖြစ်ပွားခြင်းကို ကာကွယ်ရန် ဖြစ်ပွားပြီးအခြေအနေတစ်ခုကို ပြုပြင်တည့်မတ်ရန်ပြုလုပ်သော ဆောင်ရွက်ချက်။

ယဉ်ကျေးမှုအမွေအနှစ် – သမိုင်းတန်ဖိုးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ၊ သို့မဟုတ် ရှေးဟောင်းသုတေသနပညာအရ အရေးပါသောနယ်မြေ သို့မဟုတ် သမိုင်းဝင် လူအသုံးအဆောင်ပစ္စည်းတစ်ခုကိုဆိုလိုသည်။ ယင်းတွင် သချိုင်းများနှင့် လူသေမြုပ်နှံရာ တစပြင်များလည်းပါဝင်သည်။ သက်ဆိုင်သည့် ဥပဒေများတွင် ပြဋ္ဌာန်းထားသော နေရာနှင့် အဆောက်အအုံများ။

နစ်နာမှုတိုင်ကြားချက် (Grievance) - သတ္တုတွင်းကုမ္ပဏီတစ်ခု၏ လုပ်ဆောင်ချက်များ သို့မဟုတ် လုပ်ဆောင်ရန်လစ်ဟင်းချက်များ၏ အကျိုးဆက်ကြောင့်ဖြစ်ပေါ်လာသည်ဟု စွပ်စွဲထားသော ပျက်စီးမှု၊ ထိခိုက်မှုနှင့် မကျေနပ်ချက်များကို အထိခိုက်ခံအုပ်စုတစ်ခုက စွဲချက်တင်ထားသော တိုင်ကြားချက်တစ်ခု။ နစ်နာမှု တိုင်ကြားချက်တစ်ခုကို များသောအားဖြင့် ပြုပြင်တည့်မတ်ဆောင်ရွက်ချက်၊ လျော်ကြေး သို့မဟုတ် နှစ်ခုစလုံးကို တောင်းဆိုလို၍ တိုင်ကြားသည်။

ဖြစ်ရပ် (Incident) - ပတ်ဝန်းကျင်၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ လုံခြုံမှု၊ကျန်းမာရေးနှင့် လူတို့၏ အသက်မွေးဝမ်းကြောင်းအပေါ် မလိုအပ်လား မမျှော်လင့်သော သက်ရောက်မှု နှင့်/သို့မဟုတ် ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာအပေါ် သက်ရောက်မှု သို့မဟုတ် ဥပဒေနှင့်စည်းမျဉ်းပိုင်းဆိုင်ရာ လိုက်နာမှုအပေါ် သက်ရောက်မှုတို့ ဖြစ်စေသော ဖြစ်ရပ်တစ်ခု သို့မဟုတ် ဖြစ်ရပ်များ။

သတ္တုတွင်းကုမ္ပဏီ (Mining company) - ကျောက်စိမ်းလုပ်ကွက်၊ နေရာတစ်ခုတွင် ကျောက်စိမ်းထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိထားသော ကုမ္ပဏီ၊ အကျိုးတူကုမ္ပဏီ၊ သမအသင်းလုပ်ငန်း၊ လူပုဂ္ဂိုလ်များ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦး။

လိုက်နာကျင့်သုံးမှုမရှိခြင်း (Non-conformance) - ဤပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP)နှင့်/သို့မဟုတ် သက်ဆိုင်သော ဥပဒေများ၊ စည်းမျဉ်းများ၏ ပြဋ္ဌာန်းချက်များကို ပြည့်စုံအောင်လိုက်နာ မဆောင်ရွက်နိုင်မှု။

ကာကွယ်တားဆီးဆောင်ရွက်ချက် (Preventative action) - လိုက်လျောကိုက်ညီမှုမရှိသော အကြောင်းတရားများကို ဖယ်ရှားသည့် လုပ်ငန်းစဉ်နည်းလမ်းများကို ပိုမိုကောင်းမွန်စေရန်နှင့် ဖြစ်ရပ်များ ထပ်မံဖြစ်ပွားခြင်းကိုကာကွယ်ရန် အခြေအနေတစ်ခုမဖြစ်ပွားမီတွင် ပြုလုပ်သောဆောင်ရွက်ချက်။

အလုပ်သမား (Worker) - သတ္တုတွင်းကုမ္ပဏီပိုင်ရှင်များ၊ လုပ်သားများ၊ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံကန်ထရိုက်တာများနှင့် မိသားစုဝင်များအားလုံးအပါအဝင် သတ္တုတွင်းကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်နေသည့် လူပုဂ္ဂိုလ်များ။

၄။ ဆက်စပ်အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ

ဤအစီအစဉ်သည် အောက်ပါအခြားကဏ္ဍများတွင်ပါဝင်သော စီမံခန့်ခွဲမှုအစီအမံများကို အကောင်အထည်ဖော်ဆောင်ရန်ဖြစ်သည်။

- မြေနေရာ အသုံးချခွင့် စီမံခန့်ခွဲမှုအစီအစဉ်
- လူထုအထောက်အကူပြုခြင်းနှင့် ဖွံ့ဖြိုးရေး အစီအစဉ်
- လူထုနစ်နာမှု ကိုင်တွယ်ဖြေရှင်းသည့် နည်းစနစ်
- ဖြစ်ရပ်များကို အစီရင်ခံခြင်း နည်းလမ်းများ

၅။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုနှင့် ဆက်နွယ်သော ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများကို အောက်ပါကဏ္ဍတွင် စာရင်းပြုစုထားသည်။

၅.၁။ ဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များ

ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုနှင့် ဆက်နွယ်သော မြန်မာနိုင်ငံဥပဒေများနှင့် လမ်းညွှန်ချက်များမှာ-

ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၅) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၂ အရ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ဝတ္ထုပစ္စည်းတစ်ခုခုကို တွေ့ရှိသူသည် အဆိုပါဝတ္ထုပစ္စည်းများမှာ ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်ကြောင်း သိရှိလျှင် သို့မဟုတ် ယူဆရန် အကြောင်းရှိလျှင် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးသို့ ဆောလျင်စွာ သတင်းပို့ရမည်။

ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (စ) အရ ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ဧရိယာအတွင်း၌ မြေမျက်နှာသွင်ပြင် ပျက်စီးစေသည့် ရွှေကျင်းခြင်း၊ မြေတူးဖော်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ရေတွင်း၊ ရေ ကန်၊ ချောင်း၊ မြောင်း၊ လှိုဏ်၊ ချိုင့်များတူးခြင်း၊ ဖို့ခြင်း၊ မြေညှိခြင်း၊ မိုင်းခွဲခြင်း၊ ကျောက်တူးခြင်း၊ ကျောက်စရစ်၊ သဲထုတ်ယူခြင်း၊ ကုန်းများ၊ တောင်များဖြိုဖျက်ခြင်း ပြုလုပ်မှု တစ်ခုခုကို ဆောင်ရွက် လိုသူသည် ကြိုတင်ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

ယာဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ (၁၉၉၈) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၃ အရ အောက်ပါကိစ္စရပ်တစ်ခုခု ပြုလုပ်လိုသူသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်း ချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက် ရရှိရန် သတ်မှတ်ချက် များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

  (က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာ ဇုန် သို့မဟုတ် ရှေးဟောင်းနေရာ တည်ရှိရာဇုန် အတွင်းတွင် -

    (၁) အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့တည်ဆောက်ခြင်း၊

    (၂) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

  (ခ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့ တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

  (ဂ) ယာဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် -

(၁) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်း ပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ၊ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၂) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၃) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း။

- ပုဒ်မ ၂၂ အရ မည်သူမျှ ယာဉ်ကျေးမှုအမွေအနှစ်ဒေသ အတွင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်း မရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း မပြုရ။

EIA လုပ်ငန်းစဉ်တွင် ပါဝင်သော အများပြည်သူ ပူးပေါင်းပါဝင်မှုဆိုင်ရာ လမ်းညွှန်မှု အရ စီမံကိန်းအဆိုပြုသူများသည် ကျောက်စိမ်းတူးဖော်ခြင်း၏ ထိခိုက်မှုများနှင့် ပတ်သက်၍ စီမံကိန်းကြောင့် ထိခိုက်ခံထားရသော ဒေသခံလူအဖွဲ့အစည်းများ၊ သက်ဆိုင်သော အစိုးရဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အပြင် ရှေးဟောင်း အဆောက်အအုံများနှင့် ရှေးဟောင်းအရာဝတ္ထုများ အပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်နိုင်ဖွယ်ရှိသော ကိစ္စရပ်များတွင် ၎င်းအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ရန် လိုအပ်ပါသည်။ လမ်းညွှန်ချက်တွင် ဖော်ပြချက်အရ အချက်အလက် ပြည့်စုံစွာ ဆွေးနွေးတိုင်ပင်ရန် လိုအပ်ပြီး သက်ဆိုင်သော အဖွဲ့အစည်းများကို ဖြစ်လာနိုင်သော ထိခိုက်မှုများနှင့် ထိခိုက်မှုများကို လျော့နည်းစေရန် အဆိုပြုဆောင်ရွက်ချက်များကို အသိပေးထားရန် လိုအပ်သည်။

၅.၂။ နိုင်ငံတကာ လမ်းညွှန်ချက်များ

နိုင်ငံတကာငွေကြေးဆိုင်ရာ ကော်ပရေးရှင်း (The International Finance Corporation IFC) သည် ယဉ်ကျေးမှုအမွေအနှစ်ကို စီမံခန့်ခွဲရန် အကောင်ဆုံး နိုင်ငံတကာလုပ်ထုံးလုပ်နည်းများဖြင့် လမ်းညွှန်ချက်များ ထုတ်ပြန်ပေးပြီးဖြစ်ပါသည်။

- International Finance Corporation – Performance Standard 8: Cultural Heritage (2012).

၆။ စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များ

အောက်ပါအစီအမံများကို အကောင်အထည်ဖော်ရမည် -

(က) သိရှိပြီးသော ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ သို့မဟုတ် နယ်မြေများ၊ ၎င်းနယ်မြေများကို ကာကွယ်စောင့်ရှောက်ရန် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ၊ မမျှော်လင့်ပဲတွေ့ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်နယ်မြေ (သို့) ပစ္စည်းများအား မည်သို့စီမံရမည်ကို အလုပ်သမားအားလုံးအား သင်ကြားလေ့ကျင့်ပေးပါ။

(ခ) သတ္တုတွင်းတူးဖော်ခြင်း လုပ်ငန်း မစတင်မီ ၄င်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ လုပ်ကိုင်ရန် လိုအပ်သော နေရာများရှိ ယဉ်ကျေးမှုအမွေအနှစ် နယ်မြေများတည်နေရာကို ဒေသခံလူထုထံမှ အကြံဉာဏ် တောင်းခံရယူပါ။

(ဂ) ယဉ်ကျေးမှုအမွေအနှစ်နယ်မြေ၏ တည်နေရာ သို့မဟုတ် နယ်မြေ၏ အရေးပါမှုကို နားလည် သဘောပေါက်ရန် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ကာလကြာမြင့်စွာတည်ရှိခဲ့သော ယဉ်ကျေးမှု ဆိုင်ရာအသုံးဝင်မှုကို အသုံးပြုကြသော သို့မဟုတ် အသုံးပြုခဲ့ကြ၍ အမှတ်ရနေသေးသူများ ပါဝင် သည့် လူအဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများတို့နှင့် တိုင်ပင်ဆွေးနွေးပါ။

(ဃ) နယ်မြေ၏တည်နေရာ (GPS အမှတ်အသားများဖြင့်)နှင့် အရွယ်အစား၊ နယ်မြေအမျိုးအစား၊ ယင်း ၏ အရေးပါမှု၊ ယင်းအား‌ကာကွယ်စောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲမှုအတွက် ထည့်သွင်းစဉ်းစားရမည့် အချက်များ၊ ထိန်းသိမ်းစောင့်ရှောက်နေသူ၏ အသေးစိတ်အချက်အလက်များတို့အပါအဝင် သတ္တု တွင်းနှင့်ကပ်လျက်ရှိသော ယဉ်ကျေးမှုအမွေအနှစ်နယ်မြေများ၏မှတ်တမ်းကို ထိန်းသိမ်းထားပါ။

(င) အလုပ်လုပ်ရာနေရာများ၏ အနီးအနားမှ သိရှိထားပြီးသော ယဉ်ကျေးမှုအမွေအနှစ်နယ်မြေများကို သတ္တုတူးဖော်ခြင်းလုပ်ငန်းများကြောင့် မထိခိုက်စေရန် စည်းရိုးများကာခြင်းနှင့် အမှတ်အသားများ ထားခြင်းတို့ဖြင့် ဖယ်ချန်ထားပါ။

(စ) ဒေသခံလူထုများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် တိုင်ပင်၍ ပမာနကျသော ကျန်းမာရေး အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးပြဿနာများကို တွက်ဆပြီး ယဉ်ကျေးမှုအမွေအနှစ်နယ်မြေ အား ဆက်လက်အသုံးပြုခွင့်နှင့် ပင်ရောက်ရန် အခြားလမ်းကြောင်းများကို ဖန်တီးပေးထားပါ။

(ဆ) အောက်ပါအခြေအနေများ မဖြစ်ပေါ်လျင် ယဉ်ကျေးမှုအမွေအနှစ်ကို နောက်ယှက်ခြင်း ဖယ်ရှား ခြင်းမပြုလုပ်ရ။

၁) နည်းပညာပိုင်းအရသော်လည်းကောင်း၊ ငွေကြေးအရသော်လည်းကောင်း ဖယ်ရှားရန်ဖြစ် နိုင်သော အခြားရွေးချယ်ချက်များ မရနိုင်လျှင်။

၂) ဖယ်ရှားလိုက်သဖြင့် မျော်လင့်ထားသည့် သဘာဝအမွေအနှစ်ဆုံးရှုံးမှုထက် သတ္တုတွင်း တူး ဖော်ခြင်းလုပ်ငန်း၏ အထွေထွေအကျိုးအမြတ်က အဆမတန်သာလွန်ခြင်း အဆိုပြုချက် မခိုင်လုံလျှင်။

၃) ယဉ်ကျေးမှုအမွေအနှစ်များ ဖယ်ရှားထုတ်ခြင်းကို ရနိုင်သမျှ အကောင်းဆုံးနည်းပညာများ ဖြင့် ဆောင်ရွက်ရမည်။

(ဇ) ယဉ်ကျေးမှုအမွေအနှစ်အား ရှောင်လွှဲမရပဲ ဖယ်ရှားရမည်ဆိုလျှင် အောက်ပါအစီအမံများအား အရေးကြီးမှု အဆင့်အလိုက်ဆောင်ရွက်ပါ။

၁) ယဉ်ကျေးမှုအမွေအနှစ်နယ်မြေ သို့မဟုတ် ပစ္စည်းကို ပြန်လည်နေရာချထား၍ ယင်းအား အထောက်အကူပြုနေသည့် ဂေဟစနစ်နှင့်အတူ ယဉ်ကျေးမှု အမွေအနှစ်တန်ဖိုးနှင့် အသုံးကျမှုအား နဂိုမူလအတိုင်းရှိနေစေရန် ပြန်လည်ပြင်ဆင်မွမ်းမံရမည်။

၂) ပြန်လည်နေရာချထားရန် လက်တွေ့တွင် မဖြစ်နိုင်ပါက ယဉ်ကျေးမှုအမွေအနှစ်အား မှတ်တမ်းတင်၍ အဖိုးတန်သမိုင်းဂင် လူ့အသုံးအဆောင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ထားရန် ပြတိုက် သို့မဟုတ် အခြားသင့်တော်သော နေရာတွင် ခင်းကျင်းထား ပါ။

၃) ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ပြင်ဆင်မွမ်းမံခြင်းနှင့် ဆယ်ယူထိန်းသိမ်းခြင်းတို့ လက်တွေ့ပြုလုပ်မရပါက (လူထုအခြေပြုအဖွဲ့များမတဆင့်) ယဉ်ကျေးမှုအမွေအနှစ်ဆုံးရှုံးမှုအတွက် လျော်ကြေးပေးရန် ထိခိုက်ခံ ပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆွေးနွေးပါ။

(ဈ) ယဉ်ကျေးမှုအမွေအနှစ်ဖြစ်နိုင်သည့်အလားအလာရှိသောနေရာတွေ့ရှိမှုဖြစ်စဉ်တွင် အောက်ပါအဆင့်များ အကောင်အထည်ဖော်ရမည်။

၄) တွေ့ရှိသောနေရာရှိ သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းအားလုံးရပ်ဆိုင်းပါ။

၅) တွေ့ရှိသောနေရာမှ ပတ်ပတ်လည် ၅၀ မီတာတွင် ယာယီခြံခတ်ခြင်းနှင့်/ သို့မဟုတ် အမှတ်အသား ထားရှိခြင်းပြုလုပ်ပါ။

၆) တွေ့ရှိသောနေရာအားလုံး စိတ်ချရအောင် စီမံကြိုးကြပ်လျှင် သတ္တုတွင်း၏ ပတ်ဂန်းကျင်နှင့် ဘေးကင်းလုံခြုံရေးအရာရှိထံ အစီရင်ခံသတင်းပို့ပါ။

၇) တွေ့ရှိမှုအခြေအနေများကို မှတ်တမ်းရေးသားရန် ကံအားလျော်စွာ တွေ့ရှိမှု အစီရင်ခံစာ (Chance Find Report)။

(က) တွေ့ရှိမှု အသေးစိတ် (တွေ့ရှိသူနာမည်၊နေ့စွဲ၊ အချိန်၊ GPS/မြေပုံအညွှန်းများ) (ရနိုင်ပါက)နှင့် အမျိုးအစား (သိလျှင်)။

(ခ) ယင်းနေရာတွင် အလုပ်သမားများရှိနေရသည့်အကြောင်းအရင်း။

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည်ဟု သိရှိပုံ သိရှိနည်း။

(ဃ) မတွေ့မီ (သို့) တွေ့ရှိစဉ် ယဉ်ကျေးမှုအမွေအနှစ်အားထိခိုက်မှုရှိမရှိ (ဖြစ်ခဲ့သော ထိခိုက်မှုပမာဏ အသေးစိတ်ဖော်ပြချက်)။

(င) လိုအပ်လျှင် ယဉ်ကျေးမှုအမွေအနှစ်အား ကာကွယ်စောင့်ရှောက်ရန် ဆောင်ရွက်သော လုပ်ဆောင်ချက်များ။

(ဈ) စီမံခန့်ခွဲမည့်နည်းလမ်းကို ဆုံးဖြတ်ရန် ကံအားလျော်စွာ တွေ့ရှိမှုအစီရင်ခံစာကို သတ္တုတွင်းမန်နေဂျာနှင့် လူထုအခြေပြုအဖွဲ့တို့ကို ပေးအပ်ပါ။ တွေ့ရှိသော ယဉ်ကျေးမှုအမွေအနှစ်၏ အရေးပါပုံကို သေသေချာချာ ဂဃနဏမသိပါက အတွေ့အကြုံရှိသောရှေးဟောင်း သုတေသနပညာရှင်တစ်ဦးဦးထံမှ အကြံဉာဏ်တောင်းယူပါ။

(၉) လူထုအခြေပြုအဖွဲ့များနှင့်/သို့မဟုတ် ရှေးဟောင်းသုတေသနပညာရှင်တို့ထံမှ စီမံခန့်ခွဲရန် သင့်လျော်သော အကြံဉာဏ် ရရှိသည်အထိ တွေ့ရှိသည့် နေရာအား ပင်ရောက်ခွင့်ပိတ် ထားပါ။

(ည) ယဉ်ကျေးမှုအမွေအနှစ်များအား ထိခိုက်မှု အလားအလာလျော့ချရန် တည်ထောင်ပြီး လမ်းကြောင်း များနှင့် လုပ်ငန်းခွင်နေရာများသို့ မော်တော်ယာဉ်၊ သတ္တုသန့်စင်စက် (mining plant) နှင့် စက်ယန္တယားများ ရွှေ့လျားလုပ်ရှားမှုကို အကန့်အသတ်နှင့်လုပ်ပါ။ လမ်းဖောက်လုပ်ထားခြင်း မရှိ သည့်နေရာနှင့် လုပ်ငန်းခွင်ပြင်ပနေရာများမှ လုပ်ငန်းဆောင်တာများကို တက်နိုင်သမျှ လျော့ချပါ။

၇။ လုပ်ဆောင်ချက်စံနှုန်းများ

- ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုအတွက် လုပ်ဆောင်ချက်စံနှုန်းများ ယဉ်ကျေးမှုအမွေအနှစ် ထိခိုက်မှု မရှိခြင်း။
- တိုင်တန်းချက်များ မရရှိခြင်း။
- ကံအားလျော်စွာတွေ့ရှိမှု အစီရင်ခံစာများ။

၈။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ အချက်များ။

ယခုအစီအစဉ်နှင့် တွဲလျက်ပါရှိသည် စစ်ဆေးရန်ပြုစုထားသည့်စာရင်းကို အသုံးပြု၍ ယဉ်ကျေးမှုအမွေ အနှစ် စီမံခန့်ခွဲမှုအစီအစဉ်နှင့် ကိုက်ညီမှုများကို စစ်ဆေးခြင်း ပြုလုပ်ရမည့်အကြိမ်ကို **ဇယား (၁)** တွင် ဖော်ပြထားသည်။

ဇယား (၁) စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း ကြိမ်နှုန်း

လုပ်ငန်းစဉ်များ	ကြိမ်နှုန်း
ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုနည်းလမ်းများကို အလုပ်သမားများ သိရှိနားလည်မှု စစ်ဆေးရန် ရှောင်တခင် အင်တာဗျူးများပြုလုပ်ရန်။	လုပ်ဆောင်ဆဲ (သတ္တုတွင်းတူးဖော်သည့် ရာသီတိုင်း အနည်းဆုံးတစ်ကြိမ်)
သိရှိထားသော ယဉ်ကျေးမှု အမွေအနှစ်နယ်မြေများ၊ အထိအခိုက်မရှိ ထိန်းသိမ်းခြင်း သေချာစေရန် ပုံမှန်စစ်ဆေးမှုများ။	လစဉ်
ဒေသခံလူထုနှင့် လူထုအခြေပြု အဖွဲ့များဖြင့် ရှိနေသော ဆက်ဆံရေး။	လုပ်ဆောင်ဆဲ

ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲမှု အစီအစဉ် **လိုက်နာကိုက်ညီမှု စစ်ဆေးရန် စာရင်း**	
မော်နှင့် လုပ်ကွက်နံပါတ်	
သတ္တုတွင်းနှင့် ကုမ္ပဏီအမည်	
စစ်ဆေးဆောင်ရွက်သူအမည်	
စစ်ဆေးခြင်းဆောင်ရွက်သည့် နေ့စွဲ	
လိုက်နာဆောင်ရွက်မှုအထောက်အထား	လိုက်နာကိုက်ညီမှု ရှိ/မရှိ
ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲမှုနည်းလမ်းများကို အလုပ်သမားများ နားလည်သိရှိခြင်း။	
ယဉ်ကျေးမှုအမွေအနှစ်နယ်များ၏ မှတ်တမ်း။	
သိရှိပြီး ယဉ်ကျေးမှုနယ်အား ထိခိုက်မှုမရှိခြင်း။	
ဒေသခံလူထုနှင့် လူထုအခြေပြုအဖွဲ့များနှင့် ဆက်ဆံရေး။	
ကံအားလျော်စွာတွေ့ရှိမှု အစီရင်ခံစာ ပြီးပြည့်စုံရှိခြင်း။	

ဖားကန့် / လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်မှု အစီအစဉ်

Version: Rev 1	ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်

၁။ ရည်ရွယ်ချက်

တိုက်စားခြင်းနှင့် ယင်းနောက်ဆက်တွဲ မြေပေါ်စီးဆင်းသောရေများ၏ အနည်ကျ၍ နှန်းပို့ချခြင်းသည် သက်ရှိများနေထိုင်ရာ ဒေသရင်းများကို အရည်အသွေးနိမ့်ကျပျက်စီးစေနိုင်သည်။ (ဥပမာ အပင်များနှင့် ရေ တွင်ရှင်သန်ပေါက်ရောက်သောအပင်များ နန်းဖုန်းလွှမ်းသဖြင့် သေကြေပျက်စီးခြင်း)။ ထို့အပြင် တိုက်စား ခြင်းကြောင့် ရေအရည်အသွေးနှင့် မြေကြီးခံနိုင်ရည်အား လျော့ကျစေသည်။ နန်းပို့ချမှုကြောင့် မြစ်ချောင်း ကြမ်းပြင်များတွင် အနည်ကျခြင်းနှင့် ရေစီးလမ်းကြောင်းများ ပြောင်းလဲမှုတို့မှတဆင့် ရေလမ်းကြောင်းများ ၏ ရုပ်၊ ဓါတ်ဖွဲ့စည်းပုံနှင့် သဘာဝလုပ်ဆောင်ချက်များအပေါ် သက်ရောက်မှုလည်းရှိနိုင်သည်။

တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်မှုအစီအစဉ်သည် အကြီးစားကျောက်စိမ်းတူးဖော် ထုတ်လုပ်မှုနှင့် ဆက်စပ်သော တိုက်စားခြင်းနှင့်အနယ်ကျခြင်းများအား မည်ကဲ့သို့စီမံခန့်ခွဲရမည်ကို ဖော်ပြထားခြင်းဖြစ်ပါသည်။ ဤအစီအစဉ်သည် လုံခင်း/ဖားကန့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်၏ အစီအစဉ်တစ်ခုဖြစ်ပြီး ယခု EMP တွင်ပါဝင်သောအခြားကဏ္ဍများနှင့် တွဲဖတ်ရန်ဖြစ်ပါသည်။

၂။ ရည်မှန်းချက်

ဤအစီအစဉ်၏ ရည်မှန်းချက်သည် သတ္တုတွင်းတူးဖော်မှုကြောင့် ထိခိုက်ထားသောနေရာများ ရေတိုက်စား ခြင်းနှင့် နောက်ဆက်တွဲ မြစ်ကြေပိုင်း ရေလမ်းကြောင်း၌ နန်းပို့ချခြင်းများကို ရှောင်ရှားရန် (သို့မဟုတ်) လျော့ချရန် ၎င်းတို့ကို ကာကွယ်ပြီး အကျိုးရှိစွာအသုံးချရန်ဖြစ်သည်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

Cut-off ရေနုတ်မြောင်း (Cut-off drain) - သတ္တုတွင်းကြမ်းပြင်ထဲသို့ ရေစီးဝင်မှုမရှိစေရန် သတ္တုတွင်း၏ မြစ်ညာပိုင်းရှိရေများကို ပေါင်းစုစေပြီး လမ်းကြောင်းလွှဲစီးဆင်းစေရန်အတွက် မြေထဲ၌တူးထားသောမြောင်း ကို Cut-off ရေနုတ်မြောင်းဟု ဆိုသည်။

ရေလမ်းကြောင်းလွှဲတာဘောင် (Diversion Bund) - ဟင်းလင်းပွင့်တူးသတ္တုတွင်း သို့မဟုတ် မြေစာပုံ ဆင်ခြေလျှောများထဲသို့ ရေမဝင်စေရန် တည်ဆောက်ထားသော ရေလမ်းကြောင်းလွှဲတာဘောင်ကိုဆို သည်။ Cut-off ရေနုတ်မြောင်းနှင့် တွဲဖက်၍ ပြုလုပ်လေ့ရှိသည်။

ရေထုတ်လမ်းကြောင်း (Drainage Line) - ရေကိုပေါင်းစုစေ၍ ကုန်းဆင်းအတိုင်း စီးဆင်းသွားစေသော သာမန်မြေပြင်ထက် နိမ့်သည့်ချိုင့်နေရာ။

လမ်းညွှန်ချက်စံနှုန်း (Guideline values) - သတ်မှတ်ထားသော ညစ်ညမ်းမှုဖြစ်စေသော အရာဝတ္ထု၏ အများဆုံးပမာဏ သို့မဟုတ် ကန့်သတ်ထားသော အဆင့်။

Sediment basin (နုန်းစုကန်) – လျှံကျသောရေများစုဆောင်းပြီး နုန်းများအနည်ကျစေရန် တည်ဆောက်ထားသော ရေအိုင်အကြီးစား (သို့မဟုတ်) ဆည် (သို့မဟုတ်) အဆင့်ဆင့်ဆောက်လုပ်ထားသော ရေအိုင်များနှင့်ဆည်များ။ ယင်းတို့အား မြေတွင်တူး၍လည်းကောင်း၊ မြေပေါ်အဆောက်အအုံအဖြစ် လည်းကောင်း တည်ဆောက်နိုင်သည်။ (ပုံ-၁ တွင် ဆောက်လုပ်ရန်နှင့် ပုံ ၂ တွင် ပုံမှန်အထိုင်ချခြင်း) အား တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်မှု အစီအစဉ်တွင်ကြည့်ရန်။

Sediment trap (နုန်းတား) – ရေထုတ်မြောင်းတစ်လျှောက်တွင် ရေစီးအားနှေးစေ၍ ပျော်ဝင်မြေဆီနှစ်များအား အနည်ကျစေရန် တည်ဆောက်ထားသော အတားအဆီး။ ပုံမှန်အားဖြင့် ကျောက်ခဲနှင့် ကျောက်စရစ်ခဲတို့ဖြင့် တည်ဆောက်သည်။

နုန်းတားနံရံ (Silt Fence) – ရေစီးနှေးစေ၍ ပျော်ဝင်မြေဆီမြေနှစ်များအား အနည်ကျစေရန် ရေနုတ်မြောင်းလိုင်းအားဖြတ်၍ နေရာချထားသော နံရံ။ အများအားဖြင့် ကောက်ရိုးထုပ်များ (သို့မဟုတ်) ဖျာများ (သို့မဟုတ်) အဝတ်စများဖြင့် ပြုလုပ်လေ့ရှိသည်။

Runoff (လျှံကျရေ) – မိုးရွာပြီးနောက် ကုန်းမြေဖြတ်လျက် စီးဆင်းသောရေ။

Watercourse (ရေလမ်းကြောင်းများ) – လူဖန်တီးထားသော သို့ မဟုတ် သဘာဝအလျောက် ဖြစ်နေသော ယာယီ (သို့မဟုတ်) အမြဲတမ်း စီးဆင်းနေသည့် ချောင်း၊ စမ်းချောင်း၊ မြစ် (သို့) ရေစီးကြောင်းများ။

၄။ ဆက်စပ်အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ

ဤအစီအစဉ်အတွက် အောက်ဖော်ပြပါ စီမံခန့်ခွဲမှုလုပ်ဆောင်ချက်များ အကောင်အထည်ဖော်ရန် လိုအပ်သည်။

- သတ္တုတွင်းနှင့် မြေစာပုံစီမံခန့်ခွဲမှု အစီအစဉ်
- ပြန်လည်တည်ထောင်ရေး စီမံခန့်ခွဲမှု အစီအစဉ်

၅။ အန္တရာယ်များနှင့် ထိခိုက်မှုများ

ရေတိုက်စားခြင်းမှာ သဘာဝဖြစ်စဉ်တစ်ရပ်ဖြစ်၍ မြေပြင်ထိခိုက်မှု၊ သတ္တုတူးဖော်ခြင်းနှင့် စွန့်ပစ်မြေစာ စီမံခန့်ခွဲမှုတို့ကြောင့် ပိုမိုလျင်မြန်စွာ ဖြစ်ပေါ်စေပါသည်။ တိုက်စားမှု အလားအလာ မြင့်တက်စေသော အကြောင်းအရင်းများမှာ သဘာဝပေါက်ပင်နှင့် မြေပြင်အကာအကွယ်များ ဖယ်ရှားခံရခြင်း၊ အကာအကွယ်

မဲမြေသားသည် စီးရေနှင့် လေပြင်းကဲ့သို့သော ပွတ်တိုက်အားများဖြင့် ထိတွေ့ရခြင်း၊ မတ်စောက်သော ကုန်းစောင်းများ၊ ဖွဲ့စည်းပုံမတည်ငြိမ်၍ စိုစွတ်သောအခါ နူးညံ့သော အမှုန်ကလေးများအဖြစ် ပြိုကွဲသွားနိုင်သော မြေဆီလွှာများ စသည်တို့ဖြစ်သည်။ အန္တရာယ်ရှိသောအရာများ၏ ဇစ်မြစ်များ၊ အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အကြောင်းတရားများ၊ ထိခိုက်ခံများအား **ဇယား (၁)** တွင်ဖော်ပြထားပါသည်။

ဇယား ၁ တိုက်စားခြင်းနှင့် နုန်းတင်ခြင်းများ၏ အန္တရာယ်များနှင့် သက်ရောက်မှုများ

အန္တရာယ်ရှိသောအရာများ (ထိခိုက်မှုများ၏ ဇစ်မြစ်)	အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အကြောင်းတရားများ	ထိခိုက်ခံများ
မြေပြင်ထိခိုက်ခြင်း၊ မြေရွှေ့လျားခြင်း။	ရေတိုက်စားခြင်းနှင့် ကုန်းနှင့်ရေလမ်းကြောင်းများတွင် နုန်းပို့ချမှုဖြစ်စေသော လှုံ့ကျရေ။	အနည်ကျမှုမြင့်တက်ခြင်းကြောင့် ရေအရည်အသွေးကျဆင်းကာ မြစ်ကြေပိုင်း မှီတင်းအသုံးပြုမှုများအား ထိခိုက်စေခြင်း (ဥပမာ - ရေနေဂေဟစနစ်နှင့် နေထိုင်ကျက်စားကြသည့် အုပ်စုများ)။ နုန်းပို့ချခြင်းကြောင့် မြစ်များ တိမ်ကောလာပြီး မြစ်ရေလှုံ့မှုများ ပိုဖြစ်လာနိုင်မှု၊ မြေအရည်အသွေးနှင့် မြေဆီဩဇာယုတ်လျော့ပျက်စီးခြင်း (တိုက်စားမှု မြင့်တက်သဖြင့်)။
ရေလမ်းကြောင်းများ ပိတ်ဆို့ခြင်း။	မြစ်ရေလှုံ့ခြင်း။	ကျေးရွာများနှင့် လူမှုအဖွဲ့အစည်းများ၏ အခြေခံအဆောက်အအုံများ ရေကြီးရေလှုံ့၍ အသက်နှင့် ပစ္စည်းများဆုံးရှုံးခြင်း၊ ဇီဝမျိုးကွဲများလျော့နည်းခြင်း သိုပမဟုတ် ပျက်သုန်းခြင်း။
ကျောက်စိမ်းရှိသော မြေသားများကိုရေပိုက်ဖြင့်ထိုးခြင်း သို့မဟုတ်	ရေတိုက်စားခြင်းနှင့် နုန်းပို့ချခြင်း ဖြစ်စေသော ရေလမ်းကြောင်းများထဲသို့ စီးဝင်သည့် လှုံ့ကျရေ။	ရေအရည်အသွေးကျဆင်းခြင်း၊ ရေနေဂေဟစနစ်များ ယုတ်လျော့

ရေဖြင့်ဆေးချခြင်း။	မသုံးတော့သည့် သတ္ထုတွင်းများထဲသို့စီးဝင်ပြီး ရေသေကန် (သို့မဟုတ်) အိုင်များဖြစ်စေသော လျှံကျရေ။	ခြင်း။
ဟင်းလင်းပွင့် သတ္တုတွင်းများ	သိုလှောင်ရေများ အနီးနားပတ်ဝန်းကျင်သို့ စွန့်ထုတ်ခြင်း (ဥပမာ-မိုးသည်းထန်စွာ ရွာသွန်းမှုမှ)	ရေအရည်အသွေးကျဆင်းခြင်း၊ ရေနေဂေဟစနစ်များ ယုတ်လျော့ခြင်း။

၆။ သက်ဆိုင်သောဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

တိုက်စားခြင်း၊ အနည်ကျခြင်းထိမ်းချုပ်မှုနှင့် သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများကို ဤအပိုင်းတွင် ဖော်ပြထားပါသည်။

၆.၁။ ဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များ

တိုက်စားခြင်း၊ အနည်ကျခြင်းထိမ်းချုပ်မှုနှင့် သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များမှာ -

ရေချိုငါးလုပ်ငန်းဥပဒေ (၁၉၉၁) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၆ အရ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာန၏ ခွင့်ပြုချက် မရှိဘဲ ဆည်၊ တမံ၊ ယင်းစသော အပိန့်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုရ။
- ပုဒ်မ ၄၀ အရ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါး၊ အခြားရေသတ္တဝါတို့အား အနှောင့်အယှက် ဖြစ်စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုလုပ်ရ။
- ပုဒ်မ ၄၁ အရ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်းမြောင်းများတွင် ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏ အမျိုးအစား၊ ရေ၏ ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၈ အရ မည်သူမျှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိခိုက်ပျက်စီးရန် ရည်ရွယ်၍ တစ်စုံတစ်ရာပြုလုပ်ခြင်း သို့မဟုတ် ရေကြောင်းအား ပြောင်းလဲစေခြင်း မပြုရ၊ ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်း မပြုရ။

- ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ) အရ မည်သူမျှ မြစ်ချောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်းလုပ်ငန်းများမှ စွန့်ပစ်မြေစာနှင့် အခြားပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ဖြစ်စေ၊ မြစ်ချောင်းအတွင်း စီးဝင်နိုင်သည့် ရေဆင်းလမ်းလျှို့မြောင်များအတွင်းသို့ဖြစ်စေ စွန့်ပစ်ခြင်း မပြုရ။

- ပုဒ်မ ၂၂ အရ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း စီးပွားရေးအလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်း မပြုရ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၇၊ ပုဒ်မခွဲ (ဏ) အရ ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းသူက ပေးလျော်စေရန်၊ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ် သုံးစွဲသည့် လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံခန့်ခွဲခြင်း။

- ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်စေခြင်း။

- ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင် အထောက်အကူပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုရမည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

- ပုဒ်မ ၂၄ အရ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်မှု ရှိမရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြားခြင်း ပြုနိုင်သည်။

- ပုဒ်မ ၂၉ အရ မည်သူမျှ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၁၄) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နည်းဥပဒေ ၆၈ အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်ရေးအတွက် နည်းဥပဒေ ၅၂၊ ၅၃ နှင့် ၆၂ အရ သတ်မှတ်သည့် လုပ်ငန်းအမျိုးအစားများတွင် မပါဝင်သည့် အသေးစား ပုဂ္ဂလိကလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံများသည် လုပ်ငန်းတည်ဆောက်လည်ပတ်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ခွင့်ပြုချက်၊ လိုင်စင်လျှောက်ထားခြင်းမပြုမီ ပတ်ဝန်းကျင် ထိခိုက်မှု ရှိမရှိနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူရမည်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) အရ သတ္တုတွင်းဝန်ကြီးဌာနသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံး ပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာမြေအဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်းပြုနိုင် သည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် သတ်မှတ်ထားသော ဈေးနှုန်းကို လျှောက်ထားသူက သတ်မှတ်ကာလ အတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့် အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်း တို့ကို ပြန်လည်သတ်မှတ်ရမည်။

- ပုဒ်မ ၁၆ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။

(ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။

(င) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ဌားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ၊

(စ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(၂) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ် မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန် နှင့် မတော်တဆဖြစ်ပွားမှုကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(ဂ) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

- ပုဒ်မ ၃၆ အရ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းများကို လည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှု ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်များ နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ တွင်လူသားတို့၏ ကျန်းမာရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှု မဖြစ်စေရန်အလို့ငှာ နေရာအသီးသီး၏ ဆူညံသံနှင့် တုန်ခါမှု၊ အခိုးအငွေ့ထုတ်လွှတ်မှုနှင့် အရည်စွန့်ထုတ်မှုများ ထိန်းချုပ်ရေးအတွက် လိုက်နာရမည့် အခြေခံစည်းမျဉ်းများကို ဖော်ပြထားပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ (၂၀၁၃) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၂၀ အရ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် တစ်ခုခုက ဖြစ်စေ၊ နည်းပညာကောလိပ်နှင့် နည်းပညာသိပ္ပံ တစ်ခုခုကဖြစ်စေ အပ်နှင်းသော နည်းပညာဘွဲ့ သို့မဟုတ် နည်းပညာဒီပလိုမာ ရရှိသူသည် ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သို့မဟုတ် နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

- ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်ပြီး ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အခါ ယင်း ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

- ပုဒ်မ ၂၂ အရ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ရရှိသူသည် မိမိ၏ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြို၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့ သတ်မှတ်ထားသည့် ကာလ ကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေး ပေးသွင်းပြီး လျှောက်ထားနိုင်သည်။

- ပုဒ်မ ၂၃ အရ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေ၍ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးပေးခြင်း သို့မဟုတ် ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

- ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်အင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၂၆ အရ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ နည်းပညာတက္ကသိုလ်တစ်ခုခုကဖြစ်စေ အပ်နှင်းသော အင်ဂျင်နီယာပညာဆိုင်ရာဘွဲ့ရရှိသူသည်လည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းတစ်ခုခုက ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ် ရရှိထားပြီး ကောင်စီက သတ်မှတ်သည့် အရည်အချင်းပြည့်မီသူသည်လည်းကောင်း မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

- ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးသည့်အခါ ယင်းမှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

- ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်ပြီး မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်ပြီး မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသားအင်ဂျင်နီယာက မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ် အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြားစည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးနိုင်သည်။ အင်ဂျင်နီယာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အာဆီယံ အပြန်အလှန်အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံများအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များက မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ်အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြားစည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးနိုင်သည်။

- ပုဒ်မ ၃၁ အရ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် -

  (က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

  (ခ) ကောင်စီက သတ်မှတ်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်၊

  (ဂ) မိမိပညာရပ်နှင့် သက်ဆိုင်သော သတ်မှတ်ထားသည့် အင်ဂျင်နီယာပညာနှင့် နည်းပညာလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ခွင့်ရှိသည်။

  (ဃ) မိမိရရှိထားသော သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်အရ မိမိအမည်နှင့် ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်နှင့်အညီ သုံးစွဲနိုင်ခွင့်ရှိသည်၊

  (င) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်၊

  (စ) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များသည် သတ္တုတွင်း နေရာများမှ ကျောက်တူးဖော်ခြင်းကြောင့်ဖြစ်ပေါ်သော လျှံကျရေနှင့် ရေစွန့်ထုတ်ရမည့် အတိုင်းအတာ သတ်မှတ်ချက်များကို ဖော်ပြထားသည်။ ဤလမ်းညွှန်များသည် ကျောက်စိမ်းတူးဖော်ခြင်းနှင့် သက်ဆိုင် သောကြောင့် ယခု EMP တွင် ထည့်သွင်းဖော်ပြထားပါသည်။ ဇယား (၂) တွင် လိုက်နာရမည့် ရေအရည်အသွေး သတ်မှတ်ချက်များနှင့် လမ်းညွှန်မှုများကို ဖော်ပြထားသည်။

ဇယား (၂) လျှံကျရေနှင့် ရေဆိုးများကို စွန့်ထုတ်ရန် သတ်မှတ်ထားသော လမ်းညွှန်ချက်အတိုင်းအတာများ

သတ်မှတ်ချက်	ယူနစ်	အများဆုံး ပါဝင်မှု
ဇီဝဓေဒဆိုင်ရာ အောက်ဆီဂျင် လိုအပ်ချက် (BOD)	mg/L	၃၀
ဓာတုဗေဒဆိုင်ရာ အောက်ဆီဂျင်လိုအပ်ချက် (COD)	mg/L	၁၂၅
ဆီနှင့်အမဲဆီ	mg/L	၁၀
pH	S.U.[a]	၆-၉
Coliform bacteria စုစုပေါင်း	100 mL	၄၀၀
နိုက်ဒရိုဂျင် စုစုပေါင်း	mg/L	၁၀
ဖော့စဖရက်(စ်) စုစုပေါင်း	mg/L	၂
ဖျော်ဝင်အစိုင်အခဲ စုစုပေါင်း (TSS)	mg/L	၅၀

* စံယူနစ် -

၆.၂။ အမိန့်ကြော်ငြာစာများ

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်စိမ်းတူးဖော်ခြင်းဌာနမှ လုံးခင်း/ ဖားကန့် ရတနာနယ်မြေအတွက် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ(၁၉၉၅)၏ ပုဒ်မ ၅၄(ခ) နှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ၏ ပုဒ်မ ၅၄(ဂ) အရ အောက်ပါအမိန့် ကြော်ငြာစာများကို ထုတ်ပြန်ပြီးဖြစ်ပါသည်။

တိုက်စားခြင်းနှင့်အနည်ကျခြင်းထိမ်းချုပ်မှုနှင့် သက်ဆိုင်သော အမိန့်ကြော်ငြာစာများမှာ -

- အမိန့်ကြော်ငြာစာအမှတ် - ၁၂၁/၉၉၊ အောက်တိုဘာလ ၄ ရက်၊ ၁၉၉၉
- စာအမှတ် - က - ၃၇/၂၉၅/၂၀၁၇၊ ဒီဇင်ဘာလ ၂၉ ရက်၊ ၂၀၁၄

- စာအမှတ် - က - ခ၇/ဝ၇၈/၂၀၁၄၊ စက်တင်ဘာလ ၄ ရက်၊ ၂၀၁၅
- စာအမှတ် - က - ခ၇/၁၄၆/၂၀၁၆၊ ဇန်နဝါရီ ၂၆ ရက်၊ ၂၀၁၆
- စာအမှတ် - က - ခ၇/ခ၈၃/၂၀၁၆၊ မေလ ၂၃ ရက်၊ ၂၀၁၆

ဤအမိန့်ကြော်ငြာစာများကို EMP ၏ နောက်ဆက်တွဲ ( )တွင် ပူးတွဲတင်ပြထားပါသည်။

၆.၃။ နိုင်ငံတကာ လမ်းညွှန်ချက်များ

နိုင်ငံတကာငွေကြေးဆိုင်ရာ ကော်ပရေးရှင်း (The International Finance Corporation IFC) သည် တိုက်စားခြင်းနှင့် အနည်ကျခြင်းထိမ်းချုပ်မှုနှင့်ပတ်သက်၍ ယေဘုယျလမ်းညွှန်ချက်များ ထုတ်ပြန်ပေးပြီး ဖြစ်ပါသည်။

- သတ္တုတူးဖော်ခြင်းအတွက် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင် ဆိုင်ရာလမ်းညွှန်ချက်များ၊ ဒီဇင်ဘာ ၂၀၀၇၊ IFC/ World Bank

နိုင်ငံတကာ တိုက်စားခြင်းထိန်းချုပ်ရေးအသင်း (Australasia) မှ တိုက်စားခြင်းနှင့် အနည်ကျခြင်းထိမ်း ချုပ်မှုများအတွက် အကောင်ဆုံးလုပ်ထုံးလုပ်နည်း လမ်းညွှန်ချက်များကို သတ်မှတ်ပြုစုထားပြီးဖြစ်သည်။ အောက်တွင် ဖော်ပြထားသောထုတ်ပြန်ချက်များသည် သတ္တုတွင်းလုပ်ငန်းခွင်များအား တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိမ်းချုပ်မှုများပြုလုပ်ရာတွင် လိုက်နာဆောင်ရွက်ရန် အရေးပါသော လမ်းညွှန်ချက်များကို ဖော်ပြထားပါသည်။

- တိုက်စားခြင်းနှင့်အနည်ကျခြင်းထိမ်းချုပ်မှု အကောင်းဆုံးလုပ်ထုံးလုပ်နည်းများ - နိဝင်ဘာ လ ၂၀၀၈။ (နောက်တစ်ကြိမ်ပြန်လည်ပြင်ဆင်ချက်များ) နိုင်ငံတကာ တိုက်စားခြင်း ထိန်း ချုပ်ရေးအသင်း (Australasia)

- တိုက်စားခြင်းနှင့် အနည်ကျခြင်းထိမ်းချုပ်မှု အကောင်းဆုံးလုပ်ထုံးလုပ်နည်းများ - နိဝင်ဘာ လ ၂၀၀၈။ နောက်ဆက်တွဲ (ခ) - နန်းစုကန် ဒီဇိုင်းနှင့် အသုံးပြုလည်ပတ်ခြင်း - မူကြမ်းစာ - ဒီဇင်ဘာလ ၂၀၁၆။ နိုင်ငံတကာ တိုက်စားခြင်းထိန်းချုပ်ရေးအသင်း (Australasia)။

၇။ စီမံခန့်ခွဲမှု အစီအမံများ

တိုက်စားခြင်းနှင့် အနည်ကျခြင်းထိန်းချုပ်မှုအတွက် အကောင်းဆုံးလက်တွေ့အသုံးချမှုမှာ မြေပေါ်ရေ စီမံ ခန့်ခွဲမှုနှင့် ရေနုတ်မြောင်းစနစ်ထိန်းချုပ်မှု၊ ရေတိုက်စားမှုထိန်းချုပ်ခြင်း (သဘာဝပေါက်ပင် ပြန်လည် စိုက်ပျိုး ခြင်း အပါအဝင်) နှင့် နန်းပို့ချမှုစီမံခန့်ခွဲခြင်းတို့အပေါ် အခြေခံပါသည်။

လျှံကျရေနှင့်စွန့်ပစ်ရေများကို စွန့်ထုတ်ရာတွင် **အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ် မှု) လမ်းညွှန်ချက်များ (၂၀၁၂)** အရ ဇယား (၂) တွင်ဖော်ပြထားသည့်အတိုင်း သတ်မှတ်ထားသော လမ်း

ညွှန်ချက် စံနှုန်းများထက်ကျော်လွန်ပြီး စွန့်ထုတ်ခြင်းမပြုလုပ်ရပါ။ တိုက်စားခြင်းနှင့် အနည်ကျခြင်းတို့သည် ဤအစီအစဉ်၏ အဓိကအချက်တစ်ခုဖြစ်ပြီး သိသာထင်ရှားသော ထိခိုက်ပျက်စီးမှုများလည်း ဖြစ်သည်။ ၄င်း EMP ကို စတင်ညှိနှိုင်း (Transitional Period) လိုက်နာဆောင်ရွက်ချိန်တွင် ရေနောက်ကျိမှု (Total suspended solids) အတိုင်းအတာကို ရေအရည်အသွေး၏ သတ်မှတ်စံနှုန်းအဖြစ် တိုင်းတာမည် ဖြစ်ပါသည်။

အောက်ပါ အသေးစိတ်ဖော်ပြထားသော စီမံခန့်ခွဲမှုလုပ်ဆောင်ချက်များကို အထက်တွင်ပြုစုထားသော အမိန့်ကြော်ငြာစာများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရပါမည်။

၇.၁။ သတ္တုတွင်း မတူးဖော်မီ

အောက်ပါစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများကို သတ္တုတူးဖော်ခြင်းမစတင်မီ လုပ်ဆောင်ရမည်ဖြစ်ပါသည်။

(က) လုပ်ကွက်အတွင်းနှင့် လုပ်ကွက်၏ အကြေပိုင်းတို့၌ ရှိသော ရေဝေရေလဲများ၊ ရေထုတ်လမ်းကြောင်းများနှင့် ရေလမ်းကြောင်းများကို သတ်မှတ်ရန် ဇလဗေဒဆိုင်ရာဆန်းစစ်မှုများကို အရည်အချင်း ပြည့်မီသော ဇလဗေဒပညာရှင်ဖြင့် ပြီးမြောက်အောင် လုပ်ဆောင်ပါ။

(ခ) သတ္တုတွင်းအား အောက်ပါတို့မှ ရှောင်နိုင်ရန် ဒီဇိုင်းဆွဲပါ။

၁) ရေလမ်းကြောင်းနှင့် ရေလမ်းကြောင်းနှင့်ကပ်လျက်ရှိသောမြေ။

၂) မတ်စောက်သည့်ကုန်းစောင်းများနှင့် မြေပြိုခြင်းဖြစ်ဖူးသော နယ်မြေ (သို့) ဖြစ်နိုင်ချေရှိသော နယ်မြေများအပါအဝင် မြေတိုက်စားခံရခြင်းအန္တရာယ်အမြင့်ဆုံးရှိနိုင်သည့် နယ်မြေအားလုံး။

(ဂ) မြေပေါ်ရေ စီမံခန့်ခွဲမှုနည်းစနစ်အား ပုံပြဇယား (၁) ပါအတိုင်း သတ္တုတွင်းများကို ဒီဇိုင်းဆွဲပါ။

၁) ရေလမ်းကြောင်းများသို့ ရေလျှံစီးကျခြင်းအားလုံးအား ကန့်သတ်ရန် အခြေခံအဆောက်အအုံကို ပုံစံထုတ်၍ နေရာသတ်မှတ်ပါ။

၂) အပေါ်ယံမြေလွှာအပုံများနှင့် စွန့်ပစ်ကျောက်ခဲများကို ရေနှုတ်မြောင်းများနှင့် ချောင်းများမှ အဝေးတွင်ထားပါ။ ပြန်ပြူးသောမြေပြင်တွင်ထားပါက ပိုကောင်းသည်။

၃) ရေလွှဲတာဘောင်နှင့် Cut off ရေနှုတ်မြောင်းများအားအသုံးပြု၍ သတ္တုတွင်း (မြေလွှာထိခိုက်မှု) မှ လျှံကျရေများအား လမ်းလွှဲပါ။

၄) အလုပ်ခွင် (လုပ်ငန်းလုပ်ကိုင်နေသော နယ်မြေ) အတွင်းတွင် မုန်တိုင်းကြောင့်ဖြစ်သော မိုးရေများအား နန်းစုကန်များတွင်စု၍ ထိုရေများအား နီးစပ်ရာ ရေလမ်းကြောင်းများထဲသို့ မစွန့်ထုတ်မီ ပျော်ဝင်နန်းနှစ်များ အနည်ထိုင်စေပါ။

၅) ရေလမ်းကြောင်းများထဲသို့ ရေစီးဝင်မှု မရှိစေရန် ယင်းတို့ (အထူးသဖြင့် မြစ်များရှိ စမ်းချောင်းများ) နှင့် ကပ်လျက်ရှိသော လမ်းများကိုမြေညှိပါ။

၆) ရေလမ်းကြောင်းတလျောက် ကမ်းပါးများထိခိုက်မှု ကန့်သတ်ရန် ရေလမ်းကြောင်းများကို ချဉ်းကပ်သောလမ်းများအား သင့်တောသောထောင့်ချိုးများဖြင့် ပုံစံထုတ်ပါ။

(ဃ) မြေပေါ်ရေ စီမံခန့်ခွဲမှု အစီအစဉ်အား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ (၂၀၁၃) အရ သို့မဟုတ် နိုင်ငံတကာအသိအမှတ်ပြု ဥပဒေ အရ သို့မဟုတ် အဖွဲ့အစည်းများတွင် မှတ်ပုံတင်ထားသော မြို့ပြအင်ဂျင်နီယာများဖြင့် ရေးဆွဲပြင်ဆင်ပါ။ ၄င်းအစီအစဉ်တွင် အောက်ပါအချက်များကို ဆန်းစစ်ဖော်ပြသွားမည်ဖြစ်ပါသည်။

၁) ရာသီလိုက် အပြောင်းအလဲများနှင့် ရာသီဥတု အပြောင်းအလဲ ခန့်မှန်းချက်များ အပါအဝင် နေရာဒေသ၏ ရာသီဥတု -
- ပျမ်းမျှ အနိမ့်ဆုံးနှင့် ပျမ်းမျှ အမြင့်ဆုံး မိုးရေချိန် အပါအဝင် နှစ်စဉ် ပျမ်းမျှ မိုးရေချိန်၊
- မုန်တိုင်းဖြစ်သောအခါများတွင် အမြင့်ဆုံး မိုးရေချိန်နှင့် ကြာချိန်၊
- ရာသီဥတု အပြောင်းအလဲ ဖြစ်နိုင်ချေရှိသော အခါမျိုးတွင် ခန့်မှန်းချေ မုန်တိုင်း ဖြစ်လာရန် ကြိမ်နှုန်း နှင့် မုန်တိုင်း၏ အမြန်နှုန်း၊
- မြေသားအမျိုးအစားများနှင့် အမှုန်အရွယ်အစားများ၊
- ရေဝေရေလဲဒေသ၊ မြေအသုံးချမှုနှင့် လျှံကျရေ ပမာဏ၊
- စွန့်ထုတ်လိုက်သော ရေအရည်အသွေးအား လမ်းညွှန်ချက် အတိုင်းအတာများ၏ သတ်မှတ်ချက်များနှင့်အညီ ရယူလုပ်ဆောင်ရန် လိုအပ်သော အချိန်ကာလ။

(င) မြေပေါ်ရေ စီမံခန့်ခွဲမှု အစီအစဉ်တွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသည်။

၁) အထက်ပါ (က) အရ ရေဝေရေလဲများ၊ ရေလမ်းကြောင်းများနှင့် ရေထုတ်လမ်းကြောင်းများကို ပြသသည့် မြေပုံ ပါဝင်သော ဇလဗေဒဆိုင်ရန် ဆန်းစစ်မှု၊

၂) အထက်ပါ (ခ) နှင့် (ဂ) ပါ အချက်များကို မည်သို့ အောင်မြင်စွာ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း ဖော်ပြချက်၊

၃) အထက်ပါ (ဃ) တွင် ဖော်ပြထားသော အချက်များ၊

၄) ရေလမ်းကြောင်းလွှဲတာဘောင်များ အပါအဝင် နန်းစုကန်နှင့် နန်းစစ်ကန်များ၏ ဒီဇိုင်းများ၊

၅) ရေနုတ်မြောင်းများ၊ ရေလမ်းကြောင်းလွှဲတာဘောင်များ၊ နန်းစုကန်များ နှင့် နန်းစစ်ကန်များ၏ တည်နေရာ၊

၆) နန်းစုကန်များအား သန့်ရှင်းရေးလုပ်ခြင်း အပါအဝင် ပြုပြင်ထိန်းသိမ်းရန်အတွက် လိုအပ်သော ဆောင်ရွက်ချက်များ။

(စ) ယခင်နှစ် သတ္တုတွင်းလုပ်ငန်း ဆောင်ရွက်ရာမှ ရရှိခဲ့သော အတွေ့အကြုံ၊ အပြောင်းလဲများနှင့် သတင်းအချက်အလက်များကို ထည့်သွင်းဖော်ပြရန် မြေပေါ်ရေ စီမံခန့်ခွဲမှု အစီအစဉ် ကိုနှစ်စဉ် ဖြည့်စွက်ပြင်ဆင်ရမည်။

သတ္တုတူးဖော်နေစဉ်

တိုက်စားခြင်းများအား ကန့်သတ်နိုင်ရန် အကောင်အထည်ဖော်ရမည့် စီမံခန့်ခွဲမှုများမှာ-

(ဆ) ထိခိုက်မည့်နယ်မြေများ နည်းနိုင်သမျှနည်းပါစေ။

(ဇ) လုပ်ငန်းများကို (တူးဖော်ခြင်းအပါအဝင်) ခြောက်သွေ့ရာသီဖြစ်သော မေလမှ စက်တင်ဘာလများတွင် လုပ်ဆောင်ပါ။

(ဈ) အဓိကမိုးရွာသွန်းချိန်များတွင် မြေတူးခြင်းကိုရှောင်ပါ။ မိုးပြင်ထန်စွာရွာသွန်းနေချိန်တွင် အလုပ်ရပ်နား၍ ဘေးအန္တရာယ်ကင်းသောနေရာမှ နေကာတိုက်စားခြင်းနှင့် ပို့ချခြင်းထိန်းချုပ်မှုများကို စောင့်ကြည့်ထိန်းသိမ်းပါ။

(ည) ရေလမ်းကြောင်းများအနီး (သို့မဟုတ်) အတွင်းယွန်းရားများ၊ မော်တော်ယာဉ်များ၊ စက်များအား ဆေးကြောခြင်း၊ ထိန်းသိမ်းပြင်ဆင်ခြင်း၊ ဆီပြန်ဖြည့်ခြင်းများအား ရှောင်ကြဉ်ပါ။

(ဋ) အပေါ်ယံမြေလွှာ နှင့်/သို့ အပေါ်ယံမြေဆီလွှာမှ ပစ္စည်းများကို ရေလမ်းကြောင်းများမှ ဝေးရာတွင် စုပုံပါ။ (ကမ်းပါးနှင့် အနည်းဆုံး မီတာ ၁၀၀ အကွာတွင် ထားရှိရမည်)။

(ဌ) ရေလွှဲတာဘောင်များကို မြေစာပုံနှင့် စွန့်ပစ်ကျောက်ပုံတို့၏ အထက်ဘက်တွင် တည်ဆောက်ပါ။

(ဍ) ကျင်း/ တွင်းထဲသို့ ရေမစီးဝင်စေရန် အပွင့်သတ္တုတွင်းများ တဝိုက်တွင် Cut off ရေနုတ်မြောင်းများ တည်ဆောက်ပါ။

(ဎ) တိုက်စာခြင်း မဖြစ်စေသည့်နည်းလမ်းဖြင့် ရေနှင့် ရေညစ်များအား စွန့်ထုတ်ပါ။

(ဏ) အကာအကွယ်မဲ့နေရာများအား သတ္တုတွင်းတူးဖော်ခြင်းပြီးလျင် အမြန်ဆုံး မြေသားငြိမ်အောင် လုပ်၍ သဘာဝပေါက်ပင်များ ပြန်လည်စိုက်ပျိုးပါ။

(တ) တောင်စောင်းမြေသား ဖြတ်ထုတ်ထားသောနေရာများ၌ မြေပြိုကျခြင်းနှင့်/ သို့မဟုတ် တိုက်စားခြင်းတို့ကိုတားဆီးရန် မြေပြင်သဏ္ဌာန်တည်ဆောက်ခြင်း မြေသားတည်ငြိမ်မှုရှိစေသည့် လုပ်ငန်းများလုပ်ဆောင်ပါ။

(ထ) ယာဉ်ကြီးများသွားလာရန်လမ်းများနှင့် သတ္တုတွင်းသို့ဝင်သောလမ်းများတစ်လျှောက် မျက်နှာပြင်ရေစီးဆင်းမှုစီမံရန် လမ်းဘေးရေနုတ်မြောင်းများနှင့် မြေအောက်မြောင်းများ ဖောက်လုပ်ပါ။

(ဒ) မြေကျစ်ခြင်းသက်သာစေရန် သတ်မှတ်ပုံစံထုတ်ထားသော ယာဉ်လမ်းကြောများ၊ လမ်းကြောင်းများနှင့် ယာဉ်ရပ်နားစခန်းများတွင်သာ ယာဉ်သွားလာမှုရှိပါစေ။

အနည်များစွန့်ထုတ်ခြင်းကို ထိန်ချုပ်ရန် အကောင်အထည်ဖော်ရမည့် စီမံခန့်ခွဲမှုများမှာ-

(ခ) မြေသားနှင့်ကျောက်ခဲများ ရေလမ်းကြောင်းထဲသို့ တိုက်ရိုက်စီးဝင် အနည်ကျခြင်းမဖြစ်ပါစေနှင့်။

(ဂ) ရေလမ်းကြောင်းများမှ မီတာ ၁၀၀ အကျယ်ရှိသော သတ်မှတ်ထားသည့် သဘာဝပေါက်နေရာ (Buffer Zone) ကို ထိန်းသိမ်းထားပါ။ (ပုံပြဇယား ၂)

(ဃ) လျှံကျလာသော နှုန်းအနှစ်ပါသော ရေများကိုတားထားရန် သတ္တုတွင်းနယ်မြေအတွင်းတွင် အနည်စစ်ကန်များ (Sediment basin) တည်ဆောက်ပါ။

(ဇ) အနည်းစစ်ကန်များမှ စုဆောင်းရရှိသော နုန်းများကို ပုံမှန်ဖယ်ထုတ်၍ မြေစာပုံများအကြား သတ်မှတ်ထားသောနေရာများတွင် စွန့်ပစ်ပါ။

(ဈ) မိုးသည်းထန်စွာမရွာမှီနှင့် မိုးရာသီမတိုင်မှီ နုန်းဖမ်းနံရံ (Silt Fence)၊ နုန်းတားများ (Sediment trap) များနှင့် ရေလွှဲတာဘောင်များ (Diversion bunds) ကို သန့်ရှင်းရေးလုပ်၍ ပြုပြင်ထိန်းသိမ်းပါ။ မိုးရာသီတွင် ယင်းအလုပ်တို့အား မှန်မှန်ဆောင်ရွက်ပါ။


(ဉ) ပျော်ဝင်မြေဆီများ အနည်ကျရန်နှင့် သတ္တုတွင်းအတွင်းမှ ယာဉ်ရပ်နားစခန်းများ၊ လမ်းများ လုပ်ငန်းခွင်နေရာများနှင့် ပစ္စည်းပုံများကို ရေဖြတ်စီးသည့်အရှိန်လျော့ချရန်နှင့် ပပျောက်စေရန် အနည်ကျခြင်း အထိန်းအချုပ်များ (ရေလွှဲတာဘောင်၊ နုန်းဖမ်းနံရံ၊ Cut-Off ရေနုတ်မြောင်းများ နှင့် နုန်းတားများ) ကို တည်ဆောက်၍ ထိန်းသိမ်းပြုပြင်ပါ။

(ည) စွန့်ပစ်မြေစာပုံနှင့် ကျောက်ပုံများအား အနည်ပါရေများ ဖြတ်စီးခြင်းကို ထိန်းချုပ်ပါ။


(ဋ) ရေလမ်းကြောင်းများအတွင်း အနည်ပါသောရေများစီးဝင်ခြင်းနှင့် တိုက်စားခြင်းအလားအလာ နည်းစေရန် ထိခိုက်ခဲ့သောမြေနေရာအား သတ္တုတွင်းလုပ်ငန်းပြီးလျှင် အမြန်ဆုံးပြန်လည်တည်ထောင်ရေး စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ပါ။

(ဌ) တွင်းပြန်ဖို့ထားသော မြေများကောင်းစွာသိပ်သည်းစေရန်နှင့် မျက်နှာပြင်ပေါ်ရေအိုင်ထွန်းမှု မဖြစ်စေရန် ပတ်ဝန်းကျင်မြေအနေအထားနှင့်ညီပါ။

(ဍ) ဥရုချောင်းနှင့် ၄င်း၏ ချောင်းလက်တက်များမှ စ၍ ယာယီတည်ဆောက်ထားသော တံတားများနှင့် တာရိုးလမ်းများကို နှစ်စဉ် မေလတွင် ဖယ်ရှားပါ။




ပုံပြဇယား (၁) မြေပေါ်ရေ စီမံခန့်ခွဲမှု စနစ် ယူဆချက်ပြုပုံ




ကျောက်စိမ်းတူးဖော်ရေး ပြုလုပ်သည့်နေရာ
ရေလမ်းကြောင်းနှင့် ရေနှင့်ကမ်းပါးကြားရှိ သဘာဝပေါက်ပင်များကို ကာကွယ်ခြင်း

ပုံပြဇယား (၂) ရေလမ်းကြောင်းနှင့် ရေနှင့်ကမ်းပါးကြားရှိ အပင်များ ကာကွယ်ခြင်း



ပုံပြဇယား (၃) နုန်းစစ်ကန်တည်ဆောက်ပုံ ယူဆချက်ပြပုံ



ပုံပြဇယား (၄) နုန်းတား ပုံစံ ယူဆချက်ပြပုံ

သတ္တုတူးဖော်ပြီးသောအခါ

ပြန်လည်တည်ထောင်ခြင်းစီမံခန့်ခွဲမှု အစီအစဉ်အား အကောင်အထည်ဖော်ပါ။

၈။ လုပ်ဆောင်ချက် စံနှုန်းများ

တိုက်စားခြင်းနှင့်အနည်ကျခြင်း ထိန်းချုပ်မှု လုပ်ဆောင်ချက်စံနှုန်းများမှာ -

- မြေပေါ်ရေ စီမံခန့်ခွဲမှု အစီအစဉ်။
- သတ္တုတူးဖော်သည့်လုပ်ငန်းများကြောင့် ရေလမ်းကြောင်းထဲသို့ အနည်ကျမှုအထောက် အထားမရှိခြင်း။
- စွန့်ထုတ်သောရေ၏ နောက်ကျိမှုပမာဏ (TSS)သည် သတ်မှတ်ထားသော ကန့်သတ်ချက် အတိုင်းဖြစ်ခြင်း။
- မြစ်ကြေပိုင်းရေသုံးစွဲသူများ ရေအရည်အသွေးညံ့ဖျင်းမှုနှင့်ပတ်သက်၍ တိုင်းကြားခြင်းမှု မရှိခြင်းတို့ဖြစ်သည်။

၉။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ လုပ်ဆောင်ချက်များ

တိုက်စားခြင်းနှင့်အနည်ကျခြင်း ထိန်းချုပ်မှုအတွက် ဖွဲ့စည်းတည်ဆောက်ပုံများအား ပုံမှန်စစ်ဆေးရမည် ဖြစ်ပြီး ယင်းတို့ကို ကောင်းမွန်စွာတပ်ဆင်တည်ဆောက် ထိန်းသိမ်းလျက်ရှိကြောင်း သေချာပါစေ။ လိုက်နာ မှုအား ဤအစီအစဉ်၏ နောက်ဆက်တွဲတွင် ဖော်ပြထားသော checklist အား အသုံးပြုပြီး ဆုံးဖြတ်သွား မည်ဖြစ်သည်။

သတ္တုတွင်းများမှ ထုတ်လွှတ်ရေ၏နောက်ကျိမှုအား အမျိုးသားပတ်ဂန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၏ နောက်ဆက်တွဲ - ၁၊ အခန်း ၂.၇.၁ တွင်ပါဝင်သော ဆီလျော်သည့် TSS အတိုင်းအတာနှင့် ကိုက်ညီကြောင်းသေချာစေရန် လစဉ် စစ်ဆေးပါမည်။

စစ်ဆေးခြင်း ကြိမ်နှုန်းများအား **ဇယား (၃)** တွင်ဖော်ပြထားပါသည်။

ဇယား (၃) စစ်ဆေးခြင်းနှင့် စောင့်ကြည့်ခြင်း ကြိမ်နှုန်းများ

လုပ်ငန်းစဉ်များ	ကြိမ်နှုန်း
ဇလဗေဒဆိုင်ရာ ဆန်းစစ်ခြင်း။	သတ္တုတူးဖော်ထုတ်လုပ်ခြင်း မတိုင်မီ။
သတ္တုတွင်း အစီအစဉ်။	သတ္တုတူးဖော်ထုတ်လုပ်ခြင်း မတိုင်မီ။
မြေပေါ်ရေစီမံခန့်ခွဲမှုစနစ် ဒီဇိုင်း။	သတ္တုတူးဖော်ထုတ်လုပ်ခြင်း မတိုင်မီနှင့် သတ္တုတူးဖော်ထုတ်လုပ်ခြင်း ပြီးမြောက်သည့်အထိ တစ်နှစ်လျှင် တစ်ကြိမ်။
တိုက်စားခြင်းနှင့် အနည်ကျခြင်းထိန်းချုပ်မှုအတွက် ဖွဲ့ စည်းတည်ဆောက်ပုံများ။	ခြောက်သွေ့ရာသီတွင် လစဉ်။ စိုစွတ်ရာသီတွင် အပတ်စဉ်။ မုန်တိုင်း (သို့) မိုးသည်းထန်စွာရွာပြီးချိန်တွင်။
စွန့်ထုတ်လိုက်သော ရေအရည်အသွေး။	လစဉ်။

တိုက်စားခြင်းနှင့်အနည်ကျခြင်းထိန်းချုပ်မှု စီမံခန့်ခွဲခြင်း အစီအစဉ် **လိုက်နာကျင့်သုံးမှု ရှိ/မရှိ စစ်ဆေးသည့်စာရင်း**	
မှော်နှင့် လုပ်ကွက်အမှတ် **သတ္တုတွင်းအမည်နှင့် ကုမ္ပဏီအမည်**	
စစ်ဆေးခြင်း ဆောင်ရွက်သူအမည်	
စစ်ဆေးခြင်း ဆောင်ရွက်သည့် ရက်စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထား	**လိုက်နာကျင့်သုံးမှု ရှိ/မရှိ**
ရေဝေရေလဲများနှင့် ရေလမ်းကြောင်းများ၏ တည်နေရာပြသသော အစီအစဉ်များအပါအဝင် ဇလဗေဒဆိုင်ရာ ဆန်းစစ်ခြင်း လုပ်ဆောင်ထားသော အထောက်အထား၊ ရေဝေရေလဲများနှင့် ရေလမ်းကြောင်းများ၏ တည်နေရာအားပြသသော အစီအစဉ်များအပါအဝင်။	
Cut off ရေနုတ်မြောင်းများ၊ ရေလွှဲတာဘောင်များ၊ ရေကန်ငယ်များ၊ ရေထုတ်နေရာများအပါအဝင် မြေပေါ်ရေ စီမံခန့်ခွဲမှုစနစ်ပြ မြေပေါ်ရေ စီမံခန့်ခွဲမှု အစီအစဉ်။	
ရေလမ်းကြောင်းများအား ရှောင်ရှားနိုင်သောနေရာများတွင် ရှောင်ရှားခဲ့ကြောင်း အထောက်အထား။	
ရေလမ်းကြောင်းများတွင် ကြားခံတည်ရှိမှု (Buffer) နှင့် ထိခိုက်ပျက်စီးမှု မရှိကြောင်း။	
Cut off ရေနုတ်မြောင်းများ တည်ဆောက်ထားခြင်းနှင့် လက်တွေ့အသုံးကျမှု။	
ရေလွှဲတာဘောင်တည်ဆောက်ထားခြင်းနှင့် လက်တွေ့အသုံးကျမှု။	
နုန်းတားများ တည်ဆောက်ထားခြင်းနှင့် လက်တွေ့အသုံးကျမှု။	
နုန်းစစ်ကန်ငယ်များ တည်ဆောက်ထားခြင်းနှင့် လက်တွေ့အသုံးကျမှု။	
နုန်းစစ်နံရံများ နေရာတကျ ထားရှိထားပုံနှင့် လက်တွေ့အသုံးကျမှု။	
သတ္တုတူးဖော်ထုတ်လုပ်ပြီးသော ဇရိယာများအား အဆင့်ဆင့် ပြန်လည်ထူထောင်ခြင်း။	
ရေထုတ်နေရာတွင် တိုင်းတာခဲ့သော နောက်ကျိခြင်း (စံနှုန်းသည် ၅၀ mg/L ဖြစ်သည်။)	

ဖားကန့်/ လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်

မြေနေရာအသုံးချခွင့် စီမံခန့်ခွဲမှု အစီအစဉ်

Version: Rev 1	ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်

၁။ နိဒါန်း

ကျောက်စိမ်းတူးဖော်သည့် ကုမ္ပဏီများသည် လုပ်ကွက်များအတွင်းဘက်နှင့်အပြင်ဘက်တွင် အပေါ်ယံမြေလွှာ၊ စွန့်ပစ်ကျောက်နှင့် ဘေးအန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းများ စုပုံရန်တို့အတွက် မြေနေရာအသုံးချခွင့် လိုအပ်သည်။ သတ္တုတွင်းကုမ္ပဏီများအနေဖြင့် သတ္တုတွင်းများနှင့် စွန့်ပစ်မြေစာပုံများနှင့် ကပ်လျက်ရှိသော မြေနေရာများ အားအသုံးချခွင့်ကို ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တားမြစ်ရန် လိုအပ်ကောင်းလိုအပ်ပေလိမ့်မည်။ မြေသိမ်းခြင်းနှင့် ပြန်လည်နေရာချထားခြင်းတို့ကဲ့သို့သော မြေအသုံးချနိုင်ခွင့်သည် ထိုမြေပေါ်တွင် နေထိုင်သည့် သို့မဟုတ် အသုံးချနေသည့် လူအသိုက်အဝန်းများနှင့် တစ်ဦးတစ်ယောက်ချင်းစီကို ဆိုးကျိုးသက်ရောက်မှုများဖြစ်စေနိုင်သည်။ အဓမ္မပြန်လည်နေရာချထားခြင်း (ဥပမာ။ လူများကို ၄င်းတို့နေထိုင်ရာဒေသမှ အတင်းအကျပ်ရွှေ့ပြောင်းစေ၍ အခြားနေရာတွင် ပြန်လည်နေရာချထားခြင်း) သည် ကာလရှည်ကြာအကြပ်အတည်းနှင့် ဆင်းရဲမွဲတေမှုများ ဆိုက်ရောက်စေနိုင်သဖြင့် ဖြစ်နိုင်လျှင် မလုပ်သင့်ပါ။ သတ္တုတူးဖော်ခြင်းလုပ်ငန်းသည် ဒေသခံများအတွက် ရေချိုကဲ့သို့သော သဘာဝရင်းမြစ်များ ရရှိနိုင်မှုကို ဆုံးရှုံးစေသည့် မြေနေရာအသုံးချမှု အဓမ္မကန့်သတ်ခြင်းမျိုးဖြစ်စေနိုင်သည်။

အဓမ္မပြန်လည်နေရာချထားခြင်း သို့မဟုတ် အဓမ္မကန့်သတ်ခြင်းများကို ရှောင်လွှဲမရနိုင်ပါက ရွှေ့ပြောင်းခံများ သို့မဟုတ် ထိခိုက်ခံများအား ပြန်လည်နေရာချထားရေး အစီအစဉ်တွင် ၄င်းတို့ကိုယ်တိုင် ထိထိရောက်ရောက်ပါဝင်ခွင့်ပေးသင့်ပါသည်။ ၄င်းတို့၏အသက်မွေးဝမ်းကျောင်းအပါအဝင် ဆုံးရှုံးမှုမှန်သမျှကို တရားမှတစ်စွာ လျော်ကြေးပေးသင့်သည့်အပြင် သဘာဝအရင်းအမြစ်များ အသုံးချခွင့်ကိုလည်း အခြားနည်းလမ်းများဖြင့် စီစဉ်ပေးသင့်သည်။

ဤမြေနေရာ အသုံးချခွင့် စီမံခန့်ခွဲမှု အစီအစဉ် (ယခုအစီအစဉ်) တွင် ကျောက်စိမ်းတူးဖော်ခြင်းနှင့် ပတ်သက်၍ ပြည်သူပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် မြေနေရာများ အသုံးချခွင့် နှင့်/သို့မဟုတ် ရရှိပိုင်ဆိုင်ခွင့်တို့အတွက်လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါသည်။ ဤအစီအစဉ်သည် လုံးခင်း/ဖားကန့် ရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဤ EMP တွင် ပါဝင်သော အခြားအပိုင်းများနှင့် တွဲ၍ဖတ်ရှုရပါမည်။

၂။ ရည်မှန်းချက်များ

မြေနေရာအသုံးချခွင့် စီမံခန့်ခွဲမှု အစီအစဉ်၏ ရည်မှန်းချက်များမှာ -

- သတ္တုတူးဖော်ခြင်း လုပ်ငန်းများကြောင့် လူတို့၏ပြောင်းရွှေ့ရမှုများ တတ်နိုင်သမျှရှောင်ရှားရန်၊ သို့မဟုတ် (ရှောင်လွှဲမရနိုင်ပါက) တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင်လုပ်ရန်။
- သတ္တုတူးဖော်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သော မည်သည့်မြေ (အိုးအိမ်များနှင့် ပြည်သူပိုင် အဆောက်အအုံများတည်ရှိသည့်မြေနေရာများအပါအဝင်) အတွက်မဆို တရား မျှတ၍ သင့်လျော်လုံလောက်သည့် နစ်နာကြေးပေးအပ်ရန်။
- ပြန်လည်နေရာချထားရေးနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါတိုင်း ထိခိုက်ခံများအားအသိပေး၍ လွတ်လပ်စွာ ပါဝင်ခွင့်ပေးရန်။
- ပြောင်းရွှေ့ခံများ၏ အသက်မွေးဝမ်းကျောင်းနှင့် လူနေမှုအဆင့်အတန်းအား မူလအတိုင်း ပြန်ဖြစ်စေရန်။
- သဘာဝအရင်းအမြစ်များ မရရှိနိုင်သည့်နေရာများအတွက် အခြားသောနည်းလမ်းများ စီစဉ်ပေးခြင်းတို့ပြုလုပ်ပေးရန်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

အထိခိုက်ခံအုပ်စု (Affected Party) - သတ္တုတွင်းလုပ်ငန်းများကြောင့် ထိခိုက်ခံရသော လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များ သို့ မဟုတ် အဖွဲ့အစည်း။

လူထု (Community) - တူညီသည့်လက္ခဏာရပ်များရှိပြီး ဖြစ်နေသောအကြောင်းရင်းတစ်ခုကို အရင်းခံ၍ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်အမှီသဟဲပြုနေကြသော လူအုပ်စု တစ်ခု။

လူထုအရေးပြုအဖွဲ့ (Community Reference Group) - လူထုအတွက် ပြဿနာများနှင့် စိုးရိမ်ပူပန်မှုများဖွင့်ဟတိုင်ကြားခြင်းအပါအဝင် သတ္တုတွင်းတူးခြင်းလုပ်ငန်းဆောင်ရွက်ချက်များနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုကို လူထုအားအသိပေးရန်၊ အဓမ္မရွှေ့ပြောင်းခံရခြင်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဆက်နွယ်သော ကိစ္စရပ်များဖြေရှင်းရန် သတ္တုတွင်းကုမ္ပဏီများနှင့် ဒေသခံနေထိုင်သူများအကြား ဆက်သွယ်ရေး လွယ်ကူစေရန်အတွက် လူထုအဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသော လူအုပ်စု။

တိုင်တန်းချက် (Complaint) - သတ္တုတွင်းကုမ္ပဏီတစ်ခု၏ ပြုလုပ်ချက်နှင့်ပတ်သတ်၍ အထိခိုက်ခံအုပ်စုတစ်ခုမှ တရားဝင်ပြုလုပ်သော မကျေနပ်ကြောင်းဖော်ပြချက်။

ပြုပြင်တည့်မတ်ဆောင်ရွက်ချက် (Corrective action) - လိုက်နာကျင့်သုံးမှုမရှိခြင်းဖြစ်စေသော အကြောင်းတရားများကိုဖယ်ရှားသည့် လုပ်ငန်းစဉ်နည်းလမ်းများကို ပိုမိုကောင်းမွန်စေရန်နှင့် ဖြစ်ရပ်များ

ထပ်မံဖြစ်ပွားခြင်းကို ကာကွယ်ရန် ဖြစ်ပွားပြီးအခြေအနေတစ်ခုကို ပြုပြင်တည့်မတ်ရန်ပြုလုပ်သော ဆောင်ရွက်ချက်တစ်ခု။

နစ်နာကြောင်းတိုင်ကြားချက် (Grievance) - သတ္တုတွင်းကုမ္ပဏီတစ်ခု၏ ပြုလုပ်ချက်များ သို့မဟုတ် ပြုလုပ်ရန်လစ်ဟင်းချက်များ၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည်ဟု စွပ်စွဲထားသောပျက်စီးမှု၊ ထိခိုက်မှုနှင့် မကျေနပ်ချက်များကို အထိခိုက်ခံအုပ်စုတစ်ခုက စွဲချက်တင်ထားသော တိုင်ကြားချက်တစ်ခု။ နစ်နာကြောင်းတိုင်ကြားချက်တစ်ခုကို များသောအားဖြင့် ပြုပြင်တည့်မတ်ဆောင်ရွက်ချက်၊ လျော်ကြေး သို့မဟုတ် နစ်ခုစလုံးကို တောင်းဆိုလို၍ တိုင်ကြားသည်။

ဖြစ်ရပ် (Incident) - သဘာဝပတ်ဝန်းကျင်၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ လုံခြုံမှုကျန်းမာရေးနှင့် လူတို့၏ အသက်မွေးဝမ်းကြောင်းအပေါ် မလိုလားအပ်သော မမျှော်လင့်သော သက်ရောက်မှုနှင့်/ သို့မဟုတ် ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာအပေါ်သက်ရောက်မှု သို့မဟုတ် ဥပဒေနှင့်စည်းမျဉ်းပိုင်းဆိုင်ရာလိုက်နာမှုအပေါ် သက်ရောက် မှုတို့ဖြစ်စေသော ဖြစ်ရပ်တစ်ခုသို့မဟုတ် ဖြစ်ရပ်များ

အဓမ္မရွှေ့ပြောင်းခံရမှု (Involuntary resettlement) - ပြန်လည်နေရာချထားရခြင်း၊ အိုးအိမ်၊ ပစ္စည်းများ သို့မဟုတ် အသက်မွေးဝမ်းကျောင်းဆုံးရှုံးခြင်းတို့ဖြစ်စေသော အဓမ္မမြေသိမ်းယူမှုကိုဆိုလိုသည်။ အဓမ္မရွှေ့ပြောင်းခံရမှုဆိုသည်မှာ ရုပ်ဝတ္ထုပစ္စည်းများရွှေ့ပြောင်းရမှု (ပြန်လည်နေရာချပေးရခြင်း သို့မဟုတ် အိုးအိမ်ဆုံးရှုံးမှု) နှင့် စီးပွားရေးဆိုင်ရာများရွှေ့ပြောင်းရမှု (စီမံကိန်းနှင့် ဆက်နွယ်နေသည့် မြေနေရာပိုင်ဆိုင်ရရှိမှု နှင့်/သို့မဟုတ် မြေနေရာအသုံးချမှုအပေါ် ကန့်သတ်ခြင်းတို့ကြောင့် ပိုင်ဆိုင်ရာပစ္စည်းများဆုံးရှုံးမှု သို့မဟုတ် ဝင်ငွေရရှိနိုင်စေသော သို့မဟုတ် အခြားသော အသက်မွေးဝမ်းကျောင်းမှု ပြုနေသော ပစ္စည်းများဆုံးရှုံးမှု) တို့ကို ရည်ညွှန်းသည်။

သတ္တုတွင်းကုမ္ပဏီ (Mining company) - ကျောက်စိမ်းလုပ်ကွက်၊နေရာတစ်ခုတွင် ကျောက်စိမ်းထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိထားသော ကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီ၊ သမဂ္ဂါယမလုပ်ငန်း၊ လူပုဂ္ဂိုလ်များ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦး

အလုပ်သမား (Worker) - သတ္တုတွင်းကုမ္ပဏီပိုင်ရှင်များ၊ လုပ်သားများ၊ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံကန်ထရိုက်တာများနှင့် မိသားစုဝင်များ အားလုံးအပါအဝင် သတ္တုတွင်းကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်နေသည့် လူပုဂ္ဂိုလ်များ

၄။ ဆက်စပ်အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းလမ်းများ

ဤအစီအစဉ်နှင့်အတူအောက်ပါ အစီအစဉ်များတွင်ပါဝင်သော စီမံခန့်ခွဲမှုအစီအမံများကို အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သည်။

- လူထုနစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းသည့် စနစ်
- လူထုအထောက်အပံ့နှင့်ဖွံ့ဖြိုးရေး အစီအစဉ်

- သတ္တုတွင်း ပိတ်သိမ်းခြင်း စီမံခန့် ခွဲမှု အစီအစဉ်

၅။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

မြေနေရာအသုံးချခွင့် စီမံခန့်ခွဲမှု အစီအစဉ်နှင့် ဆက်နွယ်သော ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များ နှင့် စံနှုန်းများကို အောက်ပါကဏ္ဍတွင် စာရင်းပြုစုထားသည်။

၅.၁။ ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များ

သတ္တုတွင်းကုမ္ပဏီများနှင့် ၎င်းတို့အလုပ်သမားများ၏ တာဝန်ဝတ္တရားများကို အတွက်ချမှတ်ထားသော မြန်မာနိုင်ငံဥပဒေများ၊ စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များမှာ -

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ထူထောင်ထားသော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ထိခိုက်ပျက်စီးစေသော လုပ်ငန်းများကို ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် လုပ်ငန်းများအဖြစ် သတ်မှတ်ထားပါသည်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) အရ သတ္တုတွင်းဝန်ကြီးဌာနသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာမြေအဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်းပြုနိုင်သည်။

- ပုဒ်မ ၁၆ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်-

  (က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

  (ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့ သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။

(ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။

(င) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ဌားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ၊

(စ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(၂) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ် မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည် ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆဖြစ်ပွားမှုများကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်မှုဒဏ်ရာရမှုများကို သတင်းပို့ အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

- ပုဒ်မ ၃၆ အရ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

  (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းများကို လည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်း ရှိမရှိ စစ်ဆေး ခြင်း၊

  (ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆ ဖြစ်ပွားမှုကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ် များကို ကြည့်ရှုစစ်ဆေးခြင်း၊

  (ဂ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

  (ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

  (င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၅.၂။ နိုင်ငံတကာ လမ်းညွှန်ချက်များ

မြေနေရာအသုံးချခွင့်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ နိုင်ငံတကာလုပ်ထုံးလုပ်နည်းကောင်းများကို အောက်ပါစံနှုန်းများနှင့် လမ်းညွှန်ချက်များတွင် ဖော်ပြထားပါသည်။

- IFC ၏ ပတ်ဂန်းကျင်နှင့် လူမှုရေးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ဆောင်ချက်စံနှုန်း PS 5 - မြေနေရာ ရရှိပိုင်ဆိုင်မှုနှင့် အဓမ္မရွှေ့ပြောင်းခံရမှု
- ကမ္ဘာ့ဘဏ် လက်စွဲစာအုပ် OP – 4. 12 အဓမ္မရွှေ့ပြောင်းမှု

၆။ မြေနေရာ အသုံးချခွင့် စီမံခန့် ခွဲမှု အစီအမံများ

သတ္တုတွင်းလုပ်ငန်းအတွက် မြေနေရာအသုံးချခွင့်ရရှိရန်အတွက် စီမံခန့်ခွဲမှုလုပ်ဆောင်ချက်များကို အောက်တွင်ပြဋ္ဌာန်းထားပါသည်။ မြေပိုင်ရှင်များအား နေရာပြန်လည်ချထားခြင်း လုပ်ထုံးလုပ်နည်းများကို ပုံပြဇယား (၁) တွင် ဖော်ပြထားပါသည်။

သတ္တုတွင်း မတူးဖော်မီ

သတ္တုတွင်းမတူးဖော်မီ အောက်ပါအစီအမံများကို အကောင်အထည်ဖော်ထားရပါမည်။

(က) လူများ၊ လူအသိုင်းအဝန်းများ နှင့်/သို့မဟုတ် စီးပွားရေးလုပ်ငန်းများ ရွှေ့ပြောင်းရန်လိုအပ်မှု နှင့်/သို့ ရေရှည်နှင့် စိုက်ပျိုးမြေများကဲ့သို့သော သဘာဝအရင်းအမြစ်များ အသုံးချခွင့် ကန့်သတ်မှုများကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေရန် မြေနေရာလိုအပ်မှုကို ရှောင်ရှားရန်၊ (ရှောင်လွှဲမရနိုင်ပါက) လျော့ချရန်၊ အခြားသောဖြစ်နိုင်သည့် သတ္တုတွင်းဒီဇိုင်းပုံဖော်ခြင်းနှင့် သတ္တုတွင်းတူးဖော်ခြင်း နည်းလမ်းများကိုစဉ်းစားပါ။

(ခ) သတ္တုတွင်းလုပ်ငန်း သို့မဟုတ် ဆက်စပ်လုပ်ငန်းများအတွက် လိုအပ်သည့်မြေနေရာ သို့မဟုတ် ပစ္စည်းများကို ပိုင်ဆိုင်ခွင့်ရှိသောသူများမှာ မည်သူဖြစ်ကြောင်းဖော်ထုတ်ရန်။

(ဂ) နေရာပြန်လည်ချထားခြင်းနှင့်/ သို့မဟုတ် ထိခိုက်သွားသောရင်းမြစ်များအသုံးချမှုအတွက် အခြားသောနည်းလမ်းများ ရွေးချယ်ပိုင်ခွင့်များကို ထိခိုက်ခံအားလုံးအားအသိပေးပြီး ပွင်းလင်းမှုရှိသော ဆွေးနွေးပွဲများ ဦးစွာပြုလုပ်ပါ။

(ဃ) လူထုတွေ့ဆုံဆွေးနွေးပွဲဖြစ်စဉ်၌ သင့်လျော်သည့်နေရာတွင် လူထုအခြေပြုအဖွဲ့များနှင့် (လူထုအထောက်အပံ့နှင့် ဖွံ့ဖြိုးရေးစီမံခန့် ခွဲမှု အစီအစဉ်တွင် ကြည့်ပါ။) ချိတ်ဆက်လုပ်ဆောင်ပါ။

(င) ထိခိုက်မှုခံရနိုင်ချေရှိသည့်လူများကို လူထုနစ်နာမှုများအား ကိုင်တွယ်ဖြေရှင်းသည့်စနစ် သတင်းအချက်အလက်များ ပေးထားရပါမည်။

(စ) ပြန်လည်နေရာချထားမှု လုပ်ဆောင်ရမည်ဆိုလျှင် ရွှေ့ပြောင်းခံရမည့်သူများ၏ အသေးစိတ်အချက်အလက်များကို အမျိုးအစားခွဲခြင်း၊ မြေပုံဆွဲခြင်း၊ မှတ်တမ်းရေးသွင်းခြင်းများပြုလုပ်၍ နစ်နာကြေးများကို သတ်မှတ်ကာ ခွဲခြားရွေးထုတ်ထားရပါမည်။

(ဆ) နစ်နာကြေးတောင်းဆိုမှုတွင် လျှောက်ထားနိုင်သည့် စံနှုန်းကန့်သတ်ချက်များနှင့် လျှောက်ထားပိတ်ရက်များ သတ်မှတ်ထားခြင်းဖြင့် အခွင့်အရေးယူကာ လာရောက်အခြေချသူများ ကဲ့သို့သော နစ်နာကြေးရရှိခွင့်မရှိသည့် လူများအားဟန့်တားရပါမည်။

(ဇ) နစ်နာကြေးရပိုင်ခွင့် သတ်မှတ်ချက်များနှင့် ရပိုင်ခွင့်သတ်မှတ်ချက်များ အကြီးဝင်မှု လျှောက်လွှာနောက်ဆုံးရက်နှင့်ပတ်သတ်သော အချက်အလက်စာရွက်စာတမ်းများကို ဖြန့်ဝေရပါမည်။

(ဈ) သတ္တုတွင်းလုပ်ငန်းကြောင့် တိုက်ရိုက်ဖြစ်သည့်ဟု မှတ်ယူနိုင်သည့် နေရာပြန်လည်ချထားခြင်းနှင့် အခြားသောစီးပွားရေးဆိုင်ရာဆုံးရှုံးမှုများအတွက် နစ်နာကြေးသတ်မှတ်ရာတွင် အောက်ပါလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရပါမည်။

၁) ပြန်လည်နေရာချမည့်မြေနေရာနှင့်/ သို့မဟုတ် အိမ်ရာများ သို့မဟုတ် လျော်ကြေးငွေနှင့် ပြောင်းရွှေ့ရေးအကူအညီများအပါအဝင် ပြန်လည်နေရာချထားရေးဆိုင်ရာ ရွေးချယ်ခွင့်များ။

၂) ရွှေ့ပြောင်းခံများသည် လက်လုပ်လက်စားအဖြစ်သော်လည်းကောင်း၊ မြေယာကိုအမှီပြု လုပ်ကိုင်သူများအဖြစ်သော်လည်းကောင်း၊ မြေကိုစုပေါင်းပိုင်ဆိုင်နေသူများ အဖြစ်သော်လည်း တွေ့ရှိရပါက သင့်လျော်သလိုမြေနေရာ (ဥပမာ။ စိုက်ပျိုးမြေ) ကို လျော်ကြေးအဖြစ် ကမ်းလှမ်းရပါမည်။

၃) နစ်နာကြေးကိုငွေကြေးအဖြစ်သာ တောင်းခံလာသည့်နေရာတွင် မြေနေရာနှင့်/ သို့မဟုတ် ပစ္စည်းဆုံးရှုံးမှုအတွက် အပြည့်အဝအစားထိုး လျော်ကြေးပေးဆောင်ပါ။

၄) ထိခိုက်ခံရင်းမြစ်များကို ဆက်လက်အသုံးပြုနိုင်ရေးအတွက် သို့မဟုတ် အခြားသော ရင်းမြစ်များစီမံပေးမှုများအတွက် အလားအလာရှိသော ဝင်ငွေနှင့်ရရှိနိုင်မှုကို မူလနှင့်ညီမျှသောအခြေအနေကို စီစဉ်ပေးရမည်။

၅) အခြားသော ဝင်ငွေတိုးစေသည့် အခွင့်အလမ်းများ။

၆) အပြောင်းအလဲကာလတစ်ခုအတွက် အထောင့်အပုံဖြစ်စေရန် အခြားသောဝင်ငွေရရှိနိုင်သည့်အခွင့်အလမ်းများ ဖန်တီးပေးရမည်။

(ည) သတ္တုတွင်းလုပ်ငန်းကြောင့် တိုက်ရိုက်ဖြစ်သည်ဟု မှတ်ယူနိုင်သည့် နေရာပြန်လည်ချထားခြင်းနှင့် အခြားသောဆုံးရှုံးမှုများအတွက် နစ်နာကြေးကို မဆိုင်းမတွ ချက်ချင်းပေးဆောင်ပါ။

(ဋ္ဌ) မြေနေရာရရှိရန်၊ နစ်နာကြေးပေးရန်/ပေးဆောင်ရန်နှင့် နေရာပြန်လည်ချပေးခြင်းစသည့် လုပ်ငန်းများအားလုံးကို မှတ်တမ်းပြုစုပါ။

(ဌ) ထိခိုက်ခံလူများကို နစ်နာကြေးများပေးအပ်ပြီးပါက ရရှိသည့်မြေနေရာနှင့် စပ်ဆိုင်သည့်ပစ္စည်းများကိုသာ ပိုင်ဆိုင်မှုအဖြစ်ရယူရပါမည်။

(ဍ) ရွှေ့ပြောင်းခံရသူများအား သတ္တုတွင်းလုပ်ငန်းများမှ စီးပွားရေးအကျိုးအမြတ်များ ရရှိရန် အခွင့်အလမ်းများပေးအပ်ပါ။

သတ္တုတူးဖော်နေစဉ်

သတ္တုတူးဖော်နေစဉ် အောက်ပါအစီအမံများကို အကောင်အထည်ဖော်ထားရပါမည်။

(ပ) သဘောတူညီထားသည့် ပြန်လည်နေရာချခြင်းများနှင့် ဆက်စပ်သည့် နစ်နာကြေးများပေးခြင်းကို အကောင်အထည်ဖော်ပြီး ဆောင်ရွက်ပြီးစီးသည့် မှတ်တမ်းများကိုသိမ်းဆည်းထားပါ။

(ဈ) မြေပိုင်ရှင်များအတွက် ပြည်သူပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်မြေနေရာများ ယာယီအသုံးချခွင့်ကို စာဖြင့် ကြိုတင်ရေးသားအကြောင်းကြားပါ။

(တ) လက်တွေ့တွင်ဖြစ်နိုင်ပါက ဖောက်လုပ်ပြီးလမ်းများ သို့မဟုတ် လမ်းကြမ်းများတစ်လျောက် သို့မဟုတ် မြေပိုင်ရှင်နှင့် သဘောတူညီထားသည့် လမ်းကြောင်းများတစ်လျောက်မှ မြေများကို အသုံးချပါ။

(ထ) မြေနေရာကို အသုံးချနေစဉ်အတွင်း တာဂန်သိသိ ဂရုတစိုက် ပြုမူအသုံးပြုပါ။

(ဒ) သက်ဆိုင်ရာလမ်းအာဏာပိုင်များနှင့် ကြိုတင်သဘောတူညီမှု အများပြည်သူနှင့် ဆွေးနွေးခြင်း မပြုလုပ်ပဲ အခြားသောမြေအသုံးချခွင့်အပါအဝင် အများပြည်သူသုံးလမ်းများအား ပိတ်ပင်ခြင်း ကန့်သတ်ခြင်းများ မပြုလုပ်ရ။

(ဓ) လူထုနစ်နာမှုများကိုင်တွယ်ဖြေရှင်းသည့်စနစ်နှင့်အညီ မြေပိုင်ရှင်များ၏ တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းပါ။

(န) နေရာပြန်လည်ချထားခြင်းနှင့် နစ်နာကြေးများပေးခြင်းများကို သဘောတူညီထားသည့်အတိုင်း ဆောင်ရွက်ပြီးစီးမှု၊ နစ်နာကြေးပေးအပ်ပြီးစီးမှု၊ မြေပိုင်ရှင်များရေရှည်တည်တံ့ခိုင်မြဲသည့် အသက်မွေးဝမ်းကျောင်းပြန်လည်ရရှိထားမှုစသည်တို့ မှန်ကန်ကြောင်းအတည်ပြုနိုင်ရန် ဘက်လိုက်ခြင်းကင်းသည့် အလုပ်ပြီးစီးမှုစစ်ဆေးခြင်း လုပ်ဆောင်ရမည်။


(ပ) ပြန်လည်နေရာချထားခြင်းများ ပြုလုပ်ပြီးစီးသည့်နောက် ရွှေ့ပြောင်းခံများ၏ ဘဝနေထိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းအခြေအနေနိမ့်ပါးသွားပါက ပြန်လည်တည့်မတ် ဆောင်ရွက်ပေးရပါမည်။

သတ္တုတူးဖော်ပြီးသောအခါ

သတ္တုတူးဖော်ခြင်းပြီးစီးပြီးနောက် အောက်ပါအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက် ထားရပါမည်။

(က) အကယ်၍ ဘေးအန္တရာယ်ကင်းရှင်းပါက သဘာဝရင်းမြစ်များနှင့် မြေနေရာအသုံးပြုနိုင်ခွင့်သည် မူလအတိုင်း ပြန်လည်ဖြစ်ပေါ် စေရပါမည်။

(ခ) သတ္တုတွင်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ထားရပါမည်။



VALENTIS coffey A TETRA TECH COMPANY	Date: 26.07.2017 Project: 745-DRWEN00015AA File Name: 00015 EMP01 MC F001 GRA	MGJEA Hpakant/Lonkin Gems Tract EMP	Land access (resettlement) procedure	Figure 1

၇။ လုပ်ဆောင်ချက် စံချိန်စံနှုန်းများ

မြေနေရာအသုံးချခွင့် စီမံခန့်ခွဲမှုအတွက် လုပ်ဆောင်ချက် စံချိန်စံနှုန်းများမှာ -

- မြေနေရာနှင့်/ သို့မဟုတ် အသုံးချခွင့်နှင့်/ သို့မဟုတ် ပစ္စည်းများဆုံးရှုံးမှုတို့အတွက် နစ်နာကြေးပေးခြင်း။
- ရွှေ့ပြောင်းရသူများအား နေရာပြန်လည်ချပေးခြင်း နှင့်/ သို့မဟုတ် နစ်နာကြေးပေးခြင်း။
- ရွှေ့ပြောင်းရသူများ၏သက်မွေးဝမ်းကျောင်းနိမ့်ပါးသွားပါက ပြန်လည်တည့်မတ် ဆောင်ရွက်ပေးခြင်း။
- လူထုနစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းသည့်စနစ်နှင့်အညီ လူထုနစ်နာမှုများကို ဖြေရှင်းပေးခြင်း။

၈။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာအချက်များ

မြေနေရာအသုံးချခွင့်စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များ လိုက်နာမှုရှိ/မရှိ သေချာစေရန် ယခုအစီအစဉ်နှင့် ပူးတွဲပါ စစ်ဆေးရမည့်စာရင်းဖြင့် စစ်ဆေးဆုံးဖြတ်ရပါမည်။

စစ်ဆေးခြင်းဆိုင်ရာ ကြိမ်နှုန်းများအား **ဇယား (၂)** တွင် ဖော်ပြထားပါသည်။

ဇယား(၂) စစ်ဆေးခြင်း နှင့် စောင့်ကြပ်ကြည့်ရှုခြင်း အကြိမ်နှုန်း

လုပ်ငန်းစဉ်များ	အကြိမ်အရေအတွက်
နစ်နာကြေးပေးခြင်း မှတ်တမ်း။	လစဉ်
နေရာပြန်လည်ချထားခြင်း မှတ်တမ်း။	လစဉ်
နစ်နာမှု တိုင်ကြားချက် မှတ်တမ်း။	လစဉ်
ရွှေ့ပြောင်းအိမ်ထောင်စုများ၏ လူနေမှု အဆင့်အတန်း (ရုပ်ပိုင်းဆိုင်ရာ)။	ခြောက်လတစ်ခါ
အိမ်ထောင်စု၏ တည်ရှိသက်တမ်း။	ခြောက်လတစ်ခါ

မြေနေရာ အသုံးချခွင့် စီမံခန့် ခွဲမှု အစီအစဉ် **သတ်မှတ်ချက်များ လိုက်နာမှု ရှိမရှိ စစ်ဆေးရမည့် စာရင်း**	
မော် နှင့် လုပ်ကွက် နံပါတ် **ကုမ္ပဏီ နှင့် သတ္တုတွင်း အမည်**	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သူ	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သည့် ရက်စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထား	**လိုက်နာကျင့်သုံးခြင်း ရှိသည် (သို့) မရှိပါ။**
ထိခိုက်ခံလူများနှင့် လူထုအသိုက်အဝန်းများအားလုံးနှင့် လူထုတွေ့ဆုံဆွေးနွေးပွဲ အထောက်အထား။	
ထိခိုက်ခံလူထုနှင့် အိမ်ထောင်စုများအား အခြေခံစစ်တမ်းကောက်ယူချက်။	
အဓမ္မရွှေ့ပြောင်းခံရခြင်းနှင့်/ ပစ္စည်းများ ဆုံးရှုံးမှုအတွက်သင့်တော်သည့် နစ်နာကြေးပေးခြင်း (နစ်နာကြေးပေးခြင်း မှတ်တမ်း)။	
လူများနှင့်အိမ်ထောင်စုများအားလျော်ကန်စွာ ပြန်လည်နေရာချထားခြင်း အထောက်အထား (နေရာပြန်လည်ချထားခြင်း မှတ်တမ်း)။	
ကာလရှည်ကြာ မြေနေရာနှင့်/ သို့ မဟုတ် သဘာဝအရင်းအမြစ် အသုံးချခွင့် ကန့်သတ်ချက်များအတွက် သင့်တော်သည့် နစ်နာကြေးပေးခြင်း (နစ်နာကြေးပေးခြင်းမှတ်တမ်း)။	
နစ်နာမှုတိုင်ကြားချက် မှတ်တမ်း (တိုင်ကြားချက်များကို မှတ်တမ်းတင်ပြီး အမှုပိတ်သိမ်းခြင်း)။	
မြေနေရာအသုံးချခွင့် ကန့် သတ်ချက်များနှင့်စပ်လျဉ်း၍ လူထုနှင့် စဉ်ဆက်မပြတ် ချိတ်ဆက်မှု။	
သတ္တုတွင်း ပိတ်သိမ်းပြီးနောက် သဘာဝရင်းမြစ်များနှင့် မြေနေရာများ နဂိုအတိုင်း ပြန်လည် အသုံးပြုနိုင်ခွင့်။	

ဖားကန့် /လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

သတ္တုတွင်းနှင့် မြေစာပုံ စီမံခန့်ခွဲမှုအစီအစဉ်

Version: Rev1	ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ (၃၁) ရက်

၁။ ရည်ရွယ်ချက်

ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းသည် ကျောက်စိမ်းရရန်မြေသားနှင့် ကျောက်မြေစာပမာဏ အမြောက်အများကို တူးဖော်ဖယ်ထုတ်ရ၍ ဟင်းလင်းပွင့်တွင်းကြီးများနှင့်မြေစာများ စွန့်ပစ်စုပုံရာမှ ထုထည်ကြီးမား သော မြေစာပုံကြီးများ ဖြစ်ပေါ်စေပါသည်။ ကျောက်စိမ်းတူးဖော်ခြင်း၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ် လာသော ယင်းဟင်းလင်းပွင့်တွင်းကြီးများနှင့်မြေစာပုံကြီးများ တည်ငြိမ်ကြံ့ခိုင်မှုမရှိလျှင် အန္တရာယ်ကြီးမား လှသည်။

ထိုဟင်းလင်းပွင့်တွင်းများ၏ နံရံစောင်းနှင့်မြေစာပုံများ၏ရုပ်ပိုင်းကြံ့ခိုင်မှုသည် ယင်းတို့၏ မြေသားတည်ငြိမ် မှုဆိုင်ရာ ဂုဏ်သတ္တိ၊ မတ်စောက်မှုနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ (ဥပမာ- မိုးရေ ချိန်နှင့် မြေငလျင်ဖြစ်ပွားမှုနှုန်း) အပေါ်မူတည်နေပါသည်။ တွင်းနံရံများနှင့်စွန့်ပစ်မြေစာပုံမျက်နှာပြင်များပျက်စီး ခြင်းသည် မြေပြိုမှုကိုဖြစ်စေပါသည်။ ထိုမြေပြိုမှုများကြောင့် အိုးအိမ်စည်းစိမ်များ (အဆောက်အအုံများ၊ အိမ်များ၊ ကျောက်စိမ်းတူးဖော်ရေးဆိုင်ရာယန္တရားများ)၊ လူနှင့်တိရိစ္ဆာန်တို့၏အသက်ဆုံးရှုံးမှု စသည့်ဆိုးကျိုး များဖြစ်စေပါသည်။ မြေပြိုမှုများသည် မြေညှာနှင့်မြစ်ကြေပိုင်းရေ မိုတင်းအသုံးပြုမှုများ (ရေနေသတ္တ ဂါဂေဟစနစ်နှင့် လယ်ယာစိုက်ပျိုးရေးဇရိယာများ) ကို မြေဖုံးအုပ်သွားစေပြီး ဆက်လက်တိုက် စားမှုကြောင့် အနည်ပါသော လျှံကျရေများ ရေလမ်းကြောင်းများအတွင်းသို့ ဝင်ရောက်စေနိုင်သည်။

ဤအစီအစဉ်ကို အန္တရာယ်ကင်းသော သတ္တုတွင်းများနှင့်စွန့်ပစ်မြေစာပုံများတည်ဆောက်နိုင်ရန်နှင့် တည် ငြိမ်ကြံ့ခိုင်သောမြေပြင်ပုံသဏ္ဌာန်ကို ဖန်တီးရန်အတွက်ရည်ရွယ်သည်။ ၎င်းတွင် သတ္တုတွင်းနှင့်စွန့်ပစ် မြေ စာပုံဒီဇိုင်းများဖြင့် အခြေခံသဘောတရားများကို ဖော်ပြထားပါသည်။ ကြံ့ခိုင်မှုရှိသည့်မြေပြင်သည် သတ္တု တွင်းပိတ်သိမ်းခြင်းနှင့် အဆုံးသတ် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများအတွက် အရေးကြီးပါသည်။ ဤအစီအစဉ်သည် ဖားကန့်/လုံးခင်းရတနာနယ်မြေပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏ အစိတ်အ ပိုင်းတစ်ခုဖြစ်ပြီး ဤ EMP တွင် ပါဝင်သော အခြားကဏ္ဍများနှင့်တွဲ၍ ဖတ်ရှုရန်ဖြစ်သည်။

၂။ ရည်မှန်းချက်များ

သတ္တုတွင်းများနှင့် စွန့်ပစ်မြေစာပုံများ တည်ငြိမ်ကြံ့ခိုင်မှုရှိစေရန်အတွက် ရည်မှန်းချက်များမှာ-

- လူတို့၏ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှု၊ အိုးအိမ်စည်းစိမ်နှင့်ပတ်ဝန်းကျင်တို့ကို ကာကွယ်ရန် ကျောက်စိမ်းတူးဖော်သည့်နေရာများကို ရေရှည်တည်ငြိမ်ကြံခိုင်မှုရှိအောင် ပြုလုပ်ရန်။
- မြစ်ကြေပိုင်း ရေလမ်းကြောင်းများနှင့် နန်းတင်ခြင်းမှ ရရှိသော ၄င်းတို့၏ အကျိုးရှိသုံးစွဲမှုကို ကာကွယ်ရန် သတ္တုတွင်းကြောင့် ပျက်စီးသွားသောနေရာများ ရေတိုက်စားခံရခြင်းမှ ရှောင်ကြဉ်ရန် (သို့) လျော့ချရန်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

သတ္တုတွင်းနံရံစောင်း (Batter) - လှေကားပုံမြေပြင် သဏ္ဌာန်မှ လှေကားထစ် အဆင့်များကြားသတ္ထုတွင်း နံရံဆင်ခြေလျောပိုင်းကို ဆိုလိုသည်။

လှေကားထစ်အဆင့် (Bench) - ဟင်းလင်းပွင့်အနစ်ဖြင့် သတ္ထုတူးဖော်လျှင် ကျောက်တုံးများ ပြိုကျခြင်းမှ ကာကွယ်ရန်နှင့် တွင်းနံရံများ တည်ငြိမ်ကြံခိုင်မှုရှိစေရန် နံရံ၏မြေပြင်သဏ္ဌာန်ကို လှေကားပုံ ဖန်တီးလေ့ရှိသည်။ ယခုအသုံးပြုမည့် လှေကားထစ်အဆင့် (Bench) သည် လှေကားသဏ္ဌာန်မှ အဆင့်ကိုဆိုလိုသည်။

အတားအဆီး/တမံ (Bund) - အမြင့်၊ အကျယ်နှင့် ပုံသဏ္ဌာန်ကိုမူတည်၍ အရှိန်နှင့်ဝင်လာသော လျှံကျရေကို လမ်းကြောင်းလွှဲနိုင်သော သို့မဟုတ် ယာဉ်တစ်ခုခုကို တားဆီးနိုင်သော ပစ္စည်းအစုအပုံ သို့မဟုတ် မြေကမူ။

Cut-off ရေနုတ်မြောင်း (Cut-off drain) - သတ္ထုတွင်းကြမ်းပြင်ထဲသို့ ရေစီးဝင်မှုမရှိစေရန် သတ္ထုတွင်း၏ မြစ်ညာပိုင်းရှိရေများကို ပေါင်းစုစေပြီး လမ်းကြောင်းလွှဲစီးဆင်းစေရန်အတွက် မြေထဲ၌တူးထားသောမြောင်းကို Cut-off ရေနုတ်မြောင်းဟု ဆိုသည်။

ရေလွှဲတာ (Diversion Bund) - ဟင်းလင်းပွင့်တူးသတ္ထုတွင်း သို့မဟုတ် မြေစာပုံ ဆင်ခြေလျှောများထဲသို့ ရေမဝင်စေရန် တည်ဆောက်ထားသော ရေလမ်းကြောင်းလွှဲတာဘောင်ကိုဆိုသည်။ Cut-off ရေနုတ်မြောင်းနှင့်တွဲဖက်၍ ပြုလုပ်လေ့ရှိသည်။

ရေထုတ်လမ်းကြောင်း (Drainage Line) - ရေကိုပေါင်းစုစေ၍ ကုန်းဆင်းအတိုင်း စီးဆင်းသွားစေသော သာမန်မြေပြင်ထက် နိမ့်သည့်ချိုင့်နေရာ။

သတ္ထုတွင်းကြမ်းပြင် (Mine face) - ဟင်းလင်းပွင့်တူးသတ္ထုတွင်း၏ လက်ရှိအလုပ်လုပ်ကိုင်နေသော အပိုင်း။

သတ္ထုတွင်းနံရံ (Mine Wall) - ဟင်းလင်းပွင့်တူးသတ္ထုတွင်း၏ တွင်းနံရံ။

ဟင်းလင်းပွင့်သတ္ထုတူးဖော်ခြင်း (open pit mining) - ဟင်းလင်းပွင့်တူးသတ္ထုတွင်း အတွင်းမှကျောက်သားနှင့် သတ္ထုများကို ထုတ်ယူဖယ်ရှား၍ သတ္ထုရှာဖွေတူးဖော်သော လုပ်ငန်းစဉ်။

အပေါ်ယံမြေလွှာ (overburden) - ကျောက်စိမ်း (jadeite) ပါဝင်သောဥရုစရစ်ဖြုန်းကျောက်လွှာ (Uru Conglomerate Beds) ကို ဖုံးအုပ်ထားသော မြေနှင့်ကျောက်သားအလွှာများ။

Runoff (လျှံကျရေ) – မိုးရွာပြီးနောက် ကုန်းမြေဖြတ်လျက် စီးဆင်းသောရေ။

လှေကားထစ်များ (Terrace) - ဟင်းလင်းပွင့်သတ္တုတူးဖော်ခြင်းတွင် မြေသားတည်ငြိမ်စေရန် ပြုလုပ်ထားသောနံရံမှ လှေကားထစ်များ

စွန့်ပစ်မြေစာပုံ (Waste Rock Dump) - အပေါ်ယံမြေလွှာနှင့် ကျောက်ခဲများစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာ။

၄။ ဆက်စပ်အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ

ဤအစီအစဉ်ကို လုပ်ဆောင်ရာတွင် အောက်ဖော်ပြပါ စီမံခန့်ခွဲမှုအစီအစဉ်များကိုပါ အကောင်အထည်ဖော်ရန်လိုအပ်သည်။

- တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်မှု အစီအစဉ်
- ပြန်လည်တည်ထောင်ခြင်း စီမံခန့်ခွဲမှု အစီအစဉ်

၅။ အန္တရာယ်နှင့် ထိခိုက်မှုများ

ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းသည် အပေါ်ယုံမြေလွှာမှမြေသားနှင့် ကျောက်ခဲအမြောက်အများကို ကျောက်စိမ်းပါဝင်သည့် ကျောက်လွှာရောက်သည်အထိ တူးဖော်ဖယ်ထုတ်လိုက်ရာမှ ဟင်းလင်းပွင့်တွင်းကြီးများဖြစ်ပေါ်စေသည်။ ထိုအပေါ်ယံမြေစာများကို စွန့်ပစ်စုပုံရာ ထုထည်ကြီးမားသော မြေစာပုံကြီးများဖြစ်ပေါ်လာသည်။ ထိုတွင်းကြီးများဖြစ်ပေါ်လာခြင်းနှင့် စွန့်ပစ်မြေစာပုံကြီးများ၏ အဓိက စိုးရိမ်ဖွယ်ရာမှာ ၄င်းတို့၏ ရုပ်ပိုင်းမတည်ငြိမ်မှုနှင့် မြေပြိုမှုဖြစ်နိုင်ခြေတို့ဖြစ်သည်။

မြေပြိုမှုဆိုသည် သဘာဝအလျောက်ဖြစ်သော ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ဖြစ်ပြီး ကျောက်သားများ အပျက်အစီးအစအနများနှင့် မြေသားများနံရံစောင်းမှ အစုအပြုံလိုက် လျောကျရွေ့လျားခြင်းဖြစ်သည်။ မြေပြိုမှုများသည် တောင်စောင်းနှင့် သတ္တုတွင်း ဆင်ခြေလျှောများကို ထောက်ကန်ထားသော မြေသားနှင့် ကျောက်သားထုများ ပျက်စီးခြင်း၏ နောက်ဆက်တွဲရလဒ်ဖြစ်ပြီး ကမ္ဘာမြေဆွဲအားက မြေပြိုမှုဖြစ်ပေါ်ရန် တွန်းအားပေးသည်။ မြေဆီလွှာဖွဲ့စည်းတည်ဆောက်ပုံ တည်ငြိမ်မှုကိုပေးသော သစ်တောများအား ခုတ်ထွင်ဖြုန်းတီးမှု၊ စွန့်ပစ်မြေစာပုံများအပါအဝင် နံရံများ အလွန်မတ်စောက်ခြင်းနှင့် ကျောက်မိုင်းခွဲခြင်း တို့ကြောင့် မြေပြိုမှုဖြစ်နိုင်ခြေ မြင့်တက်နိုင်ပါသည်။ အန္တရာယ်၏ဇာစ်မြစ်များ၊ ထိခိုက်မှုဖြစ်ပေါ်စေသည့် အကြောင်းတရားနှင့် ထိခိုက်ခံများကို **ဇယား (၁)** တွင် ဖော်ပြထားပါသည်။

ဇယား (၁) သတ္ထုတွင်းနှင့် စွန့်ပစ်မြေစာပုံတည်ငြိမ်မှု (အန္တရာယ်နှင့်ထိခိုက်မှုများ)

အန္တရာယ် (ထိခိုက်မှု၏ ဇာစ်မြစ်)	ထိခိုက်မှုဖြစ်ပေါ်စေသည့် အကြောင်းတရား	ထိခိုက်မှု / ထိခိုက်ခံရ
မတ်စောက်သည့် သတ္ထုတွင်း နံရံများ။	နံရံစောင်း ပျက်စီးမှု။	လူအသက်နှင့် အိုးအိမ်စည်းစိမ်များ ဆုံးရှုံးစေနိုင်သော မြေပြိုခြင်းကို ဖြစ်စေသည်။ သတ္ထုတွင်း နံရံများ ပျက်စီးခြင်း၊ ဆင်ခြေလျော အောက်ပိုင်းဝန်းကျင် မြေဖုံးလွှမ်းခြင်း
မတည်ငြိမ်သော စွန့်ပစ်မြေစာပုံ။	နံရံစောင်း ပျက်စီးမှု။	လူအသက်နှင့်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးစေနိုင်သော မြေပြိုခြင်းကို ဖြစ်စေသည့် မြေစာပုံ နံရံစောင်း ပျက်စီးခြင်း။ ဆင်းခြေလျောအောက်ပိုင်း ပတ်ဝန်းကျင် မြေဖုံးလွှမ်းခြင်း။
ပြောင်ရှင်းနေသော (ပျက်စီးနေသော) သတ္ထုတွင်း ကြမ်းပြင်များနှင့် စွန့်ပစ်မြေစာပုံများ။	တိုက်စားခြင်းနှင့် ရေလမ်းကြောင်းများ အတွင်းနှန်းပို့ချခြင်း ဖြစ်စေသော မုန်တိုင်းကြောင့်လျှံသောရေ	မြစ်ကြေပိုင်းမှ ရေအမှီပြုမှုများ (ဥပမာ - ရေနေဂေဟစနစ်နှင့် လူများ) ကို ထိခိုက်စေသော နှန်းအနယ်များလာသဖြင့် ရေအရည်အသွေး ကျဆင်းမှု (TTS)။ မြစ်ရေလျှံမှု အလားအလာ မြင့်တက်စေသော နှန်းနှစ်များ ပို့ချမှုကြောင့် မြစ်ကောခြင်း။ တိုက်စားမှုများပြားလာသောကြောင့် မြေအရည်အသွေးနှင့် မြေဩဇာ ကြွယ်ဝမှု ဆုတ်ယုတ်ပျက်စီးခြင်း။

၆။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

ဤအစီအစဉ်နှင့် သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများကို ဤအပိုင်းတွင် ဖော်ပြထားပါသည်။

၆.၁။ ဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များ

ဤအစီအစဉ်နှင့် သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များမှာ -

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၈ အရ မည်သူမျှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိခိုက်ပျက်စီးရန် ရည်ရွယ်၍ တစ်စုံတစ်ရာပြုလုပ်ခြင်း သို့မဟုတ် ရေကြောင်းအားပြောင်းလဲစေခြင်း မပြုရ၊ ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်း မပြုရ။
- ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ) အရ မည်သူမျှ မြစ်ချောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်းလုပ်ငန်းများမှ စွန့်ပစ်မြေစာနှင့် အခြားပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ဖြစ်စေ၊ မြစ်ချောင်းအတွင်း စီးဝင်နိုင်သည့် ရေဆင်းလမ်းလျှို့မြောင်များအတွင်းသို့ဖြစ်စေ စွန့်ပစ်ခြင်း မပြုရ။
- ပုဒ်မ ၂၂ အရ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း စီးပွားရေးအလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်း မပြုရ။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၃) တွင် အမှိုက်များနှင့် အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများကို စွန့်ပစ်ခြင်းကို တားမြစ်ကြောင်း ဖော်ပြထားပါသည်။

ရေချိုငါးလုပ်ငန်းဥပဒေ (၁၉၉၁) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၆ အရ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာန၏ ခွင့်ပြုချက် မရှိဘဲ ဆည်၊ တမံ၊ ယင်းစသော အပိန့်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုရ။
- ပုဒ်မ ၄၀ အရ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါး၊ အခြားရေသတ္တဝါတို့အား အနှောင့်အယှက်ဖြစ်စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုလုပ်ရ။
- ပုဒ်မ ၄၁ အရ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်းမြောင်းများတွင် ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏ အမျိုးအစား၊ ရေ၏ ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၇၊ ပုဒ်မခွဲ (ဏ) အရ ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းသူက ပေးလျော်စေရန်၊ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ် သုံးစွဲသည့် လုပ်ငန်းများမှ အကျိုး

အမြေတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံခန့်ခွဲခြင်း။

- ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်စေခြင်း။
- ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင် အထောက်အကူပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုရ မည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက် စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။
- ပုဒ်မ ၂၄ အရ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်မှု ရှိမရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြားခြင်း ပြုနိုင်သည်။
- ပုဒ်မ ၂၉ အရ မည်သူမျှ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၁၄) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နည်းဥပဒေ ၆၈ အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်ရေးအတွက် နည်းဥပဒေ ၅၂၊ ၅၃ နှင့် ၆၂ အရ သတ်မှတ်သည့် လုပ်ငန်းအမျိုးအစားများတွင် မပါဝင်သည့် အသေးစား ပုဂ္ဂလိကလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံများသည် လုပ်ငန်းတည်ဆောက်လည်ပတ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီး ဌာနသို့ ခွင့်ပြုချက်၊ လိုင်စင်လျှောက်ထားခြင်းမပြုမီ ပတ်ဝန်းကျင် ထိခိုက်မှု ရှိမရှိနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူရမည်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) အရ သတ္တုတွင်းဝန်ကြီးဌာနသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာမြေအဖြစ် သတ်မှတ်လိုပါက

သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလ တန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်းပြုနိုင် သည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချ ထားပေးရေးအဖွဲ့သည် သတ်မှတ်ထားသော ဈေးနှုန်းကို လျှော်ထားသူက သတ်မှတ်ကာလ အတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။
- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချ ထားပေးရေးအဖွဲ့သည် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့် အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်း တို့ကို ပြန်လည်သတ်မှတ်ရမည်။
- ပုဒ်မ ၁၆ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်-
  - (က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။
  - (ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာ ရမည်။
  - (ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။
  - (ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။
  - (င) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်း လုပ်ကိုင်စေခြင်း မပြုရ၊
  - (စ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-
    - (၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမား များခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခ ကြေးငွေများ သတ်မှတ်ခြင်း၊
    - (၂) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ် မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊
    - (၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန် နှင့် မတော်တဆဖြစ်ပွားမှုကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆ ဖြစ်ပွားမှုများနှင့် ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

- ပုဒ်မ ၃၆ အရ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းများကို လည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှု ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်များ နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ (၂၀၁၃) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၂၀ အရ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် တစ်ခုခုက ဖြစ်စေ၊ နည်းပညာကောလိပ်နှင့် နည်းပညာသိပ္ပံ တစ်ခုခုကဖြစ်စေ အပ်နှင်းသော နည်းပညာဘွဲ့ သို့မဟုတ် နည်းပညာဒီပလိုမာ ရရှိသူသည် ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်

သို့မဟုတ် နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

- ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်ပြီး ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်အခါ ယင်း ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။
- ပုဒ်မ ၂၂ အရ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ရရှိသူသည် မိမိ၏ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့ သတ်မှတ်ထားသည့် ကာလ ကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေး ပေးသွင်းပြီး လျှောက်ထားနိုင်သည်။
- ပုဒ်မ ၂၃ အရ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေ၍ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးပေးခြင်း သို့မဟုတ် ခွင့်မပြုပါက သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။
- ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ထုတ်ပေးရမည်။
- ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိရန်

သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်အင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည်။

- ပုဒ်မ ၂၆ အရ ပြည်တွင်းပြည်ပရှိ အင်ဂျင်နီယာတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ နည်းပညာတက္ကသိုလ်တစ်ခုခုကဖြစ်စေ အပ်နှင်းသော အင်ဂျင်နီယာပညာဆိုင်ရာဘွဲ့ရရှိသူသည်လည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းတစ်ခုခုက ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ် ရရှိထားပြီး ကောင်စီက သတ်မှတ်သည့် အရည်အချင်းပြည့်မီသူသည်လည်းကောင်း မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။
- ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၆ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်မပြုပါက မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးသည့်အခါ ယင်းမှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။
- ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ၏ သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်ပြီး မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည်။
- ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်ပြီး မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် ထုတ်ပေးရမည်။
- ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) နှင့် (ခ) အရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသားအင်ဂျင်နီယာက မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာ

ရပ် အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြားစည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးနိုင်သည်။ အင်ဂျင်နီယာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အာဆီယံ အပြန်အလှန်အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံများအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များက မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ် ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ်အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြားစည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးနိုင်သည်။

- ပုဒ်မ ၃၁ အရ မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် -

  (က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

  (ခ) ကောင်စီက သတ်မှတ်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်၊

  (ဂ) မိမိပညာရပ်နှင့် သက်ဆိုင်သော သတ်မှတ်ထားသည့် အင်ဂျင်နီယာပညာနှင့် နည်းပညာလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ခွင့်ရှိသည်။

  (ဃ) မိမိရရှိထားသော သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်အရ မိမိအမည်နှင့် ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်နှင့်အညီ သုံးစွဲနိုင်ခွင့်ရှိသည်၊

  (င) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်၊

  (စ) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၆.၂။ အမိန့်ကြော်ငြာစာများ

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်စိမ်းတူးဖော်ခြင်းဌာနမှ ဖားကန့်/လုံးခင်း ရတနာနယ်မြေအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေ(၁၉၉၅)၏ ပုဒ်မ ၅၄(ခ) နှင့် မြန်မာ့ကျောက်မျက်

ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ (၂၀၁၆)၏ ပုဒ်မ ၅၄(ဂ)အရ အောက်ပါအမိန့်ကြော်ငြာစာများကို ထုတ်ပြန်ပြီးဖြစ်ပါသည်။

သတ္တုတွင်းနှင့် မြေစာပုံ စီမံခန့်ခွဲမှုအစီအစဉ်နှင့် သက်ဆိုင်သော အမိန့်ကြော်ငြာစာများမှာ -

- စာအမှတ် - က - ၃၇/ဝဂ၈/၂၀၁၄၊ စက်တင်ဘာလ ၄ ရက်၊ ၂၀၁၅
- စာအမှတ် - က - ၃၇/၁၄၆/၂၀၁၆၊ ဇန်နဝါရီလ ၂၆ ရက်၊ ၂၀၁၆
- စာအမှတ် - က - ၃၇/၂၀၉/၂၀၁၇၊ ဖေဖော်ဝါရီလ ၁၆ ရက်၊ ၂၀၁၆
- စာအမှတ် - က - ၃၇/၂၉၅/၂၀၁၇၊ ဒီဇင်ဘာလ ၂၉ ရက်၊ ၂၀၁၄
- စာအမှတ် - က - ၃၇/၃၈၁/၂၀၁၆၊ မေလ ၂၃ ရက်၊ ၂၀၁၆
- စာအမှတ် - က - ၃၇/၅၇၈/၂၀၁၆၊ ဩဂုတ်လ ၂၂ ရက်၊ ၂၀၁၆
- အမိန့်ကြော်ငြာစာအမှတ် - ၈၅/၂၀၀၄၊ မေလ ၁၂ ရက်၊ ၂၀၀၄

အထက်ပါ အမိန့်ကြော်ငြာစာများကို ဤ EMP ၏ နောက်ဆက် ( ) တွင် ဖော်ပြထားပါသည်။

၆.၃။ နိုင်ငံတကာ လမ်းညွှန်ချက်များ

နိုင်ငံတကာ ငွေကြေးဆိုင်ရာ ကော်ပရေးရှင်း (The International Finance Corporation IFC) သည် သတ္တုတွင်းပိတ်သိမ်းခြင်းနှင့်ပတ်သက်၍ ယေဘုယျလမ်းညွှန်ချက်များ ထုတ်ပြန်ပေးပြီးဖြစ်ပါသည်။

- သတ္တုတူးဖော်ခြင်းအတွက် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လမ်းညွှန်ချက်များ၊ ဒီဇင်ဘာ ၂၀၀၇၊ IFC/ World Bank

ဩစတြေးလျနိုင်ငံအစိုးရသည် သတ္တုလုပ်ငန်းကဏ္ဍများအတွက် အဓိကလုပ်ဆောင်ရန် လမ်းညွှန်ချက်များကို သတ်မှတ်ပြုစုထားပြီးဖြစ်ပါသည်။ အောက်တွင်ဖော်ပြထားသော ထုတ်ပြန်ချက်များသည် သတ္တုတွင်းများကို အောင်မြင်စွာပိတ်သိမ်းခြင်းနှင့် ပြန်လည်တည်ထောင်ခြင်းများအတွက် လိုက်နာဆောင်ရွက်ရန်များနှင့်ပတ်သက်သည့် အရေးပါသောလမ်းညွှန်ချက်များကို ဖော်ပြထားပါသည်။

- သတ္တုတွင်းပိတ်သိမ်းခြင်း၊ သတ္တုတွင်းကဏ္ဍအတွက် စဉ်ဆက်မပျက်ဖွံ့ဖြိုးရေး လုပ်ထုံးလုပ်နည်း အစီအစဉ်။ စက်တင်ဘာလ ၂၀၁၆ ခုနှစ်၊ ဩစတြေးလျ အစိုးရ။

  သတ္တုတွင်း ပြန်လည်ထူထောင်ခြင်း။ သတ္တုတွင်းကဏ္ဍအတွက် စဉ်ဆက်မပျက်ဖွံ့ဖြိုးရေး လုပ်ထုံးလုပ် နည်း အစီအစဉ်။ စက်တင်ဘာလ ၂၀၁၆ ခုနှစ်၊ ဩစတြေးလျ အစိုးရ။

၇။ စီမံခန့်ခွဲမှု အစီအမံများ

ဟင်းလင်းပွင့်သတ္တုတွင်းတူးဖော်ခြင်းသည် ရှုပ်ထွေးသော အင်ဂျင်နီယာစနစ်တစ်ခုဖြစ်ကာ သတ္တုတွင်းများကို ဘေးအန္တရာယ်ကင်းပြီး စီးပွားရေးတွက်ချေကိုက်စွာ လုပ်ကိုင်လည်ပတ်နိုင်ရန်နှင့် ထိရောက်စွာစီမံခန့်ခွဲ

နိုင်ရန် နားလည်သဘောပေါက်ရမည့် အချက်များစွာရှိသည်။ ဟင်းလင်းပွင့် သတ္တုတူးဖော်ခြင်းဒီဇိုင်းသည် သတ္တုတူးဖော်နေစဉ်အတွင်းနှင့် ပြီးဆုံးချိန်များတွင် ဘေးအန္တရာယ်နှင့် တွင်းနံရံများ မမျှော်လင့်ပဲပြိုကျမှုများမှ ကာကွယ်နိုင်သော ဒီဇိုင်းဖြစ်ရမည်။ ဥရုစရစ်ဖြုန်းကျောက်လွှာ

ကျောက်စိမ်းတူးဖော်ခြင်းသည် Jadeite ရှိသော (Uru Conglomerate Beds) ပေါ်လာသည်အထိ ဖယ်ရှားရမည့် အပေါ်ယံမြေလွှာအချို့ပေါ်မူတည်ပြီး ပမာဏများသောမြေလွှာနှင့် စွန့်ပစ်ကျောက်ခဲများကို ဖယ်ရှားရပါသည်။ ၄င်းဖယ်ရှားလိုက်သော အပေါ်ယံမြေလွှာနှင့် စွန့်ပစ်ကျောက်ခဲများကို သတ်မှတ်ထားသော စွန့်ပစ်မြေစာပုံများတွင် စွန့်ပစ်ရသည်။ ကျောက်စိမ်းတူးဖော်ခြင်း ကာလအတွင်း စွန့်ပစ်မြေစာပုံများ တည်ဆောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းသည် အဆိုပါစွန့်ပစ်မြေစာပုံများ ရေရှည်တည်ငြိမ်မှုရှိရေးအတွက် အလွန်အရေးကြီးပါသည်။ သို့မှသာလျှင် လူတို့၏ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှုနှင့် ပတ်ဂန်းကျင်တို့ကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

ပုံပြဇယား (၁) နှင့် (၂) တွင် တည်ငြိမ်ကြံ့ခိုင်သော သတ္တုတွင်းများနှင့် စွန့်ပစ်မြေစာပုံများ သေချာစေရေးအတွက် ယူဆချက်အစီအမံများ ဖော်ပြထားပါသည်။

ဘေးအန္တရာယ်ကင်းရှင်းရေး ပတ်ဂန်းကျင်နှင့်စပ်ဆိုင်သော ဘေးအန္တရာယ်ရှိမှုများ လျော့ချစေရန် အောက်ပါအသေးစိတ်ဖော်ပြထားသော စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များကို အထက်အမိန့်ကြော်ငြာစာများ နှင့်အညီ အကောင်အထည်ဖော်ဆောင်ရပါမည်။

သတ္တုတွင်း မတူးဖော်မီ

အောက်ပါစီမံခန့်ခွဲမှုအစီအစဉ်များကို သတ္တုတူးဖော်ခြင်းလုပ်ငန်းမစတင်မီတွင် လုပ်ဆောင်ထားရမည်။

(က) မြေသားကြံ့ခိုင်မှုဆိုင်ရာ ဆန်းစစ်ခြင်းများကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ (၂၀၁၃) နှင့်အညီ သို့မဟုတ် နိုင်ငံတကာ အသိအမှတ်ပြု ဥပဒေ နှင့်အညီ သို့မဟုတ် အဖွဲ့အစည်းတွင် မှတ်ပုံတင်ထားပြီး အရည်အချင်းပြည့်ဝသော ဘူမိနည်းပညာအင်ဂျင်နီယာဖြင့် ပြည့်စုံစွာ လုပ်ဆောင်ပါ။

၁) ရေတိုက်စားခြင်းနှင့် မြေပြိုနိုင်ခြေမြင့်မားသည့်နေရာများ၊ ဥပမာ - မတ်စောက်သော ကုန်းစောင်း သို့မဟုတ် တောင်ကြား ရေလမ်းကြောင်းများနှင့် နီးကပ်သည့်နေရာများ စသည်တို့ကို ဖော်ထုတ်ပါ။

၂) သတ္တုတူးဖော်မည့်နေရာ၏ ဘူမိဖွဲ့စည်းမှု အခြေအနေ (ဖိအားခံနိုင်သော ပမာဏနှင့် ဖိအားပမာဏ)ကို မြေသားကြံ့ခိုင်မှု ဆန်းစစ်ခြင်းအပေါ်မူတည်၍ ဘေးကင်းလုံခြုံစေမည့် အချက်အလက်ကိုပါ ထည့်သွင်းတွက်ချက်ကာ ဟင်းလင်းပွင့်တွင်းကြီးများအတွက် သတ္ထုတွင်းနံရံစောင်းများ၏ မတ်စောက်မှုနှင့် အမြင့်ကိုသတ်မှတ်ရမည်။

၃) စွန့်ပစ်ပစ္စည်းများ၏ ပါဝင်မှုဂုဏ်သတ္တိနှင့် အဆိုပြုထားသော စွန့်ပစ်ဇရိယာ၏ သင့်လျော်မှုစသည်တို့ပါဝင်သော မြေသားကြံ့ခိုင်မှုဆိုင်ရာ ဆန်းစစ်ခြင်းကိုအခြေခံ၍ စွန့်ပစ်မြေစာပုံနှင့် ယာယီမြေစာပုံတို့၏ အရွယ်အစား၊ ပုံသဏ္ဍာန်နှင့် အမြင့်တို့ကို သတ်မှတ်ပါ။

(ခ) သတ္တုတွင်းအစီအစဉ်ကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ (၂၀၁၃) နှင့် အညီ သို့မဟုတ် နိုင်ငံတကာ အသိအမှတ်ပြု ဥပဒေ နှင့်အညီ သို့မဟုတ် အဖွဲ့အစည်းတွင် မှတ်ပုံတင်ထားပြီး အရည်အချင်းပြည့်ဝသော သတ္တုတွင်းအင်ဂျင်နီယာဖြင့် ပြည့်စုံစွာ ရေးဆွဲထားရမည်။

၁) မြေသားကြံ့ခိုင်မှုဆိုင်ရာ ဆန်းစစ်ခြင်းမှရရှိသည့် တွေ့ရှိချက်များကို ပေါင်းစပ်အသုံးပြုရန်။

၂) မတော်တဆအန္တရာယ်ဖြစ်ပွားမှုများကို လျော့ချနိုင်ရန်အတွက် တွင်းပတ်လမ်း ဆင်ခြေလျော ပုံစံကို ၈ မှ ၁၀ ရာခိုင်နှုန်းလျော်စောက်မှထက် မပိုသောလမ်းများ ပြုလုပ်အသုံးပြုရန်။

၃) စွန့်ပစ်မြေစာကျောက်ခဲများ ထုတ်လုပ်မှုနှုန်း ခန့်မှန်းတွက်ချက်မှုတစ်ခု ထည့်သွင်းရန်။

၄) မြေပြိုမှုအန္တရာယ်ဖြစ်နိုင်ချေများသော နေရာများအတွင်း သို့မဟုတ် အောက်ဖက်တွင် အခြေခံ အဆောက်အအုံကို ထားရှိခြင်းမှရှောင်ရှားရန်။

၅) လုံခြုံဘေးကင်းသော ၀င်ပေါက်များ သတ်မှတ်ထားရန်။

၆) ရေလမ်းကြောင်း၊ ရေစီးကြောင်းများနှင့် နီးကပ်သောနေရာများကို ရှောင်ကြဉ်ရန်။

၇) စွန့်ပစ်မြေစာပုံ၊ ရွာများနှင့် ယဉ်ကျေးမှုဆိုင်ရာနယ်မြေများအကြား ကြားခံနယ်မြေသည် အနည်းဆုံး မီတာ ၁၀၀ ကျယ်ရမည်။

၈) တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်မှု အစီအစဉ်၏ လိုအပ်ချက်အရ မြေပေါ်ရေစီမံခန့်ခွဲမှု အစီအစဉ်တွင် ဖော်ပြထားသော Cut-off ရေနုတ်မြောင်းများ၊ ရေလမ်းလွှဲတာဘောင်များ (diversion bund)၊ နုန်းတားများ (sediment trap) နှင့် နုန်းစုကန် (sediment basin) တို့ကို ထည့်သွင်းထားရန်။


၉) သတ္တုတွင်းတွင် မုန်တိုင်းကြောင့်စီးလာသောရေ စွန့်ထုတ်နေရာများကို ဖော်ထုတ်သတ်မှတ်ရန်။

၁၀) လောင်စာဆီ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် အန္တရာယ်ရှိသော အရာ၀တ္ထုများ သိုလှောင်မည့်နေရာကို သင့်လျော်သောနေရာ ဖော်ထုတ်သတ်မှတ်ပြီး လုပ်သားများ နေထိုင်ရာနေရာနှင့် သီးသန့်ခွဲထားရမည်။

၁၁) သတ္ထုတူးဖော်ပြီးသောနေရာများကို စဉ်ဆက်မပြတ် အဆင့်ဆင့်ပြန်လည်တည်ထောင်ရေး လုပ်ငန်းများ စီစဉ်ထားရန်။


၁၂) သတ္ထုတွင်းပုံစံ (လေ့ကားထစ်များနှင့် သတ္ထုတွင်းနံရံစောင်းများ)၊ ယာဉ်ကြီးများသွားရာလမ်း များ၊ စွန့်ပစ်မြေစာပုံများ (လေ့ကားထစ်များနှင့် သတ္ထုတွင်းနံရံစောင်းများ)၊ သတ္ထုတွင်းအခြေ ခံအဆောက်အအုံနေရာများ (လောင်စာ၊ ပေါက်ကွဲစေတတ်သောပစ္စည်းများ၊ ဓာတုပစ္စည်း များနှင့် အန္တရာယ်ရှိသော ပစ္စည်းများ သိုလှောင်မှုတို့ အပါအဝင်) နှင့် အဆိုပြုထားသော ပြန် လည်တည်ထောင်ခြင်းလုပ်ငန်းတို့ ပါဝင်သော အစီအစဉ် သို့မဟုတ် အစီအစဉ်များကို ထည့် သွင်းရန်။

(ဂ) ယခင်နှစ် သတ္ထုတွင်းလုပ်ငန်း ဆောင်ရွက်ရာမှ ရရှိခဲ့သော အတွေ့အကြုံ၊ အပြောင်းလဲများနှင့် သတင်းအချက်အလက်များကို ထည့်သွင်းဖော်ပြရန် သတ္ထုတွင်းအစီအစဉ်ကို နှစ်စဉ် ဖြည့်စွက်ပြင် ဆင်ရမည်။



သတ္ထုတွင်းဒီဇိုင်း
ဆင်ခြေလျှော တည်ငြိမ်မှု အယူအဆ

ပုံပြဇယား (၁) သတ္ထုတွင်းကုန်းစောင်း တည်ငြိမ်မှု ယူဆချက်



ပုံပြဇယား (၂) မြေစာပုံ တည်ငြိမ်မှု ယူဆချက်

သတ္ထုတူးဖော်နေစဉ်ကာလ

ဟင်းလင်းပွင့်သတ္ထုတူးဖော်ခြင်း ဘေးအန္တရာယ်များမှကာကွယ်ရန် အကောင်အထည်ဖော်ရမည့် စီမံခန့်ခွဲမှုအစီအမံများ

(ဃ) ဟင်းလင်းပွင့်တူးဖော်သော သတ္ထုတွင်းများအတွင်းသို့ ရေဝင်ခြင်းနှင့် နံရံစောင်းတည်ငြိမ်မှု လျော့ကျခြင်းတို့ကို ကာကွယ်ရန် သတ္ထုတွင်း ပတ်ပတ်လည်တွင် cut-off ရေနုတ်မြောင်း (cut-off drains) များ တည်ဆောက်ထားရန်။

(င) သတ္ထုတွင်းအတွင်းသို့ ယာဉ်များပြုတ်မကျစေရန် တွင်းနှုတ်ခမ်းဝများတွင် အန္တရာယ်ကာကွယ်သော အတားအဆီးများ ဆောက်လုပ်ထားရန်။

(စ) နောက်ဆုံးအဆင့် တွင်းနံရံစောင်းများ၏ မတ်စောက်မှု (၂၀ဒီဂရီနှင့် ၃၅ ဒီဂရီအကြား) တည်ငြိမ်စေရန်အတွက် မြေသားတည်ငြိမ်မှုဆိုင်ရာ ဆန်းစစ်ခြင်းနှင့် သတ္ထုတွင်းအစီအစဉ်ကို အခြေခံ၍ ဟင်းလင်းပွင့်တွင်းများကို တည်ဆောက်ပါ။

(ဆ) လှေကားထစ်များ (benches) သည် အနည်းဆုံး (၁၅ မီတာ ကျယ်ရမည်ဖြစ်ပြီး သတ္ထုတွင်း နံရံစောင်းများ (batters) သည် ၁၅မီတာ ထက်ပိုမမြင့်ရပါ။ မြေသားခိုင်မာမှုဆိုင်ရာ ဆန်းစစ်ချက်နှင့် သတ္ထုတွင်းအစီးအစဉ်တို့အရ တည်ငြိမ်ဘေးကင်းမှုရှိသည်ဟု သေချာမှသာ ပိုမြင့်သော တွင်းနံရံစောင်းများကို (၁၅မီတာထက်ပိုမြင့်သော) တည်ဆောက်နိုင်သည်။

(ဇ) တွင်းနံရံစောင်း၏အခြေထိ ပြေပြေနိမ့်ဆင်းသွားစေရန် လှေကားထစ်ကို မြေညှိပြုပြင်ပါ။

(ဈ) မြင့်မားသောတွင်းနံရံများ (သို့မဟုတ်) အမြင့်ဆုံး တွင်းနံရံစောင်းများမှရေများ သတ္ထုတွင်းကြမ်းပြင်သို့ စီးမဝင်စေရန် စီမံပါ။

မြေစာကျောက်ခဲစွန့်ပစ်ခြင်းမှ ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကို ကန့်သတ်ရန် အစီအမံများမှာ

(ည) အပေါ်ယံမြေလွှာစွန့်ပစ်မှုအတွက် သတ်မှတ်ထားသောနေရာများကို အသုံးပြုရန်၊ သတ္ထုတူးဖော်ပြီးသောနေရာများနှင့် ဟင်းလင်းပွင့်သတ္ထုတွင်းများကို ဦးစားပေးအသုံးပြုရန်။

(တ) စွန့်ပစ်မြေစာပုံများကို အောက်ခြေမှအပေါ်ထိ လှေကားထစ်များအသုံးပြု၍ တည်ဆောက်ရန်။

(ထ) စွန့်ပစ်မြေစာပုံများကို အများဆုံး ၁၅ မီတာအမြင့်ရှိသော နံရံစောင်းများနှင့် အနည်းဆုံး ၁၅ မီတာကျယ်သော လှေကားထစ်အဆင့်များ သို့မဟုတ် လှေကားထစ်များဖြင့် တည်ဆောက်ရန်။

(ဒ) မြေတိုက်စားခြင်းနှင့် ပြိုကျခြင်းမှ ရှောင်ရှားနိုင်ရန် လှေကားထစ်အဆင့်များကို သတ္ထုတွင်းတူးဖော်နေသောနေရာမှ ကွာဝေးသောနေရာတွင် တည်ဆောက်ရန်။

(ခ) နံရံစောင်းများ၏အခြေထိ ပြေပြေနိမ့်ဆင်းသွားစေရန် လှေကားထစ်အဆင့်များကို မြေညှိပြုပြင်ပါ။

(ဂ) နှုန်းအနည်နှစ်များပါဝင်သော လျှံကျရေကို ဖမ်းယူထားနိုင်ရန်အတွက် ဆင်ခြေလျှောကုန်းစောင်းသို့မဟုတ် ကုန်းစောင်း၏အခြေတွင် cut-off ရေနုတ်မြောင်း (cut-off drain) ကဲ့သို့သော ရေနုတ်မြောင်းများ တည်ဆောက်ရန်။

(ဃ) လျှံကျရေများကို ရေထုတ်လမ်းကြောင်းများ (drainage lines) သို့မဟုတ် ရေလမ်းကြောင်းများထဲသို့ မစွန့်ထုတ်မီ cut-off ရေနုတ်မြောင်းနှင့် ဟင်းလင်းပွင့်တွင်း၏ ရေနုတ်မြောင်းစနစ်မှ တဆင့် နုန်းတားများ (Sediment trap) နှင့် နုန်းစစ်ကန်များ (Sediment basin) ဆီသို့စီးဆင်းစေရမည်။ ဤနေရာတွင် တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်မှုအစီအစဉ်ကို အကောင်အထည်ဖော်ရမည်။

(ဇ) မြေဆီလွှာနှင့်စွန့်ပစ်မြေစာများ တည်ငြိမ်စေရန် အမြန်ကြီးထွားလွယ်သော မြက်ပင်များ၊ ပဲပင်များကိုအသုံးပြု၍ နံရံစောင်းများနှင့်လှေကားထစ်အဆင့်များအပေါ်တွင် အဆင့်ဆင့် ပြန်စိုက်ပေးရန်။

သတ္တုတူးဖော်ပြီးသောအခါ

သတ္တုတွင်းပိတ်သိမ်းခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ပါ။

၈။ ဆောင်ရွက်ချက် စံနှုန်းများ

သတ္တုတွင်းနှင့် စွန့်ပစ်မြေစာပုံ စီမံခန့်ခွဲမှုဆောင်ရွက်ချက် စံနှုန်းများမှာ -

- သတ္တုတွင်းအစီအစဉ် ဖော်ဆောင်ပြီးစီးခြင်း။
- မြေသားကြွံခိုင်မှုဆိုင်ရာ ဆန်းစစ်ချက် ပြည့်စုံအောင် ဆောင်ရွက်ပြီးခြင်း။
- သတ္တုတွင်းအစီအစဉ်နှင့် ကိုက်ညီသည့် ဟင်းလင်းပွင့်တူးဖော်သော သတ္တုတွင်းနှင့် စွန့်ပစ်မြေစာပုံတို့ကို ဆောက်လုပ်ပြီးစီးထားခြင်း။
- ဟင်းလင်းပွင့်တူးဖော်သော သတ္တုတွင်းများနှင့် စွန့်ပစ်မြေစာပုံများတွင် မြေပြိုမှုများ (မြေသားတည်ငြိမ်မှု ပျက်စီးမှုများ) လုံးဝမဖြစ်ပွားခြင်း။

၉။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ ဆောင်ရွက်ချက်များ

ဟင်းလင်းပွင့် သတ္တုတွင်းနံရံနှင့် စွန့်ပစ်မြေစာပုံများကို ကောင်းမွန်စွာတည်ဆောက်ထားခြင်း၊ ထိန်းသိမ်းမွမ်းမံခြင်းနှင့် ပြန်လည်တည်ထောင်ထားခြင်းတို့ရှိ မရှိ သေချာစေရန် ပုံမှန်စစ်ဆေးရမည်။ ကိုက်ညီခြင်းရှိ မရှိကို ဤအစီအစဉ်နှင့်ပူးတွဲထားသော ဆောင်ရွက်ရန်စာရင်းကိုကြည့်၍ ဆုံးဖြတ်မည်။

စစ်ဆေးမှုကြိမ်နှုန်းကို **ဇယား (၃)** တွင် အကွက်ချစီစဉ်ထားရှိပါသည်။

ဇယား (၃) စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း ကြိမ်နှုန်း

လုပ်ငန်းစဉ်များ	**ကြိမ်နှုန်း**
သတ္တုတွင်းပုံစံဒီဇိုင်း (သတ္တုတွင်းအစီအစဉ်)	သတ္တုတူးဖော်ခြင်း မစတင်မီပြုလုပ်ရမည်။
မြေသားကြံ့ခိုင်မှုဆိုင်ရာ ဆန်းစစ်ချက်	သတ္တုတူးဖော်ခြင်း မစတင်မီပြုလုပ်ရမည်။
ဟင်းလင်းပွင့် သတ္တုတွင်းနံရံများ (မြေသားတည်ငြိမ်မှုပျက်စီးမှုများ၊ မြေပြိုကျခြင်း၊ အက်ကွဲခြင်း၊ တိုက်စားသောနေရာများ)။	နွေရာသီတွင် လစဉ်။ မိုးရာသီတွင် အပတ်စဉ်။ မုန်တိုင်း (သို့) မိုးပြင်းထန်စွာ ရွာသွန်းမှုအပြီး။
စွန့်ပစ်မြေစာပုံ (မြေသားတည်ငြိမ်မှု ပျက်စီးမှုများ၊ မြေပြိုကျခြင်း၊ အက်ကွဲခြင်း၊ တိုက်စားသောနေရာများ)။	နွေရာသီတွင် လစဉ်။ မိုးရာသီတွင် အပတ်စဉ်။ မုန်တိုင်း (သို့) မိုးပြင်းထန်စွာ ရွာသွန်းမှုအပြီး။

ပြန်လည်တည်ထောင်ရေး စီမံခန့်ခွဲမှု အစီအစဉ် သတ်မှတ်ချက်များ လိုက်နာမှု ရှိမရှိ စစ်ဆေးသည့် စာရင်း	
မှော် နှင့် လုပ်ကွက် နံပါတ် **ကုမ္ပဏီ နှင့် သတ္တုတွင်း အမည်**	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သူ	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သည့် ရက်စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထား	**လိုက်နာကျင့်သုံးခြင်း ရှိသည် (သို့) မရှိပါ။**
နောက်ဆုံးနံရံစောင်းများစီမံမှု ဖော်ပြထားသော သတ္တုတွင်းအစီအစဉ် နှင့် cut off ရေနုတ်မြောင်းများ၊ ရေလမ်းကြောင်းလွှဲ တာဘောင်များ၊ နုန်းတားများ၊ နုန်း စစ်ကန်များနှင့် ရေစီးထွက်စေရန် စီမံထားသောနေရာများ ၏ တည်နေရာတို့ကို ဖော်ပြထားသော မြေပေါ် ရေ စီမံခန့်ခွဲမှု အစီအစဉ်။	
ခွင့်ပြုနိုင်သော နံရံစောင်းအမြင့်၊ လှေကားထစ်များ၏အကျယ်နှင့် စွန့်ပစ် မြေစာကျောက်ခဲနှင့် ဟင်းလင်းပွင့်တွင်းကုန်းစောင်းများ၏ ပျမ်းမျှဆင်ခြေ လျှောများပါသည့် မြေသားကြံ့ခိုင်မှုဆိုင်ရာ ဆန်းစစ်ချက်။	
ရေလမ်းကြောင်းများ ရှောင်ရှားသည့် သတ္တုတွင်းနှင့် မြေစာပုံ ဒီဇိုင်း။	
သတ္တုတွင်းမြေစာပုံများကို သတ္တုတွင်းအစီအစဉ်နှင့် မြေသားကြံ့ခိုင်မှုဆိုင်ရာ ဆန်းစစ်ချက်နှင့်အညီ တည်ဆောက်ထားရှိမှု။	
ဟင်းလင်းပွင့်သတ္တုတွင်းနံရံများ ပြိုကျမှုမရှိခြင်း။ (ဥပမာ - ပြိုကျမှု၊ အက်ကွဲမှုနှင့် တိုက်စားမှုဖြစ်ပေါ် သည့်နေရာ)။	
စွန့်ပစ်မြေစာပုံနှင့် ယာယီမြေစာပုံများ ပြိုကျမှုမရှိခြင်း။ (ဥပမာ - ဆင်ခြေ လျှောများ ပြိုကျမှု၊ ပြိုကျမှု၊ အက်ကွဲမှုနှင့် တိုက်စားမှုဖြစ်ပေါ် သည့် နေရာ)။	
ရေလမ်းကြောင်းနှင့်ရှာအကြား သတ်မှတ်ထားရှိသည့်နေရာများရှိခြင်း၊ ၄င်းနေရာများကို ထိခိုက်မှုမရှိခြင်း။	
Cut off ရေနုတ်မြောင်း တည်ဆောက်ထားရှိမှုနှင့် လက်တွေ့ကျမှုရှိခြင်း။	
ရေလွှဲလမ်းကြောင်းတာဘောင် တည်ဆောက်ထားရှိမှုနှင့် လက်တွေ့ကျမှုရှိခြင်း။	
နုန်းတားနှင့် နုန်းစုကန်များ တည်ဆောက်ထားရှိမှုနှင့် လက်တွေ့ကျမှုရှိခြင်း။	
သတ္တုတွင်းတူးဖော်ပြီးသောနေရာများကို အဆင့်ဆင့်ပြန်လည်တည်ထောင်ခြင်းနှင့် မြေစာကျောက်ခဲစွန့်ပစ်သည့်နေရာတွင် အောက်ခြေအဆင့်များရှိမှု။	

ဖားကန့်/လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်

ဆူညံသံနှင့် တုန်ခါခြင်း စီမံခန့်ခွဲမှု အစီအစဉ်

Version: Rev1	ရက်စွဲ ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ (၃၁) ရက်

၁။ နိဒါန်း

ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းသည် ဆူညံသံနှင့်တုန်ခါမှုတို့ကိုဖြစ်စေသည်။ အဓိကအားဖြင့် ကျောက်စိမ်းရရန် မလွှဲမရှောင်သာပြုလုပ်ရသော ဖောက်ခွဲခြင်းများကြောင့် ဆူညံသံနှင့်တုန်ခါမှုတို့ဖြစ်ရပြီး အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများကို ထိခိုက်စေနိုင်သည်။ ဖောက်ခွဲမှု၏ အဓိကသက်ရောက်မှုနှစ်ခုမှာ လွန်ကဲသော တုန်ခါမှု(လေထုအတွင်းဖြတ်သွားသော တုန်ခါမှု) နှင့် မြေကြီးတုန်ခါမှု တို့ဖြစ်သည်။

လေတွင်ဖြစ်ပေါ်သောတုန်ခါခြင်းမှာ များသောအားဖြင့် နားဖြင့်ကြားနိုင်သောဆူညံသံနှင့် လေပေါက်ကွဲခြင်း (airblast) ဟု အသိများသောတုန်ခါခြင်းတို့ဖြစ်သည်။ လေပေါက်ကွဲခြင်းသည် အရာဝတ္ထုများကို လှုပ်ခတ်အသံမြည်စေပြီး ဆူညံသံကိုဖြစ်ပေါ်စေပါသည်။ ဖောက်ခွဲမှုကြောင့်ဖြစ်သော လွန်ကဲသောမြေပြင် တုန်ခါမှုသည် အဆောက်အဦများကို ပြင်းထန်စွာထိခိုက်စေပါသည်။ တုန်ခါခြင်းအဆင့်အတော်နိမ့်သည့်တိုင် လူသားတို့ ဂရုပြုမိနိုင်သည်။

ဖောက်ခွဲမှုဆူညံသံနှင့် ဆက်စပ်တုန်ခါခြင်းများသည် လူသားတို့နှင့် တောရိုင်းတိရိစ္ဆာန်တို့ကို ထိတ်လန့်စေပြီး စိတ်အနှောင့်အယှက်နှင့်စိတ်မသက်သာမှုတို့ကိုဖြစ်စေပါသည်။ ပတ်ဝန်းကျင်လူထုမည်သည့် အဆင့်ထိ စိတ်အနှောင့်အယှက်ဖြစ်ရသည်ဆိုမှာ လေပေါက်ကွဲခြင်းနှင့်တုန်ခါခြင်းတို့၏ ပြင်းထန်မှုအဆင့် ဖြစ်ပွားသည့်အချိန် (နေ့/ည)၊ဖြစ်ပွားမှုကြိမ်နှုန်းနှင့် လူတစ်ဦးချင်းစီ၏ ခံနိုင်ရည်အားတို့ပေါ်တွင်မူ တည်သည်။

သတ္တုတူးခြင်းနှင့်ဆက်စပ်သော အခြားဆူညံသံထုတ်လွှတ်သောရင်းမြစ်များမှာ မော်တော်ယာဉ်အင်ဂျင်များ၊ ကျောက်တင်ခြင်း ကျောက်ချခြင်းကဲ့သို့လုပ်ငန်းများ၊ လျှပ်စစ်မာတ်အားထုတ်လုပ်ခြင်း၊မြေကြီးအားထိုးကော်ခြင်းနှင့် လွန်ဖြင့်ထိုးဖောက်ခြင်းတို့ဖြစ်သည်။

ယခု ဆူညံသံနှင့်တုန်ခါခြင်း စီမံခန့်ခွဲမှုအစီအစဉ်သည် သတ္တုတူးဖော်ခြင်းလုပ်ငန်း၏ အကျိုးဆက်ရလဒ်ဖြစ်သော ဒေသခံလူထုနှင့် အခြားထိရှလွယ်သောနယ်ပယ်တို့အပေါ် ဆူညံသံနှင့် တုန်ခါခြင်းထိခိုက်မှုတို့ကို လျော့ချရန်အတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို အသေးစိတ်ဖော်ပြထားသည်။

ဆူညံသံနှင့် တုန်ခါခြင်းစီမံခန့်ခွဲမှုအစီအစဉ်(ယခုအစီအစဉ်)သည် အကြီးစားကျောက်စိမ်းသတ္တုတူးဖော်ခြင်း

လုပ်ငန်းနှင့်ဆက်စပ်၍ဖြစ်ပေါ်လာသော ဆူညံသံနှင့်တုန်ခါခြင်းများကို မည်သို့စီမံခန့်ခွဲမည်ဆိုသည်ကို ဖော်ပြထားပါသည်။ ဤအစီအစဉ်သည် လုံးခင်း/ဖားကန့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ပါဝင်ဖွဲ့စည်းထားသော အစီအစဉ်တစ်ခုဖြစ်ပြီး EMP တွင်ပါဝင်သောအခြားကဏ္ဍများနှင့်တွဲဖတ်ရန် ဖြစ်ပါသည်။

၂။ ရည်မှန်းချက်များ

ဆူညံသံနှင့် တုန်ခါခြင်းစီမံခန့်ခွဲမှုအစီအစဉ်၏ ရည်မှန်းချက်များမှာ-

- ဖောက်ခွဲမှုများနှင့်ဆက်စပ်နေသော လက်ခံနိုင်ဖွယ်ရာမရှိသည့် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရေးနှင့် သာယာအဆင်ပြေမှု (amenity) တို့ကို ထိခိုက်စေမှုများကို ရှောင်ကြဉ်ရန်။
- သတ္တုတူးဖော်ခြင်းဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်သည့် အန္တရာယ်ရှိလာနိုင်သော ဆူညံသံတုန်ခါမှုတို့၏ အမျိုးအစားတို့ကို လက်တွေ့ကျနိုင်သမျှ အနည်းဆုံးဖြစ်အောင် လျော့ချခြင်းဖြင့် စိတ်အနှောင့်အယှက်ဖြစ်မှုကို ကာကွယ်တားဆီးရန်။
- ပတ်ဝန်းကျင်လူထု၊အလုပ်သမားများနှင့် အခြားထိရှလွယ်သောနယ်ပယ်များ အပေါ်သက်ရောက်သော သတ္တုတူးဖော်ခြင်းလုပ်ငန်းနှင့်ဆက်စပ်သောထိခိုက်မှုများကို အနည်းဆုံးဖြစ်အောင်လျော့ချရန်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

အထိခိုက်ခံအုပ်စု (Affected Party) - သတ္တုတွင်းလုပ်ငန်းများကြောင့် ထိခိုက်ခံရသော လူပုဂ္ဂိုလ်တစ်ဦးသို့မဟုတ် လူများ သို့ မဟုတ် အဖွဲ့အစည်း။

လေပေါက်ကွဲခြင်း (Airblast) - ပေါက်ကွဲခြင်း သို့မဟုတ် အလုံပိတ်နေရာ(ဥမင်လိုဏ်ခေါင်းကဲ့သို့) တစ်ခုအတွင်း ပြုကျခြင်းကြောင့်ဖြစ်ပေါ်သော ရုတ်တရက်လေတဟုန်ထိုး တိုးထွက်မှု။

လူထုကိုယ်စားပြုအဖွဲ့ (Community Reference Group) - လူထုအတွက်ပြဿနာများနှင့် စိုးရိမ်ပူပန် မှုများဖွင့်ဟတိုင်ကြားခြင်းအပါအဝင် သတ္တုတွင်းတူးခြင်းလုပ်ငန်းဆောင်ရွက်ချက်နှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု ကို လူထုအားအသိပေးရန်၊ အဓမ္မရွှေ့ပြောင်းခံရခြင်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဆက်နွယ်သော ကိစ္စရပ်များဖြေရှင်းရန် သတ္တုတွင်းကုမ္ပဏီများနှင့် ဒေသခံနေထိုင်သူများအကြား ဆက်သွယ်ရေး လွယ်ကူစေရန်အတွက် လူထုအဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသော အဖွဲ့။

တိုင်တန်းချက် (Complaint) - သတ္တုတွင်းကုမ္ပဏီတစ်ခု၏ ပြုလုပ်ချက်နှင့်ပတ်သတ်၍ အထိခိုက်ခံအုပ်စုတစ်ခုမှ တရားဝင်ပြုလုပ်သော မကျေနပ်ကြောင်း ဖော်ပြချက်။

ဒက်ဆီဘယ် (Decibel) - အသံ၏ ပြင်းအားကို တိုင်းတာသည့်ယူနစ်။

နစ်နာမှုတိုင်ကြားချက် (Grievance) - သတ္တုတွင်းကုမ္ပဏီတစ်ခု၏ ပြုလုပ်ချက်များ သို့မဟုတ် ပြုလုပ်ရန်လစ်ဟင်းချက်များ၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည်ဟု စွပ်စွဲထားသော ပျက်စီးမှု၊ ထိခိုက်မှုနှင့် မကျေနပ်ချက်များကို အထိခိုက်ခံအုပ်စုတစ်ခုက စွဲချက်တင်ထားသော တိုင်ကြားချက်တစ်ခု။ နစ်နာကြောင်းတိုင်ကြားချက်တစ်ခုသည် များသောအားဖြင့် ပြုပြင်တည့်မတ်ဆောင်ရွက်ချက်၊ လျော်ကြေး သို့မဟုတ် နှစ်ခုစလုံးကို တောင်းဆိုလို၍ ဖြစ်သည်။

ဖြစ်ရပ် (Incident) - သဘာဝပတ်ဝန်းကျင်၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ လုံခြုံမှု၊ကျန်းမာရေးနှင့် လူတို့၏ အသက်မွေးဝမ်းကြောင်းအပေါ် မလိုလားအပ်သော မမျှော်လင့်သော သက်ရောက်မှုနှင့်/ သို့မဟုတ် ပိုင်ဆိုင်မှုပစ္စည်းဥစ္စာအပေါ် သက်ရောက်မှု သို့မဟုတ် ဥပဒေနှင့်စည်းမျဉ်းပိုင်းဆိုင်ရာ လိုက်နာမှုအပေါ် သက်ရောက်မှုတို့ ဖြစ်စေသော ဖြစ်ရပ်တစ်ခုသို့မဟုတ် ဖြစ်ရပ်များ။

PPE - တစ်ကိုယ်ရေကာကွယ်မှုပစ္စည်းကိရိယာများ။ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာအန္တရာယ်များမှ အကာအကွယ်ဖြစ်စေရန်အတွက် အလုပ်သမားများဝတ်ဆင်ရသော အထူးစီမံထားသည့် အဝတ်အထည်များနှင့် ပစ္စည်းကိရိယာများကို ဆိုလိုပါသည်။ အနည်းဆုံးအားဖြင့် တစ်ကိုယ်ရေကာကွယ်မှု ပစ္စည်းကိရိယာတို့တွင် ဘောင်းဘီရှည်များ၊ လက်ရှည်အင်္ကျီများ၊ ဘွတ်ဖိနပ်များ၊လက်အိတ်များ လိုအပ်ပါက မျက်နှာစည်းများ ပါဝင်ရမည်ဖြစ်ပါသည်။

ထိရှလွယ်သောနယ်ပယ် (Sensitive receptor) - ဆူညံမှုနှင့် လေထုညစ်ညမ်းစေသည့်ပစ္စည်းများကဲ့သို့ အခြားထုတ်လွှတ်မှုများ၏ ဆိုးကျိုးသက်ရောက်မှုကို ထိလွယ်ရှလွယ်ဖြစ်သော လူတို့နေထိုင်သည့် အဆောက်အဦး နေရာဒေသများ၊ များသောအားဖြင့် လူနေအိမ်များ၊ ကျောင်းများ၊ ဆေးရုံများ၊ မူးယစ်ဆေးစွဲလူနာများ ပြန်လည်ထူထောင်ရေးစင်တာများနှင့် ဘုန်းကြီးကျောင်းများပါဝင်သည်။

၄။ ဆက်စပ်နေသော အစီအစဉ်များနှင့် နည်းလမ်းများ

ဤအစီအစဉ်သည် အောက်ပါအစီအစဉ်များတွင်ပါဝင်သော စီမံခန့်ခွဲမှုအစီအမံများကို အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သည်။

- လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု အစီအစဉ်
- လူထုနစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းသည့်စနစ်
- ဖြစ်ရပ်များအစီရင်ခံသည့် နည်းလမ်းများ

၅။ ဘေးအန္တရာယ်နှင့် ထိခိုက်မှုများ

မြေတူးခြင်း၊ ဖောက်ခွဲခြင်း၊ မြေဖို့ခြင်းနှင့် ယာဉ်များသွားလာမှုတို့ကဲ့သို့ သတ္တုတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်မှုများသည် အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့်လမ်းညွှန်ချက်များတွင် သတ်မှတ်ထားသော ထိရှလွယ်နယ်ပယ်များခံနိုင်သည့် အဆင့်ထက်ကျော်လွန်သော ဆူညံသံနှင့်တုန်ခါခြင်းများ ဖြစ်စေပါသည်။

ဆူညံသံနှင့် တုန်ခါခြင်းဖြစ်စေနိုင်သော သတ္တုတူးဖော်ခြင်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သော ထိခိုက်မှုများကို အောက်တွင်စာရင်းပြုစုထားပါသည်။

ဇယား (၁) ဆူညံသံနှင့်တုန်ခါခြင်း ဘေးအန္တရာယ်များနှင့် ထိခိုက်မှုများ

ဘေးအန္တရာယ် (ထိခိုက်မှုရင်းမြစ်)	ထိခိုက်ရသည့် အကြောင်းအရာ	ထိခိုက်မှုနှင့်ထိခိုက်ခံနယ်ပယ်
ဖောက်ခွဲခြင်း (တုန်ခါခြင်း)	မြေပြင်တုန်ခါခြင်းနှင့် လေပေါက်ကွဲခြင်း။	ပိုင်ဆိုင်မှုပစ္စည်းဥစ္စာပျက်စီးမှု၊လူထု စိတ်မသက်သာမှုနှင့်စိတ်အနှောင့်အယှက်ဖြစ်စေမှု၊ အိပ်စက်ခြင်းအား အနှောင့်အယှက်ဖြစ်စေမှု။
ဆူညံသံ (ဖောက်ခွဲခြင်းနှင့်အခြားသတ္တုတူးဖော်ခြင်းလုပ်ငန်းများ)	လူထု၊ကျေးရွာများ၊ လူနေအိမ်ခြေများနှင့် သတ္တုတူးဖော်ခြင်း လုပ်ငန်းများ နီးကပ်စွာတည်ရှိမှု	လူထုစိတ်မသက်သာမှုနှင့်စိတ်အနှောင့်အယှက်ဖြစ်စေမှု၊ အိပ်စက်ခြင်းအား အနှောင့်အယှက်ဖြစ်စေမှု၊ သဘာဝသားရဲတိရိစ္ဆာန်များကို အနှောင့်အယှက်ဖြစ်စေမှု၊ ကျေးရွာများနှင့် လူနေအိမ်ခြေများတွင်အဆင်ပြေသာယာမှု လျော့ချခြင်း။

၆။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

ဆူညံသံနှင့်တုန်ခါခြင်းနှင့် ဆက်နွယ်သော ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများကို အောက်ပါကဏ္ဍတွင် စာရင်းပြုစုထားသည်။

၆.၁။ ဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များ

ဆူညံသံတုန်ခါခြင်နှင့် ဆက်နွယ်သော ဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များမှာ-

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၇၊ ပုဒ်မခွဲ (ဏ) အရ ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းသူက ပေးလျော်စေရန်၊ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ် အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ်သုံးစွဲသည့် လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံခန့်ခွဲခြင်း။

- ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်စေခြင်း။

- ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင်အထောက်အကူပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တက်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုရမည်။ ယင်းသို့ဆောင်ရွက်ခြင်းမပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

- ပုဒ်မ ၂၄ အရ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မှုရှိမရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြားခြင်း ပြုနိုင်သည်။

- ပုဒ်မ ၂၉ အရ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

အမျိုးသားပတ်ဂန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် လူသားတို့၏ ကျန်းမာရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှု မဖြစ်စေရန်အလို့ငှာ နေရာအသီးသီး၏ ဆူညံသံနှင့်တုန်ခါမှု၊ အခိုးအငွေ့ထုတ်လွှတ်မှုနှင့် အရည်စွန့်ထုတ်မှုများ ထိန်းချုပ်ရေးအတွက် လိုက်နာရမည့် အခြေခံစည်းမျဉ်းများကို ဖော်ပြထားပါသည်။

သတ္တုတွင်းတစ်ခု၏ခန့်မှန်း (သို့မဟုတ်) တိုင်းတာရရှိသော ဆူညံသံထိခိုက်မှုများသည် အထိရှလွယ်ဆုံးလက်ခံရာနေရာရှိ သက်ဆိုင်သော ဆူညံသံအဆင့် လမ်းညွှန်ချက်များထက် လွန်ကဲနေသောအခါတွင် ဆူညံသံကာကွယ်တားဆီးခြင်းနှင့် လျော့ပါးစေခြင်းအစီအမံများကို အသုံးပြုကြရန် သတ္တုတွင်းလုပ်ငန်းလုပ်ကိုင်သူများအား အမျိုးသားပတ်ဂန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတိုက်တွန်းထားပါသည်။ ဆူညံသံထိခိုက်မှုများသည် ဇယား (၂) တွင်ပြသထားသည့်အတိုင်း အမျိုးသားပတ်ဂန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၂)တွင် ပြသထားသည့် အဆင့်များကို မကျော်လွန်ရပါ သို့မဟုတ် လုပ်ငန်းပြင်ပနေရာရှိ အနီးဆုံးထိရှလွယ်နယ်ပယ်၌ နောက်ခံဆူညံသံအများဆုံးတိုးနိုင်သောအဆင့် ၃ ဒယ်ဆီဘယ်(DBA) ထိမရှိရပါ။

ဇယား (၂) ဆူညံသံလမ်းညွှန်ချက်အဆင့်များ

ခံရသူ	တစ်နာရီ LAeq (dBA)[a]	
	နေ့အချိန် ၀၇၀၀ - ၂၂၀၀ (၁၀၀၀ - ၂၂၀၀ / အများပြည်သူအားလပ်ရက်)	ည အချိန် ၂၂၀၀ - ၀၇၀၀ (၁၀၀၀ - ၂၂၀၀ / အများပြည်သူအားလပ်ရက်)
လူနေထိုင်သည့်နေရာ၊အဖွဲ့အစည်းနှင့် ပညာရေးအဆောက်အအုံများ	၅၅	၄၅
လုပ်ငန်းဆောင်ရွက်သည့်နေရာ၊ ရောင်းဝယ်ဖောက်ကားသည့်နေရာ	၇၀	၇၀

a Equivalent continuous sound level in decibels

၆.၂။ အမိန့်ကြော်ငြာစာများ

ကျောက်စိမ်းတူးဖော်ရေးဦးစီးဌာန၊မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ လုံးခင်း/ ဖားကန့် ရတနာနယ်မြေအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေ(၁၉၉၅)၏ ပုဒ်မ ၅၄(ခ)နှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ (၂၀၁၆) တို့အောက်တွင် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပြီး ဖြစ်ပါသည်။

ဆူညံသံနှင့်တုန်ခါခြင်း နှင့်ဆက်နွယ်သောအမိန့်ကြော်ငြာစာများမှာ-

- စာအမှတ် ခ-၃၇/၃၈၃/၂၀၁၆၊ ၂၃ မေ၊၂၀၁၆

ဤအမိန့်ကြော်ငြာစာကို ဤအစီအစဉ်၏ နောက်ဆက်တွဲ((...)) တွင် ပူးတွဲထားပါသည်။

၆.၃။ နိုင်ငံတကာလမ်းညွှန်ချက်များ

ဆူညံသံနှင့်တုန်ခါခြင်းအတွက် ထပ်မံလမ်းညွှန်ချက်ကို ကောင်းမွန်သော နိုင်ငံတကာကျင့်သုံးမှုများကို ကိုယ်စားပြုသည့် အောက်ပါစံနှုန်းနှင့် လမ်းညွှန်ချက်များတွင် ပေးထားပါသည်။

- နိုင်ငံတကာငွေကြေးဆိုင်ရာကော်ပိုရေးရှင်း၊ ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အထွေထွေလမ်းညွှန်ချက်များ (အပိုင်း ၁.၇၊ ဆူညံသံ) (၂၀၀၇)။
- နိုင်ငံတကာငွေကြေးဆိုင်ရာကော်ပိုရေးရှင်း၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရေး လမ်းညွှန်ချက်များ

၇။ စီမံခန့်ခွဲမှုအစီအမံများ

ဆူညံသံနှင့်တုန်ခါခြင်းစီမံခန့်ခွဲမှုအား ကောင်းမွန်စွာကျင့်သုံးခြင်းသည် ဆူညံသံနှင့်တုန်ခါခြင်းဖြစ်စေသော ရင်းမြစ်များထိန်းချုပ်ခြင်းနှင့် ဆူညံသံနှင့်တုန်ခါခြင်း၏ ဆိုကျိုးသက်ရောက်မှုများ ဖြစ်လာနိုင်ခြေကို နည်းနိုင်သမျှနည်းအောင် လျော့ချခြင်းတို့အပေါ်တွင် အခြေခံသည်။

ဆူညံသံအဆင့်သည် ဇယား (၂) တွင် ပြသထားသည့်အတိုင်း အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ပြသထားသည့် လမ်းညွှန်ချက်တန်ဖိုးများထက် မကျော်လွန်ရပါ။ လမ်းညွှန်ချက်တန်ဖိုးများနှင့်ကိုက်ညီခြင်းကို ဆူညံသံစံနမူနာပြုခြင်း(noise modelling) နှင့် ဆူညံသံတိုက်ရိုက်စောင့်ကြည့်လေ့လာခြင်း (real-time noise monitoring) တို့ကိုအသုံးပြု၍ ရရှိနိုင်ပါသည်။ ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် EMP၏ အကူးအပြောင်းကြားကာလ၌ အောက်တွင် ဖော်ပြထားသော ကောင်းမွန်သည့်ကျင့်သုံးမှု အစီအမံများကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ဤအစီအစဉ်များကို မှန်မှန်ကန်ကန်အကောင်အထည်ဖော်ပါက ဆူညံသံနှင့်တုန်ခါခြင်း၏ ဆိုးကျိုးသက်ရောက်မှုအန္တရာယ်ကို လျော့ချနိုင်မည်ဖြစ်ပါသည်။

အထွေထွေစီမံခန့်ခွဲမှုအစီအမံများ

ဆူညံသံနှင့်တုန်ခါခြင်းစီမံခန့်ခွဲရန် အစီအမံများမှာ-

(က) ဆူညံသံနှင့်တုန်ခါခြင်းအဆင့်များလျော့ချရန်အတွက် ဤအစီအစဉ်၏ ဆောင်ရွက်မှုအစီအမံများတွင် ပါဝင်သောဝန်ထမ်းများအားလုံးကို လေ့ကျင့်သင်ကြားပေးပါ။

(ခ) ဆူညံသံဖြစ်ပေါ်စေသော ပစ္စည်းကိရိယာများကို အသုံးပြုသည့် သို့မဟုတ် ဖောက်ခွဲခြင်းများ ဆောင်ရွက်သည့်အလုပ်သမားများကို လုံလောက်သောနားအကာအကွယ် (နားဖုံးများ) အပါအဝင် သင့်လျော်သော တစ်ကိုယ်ရည်ကာကွယ်မှု ပစ္စည်းကိရိယာများ (PPE) ကို ပေးအပ်ပါ။

(ဂ) ဆူညံသောလုပ်ငန်းဆောင်တာများကို နေ့ခင်းအချိန်တွင်သာ အစီအစဉ်ချလုပ်ကိုင်ပါ။ ဖြစ်နိုင်လျှင် ဆူညံသံကြောင့် အနှောင့်အယှက်ဖြစ်နိုင်ချေနည်းသော အချိန်များတွင်လုပ်ပါ။

(ဃ) ဖောက်ခွဲခြင်း၊ ဆူညံသံနှင့် တုန်ခါခြင်းတို့နှင့် ဆက်စပ်နေသော လူထုမှတိုင်တန်းချက်များ အားလုံးကို စီမံခန့်ခွဲရန်အတွက် **လူထုနစ်နာမှုတိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းသည့်စနစ်**ကို အသုံးပြုပါ။

(င) သတ္တုတွင်း၌ ဆူညံသံအဆင့်များ နှစ်စဉ်စောင့်ကြည့်လေ့လာခြင်းဆောင်ရွက်ပါ။ ဖြစ်နိုင်လျှင် **လူထုဆက်သွယ်မှုအုပ်စု**၏ တောင်းဆိုချက်အရ ဇယား (၂) တွင် ဖော်ပြထားသည့် ဆူညံသံအဆင့်များကို မကျော်လွန်စေရန် စိစစ်ဆောင်ရွက်ပါ။

ယာဉ်များ၊ စက်ရုံနှင့် စက်ကိရိယာများမှ ဆူညံသံ

ယာဉ်များ၊ စက်ရုံနှင့် စက်ကိရိယာများမှ ဆူညံသံကို စီမံခန့်ခွဲရန် အစီအမံများမှာ-

(စ) ဆူညံသံမြင့်မားစွာဖြစ်ပေါ်စေသည့် ပစ္စည်းကိရိယာများကို နေရာချထားသောအခါ ဖြစ်နိုင်လျှင် သဘာဝ မြေမျက်နှာသွင်ပြင်အား ဆူညံသံကြားခံနယ်အဖြစ်အသုံးပြုပါ။

(ဆ) နေရာချထားမှုအကွာအဝေးနှင့် သဘာဝကြားခံနယ်များကို အကျိုးရှိရှိအသုံးချကာ ဆူညံမှုဖြစ်ပွားစေသော ရင်းမြစ်များအား ထိရှိလွယ်မှုနည်းပါးသော နေရာများသို့ ပြောင်းလဲနေရာချထားပါ။

(ဇ) အမြဲတမ်းအသုံးပြုမည့် ပစ္စည်းကိရိယာအဆောက်အအုံများကို ဖြစ်နိုင်လျှင် ကျေးရွာများ၊ လူတို့အခြေချနေထိုင်သည့်နေရာများနှင့် အခြားထိရှလွယ်နယ်ပယ်များနှင့် ဝေးသောနေရာတွင် အခြေချပါ။

(ဈ) ကြာမြင့်စွာသုံးစွဲခြင်းကြောင့် သာမန်ထက်လွန်ကဲသည့် ဆူညံသံများထွက်မလာစေရန် မြေတူးဖယ်ရှားသောစက်ကြီးများကို မှန်မှန်ပြင်ဆင်မွန်းမံခြင်း အပါအဝင် ဆူညံသံဖြစ်ပေါ်စေသော ပစ္စည်းကိရိယာအားလုံးကို စစ်ဆေးကာပြုပြင်ထိန်းသိမ်းပါ။

(ည) သတ်မှတ်ထားသောအလုပ်နေရာများနှင့် လမ်းများသို့ စက်ပစ္စည်းနှင့်ယာဉ်သွားလာလှုပ်ရှား မှုများကိုကန့်သတ်ပါ။

ဖောက်ခွဲမှုမှ ဆူညံသံနှင့် တုန်ခါခြင်း

ဖောက်ခွဲမှုကြောင့်ဖြစ်သော ဆူညံသံနှင့်တုန်ခါခြင်း စီမံခန့်ခွဲမှုအစီအမံများမှာ-

(ဋ) ဖြစ်နိုင်ပါက ဖောက်ခွဲမှုမပြုလုပ်ရန် (သို့မဟုတ်) နည်းနိုင်သမျှနည်းအောင် လျော့ချနိုင်ရန်အတွက် စက်ယန္တရားများဖြင့်သာ မြေတူးဆွခြင်းကို လုပ်ဆောင်ပါ။

(ဌ) ဖောက်ခွဲခြင်းကို သင်တန်းဆင်းကျွမ်းကျင် ဝန်ထမ်းများသာ လုပ်ဆောင်ရမည်။

(ဍ) ဖောက်ခွဲရေးလုပ်ဆောင်မှုများကို နေ့ခင်းအချိန်များနှင့်တစ်နေ့တာ၏ သတ်မှတ်ထားသော အချိန်များတွင်သာ ကန့်သတ်ဆောင်ရွက်ပါ။

(ဎ) ပေါက်ကွဲစေတတ်သောပစ္စည်းများ(ယမ်းဘီလူးများ) အဆမတန်သုံးခြင်းကို ရှောင်ရှားနိုင်ရန်အတွက် ယမ်းအားအတိုင်းအဆ နှင့်ဖောက်ခွဲခြင်းကို မှန်ကန်စွာ အသုံးပြုပါ။

၈။ ဆောင်ရွက်မှု စံနှုန်းများ

ဆူညံသံနှင့်တုန်ခါခြင်းစီမံခန့်ခွဲမှု ဆောင်ရွက်မှုစံနှုန်းများမှာ-

- သက်ဆိုင်သော ဆူညံသံလမ်းညွှန်ချက်အဆင့်များနှင့် ကိုက်ညီမှုရှိရေး
- ဖောက်ခွဲခြင်းနှင့်ဆက်နွယ်သော ထူးခြားဖြစ်ရပ်များမရှိရေး
- ဆူညံသံနှင့်တုန်ခါခြင်းနှင့် ဆက်နွယ်သည့်လူထုနစ်နာမှုတိုင်ကြားချက်များ ဖြေရှင်းနိုင်ရေး
- သတ်မှတ်ထားသောအချိန်မှအပ ကျန်အချိန်များတွင် ဖောက်ခွဲမှုများ မဆောင်ရွက်ရေး

၉။ စစ်ဆေးခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း လိုအပ်ချက်များ

ဖောက်ခွဲခြင်း ဆူညံသံနှင့် တုန်ခါခြင်းတို့ကို ဤအစီအစဉ်နှင့်ကိုက်ညီမှုရှိ မရှိ စစ်ဆေးရန်အတွက် စစ်ဆေးခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းများကို ပုံမှန်ဆောင်ရွက်ရမည်။ သတ္တုတူးဖော်ခြင်းနှင့်ပတ်သတ်သည့် ဆူညံသံနှင့် တုန်ခါခြင်းပြဿနာများကို ဒေသခံလူထုနှင့် စဉ်ဆက်မပြတ်ဆက်သွယ်ဖြေရှင်း ဆောင်ရွက်ရမည်။ တိုင်တန်းချက်များကို **လူထုနစ်နာမှုများ ကိုင်တွယ်ဖြေရှင်းသည့်စနစ်**နှင့်အညီ မှတ်တမ်းတင်၍ ဖြေရှင်းရမည်။ လိုက်နာကျင့်သုံးမှု ရှိ/မရှိ ကို ဤအစီအစဉ်နှင့် ပူးတွဲပါသည့် စစ်ဆေးရန်စာရင်းကို အသုံးပြု၍ ဆုံးဖြတ်ရမည်။

စစ်ဆေးခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းကြိမ်နှုန်းကို **ဇယား (၃)** တွင် ဖော်ပြထားပါသည်။

ဇယား (၃) စစ်ဆေးခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းကြိမ်နှုန်း

စောင့်ကြည့်လေ့လာခြင်းအစီအမံ	ကြိမ်နှုန်း
ဆူညံသံအဆင့် စောင့်ကြည့်ခြင်း	နှစ်စဉ်နှင့် လူထုဆက်သွယ်မှုအဖွဲ့၏ တောင်းဆိုချက်အရ
မော်တော်ယာဉ်များ၊ စက်ရုံနှင့် စက်ကိရိယာများ ပြင်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း	စက်ပစ္စည်းကိရိယာများ ထုတ်လုပ်သူ၏ သတ်မှတ်ချက်များနှင့်အညီ။
ဖောက်ခွဲမှုများ	ဖောက်ခွဲခြင်းများအား သတ်မှတ်ထားသော အချိန်များတွင်သာ ဆောင်ရွက်ခြင်း ရှိ/မရှိ နေ့စဉ်

ဆူညံသံနှင့် တုန်ခါခြင်း စီမံခန့်ခွဲမှု အစီအစဉ် **လိုက်နာကျင့်သုံးမှု ရှိ/မရှိ စစ်ဆေးသည့်စာရင်း**	
မှော်နှင့် လုပ်ကွက်အမှတ် **သတ္တုတွင်းအမည်နှင့် ကုမ္ပဏီအမည်**	
စစ်ဆေးခြင်း ဆောင်ရွက်သူအမည်	
စစ်ဆေးခြင်း ဆောင်ရွက်သည့် ရက်စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထား	လိုက်နာကျင့်သုံးမှု ရှိ/မရှိ
ဆူညံသံစောင့်ကြည့်ခြင်း အထောက်အထား	
မော်တော်ယာဉ်များ စက်ရုံနှင့် စက်ကိရိယာများ မီးခိုးထုတ်လွှတ်မှု ကောင်းမွန်သော အခြေအနေ	
သတ်မှတ်ထားသော အလုပ်နေရာများနှင့် လမ်းများသို့ စက်ယန္တရားများနှင့် မော်တော်ယာဉ်သွားလာမှုများ ကန့်သတ်မှုအထောက်အထား	
သတ်မှတ်ထားသောအချိန်ပြင်ပတွင် ဖောက်ခွဲခြင်းများ ဆောင်ရွက်ခြင်း ရှိ/မရှိ	
တိုင်တန်းချက်များမှတ်တမ်း (တိုင်တန်းချက်များ မှတ်တမ်းတင်ခြင်းနှင့် ဖြေရှင်း ပိတ်သိမ်းခြင်း ရှိ/မရှိ)	

ဖားကန့်/လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်	
ဘေးအန္တရာယ်မရှိသည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်	
Version: Rev1	**ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်**

၁။ နိဒါန်း

ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းသည် ဘေးအန္တရာယ်ရှိသည့် စွန့်ပစ်ပစ္စည်းများနှင့် ဘေးအန္တရာယ်မရှိသည့် စွန့်ပစ်ပစ္စည်းများအပါအဝင် အစိုင်အခဲနှင့် အရည် စွန့်ပစ်ပစ္စည်းအမျိုးမျိုးကို ထုတ်လွှတ်ပါသည်။ စွန့်ပစ်ပစ္စည်းအားလုံးကို စေ့စပ်သေချာစွာ စီမံခြင်းမပြုပါက ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှု၊ ပတ်ဝန်းကျင်နှင့်သဘာဝအလှတို့ကို ထိခိုက်စေနိုင်ပြီး မြေပြင်မာတ်ပြုပျက်စီးခြင်း၊ ရေအရည်အသွေးကျဆင်းမှု၊ ပိုးမွှားအင်းဆက်များ အရည်အတွက်များလာခြင်း၊ သတ္တဝါများရှင်သန်နေထိုင်ရာ နေရာဒေသရင်းများ ပျက်စီးခြင်းနှင့် ကျန်းမားရေးဆိုင်ရာ အန္တရာယ်များ တိုးမြင့်လာခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါသည်။

ဤအစီအစဉ်သည် ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက်သာ အကြုံးဝင်ပြီး ဘေးအန္တရာယ်ရှိသော စွန့်ပစ်စွည်းများနှင့် မာတုပစ္စည်းများအတွက် သီးခြားအစီအစဉ်ဖြစ်သည့် မာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိစေနိုင်သည့် ပစ္စည်းများ စီမံခန့် ခွဲမှုအစီအစဉ်ဖော်ပြထားပါသည်။

သတ္တုတူးဖော်မှုပြုလုပ်သည့်အချိန်အတွင်း ဘေးအန္တရာယ်မရှိနိုင်သည့်စွန့်ပစ်စွည်းများ ထွက်ရှိလာခြင်းနှင့် စွန့်ပစ်ခြင်းတို့တွင် အောက်ပါများစွန့်ပစ်ပစ္စည်းများ ပါဝင်သည်။

- အလုပ်သမားတန်းလျားမှ စွန့်ပစ်ပစ္စည်းများနှင့် စားကြွင်းစားကျန်များပါဝင်သည့် အိမ်တွင်း စွန့်ပစ်ပစ္စည်းများ။
- စာရွက်နှင့် ကတ်ထူပုံးများ။
- ပလတ်စတစ်အထုပ်အပိုးများ၊ ဘူး၊ ပုလင်း၊ ဖာစသည့်ထည့်စရာသေတ္တာများနှင့် သောက်ရေဘူးများ၊
- သစ်၊ ဖန်၊ သတ္တုစများ အပါအဝင် အထွေထွေဆောက်လုပ်ရေးဆိုင်ရာ စွန့်ပစ်ပစ္စည်းများ။
- အသုံးပြုပြီးသား တာရာများနှင့် အခြားဟောင်းနွမ်းနေသော ပစ္စည်းကိရိယာများပါဝင်သည်။

ဤအစီအစဉ်သည် လူမှုစွန့်ပစ်ပစ္စည်းများ (ကျင်းအိမ်သာနှင့်မိလ္လာကန်) နှင့် အိမ်ထွက်ရေဆိုးရေညစ်များအပါအဝင် အိမ်သုံးရေညစ်စွန့်ပစ်မှုစီမံခန့်ခွဲမှုအတွက်လည်း အကြုံးဝင်ပါသည်။

ဤအစီအစဉ်တွင် ကျောက်စိမ်းတူးဖော်ခြင်းနှင့် သက်ဆိုင်သည့် ဘေးကင်းစွာ ကိုင်တွယ်အသုံးပြုခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ဘေးအန္တရာယ်မရှိသည့် စွန့်ပစ်ပစ္စည်းများ ဖယ်ရှားစွန့်ပစ်ခြင်းစသည့် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အသေးစိတ်ဖော်ပြထားပါသည်။ ဤအစီအစဉ်သည်

လုံးခင်း၊ ဖားကန့် ကျောက်မျက်ရတနာတူးဖော်ခြင်း လုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏ အခြားသောကဏ္ဍများနှင့်လည်း တွဲ၍ ဖတ်ရှုသင့်ပါသည်။

၂။ ရည်ရွယ်ချက်များ

ဤဘေးအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်၏ ရည်ရွယ်ချက်မှာ -

စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုကို မသင့်တော်သည့်နည်းလမ်းများဖြင့် လုပ်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ်၊ ဘေးကင်းမှုနှင့် လူသားတို့၏ ကျန်းမာရေးအတွက် မလိုလားအပ်သည့် ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်လာခြင်းကို လျော့ချခြင်း (သို့) ရှောင်ကြဉ်နိုင်ခြင်းဌာ ရည်ရွယ်ပါသည်။

၃။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

ရေဆိုးရေညစ်များ (Greywater) - အလုပ်သမားများ နေထိုင်ရာတန်းလျားနှင့် ရုံးများရှိ လက်ဆေးကန်များ၊ ချိုးရေကန်များ၊ အဝတ်လျော်ခြင်းနှင့် အခြားသောအိမ်တွင်းအသုံးပြုမှုများမှ စီးထွက်လာသော စွန့်ပစ်ရေကို ဆိုသည်။

ဘေးအန္တရာယ်ရှိစေနိုင်သည့် ပစ္စည်း(Hazardous Material) - လူသားတို့၏ ကျန်းမာရေး၊ ဘေးကင်းမှု နှင့်/သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများပါဝင်သည့် အစိုင်အခဲများ၊ အရည်များ (သို့မဟုတ်) ဓာတ်ငွေ့ပါသောအရာ ဂုဏ္ဌများကိုဆိုသည်။ ဘေးအန္တရာယ်ရှိစေနိုင်သော ပစ္စည်းများတွင် အောက်ဖော်ပြပါများပါဝင်သည်။

- လောင်ကျွမ်းလွယ်သည့်အရာများ - ဥပမာ။ အလွယ်တကူ လောင်ကျွမ်းစေနိုင်သည့် အရာများ။
- ဓာတုဖြစ်စဉ်အရ စားခြင်း၊ လောင်ခြင်းဖြစ်စေသော အရာများ - ဥပမာ။ PH အလွန်မြင့်ခြင်း (အယ်လ်ကာလိုင်းပါဝင်မှုနှုန်းမြင့်ခြင်း) (သို့မဟုတ်) PH အလွန်နိမ့်ခြင်း (အက်ဆစ်ပါဝင်မှုများခြင်း) ကြောင့် စားခြင်း၊ လောင်ခြင်းခံရသောအရာများ။
- ဓာတ်ပြုမှုဖြစ်စေသောအရာများ - ဥပမာ။ ပေါက်ကွဲစေနိုင်သော(သို့)အဆိပ်ဖြစ်စေနိုင်သော အရာများ။
- သက်ရှိများ၏ ဇီဝဖြစ်စဉ်ကို ထိခိုက်စေနိုင်သောအရာများ - ဥပမာ။ ဆေးပစ္စည်းဆိုင်ရာ စွန့်ပစ်ပစ္စည်းများ။

ဘေးအန္တရာယ်ရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်း(Hazardous Waste) - မလိုအပ်တော့သည့် (သို့မဟုတ်) အသုံးမဝင်တော့သည့် ထိခိုက်အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်း။

မြေတွင်းတူးမြုပ်နှံရန်စီမံထားသော အမှိုက်ကန် (Landfill) - အမှိုက်သရိုက်နှင့် စွန့်ပစ်ပစ္စည်းများကို မြေတွင်းတူးထားသော အဂကျယ်တွင်းထဲသို့ စွန့်ပစ်မြုပ်နှံရသောစနစ်။ မြေတွင်တွင်းတူးမြုပ်နှံရန် အမှိုက်ကန်ကို အောက်ခံလိုင်နင်များမပါဝဲ (သို့မဟုတ်) လိုအပ်မည့်နေရာများတွင် အရည်စိမ့်မထွက် နိုင်သော ရွှံ့စေး (သို့) Geotextile Fabric (Polypropylene ပလက်စတစ်ဖြင့်ပြုလုပ်ထားသော) မြေထိန်း၊ ရေထိန်းရာတွင် အသုံးပြုသည့်ပစ္စည်းများကို အောက်ခံအဖြစ်ထားနိုင်ပါသည်။

ဘေးအန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ (Non-hazardous waste) - လူသားတို့၏ကျန်းမာရေး၊ ဘေးကင်းရေး နှင့်/သို့မဟုတ် သဘာဂပတ်ဂန်းကျင်ကို ချက်ချင်းအန္တရာယ်မဖြစ်စေနိုင်သော မလိုအပ်တော့သည့် (သို့) အသုံးမဂင်တော့သော မည်သည့်အစိုင်အခဲများ၊ အရည်များ (သို့) အငွေ့နှင့်ဆိုင်သောအရာဂတ္ထုများကိုဆိုသည်။

ကျင်းအိမ်သာ (Pit toilet) - အဆင့်မှီ ရေဆွဲအိမ်သာများ မဆောက်လုပ်နိုင်သည့် နေရာများတွင် အသုံးပြုနိုင်သည့် မြေတွင် တူးဖော်တည်ဆောက်ထားသော ကျင်းအိမ်သာ။

တကိုယ်ရည် ဘေးန္တရာယ်ကင်းရှင်းရေး ပစ္စည်းကိရိယာ (Personal Protective Equipment) - အလုပ်သမားများ လုပ်ငန်းခွင်တွင် ကျန်းမာရေးအန္တရာယ်နှင့် ဘေးန္တရာယ်ကင်းစေရန် ဝတ်ဆင်ရသည့် အထူးစီမံထားသည့် အဂတ်အထည်များနှင့် ပစ္စည်းကိရိယာများကိုဆိုသည်။ ၄င်းအကာအကွယ်ပစ္စည်းကိရိယာများသည် အခြေခံအားဖြင့် ဘောင်းဘီရှည်များ၊ လက်ရှည်အင်္ကျီများ၊ ဘွတ်ဖိနပ်များ၊ လက်အိတ်များ၊ လိုအပ်ပါက မျက်နှာစည်းများစသည်တို့ ပါဂင်ရမည်ဖြစ်ပါသည်။

ပြောင်းလဲအသုံးပြုနိုင်သည့် ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ (Recyclable non-hazardous waste) – စွန့်ပစ်ပစ္စည်းများကို မူလအတိုင်း(သို့မဟုတ်) အခြားပုံစံအတိုင်း ထုတ်ကုန်အဖြစ် လည်းကောင်း၊ ပစ္စည်းများအဖြစ်လည်းကောင်း၊ သို့မဟုတ် အရာဝတ္ထုများအဖြစ်လည်းကောင်း ပြန်လည်ပြုလုပ်ခြင်း၊ သန့်စင်ပြုပြင်ခြင်းနှင့် ထုတ်လုပ်ခြင်းတို့ကိုဆိုသည်။ ၄င်းကဲ့သို့ ပြောင်းလဲအသုံးပြုသည့် စွန့်ပစ်ပစ္စည်းများတွင် အများအားဖြင့် ဖန်၊ စက္ကူ၊ ကတ်ထူနှင့် အချို့သော ပလတ်စတစ်ပစ္စည်းများ ပါဝင်ပါသည်။

ပြန်လည်အသုံးပြုနိုင်သည့် ဘေးအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ (Reusable non-hazardous waste) - ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများကို အမှိုက်အဖြစ် စွန့်ပစ်မည့်အစား ယခင်ကဲ့သို့ လည်းကောင်း သို့မဟုတ် အခြားနည်းလမ်းဖြင့်လည်းကောင်း ပြန်လည်အသုံးပြုနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်းသည် ၄င်းတို့ကို စွန့်ပစ်မှုမှ တားဆီးကာကွယ်သည့် နည်းလမ်းတစ်ဖုံဖြစ်ပြီး ယေဘူယျအားဖြင့် သစ်သားကဲ့သို့သော ပစ္စည်းများ ပါဝင်ပါသည်။

မိလ္လာကန်စနစ် (Septic System) - ရေဆိုးရေညစ်များနှင့် မစင် (လူမှစွန့်ပစ်ပစ္စည်းများ) များကို လုပ်ငန်းခွင်အတွင်းမှာပင်စုဆောင်းပြီး ပြန်လည်ပြုပြင်ပေးသော သီးသန့်ထည့်လှောင်ရာကန်စနစ်။ ပုံမှန်အားဖြင့် ထိုကန်များသည် အစိုင်အခဲများ (sludge) ကို အောက်ခြေသို့ အနည်ထိုင်ကျသွားစေမည်ဖြစ်သည်။ အင်္ဂတေ၊ အမာခံကော်မာများ၊ PVC ပိုက် သို့မဟုတ် ပလတ်စတစ်ပိုက်များဖြင့် ပြုလုပ်ထားသော

မြေအောက်တွင်မြုပ်ထားသည့် ရေကိုအပေါ်၌ရှိစေသော ရေလုံကန်ဖြစ်သည်။ စွန့်ပစ်ပစ္စည်း အရည်များမည်။ မြေကြီးဆွဲအားဖြင့် စီးဆင်းသွားသည် သို့မဟုတ် ၎င်းတို့ကို မြေတွင် မြှုပ်နှံထားသည့် စစ်ချစ်မ့်ဝင်စေရာ ရေနူတ်မြောင်းများသို့ စုပ်တင်ပေးသည်။

ရေလမ်းကြောင်း (Watercourse) – ယာယီအတွက်ဖြစ်စေ၊ ရေရှည်အတွက်ဖြစ်စေ လူသားတို့ပြုလုပ်ထားသော သို့မဟုတ် သဘာဝ ချောင်းတက်၊ စမ်းချောင်း၊ မြစ် (သို့မဟုတ်) အခြားရေလမ်းကြောင်း။

၄။ ဆက်စပ်အစီအစဉ်များနှင့် လုပ်ဆောင်ချက် လုပ်ထုံးလုပ်နည်းများ

ထိခိုက်မှုအန္တရာယ်မရှိနိုင်သည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) ၏ အစိတ်အပိုင်းဖြစ်သော အောက်ဖော်ပြပါ အစီအစဉ်များနှင့် တွဲ၍ဖတ်ရှုသင့်ပါသည်။

- ဓာတုပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိစေနိုင်သည့် ပစ္စည်းများ စီမံခန့် ခွဲမှုအစီအစဉ်
- အရေးပေါ်နှင့် ရေလျှံမှု တုံ့ပြန် စီမံခန့် ခွဲမှုအစီအစဉ်

၅။ ဘေး အန္တရာယ်များ

သတ္တုတူးဖော်ခြင်းတွင် ဘေးအန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ မမှန်မကန် စီမံခန့်ခွဲမှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့အပေါ် ဖြစ်ပေါ်လာနိုင်သည့် ဘေးများအား ဇယား (၁) တွင် ဖော်ပြထားပါသည်။

ဇယား (၁) ထိခိုက်မှုအန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများမှန်မကန် စီမံခန့်ခွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်မှုအန္တရာယ်များ၊ အန္တရာယ်ဖြစ်ပေါ်နိုင်သည့်လမ်းကြောင်း၊ ထိခိုက်မှုများ။

ဘေးအန္တရာယ်များ(ထိခိုက်မှုဇစ် မြစ်)	အန္တရာယ်ဖြစ်ပေါ်နိုင်သည့် လမ်းကြောင်း	ထိခိုက်မှုနှင့် ထိခိုက်ခံများ
ထိခိုက်မှုအန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများအား မမှန်ကန်၊ မတော်လျှော်စွာ သိုလှောင်ခြင်း (နှင့်/ သို့ မဟုတ်) စွန့်ပစ်ခြင်း။	ထိခိုက်မှုအန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ် ပစ္စည်းများအား မြေသို့ တိုက်ရိုက် စွန့်ပစ် ခြင်း၊ ထိခိုက်မှုအန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ် ပစ္စည်းများပါဝင်သည့် မုန်တိုင်းကြောင့် လျှံကျသောရေများ ရေလမ်းကြောင်းသို့ စီးဆင်းခြင်း၊ ထိခိုက်မှု အန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ် ပစ္စည်းများအား ရေလမ်းကြောင်းသို့ တိုက်ရိုက် စွန့် ပစ်ခြင်း။	ထိခိုက်မှု အန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ ပါရှိမှုကြောင့် မြေလွှာနှင့် ရေအရည်အသွေး ကျဆင်းခြင်း၊ မြစ်အောက်ပိုင်းရှိ ရေကို မှီတင်းအသုံး ပြုမှုများ အပေါ် သို့ လည်း သက်ရောက် မှုမရှိခြင်း (ဥပမာ၊ ရေနေဂေဟစနစ်နှင့် ဝန်းကျင်အုပ်စု)
	ပိုးကောင်ပိုးမွှားများ - ရောဂါသယ် ဆောင်သော အကောင်များ	အလုပ်သမားများနှင့်/ သို့မဟုတ် ဒေသ အတွင်းနေ လူများ တွင် ရောဂါဖြစ်ပွားမှု မြင့်တက်လာခြင်း။
လူကျင်ကြီး/ကျင်ငယ်များ(နှင့် / သို့ မဟုတ်) နေအိမ်ထွက် ရေညစ်များအား မမှန်ကန်၊ မတော်လျှော်စွာ စီမံခန့် ခွဲမှု	မြေသို့ (နှင့်/သို့မဟုတ်) ရေလမ်းကြောင်း သို့ တိုက်ရိုက်စွန့် ပစ်ခြင်း၊ ပိုးကောင်ပိုးမွှား များ (ဥပမာ - ကြွက်) - ရောဂါသယ် ဆောင်သောအကောင်များ။ ခြင် - ရောဂါသယ်ဆောင်သော အကောင်များ။	အလုပ်သမားများနှင့်/ သို့ မဟုတ် ဒေသတွင်းနေ လူများတွင် ရောဂါ ဖြစ်ပွားမှု မြင့်တက်လာခြင်း။

၆။ သက်ဆိုင်သောဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

ထိခိုက်မှုအန္တရာယ် မရှိနိုင်သည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင် အသုံးချနိုင်သော မြန်မာနည်းဥပဒေရေးရာ လိုအပ်ချက်များမှာ -

ရေရှည်းလုပ်ငန်းဥပဒေ (၁၉၉၁) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ အရ မည်သူမျှ ရေရှည်းလုပ်ငန်းရေပြင်တွင် ငါး၊ အခြားရေသတ္တဝါတို့အား အနှောင့်အယှက်ဖြစ်စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုလုပ်ရ။
- ပုဒ်မ ၄၁ အရ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်းမြောင်းများတွင် ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏ အမျိုးအစား၊ ရေ၏ ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၂၂ အရ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း စီးပွားရေးအလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်း မပြုရ။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၃) တွင် အမှိုက်များနှင့် အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများကို စွန့်ပစ်ခြင်းကို တားမြစ်ကြောင်း ဖော်ပြထားပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၇၊ ပုဒ်မခွဲ (ဈ) အရ ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းသူက ပေးလျော်စေရန်၊ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ် သုံးစွဲသည့် လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံ ခန့်ခွဲခြင်း။
- ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေ သည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်စေခြင်း။
- ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင် အထောက်အကူ ပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုရမည်။ ယင်းသို့ ဆောင်ရွက်ခြင်း

မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက် စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ် နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

- ပုဒ်မ ၂၄ အရ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်း သိမ်းရေး ဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်မှု ရှိမရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြား ခြင်းပြုနိုင်သည်။
- ပုဒ်မ ၂၉ အရ မည်သူမျှ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ တွင်လူသားတို့၏ ကျန်း မာရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှု မဖြစ်စေ ရန်အလို့ငှာ နေရာအသီးသီး၏ ဆူညံသံနှင့် တုန်ခါမှု၊ အခိုးအငွေ့ထုတ်လွှတ်မှုနှင့် အရည်စွန့်ထုတ်မှုများ ထိန်းချုပ်ရေးအတွက် လိုက်နာရမည့် အခြေခံစည်းမျဉ်းများကို ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် တိကျသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များ ကင်းမဲ့ ခြင်းကြောင့် အောက်ဖော်ပြပါနိုင်ငံတကာမှ ကောင်းမွန်သော လက်တွေ့အကောင်အထည်ဖော်မှုများမှ စံနှုန်းများနှင့် လမ်းညွှန်ချက်များ တင်ပြထားပါသည်။

- နိုင်ငံတကာငွေကြေး ကော်ပရေးရှင်း (IFC)
  - လုပ်ဆောင်မှု စံနှုန်း ၃၊ အရင်းအမြစ် အကျိုးဖြစ်ထွန်းမှုနှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု ကာကွယ်ခြင်း
  - သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကာကွယ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ၊ သဘာဝပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အထောက်အပံ့များ (၂၀၁၅)
- EPA ဗစ်တိုးရီးယား ထုတ်ပြန်ချက် ၇၈၈.၃ - နေရာများသတ်မှတ်ခြင်း၊ ပြုလုပ်ပုံ ဒီဇိုင်းပုံဖော်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် အမှိုက်ကန်များ ပြန်လည်တည်ထောင်ခြင်းအတွက် မြေပြန်လည်ဖို့ခြင်း

၇။ စွန့် ပစ်ပစ္စည်းများ စီမံခန့် ခွဲမှု လုပ်ထုံးလုပ်နည်းများ


ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများကို စာရွက်စာတမ်းဖြင့် စနစ်တကျ မှတ်တမ်းတင် ထားသည့်အတိုင်း လျော့သုံးခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်အသုံးချခြင်း၊ ပြုပြင်စီမံခြင်းနှင့် စွန့်ပစ် ခြင်းဟူသည့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှုဆိုင်ရာစီမံခန့်ခွဲမှု လုပ်ဆောင်ပုံ အဆင့်ဆင့်အတိုင်း စီမံခန့်ခွဲမှု ပြုလုပ်သင့်ပါသည်။ (အောက်ဖော်ပြပါ ပုံ ၁ တွင် ကြည့်ပါ)။

၄င်းစနစ်တွင် အောက်ပါအချက်အလက်များ ပါဝင်သင့်ပါသည်။

- စွန့်ပစ်ပစ္စည်းများ ထုတ်လုပ်မှုများ ရှောင်ရှားနိုင်ရန်နှင့် နည်းနိုင်သမျှ နည်းစေရန် ပစ္စည်းများအား ရွေးချယ်အသုံးပြုရန်။

- စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်ပစ္စည်းအမျိုးအစားအလိုက် စုဆောင်းခြင်း၊ ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းအမျိုးအစား များအား မှတ်တမ်းပြုခြင်းများ အမြင့်ဆုံး တိုးမြှင့်ဆောင်ရွက်ရန်
- စွန့်ပစ်ပစ္စည်းအမျိုးအစားအလိုက် ပြန်လည်ပြင်ဆင် စွန့်ပစ်ခြင်းနည်းကို အသုံးပြုရန်။

စွန့်ပစ်ပစ္စည်းများအား စွန့်ပစ်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ဆောင်ပုံ ဦးစားပေးဆောင်ရွက်ချက် များသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့ကျန်းမာရေးအပေါ် ဖြစ်စေလာနိုင်သည့် အန္တရာယ်နှင့် ဘေးဖြစ်နိုင်ဖွယ် အနည်းအများအပေါ် အခြေခံသင့်ပါသည်။



ပုံ (၁) စွန့်ပစ်ပစ္စည်းများ စီမံခန့် ခွဲမှု လုပ်ဆောင်ပုံ အဆင့်ဆင့်

အောက်တွင်အသေးစိတ်ဖော်ပြထားသော လုပ်ထုံးလုပ်နည်းများတွင် သက်ဆိုင်သည့် မြန်မာ့ဥပဒေများနှင့် နိုင်ငံတကာမှ ကောင်းမွန်သော အကောင်အထည်ဖော်ဆောင်ရွက်မှုများပါဝင်ပြီး ဤအစီအစဉ်၏ အခန်း (၄) တွင် အသေးစိတ်ဖော်ပြထားသော အခြားဆက်နွယ်သော အစီအစဉ်များနှင့် ဆက်စပ်ပြီးလည်း အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

ဘေးအန္တရာယ်မရှိသည့် စွန့် ပစ်ပစ္စည်းများကို စီမံခန့် ခွဲရန် ပါဝင်သော လုပ်ထုံးလုပ်နည်းများမှာ

(က) ဘေးအန္တရာယ်မရှိသည့် စွန့်ပစ်ပစ္စည်းများ ထွက်ရှိခြင်းကို ရှောင်ရှားနိုင်ရန်နှင့် နည်းနိုင်သမျှ နည်းနိုင်စေသည့် သတ္တုတွင်းတူးဖော်ခြင်း လုပ်ငန်းစဉ်များ သို့ မဟုတ် ပစ္စည်းများကို အသုံးပြုရန်။

(ခ) ထိခိုက်မှုအန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် မူလအခြေခံတာဝန်အား သတ္တုတွင်းမန်နေဂျာနှင့် သတ္တုတွင်းဝန်းကျင်နှင့် လုံခြုံရေးအရာရှိတို့အား ခွဲဝေတာဝန်ယူစေခြင်း။

(ဂ) ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများကို လုံခြုံစိတ်ချစွာ ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် စွန့်ပစ်ခြင်း လုပ်ထုံးလုပ်နည်းများကို အမှုထမ်းများအားလုံးအား လေ့ကျင့်သင်ကြားပေး၍ တာဝန်ယူစေခြင်း။

(ဃ) ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် သင့်တော်သော တကိုယ်ရည် ကာကွယ်မှုဆိုင်ရာ ပစ္စည်းကိရိယာ (PPE) ကို အမှုထမ်းများအားလုံးအား ပေးအပ်ထားခြင်း။

(င) သတ္တုတွင်းတူးဖော်ခြင်းတွင် ထွက်လာမည့်ဟု မျှော်မှန်းထားသည့် ထိခိုက်မှုအန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများကို အမျိုးအစားများ ခွဲခြားသတ်မှတ်ခြင်းများနှင့် ထိုအမျိုးအစားများအတွက် လုပ်ငန်းတွင်း စုဆောင်းရာ၊ သိုလှောင်ရာနေရာများ သတ်မှတ်ပေးထားခြင်း။

(စ) ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများကို ခွဲခြားသတ်မှတ်ခြင်းအတွက် ရှင်းလင်းသည့် အချက်ပြသင်္ကေတများပေးထား၍ သတ္တုတွင်းတူးဖော်ရာ လုပ်ငန်းနေရာများနှင့် အလုပ်သမားတန်းလျားများ အားလုံးတွင် ထည့်သိုရန် ပုံး၊ သေတ္တာများကို သင့်တော်သော အညွှန်းအမှတ်အသားများ တပ်ဆင်ထားရှိပေးခြင်း။

(ဆ) ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများကို သင့်တော်သော ပုံး၊ သေတ္တာများတွင် သိုလှောင်ပေးခြင်း၊ ဥပမာ၊ စွန့်ပစ်ပစ္စည်းများကို သီးသန့်ခွဲခြားထားနိုင်ရန်နှင့် စွန့်ပစ်ပစ္စည်းများကို လေတိုက်ခတ်မှုကြောင့် လွင့်ပါခြင်း (သို့မဟုတ်) မုန်တိုင်းကြောင့် စီးလာသောရေ၌ စီးပါသွားခြင်း (သို့မဟုတ်) ထည့်ထားသည့် ပုံးထဲမှ ပိုးမွှားအကောင်များယူဆောင်သွားခြင်းမှ ကာကွယ်ရန် အဖုံးပါသောပုံးများ။

(ဇ) ဖြစ်နိုင်လျှင် ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုပေးခြင်း၊ ဥပမာ- သစ်သား၊ သတ္တုနှင့် ထုပ်ပိုးရာတွင် သုံးသောပစ္စည်းများ။

(ဈ) ဖန်၊စက္ကူ၊ ကတ္တူနှင့် ပလတ်စတစ်ကဲ့သို့သော ထိခိုက်မှုအန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများကိုရယူနိုင်သည့် အထောက်အပံ့ပစ္စည်းများရှိလျှင် ၄င်းတို့အား ပြန်လည်အသုံးချပါ။

(ည) ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ စုဆောင်ရာနေရာများအားလုံးကို ရေလမ်းကြောင်းများ၊ နေအိမ်များ၊ ကျောင်းနှင့် ဆေးရုံများမှ အနည်းဆုံး ၅၀ မီတာအကွာတွင် ထားရှိရပါမည်။

(ဋ) မည်သည့် တွင်း/ ကျင်း အိမ်သာများ (သို့မဟုတ်) မိလ္လာစနစ်များကို ရေလမ်းကြောင်းများမှ အနည်းဆုံး မီတာ ၁၀၀ အကွာတွင် ထားရှိရပါမည်။ တွင်း/ကျင်း အိမ်သာများနှင့် မိလ္လာစနစ်များကို မြေဆီလွှာကိုဖြတ်၍ ထိရောက်စွာ စိမ့်ဝင်နိုင်မှုကိုဖြစ်စေသော စနစ်မျိုးဖြင့် တည်ဆောက်ထားရမည်။ တွင်း/ကျင်း အိမ်သာများနှင့် မိလ္လာစနစ်များသည် အနည်းဆုံး ၅၀၀ မီလီမီတာအနက် ရှိရပါမည်။

(၄) လုပ်ငန်းနေရာများအားလုံးကို အမှိုက်သရိုက် သို့မဟုတ် အခြားသော ထိခိုက်မှု အန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများမှ ကင်းစင်စေပြီး သန့်ရှင်းသပ်ရပ်စွာ ထားရှိရပါမည်။

(၅) လျှံထွက်လာသော ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများနှင့် ထွက်ရှိလာသည့် အရာများအားလုံးကို ချက်ချင်းသန့်ရှင်းပေးရပါမည်။

(၆) ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများကို မည့်သည့်ထိခိုက်မှုအန္တရာယ် ရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများနှင့် စွန့်ပစ်ကျောက်စိုင်ကျောက်ခဲများ (သို့မဟုတ်) ဂန်ပိုများနှင့်အတူ စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ရပါမည်။

(၇) အလုပ်နေရာများ သို့မဟုတ် အလုပ်သမားတန်းလျားများတွင် ထိခိုက်အန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ (အထူးသဖြင့်၊ ဇီဝစွန့်ပစ်စွည်းများ) စုပုံလာခြင်းမှ ကာကွယ်ရန် စွန့်ပစ်အညစ်အကြေးများကို သင့်လျော်သော စွန့်ပစ်ရာနေရာ (ဥပမာ - စုပေါင်းအမှိုက်ကန်) သို့ လက်တွေ့ကျသလောက် မကြာခဏ သယ်ပို့ပေးရပါမည်။

(တ) အမှိုက်ကန်သည် ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများအတွက်သာ ဖြစ်ပြီးနေရာ ရွေးချယ်မှုနှင့် တည်ဆောင်မှုများတွင် တိကျသော လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၁) အမှိုက်ကန်သည် လူနေထိုင်ရာနေရာများမှ အနည်းဆုံး ၂၅၀ မီတာ ရေလမ်းကြောင်းနှင့် ရေအရင်း မြစ်ရှိရာ ရေတွင်းများမှ အနည်းဆုံး ၅၀၀ မီတာ အကွာတွင် တည်ရှိရပါမည်။

၂) အမှိုက်ကန်နေရာအားလုံးသည် သတ်မှတ်ထားသော ၁၀ နှစ်တာ မြေအောက်ရေစီးဝင်အောင်ပြုလုပ်ထားသော နေရာ၏အပြင်ဘက်တွင် တည်ရှိရပါမည်။

၃) ရာသီအလိုက်မြင့်တက်လာတက်သော မြေအောက်ရေထုမျက်နှာပြင် (မြေအောက်ရေပြင်) သည် အမှိုက်ကန်အောက်ခြေမှ အနည်းဆုံး ၁.၅ မီတာ အကွာမှာရှိရမည်။

၄) အမှိုက်ကန်များကို မြေပြိုခြင်း၊ ရေလွှမ်းမိုးခြင်း အန္တရာယ်တို့ကျရောက်နိုင်သော နေရာ၊ သို့မဟုတ် မြေငလျင်ကြောင့် ၅၀၀ မီတာအတွင်း၊ သို့မဟုတ် ဘူမိဗေဒဆိုင်ရာ တည်ဆောက်မှုပုံစံအရ သိသိသာသာ ကွဲအက်နေ သော နေရာများအတွင်းတွင် တည်ရှိမနေရပါ။

၅) အမှိုက်ကန်များသည် ပြေသောကုန်းစောင်းမြေမျက်နှာပြင်တွင် တည်ရှိရမည်ဖြစ်ပြီး တည်ဆောက်မှုပုံစံအရ တည်ငြိမ်မှုရှိအောင် တည်ဆောက်ထားရပါမည်။ ဥပမာအားဖြင့်၊ မြေငလျင်ဒဏ်ကျရောက်နိုင်မှုနည်းနိုင်သော နေရာဒေသများတွင် အထက်ကုန်းစောင်းများသည် ၃း၁ ရှိရမည်ဖြစ်ပြီး၊ အောက်ဘက်ကုန်းစောင်းများသည် မြေငလျင်ဒဏ်ကျရောက်နိုင်မှုများနိုင်သော နေရာဒေသများတွင် (ဥပမာ အားဖြင့်၊ ၅း၁ ဖြင့်) ထားရှိရပါမည်။ ယခင်သတ္တုတွင်းများနေရာတွင် အမှိုက်ကန်များဆောက်လုပ်ခြင်းဖြစ်ပါက ဤအချက်သည် အထူးတလည် အရေးကြီးလှပါသည်။

၆) ရေစိမ့်ဝင်ခြင်းနှင့် ကုန်းစောင်းပြိုကျနစ်မြုပ်ခြင်းတို့ နည်းနိုင်သမျှ နည်းနိုင်စေရန် အတွက် အမှိုက်ကန်များ၏ ကုန်းစောင်းများကို ပုံမှန်ရေနုတ်မြောင်းများဖြင့်လည်း ပုံဖော်တည်ဆောက် ထားရပါမည်။

၇) အမှိုက်ကန်တိုင်းသည် မျော်မှန်းထားသည့်ထိခိုက်မှုအန္တရာယ် မရှိစေနိုင်သော စွန့်ပစ်ပစ္စည်း၊ ပမာဏဝင် ဆန့်နိုင်လောက်အောင် ကြိုးစားရမည်ဖြစ်သော်လည်း အနက် ၅ မီတာထက် မကျော်လွန်ရပါ။

၈) အမှိုက်ကန်များတွင် စုပုံသော ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများသည် အလွှာအားဖြင့် ၁ မှ ၁.၅ မီတာ ထူရမည်ဖြစ်ပြီး (အနည်းဆုံး ၃၀ စင်တီမီတာ အနက်ရှိ သော) မြေသား သို့မဟုတ် သဲမြေဖြင့် ဖုံးအုပ်ထားရပါမည်။ အစားအသောက် စွန့်ပစ်ပစ္စည်း များအားလုံးကို ချက်ချင်းဖုံးအုပ်ပေးရပါမည်။

၉) ဖုံးအုပ်မြေသားအလွှာသည် အနည်းဆုံး ၅၀၀ မိလီမီတာ အထူရှိသွားပါက အမှိုက်ကန် များကို အဖုံးဖုံးအုပ်ထားရပါမည်။

(ထ) လုပ်ငန်းခွင်ပြင်ပနေရာ (offsite) သို့သယ်ယူလာသော ထိခိုက်မှုအန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ၏ အမျိုးအစားနှင့် ထုထည်ပမာဏကိုလည်း မှတ်တမ်းများ ကောက်ယူထားရှိရပါ မည်။ ချိတ်ဆွဲပေးလိုက်သော ထိခိုက်မှုအန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ အသေးစိတ် စာရင်းကိုလည်း ကြည့်ရှုရပါမည်။

(ဒ) လုပ်ငန်းခွင် (onsite) ရှိ ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ သိုလှောင်ရာနေရာ များကိုလည်း ပုံမှန်စစ်ဆေးကြည့်ရှုရမည်ဖြစ်ပြီး ဖော်ထုတ်တွေ့ရှိသော မည်သည့်ပြဿနာများကို မဆို ချက်ချင်းဖြေရှင်းပေးရပါမည်။

(ဓ) သတ္တုတွင်းလုပ်ငန်းရပ်ဆိုင်းသွားပါက၊ သတ္တုတွင်းလုပ်ငန်းပိတ်ခြင်းအစီအစဉ် နှင့် ပြန်လည်ထူ ထောင်ရေးလုပ်ငန်းအစီအစဉ်များတွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း လုပ်ငန်းပိတ်သိမ်းခြင်း နှင့် ပြန်လည်တည်ထောင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

၈။ လုပ်ဆောင်ချက် စံနှုန်းများ

ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် လုပ်ဆောင်ချက် စံနှုန်းများမှာ -

- ပြန်လည်အသုံးချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့်/ သို့မဟုတ် ပြန်လည်ပြုပြင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့ပြု လုပ်ရန်အတွက် စွန့်ပစ်ပစ္စည်းများကို ထိရောက်စွာ သီးသန့်ခွဲခြားထားခြင်း။
- ဖြစ်နိုင်ပါက စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးချခြင်း၊ (ဥပမာအားဖြင့်၊ ထိုကဲ့သို့သော စွန့်ပစ်ပစ္စည်း များကို လက်ခံရယူနိုင်သော အထောက်အပံ့များ ရရှိနိုင်ပါက)
- ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများကို သဘာဝပတ်ဝန်းကျင်သို့ ထွက်ရောက်မှု မရှိစေ ရပါ။

၉။ စုံစမ်းစစ်ဆေးခြင်းနှင့်စောင့်ကြပ်ကြည့်ရှုရမည့် အချက်များ

ထိခိုက်မှုအန္တရာယ် မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု အမှန်အကောင်အထည် ဆောင်ရွက် ခြင်း သေချာစေရန်အတွက် သတ္တုတွင်းနှင့် အလုပ်သမားတန်းလျားနေရာများ အားလုံးတွင် ပုံမှန်စုံစမ်း စစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်ရပါမည်။

စုံစမ်းစစ်ဆေးခြင်း အကြိမ်အရေအတွက်များကို ဇယား ၂ တွင် ဖော်ပြထားပါသည်။

ဇယား ၂။ ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု စုံစမ်းစစ်ဆေးခြင်းနှင့် စောင့်ကြည့်စစ်ဆေးအကဲဖြတ်ခြင်း အကြိမ်အရေအတွက်

လုပ်ငန်းစဉ်များ	အကြိမ်အရေအတွက်
သတ္တုတွင်းနှင့် အလုပ်သမားတန်းလျားနေရာများတွင် သန့် ရှင်းသပ်ရပ်မှုနှင့် ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့် ပစ်ပစ္စည်းများအား ကျွမ်းစီမံခန့် ခွဲမှု အစီအစဉ်အတိုင်း စီမံခန့် ခွဲနေခြင်းတို့ ကို စစ်ဆေးရန် အမြင်ဖြင့် စုံစမ်း စစ်ဆေးခြင်း။	အပတ်စဉ်

ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့် ပစ်ပစ္စည်းများ စီမံခန့် ခွဲမှု အစီအစဉ် လိုက်နာဆောင်ရွက်မှု စစ်ဆေးချက်စာရင်း	
မော်နံပါတ်နှင့် လုပ်ကွက်နံပါတ် သတ္တုတွင်းအမည်နှင့် ကုမ္ပဏီအမည်	
စုံစမ်းစစ်ဆေး/စာရင်းစစ်ဆောင်ရွက်သူ	
စုံစမ်းစစ်ဆေး/စာရင်းစစ်သည့် နေ့ စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထား	**လိုက်နာသည် (သို့) မလိုက်နာပါ။**
အမျိုးမျိုးသော စွန့်ပစ်ပစ္စည်းများကို သိုလှောင်ရန်၊ပြန်လည်အသုံးပြု/ ပြန်လည်အသုံးချရန် (သို့မဟုတ်) ပြန်လည်ပြုပြင်ပြီး စွန့်ပစ်ရန် နည်းလမ်း များကို အသေးစိတ်ဖော်ပြထားသော သတ္တုတွင်းစွန့်ပစ်အညစ်အကြေးများ စီမံခန့် ခွဲမှုအစီအစဉ် သက်သေအထောက်အထား။	
အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းများရရှိမှုနှင့် တကိုယ်ရည် ကာကွယ်မှုဆိုင်ရာ ပစ္စည်းကိရိယာများ(PPE) ပေးအပ်မှု သက်သေ အထောက်အထားများ။	
(အမှိုက်ပုံး၊ အဖုံးများ အပါအဝင်) တွင် သင့်လျော်သော အချက်ပြသင်္ကေတ များပါရှိပြီး မပျက်မစီးအကောင်း ပကတိအတိုင်းရှိနေသော စွန့်ပစ်ပစ္စည်း များ သိုလှောင်ရာအမှိုက်ပုံများ။	
စွန့်ပစ်ပစ္စည်းများကို မှန်ကန်စွာ သီးသန့် ခွဲခြားထားရှိမှု သက်သေ အထောက်အထား။	
စွန့် ပစ်ပစ္စည်းများ ပြန်လည်အသုံးချမှု သက်သေအထောက်ထား။	
စွန့်ပစ်ပစ္စည်းများ လွင့်ပါသွားခြင်း၊ စီးပါသွားခြင်း၊ သဘာဝပတ်ဝန်းကျင် ထဲသို့ ရောက်ရှိသွားခြင်းမျိုး သက်သေအထောက်အထားမရှိခြင်း	
စွန့်ပစ်ပစ္စည်းများနှင့် မိလ္လာစနစ်များသည် ရေစီးကြောင်းများမှ သင့်လျော် သော အကွာအဝေး၌ တည်ရှိခြင်း။	
လုပ်ငန်းခွင်ပြင်ပနေရာ (offsite) သို့သယ်ယူလာသော စွန့်ပစ်ပစ္စည်းများ၏ အမျိုးအစားနှင့် ပမာဏမှတ်တမ်းများ။	
အပတ်စဉ် လုပ်ဆောင်ခဲ့သော အမြင်ဖြင့် စုံစမ်းစစ်ဆေးခြင်း မှတ်တမ်းများ။	

ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့် ပစ်ပစ္စည်းများ အသေးစိတ်စာရင်း

စီမံခန့်ခွဲမှု လုပ်ဆောင်ပုံများ။ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်အသုံးချခြင်း၊ စီမံပြုပြင်ခြင်းနှင့်စွန့်ပစ်ခြင်း။

စွန့် ပစ်ပစ္စည်း အမျိုးအစား	ထုထည်/ ပမာဏ	စီမံခန့် ခွဲမှု	စွန့် ပစ်ခြင်း
စက္ကူနှင့် ကတ်ထူ	၁ တန်	စွန့် ပစ်ခြင်း	ဖားကန့် အမှိုက်ကန်
ပလတ်စတစ် ပုလင်းများ	၄၈၀	ပြန်လည်အသုံးချခြင်း	ပြန်လည်အသုံးချသူမြန်မာများ
ဖန်	၁ တန်	ပြန်လည်အသုံးချခြင်း	ပြန်လည်အသုံးချသူမြန်မာများ
အစားအသောက် စွန့် ပစ်ပစ္စည်းများ	၀.၅ တန်	စွန့် ပစ်ခြင်း	ဖားကန့် အမှိုက်ကန်
သစ်သား	၆၀ လီနီယယ် မီတာ (60 lineal metres	ပြန်လည်အသုံးပြုခြင်း	လုပ်ကွက် နေရာအသစ်

ဖားကန့် /လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့် ခွဲမှု အစီအစဉ်
လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး အစီအစဉ်
Version: Rev 1	**ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်**

၁။ နိဒါန်း

သတ္ထုတွင်းလုပ်ငန်းတွင် သတ္တုတွင်းလုပ်သားများ၏ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံမှုတို့အပေါ် သိသိသာသာ ထိခိုက်စေနိုင်သည့်ပင်ကို အန္တရာယ်ရှိများရှိပြီးဖြစ်ပါသည်။ လုပ်ငန်းခွင် ကျန်းမာရေးနှင့်ဘေး အန္တရာယ်ကင်းရှင်းရေး (OH&S) ဖြစ်စဉ်ကို ထိခိုက်ပျက်ပြားစေသည့် အန္တရာယ်အမျိုးအစားများတွင် မော်တော်ယာဉ်များနှင့် စက်ယန္တရားများ အသုံးပြုခြင်း၊ ပေါက်ကွဲခြင်း/ယမ်းခွဲခြင်း၊ မြေပြိုခြင်း သို့မဟုတ် ကုန်း စောင်းများ ပျက်စီးခြင်းနှင့် လေထုညစ်ညမ်းစေသည့် ဆူညံသံ ထွက်ပေါ်ခြင်းတို့ပါဝင်သည်။

ထိရောက်သော လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး (OH&S) စီမံခန့်ခွဲမှုသည် ထိုကဲ့သို့သော အန္တရာယ်များကို ကြိုးပမ်းဖြေရှင်းပေးပါသည်။

- ဖြစ်နိုင်ပါက လုပ်ငန်းဖြစ်စဉ်များ၏ လုပ်ဆောင်ချက်များမှစ၍ အန္တရာယ်များကို ဖယ်ရှားရှင်းလင်းပါ။ ရှင်းလင်းဖယ်ထုတ်ပါ။ ဥပမာ အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများပြောင်း လွှဲသုံးစွဲခြင်းနှင့် သတ္ထုတူးဖော်ခြင်း

- စက်ပိုင်းဆိုင်ရာ ထိန်းချုပ်ကိရိယာများအသုံးပြု၍ အန္တရာယ်ဖစ်မြစ်များကို ထိန်းချုပ်ပါ။ ဥပမာ လည်နေသော စက်ယန္တရားများ၏ ပတ်ချာလည်တွင် အကာအကွယ်များထားပေးခြင်း။ (လွန်များ၊ မော်တော်ယာဉ်များနှင့် စက်ယန္တရားများ၏အိတ်ဇောများတွင် အသံတိုးပေးစေသောကိရိယာများနှင့် အထူးပုံစံထုတ်ထားသော ဗီရိုများ သို့မဟုတ် စင်များ အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများ (ဓာတု ပစ္စည်းများ) ထားသိုနိုင်ရန် စင်များ)။

- ဘေးကင်းရှင်းသည့် လုပ်ငန်းခွင်စနစ်များနှင့် အုပ်ချုပ်မှုဆိုင်ရာ ထိန်းချုပ်အစီအမံများ ဒီဇိုင်းဆွဲ၍ ဘေးအန္တရာယ်ကို အနည်းဆုံးဖြစ်ပါစေ။ ဥပမာ၊ အလှည့်ကျ တာဝန်ချခြင်း၊ ဘေးကင်းရှင်းသည့် လုပ်ငန်းခွင် လုပ်ထုံးလုပ်နည်းများ ပို့ချပေးခြင်း၊ လုပ်ငန်းခွင်နေရာများ၌ အသုံးပြုသောစက်များကို အလုပ်ခွင်ပြီးဆုံးချိန်တွင် ဂရုတစိုက်ပိတ်သိမ်းခြင်း၊ လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသော အလုပ်သမားနှင့် နားနေသော အလုပ်သမားစာရင်း အတိအကျထားရှိခြင်း၊

လုပ်ငန်းခွင် စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့် အန္တရာယ်ရှိစေသည့်ပစ္စည်းများနှင့် ထိတွေ့မှု အချိန်နှင့်/ သို့မဟုတ် အလုပ်လုပ်ချိန်တို့အား ကန့်သတ်ထားခြင်း။

- တကိုယ်ရည်ကာကွယ်မှု ပစ္စည်းကိရိယာ(PPE)နှင့်ပတ်သက်၍ မည်သို့အသုံးပြုခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သင်တန်းပို့ချခြင်းများအပါအဝင် သင့်လျော်သော တကိုယ်ရည်ကာကွယ်မှု ပစ္စည်းကိရိယာများပေးအပ်ပါ။

သတ္တုတွင်း ကုမ္ပဏီများသည် ၎င်းတို့၏ အလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းရှင်းသည့် ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်ထားရှိပေးခြင်း၊ သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းများမှ ရှိရင်းစွဲအန္တရာယ်များနှင့် ဖြစ်လာနိုင်သောဘေးအန္တရာယ်များအတွက် တာဝန်ခံပေးရပါမည်။ သတ္တုတွင်းကုမ္ပဏီများနှင့် ၎င်းတို့၏အလုပ်သမားများမှာ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်း၏ (အနည်းဆုံးအားဖြင့် ယခုအစီအစဉ်ထည့်သွင်းထားသော) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး (OH&S) လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် (OH&S) စီမံခန့်ခွဲမှုတွင် အဓိကအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ရပါမည်။

ဤအစီအစဉ်သည် လုံးခင်း/ဖားကန့်ရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး EMP တွင် ပါဝင်သော အခြားအပိုင်းများနှင့်တွဲ၍ ဖတ်ရှုရပါမည်။

၂။ ရည်မှန်းချက်များ

ယခုအစီအစဉ်၏ ရည်မှန်းချက်များမှာ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော အခြေအနေများအား ပိုမိုကောင်းမွန်စေရန်နှင့် သတ္တုတွင်းအလုပ်သမားများကို ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုပေးရန်ဖြစ်ပါသည်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ကူးစက်ပြန့်ပွားတတ်သော ရောဂါ (Communicable disease) - တိုက်ရိုက်ထိ၍သော်လည်းကောင်း၊ သွယ်ဝိုက်ထိ၍သော်လည်းကောင်း လူတစ်ဦးမှ တစ်ဦးဆီသို့ ကူးစက်ပျံ့နှံ့တတ်သော ရောဂါ။

ပေါက်ကွဲပစ္စည်းများ (Explosive charge) - ဒီတိုနေတာ (စနက်တံ)ကိုအသုံးပြုကာ ယမ်းတွင်းပေါက်ကြီးများအတွင်းသို့ ဖောက်ခွဲစေတတ်သောပစ္စည်းများ ထည့်သွင်း သို့မဟုတ် လောင်းထည့်ကာ ဒီတိုနေတာအသုံးပြု၍ဖောက်ခွဲခြင်း။

ဖြစ်ရပ် (Incident) - သဘာဝပတ်ဝန်းကျင်၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ လုံခြုံမှု၊ ကျန်းမာရေးနှင့် လူတို့၏အသက်မွေးဝမ်းကြောင်းအပေါ် မလိုလားအပ်သော မမျှော်လင့်သော သက်ရောက်မှုနှင့်/ သို့မဟုတ် ပိုင်ဆိုင်မှုပစ္စည်းဥစ္စာအပေါ် သက်ရောက်မှု သို့မဟုတ် ဥပဒေနှင့် စည်းမျဉ်းပိုင်းဆိုင်ရာ လိုက်နာမှုအပေါ် သက်ရောက်မှုတို့ဖြစ်စေသော ဖြစ်ရပ်တစ်ခုသို့မဟုတ် ဖြစ်ရပ်များ။

(Infection control procedures) ကူးစက်ရောဂါ ထိန်းချုပ်ခြင်း လုပ်ထုံးလုပ်နည်းများ - ကူးစက်ရောဂါ ပြန့်ပွားမှုအန္တရာယ်ကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရသော အစီအမံများ။

သတ္တုတွင်းကုမ္ပဏီ (Mining company) - ကျောက်စိမ်းလုပ်ကွက် နေရာတစ်ခုတွင် ကျောက်စိမ်းထုတ်လုပ်ရန်ခွင့်ပြုမိန့်ရရှိထားသော ကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီ၊ သမဝါယမလုပ်ငန်း၊ လူပုဂ္ဂိုလ်များ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦး။

Misfire - ဖေါက်ခွဲရေးပစ္စည်းများ မပေါက်ကွဲလျှင်သော်လည်းကောင်း၊ သို့ မဟုတ် တပိုင်းတစသာ ပေါက်ကွဲလျှင်သော်လည်းကောင်း ယမ်းတွင်းများအတွင်းတွင် မပေါက်ကွဲဘဲ ကျန်ရှိနေသေးသော ဖေါက်ခွဲရေးပစ္စည်းများ ကြွင်းကျန်ရစ်ခဲ့သည့် အခြေအနေ။

တကိုယ်ရည် ကာကွယ်မှုဆိုင်ရာ ပစ္စည်းကိရိယာ (Personal protective equipment) - ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ အန္တရာယ်များမှ အကာအကွယ်ဖြစ်စေရန်အတွက် အလုပ်သမားများများ ဂတ်ဆင်ရသော အထူးစီမံထားသည့် အဂတ်အထည်များနှင့် ပစ္စည်းကိရိယာများကိုဆိုလိုပါသည်။ အနည်းဆုံးအားဖြင့် တကိုယ်ရည်ကာကွယ်မှုဆိုင်ရာ ပစ္စည်းကိရိယာတို့တွင် ဘောင်းဘီရှည်များ၊ လက်ရှည်အင်္ကျီများ၊ ဘွတ်ဖိနပ်များ၊ လက်အိတ်များ၊ လိုအပ်ပါက မျက်နှာစည်းများ ပါဂင်ရမည်ဖြစ်ပါသည်။

အလုပ်သမား (Worker) - သတ္တုတွင်းကုမ္ပဏီပိုင်ရှင်များ၊ လုပ်သားများ၊ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံကန်ထရိုက်တာများနှင့် မိသားစုဂင်များအားလုံးအပါအဂင် သတ္တုတွင်းကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်နေသည့် လူပုဂ္ဂိုလ်များ။

၄။ ဆက်စပ်နေသော အစီအစဉ်များနှင့် နည်းလမ်းများ

အောက်ပါ အစီအစဉ်များတွင်ပါဂင်သော စီမံခန့်ခွဲမှုအစီအမံများကို အကောင်အထည် ဖော်ဆောင်ရန် လိုအပ်သည်။

- လိုက်နာရမည့် ကျင့်ထုံးများ
- ဖြစ်စဉ်များအစီရင်ခံသည့် နည်းလမ်းများ
- ဆူညံသံနှင့်တုန်ခါမှု စီမံခန့် ခွဲမှု အစီအစဉ်
- သတ္တုတွင်း တည်ငြိမ်ကြံ့ခိုင်မှုနှင့် စွန့်ပစ်မြေစာပုံများ စီမံခန့်ခွဲမှု အစီအစဉ်
- လေ အရည်အသွေးနှင့် ဖုန်ထူထပ်ခြင်းကို ထိန်းချုပ်သည့် စီမံခန့် ခွဲမှု အစီအစဉ်
- ဘေးအန္တရာယ် ရှိနိုင်သည့် စွန့် ပစ်ပစ္စည်းများ စီမံခန့် ခွဲမှု အစီအစဉ်
- ဘေးအန္တရာယ်မရှိနိုင်သည့် စွန့်ပစ်ပစ္စည်းများ စီမံခန့် ခွဲမှု အစီအစဉ်
- အရေးပေါ် အခြေအနေ ကြိုတင်ပြင်ဆင်မှုများနှင့် တုန့် ပြန်မှု အစီအစဉ်
- အလုပ်သမား တန်းလျား စီမံခန့် ခွဲမှု အစီအစဉ်

၅။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

သတ္တုတွင်းအလုပ်သမားများ၏ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး (OH&S)နှင့် ဆက်နွယ်သော ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများကို အောက်ပါကဏ္ဍတွင် စာရင်းပြုစုထားသည်။

၅.၁ ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များ

သတ္တုတွင်းအလုပ်သမားများ၏ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး (OH&S)နှင့် ဆက်စပ်သည့် ဥပဒေများ၊ စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များမှာ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၅၁ အရ ရင်းနှီးမြှုပ်နှံသူသည် -

  (က) နိုင်ငံတော်အတွင်ငှင်း၏ ရင်းနှီးမြှုပ်နှံမှုတွင် သတ်မှတ်အရည်အချင်းကိုက်ညီသည့် မည်သည့်နိုင်ငံသားကိုမဆို အကြီးတန်း စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနှင့် အကြံပေးအဖြစ် ဥပဒေများနှင့်အညီ ခန့်အပ်နိုင်သည်၊

  (ခ) အဆင့်ဆင့်သော စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူ နေရာတို့တွင် နိုင်ငံသားများအား ခန့်အပ်နိုင်ရန် အလို့ငှာ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များဆောင်ရွက်၍ အစားထိုးခန့်ထားရမည်၊

  (ဂ) ကျွမ်းကျင်မှုမလိုအပ်သော လုပ်ငန်းများတွင် နိုင်ငံများသားကိုသာ ခန့်ထားရမည်၊

  (ဃ) နိုင်ငံခြားသားနှင့် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများ ခန့်ထားရာတွင် အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုး၍ ခန့်ထားရမည်၊

  (င) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အခွင့်အရေးနှင့် တာဝန်များကိုလည်းကောင်း၊ အလုပ်အကိုင်ဆိုင်ရာ စည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်ရာ၌ အနည်းဆုံး လုပ်ခလစာ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အချိန်ပိုလုပ်ခ၊ နစ်နာကြေး၊ အလုပ်သမားလျော်ကြေး၊ လူမှုဖူလုံရေးနှင့် အလုပ်သမားနှင့် သက်ဆိုင်သည့် အခြားအာမခံထားရှိခြင်းတို့ အပါအဝင်

အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါ အခွင့်အရေးများ ရရှိရေးအတွက် ဆောင်ရွက်ပေးရမည်၊

(စ) ရင်းနှီးမြှုပ်နှံမှုတွင် အလုပ်ရှင်အချင်းချင်း၊ အလုပ်သမား အချင်းချင်း၊ အလုပ်ရှင်နှင့် အလုပ်သမား၊ အလုပ်သမားနှင့် အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြား ပေါ်ပေါက်လာမည့် အငြင်းပွားမှုများကို တည်ဆဲဥပဒေများ နှင့်အညီ ဖြေရှင်းရမည်။

- ပုဒ်မ ၇၃ အရ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် နည်းဥပဒေ၌ ဖော်ပြသတ်မှတ်ထားသော အာမခံအမျိုးအစားများကို အာမခံထားရှိရမည်။

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ထူထောင်ထားသော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ထိခိုက်ပျက်စီးစေသော လုပ်ငန်းများကို ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် လုပ်ငန်းများအဖြစ် သတ်မှတ်ထားပါသည်။

အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၇ အရ အလုပ်သမား အဖွဲ့အစည်းများသည် ယင်းတို့နှင့် သက်ဆိုင်သော ဖွဲ့စည်းပုံစည်းမျဉ်းများကို ရေးဆွဲရာတွင်လည်းကောင်း၊ ယင်းကိုယ်စားလှယ်များကို ရွေးချယ်ရာတွင်လည်းကောင်း၊ ယင်းတို့၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ယင်းတို့၏ အစီအစဉ်များ ရေးဆွဲချမှတ်ရာတွင်လည်းကောင်း လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိစေရမည်။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဆိုင်ရာ ဥပဒေများပါ အခွင့်အရေးများကို အလုပ်သမားများ ရရှိခံစားနိုင်ခြင်း မရှိပါက အလုပ်ရှင်နှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခွင့်ရှိပြီး သဘောတူညီချက် မရရှိခဲ့လျှင် သက်ဆိုင်ရာ ဥပဒေနှင့်အညီ အလုပ်ရှင်ထံ တောင်းဆိုခွင့်ရှိသည်။

- ပုဒ်မ ၁၈ အရ အလုပ်ရှင်က အလုပ်သမား တစ်ဦးဦးအား အလုပ်မှ ထုတ်ပယ်ရာတွင် ထိုသို့အလုပ်မှ ထုတ်ပယ်သော အကြောင်းရင်းများသည် အလုပ်သမားအဖွဲ့အစည်းဝင်ဖြစ်မှု သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းတွင် လုပ်ဆောင်မှုနှင့် သက်ဆိုင်လျှင်ဖြစ်စေ၊ အလုပ်သမားဥပဒေများနှင့် ညီညွတ်မှုမရှိဟု ယုံကြည်ရန် အကြောင်းရှိလျှင်ဖြစ်စေ အလုပ်သမား အဖွဲ့အ

စည်းသည် ထိုအလုပ်သမားအား အလုပ်ပြန်လည်ခန့်ထားပေးရန် သက်ဆိုင်ရာ အလုပ်ရှင်အား တောင်းဆိုခွင့်ရှိသည်။

- ပုဒ်မ ၁၉ အရ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖြေရှင်းရာတွင် အလုပ်သမား ကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။ အလားတူ အဆင့်ဆင့်သော အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည့် ဖျန်ဖြေရေးခုံရုံးများသို့လည်း ကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။

- ပုဒ်မ ၂၀ အရ အလုပ်သမားဥပဒေများပါ အလုပ်သမားအခွင့်အရေး သို့မဟုတ် အကျိုးစီးပွားများနှင့် စပ်လျဉ်း၍ အစိုးရ၊ အလုပ်ရှင်နှင့် တောင်းဆိုသူ အလုပ်သမားတို့ ဆွေးနွေးရာတွင် အလုပ်သမားအဖွဲ့အစည်း၏ ကိုယ်စားလှယ်များလည်း ပါဝင်ဆွေးနွေးခွင့်ရှိသည်။

- ပုဒ်မ ၂၁ အရ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဥပဒေများနှင့် အညီ အလုပ်သမားများ၏ စုပေါင်းအရေးဆိုမှုများကို ဖြေရှင်းရာတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

- ပုဒ်မ ၂၂ အရ အလုပ်သမားအဖွဲ့အစည်းများသည် အစည်းအဝေးများ ပြုလုပ်ခြင်း၊ သပိတ်မှောက်ခြင်းနှင့် စုပေါင်းအရေးဆိုခြင်းတို့ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်က ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ငြိမ်းချမ်းစွာ ဆောင်ရွက်ရမည်။

အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၈ အရ မည်သည့်အလုပ်ရှင်မျှ တောင်းဆို တိုင်းကြားချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် ခိုင်လုံသော အကြောင်းမရှိဘဲ ပျက်ကွက်ခြင်း မရှိစေရ။

- ပုဒ်မ ၃၉ အရ မည်သည့်အလုပ်ရှင်မျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က အငြင်းပွားမှု စစ်ဆေးနေစဉ် ထိုအငြင်းပွားမှု မစမီ တစ်ဆက်တည်းအချိန်က ချမှတ်ထားသော အလုပ်သမားများနှင့် သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းများကို ယင်းအလုပ်သမားများ၏ အကျိုးထိခိုက်စေရန် ရုတ်တရက် ပြောင်းလဲခြင်း မပြုရ။

- ပုဒ်မ ၄၁ အရ မည်သူမျှ အငြင်းပွားမှုတစ်ခုနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ဆွေးနွေးညှိနှိုင်းခြင်း၊ ဖျန်ဖြေရှင်းနှင့် ခုံစမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ခံယူခြင်းမပြုဘဲ အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်း မပြုရ။

- ပုဒ်မ ၅၁ အရ အလုပ်ရှင်တစ်ဦးဦးသည် အငြင်းပွားမှုကို ဖြေရှင်းနေစဉ်အတွင်း လုံလောက်သော အကြောင်းမရှိဘဲ ကုန်ထုတ်လုပ်မှုကျဆင်းစေခြင်းဖြင့် အလုပ်သမား၏ အကျိုးခံစားခွင့် လျော့နည်းစေရန် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုကျူးလွန်လျှင် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က ဆုံးဖြတ်သည့် လျော်ကြေးငွေကို အပြည့်အဝပေးဆောင်ရမည်။ ယင်းငွေကို မြေခွန်မပြေ ကျန်ငွေကဲ့သို့အရ ကောက်ခံရမည်။

ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ (၁၉၅၁) တွင် ရုံပိတ်ရက်များနှင့် ခွင့်များနှင့် စပ်လျဉ်း၍ အလုပ်သမားများဘက်မှ ခံစားခွင့်များကို ဖော်ပြထားပါသည်။

အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃) တွင် အောက်ပါပုဒ်မများဖြင့် တိတိကျကျဖော်ပြထားပါသည်။

- ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) မှ (ဆ) တို့တွင် အနည်းဆုံးအခကြေးငွေများပေးရန် အလုပ်ရှင်၏ တာဝန်ဝတ္တရားများကို ဖော်ပြထားပါသည်။

အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆) တွင် အောက်ပါပုဒ်မများဖြင့် တိတိကျကျဖော်ပြထားပါသည်။

- ပုဒ်မ ၃ မှ ပုဒ်မ ၅ တို့တွင် အခကြေးငွေများ ပေးချေရာတွင် လိုက်နာရမည့် နည်းလမ်းများနှင့် အချိန်ကာလသတ်မှတ်ချက်များကို ဖော်ပြထားပါသည်။

- ပုဒ်မ ၇ မှ ပုဒ်မ ၁၀ တို့တွင် အလုပ်ရှင်များဘက်မှ အခကြေးငွေဖြတ်တောက်နိုင်ခွင့်များနှင့် စပ်လျဉ်း၍ အသေးစိတ်ဖော်ပြထားပါသည်။

- ပုဒ်မ ၁၄ အရ အလုပ်သမားသည် အချိန်ပို လုပ်ကိုင်ရပါက အချိန်ပိုအခကြေးငွေနှုန်းထားကို ဥပဒေအရ သတ်မှတ်သည့် နှုန်းထားအတိုင်း ခံစားခွင့်ရှိသည်။

အလုပ်သမားလျော်ကြေးအက်ဥပဒေ (၁၉၂၃) တွင် အလုပ်လုပ်နေစဉ် ထိခိုက်ဒဏ်ရာရထားသော အလုပ်သမားများအား လျော်ကြေးပေးခြင်းနှင့် ကုသပေးခြင်းတို့နှင့် စပ်လျဉ်း၍ အလုပ်ရှင်ဘက်မှ လုပ်ဆောင်ပေးရမည့် တာဝန်ဝတ္တရားများကို ဖော်ပြထားပါသည်။

လူမှုဖူလုံရေးဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ ဖော်ပြထားသော လုပ်ငန်းဌာနများသည် အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ သတ်မှတ်ထားသော အနည်းဆုံး အလုပ်သမားဦးရေနှင့် အထက် အလုပ်လုပ်ကိုင်ပါက ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံတင်မနေရ ပြဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) တွင် လူမှုဖူလုံရေးရန်ပုံငွေတွင် ပါဝင်သော ရန်ပုံငွေများကို ဖော်ပြထားပါသည်။

- ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) အရ အလုပ်ရှင်သည် ဤဥပဒေအရ မိမိ၏ အလုပ်သမားက ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေကို ယင်း၏လုပ်ခထဲမှ နှုတ်ယူပြီး မိမိက ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေနှင့်အတူ သက်ဆိုင်ရာ လူမှုဖူလုံရေး ရန်ပုံငွေသို့ ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းရသည့် ကုန်ကျစရိတ်ကိုလည်း အလုပ်ရှင်က ကျခံရမည်။

- ပုဒ်မ ၄၈ အရ အလုပ်ရှင်သည် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်အတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော အလုပ်သမားများက အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်များ ရရှိစေရန် သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ပြီး အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေသို့ ထည့်ဝင်ကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ ထည့်ဝင်၍ အာမခံထားရှိရမည်။ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် အာမခံစနစ်အတွက် မှတ်ပုံတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိသော အလုပ်သမားများအတွက် အလုပ်ရှင်များသည် မိမိတို့၏ ဆန္ဒအလျောက် မှတ်ပုံတင်ပြီး အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်ရန်ပုံငွေသို့ သတ်မှတ်ထားသော ထည့်ဝင်ကြေးငွေကို ပေးသွင်းပြီး အာမခံထားရှိနိုင်သည်။ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် အာမခံထားရှိရေးအတွက် မှတ်ပုံတင်သည့်အခါ အလုပ်သမားသည် ဆေးသက်သေခံလက်မှတ်ကို တင်ပြရမည်။

- ပုဒ်မ ၄၉ တွင် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် ရန်ပုံငွေသို့ အလုပ်ရှင်က မှတ်ပုံမတင်မနေရ မှတ်ပုံတင်၍ ဖြစ်စေ၊ အလုပ်ရှင်၏ ဆန္ဒအရ မှတ်ပုံတင်၍ ဖြစ်စေ ထည့်ဝင်ကြေးငွေ ပေးဆွေးထားသော လုပ်ငန်းဌာနများ၏ အလုပ်ရှင်နှင့် အာမခံထားသူများသည် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်နှင့် စပ်လျဉ်း၍ အလုပ်သမားလျော်ကြေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်အတွက် အာမခံထားသူတို့သည် ဤဥပဒေပါ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်များကိုသာ ခံစားခွင့် ရှိစေရမည်။

- ပုဒ်မ ၇၅ အရ သက်ဆိုင်သည့် လုပ်ငန်းဌာနများ၏ အလုပ်ရှင်သည် -

  (က) အောက်ပါ မှတ်တမ်းနှင့် စာရင်းများကို မှန်ကန်စွာ ပြုစုထားရှိပြီး သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည် -

    (၁) အလုပ်သမား နေ့စဉ် အလုပ်တက်ဆင်း မှတ်တမ်းနှင့် စာရင်းများ၊

(၂) အလုပ်သမားအသစ် ခန့်ထားခြင်း၊ အလုပ်သမားအား အလုပ်ပြောင်းလဲ၍ အလုပ်လုပ်စေခြင်း၊ အလုပ်ရပ်စဲခြင်း၊ အလုပ်မှ ထုတ်ပယ်ခြင်းနှင့် အလုပ်မှ နုတ်ထွက်ခြင်း မှတ်တမ်းများ၊

(၃) အလုပ်သမားအား ရာထူးတိုးမြှင့်ပေးခြင်းနှင့်လုပ်ခပေးခြင်းမှတ်တမ်း များ၊

(၄) အလုပ်ရှင်၊ မန်နေဂျာနှင့် အုပ်ချုပ်သူတို့၏ မှတ်တမ်းနှင့် စာရင်းများ၊ ယင်းတို့ အပြောင်းအလဲ မှတ်တမ်းများ။

(ခ) အောက်ပါကိစ္စများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးသို့ အကြောင်းကြားရမည် -

(၁) အလုပ်သမားဦးရေ ပြောင်းလဲခြင်းနှင့် လုပ်ငန်းဌာန နေရပ်လိပ်စာ ပြောင်းလဲခြင်းများ၊

(၂) အလုပ်ရှင် ပြောင်းလဲခြင်း၊ လုပ်ငန်းပြောင်းလဲခြင်း၊ အလုပ်ရပ်ဆိုင်းခြင်းနှင့် အလုပ်ပိတ်သိမ်းခြင်းများ၊

(၃) အလုပ်တွင် ထိခိုက်မှုကြောင့် ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းနှင့် ရောဂါရခြင်းများ။

(ဂ) အလုပ်မှတ်တမ်းနှင့် စာရင်းများကို ဤဥပဒေအရ လူမှုဖူလုံရေးရုံးချုပ်နှင့် ဒေသဆိုင်ရာ လူမှုဖူလုံရေးရုံး အဆင့်ဆင့်တို့က တာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့သို့မဟုတ် အရာရှိက တောင်းဆိုသည့်အခါ တင်ပြရမည်။

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၅ တွင် အလုပ်ရှင်သည် အလုပ်သမားအား အလုပ်တစ်ခုခုကို လုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်အပ်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို ချုပ်ဆိုရမည်ဟု ဖော်ပြထားပြီး အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်တွင် ပါဝင်ရမည့် အချက်များကို ဖော်ပြထားပါသည်။
- ပုဒ်မ ၁၄ အရ အလုပ်ရှင်သည် မိမိ၏ လုပ်ငန်းတွင် ခန့်အပ်ရန် လျာထားသော အလုပ်သမားများနှင့် လုပ်ငန်း၌ လက်ရှိလုပ်ကိုင်လျက်ရှိသော အလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အဆင့်မြင့်မားစေရန် လေ့ကျင့်ရေးအစီအစဉ်များကို လုပ်ငန်းလိုအပ်ချက်အရ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ မူဝါဒနှင့်အညီ ဆောင်ရွက်ရမည်။

- ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ) အရ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၏ အလုပ်ရှင်သည် ယင်း၏ လုပ်ငန်း၌ အလုပ်သမားကြီးကြပ်သူအဆင့်နှင့် ယင်းအဆင့်အောက်ရှိ အလုပ်သမားများအား ပေးချေရမည့် စုစုပေါင်း လုပ်ခ၊ လစာ၏ သုည၀သမ ငါးရာခိုင်နှုန်း အောက်မနည်းသော ငွေကို ရန်ပုံငွေသို့ ထည့်ဝင်ကြေးအဖြစ် လစဉ် မပျက်မကွက် ပေးသွင်းရမည်။ ပေးသွင်းသည့် ထည့်ဝင်ကြေးကို အလုပ်သမားများ၏ လုပ်ခ၊ လစာမှ ဖြတ်တောက်ခြင်းမပြုရ။

ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ (၁၉၇၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃(၁) အရ ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများ ဖြစ်သည့် လူအများ နေထိုင်ရာ ပတ်ဝန်းကျင်တွင် အမှိုက်သရိုက်၊ အညစ်အကြေးများကို သိမ်းဆည်းစွန့်ပစ်ခြင်း၊ လူအများ အတွက် သောက်သုံးသောရေများကို အပြည်ပြည်ဆိုင်ရာ စံချိန်မှီ သတ်မှတ် ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊ လူအများနေထိုင်ရာ ပတ်ဝန်းကျင်လေထုတွင် လူတို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် အခိုးအငွေ့၊ အနံ့အသက်၊ အမှုန့်အမွှား၊ အသံပလံနှင့် ဓါတ်ရောင်ခြည်များကြောင့် ညစ်ညမ်းခြင်းမှ ကာကွယ်ခြင်း၊ မြို့ရွာစည်ပင်သာယာရေး၊ အိမ်ယာဆောက်လုပ်ခြင်းနှင့် လုပ်သားပြည်သူတို့ သွားလာနေထိုင်အသုံးပြုသည့် အဆောက်အဦး သို့မဟုတ် နေရာများ၏ ကျန်းမာသန့်ရှင်းရေးအတွက် ဆောင်ရွက်ခြင်းကိစ္စရပ်များကို အစိုးရမှ အကြံပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်ခြင်း၊ တားမြစ်ခြင်း စသည့် လုပ်ငန်းတို့ကို လုပ်ဆောင်ရမည်။

- ပုဒ်မ ၃(၄) အရ အစိုးရသည် ကူးစက်ရောဂါပြန့်ပွားခြင်းကို နှိမ်နင်းကာကွယ်ရန် အလို့ငှာ အခါအားလျော်စွာ ဒေသအလိုက် တိုင်ကြားရမည့် ရောဂါအမည်စာရင်းများကို ထုတ်ပြန်ကြေငြာခြင်း၊ ကူးစက်ရောဂါ ကာကွယ်ရေးအလို့ငှာ စုံစမ်းလေ့လာခြင်း၊ လုပ်သားပြည်သူတရပ်လုံး ကာကွယ်ဆေးထိုးမည့် အစီအစဉ် ချမှတ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ပိုးမွှားတိရစ္ဆာန်များ သုတ်သင်ခြင်းနှင့် အခြားလိုအပ်သော လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လုပ်သားပြည်သူတို့၏ ကျန်းမာရေးကို စိုးရိမ်ဘွယ်ရာ ကူးစက်ရောဂါကျရောက်နိုင်သည့် အခြေအနေရှိလျှင် သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေလျှင် အစိုးရသည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် ဒေသတခုခုကို ကျန်းမာရေးအတွက် စိုးရိမ်ရသော အရေးပေါ်ဒေသဟု အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းနှင့် လိုအပ်သော ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

- ပုဒ်မ ၄ အရ အစိုးရသည် ဤဥပဒေ၌ ပြဋ္ဌာန်းထားသည့် မည်သည့်ကိစ္စရပ်ကိုမဆို ဆောင်ရွက်ရန် လိုအပ်သည့် အဖွဲ့အစည်းများ ဖွဲ့စည်း၍ ယင်းသို့ ဖွဲ့စည်းသည့် အဖွဲ့အစည်းများ

အား သက်ဆိုင်ရာ ကိစ္စရပ်များအတွက် အကြံပေးစေခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်စေခြင်း၊ တားမြစ်စေခြင်း၊ ဖျက်စီးစေခြင်းတို့အတွက် တာဝန်ပေးအပ်နိုင်ခွင့်ရှိသည့်အပြင် မည်သည့်အစိုးရဌာန၊ အစိုးရလက်အောက်ခံ အဖွဲ့အသည်းများကိုပါ တာဝန်ပေးအပ်နိုင်ခွင့် ရှိသည်။

- ပုဒ်မ ၅ အရ ဤဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းများကသော်လည်းကောင်း၊ ၎င်း အဖွဲ့အစည်းများမှ တာဝန်ပေးအပ်ထားခြင်းခံရသူများကသော်လည်းကောင်း၊ ဤဥပဒေအရ တာဝန်ပေးအပ်ထားခြင်းခံရသော အစိုးရဌာနများနှင့် အစိုးရလက်အောက်ခံ အဖွဲ့အစည်း များကသော်လည်းကောင်း၊ ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သည့် ကိစ္စများ၊ အစားအသောက်နှင့် ပတ်သက်သည့် ကိစ္စများ၊ လုပ်သားပြည်သူများ အတွက် အသုံးပြုရန်ဖြစ်သော နေအိမ်သုံးပစ္စည်းနှင့် အလှကုန်ပစ္စည်းများနှင့် ပတ်သက်သည့်ကိစ္စများ၊ ကူးစက်ရောဂါနှင့် ပတ်သက်သည့်ကိစ္စများ၊ ကိုယ်ပိုင် ဆေးကုဂေဟာနှင့် ပတ်သက်သည့် ကိစ္စများ၊ လုပ်သားပြည်သူတို့ အသုံးပြုသည့် ဆေးဝါးများနှင့် ပတ်သက်သည့်ကိစ္စများ စသည်တို့အတွက် အလုပ်ရုံ၊ စက်ရုံများ၊ လုပ်ငန်းဌာနများ၊ ဆိုင်များ၊ ဥပစာများ၊ နေရာများ၊ အဆောက်အဦးများသို့ အချိန်အခါမရွေး ဝင်ရောက်စစ်ဆေး ညွှန်ကြားခွင့်ရှိသည်။

ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၁) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါ ဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့် အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

  (၁) ကလေးသူငယ်များအား ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေး တိုက်ကျွေးခြင်း၊

  (၂) လိုအပ်ပါက အရွယ်ရောက်သူများကိုပါ ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေး တိုက်ကျွေးခြင်း၊

  (၃) ကူးစက်ရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

  (၄) ကူးစက်ရောဂါနှင့် စပ်လျဉ်း၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၅) နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ဝင်ပေါက်နှင့် ထွက်ပေါက်၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်၊ အခြားလိုအပ်သော လေဆိပ်၊ ရေဆိပ်နှင့် ကားရပ်နားစခန်းများတွက် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၆) နေအိမ်အဆောက်အအုံ၊ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် အသွားအလာ တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း၊

(၇) ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေသည်ဟု သံသယရှိသူများအား သီးခြားထားရှိ ကုသခြင်း၊

(၈) ကူးစက်ရောဂါအလိုက် လိုအပ်သော ကာကွယ်နှိမ်နင်းရေးအတွက် ဆေးဖျန်းခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၉) အများပြည်သူတို့၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်သည့် လုပ်သားများအား ကူစက်ရောဂါ မဖြစ်ပွားစေရေးအတွက် လုပ်ငန်းခွင်တွင် ကျန်းမာရေးနှင့် ညီညွတ်သော နေအိမ်ဆောက်လုပ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေနှင့် သုံးရေရရှိရေး၊ အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများအား အကြံပြုခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၁၀) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

- ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) အရ ကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားစေနိုင်ကြောင်း တွေ့ရှိလျှင် ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသည့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်။

- ပုဒ်မ ၄ အရ အများပြည်သူတို့သည် ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးနှင့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့၏ ပုဒ်မ ၃ ပါဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်ကြရမည်။

- ပုဒ်မ ၉ အရ အိမ်ထောင်ဦးစီး၊ အိမ်ထောင်စုဝင်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းရှင်တစ်ဦးဦး သည် အောက်ပါကိစ္စတစ်ရပ်ရပ်ဖြစ်ပွားကြောင်း သိရှိလျှင် သိရှိလျင်း အနီးဆုံး ကျန်းမာရေး ဌာန သို့မဟုတ် ဆေးရုံသို့ ချက်ချင်းသတင်းပို့ရမည် -

  (က) ကြက်ဌက်အပါအဝင် တိရာစ္ဆာန်များ အစုလိုက်အပြုံအလိုက် သေဆုံးခြင်း၊

  (ခ) ကြွက်ကျခြင်း၊

  (ဂ) ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိခြင်း သို့မဟုတ် ယင်းရောဂါ ဖြစ်ပွားခြင်း၊

  (ဃ) တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်း။

- ပုဒ်မ ၁၁ အရ ကျန်းမာရေးအရာရှိသည် အဓိက ကူးစက်ရောဂါ ဖြစ်ပွားပျံ့နှံ့မှုကို ကာကွယ် နှိမ်နင်းနိုင်ရန်အလို့ငှာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်။

  (က) ကူးစက်ရောဂါ ဖြစ်ပွားသူကိုဖြစ်စေ၊ အခြားလိုအပ်သော ပုဂ္ဂိုလ်များကိုဖြစ်စေ စုံစမ်းမေးမြန်းခြင်း၊

  (ခ) ကျန်းမာရေးစစ်ဆေးစေခြင်း၊

  (ဂ) မစင်၊ ဆီး၊ သလိပ်၊ သွေးနမူနာများ ရယူ၍ ဓာတ်ခွဲစစ်ဆေးစေခြင်း၊

  (ဃ) အခြားလိုအပ်သော စစ်ဆေးမှုများကို ပြုလုပ်ခြင်း၊

  (င) ကူးစက်မြန်ရောဂါဖြစ်သည်ကို သံသယရှိသည့် တိရာစ္ဆာန် သို့မဟုတ် ယင်း တိရာစ္ဆာန်ထွက်ပစ္စည်း သယ်ဆောင်လာသောယာဉ်အား ဝင်ထွက်သွားလာခွင့် ပိတ်ပင်တားမြစ်ခြင်း။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော် ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၉ အရ တာဝန်ခံပုဂ္ဂိုလ်သည်-

  (က) ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်မရှိသောနေရာ ဖြစ်ကြောင်း ဖော် ညွှန်းသည့် စာတန်းနှင့် အမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ ဆောင် ရွက်ထားရှိရမည်။

  (ခ) ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ စီမံထားရှိရ မည့်အပြင် ယင်းသို့ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာဖြစ်ကြောင်း ဖော်

ညွှန်းသည့် စာတန်းနှင့် အမှတ်အသားများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

(ဂ) ဆေးလိပ်သောက်ခွင့်မရှိသောနေရာ၌ မည်သူမျှ ဆေးလိပ်သောက်ခြင်း မပြုရန် ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) မိမိတာဝန်ရှိသည့်နေရာသို့ ကြီးကြပ်ရေးအဖွဲ့ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

Indian Explosives Act (1884) အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၅ တွင် ပေါက်ကွဲစေတက်သော ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ကိုင်ဆောင်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့်တင်ပို့ခြင်းများအတွက် လိုင်စင်ရယူရမည်ဟု ထည့်သွင်းထားပါသည်။

- ပုဒ်မ ၇ (က) သည် ပေါက်ကွဲစေတက်သော ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ကိုင်ဆောင်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့်တင်ပို့ခြင်းများအတွက် လိုင်စင်သတ်မှတ်မည်ဟု ညွှန်ကြားထားပြီး ယူဆပါက အစိုးရသို့မဟုတ် ဒေသခံအုပ်ချုပ်ရေးမှူးများမှ မည်သည့်နေရာမဆို ဝင်ရောက်စစ်ဆေး စမ်းသပ်ပိုင်ခွင့်ကို အပ်နှင်းထားပါသည်။

Explosive Substance Act (1908) အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပုဒ်မ ၃ တွင် လူအများအန္တရာယ်ဖြစ်နိုင်သည့် ပေါက်ကွဲစေသောပစ္စည်းများကို ရန်လိုမှု သို့မဟုတ် တရားမဝင် အသုံးပြုခြင်းမှ တားမြစ်ထားပြီး ထိုကဲ့သို့ အပြုအမူများအတွက် ပြစ်ဒဏ်များဖော်ပြထားပါသည်။

- ပုဒ်မ ၄ တွင် လူအများအန္တရာယ်ဖြစ်နိုင်သည့် ပေါက်ကွဲစေသောပစ္စည်းများကို ရည်ရွယ်ချက်ဖြင့် ရန်လိုမှု သို့မဟုတ် တရားမဝင် အသုံးပြုခြင်းမှ တားမြစ်ထားပြီး ထိုကဲ့သို့ အပြုအမူများအတွက် ပြစ်ဒဏ်များဖော်ပြထားပါသည်။

- ပုဒ်မ ၅ တွင် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှ သံသယရှိဖွယ် လုပ်ဆောင်မှုများအတွက် ပေါက်ကွဲစေနိုင်သောပစ္စည်းများ လက်ဝဲထားရှိခြင်းမှ တားမြစ်ထားပြီး ထိုကဲ့သို့အပြုအမူများအတွက် ပြစ်ဒဏ်များ ဖော်ပြထားပါသည်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၆ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်-

  (က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

  (ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

  (ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။

  (ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။

  (င) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ဌားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ၊

  (စ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

    (၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

    (၂) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ် မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

    (၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

    (၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည် ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုက်ခန္ဓာ ထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

- ပုဒ်မ ၃၆ အရ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းများကိုလည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းတွင် လုပ်ကိုင်လျက် ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှု ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

မော်တော်ယာဉ် ဥပဒေ (၂၀၁၅) အရ မော်တော်ယာဉ်များအား မှတ်ပုံတင်ရန် လိုအပ်ပြီး သတ်မှတ်ထားသော ယာဉ်အမျိုးအစားပေါ် မူတည်ပြီး ယာဉ်မောင်းများမှ လိုင်စင်လျှောက်ထားရန် လိုအပ်ပါသည်။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မော်တော်ယာဉ်များကို အများပြည်သူဆိုင်ရာနေရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်ပေးရန်၊

(ခ) မော်တော်ယာဉ် အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့် အရည်အချင်းများ ပြည့်မီမှု ရှိမရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်၊

(ဂ) လမ်းအသုံးပြုသူများ သွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုရန်၊

(င) မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ လျော့နည်းစေရေး ဆောင်ရွက်ရန်။

၅.၂ အမိန့်ကြော်ငြာစာများ

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ကျောက်စိမ်းတူးဖော်ခြင်းဌာနမှ လုံးခင်း/ဖားကန့် ရတနာနယ်မြေအတွက် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ(၁၉၉၅)၏ ပုဒ်မ ၅၄(ခ) နှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ၏ ပုဒ်မ ၅၄(ဂ) အောက်တွင် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ပြီးဖြစ်ပါသည်။

လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်သော အမိန့်ကြော်ငြာစာများမှာ

- အမိန့် ကြော်ငြာစာအမှတ်၊ ၁၂၁/၉၉၊ အောက်တိုဘာ ၄၊ ၁၉၉၉
- စာအမှတ်၊က-၃၇/၅၆၈/၂၀၁၅၊ ဩဂုတ်လ ၁၉၊ ၂၀၁၆
- စာအမှတ်၊က-၃၇/၃၈၃/၂၀၁၆၊ မေ ၂၃၊ ၂၀၁၆
- စာအမှတ်၊က-၃၇/၅၈၁/၂၀၁၆၊ ဩဂုတ်လ ၂၂၊ ၂၀၁၆
- စာအမှတ်၊က-၃၇/၂၀၉/၂၀၁၇၊ ဖေဖော်ဝါရီလ ၁၆၊ ၂၀၁၆

ဤအမိန့်ကြော်ငြာစာများကို ယခု EMP ၏ နောက်ဆက်တွဲတွင် ပူးတွဲဖော်ပြထားသည်။

၅.၃ နိုင်ငံတကာ စံနှုန်းများ

လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး (OH&S) လုပ်ထုံးလုပ်နည်းများနှင့် ထိန်းချုပ်အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထပ်မံလမ်းညွှန်ချက်များကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းကောင်းများအဖြစ်ရှိနေသည့် အောက်ပါစံနှုန်းများနှင့် လမ်းညွှန်ချက်များတွင် ဖော်ပြထားပါသည်။

- နိုင်ငံတကာ ငွေကြေးဆိုင်ရာ ကော်ပရေးရှင်း (International Finance Corporation IFC)
  - ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ဆောင်ချက်စံနှုန်း PS 1 - ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အန္တရာယ်များနှင့် ထိခိုက်မှုများ အကဲဖြတ်ခြင်းနှင့် စီမံခန့်ခွဲမှု (၂၀၁၂)
  - ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ဆောင်ချက်စံနှုန်း PS 2 - အလုပ်သမားနှင့် လုပ်ငန်းခွင် အခြေအနေများ (၂၀၁၂)
  - ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ယေဘုယျလမ်းညွှန်ချက်များ၊ ၂၀၀၇။
  - သတ္တုတွင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ယေဘုယျလမ်းညွှန်ချက်များ၊ ၂၀၀၇။
- ကမ္ဘာကျန်းမာရေးအဖွဲ့အစည်း လေအရည်အသွေးလမ်းညွှန်ချက်များ (၂၀၀၅)

Worksafe Victoria (ဩစတြေးလျ) သည် ယမ်းပြုလုပ်ခြင်းပုံစံနှင့် ဖေါက်ခွဲရေးပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးချခြင်းနှင့် သက်ဆိုင်သည့် လမ်းညွှန်ချက်များ ထုတ်ပြန်လိုက်ပါသည်။ အောက်ပါ လမ်းညွှန်ချက်များတွင် ဖောက်ခွဲမှုစီမံခန့်ခွဲမှုအစီအစဉ်များနှင့် ဘေးကင်းသည့် အကွာအဝေးများ သို့မဟုတ် ပေါက်ကွဲမှုပတ်လည်တွင် အန္တရာယ်မရှိစေရန် ချန်လှပ်ထားရမည့် အကျယ်အဝန်းဧရိယာ စသည့် အရေးကြီးသည့် သတင်းအချက်အလက်များကို ဖော်ပြထားပါသည်။

- ဖောက်ခွဲမှု စီမံခန့် ခွဲမှု အစီအစဉ်များ။ ဇူလိုင် ၂၀၁၁၊ Worksafe Victoria။
- ဖောက်ခွဲပစ္စည်းများ အသုံးပြုရာတွင် ဘေးကင်းရာ အကွာအဝေးများ။ မတ်လ ၂၀၁၂၊ Worksafe Victoria။

၆။ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ထုံးလုပ်နည်းများ

သတ္တုတွင်းအလုပ်သမားများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးတို့အတွက် လိုအပ်သည့်လုပ်ထုံးလုပ်နည်းများကို ယခုအပိုင်းတွင် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

၆.၁။ အန္တရာယ်များနှင့် မတော်တဆ ဖြစ်နိုင်ဖွယ်ရာများ

သတ္တုတွင်းအလုပ်သမားများ၏ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး (OH&S) တို့၏ အဓိကအန္တရာယ်များ နှင့် အန္တရာယ်ဖြစ်နိုင်ဖွယ်ရာများတွင် အောက်ပါတို့ပါဝင်ပါသည်။

- ဖြစ်နိုင်ခြေရှိသော သတ္တုတွင်း ဆက်စပ်ဖြစ်ရပ်များမှ ထိခိုက်ဒဏ်ရာရမှု သို့မဟုတ် သေဆုံးမှု
  - ယာဉ်မတော်တဆဖြစ်မှု (တိုက်မိခြင်း သို့မဟုတ် တိမ်းမှောက်ခြင်း)

- သတ္ထုတွင်း စက်ယန္တရားများနှင့် ထိခိုက်ခြင်း သို့မဟုတ် တိုက်မိခြင်း (မြေသယ်ကုန်တင်ကားကြီးများနှင့် မြေတူးစက်များ)
- သတ္ထုတွင်းပစ္စည်းကိရိယာများပျက်ခြင်း (လေမှုတ်စက် သို့မဟုတ် လွန်တူးစက်ပျက်ခြင်း)
- ထိန်းချုပ်မရနိုင်သည့် သို့မဟုတ် မျှော်လင့်မထားသည့် ပေါက်ကွဲမှု
- အက်စစ်များ၊ ဖျော်ရည်များ၊ လောင်တတ်စားတတ်သော ကောစတစ်ပျော်ရည်များ စသည့် အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများနှင့်ထိမိခြင်း
- လောင်စာဆီဖိတ်စင်ခြင်း သို့ မဟုတ် ပေါက်ကွဲခြင်းများမှ ဖြစ်ပေါ်လာသော မီးလောင်မှုများ
- လျှပ်စီးစီးနေသော ဂါယာကြိုးများ ထိတွေ့ခြင်းမှ လျှပ်စစ် ဓာတ်လိုက်ခြင်း
- သတ္ထုတွင်းနံရံများပြိုကျခြင်း သို့မဟုတ် ကုန်းစောင်းများပျက်စီးခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော မြေပြိုမှုများ

- ကျန်းမာရေး နှင့်သက်ဆိုင်သော မတော်တဆ ဖြစ်နိုင်ဖွယ်ရာများ
  - ရေဆိုးစနစ်မကောင်းမွန်ခြင်းကြောင့် စိတ်မချရသော သို့မဟုတ် ဓါတ်ပြုပျက်စီးနေသော သောက်ရေ နှင့်/ သို့မဟုတ် အူလမ်းကြောင်း ကူးစက်ပျံ့ပွားရောဂါများဖြစ်စေသည့် ညစ်ညမ်းနေသော သောက်ရေ။
  - အသားလောင်ခြင်း၊ အသားကျိန်းစပ်ခြင်း၊ မျက်စိနာခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်မှုများနှင့် ရောဂါများစသည်တို့ကိုဖြစ်စေသည့် အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများနှင့် အဆိပ်သင့် ဓာတုပစ္စည်းများကို ထိမိခြင်း
  - အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်မှုများနှင့်ရောဂါများကို ဖြစ်စေသည့် အလွန်အမင်း ဖုန်ထူထပ်ခြင်းနှင့် ထိတွေ့ ခြင်း
  - အကြားအာရုံဆုံးရှုံးမှုဖြစ်စေသည့် အလွန်အမင်း ဆူညံ့သံနှင့် ထိတွေ့ခြင်း
  - ကူးစက်ရောဂါများ ပျံ့ပွားစေနိုင်သော လူနေထူထပ်သည့် အလုပ်သမားတန်းလျားများနှင့် သန့် ရှင်းခြင်းမရှိသည့် နေထိုင်မှု အခြေအနေများ။
  - ဆေးသုံးစွဲခြင်း၊ အရက်သေစာသောက်စားခြင်းနှင့် အခြားသော မူးယစ်ဆေးဂါးများ သုံးစွဲခြင်းနှင့် စီမံခြင်းများ။

အထက်တွင်ဖော်ပြပြီးသော ဥပဒေများနှင့် အမိန့်ကြော်ငြာစာများ၏ လမ်းညွှန်ချက်များနှင့် ပေါင်းစပ်၍ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး (OH&S)အတွက် ကောင်းမွန်သော နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများကို အခြေခံသည့်လုပ်ထုံးလုပ်နည်းများကို အောက်တွင်ပြဋ္ဌာန်းထားပါသည်။ ဤ လုပ်ထုံးလုပ်နည်းများသည် ဖြစ်ရပ်များဖြစ်လျှင်ဖြစ်ချင်းတားဆီးနိုင်ရန်နှင့် နောက်ဖြစ်လာနိုင်သည့် နောက်ဆက်တွဲ မတော်တဆထိခိုက်မှုများကို တတ်နိုင်သမျှနည်းအောင် လျှော့ချနိုင်ရန်ရည်ရွယ်ပါသည်။

လေထုညစ်ညမ်းမှုဖြစ်စေသော အရာများထုတ်လွှတ်ခြင်းနှင့် ဆူညံမှုများ၊ အန္တရာယ်ဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများ၊ ရေနှင့် စွန့်ပစ်ရေ၊ မြေပြိုကျခြင်းများ (ဟင်းလင်းပွင်းတူး သတ္တုတွင်းများနှင့် မြေစာပုံများ) စသည်တို့နှင့် ဆက်စပ်သည့်သတ္တုတွင်း အလုပ်သမားတို့၏ ဘေးအန္တရာယ်များကို EMP ၏ သက်ဆိုင်ရာ အစီအစဉ်အသီးသီးတွင် ခြုံငုံမိပြီးဖြစ်ပါ၍ ဤနေရာတွင် ထပ်မံမဖော်ပြတော့ပါ။ ဖြစ်ရပ်ဖြစ်စဉ်များတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုများနှင့် တုံ့ပြန်မှု အစီအစဉ်တွင် ပြဋ္ဌာန်းပြီးဖြစ်ပါသည်။

၆.၂။ ယေဘုယျ လုပ်ထုံးလုပ်နည်းများ

သတ္တုတွင်းအလုပ်သမားများ၏ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲခြင်းအတွက် ယေဘုယျ လုပ်ထုံးလုပ်နည်းများနှင့် ထိန်းချုပ်မှုအစီအမံများမှာ

သင်တန်းပို့ချပေးခြင်းနှင့် အသိပညာပေးခြင်း

(က) သတ္တုတွင်းအလုပ်သမားများအားလုံးကို သီးခြားစီဖြစ်သော သူတို့၏အခန်းကဏ္ဍ၊ လုပ်ငန်းတာဝန်၊ လုပ်ငန်းခွင်နေရာစသည့်တို့နှင့် စပ်ဆိုင်သည့် အန္တရာယ်များနှင့် မတော်တဆဖြစ်နိုင်ဖွယ်များ အကြောင်းကို သင်တန်းပို့ချပေးပါ။ သင်တန်းများမှာ သင့်တော်သည့် ကျွမ်းကျင်တာဝန်ခံများကသာ အလုပ်သမားများအားလုံး သဘောပေါက်နားလည်နိုင်သည့်စကား၊ အသုံးအနှုန်းများဖြင့်သာ ရှင်းလင်းပို့ချသင့်ပြီး အောက်ပါအကြောင်းအချက်တို့ ကို ခြုံငုံမိရပါမည်။

၁) သတ်သတ်မှတ်မှတ်ဖြစ်သော လုပ်ငန်းခွင်ဆက်စပ်လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး (OH&S) အန္တရာယ်များနှင့် မတော်တဆ ဖြစ်နိုင်ဖွယ်ရာများ အကြောင်း

၂) သတ္တုတွင်းမော်တော်ယာဉ်များ၊ သတ္ထုသန့်စင်စက်ရုံနှင့် စက်ယန္တရားများနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ဆောင်ချက်

၃) ပစ္စည်းများ၊ ကိရိယာများ၊ သတ္ထုသန့်စင်စက်များနှင့် ပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာ /ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုခြင်း

၄) သင့်လျော်သော တကိုယ်ရည် ကာကွယ်မှုဆိုင်ရာ ပစ္စည်းကိရိယာ (PPEများ) နှင့် ၎င်းတို့အား အသုံးပြုပုံ

၅) ဘေးအန္တရာယ်ကင်းရှင်းသော လုပ်ငန်းဆောင်ရွက်မှု အလေ့အကျင့်များ။ (ဥပမာ၊ လက်နှင့် ကိုင်တွယ်ရခြင်း၊ အမြင့်နေရာများနှင့် ကျဉ်းကျုတ်သောနေရာများတွင် အလုပ်လုပ်ရခြင်း အပါအဝင် အန္တရာယ်များကို စီမံထိန်းချုပ်မှုများ)

၆) အခြေခံ ရှေးဦးသူနာပြုစုနည်းများ

၇) အခြေခံတကိုယ်ရည် သန့်ရှင်းမှုအပါအဝင် ရောဂါဖြစ်ခြင်းမှ ကြိုတင်ကာကွယ်ခြင်း

၈) အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်မှုများနှင့် တုန့်ပြန်မှုအစီအစဉ်တွင် ချမှတ်ထားသော အရေးပေါ်လုပ်ထုံးလုပ်နည်းများ

(ခ) သတ္တုတွင်းလုပ်ငန်းမစတင်မီ (ခြောက်သွေ့ရာသီ) တွင် အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် အလုပ်သမား များ အားလုံးအတွက် မွမ်းမံသင်တန်းများ ပြုလုပ်ပေးပါ။

(ဂ) လုပ်ငန်းခွင်သို့ ဝင်လာရောက်မည့်လူအားလုံးကို ၄င်းတို့လုပ်ကိုင်မည့် လုပ်ငန်းခွင်နေရာများနှင့် ဆက်စပ် အန္တရာယ်များနှင့် မတော်တဆ ဖြစ်နိုင်ဖွယ်ရာများ အပါအဝင် လုပ်ငန်းခွင် မိတ်ဆက် သင်တန်းများပေးပါ။ အလည်အပတ်လာရောက်သူများ နှင့် သတ္ထုတွင်းအကြောင်းစေ့စေ့ငုငု နားလည်သူတစ်ယောက် အနီးကပ် ရှိနေရမည်။

(ဃ) အလုပ်သမားများ သင်တန်းပို့ချပေးခြင်းနှင့် ဇည့်သည်များအား မိတ်ဆက်သင်တန်းပေးခြင်း မှတ် တမ်းကို ထိန်းသိမ်းပါ။

(င) အလုပ်သမားများအားလုံး လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး (OH&S) အ ကြောင်းအရာနှင့် ပတ်သက်၍ (အမည်ဖော်ပြမထားသော တိုင်းတန်းချက်များ/ပစ်စာများ အပါအ ဝင်) ပြောရေးဆိုခွင့် ပေးထားပါ။

၁) အလုပ်သမား နစ်နာမှုတိုင်ကြားချက်များကို အသိအမှတ်ပြု၍ မှတ်တမ်းတင်ထားပါ။

၂) မည်သည့်ဒဏ်တပ်ခြင်းမျှမပါရှိဘဲ ပွင့်လင်းမြင်သာ၍ သဘောပေါက်နားလည်နိုင်သော လုပ်ငန်းစဉ်ဖြင့် အချိန်မီ ပြဿနာများကို ချက်ချင်းအကဲဖြတ်ဖြေရှင်းပါ။

၃) ဖြေရှင်းပြီးသော (အမှုပိတ်သိမ်းပြီးသော) နစ်နာမှုတိုင်ကြားချက်များအားလုံးကို မှတ်တမ်းစာ အုပ်တွင် ရေးသွင်းထားရမည်။

၄) နစ်နာမှုတိုင်ကြားချက်များ ကိုင်တွယ်ဖြေရှင်းသည့် စနစ်အကြောင်းကို အလုပ်သမားတိုင်း အလုပ်ဝင်လျင်ဝင်ခြင်း သိရှိထားရမည်။ နစ်နာမှု သို့မဟုတ် မကျေနပ်ချက်များကို လွယ်လင့် တကူတိုင်ကြားနိုင်ရန် အလုပ်ခွင်တွင် စီစဉ်ထားရမည်။

၅) အလုပ်သမားများအနေဖြင့် ဥပဒေနှင့်ညီညွတ်လျင် နိုင်ငံတော်၏ တရားစီရင်ရေးနှင့် အုပ်ချုပ် ရေးဆိုင်ရာ အဖွဲ့အစည်းများကို ဆက်သွယ်လိုလျင်ဖြစ်စေ တိုင်ကြားလိုလျင်ဖြစ်စေ နှောင် နှေးကြန့်ကြာစေခြင်း သို့မဟုတ် ဟန့်တားခြင်း မလုပ်ရ။

(စ) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး (OH&S) နှင့် သက်ဆိုင်သည့် တည်ဆဲ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်စာများနှင့် ညွှန်ကြားချက်များ အချိန် တိုင်းလိုက်နာရပါမည်။

(ဆ) လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနည်းလမ်းများ မသတ်မှတ်ရသေးမီနှင့် ယင်းနည်းလမ်းများကို အလုပ်သမားများအား သင်းတန်းမပို့ချမီ မည်သည့် လုပ်ငန်းမျှ မစတင်ရ။

(ဇ) လုံခြုံမှုမရှိသော အပြုအမူများ၊ လုပ်ငန်းခွင် အလေ့အကျင့်များ သို့မဟုတ် ပစ္စည်းကိရိယာများ တွေ့ရှိပါက၊ ဖျန်ဖြေပေးခြင်း သို့မဟုတ် လုပ်ငန်းရပ်ထားခြင်း တို့ပြုလုပ်ပါ။

တကိုယ်ရည် ကာကွယ်မှုဆိုင်ရာ ပစ္စည်းကိရိယာ (Personal protective equipment)

(စျ) အလုပ်သမားများအားလုံးအတွက် သင့်လျော်သော ဖတ်စုံများနှင့် တကိုယ်ရည် ကာကွယ်မှုဆိုင်ရာ ပစ္စည်းကိရိယာ (Personal protective equipment) ပေးအပ်ပါ။

၁) မြင်သာသော အဖတ်အထည်များ (ဘောင်းဘီရှည်များနှင့် လက်ရှည်အင်္ကျီများ)
၂) လုံခြုံရေး ဘွတ်ဖိနပ်များ
၃) လက်အိတ်များ
၄) ခမောက်
၅) မျက်နှာစည်းများ (လိုအပ်ပါက)
၆) ကွဲသည့်အခါ မရှအောင် စီမံထားသည့် မှန်များ (လိုအပ်ပါ)
၇) သိုးမွေးနားအအုပ်များ (လိုအပ်ပါ)
၈) အသက်ရှူကူ ကိရိယာများ (လိုအပ်ပါ)

(ည) သတ္တုတွင်းလုပ်သားများအား စစ်စိမ်းရောင် သို့မဟုတ် ပျောက်ကျားစိမ်းရောင်များ ဖတ်ဆင်ခွင့် မပြုရပါ။

အလုပ်မှတ်တမ်းနှင့် အလုပ်ချိန်အချိန်ဇယား

(ဋ) အလုပ်သမားအားလုံးနှင့် သက်ဆိုင်သော မှတ်တမ်းထားရှိ၍ အပြောင်းအလဲများကို အချိန်နှင့် တပြေးညီ ရေးသွင်းပါ။

(ဌ) အလုပ်သမားအားလုံး၏ အလုပ်တက်/အလုပ်ဆင်း မှတ်တမ်းအချိန်နှင့်အညီ မှတ်တမ်းတင်ကာ သိမ်းဆည်းထားပါ။

(ဍ) အလုပ်ချိန်အချိန်ဇယားနှင့် တာဖန်ကျစာရင်းများကို အလုပ်သမားများအတွက် သင့်တင့်သော အလုပ်ချိန်နှင့် အနားယူချိန်များရရှိစေနိုင်ရန် ရည်ရွယ်၍ခွဲဝေပေးပါ။

လုပ်ငန်းခွင်အတွက် သင့်တော်သည့်ကျန်းမာရေးအခြေအနေရှိမှု

(ဎ) အလုပ်သမားများအားလုံး အသက် ၁၈နှင့် အထက်ရှိရမည်ဖြစ်ပြီး ၎င်းတို့၏အသက်ကို သက်သေပြနိုင်သည့်လျော်ကန်သည့် အထောက်အထားရှိရပါမည်။

(ဏ) အလုပ်သမားများအားလုံး ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ရမည်ဖြစ်ပြီး သတ္တုတွင်းကုမ္ပဏီ၌ စတင် အလုပ်မလုပ်ကိုင်မီ ခိုင်လုံသော ကျန်းမာရေး ထောက်ခံချက်ရှိရပါမည်။ ကျန်းမာရေးစစ်ဆေးမှု သည်ကောင်းသောနိုင်ငံတကာ လုပ်ထုံးများနှင့်ကိုက်ညီရမည်ဖြစ်ပြီး အနည်းဆုံးအောက်ပါအချက် များပါဝင်ရမည်။

၁။ သွေးပေါင်ချိန်
၂။ အကြားအာရုံနှင့်အမြင်အာရုံစစ်ဆေးခြင်း
၃။ အသက်ရှူလမ်းကြောင်းဆိုင်ရာ စစ်ဆေးခြင်း
၄။ အရက်ယမကာနှင့်/သို့မဟုတ် မူးယစ်ဆေးဝါး သို့မဟုတ် ဆေးစွဲမှု စစ်ဆေးခြင်း
၅။ ယခင်က ရှိပြီးသော ကျန်းမာရေးအခြေအနေများ - ထိခိုက်ဒဏ်ရာများ၊ ခွဲစိတ်ကုသမှု၊ ရောဂါများ၊ သွေးအားနည်းရောဂါနှင့် အသဲ၊ ကျောက်ကပ်၊ နှလုံး၊ အဆုတ်၊ သည်းခြေ၊ အရေပြားနှင့်ဦး နှောက်ဆိုင် ဆိုးရွားသည့်အခြေအနေများကို ဆန်းစစ်ရမည်။
၆။ ကူးစက်နိုင်သည့်ရောဂါများကို စစ်ဆေးခြင်း
၇။ ခန္ဓာကိုယ်စွမ်းဆောင်ရည်များ - ရွေ့ရှားနိုင်မှု၊ လက်၏ကျွမ်းကျင်မှုနှင့် အဆစ်ရောင်ရောဂါ၊ အဆစ်ဒဏ်ရာ သို့မဟုတ် ပြဿနာများနှင့် လမ်းလျှောက်ခြင်း သို့မဟုတ် ပစ္စည်းများ မရာတွင် အခက်အခဲရှိခြင်း စသည့် အခြားပိုယွင်းနေမှုများကို ဆန်းစစ်ရမည်။

(တ) အလုပ်လုပ်ကိုင်နေသော အလုပ်သမားတိုင်းတွင် သင့်လျော်သော တကိုယ်ရည် ကာကွယ်မှုဆိုင်ရာ ပစ္စည်းကိရိယာများ ရှိထားရပါမည်။

(ထ) အလုပ်လုပ်ကိုင်နေသော အလုပ်သမားများသည်

၁) အရက်၊ မူးယစ်ဆေးဝါးနှင့် အခြားစိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲထားခြင်း မရှိရ။

၂) အရက်၊ ဆေး သို့ မဟုတ် အခြားသော မူးယစ်ဆေးဝါးတို့ ပိုင်ဆိုင်ထားခြင်း မရှိရပါ။

၃) မိမိတို့ဆောင်ရွက်ရသော အလုပ်အတွက် လိုအပ်မှုမရှိပါက ဓား၊ သေနတ်များ အပါအဝင် လက်နက်ပစ္စည်းများ ပိုင်ဆိုင်ထားခြင်းမရှိရပါ။

၄) မိမိတို့ဆောင်ရွက်ရသော အလုပ်အတွက်လိုအပ်မှုမရှိပါက မည်သည့် ပေါက်ကွဲစေတတ် သောပစ္စည်းကိုမဆို ပိုင်ဆိုင်ထားခြင်းမရှိရပါ။

(ဒ) အလုပ်သမားများ၏ အသက်နှင့် ကျန်းမာရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများအား ထိန်းသိမ်းထားရှိရပါမည်။

၆.၃။ သီးခြား လုပ်ထုံးလုပ်နည်းများ

အလုပ်သမားများနှင့် လူတို့ကျန်းမာရေးကာကွယ်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သီးခြားလုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရပါမည်။

မော်တော်ယာဉ်များ၊ သတ္ထုသန့်စင်စက်များ နှင့် စက်ယန္တရားကြီးများ မောင်းနှင်လည်ပတ်ခြင်း

(က) မော်တော်ယာဉ်များ၊ သတ္ထုသန့်စင်စက်ရုံနှင့် စက်ယန္တရားကြီးများ ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်လည်ပတ်နိုင်ရေးကို သေချာစွာလုပ်ဆောင်ပေးပါ။

(၁) မော်တော်ယာဉ်များ၊ သတ္ထုသန့်စင်စက်ရုံနှင့် စက်ယန္တရားကြီးများကို သေချာလေ့ကျင့်ထားသော ကျွမ်းကျင်သူများသာ မောင်းနှင်စေရမည်။

(၂) မော်တော်ယာဉ်များ၊ သတ္ထုသန့်စင်စက်ရုံနှင့် စက်ယန္တရားကြီးများကို ဘေးအန္တရာယ်ကင်းရှင်စွာ ပုံမှန်အလုပ်လုပ်နိုင်ရေးအတွက် ပုံမှန်ပြင်ဆင် ထိန်းသိမ်းစောင့်ရှောက်ပေးရပါမည်။

(၃) သတ္ထုတွင်း မော်တော်ယာဉ်များနှင့် စက်ယန္တရားများကို သတိပေးအချက်ပြ (လျှပ်တပြက်) မီးလုံးများနှင့် နောက်ဆုတ် အချက်ပြအသံတပ်ဆင်ပါ။

(၄) အန္တရာယ်ဖြစ်နိုင်သော အခြေအနေများကို ယာဉ်မောင်းများအား သတိပေးနိုင်စေရန် လမ်းတလျှောက် သင့်လျော်သောနေရာများတွင် လမ်းအမှတ်အသားများ ထားရှိပေးပါ။

က) လမ်းဆုံမှတ်များ
ခ) အကွေ့အကောက်ကြမ်းများ
ဂ) မတ်သော ဆင်ခြေလျောများ
ဃ) ချော်ကျနိုင်သော လမ်းမျက်နှာပြင်နေရာများ

(ခ) မည်သည့် အလုပ်သမားကိုမျှ မြေတူးစက်လမ်းကြောင်းအတွင်းတွင် အလုပ်လုပ်နေခွင့် သို့မဟုတ် ရပ်နေခွင့်မပြုရပါ။

(ဂ) မည်သည့်အလုပ်သမားများကို နောက်ပြန်ဆုတ်နေသော မော်တော်ယာဉ်များနှင့် မြေသယ်ကုန်တင်ကားကြီးများ နောက်တွင်ရပ်နေခွင့်မရှိရပါ။

(ဃ) လမ်းအခြေအနေများအရ ယာဉ်မောင်းများအားလုံး သတ်မှတ်အမြန်နှုန်းကို လိုက်နာရပါမည်။

(င) စာသင်ကျောင်းများ၊ ကျန်းမာရေး ဌာနများ၊ ဆေးရုံများ၊ ဘုရားကျောင်းများနှင့် ဘုန်းကြီးကျောင်းများကို ဖြတ်သန်းသွားသည့်အခါ ယာဉ်များအားလုံးကို အရှိန်လျှော့မောင်းကြရပါမည်။

ဟင်းလင်းပွင့် သတ္တုတွင်းများနှင့် စွန့်ပစ်မြေစာပုံများအတွင်းနှင့် ပတ်ပတ်လည်တွင် ဘေး အန္တရာယ် ကင်းရှင်းခြင်း

မြေပြိုကျခြင်းကို တားဆီးကာကွယ်ရန်

(စ) ဟင်းလင်းပွင့်သတ္တုတွင်းများနှင့် စွန့်ပစ်မြေစာပုံများ စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပါ။

(ဆ) ဟင်းလင်းပွင့်သတ္တုတွင်းများ ထိပ်အပေါ်ပိုင်း သို့မဟုတ် စွန့်ပစ်မြေစာပုံများအစွန်းနေရာ သို့မဟုတ် စွန့်ပစ်မြေစာပုံများ၏ အောက်အနိမ့်ပိုင်းနေရာမှ ၁၀၀ မီတာအတွင်း လူတို့အတွက်နေအိမ်များ၊ တဲများ သို့မဟုတ် အဆောက်အအုံများကို ဆောက်လုပ်ခွင့် မပြုရပါ။

(ဇ) သတ္တုတွင်းများ သို့မဟုတ် စွန့်ပစ်မြေစာပုံသတ္တုတွင်း ဆင်ခြေလျှောများအပေါ် လျှံကျရေများ ကျဆင်းမလာစေရန် cut-off ရေနုတ်မြောင်းများကို စစ်ဆေးထိန်းသိမ်းပါ။

(ဈ) ဟင်းလင်းပွင့်သတ္တုတွင်း နံရံများနှင့် စွန့်ပစ်မြေစာပုံများ မတည်ငြိမ်၊ မကြံ့ခိုင်မှု (ကွဲအက်ခြင်းများ၊ မြေများ လျှောကျခြင်း၊ လျှို၊ မြောင်၊ ရိုးများ ရေတိုက်စားခြင်း) ကို ပုံမှန် စစ်ဆေးပါ။

(ည) မတည်ငြိမ်မကြံ့ခိုင်သော နေရာဒေသများဟု သတ်မှတ်ထားသည့် နေရာများနှင့် မြေပြိုမှုအန္တရာယ် မြင့်မားသော ဒေသများတွင်

၁) မတည်ငြိမ်မကြံ့ခိုင်သော နေရာဒေသများအတွင်းနှင့် ၄င်းတို့အောက်ဖက် အနိမ့်ပိုင်းနေရာများတွင် အလုပ်များကို ချက်ချင်းရပ်နားပါ။

၂) မတည်ငြိမ်မကြံ့ခိုင်သော နေရာဒေသများနှင့် ၄င်းတို့အောက်ဖက် အနိမ့်ပိုင်းနေရာများမှ အလုပ်သမားများအား ဖယ်ထုတ်ပါ။

၃) ရေမဆေးလုပ်သားများအား သတိပေးပြီး ထိုနေရာဒေသများမှ ထွက်ခွာရန် တောင်းဆိုပါ။

၄) အနီးဝန်းကျင်မှလူများကို တည်ငြိမ်ကြံ့ခိုင်မှုမရှိသော နေရာဒေသများအကြောင်းနှင့် ၄င်းတို့ အပေါ် ကျရောက်နိုင်သော မတော်တဆ ဖြစ်နိုင်ဖွယ်ရာများအားအကြောင်း သတိပေးပါ။

၅) မြေပြိုကျနိုင်မှု အန္တရာယ်ရှိနိုင်သည့် တည်ငြိမ်ကြံ့ခိုင်မှုမရှိသော နေရာဒေသများ တဝိုက်တွင် သတိပေးဆိုင်းဘုတ်များ ထားရှိပါ။

၆) ထိုနေရာဒေသများကို တည်ငြိမ်ကြံ့ခိုင်မှုရှိစေရန် ဘေးအန္တရာယ်ကင်းရှင်းစွာ မည်သို့လုပ် ဆောင်ရမည်ကို မြေသားတည်ငြိမ်မှုဆိုင်ရာ ကျွမ်းကျင်အင်ဂျင်နီယာများထံမှ အကြံဉာဏ် ယူပါ။

ဘေးအန္တရာယ်ကင်းရှင်းစွာ ယမ်းဖောက်ခွဲခြင်း စီမံခန့် ခွဲမှု

ယမ်းဖောက်ခွဲ လုပ်ဆောင်ရန် အောက်ပါလုပ်ထုံးလုပ်နည်းများ ဆောင် ရွက်ရပါမည်။

(၎) ပေါက်ကွဲစေတတ်သော ပစ္စည်းများ (ဥပမာ၊ အမိုနီယမ် နိုက်ထရိတ်) ကို အလုပ်သမားတန်းလျား များနှင့် နီးစပ်ရာနေရာများမဟုတ်သည့် သတ်မှတ်ထားသော လုံခြုံမှုရှိသည့် အဆောက်အအုံများ သို့မဟုတ် နေရာဒေသများတွင် သိုလှောင်ပါ။

(၌) ဒီတိုနေတာများ (Detonator) ကို သော့ခတ်ထားနိုင်သည့် ဗီရိုများတွင် သီးသန့်သိုလှောင်ပါ။

(၍) ပေါက်ကွဲစေတတ်သောပစ္စည်းများ သိမ်းဆည်းသိုလှောင်ထားသည့် အဆောက်အအုံများတွင် မိုးကြိုးလွှဲများကို တပ်ဆင်ပါ။

(၎) ကိုင်တွယ်အသုံးပြုပြီးသည့် ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့် ဒီနိုနေတာများမှတ်တမ်းကို ထိန်းသိမ်းထားပါ။

(၏) ယမ်းများအားလုံးကို သင့်တော်သည့် ဖောက်ခွဲရေးကျွမ်းကျင်သူသာ ကိုင်ဆောင်ထိန်းသိမ်း ထားခြင်း၊ သယ်ယူခြင်းနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများအသုံးပြုခြင်း (ဖောက်ခွဲရေးရာ ကျွမ်းကျင်) ကသာ ပုံဖော်လုပ်ဆောင်ရပါမည်။

(တ) ပေါက်ကွဲစေတတ်သော ပစ္စည်းများ အလွှန်အကျွံသုံးမိခြင်းမှ ရှောင်ရှားနိုင်ရန် အပေါ်ယံမြေလွှာ အမျိုးအစားများနှင့် ခံနိုင်ရည်အား သို့မဟုတ် ကျောက်စိမ်းဆောင်မြေသားများအတွက် ယမ်းများ အားလုံးကို ဒီဇိုင်းပုံဖော်ပါ။

(ထ) ယမ်းဖောက်ခွဲခြင်း အစီအစဉ်ကို ပြင်ဆင်ရာတွင် အောက်ပါတို့ပါရှိသည်။

၁) လွန်ပုံစံနှင့် ယမ်းတွင်း၏အနက် အပါအဝင် ယမ်းဖောက်ခွဲခြင်း အဆင်အပြင်

၂) လွန်တူးခြင်း အဆင့်ဆင့်

၃) ပေါက်ကွဲပစ္စည်းများ အမျိုးအစားနှင့် ပမာဏ၊ ပစ္စည်းကိရိယာများနှင့် နည်းလမ်းများ (လျှပ်စစ် သို့မဟုတ် လျှပ်စီးဒဏ်ခံကြိုး(ဖျူးစ်))

၄) ယမ်းတွင်းကြိုးများအတွင်း ဖြည့်ထည့်ခြင်းနှင့် လုပ်ဆောင်ခြင်း လုပ်ထုံးလုပ်နည်းများ

၅) ဖောက်ခွဲခြင်းအဆင့်ဆင့်

၆) ယမ်းမှုန့် အချိုးအဆ (ထည့်သွင်းရမည့် ယမ်းမှုန့်ပမာဏ နှင့် ဖယ်ရှားရမည့် အပေါ်ယံမြေလွှာ ပမာဏ၏ အချိုး)

၇) ယမ်းအမှုဖြစ်စဉ်အတွက် လုပ်ထုံးလုပ်နည်း ဖောက်ခွဲမှု အထမမြောက်သော အခြေအနေ

(ဒ) ကျေးရွာများ၊ လူတို့အခြေချရာနေရာများနှင့် အခြားသောတုန်ခါမှုနှင့် ပေါက်ကွဲခြင်းတို့အား ခံနိုင်ရည်နည်းသော အဆောက်အအုံများအနီးတွင် ဖောက်ခွဲမှုပြုလုပ်ရသည့်အခါ ယမ်းတွင်းသည် တိမ်ရမည်ဖြစ်၍ ယမ်းမှုန့်ပမာဏ နည်းနည်းသာ အသုံးပြုရမည်။

(ဓ) ယမ်းဖောက်ခွဲမှုပြုလုပ်ရမည့် ပတ်ချာလည်၌ လုံလောက်သော ဘေးအန္တရာယ်ကင်းဝေးကိုထားရှိပါ (ဖောက်ခွဲရေး ပစ္စည်းများကိုအသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းသည့် အကွာအဝေး၊ Worksafe Victoria, မတ်လ ၂၀၁၂ တွင် ကြည့်ပါ) ယမ်းဖောက်ခွဲမှု အစီအစဉ်မစတင်ခင်နှင့် မပြင်ဆင်မီအချိန်တွင် လူများနှင့် ပစ္စည်းကိရိယာများအားလုံး ယမ်းဖောက်ခွဲမှု ပြုလုပ်မည့်နေရာမှ ဖယ်ရှင်းထားပါ။

(၁) စီစဉ်ထားသည့် ယမ်းဖောက်ခွဲမှုနေရာတွင်းမှ အလုပ်သမားများနှင့် လူများအားလုံးအား သတိပေးပါ။

(၂) ယမ်းဖောက်ခွဲမှု ပြုလုပ်မည့်နေရာမှ ဘေးအန္တရာယ်ကင်းရှင်းသည့် နေရာသို့ ခေါ်ဆောင်သွားပါ။

(၃) ယမ်းဖောက်ဖွဲမှု ပြုလုပ်တော့မည် ဆိုလျှင် -

(က) ကျယ်လောင်သော ဟွန်းသံ တစ်စက္ကန့်ခြားစီ ၁၂ ခါပေးပါ။

(ခ) ဖောက်ခွဲမှု မလုပ်ဆောင်မီ ၂ မိနစ်စောင့်ပါ။

(ဂ) ယမ်းပေါက်ကွဲမှု အပြည့်အဝအထမြောက်ပြီးပါက ဘေးအန္တရာယ် ကင်းရှင်းပြီးဖြစ်ကြောင်း အချက်ပြရန် ၅ စက္ကန့် ကြာ ဟွန်းသံရှည် တစ်ချက်ဆွဲပါ။

(၄) ပေါက်ကွဲမှု အထမမြောက်ပါက -

(က) ယမ်းဖောက်ခွဲမှု ပြုလုပ်သည့်နေရာနားသို့ မချဉ်းကပ်ပါစေနှင့်။

(ခ) အကယ်၍ လျှပ်စစ်ဒီတိုနေတာများအသုံးပြုပါက ဖောက်ခွဲမှု အထမမြောက်သည့် အကြောင်းအရင်းကို ဖောက်ခွဲရေးကျွမ်းကျင် မစစ်ဆေးမီ ၁၀ မိနစ်စောင့်ပါ။

(ဂ) အကယ်၍လျှပ်စီးဒဏ်ခံကြိုးအသုံးပြုပါက ဖောက်ခွဲမှု အထမမြောက်သည့်အကြောင်း အရင်းကို ဖောက်ခွဲရေးကျွမ်းကျင် မစစ်ဆေးမီ ၃၀ မိနစ်စောင့်ပါ။

(ဃ) ဖောက်ခွဲရေးကျွမ်းကျင်မှ ညွှန်ကြားချက်များအရ အထမမြောက်သော ဖောက်ခွဲမှုကို စီမံခန့်ခွဲပါ။

(န) ယမ်းဖောက်ခွဲခြင်း ပြုလုပ်သူ၊ ယမ်းဖောက်သည့်နေ့စွဲနှင့် အချိန်၊ ယမ်းတွင်းအရေအတွက်၊ အသုံးပြုသည့် ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့် မပေါက်ကွဲဘဲ ကျန်ရှိသည့်ပစ္စည်း အရေအတွက်နှင့် မပေါက်ကွဲဘဲ ကျန်ရှိနေသေးသည့် ပေါက်ကွဲနိုင်သော ပစ္စည်းများထုထည်တို့ကို ယမ်းဖောက်ခွဲခြင်း မှတ်တမ်းစာအုပ်တွင် ရေးသွင်းထိန်းသိမ်းထားရှိပါ။

မတော်တဆ ထိခိုက်မှုများအား စီမံခန့်ခွဲမှု

မတော်တဆထိခိုက်မှုများ ဖြစ်ပွားလာပါက အောက်ပါလုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။

(ပ) မတော်တဆထိခိုက်မှုများ အားလုံးအတွက် အရေးပေါ်အခြေအနေ ကြီုတင်ပြင်ဆင်မှုများနှင့် တုံ့ပြန်မှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါ။

(ဖ) မတော်တဆထိခိုက်မှုများ အားလုံးအတွက် ဖြစ်ရပ်များအစီရင်ခြင်း နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပါ။

(ဗ) အလုပ်သမားများလျော်ကြေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁၉၂၃) အရ သတ္တုတွင်းလုပ်ငန်းများနှင့်ပတ်သက်၍ မတော်တဆထိခိုက်မှုများနှင့် သေဆုံးမှုများအားလုံးအတွက် သင့်တော်သော လျော်ကြေးငွေပေးအပ်ပါ။

အလုပ်သမားများ ကျန်းမာရေး

အလုပ်သမားများ၏ ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်စေရန်အတွက် အောက်ပါလုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။

(ဘ) ဤဇုန်အတွင်း အနည်းဆုံးဆရာဝန်တစ်ဦးနှင့် သူနာပြုနှစ်ဦးရှိသော ဆေးခန်း အနည်းဆုံး တစ်ခု ထားရှိရန် ရန်ပုံငွေ ထောက်ပံ့ရမည်။

(မ) သတ္တုတွင်း မော်တော်ယာဉ်များနှင့် အဆောက်အအုံများအား ရှေးဦးသူနာပြုစုခြင်း အထောက် အကူအပြုပစ္စည်းများ ပေးအပ်ပါ။ ရှေးဦးသူနာပြုစုခြင်း အထောက်အကူပြုပစ္စည်းများတွင် ကူးစက် ရောဂါများနှင့် ကူးစက်ပြန့်ပွား တတ်သောရောဂါများ ပြန့်ပွားခြင်းမှ ကာကွယ်ရန် အတွက် ၎င်းတို့အား စီမံခန့် ခွဲခြင်းနှင့်ဆက်စပ်သည့် သင့်တော်သော တကိုယ်ရည် ကာကွယ်မှုဆိုင်ရာ ပစ္စည်း ကိရိယာ (PPE) ၊ (လက်အိတ်များ၊ မျက်နှာစည်း များ၊ ကွဲသွားပါက မထိရှိနိုင်သောမှန်များ) စသည် တို့ ပါရှိရပါမည်။

(ယ) သင့်တော်သော တကိုယ်ရည်သန့်ရှင်းမှု အထောက်အကူပြုပစ္စည်းများ (အိမ်သာများနှင့်လက်ဆေး ရေစင်များ) ထားရှိပေးပါ။

(ရ) သင့်တော်သော (Infection control procedures) ကူးစက်ရောဂါ ထိန်းချုပ်မှု လုပ်ထုံးလုပ်နည်းများ အကောင်အထည်ဖော်ပါ။

(လ) လူတို့အသုံးပြုသော အဆောက်အအုံများသည် လေဝင်လေထွက်ကောင်းရမည်။

(ဝ) အလုပ်သမားတန်းလျား စီမံခန့် ခွဲမှု အစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ပါ။

(သ) ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်အရ စွန့်ပစ်ပစ္စည်းများကို စီမံခန့် ခွဲပါ။

၇။ လုပ်ဆောင်ချက် စံချိန်စံနှုန်းများ

လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ဆောင်ချက် စံချိန်စံနှုန်းများမှာ

- အလုပ်သမားများသည် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအကြောင်းကိုသိရှိပြီး လေ့ကျင့်သင်ကြားပြီးဖြစ်ရပါမည်။
- အလုပ်သမားများသည် တကိုယ်ရည် ကာကွယ်မှုဆိုင်ရာ ပစ္စည်းကိရိယာ (PPE) ရရှိပြီး ၎င်းတို့အား အသုံးပြုပုံအား သိရှိပြီးဖြစ်ရပါမည်။
- အလုပ်သမားများသည် ၎င်းတို့၏သက်ဆိုင်ရာလုပ်ငန်းတာဝန်၌ လိုအပ်သည့်လုပ်ထုံးလုပ်နည်းများနှင့် အကျွမ်းတဝင်ရှိရပါမည်။
- လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ အလုပ်သမားများ၏ စိုးရိမ်မှုများကို မှတ်တမ်းမှတ်သားကာ၊ ပြန်လည်ရှာဖွေ ဖြေရှင်းပြီးစီးပေးရပါမည်။
- ယမ်းဖောက်ခွဲမှုနှင့် ဆက်နွယ်သည့် ဖြစ်ရပ်များမရှိခြင်း
- ယာဉ်မောင်းတို့၏ အပြုအမူနှင့်ပတ်သက်၍ လူထုတိုင်ကြားချက်များ မရှိခြင်း

၈။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ လုပ်ဆောင်ချက်များ

ယခုအစီအစဉ်နှင့် တွဲထားသော စစ်ဆေးမှုစာရင်းကိုသုံး၍ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး လိုက်နာမှုရှိမရှိ ဆုံးဖြတ်ရမည်။ စစ်ဆေးခြင်းဆိုင်ရာ ကြိမ်နှုန်းများအား ဇယား ၁ တွင် ဖော်ပြထားပါသည်။

ဇယား ၁ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း အကြိမ်နှုန်း

လုပ်ငန်းစဉ်များ	အကြိမ်အရေအတွက်
လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး သင်တန်းပို့ချခြင်း မှတ်တမ်းများ	လစဉ်
အလုပ်သမားများ နစ်နာမှု တိုင်ကြားချက်များ မှတ်တမ်း	လစဉ်
တကိုယ်ရည် ကာကွယ်မှုဆိုင်ရာ ပစ္စည်းကိရိယာ (PPE) နှင့် ၄င်းတို့ အသုံးပြုပုံလေ့ကျင့်သင်ကြားပြီးစီးခြင်း	လစဉ်
မော်တော်ယာဉ်များနှင့် ပြင်/ထိန်း အလုပ်ရုံများနှင့် သတ္တုတွင်းရုံးများတွင် ရှေးဦးသူနာပြုစုခြင်းသေတ္တာ အဆင်သင့်ထားရှိပြီး ပစ္စည်းဖြည့်တင်ထားခြင်း	လစဉ်
မော်တော်ယာဉ်များတွင် အချက်ပြပြီးသယ် ကုန်တင်ကားကြီးများတွင် နောက်ဆုတ်အချက်ပြ အသံစနစ် တင်ဆင်ထားခြင်းနှင့် ၄င်းတို့ကောင်းမွန်စွာ အလုပ်လုပ်ခြင်း	လစဉ်
လမ်းအမှတ်အသားများနှင့် ယာဉ်ကြောစီမံခန့်ခွဲမှုများ နေရာတကျဖြစ်ခြင်း	လစဉ်
လူထုနစ်နာချက်မှု တိုင်ကြားချက်များ မှတ်တမ်း	လစဉ်
ဖောက်ခွဲရေးပစ္စည်းများနှင့် ဒီတိုနေတာများ မှတ်တမ်း	လစဉ်
ယမ်းဖောက်ခွဲမှု အစီအစဉ် မှတ်တမ်းများ	လစဉ်
ယမ်းဖောက်ခွဲမှု မှတ်တမ်းများ (Blasting logs)	လစဉ်
အလုပ်သမားများ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ထုံးလုပ်နည်းများနှင့် အကျွမ်းတဝင်ရှိခြင်း	အခြေအနေအရနှင့် အနည်းဆုံးအားဖြင့် ၃ လ ၁ ကြိမ်

လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး အစီအစဉ် သတ်မှတ်ချက်များ လိုက်နာမှု ရှိမရှိ စစ်ဆေးရမည့် စာရင်း	
မှော်နှင့် လုပ်ကွက် နံပါတ် **ကုမ္ပဏီနှင့် သတ္တုတွင်း အမည်**	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သူ	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သည့် ရက်စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထား	လိုက်နာကိုက်ညီခြင်း ရှိသည် (သို့) မရှိပါ။
အလုပ်သမားများ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းပို့ချခြင်းနှင့် မိတ်ဆက်သင်တန်းမှတ်တမ်းများ အချိန်နှင့်အညီ မှတ်တမ်းမှတ်ခြင်း	
အလုပ်သမားများ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ထုံးလုပ်နည်းများနှင့် အကျွမ်းတဝင်ရှိခြင်း အထောက်အထား	
ဆေးခန်းထူထောင်ရာတွင် ကူညီထောက်ပံ့ထားသည့် အထောက်အထား	
လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ အလုပ်သမားများ၏ စိုးရိမ်မှုများကို ဖြေရှင်းပိတ်သိမ်းပေးပြီးခြင်း	
သတ္တုတွင်း ဘေးအန္တရာယ်ကင်းရှင်းခြင်းနှင့် ပတ်သက်၍ လူထုတို့၏ စိုးရိမ်မှုများကို ဖြေရှင်းပိတ်သိမ်းပေးပြီးခြင်း	
တကိုယ်ရည် ကာကွယ်မှုဆိုင်ရာ ပစ္စည်းကိရိယာ (PPE) နှင့် ၄င်းတို့အသုံးပြုပုံ သင်တန်းတို့ရရှိခြင်း အထောက်အထား	
မော်တော်ယာဉ်များနှင့် ပြင်/ထိန်း အလုပ်ရုံများနှင့် သတ္တုတွင်းရုံးများအားလုံးတွင် ရှေးဦးသူနာပြုစုခြင်း ထောက်ကူပစ္စည်းသေတ္တာ အဆင်သင့်ရှိမှုနှင့် ကောင်းစွာ ဖြည့်တင်ထားမှု	
ပန်ထမ်းများနှင့် တာပန်ကျစာရင်းများ အချိန်နှင့်တပြေးညီ မှတ်တမ်းမှတ်ခြင်း။	

မော်တော်ယာဉ်များ၊ စက်ရုံနှင့် ပစ္စည်းကိရိယာများ ပြင်ဆင်ထိန်းသိမ်းခြင်း မှတ်တမ်း	
မော်တော်ယာဉ်များတွင် အချက်ပြမီးများနှင့် မြေသယ်ကုန်တင်ကားကြီးတွင် နောက်ဆုတ်အချက်ပြအသံစနစ် တပ်ဆင်ထားခြင်းနှင့် ၎င်းတို့ ကောင်းစွာ အလုပ်လုပ်ခြင်း	
ဟင်းလင်းပွင့်တူး သတ္တုတွင်းများ ထိပ်အပေါ်ပိုင်း သို့မဟုတ် စွန့်ပစ်မြေစာပုံများနေရာမှ မီတာ ၁၀၀ အတွင်း လူတို့အတွက် နေအိမ်များ၊ တဲများ သို့မဟုတ် အဆောက်အအုံများကို ဆောက်လုပ်ခွင့် မပြုခြင်း	
မြေပြိုနိုင်ခြေရှိသော နေရာဒေသများနီးနားတွင် သင့်တော်သည့် သတိပေး အမှတ်အသားများ ထားရှိခြင်း	
သတ္တုတွင်း မော်တော်ယာဉ်များ၊ သတ္တုသန့်စင်စက်များ နှင့် စက်ယန္တရားကြီးများအသုံးပြုသော ယာဉ်ကြီးများသွားလာရာလမ်းများနှင့် လမ်းများတွင် သင့်တော်သည့် ယာဉ်လမ်းကြော အချက်ပြများနှင့် စီမံခန့် ခွဲမှုများ	
အမိုနီယမ် နိုက်ထရိတ် သိုလှောင်ထားသော အဆောက်အအုံများအားလုံးတွင် မိုးကြိုးလွှဲများ လျှောက်ပတ်စွာ တပ်ဆင်ခြင်း	
လိုက်နာဆောင်ရွက်မှု အထောက်အထား	**လိုက်နာကိုက်ညီခြင်း ရှိသည် (သို့) မရှိပါ။**
ပေါက်ကွဲပစ္စည်းများ မှတ်တမ်း	
ယမ်းဖောက်ခွဲခြင်း အစီအစဉ်များ ပြင်ဆင်ခြင်းနှင့် သိမ်းဆည်းခြင်း	
ယမ်းဖောက်ခွဲမှု မှတ်တမ်းများ (Blasting logs) ပြင်ဆင်ခြင်းနှင့် သိမ်းဆည်းခြင်း	

ဖားကန့်/လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်	
ပြန်လည်ထူထောင်ခြင်း စီမံခန့်ခွဲမှု အစီအစဉ်	
Version: Rev1	**ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်**

၁။ ရည်ရွယ်ချက်

ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းသည် အပေါ်ယံမြေလွှာမှ ပမာဏများပြားလှသည့်မြေသားနှင့် ကျောက်ခဲများကို ကျောက်စိမ်းပါဝင်သော ကျောက်ကျောရောက်သည်အထိ တူးဖော်ဖယ်ထုတ်ရခြင်းနှင့် ထိုဖယ်ထုတ်လိုက်သောမြေစာများကို စွန့်ပစ်စုပုံရသဖြင့် ထုထည်ကြီးမားသည့် မြေစာပုံကြီးများနှင့် ဟင်းလင်းပွင့်ကြီးများဖြစ်ပေါ်စေပါသည်။ ဤနည်းလမ်းဖြင့် သတ္တုတူးပြီးသောအခါ ပျက်စီးသွားသောနေရာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မလုပ်ဆောင်နိုင်ခြင်း သို့မဟုတ် ပြီးပြည့်စုံအောင် လုပ်ဆောင်မှုမရှိခြင်းတို့သည် အဓိကအန္တရာယ်များဖြစ်သည်။ အကာအကွယ်မဲ့ မြေသားမျက်နှာပြင်သည် မိုးရွာသည့်အခါ တိုက်စားခံရပြီး ရေလမ်းကြောင်းများအတွင်းသို့ နုန်းအနှစ်ပါသော လျှံကျရေများ စီးဝင်ခြင်းဖြစ်စေပါသည်။ တိုက်စားမှု ပမာဏမှာ ပျက်စီးသွားသော မြေ၏ အမျိုးအစားနှင့် မတ်စောက်မှုအပေါ် မူတည်ပါသည်။ အကျိုးဆက်အနေဖြင့် ရေမြို့တင်းအသုံးပြုမှုများ (ဥပမာ - ရေဂေဟစနစ်နှင့် စိုက်ပျိုးရေးနယ်မြေများ) ကိုထိခိုက်နိုင်ပါသည်။

ဤအစီအစဉ်သည် သတ္တုတွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အောင်မြင်မှု ပိုမိုရရှိစေရန်အတွက် လိုက်နာရမည့် အခြေခံသဘောတရား (Principles) များကိုတင်ပြထားပါသည်။ သတ္တုတွင်းတူးဖော်နေစဉ်အတွင်း အဆင့်ဆင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းသည် သတ္တုတွင်း ပိတ်သိမ်းချိန်တွင် ဆောင်ရွက်ရမည့် အဆုံးသတ်ပြန်လည်ထူထောင်ရေးလုပ်ငန်း ပမာဏကို လျော့ချပေးနိုင်သဖြင့် လွန်စွာအရေးကြီးပါသည်။ ဤအစီအစဉ်သည် လုံးခင်း/ဖားကန့် ရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ယခု EMP တွင် ပါဝင်သော အခြားကဏ္ဍများနှင့် တွဲ၍ ဖတ်ရှုရန်ဖြစ်သည်။

၂။ ရည်မှန်းချက်

ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ၏ ရည်မှန်းချက်မှာ နောက်ဆုံးသဘောတူညီထားပြီးသော မြေယာအသုံးပြုမှုနှင့်ကိုက်ညီသည့် ဘေးကင်း၍ ရုပ်ပိုင်းကြံ့ခိုင်မှုရှိပြီး ညစ်ညမ်းမှုမရှိသော မြေပြင်ပုံသဏ္ဌာန်များ ကျန်ရစ်စေရန်ဖြစ်သည်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

Cut-off ရေနုတ်မြောင်း (Cut-off drain) - သတ္တုတွင်းကြမ်းပြင်ထဲသို့ ရေစီးဝင်မှုမရှိစေရန် သတ္တုတွင်း၏မြစ်ညာပိုင်းရှိရေများကို ပေါင်းစုစေပြီး လမ်းကြောင်းလွှဲစီးဝင်စေရန်အတွက် မြေထဲ၌တူးထားသော မြောင်းကို Cut-off ရေနုတ်မြောင်းဟု ဆိုလိုသည်။

Direct seeding – လုပ်ငန်းမစတင်မီ ခုတ်ထွင်ရှင်းလင်းခံရသော ဒေသသဘာဝပေါက်ပင် မျိုးစိတ်များပါဝင်သည့် မျိုးကွဲပြားသော ဂေဟစနစ်တစ်ခုကိုမြှင့်တင်နိုင်ရန် ဒေသခံမျိုးစိတ်များမှ ခူးဆွတ်ထားသော ရောနှောနေသည့် မျိုးစေ့အရောများ ကြဲချစိုက်ပျိုးခြင်း။

Diversion bund (ရေလွှဲတာဘောင်) – သတ္တုတွင်းကြမ်းပြင်နှင့် ကုန်းစောင်းများသို့ စီးဆင်းလာနိုင်မည့် ရေအား လမ်းကြောင်းလွှဲရန် တည်ဆောက်ထားသော မြေကုန်းတန်းငယ်။ cut-off ရေနုတ်မြောင်းများဖြင့် တွဲဖက်၍ တည်ဆောက်လေ့ရှိပါသည်။

Drainage line (ရေထွက်လမ်းကြောင်း) – ရေများကိုပေါင်းစု၍ ကုန်းဆင်းအတိုင်း စီးဆင်းသွားစေ သော သာမန်မြေပြင်ထက် နိမ့်သည့်ချိုင့်နေရာ။

Rehabilitation (ပြန်လည်ထူထောင်ခြင်း) – ကြံ့ခိုင်တည်ငြိမ်သည့် မြေပြင်ပုံသဏ္ဍာန်၊ ခိုင်ခံ့သော ရေနုတ်မြောင်းနှင့် သဘာဝအလျောက်ရှင်သန်တည်တံ့နိုင်သည့် အပင်များကိုဖန်တီးရန် ပျက်စီးသွားသော နေရာများ (ဥပမာ သတ္တုတွင်း ကုန်းစောင်းများ) တွင် အပင်များပြန်လည်စိုက်ပျိုးခြင်းနှင့်မြေသား တည်ငြိမ် ကြံ့ခိုင်စေခြင်းဖြစ်စဉ်။

Revegetation (အပင်များပြန်လည်စိုက်ပျိုးခြင်း) – အပင်များချဲ့ထွင်ပေါက်ရောက်ခြင်းနှင့် ဆက်ပွားပေါက်ခြင်းကဲ့သို့သော သဘာဝဖြစ်စဉ်များဖြင့် (သို့မဟုတ်) တိုက်ရိုက်မျိုးကြဲစိုက်ပျိုးခြင်း၊ ဓမ္မတာ မျိုးဆက်ခြင်းနှင့် အပင်ပေါက်စိုက်ပျိုးခြင်းတို့ကဲ့သို့သော လူအကူအညီများဖြင့် ဖြစ်စဉ်ကို အရှိန်မြှင့် ဆောင် ရွက်၍ ထိခိုက်ပျက်စီးသွားသော မြေနေရာများအား သစ်ပင်ပြန်လည်ဖုံးအုပ်သွားစေရန် လုပ်ဆောင်ချက် (သို့) လုပ်ငန်းစဉ်။

Runoff (လျှံကျရေ) – မိုးရွာပြီးနောက် ကုန်းမြေဖြတ်၍ စီးဆင်းသောရေ။

Sediment basin (နုန်းစုကန်) – လျှံကျသောရေများစုဆောင်းပြီး နုန်းများ အနည်ကျစေရန် တည်ဆောက် ထားသောရေအိုင်အကြီးစား (သို့) ဆည် (သို့) အဆင့်ဆင့်ဆောက်လုပ်ထားသော ရေအိုင်များနှင့် ဆည် များ။ ယင်းတို့အား မြေတွင်းတူး၍လည်းကောင်း၊ မြေပေါ်အဆောက်အအုံအဖြစ်လည်းကောင်း တည် ဆောက်နိုင်သည်။ (ပုံ-၁ တွင် ဆောက်လုပ်ရန်နှင့် ပုံ ၂ တွင် ပုံမှန်အထိုင်ချခြင်း) အား တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်မှုအစီအစဉ်တွင်ကြည့်ရန်။

Sediment trap (နုန်းတား) – ရေထုတ်မြောင်းတစ်လျှောက်တွင် ရေစီးအားနှေးစေ၍ ပျော်ဂင် မြေဆီနှစ်များအား အနည်ကျစေရန် တည်ဆောက်ထားသောအတားအဆီး ပုံမှန်အားဖြင့် ကျောက်ခဲနှင့် ကျောက်စရစ်ခဲတို့ဖြင့် တည်ဆောက်သည်။

Watercourse (ရေလမ်းကြောင်းများ) – လူဖန်တီးထားသော သို့မဟုတ် သဘာဝအလျောက်ဖြစ်နေသော ယာယီ (သို့မဟုတ်) အမြဲတမ်း ဆင်းနေသည့် ချောင်း၊ စမ်းချောင်း၊ မြစ် (သို့) ရေစီးကြောင်းများ။

၄။ ဆက်စပ်အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ

ပြန်လည်ထူထောင်ရေးအစီအစဉ်နှင့်အတူ အောက်ဖော်ပြပါအစီအစဉ်များမှ စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ရန်ဖြစ်သည်။

- တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်မှု အစီအစဉ်
- သတ္တုတွင်းနှင့် မြေစာပုံစီမံခန့်ခွဲမှု အစီအစဉ်

၅။ အန္တရာယ်ရှိသောအရာများ နှင့် ထိခိုက်မှုများ

ကျောက်စိမ်းတူးဖော်ခြင်းနှင့် ၎င်းအတွက် အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းတို့ကဲ့သို့သော ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ၏ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲရလာဒ်မှာ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းဖြစ်သည်။ ဤလုပ်ငန်းများသည် ဒေသတွင်း ရေလမ်းကြောင်းများပြောင်းစေခြင်း၊ သက်ရှိများ ရှင်သန်နေထိုင်ရာ ဒေသရင်းများ ပြိုကွဲပျက်သုဉ်းခြင်းနှင့် အရည်အသွေးနိမ့်ချခြင်းတို့ဖြစ်စေရာ ဇီဝမျိုးစုံ၊ မျိုးကွဲများအပေါ်တွင် ဆိုးရွားစွာ ထိခိုက်စေပါသည်။ ပြန်လည်ထူထောင်ခြင်း မပြုလုပ်လျှင် ပျက်စီးမြေသားကြောင့် တိုက်စားခြင်း၊ ရေလမ်းကြောင်းများအတွင်း နုန်းပို့ချခြင်း၊ အနီးတစ်ဝိုက်မှ အပင်များ ထိခိုက်ခြင်း၊ အိုးအိမ်စည်းအိမ်များ ပျက်စီးခြင်းနှင့် သဘာဝအလှတို့ကို ဆက်လက်ထိခိုက်နေပါလိမ့်မည်။

အန္တရာယ်ရှိသောအရာများ၏ အရင်းအမြစ်များ၊ အန္တရာယ်ဖြစ်ပေါ်နိုင်သည့် လမ်းကြောင်းများ၊ ထိခိုက်ခံများအား **ဇယား (၁)** တွင်ဖော်ပြထားပါသည်။

ဇယား (၁) အန္တရာယ်ရှိသောအရာများ နှင့် ထိခိုက်မှုများ

အန္တရာယ်ရှိသောအရာများ (ထိခိုက်မှုများ၏ အရင်းအမြစ်)	အန္တရာယ်ဖြစ်ပေါ်နိုင်သည့် လမ်းကြောင်းများ	ထိခိုက်ခံများ/ထိခိုက်မှု
မတည်ငြိမ်သောသဘာဝ မြေပြင်ပုံသဏ္ဌာန် (ဟင်းလင်းပွင့်တွင်းများနှင့် မြေစာပုံများ)	မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မုန်တိုင်းတို့ကြောင့် ဖြစ်ပေါ်သော မြေပြိုခြင်း၏ရလာဒ်မှာ ပမာဏများသော ကျောက်ခဲများ၊ အစအနများနှင့်မြေသားတို့ ကုန်းစောင်းမှလျှောကျခြင်း။ ကုန်းကိုဖြတ်၍ ရေစီးဆင်းခြင်းကြောင့် မြေနှင့် ရေလမ်းကြောင်းများအား တိုက်စားခြင်းနှင့်ပို့ချခြင်း။	ထိခိုက်ခံကျေးရွာများတွင် အသက် (သို့) အိုးအိမ်စည်းစိမ် ဆုံးရှုံးခြင်းနှင့် သတ္တုတွင်းများ နှင့် မြေစာပုံများတွင် လုပ်ကိုင် နေသော ရေမဆေးလုပ်သားများ အသက်ဆုံးရှုံးခြင်း။ သတ္တုတွင်းလုပ်ငန်းခွင်၏ ပတ်ဝန်းကျင်နှင့် မြစ်ကြေပိုင်းများတွင် ဇီဝမျိုးစိတ်များ ဆုံးရှုံးခြင်းနှင့် လျော့ကျခြင်း။
လျှံကျရေမှ အနည်ပို့ချမှုကြောင့် မြစ်ကောလာခြင်း။	မြစ်ရေလျှံခြင်း။	ထိခိုက်ခံထားရသောကျေးရွာများနှင့် လူနေထိုင်ရာနေရာများတွင် အသက် (သို့) အိုးအိမ်စည်းစိမ် ဆုံးရှုံး ခြင်း။ သတ္တုတွင်းလုပ်ငန်းခွင် ပတ်ဝန်းကျင်နေရာများနှင့် မြစ်ကြေပိုင်းများတွင် ဇီဝမျိုးစိတ်များဆုံးရှုံးခြင်းနှင့်လျော့နည်းလာခြင်း။
ထိခိုက်သွားရာနေရာများအား ပြန်လည်ထူထောင်ရာတွင် မအောင်မြင်ခြင်း။	ကုန်းပေါ် ရေစီးဆင်းခြင်းသည် မြေပြင်နှင့် ရေလမ်းကြောင်း တိုက်စားမှုနှင့် အနည်ကျခြင်းတို့ကိုဖြစ်ပေါ်စေပါသည်။	ထိခိုက်ခံထားရသောကျေးရွာများနှင့် လူနေထိုင်ရာနေရာများတွင် အသက် (သို့) အိုးအိမ်စည်းစိမ် ဆုံးရှုံးခြင်း။ သတ္တုတွင်းလုပ်ငန်းခွင်၏ ပတ်ဝန်းကျင်နေရာများနှင့် မြေကြေပိုင်းများတွင် ဇီဝမျိုးစိတ်များ ဆုံးရှုံးခြင်းနှင့် လျော့နည်းလာခြင်း။

၆။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

ပြန်လည်ထူထောင်ခြင်းနှင့် သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများကို ဤအပိုင်းတွင် ဖော်ပြထားပါသည်။

၆.၁။ ဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များ

ပြန်လည်ထူထောင်ခြင်းနှင့် သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များမှာ -

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၇၊ ပုဒ်မခွဲ (ဏ) အရ ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းသူက ပေးလျော်စေရန်၊ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ် သုံးစွဲသည့် လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံခန့်ခွဲခြင်း။

- ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်စေခြင်း။

- ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင် အထောက်အကူပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုရမည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

- ပုဒ်မ ၂၄ အရ ဝန်ကြီးဌာနသည် ကြီးတင်ခွင့်ပြုချက် ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်မှု ရှိမရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြားခြင်း ပြုနိုင်သည်။

- ပုဒ်မ ၂၉ အရ မည်သူမျှ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၁၄) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် နည်းဥပဒေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နည်းဥပဒေ ၆၈ အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်ရေးအတွက် နည်းဥပဒေ ၅၂၊ ၅၃ နှင့် ၆၂ အရ သတ်မှတ်သည့် လုပ်ငန်းအမျိုးအစားများတွင် မပါဝင်သည့် အသေးစား ပုဂ္ဂလိကလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံများသည် လုပ်ငန်းတည်ဆောက်လည်ပတ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ခွင့်ပြုချက်၊ လိုင်စင်လျှောက်ထားခြင်းမပြုမီ ပတ်ဝန်းကျင် ထိခိုက်မှု ရှိမရှိနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူရမည်။

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ တွင်လူသားတို့၏ ကျန်းမာရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှု မဖြစ်စေရန်အလို့ငှာ နေရာအသီးသီး၏ ဆူညံသံနှင့် တုန်ခါမှု၊ အခိုးအငွေ့ထုတ်လွှတ်မှုနှင့် အရည်စွန့်ထုတ်မှုများ ထိန်းချုပ်ရေးအတွက် လိုက်နာရမည့် အခြေခံစည်းမျဉ်းများကို ဖော်ပြထားပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၈ အရ မည်သူမျှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ တစ်စုံတစ်ရာပြုလုပ်ခြင်း သို့မဟုတ် ရေကြောင်းအား ပြောင်းလဲစေခြင်း မပြုရ၊ ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်း မပြုရ။

- ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ) အရ မည်သူမျှ မြစ်ချောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်းလုပ်ငန်းများမှ စွန့်ပစ်မြေစာနှင့် အခြားပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ဖြစ်စေ၊ မြစ်ချောင်းအတွင်း စီးဝင်နိုင်သည့် ရေဆင်းလမ်းလျှို့မြောင်းများအတွင်းသို့ ဖြစ်စေ စွန့်ပစ်ခြင်းမပြုရ။

- ပုဒ်မ ၂၂ အရ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကမ်းပါနယ်နှင့် ကမ်းနားနယ်အတွင်း စီးပွားရေးအလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်းမပြုရ။

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) အရ သတ္တုတွင်းဝန်ကြီးဌာနသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာမြေအဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်းပြုနိုင်သည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် သတ်မှတ်ထားသော ဈေးနှုန်းကို လျှော်ထားသူက သတ်မှတ်ကာလအတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့် အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ရမည်။

- ပုဒ်မ ၁၆ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်-

  (က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

  (ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

  (ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။

  (ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။

  (င) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ဌားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ၊

  (စ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(၂) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ် မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုက်ခန္ဓာ ထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

- ပုဒ်မ ၃၆ အရ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းများကိုလည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းတွင် လုပ်ကိုင်လျက် ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှု ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆.၂။ အမိန့်ကြော်ငြာစာများ

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်စိမ်းတူးဖော်ခြင်းဌာနမှ လုံးခင်း/ဖားကန့် ရတနာနယ်မြေအတွက် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ(၁၉၉၅)၏ ပုဒ်မ ၅၄(ခ)နှင့် မြန်မာ့ ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၏ ပုဒ်မ ၅၄(ဂ) အရ အောက်ပါအမိန့်ကြော်ငြာစာများကို ထုတ်ပြန်ပြီးဖြစ်ပါသည်။

သတ္တုတွင်း ပိတ်သိမ်းခြင်းနှင့် သက်ဆိုင်သော အမိန့်ကြော်ငြာစာများမှာ -

- စာအမှတ်၊က-၃၇/ဂဂ၈/၂၀၁၄၊ စက်တင်ဘာ ၄ ၂၀၁၅
- စာအမှတ်၊က-၃၇/၁၄၆/၂၀၁၆၊ ဇန်နဝါရီ ၂၆ ၂၀၁၆
- စာအမှတ်၊က-၃၇/၂၉၅/၂၀၁၇

၆.၃။ နိုင်ငံတကာ လမ်းညွှန်ချက်များ

နိုင်ငံတကာ ငွေကြေးဆိုင်ရာ ကော်ပရေးရှင်း (The International Finance Corporation IFC) သည် သတ္တုတွင်းပိတ်သိမ်းခြင်းနှင့် ပတ်သက်၍ ယေဘုယျလမ်းညွှန်ချက်များ ထုတ်ပြန်ပေးပြီးဖြစ်ပါသည်။

- သတ္တုတူးဖော်ခြင်းအတွက် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာလမ်းညွှန်ချက်များ၊ ဒီဇင်ဘာ ၂၀၀၇၊ IFC/ World Bank။

ဩစတြေးလျနိုင်ငံအစိုးရသည် သတ္တုလုပ်ငန်းကဏ္ဍများအတွက် အဓိကလုပ်ဆောင်ရန် လမ်းညွှန်ချက်များကို သတ်မှတ်ပြုစုထားပြီးဖြစ်ပါသည်။ အောက်ပါထုတ်ပြန်ချက်များသည် သတ္တုတွင်းလုပ်ငန်းခွင်များအား ပြန်လည်ထူထောင်ရာတွင် လိုက်နာဆောင်ရွက်ရန်များနှင့်ပတ်သက်သည့် အရေးပါသော လမ်းညွှန်ချက်များကို ဖော်ပြထားပါသည်။

- သတ္တုတွင်းပြန်လည်ထူထောင်ခြင်း၊ သတ္တုတွင်းကဏ္ဍအတွက် စဉ်ဆက်မပျက်ဖွံ့ဖြိုးရေး လုပ်ဆောင်ချက် အစီအစဉ်။ စက်တင်ဘာလ ၂၀၁၆ ခုနှစ်၊ ဩစတြေးလျ အစိုးရ။

၇။ စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များ

ကောင်းမွန်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းလုပ်ဆောင်ရာတွင် အောက်ပါ အဆင့် (၂) ဆင့် ပါဝင်ပါသည်။

- သဘာဝမြေပြင်ပုံသဏ္ဍာန် ဒီဇိုင်းပြုလုပ်ခြင်းနှင့် အပေါ်ယံမြေသား အားတည်ငြိမ်ကြံ့ခိုင်စေခြင်း။
- ပြန်လည်တည်ဆောက်ထားသော သဘာဝမြေပြင်ပုံသဏ္ဍာန်ပေါ်တွင် အပင်များ ပြန်လည်စိုက်ပျိုးခြင်း (သို့) အခြားမြေအသုံးပြုမှုပုံစံများ။

ပြန်လည်ထူထောင်ခြင်း (လုံး၀) မပြုလုပ်လျှင် သို့မဟုတ် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ မပြည့်စုံလျှင် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များ နည်းနိုင်သမျှနည်းစေရန် အထက်ဖော်ပြပါ အမိန့်ကြော်ငြာစာများ နှင့်အညီ အောက်ပါအစီအမံများ ဆောင်ရွက်ရမည်။

ဤအစီအစဉ်ပါ လုပ်ဆောင်ချက်များကို တာဝန်ရှိသော သတ္တုတွင်းကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရမည်။ ရည်မှန်းချက်များ အောင်မြင်ရန် ဘက်မလိုက်သော အထူးကျွမ်းကျင်သူများ၏ နည်းပညာအကူအညီကိုရယူပြီး လုပ်ဆောင်ရမည်။

သတ္တုတွင်းလုပ်ငန်းခွင်များနှင့် စွန့်ပစ်မြေစာပုံကြီးများတွင် အပင်ပြန်စိုက်ပျိုးခြင်းသည် တိုက်စားခြင်းနှင့် ပို့ချခြင်းကို ထိန်းချုပ်ရန်အတွက် ထိရောက်သော နည်းလမ်းတစ်ခုဖြစ်သည်။ အဆင့်ဆင့်ပြန်လည်တည်ထောင်ခြင်းသည် သတ္တုတွင်းပိတ်သိမ်းချိန်တွင် သစ်ပင်ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်း ပမာဏအား လျော့နည်းသက်သာစေသည်။

မိုးရေနှင့် လျှံကျရေတို့တိုက်စားခြင်းမှ လျော့ပါးသက်သာစေရန် ကနဦးတွင် ကြီးထွားနှုန်းမြန်သော သစ်ပင်များ မြေပြင်ဖုံးအုပ်သွားသည်အထိ စိုက်ပျိုးရမည်။ ယင်းနောက် ဒေသခံအပင်မျိုးစိတ်များ မျိုးပွားပေါက်ရောက်ရန် အရိပ်ရအပင်ကြီးများ စိုက်ပျိုးရမည်။

ပြန်လည်ထူထောင်ရေးနှင့် အပင်ပြန်လည်စိုက်ပျိုးခြင်း ရည်မှန်းချက်များကို အဘက်ဘက်က ပြည့်မှီစေသည့် အပင်မျိုးစိတ်များကို အသုံးပြုရမည်။ အပင်တို့၏ ကြီးထွားမှု၊ ရှင်သန်နိုင်စွမ်းနှင့် မျိုးဆက်ပွားပေါက်ရောက်နိုင်ခြင်းတို့ကို ဆိုလိုခြင်းဖြစ်သည်။

- ခုတ်ထွင်ရှင်းလင်းခြင်းခံရသော အပင်အုပ်စုများနှင့်/ သို့မဟုတ် ပတ်ဝန်းကျင်မှ အပင်အုပ်စုများ၏ အခန်းကဏ္ဍ။
- Soil seed banks မှ အစေ့များသုံးပြီး မျိုးစိတ်များပြန်လည် မိတ်ဆက်နိုင်ခြေ။ (မျိုးစေ့ဘဏ်မှ ပြန်လည်မိတ်ဆက်ပေးနိုင်ခြေ)။
- မျိုးစေ့ ရရှိနိုင်မှု။
- မျိုးစေ့များ အညောက်ပေါက်မှုနှင့် အပင်ဖြစ်ထွန်းမှု အမြန်နှုန်း။

- အနီးဝန်းကျင်မှ အပင်များ သဘာဝအလျောက် ဆင့်ပွားပေါက်ရောက်ခြင်း။

သက်တမ်းတိုသော်လည်း မျိုးစေ့များလှိုင်လှိုင်ထွက်ရှိနိုင်မည့် အလေ့ကျပေါက်ပင် မျိုးစိတ်များသည် ပြန်လည်စိမ်းလန်းစိုပြေရေး လုပ်ဆောင်ရာတွင် အရေးကြီးသည်။ ဒါ့ကဲ့သို့နိုင်သော အပင်ကြီးများနှင့် ခြံုပင်များကို ကြီးထွားနှုန်းမြန်သော အပင်များနှင့် တွဲဘက်စိုက်ပျိုးရမည်။

၇.၁။ သတ္တုတွင်း မတူးဖော်မီ

ပြန်လည်ထူထောင်ရေးပြုလုပ်ရာတွင် ကြိုတင်ပြင်ဆင်မှုအဆင့်သည် အရေးကြီးပြီး သတ္တုတွင်းတူးဖော်မှုလုပ်ငန်းမစတင်မီ လုပ်ဆောင်ပြီးဖြစ်ရမည်။ ပြန်လည်ထူထောင်ခြင်းကို ကျွမ်းကျင်သူ သို့မဟုတ် ၄င်းကိုအထူးပြုသောကုမ္ပဏီမှ ပုံဖော်ဒီဇိုင်းဆွဲသင့်သည်။ သတ္တုတွင်းမတူးဖော်မီ အကောင်အထည်ဖော်ရမည့် အစီအမံများမှာ -

(က) အပင်ပြန်လည်စိုက်ပျိုးခြင်းအတွက် မြက်နှင့်အပင်မျိုးစိတ်များ သတ်မှတ်နိုင်ရန် ဒေသခံလူထုနှင့်/သို့မဟုတ် သင့်လျော်သော အရည်အချင်းပြည့်မီသော ရုက္ခဗေဒပညာရှင်များ သို့မဟုတ် ပြန် လည် ထူထောင်ရေးကျွမ်းကျင်သူများ အကူအညီကိုရမည်။

(ခ) မြေသားခိုင်ခံမှုအတွက် လိုအပ်သော ပိုးသတ်ထားသည့် ကြီးထွားနှုန်းမြန်သော မြက်မျိုးစေ့များ ရနိုင်သည့် ရင်းမြစ်များ ရှာဖွေထားရမည်။ ဥပမာ - ပိုးသတ်ထားသော ဗက်တီဗာမြက် (Vetiver Grass)။

(ဂ) သတ္တုတွင်း လုပ်ကိုင်သည့်နေရာနှင့် ကပ်လျက်ရှိသော သဘာဝတောများမှ တိုက်ရိုက်အစေ့ချစိုက်ပျိုးရန်လည်းကောင်း၊ ဆက်ပွားစိုက်ပျိုးရန်အတွက်လည်းကောင်း ဒေသခံအပင်များနှင့် ခြံုပင်မျိုးစိတ်တို့၏ အစေ့များ စုဆောင်းပါ။ ဒေသခံအလေ့ကျပေါက်ပင်နှင့် လေထုထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူ၍ ဇီဝရုပ်ဖြစ်ပျက်မှုအတွက် အရေးကြီးသော အမိုးနီးယားအဖြစ် ပြောင်းလဲခြင်း လုပ်ဆောင်နိုင်သော အပင်မျိုးများအား ဦးစားပေးရမည်။ စိုက်ပျိုးသည့်အခါ အညောက်ပေါက်နိုင်၍ သဘာဝအတိုင်း ရှင်သန်နိုင်စေရန် မျိုးစေ့များကို ကောင်းစွာ သိုလှောင်ထားရမည်။

(ဃ) စိုက်ပျိုးမည့်နေရာအတွင်း တိုက်ရိုက်မျိုးစေ့ကြဲစိုက်ပျိုးခြင်းနှင့် ဓမ္မတာမျိုးဆက်ခြင်းတို့ မထိရောက်သို့ မဟုတ် မပြည့်စုံလျှင် ဒေသခံအပင်မျိုးစေ့များ အပင်ကြီးနှင့် ခြံုငယ်ပင်ပေါက်များ တိုးပွားလာစေရန် လက်ရှိ ပျိုးဥယျာဉ်များ အသုံးပြုရမည်။ ယင်းတို့ မရှိသေးပါက ထူထောင်ရမည်။

(င) သစ်ပင်စိုက်ပျိုးသည့် ရာသီတိုင်းတွင်မျှော်မှန်းထားသည့် ပြန်လည်ထူထောင်ရေး လိုအပ်ချက်များပြည့်မှီစေရန် မျိုးစေ့နှင့် အပင်ပေါက်ကလေးများ လုံလောက်စွာ စုဆောင်းထားရမည်။

(စ) အပေါ်ယံမြေဆီလွှာနှင့် ခုတ်ထွင်ထားသောအပင်များ စုပုံရန်နေရာများကို ပြန်လည်ထူထောင်ခြင်းလုပ်ရန် ခွဲခြားသတ်မှတ်ထားရမည်။ အပေါ်ယံမြေဆီလွှာအား တိုက်စားမှုမခံရစေသည့်

နည်းလမ်းများဖြင့်စုပုံပါ။ တိုက်စားမှုလျော့ပါးသက်သာစေရန်နှင့် ဇီဝအခြေခံသော ဒြပ်ပုံပိုးရန် မြေသားပုံကြီးများပေါ်တွင် ပိုးသတ်ထားသော မြက်မျိုးများစိုက်ပျိုးပါ (ဥပမာ Vectiver မြက်မျိုး)။

၇.၂။ သတ္တုတူးဖော်နေစဉ်

သတ္တုတွင်းတူးဖော်ခြင်းအတွက် မလိုအပ်တော့သည့်နယ်မြေများနှင့် နောက်ဆုံးကျန်ရစ်မည့် မြေပြင်သဏ္ဌာန်များအပေါ်တွင် အဆင့်ဆင့်ပြန်လည်တည်ဆောက်ခြင်းပြုလုပ်ရမည်။ (ရေလမ်းကြောင်းများအတွင်း တိုက်စားခြင်းနှင့် ပို့ချခြင်းများ လျော့ပါးစေကာ လုပ်ငန်းပြီးဆုံးချိန် နောက်ဆုံးပိတ်ပြန်လည်ထူထောင်ခြင်း တာဂန်လျော့နည်းစေရန်)။ အဆင့်ဆင့် ပြန်လည်ထူထောင်ခြင်းအတွက် အသင့်တော်ဆုံးနယ်မြေများမှာ -

- အနိမ့်ပိုင်း သတ္တုတွင်း နံရံစောင်းများနှင့် လှောကားထစ်များ။
- ဟင်းလင်းပွင့်သတ္တုတွင်းကြီးများ၏ အမြင့်ပိုင်းမှနံရံစောင်းများနှင့် လှောကားထစ်များ။
- သတ္တုတွင်းတူးခြင်းလုပ်ငန်းများအတွက် မလိုအပ်တော့သော အခြားရှင်းလင်းပြီးနယ်မြေများ။

သတ္တုတူးဖော်နေစဉ် မထိရောက်သော (သို့မဟုတ်) မပြည့်စုံသော ပြန်လည်ထူထောင်ခြင်း ဖြစ်ပွားသော အန္တရာယ်ကို ကန့်သတ်နိုင်ရန်အစီအမံများ (စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များ)။

- သတ္တုတွင်းတူးဖော်ခြင်း ပြီးဆုံးပြီးနောက် အခန်း (၆.၃) တွင်ဖော်ပြထားသော နည်းလမ်းများအသုံးပြု၍ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းအတွက် မလိုအပ်တော့သော နယ်မြေများတွင် အဆင့်ဆင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပါ။

၇.၃။ သတ္တုတူးဖော်ပြီးသောအခါ

အောင်မြင်သော ပြန်လည်ထူထောင်ခြင်းလုပ်ငန်းဖြစ်ရန် ဆောင်ရွက်ရမည့်အချက်များမှာ -

- ပြန်လည်ထူထောင်ရမည့် မြေပြင်သဏ္ဌာန်မှာဘေးကင်း၍ မြေသားတည်ငြိမ်မှုရှိသော သတ်မှတ်ထားသည့် နောက်ဆုံးပုံသဏ္ဌာန်ဖြစ်နေခြင်း။
- အပင်များအညောက်ပေါက်ခြင်းနှင့် သဘာဝအပင်များ ပြန်လည်ပေါက်ရောက်ခြင်းကို အားပေးရန် မြေဆီလွှာ (သို့မဟုတ်) အောက်ခံမြေဆီလွှာကို ကြိုတင်ပြင်ဆင်ခြင်း။
- ပြင်ဆင်ထားသော မြေပေါ်တွင် အပင်ပြန်လည်စိုက်ပျိုးခြင်း။
- တိုက်စားမှု ပြန်လည်ကုစားခြင်း၊ အပင်များပြန်စိုက်ပျိုးရာ၌ အကျိုးမသက်ရောက်ခြင်း (သို့) မပြည့်စုံခြင်းများနှင့် ပေါင်းပင်များအား စီမံခန့်ခွဲခြင်း။

မထိရောက်သော (သို့) မပြည့်စုံသော ပြန်လည်ထူထောင်ခြင်းကြောင့်ဖြစ်လာမည့် အန္တရာယ်များကို ကန့်သတ်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရမည့် အစီအမံများမှာ အောက်ပါတို့ဖြစ်သည်။

နောက်ဆုံး ကျန်ရစ်မည့် မြေပြင်ပုံသဏ္ဍာန်

(က) သတ္တုတွင်းနှင့် စွန့်ပစ်မြေစာပုံ စီမံခန့်ခွဲမှုအစီအစဉ်နှင့် သတ္တုတွင်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်တို့၌ အဆိုပြုထားသည့်အတိုင်း ပြန်လည်ထူထောင်ခြင်းအတွက် သင့်တော်ကာ နောက်ဆုံးကျန်ရစ်မည့် မြေပြင်သဏ္ဍာန်နှင့် ကိုက်ညီသောနယ်မြေများ သတ်မှတ်ရွေးချယ်ပါ။

(ခ) ဖြစ်နိုင်ပါက မြေပေါ်ရေနုတ်မြောင်းများနှင့် အခြားမြေပြင်အစိတ်အပိုင်းများအား ပြန်လည်တည် ဆောက်ပြီး တည်ငြိမ်သောမြေပြင် အနိမ့်အမြင့်သဏ္ဍာန် (Contours) များရရှိရန် ပြန်လည်တည် ထောင်ရေးအတွက် သင့်လျော်သောနယ်မြေများအား ပြန်လည်ပုံဖော်ပါ။

(ဂ) အပင်များ ပြန်လည်မျိုးပွားပေါက်ရောက်စေရန် သင်လျော်သောနေရာများဖန်တီးပြီး ထိခိုက်ပျက်စီး ထားသော မြစ်ချောင်းကမ်းပါးများကို ခိုင်ခန့်တည်ငြိမ်အောင် ပြုလုပ်ပါ။

(ဃ) cut-off ရေနုတ်မြောင်း၊ ရေလမ်းလွှဲတာဘောင်များ၊ နန်းတားများနှင့် အနည်စစ်ကန်များကဲ့သို့ တိုက်စားခြင်းနှင့် ပို့ချခြင်းကိုထိန်းချုပ်သော အစိတ်အပိုင်းများ အသုံးဝင်နေစေရန် ပြုပြင်ထိန်းသိမ်း ပါ။ သို့မှသာ သတ္တုတွင်းတပိုက်မှ မြေပေါ်ရေများကို ဆက်လက်လမ်းလွှဲပေးနေပြီး အနည်အနှစ်ပါ ရေများကို နန်းတားများနှင့် အနည်စစ်ကန်များဆီသို့ စီးဆင်းသွားစေမည်ဖြစ်သည်။

မြေသား ပြင်ဆင်ခြင်း


(င) မြေပြင်အနိမ့်အမြင့်မျဉ်းတစ်လျှောက်ရှိ ထိခိုက်ပျက်စီးထားသော မြေသားကို ၅၀ စင်တီမီတာ အနက်ရောက်အောင်တူးဆွပါ။ သို့မှသာ သစ်ပင်များ အောင်မြင်စွာပေါက်ရောက်မှုအတွက် အဆီး အတားဖြစ်စေသောမြေကျစ်ခြင်းကို လျော့ပါးသက်သာစေကာ (သို့မဟုတ်) ဇီဝပိုးမွှားများနေထိုင် သော အောက်ခံမြေလွှာ၏ကြံ့ခိုင်မှုကို မလျော့နည်းစေဘဲ ရေစိမ့်ဝင်ခြင်းကို အားကောင်းစေမည်။

(စ) ရရှိနိုင်သော အပေါ်ယံမြေဆီလွှာ (စုပုံထားသည်နေရာများမှ)နှင့် သဘာဝမြေဆွေးအရောအနှော (မူလက ခုတ်ပုံထားသော အပင်ပုံများကိုသုံးကာ)ကို စိမ်းလန်းစိုပြေမှုရှိသော သစ်တောဖုံးလွှမ်း မှုဖန်တီးရန် တူးဆွထားသော နံရံစောင်းများတွင် ကြဲဖြန့်ပါ။

(ဆ) ပြင်ဆင်ထားသော မြေမျက်နှာပြင်များအား အစိုဓါတ်ထိန်းရန်နှင့် တိုက်စားမှုထိန်းချုပ်ရန် (မူလ ကခုတ် ပုံထားခဲ့သော အပင်များကိုသုံးကာ) ကုန်းစောင်းများပေါ်တွင် Brush matting, mulching သို့မဟုတ် သစ်ရွက်ဆွေးမြေဩဇာများဖြင့် ဖုံးအုပ်ပါ။

ရှင်းလင်းချက်။ *Brush matting - Brush matting သည် ပြန်လည်စိမ်းလန်းစိုပြေရေး နည်းစနစ်တစ်ရပ် ဖြစ်ပြီး တောင်စောင်းများ (သို့) ကုန်းစောင်းများအား ချက်ချင်း အပင်အကာအကွယ်ပေးနိုင်သည်။ Brush matting ကို အမြစ်ပြန့်ထွက်၍ အပင်ပြန်ပေါက်လာနိုင်သော မျိုးစိတ်တို့၏ အကိုင်းအခက်တို့ဖြင့် ပြုလုပ် နိုင်သည်။ Brush matting စနစ်ကို အခြားပြန်လည်စိမ်းလန်းစိုပြေရေး နည်းစနစ်များဖြင့် ပူးတွဲ အသုံး ပြုနိုင်သည်။*

Mulching – Mulching သည် မြေအစိုဓါတ်ထိန်းကာ ပေါင်းပင်များကို ထိန်းချုပ်ရန် အကာအကွယ်မဲ့မြေသားပေါ်တွင် ဖုံးအုပ်ရသော သဘာဝပစ္စည်းများဖြင့် ပြုလုပ်ထားသော အလွှာအချပ်။



ပုံပြဇယား (၁) ပြန်လည်ထူထောင်ခြင်း (အပင်ပြန်လည်စိုက်ပျိုးခြင်း) အယူအဆ

မျိုးစေ့ချစိုက်ပျိုးခြင်းနှင့် အပင်ပေါက်စိုက်ပျိုးခြင်း

(ဇ) ပြန်လည်စိမ်းလန်းစိုပြေရေး အောင်မြင်စေရန် အပင်များကို အသင့်တော်ဆုံးအချိန်တွင် စိုက်ပျိုးပါ။ အစေ့တိုက်ရိုက်ကြဲချခြင်းဖြစ်စေ၊ အစေ့မြှုပ်စိုက်ပျိုးခြင်းဖြစ်စေ၊ အပင်ပေါက်စိုက်ပျိုးခြင်းဖြစ်စေ ပြုလုပ်နိုင်သည်။ မိုးရာသီမတိုင်မီ (သို့မဟုတ်) မိုးကုန်ခါနီးတွင် စိုက်ပျိုးပါက သစ်စေ့များနှင့် အပင်ပေါက်ကလေးများ ကောင်းစွာဖွံ့ဖြိုးချိန်ရ၍ ခြောက်သွေ့ရာသီတွင် ဒါဏ်ခံရှင်သန်နိုင်ပါသည်။

(စျ) တိုက်စားမြေဆီများကို ဖမ်းယူနိုင်ရန် ပိုးသတ်ထားသောမြက်မျိုးများအား မြေပြင်အနိမ့်အမြင့်များ (ကွန်တိုများ) တစ်လျှောက်တွင် အကွာအဝေးညီညာထား၍ အတန်းလိုက်စိုက်ပျိုးပါ။ အစေ့မြှုပ်စိုက်ခြင်း (သို့ မဟုတ်) အပင်ပေါက်စိုက်ခြင်း ပြုလုပ်နိုင်သည်။

(ည) ပိုးသတ်ထားသောမြက်မျိုးများ ကောင်းစွာရှင်သန်ပြီးပါက မြက်ပင်တန်းများကြားတွင် ဒေသခံမျိုးစိတ်တို့၏ အစေ့များ ကြဲချစိုက်ပျိုးပါ။ (ပုံပြဇယား (၁) အားကြည့်ပါ။)

(ဋ) ပြန်လည်စိမ်းလန်းစိုပြေရေးလုပ်ငန်း မထိရောက်သော (သို့မဟုတ်) မပြည့်စုံသောနေရာများတွင် (သို့မဟုတ်) ပြန်လည်စိမ်းလန်းစိုပြေရေး ပိုမိုအားကောင်းစေရန် အလွယ်ပေါက်ရောက်နိုင်သော ဒေသခံအလေ့ပေါက်ပင်များကို စိုက်ပျိုးပါ။ (ပုံပြဇယား (၁) အားကြည့်ပါ။)

ပြန်လည်ကုစားခြင်းအလုပ်များ

(ဌ) အပင်ပြန်လည်စိုက်ပျိုးပြီးနေရာများကို တိုက်စားခြင်း၊ ပေါင်းပင်ထူထပ်ခြင်းရှိမရှိနှင့် ပြန်လည်စိမ်းလန်းစိုပြေရေးလုပ်ငန်း ထိရောက်မှုရှိမရှိ၊ ပြီးပြည့်စုံမှုရှိမရှိ မှန်မှန်စစ်ဆေးပါ။

(ဍ) ပေါင်းပင်များအား ဖို့မြေများပေါ်တွင် ဖယ်ရှားစွန့်ပစ်ပါ။ (သို့မဟုတ်) အပင်ပြန်လည်စိုက်ပျိုးပြီးသော နေရာများမှ ဝေးရာတွင်မီးရှို့ပါ။

(ဎ) တိုက်စားခြင်းနှင့်နုန်းပို့ချခြင်း ထိန်းချုပ်သည့် အဆောက်အဦးများအား မှန်မှန်စစ်ဆေးပါ။ အပင်များကောင်းမွန်စွာရှင်သန်ပြီးသည်ထိ ရေနုတ်မြောင်းများ၊ နုန်းတားများနှင့် အနည်စစ်ကန်များကို မှန်မှန်သန့်ရှင်းပေးပါ။ (သဘာဝဖြစ်စဉ်မှအပ) အခြားတိုက်စားခြင်းနှင့် နုန်းပို့ချခြင်း အထောက်အထားမတွေ့ ရသည်တိုင်အောင်)။

(ဏ) တိုက်စားခံရသော နေရာများအား နုန်းထိန်းနံရံများနှင့်/ သို့မဟုတ် ကျောက်သားအကာအရံများနှင့် ပိုးသတ်ထားသော မြက်မျိုးများ စိုက်ပျိုးခြင်းတို့ဖြင့်ပြုပြင်ပါ။

(တ) စိမ်းလန်းစိုပြေရေးလုပ်ငန်း မထိရောက်ပါက သို့မဟုတ် မပြည့်စုံပါက အပင်များပြန်လည်စိုက်ပျိုးပါ။

၈။ လုပ်ဆောင်ချက် စံချိန်စံနှုန်းများ

ပြန်လည်စိမ်းလန်းစိုပြေရေး လုပ်ငန်းအတွက် စံနှုန်းများမှာ -

- အဆင့်ဆင့်နှင့်အပြီးသတ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သင့်တော်သော သတ်မှတ်ပြီး နယ်မြေဒေသများမှ မြေပြင်ပုံသဏ္ဍာန်များ ပြုလုပ်ရန်။
- ပြန်လည်စိမ်းလန်းစိုပြေရေးလုပ်ငန်းအတွက် သဘာဝအလျောက် ရှင်သန်နိုင်သော မျိုးစေ့နှင့် အပင်ပေါက်များ စုဆောင်းထားရှိမှု အထောက်အထား။
- မြေဆီလွှာအားကောင်းစွာ ပြင်ဆင်ထားခြင်း အထောက်အထားဆိုလိုသည်မှာ မြေပြင် အနိမ့်အမြင့်မျဉ်းကြောင်း (Contour) တစ်လျှောက်တွင် ခပ်နက်နက်တူးဆွထားခြင်း၊ မြေလွှာပေါ်တွင် အပေါ်မှ သဘာဝအော်ဂဲနစ်ပစ္စည်းများ ကြဲအုပ်ထားခြင်းနှင့် မြေအစိုထိန်း စနစ် Matting အသုံးပြုထားခြင်းတို့ဖြစ်သည်။
- သင့်လျော်သောနယ်မြေဒေသများတွင် ပြန်လည်စိမ်းလန်းစိုပြေရေး အောင်မြင်မှုအထောက် အထား အပင်များကောင်းစွာ ဖွံ့ဖြိုးရှင်သန်နေ၍ ပြန်လည်စိမ်းလန်းစိုပြေရေးလုပ်ငန်း မထိ ရောက်သော သို့မဟုတ် မပြည့်စုံသောနေရာနည်းပါးခြင်း သို့မဟုတ် မရှိခြင်းကိုဆိုလိုပါ သည်။
- ထိရောက်မှုမရှိသော သို့မဟုတ် ပြီးပြည့်စုံမှုမရှိသော ပြန်လည်စိမ်းလန်းစိုပြေရေး လုပ်ငန်း များကို ကုစားထားသော အထောက်အထား (အကာအကွယ်မဲ့ သို့မဟုတ် တိုက်စားခံထား ရသော နယ်မြေများ)
- ပြန်လည်ထူထောင်ထားပြီးဒေသများနှင့် ကုစားပြီးဒေသများတွင် ပေါင်းပင်မထူထပ်ခြင်း နှင့် တိုက်စားမှုမရှိခြင်း

၉။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ အချက်များ

ပြန်လည်ထူထောင်ပြီးနေရာများ အောင်မြင်မှုရှိစေရန် ပုံမှန် စောင့်ကြည့်စစ်ဆေးရမည်။ ယခု အစီအစဉ်နှင့် တွဲထားသော စစ်ဆေးမှုစာရင်းကိုသုံး၍ လိုက်နာမှု ရှိမရှိ ဆုံးဖြတ်ရမည်။

စစ်ဆေးခြင်းဆိုင်ရာ ကြိမ်နှုန်းများအား **ဇယား (၂)** တွင် ဖော်ပြထားပါသည်။

ဇယား (၂) စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း အကြိမ်နှုန်း

လုပ်ငန်းစဉ်များ	အကြိမ်အရေအတွက်
သဘာဝအလျောက် ရှင်သန်နိုင်သော မျိုးစေ့နှင့်အပင်ပေါက်များ စုဆောင်းခြင်း။	တစ်နှစ်တစ်ကြိမ် အပင်စိုက်ပျိုးရာသီ အပြီးတွင် လာမည့်ရာသီအတွက် လုံလောက်သော မျိုးစေ့ရှိမရှိ။
ပြန်လည်ထူထောင်ခြင်းအတွက် သင့်လျော် သောနယ်မြေများ။	ပြန်လည်ထူထောင်ခြင်းအတွက် သင့်လျော် သောနယ်မြေများ ပြင်ဆင်ရန် လုံလောက်သော အချိန်ရှိမရှိ တစ်နှစ်တစ်ချိန် စစ်ဆေးခြင်း။
ပြန်လည်ထူထောင်ခြင်းနှင့် ကုစားခြင်း အလုပ်များ။	အပင်များရှင်သန်ပေါက်ပွားမှု အောင်မြင်သွားသည့် တိုင်အောင် ပြန်လည်ထူထောင်ရေးနှင့် ကုစားမှု အလုပ်တို့အား နှစ်ပတ်တစ်ကြိမ် စစ်ဆေးခြင်း။ ထပ်မံကုစားမှုလိုမလိုနှင့် အပင်မျိုးစိတ်ကွဲများ မည်မျှရှိသည်ကို အကဲဖြတ်ရန် ခြောက်လတစ်ကြိမ်။
တိုက်စားခြင်းနှင့် နုန်းပို့ချခြင်း ထိန်းချုပ်မှု အဆောက်အအုံများ။	ခြောက်သွေ့ရာသီတွင် တစ်လတစ်ကြိမ်၊ မိုးရာသီတွင် တစ်ပတ်တစ်ကြိမ်၊ မုန်တိုင်းအပြီး သို့မဟုတ် မိုးသည်းထန်စွာ ရွာသွန်းပြီးတိုင်း။

ပြန်လည်ထူထောင်ခြင်း စီမံခန့်ခွဲမှု အစီအစဉ် သတ်မှတ်ချက်များ လိုက်နာမှု ရှိမရှိ စစ်ဆေးရမည့် စာရင်း	
မှော် နှင့် လုပ်ကွက် နံပါတ် **ကုမ္ပဏီ နှင့် သတ္တုတွင်း အမည်**	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သူ	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သည့် ရက်စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထား	**လိုက်နာကျင့်သုံးခြင်း ရှိသည် (သို့) မရှိပါ။**
သင့်လျော်သော နယ်မြေများတွင် ရှိပြီး အဆင့်ဆင့်လုပ်သော ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများနှင့် နောက်ဆုံးပြန်လည်ထူထောင်ခြင်းလုပ်ငန်းများတွင် ထုတ်ဖော်ထားသော အန္တရာယ်ကင်းပြီး တည်ငြိမ်သော သဘာဝမြေမျက်နှာသွင်ပြင်များ။	
ပြန်လည်ထူထောင်ခြင်းအတွက် အောင်မြင်စွာ ရှင်သန်ကြီးထွားနိုင်သော အပင်ပေါက်များနှင့် မျိုးစေ့ထားရှိခြင်း အထောက်အထား	
သင့်လျော်သော မြေလွှာပြင်ဆင်မှုများ ဆောင်ရွက်ခြင်း (ဆိုလိုသည်မှာ ကွန်တိုမျဉ်းကြောင်းတစ်လျောက် တူးဆွထားခြင်း၊ အပေါ်ယံ မြေဆီလွှာ (သို့) သဘာဝအော်ဂဲနစ်ပစ္စည်းများ ဖြန့်ခြင်း)	
သင့်လျော်သော နယ်မြေများတွင် အပင်များ အောင်မြင်စွာ ပြန်စိုက်ပျိုးထားသည့် အထောက်အထား (ဆိုလိုသည်မှာ အပင်များသန်မာစွာကြီးထွားလာပြီး ပြန်လည်စိုက်ပျိုးရာတွင် မပြည့်စုံခြင်း (သို့) အကျိုးသက်ရောက်မှု မရှိခြင်း)။	
အပင်များ ပြန်လည်စိုက်ပျိုးရာတွင် မပြည့်စုံခြင်း (သို့) အကျိုးသက်ရောက်မှု မရှိခြင်းများကြောင့် ကုသသည့်လုပ်ငန်းများဆောင်ရွက်ထားသည့် အထောက်အထား (ဆိုလိုသည်မှာ အကာကွယ်မဲ့နေသော (သို့) တိုက်စားထားသော ဧရိယာများမရှိခြင်း။)	
ပြန်လည်ထူထောင်ထားပြီး ပြန်လည်ကုသထားသည့် ဧရိယာများတွင် တိုက်စားခြင်းနှင့် ပေါင်းပင်များ စုပြုံပေါက်ရောက်ခြင်းများ မရှိခြင်း။	

ဖားကန့်/ လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်
ရေ စီမံခန့် ခွဲမှု အစီအစဉ်
Version: Rev 1	**ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်**

၁။ နိဒါန်း

ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းသည် အတားအဆီးများနှင့် ရေလွှဲတာဘောင်များ တည်ဆောက်ခြင်း၊ ရေလမ်းကြောင်းများတွင် တိုက်စားခြင်းနှင့် အနည်ကျခြင်း၊ ရေဓာတ်ပြုပျက်စီးခြင်းနှင့် ရေညစ်ညမ်းခြင်း၊ ရေနှင့်ကုန်းမြေကြားနေရာဒေသရှိ အပင်များဖယ်ရှားခံရခြင်းနှင့် ရေစိမ့်ထွက်မှုကြောင့် မြေအောက်ရေ ဖွဲ့စည်းမှုကို လုံးဝ သို့မဟုတ် တပိုင်းတစ ပျက်စီးသွားခြင်းစသည့်တို့ကြောင့် မြေပေါ်ရေ၊ မြေအောက်ရေ တို့၏ အင်္ဂါရုပ်များကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။

မြေပြင်ရှင်းလင်းခြင်း၊ ယင်းထိခိုက်ပျက်စီးမှုများ၊ ဓာတ်ပြုပျက်စီးခြင်းများနှင့် ညစ်ညမ်းမှုတို့သည် ကုန်းနှင့်ရေ ဂေဟစနစ်များနှင့် လူတို့၏ ကျန်းမာရေးနှင့် အသက်မွေးမှုကို ထိခိုက်စေသည့် ရေရရှိနိုင်မှုနှင့် ရေအရည် အသွေးတို့ကို လျော့ကျစေနိုင်ပါသည်။ ရေလမ်းကြောင်းများတွင် တိုက်စားခြင်းနှင့် အနည်ကျခြင်းသည် ရေလမ်းကြောင်းများတွင် ပြည့်နှက်သွားခြင်း၊ ရေနုတ်မြောင်းလမ်းကြောင်းများနှင့် ရေထုတ်လမ်းကြောင်း များအား ပြုပြင်မွမ်းမံခြင်းတို့ကြောင့် ရေကြီးရေလျှံမှု ပမာဏနှင့်ပြင်းအား မြှင့်တက်လာသည်။ ရေကြီးရေ လျှံခြင်းများသည် မုတ်သုံရာသီဥတုတွင် ပို၍ဆိုးရွားလာပါသည်။

ရေစီမံခန့် ခွဲမှု အစီအစဉ် (ယခု အစီအစဉ်) တွင် မြေပေါ်ရေ၊ မြေအောက်ရေ ရင်းမြစ်များနှင့် အရည်အသွေး ကိုကာကွယ်ရန် ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းကို မည်သို့ ဆောင်ရွက်ရမည်ကို ဖော်ပြထားပါသည်။ ဤအစီအစဉ်သည် လုံးခင်း/ဖားကန့်ရတနာ နယ်မြေပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏ အစိတ် အပိုင်းတစ်ခုဖြစ်ပြီး EMP တွင် ပါဝင်သော အခြားအပိုင်းများနှင့် တွဲ၍ဖတ်ရပါမည်။

၂။ ရည်မှန်းချက်များ

ယခုအစီအစဉ်၏ ရည်မှန်းချက်မှာ မြေပေါ်ရေ၊ မြေအောက်ရေ ရင်းမြစ်များ၊ ရေအရည်အသွေးနှင့် ရေကို မှီတင်းအသုံးပြုမှုများအား ကာကွယ်ရန်ဖြစ်ပါသည်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ရေဝေရေလဲဒေသ (Catchment Area) - မိုးရွာသွန်းမှုကြောင့် လျှံကျရေများ စီးဝင်ရာနေရာ။ ရေလမ်းကြောင်း၊ ရေအိုင် သို့မဟုတ် ပင်လယ်။ ရေဝေရေလဲဒေသသည် သေးငယ်သော ရေဝေရေလဲဒေသများစွာ ပါဝင်သည်။

ဓာတုပစ္စည်း (Chemical) - သဘာဝအလျောက် ဖြစ်ပေါ်ခြင်း မဟုတ်ဘဲ ဖန်တီးပြုလုပ်ထားသော၊ အစိုင်အခဲ သို့မဟုတ် အရည် ပုံသဏ္ဌာန်ဖြင့် ဖြစ်ပွားလျက်ရှိသော ကွန်ပေါင်း။

လူထုဆက်သွယ်မှုအုပ်စု (Community Reference Group) - လူထုအတွက် ပြဿနာများနှင့် စိုးရိမ်ပူပန်မှုများ ဖွင့်ဟတိုင်ကြားခြင်းအပါအဝင် သတ္တုတွင်းတူးခြင်းလုပ်ငန်း ဆောင်ရွက်ချက်နှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုကို လူထုအားအသိပေးရန်၊ အဓမ္မရွှေ့ပြောင်းခံရခြင်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဆက်နွယ်သောကိစ္စရပ်များဖြေရှင်းရန် ကျောက်စိမ်းတူးဖော်ခြင်းကုမ္ပဏီများနှင့် ဒေသခံနေထိုင်သူများအကြား ဆက်သွယ်ရေး လွယ်ကူစေရန်အတွက် လူထုအဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသော လူအုပ်စု

Dewatering - ရေအောင်းလွှာမှ ရေဖောက်ထုတ်ခြင်းဖြစ်စဉ်။ လူတို့ဖန်တီးပြုလုပ်၍ဖြစ်စေ (ဥပမာ။ ။ ရေစုပ်ထုတ်ခြင်း) ၊ သို့မဟုတ် သဘာဝကြောင့်ဖြစ်စေ (ဥပမာ။ ။ စိမ့်စမ်းများအဖြစ် စီးထွက်ခြင်း)

ရေနုတ်မြောင်းလိုင်း (Drainage Line) - ရေကိုစုစည်း၍ တောင်အောက်သို့ စီးကျသွားစေရန်အလို့ငှာ ပြုလုပ်ထားသော ချိုင့်ခွက် သို့မဟုတ် နိမ့်နေသောနေရာ

လမ်းညွှန်ချက် အတိုင်းအတာ တန်ဖိုး (Guideline values) – သတ်မှတ်ချက်ထက် ပိုမပစ်သင့်သည့် ပျစ်သောညစ်ညမ်းအရည် သို့မဟုတ် သတ်မှတ်ထားသော ပျစ်သောညစ်ညမ်းအရည်အဆင့်ဆင့်။

အန္တရာယ်ရှိစေနိုင်သည့် ပစ္စည်း (Hazardous material) - လူသားကျန်းမာရေး၊ လုံခြုံမှု နှင့်/ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများ ပါဝင်သည့် အစိုင်အခဲများ၊ အရည်များ (သို့မဟုတ်) ဓါတ်ငွေ့ဆိုင်ရာအရာဝတ္ထုများ။ အန္တရာယ်ရှိစေနိုင်သည့် ပါဝင်မှုများမှာ အောက်ဖော်ပြပါများပါဝင်သည်။

- မီးလောင်ကျွမ်းစေနိုင်သော၊ ဥပမာ။ အလွယ်တကူ လောင်ကျွမ်းစေနိုင်သော။
- စားတတ်၊ လောင်တတ်သော ဥပမာ။ အက်ဆစ်ဓာတ်ပါဝင်မှုနှုန်း အလွန်မြင့်ခြင်း (သို့မဟုတ်) အလွန်နိမ့်ခြင်း။
- ဓါတ်ပြုတုံ့ပြန်နိုင်စေသော ၊ ဥပမာ။ ပေါက်ကွဲစေနိုင်သော (သို့မဟုတ်) အဆိပ်သင့်စေသော။
- ဇီဝဖျစ်ညှစ်၊ ဥပမာ။ ဆေးပစ္စည်းဆိုင်ရာ စွန့်ပစ်ပစ္စည်းများ။

အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်း (Hazardous waste) - မလိုလားအပ်သော သို့မဟုတ် အသုံးမဝင်တော့သော အန္တရာယ်ရှိသည့် ပစ္စည်း။

Hydraulic jetting - ကျောက်စိမ်းရှိသောမြေသားများကို ရေပိုက်ဖြင့်ထိုးချခြင်း သို့မဟုတ် ရေဖြင့်ဆေးချခြင်း (အစဉ်အလာအရ ကျင်ယူခြင်းဟု သိထားပါသည်။)

ထိခိုက်မှုအန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများ (Non-hazardous waste) - လူသားကျန်းမာရေး၊ လုံခြုံမှုနှင့်/သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ချက်ချင်းထိခိုက်အန္တရာယ်မဖြစ်စေနိုင်သော မလိုလားအပ်သော သို့မဟုတ် အသုံးမဝင်တော့သော မည်သည့်အစိုင်အခဲများ၊ အရည်များ (သို့မဟုတ်) ဓါတ်ငွေ့ဆိုင်ရာ အရာဝတ္ထုများ။

ကမ်းပါးနယ် (Riparian) - ရေစစ်မျဉ်းနှင့် ရေပြည့်မျဉ်းအကြားရှိ ကမ်းပါးစောက် သို့မဟုတ် ဆင်ခြေလျှောကမ်းပါးကိုဆိုသည်။ ကမ်းပါးနယ်နှင့် ဆက်စပ်ပြီး ကမ်းထိန်းလုပ်ငန်း၊ ရေလမ်းထိန်းလုပ်ငန်းနှင့် မြစ်ချောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြစ်ချောင်းများ ကာကွယ်ရေးဥပဒေနှင့်အညီ သတ်မှတ်ထားသည့် မြေနယ်နိမိတ်ကိုဆိုသည်။ ရေလမ်းကြောင်းတစ်ခု၏ ကမ်းပါးပေါ် သို့မဟုတ် အနီးတွင်တည်ရှိသည့် ဇရိယာနှင့် ဆက်စပ်နေသောနေရာ - ဥပမာအားဖြင့် မြစ်ကမ်းပါးများ သို့မဟုတ် ရေကန်ကမ်းနဖူး။

Runoff (လျှံကျရေ) – မိုးရွာပြီးနောက် ကုန်းမြေဖြတ်လျက် စီးဆင်းသောရေ။

Watercourse (ရေလမ်းကြောင်းများ) – လူဖန်တီးထားသော သို့မဟုတ် သဘာဝအလျောက် ဖြစ်နေသော ယာယီ (သို့မဟုတ်) အမြဲတမ်း စီးဆင်းနေသည့် ချောင်း၊ စမ်းချောင်း၊ မြစ် (သို့မဟုတ်) ရေစီးကြောင်းများ။

၄။ ဆက်စပ်နေသော အစီအစဉ်များနှင့် နည်းလမ်းများ

ဤအစီအစဉ်ကို အကောင်အထည်ဖော်ရန် အောက်ပါအစီအစဉ်များတွင် ပါဝင်သော စီမံခန့်ခွဲမှု အစီအမံများ လိုအပ်သည်။

- သတ္တုတွင်းနှင့်စွန့်ပစ်မြေစာပုံများ စီမံခန့် ခွဲမှု အစီအစဉ်
- တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်မှု အစီအစဉ်
- ဘေးအန္တရာယ်မရှိသည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်
- ဓာတုပစ္စည်းများနှင့် အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများ စီမံခန့်ခွဲမှု အစီအစဉ်
- ပြန်လည်တည်ထောင်ခြင်း စီမံခန့် ခွဲမှု အစီအစဉ်
- လူထု အထောက်အကူပြုနှင့် ဖွံ့ဖြိုးရေး အစီအစဉ်
- သတ္တုတွင်း ပိတ်သိမ်းခြင်း စီမံခန့် ခွဲမှု အစီအစဉ်

၅။ ဘေးအန္တရာယ် ဖြစ်စေသောအရာများနှင့် ထိခိုက်မှုများ

မြေပြင်ထိခိုက်မှု၊ အန္တရာယ်ရှိသည့် ပစ္စည်းများ၊ အန္တရာယ်ရှိစေနိုင်သည့်နှင့် အန္တရာယ်မရှိစေနိုင်သည့် စွန့်ပစ်ပစ္စည်းများသည် မြေပေါ်ရေ၊ မြေအောက်ရေ အဂါရပ်များနှင့်ရေအရည်အသွေးကို ထိခိုက်စေနိုင်သည့်

အန္တရာယ်များဖြစ်ပါသည်။ အန္တရာယ်အရင်းအမြစ်များ၊ အန္တရာယ်ဖြစ်စေနိုင်သည့် အကြောင်းတရားများ၊ ထိခိုက်မှုနှင့် ထိခိုက်ခံများကို ဇယား (၁) တွင် ဖော်ပြထားပါသည်။

ဇယား ၁ မြေပေါ်ရေနှင့် မြေအောက်ရေတို့ အန္တရာယ်များနှင့် ထိခိုက်မှုများ

အန္တရာယ်များ (ထိခိုက်မှု၏ အရင်းအမြစ်များ)	အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းကြောင်းများ	ထိခိုက်မှု/ထိခိုက်ခံများ
မြေပြင်ထိခိုက်မှု၊ မြေရွှေ့ခြင်း	ကုန်းပေါ်ရေစီးဆင်းမှုကြောင့် ဖြစ်ပေါ်စေသော တိုက်စားမှုနှင့် ရေလမ်းကြောင်းများတွင် နှန်းပို့ချခြင်း။	အနည်ကျခြင်း (TSS) တို့မြင့်မား လာမှုကြောင့် မြစ်ကြေပိုင်း ရေမှီတင်း အသုံးပြုမှုများအား ထိခိုက်စေသော ရေအရည်အသွေး လျော့ကျလာမှု (ဥပမာ၊ ရေနေ ဂေဟစနစ်နှင့် ပြည်သူများ၊ မြစ်ရေလှုံခြင်း ကိုဖြစ်စေသော နှုန်းပို့ ချမှုတို့ ကြောင့် မြစ်ကောလာခြင်း
မြေကို နက်ရှိုင်းစွာတူးခြင်း	ရေအောင်းလှာမှ ရေယိုစိမ့်ခြင်းကို လုံးဝ သို့မဟုတ် တစိတ်တပိုင်း ဖြစ်စေသော မြေအောက်ရေထု စိတ်ပိုင်းခံရခြင်း	သောက်ရေ ရင်းမြစ်များ လျော့ပါး လာမှု သို့မဟုတ် ကင်းမဲ့လာမှုတို့ ကြောင့် လူတို့၏ ကျန်းမာရေးနှင့် အသက်မွေးမှုတို့ကို ထိခိုက် စေခြင်း။ လူတို့ ကျန်းမာရေးကို ထိ ခိုက်စေသည့် ရေအရည်အသွေး ကျဆင်းလာမှု၊ မြေအောက်ရေရှိ ရေနေဂေဟစနစ် ယုတ်လျော့လာခြင်း
ရေလမ်းကြောင်းများကို လမ်းလွှဲခြင်း	ရေစီးမှကင်းမဲ့ခြင်း မြေယာနှင့် ရေလမ်းကြောင်းများတွင် တိုက်စားခြင်းနှင့် အနည်ကျခြင်း ဖြစ်စေသော ပြင်းထန်စွာ တိုက်စားခြင်းနှင့် တိုက်စားခြင်း လုပ်ဆောင်သော လမ်းလွှဲရေစီးကြောင်း	ရေမရရှိမှုကြောင့် ရေနေ ကုန်းနေ ဂေဟစနစ် (ရေနှင့်ကုန်းပြင်ကြား နေရာ) တို့ဆုံးရှုံးခြင်း သို့မဟုတ် ယုတ်လျော့ကျခြင်း။ စိုက်ပျိုးရေး နှင့် အခြားသော ရေမှီတင်း အသုံးပြုမှုများအတွက် ရေရရှိမှုဆုံးရှုံးခြင်း သို့မဟုတ် လျော့ကျခြင်း။ အနည်ကျခြင်း (TSS) တို့မြင့်မား လာမှုကြောင့် မြစ်ကြေပိုင်း ရေမှီတင်း အသုံးပြုမှုများအား ထိခိုက် စေသော

အန္တရာယ်များ (ထိခိုက်မှု၏ အရင်းအမြစ်များ)	အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းကြောင်းများ	ထိခိုက်မှု/ထိခိုက်ခံများ
		ရေအရည်အသွေး လျော့ကျလာမှု (ဥပမာ၊ ရေနေ ဂေဟစနစ်နှင့် လူထုများ)၊ မြစ် ရေလျှံခြင်းကို ဖြစ်စေသော အနည်ကျခြင်းတို့ကြောင့် မြစ်ကောလာခြင်း
ရေလမ်းကြောင်း ပိတ်ဆို့ခြင်း	မြစ်ရေလျှံခြင်း။	ကျေးရွာများနှင့်လူထု အခြေခံအဆောက်အအုံများတွင် ရေကြီး ရေလျှံခြင်းကြောင့် အသက်နှင့် ပစ္စည်းဥစ္စာ ဆုံးရှုံးမှု၊ ဇီဝမျိုးစိတ်များ လျော့ကျပျက်စီးခြင်းနှင့် ဆုံးရှုံးမှု။
ကျောက်စိမ်းဆောင် မြေသားကို ရေပိုက်ဖြင့် ထိုးချခြင်း သို့မဟုတ် ရေဖြင့် ဆေးချခြင်း	တိုက်စားခြင်းနှင့် အနည်ကျခြင်းကို ဖြစ်စေသည့်ရေလမ်းကြောင်းများသို့ လျှံကျရေများ စီးဝင်ခြင်း။	လူတို့၏ ကျန်းမာရေးနှင့် ရေနေဂေဟစနစ် လျော့ကျပျက်စီးခြင်း ဖြစ်စေသည့် ရေအရည်အသွေး ညံ့ဖျင်းမှု။
ဟင်းလင်းပွင့် သတ္တုတွင်းများ	စုဆောင်းရေများသည် လက်ခံရာ ပတ်ဝန်းကျင်သို့ ထွက်ခြင်း။ (ဥပမာ၊ မိုးကြီးခြင်းမှ)	လူတို့ ၏ ကျန်းမာရေးနှင့် ရေနေဂေဟစနစ် လျော့ကျပျက်စီးခြင်း ဖြစ်စေသည့် ရေအရည်အသွေး ညံ့ဖျင်းမှု။
အန္တရာယ်ရှိသည့် ပစ္စည်းများ၊ အန္တရာယ်ရှိစေနိုင်သည့် စွန့် ပစ်ပစ္စည်းများ	ဓာတ်ပြုပျက်စီးနေသော မြေနှင့် ရေများပါရှိသည့် လျှံကျရေများ မြေပေါ် ရေနှင့် မြေအောက်ရေထဲသို့ရောက်ရှိခြင်း။	လူတို့ ၏ ကျန်းမာရေးနှင့် ရေနေဂေဟစနစ် လျော့ကျပျက်စီးခြင်း ဖြစ်စေသည့် ရေအရည်အသွေး ညံ့ဖျင်းမှု။
အန္တရာယ်မရှိစေနိုင်သည့် စွန့် ပစ်ပစ္စည်းများ	အန္တရာယ်မဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများ ရေလမ်းကြောင်းများအတွင်းသို့ စွန့် ပစ်ခြင်း။ အန္တရာယ်မဖြစ်စေနိုင်သည့် စွန့် ပစ်ပစ္စည်းများပါ လျှံကျသောရေများ မြေပေါ် ရေနှင့် မြေအောက်ရေထဲသို့ ရောက်ရှိခြင်း။	လူတို့၏ ကျန်းမာရေးနှင့် ရေနေဂေဟစနစ် လျော့ကျပျက်စီးခြင်း ဖြစ်စေသည့် ရေအရည်အသွေး ညံ့ဖျင်းမှု။

၆။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

မြေပေါ်ရေ၊ မြေအောက်ရေ ရင်းမြစ်များနှင့်ပတ်သက်သည့် သက်ဆိုင်သောဥပဒေ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများကို ဤအပိုင်းတွင် စာရင်းပြုထားပါသည်။

၆.၁ ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များ

တိုက်စားခြင်းနှင့် အနည်ကျခြင်းတို့ ထိန်းချုပ်မှုနှင့် ဆက်နွယ်သော ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများမှာ အောက်ပါတို့ ဖြစ်သည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၈ အရ မည်သူမျှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိခိုက်ပျက်စီးရန် ရည်ရွယ်၍ တစ်စုံတစ်ရာပြုလုပ်ခြင်း သို့မဟုတ် ရေကြောင်းအား ပြောင်းလဲစေခြင်း မပြုရ၊ ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်း မပြုရ။
- ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ) အရ မည်သူမျှ မြစ်ချောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်းလုပ်ငန်းများမှ စွန့်ပစ်မြေစာနှင့် အခြားပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ဖြစ်စေ၊ မြစ်ချောင်းအတွင်း စီးဝင်နိုင်သည့် ရေဆင်းလမ်းလျှို့မြောင်များအတွင်းသို့ဖြစ်စေ စွန့်ပစ်ခြင်း မပြုရ။
- ပုဒ်မ ၂၂ အရ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း စီးပွားရေးအလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်း မပြုရ။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၃) တွင် အမှိုက်များနှင့် အန္တရာယ်ရှိသော အရာဝတ္ထုပစ္စည်းများကို စွန့်ပစ်ခြင်းကို တားမြစ်ကြောင်း ဖော်ပြထားပါသည်။

ရေချိုငါးလုပ်ငန်းဥပဒေ (၁၉၉၁) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃၆ အရ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာန၏ ခွင့်ပြုချက် မရှိဘဲ ဆည်၊ တမံ၊ ယင်းစသော အပိန့်အဆို့၊ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုရ။
- ပုဒ်မ ၄၈ အရ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါး၊ အခြားရေသတ္တဝါတို့အား အနှောင့်အယှက် ဖြစ်စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုလုပ်ရ။

- ပုဒ်မ ၄၁ အရ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်းမြောင်းများတွင် ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏ အမျိုးအစား၊ ရေ၏ ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၇၊ ပုဒ်မခွဲ (ဏ) အရ ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းသူက ပေးလျော်စေရန်၊ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေရန်၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ် သုံးစွဲသည့် လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေရန် စီမံခန့်ခွဲခြင်း။

- ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်စေခြင်း။

- ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင် အထောက်အကူပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုရမည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

- ပုဒ်မ ၂၄ အရ ဝန်ကြီးဌာနသည် ကြီးတင်ခွင့်ပြုချက် ထုတ်ပေးသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။ ယင်းစည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်မှု ရှိမရှိ စစ်ဆေးခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးရန် အကြောင်းကြားခြင်း ပြုနိုင်သည်။

- ပုဒ်မ ၂၉ အရ မည်သူမျှ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၁၄) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နည်းဥပဒေ ၆၈ အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်ရေးအတွက် နည်းဥပဒေ ၅၂၊ ၅၃ နှင့် ၆၂ အရ သတ်မှတ်သည့် လုပ်ငန်းအမျိုးအစားများတွင် မပါဝင်သည့် အသေးစား ပုဂ္ဂလိကလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံများသည် လုပ်ငန်းတည်ဆောက်လည်ပတ်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ခွင့်ပြုချက်၊ လိုင်စင်လျှောက်ထားခြင်းမပြုမီ ပတ်ဝန်းကျင် ထိခိုက်မှု ရှိမရှိနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူရမည်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) အရ သတ္တုတွင်းဝန်ကြီးဌာနသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံး ပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာမြေအဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလ တန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီ လွှဲပြောင်းရယူခြင်းပြုနိုင် သည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် သတ်မှတ်ထားသော ဈေးနှုန်းကို လျှောက်ထားသူက သတ်မှတ်ကာလ အတွင်း ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

- ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ခွင့်ပြုသည့် အခါ အသေးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် လုပ်ကိုင်ခွင့်သက်တမ်းနှင့် ဈေးနှုန်း တို့ကို ပြန်လည်သတ်မှတ်ရမည်။

- ပုဒ်မ ၁၆ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်-

  (က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

  (ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

  (ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။

  (ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။

(c) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ဌားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ၊

(စ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(၂) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ် မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန် နှင့် မတော်တဆဖြစ်ပွားမှုကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

- ပုဒ်မ ၃၆ အရ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်းကမ်းများကို လည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှု ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်များ နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ တွင်လူသားတို့၏ ကျန်းမာရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှု မဖြစ်စေရန်အလို့ငှာ နေရာအသီးသီး၏ ဆူညံသံနှင့် တုန်ခါမှု၊ အခိုးအငွေ့ထုတ်လွှတ်မှုနှင့် အရည်စွန့်ထုတ်မှုများထိန်းချုပ်ရေးအတွက် လိုက်နာရမည့် အခြေခံစည်းမျဉ်းများကို ဖော်ပြထားပါသည်။

အမျိုးသား ပတ်ဂန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်ခြင်း) လမ်းညွှန်ချက်များတွင် ကျောက်တူးဖော်ခြင်းများအပါအဂင် သတ္တုတွင်းလုပ်ငန်းနေရာများတွင် လျှံကျရေများနှင့် စွန့်ပစ်ရေများဖယ်ထုတ်ခြင်းအတွက် (guideline values) များ ချမှတ်ပေးထားပါသည်။ ယင်းလမ်းညွှန်ချက်များသည့် ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းအတွက် အသုံးချနိုင်ပြီး ယခု EMP တွင်လည်း ထည့်သွင်းထားပါသည်။ ရေအရည်အသွေးအတိုင်းအတာများနှင့် (guideline values) ကို ဇယား (၂) တွင် စာရင်းပြုစုထားပါသည်။

ဇယား (၂) လျှံကျရေများနှင့် စွန့် ပစ်ရေများ ဖယ်ထုတ်ခြင်းအတွက် (guideline values) များ

သတ်မှတ်ချက်	ယူနစ်	အများဆုံး ပါဂင်မှု
ဇီဝဓာတုဆိုင်ရာ အောက်ဆီဂျင် လိုအပ် ချက် (BOD)	mg/L	၃၀
ဓာတုဗေဒဆိုင်ရာ အောက်ဆီဂျင်လိုအပ် ချက် (COD)	mg/L	၁၂၅
ဆီနှင့်အမဲဆီ	mg/L	၁၀
pH	S.U.[a]	၆-၉
Coliform bacteria စုစုပေါင်း	100 mL	၄၀၀
နိုက်ဒရိုဂျင် စုစုပေါင်း	mg/L	၁၀
ဖော့စဖရက်(စ်) စုစုပေါင်း	mg/L	၂
ဖျော်ဝင်အစိုင်အခဲ စုစုပေါင်း (TSS)	mg/L	၅၀

* စံယူနစ် -

၆.၂ အမိန့်ကြော်ငြာစာများ

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ကျောက်စိမ်းတူးဖော်ခြင်းဌာနမှ လုံးခင်း/ဖားကန့် ရတနာနယ်မြေအတွက် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ(၁၉၉၅)၏ ပုဒ်မ ၅၄(ခ)နှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ၏ ပုဒ်မ ၅၄(ဂ) အောက်တွင် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ပြီးဖြစ်ပါသည်။

မြေပေါ်ရေနှင့် မြေအောက်ရေး စီမံခန့် ခွဲမှုနှင့် သက်ဆိုင်သော အမိန့်ကြော်ငြာစာများမှာ

- အမိန့်ကြော်ငြာစာအမှတ်၊ ၁၂၁/၉၉၊ အောက်တိုဘာ ၄၊ ၁၉၉၉
- စာအမှတ်၊က-၃၇/၂၉၅/၂၀၁၇၊ ဒီဇင်ဘာ ၂၉၊ ၂၀၁၄
- စာအမှတ်၊က-၃၇/၁၄၆/၂၀၁၆၊ ဇန်နဝါရီ ၂၆၊ ၂၀၁၆
- စာအမှတ်၊က-၃၇/၃၈၃/၂၀၁၆၊ မေ ၂၃၊ ၂၀၁၆

ဤအမိန့်ကြော်ငြာစာများကို ယခု EMP ၏ နောက်ဆက်တွဲ (၂) တွင် ပူးတွဲဖော်ပြထားသည်။

၆.၃ နိုင်ငံတကာ စံနှုန်းများ

နိုင်ငံတကာငွေကြေးဆိုင်ရာ ကော်ပရေးရှင်း (International Finance Corporation IFC) သည် တိုက်စားခြင်းနှင့်အနည်ကျခြင်း ထိန်းချုပ်မှုပါဂင်သည့် မြေပေါ်ရေ၊ မြေအောက်ရေ ရင်းမြစ်များ စီမံခန့် ခွဲမှု ယေဘုယျ လမ်းညွှန်ချက်များကို ဖော်ပြထားပါသည်။ သက်ဆိုင်ရာ လမ်းညွှန်ချက်များမှာ -

- သတ္တုတွင်းလုပ်ငန်းအတွက် ပတ်ဂန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး လမ်းညွှန်ချက်များ၊ ဒီဇင်ဘာ ၂၀၀၇၊ IFC/ World Bank

နိုင်ငံတကာတိုက်စားခြင်း ထိန်းချုပ်အဖွဲ့ အစည်း (Australasia) က တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်မှု လုပ်ထုံးလုပ်နည်းကောင်းများကို ရေးဆွဲထားပါသည်။ အောက်ပါထုတ်ပြန်ချက်များတွင် တိုက်စားခြင်းနှင့် အနည်ကျခြင်းတို့ထိန်းချုပ်မှုအတွက် လိုအပ်သော အကြောင်းအချက်များပါဂင်သည့် တန်ဖိုးရှိသော လမ်းညွှန်ချက်များ ဖော်ပြထားပါသည်။

- တိုက်စားခြင်းနှင့် အနည်ကျခြင်းထိန်းချုပ်မှု လုပ်ထုံးလုပ်နည်းကောင်းများ၊ နိဂင်ဘာ ၂၀၀၈ (ပြန်လည်ပြင်ဆင်ခြင်း)၊ နိုင်ငံတကာ တိုက်စားခြင်း ထိန်းချုပ် အဖွဲ့ အစည်း။ (Australasia)
- တိုက်စားခြင်းနှင့် အနည်ကျခြင်းထိန်းချုပ်မှု လုပ်ထုံးလုပ်နည်းကောင်းများ၊ နိဂင်ဘာ ၂၀၀၈၊ နောက်ဆက်တွဲ (ခ)၊ အနည်စစ်ကန် ဒီဇိုင်းနှင့် လည်ပတ်ခြင်း - မူကြမ်း။ ဒီဇင်ဘာ ၂၀၁၆ ၊ နိုင်ငံတကာ တိုက်စားခြင်း ထိန်းချုပ်အဖွဲ့ အစည်း။ (Australasia)

၇။ စီမံခန့် ခွဲမှု အစီအမံများ

မြေပေါ်ရေ၊ မြေအောက်ရေ ရရှိမှုနှင့် ရေအရည်အသွေးတို့ကို ယခုအစီအစဉ်၏ အပိုင်း (၄) တွင် ဖော်ပြပါ ဆက်စပ်နေသော အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများနှင့် ဖြည့်စွက်အစီအမံများတွင် စာရင်းပြုထား သည့်စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ ပေါင်းစပ်ကာ စီမံခန့်ခွဲမှုပြုလုပ်ရပါမည်။

လျှံကျရေနှင့် စွန့်ပစ်ရေဖယ်ထုတ်လွှတ်ခြင်း၌ ဇယား (၂) တွင် ဖော်ပြထားသော အမျိုးသား ပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်ခြင်း) လမ်းညွှန်ချက်များ (၂၀၁၂) ၏ ဖော်ပြပါ (Guideline values) များကို မကျော်လွန်စေရပါ။ တိုက်စားခြင်းနှင့် အနည်ကျခြင်းတို့သည် မြေပေါ်ရေ အဂါရပ်များနှင့် ရေအ ရည် အသွေးကို အသိသာဆုံး ထိခိုက်စေပါသည်။ ယခု EMP အတွက် ကြားကာလ အတွင်းတွင်၊ ရေ နှောက်ကျိမှု (အရည်ပျော်သော မြေသားများ) သည် တိုင်းတာမှုပြုမည့် ရေအရည်အသွေး အတိုင်းအ တာဖြစ်ပါသည်။ အခြားသော ရေအရည်အသွေး အတိုင်းအတာများကို ယခု EMP အား ပြန်လည် ပြင်ဆင် ခြင်းအတွက် အခြေခံ (Baseline) အဖြစ် ဒေသဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်း ကွန်ယက် အစိတ်အပိုင်း အဖြစ် တိုင်းတာ ရပါမည်။

စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များကို အထက်တွင် ဖော်ပြထားသည့် အမိန့်ကြော်ငြာစာများနှင့် ပေါင်းစပ်ကာ အသေးစိတ်ဖော်ပြထားပြီး အမိန့် ကြော်ငြာစာများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။

သတ္တုတွင်း မတူးဖော်မီ

သတ္တုတွင်း မတူးဖော်မီ အောက်ပါ အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက် ထားရပါမည်။

(က) ဒေသတွင်း နေပြည်သူများ၊ မြေပိုင်ရှင်များနှင့် ဆွေးနွေးတိုင်ပင်ပြီး ကျေးရွာနှင့် ရေအရင်း အမြစ်ပိုင် ရှင်များ (ရေတွင်းများ၊ စမ်း၊ စမ်းချောင်းများ) ကိုဖော်ထုတ်ပါ။ ရေအတိမ်အနက်၊ စီးဆင်းမှု သို့မ ဟုတ် ရေရရှိနိုင်မှု၊ ရာသီအလိုက် ရေစီးဆင်းမှု အပြောင်းအလဲနှင့် သုံးစွဲခြင်းစသည့် သတင်းအ ချက်များရှာဖွေပါ။


(ခ) ရေအောင်းလှာနှင့် ပြန်လည်ဖြည့်သွင်းသည့် နေရာများကို သတ်မှတ်ရန် အရည်အချင်းပြည့်မီသော Hydrogeologist နှင့် ချိတ်ဆက်၍ ရေတွင်းများနှင့် စမ်းချောင်းများအား အထောက်အကူဖြစ်စေရန် Hydrogeological သတင်းအချက် အလက်များရယူပါ။

(ဂ) ရေအောင်းလှာ ရေပြန်ဖြည့်တင်းသည့် နေရာများကို သတ္တုတွင်း ဒီဇိုင်းဖော်ခြင်းနှင့် ယင်းနေရာများ မှ ဒေသခံသဘာဝပေါက်ပင်များကို ထိန်းသိမ်းခြင်းဖြင့် ကာကွယ်ပါ။

(ဃ) လုပ်ကွက်နှင့် မြစ်ကြေပိုင်းအတွင်း ရေဂေရေလဲနေရာ(များ)၊ ရေထုတ်လမ်းကြောင်းများနှင့် ရေ လမ်းကြောင်းများသတ်မှတ်ရန် သတ္တုတွင်းများနှင့် စွန့်ပစ်မြေစာပုံများ စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါ။

(c) မြေပေါ်ရေစီမံမှုစနစ်ကို ဒီဇိုင်းဖော်ရန် သတ္တုတွင်းများနှင့် စွန့်ပစ်မြေစာပုံများ စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါ။

(စ) သတ္တုတွင်း ဒီဇိုင်းဖော်ခြင်း (ပုံပြဇ ယား ၁) ဖြင့် မြေပေါ်ရေ အဂါရပ်များနှင့် မြေနှင့်ရေကြား ပေါက်ပင်များကို ကာကွယ်ပါ။



ကျောက်စိမ်းတူးဖော်ရေး ပြုလုပ်သည့်နေရာ
ရေလမ်းကြောင်းနှင့် ရေနှင့်ကမ်းပါးကြားရှိ သဘာဝပေါက်ပင်များကို ကာကွယ်ခြင်း

ပုံပြဇ ယား (၂) ရေလမ်းကြောင်းများနှင့် မြေနှင့်ရေကြား ပေါက်ပင်များကို ကာကွယ်ခြင်း

သတ္တုတွင်း တူးဖော်နေစဉ်အတွင်း

မြေပေါ်ရေ၊ မြေအောက်ရေ ရင်းမြစ်နေရာများ ကာကွယ်ရန် အောက်ပါစီမံခန့်ခွဲမှု လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ထားရပါမည်။

(ဆ) ထိခိုက်မှုနေရာဒေသများကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေရမည်ဖြစ်ပြီး၊ ရေလမ်းကြောင်းများနှင့် မြေနှင့်ရေကြားသဘာဝပေါက်ပင်များကို ထိခိုက်မှုကို ရှောင်ရှားရပါမည်။ (ပုံပြဇယား ၁ တွင် ကြည့်ပါ။)

(ဇ) တိုက်စားခြင်းနှင့် အနည်ကျခြင်းလျော့ချနိုင်ရန် တိုက်စားခြင်းနှင့် အနည်ကျခြင်း ထိန်းချုပ်မှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါ။

(ဈ) ဥရုချောင်းနှင့် ၎င်း၏ ချောင်းလက်တက်များမှ စ၍ ယာယီတည်ဆောက်ထားသော တံတားများနှင့် တာရိုးလမ်းများကို နှစ်စဉ် မေလတွင် ဖယ်ရှားပါ။

(ည) စွန့်ပစ်ပစ္စည်းများနှင့် မိလ္လာအညစ်အကြေးများကို မလျော်မကန် စီမံခန့်ခွဲမှုတို့ကြောင့် ရေလမ်းကြောင်းများ ညစ်ညမ်းခြင်းကို ရပ်တန့်စေရန်အတွက် အန္တရာယ်မဖြစ်စေနိုင်သည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါ။

(ဋ) မြေလွှာ၊ မြေပေါ်ရေ၊ မြေအောက်ရေများ မာတ်ပြုပျက်စီးခြင်းမှ ရပ်တန့်စေရန် မာတုပစ္စည်းများနှင့် အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်း စီမံခန့် ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါ။

(ဌ) ရေလမ်းကြောင်းများတွင် တိုက်စားခြင်းနှင့် အနည်ကျခြင်းတို့လျော့ချရန် ထိခိုက်ပျက်စီးသည့်မြေများတွင် အဆင့်ဆင့် အပင်များပြန်လည်စိုက်ပျိုးရန် ပြန်လည်တည်ထောင်ခြင်း စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါ။

(ဍ) သတ္တုတွင်းတူးဖော်ခြင်း ဆက်စပ်လုပ်ငန်းများကြောင့် ဆိုးရွားစွာ (ဆိုးကျိုး) ထိခိုက်ပျက်စီးသွားသောကျေးရွာ သို့မဟုတ် ရေအရင်းအမြစ်ပိုင်ရှင်များ (ရေတွင်းများ၊ စမ်းနှင့် စမ်းချောင်းများ) ကို အခြားသောရေအရင်းအမြစ်များ ပေးအပ်ပါ။ လက်တွေ့အကျဆုံးသော ဖြေရှင်းချက်ရရှိရန် အခြားသောရေရရှိနိုင်သည့်နည်းလမ်းများကို လူထုအခြေပြုအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေး အကြံရ ယူပါ။ နည်းလမ်းများတွင် အောက်ပါတို့ ပါဝင်သည်။

(၁) သတ္တုတွင်း တူးဖော်ခြင်းကြောင့် ထိခိုက်မှုမရှိသော သင့်တော်သည့် ရေအောင်းလွှာအတွင်းသို့ ပြွန် (Bore tube)) စိုက်ထားပါ။

(၂) သတ္တုတွင်း တူးဖော်ခြင်းလုပ်ငန်းများကြောင့် ထိခိုက်မှုမရှိသော သင့်တော်သည့် အရင်းအမြစ်မှ ကျေးရွာ/ မြေပိုင်ရှင်များအား ရေပိုက်သွယ်ပေးပါ။

(၃) ရေပြုပြင်စီမံသည့် စက်ရုံ (water treatment plant) ပြင်ဆင် ထိန်းသိမ်းရန် အတွက် အထောက်အပံ့များပေးပါ။

သတ္တုတူးဖော်ပြီးသောအခါ

မြေပေါ်ရေ အဂါရပ်များ ပြန်လည်ရရှိခြင်းသည် ရေရှည်မြေသားတည်ငြိမ်မှု၊ မြေပေါ်ရေရရှိမှုနှင့် ရေအရည်အသွေးတို့ သေချာရန်မှာ အရေးကြီးလှပါသည်။ အောက်ပါစီမံခန့်ခွဲမှု လုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ထားရပါမည်။

(ဎ) သတ္တုတွင်း ပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါ။

(ဏ) မည်သည့် ရေရရှိနိုင်သည့် အခြေခံအဆောက်အအုံ ကိုမဆို လွှဲပြောင်းပေးအပ်ရာတွင် လူထုအ ထောက်အကူပြုနှင့် ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပါ။

၈။ လုပ်ဆောင်ချက် စံချိန်စံနှုန်းများ

မြေပေါ်ရေနှင့် မြေအောက်ရေ စီမံခန့် ခွဲမှုအတွက် လုပ်ဆောင်ချက် စံချိန်စံနှုန်းများမှာ -

- မြစ်ကြေပိုင်းရေကို မှီတင်းအသုံးချသူများမှ ရေအရည်အသွေးညံ့ဖျင်းမှု တိုင်ကြားချက်များ မရရှိ ခြင်း
- ရေအရင်းအမြစ်များ လျော့နည်းလာမှု သို့မဟုတ် ကင်းမဲ့လာမှုတို့ကြောင့် မဖြေရှင်းရသေးသော တိုင်ကြားချက်များ မရှိခြင်း။

၉။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ လိုအပ်ချက်များ

ဆက်စပ်နေသောအစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများတွင် စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း ဆိုင်ရာ နည်းလမ်းများသည် ယခုအစီအစဉ်၏ လိုအပ်ချက်များကို ဖြေရှင်းပေးပါသည်။ အဓိက စစ်ဆေး ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ လိုအပ်ချက်များသည် လူထု၏ ရေအရည်အသွေးညံ့ခြင်း သို့မဟုတ် ရှိရင်းစွဲ ရင်းမြစ်များမှရရှိသော အရင်းအမြစ်များ (ဥပမာ၊ ရေတွင်းများ၊ စိမ့်စမ်းများနှင့် စမ်းချောင်းများ စသည်) လျော့နည်းလာခြင်း သို့မဟုတ် ကင်းမဲ့လာခြင်းတို့အပေါ် စိုးရိမ်မှုများကို ဖြေရှင်းပေးပါသည်။

ယခုအစီအစဉ်နှင့် တွဲထားသော စစ်ဆေးမှုစာရင်းကို သုံး၍ လိုက်နာမှု ရှိမရှိ ဆုံးဖြတ်ရမည်။
ကြိမ်နှုန်းများအား ဇယား (၃) တွင် ဖော်ပြထားပါသည်။

ဇယား (၃) စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း အကြိမ်နှုန်း

လုပ်ငန်းစဉ်များ	အကြိမ်အရေအတွက်
ရေနှင့်ကုန်းကြား ကြားခံဇုံ နေရာတကျဖြစ်ခြင်းနှင့် ကာကွယ်ပေးထားခြင်း	လစဉ်
လူထုနစ်နာမှုတိုင်ကြားချက်များ ကိုင်တွယ်ဖြေရှင်းသည့်စနစ်	လစဉ်

ရေ စီမံခန့် ခွဲမှု အစီအစဉ်

သတ်မှတ်ချက်များ လိုက်နာမှု ရှိမရှိ စစ်ဆေးရမည့် စာရင်း

မှော် နှင့် လုပ်ကွက် နံပါတ်

ကုမ္ပဏီ နှင့် သတ္တုတွင်း အမည်

စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သူ

စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သည့် ရက်စွဲ

လိုက်နာဆောင်ရွက်မှု အထောက်အထား	လိုက်နာကိုက်ညီခြင်း ရှိသည် (သို့) မရှိပါ။
ဖြစ်နိုင်ပါက ရေလမ်းကြောင်းများကို ရှောင်ရှားခြင်း အထောက်အထား	
ရေနှင့်ကုန်းကြား ကြားခံဇုံတည်ရှိ၍ ထိခိုက်မှု မရှိခြင်း	
ကျေးရွာနှင့် ရေရင်းမြစ် မြေပိုင်ရှင်များအား သတ်မှတ်ခြင်း	
လူထုနစ်နာမှုတိုင်ကြားချက် မှတ်တမ်းများ (ရေနှင့် ဆက်စပ်သည့် တိုင်ကြားချက်များ)	
လိုအပ်ပါက အခြားသော ရေရရှိနိုင်သည့် အထောက်အပံ့များပေးခြင်း	

ဖားကန့်/လုံးခင်းရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

အလုပ်သမားတန်းလျား စီမံခန့်ခွဲမှု အစီအစဉ်

Version: Rev 1	ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်

၁။ နိဒါန်း

ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းသည် လုံးခင်း/ဖားကန့်ဒေသတွင် သတ္တုတွင်းလုပ်သား အရေအတွက်ကို တိုးမြှင့်လာစေသည်။ အခြားဒေသမှ လာရောက်သောအလုပ်သမားများ၏ နေထိုင်သွားလာရေး လိုအပ် ချက်ကြောင့် ဒေသတွင်း အိုးအိမ်နှင့်သယ်ယူပို့ဆောင်ရေးစနစ်အပေါ်တွင် ဝန်ပိစေပါသည်။ ထို့အပြင် အစား အစာ၊ ရေနှင့် ကျန်းမာရေးဝန်ဆောင်မှုတို့ကဲ့သို့သော အခြေခံလိုအပ်ချက်များလည်း မြင့် တက်လာသည်။ သင့်လျော်သော စီမံခန့်ခွဲမှုမရှိလျှင် ဤဖိအားများသည် ဒေသခံပြည်သူများနှင့် ပတ်ဝန်းကျင်အပေါ် ဆိုးရွားသော ထိခိုက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။

ပြည့်စုံမှုရှိသောအလုပ်သမားတန်းလျားများသည် ထိုဖြစ်နိုင်ခြေရှိသော ထိခိုက်မှုများကို လျော့ပါးသက်သာ အောင်ကူညီပေးလိမ့်မည်ဖြစ်ပြီး ရေအထောက်အပံ့၊ လုံလောက်သောမိလ္လာကန်၊ အညစ်အကြေးစွန့်ပစ်ခြင်း နှင့်လျှော့ဖွတ်ရေးရာ ဆေးကြောရန် အထောက်အ ကူပြုသည့် ပစ္စည်းများ ကာကွယ်နိုင်ရန်၊ လေကောင်း လေသန့်နှင့် အလင်းရောင်ရရှိစေရန် စသည့် အခြေခံ ဝန်ဆောင်မှုများ ပါဝင်သင့်ပါသည်။

ဤအလုပ်သမားတန်းလျားများ စီမံခန့်ခွဲမှုအစီအစဉ် (ယခုအစီအစဉ်) တွင် အကြီးစားကျောက်စိမ်းတူးဖော် ခြင်းနှင့်ပတ်သက်၍ အလုပ်သမားတန်းလျားကို စီမံခန့်ခွဲရမည့်နည်းလမ်းများကို ဖော်ပြထားပါသည်။ ဤ အစီအစဉ်သည် လုံးခင်း/ဖားကန့်ရတနာနယ်မြေ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး ၎င်း EMP တွင် ပါဝင်သော အခြားအပိုင်းများနှင့်တွဲ၍ဖတ်ရပါမည်။

၂။ ရည်မှန်းချက်များ

ယခုအစီအစဉ်၏ ရည်မှန်းချက်များမှာ -

- သတ္တုတွင်းလုပ်သားများအား ပြည့်စုံလုံလောက်သော အလုပ်သမားတန်းလျားများများနှင့် အခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးရန်။
- လုံးခင်း/ဖားကန့်ရတနာနယ်မြေအတွင်း အလုပ်သမားများစုပြုံလာခြင်းမှ ဖြစ်ပေါ်နိုင်သည့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ထိခိုက်မှုများကို ရှောင်ရှားရန်၊ သို့မဟုတ် လျော့ချနိုင်ရန်။

၃။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ထိတွေ့မှုကြောင့် ကူးစက်ပျံ့နှံ့တတ်သောရောဂါ (Communicable disease) - တိုက်ရိုက်ထိ၍သော်လည်းကောင်း၊ သွယ်ဝိုက်ထိ၍သော်လည်းကောင်း လူတစ်ဦးမှတစ်ဦးဆီသို့ကူးစက်ပျံ့ နှံ့ တတ်သောရောဂါ။

သတ္တုတွင်းကုမ္ပဏီ (Mining company) - ကျောက်စိမ်းလုပ်ကွက်၊ နေရာတစ်ခုတွင် ကျောက်စိမ်းထုတ်လုပ်ရန်ခွင့်ပြုမိန့်ရရှိထားသော ကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီ၊ သမဝါယမလုပ်ငန်း၊ လူပုဂ္ဂိုလ်များ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦး။

အလုပ်သမား (Worker) - သတ္တုတွင်းကုမ္ပဏီပိုင်ရှင်များ၊ လုပ်သားများ၊ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံကန်ထရိုက်တာများနှင့် မိသားစုဝင်များအားလုံးအပါအဝင် သတ္တုတွင်းကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်နေသည့် လူပုဂ္ဂိုလ်များ။

၄။ ဆက်စပ်နေသော အစီအစဉ်များနှင့် နည်းလမ်းများ

ဤအစီအစဉ်နှင့်အတူ အောက်ပါအစီအစဉ်များတွင်ပါဝင်သော စီမံခန့်ခွဲမှုအစီအမံများကို အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သည်။

- လိုက်နာရမည့် ကျင့်ထုံးများ
- လူထုအထောက်အပံ့နှင့်ဖွံ့ဖြိုးရေး အစီအစဉ်
- လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်
- ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်
- သတ္တုတွင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှု အစီအစဉ်

၅။ သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

အလုပ်သမားတန်းလျား စီမံခန့်ခွဲမှုအစီအစဉ်နှင့် ဆက်နွယ်သော ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များနှင့် စံနှုန်းများကို အောက်ပါကဏ္ဍတွင် စာရင်းပြုစုထားသည်။

၅.၁။ ဥပဒေများ၊ စည်းမျဉ်းများ၊ လမ်းညွှန်ချက်များ

အလုပ်သမားတန်းလျားနှင့် ဆက်စပ်သည့် ဥပဒေများ၊ စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များမှာ -

ကူးစက်ရောဂါ ကာကွယ်နှိမ်နှင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၁) တွင် အသေးစိတ်ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၃ အရ ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါ ဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

  (၁) ကလေးသူငယ်များအား ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေး တိုက်ကျွေးခြင်း၊

(၂) လိုအပ်ပါက အရွယ်ရောက်သူများကိုပါ ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေး တိုက်ကျွေးခြင်း၊

(၃) ကူးစက်ရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၄) ကူးစက်ရောဂါနှင့် စပ်လျဉ်း၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၅) နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ဝင်ပေါက်နှင့် ထွက်ပေါက်၊ အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ရေဆိပ်၊ အခြားလိုအပ်သော လေဆိပ်၊ ရေဆိပ်နှင့် ကားရပ်နားစခန်းများတွက် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၆) နေအိမ်အဆောက်အအုံ၊ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် အသွားအလာ တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း၊

(၇) ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေသည်ဟု သံသယရှိ သူများအား သီးခြားထားရှိ ကုသခြင်း၊

(၈) ကူးစက်ရောဂါအလိုက် လိုအပ်သော ကာကွယ်နှိမ်နင်းရေးအတွက် ဆေးဖျန်းခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၉) အများပြည်သူတို့၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက် သည့် လုပ်သားများအား ကူစက်ရောဂါ မဖြစ်ပွားစေရေးအတွက် လုပ်ငန်းခွင်တွင် ကျန်းမာရေးနှင့် ညီညွတ်သော နေအိမ်ဆောက်လုပ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ် သော သောက်ရေနှင့် သုံးရေရရှိရေး၊ အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ရေး နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရ မဟုတ် သော အဖွဲ့အစည်းများအား အကြံပြုခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၁၀) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလုပ်ငန်း များကို ဆောင်ရွက်ခြင်း။

- ပုဒ်မ ၄ အရ အများပြည်သူတို့သည် ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးနှင့် ကူးစက်ရော ဂါကာကွယ်နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာန တို့၏ ပုဒ်မ ၃ ပါဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်ကြရမည်။

- ပုဒ်မ ၉ အရ အိမ်ထောင်ဦးစီး၊ အိမ်ထောင်စုဝင်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းရှင်တစ်ဦးဦး သည် အောက်ပါကိစ္စတစ်ရပ်ရပ်ဖြစ်ပွားကြောင်း သိရှိလျှင် သိရှိလျင်း အနီးဆုံး ကျန်းမာရေး ဌာန သို့မဟုတ် ဆေးရုံသို့ ချက်ချင်းသတင်းပို့ရမည် -

  (က) ကြက်ဌက်အပါအဝင် တိရာစ္ဆာန်များ အစုလိုက်အပြုံအလိုက် သေဆုံးခြင်း၊

  (ခ) ကြွက်ကျခြင်း၊

  (ဂ) ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိခြင်း သို့မဟုတ် ယင်းရောဂါ ဖြစ်ပွားခြင်း၊

  (ဃ) တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်း။

- ပုဒ်မ ၁၁ အရ ကျန်းမာရေးအရာရှိသည် အဓိက ကူးစက်ရောဂါ ဖြစ်ပွားပျံ့နှံ့မှုကို ကာကွယ် နှိမ်နင်းနိုင်ရန်အလို့ငှာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်။

  (က) ကူးစက်ရောဂါဖြစ်ပွားသူကိုဖြစ်စေ၊ အခြားလိုအပ်သော ပုဂ္ဂိုလ်များကိုဖြစ်စေ စုံစမ်း မေးမြန်းခြင်း၊

  (ခ) ကျန်းမာရေးစစ်ဆေးစေခြင်း၊

  (ဂ) မစင်၊ ဆီး၊ သလိပ်၊ သွေးနမူနာများ ရယူ၍ ဓာတ်ခွဲစစ်ဆေးစေခြင်း၊

  (ဃ) အခြားလိုအပ်သော စစ်ဆေးမှုများကို ပြုလုပ်ခြင်း၊

  (င) ကူးစက်မြန်ရောဂါဖြစ်သည်ကို သံသယရှိသည့် တိရာစ္ဆာန် သို့မဟုတ် ယင်း တိရာစ္ဆာန်ထွက်ပစ္စည်း သယ်ဆောင်လာသောယာဉ်အား ဝင်ထွက်သွားလာခွင့် ပိတ်ပင်တားမြစ်ခြင်း။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၁၆) တွင် အသေးစိတ်ဖော် ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၉ အရ တာဝန်ခံပုဂ္ဂိုလ်သည်-

  (က) ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်မရှိသောနေရာ ဖြစ်ကြောင်း ဖော် ညွှန်းသည့် စာတန်းနှင့် အမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ ဆောင် ရွက်ထားရှိရမည်။

  (ခ) ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ စီမံထားရှိရ မည့်အပြင် ယင်းသို့ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာဖြစ်ကြောင်း ဖော် ညွှန်းသည့် စာတန်းနှင့် အမှတ်အသားများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

(ဂ) ဆေးလိပ်သောက်ခွင့်မရှိသောနေရာ၌ မည်သူမျှ ဆေးလိပ်သောက်ခြင်း မပြုရန် ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) မိမိတာဝန်ရှိသည့်နေရာသို့ ကြီးကြပ်ရေးအဖွဲ့ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆) တွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်သည့် ပုဒ်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ပုဒ်မ ၁၆ အရ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို သက်ဆိုင်ရာ တန်ဖိုးဖြတ်အဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြသ၍ မှတ်ပုံတင်ရမည်။

(ဃ) ဤဥပဒေနှင့်အညီ ရတနာခွန်ပေးဆောင်ရမည်။

(င) ရရှိထားသောခွင့်ပြုမိန့်ကို တစ်ဆင့်ဌားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ၊

(စ) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(၂) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ မြေပေါ် မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(၃) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုကို ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(၄) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်း

ကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည် ဖော်ခြင်း၊

(၅) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိန်း သိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(၆) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံး ရှုံးခြင်းနှင့် ကိုက်ခန္ဓာ ထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(၇) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူ ခြင်း။

- ပုဒ်မ ၃၆ အရ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်စည်း ကမ်းများကိုလည်းကောင်း ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူက လိုက်နာ ခြင်း ရှိမရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းတွင် လုပ်ကိုင်လျက် ရှိသော ဝန်ထမ်း များ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှု ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်း ရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင် ထိ ခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့်အညီ အကောင် အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ် ကွပ်ကဲခြင်း၊

(င) သတ္တုတွင်းဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များ ကို ထမ်းဆောင်ခြင်း။

၅.၂။ အမိန့်ကြော်ငြာစာများ

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းဌာနမှ လုံးခင်း/ဖားကန်ရတနာနယ်မြေအတွက် မြန်မာ့ ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၏ ပုဒ်မ ၅၄(ဂ) အရ အမိန့်ကြော်ငြာ စာများကို ထုတ်ပြန်ပြီးဖြစ်ပါသည်။

အလုပ်သမားတန်းလျားနှင့် သက်ဆိုင်သော အမိန့်ကြော်ငြာစာများမှာ -

- စာအမှတ်၊ က-၃၇/၂၀၉/၂၀၁၇၊ ဖေဖော်ဝါရီ ၁၆၊ ၂၀၁၇

ဤအမိန့် ကြော်ငြာစာများကို ယခု EMP ၏ နောက်ဆက်တွဲတွင် ပူးတွဲဖော်ပြထားသည်။

၅.၃။ နိုင်ငံတကာ စံနှုန်းများ

အလုပ်သမားတန်းလျားနှင့်ပတ်သက်၍ မြန်မာ့စည်းမျဉ်းစည်းကမ်းများနှင့် လမ်းညွှန်ချက်များတွင် မပါရှိသေးပါက ကောင်းမွန်သော နိုင်ငံတကာလုပ်ထုံးလုပ်နည်းကောင်းများဖြစ်သည့် အောက်ပါစံနှုန်းများနှင့် လမ်းညွှန်ချက်များကို အ သုံးပြုသင့်ပါသည်။

- IFC ၏ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လုပ်ဆောင်ချက် စံနှုန်း ၂ - အလုပ်သမားနှင့် လုပ်ငန်းခွင် အခြေအနေများ (၂၀၁၂)
- နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်းရုံး (ILO) အလုပ်သမားများ၏ နေအိမ်များဆိုင်ရာ ထောက်ခံချက်များ (၁၉၆၁) အမှတ် ၁၁၅

ဤစာတမ်းနှစ်ခုစလုံးသည် သတ္တုတွင်းကုမ္ပဏီကဲ့သို့သော လုပ်ငန်းပိုင်ရှင်များမှထောက်ပံ့ပေးရမည့် အလုပ်သမားတန်းလျားအတွက် အနည်းဆုံးလိုအပ်ချက်များကို ပြဋ္ဌာန်းထားပါသည်။ တန်းလျားများသည် ရှိသင့်သည့်နေရာ၊ သန့်ရှင်းမှု၊ ဘေးအန္တရာယ်ကင်းရှင်းမှုများအတွက် သင့်တော်ရမည်ဖြစ်ပြီး အလုပ်သမားများ၏ လိုအပ်ချက်များ ပြည့်မီစေရပါမည်။ကုမ္ပဏီမှပေးထားသော တန်းလျားများ သို့မဟုတ် အလုပ်သမားများ လွတ်လပ်စွာ ဝင်ထွက်ခွင့်ကို အကြောင်းမဲ့ ကန့်သတ်မထားရပါ။

ဤစာတမ်းများနှင့် သက်ဆိုင်သည့် အဓိကအစိတ်အပိုင်းများကို စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များတွင် ပေါင်းစပ်ထည့်သွင်းထားပါသည်။

၆။ စီမံခန့် ခွဲမှု အစီအမံများ

အောက်တွင်ဖော်ပြထားသော အစီအမံများသည် အလုပ်သမားတန်းလျားများအတွက် ကောင်းမွန်သော နိုင်ငံတကာလုပ်ထုံးလုပ်နည်းများကို အခြေခံထား၍ အထက်ဖော်ပြပါ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ရမည်။

သတ္တုတွင်း မတူးဖော်မီနှင့် သတ္တုတွင်း တူးဖော်နေစဉ်အတွင်း ဆောင်ရွက်ရမည့် အစီအမံများ

သတ္တုတွင်း မတူးဖော်မီနှင့် သတ္တုတွင်း တူးဖော်နေစဉ်အတွင်း အောက်ပါတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ထားရပါမည်။

(က) သတ္တုတွင်းလုပ်ငန်းနေရာ၌ သို့မဟုတ် အနီးအနား၌ သတ္တုတွင်းအလုပ်သမားများအတွက် သင့်တော်သောတန်းလျားများ ပေးထားခြင်း။

(ခ) နီးစပ်ရာလူနေစုများနှင့် အလုပ်သမာတန်းလျားများမှ လုပ်ငန်းနေရာသို့ သွားလာနိုင်ရန် အခမဲ့ သယ်ယူပို့ဆောင်မှု ပြုလုပ်ပေးပါ။ သယ်ယူပို့ဆောင်ယာဉ်များသည် လမ်းနှင့် လိုက်လျောညီထွေသော အနေအထားရှိရမည်ဖြစ်ပြီး ပြုပြင်ထိန်းသိမ်းနှင့် စစ်ဆေးခြင်းများကိုလည်း ပြုလုပ်ပေးရပါမည်။ ယာဉ်မောင်းများမှာ ကျွမ်းကျင်စွာ တတ်မြောက်ပြီး အရည်အချင်းပြည့်မီရပါမည်။

(ဂ) အလုပ်သမားတန်းလျားစုများကို ရေကြီးရေလျှံခြင်း ဖြစ်နိုင်ခြေရှိသော နေရာများ သို့မဟုတ် စွန့်ပစ်မြေစာပုံပေါ် သို့မဟုတ် စွန့်ပစ်မြေစာပုံများအနီး သို့မဟုတ် ဟင်းလင်းပွင့်တွင်းများ၏ အစွန်းအနီးနားတွင် တည်ဆောက်ခြင်းကို ရှောင်ကြဉ်ကြရပါမည်။

(ဃ) အလုပ်သမားတန်းလျားများအတွက် လုံခြုံမှုရှိရပါမည်။

(င) အများသုံး ထမင်းစားဆောင်များ၊ စားသောက်ဆိုင်များ သို့မဟုတ် အပန်းဖြေ ခန်းများကို အိပ်စက်ရာနေရာများနှင့် ဝေးရာတွင် ထားရှိရမည်။

(စ) အလုပ်သမားတန်းလျားတိုင်းတွင် အောက်ပါ အခြေခံဝန်ဆောင်မှု များရှိရမည်။

၁) အလုပ်သမားတစ်ဦးချင်းစီအတွက် သီးခြားကုတင်တစ်လုံးအပါအဝင် လုံလောက်သောနေရာထိုင်ခင်း (နှစ်ထပ်ထက်မပိုသော ကုတင်၊ လုံလောက်သော မျက်နှာကျက်အမြင့်၊ သက်သက်သာသာမှုရှိသည့် အိပ်ရာခင်းဆောင်တာများ၊ ခြင်ထောင်များ၊ အမျိုးသား/အမျိုးသမီးသီးခြားတန်းလျားများ၊ ကိုယ်ပိုင်ပစ္စည်းများထားရှိနိုင်ရန် လုံခြုံစိတ်ချရသော သိမ်းဆည်းရာနေရာများ)။

၂) ပြည့်စုံသော မိလ္လာကန်၊ အိမ်သာ၊ ရေချိုးခန်းနှင့် လျှော်ဖွတ်ရာနေရာများ။

၃) သောက်သုံးရန် သင့်တော်သော/ စိတ်ချရသော သောက်သုံးရေ လုံလောက်မှု။

၄) ပြည့်စုံသော စွန့်ပစ်ပစ္စည်း၊ မိလ္လာနှင့် ရေညစ်စွန့်ပစ်မှု အစီအစဉ် (ဘေးအန္တရာယ် မရှိသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအစီအစဉ်အရ)။

၅) လေကောင်းလေသန့်၊ သဘာဝအလင်းနှင့် သဘာဝမဟုတ်သော လူတို့ပြုလုပ်ထားသော အလင်းတို့ လုံလောက်စွာရရှိခြင်း။

၆) ဆေးနှင့်ရှေးဦးသူနာပြုစုရေး အထောက်အကူပြုပစ္စည်းများ။

၇) ကူးစက်ပျံ့နှံ့တတ်သောရောဂါများ မပြန့်ပွားစေရန် နေမကောင်းဖြစ်နေသော အလုပ်သမားများအား အခြားနေထိုင်သူများမှ သီးသန့်ထားပြီး စောင့်ရှောက်ထားရှိခြင်း။

(ဆ) သန့်ရှင်းသပ်ရပ်သော တန်းလျားအဆောက်အဦးများကို ပုံမှန်ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ရန် အလုပ်သမားအရေအတွက် အလုံအလောက်ခန့်အပ်ပါ။

(ဇ) ပိုးမွှားကောင်များနှင့် ရောဂါသယ်သောပိုးမွှားများ (ခြင်) တားဆီးထိန်းချုပ်ခြင်းများ လိုအပ်ပါက လုပ်ဆောင်ပါ။

(စျ) မီးသတ်ဆေးဗူးများကိုတပ်ဆင်ပြီး အလုပ်သမားတန်းလျားတစ်စုစီတွင် မီးသတ်ပစ္စည်း ကိရိယာများပေးအပ်ပါ။ အိပ်နေစဉ်အတွင်း မီးဘိုးအလိုလျောက်သိကိရိယာနှင့် မီးအချက်ပေး မီးလှုန့်ခေါင်းလောင်းများကို အခန်းများသွားရာ စင်္ကြံန်တစ်လျောက်တွင် တပ်ဆင်ပါ။

(ည) တန်းလျားမီးသတ်အဖွဲ့အကြီးမှူးများဖွဲ့စည်းကာ သင်တန်းများပေးပြီး အခါအားလျော်စွာ မီးဘေးရန်ကာကွယ်ပစ္စည်းများ စမ်းသပ်အသုံးပြုခြင်းများလုပ်ဆောင်ပြီး မီးသတ်ခြင်းနှင့် ဘေးကင်းရာပြောင်းရွှေ့ မှု လေ့ကျင့်ခြင်းနှင့် သရုပ်ပြခြင်းများကိုလည်း ပုံမှန် လုပ်ဆောင်ကြရပါမည်။

(ဋ) နားနေခန်း၊ အပန်းဖြေခန်းများ ဒေသတွင်းမနိုင်ပါက ကျန်းမာရေး အထောက်အပံ့များကိုလည်း ပံ့ပိုးပေးရမည်။

သတ္တုတူးဖော်ပြီးသောအခါ

သတ္တုတူးဖော်ခြင်းပြီးစီးပြီးနောက် အောက်ပါအစီအမံများ အကောင်အထည်ဖော် ဆောင်ရွက်ထားရပါမည်။

(ဌ) အလုပ်သမားများ စာချုပ်သက်တန်းပြီးဆုံးသွားပါက နိုင်ငံတော်၏ ဥပဒေနှင့် ဓလေ့ထုံးတမ်းများနှင့်အညီ အလုပ်သမားတန်းလျားပရဝုဏ်မှ ထွက်ခါရန် ထိုက်သင့်သော အချိန်ကာလတစ်ခု ပေးရမည်။

(ဍ) အလုပ်သမားတန်းလျားနှင့် အခြားသောအထောက်အပံ့များကို ဖြစ်နိုင်ပါက အခြားသောသတ္တုတွင်းကုမ္ပဏီများ သို့မဟုတ် အများပြည်သူများ အသုံးပြုနိုင်ရန် ပြန်လည်ရည်ရွယ်ရပါမည်။

(ဎ) အကယ်၍ အလုပ်သမားတန်းလျားများကို ပြန်လည်ထိန်းသိမ်းထားခြင်း မပြုတော့ပါက၊ လုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများအားလုံးရှင်းလင်းကာ၊ အထောက်အကူပြုစွည်းကိရိယာများကိုလည်း ဖျက်သိမ်းဖယ်ရှားပြီး သတ္တုတွင်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှုအစီအစဉ်အရ လုပ်ငန်းနေရာများကို ပြန်လည်တည်ထောင်ခြင်း ပြုလုပ်ရပါမည်။

၇။ လုပ်ဆောင်ချက် စံချိန်စံနှုန်းများ

သင့်တော်သော အလုပ်သမားတန်းလျား အရည်အသွေးပြည့်မီခြင်းကို အောက်ပါတို့ဖြင့် သတ်မှတ်ဆုံးဖြတ်ရပါမည်။

- အလုပ်သမားတန်းလျားနှင့် ပတ်သက်၍အလုပ်သမားများထံမှ တိုင်ကြားမှုမရှိခြင်း။
- အလုပ်သမားတန်းလျား သို့မဟုတ် သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်ပြီး လူထုမှတိုင်ကြားမှုမရှိခြင်း။

၈။ စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ အချက်များ

အလုပ်သမားတန်းလျားဥပစာများ သန့်ရှင်းရေး၊ နေထိုင်ရန်အဆင်ပြေခြင်း၊ ခိုင်ခန့်မှုအခြေအနေနှင့် ပြုပြင်ထိန်းသိမ်းနေမှုများကို ပုံမှန်စောင့်ကြပ်ကြည့်ရှုစစ်ဆေးရမည်။ ပြုပြင်မှုမှတ်တမ်းများကို ထိန်းသိမ်း ထားပြီး ပြန်လည်စစ်ဆေးနိုင်ရန် ထားရှိရမည်။

အလုပ်သမားတန်းလျား စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ ကြိမ်နှုန်းများအား **ဇယား (၁)** တွင် ဖော်ပြထားပါသည်။

ဇယား (၁) စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း အကြိမ်နှုန်း

လုပ်ငန်းစဉ်များ	အကြိမ်အရေအတွက်
အလုပ်သမားတန်းလျားကို စစ်ဆေးခြင်း။	လစဉ်
(ဖြစ်နိုင်ပါက) ယာဉ်မောင်းများ၏ အရည်အချင်း အပါအဝင် အလုပ်သမားများအတွက် သယ်ယူပို့ ဆောင်ယာဉ်များ စစ်ဆေးခြင်း။	လစဉ်
မီးသတ်ဗူးများနှင့် မီးသတ်ပစ္စည်းကိရိယာများ စမ်းသပ်ခြင်းနှင့် မီးလောင်မှုမှ လွတ်မြောက်နိုင်ရန် ကြိုတင် လေ့ကျင့်မှုများ ပြုလုပ်ခြင်း။	လစဉ်
မီးသတ်ခြင်းနှင့် ဘေးကင်းရာပြောင်းရွှေ့ခြင်း လေ့ကျင့်မှုများကို ပုံမှန် လုပ်ဆောင်ကြရပါမည်။	၃ လ ၁ ခါ

အလုပ်သမားတန်းလျားများ စီမံခန့်ခွဲမှု အစီအစဉ် **သတ်မှတ်ချက်များ လိုက်နာမှု ရှိမရှိ စစ်ဆေးရမည့် စာရင်း**	
မှော် နှင့် လုပ်ကွက် နံပါတ် **ကုမ္ပဏီ နှင့် သတ္တုတွင်း အမည်**	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သူ	
စစ်ဆေးခြင်း/စာရင်းစစ်ခြင်း လုပ်ဆောင်သည့် ရက်စွဲ	
လိုက်နာဆောင်ရွက်မှု အထောက်အထား	လိုက်နာကိုက်ညီခြင်း ရှိသည် (သို့) မရှိပါ။
အလုပ်သမားတန်လျားနေရာများသည် ဘေးအန္တရာယ် ကင်းရှင်းပြီး ထိန်းသိမ်းပြုပြင်ရန် မလိုအပ်ပဲ အကောင်းအတိုင်းရှိနေခြင်း။	
အလုပ်သမားများအတွက် သယ်ယူပို့ဆောင်ရေးသည် အလုပ်သမားများနှင့် သတ္တုတွင်း လိုအပ်ချက်များကို ပြည့်မီခြင်း (ဖြစ်နိုင်ပါက)။	
အလုပ်သမားတန်းလျားနေရာများ မြေပြိုနိုင်သော နေရာများအပါအဝင် ရေကြီးရေလျှံခြင်း နှင့်/ သို့ မဟုတ် သတ္တုတွင်းလုပ်ငန်းများမှ ထိခိုက်မှု အန္တရာယ်မရှိစေခြင်း။	
တန်းလျားအတွက် အနည်းဆုံး အခြေခံလိုအပ်ချက်များ ပြည့်မီခြင်း။	
အဖျက်ပိုးမွှားနှင့် ရောဂါသယ်ဆောင်သော ပိုးမွှားများအား အပြည့်အဝ တားဆီး ထိန်းချုပ်ခြင်း အထောက်အထား။	
မီးသတ်ခြင်းနှင့် ဘေးကင်းရာပြောင်းရွှေ့ခြင်း လေ့ကျင့်မှုများ လုပ်ဆောင်ခြင်း အထောက်အထား။	

နောက်ဆက်တွဲ (၂)

အမိန့်ကြော်ငြာစာများ

This page has been left intentionally blank.

နောက်ဆက်တွဲ (၂) တွင် ဤ EMP နှင့်သင့်လျော်သည့် အဓိန့်ကြော်ငြာစာများ ရွေးချယ်၍ ထည့်သွင်းထားပါသည်။ ၎င်း အဓိန့်ကြော်ငြာစာများသည် အစဉ်အဆက် ထုတ်ပြန်ခဲ့သော အဓိန့်ကြော်ငြာစာများ အားလုံးမဟုတ်ပါ။

နောက်ဆက်တွဲ (၂) တွင် ထည့်သွင်းထားသော အဓိန့်ကြော်ငြာစာများကို ယခု EMP တွင် ထည့်သွင်းရန် Valentis မှ တာဝန်ယူ၍ အင်္ဂလိပ်ဘာသာ ပြန်ဆိုထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ကျောက်စိမ်းတူးဖော်ရေးဌာန

လုံးခင်း

စာအမှတ် ၊ က-၃၇ / ဝ၇၈ /၂၀၁၄

ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ၊ စက်တင်ဘာလ ၄ ရက်

သို့

နိုင်ငံတော်နှင့်အကျိုးတူကျောက်မျက်ကုမ္ပဏီများ(အားလုံး)

ပုဂ္ဂလိကကျောက်မျက်ကုမ္ပဏီ/သမအသင်းများ(အားလုံး)

လုံးခင်း/ဖားကန့်ရတနာနယ်မြေ

အကြောင်းအရာ။ **လုံးခင်း/ဖားကန့်ရတနာနယ်မြေတွင်ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုကြောင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးဆောင်ရွက်ရန်ကိစ္စ**

၁။ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး ၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၏ ကြေညာချက်အမှတ်(၄/၂၀၁၄)အရ လုံးခင်း/ဖားကန့်ရတနာနယ်မြေတွင် (၁.၉.၂၀၁၄)ရက်နေ့မှစ၍ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကို ပြန်လည်တူးဖော်ခွင့်ပြုသဖြင့် ကျောက်စိမ်းတူးဖော်ထုတ်လုပ်ခွင့်ရရှိသော နိုင်ငံတော်နှင့်အကျိုးတူ ကျောက်မျက်ကုမ္ပဏီ/ပုဂ္ဂလိကကုမ္ပဏီ/သမအသင်းများ၏ တူးဖော်လုပ်ကိုင်ခွင့်ရ ကျောက်စိမ်းလုပ်ကွက်များသည် ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် တူးဖော်မှုလုပ်ငန်းများ ၊ မြေစာစွန့်ပစ်မှုများကို စနစ်တကျလိုက်နာလုပ်ကိုင်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

၂။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာဆောင်ရွက်ရန် (၄.၁၀.၁၉၉၉)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၂၁/၉၉)ကို ထုတ်ပြန်ထားရှိခဲ့ပြီးဖြစ်ရာ ယင်းအမိန့်အခန်း(၅)တွင် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန် သတ်မှတ်ချက်များကို ထုတ် ပြန်ထားပြီး ဖြစ်ပါသည်။

၃။ ထို့အပြင် (၁၆.၆.၂၀၀၃)ရက်နေ့တွင် ထုတ်ပြန်သည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေအမှတ် (၈/၂၀၀၃)တွင်လည်း သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်း (သို့မဟုတ်) ပုဂ္ဂလိကကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရာတွင် အများသုံးမြေစာပစ်ရန်နေရာကို ရတနာနယ်မြေအတွင်းသတ်မှတ်ရန်နှင့် လုပ်ကွက်ပြင်ပတွင် မြေစာပစ်ရန်အတွက် နေရာတစ်ခုခုကို အသုံးပြုလိုပါက ပါမစ်ရရှိရန် သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်ထားရန် ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။

၄။ သို့ရာတွင် လုံးခင်း/ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော်မှုကြောင့် မြေစာ၊ ကျောက်တုံး၊ ကျောက်ခဲများသည် ဥရုချောင်းအတွင်းစီးဝင်သည့် ချောင်းလက်တက်များနှင့် ဥရုချောင်းအတွင်းသို့ ကျရောက်ပြီး ချောင်းအတွင်းပို့ချမှုကြောင့် ချောင်းကြမ်းပြင်မြင့်တက်ပြီး ချောင်းတိမ်ကောမှု ၊ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

၅။ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန၏ (၄.၁၀.၁၉၉၉)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၁/၉၉) အခန်း(၅)ပါအတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် အောက်ပါတို့ကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်-

(က) ရတနာနယ်မြေအတွင်း ကုန်းတွင်းပိုင်းလုပ်ကွက်များမှ စက်ယန္တရားများဖြင့် ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရာမှ ထွက်ရှိလာသည့် မြေစာနှင့်ကျောက်များကို ရတနာနယ်မြေအတွင်း မြစ်ချောင်းများအတွင်းသို့လည်းကောင်း ၊ မြစ်ချောင်းများသို့စီးဝင်ရာ တောင်ကျရေဆင်းလမ်းနှင့် လျှိုမြောင်များအတွင်းသို့လည်းကောင်း လုံးဝစွန့်မပစ်ဘဲ လွတ်ကင်းရာနေရာများသို့ စွန့်ပစ်ရမည်။

(ခ) ရတနာနယ်မြေအတွင်းရှိ မြစ်ချောင်းများနံဘေးနှင့် မြစ်ချောင်းများအတွင်းသို့ မြေစာများ အနယ်အဖြစ် ကျရောက်နိုင်သည့်နေရာများတွင် မြေစာစုပုံခြင်းလုံးဝမပြုလုပ်ရန်နှင့် အကယ်၍ မြစ်ချောင်းများသို့စီးဝင်ရာ တောင်ကျရေဆင်းလမ်းနှင့် လျှိုမြောင်များအတွင်းသို့ မလွှဲမရှောင်စွန့်ပစ်ရမည်ဆိုပါက မြစ်ချောင်းများသို့မဝင်မီ လမ်းခုလတ်တွင် နုန်းစုကန်(Detention Pond)များတူးဖော်ပြီး စွန့်ပစ်မြေစာနှင့် ကျောက်များကို အဆိုပါနုန်းစုကန်များတွင် စုဆောင်းဆယ်တင်ပြီးမှ ရေများကို မြစ်ချောင်းများအတွင်းသို့ စီးဝင်စေရေးဆောင်ရွက်ရမည်။

(ဂ) မြစ်ချောင်းများအတွင်းပို့ချပြီးသော ကျောက်တုံးကြီးများအား နယ်မြေကြီးကြပ်ရေးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သက်ဆိုင်ရာကုမ္ပဏီများအား ဆယ်တင်စေပြီး မြစ်ကမ်းနဖူး ၊ ချောင်းနံဘေးတွင် လုံလောက်သည့် အမြင့်ရောက်သည်အထိစီ၍ မြေသားဖို့ပြီး မြစ်ကမ်းပါးများ ၊ ချောင်းနံဘေးများ ပြန်လည်ပြုပြင်ရန်နှင့် မြေသားခိုင်မာအောင် သစ်ပင်များ စိုက်ပျိုးဆောင်ရွက်ရမည်။

(ဃ) ရတနာနယ်မြေအတွင်းရှိ မြစ်ချောင်းများအတွင်း ရေစီးလွှဲပြောင်းတူးဖော်ခြင်း ၊ ပိတ်တန်းများ ပြုလုပ်တူးဖော်ခြင်း ၊ ဆင်းတွင်းများ/ဂလိုဏ်များပြုလုပ်တူးဖော်ခြင်းများ လုံးဝမပြုလုပ်ရ။

(င) မြစ်ချောင်းများအတွင်း ပိတ်ဆို့နေသည့် ကျောက်တုံးငယ်များနှင့် မြေစာများအား မိုးတွင်းကာလတွင် မိုးရေနှင့်တိုက်စားစီးဆင်းစေပြီး မိုးကုန်ပိုင်းတွင် ချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရမည်။

(စ) အများသုံးမြေစာရွက်စာတမ်းများ ပျောက်ဆုံးခြင်း ၊ ပျက်စီးခြင်း ၊ ဖျက်ဆီးခြင်း ၊ ပြုပြင်ခြင်း ၊ ပြောင်းလဲခြင်း ၊ ပြန်လည်ထုတ်ပေးခြင်း ၊ ပြန်လည်ရယူခြင်း ၊ ပြန်လည်ရရှိခြင်း ၊ ပြန်လည်ထုတ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်စိမ်းတူးဖော်ရေးဌာန
လုံးခင်း
Fax;074-72422
E-mail: jade.lonekhin@gmail.com

စာအမှတ်၊ က-၃၇ / ၂၀၉ / ၂၀၁၇
ရက်စွဲ ၊ ၂၀၁၆ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၆ ရက်

သို့

လုပ်ငန်းရှင်/လုပ်ငန်းတာဝန်ခံ

----------ကုမ္ပဏီ/သမအသင်း

အကြောင်းအရာ။ **လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းခွင်များတွင် မြေပြိုကျမှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီများ သိရှိလိုက်နာဆောင်ရွက်သွားနိုင်ရေးကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏(၈ . ၂ . ၂၀၁၆)ရက်စွဲပါ စာအမှတ် ၊ ည-၁/၁-၁၀၇/၂၀၁၆

၁။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းလက်အောက်ရှိ ကျောက်စိမ်း ၊ ကျောက်မျက်လုပ်ကွက်များကို မြေပေါ် ၊ မြေအောက် တူးဖော်နည်းစနစ်ဖြင့် သဘာဝသယံဇာတများကို တူးဖော်လုပ်ကိုင်လျက်ရှိရာ ရတနာနယ်မြေဖြစ်သည့်အလျောက် ကျောက်စိမ်း ၊ ကျောက်မျက်တူးဖော်ထားသောလုပ်ကွက်များ၊ မြေစာပုံများဆက်စပ်လျက်ရှိပြီး တစ်ခါတစ်ရံတွင် လုပ်ငန်းခွင်အတွင်း မြေပြိုကျမှု ၊ မြေစာပုံပြိုကျမှု ၊ လုပ်ငန်းသုံးယာဉ်မတော်တဆမှုတို့ဖြင့်လည်းကောင်း ၊ မိုးရာသီကာလ မိုးသည်းထန်စွာရွာသွန်း၍ မြေအစိုဓာတ်များကြောင့် မြေသားမတည်ငြိမ်၍ မြေလွှာအက်ကြောင်းများဖြစ်ပေါ်ပြီး မြေပြိုကျသည့်အန္တရာယ်များဖြစ်နိုင်ခြင်းကြောင့်လည်းကောင်း ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများတွေ့ကြုံရသကဲ့သို့ အခြားသောလုပ်ငန်းခွင်ဘေးအန္တရာယ်များ ဖြစ်ပွားလေ့ရှိပါသည်။

၂။ အဆိုပါ ကျောက်စိမ်းလုပ်ကွက်များတွင် လုပ်ငန်းခွင်အတွင်း မြေပြိုကျမှု ၊ မြေစာပုံ ပြိုကျမှု ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ၊ လုပ်ငန်းသုံးယာဉ် မတော်တဆ မှုများနှင့် အခြားသော လုပ်ငန်းခွင်ဘေးအန္တရာယ်များ ဖြစ်ပွားမှုမရှိစေရန် ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီများက အောက်ပါအချက်များကို သိရှိလိုက်နာဆောင်ရွက်ရမည် ဖြစ်ပါ သည်-

(က) ရတနာနယ်မြေအသီးသီးရှိ မြေပေါ်ဟင်းလင်းဖွင့်လုပ်ကွက်(Open Cut Mine)များတွင် အပေါ်ယံမြေလွှာများအား ဖယ်ရှားရာ၌ မြေသားကမ်းပါးယံများကို ထိန်းနိုင်ရန်အတွက် လှေကားထစ်(Bench)စနစ်ဖြင့် တူးဖော်ရန် ၊ (Bench Height)တစ်ခုနှင့် တစ်ခု(၂၅)ပေ

အထက်မကျော်စေရန် ၊ လုံလောက်သောဘေးကင်းမှု လျှောစောက်(Angle of Repose)အား (၄၅)ဒီဂရီထက်မကျော်အောင် ဆောင်ရွက်တူးဖော်ရန် ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေးတို့ကို အလေးအနက်ထား ဆောင်ရွက်၍ မိုင်းများ လုပ်ထုံးလုပ်နည်း သတ္တုတွင်းဒီဇိုင်း(Mine Design)အရ ပုံဖော်ပြီး သတ်မှတ်ထားသည်နှင့်အညီ တူးဖော်လုပ်ကိုင်ဆောင်ရွက်ရန်နှင့် စွန့်ပစ်မြေစာများကိုလည်း သတ်မှတ်ထားသည့်နေရာတွင် ညွှန်ကြားထားသော လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း စနစ်တကျထားရှိစွန့်ပစ်စေရန်။

(ခ) မြေပေါ်ဟင်းလင်းဖွင့်လုပ်ကွက်များ၏ လုပ်ကွက်ကမ်းပါးယံတစ်လျှောက် ဖြတ်သန်းဖောက်လုပ်ထားသော လမ်း(Haul Road)များအား ရေတိုက်စားမှု ၊ မြေပြိုကျမှုများမရှိစေရေး အတွက် ထိန်းသိမ်းရေးအစီအမံများ ကြိုတင်ဆောင်ရွက်ထားရှိရန်နှင့် မိုးရာသီကာလအတွင်း လမ်း(Haul Road)များကို နေ့စဉ်စစ်ဆေးကြပ်မတ်ဆောင်ရွက်ခြင်း ၊ မိုးရေကြောင့် ကမ်းပါးယံပြိုကျလာနိုင်သည့် လမ်းကြောင်းများ ၊ မြေကျွံနိုင်သည့် ဇရိယာများတွင် လုပ်သားများ သတိကြီးစွာထား၍ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် သတိပေးဆိုင်းဘုတ်များ စိုက်ထူထားစေခြင်းများ လုပ်ဆောင်ရန်။

(ဂ) လူနေအိမ်အဆောက်အဦများကို အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသော မြေစာပုံများအနီး နှင့် ကမ်းပါးယံများ၌ တည်ဆောက်ခြင်း လုံးဝမပြုလုပ်ရန် ၊ စုပေါင်းမြေစာပုံများအနီး ကမ်းပါးယံအခြေနှင့် ကမ်းပါးစောင်းအနီး မြေသားခိုင်မာမှုမရှိသော မြေနေရာများ၌ တည်ဆောက်ထားသော အဆောက်အဦများတွင် လူများနေထိုင်မှု လုံးဝမပြုလုပ်ရန် ၊ မြေပြိုဖုံးလွှမ်းနိုင်သော အန္တရာယ်ဇရိယာများအတွင်း လူနှင့်အိမ်တို့ကို နေထိုင်ဆောက်လုပ်ခြင်း မပြုလုပ်ရန်။

(ဃ) မိုးရာသီကာလ မိုးများသည့်ရက်များတွင် အက်ကြောင်းများ ပေါ်ပေါက်လာပါက အက်ကြောင်းပေါ်သည့် ဇရိယာပေါ်ရှိ လူနေအိမ်အဆောက်အဦများ ချက်ချင်းရွှေ့ပြောင်းရန် ၊ ဖြစ်ပေါ်လာသည့် အက်ကြောင်းများအခြေအနေနှင့် မြေပြင်ထူးခြားမှုတို့ကို တာဝန်ရှိသူ အဆင့်ဆင့်သို့ အကြောင်းကြားသတင်းပို့စေ၍ တာဝန်ရှိသူများမှ ချက်ချင်းစစ်ဆေးအရေးယူ ဆောင်ရွက်ခြင်းများ ပြုလုပ်ရန်။

(င) မိုးရွာသွန်းမှုကြောင့် မြေပေါ်ဟင်းလင်းဖွင့်လုပ်ကွက်များအတွင်းသို့ ဝင်ရောက်လာသည့် ရေများကို ကောင်းမွန်စွာ စွန့်ထုတ်နိုင်ရေးအတွက် ရေနုတ်မြောင်း(Drainage)များ ၊ ရေစုကန်(Sump)များအား ရှင်းလင်းထားရှိရန် ၊ ရေစုပ်စက်(Pump)များကို ကြံ့ခိုင်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိပြီး အရံ(Pump)များကိုလည်း အသင့်တပ်ဆင်ထားရှိရန် ၊ ခါးရေများပေါက်ကျခြင်းများ တွေ့ရှိပါက ကြိုတင်ကာကွယ်မှုများ အမြန်ဆောင်ရွက်ရန် ၊ လုပ်ကွက်အထက်တွင် လုပ်ငန်းသုံးရေလှောင်ကန်များရှိပါက တာဘောင်မကျိုးစေရန် စိစစ်ကြပ်မတ်ရန်နှင့် ရေနှုး၍ပျော်နိုင်သောမြေများကို အမြန်ဖယ်ရှားမှုလုပ်ဆောင်ရန်။

(စ) မိုးအဆက်မပြတ်ရွာသွန်းချိန်တွင် ရေစိမ့်နှုန်းများ၍ အက်ကြောင်းများဖြစ်ပေါ်ပြီး မြေသားတည်ငြိမ်မှုမရှိသော မြေပေါ်မြေအောက်လုပ်ကွက်များကို မြေသားတည်ငြိမ်မှုရှိသည်အထိ လုပ်ငန်းခွင်ရပ်နားထားရန် ၊ ယာယီထုတ်လုပ်မှုပိတ်ပင်ထားသည့် လုပ်ကွက်များအား ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်မှုရှိ/မရှိ စစ်ဆေးကြပ်မတ်ရန်နှင့် ခါးရေပေါက်ပြီး မြေပြုလွဲရှိသဖြင့် လုပ်ငန်းခွင်ပြန်လည်စတင်ချိန်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးပြီးမှသာ တူးဖော်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်စေရန်။

(ဆ) မိုးသည်းထန်စွာရွာသွန်းချိန်နှင့် မိုးရွာပြီးနေပြန်ပူသည့်အချိန်များတွင် မြေပြုလွဲရှိသဖြင့် တူးဖော်မှုလုပ်ငန်းများ ခေတ္တဆိုင်းငံ့(ရပ်ဆိုင်း)ထားစေရန် ၊ ထုတ်လုပ်မှုထက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှုကို အထူးဂရုပြုဆောင်ရွက်စေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းသည့်အခြေအနေရှိမှသာ စစ်ဆေးပြီး သတ္တုတွင်းလုပ်ကွက်များသို့ ဝင်ရောက်တူးဖော်လုပ်ကိုင်ဆောင်ရွက်ရန်။

(ဇ) မိမိလုပ်ကွက်ဧရိယာအတွင်းသာမက ဆက်စပ်နှင့်အနီးပတ်ဝန်းကျင်ရှိ လုပ်ကွက်များတွင် မြေပြုကျနိုင်သည့် အခြေအနေရှိသည်ကို ကြားမြင်သိရှိရပါက သတိပေးပြောကြားခြင်း ၊ သက်ဆိုင်ရာတူးဖော်ရေးဌာနများသို့ သတင်းပို့တင်ပြခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြ ရန်။

(ဈ) မြေစာပုံအား ကမ်းပါးမြင့်မားမတ်စောက်မှု မရှိစေရေးအတွက် စွန့်ပစ်မြေစာများအား လှေကားထစ်ပုံဖော်ပြီး ကျစ်လစ်မှုမရှိစေရေးအတွက် ရေဖြန်းခြင်း ၊ လမ်းကြိတ်စက်ဖြင့် ဖိသိပ်ခြင်းများ ပုံမှန်လုပ်ဆောင်ရန်။

(ည) မြေစာပုံတွင် အက်ကြောင်းများဖြစ်ပေါ်မှုရှိ/မရှိစစ်ဆေးရန် ကုမ္ပဏီကြီးများအားတာဝန်ပေးအပ်ရန်၊ မြေစာပုံတွင် ညအချိန်၌ အလင်းရောင်လုံလောက်စွာရရှိစေရေး လျှပ်စစ်မီးများထွန်းညှိထားပေးရန်၊ မြေစာပုံတွင် အက်ကြောင်းများဖြစ်ပေါ်ခဲ့ပြီး ပြိုကျမည့်အခြေအနေတွေ့ရှိပါက ပြိုကျမည့်နေရာအား ရေမဆေးများဝင်ရောက်မှုမရှိစေရေးအတွက် ခရာမှုတ်ခြင်း၊ အချက်ပြခြင်း၊ အန္တရာယ်ရှိနိုင်ကြောင်းသင်္ကေတများ၊ ဆိုင်းဘုတ်များစိုက်ထူခြင်းစသည် တို့ကို လူအများမြင်သာသိရှိအောင်ဆောင်ရွက်ရန်။

(ဋ) မြေပြိုမှုအန္တရာယ်ရှိနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါက ချက်ချင်းလုပ်ငန်းရပ်နားပြီး လူနှင့်စက်ယန္တရားများကို အန္တရာယ်မှ လွတ်ကင်းနိုင်မည့်နေရာသို့ အမြန်ပြောင်းရွှေ့ဖယ်ရှားပြီး အန္တရာယ် ရှိနိုင်သောမြေများကို ဖယ်ရှားမှုဆောင်ရွက်ရန်။

(ဌ) မြေစာပစ်လမ်းတစ်လျှောက် အန္တရာယ်ဖြစ်နိုင်သည့်နေရာများ (လမ်းဆုံ၊ လမ်းခွ၊ လမ်းကွေ့) တွင် အများပြည်သူများသိရှိစေရန် "**အန္တရာယ်ရှိသည်၊ သတိထားသွားလာရန်**" ဗီနိုင်းပိုစတာများအား အလျား(၈)ပေ၊ အနံ(၂)ပေ အရွယ်အစားဖြင့် လူအများမြင်သာသည့်နေရာများတွင် စိုက်ထူထားခြင်း၊ အလုပ်ကြီးကြပ်နှင့် ယာဉ်လမ်းကြောင်းပြများ လုံလောက်စွာ တာဝန်ပေးအပ်ပြီး နေ့စဉ်စောင့်ကြပ်ကြည့်ရှုစေရန်။

(ခ) သဘာဝဘေးအန္တရာယ်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကျရောက်သော နေရာများသို့ သွားရောက်ပြီး ဒဏ်ရာရရှိမှု၊ သေဆုံးမှု၊ ပျောက်ဆုံးမှုများအား ရှာဖွေကယ်ထုတ်ခြင်း၊ ဒဏ်ရာရရှိသူများအား ဆေးဝါးကုသနိုင်ရေးဆောင်ရွက်ပေးခြင်း၊ လိုအပ်ပါက စက်ယန္တရားများအကူအညီ အမြန်ဆုံးရယူ၍ ရှင်းလင်းဖယ်ရှားခြင်း၊ နောက်ထပ် ထပ်မံမဖြစ်ပွားစေရေးအတွက် ကြိုတင်စီမံ၍ ကာကွယ်မှုများပြုလုပ်ဆောင်ရွက်ရန်။

(ဃ) ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီထိရောက်အောင်မြင်စွာဖြင့် နေ့/ည ဆောင်ရွက်နိုင်ရန် တာဝန်ခွဲဝေသတ်မှတ်ပေးပြီး မတော်တဆထိခိုက်မှုဖြစ်စဉ်အကြောင်းအရာပြည့်စုံစွာဖြင့် အချိန်နှင့်တစ်ပြေးညီ အထက်ဌာနသို့ တင်ပြနိုင်ရန် ကြိုးစားလုပ်ဆောင်ကြရန်။

(ဏ) သတ္တုတွင်းဥပဒေ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေများအပါအဝင် အလုပ်သမားရပိုင်ခွင့်ဥပဒေများကို သိရှိပြီး လေးစားလိုက်နာဆောင်ရွက်ကြရန်။

၃။ ရတနာနယ်မြေရှိ တူးဖော်ရေးလုပ်ငန်းများနှင့် ဒေသအတွင်း နေထိုင်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာနေထိုင်တတ်စေရန်နှင့် မိုင်းများတွင် တွေ့ကြုံရသောအန္တရာယ်များကို သိရှိရှောင်ရှားစေနိုင်ရန်အတွက် ဌာနအကြီးအကဲများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ မှော်လုပ်ကွက်များအလိုက် လှည့်လည်၍ အလုပ်သမားများနှင့် ရပ်မိရပ်ဖများကို အသိပညာပေးဟောပြော ဆွေးနွေးပွဲများ သင်တန်းပို့ချမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အထက်ဖော်ပြပါ အချက်အလက်များကို အလေးထားလိုက်နာဆောင်ရွက်ကြရန် ထပ်မံအသိပေး အကြောင်းကြားသည်။

၁၆/၂/၂၀၁၇

ဒေါက်တာရဲဌေး

ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ၊ နေပြည်တော်ရုံးလက်ခံစာတွဲ/မျှောစာတွဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် ၈၅ / ၂၀၁၄

ရန်ကုန်မြို့၊ ၁၃၇၆ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၁၄ ခုနှစ်၊ မေလ ၁၂ ရက်)

သတ္တုတွင်းဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သတ္တုတွင်းဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏အစည်းအဝေး (၁၃-၁၄/၂၀၁၄) ဆုံးဖြတ်ချက်အရ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၅၄ ၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ခွင့်ပြုမိန့် ရရှိသူများ လိုက်နာရန် အမိန့်

၁။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့် ရရှိသူများ လိုက်နာဆောင်ရွက်ရန် အမိန့်ကို ၄. ၁၀. ၁၉၉၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၁/၉၉ ဖြင့် ထုတ်ပြန် ခဲ့ပြီးဖြစ်ပါသည်။ ယင်းအမိန့်၏ အခန်း (၅)တွင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန် သတ်မှတ်ချက်များကို ဖော်ပြထားပြီးဖြစ်ပါသည်။

၂။ ထို့ပြင် ၁၆. ၆. ၂၀၁၃နေ့တွင် ပြဋ္ဌာန်းသည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ဥပဒေအမှတ် ၈/၂၀၁၃)တွင်လည်း သတ္တုတွင်းဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်က ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရာတွင် အများသုံးခြေစာပစ်ရန်နေရာကို ရတနာနယ်မြေအတွင်း သတ်မှတ်နိုင်ကြောင်းနှင့် ခွင့်ပြုမိန့်ရရှိသူများက မိမိလုပ်ကွက်အတွင်း သို့မဟုတ် လုပ်ကွက်ပြင်ပတွင် မြေစာဆေးကြောရန်၊ ကျောက်ထုခွဲရန်နှင့် မြေစာပစ်ရန် လုပ်ငန်းသုံးနေရာတစ်ခုခုကို အသုံးပြုလိုပါက ပါမစ်ရရှိရေးအတွက် သတ္တုတွင်းဝန်ကြီးဌာန သို့ လျှောက်ထားရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

(ဃ) မြစ်ချောင်းများအတွင်း ရေကြောင်းလွှဲပြောင်းတူးဖော်ခြင်း၊ ပိတ်တန်းများပြုလုပ်၍ တူးဖော်ခြင်း၊ ဆင်းတွင်းနှင့် ကလိုင်များပြုလုပ်တူးဖော်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် တူးဖော်ခြင်း မပြုရ။

(င) မြေစာနှင့် ကျောက်တုံးကျောက်ခဲများကို သတ်မှတ်ပေးထားသည့် အများသုံးမြေစာပစ်ရန် နေရာတွင်သာ စနစ်တကျစွန့်ပစ်ရမည်။

(စ) မြေစာနှင့် ကျောက်တုံးကျောက်ခဲများကို အများသုံးမြေစာပစ်ရန် နေရာမဟုတ်သည့် နေရာတွင် ပါမစ်မရှိဘဲ လုံးဝစွန့်ပစ်ခြင်းမပြုရ။

(ဆ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသော ကျောက်မျက်ရတနာလုပ်ကွက်အတွင်းမှ သဘာဝရေဝေရေလဲနေရာများတွင် ကျောက်မျက်ရတနာတူးဖော်ခြင်း၊ မြေစာနှင့် ကျောက်တုံး ကျောက်ခဲများ စွန့်ပစ်ခြင်းလုပ်ငန်း မပြုရ။

၆။ ဤအမိန့်၏ အပိုဒ် ၅ ပါအချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၃ အရ ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။ ထို့ပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ အောက်ပါစီမံခန့်ခွဲ ရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရမည် -

(က) ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း၊

(ဃ) ကုမ္ပဏီ သို့မဟုတ် အသင်းအားလည်းကောင်း၊ ယင်းကုမ္ပဏီ သို့မဟုတ် အသင်း၏ ဒါရိုက်တာ တစ်ဦးဦးအားလည်းကောင်း နာမည်ပျက်စာရင်းတွင် ထည့်သွင်းသတ်မှတ်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း။

ဗိုလ်မှူးချုပ်အုန်းမြင့်
ဝန်ကြီး
သတ္တုကွင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်စိမ်းတူးဖော်ရေးဌာန
လုံးခင်း
Fax;074-72422
E-mail: jade.lonekhin@gmail.com

စာအမှတ်၊ က-၃၇ / ၁၄၆ / ၂၀၁၆
ရက်စွဲ ၊ ၂၀၁၆ခုနှစ် ၊ ဇန်နဝါရီလ ၂၄ ရက်

သို့

လုပ်ငန်းရှင်/လုပ်ငန်းတာဝန်ခံ
----------ကုမ္ပဏီ

အကြောင်းအရာ။ **လုံးခင်း၊ ဖားကန့်ရတနာယ်မြေရှိ စုပေါင်းမြေစာပုံနေရာများတွင် မြေစာများစနစ်တကျ စွန့်ပစ်ရန်ကိစ္စ**

၁။ လုံးခင်း၊ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော်ရာမှထွက်ရှိလာသော စွန့်ပစ်မြေစာများမှ တဆင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် ယခင်သတ်မှတ်ခဲ့သည့်မြေစာပုံ(၁၂)နေရာတွင် မြေစာများ ထပ်မံစွန့်ပစ်နိုင်သည့် ဧရိယာကို ပွင့်လင်းရာသီတွင် မြေစာများစွန့်ပစ်သွားရန် ကျောက်မျက်ရတနာ လုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး ၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်း ကော်မတီက (၆.၁၀.၂၀၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁၀/၂၀၁၅)ကြိမ်မြောက် ကြီးကြပ်ရေးလုပ်ငန်း ကော်မတီ အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပါသည်။

၂။ ထို့ကြောင့် လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေ၌ ၂၀၁၆-၂၀၁၇ ခုနှစ် ပွင့်လင်းရာသီတွင် ကျောက်စိမ်းရိုင်း တူးဖော်ရာမှ ထွက်ရှိလာသောမြေစာများကို သတ်မှတ်ခွင့်ပြုထားသည့် အောက်ဖော်ပြပါ စုပေါင်းမြေနေရာ(၁၂)နေရာရှိ ထပ်မံစွန့်ပစ်နိုင်သည့် ဧရိယာများတွင် စနစ်တကျစွန့်ပစ်ကြရမည်ဖြစ်ပါသည်-

စဉ်	စုပေါင်းမြေစာပုံနေရာ	သတ်မှတ်ဧရိယာဧက	စွန့်ပစ်ခဲ့သည့်ဧက	ထပ်မံစွန့်ပစ်နိုင်သည့်ဧက
(က)	နမ့်မှော်	(၃၀)	(၂၀)	(၁၀)
(ခ)	နန့်ဂျန်	(၃၀)	(၁၀)	(၂၀)
(ဂ)	မားဆား	(၉၀)	(၄၀)	(၅၀)
(ဃ)	နမ့်မဖြစ်	(၈၀)	(၅၀)	(၃၀)
(င)	မော်မောင်းဘွမ်	(၁၅၀)	(၉၀)	(၆၀)
(စ)	ကူလားမှော်	(၈၀)	(၆၀)	(၂၀)
(ဆ)	ဆီပ်မူရွာဟောင်း	(၁၂၀)	(၅၀)	(၇၀)
(ဇ)	ဆိုင်းအောင်	(၁၅၀)	(၅၀)	(၁၀၀)
(ဈ)	ကန်ခန်ဘွမ်	(၃၀၀)	(၁၅၀)	(၁၅၀)
(ည)	အထက်မက်လင်ချောင်	(၁၅၀)	(၆၀)	(၉၀)
(ဋ)	ဇေခါ	(၁၅၀)	(၈၀)	(၇၀)
(ဌ)	ရေအေးချောင်	(၁၅၀)	(၅၀)	(၁၀၀)

၃။ သို့ဖြစ်ပါ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူများသည် မြေစာစွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားပြီးဖြစ်သော အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည့်အပြင် အောက်ပါတို့ကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်-

(က) ရတနာနယ်မြေအတွင်းရှိ ကုန်းတွင်းပိုင်းလုပ်ကွက်များမှ တူးဖော်ရာမှထွက်ရှိလာသည့် မြေစာနှင့် သဲကျောက်များကို ရတနာနယ်မြေအတွင်းရှိ မြစ်ချောင်းနှင့်ချောင်းလက်တက်များအတွင်းသို့ စွန့်ပစ်ခြင်းမပြုဘဲ လွတ်ကင်းရာနေရာများတွင်သာ စွန့်ပစ်ရန်။

(ခ) မြေစာများကို ဥရချောင်းအတွင်းနှင့် ဥရချောင်းဘေးဝဲ/ယာပေ(၃၀၀)အတွင်းဥရချောင်းရေစီးရေလာကောင်းမွန်စေရေး ကမ်းနားတာဘောင်အဖြစ်မြှင့်တင်ခြင်း ညွှန်ကြားချက်အရ ဆောင်ရွက်သည်မှအပ လုံးဝ(လုံးဝ)မစွန့်ပစ်ရန်။

(ဂ) စွန့်ပစ်မြေစာများတွင် ပါရှိလာသော ကျောက်တုံးကျောက်ခဲကြီးများကြောင့် ရေကြောင်းသွားလာမှုဘေးအန္တရာယ်မရှိစေရေး ရေစီးရေလာပိတ်ဆို့ခြင်း မရှိစေရေးအတွက် သီးခြားစွန့်ပစ်ရမည့် သတ်မှတ်နေရာများတွင် စွန့်ပစ်ရန်။

(ဃ) လူနေရပ်ကွက်လူနေအိမ်နှင့်နီးစပ်နေသာမြေနေရာများ ၊ မြစ်ချောင်းများအနီးရှိ မြေနေရာများတွင် မြေစာများစွန့်ပစ်ခြင်းကြောင့် စွန့်ပစ်မြေစာပုံများပြိုဆင်းပြီး အန္တရာယ်ဖြစ်နိုင်သကဲ့သို့ ရေစီးရေလာပိတ်ဆို့ပြီး လမ်းတံတားနှင့်လူနေအိမ်ကျေးရွာများလုပ်ကွက်လုပ်ငန်းခွင်များ ရေလွှမ်းမိုးကာ ဘေးအန္တရာယ်ကျရောက်ခြင်း ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းများဖြစ်ပေါ်လာနိုင်သဖြင့် မှော်ကွက်ရပ်အချင်းချင်းပေါင်းစပ်ညှိနှိုင်းကာ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊သဘာဝပတ်ဝန်းကျင်မပျက်စီးစေရေး အလေးထားဆောင်ရွက်ကြရန်။

(င) စုပေါင်းမြေစာများစွန့်ပစ်ရာတွင် လှေကားထစ်ပုံဖော်၍ ၄၅ဒီဂရီလျောစောက်ပြုလုပ်ပြီး လုံလောက်သောအကျယ်ထားရှိကာ မြေစာများစွန့်ပစ်သွားရန်။

(စ) စုပေါင်းမြေစာပုံဧရိယာအစပ်များတွင် "**စုပေါင်းမြေစာပုံအန္တရာယ်ရှိသည်**" "**ဖြတ်သန်းသွားလာခြင်းမပြုရ**" စသည်ဖြင့် သတိပေးဆိုင်းဘုတ်များ စိုက်ထူထားရန်။

(ဆ) သက်ဆိုင်ရာကုမ္ပဏီများ၏ စုပေါင်းမြေစာပုံများတွင် အစောင့်တဲများဆောက်လုပ်ပြီး လုံခြုံရေးဝန်ထမ်းများထားရှိကာ စဉ်ဆက်မပြတ် ကြည့်ရှုစစ်ဆေး၍ အန္တရာယ်မရှိမှသာ ဆက်လက်စွန့်ပစ်ရန်။

(ဇ) အကယ်၍ မြစ်ချောင်းများသို့စီးဝင်ရန် တောင်ကျရေစီးလမ်းနှင့်လျှို့မြောင်များအတွင်းသို့ မလွဲမရှောင်သာစွန့်ပစ်ရမည်ဆိုပါက မြစ်ချောင်းများအတွင်းမစီးဝင်မီ လမ်းခုလတ်တွင် နုံနှိုးစုကန်(Detention Pond)များတူးဖော်ပြီး စွန့်ပစ်မြေစာများနှင့်ကျောက်ရိုင်းတုံးများကိုပါ အဆိုပါနုံနှိုးစုကန်များအတွင်းမှ စုဆောင်းဆယ်တင်၍ ရေများကိုသာ မြစ်ချောင်းများအတွင်းစီးဝင်စေရေးဆောင်ရွက်ရန်။

(ဈ) မြစ်ချောင်းများ၏ ကမ်းနဖူးနိမ့်သည့်အပိုင်းများတွင် ကမ်းနဖူးမြှင့်တင်ရေးကိုဆောင်ရွက်ရာ၌ မြစ်ချောင်းများအတွင်းပို့ချပြီးသော ကျောက်တုံးကြီးများအား နယ်မြေကြီးကြပ်ရေးအဖွဲ့ဝင်များ၏ စီမံခန့်ခွဲမှုဖြင့် လုပ်ငန်းရှင်/လုပ်ငန်းတာဝန်ခံတို့က ဆယ်တင်စေပြီး မြစ်ကမ်းနဖူး

ချောင်းနံဘေးတွင် လုံလောက်သည့်အမြင့်ရောက်သည်အထိ စနစ်တကျစီထားကာမြေသားဖို့ပြီး မြစ်ကမ်း ၊ ချောင်းနံဘေးများပြန်လည်ပြုပြင်ခြင်း ၊ အကယ်၍ မြစ်ချောင်းအတွင်းပိတ်ဆို့နေသည့် ကျောက်တုံးကြီးများမရှိလျှင် စွန့်ပစ်မည့်ကျောက်တုံးကြီးများကို စီပုံ၍အပေါ်မှမြေပြန်ဖို့ပြီးမြေသားခိုင်မာအောင် သစ်ပင်များစိုက်ပျိုးခြင်းဆောင်ရွက်ရန်။

(ည) မိမိတို့တူးဖော်ရေးလုပ်ငန်းများတွင် မျောစင်များတည်ဆောက်၍ ကျောက်စိမ်းရိုင်းများရှာဖွေပါက နုန်းစစ်ကန် ၊ ရေစစ်ကန်များတည်ဆောက်၍ ရွံ့နွံများအနည်ထိုင်စေပြီး ရေကြည်ရေသန့်များကိုသာ စီးဆင်းစေရန်။

(ဋ္ဌ) တူးဖော်ထုတ်လုပ်မှုကြောင့် ဥရချောင်းနှင့်ချောင်းလက်တက်များအတွင်း ဂဲနှင့်သဲများပိတ်ဆို့ပါကမိမိတို့မှော်ကွက်ရပ်အလိုက် သတ်မှတ်ပေးထားသောဧရိယာအပိုင်းကို စက်ယန္တရားအင်အားဖြင့် စုပေါင်းဆယ်တင်ကြရန်။

(ဌ) ကျောက်မျက်ရတနာတူးဖော်ပြီးသည့်အခါ ဂလိုဏ်များ ၊ ချိုင့်များ ၊ ကျင်းများနှင့်လုပ်ငန်းကြောင့် ပျက်စီးသွားသည့်မြေမျက်နှာပြင်အား မြေပြန်ဖို့ခြင်း(သို့မဟုတ်)အန္တရာယ်မဖြစ်စေရန်အခြားနည်းဖြင့် ပြုလုပ်ဆောင်ရွက်ပေးခြင်းနှင့် သစ်ပင်များအစားထိုးစိုက်ပျိုးခြင်းများဆောင်ရွက်ရန်။

(ဍ) သဘာဝရေဝေရေလဲနေရာများတွင် ကျောက်မျက်ရတနာတူးဖော်ခြင်းခွင့်ပြုမည်မဟုတ်ပါ။ သဘာဝရေဝေရေလဲနေရာများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်။

၄။ သို့ဖြစ်ပါ၍ မလိုလားအပ်သောအရေးယူခြင်း မခံရစေရေးအတွက် ကျောက်စိမ်းကျောက်မျက်တူးဖော်ထုတ်လုပ်နေကြသော လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေမှ လုပ်ငန်းရှင်နှင့်လုပ်ငန်းတာဝန်ခံများအားလုံးကထုတ်ပြန်ထားသည့် ဥပဒေ ၊ နည်းဥပဒေ ၊ အထက်ဌာနက ချမှတ်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကိုအောက်ခြေအဆင့်ထိအသိပေးကာ လိုက်နာစေရေး ကြပ်မတ်ကွပ်ကဲဆောင်ရွက်သွားကြရန် အသိပေးအကြောင်းကြားသည်။

၂၉/၁၂/၂၀၁၆

တင်စန်းအောင်
ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမြို့နယ်အုပ်ချုပ်ရေးမှူး ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ ဖားကန့်မြို့ဥက္ကဋ္ဌ ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ဖားကန့်)
တိုင်းတာရေးနှင့်စစ်ဆေးရေးဌာနခွဲ ၊ ကျောက်စိမ်းတူးဖော်ရေးဌာန ၊ လုံးခင်းရုံးလက်ခံစာတွဲ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်စိမ်းတူးဖော်ရေးဌာန
လုံးခင်း
Fax;074-72422
E-mail: jade.lonekhin@gmail.com

စာအမှတ်၊ က-၃၇ / ၅၆၈၈ / ၂၀၁၆
ရက်စွဲ ၊ ၂၀၁၆ခုနှစ် ၊ ဩဂုတ်လ ၁၉ ရက်

သို့

လုပ်ငန်းရှင်/မန်နေဂျာ/လုပ်ငန်းတာဝန်ခံ
----------နိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီ/သမအသင်း
လုံးခင်း-ဖားကန့်ရတနာနယ်မြေ

အကြောင်းအရာ။ **ကျောက်မျက်ရတနာများရောင်းချမှုနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေသောနိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီများက အကျိုးတူလုပ်ကွက်ဧရိယာနှင့်ပတ်သက်၍ လိုက်နာထိန်းသိမ်း စောင့်ရှောက်ရန်ကိစ္စ**

ရည် ညွှန်း ချက်။ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၏(၁၅ . ၁၂ . ၂၀၁၅)ရက်စွဲပါစာအမှတ် ၊ က-၃၇/ဖရဖ/၂၀၁၅

၁။ လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေတွင် နိုင်ငံတော်နှင့်အကျိုးတူပူးပေါင်း၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ရန် လုပ်ကိုင်လိုသောကုမ္ပဏီ/သမအသင်းသည် တူးဖော်လုပ်ကိုင်လိုသည့်နေရာအား လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပြုတင်ပြလျှောက်ထားပြီး မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၏ ခွင့်ပြုချက်အရ နိုင်ငံတော်နှင့်အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက် သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ကြသဖြင့် သဘောတူစာချုပ်ပါလုပ်ကွက် ဧရိယာကို သက်ဆိုင်ရာကုမ္ပဏီအသီးသီးသို့ ကွင်းဆင်းတိုင်းတာအပ်နှံပေးလျက်ရှိပါသည်။

၂။ နိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီများအနေဖြင့် မိမိတို့၏ အကျိုးတူလုပ်ကွက်ဧရိယာများနှင့် ပတ်သက်၍ လုပ်ကွက်ကွင်းဆင်းတိုင်းတာ ယာယီအပ်နှံခြင်းမပြုရသေးသော ကုမ္ပဏီများသည်လည်းကောင်း ၊ ယာယီအပ်နှံပြီးသော ကုမ္ပဏီများသည်လည်းကောင်း ၊ အပ်နှံပြီးသောကုမ္ပဏီများသည်လည်းကောင်း အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်-

(က) လုပ်ကွက်လက်ခံပြီးသည့်အခါ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီတို့ သဘောတူစာချုပ်ပါအတိုင်း တူးဖော်ထုတ်လုပ်မည့်နေ့ရက်ကို ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ အကြောင်းကြားခွင့်ပြုချက်ရယူရ ပါမည်။

(ခ) လုပ်ကွက်အပ်နှံပြီးပါက မှတ်ငုတ်ဒေါင့်တိုင်များကို ကွန်ကရစ်တိုင်(သို့မဟုတ်) သံပိုက်လုံးတိုင်(သို့မဟုတ်)(၄)လက်မပတ်လည်သစ်သားတိုင်ဖြင့် ဖြူနီကြားဆေးသုတ်၍ အခိုင်အမာစိုက်ထူထားရမည်။မသမာသူများက မှတ်ငုတ်ဒေါင့်တိုင်များကို ဖျက်ဆီးနှုတ်ပစ်ခြင်းမပြုစေရေးဆောင်ရွက်ထားရှိရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် မှတ်ငုတ်ဒေါင့်တိုင်ကိုစိုက်ထူ သည့်အခါသတ်မှတ်နေရာမှ မိမိသဘောဖြင့် နေရာရွှေ့ပြောင်းစိုက်ထူခြင်းမပြုရပါ။အကယ်၍ မသမာသောနည်းဖြင့် ရွှေ့ပြောင်းစိုက်ထူထားကြောင်းကို စစ်ဆေးတွေ့ရှိပါက ရွှေ့ပြောင်းစိုက်ထူသည့် ကုမ္ပဏီဝန်ထမ်းများကိုသာမက ကုမ္ပဏီဟာဝန်ရှိသူများကိုပါ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရ

(ဂ) အကယ်၍ လုပ်ငန်းလိုအပ်ချက်အရလည်းကောင်း ၊ မသမာသူတို့ကြောင့်လည်းကောင်း ၊ နယ်နိမိတ်ဒေါင့်တိုင်များ/မူသေမှတ်ငုတ်များ ပြန်လည်စိုက်ထူရန်/အစားထိုးရန်လိုအပ်ပါက ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ ကျိုးကြောင်းဖော်ပြ၍ တင်ပြရမည်။တင်ပြချက်အပေါ် ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ဆောင်ရွက်နိုင်စေရန် အဖွဲ့ဖြင့် တိုင်းတာသတ်မှတ်ပေးသွားမည်ဖြစ်ပါသည်။

(ဃ) လုပ်ကွက်အပ်နှံပြီးသည့်နောက် လုပ်ကွက်အတွင်း အုပ်ချုပ်မှုအဆောက်အဦများ ဆောက်လုပ်ရန်အတွက် မြေပြင်မြေညှိခြင်း ၊ အဆောက်အဦများဆောက်လုပ်ခြင်းကို ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သော်လည်း လုပ်ကွက်ကိုယာယီအပ်နှံခြင်းဖြစ်လျှင် ခွင့်ပြုချက်အရ မြေပြင်မြေညှိခြင်း ဆောင်ရွက်စဉ် ကျောက်စိမ်းရိုင်းရရှိပါက ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)ရုံးသို့ အပ်နှံရမည်။အဆောက်အဦများ ဆောက်လုပ်ရာတွင်လည်း အခိုင်အမာအဆောက်အဦများ ဆောက်လုပ်ခြင်းမပြုလုပ်ရပါ။

(င) နိုင်ငံတော်နှင့်အကျိုးတူကျောက်စိမ်းရိုင်းများအား လုံးကို ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)ရုံးဝင်းဧရိယာအတွင်း၌သာ တန်ဖိုးသင့်ခြင်း ၊ ဖြတ်တောက်ခြင်း ၊ အရောင်တင်ခြင်း ၊ ပြပွဲတင်ရန်အတွဲဖွဲ့ခြင်း ၊ ထုတ်ပိုးခြင်း ၊ သိုလှောင်ထိန်းသိမ်းခြင်း ပြုလုပ်ရမည်ဖြစ်ပါသည်။ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)ရုံးဝင်းဧရိယာဝင်းအတွင်း ကျောက်ဖြတ်စက်ရုံနှင့် သိုလှောင်ဂိုဒေါင်များဆောက်လုပ်ရန်အတွက် မြေဖို့မြေပြင်မြေညှိခြင်း ၊ ဆောက်လုပ်ခြင်း ကိစ္စအဝဝကို ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြရမည်။

(စ) နိုင်ငံတော်နှင့်အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီတို့ သဘောတူစာချုပ်ချုပ်ဆိုပြီးပါက ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းအမြန်ဆုံးစတင်ရန်နှင့် လိုအပ်သည့်ဝန်ထမ်း/လုပ်သား ၊ ယာဉ် ၊ စက်ယန္တရား ၊ ရိက္ခာ ၊ စက်သုံးဆီ ၊ လုပ်ငန်းသုံးယမ်းစသည်တို့ကို စုဆောင်းကြရန်လိုအပ်ပါမည်။ယာဉ် ၊ စက်ယန္တရားများဖြည့်တင်းခြင်းကို ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ကြရမည်။လုပ်ငန်းခွင်ကြုံတင်ပြင်ဆင်ဆောင်ရွက်မှု လုပ်ငန်းတိုးတက်မှုအခြေအနေကိုလည်း ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ တင်ပြကြရပါမည်။

(ဆ) ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန်အတွက် လုပ်ငန်းဆောင်ရွက်ရမည့် **"လုပ်ငန်းစီမံချက်"** (၄)မျိုးကို ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လိပ်မူ၍ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ မိတ္တူပေးတင်ပြရပါမည်။

(ဇ) မိမိတို့အကျိုးတူလုပ်ကွက်ဧရိယာအတွင်းသို့ မသက်ဆိုင်သူများ ကျော်လွန်ဝင်ရောက်တူးဖော်ခြင်း ၊ တရားမဝင်ဝင်ရောက်တူးဖော်ခြင်း ၊ မြေစာများလာရောက်စွန့်ပစ်ခြင်းကိုခွင့်မပြုရ။မိမိတို့ ကုမ္ပဏီကိုယ်တိုင်လည်း ခွင့်ပြုချက်မရဘဲ တူးဖော်ထုတ်လုပ်ခြင်း ၊ ကုမ္ပဏီတူးဖော်ထုတ်လုပ်နေသောပုဂ္ဂလိကလုပ်ကွက်မှမြေစာများ ဝင်ရောက်စွန့်ပစ်ခြင်းမပြုရ။

(ဈ) မသက်ဆိုင်သူများ လုပ်ကွက်ဧရိယာအတွင်း လူနေတဲအိမ်များ ကျူးကျော်ဝင်ရောက်ဆောက်လုပ်နေထိုင်ခြင်း ခွင့်မပြုရပါ။

(ည) ကုမ္ပဏီအနေဖြင့် နိုင်ငံတော်နှင့်အကျိုးတူလုပ်ကွက်ကို မိမိတို့ကိုယ်တိုင် တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့်အကျိုးတူ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းနှင့်သက်ဆိုင်သော အလေးထားလိုက်နာကြပ်မတ်စီမံဆောင်ရွက်ကြရမည့် လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များ ၊ အမိန့်ညွှန်ကြားချက်များ ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ၊ နည်းဥပဒေများနှင့်အညီ အလေးထားလိုက်နာလုပ်ကိုင် ဆောင်ရွက်နိုင်ရေး လေ့လာမှတ်သားလိုက်နာဆောင်ရွက်ရမည်။

(ဋ) အထူးသဖြင့် နိုင်ငံတော်နှင့်အကျိုးတူလုပ်ကွက်ဧရိယာအတွင်း မူးယစ်ဆေးဝါးချက်လုပ်ခြင်း ၊ သိုလှောင်ခြင်း ၊ ဖြန့်ဖြူးရောင်းချခြင်း ၊ တရားမဝင်လက်နက်ခဲယမ်းများထားရှိခြင်းနှင့် ဥပဒေနှင့်မလွတ်ကင်းသောကိစ္စရပ်များ လုံး၀(လုံး၀)မပြုလုပ်ရပါ။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့်အကျိုးတူကျောက်မျက်ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်မှယုံကြည်စိတ်ချ၍ အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုထားသည်ဖြစ်ရာ မိမိတို့ကုမ္ပဏီအပါအဝင် ကုမ္ပဏီနှင့်သက်ဆိုင်သူအားလုံး၏ ဂုဏ်သိက္ခာမထိခိုက်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ အလေးထားဂရုစိုက်လိုက်နာဆောင်ရွက်ကြရန် အသိပေးအကြောင်းကြားပါသည်။

တင်စန်းအောင်

ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန် ၊ နေပြည်တော်

ဒုတိယညွှန်ကြားရေးမှူး(ကျောက်စိမ်း) ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ၊ နေပြည်တော်

တိုင်းတာရေးနှင့်ကွင်းဆင်းစစ်ဆေးရေးဌာနခွဲ ၊ ကျောက်စိမ်းတူးဖော်ရေးဌာန ၊ လုံးခင်း

နယ်မြေကြီးကြပ်ရေးအဖွဲ့ဝင် ၊ နယ်မြေ(၁)(၂)(၃)(၄)(၆)(၇)(၈)(၉)(၁၀)

အနီးကပ်ကြီးကြပ်အဖွဲ့ဝင်

----------ကုမ္ပဏီ ၊ ----------မှော် ၊ လုပ်ကွက်( )

ရုံးလက်ခံစာတွဲ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်စိမ်းတူးဖော်ရေးဌာန
လုံးခင်း
Fax;074-72422
E-mail: jade.lonekhin@gmail.com

စာအမှတ်၊ က-၃၇ / ၅၇၈ / ၂၀၁၆
ရက်စွဲ ၊ ၂၀၁၆ခုနှစ် ၊ ဩဂုတ်လ ၂၄ ရက်

သို့

လုပ်ငန်းရှင်/လုပ်ငန်းတာဝန်ခံ

----------ကုမ္ပဏီ/သမအသင်း

အကြောင်းအရာ။ **လုပ်ငန်းခွင်နှင့်သက်ဆိုင်သောဘူမိဗေဒပညာရှင်နှင့် သတ္တုတူးဖော်ရေးပညာရှင်များ ခန့်ထားရန်ကိစ္စ**

ရည် ညွှန်း ချက်။ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၏(၁၀ . ၁၂ . ၂၀၁၅)ရက်စွဲပါစာအမှတ် ၊ က-၃၇/၆၃၉/၂၀၁၅

၁။ လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေအတွင်း ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော အကျိုးတူကုမ္ပဏီ ၊ ပုဂ္ဂလိကကုမ္ပဏီ ၊ သ/မအသင်းများသည် တူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နည်းစနစ်မှန်ကန်စွာ တူးဖော်ထုတ်လုပ်နိုင်ရေး ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုမရှိနိုင်သော တူးဖော်နည်းစနစ်များ စီမံခန့်ခွဲနိုင်ရန်အတွက် တတ်သိပညာရှင်များ ခန့်ထားရမည်ဖြစ်ပါသည်။

၂။ သို့ရာတွင် အကျိုးတူကုမ္ပဏီ ၊ ပုဂ္ဂလိကကုမ္ပဏီ ၊ သမအသင်းအချို့သည် အလုပ်သမားစာရင်းများကို တင်ပြရာတွင် လက်ရှိကုမ္ပဏီအလိုက် ကြီးကြပ် ၊ လုံခြုံရေး ၊ ယာဉ်/စက်ယန္တရား တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကိုသာ တင်ပြလာပါသည်။

၃။ ကုမ္ပဏီများအနေဖြင့် ကျောက်စိမ်းတူးဖော်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ဘူမိဗေဒပညာရှင် ၊ သတ္တုတူးဖော်ရေးပညာရှင်အစရှိသော ပညာရှင်များဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ပါ၍ ပညာရှင်ဝန်ထမ်းများ ခန့်အပ်ထားရှိခြင်းမရှိသေးသော ကုမ္ပဏီ/သမအသင်းများအနေဖြင့် အဆိုပါပညာရှင်များ မဖြစ်မနေခန့်အပ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေအား မိမိဌာနသို့ ပြန်လည် တင်ပြသွားရန် အသိပေးအကြောင်းကြားပါသည်။

တင်စန်းအောင်
ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ၊ နေပြည်တော်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် ၈၅ / ၂၀၁၄

ရန်ကုန်မြို့၊ ၁၃၇၆ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၁၄ ခုနှစ်၊ မေလ ၁၂ ရက်)

သတ္တုတွင်းဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သတ္တုတွင်းဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏အစည်းအဝေး (၁၃-၁၄/၂၀၁၄) ဆုံးဖြတ်ချက်အရ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၅၄ ၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရေးအကွက် ခွင့်ပြုမိန့် ရရှိသူများ လိုက်နာရန် အမိန့်

၁။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့် ရရှိသူများ လိုက်နာဆောင်ရွက်ရန် အမိန့်ကို ၄. ၁၀. ၁၉၉၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၁/၉၉ ဖြင့် ထုတ်ပြန် ခဲ့ပြီးဖြစ်ပါသည်။ ယင်းအမိန့်၏ အခန်း (၅)တွင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန် သတ်မှတ်ချက်များကို ဖော်ပြထားပြီးဖြစ်ပါသည်။

၂။ ထို့ပြင် ၁၆. ၆. ၂၀၁၃နေ့တွင် ပြဋ္ဌာန်းသည့် ခြန်မှုကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ဥပဒေအမှတ် ၈/၂၀၁၃)တွင်လည်း သတ္တုတွင်းဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်က ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရာတွင် အများသုံးခြေစာပစ်ရန်နေရာကို ရတနာနယ်မြေအတွင်း သတ်မှတ်နိုင်ကြောင်းနှင့် ခွင့်ပြုမိန့်ရရှိသူများက မိမိလုပ်ကွက်အတွင်း သို့မဟုတ် လုပ်ကွက်ပြင်ပတွင် မြေစာဆေးကြောရန်၊ ကျောက်ထုခွဲရန်နှင့် ခြေစာပစ်ရန် လုပ်ငန်းသုံးနေရာတစ်ခုခုကို အသုံးပြုလိုပါက ပါမစ်ရရှိရေးအတွက် သတ္တုတွင်းဝန်ကြီးဌာန သို့ လျှောက်ထားရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

၃။ ယခုအခါ လုံးခင်း၊ ဟားကန့် ရတနာနယ်မြေနှင့် ဥရုမြစ်ဝန်းကျင်ဒေသတွင် ကျောက်စိမ်းထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူအချို့သည် မြေစာပစ်ရာတွင် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိကြသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လျက်ရှိကြောင်း တွေ့ရှိပါသည်။ အထူးသဖြင့် မြေစာနှင့် ကျောက်တုံးကျောက်ခဲများကို ဥရုမြစ်နှင့် ဥရုမြစ်အတွင်းသို့ စီးဝင်ရာ တောင်ကျရေဆင်းလမ်းနှင့် လျှိုမြောင်များအတွင်းသို့ စွန့်ပစ်ခြင်းကြောင့် ဥရုမြစ်တွင် သောင်ထွန်းခြင်း၊ တိမ်ကောခြင်း နှင့် ရေစီးကြောင်းပြောင်းလဲခြင်းတို့ ဖြစ်ပေါ်ကာ ချင်းတွင်းမြစ်ကိုပါ ဆက်လက်ထိခိုက်စေလျက် ရှိကြောင်း တွေ့ရှိရပါသည်။

၄။ ထို့ကြောင့် လုံးခင်း၊ ဟားကန့် ရတနာနယ်မြေ နှင့် ဥရုမြစ်ဝန်းကျင်ဒေသ အပါအဝင် သတ်မှတ်ထားသော ရတနာနယ်မြေများ၌ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် အဆိုပါဒေသများကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်လာပါသည်။

၅။ သို့ဖြစ်ပါ၍ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူများသည် အောက်ပါတို့ကို တိကျစွာလိုက်နာ ဆောင်ရွက်ရမည် -

(က) မြေစာနှင့်ကျောက်ကုံးကျောက်ခဲများကို ရတနာနယ်မြေများအတွင်းရှိ မြစ်ချောင်းများအတွင်းသို့ လုံးဝစွန့်ပစ်ခြင်း မပြုရမည့်ပြင် ထိုမြစ်ချောင်းများသို့ စီးဝင်ရာ တောင်ကျရေဆင်းလမ်းနှင့် လျှိုမြောင်များအတွင်းသို့ သာမန်အားဖြင့် စွန့်ပစ်ခြင်း မပြုရ။

(ခ) အကယ်၍ မြစ်ချောင်းများသို့ စီးဝင်ရာတောင်ကျရေဆင်းလမ်းများနှင့် လျှိုမြောင်များအတွင်းသို့မလွဲမရှောင်သာစွန့်ပစ်ရန်ရှိပါက မြစ်ချောင်းများသို့မစီးဝင်မီ လမ်းခုလတ်တွင် နုန်းစုကန် (Detention Pond)များ တူးဖော်ပြီး စွန့်ပစ်မြေစာ နှင့် ကျောက်တုံးကျောက်ခဲများကို အဆိုပါနုန်းစုကန်များတွင် စုဆောင်းဆယ်တင်ပြီးမှ ရေများကိုသာ မြစ်ချောင်းများအတွင်းသို့ စီးဝင်စေရမည်။

(ဂ) မြစ်ချောင်းများ၏ကမ်းနပူးနိမ့်သည့် အပိုင်းများတွင် ကမ်းနပူးမြှင့်တင်ရေးကို ဆောင်ရွက်ရာ၌ မြစ်ချောင်းအတွင်းပိတ်ဆို့နေသည့် ကျောက်တုံးကြီးများကို နယ်မြေကြီးကြပ်အဖွဲ့များနှင့် ဒေသဆိုင်ရာအာဏာပိုင်များ၏ စီမံခန့်ခွဲမှုဖြင့် ဦးစားပေးဆယ်တင်၍ ကမ်းနပူးတွင် စီပုံရမည်ဖြစ်ပြီး မြစ်ချောင်းအတွင်း ပိတ်ဆို့နေသည့် ကျောက်တုံးကြီးများ မရှိလျှင် စွန့်ပစ်မည့်ကျောက်တုံးကြီးများကိုစီပုံပြီး အပေါ်မှမမြပြန်ဖို့၍ မြေသားဒိုင်မာစေရေးအတွက် သစ်ပင်များ စိုက်ပျိုးထားရမည်။

(ဃ) မြစ်ချောင်းများအတွင်း ရေကြောင်းလွှဲပြောင်းတူးဖော်ခြင်း၊ ပိတ်တန်းများပြုလုပ်၍ တူးဖော်ခြင်း၊ ဆင်းတွင်းနှင့် ကာလိုင်များပြုလုပ်တူးဖော်ခြင်း သို့မဟုတ် အခြားတစ်နည်း နည်းဖြင့် ဘူးဖော်ခြင်း မပြုရ။

(င) မြေစာနှင့် ကျောက်တုံးကျောက်ခဲများကို သတ်မှတ်ပေးထားသည့် အများသုံးမြေစာ ပစ်ရန် နေရာတွင်သာ စနစ်တကျစွန့်ပစ်ရမည်။

(စ) မြေစာနှင့် ကျောက်တုံးကျောက်ခဲများကို အများသုံးမြေစာပစ်ရန် နေရာမဟုတ်သည့် နေရာတွင် ပါမစ်မရှိဘဲ လုံးဝစွန့်ပစ်ခြင်းမပြုရ။

(ဆ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသော ကျောက်မျက်ရတနာ လုပ်ကွက်အတွင်းရှိ သဘာဝရေဝေရေလဲနေရာများတွင် ကျောက်မျက်ရတနာတူးဖော်ခြင်း၊ မြေစာနှင့် ကျောက်တုံး ကျောက်ခဲများ စွန့်ပစ်ခြင်းလုပ်ငန်း မပြုရ။

၆။ ဤအမိန့်၏ အပိုဒ် ၅ ပါအချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၃ အရ ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။ ထို့ပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ အောက်ပါစီမံခန့်ခွဲ ရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရမည် -

(က) ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း၊

(ဃ) ကုမ္ပဏီ သို့မဟုတ် အသင်းအားလည်းကောင်း၊ ယင်းကုမ္ပဏီ သို့မဟုတ် အသင်း၏ ဒါရိုက်တာ တစ်ဦးဦးအားလည်းကောင်း နာမည်ပျက်စာရင်းတွင် ထည့်သွင်းသတ်မှတ်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း။

ဗိုလ်မှူးချုပ်အုန်းမြင့်
ဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

စာအမှတ်၊ ၁၄ - အမှုခွဲ (၂) ၂၀၀၄ (ပတ်ဝန်းကျင်)

ရက်စွဲ ၊ ၂၀၀၄ ခုနှစ် ၊ မေလ (၁၂)ရက်

<u>ဖြန့်ဝေခြင်း</u>

- နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး
- နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး
- ဝန်ကြီးချုပ်ရုံး
- ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံး
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ
- တရားရုံးချုပ်
- ရှေ့နေချုပ်ရုံး
- စာရင်းစစ်ချုပ်ရုံး
- သတ္တုတွင်းဝန်ကြီးဌာန ၊ ပတ်ဝန်းကျင်ထိန်းသိမ်ရေးခေါ်မတီ
- ဝန်ကြီးဌာနအားလုံး
- ညွှန်ကြားရေးမှူးချုပ် ၊ သတ္တုတွင်းဦးစီးဌာန
- သတ္တုတွင်းဝန်ကြီးဌာနရှိ ကျန်ဦးစီးဌာန/လုပ်ငန်းများအားလုံး
- ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း သို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေငြာပေးပါရန် ခေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်စိမ်းတူးဖော်ရေးဌာန
လုံးခင်း
Fax;074-72422
E-mail: jade.lonekhin@gmail.com

စာအမှတ်၊ က-၃၇ / ... / ၂၀၁၆
ရက်စွဲ ၊ ၂၀၁၆ခုနှစ် ၊ မေလ ...၃ ရက်

သို့

နိုင်ငံတော်နှင့်အကျိုးတူကျောက်မျက်ကုမ္ပဏီများအား လုံး
ပုဂ္ဂလိကကျောက်မျက်ကုမ္ပဏီ/သမအသင်းများ (အား လုံး)
လုံးခင်း/ဖားကန့်ရတနာနယ်မြေ

အကြောင်းအရာ။ **လုံးခင်း၊ဖားကန့်ရတနာနယ်မြေတွင် မိုးရာသီလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစွာ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေးကြပ်မတ်ဆောင်ရွက်ရန်ကိစ္စ**

၁။ လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေအတွင်း ကျောက်စိမ်းတူးဖော်ထုတ်လုပ်လျက်ရှိသော နိုင်ငံတော်နှင့် အကျိုးတူကျောက်မျက်ကုမ္ပဏီ/ပုဂ္ဂလိကကုမ္ပဏီ/သမအသင်းများ၏ တူးဖော်လုပ်ကိုင် ခွင့်ရကျောက်စိမ်း လုပ်ကွက်များသည် မိုးရာသီလုပ်ငန်းဆောင်ရွက်ကြမည်ဖြစ်၍ တူးဖော်ရေးလုပ်ငန်းခွင်အတွင်းတွင် မြေပြိုမှု ဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုနှင့်သေဆုံးမှုဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၂။ အထူးသဖြင့် မိုးဦးကာလနှင့်မိုးနှောင်းကာလများတွင် မိုးအဆက်မပြတ်ရွာသွန်းခြင်း ၊ နေအပူအရှိန် မြင့်တက်ခြင်း ၊ ရုတ်တရက်မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် သဘာဝမြေသားများကျုံ့ခြင်း ၊ ပွခြင်း ၊ အက်ကြောင်းများ ဖြစ်ပေါ်ပြီးမြေစာများနှင့် လုပ်ငန်းခွင်ပတ်ဝန်းကျင်မြေသားများ အိုကျပြုဆင်းပိမိ၍ လုပ်ငန်းသုံးအဆောက် အဦများပျက်စီးခြင်း ၊ ယာဉ်/စက်ယန္တရားများပျက်စီးခြင်း ၊ ကုမ္ပဏီဝန်ထမ်း/ လုပ်သားများ ဒဏ်ရာရသေဆုံးခြင်းစသည့် မလိုလားအပ်သောဖြစ်စဉ်မျိုးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ဖြစ်စဉ်များ ဖြစ်ပွားလေ့ရှိပါသည်။

၃။ ကျောက်စိမ်းတူးဖော်ထုတ်လုပ်နေကြသော ခွင့်ပြုမိန့်ရရှိသူများသည် ကျောက်စိမ်းတူးဖော်ထုတ်လုပ် ရာတွင် အောက်ဖော်ပြပါလုပ်ငန်းခွင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) မိုးရာသီကာလ မိုးများသောရက်များတွင် ထုတ်လုပ်မှုထက်ဘေးအန္တရာယ်ကင်းရှင်းမှုကို အထူး ဂရုပြုဆောင်ရွက်ရမည်။

(ခ) မိုးအဆက်မပြတ်ရွာသွန်းချိန်တွင် လုပ်ငန်းခွင်ရပ်နားထားရန်နှင့် လုပ်ငန်းခွင်ပြန်လည်စတင်ချိန်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးဆောင်ရွက်ပြီးမှသာ လုပ်ကိုင်ဆောင်ရွက်ရမည်။

(ဂ) အပေါ်ယံမြေလွှာများအားဖယ်ရှားရာတွင် မြေသားနံရံများထိန်းနိုင်ရန်အတွက် လှေကားထစ် (Bench)များပြုလုပ်၍တူးဖော်ရန်နှင့်(Bench Height) တစ်ခုနှင့်တစ်ခု(၂၅)ပေထက်မကျော်စေရန်နှင့်လုံလောက်သောဘေးကင်းမှုလျှောစောက်(Angle of Repose)အား (၄၅)ဒီဂရီထက်မကျော်အောင် ဆောင်ရွက်တူးဖော်ရမည်။

(ဃ) နေအိမ်အဆောက်အဦများအား အန္တရာယ်ရှိနိုင်သည့်ကမ်းပါးယံများ၌ တည်ဆောက်ထားခြင်းလုံးဝမပြုလုပ်ရန် ၊ ကမ်းပါးယံအခြေနှင့်ကမ်းပါးစောင်းအနီးတွင် တည်ဆောက်ထားသော အဆောက်အဦများ၌ လူများနေထိုင်မှုမပြုလုပ်ရန်နှင့် မြေသားခိုင်မာမှုမရှိသောမြေနေရာများတွင် အဆောက်အဦများဆောက်လုပ်ခြင်းကို ရှောင်ကြဉ်ရမည်။

(င) မိုးကာလမိုးများသည့်ရက်များတွင် အက်ကြောင်းများပေါ်ပေါက်လာပါက အက်ကြောင်းပေါ်သည့်ဧရိယာပေါ်ရှိ လူနေအိမ်အဆောက်အဦများချက်ချင်းရွှေ့ပြောင်းရန်နှင့်ဖြစ်ပေါ်လာသည့် အက်ကြောင်းများအခြေအနေနှင့် မြေပြင်ထူးခြားမှုတို့ကို တာဝန်ရှိသူအဆင့်ဆင့်သို့ အကြောင်းကြားသတင်းပို့ခြင်း ၊ တာဝန်ရှိသူများမှ ချက်ချင်းစစ်ဆေးအရေးယူ ဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်။

(စ) မြေပြိုမှုအန္တရာယ်ဖြစ်ပေါ်လာနိုင်ပါက ချက်ချင်းလုပ်ငန်းရပ်နားပြီး လူနှင့်စက်ယန္တရားများကို အန္တရာယ်မှလွတ်ကင်းနိုင်မည့်နေရာသို့ ပြောင်းရွှေ့ဖယ်ရှားပြီး အန္တရာယ်ရှိနိုင်သောမြေများကို ဖယ်ရှားရမည်။

(ဆ) ထိုသို့ဖယ်ရှားဆောင်ရွက်ရာတွင် ခေါင်းမိုးမြေများဖြစ်ပါက အန္တရာယ်ကင်းနိုင်သည့် အနေအထား အထိဖယ်ရှားခြင်း ၊ အောက်ခြေထိန်းလှေကားထစ်နံရံများပြုလုပ်ခြင်း ၊ ကုတေမြေ (အမာခံမြေအမျိုးအစား)ဖြစ်ပါက(၉၀)ဒီဂရီအထိ တည့်မတ်စွာမထားဘဲ အနည်းဆုံး(၃၀) ဒီဂရီအစောင်းထားရှိ တူးဖော်ရမည်။

(ဇ) ဟင်းလင်းဖွင့်လုပ်ကွက်များတွင် မြေသားကြံ့ခိုင်မှုအနေအထားအရ သင့်လျော်သည့်အန္တရာယ်လွတ်အမြင့်ပေ သတ်မှတ်ဆောင်ရွက်ရန်နှင့် ထပ်မံ၍အနက်ပေ တူးဖော်ရန်လိုအပ်ပါက နောက်ထပ် အန္တရာယ်ကင်းလွတ်အဆင့် မြေထိန်းတစ်ခုပြုလုပ်ဆောင်ရွက်ရမည်။

(စျ) လုပ်ငန်းခွင်သို့ ဝင်ရောက်ရာလမ်းကြောင်းများ၏ မြေတည်ငြိမ်မှုရှိရေး အထူးကြပ်မတ်ဆောင်ရွက်ရန်နှင့် လုပ်ကွက်ကမ်းပါးယံတစ်လျှောက် ဖြတ်သန်းဖောက်လုပ်ထားသော ကားလမ်းများကို မြေပြိုကျမှုမရှိစေရန် ဂရုပြုထိန်းသိမ်းစောင့်ရှောက်ထားရမည်။

(ည) မိုးရေကြောင့် ကမ်းပါးယံပြိုကျလာနိုင်သည့်လမ်းကြောင်းတွင် လုပ်သားများသတိကြီးစွာထား၍ လုပ်ငန်းလုပ်ဆောင်ရန်နှင့်သတိပေးဆိုင်းဘုတ်များစိုက်ထူထားရမည်။

(ဋ) မိုးသည်းထန်စွာရွာသွန်းချိန်နှင့် မိုးရွာပြီးနေပြန်ပူသည့်အချိန်များတွင် မြေပြိုလေ့ရှိသဖြင့် ၎င်းအချိန်များတွင် တူးဖော်မှုလုပ်ငန်းများခေတ္တရပ်ဆိုင်းထားရမည်။

(ဌ) မိုးသည်းထန်စွာရွာသွန်းခြင်း ၊ ခါးရေများပေါက်ကျခြင်းများ တွေ့ရှိပါက ကြိုတင်ကာကွယ်မှုများ အမြန်ဆောင်ရွက်ရမည်။

(ဍ) လုပ်ကွက်အထက်တွင် လုပ်ငန်းသုံးရေလှောင်ကန်များရှိပါက တာဘောင်မကျိုးစေရန် စိစစ်ကြပ်မတ်ရန်နှင့်ရေနူး၍ပျော်နိုင်သောမြေများဖြစ်ပါက အမြန်ဖယ်ရှားရမည်။

(ဎ) ရပ်ကွက် ၊ ကျေးရွာလူနေအိမ်များအန္တရာယ်ရှိနိုင်သောနေရာတွင်ရှိသည့် ကျင်းဟောင်း ၊ ရေကန်ဟောင်း ၊ မြေစာပုံအနီးရှိ ရေကန်များအား ရေပြည့်ရေလျှံကျိုးပေါက်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် ပုံမှန်ရေစီးဆင်းနိုင်သည့် ရေနုတ်မြောင်းများ တူးဖော်၍ ရေဝိတ်များ လျော့ချပေးရမည်။

(ဏ) အများနှင့်သက်ဆိုင်သောကိစ္စဖြစ်၍ မိမိလုပ်ကွက်ဧရိယာအတွင်းသာမက ဆက်စပ်နှင့် အနီးပတ်ဝန်းကျင်ရှိလုပ်ကွက်များတွင် မြေပြိုကျနိုင်သည့်အခြေအနေရှိသည်ကို ကြားမြင်သိရှိရ ပါကသတိပေးပြောကြားခြင်း ၊ သက်ဆိုင်ရာတူးဖော်ရေးဌာနများသို့ သတင်းပို့တင်ပြခြင်းနှင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းများကို မိမိအသိစိတ်ဖြင့်ဆောင်ရွက်ကြရမည်။

(တ) လုပ်ကွက်တစ်လျှောက် ဖြတ်သန်းစီးဆင်းနေသော ချောင်း/မြောင်းများကို ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ထားရန်နှင့်နွေကာလတွင် ချောင်းများဖြတ်၍ ယာယီမြေဖို့ထားသော မြေသားတမံနှင့်ဆောက်လုပ်ထားသောယာယီတံတားများကို ဖြုတ်သိမ်းရှင်းလင်းထားရမည်။

(ထ) မိုးရာသီကာလအတွင်း ကျောက်စိမ်းတူးဖော်လုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်များတွင် လျှပ်စစ် မာတ်အားထုတ်ပေးသည့်(Generator)မီးစက်များ ၊ မီးခလုတ်(Switch)များ ၊ သွယ်တန်းထား သောဝါယာကြိုးများမှ လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် ဂရုပြုစစ်ဆေးဆောင်ရွက်ရမည်။

(ဒ) ယမ်းတိုက်များတွင်တပ်ဆင်ထားသော မိုးကြိုးလွှဲများကိုစစ်ဆေးခြင်း ၊ မိုးကြိုးလွှဲတပ်ဆင်မှုမရှိသေးသောယမ်းတိုက်များကို မိုးကြိုးလွှဲတပ်ဆင်ရမည်။

(ခ) လုပ်ကွက်အတွင်း ယမ်းခွဲအသုံးပြုရာတွင် ယမ်းအားပမာဏ ပိုမိုထည့်သွင်းသုံးစွဲခြင်းကို ရှောင်ကြဉ်ရမည်။

(ဂ) ကျင်းလုပ်သားများအား သတ္တုတွင်းသုံးဦးထုပ် ၊ သတ္တုတွင်းသုံးဖိနပ်နှင့်လက်အိတ်များ သုံးစွဲ လုပ်ကိုင်နိုင်ရန် ကုမ္ပဏီတာဝန်ရှိသူများက ဆောင်ရွက်ရမည်။

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် လူသားများအသက်ဆုံးရှုံးမှုမရှိအောင် ကြိုတင်ကာကွယ် ဆောင်ရွက်ရမည်။

(ဇ) အခါအားလျော်စွာ ထုတ်ပြန်ထားသည့်ဘေးအန္တရာယ်ကင်းရှင်းရေးလမ်းညွှန်ချက်များကို တိကျ စွာလိုက်နာဆောင်ရွက်ရမည်။

(ဈ) လုပ်ကွက်မန်နေဂျာနှင့် ကျင်းချုပ်စသည့်တာဝန်ရှိသူများသည် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လုပ်ကွက်အတွင်းလုပ်သားများအား အမြဲမပြတ်သတိပေးကြီးကြပ်ပြီး လုပ်ငန်းခွင်စည်းကမ်းများ ထုတ်ပြန်၍ လိုက်နာဆောင်ရွက်သွားရမည်။

(ဉ) မတော်တဆထိခိုက်မှုများရှိပါက ချက်ချင်းသတင်းပို့တင်ပြခြင်း ၊ သတ်မှတ်ပုံစံများတွင် ဖြည့်စွက်အကြောင်းကြားခြင်းများ ဆောင်ရွက်ပေးရမည်။

၄။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းဝေးစေရန် ညွှန်ကြားချက်များနှင့်အညီ တူးဖော်ခြင်းမရှိကြောင်း ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးတွေ့ရှိပါက အဆိုပါလုပ်ကွက်ကိုတူးဖော်ထုတ်လုပ်ခွင့် ယာယီရပ်နား ထားစေပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းအောင် ပြုပြင်မွမ်းမံဆောင်ရွက်စေပြီးမှသာ ပြန်လည် တူးဖော်ခွင့် ပြုမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော်ထုတ်လုပ်ခွင့်ရရှိသော နိုင်ငံတော်နှင့်အကျိုးတူ ကျောက်မျက်ကုမ္ပဏီ/ ပုဂ္ဂလိကကုမ္ပဏီ /သမအသင်းများ၏ တူးဖော်လုပ်ကိုင်ခွင့်ရ ကျောက်စိမ်းလုပ်ကွက်များသည်မိုးရာသီလုပ်ငန်းဆောင်ရွက်ကြမည်ဖြစ်၍ တူးဖော်ရေးလုပ်ငန်းခွင်အတွင်း တွင် မြေပြိုမှုဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် လုပ်ငန်းခွင်ထိခိုက်ပျက်စီးခြင်း ၊ ဝန်ထမ်းလုပ်သားများ ထိခိုက်ခြင်း ၊ ဒဏ်ရာရခြင်း ၊ သေဆုံးခြင်းများ မဖြစ်ပေါ်စေရန်အတွက် လုပ်ငန်းရှင်/လုပ်ငန်းတာဝန်ခံ/ မန်နေဂျာများသည် အထက်ပါလုပ်ငန်းခွင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် အလေးထားလိုက်နာပြီး အောက်ခြေအဆင့်ထိ အသိပေးကြပ်မတ်ဆောင်ရွက် သွားရန် ညွှန်ကြားသည်။

၂၃/၁/၂၀၂၄

တင်စန်းအောင်

ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ၊ နေပြည်တော် ဒုတိယညွှန်ကြားရေးမှူး (ကျောက်စိမ်း) ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ၊ နေပြည်တော်

စခန်းတာဝန်ခံ ၊ ကျောက်စိမ်းတူးဖော်ရေးဌာန (မိုးညှင်း/ခန္တီး)-(ကုမ္ပဏီများသို့ထပ်ဆင့်ညွှန်ကြားရန်)

ရုံးလက်ခံစာတွဲ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်စိမ်းတူးဖော်ရေးဌာန
လုံးခင်း
Fax;074-72422
E-mail: jade.lonekhin@gmail.com

စာအမှတ်၊ က-၃၇ / ၆၅၆ / ၂၀၁၅
ရက်စွဲ ၊ ၂၀၁၅ခုနှစ် ၊ ဒီဇင်ဘာလ ၂၅ ရက်

သို့

လုပ်ငန်းရှင်/မန်နေဂျာ/လုပ်ငန်းတာဝန်ခံ

----------နိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီ/သမအသင်း

လုံးခင်း ဖားကန့်ရတနာနယ်မြေ

အကြောင်းအရာ။ **ကျောက်မျက်ရတနာများရောင်းချမှုနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေသောနိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီများက အကျိုးတူလုပ်ကွက်ဧရိယာနှင့်ပတ်သက်၍ လိုက်နာထိန်းသိမ်း စောင့်ရှောက်ရန်ကိစ္စ**

၁။ လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေတွင် နိုင်ငံတော်နှင့်အကျိုးတူပူးပေါင်း၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ရန် လုပ်ကိုင်လိုသောကုမ္ပဏီ/သမအသင်းသည် တူးဖော်လုပ်ကိုင်လိုသည့်နေရာအား လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပြုတင်ပြလျှောက်ထားပြီး မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၏ ခွင့်ပြုချက်အရ နိုင်ငံတော်နှင့်အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက် သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ကြသဖြင့် သဘောတူစာချုပ်ပါလုပ်ကွက်ဧရိယာကို သက်ဆိုင်ရာကုမ္ပဏီအသီးသီးသို့ ကွင်းဆင်းတိုင်းတာအပ်နှံပေးလျက်ရှိပါသည်။

၂။ နိုင်ငံတော်နှင့်အကျိုးတူကုမ္ပဏီများအနေဖြင့် မိမိတို့၏ အကျိုးတူလုပ်ကွက်ဧရိယာများနှင့် ပတ်သက်၍လုပ်ကွက်ကွင်းဆင်းတိုင်းတာ ယာယီအပ်နှံခြင်းမပြုရသေးသော ကုမ္ပဏီများသည်လည်းကောင်း၊ ယာယီအပ်နှံပြီးသော ကုမ္ပဏီများသည်လည်းကောင်း ၊ အပ်နှံပြီးသောကုမ္ပဏီများသည်လည်းကောင်း အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်-

(က) လုပ်ကွက်လက်ခံပြီးသည့်အခါ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီတို့ သဘောတူစာချုပ်ပါအတိုင်း တူးဖော်ထုတ်လုပ်မည့်နေ့ရက်ကို ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ အကြောင်းကြားခွင့်ပြုချက်ရယူရပါမည်။

(ခ) လုပ်ကွက်အပ်နှံပြီးပါက မှတ်ဉတ်ဒေါင့်တိုင်များကို ကွန်ကရစ်တိုင်(သို့မဟုတ်) သံပိုက်လုံးတိုင်(သို့မဟုတ်)(၄)လက်မပတ်လည်သစ်သားတိုင်ဖြင့် ဖြူနီကြားဆေးသုတ်၍ အခိုင်အမာစိုက်ထူထားရမည်။မသမာသူများက မှတ်ဉတ်ဒေါင့်တိုင်များကို ဖျက်ဆီးနှုတ်ပစ်ခြင်းမပြုစေရေးဆောင်ရွက်ထားရှိရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် မှတ်ဉတ်ဒေါင့်တိုင်ကိုစိုက်ထူသည့်အခါ သတ်မှတ်နေရာမှ မိမိသဘောဖြင့် နေရာရွှေ့ပြောင်းစိုက်ထူခြင်းမပြုရပါ။အကယ်၍ မသမာသောနည်းဖြင့် ရွှေ့ပြောင်းစိုက်ထူထားကြောင်းကို စစ်ဆေးတွေ့ရှိပါက ရွှေ့ပြောင်းစိုက်ထူသည့် ကုမ္ပဏီဝန်ထမ်းများကိုသာမက ကုမ္ပဏီတာဝန်ရှိသူများကိုပါ မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ အရေးယူသွားမည်ဖြစ်ပါသည်။

(ဂ) အကယ်၍ လုပ်ငန်းလိုအပ်ချက်အရလည်းကောင်း ၊ မသမာသူတို့ကြောင့်လည်းကောင်း ၊ နယ်နိမိတ်ဒေါင့်တိုင်များ/မူသေမှတ်ငုတ်များ ပြန်လည်စိုက်ထူရန်/အစားထိုးရန်လိုအပ်ပါက ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ ကျိုးကြောင်းဖော်ပြ၍ တင်ပြရမည်။တင်ပြချက်အပေါ် ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ဆောင်ရွက်နိုင်စေရန် အဖွဲ့ဖြင့် တိုင်းတာသတ်မှတ်ပေးသွားမည်ဖြစ်ပါသည်။

(ဃ) လုပ်ကွက်အပ်နှံပြီးသည့်နောက် လုပ်ကွက်အတွင်း အုပ်ချုပ်မှုအဆောက်အဦများ ဆောက်လုပ်ရန်အတွက် မြေပြင်မြေညှိခြင်း၊ အဆောက်အဦများဆောက်လုပ်ခြင်းကို ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သော်လည်း လုပ်ကွက်ကိုယာယီအပ်နှံခြင်းဖြစ်လျှင် ခွင့်ပြုချက်အရ မြေပြင်မြေညှိခြင်း ဆောင်ရွက်စဉ် ကျောက်စိမ်းရိုင်းရရှိပါက ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)ရုံးသို့ အပ်နှံရမည်။အဆောက်အဦများဆောက်လုပ်ရာတွင်လည်း အခိုင်အမာအဆောက်အဦများ ဆောက်လုပ်ခြင်းမပြုလုပ်ရပါ။

(င) နိုင်ငံတော်နှင့်အကျိုးတူကျောက်စိမ်းရိုင်းများအားလုံးကို ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)ရုံးဝင်းဧရိယာအတွင်း၌သာ တန်ဖိုးသင့်ခြင်း ၊ ဖြတ်တောက်ခြင်း ၊ အရောင်တင်ခြင်း ၊ ပြပွဲတင်ရန်အတွဲဖွဲ့ခြင်း ၊ ထုတ်ပိုးခြင်း ၊ သိုလှောင်ထိန်းသိမ်းခြင်း ပြုလုပ်ရမည်ဖြစ်ပါသည်။ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)ရုံးဝင်းဧရိယာဝင်းအတွင်း ကျောက်ဖြတ်စက်ရုံနှင့် သိုလှောင်ဂိုဒေါင်များဆောက်လုပ်ရန်အတွက် မြေဖို့မြေပြင်မြေညှိခြင်း ၊ ဆောက်လုပ်ခြင်းကိစ္စအဝဝကို ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြရမည်။

(စ) နိုင်ငံတော်နှင့်အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီတို့ သဘောတူစာချုပ်ချုပ်ဆိုပြီးပါက ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းအမြန်ဆုံးစတင်ရန်နှင့် လိုအပ်သည့်ဝန်ထမ်း/လုပ်သား ၊ ယာဉ် ၊ စက်ယန္တရား ၊ ရိက္ခာ ၊ စက်သုံးဆီ ၊ လုပ်ငန်းသုံးယမ်းစသည်တို့ကို စုဆောင်းကြရန်လိုအပ်ပါမည်။ယာဉ် ၊ စက်ယန္တရားများဖြည့်တင်းခြင်းကို ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ကြရမည်။လုပ်ငန်းခွင်ကြုံတင်ပြင်ဆင်ဆောင်ရွက်မှု လုပ်ငန်းတိုးတက်မှုအခြေအနေကိုလည်း ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ တင်ပြကြရပါမည်။

(ဆ) ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန်အတွက် လုပ်ငန်းဆောင်ရွက်ရမည့် **"လုပ်ငန်းစီမံချက်"** (၄)မျိုးကို ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လိပ်မူ၍ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ မိတ္တူပေးတင်ပြရပါမည်။

(ဇ) မိမိတို့အကျိုးတူလုပ်ကွက်ဧရိယာအတွင်းသို့ မသက်ဆိုင်သူများ ကျော်လွန်ဝင်ရောက်တူးဖော်ခြင်း ၊ တရားမဝင်ဝင်ရောက်တူးဖော်ခြင်း ၊ မြေစာများလာရောက်စွန့်ပစ်ခြင်းကိုခွင့်မပြုရ။မိမိတို့ကုမ္ပဏီကိုယ်တိုင်လည်း ခွင့်ပြုချက်မရဘဲ တူးဖော်ထုတ်လုပ်ခြင်း ၊ ကုမ္ပဏီတူးဖော်ထုတ်လုပ်နေသော ပုဂ္ဂလိကလုပ်ကွက်မှမြေစာများ ဝင်ရောက်စွန့်ပစ်ခြင်းမပြုရ။

(ဈ) မသက်ဆိုင်သူများ လုပ်ကွက်ဧရိယာအတွင်း လူနေတဲအိမ်များ ဝင်ရောက်ဆောက်လုပ်နေထိုင်ခြင်း ခွင့်မပြုရပါ။

(ည) ကုမ္ပဏီအနေဖြင့် နိုင်ငံတော်နှင့်အကျိုးတူလုပ်ကွက်ကို မိမိတို့ကိုယ်တိုင် တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့်အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းနှင့်သက်ဆိုင်သော အလေးထားလိုက်နာကြပ်မတ်စီမံဆောင်ရွက်ကြရမည့် လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များ ၊ အမိန့်ညွှန်ကြားချက်များ ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ၊ နည်းဥပဒေများနှင့်အညီ အလေးထားလိုက်နာလုပ်ကိုင် ဆောင်ရွက်နိုင်ရေး လေ့လာမှတ်သားလိုက်နာဆောင်ရွက်ရမည်။

(ဋ) အထူးသဖြင့် နိုင်ငံတော်နှင့်အကျိုးတူလုပ်ကွက်ဧရိယာအတွင်း မူးယစ်ဆေးဝါးချက်လုပ်ခြင်း ၊ သိုလှောင်ခြင်း ၊ ဖြန့်ဖြူးရောင်းချခြင်း ၊ တရားမဝင်လက်နက်ခဲယမ်းများထားရှိခြင်းနှင့် ဥပဒေနှင့်မလွတ်ကင်းသောကိစ္စရပ်များ လုံး၀(လုံး၀)မပြုလုပ်ရပါ။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့်အကျိုးတူကျောက်မျက်ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်မှယုံကြည်စိတ်ချ၍ အကျိုးတူကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုထားသည်ဖြစ်ရာ မိမိတို့ကုမ္ပဏီအပါအဝင် ကုမ္ပဏီနှင့်သက်ဆိုင်သူအားလုံး၏ ဂုဏ်သိက္ခာမထိခိုက်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ အလေးထားဂရုစိုက်လိုက်နာဆောင်ရွက်ကြရန် အသိပေးအကြောင်းကြားပါသည်။

ရွှေလင်းမောင်
ညွှန်ကြားရေးမှူး

မိတ္တူကို
ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ဒုတိယညွှန်ကြားရေးမှူး(ကျောက်စိမ်း) ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
လုပ်ငန်းကြီးကြပ်ရေးဌာနခွဲ ၊ ကျောက်စိမ်းတူးဖော်ရေးဌာန ၊ လုံးခင်း
တိုင်းတာရေးနှင့်ကွင်းဆင်းစစ်ဆေးရေးဌာနခွဲ ၊ ကျောက်စိမ်းတူးဖော်ရေးဌာန ၊ လုံးခင်း
နယ်မြေကြီးကြပ်ရေးအဖွဲ့ဝင် ၊ နယ်မြေ(၁)(၂)(၃)(၅)(၆)(၇)(၈)(၉)(၁၀)
အနီးကပ်ကြီးကြပ်အဖွဲ့ဝင်
----------ကုမ္ပဏီ ၊ ----------မှော် ၊ လုပ်ကွက်( )
ရုံးလက်ခံစာတွဲ/မျှောစာတွဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
(ဝန်ကြီးရုံး)
ရန်ကုန်မြို့၊ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၀) ရက်
(၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ-၄-ရက်)

အမိန့်ကြော်ငြာစာအမှတ် ၁၂၁/၉၉

သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲငယ် (၁) မှ (၇) ထိပါကိစ္စရပ်များနှင့်စပ်လျဉ်း၍၊ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိသူများ လိုက်နာဆောင်ရွက်ရန်အလို့ငှာ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၅၄၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤအမိန့်ကိုထုတ်ပြန်လိုက်သည်။

ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့် ရရှိသူများ လိုက်နာဆောင်ရွက်ရန်အမိန့်

အခန်း (၁)

ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများ၊ အလုပ်သမားများ စနစ်ထားခြင်း၊ အလုပ်နိုင်းဓနခြင်း၊ အသက်၊ လုပ်စ၊ လစာ နှင့် အခြားအစဉ်ကြေးခွင့်များ သတ်မှတ်ခြင်း

၁။ ကျောက်မျက်ရတနာလုပ်ကွက်တိုင်းတွင် ကြီးကြပ်ရန်နှင့် ဝိမံခန့်ခွဲရန်အလို့ငှာ သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသည့် မန်နေဂျာတစ်ဦးကို ခန့်ထားရမည်။ ယင်းမန်နေဂျာ၏ ဆောင်ရွက်ချက်သည် ခွင့်ပြုမိန့်ရရှိသူ၏ ဆောင်ရွက်ချက်ဖြစ်သည်ဟု မှတ်ယူရမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူသည် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံလျှင် မိမိကိုယ်တိုင် မန်နေဂျာအဖြစ် ဆောင်ရွက်နိုင်သည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်တွင် ကလေးသူငယ်ကို အလုပ်ခန့်ထားခြင်း မပြုရ။

၃။ ကျန်းမာရေးနှင့် လူမှုဝန်ထမ်းများလုပ်ငန်းများအတွက်မှတစ်ပါး ကျောက်မျက်ရတနာလုပ်ကွက်၏ မြေအောက်လုပ်ကွက်စခန်းများတွင် အမျိုးသမီးကို အလုပ်ခန့်ထားခြင်းမပြုရ။

၄။ အလုပ်ခန့်ထားရန်အတွက် ကျန်းမာကြောင်းနှင့် အသက် (၁၈)နှစ်ပြည့်ကြောင်း၊ သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနက ထုတ်ပေးထားသောလက်မှတ် ရရှိသူများမှအပ အသက် (၁၈)နှစ် မပြည့်သေးသူကို ကျောက်မျက်ရတနာလုပ်ကွက်တွင် အလုပ်လုပ်ကိုင်ရန် ခန့်ထားခြင်းမပြုရ။

၅။ (က) စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိနှင့် ကျောက်မျက်ရတနာလုပ်ကွက် မန်နေဂျာတို့အကြားတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မွေးစာရင်းအထောက်အထား မရှိ၍ ကလေးသူငယ် သို့မဟုတ် အသက် (၁၈)နှစ်ပြည့်၊ မပြည့် အငြင်းပွားသည့်ကိစ္စ၌ သက်ဆိုင်ရာ ကျွန်းမာရေးဦးစီးဌာန ဆရာဝန်၏ အဆုံးအဖြတ်ကို ရယူရမည်။

(ခ) သက်ဆိုင်ရာကျွန်းမာရေးဦးစီးဌာန၊ ဆရာဝန်၏အဆုံးအဖြတ်သည် ဤအမိန့်အလို့ငှာ ထိုပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အသက်အတွက် အပြီးသတ် အထောက်အထား ဖြစ်စေရမည်။

၆။ (က) ကျောက်မျက်ရတနာလုပ်ကွက်များတွင် အလုပ်ခန့်ထားသူအားလုံးအတွက် နောက်ဆက်တွဲ ပုံစံ (၁) ပါအတိုင်း မှတ်ပုံတင်စာအုပ်ထားရှိရမည်။

(ခ) ကျောက်မျက်ရတနာလုပ်ကွက်များတွင် မြေအောက်၌ အလုပ်လုပ်ကိုင်ရန် ခန့်ထားသူများအတွက် နောက်ဆက်တွဲပုံစံ (၂) ပါအတိုင်း မှတ်ပုံတင်စာအုပ် ထားရှိရမည်။ ၎င်းစာအုပ်တွင် အလုပ်လုပ်နေသည့်အချိန်တွင် မြေအောက်၌ အလုပ်လုပ်နေသည့် ပုဂ္ဂိုလ်တစ်ဦး၏ အမည်ကို မဖျက်မက္ခက် ဖော်ပြရမည်။

၇။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် ကျောက်မျက်ရတနာလုပ်ကွက်တစ်ခု၌ အလုပ်လုပ်ကိုင်သည့် အလုပ်သမား တစ်ဦးအား -

(က) သတ်မှတ်ထားသော သာမန်နာရီများထက်ပို၍ အလုပ်ခိုင်းစေပါက သာမန်ပေးရမည့် အခနှုန်း၏ နှစ်ဆပေးရမည့်အပြင် ရှားပါးစရိတ် ရရှိနေလျှင်လည်း ထိုအချိန်ပိုလုပ်ရသည့် နေ့အတွက် ပေးမြန်နှုန်းအတိုင်း ပေးရမည်။

(ခ) အများပြည်သူအလုပ်ပိတ်ရက်တွင် အလုပ်ခိုင်းစေပါက ယင်းသို့လုပ်ကိုင်ရသည့်နေ့ရက်အတွက် ၎င်း၏သာမန်လစာ သို့မဟုတ် လုပ်ခနှင့်သက်ဆိုင်သော အခြားအခကြေးငွေများကို အလုပ်သမားဝန်ကြီးဌာနက သတ်မှတ်ချက်များနှင့်အညီ ပေးရမည်။

၈။ အလုပ်သမားများအား ခုရေနှုန်းအရ လုပ်ခပေးပါက ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် ဤအမိန့်အလို့ငှါ ထိုအလုပ်သမားများ၏ ပျမ်းမျှလုပ်ခရေငွေနှုန်းထားနှင့် တူညီနိုင်သမျှ တူညီရန် ခုရေနှုန်းကို သတ်မှတ်ရမည်။ ထိုသို့သတ်မှတ်သည့် နှုန်းထားများကို ဤအမိန့်အလို့ငှါ ယင်းအလုပ်သမားများ၏ သာမန်နှုန်းထားဟု မှတ်ယူရမည်။

အခန်း (၂)

ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ မြေပေါ်မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း

၉။ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် -

(က) မည်သူကိုမျှ ကျောက်မျက်ရတနာလုပ်ကွက်တွင် ရက်သတ္တပတ် တစ်ပတ်အတွင်း (၅)ရက် ထက်ပို၍ အလုပ်လုပ်ကိုင်စေခြင်း မပြုရ။

(ခ) ကျောက်မျက်ရတနာလုပ်ကွက်တွင် ခန့်ထားသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား သာမန် အားဖြင့် တစ်နေ့လျှင် (၈)နာရီထက် ပို၍လည်းကောင်း၊ ရက်သတ္တပတ် တစ်ပတ်လျှင် နာရီ (၄၀)ထက်ပို၍လည်းကောင်း အလုပ်လုပ်ကိုင်စေခြင်း မပြုရ သို့မဟုတ် အလုပ် လုပ်ခွင့် မပြုရ။ သို့ရာတွင် လုပ်ငန်းလိုအပ်ချက်အရ တစ်နေ့တာလုံး ဆက်တိုက်လုပ်ကိုင် ရန် လိုအပ်လျှင် ရက်သတ္တပတ် တစ်ပတ်လျှင် (၄၈)နာရီလုပ်ကိုင်ရန် ခွင့်ပြုနိုင်သည်။

(ဂ) ကျောက်မျက်ရတနာလုပ်ကွက်တစ်ခု၏ မြေပေါ်တွင် ခန့်ထားသည့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ တစ်နေ့တာအတွက် အလုပ်ချိန်ကို ၎င်း၏အလုပ်နားချိန်အပါအဝင် (၁၀)နာရီထက် မပိုစေရန် စီစဉ်ရမည်။ ထိုသူအား အနည်းဆုံး အလုပ်နားချိန် (၁)နာရီ မရရှိလျှင် (၅)နာရီထက်ပို၍ အလုပ်လုပ်ခြင်း မပြုစေရ။

(ဃ) ကျောက်မျက်ရတနာလုပ်ကွက်တစ်ခု၏ မြေအောက်၌ လုပ်ကိုင်ရသည့် အလုပ်တစ်မျိုး တစ်စားတည်းကို မည်သည့်နေ့တွင်မဆို (၈)နာရီထက်ပို၍ လုပ်ကိုင်ခြင်း မပြုစေရ။ သို့ရာတွင် လုပ်ငန်းလိုအပ်ချက်အရ အဆိုင်းစနစ်ကို စီစဉ်ကျင့်သုံးနိုင်သည်။ ယင်းသို့ ကျင့်သုံးရာတွင် အဆိုင်းစနစ်အရ အဆိုင်းတစ်ဆိုင်းအား အလုပ်ချိန်ကို (၈)နာရီထက်ပို၍ ကျော်လွန်သတ်မှတ်ခြင်း မပြုရ။

(င) ကျောက်မျက်ရတနာလုပ်ကွက်၌ ခန့်ထားခြင်းခံရသော မည်သည့်ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကိုမျှ ၎င်းနှင့်သက်ဆိုင်သောမှတ်တမ်း၌ ဖော်ပြထားသောအချိန်ပိုင်းအတွင်းမှ အပ ကျောက်မျက်ရတနာလုပ်ကွက်၏ မြေအောက်မည်သည့်နေရာကိုမျှ ဝင်ခွင့်မပြုရ။

(စ) အဆိုင်းစနစ်ကိုကျင့်သုံးပြီး အဆိုင်းအလုပ်သမားတစ်ဦးအား သန်းခေါင်ယံကိုကျော်လွန်ပြီး အလုပ်လုပ်ကိုင်စေလျှင် ၎င်း၏ နောင်လာမည့်နေ့သည် အဆိုင်းစနစ်အတွက် သတ်မှတ် ထားသောအလုပ်ချိန် ကုန်ဆုံးသောအချိန်မှစ၍ ရေတွက်သည့် (၂၄)နာရီကာလကိုဆို ကြောင်း မှတ်ယူရမည့်အပြင် သန်းခေါင်ချိန်ကျော်လွန်ပြီး လုပ်ကိုင်ခဲ့သော အလုပ်ချိန် များကို ပြီးခဲ့သောရက်တွင် ထည့်သွင်းရမည်။

(ဆ) ကျောက်မျက်ရတနာလုပ်ကွက်ခုံးရွေ့တွင် နောက်ဆက်တွဲပုံစံ(၃) နှင့် (၄)ပါ အကိုင်း ကျောက်မျက်ရတနာလုပ်ကွက်၏ မြေပေါ် မြေအောက်အလုပ်စတင်ချိန်၊ အလုပ်ပြီးဆုံး သည့်အချိန်၊ ၎င်းပြင် အဆိုင်းစနစ်ဖြင့် အလုပ်လုပ်ရန် ရည်ရွယ်လျှင် အဆိုင်းအသိုးသီး အကွက် အလုပ်စတင်ချိန်၊ အလုပ်ပြီးဆုံးသည့်အချိန်တို့ကို ဖော်ပြသည့် နို့တစ်စာ တစ်စောင်ကို ကပ်ထားရမည့်အပြင် ၎င်းနို့တစ်စာတစ်စောင်စီ၏ မိတ္တူကို စစ်ဆေးရေး အရာရှိချုပ်ထံသို့ ပေးပို့ရမည်။

(ဇ) အထက်အပိုဒ်ခွဲ (ဆ)တွင် ရည်ညွှန်းထားသည့် နို့တစ်စာကို လုပ်ငန်းမစတင်မီ (၇)ရက်ထက်မနည်း ကြိုတင်၍ ကပ်ထားရမည်။

(စျ) ကျောက်မျက်ရတနာလုပ်ကွက်တွင် ယေဘူယျအားဖြင့် အလုပ်စတင်ချိန်နှင့် အလုပ်ပြီးဆုံး ချိန် သတ်မှတ်ခြင်းကို ပြောင်းလဲရန် ရည်ရွယ်လျှင်ဖြစ်စေ၊ အဆိုင်းစနစ် အချိန်သတ်မှတ် ခြင်းကို ပြောင်းလဲရန် ရည်ရွယ်လျှင်ဖြစ်စေ၊ ထိုသို့မခြောင်းလဲမီ (၇)ရက်ထက်မနည်း ကျောက်မျက်ရတနာလုပ်ကွက် ရုံးအပြင်တက်တွင် မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေ များ၏ နောက်ဆက်တွဲပုံစံ (၅)ဖြင့် ပြင်ဆင်ထားသော နို့တစ်စာကို ကပ်ထားရမည်။ ထို့သို့ မပြောင်းလဲမီ (၇)ရက်တက်မနည်းကြိုတင်၍ စစ်ဆေးရေးအရာရှိချုပ်ထံ ယင်းနို့တစ်စာ၏မိတ္တူကို ပေးပို့ရမည်။

(ည) မည်သူကိုမျှ အထက်အပိုဒ်ခွဲ (ဆ)အရ လိုအပ်သော နို့တစ်စာနှင့်အညီ မှတစ်ပါး ကျောက် မျက်ရတနာလုပ်ကွက်၌ အလုပ်လုပ်ကိုင်စေခြင်း မပြုရ။

(ဋ) အလုပ်လုပ်ရသည့် စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့မရောက်မီ (၃)ရက် သို့မဟုတ် ကျရောက်ပြီး (၃)ရက်အတွင်း အနားပေးရက် တစ်ရက်ကို မရရှိသူအား ကျောက်မျက် ရတနာလုပ်ကွက်တစ်ခု၌ စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့၌ အလုပ်လုပ်ခွင့်မပြုရ။

(ဌ) အစားထိုးအနားပေးရက်ကို အပိုဒ်ခွဲ (ဏ)တွင် ဖော်ပြထားသည့်အတိုင်း ခွင့်မပြုနိုင်ပါက ထိုပုဂ္ဂိုလ်ခံစားခွင့်ရှိသော အနားရက်များ နောက်ပိုင်း တစ်လအတွင်း ထိုပုဂ္ဂိုလ် ဆုံးရှုံးခဲ့သည့်အနားပေးရက် အရေအတွက်အတိုင်း အစားထိုးအနားပေးရက်အဖြစ် ဖြည့်စွက်ပေးရမည်။

(ဍ) စနေနေ့၊ တနင်္ဂနွေနေ့ သို့မဟုတ် အစားထိုးအနားပေးရက် (စောရာရက်) မတိုင်မီ ကျောက် မျက်ရတနာလုပ်ကွက်၌ ထိုအစားထိုးအနားပေးရက်ကို နို့တစ်စာဖြင့် ထိုစနေနေ့၊ တနင်္ဂ နွေနေ့ သို့မဟုတ် အစားထိုး အနားပေးရက်တွင် ကျောက်မျက်ရတနာလုပ်ကွက်အလုပ်စတင် ချိန်မှစ၍ အနည်းဆုံး (၂၄)နာရီ ချိတ်ဆွဲထားရမည်။ အလုပ်လုပ်ကိုင်သည့် ပုဂ္ဂိုလ်တစ်ဦး အား အနားရက် (၂)ရက်မနက် ဆက်တိုက် (၁၀)ရက် အလုပ်လုပ်ကိုင်ခြင်းမပြုစေရ။

(ဃ) ကျောက်မျက်ရတနာလုပ်ကွက်၌ ချိတ်ဆွဲထားသော နို့တစ်စာအား စနေနေ့၊ တနင်္ဂနွေနေ့ သို့မဟုတ် အစားထိုးအနားပေးရက်များမရောက်မီ တစ်ရက်အလို့တွင် ပယ်ဖျက်နိုင်သည်။

(င) အလုပ်သမားတစ်ဦးသည် စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့တွင် လုပ်ကိုင်ရပါက ၎င်း၏ ရက်သတ္တပတ် အလုပ်နာရီများကို တွက်ချက်ရာတွင် ထိုစနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့ နေ့ရက်အား ထိုအလုပ်သမားခံစားသည့် အစားထိုး အနားပေးရက်ပါသော ရက်သတ္တပတ် တစ်ပတ်တွင် ထည့်သွင်းတွက်ချက်ရမည်။

၁၈။ အထက်အပိုဒ် (၉)တွင် မည်သို့ပင်ပါရှိစေကာမူ ကျောက်မျက်ရတနာလုပ်ကွက်ပွင့် ဘေးအန္တရာယ်နှင့် အလုပ်သမားများ၏ အန္တရာယ်ကျရောက်နိုင်သည့်အရေးပေါ် အခြေအနေမျိုး ပေါ်ပေါက်ပါက ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် အထက်အပိုဒ် (၉)ပါ သတ်မှတ်ချက်များကို ဆန့်ကျင်၍ အလုပ်သမားများကို တာဝန်ပေးနိုင်သည်။ ယင်းကိစ္စကို စစ်ဆေးရေးအရာရှိ ကျောက်မျက်ရတနာလုပ်ကွက်သို့ လာရောက်စစ်ဆေးလျှင် တင်ပြနိုင်ရန် ချက်ချင်းမှတ်တမ်းတင်ရမည့်အပြင် မှတ်တမ်းမိတ္တူတစ်စောင်ကို စစ်ဆေးရေးအရာရှိချုပ်ထံသို့ သိသာရန် ချက်ချင်းပေးပို့ရမည်။

အခန်း (၃)

ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုများ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း

၁၁။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် နေ့နေဂျာသည် ၎င်း၏ ကြီးကြပ်မှုအောက်ရှိ ကျောက်မျက်ရတနာလုပ်ကွက်များတွင် ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရန် လိုအပ်သော အစီအစဉ်များကို ဆောင်ရွက်ထားရမည်။ အထူးသဖြင့် အောက်ပါတို့ကို စီစဉ်ဆောင်ရွက်ထားရှိရမည်။

(က) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင်ဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်၊ စက်မှုနှင့် ဆက်သွယ်ရေးစနစ် အပါအဝင် အခြားလိုအပ်သည့်ပစ္စည်းများ ပါဝင်သောဒီဇိုင်းပြုလုပ်တည်ဆောက်ခြင်း။

(ခ) ကျောက်မျက်ရတနာလုပ်ကွက်ကို စကင်ခြင်း၊ လည်ပတ်လုပ်ကိုင်ခြင်း၊ ကိန်းသိမ်းပြုပြင်ခြင်းနှင့် လုပ်ငန်းရပ်ဆိုင်းခြင်းတို့ကို ဆောင်ရွက်ရာတွင် အလုပ်သမားများနှင့် အခြားပုဂ္ဂိုလ်များ၏ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးကို ထိခိုက်မှုမရှိစေဘဲ ၎င်းတို့တာဝန်ကျရာလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် စီမံဆောင်ရွက်ခြင်း။

(ဂ) လုပ်ငန်းခွင်သို့ ဝင်ရောက်ရာလမ်းကြောင်းများ၏ မြေတည်ငြိမ်မှုရှိအောင် လိုအပ်သည်များ ထိန်းသိမ်းဆောင်ရွက်ခြင်း။

(ဃ) မြေအောက်လုပ်ကွက်ကိုင်းတွင် ဖြစ်နိုင်ပါက ဝင်ပေါက်အပြင် ခြေပြင်သို့ ထွက်နိုင်သည့် အရေးပေါ်ထွက်ပေါက်နှစ်ပေါက်ကို ထားရှိခြင်း၊

(င) လုပ်ငန်းခွင်တွင် အလုပ်သမားများ ဘေးအန္တရာယ်တွေ့ကြုံနိုင်ဘွယ်ရာ ရှိ/မရှိကို အချိန်မှန် စစ်ဆေးစီစစ်သုံးသပ်ခြင်း။

(စ) ဝင်ရောက်ခွင့်ပြုထားသည့် မြေအောက်လုပ်ကွက်များအတွက် လုံလောက်သော လေရှိမှုကို စီစဉ်ထားရှိခြင်း။

(ဆ) ထူးထူးခြားခြား ဘေးအန္တရာယ်ဖြစ်နိုင်သော လုပ်ကွက်နေရာများတွင် အလုပ်သမားများအား ဘေးအန္တရာယ်ကာကွယ်ပေးနိုင်သည့် လုပ်ငန်းစီမံချက်နှင့် ယုပ်ထုံးလုပ်နည်းများကို ရှေးဆွဲအကောင်အထည်ဖော်ခြင်း။

(ဇ) မီးစတင်လောင်ကျွမ်းခြင်း၊ ပျံ့နှံ့ခြင်းနှင့် ပေါက်ကွဲခြင်း အန္တရာယ်များအား တားဆီးကာကွယ်ရန်၊ ကြိုတင်သိရှိရန်နှင့် နှိမ်နှင်းရန်အတွက် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ဆီလွှဲသော ကြိုတင်ကာကွယ်တားဆီးမှု အစီအဝဉ်များထားရှိခြင်း။

(ဈ) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုးရိမ်ဘွယ်ရာ အခြေအနေသို့ ရောက်ရှိသည့်အခါ လုပ်ငန်းများအား ရပ်ဆိုင်းပြီး အလုပ်သမားများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းရေးကို ဆောင်ရွက်ခြင်း။

၁၂။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် ကျောက်မျက်ရတနာလုပ်ကွက်တစ်ခုစီ၏ ထူးခြားမှုအပေါ်မူတည်ပြီး ကြိုတင်မျှော်မှန်းနိုင်သော သဘာဝနှင့် လုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ်များအား အရေးပေါ်ကာကွယ်နိုင်မည့် စီမံချက်ကို စီစဉ်ထားရှိရမည်။

၁၃။ ခန္ဓာကိုယ်နှင့် ပတ်သက်၍လည်းကောင်း၊ ဓါတုဗေဒ သို့မဟုတ် ဇီဝဗေဒနှင့်ဆိုင်သော ဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အလုပ်ခွင်တွင် ဘေးအန္တရာယ်ရှိနိုင်ပါက ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် -

(က) အလုပ်သမားများအား ၎င်းတို့၏ အလုပ်နှင့်ဆက်နွယ်သည့် ဘေးအန္တရာယ်နှင့် ကျန်းမာရေး ထိခိုက်မှုရှိနိုင်ကြောင်းကို ကြိုတင်အသိပေးထားရမည်။

(ခ) ဘေးအန္တရာယ်နှင့် တွေ့ကြုံမှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို ပပျောက်စေရန် သို့မဟုတ် လျော့နည်းစေရန် သင့်လျော်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်၊

(ဂ) ဘေးအန္တရာယ်ကျရောက်မှု သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေမှုများအား အခြားနည်း

လမ်းများဖြင့် လုံလောက်အောင် ကာကွယ်ရန် မဖြစ်နိုင်ပါက အလုပ်သမားများအား သင့်လျော်သော အန္တရာယ်ကာကွယ်ရေးတော်စုံ ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာပစ္စည်းနှင့် အခြားအစီအမံများကို အခမဲ့ပံ့ပိုးပေးရမည်။

(ဃ) ထိခိုက်ဒဏ်ရာရရှိသည့် အလုပ်သမားများအား သင့်လျော်သော ဆေးဝါးကုသမှု ခံယူနိုင်ရေးအတွက် ကုသရာနေရာသို့ ရောက်ရှိအောင် အမြန်ဆုံး ပို့ဆောင်ပေးရမည်။

(င) ထိခိုက်ဒဏ်ရာရရှိသည့် အလုပ်သမားများအား အခမဲ့ ဆေးဝါးကုသမှု ခံယူနိုင်ရန်အတွက် ဆောင်ရွက်ပေးရမည်။

၁၄။ **ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် -**

(က) အလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များအပြင် လုပ်ငန်းနှင့် သက်ဆိုင်သည့် နားလည်နိုင်သော ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊ လုံလောက်သော လေ့ကျင့်မှုများနှင့် အခါအားလျော်စွာ မွမ်းမံလေ့ကျင့်မှု အစီအစဉ်များကို ဆောင်ရွက်ပေးရမည်။

(ခ) ကျောက်မျက်ရတနာလုပ်ကွက်ကို ဥပဒေနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်နိုင်ရေးအတွက် အလုပ်အဆိုင်းတိုင်းတွင် ကြီးကြပ်ကွပ်ကဲသည့်ပုဂ္ဂိုလ်များ အလုံအလောက် ခန့်ထားရမည်။

(ဂ) မည်သည့်အခွိန်၌မဆို မြေအောက်လုပ်ငန်းခွင်သို့ ဝင်ရောက်နေသည့် လူပုဂ္ဂိုလ်များ၏ အမည်နှင့် ရောက်ရှိနေမည့်နေရာများကို ဖော်ပြသိရှိနိုင်သည့် စနစ်တစ်ခုကို စီစဉ်ထားရှိရမည်။

(ဃ) မတော်တဆ ထိခိုက်မှုများနှင့် အန္တရာယ်ဖြစ်ပွားပါက ယင်းဖြစ်ရပ်များအားလုံးကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး သင့်လျော်သော ကာကွယ်ရှုနှင့် ပြုပြင်မှုလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များထံ ဤဥပဒေများနှင့်အညီ စီအရင်ခံရမည်။

(င) အလုပ်သမားများအား ကျောက်မျက်ရတနာထုတ်လုပ်မှုကြောင့် ဖြစ်တတ်သော လုပ်ငန်းခွင် ကျန်းမာရေးအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ပုံမှန်စစ်ဆေးသည့်စနစ်ကို ကျင့်သုံးရမည်။

၁၅။ **ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် -**

(က) ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကို လူနေအိမ်သို့ ယူဆောင်သွားခြင်း၊ လူနေအိမ်အတွင်း ထားရှိခြင်းပြုဘဲ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ယမ်းတိုက်မြေနေရာ ရွှေ့ချယ်ရေး

အဖွဲ့၏ ခွင့်ပြုချက်နှင့်အညီ ဘည်ဆောက်ထားသော ယမ်းကိုက်အတွင်းခွံသား ထားရှိ ရမည်၊

(ခ) ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကို စာဖြင့် တာဝန်ပေးအပ်ထားသည့် အရည်အချင်း ပြည့်စုံသူများသို့သာ ထုတ်ပေးရမည်အပြင် ထိုသူများ၏ အမည်များကိုလည်း သက်ဆိုင်ရာ ဥပဒေအရ သက်မှတ်ထားရှိသည့်စာအုပ်တွင် မှတ်သားထားရမည်၊

(ဂ) ဒီတိုနေတာများကို လုံခြုံစွာ သေ့ခတ်ထားသော သေတ္တာတွင် ထားရမည်။ ယမ်းဘီးလူး နှင့်သော်လည်းကောင်း အခြားဆက်စပ်ပစ္စည်းမှာနှင့်သော်လည်းကောင်း အတူမထားရှိရ။ ထို့ပြင် မည်သည့်ဒီတိုနေတာကိုမဆိုမှက်ခြင်း အသုံးမပြုမီ ယမ်းတောင့်အတွင်းသို့ ထည့် သွင်း၍မထားရှိရ။

(ဃ) ဖောက်ခွဲမှုလုပ်ငန်းအားလုံးကို မန်နေဂျာ သို့မဟုတ် ဖိုမင်ကာ ခန့်အပ်သည့် အသက် (၁၈)နှစ်အောက်မငယ်သော ကောင်းစွာအရည်အချင်းပြည့်စုံသူများကိုသော်လည်း ကောင်း၊ ယင်းတို့၏ ဆင့်ဆိုက်သွန်ပြချက်အရသော်လည်းကောင်း ဆောင်ရွက်စေရမည်။ ထိုသူကို့၏ အမည်များကို ယင်းကိစ္စအလို့ထားရှိမည့်စာအုပ်တွင် မှတ်ပုံတင်သွင်းထား ရမည်။

(င) ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အချက်ပေါင်း မည်မျှ ပေါက်ကွဲကြောင်း၊ အခိုန်အတွယ် မည်မျှအသုံးပြုကြောင်း၊ မပေါက်ကွဲသည့်အချက်များ (ရှိလျှင်) မည်မျှဖြစ်ကြောင်းကို ယင်းကိစ္စအလို့ငှါ ထားရှိရမည့် စာအုပ်တွင် နေ့စဉ်မှတ်သား ထားရမည်။

(စ) အသုံးမပြုဖြစ်သည့် ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းအားလုံးကို ယမ်းတိုက်သို့ နှောင့်နှေး ခြင်းမရှိဘဲ ပြန်ပို့စေရမည်။

(ဆ) ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများတို့ တာဝန်ပေးထားသူတစ်ဦးအား မြေအောက် လုပ်ကွက်တစ်ခုသို့ သယ်ယူစေရာတွင် အလေးခိုန် ၂၊ ၅ ကီလိုဂရမ်အထိသာ ထည့်နိုင် သည့် လုံခြုံသော သေတ္တာ၊ ပုံး သို့မဟုတ် လက်ဆွဲအိတ်ဖြင့်သာထည့်၍ သယ်သူစေရမည်။

(ဇ) ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကို သက်ဆိုင်ရာသေတ္တာ၊ ပုံးသို့မဟုတ် လက်ဆွဲအိတ် များတွင် ထည့်သွင်းယူဆောင်သွားစေသည့်အခါ လုံခြုံခိုင်မြဲစွာ ယူဆောင်သွားစေရမည်။

(ဈ) မည်သူမျှသမ်းတွင်းသို့ ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများ ထည့်သွင်းရန်အတွက်ဖြစ်စေ၊ ထိုးသွင်းရန်အတွက်ဖြစ်စေ၊ သဲ သို့မဟုတ် သဲမကဲ့ ကိရိယာတန်ဆာပလာကို အသုံး မပြုစေရ။ ထို့အပြင် မည်သည့် ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကိုမျှ ယမ်းတွင်းသို့ ဆောင့်၍ မသွင်းစေရ။

(ည) မြေအောက်လုပ်ကွက်၌ ဖောက်ခွဲခြင်း တစ်ခုတစ်ရာကို မပြုလုပ်မီ အနီးအနားရှိ လူများအား ကြိုတင်သတိပေးမှုပြုရမည့်အပြင် ၎င်းဖောက်ခွဲခြင်းကို ပြုလုပ်တော့မည့်နေရာသို့ဝင်ရောက်နိုင်သည့် အဝင်ဝအရပ်ရပ်၌လည်း အစောင့်ချထားရမည်။

(ဋ) မြေအောက်လုပ်ကွက်နေရာနှစ်ခုသည် တစ်နေရာနှင့် တစ်နေရာ (၃)မီတာအကွာင်းချဉ်းတပ်လာသည့်အခါ တစ်နေရာ်မှ လူများထွက်သွားခြင်း၊ ယင်းနေရာကို ကာရံထားခြင်း မရှိသေးလျှင် အခြားတစ်နေရာ၌ မည်သည့် ဖောက်ခွဲခြင်းကိုမျှ မပြုလုပ်စေရ။

(ဌ) မြင်းလင်းမွှင့်လုပ်ကွက်များတွင် ဖောက်ခွဲခြင်း စတင်မပြုလုပ်မီတွင်လည်းကောင်း၊ ဖောက်ခွဲခြင်းပြီးစီးသည့်အခါတွင်လည်းကောင်း၊ ကောင်းမွန်ကျွန်စွာ အချက်ပြသည့် စနစ်ဖြင့် ကြိုတင်သတိပေးပြီးမှ ပြုလုပ်ရမည်။

(ဍ) ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကို ဖောက်ခွဲသောအခါ အနည်းဆုံး လူ ၂ -ခယောက်က ပေါက်ကွဲသော အချက်ပေါင်းကို ရေတွက်ရမည်။ အနည်းဆုံးသော ရေတွက်ခြင်းကိုအမှန်ယူရမည်။ ပေါက်ကွဲကြောင်း ထင်းရှားခြင်းမရှိလျှင် ဖောက်ခွဲခြင်းပြုခဲ့သည့်အချိန်မှမိနစ် (၃၀)အတွင်း ထိုနေရာသို့မည်သူ့ကိုမျှ ဝင်ရောက်စေခြင်းမပြုရ၊ ဖောက်ခွဲခြင်းကို လျှပ်စစ်ဓါတ်ဖြင့် ပြုလုပ်လျှင် ယင်းသို့ပြုလုပ်ခဲ့သည့်အချိန်မှ မိနစ် ၂၀ အတွင်း ထိုနေရာသို့ မည်သူ့ကိုမျှ ဝင်ရောက်စေခြင်း မပြုရ။

(ဎ) မြေအောက်အလုပ်လုပ်ကိုင်သည့်နေရာတွင် ဖောက်ခွဲခြင်း ပြုလုပ်ပြီးနောက် ၎င်းနေရာသို့ မည်သူတစ်ဦးတစ်ယောက်မျှဝင်ရောက်ခြင်း မပြုမီ ဖောက်ခွဲသူအားဖြစ်စေ၊ ကျွမ်းကျင်ရုတနာလုပ်ကွက် မန်နေဂျာက စာဖြင့်ခန့်ထားသည့် အရည်အချင်းပြည့်စုံသူအားဖြစ်စေ ဝင်ရောက်စေ၍ သေခွာစွာ စစ်ဆေးကြည့်ရှုစေရမည့်အပြင် မိမိ၏ လက်ထောက်များဖြင့်လည်း ယင်းနေရာကို ဘေးရန်ကင်းရှင်းအောင် ပြုလုပ်ရမည်။ ယင်းသို့စစ်ဆေးကြည့်ရှုခြင်း မပြုမီနှင့် ၎င်းနေရာသည် ဘေးရန်ကင်းရှင်းပြီးဖြစ်ကြောင်း ကြော်ငြာခြင်းမပြုမီ ထိုနေရာသို့ အခြား မည်သူ့ကိုမျှမဝင်စေရ။

(ဏ) ယမ်းတွင်းအတွင်းသို့ ယမ်းဘီးလူးနှင့် ဆက်စပ်ပစ္စည်းထည့်သွင်းပြီးသည့်အခါ၊ ၎င်းပစ္စည်းများကို ယမ်းတွင်းအတွင်းမှ ထုတ်ယူရန် ကော်ယူခြင်းမပြုစေရ။

(တ) ဖောက်ခွဲပြီးသော ယမ်းတွင်းကို ထပ်မံတူးဖောက်ခြင်းမပြုရ။

(ထ) ဖောက်ခွဲခြင်းအထမမြောက်လျှင် အသုံးပြုခဲ့သော ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းများကို လေဖြင့်သော်လည်းကောင်း၊ ရေဖြင့်သော်လည်းကောင်း၊ ဖျက်ဆီးပစ်ရမည်။ သို့တည်းမဟုတ် ဖောက်ခွဲခြင်း အထမမြောက်သော ယမ်းတွင်းမှ အနည်းဆုံး ၀. ၃ မီတာခွာ၍၊ ယမ်းတွင်း အသစ်တစ်တွင်းကို သင့်တင့်လျောက်ပတ်စွာ တူးဖောက်ပြီး လိုသလောက် ယမ်းကို အသုံးပြုဖောက်ခွဲခြင်းဖြင့် အထမမြောက်သော ယမ်းတွင်းကို ဖျက်ဆီးပစ်ရမည်။

(၅) ဖောက်ခွဲခြင်းအထမမြောက်သော ယမ်းတွင်းကို ဖွက်ဆီးခြင်းမပြုမီ ၎င်းနေရာနှင့် ၀.၃ မီတာအတွင်းယမ်းတွင်းတူးဖောက်ခြင်းမပြုရ။ ၀.၃ မီတာအပြင်ဘက်တွင် ယမ်းတွင်းအသစ်တူးဖောက်သောအခါတွင်လည်းဖောက်ခွဲခြင်း အထမမြောက်သော နေရာကို ထိခြင်း တေးအန္တရာယ်မှကာကွယ်ရန် အထူးသတိပြုရမည်။ ယမ်းတွင်းသစ်ကို ယမ်းတီလူးနှင့် ဆက်စပ်ပစ္စည်းကိစ္စအလို့ငှါ ကာဝန်ပေးအပ်ထားသူရှေ့တွင် တူးဖောက်စေရမည်။

(၆) ဖောက်ခွဲခြင်း အထမမြောက်သည့်နေရာကို ဘေးရန်ကင်းရှင်းစေရန် ဆောင်ရွက်မပြီးချေး ခေတ္တအားလပ်ထားရမည့်အပြင်၊ အန်းအနားရှိလူများကို သတိပေးပြောကြားရန် လူတစ်ဦးတစ်ယောက်ကိုလည်း ထားရှိရမည် သို့တည်းမဟုတ် ၎င်းနေရာကို ကာရံထားရမည်။ ဟင်းလင်းပွင့် လုပ်ကိုင်သည့်နေရာဖြစ်ပါက အလံနီစိုက်ထူရမည်။

အခန်း(၄)

ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ခြင်း

၁၆။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်းမပြုမီ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များရေးဆွဲ၍ သတ္တုတွင်းဦးစီးဌာနသို့ တင်ပြရမည်။

၁၇။ သတ္တုတွင်းဦးစီးဌာနသည် ကျောက်မျက်ရတနာတူတ်လုပ်ရန်ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာက အထက်အပိုဒ် ၁၆ အရ တင်ပြလာသော စီမံချက်ကို စီစစ်၍ လိုအပ်ပါက စီမံချက်တွင် ပြင်ဆင်ချက်များ၊ ဖြည့်စွက်ချက်များ ပြုလုပ်စေပြီး စီမံချက်ကို အတည်ပြုရမည်။

၁၈။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် ဦးစီးဌာနက အတည်ပြုထားသည့် စီမံချက်ပါနည်းလမ်းများနှင့်အညီ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့ကို အတောင်အထည်ဖော် ဆောင်ရွက်ရမည်။

အခန်း(၅)

ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ထိခိုက်မှုကိစ္စများမဖြစ်စေရန် စီမံဆောင်ရွက်ခြင်း

၁၉။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူသည် -

(က) မိမိတူးဖော်ခဲ့သည့် လွန်တွင်းများ၊ ကလိုင်များ၊ မြေအောက်တူးဖော်မှုလုပ်ငန်းများကြောင့် ပျက်စီးသွားသည့် မြေမျက်နှာပြင်ဧရိယာ၊ ဤဥပဒေကြီးဌာနသို့မဟုတ် သတ္တုတွင်း ဦးစီးဌာနက ကျေနပ်လက်ခံသည်အထိ ပြန်လည်မြေဖို့ပေးခြင်း သို့မဟုတ် အန္တရာယ် မရှိစေရန် အခြားနည်းဖြင့် ပြုပြင်ဆောင်ရွက်ပေးခြင်းပြုရမည်။

(ခ) သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလွက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေအတွင်း ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြစ်ပြီး ယင်းသို့လုပ်ကိုင်ခြင်းကြောင့် သစ်ပင်များကို နုတ်ထွင်းရှင်းလင်းခြင်း ပြုခဲ့ရပါက သစ်တောရေးရာဝန်ကြီးဌာန၏ သဘောတူညီမှုကိုကို တောင်းခံရယူစဉ်က ညှိနှိုင်းသဘောတူထားခဲ့ကာနှင့် အညီသစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ပေးခြင်း သို့မဟုတ် လျော်ကြေးပေးခြင်း ပြုရမည်။

၂၀။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့် ရရှိသူ သို့မဟုတ် မန်နေဂျာသည် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိလာသည့်အရည်များ ၊ စွန့်ပစ်မြေစာများ၊ အဖြူန်းများနှင့် အခိုးအငွေ့များကို စွန့်ပစ်ရာတွင် ပတ်ဝန်းကျင်ရှိ ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုမရှိစေရန်နှင့် သတ္တဝါများအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရန် အလို့ငှာလိုအပ်သလို ခါတ်ခွဲစမ်းသပ်စစ်ဆေးရမည်၊ ယင်းသို့စမ်းသပ်စစ်ဆေးရာတွင် သက်ရှိယဉ်ကျေးဝါများအတွက်ဘေးအန္တရာယ် ဖြစ်စေယည့်အဆိပ်အတောက်များတွေ့ရှိပါက ခါတုဓာတုနည်းအရ လိုအပ်သလိုဆေးဖျက်ခြင်းပြုလုပ်ပြီး ဘေးအန္တရာယ်ကင်းရှင်းကြောင်း သေချာသည့်အခါမှသာ စနစ်တကျစွန့်ပစ်ရမည်။

အခန်း(၆)

မတော်တဆဖြစ်ပွားမှုများကို သတင်းပို့အစီရင်ခံခြင်း

၂၁။ (က) ကျောက်မျက်ရတနာလုပ်ကွက်တွင်ဖြစ်စေ၊ ကျောက်မျက်ရတနာလုပ်ကွက်၏ ပတ်ဝန်းကျင်တွင်ဖြစ်စေ မတော်တဆတိုက်မှုဖြစ်ပွားခြင်းကြောင့် လူသေဆုံးသည့်အခါ သို့မဟုတ် လူကိုယ်ခန္ဓာကို ပြင်းထန်စွာ ဒဏ်ရာရသည့်အခါတွင်သော်လည်းကောင်း၊ မတော်တဆ ပေါက်ကွဲမှု သို့မဟုတ် မီးလောင်မှုဖြစ်ပွားသည့်အခါတွင်လည်းကောင်း၊ ရေမျောယိုစီးဝင်လာသည့်အခါတွင် သော်လည်းကောင်း၊ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် ထိုသို့ဖြစ်ပွားသည့်

ဖြစ်ရပ်များကို ဤဝန်ကြီးဌာနသို့မဟုတ် သတ္တုတွင်းဦးစီးဌာနသို့ အချင်းဖြစ်ပွားပြီး ၂၄ နာရီအတွင်း သတင်းပို့ရမည်။ ထို့အပြင် နောက်ဆက်တွဲပုံစံ (၅)ဖြင့် ရက်သတ္တပတ် တစ်ပတ်အတွင်း အသေးစိတ်အစီရင်ခံစာကို ဆက်လက်ပေးပို့ရမည်။ အစီအရင်ခံစာ မိတ္တူကူးစက်စောင်ကိုလည်း အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့ လိုအပ်သည့် အရေးယူမှု ဆောင်ရွက်နိုင်ရန် ပေးပို့ရမည်။

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း၊ လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် အထက်အပိုဒ်ခွဲ (က) ပါ မတော်တဆ ထိခိုက်မှုများမှအပ တစ်ဦး တစ်ယောက်၏ ကိုယ်ခန္ဓာကို အနာတရ ဖြစ်စေသည့်အကွက် ထိခိုက်ခံရသူအား အလုပ်ခွင်မှ ၄၈ နာရီထက် ပိုမိုပျက်ကွက်ခနပါက နောက်ဆက်တွဲ (၆) ဖြင့် မှတ်တမ်း တင်ထားရမည်။

(ဂ) အထက်အပိုဒ်ခွဲ (ခ)အရ မှတ်တမ်းတင်ထားသည့် နောက်ဆက်တွဲပုံစံ(၆) ၏ မိတ္တူတစ် စောင်ကို စစ်ဆေးရေးအရာရှိချုပ်ထံလစဉ် သက်ဆိုင်ရာလကုန်ဆုံးသည့် နေ့မှ (၇)ရက် အတွင်း ပေးပို့ရမည်။

အခန်း(၇)

စစ်ဆေးခရုအရာရှိချုပ်နှင့် စစ်ဆေးခရုအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း

၂၂။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် စစ်ဆေးအရာရှိချုပ်သို့မဟုတ် စစ်ဆေးရေးအရာရှိ များ၏ စစ်ဆေးမှုကို ခံယူရမည်။ ယင်းသို့ခံယူရန်အတွက် ကျောက်မျက်ရတနာလုပ်ကွက်သို့ ဝင်ရောက်ခြင်း၊ မြေတိုင်းခြင်း သို့မဟုတ် စစ်ဆေးခြင်း လုပ်ငန်းများ ကို ဆောင်ရွက်ရန်သင့်လျော်သော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို စီစဉ်ပေးရမည်။

၂၃။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် တာဝန်ပေးအပ်ခြင်းခံရသည့် စစ်ဆေးရေးအရာရှိများက အထက်အပိုဒ် (၂၂)အရ စစ်ဆေးခြင်းကို တားဆီးပိတ်ပင်ခြင်း၊ စစ်ဆေးခံရန် ငြင်းပယ်ခြင်း၊ တစ်နည်းနည်း နှောင့်ယှက် ဟန့်တားခြင်းမပြုရ

အခန်း (၈)

ပြစ်မှုနှင့် ပြစ်ဒဏ်

၂၄။ မည်သူမဆို ဤအမိန့်၏ အပိုဒ် ၂၊ ၃၊ ၄၊ ၇ နှင့် အပိုဒ် ၉ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (ဇ)၊ အပိုဒ် ၁၁၊ ၁၂၊ ၁၃၊ ၁၅၊ ၁၉၊ ၂၀ နှင့် ၂၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင်သော်လည်းကောင်း၊ လိုက်နာရမည့် ဆောင်တစ်ရပ်ရပ်ကို လိုက်နာရန် မျက်ကွက်လျှင်သော်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၃ အရ အရေးယူခြင်းခံရမည်။

၂၅။ ၁၉၉၉-ခုနှစ်၊ စက်တင်ဘာလ (၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သတ္တုတွင်းဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ (၁၄ /၉၉) ကြိမ်မြောက် အစည်းအဝေးမှ ဆုံးဖြတ်ချက်အရ ထုတ်ပြန်ပါသည်။

ဗိုလ်မှူးချုပ်တုန်းမြင့်

ဝန်ကြီး

သတ္တုတွင်းဝန်ကြီးဌာန

ပဒေသာမှတ်တမ်း ၁ - အဖွဲ့ခွဲ (၂) ဥဒ္ဒ (၁၀၆၁)
ခရစ်နှစ် ၁၉၉၉-ဒုနှစ် အောက်တိုဘာလ (၄)ရက်၊

ဖြန့်ဝေခြင်း၊

- နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံး
- နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး
- ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံး
- တရားရုံးချုပ်
- ရှေ့နေချုပ်ရုံး
- စာရင်းစစ်ချုပ်ရုံး
- ဝန်ကြီးဌာနအားလုံး
- ညွှန်ကြားရေးမှူးချုပ်
  သတ္တုတွင်းဦးစီးဌာန။
- သတ္တုတွင်းဝန်ကြီးဌာနရှိ ကျန်ဦးစီးဌာန၊ လုပ်ငန်းမှူးအားလုံး
- ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းသို့ မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ

(ဦးဝံသိန်း)
ရုံးအဖွဲ့မှူး
သတ္တုတွင်းဝန်ကြီးဌာန

ပေးပို့ရန်ဆေးဟပ်ပုံစံ (၁)

အလုပ်သမားမျှားမှတ်ပုံတင်စာအုပ်

ရေးသွင်းသည့်နေ့စွဲ	အမည်	အလုပ်သမားအမှတ်သို့မဟုတ်အမျိုးသားမှတ်ပုံတင်အမှတ်	အသက်	ကျား(သို့)မ	အလုပ်အမျိုးအစား	အဆိုင်း(သို့)အုပ်စု	ကျန်းမာကြောင်းအထောက်အထားလက်မှတ်နံပါတ်	အလုပ်အမှိန့်ကာလ	မှတ်ချက်
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)

နောက်ဆက်တွဲပုံစံ (၂)

မြေအောက်တွင်အလုပ်လုပ်သူများ၏ မှတ်ပုံတင်စာရင်း

(မြေအောက်လုပ်ကွက်သို့ ဝင်ရောက်သူများ၏အမည်နှင့် တတန်းတည်း " ဝင် " ဟုဖော်ပြထား သော ကော်လံတွင် x ကြက်ခြေခတ်၍ပြရန်) (မြေအောက်လုပ်ကွက်မှ ထွက်သွားသူများ၏ အမည်နှင့် တတန်းတည်း " ထွက် " ဟု ဖော်ပြထားသော ကော်လံတွင် x ကြက်ခြေခတ်၍ပြရန်)

အလုပ်ချိန်ကာလသည် $\frac{\text{နံနက်}}{\text{မွန်းလွဲ}}$ နာရီတွင်စသည်။

အလုပ်ချိန်ကာလသည် $\frac{\text{နံနက်}}{\text{မွန်းလွဲ}}$ နာရီတွင်ပြီးဆုံးသည်။

၁၉၉ လ၊ ရက်တွင်စပြီး၊ ၁၉၉ လ၊ ရက်တွင် ပြီးဆုံးသည်။

အမှတ်စဉ်	အမည်	အမျိုးသား မှတ်ပုံတင် အမှတ်	အဆိုင်း (သို့) အုပ်စု	တန်ဂိ ခန္ဓာ		တနလ်ာ		အင်္ဂါ		ဗုဒ္ဓဟူး		ကြာသပတေး		သောကြာ		စနေ	
				ဝင်	ထွက်	ဝင်	ထွက်	ဝင်	ထွက်	ဝင်	ထွက်	ဝင်	ထွက်	ဝင်	ထွက်	ဝင်	ထွက်

မြေအောက်ရှိသူများ စုစုပေါင်းအရေအတွက် -

မှတ်ပုံတင်စာရင်းကိုင်သူလက်မှတ်

နောက်ဆက်တွဲပုံစံ (၃)

အလုပ်ချိန်အကြောင်းကြားစာ
တစ်ဆိုင်းအလှည့်စနစ်

လုပ်ကွက်အမည် ----------

ကုမ္ပဏီအမည် ----------

ခွင့်ပြုမိန့်ရသူ၏အမည် ----------

အောက်ဖော်ပြပါအုပ်စုများမှ ပုဂ္ဂိုလ်များသည် ယင်းတို့အမည်နှင့်ယှဉ်တွဲ ဖော်ပြထားသော အလုပ်စတင်ချိန်နှင့် အလုပ်ပြီးဆုံးချိန်အကိုင်း လုပ်ကိုင်ကြောင်း အကြောင်းကြားပါသည်။

အုပ်စု	အလုပ်ချိန်		နားချိန်		အပတ်စဉ်နားရက် (သတ်မှတ်ချက်ရှိလျှင်)	မှတ်ချက်
	မှ	သို့	မှ	သို့		

မန်နေဂျာ ----------

နေ့စွဲ ----------

နောက်ဆက်တွဲ (၄)

ရုက်သတ္တုတစ်ပတ် အလုပ်ဆိုင်းအခြောင်းကြားစာ
ထပ်ခါတလဲလဲပြုလုပ်ရသော အလှည့်စဉ်စနစ်

လူပ်ကွက်အမည် .....

ကုမ္ပဏီအမည် .....

ခွင့်ပြုမိန့်ရသူ၏အမည် .....

ဖော်ပြပါအုပ်စုများမှ ပုဂ္ဂိုလ်များသည် ယင်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြထားသော အဆိုင်းများအ
တိုင်း ၁၉၉၉ခု၊ လ၊ ( )ရက်မှစတင်၍ လုပ်ကိုင်ကြောင်းကို အကြောင်းကြားအပ်ပါသည်။

အုပ်စု	အဆိုင်းနံပါတ်	အလုပ်ဆိုင်းနာရီ		လာမည့်အပါတ် အဆိုင်းနံပတ်	အဆိုင်းပြောင်းသည့် အခါ နားခိုန်	မှတ်ချက်
		မှ	သို့			
	၁				နာရီ	
	၂				နာရီ	
	၃				နာရီ	
	၄				နာရီ	
	၅				နာရီ	

မန်နေဂျာ .....

နေ့စွဲ .....

နောက်ဆက်တွဲပုံစံ (၈)

အလုပ်သမားများ မှတ်ပုံတင်စာအုပ်တွင် ပြောင်းလဲခြင်း အစီရင်ခံကြားစာ

အောက်ဖော်ပြပါ အလုပ်သမားများသည် အလုပ်ပြောင်းလဲကြောင်းနှင့် အမြဲတမ်းအပြောင်းအလဲများအတွက် အလုပ်သမားများမှတ်ပုံတင်စာအုပ်တွင် လိုအပ်သလို ပြောင်းလဲပြီးဖြစ်ပါသည်။

အမြဲတမ်းပြောင်းခြင်း				ယာယီပြောင်းခြင်း			
အမည်	အမျိုးသား မှတ်ပုံတင်	အုပ်စု/အဆိုင်းနံပါတ်		အမည်	အမျိုးသား မှတ်ပုံတင်	အုပ်စု/အဆိုင်းနံပါတ်	
		မှ	သို့			မှ	သို့

မန်နေဂျာ .....

ရန်ကုန် .....

နောက်ဆက်တွဲပုံစံ (၉)

မတော်တဆဖြစ်ပွားမှု အကြောင်းကြားစာ

ရက်စွဲ ----------

သို့

စစ်ဆေးရေးအရာရှိချုပ်

ကျွန်ုပ်သည် ---------- ကျောက်မျက်ရတနာလုပ်ကွက်၌ ဖြစ်ပွားသော

အသက်ဆုံးရှုံးစေသည့် အတော်တဆဖြစ်ပွားခြင်း
အပြင်းအထန်ဒဏ်ရာရစေသည့် မတော်တဆဖြစ်ပွားခြင်း
မတော်တဆပေါက်ကွဲခြင်း သို့မဟုတ် မီးတောက်လောင်ခြင်း
မီးလောင်မှုဖြစ်ပွားခြင်း
ရေတိုးဝင်ခြင်း

နှင့်စပ်ဆိုင်သည့်အောက်ဖော်ပြပါ အကြောင်းအရာများကို အစီရင်ခံအပ်ပါသည်။

၁။ လုပ်ကွက်တည်ရာအရပ်(ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/ကိုင်း)			
၂။ တူးဖော်သည့် ကျောက်မျက်ရတနာ			
၃။ ပိုင်ရှင်အမည်နှင့် စာပို့တိုက်လိပ်စာ			
၄။ အမည်နှင့် ယောကျ်ား သို့မဟုတ် မိန်းမ			
အသက်သေဆုံးသူ (၁) (၂)	ဒဏ်ရာရသူ	အသက်	အလုပ်အကိုင်
၅။ ဖြစ်ပွားသည့်နေ့နှင့် အချိန်နာရီ			
၆။ ဖြစ်ပွားသည့်နေရာ			

၇။ ဖြစ်ပွားသည့် အကြောင်းအရာ	
၈။ ဖြစ်ပွားသည့် အမျိုးအစား	
၉။ ပျက်စီးဆုံးရှုံးသည့် ပမာဏ	
၁၀။ ဒဏ်ရာအမျိုးအမည် ၊ အသက်ဆုံးရှုံးလျှင် မည်သည့်အကြောင်းကြောင့်သေဆုံးကြောင်း	
၁၁။ ပိုင်ရှင်၊ ကိုယ်စားလှယ်နှင့် မန်နေဂျာ၏ အရေးယူဆောင်ရွက်မှု	

ပိုင်ရှင် ----------

ကိုယ်စားလှယ် ----------

မန်နေဂျာ ----------

လမ်းညွှန်ချက်

(၁) အကြောင်းအရာစာပို့နည်း -

ကျောက်မျက်ရတနာလုပ်ကွက်၌ဖြစ်စေ၊ ကျောက်မျက်ရတနာလုပ်ကွက်အနီးအနား၌ဖြစ်စေ၊ ကိုယ်၌ဒဏ်ရာအကြီးအကျယ်ရစေသည့်ပြင် အသက်ဆုံးရှုံးအောင်ဖြစ်စေသည့် ရုတ်တရက်ဖြစ်ပေါ်သည့် အကြောင်းများဖြစ်ပွားလာလျှင် သို့မဟုတ် ကျောက်မျက်ရတနာလုပ်ကွက်၌ဖြစ်စေ၊ ကျောက်မျက်ရတနာလုပ်ကွက် အနီးအနား၌ဖြစ်စေ ရုတ်တရက်ပေါက်ကွဲခြင်း၊ ရုတ်တရက်မီးတောက်ခြင်း၊ မီးလောင်ခြင်း သို့မဟုတ် ရေတိုးထွက်လာခြင်းဖြစ်လျှင် ပိုင်ရှင် သို့မဟုတ် ကိုယ်စားလှယ်၊ မန်နေဂျာကတယ်လီဖုန်းဖြင့်ဖြစ်စေ၊ အခြားဆက်သွယ်သည့် နည်းဖြင့်ဖြစ်စေ စစ်ဆေးရေးအရာရှိချုပ်ထံ ချက်ချင်းကြောင်းကြားရမည်။ ၎င်းအပြင်(၂၄) နာရီ အတွင်း ထိုအကြောင်းအရာကို ဤပုံစံ ဖြင့် ဖြည့်စွက်၍ စစ်ဆေးရေးအရာရှိချုပ်ထံ ပေးပို့ရမည်။

(၂) လျှပ်စစ်ခါတ်အား ဥပဒေပုဒ်မ (၃၃)အရ လျှပ်စစ်ခါတ်အားကြောင့် အသက်သေဆုံးစေသော၊ အနာတရဖြစ်စေသော မတော်တဆဖြစ်ပွားမှု အကြောင်းကြားစာများကို မြန်မာနိုင်ငံလျှပ်စစ် စစ်ဆေး ရေးအရာရှိထံ တင်သွင်းရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်စိမ်းတူးဖော်ရေးဌာန
လုံးခင်း
Fax;074-72422
E-mail: jade.lonekhin@gmail.com

စာအမှတ်၊ က-၃၇ / ၅၈၁ / ၂၀၁၆
ရက်စွဲ ၊ ၂၀၁၆ခုနှစ် ၊ ဩဂုတ်လ ၂၂ ရက်

သို့

မန်နေဂျင်းဒါရိုက်တာ/လုပ်ငန်းတာဝန်ခံ
----------ကုမ္ပဏီ/သမအသင်း

အကြောင်းအရာ။ **ကုမ္ပဏီ ၊ သ/မအသင်းတွင် ဝန်ထမ်း/အလုပ်သမားများ ခန့်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့်ကိစ္စ**

ရည် ညွှန်း ချက်။ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၏(၂၆ . ၁ . ၂၀၁၆)ရက်စွဲပါစာအမှတ် ၊ က-၃၇/၁၄၁/၂၀၁၆

၁။ လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းရိုင်းတူးဖော်ထုတ်လုပ်ကြသည့် ကုမ္ပဏီ ၊ သ/မအသင်းတို့၏ လုပ်ငန်းရှင်များသည် အလုပ်သမားများခန့်ထားရာတွင် အောက်ပါညွှန်ကြားချက်များနှင့်အညီ ခန့်ထားရမည် ဖြစ်ပါသည်-

(က) ကုမ္ပဏီ ၊ သ/မအသင်းရှိ ဝန်ထမ်းများအား လုံး အစိမ်းရောင်စစ်ယူနီဖောင်း ၊ အစိမ်းရောင်ပြောက်ကျားယူနီဖောင်းဝတ်ဆင်ခြင်းမပြုစေရန်။

(ခ) လုပ်ငန်းခွင်လိုအပ်ချက်အရ အလုပ်သမားများအတွက် ဒေသနှင့်သင့်လျော်သော သတ္တုတူးဖော်ရေးတူညီဝတ်စုံ ၊ ဦးထုပ်(Mine Helmet) ၊ လည်ရှည်ဖိနပ်(Safety Shoes) ၊ လက်အိတ် ၊ နှာခေါင်းစီး ၊ နားအကာများထုတ်ပေးပြီး အလုပ်ခွင်အတွင်း ဝတ်ဆင် အသုံးပြုစေရန်။

(ဂ) ကုမ္ပဏီရှိ ဝန်ထမ်းနှင့်အလုပ်သမားများအား လုံး မူးယစ်ဆေးဝါးသုံးစွဲခြင်း ၊ ရောင်းဝယ်ခြင်း ၊ လက်ဝယ်ထားသိုခြင်းမပြုလုပ်စေရန်။

(ဃ) ကုမ္ပဏီရှိ ဝန်ထမ်းများအား လုံး လူမှုဖူလုံရေးအဖွဲ့ဝင်ရောက်ရေးဆောင်ရွက်ပေးရန်နှင့် လူမှုဖူလုံရေးအဖွဲ့ဝင်ရောက်ထားသူများစာရင်းကုမ္ပဏီအလိုက် စံနစ်တကျပြုစုထားရှိရန်။

(င) လုပ်သားများကို မြေပေါ်/မြေအောက်သတ်မှတ်ထားသော အလုပ်ချိန်အတွင်းသာ လုပ်ငန်းများဆောင်ရွက်စေရန်။

(စ) နိုင်ငံတော်က သတ်မှတ်ထားသော အလုပ်ပိတ်ရက်များကို ခံစားခွင့်ပြုရန်။

(ဆ) အနည်းဆုံးလုပ်ခ လစာကို နေ့ရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီသတ်မှတ်ပေးသည့် (၁)နာရီလျှင် ကျပ်(၄၅၀)နှုန်းဖြင့် အလုပ်ချိန်(၈)နာရီ (၁)ရက်အတွက် ကျပ်(၃၆၀၀)ကို (၁.၉.၂၀၁၅)ရက်နေ့မှစ၍ သတ်မှတ်ပေးရန်။

(ဇ) လုပ်ငန်းသဘောသဘာဝအရ ဥပဒေနှင့်အညီ အချိန်ပိုလုပ်ရသော ဝန်ထမ်း/အလုပ်သမားများအတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ သတ်မှတ်ပေးထားသော အချိန်ပိုလုပ်ခကို ခံစားခွင့်ပြုရန်။

(ဈ) ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ(၁၄)(ခ)အရ ယခုထုတ်ပြန်ထားသည့် အနည်းဆုံးအခကြေးငွေဥပဒေထက် ပိုမိုရရှိနေပါက ပိုမိုရရှိသော အခကြေးငွေကို အလုပ်သမားများ ဆက်လက်ခံစားခွင့်ရရှိစေရန်။

(ည) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ အနည်းဆုံးအခကြေးငွေမှာ ဥပဒေအရ သတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေထက် လျော့နည်းပါက အလုပ်သမားသည် ဥပဒေအရ သတ်မှတ်ပေးထားသည့် အနည်းဆုံးအခကြေးငွေနှင့်အညီ ခံစားခွင့်ပြုရန်။

(ဋ) သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကို အမျိုးသား/အမျိုးသမီးမခွဲခြားဘဲ ခံစားခွင့်ရှိစေရန်နှင့် အချိန်ပိုင်း ၊ နာရီပိုင်းအလုပ်လုပ်ရသော အလုပ်သမားများသည် အလုပ်လုပ်သည့် အချိန်အတွက် သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကို ခံစားခွင့်ပြုရန်။

(ဌ) လုပ်ငန်းခွင်အလိုက် သတ်မှတ်ထားသော ကျွမ်းကျင်စံနှုန်း(သို့မဟုတ်)ထုတ်လုပ်မှုစံနှုန်းပြည့်မီအောင် လုပ်ဆောင်နိုင်စွမ်းမရှိခဲ့သည့် ဝန်ထမ်း/အလုပ်သမားအသစ်များအား အစမ်းခန့်ကာလ မတိုင်မီ ကျွမ်းကျင်မှုရှိစေရေးအတွက် လေ့ကျင့်ပေးရန် လိုအပ်လျှင် လေ့ကျင့်သည့် ကာလ (၃)လအတွင်း အနည်းဆုံးအခကြေးငွေ၏ (၅၀%)ထက်မနည်းသော လုပ်ခလစာကို လည်းကောင်း အစမ်းခန့်ကာလ(၃)လအတွင်း သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေ၏ (၇၅%)ကိုလည်းကောင်းပေးရန် ။

(ဍ) အနည်းဆုံးအခကြေးငွေ နည်းဥပဒေ ၄၄(က)အရ ဝန်ထမ်း ၊ အလုပ်သမားများသည် မိမိတို့ အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုအဆင့်နှင့်အညီ သတ်မှတ်ထားသော ကုန်ထုတ်စွမ်းအား ပြည့်မီအောင် ဆောင်ရွက်စေရန်။

(ဎ) အနည်းဆုံးအခကြေးငွေနှုန်းထားနှင့် အချိန်ပိုလုပ်ခများမှာ ဥပဒေအရ ဝန်ထမ်းအလုပ်သမား များရသင့်ရထိုက်သည့် လုပ်ခလစာဖြစ်ပြီး ရက်မှန်ကြေး ၊ ဆုကြေးနှင့် ရှားပါးစရိတ်စသည့် ထောက်ပံ့ကြေးများကိုမူ လုပ်ငန်းရှင်များက မိမိတို့၏လုပ်ငန်းအောင်မြင်မှုနှင့် အကျိုးအမြတ် တို့ပေါ်တွင် မူတည်၍ အလုပ်သမားများကို ချီးမြှင့်ပေးရန်။

(ဏ) အနည်းဆုံးအခကြေးငွေ နှုန်းထားသည် ခွင့်ရက် ၊ အလုပ်ပိတ်ရက်နှင့်စပ်လျဉ်း၍ အလုပ်သမား များအား ပေးထားသည့် အခွင့်အရေးတစ်ရပ်ရပ်ကို ထိခိုက်ခြင်းမရှိစေရန် ။

(တ) အနည်းဆုံးအခကြေးငွေနှုန်းထားသည် အလုပ်သမား(၁၅)ဦးနှင့်အောက်ရှိသည့် လုပ်ငန်းငယ် များ ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိဘဲ အဆိုပါလုပ်ငန်းများတွင် အလုပ်လုပ်နေကြသည့် အလုပ်သမားများအနေဖြင့် မိမိတို့၏ နေရာဒေသနှင့် လုပ်ငန်းအမျိုး အစားအလိုက် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက် သဘောတူညီနိုင်းသတ်မှတ်သော အခကြေးငွေနှုန်းထားများဖြင့် ရယူခံစားစေရန်။

(ထ) ကုမ္ပဏီ ၊ သ/မအသင်းရှိ ဝန်ထမ်းအလုပ်သမားများအား လုပ်ငန်းလုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း(၃၀)အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုရန်။

(ဒ) ကုမ္ပဏီ ၊ သ/မအသင်းတို့မှ ခန့်ထားပြီးသော ဝန်ထမ်း/အလုပ်သမားများအား လစာထုတ်ပေး ရာတွင် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများမှ ထုတ်ပြန်ထား သည့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်နှင့် လစာထုတ်ပေးမှုမှတ်တမ်းစာအုပ်ပုံစံ တို့ဖြင့် လစာထုတ်ပေးရန်။

(ဓ) ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်း/လုပ်သား များ၏ ကိုယ်ရေးအချက်အလက်များ ပြုစုထိန်းသိမ်းထားရှိရန်။

(နှ) ကုမ္ပဏီဝန်ထမ်း/အလုပ်သမားများခန့်ထားရာတွင် ဥပဒေ ၊ နည်းဥပဒေ ၊အမိန့်ညွှန်ကြားချက်များနှင့်အညီ စာချုပ်ချုပ်ဆိုခန့်ထားဆောင်ရွက်ရန်။

(ပ) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်သော လုပ်ကွက်တိုင်းတွင် လုပ်ငန်းကြီးကြပ်ရန်နှင့် စီမံခန့်ခွဲရန်အတွက် လုပ်ငန်းရှင်ကတာဝန်ပေးအပ်ထားသောသူ ၊ သတ်မှတ်ထားသောအရည်အချင်းနှင့် ပြည့်စုံသည့် မန်နေဂျာတစ်ဦးနှင့်တူးဖော်ရေးလုပ်ငန်းအတွက် ပညာရှင်များခန့်ထားရန်။

(ဖ) ကုမ္ပဏီ ၊ သမ/အသင်းများ၌ ခန့်အပ်ထားသော ဝန်ထမ်း ၊ လုပ်သားစာရင်းကို ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)သို့ လစဉ် မှန်မှန်ကန်ကန် တင်ပြသွားရန်။

၂။ သို့ဖြစ်ပါ၍ လုံးခင်း ၊ ဖားကန့်ရတနာနယ်မြေအတွင်း ကျောက်စိမ်းရိုင်းတူးဖော်ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ လုပ်ငန်းခွင်များတွင် အလုပ်သမားများခန့်အပ်ရာ၌ အထက်အပိုဒ်(၁)ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားကြရန် အသိပေးအကြောင်းကြားပါသည်။

တင်စန်းအောင်
ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
စခန်းတာဝန်ခံ ၊ ကျောက်စိမ်းတူးဖော်ရေးဌာန(ခန္တီး/မိုးညှင်း) } ကုမ္ပဏီများသို့ ဆက်လက်
} အကြောင်းကြားရန် ။

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ဖားကန့်)

ရုံးလက်ခံစာတွဲ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်စိမ်းတူးဖော်ရေးဌာန
လုံးခင်း

စာအမှတ် ၊ က-၃၇ / ၂၆၅၅ /၂၀၁၄
ရက်စွဲ ၊ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

သို့

လုပ်ငန်းရှင်/မန်နေဂျင်းဒါရိုက်တာ

----------ကျောက်မျက်ရတနာကုမ္ပဏီ ၊ သမဝါယမအသင်း

အကြောင်းအရာ။ **ရတနာမြေနယ်မြေအတွင်း ကျောက်စိမ်းရိုင်းတူးဖော်ထုတ်လုပ်ရာတွင် စနစ်တကျ ဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်၍ ဆောင်ရွက်မှုခြေအနေကို လစဉ်တင်ပြသွားရန်ကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၏ (၁၉ .၁၂ .၂၀၁၄) ရက်စွဲပါစာအမှတ် ၊ ည-၁/၁-၉၁၈/၂၀၁၄

၁။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန်အတွက် ၂၀၁၄ ခုနှစ် ၊ မေလ(၁၂)ရက်နေ့စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် ၊ ၈၅/၂၀၁၄(ပူးတွဲ-၁)ကို ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။ဂင်းအမိန့်ကြော်ငြာစာတွင် အောက်ပါအချက်များကို ဖော်ပြထားရှိပါသည်-

(က) မြေစာနှင့်ကျောက်တုံးကျောက်ခဲများကို ရတနာနယ်မြေများအတွင်းရှိ မြစ်ချောင်းများအတွင်းသို့လုံးဝစွန့်ပစ်ခြင်းမပြုရမည့်အပြင် ထိုမြစ်ချောင်းများသို့ စီးဝင်ရာ တောင်ကျရေဆင်းလမ်းနှင့်လျှိုမြောင်များအတွင်းသို့ သာမာန်အားဖြင့် စွန့်ပစ်ခြင်းမပြုရ။

(ခ) အကယ်၍ မြစ်ချောင်းများအတွင်းသို့ စီးဝင်ရာ တောင်ကျရေဆင်းလမ်းများနှင့် လျှိုမြောင်းများအတွင်းသို့ မလွဲမရှောင်သာ စွန့်ပစ်ရန်ရှိပါက မြစ်ချောင်းများသို့ မစီးဝင်မီ လမ်းခုလတ်တွင် နုန်းစုကန်(Detention Pond)များ တူးဖော်ပြီးစွန့်ပစ်မြေစာနှင့် ကျောက်တုံးကျောက်ခဲများကို အဆိုပါ နုန်းစုကုန်များတွင် စုဆောင်းဆယ်တင်ပြီးမှ ရေများကိုသာ မြစ်ချောင်းများအတွင်းသို့ စီးဝင်စေရမည်။

(ဂ) မြစ်ချောင်းများ၏ ကမ်းနဖူးနိမ့်သည့်အပိုင်းများတွင် ကမ်းနဖူးမြှင့်တင်ရေးကို ဆောင်ရွက်ရာ၌ မြစ်ချောင်းများအတွင်းပိတ်ဆို့နေသည့် ကျောက်တုံးကြီးများကို နယ်မြေကြီးကြပ်အဖွဲ့များနှင့် ဒေသဆိုင်ရာအာဏာပိုင်များ၏ စီမံခန့်ခွဲမှုဖြင့် ဦးစားပေးဆယ်တင်၍ ကမ်းနဖူးတွင် စီပုံရမည်ဖြစ်ပြီး မြစ်ချောင်းများအတွင်း ပိတ်ဆို့နေသည့် ကျောက်တုံးကြီးများမရှိလျှင် စွန့်ပစ်မည့် ကျောက်တုံးကြီးများကို စီပုံပြီး အပေါ်မှမြေပြန်ဖို့၍ မြေသားခိုင်မာစေရေးအတွက် သစ်ပင်များစိုက်ပျိုးထားရမည်။

(ဃ) မြစ်ချောင်းများအတွင်း ရေကြောင်းလွှဲပြောင်းတူးဖော်ခြင်း ၊ ပိတ်တန်းများပြုလုပ်၍ တူးဖော်ခြင်း ၊ ဆင်းတွင်းနှင့်ကလိုင်များ ပြုလုပ်တူးဖော်ခြင်း(သို့မဟုတ်)အခြားတစ်နည်းနည်းဖြင့် တူးဖော်ခြင်းမပြုရ။

(ဂ) မြေစာနှင့်ကျောက်တုံးကျောက်ခဲများကိုသတ်မှတ်ပေးထားသည့် အများသုံး မြေစာပစ်ရန်နေရာတွင်သာ စနစ်တကျစွန့်ပစ်ရမည်။

(စ) မြေစာနှင့်ကျောက်တုံးကျောက်ခဲများကို အများသုံးမြေစာပစ်ရန် နေရာမဟုတ်သည့် နေရာတွင် ပါမစ်မရှိဘဲ လုံးဝစွန့်ပစ်ခြင်းမပြုရ။

(ဆ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ရရှိသော ကျောက်မျက်ရတနာလုပ်ကွက်အတွင်းရှိ သဘာဝရေဝေရေလဲနေရာများတွင် ကျောက်မျက်ရတနာတူးဖော်ခြင်း ၊ မြေစာနှင့် ကျောက်တုံးကျောက်ခဲများ စွန့်ပစ်ခြင်း လုံးဝ(လုံးဝ)မပြုရ။

၂။ အထက်ဖော်ပြပါ သတ္တုတွင်းဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၊ ၈၅/၂၀၁၄ ပါ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူများ တိကျစွာလိုက်နာရမည့်အချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ(၄၃)အရ ထောင်ဒဏ်(၃)နှစ်အထိ ဖြစ်စေ ၊ ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၃၈ အရ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကို ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်-

(က) ခွင့်ပြုမိန့်အရလုပ်ကိုင်ဆောင်ရွက်နေသောလုပ်ငန်းကို ဆိုင်းငံ့ထားစေခြင်း။

(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း။

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

(ဃ) ကုမ္ပဏီ သို့မဟုတ် အသင်းအားလည်းကောင်း ၊ ယင်းကုမ္ပဏီ သို့မဟုတ် အသင်း၏ ဒါရိုက်တာတစ်ဦးဦးအားလည်းကောင်းနာမည်ပျက်စာရင်းတွင် ထည့်သွင်းသတ်မှတ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း။

၃။ ထို့ကြောင့် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူများသည် အောက်ပါတို့ကို မိမိတို့ကုမ္ပဏီဂုဏ်သိက္ခာနှင့် နိုင်ငံသားအသိစိတ်ဓါတ်ရှိစွာဖြင့် သတိပြုအလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်-

(က) ရတနာနယ်မြေအသီးသီးတွင်ကျောက်မျက်၊ကျောက်စိမ်းတူးဖော်လုပ်ကိုင်နေကြသော လုပ်ငန်းရှင်များအနေဖြင့် ကျောက်မျက်ရတနာတူးဖော်ရေး လုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်များ မပျက်စီးစေရေး ၊ ထိခိုက်မှုမရှိစေရေးတို့အတွက် စနစ်တကျစီမံဆောင်ရွက်ကြရန် ။

(ခ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ကြရန်။

(ဂ) ရေးဆွဲသည့် စီမံချက်များတွင် လုပ်ကွက်(၁)ကွက်ချင်းဖြစ်စေ ၊ လုပ်ကွက်များ ၊ မှော် ၊ ကွက်ရပ်များတစ်ခုချင်းအတွက်ဖြစ်စေ ၊ မြေစာစွန့်ပစ်ရန်နေရာများ ၊ နှုန်းစုကန်များ ၊ နှုန်းဖမ်းကန်များတွင် စနစ်တကျစွန့်ပစ်ရေး ၊ အသုံးပြုရေး ၊ စီစစ်ကြပ်မတ်ခြင်း ၊ မြေစာစွန့်ပစ်ရန်နေရာ ၊ နုန်းစုကန်များ ၊ နုန်းဖမ်းကန်များမှ စွန့်ပစ်မြေစာများ ၊ ကနယ်များ ၊ နုန်းများသည် တိုက်ရိုက်ဖြစ်စေ ၊ သွယ်ဝိုက်၍ဖြစ်စေ ၊ မြစ်ချောင်းများအတွင်းသို့ မရောက်ရှိစေရေး စီမံဆောင်ရွက်ရန်။

(ဃ) မျောတိုက်ခြင်း ၊ ဖြုန်းမြေစာများ ဆေးကြောခြင်းများကြောင့် ကနယ်များ ၊ နုန်းမြေများသည် မြစ်ချောင်းများ ၊ ချောင်းလက်တက်ငယ်များအတွင်းသို့ စီးဝင်ရောက်ရှိခြင်း မရှိစေရေး စီစဉ်ဆောင်ရွက်ရန်။

(ဂ) ရတနာနယ်မြေအတွင်းရှိ မြစ်ချောင်းများ ၊ ချောင်းလက်တက်များရေစီးရေလာ ကောင်းမွန်စေရေး ပြုပြင်ထိန်းသိမ်းခြင်း ၊ မြစ်ချောင်းများအတွင်း ကျရောက်နေသည့် ကျောက်တုံးများ ၊ သဲများ ၊ နုန်းမြေများကို ဆယ်တင်ခြင်းများကိုလည်း ဆောင်ရွက်ကြရန်။

(စ) မြေစာစွန့်ပစ်သည့်နေရာများ ၊ ကျောက်မျက်တူးဖော်လုပ်ကိုင်သည့်မှော်ကွက်ရပ်များ ၊ ရေဝေရေလဲနေရာများနှင့် အခြားလိုအပ်သည့် နေရာများတွင် ရေတိုက်စားမှုဒဏ်ခံနိုင်ရေး ၊ မြေဆီလွှာပြုန်းတီးမှုမဖြစ်ပေါ်စေရေး ၊ ပတ်ဝန်းကျင်ပျက်စီးမှု ထိခိုက်မှုမရှိစေရေးတို့အတွက် သစ်ပင်သစ်တောများ စိုက်ပျိုးခြင်း ၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းများ ဆောင်ရွက်ရန်။

၄။ ယခုအခါ မြန်မာနိုင်ငံအနေဖြင့်(၄၅)နိုင်ငံမြောက် Extractive Industries Transparency Initiative (EITI)(သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာရေးဆောင်ရွက်မှု)အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်ရာ ရတနာနယ်မြေအတွင်း ကျောက်စိမ်းကျောက်မျက်တူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရေးအတွက် ကျောက်စိမ်းတူးဖော်မှု လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ ပျက်စီးမှုများအပေါ် ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း လစဉ်စနစ်တကျ ဆောင်ရွက်ကြမှသာ The Global Transparency Standard ရရှိနိုင် မည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ အမိန့်ညွှန်ကြားချက် ၊ စည်းကမ်းများမလိုက်နာမှုကြောင့် အရေးယူဆောင်ရွက်ရခြင်းမျိုး မဖြစ်ပေါ်စေရေးအတွက် ရတနာနယ်မြေအတွင်း ကုမ္ပဏီ/သမဝါယမအသင်းများအနေဖြင့် ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရာတွင် စနစ်တကျဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်တို့အတွက် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ စည်းကမ်းများ အတိုင်း လုပ်ငန်းရှင်များက တိကျစွာလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ကျောက်စိမ်းရိုင်းရှာဖွေတူးဖော်မှုကြောင့် ပျက်စီးခဲ့သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို လစဉ်စနစ်တကျဆောင်ရွက်ကြရန်နှင့် ကုမ္ပဏီ/သမဝါယမအသင်းများ၏ ဆောင်ရွက်မှုအခြေအနေများကို အထက်ဌာနများသို့ ဆက်လက် တင်ပြသွားရမည်ဖြစ်သဖြင့် မြေပုံ ၊ ဓါတ်ပုံမှတ်တမ်းများနှင့်အတူ လစဉ်(၂၅)ရက်နေ့မတိုင်မီ ပြုစုတင်ပြကြရန် အကြောင်းကြား အပ်ပါသည်။

ရွှေလင်းမောင်

ညွှန်ကြားရေးမှူး

မိတ္တူကို

ဦးဆောင်ညွှန်ကြားရေးမှူး ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
စခန်းတာဝန်ခံ ၊ စခန်းရုံး(ခန္တီး/မိုးညှင်း) } လုပ်ငန်းရှင်များအား ထပ်ဆင့်ညွှန်ကြားကြပ်မတ်ရန် ။
ရုံးလက်ခံစာတွဲ/မျှောစာတွဲ